

မျှော်တလင့်လင့်

မောင်ထွန်းသူ

GREAT EXPECTATIONS

by Charles Dickens

WHISPER OF WORDS

မျှော်တလင့်လင့်

မောင်ထွန်းသူ

GREAT EXPECTATIONS

CHARLES DICKENS

မြန်မာပြန်သူ၏ အမှာစာ

(၁)

'မျှော်တလင့်လင့်' လျှောက်လှမ်းခဲ့ရသော ခရီးသည် 'ခရီးရှည်ကြီး တစ်ခု' ဖြစ်သည် ထိုခရီးရှည်ကြီးအကြောင်းကို မပြောဘဲ မနေနိုင်သဖြင့် ပြောခွင့်ပြုစေချင်ပါတယ်။

'မျှော်တလင့်လင့်' ဝတ္ထုကြီးကို ကျွန်တော် ဘာသာပြန်ဖြစ်ခဲ့သည်မှာ ၁၉၈၆ ခုနှစ်အတွင်းက ဖြစ်သည်။ ယခု ၂၀၀၂ ခုနှစ်မှ ပြန်တွက်လျှင် လွန်ခဲ့သော ၁၆ နှစ်ခန့်ကဟု ဆိုနိုင်ပါသည်။ ဤဝတ္ထုကြီးကို ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေမည်ဟူသော စိတ်ကူးဖြင့် ဘာသာပြန်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်က ကျွန်တော့်အသက်သည် ၅၅ နှစ်မျှသာ ရှိပါသေးသည်။ အခုကျတော့ ကျွန်တော့်အသက်သည် ၇၁ နှစ်မျှ ရှိခဲ့ပြီဖြစ်ရာ နောက်ကြောင်းကို တစ်စေ့တစ်စောင်း ပြန်ကြည့်လိုက်သည့် အခါ မျှော်တလင့်လင့် ဝတ္ထုကြီး စာမူဘဝ၌ နေခဲ့ရသည်မှာ ၁၆ နှစ် ကျော်သွားခဲ့ပြီ ဖြစ်လေသည်။

(၂)

ထိုစဉ်က ကျွန်တော် ရင်ဆိုင်ခဲ့ရသည် များကို ကျွန်တော် မစဉ်းစားဘဲ မနေနိုင်ပါ။ ပထမဆုံး ရင်ဆိုင်ခဲ့ရသည့် အချက်မှာ 'မျှော်တလင့်လင့်' (Great Expectation) ကို အထက်တန်း ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းလိုက်ပြီဟူသော သတင်းထွက်လာခြင်း ဖြစ်သည်။ ထိုသတင်းကြောင့် ကျွန်တော် မိမိဘာသာပြန်ဆိုနေသည့် ကောလင်းစာအုပ်တိုက်ထုတ် "မူရင်းစာအုပ်" နှင့် "ပြဋ္ဌာန်းမူရင်းစာအုပ်" နှစ်အုပ်ကို တိုက်၍ ဖတ်ခဲ့ရပါသည်။

ဤတွင် "ကွာဟချက်များ" ကို တွေ့ရသည်။ ကောလင်းစာအုပ်တိုက်ထုတ် မူရင်းမျှော်တလင့်လင့်၌ပါသော အချို့အပိုဒ်များကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ် မူရင်းထဲ၌ မတွေ့ရပါ။ ပြဋ္ဌာန်းစာအုပ်အဖြစ် မသတ်မှတ်မီ သက်ဆိုင်ရာ "ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မတီ' မှ တည်းဖြတ်သုတ်သင်ကာ ချန်လှပ်ထားခဲ့လေသလားဟု တွေးရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့်ကတော့ မိမိလက်ရှိပြန်ဆိုနေသော မျှော်တလင့်လင့်ကို စာဖတ်ပရိသတ်အားလုံးအတွက် ပြန်ဆိုမလား သို့မဟုတ် ကျောင်းသူ ကျောင်းသားများ အတွက် ပြန်ဆိုမလားဟူသော အချက်ကို စဉ်းစားခဲ့ရလေသည်။

အကယ်၍ ကျောင်းသူကျောင်းသားများ အတွက်သာ ကွက်၍ ပြန်မည်ဆိုပါက ကျွန်တော်သည် ပြဋ္ဌာန်းစာအုပ်မူရင်းကို အခြေခံရပါလိမ့်မည်။ ထို့ပြင်လည်း စာအုပ်ထဲ၌ ရှိနေသည့် အတိုင်း (စကားပြေ ချောချင်ချော

မချောချင်နေ၊ လှချင်လှ မလှချင်နေ) "အတိအကျ ပြန်ဆိုသောနည်း" ကို သုံးရပါလိမ့်မည်။

အကယ်၍ "ရသဘာသာပြန်" အဖြစ်နှင့် စာဖတ်ပရိသတ်အားလုံးအတွက် ပြန်ဆိုမည်ဆိုပါမူကား ကျွန်တော့်အနေဖြင့် မူရင်းစာရေးဆရာ၏ အာဘော်ကို မပျက်စေဘဲ "အလိုက်သင့် ဖြည့်စွက်ပြန်ဆိုခြင်းနှင့် အလိုက်သင့် ထုတ်နှုတ်ပြန်ဆိုခြင်း" စသည် များကို လွတ်လပ်စွာ လုပ်နိုင်ပါလိမ့်မည်။ ဤပြဿနာနှင့် ပတ်သက်၍ ကျွန်တော်သည် မျှော်တလင့်လင့်အား စာဖတ်ပရိသတ်အားလုံးအတွက် ပြန်ဆိုမည်ဟု မူလကတည်းက ရည်မှန်းထားခဲ့ခြင်းနှင့် လတ်တလော ဘာသာပြန်ထားသည် မှာလည်း စာအုပ်၏ သုံးပုံနှစ်ပုံခန့် ပြီးစီးနေခြင်း စသည်တို့ကြောင့် "ကျောင်းသူ ကျောင်းသားများ အတွက် ကွက်၍ ပြန်ဆိုရေး" ဟူသော အချက်ကို မစဉ်းစားတော့ဘဲ ပယ်လိုက်ပါသည်။

နောက်တစ်ဖန် ရင်ဆိုင်ခဲ့ရသည့် ပြဿနာမှာ မူရင်းပြီးစီး၍ ထုတ်ဝေခွင့်တင်သည့် အခါ၌ ပေါ်လာခြင်းဖြစ်သည်။ "ကျောင်းသုံး ပြဋ္ဌာန်း ထားသော ဤစာအုပ်ကို မြန်မာပြန်ဆိုထုတ်ဝေရာ၌ သက်ဆိုင်ရာ ပညာရေးဌာနမှ သဘောတူပါ့မလား ယင်းဌာနမှ ထင်မြင်ချက် တောင်းခံလျှင် သင့်တော်" ဟူသော အကြံပြုချက် ပေါ်လာခြင်းဖြစ်ရာ ကျွန်တော့်အဖို့ ရင်မောစရာတစ်ခု ဖြစ်လာခဲ့ရပါသည်။

မျှော်တလင့်လင့် ပြန်ဆိုရာ၌ မြန်မာပြန်သူသည် အခြားစာအုပ်များ ထက် ပို၍ အပင်ပန်းခံကာ အားထုတ်ခဲ့ရသည်။ အချို့ကား အခန်းများ နှင့် စာပိုဒ်များကို နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြန်လည်ဖတ်ရှု၍ ပြင်ဆင်ခြင်းနှင့် ပြန်လည်ရေးသားခြင်း စသည် များ ပြုလုပ်ခဲ့ရသည်။ တကစ် ဝ တ္ထုဘာသာပြန်စဉ်ကလို ရေးကျသော ရေးဆန်လွန်းသော အရေးအသားများကို မူရင်းရသ မပျက်အောင် ပြုပြင်ခဲ့ရသည်။ ဤစာအုပ်ကျခါ မှ လက်နှိပ်စက် ရိုက်နှိပ်ပြီးနောက် ထပ်မံဖတ်ရှုကာ တချို့စာပိုဒ်များကို အသစ်တစ်ဖန် ပြန်ဆိုပြီး အစားထိုးခဲ့ရခြင်းများ ရှိခဲ့သည်။

ထို့ပြင်လည်း မျှော်တလင့်လင့်လို ဂန္ထဝင်ဝတ္ထုအထူးစားကြီး ဖြစ်သည်။ ယင်းသို့သော ဂန္ထဝင်ဝတ္ထု အထူးစားကြီးတစ်ပုဒ်ကို မြန်မာပြန်သည်မှာ တနင့်တပိုး ရှိလှပါသည်။ အဆမတန် အာရုံစိုက်ကာ အပင်ပန်း ခံရပါသည်။ အဆမတန် ရုန်းကန်လှုပ်ရှားခြင်း ပြုရပါသည် ဟု ပြောလျှင် မှားနိုင်အံ့မထင်ပါ။ ဤမျှလောက်အထိ ကြိုးပမ်းအားထုတ် ထားရသော စာမူကြီးအား အကြောင်းတစ်ခုခုကြောင့် ထုတ်ဝေခွင့် မရခဲ့ပါမူ......။

ထိုပူပန်မှုကြောင့် မြန်မာပြန်သူသည် များစွာ စိတ်မောခဲ့ရပါ၏။ တစ်ရက်နှစ်ရက် တစ်လနှစ်လမျှသာ စိတ်မောခဲ့ရသည် မဟုတ်ပါ ခုနစ်လကျော် ရှစ်လနီးပါးမျှ စိတ်မောခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် ကိုယ်တိုင်လိုက်သွားပြီး စုံစမ်းမေးမြန်းခြင်း ပြုခဲ့သည်။

ဤသို့ဖြင့် ကျွန်တော်သည် မျှော်တလင့်လင့် စာမူအပေါ်၌ ကမ္ဘာသကာ သဘောထားလိုက်သည် ဖြစ်လိုရာဖြစ်တော့ဟုလည်း ဥပေက္ခာပြုလိုက်သည်။ နောက်ဆုံးတွင် မျှော်တလင့်လင့်သည် သူ့အလိုအလျောက် ယင်းအဟန့်အတားများကို ကျော်လွှားလာခဲ့ပြီး ထုတ်ဝေခွင့် ရရှိခဲ့၏။ သို့တစေလည်း ...။

(၃)

မျှော်တလင့်လင့် စာမူသည် ထုတ်ဝေခွင့်ရခဲ့ပြီဖြစ်သော်လည်း စာအုပ်ဖြစ်မလာဘဲ စာမူဘဝမှာပင် သောင်တင်နေခဲ့ရသည်။ မဂ္ဂဇင်းလုပ်ငန်းက ပိနေသဖြင့် မအားမလပ်ဖြစ်နေရခြင်း၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ကုန်ကျစရိတ်များ မြင့်တက်လာနေခြင်း၊ ဘာသာပြန်များ စာပေဈေးကွက်၌ သိပ်ပြီးမတွင်ကျယ်ခြင်း စသည့် အကြောင်းပြချက်ပေါင်း များစွာဖြင့် 'ဆင်ပြောင်ကြီး အမြီးကျမှ တစ်' ဖြစ်နေခဲ့ရလေ၏။

စာရေးသူ သို့မဟုတ် ဘာသာပြန်သူသည် သူ့စာမူကို စာအုပ်အဖြစ် မြင်လိုသည်မှာ အလွန်သဘောကျ၍ ဖြစ်သင့်ဖြစ်ထိုက်သော ရောဂါတစ်ခု ဖြစ်သည်။ သူ့စာမူကို စာအုပ်အဖြစ် မြင်လိုက်ရသည့် အခါပင်ပန်းခဲ့သမျှ အားလုံး ပြေပျောက်သွားသည်။ စာအုပ်ကို ကြည့်၍ ပီတိဖြစ်သည်။ ကြည်နူးသည်၊ စိတ်ချမ်းမြေ့သည်။ အားမာန်တက်သည်။ ဤသည်တို့မှာ အလွန်သဘာဝကျသည့် ခံစားချက်များ ဖြစ်သည် ဟု ထင်ပါသည်။

မျှော်တလင့်လင့်နှင့် ပတ်သက်၍ ကျွန်တော်သည် "ထိုခံစားချက်များ" ကို ရရှိနိုင်စွမ်း မရှိခဲ့ပါ။ မျှော်တလင့်လင့်သည် ထုတ်ဝေသူ၏ လက်တွင်း၌ အကြောင်းအမျိုးမျိုးဖြင့် ထွက်မလာဘဲ 'ဝပ်' နေခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာသည်။ မျှော်တလင့်လင့်၏ စာမူဘဝသက်တမ်းသည် ငါးနှစ်ကျော် ခြောက်နှစ်တွင်းသို့ ဝင်လာခဲ့ပြီ။ ထိုအခါကျတော့လည်း "ဘယ်တော့လောက် ထုတ်မလဲ" ဟု မေးမိပါသည်။ ဖြေလိုက်သည့် အဖြေမှာ မရေရာလှသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည်။

ဤသို့ဖြင့် မျှော်တလင့်လင့်သည် ခုနစ်နှစ်သက်တမ်းတွင်းသို့ ဝင်လာခဲ့သည်။ ထိုအခါကျတော့လည်း ကျွန်တော်သည် တစ်မျိုးတစ်ဖုံ စဉ်းစားကာ နည်းလမ်းရှာသည်။ မိမိနေထိုင်လျက်ရှိသော မြေနှင့်အိမ် ကို ရောင်း၍ ဤစာအုပ်ကို ထုတ်ရလျှင် ကောင်းလေမလား။

အမှန်တော့ ထိုစိတ်ကူးသည် ဖြစ်နိုင်သည့် ကိစ္စ မဟုတ်ပါ။ ဖြစ်နိုင်သည် ထားဦး၊ ဖြစ်သင့်သောကိစ္စ မဟုတ်ပါ။ လူတစ်ယောက် (အထူးသဖြင့် စာရေးခြင်းတစ်ခုတည်းဖြင့် အသက်မွေးနေသူ)သည် အသက်အရွယ်ကြီးလာသည့် အခါ (အထူးသဖြင့် ကျန်းမာရေး ကောင်းနေ စဉ်) စားရေး၊ ဝတ်ရေး၊ နေရေးနှင့် သေရေးတို့ အတွက် အပူအပင် အကြောင့်အကြမရှိအောင် စီမံထားနိုင်ထားဖို့ လိုသည်။ အထူးသဖြင့် အသက်ကြီးခါမှ နေစရာ ထိုင်စရာ တင့်တောင့်တင့်တယ်

မရှိပါမူ များစွာ ဆင်းရဲဒုက္ခရောက်ဖို့ ရှိပါသည်။ ထိုစိတ်ကူးတို့ကို အကောင်အထည် မဖော်တော့ဘဲ စွန့်လွှတ်လိုက်ပါသည်။

(၄)

၁၉၉၇ ခုနှစ်၊ ဇူလိုင်လထဲတွင် 'ကျွန်တော်နှင့် မျှော်တလင့်လင့်'၏ အဖြစ်ကိုသိနေသော လူငယ်မိတ်ဆွေတစ်ယောက် ကျွန်တော့်ထံရောက်လာသည်။ သူ့လက်ထဲမှ စာအုပ်ထူကြီးတစ်အုပ်ကို ပြသည်။ "ဦးလေး ရဲ့ မျှော်တလင့်လင့်အတွက် ဒီစာအုပ်တိုက်နဲ့ ဆက်သွယ်ကြည့်ရင် ကောင်းမယ်" ဟု အကြံပြုချက်ကို ကျွန်တော်များစွာ အလေးအနက်ထား၍ စဉ်းစားခဲ့ပါသည်။

မျှော်တလင့်လင့်သည် ဘာသာပြန်စာအုပ်ဖြစ်သည်။ တစ်ချိန်က ဆရာကြီး ရွှေဥဒေါင်းသည် ဤစာအုပ်၏ အနှစ်ချုပ် သို့မဟုတ် အကျဉ်းချုပ် (Abridged) ကို ပြန်ဆို၍ ထုတ်ဝေခဲ့ဖူးသည်။ မျှော်တလင့်လင့်သည် အပစ်အခတ် အသတ်အဖြတ်များပါဝင်သည့်သည်းထိတ်ရင်ဖိုဝတ္ထု မဟုတ်၊ လူတို့ ၏ စရိုက်ကို သဘောကျကျ ဖော်ကျူးထားသော ဝတ္ထု ဖြစ်သည်။

ဤဝတ္ထုကြီးမျိုးကို ထုတ်ဝေရာ၌ 'စေတနာအားနှင့် ငွေအား' ကို ထည့်သွင်း၍ စဉ်းစားထားမှ ဖြစ်မည်။ ဤသို့ဖြင့် စာမူဘဝဖြင့် သက်တမ်းဆယ်နှစ်ကျော်မျှ ရှိနေပြီဖြစ်သော် မျှော်တလင့်လင့် စာမူသည် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လထဲတွင် ပထမ ထုတ်ဝေသူ၏ လက်ထဲမှ ဒုတိယထုတ်ဝေသူ၏ လက်ထဲသို့ ကူးပြောင်းရောက်ရှိသွားခဲ့သည်။

တကယ်တမ်း စဉ်းစားလိုက်သည့် အခါ စာအုပ်တစ်အုပ် ဖြစ်လာဖို့မှာ လွယ်လှသည် မဟုတ်ပါ။ အထူးသဖြင့် 'မျှော်တလင့်လင့်' လို အထူစားစာအုပ်ကြီးတစ်အုပ် ဖြစ်လာရေးသည် အလွန်ခက်ခဲလှပါသည်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ကုန်ကျစရိတ် ပမာဏသည် ယခင်ကနှင့် မတူပါ။ အဆမတန် တိုးတက်မြင့်မားလျက် ရှိပါသည်။

စာအုပ်ထုတ်ဝေရေး လုပ်ငန်းကိုလုပ်ရာ၌ စာပေမြတ်နိုးမှု ဟူသော ရည်မှန်းချက်တစ်ခုတည်းကို ရှေ့တန်းတင်၍ မရနိုင်ပါ။ ထိုရည်မှန်းချက် တစ်ခုတည်းကိုသာ ထား၍ အလုပ်လုပ်ကြမည်ဆိုပါက စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် ရေရှည်ခံနိုင်မည် မဟုတ်ပါ။ လုပ်ငန်းတစ်ခုလုပ်လျှင် ထိုက်သင့်သော အကျိုးခံစားမှုတစ်ခုကတော့ ရှိရပါမည်။ သို့မှသာလျှင် ထိုလုပ်ငန်းသည် ရေရှည်ခရီးကို လျှောက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် 'မျှော်တလင့်လင့်' အတွက် စိတ်မအေးလှပါ။ ဒုတိယလူထံတွင်လည်း "အဆင်မှ ချောပါ့မလား" ဟု သံသယဝင်ခဲ့မိပါသည်။ ကျွန်တော့် သံသယသည် မှန်နေပါသည်။ မျှော်တလင့်လင့်သည် စာမူဘဝဖြင့် နောက်ထပ် သုံးလေးနှစ်မျှ ဝပ်နေခဲ့ရပြန်၏။ ထို့နောက် "မထုတ်တော့ဘူး" ဟူသော အဖြေကို ရလာသည်။

"မျှော်တလင့်လင့်" စာအုပ် ဖြစ်လာရေးကို ကျွန်တော် ထပ်မံ၍

စဉ်းစားရပြန်သည်။ အလွန်ရင်းနှီးသူ သို့မဟုတ် ကျွန်တော့်အပေါ် အမှန်တကယ် ခင်မင်လေးစားသူ တစ်ဦးနှစ်ဦးဖြင့် ဆွေးနွေးတိုင်ပင်ရပြန်သည်။ ဤသို့ 'မျှော်တလင့်လင့်' စာမူသည် ဒုတိယပုဂ္ဂိုလ်ထံမှ တတိယလူလက်တွင်းသို့ ကူးပြောင်းရောက်ရှိသွားခဲ့ရပြန်သည်။ ထိုအချိန်တွင် မျှော်တလင့်လင့်၏ စာမူဘဝသက်တမ်းသည် ၁၆ နှစ်ကျော်ခဲ့လေပြီ။

(၅)

'မျှော်တလင့်လင့်' ဝတ္ထုကြီးကို ရေးသားခဲ့သူမှာ အင်္ဂလိပ်စာပေသမိုင်းတွင် အထင်ရှား အကျော်ကြားဆုံးသော စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်း (Charles Dickens) ဖြစ်သည်။ သူ့အား ၁၈၁၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ မြို့ငယ်လေးတစ်မြို့ဖြစ်သော ပို့စ်မောက်မြို့၌ မွေးဖွားခဲ့သည်။ သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ရေတပ်လစာပေးဌာနစိတ်မှ စာရေးလေးတစ်ယောက် ဖြစ်၏။ သူ့ဖခင်သည် အသုံးအစွဲ အလွန်ကြီးသူဖြစ်၍ ဒစ်ကင်းမိသားစုမှာ အမြဲတစေ ငွေကြေးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြရသည်။

ချာလ်စ်ဒစ်ကင်း အသက် ၁၂ နှစ်အရွယ်တွင် သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ကြွေးမဆပ်နိုင်သဖြင့် ထောင်ကျသွားသည်။ ဤတွင် ချားလ်စ်ဒစ်ကင်းသည် မိသားစု၏ စားဝတ်နေရေး အဆင်ပြေမှုအတွက် အရွယ်နှင့် မလိုက်အောင်ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရ၏။ပင်ကိုကတည်းက စာ ပေဝါသနာကြီးခဲ့သော သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ထောင်ထဲ၌ နေစဉ်အတွင်း လက်ရေးတိုပညာကို သင်ယူတတ်မြောက်လာခဲ့ရာမှ ထောင်မှ လွတ်လာသည့်အခါ သူသည်ပါလီမန်သတင်းထောက် အလုပ်ကို ဝင်လုပ်ပြီး သူ့ဘဝသူ ပြန်လည်ထူထောင်နိုင်ခဲ့လေသည်။

ဂျွန်ဒစ်ကင်းသည် ကျောင်းထွက်ပြီး အလုပ်လုပ်နေရသော ချားလ်စ်ဒစ်ကင်းအား ကျောင်းပြန်ထားသည်။ ချားလ်စ်ဒစ်ကင်းသည် ကျောင်းသားအဖြစ် နှစ်နှစ်မျှ နေခဲ့ပြီးနောက် အသက် ၁၇ နှစ်အရွယ်တွင် ကျောင်းမှ ထွက်လိုက်ကာ ရှေ့နေရုံးတစ်ရုံး၌ စာရေးဝင်လုပ်သည်။ အသက်နှစ်ဆယ်တွင် ညနေထုတ် သတင်းစာတစ်စောင်၌ သတင်းထောက် ဝင်လုပ်သည် ထိုအချိန်မှ စ၍ သူသည် သတင်းရေးရာ၌ ထူးချွန်သူတစ်ဦးအဖြစ် ထင်ရှားကျော်ကြားလာခဲ့လေသည်။

ထို့နောက် သူသည် သူ လုပ်ဖော်ကိုင်ဖက် သတင်းစာသမားတစ်ဦး ၏ သမီး 'ကိတ်ဟိုဂတ်သ်' (Kate Hogarth) နှင့် အိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်သည် ဖြစ်လာချိန်မှ စ၍ သူသည် ဝတ္ထုများ စတင်ရေးသားခဲ့သည်။ ပရိသတ်ကလည်း သူ့ဝတ္ထုများကို အလွန်စွဲလမ်းနှစ်သက်ကြသဖြင့် ဒစ်ကင်းသည် ဝတ္ထုများကို အဆက်မပြတ် ရေးခဲ့သည်။ စက်နှင့် လှည့်ထုတ်သလို ထွက်လာနေသော သူ့ဝတ္ထုများသည် တဖြည်းဖြည်းနှင့် အမေရိကနှင့် ဥရောပနိုင်ငံများကပါ

နှစ်သက်သော ဝတ္ထုများ ဖြစ်လာခဲ့လေ၏။

ထိုအချိန်က သူ့လက်ရာဖြစ်သော 'ဘော့ဇ်၏ စာကြမ်း Sketches of Boz'၊ 'ပစ်ခ်ဝစ်စာတမ်းများ Pickwick Papers'၊ 'အိုလီဗာတွစ်စ် Oliver Twist'၊ 'နီကိုလပ်စ် နစ်ကယ်လ်ဘီ Nicholas Nickleby'၊ 'ရှေးဟောင်းပစ္စည်း အရောင်းဆိုင် The Old Curio Shop' စသော ဝတ္ထုများ ဖြစ်လာခဲ့သည်။

ထိုကာလ၏ နောက်ပိုင်း ရေးသားခဲ့သည့် ဝတ္ထုများ အနက် 'ဒေးဗစ် ကောပါးဖီးလ် David Copperfield'၊ 'ဒွန်ဘီနှင့် သား Dombey and Son'၊ 'မလုံခြုံသည့် အိမ် Bleak House'၊ 'ခေတ်ဆိုးခေတ်ကျပ် Hard Time' စသော ဝတ္ထုမှာလည်း လူကြိုက်များ ပြီး ထင်ရှားကျော်ကြားသည့် စာအုပ်များ ဖြစ်လာခဲ့သည်။ ယင်းသို့ အောင်မြင်ကျော်ကြားနေချိန် ၁၈၅၈ ခုနှစ်တွင် ချားလ်စ်ဒစ်ကင်းသည် သူ့ဇနီး ကိတ်ဟိုဂတ်သ်နှင့် ကွဲသွားခဲ့သည်။

ဇနီးနှင့် လမ်းခွဲပြီးနောက် ချားလ်စ်ဒစ်ကင်းသည် 'မြို့နှစ်မြို့၏ ပုံပြင် A Tale Of Two Cities'၊ 'မျှော်တလင့်လင့် Great Expectaions' ဝတ္ထုကြီးများကို ရေးသားခဲ့၏။ ယင်းဝတ္ထုကြီးများမှာလည်း အလွန်လူကြိုက်များသော ဝတ္ထုများ ဖြစ်ခဲ့သည်။ အထူးသဖြင့် ခေတ်ဆိုးခေတ်ပျက်ကာလအတွင်းက လန်ဒန်မြို့နှင့်ပါရီမြို့နှစ်မြို့၏ အခြေအနေများကို ရေးဖွဲ့ထားသော မြို့နှစ်မြို့၏ ပုံပြင်သည် ထူးခြားသော ဝတ္ထုအဖြစ် ပရိသတ်ကရော စာပေပညာရှင်များကပါ အသိမှတ် ပြုခဲ့ကြသည်။

ချားလ်စ်ဒစ်ကင်းသည် ဝတ္ထုများကို ရေးရာ၌ ဇာတ်လမ်းဇာတ်ကွက် ကောင်းကောင်း နှင့် ဖတ်ကောင်းရုံ သက်သက်မျှသာ ရေးလေ့ရှိသူ မဟုတ်၊ သူ့ခေတ်က သူ့နိုင်ငံ၌ တည်ရှိနေသော ဝေဖန်သုံးသပ်စရာနှင့် ပြုပြင်စရာ လူမှုအနိဋ္ဌာရုံများကိုပါ ထည့်သွင်းရေးသားလေ့ ရှိ၏။ တကယ်တော့ ချားလ်စ်ဒစ်ကင်းသည် ငယ်ရွယ်စဉ်ကတည်းက အလွန်ဆင်းရဲခဲ့သူ ဖြစ်၏။ ကြွေးပတ်လည် အဝိုင်းခံနေရသော မိသားစုတစ်ခုလုံးကို ရရာအလုပ်များ လုပ်၍ ထောက်ပံ့ကျွေးမွေးနေခဲ့ရသူလေး ဖြစ်သည်။

သို့ဖြစ်၍လည်း ချားလ်စ်ဒစ်ကင်းသည် လက်လုပ်လက်စား ဆင်းရဲသားနှင့် အဖိနှိပ်ခံ လူတန်းစားများ အပေါ်၌ ကိုယ်ချင်းစာသည်။ ကရုဏာထားသည်။ ဤသဘောများကို သူ့ဝတ္ထုတိုင်းတွင် မြင်တွေ့နေရတတ်သည်။ "မျှော်တလင့်လင့်" ကို ချားလ်စ်ဒစ်ကင်း၏ ထူးခြားသည့် လက်ရာကောင်းတစ်ပုဒ်ဟု စာပေပညာရှင်များက ဝေဖန်သုံးသပ်ကြသည်။ သာမန်အားဖြင့် ကြည့်မည်ဆိုပါက ဒစ်ကင်းသည် မျှော်တလင့်လင့်ကို ရေးဖွဲ့ရာ၌ အစ်မနှစ်ယောက်ကို အားကိုးပြု၍ နေရရှာသော မိဘမဲ့ "ပစ်ပ်" အား အဓိကဇာတ်ဆောင်အဖြစ် ထား၍ သရုပ်ဖော်သည် ဟု ယူဆဖွယ် ရှိ၏။ သို့သော်လည်း ဝတ္ထုတစ်ပုဒ်လုံးကို ဂရုထား၍ ဖတ်သွားသည့် အခါ ထိုအယူအဆသည် အတိအကျ မှန်ပါသည် ဟု ပြော၍ မရ ဖြစ်လာသည်။

ပစ်ပ်အား ဗဟိုထား၍ ပစ်ပ်နှင့် ဆက်စပ်ပတ်သက်နေသော ဇာတ်ကောင်များကို မျှော်တလင့်လင့် ဝတ္ထုကြီးထဲ၌ အများအပြား တွေ့ရ၏။ ထိုဇာတ်ကောင်အားလုံးသည် သူ့စရိုက်နှင့် သူ ပီပြင်ထင်ရှားနေရုံမျှမက အားလုံးပင် စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည်။ အားလုံးပင် စိတ် ပျက်စရာတွေချည်း ဖြစ်နေသည်။ အားလုံးပင် ရွံရှာစက်ဆုပ်စရာတွေချည်း ဖြစ်နေသည်။ အားလုံးပင် ရယ်စရာတွေချည်း ဖြစ်နေသည်။ အားလုံးပင် ကိုယ်ချင်းစာစရာတွေချည်း ဖြစ်နေသည်။ အားလုံးပင် ချစ်စရာ ကောင်း၍ အားလုံးပင် သနားစရာကောင်းသော အားလုံးပင် မုန်းစရာတွေချည်း ဖြစ်နေပေသည်။

ချားလစ်ဒစ်ကင်းသည် အသက် ၁၅ နှစ်အရွယ်တွင် ရှေ့နေရုံးတစ် ရုံး၌ စာရေးလုပ်ခဲ့ဖူးသည်။ ထိုစဉ်က သူသည် တရားရုံးသို့ ရောက်လာသူများအား အမြဲတစေ စောင့်ကြည့်နေလေ့ ရှိသည်။ ထိုလူများ ၏ ထူးခြားသော အပြောအဆို၊ အပြုအမူနှင့် ရုပ်လက္ခဏာများကို သူ့အိတ်ဆောင် မှတ်စုစာအုပ်လေးထဲ၌ ရေးမှတ်ထားတတ်သည်။ ယင်းအလေ့အထကြောင့် ပေလား မသိ။ မျှော်တလင့်လင့်ထဲမှ 'ပစ်ပ်' အပါအဝင် ဇာတ်ကောင်အားလုံး၏ အမူအကျင့်နှင့် စရိုက်များသည် အလွန်ပီပြင် ပေါ် လွင်လျက် ရှိသည် ကို တွေ့ရလေသည်။

(၆)

အမှန်သော် "မျှော်တလင့်လင့်"သည် မြန်မာစာဖတ်ပရိသတ်နှင့် စိမ်းသောစာအုပ် မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်း ၅၂ နှစ်ခန့်က ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်ပြီး ရှုမဝစာအုပ်တိုက်မှ စာအုပ်အမှတ် ၃၉ အဖြစ် ထုတ်ဝေခဲ့ဖူးသည်။ ထိုစဉ်က ဆရာကြီးသည် အချိန်အခါနှင့် အခြေအနေကို ကြည့်၍၊ မျှော်တလင့်လင့် အနှစ်ချုပ် (အကျဉ်း) ကို ပြန်ဆိုခဲ့သည်" ဟု ယူဆရပါသည်။ ထိုစဉ်က ထိုစာအုပ်တွင် ဆရာကြီး ရေးသားခဲ့သော နိဒါန်း (အမှာစာ) ၌ အလွန်မှတ်သားဖွယ်ကောင်းသည့် ဆရာကြီး၏ အယူအဆများ ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။ ဆရာကြီးက...

"အနောက်တိုင်းပြည်များ၌ စာအုပ်ကောင်းတစ်အုပ် (ဝတ္ထုများလည်းပါသည်) ပေါ်ထွက်လာသည့် အခါ အတိုင်းတိုင်း အပြည်ပြည်တို့တွင် ဘာသာအမျိုးမျိုးတို့ဖြင့် ပြန်ဆိုရိုက်နှိပ်သော စာအုပ်များလည်း မရေးမနှောင်း ဟူသကဲ့သို့ ပေါ်ထွက်တတ်ကြသည့် အလျောက် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်တို့သည် မည်သည့် ပညာရပ်တွင် မဆို ရင်ပေါင်တန်းလျက် တိုးတက်ကြကုန်၏။"

"မြန်မာပြည်၌ကား ခတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း အစရှိသော ရှေးခေတ်ပညာများကို အိန္ဒိယပြည်မှ အထိုက်အလျောက် ဘာသာပြန်ဆိုခဲ့ကြသော်လည်း အနောက်တိုင်းမှ ခေတ်ပညာရှင်များကို ဘာသာပြန်သူ အလွန်နည်းပါးသေးသည့် အလျောက် အင်္ဂလိပ်စာမတတ်လျှင်

ခေတ်ပညာကို မတတ်ရတော့သလောက် ဖြစ်နေရသည်မှာ လွန်စွာဝမ်းနည်းဖို့ကောင်း၏" ဟုလည်းကောင်း...

"ကျွန်ုပ်တို့ ပြန်ဆိုခဲ့သော ဝတ္ထုများ နှင့် စွန့်စားခြင်းဟု ဆိုအပ်သည့် အသည်းနှလုံး တုန်လှုပ်ဖွယ်သော အဖြစ်အပျက်များပါဝင်သည့် ဝတ္ထုမျိုးတို့ သာလျှင် များခဲ့၏။ ၎င်းဝတ္ထုမျိုးမှာ စာဖတ်သူတို့၏ စိတ် ခါတ်ကို ဆွဲဆောင်နိုင်၍ စိတ်ပါဝင်စားရန် လွယ်ကူသော်လည်း စင်စစ် အားဖြင့် လူ၏သဘာဝကို နက်နဲစွာ ဖော်ပြခြင်းဟူ၍ နည်းပါးလှသောကြောင့် တစ်နည်းအားဖြင့် ငယ်ရွယ်နုနယ်၍ စာဖတ်ဝါ မရင့်သေးသည့် လူငယ်များ အကြိုက်ဟု ဆိုရပေမည်။

ဤ 'မျှော်တလင့်လင့်' ဝတ္ထုမှာ ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီး ချားလ်စ်ဒစ်ကင်း၏ ဝတ္ထုများ အနက် အကောင်းဆုံးအုပ်ဖြစ်သည့်အပြင် လူငယ်ကြိုက် စွန့်စားခြင်းဆိုင်ရာ အဖြစ်အပျက်များ သာမက လူ၏ သဘောကို နှိုက်နှိုက်ချွတ်ချွတ် ကုပ်ကုပ်ကပ်ကပ် လတ်လတ်ဆတ်ဆတ် ရှင်ရှင်လန်းလန်း ဖော်ပြရာတွင် ပြိုင်ဘက်မရှိသလောက် မှတ်ယူကြရသော ဆရာကြီးတစ်ဦး၏ လက်ရာလည်း ဖြစ်ပေ၏။"

"ဤစာအုပ်မျိုးမှာ ရင်ဖိုလှိုက်ခြင်းသက်သက် ဖြစ်စေသည့် စွန့်စားခြင်းဆိုင်ရာ စာအုပ်မျိုးတို့ ထက် အဆင့်အတန်းမြင့်သည်မှာ မှန်သော်လည်း စာဖတ်ပရိသတ် အဆင့်အတန်း မြင့်တက်လာသော ယခုခေတ်အခါတွင် အရသာခံနိုင်လောက်ပြီဟု ယူဆသည့်အလျောက် အစမ်းသဘောဖြင့် ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်ပါသတည်း" ဟုလည်းကောင်း ရေးသားခဲ့လေသည်။

(၇)

စာမူဘဝဖြင့် သက်တမ်းတစ်ဆယ့်ခြောက်နှစ်ကျော်မျှ ကြာခဲ့ပြီဖြစ်သော 'မျှော်တလင့်လင့်'သည် 'စိတ်ကူးချိုချို အနုပညာ' မှ ထွက်လာခဲ့ပြီဖြစ်သည်။ ကျွန်တော် မည်မျှအထိ ဝမ်းသာသည်ကို ဖော်ပြနိုင်စွမ်း မရှိပါ။

ကျွန်တော့်အနေဖြင့် 'မျှော်တလင့်လင့်"သည် ကျွန်တော် အသက်ထင်ရှားရှိစဉ်အတွင်း တစ်နေ့နေ့ တစ်ချိန်ချိန်၌ ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ထိုမျှော်လင့်ချက်သည် ယခုအခါတွင် ပြီးပြည့်စုံခဲ့ပြီ ဖြစ်သည်။ ဤအတွက် ကျွန်တော်သည် 'စိတ်ကူးချိုချို အနုပညာ" အား များစွာ ကျေးဇူးတင်ပါသည် ဟု ပြောပါရစေ။

မောင်ထွန်းသူ

၂၀၀၂၊ နိုဝင်ဘာ ၂၅

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၃/၂၀၀၂(၅)

မျက်နှာဖုံးခွင့်ပြုချက် - ၁၀/၂၀၀၃ (၁)

မျက်နှာဖုံးပန်းချီ - မုတ်သုံ

စာအုပ်ချုပ် - ကိုမြင့်

ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ - ဦးထွန်းထွန်းဦး၊ နှင်းဦးလွင်စာပေ၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

W H I S P E R of W O R D S

Subscribe Telegram Channel

https://t.me/TheBookR

အပိုင်း (၁)

(၁)

ကျွန်တော့်အဖေဘက်မှ ဘိုးစဉ်ဘောင်ဆက် မှည့်ခေါ်ခဲ့ကြသည့် မိသားစုအမည်မှာ 'ပီရစ်ပ်' ဖြစ်၍ ကျွန်တော့်အမည်မှာ 'ဖီးလစ်ပ်' ဖြစ်သော်လည်း ကျွန်တော်၏ ကလေးများသည် ထိုအမည်နှစ်ခုစလုံးကို ပီသအောင် မခေါ်နိုင်ခဲ့ပါ။ ပစ်ပ် ဟူသော စကားလုံးထက် ပို၍ ရှည်အောင်၊ ပို၍ ပီသအောင် အသံမထွက်နိုင်ခဲ့ပါ။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ပစ်ပ်ဟု ခေါ်ခဲ့မိရာမှ ကျွန်တော့်အမည်သည် 'ပစ်ပ်' ဖြစ်လာခဲ့ရပါ၏။

ပီရစ်ပ်ဟူသော အမည်သည် ကျွန်တော့်အဖေ၏ မိသားစု အမည်ဟု ကျွန်တော် ပြောခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ထိုအမည်နှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ရှိကြသော ကျွန်တော့်အဖေ၏ မြေပုံပေါ်စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတိုင်ပေါ်မှ စာတန်းနှင့် ပန်းပဲသမားတစ်ယောက်နှင့် လက်ထပ်ခဲ့သော ကျွန်တော့်အစ်မ မစ္စက် ဂျိုးဂါဂရီတို့ ကို အမှီသဟဲပြု၍ ပြောခြင်းဖြစ်ပါ၏။ ကျွန်တော်သည် အဖေနှင့် အမေကို လုံးဝ မြင်ဖူးခဲ့သူ မဟုတ်ပါ။ သူတို့ခေတ်က ဓာတ်ပုံပညာ မပေါ်သေးသဖြင့် သူတို့ ရုပ်ရည်နှင့် တူသော အရာဆို၍ ဘာတစ်ခုမှမမြင်ဖူးခဲ့ပါ။ သူတို့၏ ရုပ်အဆင်းအင်္ဂါ ပုံသဏ္ဌာန်နှင့် ပတ်သက်၍ ကျွန်တော့်စိတ်ကူးထဲ၌ ပထမဆုံး ပေါ်လာသမျှမှာ သူတို့ ၏ မြေပုံပေါ်မှ ကျောက်စာတိုင်များ နှင့် အဓိပ္ပာယ်ကင်းမဲ့စွာ ဆက်စပ်လျက်ရှိနေကြပါသည်။ အဖေ့မြေပုံပေါ်ရှိ ကျောက်စာတိုင်မှ စာလုံးများသည် ကျွန်တော့်စိတ်အတွင်းသို့ ထူးဆန်းသော စိတ်ကူးတစ်ခုကို ဝင်လာစေခဲ့သည် ဖြစ်ရာ ကျွန်တော့်အဖေသည် ကျွန်တော့်မျက်စိထဲတွင် မည်းနက်ခွေလိပ်သော ဆံပင်များ နှင့် စတုရန်းပုံလေးထောင့်စပ်စပ်၊ တုတ်တုတ်ခိုင်ခိုင်၊ နက်မှောင်မှောင် ဖြစ်နေပါသည်။ 'အထက်ပါ ပုဂ္ဂိုလ်၏ ဇနီး ဂျော်ဂျီ ယားနားသည် ...” ဟူသော စာလုံးများကို ကြည့်၍ ဖြစ်ပေါ်လာသည့် စိတ်ကူးအရဆိုလျှင် ကျွန်တော့်အမေသည် မျက်နှာတွင် အစက်အပြောက်များ ရှိပြီး ဖြူရော်ရော် ဖျော့ဖျော့တော့တော့နှင့် ချူချာသည့် ပုံမျိုး ဖြစ် နေပါသည်။ အဖေနှင့် အမေတို့ ၏ မြေပုံများ အနီးတွင် အလျားတစ်ပေခွဲခန့်စီ ရှည်လျားသော ကျောက်တုံးငါးတုံးသည် တန်းစီလျက် ရှိကြ၏။ ယင်းတို့မှာ အလွန်အမင်း လှုပ်ရှား ရုန်းကန်နေရသော ဤကမ္ဘာလောကကြီးအတွင်း၌ အသက်ရှင်၍ နေရန် ကြိုးပမ်းအားထုတ်ခြင်း မပြုတော့ဘဲ စောစောစီးစီး ဘဝစွန့်သွားကြရှာသော ကျွန်တော့်အစ်ကို ငါးယောက်၏ အထိမ်းအမှတ် ကျောက်တုံးများ ဖြစ်ကြလေသည်။ ထိုကျောက်တုံးများ၏ ပုံပန်းသဏ္ဌာန်ကိုကြည့်၍ သူတို့ အားလုံးသည် သူတို့၏ ဘောင်းဘီအိတ်များတွင် လက်နှိုက်၍ ပက်လက်မွေးဖွားလာကြပြီး လူ့ဘဝထဲ ရောက်လာသည် အထိ လက်များကို အပြင်သို့ မထုတ်ကြတော့ဘဲ ပြန်လည် ထွက်ခွာသွားကြသည် ဟု ကျွန်တော့်စိတ်က ထင်နေမိပါသည်။

ကျွန်တော်တို့ အရပ်ဒေသသည်ပင်လယ်ပြင်နှင့် မိုင်နှစ်ဆယ်ခန့် ကွာဝေးသည်။ မြစ်ကြီးတစ်ခုသည် ဒေသအတွင်း၌ ကွေ့ကွေ့ကောက်ကောက် စီးဆင်းလျက်ရှိသဖြင့် စိမ့်မြေများ အလွန်ပေါများပြီး ရွှံ့နွံများ ထူထပ်လှ၏။ ဤဒေသနှင့် ပတ်သက်၍ ကျွန်တော် ပထမဦးဆုံး ပြက်ပြက်ထင်ထင် မှတ်မိနေသည့်အရာမှာ ရာသီဥတု အလွန်အေးမြသော နေ့တစ်နေ့၏ ညနေစောင်း အချိန်တစ်ချိန် ဖြစ်သည်။ ထိုအချိန်က ကျွန်တော် ရောက်နေသည့် နေရာမှာ အလွန်ငြိမ်သက်တိတ်ဆိတ်ပြီး ဖက်ယားပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော သင်္ချိုင်းကုန်း ဖြစ်သည်။ ဖီးလစ်ပီးရစ်ပ် အမည်ရှိ ကျွန်တော့်အဖေနှင့် အထက်ပါပုဂ္ဂိုလ်၏ ဇနီး ဂျော်ဂျီးယား ဟူသော ကျွန်တော့်အမေတို့သည် သေဆုံးကုန်ကြပြီဖြစ်၍ မြေကြီးထဲ အမြှုပ်အနှံခံထားရသည့် အဖြစ်ကိုလည်းကောင်း၊ နို့စို့ကလေးဘဝကတည်းက သေဆုံးသွားကြရှာသော အလက်ဇင်းဒါး၊ ဆညဆိုလိုမြူး၊ အေဘရာဟမ်၊ တိုဘီယားစ်နှင့် ရိုဂျာ အစရှိသော ကျွန်တော့်အစ်ကို အားလုံး မြေကြီးအောက် ရောက်နေသည့် အဖြစ်ကိုလည်းကောင်း ကောင်းစွာ နားလည် သဘောပေါက်နေမိသည်။ သင်္ချိုင်းကုန်းမှ မျှော်ကြည့်လိုက်လျှင် အလွန်အလှမ်းကွာဝေးသောနေရာမှ တောအုပ်မည်းမည်းကို မြင်နေရ၏။ တောအုပ်နှင့် သင်္ချိုင်းကို ပိုင်းခြားထားသည့် တာရိုးတာတမံများ၊ မြေကတုတ်များ နှင့် ရေလွှဲတံခါးများ တည်ရှိရာ မြေအပြင်သည် စိမ့်မြေများ လွှမ်းလျက် ရှိသည်။ ထိုမြေပေါ်တွင် သိုး၊ နွားများသည် ဟိုတစ်အုပ်သည်တစ်အုပ် ဖြန့်ကာ အစာစားလျက် ရှိကြ၏။ တောအုပ်၏ တစ်ဖက်ရှိ အလှမ်းအလွန် ဝေးကွာသည့် နေရာမှ ခဲရောင်သန်းနေသော အရာသည် မြစ်ဖြစ်၍ ထိုမြစ် ထက်ပို၍ ဝေးသောနေရာတွင် မူပင်လယ်ပြင်သည်တည်ရှိ၏။ ထိုပင် လယ်ပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာနေသော လေသည် သင်္ချိုင်းကုန်းဘက်သို့ အရှိန်အဟုန် ပြင်းစွာဖြင့် ပြေးလာလျက် ရှိလေသည်။ ဤအချိန်၊ ဤအခါမျိုးတွင် သင်္ချိုင်းကုန်းထဲ၌တစ်ယောက်တည်း ရပ်၍ ပတ်ဝန်းကျင်ကို ငေးမျှော်နေသော ကျွန်တော်သည် ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်ကာ ဝမ်းနည်းပက်လက် ငိုကြွေးနေပါသည်။

"ဟေ့ ကောင်လေး၊ မင်းပါးစပ်ကို ပိတ်ထားစမ်း" ကျွန်တော် ငိုကြွေးနေသည့် အခိုက်မှာပင် အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် အသံကြီးတစ်သံကို ကြားလိုက်ရသည်။ အသံနှင့် အတူ ဘုရားရှိခိုး ကျောင်းအဝင် စမုတ်ဆောင်ဘက်ရှိ မြေပုံများကြားမှ လူကြီးတစ်ယောက် ဘွားခနဲ ထ၍ ရပ်လိုက်သည် ကို မြင်လိုက်ရသည်။

"အသံမထွက်နဲ့ သူရဲလေး၊ လည်ပင်းဖြတ်ပစ်လိုက်မယ်"

အလွန်ကြောက်စရာကောင်းသည့် လူကြီးတစ်ယောက် ဖြစ်သည်။ သူ့ကိုယ်တွင် ထူထဲကြမ်းတမ်းသော မီးခိုးရောင်အဝတ်များ ဝတ်ထားပြီး

ခြေတစ်ဖက်တွင် သံခြေချင်းကြီး ခတ်ထားသည်။ သူ့ခေါင်းတွင် ဦးထုပ်ဆောင်းမထားဘဲ အဝတ်ဟောင်းကြီးတစ်ထည် ပတ်ထားသည်။ စီးထားသည့် ဖိနပ်များမှာလည်း စုတ်ပြတ်ပေါက်ပြဲလျက် ရှိကြ၏။ ရေထဲ စိမ်လာသည့် လူတစ်ယောက်သဖွယ် တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် ရှိသည်။ ရွှံ့စက်များမှာလည်း ရစရာမရှိအောင် ပေကျံလျက် ရှိ၏။ ကျောက်တုံး ကျောက်ခဲများ၊ ဆူးချုံများဖြင့် တိုက်မိခြစ်မိထားသည့် ဒဏ်ရာဒဏ်ချက် အပွန်းအပဲ့များမှာလည်း ဗရပွ...။ သူ့တစ်ကိုယ်လုံးမှာ ခိုက်ခိုက်တုန်လျက် ရှိသည်။

ကျွန်တော့်အား စိန်းစိန်းကြီး စိုက်၍ ကြည့်နေသော သူ့မျက်လုံးများသည် အရောင်တဖျပ်ဖျပ် တောက်လျက် ရှိကြ၏။ သူသည် ကျွန်တော့်ဆီသို့ ထော့ကျိုးထော့ကျိုး လျှောက်လာပြီး မေးစေ့ကို မော့ကာ ချုပ်ကိုင် ထားသည်။ တဆတ်ဆတ် လှုပ်နေသော သူ့နှုတ်ခမ်းများ ဆီမှ မေးချင်းရိုက်သံကိုပင် ကျွန်တော် ကြားနေရပါသည်။

"မလုပ်ပါနဲ့ ဗျာ၊ ကျွန်တော့်လည်ပင်းကိုတော့ မဖြတ်ပါနဲ့ "

ဟု ကျွန်တော်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြောမိသည်။

"ကျွန်တော် ရှိခိုးပါတယ်ဗျာ"

“ပြောစမ်း၊ မင်းနာမည် ဘယ်သူလဲ" ဟု လူကြီးက မေးသည်။

"ပြောလေကွာ၊ မြန်မြန်"

"ပစ်ပ်ပါ၊ ခင်ဗျာ"

"ထပ်ပြောဦး" ဟု လူကြီးက ကျွန်တော့်ကို ပြူးတူးပြဲတဲ ကြည့်ကာ ထပ်မေးသည်။ "ကျယ်ကျယ် ပြောကွ၊ ကျယ်ကျယ်.."

"ပစ်ပ်...ပါ၊ ပစ်ပ်လို့ ခေါ်ပါတယ် ခင်ဗျာ"

"မင်း ဘယ်မှာနေသလဲ၊ မင်းနေတဲ့ နေရာကို လက်ညှိုးထိုးပြစမ်း"

ကျွန်တော်က သင်္ချိုင်းကုန်းနှင့် တစ်မိုင်၊ တစ်မိုင်သာသာခန့် ကွာဝေးမည်ဟု ထင်ရသော မြေနိမ့်ပိုင်းထဲမှ သစ်ပင်အုပ်အုပ်များအောက် ရှိနေသည့် ကျွန်တော်တို့ ရွာဆီသို့ လက်ညှိုးထိုး ပြလိုက်ပါသည်။

လူကြီးသည် ကျွန်တော့်မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေပြီးနောက် ကျွန်တော့် ခြေထောက် နှစ်ချောင်းကို ဖျတ်ခနဲ ဖမ်းကိုင်ပြီး လူတစ်ကိုယ်လုံးကို ဇောက်ထိုးထားလိုက်ကာ အိတ်ကပ်များ အတွင်းမှ ရှိရှိသမျှ ပစ္စည်းများ ထွက်ကျလာအောင် ခါယမ်းလျက် ရှိသည်။ တကယ်တော့ ကျွန်တော့်အိတ်ကပ်ထဲတွင် ပေါင်မုန့်တစ်ဖဲ့မှ လွဲ၍ အခြား ဘာတစ်ခုမှ မရှိပါ။ လူကြီးလုပ်လိုက်ပုံမှာ မြန်ဆန်လွန်းအားကြီးသဖြင့် ကျွန်တော့်မျက်စိရှေ့မှ ဘုရားရှိခိုးကျောင်းသည် ဖြုန်းခနဲ ဇောက်ထိုးမိုးမျှော် ဖြစ်သွားပြီး ဘုရားရှိခိုးကျောင်း၏ ခေါင်မိုး အချွန်အတက်များသည် ကျွန်တော့်ခြေထောက်များ အောက်သို့ ရောက်သွားကြပါသည်။ နောက်တစ်ခဏ အတွင်းမှာပင် ဘုရားရှိခိုးကျောင်းသည် ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်သွားသည်။ သူသည်

ကျွန်တော့်အား သင်္ချိုင်းဂူတစ်ခုပေါ်သို့ ပြန်ချထားလိုက်ပြီး စောစောက ကျွန်တော့်အိတ်ထဲမှ ထွက်ကျခဲ့သည့် ပေါင်မုန့်စကို ကသောကမျော ကောက်ယူကာ အငမ်းမရ စားလျက် ရှိ လေသည်။

"ပေ့ ချွေးကောင်လေး" လူကြီးသည် သူ့နှုတ်ခမ်းများကို လျှာနှင့်ထိုး၍လျက်နေရာမှ လှမ်းပြောသည်။

"မင်းပါးတွေက ဖောင်းနေတာပဲ”

ထိုအချိန်က ကျွန်တော်သည် ကျွန်တော့်အသက်နှင့် စာလိုက်လျှင် များစွာကြံ့လှီသေးကွေးပြီး သန်သန်မာမာ မဟုတ်သော်လည်းပါးနှစ်ဖက် ဖောင်းနေသည် မှာတော့ မှန်လိမ့်မည်ဟု ယုံကြည်မိပါသည်။

"အဲဒီပါးတွေကို ငါ စားလို့ မရတာတစ်ခုကတော့ ဆိုးသကွာ"

လူကြီးက သူ့ခေါင်းကြီးကို ယမ်း၍ ပြောသည်။

"တကယ်လိုများ ကိုက် စားလို့ သာရရင် ဘယ်လောက်ကောင်းလိုက်မလဲ... ဟင်း"

"ကျွန်တော့်ကိုတော့ ကိုက်မစားပါနဲ့"

ဟု ကျွန်တော်က ကြောက်လန့်တကြား တောင်းပန်မိသည်။ ကျွန်တော်သည် ကြောက်ကြောက်လန့်လန့်ဖြင့် အုတ်ဂူကို တအား ဖက်တွယ်ထားမိသည်။ ယင်းကဲ့သို့ ဖက်တွယ်ထားမိခြင်းမှာ အုတ်ဂူပေါ်မှ လျောကျမသွားစေရန်နှင့် မငိုမိစေရန်အတွက် ဖြစ်သည်။

"ပေ့ကောင်လေး၊ ဒီမှာ ကြည့်စမ်း၊ မင်းအမေကော... ဘယ်မှာလဲဟင်"

ဟု လူကြီးက မေးသည်။

"ဟိုမှာပါခင်ဗျာ"

လူကြီးသည် ဆတ်ခနဲ ဖြစ်သွားပြီး နောက်သို့လှည့်၍ ထွက်ပြေးသည်။ ခပ်လှမ်းလှမ်းရောက်မှ ဖျတ်ခနဲ ရပ်လိုက်ပြီး နောက်သို့ တစ်ချက် လှည့်ကြည့်သည်။

"ဟိုမှာပါခင်ဗျာ" ကျွန်တော်က တွန့်ဆုတ်ဆုတ်အသံဖြင့် ထပ်ပြောမိသည်။

"၎င်း၏ ဇနီး.. ဂျော်ဂျီယားနားဆိုတာ ကျွန်တော့်အမေပါ"

"သြော်..."

လူကြီးသည် တစ်ခွန်းမျှ ရေရွတ်လိုက်ပြီး နောက်သို့ ပြန်လျှောက်လာသည်။

"ဒီလိုဆိုရင် မင့်အမေဘေးက ကပ်လျက်မြေပုံဟာ မင့်အဖေပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူလည်း သေသွားပါပြီ"

"သြော်..." သူသည် နောက်တစ်ခွန်း ထပ်၍ ရေရွတ်လိုက်ပြီး စဉ်းစားနေသည်။

"ဒီလိုဆို... မင့်အခု ဘယ်သူနဲ့ နေသလဲ၊ အဖေ အမေ မရှိတော့ဘူးဆိုရင် ဒီလောကကြီးထဲမှာ မင့်ကို ဘယ်သူကများ ကြင်ကြင်နာနာနဲ့ အသက်ရှင်ခွင့် ပြုမှာတဲ့လဲကွာ၊ ငါဖြင့် စဉ်းစားလို့ မရပေါင်ကွာ"

"ကျွန်တော့်အစ်မနဲ့ နေပါတယ်ခင်ဗျာ၊ မစ္စက်ဂျိုးဂါဂရီလို့ ခေါ်ပါတယ်၊ ပန်းပဲသမား ဂျိုးဂါဂရီရဲ့ မိန်းမပါ"

"ပန်းပဲသမား... ဟုတ်လား" ဟု ရေရွတ်ပြီး သူ့ခြေထောက်ကို ငုံ့ကြည့်သည်။

သူသည် အလွန်စိတ်ရှုပ်ထွေးသည့် မျက်နှာထားဖြင့် သူ့ခြေထောက်ကို ငုံ့ကြည့်၊ ကျွန်တော့်မျက်နှာကို မော့ကြည့်လိုက်နှင့် အကြိမ်ပေါင်းများစွာ ပြုလုပ်လျက် ရှိ၏။ ထို့နောက် သူသည် ကျွန်တော် ထိုင်နေသည့် ဂူဆီသို့ လျှောက်လာပြီး သူ့လက်နှစ်ဖက်ဖြင့် ကျွန်တော့်ပခုံးများကို တအား ဆုပ်ကိုင်ထားသည်။ ကျွန်တော့်တစ်ကိုယ်လုံးကို နောက်သို့ ပက်လက်လန်လုနီးနီး ဖြစ်သွားအောင် တွန်းထားသည် ကြောက်စရာ ကောင်းလှသည့် သူ့မျက်လုံးများသည် ကျွန်တော့်မျက်လုံးများကို စူးစူးရဲရဲ စိုက်ကြည့်လျက် ရှိကြ၏။ ကျွန်တော့်အနေဖြင့် ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်တော့သဖြင့် သူ့အကြည့်ကို ရင်ဆိုင်ပြီး ပြန်၍ ကြည့်နေပါသည်။

"ဒီမှာ ဟေ့ ကောင်လေး၊ ငါပြောတာ နားထောင်စမ်း" ဟု လူကြီးက ပြောသည်။

"ဒီကိစ္စက မင့်ကို အသက်ရှင်ခွင့် ပေးသင့်မသင့် စဉ်းစားနေမဲ့ဟာကွ၊ နားလည်လား၊ မင်း တံစဉ်းကို သိသလား"

"သိပါတယ် ခင်ဗျာ"

"အစားအသောက် ဆိုတာကော မင်းသိလား"

"သိပါတယ် ခင်ဗျာ"

လူကြီးသည် သူ့ပါးစပ်မှ မေးခွန်းတစ်ခု မေးလိုက်တိုင်း ကျွန်တော့်ပခုံးများကို ခါ.. ခါသွားအောင် တွန်းလိုက်ခြင်းအားဖြင့် ပို၍ ကြောက်လန့်သွားအောင် ခြောက်လှန့်လျက် ရှိသည်။

"မင်း တံစဉ်းတစ်ချောင်းယူပြီး ငါ့ကို လာပေးရမယ်၊ နားလည်လား"

စကားအဆုံးတွင် ကျွန်တော့်ပခုံးနှစ်ဖက်ကို ဆောင့်၍ လှုပ်လိုက်သည်။

"အစားအသောက်လည်း ယူခဲ့ရမယ်"

နောက်တစ်ကြိမ် လှုပ်လိုက်ပြန်ပါသည်။

"အဲဒီနှစ်မျိုးစလုံးကို ယူလာပြီး ငါ့ဆီ လာပေးရမယ်" နောက်တစ်ကြိမ် လှုပ်လိုက်ပြန်သည်။

“တကယ်လို့ ငါခိုင်းတဲ့အတိုင်း လုပ်မပေးရင် မင်းရဲ့ အသည်းနဲ့ နှလုံးကို ထုတ်ပစ်မယ်၊ ကြားလား... ငါပြောတာ"

သူသည် ကျွန်တော့်ပခုံးများကို နောက်တစ် တအားလှုပ်လိုက်ပြန်ပါသည်။ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက် ရှိသဖြင့် ကျွန်တော့်တစ်ခေါင်းလုံး မူးဝေနောက်ကျိလျက် ရှိသည်။ သူ့လက်များကို ကျွန်တော့်လက်နှစ်ဖက်ဖြင့် အတင်းဆုပ်ကိုင်ပြီး ဖက်တွယ်ထားမိ၏။

"ကျွန်တော် မတ်တတ်ရပ်ပါရစေဗျာ၊ ကျွန်တော့်ကို လွှတ်ပါ၊ ကျွန်တော် မဖျားဘူးဆိုရင် ခင်ဗျားခိုင်းတာကို လုပ်ပေးပါ့မယ်" ဟု ပြန်ပြောမိသည်။

သူသည် ကျွန်တော့်ကို တစ်ချက်မျှ ဆောင့်ဆွဲလိုက်သည်။ ကျွန်တော့်ရှေ့မှ ဘုရားရှိခိုးကျောင်းသည် အပေါ်သို့ မြောက်တက်သွားသည် ဟုပင် ထင်လိုက်ရ၏။ ထို့နောက် သူသည် ကျွန်တော့်လက်နှစ်ဖက်ကို ချုပ်ကိုင်ကာ အုတ်ဂူပေါ်၌ မတ်တတ်ရပ်စေသည်။

"ငါပြောတဲ့ တံစဉ်းနဲ့ အစားအသောက်ကို မနက်ဖြန်မနက် အစောကြီး ငါ့ဆီကို လာပို့ရမယ်၊ အစားအသောက်ကို များများ ယူခဲ့နော်၊ ဟောဟိုဘက်မှာ ရှေးဟောင်းအမြောက်ကြီးတစ်လက် ရှိတယ်။ သိတယ် မဟုတ်လား၊ အဲဒီနေရာကို ယူလာခဲ့ရမယ်... နော်။ ငါခိုင်းတဲ့ အတိုင်းသာ လုပ်ပါ။ ငါ့ကိုတွေ့ခဲ့တယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူး၊ လုံးဝ မပြောနဲ့။ မပြောရင် မင့်အသက် ရှင်မယ်။ အေး... ငါခိုင်းတဲ့တိုင်း မလုပ်ဘဲ ပျက်ကွက်ရင် မင်းရဲ့ အသည်းနဲ့ နှလုံးကို ထုတ်ယူပြီး မီးကင် စားမယ်၊ ငါပြောတာ ကြားလား၊ မင်းက ငါ့ကို.. တစ်ယောက်တည်းလို့ မထင်နဲ့။ ငါ တစ်ယောက်တည်း မဟုတ်ဘူး ... ကွ၊ သိလား။ ငါနဲ့ အတူတူ အကောင်ခပ်ငယ်ငယ်တစ်ယောက်ပါလာသေးတယ်၊ ငါနဲ့ အဲဒီအကောင် နှိုင်းယှဉ်ကြည့်လိုက်ရင် ငါက သူတော်စင်တစ်ယောက်ပဲ၊ အခု ငါပြောနေတဲ့ စကားတွေကို သူ အကုန်ကြားနေတယ်နော်။ အဲဒီကောင်မှာ အလွန်ထူးဆန်းအံ့သြဖို့ကောင်းတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်။ သူ့မှာ ကောင်လေးတစ်ယောက်ကို ဖမ်းပြီး အသည်းနှလုံးကို ရအောင် ထုတ်ယူနိုင်တဲ့နည်း ရှိတယ် ငါ့လူ။ အဲဒီကောင်ရဲ့ လက်က လွတ်ပြေးဖို့ ဆိုတာ လုံးဝ မလွယ်ဘူး၊ ကောင်လေးတစ်ယောက်အနေနဲ့ သူ့အခန်းကို လုံအောင် သော့ခတ်ပြီး ပုန်းချင်ပုန်းနေမယ်။ အဝတ်တွေကြားထဲ ဝင်ချင် ဝင်နေမယ်။ ကောင်လေးကတော့ သူ့ကိုယ်သူ လုံလုံပြီလို့ ထင်မှာပဲ၊ ဒါပေမဲ့ အဲဒီအကောင်က ကောင်လေးဆီကို တိတ်တိတ်ရောက်လာပြီး သူလိုချင်တဲ့ အသည်းနှလုံးကို ထုတ်ယူမှာပဲ၊ အခု လောလောဆယ် သူက မင့်ကို ရန်မရှာအောင် ငါ ထိန်းထားရတာ၊ မနည်းကြီးကို ထိန်းနေရတာ။ သူ့ကို ထိန်းရတာ မလွယ်ဘူးကွ၊ ကဲ မင်းဘာပြောချင်လဲ"

ကျွန်တော်က သူလိုချင်သော တံစဉ်းနဲ့ အစားအသောက်များကို ယူ၍ သူပြောသည့် အမြောက်ဟောင်းကြီးထားရာ နေရာသို့ နံနက်စောစော လာပို့ပေးပါမည်ဟု ကတိပေးလိုက်ပါသည်။

"တကယ်လို ငါခိုင်းတဲ့ အတိုင်း မလုပ်ရင်း ဘေးသင့်ပြီး သေပါစေ လို့ ကျိန်စမ်း"

ကျွန်တော်က သူခိုင်းသည့် အတိုင်း ကျိန်လိုက်သည့် အခါ သူက ကျွန်တော့်ကို မပြီး အုတ်ဂူအောက်သို့ ချပေးပါသည်။

"အေး... ကောင်းပြီ၊ မင်းပေးထားတဲ့ ကတိကို မမေ့နဲ့။ အခု ငါပြောပြလိုက်တဲ့ ဟိုအကောင်ကိုလည်း မမေ့နဲ့။ ကဲ... သွားတော့"

"မင်္ဂလာ.. လာ။ မင်္ဂလာ... ည... ညပါ ခင်ဗျာ"

ဟု ကျွန်တော်က ထစ်တီးထစ်ငေါ့ဖြင့် နှုတ်ဆက်သည်။

လူကြီးသည် စိုရွဲနေသော သူ့ကိုယ်ကို ငုံ့ကြည့်နေသည်။ပါးစပ်မှာလည်း "ငါ ဖားတစ်ကောင်ဖြစ်ချင်လိုက်တာ... ကွာ၊ ဒါမှ မဟုတ်လည်း ငါးရှဉ့်တစ်ကောင် ဖြစ်ရင် အကောင်းသား" ဟု ရေရွတ်သည်။

ထို့နောက် သူသည် ခိုက်ခိုက်တုန်နေသော သူ့ကိုယ်ခန္ဓာအား အအေးဒဏ်မှ သက်သာစေရန်အတွက် လက်နှစ်ဖက်ကို ပိုက်၍ တစ်ကိုယ်လုံးကို ကျုံ့နိုင်သမျှ ကျုံ့သွားအောင် ကုပ်ကုက်ကလေး လုပ်ကာ သချိုင်း၏ဝင်းထရံ အုတ်တံတိုင်းဆီသို့ ထော့နင်း... ထော့နင်းဖြင့် လျှောက်သွားသည်။ ဖက်ယားပင်များ နှင့် ဆူးပင်ချုံပင်များကြားမှ တိုးဝှေ့ဖြတ်သန်းပြီး ပုန်းလျှိုးကွယ်လျှိုး သွားနေခြင်း ဖြစ်သဖြင့် သူ လုပ်နေပုံမှာ ကျွန်တော့်မျက်စိထဲတွင် ထူးဆန်းလျက် ရှိ၏။ သူသွားလာလှုပ်ရှားနေပုံမှာ သချိုင်းမြေပုံများကြားမှ လူသေလက်ကြီးများ ထွက်လာပြီး သူ့ခြေထောက်များကို ဖမ်းဆွဲလိုက်မည်စိုး၍ သတိကြီးစွာ ထားပြီး ရှောင်ရှားသွားလာနေရသည့် ပုံမျိုး ဖြစ်လေသည်။

အုတ်တံတိုင်းအနီးသို့ ရောက်သောအခါ သူသည် ဖက်တွယ်၍ တက်သည်။ ခြေထောက်များ ထုံကျဉ်တောင့်တင်းနေသဖြင့် ခက်ခဲပင်ပန်းစွာ ကုတ်ကတ်၍ တက်နေရသည့် ပုံစံမျိုး ဖြစ်၏။ တက်နေရင်းမှပင် နောက်သို့ လည်ပြန်လှည့်ကာ ကျွန်တော့်ဆီသို့ လှမ်းကြည့်သည်။ သူ ကျွန်တော့်ဘက် လှည့်လိုက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကျွန်တော့်မျက်နှာကို အိမ်ရှိရာဘက်သို့ ပြန်၍ လှည့်လိုက်ကာ ကျွန်တော့်ခြေထောက်နှစ်ချောင်းကို အကောင်းဆုံးဖြစ်အောင် အသုံးချပြီး သုတ်ခြေတင်လာခဲ့သည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် နောက်သို့ လှည့်မကြည့်ဘဲ မနေနိုင်၊ လျှောက်သွားနေရင်းမှပင် လည်ပြန်လှည့်ကြည့်မိသည်။ လူကြီးသည် မြစ်ဘက်သို့ ဦးတည်ပြီး သွားနေသည်။ ယခု အချိန်အထိ လက်နှစ်ဖက်ကို ပိုက်ထားဆဲ...။ ရွှံ့ညွန်များ ထဲ၌ ဟိုတစ်တုံးသည်တစ်တုံး ရှိနေသော ကျောက်တုံးကြီးများကြားမှ အကွယ်အကာယူ၍ သွားနေခြင်း ဖြစ်၏။ မိုးကြီး၍ သို့မဟုတ် ဒီရေတက်၍ ရေများ ဝင်လာသည့် အခါ ဤကျောက်တုံးကြီးများသည် လူများ ခုန်ကျော်ဖြတ်သန်းရာ နေရာများ ဖြစ်လေသည်။

ကျွန်တော်သည် ရှေ့ဆက်၍ မလျှောက်တော့ဘဲ အသာရပ်ကာ လူကြီးသွားနေရာဘက်သို့ မျှော်ကြည့်နေမိသည်။ ကျွန်တော့်မျက်စိထဲတွင် နုန်းမြေကွက်များသည် မိုးကုပ်စက်ဝိုင်းနှင့် တစ်ပြေးတစ်ညီတည်း ဖြစ်လျက်ရှိသည်။ မြစ်ပြင်မှာလည်း နုန်းမြေကွက်များလောက် ကျယ်ပြန့်ခြင်း မည်းနက်ခြင်း မရှိသော်လည်း မိုးကုပ်စက်ဝိုင်းနှင့် တစ်ပြေးတစ်ညီတည်းပင် ဖြစ်လျက်ရှိ၏။ မိုးကောင်းကင်တွင် အနီရောင်နှင့် အနက်ရောင် ရောစပ်ခြယ်မှုန်းထားသည်။ မြစ်ပြင်၏ အစွန်းတစ် ဖက်တွင် မားမားမတ်မတ်ကြီ ရပ်နေသည် ဟု ထင်ရသော

အမည်းစက် နှစ်စက်ကို ကျွန်တော် မြင်တွေ့နေရသည်။ ဤအမည်းစက်နှစ်စက်တွင် တစ်စက်သည် သင်္ဘောသားများအား ဘေးအန္တရာယ်ကင်းအောင် လမ်းညွှန်ပြသည့် လမ်းပြမီးတိုင် ဖြစ်၏။ တိုင်တစ်တိုင်တွင် စည်ပိုင်းပြတ် တစ်လုံး ချိတ်ဆွဲထားသည် နှင့် တူလှသဖြင့် အနီးကပ်ကြည့်မည်ဆိုပါ က အလွန်အရုပ်ဆိုးသော အရာဝတ္ထုတစ်ခု ဖြစ်သည်။ တစ်ချိန်သောအခါကပင်လယ်ဓားပြတစ်ဦးအား ကြိုးပေး၍ သတ်ခဲ့သည့် စက်တိုင်လည်း ဖြစ်သည်။ ထိုပင်လယ်ဓားပြ၏ လည်ပင်းကို စွပ်ခဲ့သော သံကြိုးသည် ယခုအချိန်ထိ တွဲလောင်းကျလျက်ပင် ရှိသေးသည်။ လူကြီးသည် ထိုမီးပြတိုင်ဆီသို့ ကျိုးနင်း... ကျိုးနင်းဖြင့် လျှောက်သွားလျက် ရှိသည်။ ကြိုးစင်တင်၍ အသတ်ခံခဲ့ရသောပင်လယ်ဓားပြသည် သေရာမှ တစ်ဖန်ပြန်၍ ရှင်လာပြီး သူ့ကိုယ်သူ နောက်တစ်ကြိမ်ထပ်၍ ကြိုးဆွဲချသတ်ရန် ပြန်လာနေခြင်းဟု ထင်မိသည်။ ထိုအတွေး ဝင်လာသောအခါ ကျွန်တော့်တစ်ကိုယ်လုံး ကြောက်စိတ်ဖြင့် စိမ့်လာသည်။ အစာစားနေကြသော နွားများသည် ဦးခေါင်းများကို မော့ကာ လူကြီးသွားရာနောက်သို့ လိုက်ကြည့်နေကြသည်။ ဤနွားကြီးများကလည်း ကျွန်တော့်လိုပင် တွေးမိကောင်း တွေးမိကြပေလိမ့်မည်။ ကျွန်တော့်အနီးအနား ပတ်ဝန်းကျင်တွင် လူကြီးပြောသွားခဲ့သော ကြောက်စရာကောင်းသည့် လူငယ် ရှိ၊မရှိ ကျီးကန်းတောင်းမှောက် ကြည့်မိပါသည်။ အရိပ်အယောင်မျှပင် မမြင်ရပါ။ သို့သော်လည်း နောက်တစ်ကြိမ် ကြောက်စိတ်ဝင်လာပြန်ပြီ ဖြစ်ရာ ဤတစ်ကြိမ်တွင်မူ လုံးဝရပ်နားခြင်း မပြုတော့ဘဲ အိမ်ဘက်သို့ ကဆုန်ပေါက်၍ ပြေးလာခဲ့ပါတော့သည်။

******

ကျွန်တော့်အစ်မ မစ္စက်ဂျိုးဂါဂရီမှာ ကျွန်တော့်ထက် အသက်နှစ်ဆယ်မျှကြီး၍ ကျွန်တော့်အား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်း က 'လက်နှင့် မကွာ အုပ်ထိန်းလာခဲ့ပါသည်' ဟူသော စကားဖြင့် အိမ်နီးနားချင်းများကြားတွင် ထင်ရှားကျော်ကြားနေသူ ဖြစ်ပေသည်။ ထိုအချိန်အခါက ထိုစကား၏ အနက်အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ခဲ့ပါ။ သို့သော်လည်း ကျွန်တော့်အစ်မတွင် အလွန်ကြီးမားလေးလံသော လက်များ ရှိနေသည် ကိုမူ သတိထားမိခဲ့သည်။ ကျွန်တော့်အစ်မသည် ထို လက်များကို ကျွန်တော့်အပေါ်၌ရော၊ သူ့ယောကျ်ားအပေါ်၌ပါ အခါအခွင့်သင့်တိုင်း များစွာ အသုံးချတတ်သော အလေ့အထလည်း ရှိပါသည်။ ထို့ကြောင့်လည်း ဂျိုးဂါဂရီနှင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အစ်မ၏ လက်နှင့်မကွာ အုပ်ထိန်းစောင့်ရှောက်ခြင်းကို ခံယူခဲ့ကြရသည် ဟု ကျွန်တော် သဘောပေါက် နားလည်ခဲ့ပါသည်။

ကျွန်တော့်အစ်မသည် မိန်းမချော မိန်းမလှတစ်ဦး မဟုတ်ပါ။ ကြည့်ပျော်ရှုပျော်ပင် ရှိသူတစ်ဦး မဟုတ်ပါ။ သို့ဖြစ်ပါလျက်နှင့် ဂျိုးဂါဂရီကို ရအောင်ယူနိုင်ခဲ့ခြင်းမှာ ဂျိုးအပေါ်၌ သူ့လက်များကို အသုံးပြု၍ လက်ထပ်အောင် လုပ်ယူခဲ့သည် ဟု ကျွန်တော် ထင်ပါသည်။ ဂျိုးသည် လူချော တစ်ယောက်ဖြစ်၍ သူ၏ ချောမွေ့သော မျက်နှာ၏ ဘေးတစ်ဖက်တစ်ချက်တွင် ဂုန်လျှော်ရောင်ပါးမြိုင်းမွေးများသည် အခွေလိုက် အလိပ်လိုက် ဆင်းလျက် ရှိသည်။ သူ့မျက်လုံးများသည် အပြာရောင် ခပ်ဖျော့ဖျော့ဖြစ်ရာ ဘေးအဖြူသားများ နှင့် ခွဲ၍ မရနိုင်အောင် ရောနှော ပေါင်းစပ်နေသည် ဟု ထင်ရ၏။ သူသည် အလွန်သဘောကောင်း၍ စိတ်အေးနားအေး နေတတ်သူတစ်ဦး ဖြစ်သော်လည်း အသိပညာ ဗဟုသုတတွင် ကား ချို့တဲ့ရှာသူတစ်ဦး ဖြစ်သည်။ ခွန်အားဗလဘက်တွင် ဟာကြူလီလောက် အားကောင်းမောင်းသန် ရှိသည်ဟု ဆိုနိုင်သော်လည်း စိတ်ဓာတ်အင်အား အနေဖြင့်ကား ပျော့ညံ့အားနည်းလှသည် ဟု ဆိုရမည် ဖြစ်လေသည်။

ကျွန်တော့်အစ်မ မစ္စက်ဂျိုးမှာ ဆံပင်နက်နက်၊ မျက်လုံးနက်နက် ဖြစ်သော်လည်း အသားအရေမှာ နီရဲရဲ ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်သည် အစ်မ၏ အသားအရောင်ကို ကြည့်၍ အစ်မသည် ရေချိုးသည့် အခါ ဆပ်ပြာမသုံးဘဲ သူ့တစ်ကိုယ်လုံးကို ဇာတိပ္ဖိုလ်သီးမှုန့်များ နှင့် ပွတ်တိုက်ထားလေသလားဟု စိတ်ထဲက အောက်မေ့မိသည်။ အစ်မသည် အရပ်ရှည်ပြီး အရိုးအဆက် ကြီးသူ ဖြစ်၏။ သူ့ဂါဝန် ကို အညစ်အကြေးများ မပေစေရန် ခါးစည်းအဝတ်ကြမ်းကြီး တစ်ထည်ကို သူ့ခါးတွင် အမြဲတစေ ချည်ထားလေ့ရှိသည်။ ထိုခါးစည်းအဝတ်ကြီးနှင့် သူ့ဂါဝန်ကိုပင်အပ်များ၊ လက်ချုပ်အပ်များ နှင့် တွယ်ထားသည်။ သူသည်

ထိုခါးစည်းအဝတ်ကို သူ့အကျိုးရှိရာ ရှိကြောင်းအတွက် ထိုက်ထိုက် တန်တန် အသုံးချလေ့ရှိသည်။ သူ့မှာ အလွန်အလုပ်များ လှသဖြင့် ခါးစည်းအဝတ်ကိုပင် ချွတ်ရတော့သည်မရှိ ဟူသော စကားမျိုးကို အသားယူ၍ ပြောကာ သူ့ယောက်ျား ဂျိုးကို ရန်လုပ်လေ့ရှိ၏။ ကျွန်တော့်အနေဖြင့်မူ ထိုခါးစည်းအဝတ်ကြီးကို တစ်ချိန်လုံး ဝတ်ထားစရာ အကြောင်းမရှိဟုပင် ထင်ပါသည်။ အမှန်အားဖြင့် အချိန်ရှိသမျှ ထို ခါးစည်းအဝတ်ကို ဝတ်ထားရလောက်အောင်ပင် အလုပ်များ လှသည်ကား မဟုတ်ပါ။ သက်သက်မဲ့ ကြွားလို၍သာဝတ်ထားသည် ဟုပင် ကျွန်တော် ထင်ပါသည်။

ကျွန်တော်တို့ အိမ်သည် ထိုခေတ်ထိုအချိန်က ကျွန်တော်တို့ ဒေသ၌ အများဆုံး ဆောက်လုပ်လေ့ရှိသော သစ်သားအိမ်မျိုး ဖြစ်၍ ကျွန်တော့်ယောက်ဖ၏ ပန်းပဲဖိုသည် အိမ်ဘေးတွင် ကပ်လျက် ဖြစ်သည်။ ကျွန်တော် သင်္ချိုင်းကုန်းမှ အိမ်သို့ ပြန်ပြေးလာသည့် အချိန်တွင် ပန်းပဲဖိုပိတ် ထားသည်။ ဂျိုးမှာမူ မီးဖိုချောင်ထဲ၌ တစ်ယောက်တည်း ထိုင်လျက်ရှိသည်။ အစ်မ၏ ဒဏ်ခံရသည့် နေရာ၌ ဂျိုးနှင့် ကျွန်တော်သည် ဘဝတူ ခံဖော်ခံဖက်များ ဖြစ်သဖြင့် တစ်ယောက်နှင့် တစ်ယောက် ယုံကြည်စိတ် ချမှု အပြည့်အဝ ရှိကြပါသည်။ ထို့ကြောင့်လည်း ကျွန်တော် တံခါးမင်းတုပ်ကို ဖွင့်၍ အိမ်ထဲဝင်မိပြီး သူနှင့် မျက်နှာချင်းဆိုင်ရှိ မီးဖိုခေါင်းတိုင်၌ ထိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဂျိုးက ကျွန်တော့်အား ကျွန်တော့်အစ်မ လိုက်ရှာနေကြောင်း သတင်းပေးသည်။

"မင့်အစ်မ မင့်ကိုရှာဖို့ ဆိုပြီး အပြင်ထွက်သွားတာ အကြိမ်ပေါင်း တစ်ဒါဇင် ရှိသွားပြီ.. ပစ်ပ်၊ အခုလည်း ထွက်သွားပြန်ပြီ။ အခုဟာက ဆယ့် သုံးကြိမ်မြောက်ပဲကွ"

"ဟုတ်လား..."

"ဟုတ်တယ်... ပစ်ပ်" ဟု ဂျိုးက ပြောသည်။

"ဆိုးတာက သူ့လက်ထဲမှာ ကြိမ်လုံးနဲ့ ... ကွ"

ဤမကောင်းသတင်း ကြားလိုက်ရသည့်အတွက် ကျွန်တော်သည် အပေါ်အင်္ကျီ၏ တစ်လုံးတည်းသော ကြယ်သီးကို ကိုင်၍ လှည့်ရင်း ဝမ်းနည်းအားငယ်စိတ်ဖြင့် မီးဖိုဆီသို့ ငေးမောကာ ပိုင်တွေချနေမိပါသည်။ ဂျိုးပြောသည့် ကြိမ်လုံးမှာ ဖယောင်းတိုက်ထားသော ကြိမ်လုံးတစ်လုံးဖြစ်၍ ကျွန်တော့်ကိုယ်ပေါ်ရှိ နူးညံ့သိမ်မွေ့သော အစိတ်အပိုင်းများနှင့် မကြာခဏ ထိတွေ့ရလွန်းသဖြင့် ချောမွေ့ပြောင်လက်နေသော ကြိမ်လုံး ဖြစ်သည်။

"ပထမတော့ ထိုင်စောင့်နေသေးတယ်... ကွ" ဟု ဂျိုးက ပြောသည်။

"နောက်တော့ ထိုင်နေရာက ထသွားပြီး ကြိမ်လုံးကို ဆွဲတယ်။ ပြီးတော့... ရှူးရှူးရှဲရှဲနဲ့ ထွက်သွားတာပဲ။ ငါမြင်လိုက်ရသမျှကတော့ အဲဒါပဲ" ဂျိုးသည် သူ့လက်တွင်းမှ မီးထိုးသံချောင်းကြီး (မီးညှပ်)ဖြင့် မီးဖို အောက်မှ ပြာခံသံပြားများ ပေါ်မှ ပြာများကို ဖြည်းညင်းစွာ သပ်ချနေသည်။ သူသည် ကျွန်တော့်ဆီသို့

မကြည့်ဘဲ မီးဖိုကိုသာ စိုက်ကြည့်နေရာမှ "ထွက်သွားတာကတော့ တကယ့် ဒေါသတကြီး ထွက်သွားတာပဲ ပစ်ပ်ရ" ဟု ထပ်ပြောလေသည်။

"သူ ထွက်သွားတာ ကြာပြီလား... ဂျိုး" ဟု ကျွန်တော်က ပြန်မေးသည်။ အမှန်အားဖြင့် ဂျိုးသည် ကျွန်တော့်ထက် အသက်များစွာ ကြီးသူ ဖြစ်၏။ သို့သော်လည်း ကျွန်တော်ကတော့ သူ့ကို သက်တူရွယ်တူအဖြစ်သာ သဘောထားသည်။ အမြဲတစေ ကလေးကြီး တစ်ယောက်လိုသာ ဆက်ဆံသည်။

"အင်း" ဂျိုးသည် တစ်ချက်မျှ ရေရွတ်လိုက်ပြီး တိုင်ကပ်နာရီကို မော့ကြည့်သည်။ "သိပ်ဒေါသကြီးပြီး ထွက်သွားတဲ့ အခုနောက်ဆုံး တစ်ခေါက်ကတော့ ငါးမိနစ်လောက်ပဲ ရှိဦးမယ်။ ဟော... ပြောနေတုန်းမှာပဲ လာနေပြီဟေ့ တံခါးနောက် ဝင်ပုန်းနေပါလားကွ... ငါ့လူရ။ မျက်နှာ သုတ်ပဝါကြီး ခြုံထားဦးလေကွာ"

ကျွန်တော်က သူအကြံပေးသည့် အတိုင်း လိုက်နာသည်။ ထိုအခိုက်မှာပင် ကျွန်တော့်အစ်မသည် တံခါးကို တွန်းဖွင့်ပြီး အထဲဝင်ဖို့ ကြိုးစားသည်။ တံခါး၏ နောက်မှ အခုအခံ တစ်ခုရှိနေသဖြင့် တံခါးက အလွယ်တကူ မပွင့်။ ထိုအခါ တံခါးနောက်၌ ဘာရှိနေသည် ကို ချက်ချင်း ရိပ်မိသွားသော အစ်မသည် ကျွန်တော့်ကို တံခါးကြားမှ ဆွဲထုတ်ကာ လက်ထဲမှ ကြိမ်လုံးနှင့် ရိုက်ပါလေတော့၏။ ရိုက်၍ အားရသောအခါ သူလုပ်နေကျ ထုံးစံအတိုင်း ကျွန်တော့်ကို ဆွဲယမ်းပြီး ဂျိုးဘက်သို့ တွန်းပစ် လိုက်လေသည်။ ကျွန်တော့်အား စိတ်ရှိလက်ရှိ ရိုက်နှက်ပြီးသည့် အခါတိုင်း အစ်မသည် သူဆက်၍ ရန်လုပ်လိုသော ဂျိုးဘက်သို့ ကျွန်တော့်အား စိတ်ဆိုးမာန်ဆိုး တွန်းထိုးပစ်ခြင်းအားဖြင့် အဆုံးသတ်လေ့ရှိ၏။ ဤသို့ဖြင့် ကျွန်တော်သည် သူတို့ လင်မယားအကြားတွင် အဆင်မပြေဖြစ်သည့် အခါတိုင်း ပစ်စရာပေါက်စရာ အရာဝတ္ထုတစ်ခုအဖြစ် မကြာခဏ အသုံးတော်ခံရသည်။ ဂျိုးကလည်း သူ ပြုနေကျအတိုင်း သူ့ဆီရောက်လာသော ကျွန်တော့်ကို ဝမ်းသာအားရ ဆီးဖမ်းထားပြီး မီးဖိုခေါင်းတိုင်ကြားသို့ ထိုးသွင်းလိုက်ကာ ရှေ့မှ သူ့ခြေထောက်ကြီးနှင့် ပိတ်ထား လိုက်လေသည်။

"နင် ဘယ်သွားပြီး လေလွင့်နေသလဲ... ဟဲ့။ မျောက်ကောင်လေးရဲ့"

အစ်မက ကြမ်းပြင်ကို ခြေနှင့် ဆောင့်လိုက်ပြီး မေးသည်။

"ငါ့ကို စိတ်ဆင်းရဲအောင်၊ အထိတ်တလန့်ဖြစ်အောင်၊ သောကမ ရောက်ရောက်အောင် နင် နှိပ်စက်နေတာ မဟုတ်လား... ဟင်၊ ငါ့ကို မှန်မှန်ပြောစမ်း၊ နင် ဘယ်လျှောက်သွားနေတာလဲ"

"ကျွန်တော် သင်္ချိုင်းကုန်းဘက် သွားတာပါ အစ်မရယ်" ကြိမ်လုံးထိ ထားသည့် နေရာများကို လက်နှစ်ဖက်နှင့် ပွတ်၍ ငိုကြွေးရင်း ကျွန်တော်က ပြန်ဖြေသည်။

"သင်္ချိုင်းကုန်း... ဟုတ်လား" ဟု အစ်မက ရေရွတ်သည်။

"တကယ်လို့ ငါသာ မရှိရင် နင် သင်္ချိုင်းကုန်း ရောက်နေတာ

ကြာလှပြီပေါ့ဟယ်၊ နင့်ကို ဒီအသက်အရွယ်ထိ လက်နဲ့မကွာ အုပ်ထိန်းလာခဲ့တာ ဘယ်သူလဲ သိလား... ဟင်"

"မမ...ပါခင်ဗျာ" ဟု ကျွန်တော်က ပြောပါသည်။

"နင့်ကို ဘာကြောင့် အဲဒီလို ကျွေးမွေးလာခဲ့တယ် ထင်သလဲ။ ငါ့ကို ပြောပြစမ်း"

"ကျွန်တော် မသိဘူး... ခင်ဗျ"

"ကျွန်တော်မသိဘူး... တဲ့၊ ကောင်းပါ့တော်၊ ငါမိုက်လို့ ကျွေးခဲ့ မွေးခဲ့မိတယ်၊ နောက်များတော့တော်ပါပြီ... ဟယ်၊ နင့်ကို မွေးပါပြီဆိုကတည်းက ငါ့မှာ ဟော့ဒီခါးစည်းအဝတ်ကို ဘယ်တော့မှ ချွတ်ရတယ်လို့ မရှိခဲ့ဘူး၊ သိလား၊ နင့်အမေ မဖြစ်ဘဲ ပန်းပဲသမား ဂျိုးဂါဂရီရဲ့ မယားဖြစ်ရတာနဲ့ပဲ ငါ့မှာ ဆင်းရဲဒုက္ခက ကြီးလှပါပြီ၊ နင့်အမေသာ ဖြစ်ရရင်တော့ ဟင်း..."

စိတ်ညစ်စိတ်ရှုပ်ထွေးစွာဖြင့် မီးဖိုဆီသို့ တွေဝေငေးမောနေမိသော ကျွန်တော်၏ စိတ်သည် အစ်မ၏ မေးခွန်းအပေါ်တွင် စိတ်မဝင်စား။ အခြားတစ်နေရာသို့ လွင့်မျောလျက် ရှိသည်။ နုန်းမြေများ ပေါ်၌ လျှောက်သွားနေသော သံခြေချင်းကြီးနှင့် လူကြီး။ ထိုလူကြီး ပြောပြခဲ့သည့် လူငယ်...၊ တံစဉ်းနှင့် အစားအသောက်...။ ပြီးတော့ ကြောက်မက်ဖွယ်ကောင်းသည့် ကျိန်စာ...။ ဤအရာအားလုံးသည် ထွေးလုံးရစ်ပတ်ဖြစ်ကာ ကျွန်တော့်ကို ဖိစီးလျက်ရှိရာ ကျွန်တော့်အနေဖြင့် ဤနေအိမ်အတွင်းမှ ပစ္စည်းများကို မခိုးမဖြစ်သည့် အခြေအနေသို့ ဆိုက်ရောက်လျက် ရှိပြီ ဖြစ်၏။

"ဟင်း..." အစ်မသည် သူ့လက်ထဲမှ ကြိမ်လုံးကို နေရာတွင် ပြန်ထားနေရင်းက ရေရွတ်သည်။ "ဟုတ်ပါတယ်။ သင်္ချိုင်းကုန်းပါပဲ၊ နင်တို့ နှစ်ယောက်စလုံး သင်္ချိုင်းကုန်းလောက်ပဲ စဉ်းစားနေကြပေတော့" ကျွန်တော်တို့ နှစ်ယောက်စလုံးက တစ်ခွန်းမှ ပြန်မပြောပါ။ "နင်တို့ ကြောင့် ငါလည်း သင်္ချိုင်းရောက်တော့မှာပါ။ ကြာမယ် မထင်ပါဘူး။ အို နင်တို့ နှစ်ယောက်ဟာလေ။ ငါ မပြောချင်တော့ပါဘူး၊ ငါသာ မရှိရင် ခက်မယ်၊ သိလား"

ဆူ၍ ပူ၍ အားရသောအခါ ကျွန်တော့်အစ်မသည် လက်ဖက်ရည်ပွဲ ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိ၏။ ဂျိုးကတော့ သူ့ခြေထောက်ပေါ်မှ ကျော်၍ ကျွန်တော့်အား မကြာမကြာ ချောင်းကြည့်သည်။ မကြာသေးမီကမှ ပြီးစီးသွားခဲ့သော အခြေအနေဆိုးမျိုး နောက်ထပ် ပေါ်ပေါက်မလာအောင် ကျွန်တော်တို့ နှစ်ယောက် ဘယ်လိုရင်ဆိုင်ရမည်ကို စဉ်းစားကြံဆနေသည့် နှယ် ရှိသည်။ ထို့နောက် သူသည် ဂုန်လျှော်နှင့် တူသော နားသယ်မွေးများ နှင့်ပါးမုန်းမွေးများကို လက်နှင့် အသာအယာ ဆွဲရင်း သူ့မိန်းမ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။ အိမ်တွင်း၌ လေပြင်းမုန်တိုင်း ကျသည့် အခါတိုင်း လုပ်လေ့ရှိသည့် ဂျိုး၏ အပြုအမူတစ်ခုပေတည်း။

ကျွန်တော်တို့ နှစ်ယောက်အတွက် ပေါင်မုန့်ထောပတ်သုတ် လုပ်သည့် အခါတိုင်း အသုံးပြုလေ့ရှိသည့် ကျွန်တော့်အစ်မ၏ ပေါင်မုန့်ထောပတ်သုတ် လုပ်နည်းမှာလည်း ထူးခြားလှပါသည်။ ဤနည်းမှာ အစ်မ၏ ကိုယ်ပိုင်နည်းဖြစ်ရာ ဘယ်တော့မှ ပုံစံပြောင်းလဲသွားသည် ဟုမရှိပေ။ ပထမ သူသည် ပေါင်မုန့်ကို ဘယ်လက်ဖြင့် ယူသည်။ ပြီးတော့မှ သူ့ခါးစည်း အဝတ်ကြီးဖြင့် တအားဖိ၍ ဆုပ်ကိုင်ထားတတ်သည်။

ယင်းကဲ့သို့ ပြုလုပ်သည့် အတွက် သူ့ခါးစည်း အဝတ်ကြီးပေါ်၌ တွယ်ထားသည့် အပ်များ ထဲမှ တစ်ချောင်းတလေသည် ပေါင်မုန့်ချပ်ထဲတွင် ကပ်၍ပါလာတတ်သည်။ တစ်ခါတစ်ရံတွင် ပင်အပ်တစ်ချောင်း ပါလာတတ်၍ တစ်ခါတစ်ရံတွင်မူ လက်ချုပ်အပ်တစ်ချောင်း ပါလာတတ်ပြီး ယင်းအပ်များသည် ကျွန်တော်နှင့် ဂျိုးတို့ ၏ပါးစပ်များ ထဲသို့ ဝင်ရောက် လာလေ့ ရှိ၏။

ထို့နောက် ဓားတစ်ချောင်းဖြင့် ထောပတ် (များများ စားစား မဟုတ်၊ ပါလေကာမျှ) တစ်ကော်၊ ကောက်ယူပြီး ပေါင်မုန့်ကို သုတ်သည်။ သုတ်ရာ၌ ဓား၏ အသွားနှစ်ဖက်တွင် ထောပတ်အစအနလေမျှ ကပ်၍ မကျန်ရအောင် အပြန်ပြန် အလှန်လှန် သုတ်နေခြင်းဖြစ်ရာ ပရဆေးဆိုင်မှ ဈေးသည်တစ်ဦး ဆေးချိန်နေပုံနှင့် တူလှပါသည်။ ဓားအဖျားတွင် ထောပတ် အကပ်အသတ်မျှ မကျန်ရစ်အောင် အကြိမ်ကြိမ် အထပ်ထပ် သုတ်နေသည့် ကြားမှပင် ပေါင်မုန့် ကလနားသားများ ပေါ်၌ တင်နေသည့် ထောပတ်အစအနများကို အတွင်းသားပေါ်သို့ ပြန်၍ ပြန်၍ တင်ကာ ညီသွားအောင် ညှိသည်။ ထို့နောက်တွင်မူ ပေါင်မုန့်ချပ် အရွယ်အစား ကို ခပ်ကြီးကြီးထား၍ လှီးချလိုက်၏။ နောက်ဆုံးတွင် သူ လှီးချလိုက်သည့် ထောပတ်သုတ်ပြီးသား ပေါင်မုန်ချပ်ကိုပင် နှစ်ပိုင်းဖြစ်သွားအောင် အလယ်တည့်တည့် မှ ထပ်၍ ပိုင်းပြန်သည်။ ထိုနှစ်ပိုင်းတွင် တစ်ပိုင်းကို ဂျိုးရ၍ ကျန်တစ်ပိုင်းကို ကျွန်တော် ရလေသည်။

ကျွန်တော့်အနေဖြင့် အလွန်ဆာလောင်လျက်ရှိသော်လည်း လက်ထဲ ရောက်လာသည့် ပေါင်မုန့်တစ်ပိုင်းကို မစားဝံ့ပါ။ ကြောက်စရာကောင်း လှသော ကျွန်တော့်မိတ်ဆွေကြီးနှင့် သူ့ထက်ပို၍ ကြောက်စရာကောင်းသော သူ့အဖော် လူငယ်အတွက် စားစရာတစ်ခုခုတော့ ရှိထားဖို့ လိုသည် ဟု ကျွန်တော် ထင်မိပါသည်။ ဤကဲ့သို့ ထင်မိခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပါ။ ကျွန်တော့်အစ်မ မစ္စက်ဂျိုး ပစ္စည်းပစ္စယများ ထိန်းသိမ်းထားရှိပုံမှာ အလွန်စေ့စပ် လုံခြုံလှသည် ဖြစ်ရာ ဘာပစ္စည်း ကိုမှ လွယ်လွယ်ကူကူနှင့် ခိုး၍ ရလိမ့်မည် မဟုတ်ဟု ကျွန်တော် သိနေသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ဝေစုဖြစ်သော ပေါင်မုန့် ထောပတ်သုတ် တစ်ပိုင်းကို မစားတော့ဘဲ ကျွန်တော့် ဘောင်းဘီရှည် ခြေထောက်တစ်ဖက်အတွင်း၌ သွင်း၍ ဝှက်ထားတော့မည်ဟု ဆုံးဖြတ် လိုက်လေသည်။

ဆုံးဖြတ်ထားသည့် အတိုင်း အကောင်အထည်ပေါ်အောင်

လက်တွေ့ဆောင်ရွက်သွားဖို့ ကျတော့ များစွာ ခက်ခဲလျက်ရှိသည် ကို ကျွန်တော် တွေ့နေရ၏။ အလွန်မြင့်သည့် အိမ်ခေါင်မိုးပေါ်မှ အောက်သို့ ခုန်ချရန် သို့မဟုတ် အလွန်နက်သော ရေထဲသို့ ခုန်ဆင်းရန် ဆုံးဖြတ်ထားမိသလို ဖြစ်လျက် ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ဤကိစ္စ ဂျိုးမသိအောင် လုပ်နိုင်ဖို့ မလွယ်ဘဲ ဖြစ်လျက်ရှိ၏။ တကယ်တော့ ကျွန်တော်တို့ နှစ်ဦးသည် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း ဘဝတူ ခံဖော်ခံဖက်များ ဖြစ်ပေရာ တစ်ယောက်အပေါ် တစ်ယောက် ညှာတာထောက်ထားမှု ရှိကြရုံမက ခင်မင်ကြင်နာမှုလည်း အခွင့်အခါသင့်တိုင်း ဖော်ပြလေ့ ရှိကြသည်။ အထူးသဖြင့် ယခုလို ညပိုင်းစားပွဲတွင် ထိုင်၍ စားကြသောက်ကြသည့် အခါ ကိုယ်ရထားသည့် ဝေစုပေါင်မုန့်ကို လက်တွင်ကိုင်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တစ်ကိုက်ချင်းစီ ကိုက်၍ စားသောက်လေ့ ရှိကြသည်။ ဤအလေ့အထမှာ ကျွန်တော်တို့ နှစ်ဦး၏ ပုံမှန်လုပ်နေကျ အလေ့အထတစ်ခု ဖြစ်၍၊ ဤအလေ့အထကြောင့်လည်း ကျွန်တော်တို့မှာ စိတ်အားတက်ရသည် ဟု ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ယနေ့ညတွင်မူ ပြုနေကျ အလေ့အထအတိုင်း ကျွန်တော် မလုပ်နိုင်ဘဲဖြစ်လျက် ရှိသည်။ ဂျိုးအနေဖြင့် သူ့လက်ထဲမှ ပေါင်မုန့်ကို တစ်ကိုက်ချင်းစီစားပြီး ကျွန်တော့်ဘက်သို့ မကြာမကြာ လှမ်းကြည့်ကာ ပေါင်မုန့်ကို စားဖို့ မျက်နှာရိပ်မျက်နှာကဲ ပြလျက် ရှိသည်မှာ အကြိမ်ပေါင်းများလှပြီ ဖြစ်၏။ သို့သော်လည်း ကျွန်တော်သည် လက်ဖက်ရည်ခွက်အဝါကြီးကို ဒူးတစ်ဖက်ပေါ်တွင် တင်၍ ပေါင်မုန့်ထောပတ်သုတ် တစ်ပိုင်းကို တခြားဒူးတစ်ဖက်ပေါ်တွင် တင်ကာ လက်များ နှင့်ပင် မထိမတို့ဘဲ ထိုင်နေမိပါသည်။ နောက်ဆုံးတွင် ကျွန်တော်လုပ်မည်ဟု ရည်ရွယ်ထားသည့် အလုပ်ကို မဖြစ်မနေ လုပ်မှ ဖြစ်တော့မည်ဟု စိတ်ပျက်လက်ပျက် စဉ်းစားမိသည်။ ဂျိုးက ကျွန်တော့်အား ငေး၍ ကြည့်နေသည့် အခိုက်မှာပင် ကျွန်တော်လည်း ဒူးပေါ်မှ ပေါင်မုန့်ထောပတ်သုတ် ကို ကောက်ယူကာ လက်ကို ဘေးတစ်ဖက်သို့ တွဲလောင်းချထားလိုက်ပါသည်။

ဂျိုးကတော့ ကျွန်တော့်အဖြစ်ကို ကြည့်ပြီး စိတ်သက်သာပုံ မရပါ။ ကျွန်တော် စိတ်ညစ်ပြီး မစားဘဲနေသည် ဟု အထင်ရောက်ကာ စိတ်ရှုပ်နေပုံ ရ၏။ ကျွန်တော့်မျက်နှာကို တွေတွေငေးငေး ကြည့်ရင်းမှပင် သူ့လက်ထဲမှ ပေါင်မုန့်ကို ကိုက်လိုက်ဝါးလိုက်၊ မျိုချလိုက် လုပ်လျက်ရှိသည်။ ဝါးနေပုံမှာ ယခင်ကလို သွက်လက်မြန်ဆန်ခြင်း မရှိ။ မဝါးချင် ဝါးချင် ဝါးနေရသည့် ပုံမျိုး ဖြစ်သည်။ ဝါးပြီးသမျှကို မျိုချရာ၌လည်း ဆေးတစ်လုံးကို မျိုချနေရသည့်နှယ် စိတ်မပါ့တပါဖြင့် ခက်ခက်ခဲခဲ မျို ချနေခြင်းမျိုး ဖြစ်၏။ ကျွန်တော်၏ အရိပ်အကဲကို မျက်ခြည်မပြတ် ကြည့်နေသော ဂျိုးသည် သူ့လက်ထဲမှ ပေါင်မုန့်ကို နောက်တစ်ကြိမ်ကိုက်ရန် ဟန်ပြင်ပြီးခါမှ မကိုက်သေးဘဲ တစ်ဖက်သို့ လှည့်ကြည့်လိုက်သည် ကို ကျွန်တော် မြင်လိုက်ရ၏။ ကျွန်တော်ကလည်း ရလာသည့် အခွင့်အရေးကို လျင်မြန်ဖျတ်လတ်စွာ အသုံးချလိုက်သည်။ ဤသို့ဖြင့် ဂျိုး၏ မျက်လုံးများ

ကျွန်တော့်ဘက် ပြန်လှည့်လာသည့် အချိန်တွင် ကျွန်တော့်လက်ထဲ၌ ပေါင်မုန့်ထောပတ်သုတ် မရှိတော့ပါ။

ပေါင်မုန့်ကို ကိုက်ရန်ဟန်ပြင်လျက် ရှိသော ဂျိုး၏ပါးစပ်သည် ပေါင်မုန့်ကို မကိုက်နိုင်တော့ပါ။ အလွန်အံ့ဩထိတ်လန့်လျက် ရှိသော မျက်နှာထားဖြင့်ပါးစပ်အဟောင်းသား ဖြစ်ကာ ကျွန်တော့်အား ငေးငေးကြီးကြည့်လျက် ရှိသည်။ ဤမျှလောက်အထိ အခြေပျက်သွားသော ဂျိုး၏ အဖြစ်ကို မျက်စိရှင်လှသော ကျွန်တော့်အစ်မက ချက်ချင်းပင် မြင်သည်။

"ဘာဖြစ်တာလဲ" အစ်မက လက်ဖက်ရည်ခွက်ကို ချလိုက်ပြီး ဂျိုး အား လှမ်းမေးသည်။

"ဒီမှာ ငါပြောမယ်၊ မင်းလည်း သိမှာပါကွာ..." ဟု ဂျိုးက ထစ်တီး ထစ်ငေါ့ ရေရွတ်သည်။ ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ကျွန်တော့်အပြုအမူကို သဘောမကျသည့် လက္ခဏာဖြင့် ခေါင်းယမ်းသည်။

"ဒီမယ်... ပစ်ပ်၊ အခု မင်းလုပ်လိုက်တာဟာ မင်းကိုယ်မင်း ဘေးဖြစ်အောင် လုပ်တာပဲကွ သိလား၊ အခုပုံဆိုရင် တစ်နေရာရာမှာ သွားပြီး တစ်နေလိမ့်မယ်၊ ဝါးလိုက်ဖို့တော့ ကောင်းပါတယ် ပစ်ပ်ရာ"

"ဘာဖြစ်နေတာလဲ။ မေးနေတာ မကြားဘူးလား" အစ်မ၏ အသံတွင် ဒေါသအရိပ်အငွေ့ပါလာသည်။

"ချောင်းဆိုးထုတ်လိုက်ပါလားကွ။ ငါကတော့ ချောင်းဆိုးပြီး ထုတ်လိုက်ရင် ကောင်းမယ်ထင်တယ်" ဟု ဂျိုးက ထပ်ပြောပြန်သည်။

"အလေ့အကျင့်ကတော့ အလေ့အကျင့်ပေါ့ကွာ၊ ဒါပေမဲ့ နင်နေမှာကွ"

ထိုအချိန်တွင် ကျွန်တော့်အစ်မသည် ဒေါသကြီးနေပြီ ဖြစ်၏။ သူသည် ထိုင်ရာမှ ထကာ ဂျိုး၏ပါးမုန်းမွေးနှစ်ဖက်ကို ဆွဲပြီး ဂျိုး၏ ခေါင်းကို ဂျိုး၏ နောက်မှ နံရံနှင့် သုံးလေးချက်မျှ ဆောင့်လိုက်သည်။ ကျွန်တော့်အနေဖြင့် ဘာမှ ဝင်မပြောရဲပါ။ ကိုယ့်နေရာတွင် အသာကလေး ငြိမ်ကုပ်ပြီး ထိုင်နေပါသည်။

"ကဲ.. မှတ်ကရော၊ မေးနေတာကို ဖြေတော့မလား... ဟဲ့၊ ဝက်ကောင်ရဲ့"

ဂျိုးသည် ကြံရာမရ ဖြစ်နေသည့် မျက်နှာထားဖြင့် အစ်မကို မော့ကြည့်သည်။ ထို့နောက် လက်ထဲမှ ပေါင်မုန့်ကို တစ်ကိုက်ကိုက်လိုက်ပြီး ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည်။

"မင်းနဲ့ ငါဟာ အမြဲတမ်း သူငယ်ချင်းလို နေခဲ့ကြတာပါကွာ၊ မင့်အကြောင်းဆိုရင် ငါ ဘယ်တော့မှ မပြောပါဘူး။ ဒါပေမဲ့... ဒါမျိုးကတော့.." သူသည် ကုလားထိုင်ကို နောက်သို့ရွှေ့လိုက်ပြီး သူနှင့် ကျွန်တော်ကြားရှိ ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။ ထို့နောက် ကျွန်တော့်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး...

"အခုလို လုံးလုံးမဝါးဘဲ မျိုချတာမျိုးကတော့....."

"ဘာလဲ၊ ဒီကောင် ပေါင်မုန့်ကို မျိုချပြန်ပြီလား" ဟု အစ်မက အော်သည်။

"မင်းအသိပါ ပစ်ပ်ရာ" ဂျိုးက လ္ကန္ဒြေကြီးဖြင့် လှမ်းပြောသည်။ နောက်ဆုံးတစ်ကိုက်ဖြစ်သော ပေါင်မုန့်သည် သူ့ပါးစောင်တွင် ဖောင်းလျက်ရှိသည်။ သူသည် ကျွန်တော်တို့ နှစ်ဦးတည်း ရှိနေသည့် အလား စကားကို အေးအေးဆေးဆေး လေသံဖြင့် ပြောနေခြင်း ဖြစ်၏။

"မင်းအသိပါ... ငါ့လူရာ" ဟု ဂျိုးကတော့ အစ်မကို မကြည့်ဘဲ ကျွန်တော့်မျက်နှာကိုသာ စေ့စေ့စိုက်ကြည့်ပြီး ပြောပြန်သည်။ပါးစောင်တွင် ငုံထားသည့် ပေါင်မုန့်အစကို ယခုအချိန်ထိ မျိုမချသေး။

"ငါကိုယ်တိုင်လည်း မင့်အသက်အရွယ်လောက်တုန်းက မဝါးဘဲ မျိုးချဖူးပါတယ်ကွာ...။ မျိုတာမှ ခဏခဏပဲ၊ ကလေးဘဝတုန်းကတော့ အမျိုးသမားတွေ အများကြီးကြားမှာ ငါလည်း တစ်ယောက်ပေါ့၊ ဒါပေမဲ့... မင်းလိုမျိုချတာမျိုးတော့ မတွေ့ဖူးဘူးကွ၊ မင်းလည်ပင်းနင်ပြီး သေမသွားတာပဲတော်လှပြီလို့ ဆိုရတော့မှာပဲ"

အစ်မ၏ အာရုံသည် ကျွန်တော့်ဆီသို့ ရောက်လာသည်။ ကျွန်တော့် ဆံပင်ကို လက်ဖြင့်စုဆွဲကာ ထိုင်ရာမှ ထစေပြီး ကြောက်စရာအကောင်း ဆုံးသော စကားတစ်ခွန်းကို ပြောသည်။ "ကဲ... ထ၊ လာ။ နင့်ကို ဆေးတိုက်ရမယ်"

ထိုခေတ်ထိုအခါက ဆေးပညာရှင်ဟု ခေါ်သော သတ္တဝါကြီးတချို့၏ ပြန်လည် ဆန်းစစ်မှု ကြောင့် ကတ္တရာဆေးရည်ကို အလွန်အစွမ်းထက်သော ဆေးတစ်လက်အဖြစ် လူတိုင်းက အသိအမှတ်ပြုထားကြသည် ဖြစ်ရာ၊ ကျွန်တော့်အစ်မ မစ္စက်ဂျိုးကလည်း ထိုဆေးရည်ကို သူ့ကြောင်အိမ်ထဲ၌ အိမ်သုံးဆေးတစ်လက်အဖြစ် အမြဲဆောင်ထားသည်။ လူတိုင်း လိုလိုက ဤဆေးရည်၏ ကောင်းမြတ်သော အကျိုးအာနိသင်များ အပေါ်တွင် ယုံကြည်မှု ပြင်းထန်လျက် ရှိကြသဖြင့် ဤဆေးရည်၏ စက်ဆုပ်ဖွယ်ရာကောင်းသည့် အပိုင်းများကို သတိမရကြတော့ပေ။ အချိန် တိုင်းလိုလို ဤဆေးရည်ကို အားဆေးအဖြစ် ဖွတ်အစမ္မ အတိုက်ခံခဲ့ရသော ကျွန်တော်အဖို့ ဤဆေးရည်၏ မနှစ်မြို့ဖွယ်ရာကောင်းသည့် အရည်အသွေးများကို ကောင်းစွာ သိနေသည်။ အထူးသဖြင့် ဤဆေးရည်ကို သောက်ပြီးတိုင်း ကျွန်တော်ကိုယ်မှ ဝင်းထရံအသစ်နံ့ ထွက်နေသည် ကို အမြဲတမ်း သတိထားမိ၏။ ယနေ့ည ဖြစ်ပေါ်လာရသည့် ကျွန်တော် ၏ လုပ်ရပ်သည် ကတ္တရာဆေးရည် တစ်ပိုင့်လောက်သောက်ဖို့ လိုအပ်သည်မှာ အခိုင်အမာ ယူဆထားပြီးဖြစ်သော ကျွန်တော့်အစ်မသည် ဆေးရည်ကို ကျွန်တော် သက်သောင့်သက်သာ မျိုချနိုင်စေရန် အလို့ငှာ ကျွန်တော့်လည်ပင်ကိုး သူချိုင်းကြားတွင် ညှပ်၍ ဤဆေးရည်ကို ကျွန်တော့်လည်ချောင်းအတွင်းသို့ လောင်းထည့်စေသည်။ ကျွန်တော့်အပေါ် စေတနာရှိရှာသော ဂျိုးကလည်း ကျွန်တော့်အကျိုးကို ရှေးရှု၍ ကတ္တရာ ဆေးရည် ပိုင့်ဝက်ကို ဖိတ်အောင် လုပ်ပစ်လိုက်သည်။ ဤသို့ဖြင့် ကျွန်တော့်ဗိုက်ထဲသို့ ဆေးရည်ပိုင့်ဝက်မျှသာ ရောက်သွားခဲ့၏။ သို့သော်လည်း ဖိတ်သွားသော ဆေးရည်ပိုင့်ဝက်အတွက် မကျေမနပ်ဖြစ်နေသော ကျွန်တော့်အစ်မက

ကတ္တရာဆေးရည်ပိုင့်ဝက် ဂျိုးအား သောက်ခိုင်းသဖြင့် ဂျိုးခမျာ ဆေးရည်ပိုင့်ဝက်ကို မမျိုချင့်မျိုချင် အတင်းကြိတ်မှိတ်၍ မျိုချနေရသည့် အဖြစ်သို့ ဆိုက်ရောက်သွားခဲ့ရလေ၏။

လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ သူ၏ ကိုယ်ကျင့်တရားကို ပြန်လည်ဝေဖန်ဆန်းစစ်ရမည့် တာဝန်မျိုး ရှိလာသည့် အခါတွင် သူ့၌ ရှိနေသော အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် အသိစိတ်သည် အလွန်ကြောက်စရာကောင်းသော အရာတစ်ခုအဖြစ် ရောက်ရှိလာတတ်၏။ မည်သို့ပင်ဖြစ်စေ ကလေးတစ်ယောက်အဖို့ ကတော့ လျှို့ဝှက်ထားရမည့် ကိစ္စကြီးတစ်ခု ရှိနေသည့် အထဲ သူ့ဘောင်းဘီရှည် ခြေထောက်အတွင်း၌ အခြားလျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေခြင်းသည် အလွန်ကြီးမားသည့် အပြစ်ဒဏ်ကြီးတစ်ခုကို ခံနေရသည် နှင့် အတူတူပင် ဖြစ်ပေသည်။ မစ္စက်ဂျိုးထံမှ ပစ္စည်းတစ်ခုခု ခိုးယူခြင်းသည် အပြစ်ကင်းသည့် အလုပ် မဟုတ်ဟူသော အသိစိတ်သည် စားပွဲတွင် ထိုင်၍ မိမိဝှက်ထားသည့် ပေါင်မုန့်ထောပတ်သုတ် ထွက်ကျမသွားအောင် လက်တစ်ဖက်ဖြင့် ခက်ခက်ခဲခဲ ထိန်းနေရသော အချိန်ကာလအတွင်းမှာပင် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာလျက် ရှိသည်။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် ဂျိုး၏ ပစ္စည်းကို ခိုးယူခြင်းဟု မယူဆပါ။ ဤအိမ်အတွင်း၌ အိမ်သုံးပစ္စည်းမှန်သမျှကို ဂျိုး ပိုင်ဆိုင်သည် ဟုလည်း ကျွန်တော် ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။ သို့ဖြစ်ရာ ကျွန်တော် ဤအိမ်အတွင်းမှ ပစ္စည်းတစ်ခုခုကို ခိုးယူသည် ဆိုငြားအံ့။ မစ္စက်ဂျိုး၏ ပစ္စည်းကိုသာ ခိုးယူခြင်းဖြစ်သည် ဟု ကျွန်တော် နားလည်ထားပါသည် နောက်တစ်ချက်မှာ အိမ်တွင်းမှ ပစ္စည်းကို ခိုးယူရခြင်းသည် ကျွန်တော့်သဘောဆန္ဒဖြင့် ပြုလုပ်ခြင်း မဟုတ်။ တခြားလူတစ်ဦးတစ်ယောက်၏ စေခိုင်းချက်အရ လုပ်ဆောင်ရခြင်း ဖြစ်ရာ ဤအလုပ်ကို ကြီးမားသော အပြစ်ကြီးတစ်ခုဟု မယူဆတော့ဘဲ ကျွန်တော့်ခေါင်းထဲမှ ချက်ချင်းပင် ထုတ်ပစ်လိုက်ပါသည်။ စိမ့်မြေပေါ် မှ ဖြတ်သန်းတိုက်ခတ်လာနေသော လေအရှိန်ဖြင့် မီးဖိုမီးသည် တထိန်ထိန် တညီးညီး တောက်လာသည်။ ကျွန်တော့်စိတ်ထဲတွင် အိမ်အပြင်မှ အသံတစ်ခု ကြားနေရသည် ဟု ထင်လာမိ၏။ တခြားအသံ မဟုတ်။ သူ ခိုင်းသည့် အတိုင်း လုပ်ပါမည်ဟု ကျိန်ခိုင်းခဲ့သော သံခြေချင်းနှင့် လူကြီး ၏ အသံ...။ သူ မနက်ဖြန်အထိ အစာငတ်မခံနိုင်တော့သဖြင့် အခုချက်ချင်း လာပို့ဟု ပြောနေခြင်း...။ တစ်ဆက်တည်းပင် ထိုလူကြီး ၏ အဖော်လူငယ်အကြောင်းကို တွေးမိပြန်သည်။ အကယ်၍ ထိုလူငယ် အနေဖြင့် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ကျွန်တော့်အား လာရောက်ဖမ်းဆီးခဲ့သည် ရှိသော် ကျွန်တော် ဘာလုပ်ရပါမည်နည်း။ အကယ်၍ အချိန်အမှတ်မှားပြီး ရောက်လာခဲ့ပါမူ မနက်ဖြန်မှာ လာရမည့် အစား ယနေ့ည လာပြီး ကျွန်တော်၏ အသည်းနှင့် နှလုံးကို ထုတ်ယူခဲ့ပါမူ ကျွန်တော် ဘာလုပ်ရမည်နည်း...။ လူတစ်ယောက်တွင် ကြောက်စိတ်ဝင်လာပါက သူ့ခေါင်းမှ ဆံပင်များသည် ထောင်၍ ထလာတတ်သည်

ဟု ပြောကြ၏။ သို့ဆိုလျှင် ကျွန်တော့်ခေါင်းမှ ဆံပင်များသည် ထောင်လာကြပေလိမ့်မည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ထိုကဲ့သို့ ဖြစ်ကြမည်ဟု ကျွန်တော် မထင်ပါ။

ထိုနေ့သည် ခရစ္စမတ် အကြိုနေ့ဖြစ်ရာ နောက်တစ်နေ့တွင် ဖုတ်မည့် မုန့်ရည်အိုးကို မွှေပေးရမည့် တာဝန်သည် ကျွန်တော့်အပေါ်သို့ ကျရောက်လာသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဒတ်ချ်တိုင်ကပ်နာရီဟောင်းကြီးမှ ညွှန်ပြနေသည့် အချိန်အတိုင်း ညခုနစ်နာရီမှ ရှစ်နာရီအထိ တစ်နာရီတိတိ ကြေးဝါးတုတ်ချောင်းကြီး တစ်ချောင်းဖြင့် မုန့်ရည်မွှေသည့် အလုပ်ကို လုပ်နေရသည်။ မုန့်အိုးကို အဆက်မပြတ် မွှေပေးနေရသည့် အခိုက်တွင် ဘောင်းဘီထဲ၌ ဝှက်ထားသော ပေါင်မုန့်ထောပတ်သုတ်သည် ခြေဖမိုးပေါ်သို့ လျှောကျမည်တကဲကဲ ဖြစ်နေသဖြင့် (ဤအဖြစ်ကြောင့် ခြေထောက်၌ သံခြေချင်းကြီး အခတ်ခံထားရသော လူကြီးကို ပြေး၍ သတိရလိုက်မိသေးသည်။) ကျွန်တော့်မှာ ထိန်းရသိမ်းရ ခက်ကာ ဗျာများလျက် ရှိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် အစ်မအလစ်တွင် ကျွန်တော့်အိပ်ခန်းတွင်းသို့ ပြေးဝင်ကာ ကျွန်တော့်စိတ်ကို မလုံမလဲဖြစ်အောင် ခြောက်လှန့်နေသော ပေါင်မုန့်ထောပတ်သုတ် ကို ဝှက်ထားလိုက်ရလေသည်။

မုန့်အိုးမွှေပြီးသွားသည့် အခါတွင်မူ ကျွန်တော့်တွင် ဘာမှ လုပ်စရာ မရှိတော့ပါ။ အစ်မက အိပ်ရာမဝင်ခိုင်းမီ ရသမျှ အချိန်ကလေးအတွင်း နွေးနွေးထွေးထွေး ဖြစ်သွားစေရန်အတွက် မီးဖိုခေါင်းတိုင်ထောင့်၌ ထိုင်၍ မီးလှုံနေသည်။ ထိုအခိုက်မှာပင် ခပ်ဝေးဝေး တစ်နေရာမှ အသံတစ် သံကို ကြားလိုက်ရသဖြင့်…

"ဟော… နားထောင်စမ်း" ဟု အလန့်တကြား ရေရွတ်လိုက်မိသည်။

"အခုကြားလိုက်ရတာ အမြောက်သံ မဟုတ်လား… ဂျိုး" ဟုလည်း လှမ်း၍ မေးလိုက်မိ၏။

"အေး… ဟုတ်တယ်" ဟု ဂျိုးက ပြန်ပြောသည်။

"နောက်ထပ် ထောင်သားတစ်ယောက် ထွက်ပြေးပြန်ပြီပေါ့ကွာ"

"ထွက်ပြေးတယ်ဆိုတာ ဘာလဲဗျ… ဂျိုး" ဟု ကျွန်တော်က ထပ်မေးသည်။

မည်သည့် ကိစ္စမျိုးမဆို အမြဲတစေ ဝင်ပါလေ့ရှိသော အစ်မက အသံ စာစာဖြင့် ဝင်ပြောသည်။

"ထွက်ပြေးတယ်ဆိုတာ ထွက်ပြေးတာပေါ့ဟဲ့"

ကျွန်တော်က အစ်မ၏ အရိပ်အခြည်ကို တစ်ချက်မျှ လှမ်း၍ အကဲခတ်သည်။ အစ်မသည် သူချုပ်နေသော အဝတ်ပေါ်သို့ ခေါင်းငုံ့ကာ အလုပ်တွင် စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း အသံထွက်၍ မမေးဝံ့သဖြင့်ပါးစပ်ကို လှုပ်ရုံမျှသာ လှုပ်၍ "ထောင်သားဆိုတာ ဘာလဲ ဂျိုး" ဟု မေးသည်။ ဂျိုးကလည်း ကျွန်တော့်နည်းတူပင်ပါးစပ်မှ အသံမထွက်ဘဲ ပြန်ဖြေသည်။ သူ ရှင်းပြနေသည်မှာ အများကြီး ဖြစ်သော်လည်း "ပစ်ပ်" ဟူသော စကားလုံးတစ်လုံးမှ လွဲ၍ တခြား

ဘာကိုမှ နားမလည်ပါ။

ကျွန်တော် နားမလည်မှန်း ရိပ်မိသွားသောအခါ ဂျိုးက "မနေ့ညက ထောင်သားတစ်ယောက် ထွက်ပြေးတယ်" ဟု ခပ်ကျယ်ကျယ် ပြောသည်။

"သူထွက်ပြေးတာကို သတိပေးတဲ့ အနေနဲ့ ပစ်တာ၊ အခုတစ်ကြိမ် ထပ်ပစ်ပြန်တယ်။ ကြည့်ရတာတော့ နောက်တစ်ယောက် ထွက်ပြေးပြန်ပြီနဲ့ တူတယ်ကွ"

"ဘယ်သူ ပစ်တာလဲ" ဟု ကျွန်တော့်နှုတ်မှ မေးခွန်းတစ်ခု ထပ်ထွက်သွားပြန်သည်။

"ဘယ်လိုသတ္တဝါလေးပါလိမ့်" အစ်မက ကျွန်တော့်ကို မျက်စောင်းတစ်ချက် ထိုးပြီး ဝင်ပြောသည်။

"တော်တော့်ကို အမေးအမြန်းထူတဲ့ ကောင်လေးပါလား၊တော်ပြီ ထပ်မမေးနဲ့တော့၊ နင်မေးတိုင်း ဖြေမနေနိုင်ဘူး"

ကျွန်တော့်ဘက်က သိချင်စိတ်များ လေလေ ပြောပြချင်စိတ် ပြင်းပြလေ ဖြစ်နေရသော ဂျိုးသည် အသံထွက်၍ မပြောသော်လည်းပါးစပ်ကို တအားကုန်ဟ၍ စကားတစ်လုံးကို ရွတ်ပြသည်။ သူ၏ပါးစပ် အဖွင့်အပိတ်သည် 'ဆပ်" ဟူသော စကားလုံးကို ရွတ်လိုက်သည် ဟု ကျွန်တော် ထင်သည်။ စိတ်ထဲတွင် မရေမရာ ဖြစ်နေသဖြင့် ကျွန်တော်က အစ်မဘက်သို့ လက်ညှိုးထိုးပြပြီး သူ့ကို ပြောတာလားဟု ပြန်မေးသည်။ သို့သော်လည်း ဂျိုးသည် ကျွန်တော့်စကားကို နားမလည်နိုင်ဘဲ ဖြစ်လျက်ရှိ၏။ ထို့ကြောင့် သူသည်ပါးစပ်ကို အကျယ်ကြီးဖွင့်ကာ စကားတစ်လုံး ကို ထပ်ပြောပြန်သည်။ သို့သော်လည်း ကျွန်တော်ကတော့ သူပြောလိုက်သည့် စကားလုံးကို စဉ်းစား၍ မရပါ။

မတတ်သာသည့် အဆုံးတွင် ကျွန်တော်သည် အစ်မကိုပင် လှည့်၍ တောင်းပန်ရပါတော့သည်။ "ကျွန်တော်သိချင်လွန်းလို့ပါ... အစ်မရယ်၊ တကယ်လို့ အစ်မမှာ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် တစ်ဆိတ် ပြောပြစမ်းပါ။ အဲဒီအမြောက်ကို ဘယ်နေရာက ပစ်လိုက်တာလဲ"

"ဒီကောင်လေးကို ဘုရားသခင် ကယ်မတော်မူပါ" ဟု အစ်မက ရေရွတ်သည်။

"ထောင်သင်္ဘောတွေက ပစ်တာပေါ့ဟဲ"

ကျွန်တော်က ဂျိုး၏ မျက်နှာကို လှမ်းကြည့်ပြီး "ထောင်သင်္ဘောတွေ က... ဟုတ်လား" ဟု သံယောင်လိုက်၍ ရေရွတ်မိသည်။

ဂျိုးက ကျွန်တော့်ကို အပြစ်တင်လိုသည့် မျက်နှာဖြင့် ကြည့်သည်။

"အေးလေကွာ..။ ငါ မင်းကို စောစောကတည်းက ပြောထားပြီးပြီပဲ " ဟု ပြောပြသည်။

"ထောင်သင်္ဘောဆိုတာ ဘယ်လိုဟာမျိုးလဲ... ဟင်"

"ကဲ... တွေ့လား၊ အဲဒါ ဒီကောင်လေးရဲ့ အကျင့်ပဲ" အစ်မက သူ့လက်ထဲမှ

ချုပ်လက်စအပ်ဖြင့် ကျွန်တော့်ဆီသို့ ထိုးပြပြီး ခေါင်းတခါခါလုပ်၍ ပြောသည်။

"သူ့ကို တစ်ခွန်းဖြေလိုက်ရင် ချက်ချင်း မေးခွန်းပေါင်း တစ်ဒါဇင် လောက် ထပ်မေးချင်တယ်၊ ထောင်သင်္ဘောဆိုတာ ထောင်သားတွေတင်တဲ့ သင်္ဘောပေါ့... ဟဲ့၊ နုန်းတွေ၊ ဒိုက်တွေကို ဖြတ်သွားနိုင်တယ်၊ စိမ့်မြေ သိပ်ပေါတဲ့ ငါတို့ ဒေသမှာ အဲသလိုပဲ ခေါ်ကြတယ်"

"ဘယ်သူတွေက ထောင်သားတွေကို သင်္ဘောပေါ်တင်သလဲ၊ ဘာဖြစ်လို့ သူတို့ကို အဲသည်လို တင်ထားရတာလဲ" ဟု ကျွန်တော်က ပြောသည်။

ဤမျှလောက်အထိ မေးလာခြင်းသည် လွန်လွန်းပြီဟု ယူဆလိုက်ပြီး ဖြစ်သော ကျွန်တော့်အစ်မသည် ထိုင်ရာမှ ထရပ်သည်။ "ဒီမှာ ဟဲ့ ကောင်လေး၊ ငါပြောပြမယ်၊ နားထောင်" ဟု ပြောသည်။ "နင်ဟာ တခြားလူတွေအတွက် အခုလို အနှောင့်အယှက် ဖြစ်လာလိမ့်မယ်ဆိုတာ စောစော ကတည်းက သိရင် နင့်ကို ငါ မမွေးဘူး သိလား၊ တကယ်လို့ မမွေးပြန်ရင်လည်း ငါ့ကို ဘယ်သူကမှ ချီးမွမ်းမှာ မဟုတ်ဘူး၊ ဝိုင်းပြီး ကဲ့ရဲ့ ကြမှာ သေချာတယ်။ လူတွေကို ထောင်သင်္ဘောတွေပေါ်တင်တာ ဘာပြုလို့လဲ ဆိုတော့ သူတို့က လူတွေကို သတ်လို့၊ သူများ ပစ္စည်းကို ခိုးလို့ တိုက်လို့၊ လုလို့၊ ယက်လို့၊ လိမ်လို့ မကောင်းတဲ့ အလုပ်တွေကို လုပ်လို့ ဟဲ့၊ အဲဒီအကောင်မျိုးတွေဟာ နင်အခု မေးနေသလိုပဲ၊ ပေါက်တတ်ကရတွေ ကို မေးတတ်တယ်၊ အဲဒါ ကြီးလာရင် ဆိုးဖို့ အစပြုတာ... ဟဲ့။ သိလား၊ ကဲ... ပြီးပြီ။ ဒါပဲ။ သွားအိပ်ချေတော့"

ကျွန်တော့်အစ်မက ကျွန်တော့်အား အိပ်ခန်းထဲတွင် ဘယ်တော့မှ ဖယောင်းတိုင် ထွန်းခွင့်ပြုသည် မဟုတ်ပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် မှောင်ကြီးမည်းမည်းထဲတွင် လှေကားကို စမ်းတဝါးဝါး တက်လာခဲ့ရပါသည်။ ကျွန်တော့်ခေါင်းသည် အတွေးများဖြင့် ရစ်ပတ်ရှုပ်ထွေးလျက် ရှိ၏။ အထူးသဖြင့် အစ်မ နောက်ဆုံးပြောလိုက်သော စကားများသည် ကျွန်တော့်အတွက် စဉ်းစားစရာ ဖြစ်နေသည်။ အခုလိုအတိုင်းဆိုလျှင် ထောင်သင်္ဘောများသည် ကျွန်တော်နှင့် များစွာ နီးစပ်လျက်ရှိသည် ဟု ထင်မိ၏။ ကျွန်တော့်ရှေ့တွင် ထောင်သင်္ဘောပေါ်သို့ သွားရာလမ်းသည် အလွန်ဖြောင့်ဖြူးလျက်ရှိ၏။ ထိုလမ်းကို ကျွန်တော် ပြက်ပြက်ထင်ထင် မြင်နေရသည့်နှယ် ခံစားရ၏။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် မေးခွန်းပေါင်းများစွာ မေးမိသည်။ ဘာပဲဖြစ်ဖြစ် အခု လောလောဆယ် အခြေအနေအရ ကျွန်တော့်အစ်မ၏ ပစ္စည်းကို ကျွန်တော် ခိုးရပေတော့မည်။

အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လှန့်ခြင်း ခံစားရသည့် ကလေးသူငယ် တစ်ယောက်အဖို့ သူ့ရင်ထဲ၌ ရှိနေသော လျှို့ဝှက်ချက်ကို အခြားလူများအား ထုတ်ဖော်ပြောဖို့ ဆိုသည်မှာ လွယ်သည် မဟုတ်ပါ။ ခြောက်လှန့်ထားသည့် အကြောင်းအရာသည် မည်မျှပင် ယုတ္တိမ ရှိစေကာမူ ကြောက်မိပြီဆိုလျှင် ကလေးပီပီ ကြောက်သည်သာ ဖြစ်၏။ ကျွန်တော့်အနေနှင့် ကျွန်တော့်အသည်းနှင့် နှလုံးကို ထုတ်စားလိုသော လူငယ်ကိုရော သံခြေချင်းကြီး

ခတ်ထားသည့် လူကြီးကိုပါ ကြောက်နေသည်မှာ အမှန်ဖြစ်သည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ပေးထားသည့် ကတိကို မဖြစ်မနေ အကောင်အထည်ဖော်ရမည့် ကျွန်တော့်ကို ကျွန်တော်လည်း ကြောက်ရွံ့လျက် ရှိပါသည်။ အဘက်ဘက်တွင် ဩဇာ အာဏာကြီးမားလျက်ရှိသော ကျွန်တော့်အစ်မ အကူအညီဖြင့် ဤကိစ္စ ကို ဖြေရှင်းသွားဖို့ ဆိုသည်မှာလည်း မျှော်လင့်၍ မဖြစ်ပါ။ အစ်မသည် ကျွန်တော်ပြောသမျှကို ယုံကြည်လက်ခံသူ မဟုတ်ပါ။ ဤကိစ္စကို ကျွန်တော် မည်ကဲ့သို့ လုပ်သင့်ပါသနည်း။

ထိုညတစ်ညလုံး ကောင်းစွာ အိပ်၍ မရပါ။ အိပ်မပျော်ရသည့် အထဲတွင် ချောက်ချားစရာ ကောင်းသည့် အတွေးများ ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရသေးသည်။ ကျွန်တော်သည် အရှိန်ပြင်းစွာဖြင့် စီးဆင်းလျက်ရှိသော မြစ်ရေပြင်တွင် ထောင်သဘော်ကြီးဆီသို့ ဦးတည်၍ မျောပါသွားလျက်ရှိသည်။ စက်တိုင်ကြီးအနီးမှ ဖြတ်သန်းသွားသောအခါ ထိုစက်တိုင်၌ ကြိုးပေး၍ အသတ်ခံခဲ့ရသောပင်လယ်ဓားပြကြီးက ကျွန်တော့်အား တကြော်ကြော်ဟစ်၍ ခေါ်နေသည်။ စက်တိုင်ကြီးရှိရာ ကမ်းစပ် သို့ ကူးလာပြီး ချက်ချင်း ကြိုးစင်တင်၍ အသတ်ခံလှည့်ဟု အော်ပြော နေသည်။ ကျွန်တော့်အနေဖြင့် စိတ်ချလက်ချလည်း မအိပ်ဝံ့ပါ။ လုပ်စရာအလုပ်က ရှိနေသဖြင့် အိပ်ပျော်သွားမည်ကိုပင် ကြောက်လျက် ရှိသည်။ နံနက်အရုဏ်တက်ချိန်တွင် ဟိုလူကြီးအတွက် စားစရာတနစ်ခုကို ကျွန်တော် ခိုးရလိမ့်ဦးမည်။ အခုလို ညဦးပိုင်း၏ မှောင်ကြီးမည်းမည်းထဲမှာတော့ ဘယ်နည်းနှင့်မှ ခိုး၍ လွယ်လိမ့်မည်မဟုတ်။ အလင်းရောင်မရှိဘဲနှင့် ကိုယ်လိုချင်သော ပစ္စည်းကို ရွေးယူဖို့ ဆိုသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်။ အကယ်၍ မီးထွန်းမည်ဆိုပါက မီးခတ်ကျောက် ကို သုံးရလိမ့်မည်။ ထိုအခါ မီးခတ်ကျောက်ခတ်သံသည်ပင်လယ်ဓားပြကြီး၏ လည်ပင်းတွင် စွပ်ခဲ့သည့် သံကြိုးလှုပ်သကဲ့သို့ ကျယ်လောင်သောအသံကို ပြုပေလိမ့်မည်။

ကျွန်တော့်အိပ်ခန်းပြတင်းပေါက်၏ အပြင်ဘက်ရှိ အမှောင်ထုကြား သို့ ပြာလဲ့လဲ့အလင်းရောင် ထိုးဖောက်ဝင်ရောက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာမှ ထကာ အောက်ထပ်သို့ ဆင်းခဲ့သည်။ ကျွန်တော် လျှောက်သွားနေခိုက်တွင် ကျွန်တော့်ခြေထောက်များ အောက်မှ ကြမ်းခင်းများသည် တကျွီကျွီ အော်မြည်လျက် ရှိကြ၏။ မြည်လိုက်သည့် အခါတိုင်း ကျွန်တော့်နားထဲတွင် "ဟေ့… သူခိုး ရပ်၊ ထဗျို့… မစ္စက်ဂျိုး၊ သူခိုးလာနေပြီ" ဟု အော်ဟစ်နေသည် ဟု ထင်မိသည်။ အချိန်အခါမှာ ခရစ္စမတ်ပွဲတော် ကျင်းပတော့မည့်ရက် ဖြစ်သဖြင့် အထူးတလည် ပြုလုပ်ပြီး သိမ်းဆည်းထားသော အစားအစာများ ယခင်ကထက်များ ပြားနေရုံမျှမက အမည်စုံလှသည် ကို တွေ့ရ၏။ ခြေထောက်များကို ချည်၍ ဇောက်ထိုးဆွဲထားသော ယုန်တစ်ကောင်သည် ကျွန်တော့်ကို ဆီး၍ ခြောက်လှန့်လျက် ရှိလေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ကြောင်အိမ်ထဲမှ အစားအစာများကို အသေအချာ စစ်ဆေးနေဖို့

ကတော့ အချိန်မရ။ စိမ်ပြေနပြေ တစ်ခုချင်းစီ ရွေးချယ်နေဖို့လည်း အချိန်မရှိ။ အဆင်သင့်တွေ့နေရသည့် အစားအစာများထဲမှ ပေါင်မုန့်၊ ဒိန်ခဲနှင့် အမဲသားစဉ်းကောကြော်များကို နည်းနည်းစီခွဲ၍ ယူလိုက်သည်။ ယင်းတို့ကို မနေ့ညက ဝှက်ထားသည့် ပေါင်မုန့်ထောပတ်သုတ်နှင့် ရောပြီး လက်ကိုင်ပဝါနှင့် ထုပ်လိုက်၏။ ထို့နောက် ကျောက်ဘူးကြီးထဲမှ ဘရန်ဒီနည်းနည်းကို ဖန်ဘူးတစ်လုံးထဲသို့ ထည့်လိုက်သည်။ ဘရန်ဒီ လျော့နေသည် ကို မရိပ်မိစေရန်အတွက် မီးဖိုခန်း ကြောင်အိမ်စင်ပေါ်ရှိ အိုးတစ်လုံးထဲမှ ရေအနည်းငယ်ကို ကျောက်ဘူးကြီးထဲသို့ ဖြည့်ထည့်လိုက်၏။ ကြောင်အိမ်ထောင့် တစ်နေရာတွင် မြေအိုးတစ်လုံးဖြင့် အကျအန ထည့်၍ ဖုံးထားသော ဝက်သားမုန့်ကြီးတစ်လုံးကို တွေ့ရပြန်သည်။ သိမ်းဆည်းထားပုံမှာ ရုတ်တရက် စားဦးမည့် လက္ခဏာမရှိ။ အကယ်၍ ပျောက်ဆုံးနေပါကလည်း ချက်ချင်း သိနိုင်လိမ့်မည် မဟုတ်ဟု တွေးမိသဖြင့် ထိုမုန့်ကြီးကိုပါ ယူလိုက်သည်။

မီးဖိုချောင် တံခါးတစ်ပေါက်သည် ပန်းပဲဖိုနှင့် ဆက်လျက်ရှိသည် ဖြစ်ရာ ကျွန်တော်သည် ထိုတံခါးပေါက်မှနေ၍ ပန်းပဲဖိုထဲသို့ ဝင်ခဲ့ပြီး ဂျိုး၏ ကိရိယာတန်ဆာပလာများ ထဲမှ တံစဉ်းတစ်ချောင်းကို ယူလိုက်သည်။ ထို့နောက် ပစ္စည်းကိရိယာများကို ခြေရာလက်ရာမပျက်အောင် နေသားတကျ ပြန်ထားလိုက်ပြီး ယမန်နေ့ ညနေခင်း သင်္ချိုင်းကုန်းမှ ပြန်လာခဲ့စဉ်က ကျွန်တော်ဝင်ခဲ့သည့် တံခါးကို တွန်းဖွင့်ကာ မြူနှင်းများ ဖုံးအုပ်လျက်ရှိသော စိမ့်မြေတောဘက်ဆီသို့ ကဆုန်စိုင်း၍ ပြေးထွက် လာခဲ့လေ၏။

******

(၃)

ထိုနေ့နံနက်သည် ဆီးနှင်းများ ထူထပ်ပြီး အလွန်စွတ်စိုသော အေးမြသော နံနက် ဖြစ်၏။ ထုထည်ကြီးမားလှသော ဤစွတ်စိုထိုင်းမှိုင်းခြင်းကို ယမန်နေ့ညက ကျွန်တော့်အခန်း ပြတင်းပေါက်မှ နေ၍ မြင်တွေ့ခဲ့ရသည်။ နတ်ဆိုးနတ်မိစ္ဆာကြီးတချို့ တစ်ညလုံးထိုင်၍ ငိုကြွေး နေကြသည် နှင့် တူလှသည် ဟု ထင်ခဲ့မိ၏။ ကျွန်တော့်အခန်း ပြတင်းပေါက်မှန်ကိုမူ သူတို့ ၏ မျက်ရည်များ သုတ်ရာ လက်ကိုင်ပဝါအဖြစ် အသုံးပြုခဲ့ကြသည် ဟု တွေးခဲ့မိ၏။ အခုကျတော့လည်း ဤစွတ်စိုထိုင်းမှိုင်းမှု ကြီးကို ခြံစည်းရိုးများ နှင့် မြက်ခင်းပြင်များ ပေါ်၌ မျက်ဝါးထင်ထင် မြင်နေရသည်။ သစ်ရွက်သစ်ခက်များ၌ တွဲလွဲခိုနေကြသော နှင်းသီးနှင်းပေါက်များ နှင့် ဆီးနှင်းခဲများသည် ပင့်ကူအိမ်များ နှင့် တူလှချေသည်။ ခြံဝင်းတိုင်များ၊ တန်းများ နှင့် ဂိတ်တံခါးများ ပေါ်တွင် ဆီးနှင်းများသည် အဆုပ်လိုက်၊ အခဲလိုက် တင်နေကြသည် ဖြစ်ရာ အားလုံးသည် စွတ်စိုလျက်ရှိကြ၏။ ထူထပ်သိပ်သည်းစွာ ကျဆင်းကာဆီးလျက်ရှိသော ဆီးနှင်းများကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မြင်နေရသည် မရှိ။ ကျွန်တော်တို့ ရွာသို့သွားရာလမ်းကို ခရီးသွားများ အလွယ်တကူ သိရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ထူထားသည့် လမ်းညွှန်တိုင်ကြီး (ထိုတိုင်ကြီး၏ ညွှန်ပြမှုကို လူများက ဘယ်တော့မှ လက်ခံ၍ အသုံးမပြုကြပါ။ အကြောင်းမှာ သူတို့ အနေဖြင့် ကျွန်တော်တို့ ရွာကို ဘယ်တော့မှမလာကြခြင်းကြောင့် ဖြစ်ပါသည်။) ကိုပင် ကျွန်တော် မမြင်ပါ။ အနား ရောက်တော့မှ ဘွားခနဲ တွေ့ရခြင်း ဖြစ်၏။ တိုင်ကြီးကို ကျွန်တော် မော့ကြည့်မိသည်။ ကျွန်တော့်စိတ်ထဲတွင် ထောင်သင်္ဘောကြီးဆီသို့ လမ်းညွှန်နေသည့် တစ္ဆေကြီးတစ်ကောင်နှင့် တူလျက် ရှိလေသည်။

ကျွန်တော် စိမ့်မြေများပေါ် ရောက်သွားချိန်အထိ ဆီးနှင်းများသည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေဆဲ ဖြစ်သည်။ ပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည် ကျွန်တော်နှင့် အတူ ပြေး၍ လိုက်လာနေကြသည့် နှယ် ရှိသည်။ ဤအထင်သည် မလုံမလဲ ဖြစ်နေသော ကျွန်တော့်စိတ်ကို ပို၍ ချောက်ချားအောင် ဖန်တီးလျက် ရှိ၏။ မြူနှင်းများကြားမှ ဘွားခနဲ... ဘွားခနဲ ပေါ်လာနေသော ဝင်းတံခါးများ၊ တာရိုးတာတမံများ၊ ဆည်မြောင်းကန်ပေါင်များသည် "တခြားလူတစ်ယောက်ရဲ့ ဝက်သား မုန့်ကြီးကို ခိုးလာတဲ့ ကောင်ကလေး... ဟော့၊ ဖမ်းလိုက်ကြဟ" ဟု ဆီး၍ အော်ဟစ်နေသည် ဟု ထင်သည်။ ကွင်းပြင်အတွင်း၌ ကျက်စားနေကြသော နွားများကလည်း သူတို့ နှာခေါင်းများမှ အငွေ့များကို တထောင်းထောင်း ထနေအောင် တရှူးရှူးမှုတ်ထုတ်ကာ ကျွန်တော့်အား လှမ်းမျှော်၍ ကြည့်နေကြသည်။ သူတို့ ကလည်း ကျွန်တော့်ကို "အလို . သူခိုးလေးပါလား" ဟု ဆီးကြို၍ ပြောနေကြသည် ဟု ထင်မိသည်။ လည်ပတ်ကြိုးအဖြူနှင့် နွားနက်ကြီးတစ်ကောင်ကမူ ကျွန်တော့်ကို စူးစူးရဲရဲကြီး ဆီး၍ ကြည့်ပြီး သူ့ခေါင်းကြီးကို တယမ်းယမ်း လှုပ်လျက် ရှိသဖြင့် ကျွန်တော့်စိတ်မှာ မလုံမလဲ

ဖြစ်ရသည်။ "ကျွန်တော် ဘယ်လိုမှ မတတ်နိုင်လို့ လုပ်ရတာပါဗျာ၊ အခုယူလာတဲ့ ပစ္စည်းတွေဟာ ကျွန်တော့်အတွက်လည်း မဟုတ်ပါဘူး" ဟု အသံထွက်၍ ပြောလိုက်မိ၏။ ကျွန်တော့်အသံကို ကြားသောအခါ နွားနက်ကြီးသည် သူ့ခေါင်းကြီးကို ငုံ့လိုက်ပြီး သူ့နှာခေါင်းမှ အခိုးအငွေ့များကို ရှူးခနဲ မှုတ်လိုက်သည်။

ထို့နောက် သူ၏ နောက်ခြေနှစ်ချောင်းကို မြှောက်၍ ကန်လိုက်ပြီး အမြီးကြီးကို ထောင်ကာ မြူနှင်းများကြားသို့ ပြေးဝင်ပျောက်ကွယ်သွား လေသည်။

တစ်ချိန်လုံးလိုလိုပင် ကျွန်တော်သည် မြစ်ဆီသို့ ရှေးရှုကာ ပြေးနေခြင်း ဖြစ်၏။ သို့သော်လည်း မည်မျှလောက်ပင် မြန်အောင် ပြေးနေစေကာမူ ကျွန်တော့်ခြေထောက်များသည် နွေးနွေးထွေးထွေး ဖြစ်မလာပါ။ ကျွန်တော့်ခြေထောက်များတွင် ရှိနေသော အစိုဓာတ်နှင့် အအေးဓာတ်များသည် မကြာခင် ကျွန်တော်နှင့် တွေ့ရတေ့ာမည့် လူကြီး၏ ခြေထောက်တွင် ခတ်ထားသည် သံခြေချင်းကြီးများ ကဲ့သို့ ခွာမရအောင် စွဲကပ်လျက် ရှိသည်။ တနင်္ဂနွေတစ်ရက်က ဂျိုးနှင့် အတူ တစ်ကြိမ်ရောက်ခဲ့ဖူးသဖြင့် လမ်းကောင်းစွာ သိနေသော ကျွန်တော်သည် အမြောက် ဟောင်းကြီးရှိရာဘက်သို့ တန်းတန်းမတ်မတ် ပြေးသွားလျက်ရှိသည်။ ကျွန်တော်နှင့် ဂျိုးတို့ ရောက်ခဲ့ကြစဉ်က ဂျိုးသည် အမြောက်ကြီးပေါ်၌ ထိုင်၍ သူရည်မှန်းထားသည့် အတိုင်းသာ သူ့ပန်းပဲဖို၌ ကျွန်တော် အလုပ်သင်ဖြစ်မည်ဆိုပါက နှစ်ဦးစလုံးအတွက် အလွန်ပျော်စရာ ကောင်းလိမ့်မည်ဟု သူထင်ကြောင်း ပြောပြခဲ့ဖူး၏။ ကျွန်တော့်အနေဖြင့် လမ်းကို ကောင်းစွာ သိနေသည် ဟု ဆိုရသော်လည်း အဆမတန် ကျဆင်းလျက်ရှိသော မြူနှင်းများကြောင့် လမ်းလွဲရသေးသည်။ တည့်တည့်မတ်မတ် လျှောက်ရမည့်အစား ညာဘက်သို့ သိပ်ပြီး ရောက်သွားခဲ့သဖြင့် မြစ်ကမ်ိးဘေးအတိုင်း နောက်ရင်းသို့ ပြန်လျှောက်ခဲ့ရ၏။ ဤနေရာ တစ်လျှောက်တွင် ကျောက်တုံးကြီးများ ချထားပြီး သစ်သားငုတ်ကြီးများ စိုက်ထားသည် ဖြစ်ရာ ယင်းတို့မှာ အမြဲတစေ တက်လာနေသည့် ဒီရေ ဒဏ်ကို ခံနိုင်ရန် လုပ်ထားခြင်း ဖြစ်ပေသည်။ ဤမြစ်ကမ်းပါးအတိုင်း ခပ်သုတ်သုတ် ပြေးသွားနေရင်းမှပင် ရေမြောင်းတစ်ခုကို ကျွန်တော် ကျော်ဖြတ်မိသည်။ ကျွန်တော် မှတ်မိနေသည်။ ဤရေမြောင်းသည် အမြောက်ကြီးနှင့် အနီးဆုံးနေရာ ဖြစ်၏။ ရေမြောင်း၏ တစ်ဖက်ရှိ ဖို့ မြေကမူပေါ်သို့ ကျွန်တော်သည်လေးဘက်တွား၍ တက်ခဲ့သည်။ အပေါ်သို့ ရောက်သွားသည့် အခါ ကျွန်တော့်ရှေ့တွင် လူတစ်ယောက်ထိုင်နေသည် ကို လှမ်းမြင်နေရသည်။ သူသည် လက်နှစ်ဖက်ကို ပိုက်ကာ ကျွန်တော်ရှိရာဘက်သို့ ကျောပေး၍ ထိုင်နေခြင်း ဖြစ်၏။ သူသည် ဦးခေါင်းကို ရှေ့သို့ ငိုက်စိုက်လျက် အိပ်မောကျလျက် ရှိပေသည်။

ယခုကဲ့သို့ စောစောစီးစီး ကျွန်တော် ပြန်ရောက်လာပြီး သူ့အတွက် နံနက်စာပါလာသည် ကို သိပါက ကျွန်တော့်လူအနေဖြင့် အတော်ကြီး ဝမ်းသာအားရ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည်။ ကျွန်တော်သည် သူ ရှိရာသို့ အသာကလေး

ချဉ်းကပ်သွားမည်ဟု တွေးလိုက်မိသည်။ ကျွန်တော်သည် သူရှိရာသို့ အသာကလေး ချဉ်းကပ်သွားပြီး သူ့ပခုံးကို တို့လိုက်၏။ သူသည် ဖြုန်းခနဲ ခုန်ထလာသည်။ သူသည် ကျွန်တော် တွေ့ခဲ့သည့် လူ မဟုတ်ဘဲ တခြားလူတစ်ယောက် ဖြစ်နေသည်။

ဤလူမှာလည်း ကြမ်းတမ်းသော မီးခိုးရောင်အဝတ်များကို ဝတ်ထားပြီး ခြေတစ်ဖက်တွင် သံခြေချင်းကြီး ခတ်ထားသည်။ ခြေထောက်ကလည်း ထော့ကျိုး... ထော့ကျိုးနှင့်ပင် ဖြစ်၏။ အအေးဒဏ် ခံထားရသဖြင့် တစ်ကိုယ်လုံး တုန်လျက် ရှိသည်။ ကျွန်တော် မနေ့က တွေ့ခဲ့သည့် လူနှင့် အားလုံး အတူတူပင် ဖြစ်၏။ ကွာခြားမှုဟူ၍ တစ်ခုသာ ရှိသည်။ သူ့မျက်နှာသည် ကျွန်တော်တွေ့ခဲ့သည့် လူ၏ မျက်နှာမဟုတ်။ သူသည် အနားခပ်ကျယ်ကျယ် ဦးထုပ်ပြားပြားတစ်လုံး ဆောင်းထားသည်။ ကျွန်တော် သူ့ကို မြင်လိုက်ရခြင်းမှာ တစ်ခဏမျှသာ ဖြစ်သဖြင့် ဤမျှသာ မှတ်မိလိုက်၏။ သူသည် ကျွန်တော့်ကို တစ်ခွန်းမျှ လှမ်း၍ ကျိန်ဆဲလိုက်ပြီး လက်သီးနှင့် တစ်ချက် လှမ်ထိုးသည်။ ထိုးလိုက်သည့် လက်သီးချက်မှာ ခပ်ပျော့ပျော့ ဖြစ်သဖြင့် ကျွန်တော့်ကို မထိဘဲ လွဲသွားလေရာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ လဲကျတော့မလို ဖြစ်သွားသည်။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ထိန်းလိုက်ပြီး မြူနှင်းများကြားသို့ ပြေးဝင်သွားသည်။ ပြေးသွားနေခိုက်တွင် သူသည် နှစ်ကြိမ်မျှ လဲကျသွားသေးသည်။ ထို့နောက် ကျွန်တော့်မျက်စိအောက်မှ ပျောက်သွားလေတော့သည်။

"ဟိုလူပြောတဲ့ သူ့အဖော်လူငယ်ဆိုတာပဲ ဖြစ်မယ်" ဟု ကျွန်တော် တွေးမိသည်။ ထိုအခါ ကျွန်တော့်နှလုံးသားထဲမှ နာကျင်လာသည်။ အကယ်၍ ကျွန်တော့်အသည်း ဘယ်နေရာမှာ ရှိနေသည် ကိုသာ သိခဲ့ပါမူ အသည်းထဲမှ နာကျင်သည့် ဝေဒနာကိုပင် ခံစားရလိမ့်မည် ထင်ပါသည်။

မကြာခင်အတွင်းမှာပင် အမြောက်ကြီးဆီသို့ ကျွန်တော် ရောက်သွားသည်။ မနေ့က ကျွန်တော်နှင့် တွေ့ခဲ့ရသောလူသည် လက်နှစ်ဖက်ကို ပိုက်ကာ ထော့ကျိုး... ထော့ကျိုးဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက် ရှိသည်။ သူ့ပုံပန်း ကြည့်ရသည်မှာ တစ်ညလုံး ယခုကဲ့သို့ လက်ပိုက်ပြီး ထော့ကျိုး... ထော့ကျိုးလျှောက်ကာ ကျွန်တော် ပြန်ရောက်လာမည်ကို စောင့်မျှော်နေပုံ ရ၏။ သူ့ကို မြင်လိုက်ရရုံဖြင့် ကြောက်မက်ဖွယ် ကောင်းလောက်အောင် အအေးဒဏ် ခံနေရသည်မှာ ထင်ရှားလျက်ရှိသည်။ အေးလွန်းသဖြင့် ကျွန်တော့်မျက်စိရှေ့မှာပင် ဝုန်းခနဲ လဲကျပြီး သေသွားလိမ့်မည်ဟု ထင်ရသည်။ သူ့မျက်လုံးများသည် အပြင်းအထန် ဆာလောင်မွတ်သိပ်လျက် ရှိကြောင်းကို ဖော်ပြနေသည်။ ကျွန်တော် လှမ်းပေးလိုက်သည့် တံစဉ်းကို ဆီးယူပြီး မြက်ခင်းပေါ်သို့ ချ ထားလိုက်သည်။ ကျွန်တော့်လက်ထဲမှ အထုပ်ကိုသာ မမြင်ခဲ့ပါက ကျွန်တော် ပေးလိုက်သည့် တံစဉ်းကိုပင် ကိုက်ဝါး၍ စားပစ်လိမ့်မည်ဟု ထင်ရ၏။ ယခုတစ်ကြိမ်တွင်မူ သူသည် ကျွန်တော့်အား ဇောက်ထိုးမိုးမျှော်ဖြစ်အောင် မလုပ်တော့ပါ။ လက်ထဲမှ အထုပ်ကိုဖြေ၍ အိတ်ကပ်ထဲမှ ပစ္စည်းများ ထုတ်ချနေသော ကျွန်တော့်အား

စိတ်ဝင်တစားကြည့်နေသည်။

"ဟေ့ သူငယ်... ပုလင်းထဲက ဘာလဲကွ" ဟု မေးသည်။

"ဘရန်ဒီ ... ဗျ"

ထိုအချိန်တွင် သူသည် အမဲသားစဉ်းကောကြော်ကို ယူပြီး အလွန်ထူးဆန်းအံ့ဩဖို့ ကောင်းသည့် နည်းမျိုးဖြင့် ဝါးမျိုလျက် ရှိချေပြီ။ သူ့အဖြစ်မှာ လူတစ်ယောက် အစာစားနေသည် နှင့် မတူ။ ပစ္စည်းတစ်ခုခုကို တစ်နေရာ အရောက်ပို့ပေးရမည့် တာဝန်ရှိနေသဖြင့် ဒရောသောပါး မျိုချနေရသည့် လူတစ်ယောက်နှင့် တူလျက်ရှိသည်။ သူသည် အစားကို အငမ်းမရ မျိုချနေရာမှ ဘရန်ဒီ ပုလင်းကို ဆွဲယူပြီးပါးစပ်တွင် တေ့ကာ မော့ချလျက်ရှိ၏။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက် ရှိသဖြင့် သူ့လက်သည် ပုလင်းကိုပင် ငြိမ်အောင် မကိုင်နိုင်ဘဲဖြစ်လျက်ရှိရာ ပုလင်းလည်ပင်းကို သူ့သွားများ နှင့် ကိုက်မိလိမ့်မည်ဟု ထင်မိသည်။ သို့သော်လည်း မကိုက်မိပါ။

"ခင်ဗျား ဖျားနေတယ် ထင်တယ်" ဟု ကျွန်တော်က ပြောမိသည်။

"ဟုတ်တယ်၊ မင်းထင်တာ မလွဲဘူး.. လူကလေးရဲ့ " ဟု သူက ပြန်ဖြေသည်။

"ဒါ ဆိုရင်တော့ ဒီနေရာက မကောင်းဘူးဗျ၊ ခင်ဗျား စိမ့်မြေပေါ်မှာ တစ်ချိန်လုံး လှဲနေတယ် ထင်ပါရဲ့။ ပိုပြီး ဆိုတော့မှာပေါ့၊ တစ်ကိုယ်လုံးလည်း ကိုက်ခဲလာလိမ့်မယ်"

"အဲဒီဝေဒနာတွေက ငါ့ကို အသေမသတ်ရင် ငါကတော့ ငါ့နံနက်စာ ကို ဝအောင်စားသွားမှာပဲ" ဟု ပြန်ပြောသည်။ "ဟိုဘက်မှာ ရှိနေတဲ့ ကြိုးစင်ပေါ် တက်ရမယ် ဆိုရင်လည်း အစားတော့ ဝအောင်စားသွားဦးမှာပဲ၊ ပြီးမှ ဘာပဲဖြစ်ဖြစ် ဖြစ်တယ်၊ ငါ ဂရုမစိုက်ဘူး၊ စားပြီးတာနဲ့ တစ်ပြိုင်နက် ကြိုးစင်ပေါ် တက်ရမယ်ဆိုလည်း တက်မှာပဲ၊ ဖျားတာလောက်ကတော့ ငါက အပျော့ပါ"

သူသည် အမဲသားစဉ်းကောကြော်၊ ပေါင်မုန့်၊ ဒိန်ခဲနှင့် ဝက်သားမုန့်များကို တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလိုပါးစပ်တွင်းသို့ သွင်းကာ ကြေညက်အောင် ဝါးသည် မရှိဘဲ အငမ်းမရ မျိုချလျက် ရှိသည်။ ယင်းကဲ့သို့ လောဘတကြီး မျိုချနေရင်းမှပင် ပတ်ဝန်းကျင်ရှိ မြူနှင်းများကြားသို့ စိုးရိမ်ထိတ်လန့်သော မျက်နှာထားဖြင့် လှည့်ကြည့်သည်။ တစ်ခါတစ်ရံ အစားကိုဆက်၍ မမျိုဘဲ ရပ်ထားပြီး နားစွင့်နေတတ်သည်။ တစ်ခါတစ်ရံတွင် မူ မြစ်ပြင်ပေါ်မှ ရေပွက်သံနှင့် စိမ့်မြေပေါ် ပြေးသွားသည့် တိရစ္ဆာန်တစ်ကောင်ကောင်၏ အသံကို ကြားရတတ်သည်။ သူသည် ချိုးခနဲ ချွတ်ခနဲ အသံကြားတိုင်း ဖျိုးခနဲ ဖျတ်ခနဲ လန့်တတ်လေသည်။

"မင်းဟာ လိမ်ညာတတ်တဲ့ မင်စာလေးတစ်ကောင်တော့ ဟုတ်မယ် မထင်ပါဘူး၊ မင်းနဲ့ ဘယ်သူမှပါမလာဘူးနော်"

"မပါပါဘူးဗျာ၊ တကယ်ပြောတာပါ၊ လုံးဝ မပါ...ပါဘူး"

"မင့်နောက်က လိုက်လာဖို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး မဟုတ်လား"

"မပြောခဲ့ပါဘူး"

"အေး... ကောင်းတယ်" ဟု ရေရွတ်သည်။

"ငါ မင့်ကို ယုံပါတယ်... ကွာ၊ တကယ်တော့ ငါ့လိုဒုက္ခအကြီးအကျယ်ရောက်နေတဲ့ ကောင်မျိုးတစ်ကောင်ကို နောက်ထပ်ဒုက္ခရောက်အောင် လုပ်ချင်တဲ့ စိတ်သာ မင့်မှာ ရှိမယ်ဆိုရင် မင်းလည်း အလွန့်ကို ရက်စက်ကြမ်းကြုတ်တဲ့ အမဲလိုက်ခွေးတစ်ကောင်တော့ ဖြစ်နိုင်တာပဲ၊ ငါ သိပါတယ်ကွာ"

သူ့လည်ချောင်းထဲမှ တစ်တစ်ဆို့ဆို့ အသံတစ်သံကို ကြားရသည်။ သူသည် ထိုအသံကို ပျောက်သွားအောင် အားထုတ်လျက်ရှိရာမှ သူ့အကျီ ကြမ်းကြီးဖြင့် မျက်လုံးများကို သုတ်နေသည်။

ညှိုးငယ်လျက်ရှိသော သူ့မျက်နှာကို ကြည့်ကာ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ သူသည် လက်ထဲမှ ဝက်သားမုန့်ကို ရုတ်တရက် ဆက်၍ မစားတော့ဘဲ ငေးနေသည်။ ခဏကြာမှ ဖြည်းဖြည်းချင်း မုန့်ကို ပြန်စားသည်။ သူ့အပေါ်တွင် ဖြစ်ပေါ်လာသော သနားစိတ်ကြောင့် ကျွန်တော်က အရဲစွန့်၍ စကားတစ်ခွန်း ပြောမိသည်။

"ခင်ဗျား စားလို့ သောက်လို့ ကောင်းတာ မြင်တော့ ကျွန်တော် ဝမ်းသာတယ်"

"မင်း ဘာပြောလိုက်တာလဲ"

"ခင်ဗျား စားကောင်းနေတာမြင်လို့ ကျွန်တော် ဝမ်းသာတယ် ပြောတာပါ"

"ကျေးဇူးတင်ပါတယ်.... လူကလေးရာ၊ တကယ့်ကို ကျေးဇူးတင်တာပါ။"

ကျွန်တော်တို့ပိုင် ခွေးများထဲမှ ခွေးကြီးတစ်ကောင် အစာစားနေသည် ကို ကျွန်တော် မကြာခဏ စောင့်ကြည့်ခဲ့ဖူးသည်။ ထိုခွေးကြီးစားပုံနှင့် ဤလူကြီးစားနေပုံမှာ တူလှသည်။ စိတ်ထဲက ထင်လိုက်မိ၏။ လူကြီး အစားကိုက်ယူပုံသည် ထိုခွေးကြီး ကိုက်နေပုံနှင့် တထေရာတည်း ဖြစ်လျက်ရှိသည်။ သူသည် အစားကို အများကြီး ကိုက်ယူလိုက်ပြီး ကြာကြာဝါးခြင်းမပြုဘဲ ချက်ချင်း မျိုချလိုက်ခြင်း ဖြစ်၏။ စားနေသည့် အခိုက်တွင်လည်း သူ့မျက်လုံးများသည် ဂနာငြိမ်သည် မရှိ။ ဟိုကြည့်သည်ကြည့်နှင့် ကျီးကန်းတောင်းမှောက် ပုံစံမျိုး ဖြစ်သည်။ သူ့လက်ထဲ မှ ဝက်သားမုန့်ကို လုယူမည့် သူတစ်ဦး တစ်နေရာရာမှ ဘွားခနဲ ပေါ်လာလိမ့်မည်ဟု တွေးပြီး စိုးရိမ်ထိတ်လန့်နေပုံမျိုး ဖြစ်သည်။ သူ့စိတ်သည် သူစားနေသည့် အစားပေါ်တွင်လည်း စိတ်ဝင်စားပုံ မရ။ သက်သောင့်သက်သာ နားအေးပါးအေးဖြင့် အရသာခံ၍ စားဖို့လည်း စိတ်ကူးဟန် မတူ။ မည်သို့ပင်ဖြစ်စေ အားလုံးခြုံ၍ ကြည့်လိုက်သည့် အခါ သူ စားသောက်နေပုံသည် ကျွန်တော့် မျက်စိထဲတွင် ကျွန်တော် မြင်ဖူးခဲ့သော ခွေးကြီး စားနေပုံနှင့် ထပ်တူထပ်မျှ ဖြစ်လျက် ရှိသည်။

"သူ့ဖို့ စားစရာ မကျန်မှာ စိုးရတယ်… ဗျ" သူစားနေသည် ကို ထိုင်ကြည့်နေရာမှ စိုးရိမ်စိတ် ဝင်လာသဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် လှမ်းပြောမိသည်။

"အစားအသောက်က နောက်ထပ်ရတော့မှာ မဟုတ်တော့လို့ပါ"

"သူ့ဖို့ မကျန်မှာ စိုးရတယ်.... ဟုတ်လား၊ သူ ဆိုတာ ဘယ်သူလဲ" သူသည် အစားကို ဝါးနေရာမှ ရပ်လိုက်ပြီး ပြန်မေးသည်။

"ဟ… ဟို… လူငယ်ဆိုတာလေ၊ ခင်ဗျားပြောတဲ့ လူငယ်ကို ပြောတာ"

"အိုး… အေး… အေး၊ ဟုတ်တယ်" ပြောပြောဆိုဆို ရယ်သည်။

"သူ့အတွက်လား၊ အေး… အေး၊ ဒါပေမဲ့ သူ့အတွက်က စားစရာ မလိုပါဘူး.. ကွယ်"

"သူ့ကြည့်ရတာကတော့ လိုလိမ့်မယ်ထင်တယ်… ဗျ၊ သူလည်း ခင်ဗျားလိုပဲ သိပ်ဆာနေပုံပဲ"

ကျွန်တော့်မိတ်ဆွေသည် အစားကို ဆက်မစားနိုင်တော့ဘဲ ရပ်လိုက်ပြီး ကျွန်တော့်မျက်နှာကို အံ့သြထိတ်လန့်စွာဖြင့် ငေးကြည့်နေသည်။

"သူ့ကြည့်ရတာ… တဲ့၊ ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"အခုနကပဲ တွေ့ခဲ့တာ"

"ဘယ်နေရာမှာ လဲ"

"ဟိုဘက်မှာ … ခင်ဗျ" ဟု ကျွန်တော်က လက်ညှိုးထိုးပြသည်။

"ဟောဟိုဘက်နားမှာ တွေ့ခဲ့တာ၊ ကျွန်တော်နဲ့ တွေ့တော့ အိပ်ပျော်နေတယ်။ ကျွန်တော်က ပထမတော့ ခင်ဗျားလို့ ထင်တာ"

သူက ကျွန်တော့်အင်္ကျီကော်လာများကို ဆုပ်ဆွဲထားပြီး ကျွန်တော့်မျက်နှာကို ပြူးပြူးကြီး စိုက်ကြည့်နေသည်။ ကျွန်တော့်လည်ပင်းကို ဖြတ်ပစ်မည်ဟူသော စိတ်ကူးသည် သူ့ခေါင်းထဲသို့ ပြန်ဝင်လာပြန်ပြီဟု ကျွန်တော် ထင်မိသည်။

"တကယ့်ကို တွေ့ခဲ့တာပါ။ ခင်ဗျားလို ဝတ်ထားတာပဲ၊ သူကတော့ ဦးထုပ်ကြီးတစ်လုံး ဆောင်းထားတယ်" ဟု ကျွန်တော်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ရှင်းပြသည်။

"ပြီး… ပြီး… ပြီးတော့…." ဤစကားပြောဖို့ ကျတော့ ကျွန်တော့်မှာ များစွာ ကြောက်လန့်လျက် ရှိသဖြင့် ကြံဖန်ပြီး ပြောရသည်။

"ပြီးတော့… သူလည်း ခင်ဗျားလို တံစဉ်းလိုချင်မှာပဲ၊ မနေ့ညက အမြောက်ပစ်သံကို ခင်ဗျား ကြားတယ် မဟုတ်လား"

"ဒါဆိုရင် အမြောက်ပစ်တယ်…ပေ့" ဟု သူ့ကိုယ်သူ ပြောသည်။

"ခင်ဗျား မကြားတာ ကျွန်တော် အံ့သြမိတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်တော်တို့ အိမ်ကနေပြီး ကြားရတာ… ဗျ၊ အဝေးကြီးကနေ ပစ်တာ"

"လူတစ်ယောက်အနေနဲ့ ဒီလို ရွှံ့နွံတွေထူထပ်တဲ့ နေရာမျိုးမှာ တစ်ယောက်တည်း နေရတယ်၊ သူ့ခေါင်းကလည်း ဘာမှ မစဉ်းစားနိုင်ဘူး၊ ဗိုက်ထဲမှာလည်း အစာလုံးဝ မရှိဘူး၊ အအေးဒဏ်ကိုလည်း အသက်ထွက်လုမတတ် ခံနေရတယ်၊ သူ့နားတွေကလည်း သေနတ်သံတွေနဲ့ ခေါ် သံအော်သံတွေကိုပဲ နားစွင့်နေရတယ်၊ ဒါဆိုရင် သူ့အနေနဲ့ တခြားအသံ တွေကို ဘယ်လိုလုပ်ပြီး ကြားတော့မလဲ... ကွာ၊ သူ့အနေနဲ့ အင်္ကျီနီကြီးတွေ ဝတ်ပြီး လက်နှိပ်ဓာတ်မီးတွေ ကိုင်ထားတဲ့ စစ်သားတွေကို မြင်နေရတယ်၊ သေနတ်ချင်း ထိမိခိုက်မိတဲ့ အသံတွေနဲ့ သတိ၊ သက်သာ၊ သတိ၊ အသင့်ပြင့်၊ သူ့ကိုရှာ ဆိုတဲ့ အသံတွေကိုလည်း ကြားနေရတယ်၊ တခြားတော့ ဘာသံမှ မကြားဘူး၊ မနေ့ညက လူပျောက်ရှာနေတဲ့ အဖွဲ့ တစ်ဖွဲ့ကို ငါ မြင်ခဲ့ရတယ်၊ သူတို့ ခြေသံတွေကိုလည်း ငါ ကြားခဲ့ရတယ်၊ လင်းလာတဲ့ အချိန်မှ အမြောက်သံကြောင့် မြူနှင်းတွေ လှုပ်သွားတာကို ငါ မြင်ခဲ့ရတယ်၊ ဒါပေမဲ့... မင်းပြောတဲ့ လူ..." သူသည် ထိုစကားများကို ကျွန်တော့်အား ပြောနေသည် နှင့် မတူ။ ကျွန်တော် ရှိနေသည် ကိုပင် သတိမထားမိဘဲ သူ့ဘာသာသူ တစ်ကိုယ်တည်း ပြောနေသည် ကို ပြောနေခြင်း ဖြစ်၏။ စကားဆုံးသွားမှ "မင့် အဲဒီလူနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား မှတ်မိတာများ ရှိသလား" ဟု မေးသည်။

"သူ့မျက်နှာမှာ ပွန်းပဲ့စုတ်ပြတ်နေတဲ့ ဒဏ်ရာတွေ အများကြီး ရှိတယ်... ဗျ" ခက်ခက်ခဲခဲ စဉ်းစားပြီး ကျွန်တော်မှတ်မိသည့် အရာတစ်ခုကို ပြောပြလိုက်သည်။

"ဒီနေရာမှာ တွေ့တာ မဟုတ်နိုင်ပါဘူး... ကွ" သူ့ ဘယ်ဘက်ပါးကို သူ့လက်ဖဝါးဖြင့် မညှာမတာ တအားရိုက်လိုက်ပြီး အော်ပြောသည်။

"ဟုတ်တယ်...ဗျ၊ ဟိုဘက်မှာ တွေ့ခဲ့တာ"

"အခု... သူ ဘယ်မှာ လဲ" သူသည် လက်ထဲတွင် ကျန်နေသည့် အစားကို မစားတော့ဘဲ သူ့အင်္ကျီအိတ်ကပ်တွင်းသို့ ထိုးထည့်လိုက်သည်။ "ဒီအကောင် ဘယ်ဘက်ကို ထွက်ပြေးသွားသလဲ၊ ငါ့ကို ပြစမ်း၊ ငါ ဒီခွေးကောင်ကို သတ်မယ်၊ အရေးထဲ ဒီသံခြေချင်းကလည်း တစ်မှောင့်ပါလား... ကွာ၊ မင့်ယူလာတဲ့ တံစဉ်း ငါ့ကို ပေးစမ်းပါ... လူကလေးရယ်"

ကျွန်တော်က ကျွန်တော် တွေ့ခဲ့သည့်ူလူ ပြေးထွက်သွားရာ အရပ် ကို လက်ညှိုးထိုးပြသည်။ ကျွန်တော့်မိတ်ဆွေသည် ကျွန်တော် ညွှန်ပြရာဘက်သို့ အတန်ကြာမျှ ငေးစိုက်ကြည့်နေသည်။ သူသည် မြက်ခင်းပြင်ပေါ်၌ ထိုင်ချလိုက်ကာ ခြေထောက်၌ ခတ်ထားသည့် သံခြေချင်းကြီး ကို အရူးတစ်ယောက်သဖွယ် လက်ထဲမှ တံစဉ်းဖြင့် တအားတိုက်လျက် ရှိ၏။ သူသည် ကျွန်တော့်ကိုလည်း လှည့်မကြည့်။ သွေးများ ပေလျက်ရှိသော ခြေထောက်မှ ဒဏ်ရာဟောင်းကိုလည်း ဂရုမစိုက်၊ သူသည် တံစဉ်းကို မိမိရရ ဆုပ်ကိုင်ကာ သံခြေချင်းကိုသာ အားသွန်ခွန်စိုက် တိုက်ဖြတ်လျက် ရှိလေသည်။ ကျွန်တော် သူ့ကို ကြည့်ကာ ကြောက်လာသည်။ အိမ်မှ ထွက်လာခဲ့သည်မှာ ကြာပြီဖြစ်၍ အိမ်က ဆူမည်ကိုလည်း စိုးရိမ်လာသည်။ ကျွန်တော် သွားမှဖြစ်တော့မည်ဟု သူ့ကို

လှမ်းပြောသည်။ သူကတော့ ကျွန်တော့်စကားကို ကြားဟန်မတူ။ အဖြေလည်း ပြန်မပေး။ ကျွန်တော့်အတွက် အကောင်းဆုံးနည်းမှာ ဤနေရာမှ အမြန်ထွက်ခွာသွားရန်ပင် ဖြစ်၏။ ကျွန်တော် သူ့ကို နောက်ဆုံးမြင်ခဲ့ရသည့် အချိန်တွင် သူသည် သူ့ခြေထောက်ပေါ် ခေါင်းကြီးငုံ့ကာ တံစဉ်းဖြင့် ခြေ ထိပ်ကို တရကြမ်း တိုက်ဖြတ်လျက် ရှိသည်။ပါးစပ်မှလည်း ဆဲလိုက် ... ဆိုလိုက်... ကျိန်ဆဲလိုက်...။ သူနှင့် အတော်ဝေးဝေးသို့ ရောက်သည့် အခါ တဖွဲဖွဲကျဆင်းလျက် ရှိနေသေးသော မြူနှင်းများကြားတွင် အသာ ရပ်၍ နားစွင့်မိသည်။ ထိုအချိန်အထိ တံစဉ်းတိုက်သံသည် ထွက်ပေါ် နေဆဲပင် ဖြစ်သည်။

****

ကျွန်တော် အိမ်ပြန်ရောက်ချိန်တွင် ကျွန်တော့်အား စစ်ဆေးမေးမြန်းမည့် ပုလိပ်တစ်ယောက်သည် မီးဖိုချောင်ထဲမှ နေ၍ ကျွန်တော့်အား စောင့်မျှော်နေလိမ့်မည်ဟု အကြီးအကျယ် မျှော်လင့်ခဲ့၏။ သို့သော်လည်း ပုလိပ်ကို မတွေ့ပါ။ ကျွန်တော် အစားအသောက်များ ခိုးယူသွားသည် ကိုလည်း မည်သူမျှ မသိကြသေးပါ။ ကျွန်တော့်အစ်မ မစ္စက်ဂျိုးမှာ မူ ခရစ္စမတ်ပွဲတော် အခမ်းအနားအတွက် တစ်အိမ်လုံးကို ရှင်းလင်းပြင်ဆင်ရသည့် တာဝန်ဖြင့် အလုပ်များလျက် ရှိ၏။ ကျွန်တော့်ယောက်ဖ ဂျိုးမှာ မူ အစ်မ၏ အမိန့်အရ အစ်မသန့်ရှင်းရေးလုပ်နေသည့် အခန်းတွင်းသို့ ဝင်ခွင့်မရဘဲ အခန်းဝ၌ ရပ်လျက် ရှိလေသည်။

"ဟဲ့ နတ်ဆိုးကလေး၊ နင် ဘယ်လျှောက်ပြီး အလေလိုက်နေတာလဲ"

ကျွန်တော့်ကို မြင်မြင်ချင်း ပြောလိုက်သည့် အစ်မ၏ ခရစ္စမတ်နှုတ်ဆက်သံ ဖြစ်သည်။ ကျွန်တော်က တစ်အိမ်ဝင် တစ်အိမ်ထွက် လှည့်လည်သွားလာပြီး သီဆိုနေကြသည့် ခရစ္စမတ် သီချင်းများကို လိုက်၍ နားထောင်နေသည် ဟု ဖြေလိုက်ပါသည်။

"အေး... ကောင်းတယ်" ဟု အစ်မက လိုလိုလားလား မှတ်ချက်ချသည်။ "ငါ့မှာလည်းပဲ ပန်းပဲသမားတစ်ယောက်ရဲ့ မယားဖြစ်ပြီး ခါးစည်းအဝတ်ကို ခါးပေါ်က လုံးလုံး မချွတ်နိုင်တဲ့ ကျွန်တစ်ယောက်အဖြစ်မျိုး ရောက်နေလို့သာပေါ့ကွယ်၊ အဲသလိုသာ မဟုတ်ဘူး ဆိုရင် ငါကိုယ်တိုင်တောင်မှ လိုက်ပြီး နားထောင်လိုက်ချင်သေးတယ်။ ခရစ္စမတ်ပျော်ပွဲရွှင်ပွဲ သီချင်းမျိုးသာ ဆိုရင် ငါက သိပ်ကြိုက်တာ"

တံခါးဝမှ အမှိုက်ပုံးကို ဖယ်လိုက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်က မီးဖိုချောင်ထဲသို့ ဝင်သည်။ ဂျိုးကလည်း ကျွန်တော့်နောက်မှ အသာကလေးကပ်၍ လိုက်လာသည်။ အခုမှပင် စိတ်လက်ပေါ့ပါးသွားသည့် နှယ် သူ့လက်ခုံဖြင့် နှာခေါင်းကို ပွတ်လိုက်သည်။ ဤကြားထဲမှပင် အစ်မ၏ မျက်စောင်းတစ်ချက် ခဲခြင်းကိုလည်း ခံလိုက်ရပါသေးသည်။ အစ်မ၏ မျက်လုံးများ တခြားဘက်လွှဲသွားသည့် အခါ ဂျိုးက သူ့လက် ညှိုးနှစ်ချောင်းကို တစ်ချောင်းပေါ် တစ်ချောင်းထပ်၍ ကြက်ခြေခတ်ပုံ လုပ်ပြသည်။ ဤအမှတ်အသားမှာ ကျွန်တော်နှင့် ဂျိုးသာ နားလည်သော အမှတ်အသား ဖြစ်၍ ကျွန်တော့်အစ်မ စိတ်တိုနေသည် သတိထားဟု ဆိုလိုခြင်း ဖြစ်၏။ တကယ်တော့လည်း အမြဲတမ်း စိတ်တိုစိတ်ဆိုး နေတတ်သော ကျွန်တော့်အစ်မအဖို့ စိတ်တိုစိတ်ဆိုးခြင်းသည် သူ၏ ပုံမှန်စိတ်ဖြစ်ရာ တစ်ခါတစ်ရံတွင် ကျွန်တော်နှင့် ဂျိုးတို့သည် ရက်ပေါင်းများစွာ တစ်ယောက်နှင့် တစ်ယောက် လက်ညှိုးနှစ်ချောင်း ထပ်၍ ကြက်ခြေခတ်လုပ်ပြရင်း အချိန်ကုန်ရတတ်လေသည်။

ယနေ့ညအဖို့ ကျွန်တော်တို့သည် ဖွယ်ဖွယ်ရာရာနှင့် တခမ်းတနား

ချက်ပြုတ်ကျွေးမွေးသော ညစာကို စားကြရလိမ့်မည် ဖြစ်၏။ ညစာတွင် ဝက်သားချဉ်နှင့် ဟင်းသီးဟင်းရွက်များ အပြင် ကြက်ကြော်နှစ်ကောင်ပါပါလိမ့်မည်ဖြစ်၍ မနေ့နံနက်ကတည်းက လုပ်ထားပြီးဖြစ်သော အသားသွတ်မုန့်ကြီး တစ်လုံးပါ (ပျောက်ဆုံးသွားသည့် စာရင်းထဲ ထည့်၍ မရသေး)ပါလိမ့်မည်ကိုလည်း သိထားကြသည်။

ပူတင်းအိုးမှာလည်း မီးဖိုပေါ်၌ တင်ထားပြီး ဖြစ်၏။ ညစာကို ဤမျှ လောက်အထိ အမည်များများ စာကြရမည် ဖြစ်သဖြင့် နံနက်စာကို အထူးတလည် စီမံပြ ုလုပ်ပြီး စားစရာမလိုဟု အစ်မက ယူဆသည်။ "ညစာကျတော့ စားစရာတွေ အများကြီးပဲ၊ စားရစေ့မယ် စိတ်ချ၊ အခုလော လောဆယ်တော့ နံနက်စာကို တခမ်းတနား ကျွေးပြီး ပန်းကန်ဆေးတဲ့ အလုပ် လုပ်နေဖို့ အချိန်မရှိဘူး" ဟု အစ်မက ပြောသည်။

အစ်မအနေဖြင့် နေအိမ်၌ ရှိနေသောယောက် ျားကြီး တစ်ယောက်နှင့် ကလေးသူငယ် တစ်ဦးအား နံနက်စာကျွေးရသည့် အလုပ်ကို စစ်ချီနေသည့် တပ်သားနှစ်ထောင်အား နံနက်စာ ကျွေးရသည့် တာဝန်လောက် ကြီးမားသည် ဟု ယူဆနေသလား မသိပါ။ ဤသို့ဖြင့် ဂျိုးနှင့် ကျွန်တော် တို့မှာ ပေါင်မုန့်တစ်ယောက်တစ်ချပ်မျှသာ စားကြရပြီး ထိုစားရသမျှလေး ရှောရှောရှူရှူ ဝင်သွားစေရန်အတွက် နွားနို့ဖြင့် မျှောချကြရ၏။ နွားနို့ဖြင့် မလုံလောက်သဖြင့် နှစ်ယောက်စလုံး အစ်မကို မျက်နှာချိုသွေးကာ ကြောင်အိမ်ပေါ်ရှိ အိုးတစ်လုံးထဲမှ ရေဖြင့် ဝမ်းဗိုက် ကို ထပ်၍ ဖြည့်ကြရပါသေးသည်။ ဤအချိန်ကာလအတွင်းတွင် အစ်မသည် အဖြူရောင်ခန်းဆီး အသစ်များ တပ်ဆင်ခြင်း၊ ပန်းကွက်အနားတွန့်များ ဖော်ထားသော မှန်အိမ်ပြောင်းအသစ်ကို အဟောင်းနှင့် လဲလှယ်ခြင်း၊ ဧည့်ခန်းတစ်ခုလုံးကို ရှင်းလင်းပြုပြင်၍ ခင်းကျင်းခြင်း စသည် များဖြင့် အလုပ်ရှုပ်လျက် ရှိသည်။ အခြားအချိန်များတွင် မူ အစ် မသည် ဧည့်ခန်းကို ဘယ်တော့မှ ပြုပြင်ခင်းကျင်းလေ့ မရှိသဖြင့် အရောင်အဝါ တောက်ပြောင်ခြင်း မရှိဘဲ မှုန်ဝါးဝါး စိုစွတ်စွတ်ဖြင့်သာ အချိန်ကုန်လွန်ခဲ့ရသည်က များ ၏။ ယနေ့တွင်မူ ဤဧည့်ခန်းနံရံစင်ပေါ် ရှိ မြေဖြင့် ပြုလုပ်ထားသော ခွေးရုပ်ကလေးလေးရုပ်သည်ပင်လျှင် အစွင့်သား ရောက်လျက် ရှိသည်။ ခွေးရုပ်ကလေးများ ၏ နှာခေါင်းသည်အမည်းရောင်ဖြစ်ပြီး သူတို့ပါ းစပ်များတွင် ပန်းခြင်းကလေးများ ကိုက် ထားကြလေသည် ကျွန်တော့်အစ်မ မစ္စက်ဂျိုးသည် အလွန် အသန့်အပြန့်ကြိုက်သော အိမ်ရှင်မတစ်ဦး ဖြစ်၏။ သို့သော်လည်း သူသန့်ရှင်းရေးလုပ်ပုံမှာ အခြားလူများအား အညစ်အကြေးနှင့် နေရခြင်းထက် စိတ်ကို ပို၍ ကသိကအောက် ဖြစ်စေပြီး အနေရအထိုင်ရ ခက်စေပါသည်။ မည်သို့ပင်ဖြစ်စေ ဘုရားတရား အလုပ်မှ လွဲလျှင် ဒုတိယ အရေးကြီးဆုံးအလုပ်သည် သန့်ရှင်းရေးအလုပ် ဖြစ်သည် ဟု ယူဆကြပေရာ အချို့လူများသည် သန့်ရှင်းရေးအလုပ်ကို ဘာသာရေးအလုပ်လုပ် သလိုပင် အလေးအနက်ထား၍

လုပ်တတ်ကြသည် မဟုတ်ပါလား..။

အလုပ်အလွန်များလျက်ရှိသော ကျွန်တော့်အစ်မသည် ဘုရားရှိခိုးကျောင်းသို့ ကိုယ်စားလှယ်လွှတ်သည်။ အဓိပ္ပာယ်မှာ ဂျိုးနှင့် ကျွန်တော့် ကို ဘုရားရှိခိုးကျောင်းသို့ သွားစေခြင်း ဖြစ်သည်။ အလုပ်ခွင်ဝတ်စုံကို ဝတ်ထားသည့် အခါများတွင် ဂျိုးသည် အလွန်ထူးခြား၍ ထင်ရှားသော ပန်းပဲသမားတစ်ဦးမှန်း သိသာနေသော်လည်း အလုပ်ပိတ်ရက်ရောက်၍ သူလို ငါလို သာမန်အဝတ်အစားများ ဝတ်ဆင်ထားရသည့် အခါ သူ့ပုံပန်းသည် လူနှင့် မတူတော့ဘဲ သပ်သပ်ရပ်ရပ် လုပ်ထားသည့် စာခြောက်ရုပ်တစ်ရုပ်နှင့်သာ တူလျက် ရှိလေသည်။ ထိုအချိန်မျိုးတွင် သူဝတ် ထားသည့် အဝတ်များမှာ သူ့ကိုယ်နှင့် မတော်ဘဲ ကျပ်နေသည်က များသဖြင့် သူပိုင် အဝတ်အစားများမှ ဟုတ်ပါလေစဟု အောက်မေ့ရ၏။ သူ့ ကိုယ်ပေါ်၌ ဝတ်ဆင်ထားသမျှသော အဝတ်များသည် သူ့အသားများကို မညှာမတာ တိုက်စားနေကြလိမ့်မည်ဟုပင် ထင်ရ၏။

ယခု လောလောဆယ်တွင် ဂျိုးသည် ဘုရားရှိခိုးကျောင်း သွားရမည် ဖြစ်၍ တနင်္ဂနွေ ဘုရားရှိခိုးကျောင်းဝတ်စုံကို လဲကာ သူ့အခန်းထဲမှ ထွက်လာသည်။ အဝတ်အစားများက သစ်လွင်တောက်ပသော်လည်း လူကတော့ အနေရအထိုင်ရကျပ်လျက် ရှိဟန်တူ၏။ ဘုရားရှိခိုးကျောင်း ဆီမှ အဆက်မပြတ် ထွက်ပေါ်လာနေသော အလွန်ရှင်လန်းတက်ကြွဖွယ်ရာ ကောင်းသည့် ခေါင်းလောင်းသံနှင့် စိတ်ပင်ပန်းနေပုံရသော ဂျိုး ၏ မျက်နှာမှာ ဆက်စပ်၍ မရအောင် ဖြစ်လျက် ရှိလေသည်။

ကျွန်တော့်အဖို့ မှာလည်း ဂျိုး၏ ဘဝနှင့် ဘာမှ ထူးခြားလှသည် မဟုတ်ပါ။ ကျွန်တော့် အစ်မသည် ကျွန်တော့်အား ပုလိပ်လက်သည် တစ်ဦးက မွေးဖွားပေးခဲ့သော ရာဇဝတ်ကောင်လေး တစ်ဦးဟု သဘောထားပုံ ရ၏။ မွေးဖွားသည့်နေ့မှာပင် မွေးပေးသူပုလိပ်သားက သူ့လက်သို့ လွှဲပြောင်းပေးအပ်လိုက်ပြီး တရားဥပဒေနှင့် အညီ ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားခဲ့သည် ဟု ယူဆပုံလည်း ရ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အစ်မသည် ကျွန်တော့်မိတ်ဆွေကောင်းများ၏ တိုက်တွန်းမေတ္တာရပ်ခံချက်များကို မနာယူဘဲ ကျွန်တော့်အပေါ်တွင် သဘာဝ၊ ဘာသာရေးနှင့် ကိုယ်ကျင့်တရား စသည် များကို ဆန့်ကျင်ပြီး အတင်းအဓမ္မမွေးဖွားလာသည့် လူတစ်ယောက်သဖွယ် ဖိနှိပ်ချုပ်ချယ်ခြင်းကိုသာ ပြုလျက် ရှိ၏။ ကျွန်တော့်အတွက် ဝတ်စုံသစ် ချုပ်ပေးဖို့ ကြိုးစားသည့် အခါများ ၌ပင်လျှင် အစ်မသည် ကလေးသူငယ် အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းမျိုးမှ ပုံစံအတိုင်း ကျွန်တော့်လက်ခြေများ လွတ်လွတ်လပ်လပ် မလှုပ်ရှားနိုင်အောင် ကျပ်ကျပ်ချုပ်ပေးရန်မှာ ကြားလေ့ ရှိပေသည်။

ဤသို့ဖြင့် ဂျိုးနှင့် ကျွန်တော်တို့သည် ဘုရားရှိခိုးကျောင်းသို့ ထွက်လာခဲ့ကြရာ ကြင်နာစိတ်ရှိသူများသာကျွန်တော့်တို့ သမီးယောက်ဖ၏ အဖြစ်ကို မြင်လျှင် စိတ်မထိန်းနိုင်ဘဲ နေနိုင်ကြလိမ့်မည် မဟုတ်ပါ။ ဤကြားမှပင်

ကျွန်တော်သည် အပြင်ပန်း ကျဉ်းကျပ်မှုထက် စိတ်ကျဉ်း ကျပ်မှုဒဏ်ကို ပို၍ ခံနေရသည်။ အိမ်ထဲတွင် နေခဲ့ရစဉ်က အစားအသောက်များ ထားရာ အခန်းနားသို့ ကျွန်တော့်အစ်မ ကပ်သွားတိုင်း ကျွန်တော်သည် ကြောက်ရွံ့ထိတ်လန့်စိတ်၏ ဖိစီးနှိပ်စက်မှုကို ခံခဲ့ရ၏။ ယခုအိမ်အပြင်သို့ ရောက်ပြန်တော့လည်း ကျွန်တော်လုပ်ခဲ့မိသည့် အလုပ် ကို ပြန်၍ စဉ်းစားမိတိုင်း ကျွန်တော့်စိတ်သည် ချောက်ချားလျက် ရှိရပြန်လေသည်။ ကျွန်တော်၏ ဆိုးရွားသော လုပ်ရပ်ကြောင့် ကျွန်တော့်မိတ်ဆွေလူကြီး ပြောခဲ့သည့် လူငယ်၏ ရန်ပြုမှုကို အချိန်မရွေး ခံရလိမ့်မည် ဟု အထင်ဇောကပ်လျက်ရှိရာ အကယ်၍ ကျွန်တော်ကသာ ထိုအပြစ်ကို ထုတ်ဖော်ဝန်ခံလိုက်မည် ဆိုပါက ဘုရားရှိခိုးကျောင်းအနေဖြင့် ကျွန်တော့်အား အကာအကွယ် ပေးနိုင်ပါမည်လော..။ ဤအတွေး ဝင်နေခိုက် မှာပင် ဘုန်းတော်ကြီးက "သင်တို့ ၏ အပြစ်များကို ဝန်ခံကြလော့" ဟု ရေရွတ်လိုက်ရာ ကျွန်တော့်အနေဖြင့် ထိုနေသည့်နေရာမှ အမြန်ဆုံးထသွားပြီး ကိုယ့်အပြစ်ကို ချက်ချင်း ထုတ်ဖော်ဝန်ခံရတော့မည်ဟု ထင်လိုက်မိသည်။ သို့သော်လည်း ယနေ့သည် တနင်္ဂနွေနေ့မဟုတ်ဘဲ ခရစ္စမတ်ပွဲတော်နေ့ ဖြစ်သဖြင့် အပြစ်ဝန်ခံရသည့် အလုပ်မျိုးလုပ်ဖို့ မလိုသည် ဟု ပြန်၍ သတိထားလိုက်မိ၏။

ယနေ့ည ကျွန်တော်တို့ နှင့် အတူ ညစာလာ၍ စားကြမည့် လူများမှ ဘုရားရှိခိုးကျောင်းစာရေး မစ္စတာ ဝေါ့စလေ၊ လှည်းဘီးအလုပ်သမား မစ္စတာ ဟပ်ဘဲလ်တို့ လင်မယားနှင့် ကျွန်တော်တို့ ရွာနှင့် အနီးဆုံးသောမြို့ကလေးမှ လူချမ်းသာ တစ်ဦး ဖြစ်သော ပြောင်းဆန်ကုန်သည် ဦးလေး ပန်ဘဲလ်ချူ (ဂျိုး၏ ဦးလေးဖြစ်သော်လည်း အစ်မက သူ့ ဦးလေးအဖြစ် အသုံးချထားသည်) တို့ ဖြစ်သည်။ ဦးလေး ပန်ဘဲလ်ချူသည် ကြေးရတတ်တစ်ယောက် ဖြစ်သည့် အားလျော်စွာ သွားလျှင်လာလျှင် ကိုယ်ပိုင်မြင်းရထားနှင့် သွားတတ်လာတတ်သည်။ ညစာစားချိန် ကို ညတစ်နာရီခွဲဟု သတ်မှတ်ထားလေသည်။ ဂျိုးနှင့် ကျွန်တော်တို့ အိမ်ပြန်ရောက်သည့် အခါ ညစာစားပွဲမှာ ပြင်ဆင်ခင်းကျင်းထားပြီး ဖြစ်၏။ ကျွန်တော့်အစ်မ မစ္စက်ဂျိုးမှာလည်း အဝတ်အစားသစ်များ လဲထားပြီး ဖြစ်၏။ ဧည့်သည်များ လာသည့် အခါ အသင့်ဝင်လာနိုင်ရန်အတွက် အိမ်ရှေ့တံခါးကိုလည်း ဖွင့်ထားပြီးဖြစ်သည်။ (တခြားအချိန်များတွင် ဤတံခါးကို ဘယ်တော့မှ မဖွင့်ပါ) အိမ်ထဲတွင် အရာရာတိုင်းသည် ခမ်းနား ထည်ဝါလျက် ရှိသည်။ ယခုအချိန်အထိတော့ဖြင့် ပစ္စည်းခိုးမှုနှင့် ပတ် သက်၍ တစ်လုံးတစ်ပါဒမျှ ပြောဆိုသံ မကြားရသေးပါပေ။

ညစာစားချိန် ရောက် လာပြီဖြစ်သော်လည်း ကျွန်တော် မပျော်ပါ။ ဖိတ်ထားသည့် ဧည့်သည် များလည်း ရောက်လာကြပြီ ဖြစ်၏။ ပထမဆုံး ရောက်လာသူမှာ မစ္စတာ ဝေါ့စလေ ဖြစ်သည်။ မစ္စတာ ဝေါ့စလေသည် နှာခေါင်းကြီးကြီး၊ ခေါင်းကြီးကြီး ဖြစ်သည်။ အလွန်ကြီးမားပြီး တလက်လက် တောက်ပနေသော ထိပ်ပြောင်ကြီးကို ပိုင်ဆိုင်သူ ဖြစ်၏။ အလွန်ကျယ်လောင်ပြီး

သြဇာနှင့် ပြည့်စုံသော အသံကို ပိုင်ဆိုင်သူလည်း ဖြစ်၏။ သူသည် သူ့အသံအတွက် အလွန်ဂုဏ်ယူသူ ဖြစ်သည်။ သူ့မိတ်ဆွေ များကလည်း သူ့အသံကို များစွာ အံ့သြချီးမွမ်းကြသည်။ အကယ်၍ သူ့ အသံကိုသာ လွတ်လပ်စွာ သုံးခွင့်ပေးလိုက်မည် ဆိုပါက ဓမ္မတေးသီချင်းများ သီဆိုသည့် နေရာ၌ ဘုန်းတော်ကြီးကပင် လက်ဖျားခါရလိမ့်မည်ဟု သူ့အပေါင်းအသင်းများကြားတွင် ပြောစမှတ် ပြုကြသည်။ သူကိုယ်တိုင်ကလည်း ဘုရားရှိခိုးကျောင်းကသာ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပေးမည် ဆိုပါက ထူးခြားသော သူ့အရည်အသွေးကို ပြနိုင်ပါသည် ဟု ပြောလေ့ရှိ၏။ သို့သော်လည်း ဘုရားရှိခိုးကျောင်း အနေဖြင့် လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ကို ပေးရိုးထုံးစံ မရှိချေ။ ဤသို့ဖြင့် သူသည် ကျွန်တော်တို့ ဘုရားရှိခိုးကျောင်းတွင် စာရေးအလုပ်ဖြင့်သာ ရောင့်ရဲတင်းတိမ်ရလေတော့သည်။ မည်သို့ပင် ဖြစ်စေ ဘုရားရှိခိုးကျောင်းအတွင်း၌ ဆာလံဓမ္မတေးသီချင်းများကို စုပေါင်းသီ ဆိုကြရသည့် အခါ မစ္စတာဝေါ့စလေသည် သူ့ဘေးပတ်ပတ်လည်ရှိ လူများကို ဝင့်ကြွားသော မျက်နှာထားဖြင့် ကြည့်တတ်သည်။ "မင်းတို့ ငါ့ အသံကို ကြားတယ်မဟုတ်လား၊ ငါ ဆိုသွားတဲ့ ဟန်ကို မင်းတို့ ဘယ်လို သဘောရသလဲ" ဟုပါးစပ်မှ ထုတ်ဖော်၍ မပြောတတ်သော်လည်း ပြောနေသည့် နှယ် ရှိလေသည်။

ရောက်လာသည့် ဧည့်သည် များကို ကျွန်တော်က တံခါးဖွင့်ပေးရသည်။ ယခုကဲ့သို့ ဧည့်သည် များကို ဆီးကြို၍ တံခါးဖွင့်ပေးသည့် အလုပ်သည် ကျွန်တော်တို့ အိမ်၏ အလေ့အထတစ်ခု ဖြစ်သည် ဟု ဧည့်သည်များက ယုံကြည်သွားအောင် လုပ်ရခြင်း ဖြစ်၏။ ကျွန်တော် ပထမဆုံး တံခါးဖွင့်ပေးရသူမှာ မစ္စတာဝေါ့စလေ ဖြစ်၍ သူ့နောက်မှ ရောက်လာသူများမှာ ဟပ်ဘဲလ်တို့ လင်မယား ဖြစ်သည်။ နောက်ဆုံး ရောက်လာသူမှာ ဦးလေး ပန်ဘဲလ်ချူ ဖြစ်လေသည်။ ဤနေရာတွင် စကားအလျဉ်းသင့်၍ ဖော်ပြရမည် ဆိုပါက ဦးလေး ပန်ဘဲလ်ချူကို ဦးလေးဟု မခေါ်ရန် တင်းကျပ်စွာ တားမြစ်ထားပါသည်။

"မစ္စက်ဂျိုး" ဟု ဦးလေး ပန်ဘဲလ်ချူက နှုတ်ဆက်သည်။ ဦးလေး ပန်းဘဲလ်ချူမှာ ကိုယ်လုံး ကိုယ်ထည် ခပ်တုတ်တုတ်ဖြစ်ပြီး၊ နှေးကွေးလေးလံသည့် ပုံမျိုး ရှိသည်။ပါးစပ်သည် ငါးတစ်ကောင်၏ပါးစပ်နှင့် တူသည်။ မျက်လုံးများမှာ ပြူးသော်လည်း အရောင်အဆင်း ကင်းမဲ့လှ ၏။ နီတွတ်နေသော ဆံပင်များသည် သူ့ခေါင်းပေါ်တွင် ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိကြလေသည်။

“မစ္စက်... ဂျိုး၊ ဦးလေး မင့်အတွက် ခရစ္စမတ်လက်ဆောင် ယူလာတယ်၊ ဟောဒီမှာ ရှယ်ရီဝိုင်က တစ်ပုလင်း၊ စပျစ်ဝိုင်က တစ်ပုလင်း"

ခရစ္စမတ်ပွဲနေ့တိုင်း ဦးလေး ပန်ဘဲလ်ချူသည် သူ့မြင်းရထားဖြင့် ဤပုံစံအတိုင်း ဆိုက်ရောက် လာပြီး ဝိုင်ပုလင်း နှစ်ပုလင်းကို တစ်ဖက် တစ်လုံးဆွဲကာ မြင်းရထားပေါ်မှ ဆင်းလာတတ်သည်။ ထို့နောက် ဤစကားများကို သူပြောနေကျအတိုင်း တစ်သဝေမတိမ်းပြောကာ ဝိုင်ပုလင်းနှစ်လုံးကို အစ်မလက်သို့

လှမ်းပေးတတ်သည်။ ကျွန်တော့်အစ်မ မစ္စက်ဂျိုးကလည်း ဦးလေးပန်ဘဲလ်ချူပေးသည့် ဝိုင်ပုလင်းများကို လှမ်းယူရင်း "အိုး... ဦး... ဦး.. ဦးလေးပန်... ပန်ဘဲလ်ချူရယ်၊ ဦးလေး က သိပ်ကို သဘောကောင်းတာပါလား" ဟု ပြန်ပြောလေ့ရှိသည်။ ယခုလည်း ကျွန်တော့်အစ်မသည် နှစ်စဉ် ပြောနေကျစကားကို ပြောသည်။ ဦးလေး ပန်ဘဲလ်ချူကလည်း သူပြောနေကျအတိုင်း "တူမကြီးနဲ့ ထိုက်တန်တဲ့ လက်ဆောင်ပါကွယ်" ဟု ပြန်ပြောပြီး "မင်းတို့ကော အစစအရာရာ အဆင်ပြေကြရဲ့လား၊ ဟို... ကောင်ပေါက်စနလေးကော ဘယ်လိုလဲ" ဟု တစ်ဆက်တည်း မေးသည်။ ကောင်ပေါက်စနလေး ဆိုသည်မှာ ကျွန်တော့်ကို ရည်ရွယ်ခြင်း ဖြစ်၏။

ယခုလို အခါကြီးရက်ကြီးများတွင် ညစာစားကြသည့် အခါ ကျွန်တော်တို့သည် မီးဖိုခန်းထဲတွင် စားလေ့ ရှိကြသည်။ ညစာစားပြီး၍ လိမ္မော်သီး၊ ပန်းသီး စသော အသီးများ စားကြသည့် အခါတွင်မူ ဧည့်ခန်း ထဲသို့ ပြောင်း၍ စားလေ့ ရှိကြ၏။ ဤအပြောင်းအလဲသည် ဂျိုးတစ်ယောက် အလုပ်ခွင်ဝတ်စုံများ ဝတ်ထားရာမှ တနင်္ဂနွေဝတ်စုံများကို ပြောင်းလဲ၍ ဝတ်ဆင်သည့် အပြောင်းအလဲနှင့် တစ်သဘောတည်းပင် ဖြစ်သည် ဟု ကျွန်တော် ထင်သည်။ ယနေ့ညစာစားပွဲတွင် အစ်မသည် များစွာ ရွှင်လန်းမြူးထူးလျက် ရှိ၏။ အထူးသဖြင့် အစ်မသည် မစ္စက်ဟပ်ဘဲလ်နှင့် ဆုံမိသည့် အခါတိုင်း ဖော်ဖော်ရွေရွေနှင့် များစွာ အရေးတယူပြုတတ်သည်။ ကျွန်တော် မှတ်မိသမျှဆိုလျှင် မစ္စက်ဟပ်ဘဲလ်သည် ကိုယ်လုံးကိုယ်ထည် သေးကွေးကြုံလှီပြီး ခွေလိပ်သော ဆံပင်များရှိသည်။ မိန်းမငယ်လေးတစ်ယောက်နှင့် တူလှ၏။ သူ မစ္စတာဟပ်ဘဲလ်နှင့် လက်ထပ်ချိန်တွင် သူသည် မစ္စတာဟပ်ဘဲလ်ထက် အသက်များစွာ ငယ်သည် ဟု သိရပါသည်။ ကျွန်တော် မှတ်မိနေသည့် မစ္စတာဟပ်ဘဲလ် မှာမူ လူလုံးလူဖန် ခပ်တောင့်တောင့် ခပ်ကြမ်းကြမ်းဖြစ်၍ အရပ်မြင့်မြင့်နှင့် အလွန်လွှစာမှုန့်စော်နံသည့် အဘိုးကြီးတစ်ယောက် ဖြစ်၏။ ခြေတံများက ရှည်ပြီး ခြေလှမ်းလှမ်းသည့် အခါ အကျယ်ကြီး လှမ်းတတ်သူ ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော် လမ်းကြိုလမ်းကြား၌ သူနှင့် ဆုံမိသည့် အခါတိုင်း သူ့ခြေထောက်များကြားမှ နေ၍ မိုင်ပေါင်းများစွာ ကျယ်ပြန့်သော ကွင်းပြင်ကြီးများကို အမြဲတစေ မြင်ခဲ့ရဖူးလေသည်။

ကလေးဘဝက ကျွန်တော့်အနေဖြင့် ခိုးမှုကို ကျူးလွန်ထားခြင်း မရှိဟု ဆိုဦးတော့၊ ဤလူကြီးလူကောင်းများကြား၌ နေရထိုင်ရသည်မှာ စိတ်သက်သာဖွယ်ရှိလိမ့်မည်ဟု မထင်ပါ။ ဤကဲ့သို့ ပြောခြင်းမှာ ကျွန်တော့်အနေဖြင့် စားပွဲထောင့်၌ ကျပ်ကျပ်သပ်သပ် ထိုင်ပြီး နေရသည့် အထဲ ဦးလေးပန်ဘဲလ်ချူ၏ တံတောင်နှင့် မျက်စိကို တွက်မိမည်စိုး၍ လန့်နေရသည့် အဖြစ်ကြောင့် ပြောခြင်း မဟုတ်ပါ။ ကျွန်တော့်ကို စကားပြောခွင့်မပြုဘဲ ထားခြင်းကြောင့်လည်း မဟုတ်ပါ။ (ကျွန်တော်ကလည်း စကားမပြောချင်ပါ။)

ကျွန်တော့်အား ဒရမ်တီး တုတ်တံများ နှင့် တူသော ကြက်ခြေထောက်များ နှင့် ဝက်သားအစအနများကိုသာ ရက်ရက် ရောရော ကျွေးမွေး နေခြင်းကြောင့်လည်း မဟုတ်ပါ။ အကယ်၍ သူတို့ အနေဖြင့် ကျွန်တော့်အား အနှောင့်အယှက် မပေးဘဲ ကိုယ့်ဘာသာကိုယ် နေခွင့်ပေးထားမည်ဆိုက ယင်းဒုက္ခများကို ကျွန်တော်သည်ံခံနိုင်ပါသည်။ သို့သော်လည်း ဤလူစုသည် ကျွန်တော့်အား နားအေးပါးအေး နေခွင့်မပေးကြပါ။ သူတို့ အနေဖြင့် ယခုအချိန်သည် ကျွန်တော့်အား ဆိုဆုံးမရမည့် အချိန်အခါကောင်းဟု သတ်မှတ်ပြီး ထိုအခွင့်အရေးကို လက်လွတ်မခံသင့်ဟု ယူဆထားကြဟန် တူ၏။ ဤသို့ဖြင့် သူတို့သည် သူတို့ချင်း စကားလက်ဆုံကျနေရာမှ မကြာ… မကြာ ကျွန်တော့်ဘက်သို့ စကားလမ်းကြောင်း ဦးလှည့်၍ လာတတ်သည်။ သို့ဖြစ်ရာ ကျွန်တော်၏ အဖြစ်သည် စပိန်နွားပွဲတစ်ပွဲအတွင်းရှိ စည်းဝိုင်းထဲ ရောက်နေသည့် ကံမကောင်း အကြောင်းမလှသော နွားသိုးပေါက်စ တစ်ကောင်နှင့် တူလျက် ရှိလေသည်။ နွားသိုးပေါက်စအား လူအများက ဝိုင်း၍ လှံများဖြင့် တစ်ယောက်တစ်ချက် ထိုးနေကြသည့်နှယ် သူတို့ လူစုသည် ကျွန်တော့်အား ဆုံးမဩဝါဒစကားများဖြင့် ဝိုင်း၍ ထိုးဆွလျက် ရှိကြလေသည်။

ကျွန်တော့်အား တစ်ယောက်တစ်ပေါက် ဝိုင်းအုံ၍ ဆုံးမဩဝါဒပေးသည့် အလုပ်သည် ကျွန်တော်တို့ အားလုံး ညစာစားပွဲ၌ ထိုင်မိချိန်မှ စ၍ အစပြုခြင်း ဖြစ်၏။ ကျောင်းစာရေး မစ္စတာဝေ့စလေသည် ညစာမစားမီ ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်များကို သံနေသံထားဖြင့် ဇာတ်ဟန်ပါပါ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုသည်။ (နောက်ပိုင်း ကျွန်တော် အရွယ်ရောက်လာ၍ ထိုညက အဖြစ်ကို ပြန်၍ စဉ်းစားလိုက်သည့် အခါ ထိုစဉ်က သူ လုပ်ကိုင်နေပုံသည် ကျွန်တော့်မျက်စိထဲတွင် ရိုတ်စပီးယား၏ ဟင်းမလက်ပြဇာတ်ထဲမှ တစ္ဆေကြီး၏ လက်ဝါးကပ်တိုင်နှင့် တူနေသည်။) အဆုံးသတ်တွင် သူသည် ထုံးစံအတိုင်း "ကျွန်ုပ်တို့ အားလုံး သူတစ်ထူး၏ ကျေးဇူးတရားကို သိကြရမည်" ဟူသော စကားဖြင့် နိဂုံးချုပ်သည်။ ထိုအခါ ကျွန်တော့်အစ်မက ကျွန်တော့်ဘက်သို့ တစ်ချက်လှည့်၍ မျက်စောင်းခဲလိုက်ပြီး "ကြားရဲ့လား… ဟဲ့ ကောင်လေး၊ သူတစ်ပါးကျေးဇူးကို သိတတ်ရမယ်။ နားလည်လား" ဟု လှမ်းပြောသည်။

"ဟုတ်တယ်… ကွ။ အထူးသဖြင့် မင့်ကို လက်နဲ့မကွာ အုပ်ထိန်း စောင့်ရှောက်လာခဲ့တဲ့ လူတွေရဲ့ ကျေးဇူးကို မင်း သိရမယ်" ဟု ဦးလေး ပန်ဘဲလ်ချူက ဝင်ပြောသည်။

မစ္စက်ဟပ်ဘဲလ်ကမူ၊ ခေါင်းတယမ်းယမ်းလုပ်ကာ ဒီကောင်လေးလည်ံ ကောင်းမယ့်ပုံ မဟုတ်ပါဘူးဟူသော မျက်နှာထားမျိုးဖြင့် ကျွန်တော့်ကို ကြည့်လိုက်ပြီး "ဒီခေတ်လူငယ်တွေဟာ ဘာကြောင့်များ ကျေးဇူးတရားကို မသိတတ်ကြတာပါ့လဲ… နော်" ဟု သူ့ကိုယ်သူ မေးခွန်ံးထုတ်လိုက်၏။ ထိုမေးခွန်း၏ လျှို့ဝှက်နက်နဲမှုသည် ကျန်လူစုအတွက် စဉ်းစားရခက်နေပုံ ရ၏။

သို့သော်လည်း မစ္စက်ဟပ်ဘဲလ်ကပင် "ဒါကတော့ သိသာနေပါတယ်။ သူတို့ရဲ့ပင်ကိုသဘာဝကိုက ဆိုးရွားကြပေတာကိုး" ဟု ပြောလိုက်ခြင်းအားဖြင့် သူ့မေးခွန်း၏ အဖြေကို ပေးလိုက်သည်။ ဤတွင် ကျန်လူစုက "မှန်တယ်... မှန်တယ်" ဟု ဝိုင်း၍ ထောက်ခံလိုက်ကြပြီး ကျွန်တော့်အား အလွန်စိတ်ကုန်နေသည့် မျက်နှာထား များဖြင့် ဝိုင်း၍ ကြည့်လိုက်ကြသည်။

အပြင်မှ ဧည့်သည်များ မရှိသည့် အချိန်များ၌ပင်လျှင် ဩဇာအာဏာ မရှိသော ကျွန်တော့်ယောက်ဖ ဂျိုးသည် ယခုကဲ့သို့ ဧည့်သည် များရှိနေသည့် အခါများတွင် ပို၍ပင် ဩဇာအာဏာ ကင်းမဲ့လျက် ရှိသည် ဖြစ်ရာ ကျွန်တော့်အား လုံးဝ အကာအကွယ် မပေးနိုင်ဘဲ ဖြစ်လျက် ရှိ၏။ သို့သော်လည်း သူသည် သူတတ်နိုင်သောနည်းဖြင့် ကျွန်တော့်အား စိတ်သက်သာရာ ရအောင် ပြုလေ့ရှိသည် ဖြစ်ရာ ယခုညစာစားပွဲတွင်လည်း ကျွန်တော့်ပန်းကန်ထဲသို့ ဟင်းရည်များ မကြာမကြာ ခပ်၍ ထည့်ပေးခြင်းဖြင့် ကျွန်တော့်အား စိတ်မညစ်အောင် ပြုလုပ်ပေးလျက် ရှိ၏။ ယနေ့သည် ဟင်းရည်ပေါပေါများများ ရှိသောနေ့ ဖြစ်သဖြင့် မစ္စက်ဟပ်ဘဲလ်၏ စကားကို ဝိုင်း၍ ထောက်ခံပြီး ကျွန်တော့်အား ဝိုင်း၍ ကြည့်လိုက်ကြသည့် အချိန်တွင် ဂျိုးသည် နောက်ထပ်ဟင်းရည် ပိုင့်ဝက်နီးပါးမျှ ခပ်ယူကာ ကျွန်တော့်ပန်းကန်ထဲသို့ လောင်းထည့်လိုက်ပြန်လေသည်။

နောက်တစ်ခဏမျှ အကြာတွင်၊ မစ္စတာဝေါ့စလေသည် ဤလူစုနှင့် မည်သည့် တရားမျိုး ဟောပြောဆွေးနွေးရမည်ကို အလေးအနက်ပြု၍ ဆင်ခြင်စဉ်းစားကာ ရွေးချယ်လျက်ရှိသည်။ ပြောဟောသင့်သည့် အကြောင်းအရာ ခေါင်းစီးများကို တစ်ခုချင်းစီ ချပြပြီးနောက် ဆွေးနွေး ဟောပြောစရာ တရားခေါင်းစီးများ အများအပြား ရှိနေပါလျက်နှင့် နေ့စဉ်ကြားနေကျ အကြောင်းအရာမျိုးကို ရွေးချယ်မည်ဆိုပါက စိတ်ဝင်စားစရာ ကောင်းလိမ့်မည် မဟုတ်ဟု သူက ဆိုသည်။

"ဒါလည်းပဲ မှန်တာပဲ... ဗျ" ဟု ဦးလေး ပန်ဘဲလ်ချုကု ထောက်ခံသည်။ "ခင်ဗျားပြောတာ သိပ်မှန်တယ်။ ပြောစရာ အကြောင်းအရာ တွေက တစ်ပုံကြီး ရှိနေတာပဲ၊ မှန်.. မမှန် ဝေဖန်ဆန်းစစ်ဖို့ ကောင်းတဲ့ အကြောင်းအရာဟာ အကောင်းဆုံးပေါ့။ လူတစ်ယောက်အနေနဲ့ ဆွေးနွေးစရာ အကြောင်းအရာတစ်ခုကို ရှာဖို့ ဆိုတာလည်း သိပ်ပြီး ရှည်ရှည် ဝေးဝေး တွေးနေဖို့ မလိုပါဘူး" ဦးလေးပန်ဘဲလ်ချုသည် စကားကို ရုတ်တရက် မဆက်သေးဘဲ ကျန်လူစု၏ အရိပ်အခြည်ကို အကဲခတ်နေလိုက် သေးသည်။ အတန်ကြာမှ "ဟောဟိုဝက်သားကိုပဲ ကြည့်၊ အဲဒီဝက်သား ထဲမှာ ကိုပဲ ပြောစရာ အကြောင်းက ရှိနေတယ်။သည်တော့ကာ တကယ်လို့ ခင်ဗျားအနေနဲ့ ဆွေးနွေးစရာ ခေါင်းစီးတစ်ခု လိုချင်တယ် ဆိုရင် အဲဒီဝက်သားကိုပဲ ကြည့်၊ တွေ့လာမှာပါ" ဟု ပြောသည်။

"မှန်ပါတယ်.. ခင်ဗျာ၊ လူငယ်တွေအတွက်တော့ သင်ခန်းစာ အများကြီးပေးနိုင်တဲ့ ပစ္စည်းတစ်ခုပါပဲ" ဟု မစ္စတာ ဝေါ့စလေက ပြန်ပြောသည်။

စကားသွား စကားလာကို ကြားရခြင်းအားဖြင့် သူသည်ကျွန်တော့်ကို ဆွဲသွင်းတော့မည် ဖြစ်ကြောင်း ကျွန်တော် ရိပ်မိသည်။

"ဟဲ့ကောင်လေး.. ပြောနေတာကို ဂရုစိုက်ပြီး နားထောင်" ဟု အစ်မက ကျွန်တော့်ကို လှမ်း၍ ဟန့်သည်။

ဂျိုးက ကျွန်တော့်ပန်းကန်ထဲသို့ ဟင်းရည်အနည်းငယ် ခပ်၍ ထည့်ပေးပြန်သည်။

'ဝက်' မစ္စတာဝေါ့စလေက သူ့လက်ထဲမှ ခက်ရင်းဖြင့် နီရဲလျက်ရှိသော ကျွန်တော့်မျက်နှာဆီသို့ ထိုးပြရင်း အလွန်အောင်မြင်ခံ့ညားသော လေသံဖြင့် ရေရွတ်လိုက်သည်။ သူ ရေရွတ်လိုက်ပုံမှာ ကျွန်တော့်နာမည်ကို ခေါ်လိုက်သလားထင်ရ၏။ ဝက်တွေဟာ အစားကြူးသူတွေရဲ့ မိတ်ဆွေပဲ၊ ဝက်တွေရဲ့ အစားကြူးမှုဟာ လူငယ်တွေအတွက် အလွန်စံပြုထိုက်တဲ့ အရာတစ်ခုပဲ၊ (စောစောကပင် ဝက်သားကို စားပြီး အလွန်ဆူဖြိုး၍ အရသာထူးသော အသားဟု ချီးမွမ်းပြီးခါမှ ယခုကဲ့သို့ ပြောနေခြင်းသည် ရှေ့နောက် စကားမညီဟု ကျွန်တော် မတွေးဘဲ မနေနိုင်ပါ) "ဝက်တစ်ကောင်မှာ ရှိနေတဲ့ ရွံရှာစက်ဆုပ်စရာ မှန်သမျှဟာ ကောင်လေးတစ်ယောက်ဆီမှာ ပိုပြီးတွေ့နိုင်တယ်"

"ကောင်မလေးတစ်ယောက်ဆီမှာလည်း တွေ့နိုင်တာပဲ" ဟု မစ္စတာ ဟပ်ဘဲလ်က ဝင်၍ ဖြည့်သည်။

"မှန်ပါတယ်... မစ္စတာ ဟပ်ဘဲလ်၊ ကောင်မလေးတစ်ယောက်ဆီမှာလည်း တွေ့နိုင်ပါတယ်" ဟု မစ္စတာ ဝေါ့စလေက စိတ်မရှည်သံဖြင့် ပြောသည်။

"ဒါပေမဲ့ အခုလောလောဆယ် ကျုပ်တို့ အထဲမှာ မိန်းကလေးမှ မပါတာ"

မစ္စတာ ပန်ဘဲလ်ချူက ကျွန်တော့်ကို တစ်ချက်မျှ စူးစူးရဲရဲ ကြည့်လိုက်သည်။ "မင့်အနေနဲ့ ဘယ်လိုဟာကို ကျေးဇူးတင်ရမလဲဆိုတာကို စဉ်းစားရမယ်၊ တကယ်လို့ မင်းဟာ ဝက်တစ်ကောင် အဖြစ်နဲ့ မွေးဖွားလာခဲ့မယ်ဆိုရင်..."

"အခုလည်း ဘာထူးလဲ၊ ဝက်နဲ့ အတူတူပါပဲ" ဟု အစ်မက အားတက်သရော လှမ်းပြောသည်။

ဂျိုးက ကျွန်တော့်ပန်းကန်ထဲသို့ ဟင်းရည်ထပ်ထည့်ပေးသည်။

"အေး... ဟုတ်တယ်၊ ဒါပေမဲ့ ငါဆိုလိုတာက ခြေလေးချောင်းနဲ့ ဝက်ကို ဆိုတာ" ဟု ဦးလေးပန်ဘဲလ်ချူက ပြောသည်။ "တကယ်လို့ မင်းဟာ ငါပြောသလို ခြေလေးချောင်းနဲ့ ဝက်ကလေးအဖြစ်သာ မွေးခဲ့ရင် ဒီ နေရာမှာ လာပြီး အခုလို ထိုင်နေနိုင်ပါ့မလား၊ မင့်ဟာ ဘယ်နည်းနဲ့ မှ "ဘယ်ထိုင်နိုင်မှာလဲ၊ ဟို...အထဲ ရောက်နေမှာပေါ့" ဟု မစ္စတာဝေါ့စလေက စားပွဲပေါ်မှ ပန်းကန်ဆီသို့ ခေါင်းတစ်ချက် ဆတ်ပြပြီး ပြောသည်။

"ဒါပေမဲ့... ကျုပ်ဆိုလိုတာက အဲသည် သဘောမျိုး မဟုတ်ဘူး ...ဗျ" သူ့စကားမဆုံးမီ ကြားဖြတ်၍ အပြောခံလိုက်ရသဖြင့် မကျေမနပ်ဖြစ်သွားသော

ဦးလေး ပန်ဘဲလ်ချူက သဘောမကျသည့် လေသံဖြင့် ပြန်ပြောသည်။ "ငါဆိုလိုတာက... အခုလို အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာဗဟုသုတရှိတဲ့ လူကြီးလူကောင်း တွေကြားထဲမှာ ထိုင်နေနိုင်မတဲ့လား။ သူတို့ တစ်တွေ ဆွေးနွေးပြောဆိုနေတဲ့ စကားတွေ နားထောင်ပြီး ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင် လုပ်နိုင်မတဲ့လား။ အခုလို ဖိမ်နဲ့ ကော နေနိုင်မတဲ့လား၊ ဒါတွေ... ဒါတွေကို မင်း လုပ်နေနိုင်မတဲ့လား။ ဘယ်နည်းနဲ့ မှ မလုပ်နိုင်ဘူး၊ အဲသလိုဆို ရင် မင်းရဲ့ ခရီးလမ်းဆုံးဟာ ဘယ်မှာလဲ၊ ပြောနေရင်းမှပင် ကျွန်တော့် ကို လှမ်းကြည့်လိုက်သေးသည်။ "ရှင်းပါတယ်၊ မင်းအသားတွေကို ဈေးကွက်မှာ ရှိနေတဲ့ ပေါက်ဈေးအတိုင်း ရောင်းပစ်လိုက်မှာပေါ့...ကွ၊ ဝက်တစ်ကောင်သာ ဆိုရင်တော့ မင်းဘယ်မှာ နေရမလဲ။ ကောက်ရိုးပုံထဲမှ လှဲနေရမယ်။ နောက်ဆုံးမှာ သားသတ်သမား ရောက်လာမယ်။ သူ့ဘယ် ဘက်လက်ကြီးနဲ့ ရိုက်ပုတ်ပြီး အထခိုင်းမယ်။ ပြီးတော့မှ မင့်ကို ဖမ်းချုပ်ပြီး သူ့အင်္ကျီအိတ်ကပ်ထဲက ဓားကြီးနဲ့ ထိုးသတ်လိုက်မှာ။ မင့်ကို ကျွေးထားလိမ့်မယ်လို့ များတော့ မထင်လိုက်ပါနဲ့ကွာ" ဝေးပါသေး...ကွာ”

ဂျိုးက ကျွန်တော့်ပန်းကန်ထဲသို့ ဟင်းရည်များ ထပ်ထည့်ပေးပြန်သည်။ ကျွန်တော်ကတော့ သူပေးသည့် ဟင်းရည်ကို လက်မခံဝံ့အောင် ဖြစ်လျက် ရှိ၏။

မစ္စတာ ဟပ်ဘဲလ်က ကျွန်တော့်အစ်မ၏ မျက်နှာကို အလွန်သနား ကြင်နာဟန်ဖြင့် ငေးကြည့်လိုက်ပြီး "ဒီကောင်လေးကို မွေးရတာ ရှင်တော်တော် ဒုက္ခရောက်မှာပဲနော်" ဟု ပြောသည်။

"ဒုက္ခ...။ ဟုတ်လား" အစ်မက သံယောင်လိုက်၍ ရေရွတ်သည်။ "ဒုက္ခ ရောက်ပုံများတော့ မပြောနဲ့တော့" ဟု အစချီကာ ကျွန်တော် ကျူးလွန်ခဲ့သည့် အပြစ်များကို စာရင်းကြီးတစ်ခု ပြုလုပ်၍ တင်ပြသည်။ ကျွန်တော် ငယ်စဉ်က မကြာခဏ နာဖျားမကျန်း ဖြစ်ခဲ့ရပုံများ၊ ကျွန်တော့်ကြောင့် သူ အိပ်ရေးပျက်ခဲ့ရပုံများ၊ အမြင့်ဖျားမှ နေ၍ ကျွန်တော် လိမ့်ကျပြီး ဒဏ်ရာရခဲ့ပုံများ၊ နိမ့်သောနေရာများတွင် လဲကွဲပြီး အနာတရ ဖြစ်ခဲ့ရပုံများ၊ တစ်ယောက်တည်း ကစားရင်း ကိုယ့်ကိုယ်ကိုယ် ထိမိခိုက်မိသဖြင့် အနာတရ ဖြစ်ခဲ့ရပုံများ စသည် စသည်ဖြင့် အလွန်ကြောက်စရာ ကောင်းသည့် စာရင်းဇယားကြီးတစ်ခုကို ချပြပြီး... သင်္ချိုင်းကုန်းသို့ မြန်မြန်ရောက်ပါစေဟု ဆုတောင်းသော်လည်း ကျွန်တော်က သူ့ဆန္ဒအတိုင်း ဖြစ်မလာဘဲ အာခံပြီး အသက်ရှင်နေခဲ့ပုံကို စီကာပတ်ကုံး ပြောကာ သူ့စကားကို အဆုံးသတ်လေသည်။

နှာခေါင်းအလွန်ကြီးသူများသည် သူတို့ နှာခေါင်းကြီးများ နှင့် တခြားလူများအား စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တတ်သည် ဟု ကျွန်တော် ထင်ပါသည်။ အထူးသဖြင့် ထူးခြားမှုတစ်ခုခု ရှိနေသည့် အခါများတွင် သူတို့ နှာခေါင်းကြီးများသည် မငြိမ်မသက် ဖြစ်လာတတ်သည် ဟု ထင်မိသည်။ ယခုလည်း မစ္စတာဝေါ့စလေ၏ နှာခေါင်းကြီးသည် ကျွန်တော့်အစ်မက ကျွန်တော့်အပြစ်များကို

စာရင်းချပြနေသည့် အခိုက်တွင် ရှုံ့ပွရှုံ့ပွ ဖြစ်လျက်ရှိရာ ကျွန်တော့်အနေဖြင့် သူ့နှာခေါင်းကြီး ကို အလွန်အမင်းနာကျင်ပြီး အလန့်တကြား ထ၍ အော်ဟစ်လာအောင် တအားဆွဲလိမ်ပစ်ချင်စိတ် ဖြစ်ပေါ်လျက်ရှိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ထိုဆန္ဒကို ဖျောက်၍ ရသော်လည်း ကျွန်တော့်အစ်မ၏ စကားအဆုံးတွင် ဖြစ်ပေါ်လာသည့် အခြေအနေကိုမူကားသည်းခံ၍ မရနိုင်လောက်အောင် ဖြစ်လျက် ရှိသည်။ ကျွန်တော့်အစ်မက သူ့စကား ကို လက်စသိမ်းလိုက်သည် နှင့် တစ်ပြိုင်နက် စားပွဲ၌ ထိုင်နေကြသူများသည် ကျွန်တော့်အား အလွန်စက်ဆုပ်ရွံရှာ နှလုံးနာသော မျက်နှာများဖြင့် ဝိုင်းကြည့်နေလေရာ ကျွန်တော့်မှာ များစွာမှပင် အနေရအထိုင်ရ ခက်လျက် ရှိရလေသည်။

ဦးလေးပန်ဘဲလ်ချူသည်စောစောက သူပြောလက်စ စကားလမ်းကြောင်း ပြောင်းမသွားအောင် အစပြန်ဖော်သည်။ "ဘာပဲဖြစ်ဖြစ်လေ၊ ဝက်သားဆိုတာမျိုးက ပြုတ်စားရင်တော့ အီတာပဲဗျ။ ကျုပ်ပြောတာ မဟုတ်ဘူးလား"

"ဒါဆိုရင် ဘရန်ဒီနည်းနည်းလောက် သောက်လိုက်ပါလား... ဦးလေးရဲ့" အစ်မက လှမ်းပြောသည်။

"အို... ဘုရားသခင် ကယ်တော်မူပါ" ကျွန်တော်လုပ်ထားသည့် အလုပ်သည် ပေါ်ချေတော့မည်။ သူသောက်လိုက်လျှင် ဘရန်ဒီထဲ၌ ရေ ရောထားသည့် အဖြစ်ကို သိပေတော့မည်။ ဘရန်ဒီက ပေါ့လှချေကလားဟု ပြောလိမ့်မည်မှာ သေချာလျက် ရှိ၏။ ကျွန်တော်သည် စားပွဲခင်းဖြင့် ဖုံးကွယ်နေသော စားပွဲခြေထောက်ကို လက်နှစ်ဖက်ဖြင့် တအားဆုပ်ကိုင်ကာ ကျရောက်လာမည့် ကံကြမ္မာကို ရင်ဆိုင်ရန် အဆင်သင့် စောင့်နေရပါတော့သည်။

ကျွန်တော့်အစ်မသည် ထိုင်နေရာမှ ထသွားပြီး ကျောက်ရေဘူးကြီး ကို ယူလာသည်။ ဦးလေးပန်ဘဲလ်ချူအတွက် ဘရန်ဒီတစ်ခွက် ငှဲ့ပေးသည်။ ကျန်လူစုကတော့ မသောက်ကြပါ။ ဦးလေးပန်ဘဲလ်ချူသည် ဘရန်ဒီခွက်ကိုယူပြီး နေရောင်တွင် ထောင်ကြည့်သည်။ ထို့နောက် စားပွဲ ပေါ်သို့ ပြန်ချလိုက်သည်။

ဤသို့ဖြင့် သူသည် ဘရန်ဒီကို ရုတ်တရက် မသောက်သေးဘဲ မြှောက်ချည်ချချည် လုပ်နေခြင်းအားဖြင့် ကျွန်တော်၏ စိတ်ဆင်းရဲမှုကို မကြာကြာအောင် လုပ်လျက် ရှိသည်။ ထိုအချိန်တွင် ကျွန်တော့်အစ်မနှင့်ယောက်ဖတို့သည် စားပွဲပေါ်မှ ပစ္စည်းများကို ရှင်းလင်းသုတ်သင်ကာ အစာသွတ်မုန့်နှင့် ပူတင်းမုန့်များ ချရန် စီစဉ်လျက် ရှိကြလေသည်။

ကျွန်တော့်အနေဖြင့် ကျွန်တော့်မျက်လုံးများကို ဦးလေးပန်ဘဲလ်ချူ ထံမှ လုံးဝခွာမရပါ။ စားပွဲခြေထောက်ကို လက်နှစ်ဖက်ဖြင့် တအားဆုပ်ကိုင်ကာ သူ့ကိုသာ ကြည့်နေမိ၏။ သူ့လက်ထဲမှ ဘရန်ဒီခွက်ကို တစ်ချက်မျှ လှည့်လိုက်ပြီး

ပြုံးလိုက်သေးသည်။ ထို့နောက် ဖန်ခွက်ကိုပါးစပ်တွင် တေ့ကာ ဦးခေါင်းကို နောက်သို့ လှန်လိုက်ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်။ နောက်တစ်ခဏအတွင်းမှာပင် စားပွဲမှ ထိုင်နေကြသူအားလုံး ထိတ်လန့်တကြား ဖြစ်ကုန်ကြရသည့် အဖြစ်သည် ပေါ်ပေါက်လာသည်။ ဦးလေးပန်ဘဲလ်ချူသည် သူ့ကုလားထိုင်မှ ခုန်၍ ထလိုက်ပြီး အကြိမ်ပေါင်းများစွာ ချာလပတ်လည်ကာ ချောင်းတဟွတ်ဟွတ် ဆိုးလျက်ရှိရာ 'ချောင်းဆိုးအက' ကနေသည် ဟုပင် ထင်ရ၏။ ထို့နောက် သူသည် အိမ်ရှေ့တံခါးဆီသို့ ပြေးထွက်သွားသည်။ သို့သော်လည်း သူ့အဖြစ်ကို ပြတင်းပေါက်မှ နေ၍ လှမ်းမြင်နေရသည် ဖြစ်ရာ သူသည် ဒယီးဒယိုင်နှင့် ဟပ်ထိုးဟပ်ထိုး ဖြစ်ကာ တံတွေးများကို တဖွီးဖွီး ထွေးထုတ်လျက်ရှိသည်။ သူ့မျက်နှာသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ရှုံ့တွလျက်ရှိပြီး ရုတ်တရက် စိတ်ဖောက်ပြန်သွားသည့် လူတစ်ယောက်နှင့် တူလျက် ရှိလေသည်။

ကျွန်တော့်အစ်မနှင့်ယောက်ဖတို့ ဦးလေးပန်ဘဲလ်ချူနောက်မှ ပြေးလိုက်သွားကြချိန်တွင် ကျွန်တော်သည် စားပွဲခြေထောက်ကို ကြောက်လန့်တကြား ဆုပ်ကိုင်ထားဆဲပင် ဖြစ်၏။ ကျွန်တော် ဘယ်လို လုပ်ခဲ့မိသည် ကို စဉ်းစား၍ မရ။ သို့သော်လည်း ယခုဖြစ်ပုံကို ကြည့်ပါက ကျွန်တော် သူ့ကို သတ်သလိုဖြစ်ပြီဟု ထင်နေမိ၏။ ဤအထင် ဝင်လာသဖြင့် ပြင်းထန်စွာ ကြောက်ရွံ့ထိတ်လန့်နေဆဲမှာပင် အစ်မနှင့် ဂျိုးတို့ က သူ့ကိုအိမ်ထဲသို့ ပြန်သွင်းလာကြသည်။ ထိုအခါကျမှပင် ကျွန်တော့်စိတ်သည် အတန်ငယ် သက်သာရာ ရသွားခဲ့ပြီး ကျန်လူစု၏ အရိပ်အခြည်ကို မသိမသာ အကဲခတ်မိသည်။ ကျန်လူစုသည် သူဖြစ်နေပုံကို ကြည့်ကာ သဘောမကျသလို ဖြစ်လျက် ရှိ၏။ သူသည် ကုလားထိုင်ပေါ်သို့ ထိုင်ချ လိုက်ပြီး 'ကတ္တရာစေးတွေ' ဟု ရေရွတ် လိုက်လေသည်။

ဘရန်ဒီလျော့နေမှန်း သိသွားမည်စိုး၍ ရေဖြည့်ခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း ကျွန်တော် ဖြည့်ခဲ့မိသည်မှာ ရေမဟုတ်၊ ကတ္တရာစေး ဆေးရည်ပုလင်းထဲမှ ကတ္တရာစေးများ ဖြစ်နေခဲ့လေပြီ။ ဤပုံအတိုင်းသာဆိုပါက သူ့အခြေအနေသည် မကြာမီ ထပ်မံဆိုးရွားလာစရာ ရှိနေ၏။ ကျွန်တော် ဆုပ်ကိုင်ထားသည် အရှိန်ဖြင့် စားပွဲသည် လှုပ်လျက် ရှိလေသည်။

"ကတ္တရာစေး" ဟု အစ်မက တအံ့တသြ ရေရွတ်သည်။

"ဘယ်လိုက ဘယ်လိုဖြစ်ပြီး ကတ္တရာစေးက ဒီအထဲ ရောက်နေရတာပါလိမ့်"

သို့သော်လည်း ဤအချိန် ဤအခါမျိုးတွင် ဘုရင်တစ်ဆူလောက် မျက်နှာကြီးနေသော ဦးလေးပန်ဘဲလ်ချူသည် အစ်မ၏ စကားကို ဂရုမစိုက်ပေ။ အစ်မ ပြောလိုက်သည့် စကားကို အရေးမထားသည့် ဟန်ဖြင့် လက်တစ်ဖက် ယမ်းပြလိုက်ပြီး ရေနွေးစပ်ထားသော ဂျင်တစ်ခွက်ပေး ရန် တောင်းသည်။

အတွေးအဆ အလွန်ကောင်းသော ကျွန်တော့်အစ်မသည် လောလောဆယ် ဤကိစ္စကို အချိန်မရတော့ပေ။ သူသည် ဂျင်၊ ရေ နွေး၊ သကြားနှင့် ရောက်သီးပွဲများကို ယူပြီး အားလုံးရောစပ်ကာ ဂျင်တစ်ခွက်စပ်လျက် ရှိရာ ကျွန်တော့်အဖို့ အခိုက်အတန့်တော့ဖြင့် အသက်ရှူ ပေါက် ချောင်လျက်ရှိ၏။ ကျွန်တော့်လက်များသည် အခုအချိန်အထိ စားပွဲခြေထောက်ကို မလွှတ်သေးပါ။ သို့သော်လည်း စောစောကလို ကြောက်လန့်တကြားဖြင့် တအားဆုပ်ကိုင်ထားသည့် အခြေအနေမျိုး မ ဟုတ်တော့ပါ။

တဖြည်းဖြည်းနှင့် ကျွန်တော့်စိတ်သည် တည်ငြိမ်လာသည် စားပွဲခြေထောက်လည်း ဆက်၍ ကိုင်မထားတော့ဘဲ လွှတ်လိုက်သည်။

နားအေးပါးအေး ရှိလာသဖြင့် ပူတင်းအနည်းငယ်ကိုပင် ဖြောင့်ဖြောင့် တန်းတန်း စားလာနိုင်သည်။ ဦးလေးပန်ဘဲလ်ချူသည်လည်း ပူတင်း ကို ဝင်၍ စားနေလေပြီ။ ကျန်လူစုမှာလည်း ပူတင်း၏ အရသာကို ခံနေကြလေပြီ။ အခြေအနေမှာ အေးဆေးသွားခဲ့ပြီ ဖြစ်၏။ ဦးလေးပန်ဘဲလ်ချူအတွက်လည်း စိုးရိမ်စရာ မရှိတော့ပေ။ သူသည် ဂျင်တစ်ခွက် အရှိန်ဖြင့် အတော်ကလေး ပြန်လည်လန်းဆန်းလာသည်။ ယနေ့တစ်နေ့ အဖို့တော့ အေးအေးဆေးဆေး လွတ်မြောက်ပြီဟု တွေးနေခိုက်မှာပင် ကျွန်တော့်အစ်မက ဂျိုးအား "ပန်းကန်တွေ သိမ်းတော့၊ နောက်တစ်ပွဲ ပြင်ကြရအောင်" ဟု လှမ်းပြောသည်။

ကျွန်တော့်လက်များသည် စားပွဲခြေထောက်များကို ပြန်၍ ဆုပ်ကိုင် ထားမိပြန်၏။ အယောင်ယောင် အမှားမှားဖြစ်ကာ ရင်ဘတ်နှင့် စားပွဲ အစွန်းကို ဖိကပ်ထားမိသည်။ ဤစားပွဲကိုပင် ကျွန်တော့်အတွက် အားကိုးအားထားပြုစရာ သူငယ်ချင်းတစ်ယောက်အဖြစ် သဘောထားနေမိ ၏။ အစ်မ၏ စကားအရ နောက်ဆက်တွဲ ထပ်လာမည်ကို ကျွန်တော့် ခန့်မှန်းပြီး သိနေသည်။ ဒီတစ်ချီတော့ဖြင့် ကျွန်တော်သွားပြီဟု စိတ်ထဲ က ကျိတ်၍ တွက်ထားလိုက်မိလေသည်။

"ဒါကလေးကိုတော့ မြည်းကြပါဦး" ဟု ကျွန်တော့်အစ်မက အလွန် ဖော်ရွေချိုသာစွာဖြင့် ဧည့်သည် များအား လှမ်းပြောသည်။

"ရှင်တို့ မမြည်းလို့တော့ မဖြစ်ဘူး၊ အခုကျွေးမယ့်ဟာကို ဦးလေးပန်ဘဲလ်ချူရဲ့ လက်ဆောင်ကလေးနဲ့ အရသာခံကြည့်ကြပါဦး"

စားမည်ဟု သူတို့ က ပြောကြမလား စားချင်စိတ် မပေါ်ကြပါစေနှင့် ဟု ကျွန်တော် ဆုတောင်းမိသည်။ ကျွန်တော့်အစ်မသည် ထိုင်နေရာမှ ထသည်။

"အခြားမဟုတ်ပါဘူး၊ အသားသွတ်မုန့်ပါ၊ ဝက်သား သွတ်ထားတဲ့ မုန့်ပါ"

ဧည့်သည် များသည် အစ်မ၏ စကား ကြားလိုက်သည် နှင့် တစ်ပြိုင် နက် တစ်ယောက်တစ်ခွန်း ချီးမွမ်းခန်း ဖွင့်ကြသည်။ ဧည့်သည်များ ထဲတွင် ဦးလေးပန်ဘဲလ်ချူသည် ဆွေမျိုးတော်စပ်လျက် ရှိသည့် အားလျော်စွာ အားလုံးထက် သူက ပို၍ တရင်းတနှီး ပြောဆိုပိုင်ခွင့် ရှိသည် ဟု ယူဆပုံ ရ၏။

"ဝက်သားသွတ်မုန့် ဆိုရင်တော့ သိပ်ကောင်းပေါ့… ဗျာ။ ကျုပ်တို့ ကလည်း ဒါနမြောက်သွားအောင် ကြိုးစားအားထုတ်ပြီး စားကြရ ပေမပေါ့။ ဟုတ်ဖူးလား၊ ကဲ… ယူခဲ့။ ကျုပ်က ဓားနဲ့ လှီးပြီး ခွဲပေးမယ်"

ကျွန်တော့်အစ်မသည် မီးဖိုခန်းထဲမှ ထွက်သွားသည်။ စားစရာ သောက်စရာအခန်းဆီသို့ သွားနေသော သူ့ခြေသံများကို ကျွန်တော် ကြားနေရ၏။ ဦးလေးပန်ဘဲလ်ချူသည် စားပွဲပေါ်မှ မုန့်လှီးဓားကို ကောက်ယူလိုက်သည်။ အစားတစ်မျိုး ထပ်၍ စားရတော့မည်ဟု သိလိုက်ရသဖြင့် မစ္စတာဝေါ့စလေ၏ နှာခေါင်းကြီး ရှုံ့ပွရှုံ့ပွ ဖြစ်လာသည် ကိုပါ ကျွန်တော် မြင်လိုက်ရသည်။ "ဝက်သားမုန့်ဆိုတာမျိုးက အစားအစာ အားလုံးထဲမှာ ထိပ်ပဲဗျ" ဟု ပြောလိုက်သော မစ္စတာ ဟပ်ဘဲလ်၏ အသံ ကိုလည်း ကြားလိုက်ရသည်။ "မင်းလည်း နည်းနည်းပါးပါး စားရမှာပေါ့ ပစ်ပ်ရာ" ဟု ပြောလိုက်သော ဂျိုး၏ အသံကိုလည်း ကျွန်တော် ကြားလိုက်ရ၏။ ကျွန်တော့် လန့်ဖျပ်ပြီး အော်လိုက်မိသေးသလား မပြောတတ်ပါ။ ကျွန်တော် ဤစားပွဲတွင် ဆက်ပြီး ထိုင်နေဝံ့စိတ် မရှိတော့ပါ။ ကျွန်တော် ပြေးမှ ဖြစ်တော့မည်။ ကျွန်တော် ဆုပ်ကိုင်ထားသည့် စားပွဲခြေထောက်ကို လွှတ်လိုက်ပြီး ထိုင်နေရာမှ ထပြေးသည်။

သို့သော်လည်း ကျွန်တော် တံခါးအပြင်သို့ ရောက်အောင် မပြေးနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် တံခါးပေါက်မှ ဝင်လာသည့် သေနတ်ကိုင် စစ်သား တစ်စုနှင့် ထိပ်တိုက်ဝင်တိုးနေသောကြောင့် ပေတည်း။ သူတို့ထဲမှ တစ်ဦးသည် သူ့လက်တွင်းမှ လက်ထိတ်တစ်စုံကို ကျွန်တော့်ဘက် သို့ ထိုးပြပြီး "မင်းက ဒီမှာ ကိုးကွ… ကဲ… လာ" ဟု ပြော လိုက်လေသည်။

(၅)

ရုတ်တရက် ကျွန်တော်တို့ အိမ်တံခါးဝသို့ သေနတ်ကိုင် စစ်သားများ ဘွားခနဲ ပေါ်လာလိုက်ခြင်းသည် ညစာစားပွဲတွင် ရောက်နေကြသည့် ဧည့်သည် များ ရုတ်ရုတ်သဲသဲ ဖြစ်သွားစေသည်။ ကျွန်တော့်အစ်မ မစ္စက်ဂျိုးမှာလည်း ဝက်သားမုန့်ပါမလာဘဲ မီးဖိုခန်းထဲသို့ ပြန်ဝင်လာသည်။ အံ့ဩခြင်းနှင့် နှမြောခြင်း ရောစွက်နေသော လေသံဖြင့် "ဘယ်လိုဖြစ်တာပါလိမ့်။ ဝက်သားမုန့် ဘယ်ရောက်သွားပါလိမ့်" ဟု ရေရွတ်မြည်တမ်းလျက် ရှိလေသည်။

ကျွန်တော့်အစ်မ မစ္စက်ဂျိုးက အံ့အားကြီးသင့်ပြီး ပြူးပြူးကြီး စိုက်ကြည့်နေချိန်တွင် တပ်ကြပ်ကြီးနှင့် ကျွန်တော်တို့သည် မီးဖိုခန်းထဲ သို့ ရောက်နေကြလေပြီ။ ထိုအချိန်တွင် ကျွန်တော့်စိတ်သည် ဖြစ်လာသော အခြေအနေကို ကောင်းစွာ ခွဲခြား၍ သိမြင်နိုင်စွမ်း ရှိနေပြီ ဖြစ်၏။ ကျွန်တော့်ကို စကားဆီး၍ ပြောလိုက်သူမှာ တပ်ကြပ်ကြီး ဖြစ်သည်။ ယခုအချိန်တွင်မူ သူသည် ဘယ်ဘက်လက်ကို ကျွန်တော့်ပခုံးပေါ် တင်ထားပြီး ညာဘက်လက်ဖြင့် လက်ထိတ်ကို ကိုင်ကာ အံ့ဩထိတ်လှန့်နေကြသော လူစုဘက်သို့ ထိုးပြရင်း တစ်ယောက်ချင်းစီ ကို လိုက်လံကြည့်ရှုလျက် ရှိသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ကြပါခင်ဗျာ" ဟု တပ်ကြပ်ကြီးက ပြောသည်။

"ဒါပေမဲ့ စောစောက ဟိုအိမ်ရှေ့တံခါးဝမှာ ဟောဒီချာတိတ်ကလေး ကို ကျွန်တော်ပြောပြခဲ့တဲ့ အတိုင်းပါပဲ။ (သူ လုံးဝမပြောခဲ့ပါ) ကျွန်တော် ဟာ ဘုရင်မင်းမြတ်ရဲ့ ကိုယ်စား တာဝန်တစ်ခုကိုတော့ ဆောင်ရွက်နေပါတယ်။ အဲဒါ အခုလောလောဆယ် ပန်းပဲသမားနဲ့ တွေ့ချင်ပါတယ်"

"ရှင်က သူနဲ့ ဘာလုပ်ဖို့ များ တွေ့ချင်ရတာလဲ" ဟု ကျွန်တော့်အစ်မ က လေသံခပ်ဆတ်ဆတ်ဖြင့် ပြန်မေးသည်။ ပန်းပဲသမားကို တွေ့ချင်သည် ဟူသော စကားကို သူ မကြိုက်ကြောင်း ဖော်ပြလိုက်ခြင်း ဖြစ်၏။

"ပန်းပဲသမားရဲ့ ဇနီးသည် က သိချင်တယ်ဆိုတော့လည်း ကျွန်တော် က ဘုရင်မင်းမြတ်ရဲ့ အမှုတော်ကို ထမ်းဆောင်နေတဲ့ လူတစ်ယောက် အနေနဲ့ ဖြေရမှာ ပေါ့လေ။ တခြားကြောင့် တွေ့ချင်တာ မဟုတ်ပါဘူး၊ လုပ်စရာလေးတစ်ခု ရှိနေလို့ပါပဲ" ဟု တပ်ကြပ်ကြီးက ပြန်ပြောသည်။

တပ်ကြပ်ကြီး ပြောပုံဆိုပုံသည် ယဉ်ကျေးသိမ်မွေ့သည် ဟုယူဆခြင်း ခံရသည်။ အထူးသဖြင့် တပ်ကြပ်ကြီး၏ အပြုအမူကို အလွန်သဘောတွေ့နေသော ဦးလေးပန်ဘဲလ်ချူက... "ကောင်းပါတယ်" ဟု ခပ်ကျယ်ကျယ် ရေရွတ်သည်။

"ကဲ... ပန်းပဲဆရာရေ" တစ်ချက်မြင်လိုက်ရုံမျှဖြင့် ပန်းပဲသမားမှန်း သိသွားပြီဖြစ်သော တပ်ကြပ်ကြီးက ဂျိုးကို လှမ်းပြောသည်။ "ကျုပ်တို့မှာ ဟောဒီပစ္စည်းက ပြဿနာ ဖြစ်နေလို့ ဗျ။ ဒီကွင်းနှစ်ကွင်းမှာ တစ်ကွင်ႈက သော့ပျက်နေတယ်လို့ ထင်ရတာပဲ။ ပိတ်လို့ မရဘဲ ဖြစ်နေတယ်။ အခုလောလောဆယ် အရေးတကြီး သုံးရမယ့်ပစ္စည်း ဖြစ်နေလို့၊ အမြန်ဆုံး ပြင်ဖို့

လိုအပ်တယ်။ ဘယ့်နှယ်လဲ၊ ကြည့်ပေးမယ် မဟုတ်လား"

ဂျိုးက လက်ထိတ်များကို ယူ၍ အသေအချာ ကြည့်သည်။ ဤလက်ထိတ်များကို ပြင်ရမည်ဆိုပါက ဖိုကြီးကို မီးမွှေးပြီး လုပ်ရမည်ဖြစ်သဖြင့် အနည်းဆုံး နှစ်နာရီနီးပါးလောက် ကြာလိမ့်မည်ဟု ရှင်းပြသည်။ "ဟုတ်လား၊ ဒီလိုဆိုရင် အခုချက်ချင်း စလုပ်နိုင်မလား" ဟု တပ်ကြပ်ကြီးက ပြောသည်။ "ဒီကိစ္စက အစိုးရအလုပ် ဖြစ်နေတယ် ပန်းပဲဆရာရဲ့။ တကယ်လို့ ကျန်လူတွေက ဝိုင်းဝန်းပြီး ကူညီရမယ်ဆိုရင်လည်း ကူညီဖို့ အသင့်ပဲ" ပြောပြောဆိုဆိုနှင့်ပင် တပ်ကြပ်ကြီးသည် သူ့လူများကို အထဲဝင်ခဲ့ဖို့ ခေါ်သည်။ သူ့တပည့်များသည် ရှေ့နောက် တန်းစီ၍ မီးဖိုခန်းထဲသို့ ဝင်လာကြပြီး သူတို့ လက်ထဲမှာ သေနတ်များ ကို ထောင့်တစ်ထောင့်တွင် သွား၍ ထောင်ကြသည်။ ထို့နောက် စစ်သားများ ၏ အလေ့အထအတိုင်း ဟိုတစ်ယောက်သည် တစ်ယောက် ရပ်နေကြသည်။ တချို့က သူတို့ လက်များကို တစ်ဖက်ပေါ် တစ်ဖက်ထပ်၍ တင်ကာ ရှေ့သို့ ချထားကြသည်။ တချို့က ဒူးခေါင်းပေါ် တင်ထားကြသည်။ ခါးပတ်ကို ဖြုတ်သူက ဖြုတ်ထားကြ၏။ တစ်ခါတစ်ရံတွင် အိမ်ရှေ့တံခါးကို ဖွင့်၍ အပြင်သို့ ထွက်ကာ တံတွေးထွေးသည့် အခါ ထွေးကြသည်။

ဤအရာအားလုံးကို ကျွန်တော် မျက်စိနှင့် မြင်နေရသော်လည်း ကိုယ့်အကြောင်း ပေါ်မည်စိုး၍ အလွန်အမင်း ပူပန်သောကရောက်နေရသဖြင့် ဘာကိုမှ ရေရေရာရာ ခွဲခြားမသိဘဲ မမြင်သလို ဖြစ်လျက် ရှိသည်။ သို့သော်လည်း တပ်ကြပ်ကြီး ယူလာသော လက်ထိတ်သည် ကျွန်တော့်အတွက် မဟုတ်မှန်း သိလိုက်သည် နှင့် တစ်ပြိုင်နက် တစ်ပိုင်းတစ်စီ ဖြစ်နေသော ကျွန်တော့်အသိဉာဏ်ကို ပြန်လည်စုစည်း၍ ရလာသည်။

"ဘယ်နှနာရီ ထိုးသွားပြီလဲ" ဟု တပ်ကြပ်ကြီးက ဦးလေးပန်ဘဲလ်ချူဘက်သို့ လှည့်၍ မေးသည်။

"နှစ်နာရီ ခွဲသွားပြီ"

"ဒါ ဆိုရင်တော့ မဆိုးသေးဘူး" ဟု တပ်ကြပ်ကြီးက ပြောသည်။

"ဒီမှာ လာပြီး အချိန် နှစ်နာရီလောက် ဖြုန်းရမလို ဖြစ်ပေမယ့် အလုပ်ကတော့ ဖြစ်မှာပါ။ စိမ့်မြေဘက်သွားမယ်ဆိုရင် ဘယ်နှမိုင်လောက် ရှိမယ်ထင်သလဲ။ တစ်မိုင်တော့ ကျော်မယ်မထင်ပါဘူး"

"တစ်မိုင်ပဲ ရှိတယ်" ဟု အစ်မက ဝင်ဖြေသည်။

"ဒါဆို အလုပ်ဖြစ်တယ်၊ သူတို့ကို နေဝင်ရီတရော အချိန်လောက်မှ ပိတ်မိနိုင်တယ်။ မမှောင်ခင်ကလေးမှာ ဖြစ်ဖို့ များတယ်။ အလုပ်ကတော့ ဖြစ်မှာပါ"

"ထောင်ပြေးတွေ မဟုတ်လား... တပ်ကြပ်ကြီး" ဟု သေချာပေါက် သိနေသည့် လေသံဖြင့် မစ္စတာ ဝေါ့စလေက လှမ်းမေးသည်။

"ဟုတ်တယ်" ဟု တပ်ကြပ်ကြီးက ဖြေသည်။

"ထောင်ပြေးနှစ်ယောက်။ ဒီကောင်နှစ်ကောင် အခုအချိန်ထိ

စိမ့်မြေတောဘက်မှာပဲ ခိုနေလိမ့်ဦးမယ်လို့ ယူဆရတယ်။ မနက်ဖြန် မိုးမချုပ်ခင်တော့ အဲဒီနေရာက ထွက်မှာ မဟုတ်သေးဘူး။ ကျွန်တော်တွက်တာ ဖြစ်နိုင်မလား၊ ခင်ဗျားတို့ အနေနဲ့ ကော ကြားမိမြင်မိကြသလား၊ ပြောစမ်းပါဦး"

ကျွန်တော်မှ တစ်ပါး ကျန်လူအားလုံးက မမြင်မသိဟု အခိုင်အမာ ပြောကြသည်။ မည်သူကမှ ကျွန်တော့်ကို စာရင်းထဲ မထည့်ကြပါ။

"ဒါပေါ့လေ..." ဟု တပ်ကြပ်ကြီးက ရေရွတ်သည်။

"သူတို့ ဘာသာသူတို့ ဝင်ပါလည့်သလို ဖြစ်နေလိမ့်မယ်လို့ ကျွန်တော်ကတော့ မျှော်လင့်ထားတာပဲ၊ ကဲ... ပန်းပဲဆရာရေ ခင်ဗျားဘက် က အသင့်ဖြစ်ပြီ ဆိုရင်တော့ လုပ်ငန်း စစေချင်တယ်...ဗျာ"

ဂျိုးက သူ့အပေါ်ဝတ် ကုတ်အင်္ကျီ အတွင်းခံ လက်ပြတ်ခါးတိုအင်္ကျီနှင့် လည်စည်းများကို ချွတ်ပြီး အညစ်အကြေးများ မပေစေရန်အတွက် သားရေရင်ဖုံး ခါးစည်းအဝတ်ကြီးကို ယူ၍ ဝတ်ကာ ပန်းပဲဖိုအတွင်းသို့ ဝင်သွားသည်။ စစ်သားတစ်ယောက်က ပန်းပဲဖို၏ သစ်သားပြတင်းပေါက်များကို လိုက်ဖွင့်နေသည်။ နောက်တစ်ဦးက ပန်းပဲဖိုကို မီးမွှေးသည်။ နောက်တစ်ဦးက ဖိုကို ဆွဲသည်။ ကျန်စစ်သားများကမူ တစ်ခဏချင်း နှင့် တဟုန်းဟုန်းထလာသော မီးတောက်မီးလျှံများ ၏ ဘေးပတ်ပတ်လည် ဝိုင်း၍ ရပ်နေကြသည်။ ထို့နောက် ဂျိုးသည် လက်ထိတ်ကို တူနှင့် ထုရိုက်လျက် ရှိရာ ကျွန်တော်တို့ အားလုံးက စိတ်ဝင်တစား ဝိုင်းအုံပြီး ကြည့်နေကြလေ၏။

မကြာမီ ထောင်ပြေးများ နောက်သို့ လိုက်လံဖမ်းဆီးတော့မည် ဟူသော စိတ်ဝင်စားမှုသည် လူအားလုံး၏ အာရုံကို အကြီးအကျယ် ဆွဲဆောင်လျက် ရှိသည် ဖြစ်ရာ ကျွန်တော့်အစ်မ မစ္စက်ဂျိုးသည်ပင်လျှင် ဤကိစ္စကို အကြောင်းပြုပြီး များစွာ သဘောကောင်းကာ ရက်ရောဖော် ရွေလျက် ရှိသည်။ သူသည် စစ်သားများအား ဘီယာနှင့် ဧည့်ခံသည်။ တပ်ကြပ်ကြီးကိုလည်း ဘရန်ဒီတစ်ခွက်တစ်ဖလား သောက်ဖို့ ဖိတ်မန္တက ပြုသည်။ သို့သော်လည်း ဦးလေးပန်ဘဲလ်ချူက "သူ့ကို ဝိုင်ပဲ တိုက်ပါ တူမကြီးရယ်၊ ဝိုင်ဆိုတော့ စောစောက ဦးလေးမိသလို ကတ္တရာစေး နဲ့ မမိတော့ဘူးပေါ့။ ဟုတ်ဖူးလား" ဟု ဝင်ပြောသည်။ တပ်ကြပ်ကြီးကလည်း ဦးလေးပန်ဘဲလ်ချူအား ကျေးဇူးတင်စကား ဆိုသည်။ သူ့အနေဖြင့် ဖြစ်နိုင်မည်ဆိုပါက ကတ္တရာစေးရည်ကင်းသော ဝိုင်ကိုသာ သောက်ချင်ပါသည် ဟု ပြောသည်။ အစ်မက ဝိုင်တစ်ခွက် ပေးလိုက်သောအခါ သူသည် ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေဟု ဆုတောင်း ကာ တစ်ကျိုက်တည်း မော့ချသည်။ ထို့နောက် နှုတ်ခမ်းပါးနားကို လျှာ နှင့် ထိုးလျက်ကာ အရသာခံလျက် ရှိလေသည်။

"ဝိုင်တော်တော်ကောင်းရဲ့လား တပ်ကြပ်ကြီး" ဟု ဦးလေးပန်ဘဲ လ်ချူက မေးသည်။

"ကျွန်တော် ခင်ဗျားကို တစ်ခုပြောရဦးမယ်" ဟု တပ်ကြပ်ကြီးက ပြန်ပြောသည်။

"ဒီဝိုင်ဟာ ခင်ဗျားပေးထားတဲ့ လက်ဆောင် ဖြစ်ရမယ်လို့ ကျွန်တော် ထင်တယ်"

ဦးလေးပန်ဘဲလ်ချူက အလွန်သဘောကျသွားသည့် လေသံဖြင့် ရယ်လိုက်ပြီး "အင်း… အင်း ဘာကြောင့် အဲသလို ထင်ရတာလဲဗျ" ဟု ပြန်မေးသည်။

"ဘာကြောင့် လဲဆိုတော့" တပ်ကြပ်ကြီးက စကားကို ဆက်မပြောသေးဘဲ.. သူ့လက်တစ်ဖက်ဖြင့် ဦးလေးပန်ဘဲလ်ချူ၏ ပခုံးကို လှမ်းပုတ်လိုက်သည်။

"ခင်ဗျားဟာ အခြေအနေမှန်ကို ကောင်းကောင်းကြီး အကဲခတ်တတ်တဲ့ လူတစ်ယောက်ပါ… ဗျာ"

"ခင်ဗျား ဒီလိုပဲ ထင်သလား" ပန်ဘဲလ်ချူက အလွန်သဘောကျစွာဖြင့် ရယ်လိုက်ပြီး ပြန်ပြောသည်။ "နောက်တစ်ခွက် ထပ်ယူပါဦး"

"ခင်ဗျားနဲ့သာအတူတူဆိုရင် သောက်ရမှာပေါ့။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ကတော့ ပုလင်းတူဘူးဆို့ပါဗျာ" ဟု တပ်ကြပ်ကြီးက ပြောသည်။

"ကဲ… လာ.. ဖန်ခွက်ချင်း ထိလိုက်ကြဦးစို့ရဲ့။ တစ်ချက်… နှစ်ချက်၊ ဟုတ်ပြီ၊ ဖန်ခွက်ချင်း ထိသံဟာ အသာယာဆုံးသော တေးဂီတသံပါပဲ.. ဗျာ၊ ဒီတစ်ခါတော့ ခင်ဗျားရဲ့ ကျန်းမာရေးအတွက် ဆုတောင်းပြီး သောက်ရမယ်၊ ခင်ဗျား အသက်တစ်ထောင် ရှည်ပါစေ… ဗျာ၊ ခင်ဗျားရဲ့ ဘဝ တစ်လျှောက်လုံးမှာ အခုအချိန်လို အဆုံးအဖြတ် မှန်ကန်ပါစေလို့ ဆုတောင်းလိုက်ပါတယ်"

တပ်ကြပ်ကြီးသည် နောက်ထပ်ရလာသည့် ဝိုင်ဖန်ခွက်ကို အမြန်ဆုံး နည်းဖြင့် မော့ချလိုက်ပြီး နောက်ထပ်တစ်ခွက် သောက်ဖို့ အဆင်သင့် ပြင်ထားသည့် လက္ခဏာ ရှိ၏။ အလွန်ညှော်ဝတ်ပြုချင်နေသော ဦးလေးပန်ဘဲလ်ချူကလည်း ကျွန်တော့်အစ်မအား လက်ဆောင်အဖြစ် ပေးထားခဲ့ပြီးသည် ကို မေ့သွားပုံရ၏။ ကျွန်တော့်အစ်မထံမှ ဝိုင်ပုလင်း ကို တောင်းယူပြီး အလွန်ရွှင်မြူးတက်ကြွစွာဖြင့် တစ်ခွက်ပြီးတစ်ခွက် ငှဲ့ကာ တပ်ကြပ်ကြီးအား လက်ကမ်းလျက် ရှိသည်။ အလွန်ရက်ရောလျက်ရှိသော ဦးလေးပန်ဘဲလ်ချူသည် ကျန်လူစုကိုပါ တိုက်လျက်ရှိရာ ကျွန်တော်ပင်လျှင် ဝိုင်တစ်ခွက် သောက်လိုက်ရပါသေးသည်။ သူသည် ဝိုင်ပုလင်းကို ထင်သလို လွတ်လပ်စွာ အသုံးချလျက်ရှိရာ ပထမတစ်ပုလင်း ကုန်သွားသည် နှင့် တစ်ပြိုင်နက် ကျန်တစ်ပုလင်းကို ကျွန်တော့် အစ်မထံမှ တောင်းယူပြီး လွတ်လပ်စွာ အသုံးချလျက် ရှိပြန်လေ၏။

ပန်းပဲဖိုကြီး၏ ပတ်ပတ်လည်တွင် ဝိုင်း၍ ရပ်နေကြသူများအားလုံး ကို ကျွန်တော် စောင့်ကြည့်နေမိသည်။ အားလုံးပင် ပျော်ရွှင်မြူးထူးလျက် ရှိကြ၏။ သူတို့ကို ကြည့်နေရင်းမှပင် ကြောက်မက်ဖွယ်ကောင်း လောက်အောင် ဆာလောင်ပွတ်သိပ်ပြီး နံနက်စာကို အငမ်းမရ စားသောက်ခဲ့ရှာသော စိမ့်မြေတောပေါ်မှာ လူကြီး၏ အဖြစ်ကို တွေးနေမိသည်။ ထိုလူကြီးကြောင့် ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုကြောင့် ဤ လူစု ပို၍ ရွှင်လန်းမြူးထူးနေကြခြင်း ဖြစ်သည် ဟု ကျွန်တော် ထင်မိ၏။ အခုဆိုလျှင် သူတို့သည် "လူဆိုးနှစ်ဦး"

ဖမ်းဆီးရေးတွင် တက်ကြွစွာပါ ဝင်လှုပ်ရှားနိုင်ရန် တပျော်တပါး တာစူနေကြသည်။ မီးဖိုကြီးသည် လူဆိုးနှစ်ဦးကို ဘယ်လိုမိအောင် ဖမ်းလိုက်မည်ဟု အော်ဟစ်ကြုံးဝါးနေသည့် နှယ် တရှူးရှူး တရှဲရှဲ အော်မြည်လျက် ရှိသည်။ မီးတောက်မီးလျှံများသည် တစ်ဟုန်ဟုန်ထကာ လူဆိုးနှစ်ဦးကို အရအမိ ဖမ်းဆီးရန် အရှိန်ယူနေသည့် နှယ်ရှိ၏။ မီးခိုးငွေ့များသည် လူဆိုးများ နောက်မှ ထက်ကြပ်မကွာ လိုက်မည်ဟု အားခဲနေကြသည့် အလား တလိပ်လိပ်တက်လျက် ရှိသည်။ ဂျိုးသည် ထိုလူဆိုးနှစ်ဦးအား ဖမ်းဆီးရေးအတွက် တူတစ်လက်ဖြင့် အလုပ်ရှုပ်လျက် ရှိ၏။ မီးတောက်များ တက်လိုက်ကျလိုက် ဖြစ်သည့် အခါတိုင်း ယိမ်းယိုင်လှုပ်ရှားနေကြသော နံရံပေါ်မှ အရိပ်များသည် လူဆိုးနှစ်ဦးအား ကြိမ်းမောင်းချောက်လှန့်ရန် အားယူနေကြသည် ဟု ထင်ရသည်။ ထို့နောက် မီးညွှန့်များသည် အစွယ်ကျိုးကာ ဖြည်းဖြည်းချင်း သေသွားသည်။ အပြင်ဘက်ရှိ အလင်း ရောင် မေးမှိန်ဖျော့တော့လာသည် နှင့် အမျှ သနားစရာ ဒုက္ခသည် နှစ်ဦးအပေါ်တွင် သနားသောစိတ်သည် ကျွန်တော့်ရင်ထဲတွင် တိုး၍ လာလျက် ရှိလေသည်။

နောက်ဆုံးတွင် ဂျိုး၏ လက်ထိတ်ပြင်သောအလုပ်သည် ပြီးစီးသွားသည်။ ထုသံ ရိုက်သံများ နှင့် တဟောဟော တဟဲဟဲ မြည်နေသော ဖိုဆွဲသံများသည် ရပ်သွားသည်။ ဂျိုးသည် သူ့ကုတ်အင်္ကျီ ကို ပြန်ဝတ်နေရင်း မှ သူ့ကိုယ်သူ အားတင်းပြီး အရဲစွန့်ကာ စစ်သားများ နှင့် လိုက်၍ ထောင်ပြေးများ လိုက်လံဖမ်းဆီးပုံကို ကြည့်ရှုကြရန် အကြံပေးသည်။ ဦးလေးပန်ဘဲလ်ချူနှင့် မစ္စတာဟပ်ဘဲလ်တို့ က အမျိုးသမီးများ ရှိနေ၍ ဟု ဆင်ခြေပေးကာ မလိုက်တော့ဟု ငြင်းသည်။ မစ္စတာဝေါ့စလေကတော့ ဂျိုးလိုက်လျှင် သူပါလိုက်မည်ဟု ဆိုသည်။ အကယ်၍ သူ့မိန်းမ မစ္စက်ဂျိုးကသာ သဘောတူပါက ကျွန်တော့်ကိုပါ ခေါ်၍ သူလိုက်ကြည့်မည်ဟု စိတ်ကူးကြောင်း ပြန်ပြောသည်။ သာမန်အခြေအနေမျိုးသာ ဖြစ်ပါက အစ်မထံမှ လုံးဝခွင့်ပြုချက် ရလိမ့်မည် မဟုတ်ဟု ကျွန်တော် ပြောရဲသည်။ သို့သော် ဤကိစ္စအပေါ်တွင် သူကိုယ်တိုင်က စိတ်ဝင်စားလျက်ရှိနေသော အစ်မသည် ထောင်ပြေးဖမ်းပွဲ မည်ကဲ့သို့ အဆုံးသတ် သွားသည် ကို သိလိုစိတ်ကြောင့် ကန့်ကွက်ခြင်း မပြုပေ။

"တကယ်လို့ အဲဒီကောင်လေးကို ပြန်ခေါ်လာတဲ့ အခါမှာ သေနတ်မှန်လို့ ခေါင်းအစိတ်စိတ်အမြွာမြွာ ကွဲနေရင် ပြန်ဆက်ပေးဖို့ များတော့ ကျုပ်ကို လာပြီး အပူမကပ်လေနဲ့၊ အဲဒါပဲ" ဟူသော စကားတစ်ခွန်းဖြင့်သာ ဂျိုးကို ချည်ပြီးတုပ်ပြီး လုပ်လွှတ် လိုက်လေသည်။

တပ်ကြပ်ကြီးသည် အမျိုးသမီးများအား ယဉ်ကျေးသိမ်မွေ့သော ဟန်အမူအရာ လေသံဖြင့် နှုတ်ဆက်သည်။ ဦးလေးပန်ဘဲလ်ချူကိုလည်း တကယ့်ပေါင်းဟောင်းသင်းဟောင်း ရဲဘော်ရဲဘက် တစ်ဦးသဖွယ် မခွဲနိုင်မခွာရက် အမူအရာမျိုးဖြင့် နှုတ်ဆက်သည်။ အကယ်၍သာ သူ့အနေဖြင့် ယခုကဲ့သို့

စိတ်ဝင်စားဖယ်ရာမျိုး အခြေအနေမျိုး မဟုတ်သည့် အချိန်အခါ၌ ရှိနေမည့် ထိုလူကြီး၏ အကျင့်စရိုက်များကိုသာ အပြည့်အဝ သိနားလည်ရမည်ဆိုပါက ဤမျှလောက်အထိ အဖြစ်သည်းပါမည် လောဟု ကျွန်တော် သံသယဖြစ်မိသည်။ သူ့တပည့်များသည် သူတို့၏ သေနတ်များကို ယူကာ ထွက်သွားကြသည်။ မစ္စတာဝေါ့စလေ၊ ဂျိုးနှင့် ကျွန်တော်တို့ က စစ်သားများ ၏ နောက်မှ ကပ်၍ လိုက်ရန်နှင့် စိမ့်မြေတောဘက် ရောက်သည့်အခါ စကားတစ်ခွန်းမှ မပြောရန်ဟူသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ကတိပေးရသည်။ ထို့နောက် ကျွန်တော်တို့သည် ခပ်ကြမ်းကြမ်း ဖွေ့ယမ်းတိုက်ခတ်လျက် ရှိသော အပြင်လေထုအတွင်းသို့ ရောက်ကြသည့်အခါ စိမ့်မြေတောဘက်သို့ ရှေးရှု၍ ခရီးဆက်ကြသည်။ ကျွန်တော်က ချမှတ်ထားသည့် စည်းကမ်းချက်ကို ဖောက်ဖျက်ပြီး ဂျိုးအား တိုးတိုးကလေး ကပ်၍ ပြောမိသည်။

"ကျွန်တော်ကတော့ သူတို့ ကို ရှာတွေ့လိမ့်မယ် မထင်ဘူး" ထိုအခါ ဂျိုးက

"သူတို့ လွတ်အောင် ပြေးနိုင်ရင် ငါက မင့်ကို တစ်သျှီလင် ပေးမယ် ပစ်ပ်" ဟု တိုးတိုးကလေး ပြန်ပြောလေသည်။

ရာသီဥတုမှာ အလွန်အေးမြလျက် ရှိရုံမျှမက တိုး၍ ဆိုးရွားလာဦးမည့် လက္ခဏာကို ပြလျက် ရှိ၏။ သွားရမည့် ခရီးကလည်း ပျော်စရာ ကောင်းသည့် ခရီးမျိုး မဟုတ်ပေ။ လမ်းကလည်း ဆိုး၏။ အမှောင်ရိပ်များကလည်း ကျဆင်းစ ပြုနေပြီ။ အိမ်တွင်းမှာ ဆိုလျှင်တော့ မီးဖိုများ အနီးတွင် ထိုင်ကာ နွေးနွေးထွေးထွေးနေလို့ ရ၏။ ဤအကြောင်းများကြောင့် ရွာထဲမှ ကျွန်တော်နှင့် လိုက်မည့် သူ တစ်ဦးတစ်ယောက်မျှ ပေါ်မလာပေ။ နေဝင်လုဆဲဆဲ နေရောင်သန်းနေသည့် ပြတင်းပေါက်များမှ ထွက်၍ မျှော်ကြည့်နေကြသော မျက်နှာအနည်းငယ်ကိုတော့ မြင်ရ၏။ သို့သော်လည်း အိမ်ပြင်သို့ထွက်လာသူ တစ်ဦးတလေမျှ မရှိချေ။ ကျွန်တော်တို့သည် လမ်းပြတိုင်ကြီးကို ကျော်ဖြတ်လာခဲ့ကြပြီးနောက် သင်္ချိုင်းကုန်းဆီသို့ ဦးတည်ကာ ဆက်လက်လျှောက်လာခဲ့ကြသည်။ သင်္ချိုင်းကုန်းထဲ ရောက်သည့်အခါ တပ်ကြပ်ကြီးက လက်ပြပြီး အချက်ပေးလိုက်သဖြင့် ကျွန်တော်တို့သည် မိနစ်အနည်းငယ်ကြာမျှ ရပ်နေကြရသည်။ သူ့တပည့်နှစ်ယောက် သုံးယောက်သည် တစ်ဦးစီခွဲကာ မြေပုံများကြားသို့ ဝင်သွားကြသည်။ သူတို့သည် သင်္ချိုင်းကုန်း အဝင်ဝဘက်အထိ သွား၍ ရှာဖွေလျက် ရှိကြသည်။ တစ်ခဏမျှ အကြာတွင် သူတို့ အားလုံး ဘာမှ မတွေ့ဘဲ ပြန်ရောက်လာကြသည်။ ထို့နောက် ကျွန်တော်တို့သည် သင်္ချိုင်းကုန်း တစ်ဖက်ရှိ တံခါးပေါက်မှ ထွက်ကာ စိမ့်မြေများ ဘက်သို့ လျှောက်ခဲ့ကြသည်။ အရှေ့ဘက်မှ တိုက်ခတ်လာနေသော လေနှင့် အတူ မိုးပွင့်များ ရောလျက် ရှိသော မိုးပေါက်များသည် ကျွန်တော်တို့ အပေါ်သို့ တဖွဲဖွဲ ကျလာသည်။ ဂျိုးသည် ကျွန်တော့်ကို ချီမပြီး ကျောပိုးလာပါလေတော့သည်။

ကျွန်တော်တို့သည် လွန်ခဲ့သော ရစ်နာရီကျော်ကျော်

ကိုးနာရီအတွင်းလောက် ကျွန်တော်ရောက်ခဲ့သည့် နေရာသို့ ရောက်လာခဲ့ကြသည်။ ဤနေရာတစ်ဝိုက်တွင် ပုန်းအောင်နေသော လူနှစ်ယောက် ကို ကျွန်တော် တွေ့မြင်ခဲ့ပြီး ဖြစ်၏။ ဤအချက်ကို သူတို့ကတော့ သိကပြမည်မဟုတ်။ ဤနေရာသို့အရောက်တွင် ကြောက်စရာကောင်းသော အရာတစ်ခုကို ကျွန်တော် တွေးမိသည်။ အကယ်၍ ထောင်ပြေးနှစ်ယောက်ကို မိခဲ့ပါမူ ကျွန်တော်နှင့် သိနေသော ထောင်ပြေးသည် စစ်သားများ ကို ကျွန်တော်ခေါ်လာသည် ဟု ထင်လေမလား၊ မင်းဟာ လိမ်တတ်ညာ တတ်တဲ့ မှင်စားလေးတစ်ကောင်တော့ ဟုတ်မယ်မထင်ပါဘူးဟု သူက ကျွန်တော့်ကို ပြောခဲ့ဖူး၏။ အကယ်၍ သူ့အား လိုက်လံဖမ်းဆီးသည့် အဖွဲ့နှင့် အဆက်အသွယ်လုပ်မည်ဆိုပါက ကျွန်တော်သည် အလွန်ယုတ်မာ ရက်စက်သော အမဲလိုက်ခွေးကလေး တစ်ကောင် ဖြစ်လာလိမ့်မည်ဟုလည်း သူက ကျွန်တော့်ကို ပြောခဲ့၏။ ဤသို့ဆိုလျှင် သူသည် ကျွန်တော့်အား မှင်စားကလေး၊ အမဲလိုက်ခွေးကလေးအဖြစ် သတ်မှတ်လေမလား။ သူ့ကို ကျွန်တော် သစ္စာဖောက်သည် ဟု ယူဆလေမလား။

အခုအချိန်ရောက်ခါမှ ဤမေးခွန်းကို ကျွန်တော့်ဘာသာကျွန်တော် ပြန်မေးနေ၍ အကျိုးဖြစ်လာစရာ မမြင်ပါ။ အခုဆိုလျှင် ကျွန်တော်သည် ဂျိုး၏ ကျောပေါ်၌ ရောက်နေပြီး ကျွန်တော့်အောက်မှ ဂျိုးသည် ရေအိုင်များ နှင့် ရွှံ့ညွန်များကို အမဲလိုက်မုဆိုးတစ်ယောက်သဖွယ် ကျင်လည်စွာ ကျော်ဖြတ်သွားလျက် ရှိသည်။ ဤကြားထဲမှပင် သူ့ဘေးမှပါလာသော မစ္စတာဝေါ့စလေတစ်ယောက် သူ့နှာခေါင်းကြီးနှင့် ရွှံ့ဗွက်များ အပေါ် မှောက်လျက်လဲကျမသွားစေရန် ထိန်းပေးနေရသေးသည်။ စစ်သားများကတော့ ကျွန်တော်တို့ ရှေ့မှ လျှောက်သွားလျက် ရှိကြ၏။ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် အနည်းငယ်စီခွာ၍ ရင်ပေါင်တန်းလျှောက်ကာ ပိုက်စိပ်တိုက်၍ ရှာဖွေနေကြခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်ရောက်ဖူးခဲ့သည့် လမ်းကြောင်းအတိုင်း လိုက်နေကြခြင်း ဖြစ်သည်။ နောက်ထပ် မြူနှင်းများ အသစ်ကျဆင်းခြင်း မရှိ သေးပေ။ လေက ငြိမ်နေသဖြင့် စောစောပိုင်းက ကျထားသော မြူနှင်းများမှာလည်း လွင့်စဉ်ပျောက်ကွယ်သွားခြင်း မရှိသေးချေ။ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာ ခဲရောင်သန်းကာ မှုန်ပိုင်းပိုင်း ဖြစ်နေသော်လည်း နေမဝင်မီ အစွမ်းကုန် တောက်ပနေသော နေရောင်ဖြင့် ရေကြောင်းလမ်းပြ အထိမ်းအမှတ်မီးတိုင်၊ ပင်လယ်ဓားပြကြိုးပေးခဲ့ရာ စက်တိုင်၊ ရှေးဟောင်းအမြောက်ကြီးတည်ရာ ကုန်းမြင့်နှင့် မြစ်ပြင်တစ်ဖက်ရှိ ကမ်းများကို ပြက်ပြက်ထင်ထင် လှမ်းမြင်နေရလေသည်။

ကျွန်တော်သည် ထောင်ပြေးနှစ်ယောက်၏ အရိပ်အခြည်ကို မြင်ရလေမလားဟူသော မျှော်လင့်ချက်ဖြင့် မျက်စိရှာမိသည်။ သူတို့ကို တွေ့လိုက်မှဖြင့် ဟူသော အတွေးကလည်း ကျွန်တော့်အား ခြောက်လှန့်လျက် ရှိသည် ဖြစ်ရာ ကျွန်တော့်နှလုံးသည် တဒိတ်ဒိတ် ခုန်လျက်ရှိ၏။ သို့သော်လည်း

သူတို့၏ အစအနကို မမြင်ရ။ အသံဗလံများကိုလည်း မကြားရ။ အဆမတန် ပင်ပန်းမောဟိုက်လျက်ရှိသော မစ္စတာ ဝေါ့စလေ၏ ပြင်းထန်သော အသက်ရှူသံကြီးကသာ ကျွန်တော့်အား တစ်ကြိမ်မက လန့်လန့်သွားအောင် လုပ်လျက်ရှိသည်။ ကျွန်တော့်နားထဲတွင် တံစဉ်းတိုက်သံကို ကြားလိုက်ရသည် ဟု ထင်မိ၏။ သို့သော်လည်း ကျွန်တော် ထင်သလို မဟုတ်။ သိုးတစ်ကောင်ဆီမှ ခလောက်သံမျှသာ ဖြစ်သည်။ သိုးများသည် အစာစားနေရာမှ ရပ်ကာ ကျွန်တော်တို့ ကို ငေးကြည့်နေကြသည်။ နွားများကလည်း ခေါင်းကြီးများကို မော့ကာ သူတို့အား အနှောင့်အယှက်ပေးသည် ဟု ယူဆနေကြသည့် အလား ကျွန်တော်တို့ လူစုအား ပြူးပြူးကြီး စိုက်ကြည့်နေကြသည် ဤစိမ့်မြေများ ပေါ်၌ ဤအရာမှ တစ်ပါး အခြား ဘာမျှမရှိ။ လေတိုးတိုင်း လှုပ်ရှားနေကြသည့် မြက်ပင်များသာရှိ၏။ အလွန်အေးပြီး အလွန် တိတ်လျက်ရှိသေ စိမ့်မြေများ ပေါ်ရှိ ဆိတ်ငြိမ်မှုကို ပျက်ပြားသွားစေမည့်အသံဗလံဆို၍လည်း ဘာသံမှ မကြားရ။

စစ်သားများသည် ရှေးဟောင်းအမြောက်ကြီးရှိရာ အရပ်ဘက်သို့ ဦးတည်၍ သွားနေကြသည်။ ကျွန်တော်တို့ က သူတို့နောက်မှ အနည်းငယ်ခွာ၍ လိုက်ကြသည်။ ထိုအခိုက်တွင် အလွန်ကျယ်လောင်စူးရှသော အသံတစ်သံသည် လေနှင့် မိုးကြား ဖြတ်သန်းပြီး ကျွန်တော်တို့ ထံသို့ ရောက်လာသည်။ ကျွန်တော်တို့ အားလုံး ဖျက်ခနဲ ရပ်လိုက်ကြ၏။ ထို အသံသည် နောက်ထပ် ထွက်ပေါ်လာပြန်သည်။ အသံမှာ အရှေ့ဘက်အရပ်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။ အသံမှာ ကျယ်လည်း ကျယ်၍ စူးလည်း စူးသည်။ လူနှစ်ယောက် သံပြိုင်ဟစ်အော်နေသည် ဟု ခန့်မှန်းရသည်။ အလွန်အလှမ်းဝေးသော နေရာမှ လာနေခြင်း ဖြစ်သဖြင့် အတိအကျ ခွဲခြား၍ မရ။

အော်သံများကြောင့် တပ်ကြပ်ကြီးနှင့် သူ့စစ်သားများသည် တီးတိုး လေသံဖြင့် တိုင်ပင်လျက် ရှိကြသည်။ ဂျိုးနှင့် ကျွန်တော်တို့ သူတို့နား ရောက်သွားကြသည့် အခါ ဂျိုးက သူတို့၏ ပြောသံဆိုသံများကို နားစွင့်သည်။ တပ်ကြပ်ကြီးက ကြားနေရသည့် အသံများကို ပြန်၍ အသံမပြု သင့်ဟု ဆုံးဖြတ်လိုက်လေသည်။ အမှန်းအဆကောင်းသူ ဂျိုးနှင့် အမှန်းအဆ ညံ့ဖျင်းသူ မစ္စတာဝေါ့စလေတို့ ကပါ တပ်ကြပ်ကြီး၏ အယူအဆ ကို သဘောတူကြသည်။ တပ်ကြပ်ကြီးက သွားနေသည့် လမ်းကြောင်း ကို ပြောင်း၍ အမြန်ဆုံး ချီတက်ကြရန် သူ့ရဲဘော်များအား အမိန့်ပေးသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် အရှေ့ဘက်အရပ်သို့ ဦးတည်နေသော ညာဘက်လမ်းအတိုင်း လိုက်ကြသည်။ ဂျိုးသည် စစ်သားများ နှင့် အမီ အပြေးအလွှား လိုက်လျက်ရှိသည်။ ကျွန်တော်သည် သူ့ကျောပေါ်မှ လိမ့်ကျမသွားအောင် တအား ဖက်ထားရလေသည်။

အခုဆိုလျှင် ကျွန်တော်တို့ အားလုံးသည် ခြေကုန်သုတ်၍ ပြေးနေကြပြီ ဖြစ်၏။ ပြေးနေရင်းမှပင် ဂျိုးသည် စကားနှစ်လုံးကို အဆက်မပြတ် ရေရွတ်လာသည်။ သူသည် ကုန်းများ၊ ကမူများကို အပြေးအလွှားတက်၍

အပြေးအလွှား ဆင်းသည်။ ချိုင့်များ၊ ကျင်းများကို တအားကုန်ခုန်၍ ကျော်လွှားသည်။ ရေအိုင်များ နှင့် ရွှံ့ဗွက်များ အတွင်းသို့ ကျသည့် အခါ ကျသည်။ လူများသည် မည်သည့် နေရာများကို ဖြတ်၍ မည်သည့်နေရာဘက်သို့ ပြေးသွားနေကြသည် ကို ဂရုမစိုက်နိုင်။ အော်သံများ နှင့် နီးကပ်လာသည့် အခါတွင်မူ ကျွန်တော်တို့ ကြားနေရသော အော်သံသည် လူတစ်ယောက်တည်း၏ အသံ မဟုတ်မှန်း ခွဲခြား၍ သိလာရ၏။ တစ်ခါတစ်ရံတွင် အော်သံများသည် တစ်ပြိုင်နက်တည်း ရပ်သွားတတ်၏။ ထိုအခါ စစ်သားများသည် ရှေ့သို့ ဆက်မပြေးဘဲ ဖျတ်ခနဲ ရပ်၍ နားစွင့်နေတတ်ကြသည်။ အော်သံများ ပြန်ပေါ်လာသောအခါ စစ်သားများသည် စောစောက ပြေးနှုန်းထက် တစ်ဆတိုး၍ ပြေးကြပြန်သည်။ ကျွန်တော်တို့ ကလည်း သူတို့ နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်ကြသည်။ နောက်တစ်ခဏ အတွင်းတွင် “သတ်နေပါတယ်ဗျို့” ဟူသော အော်သံတစ်သံကို ပီပီသသ ကြားလိုက်ရပြီး တစ်ဆက်တည်းပင် “ထောင်ပြေးတွေဟ။ ထောင်ပြေးတွေ… ဒီဘက်မှာ လာကြဟေ့၊ ဒီဘက်ကို လာကြ” ဟူသော နောက်တစ်ဦး၏ အော်သံများကို ကြားရသည်။ ထို့နောက် နှစ်သံစလုံး ပျောက်သွားပြန်သည်။ နှစ်ဦးသား ထွေးလုံးရစ်ပတ် ဖြစ်နေခြင်းကြောင့် အသံပျောက်သွားခြင်း ဖြစ်ဟန်တူ၏။ ဤအခြေအနေကို ရိပ်စားမိသောအခါ စစ်သားများသည် အရှိန်ကို မလျှော့တော့ဘဲ တရကြမ်း ပြေးကြသည်။ ဂျိုးကလည်း စစ်သားများ နှင့် မျက်ခြည်ပြတ် မသွားအောင် ဒုန်းစိုင်း၍ လိုက်လေသည်။

တပ်ကြပ်ကြီးသည် ရှေ့ဆုံးမှ ပြေးသွားလျက်ရှိပြီး သူ့တပည့်စစ်သား နှစ်ဦးက သူနှင့် ကပ်၍ လိုက်ပါသွားကြသည်။ ကျွန်တော်တို့ ပြေးသွား နေခိုက်မှာပင် အသံများ တိတ်သွားသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် စစ်သားများသည် သေနတ်များကို မောင်းတင်ပြီး ချိန်ရွယ်ထားကြသည် ကို တွေ့ရ၏။

"နှစ်ယောက်စလုံး ဒီမှာ ဟေ့"

ရွှံ့ဗွက်အိုင်တစ်ခုအတွင်း၌ ခက်ခက်ခဲခဲ လူးလှိမ့်ရုန်းနေရသော တပ်ကြပ်ကြီးက မောကြီးပန်းကြီးနှင့် အော်ပြောသည်။

"ဟေ့ကောင်တွေ လက်မြှောက်၊တော်ကြစမ်း တိရစ္ဆာန်နှစ်ကောင်၊ အခုချက်ချင်း ရပ်လိုက်စမ်း"

ရေများသည် ဘေးပတ်ပတ်လည်သို့ စဉ်လျက် ရှိသည်။ ရွှံ့များသည် လေထဲတွင် ပျံ့ဝဲလျက် ရှိကြ၏။ ထို့နောက် ဆဲရေးတိုင်းထွာသံများ နှင့် ကျိန်ဆဲသံများ …။ ပြီးတော့ တစ်ယောက်နှင့် တစ်ယောက် ထိုးကြိတ်ကြသည့် အသံများ …။ စစ်သားများသည် ရွှံ့အိုင်အတွင်းသို့ဆင်းကာ တပ်ကြပ်ကြီးကို ဝင်ကူကြသည်။ လုံးထွေးသတ်ပုတ်နေသော လူနှစ်ယောက်ကို အတင်းဝင်ဆွဲကာ လူချင်းကွဲသွားအောင် ဖျဉ်ကြသည်။ ထိုးကြိတ်လုံးထွေးနေကြသူ နှစ်ဦးတွင် တစ်ဦးမှာ ကျွန်တောနှင့် သိနေသော ထောင်ပြေးဖြစ်၍ ကျန်တစ်ဦးမှာ ကျွန်တော် တစ်ခဏမျှ မြင်တွေ့လိုက်ရဖူးသော ထောင်ပြေး ဖြစ်၏။ နှစ်ယောက်စလုံး

သွေးသံရဲရဲနှင့် မြင်မကောင်း၊ ရှုမကောင်းဖြစ်လျက် ရှိကြသည်။ ပြီး အဆမတန် မောဟိုက်လျက် ရှိကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် စက်ဆုပ်မုန်း တီးနေကြသည့် လက္ခဏာဖြင့် အပြင်းအထန် သတ်ပုတ်လျက် ရှိကြလေသည်။ သူတို့ နှစ်ယောက် မည်မျှပင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေစေကာမူ ကျွန်တော်ကတော့ နှစ်ယောက်စလုံးကို ကောင်းစွာ မှတ်မိနေသည်။

"သိကြရဲ့လား" ဟု ကျွန်တော်သိသော ထောင်ပြေးက သူ့မျက်နှာပေါ်မှ သွေးစသွေးနများကို သူ၏ စုတ်ပြတ်နေသော အင်္ကျီလက်မောင်းဖြင့် သုတ်လိုက်ရင်း ရေရွတ်သည်။

"သူ့ကို ကျုပ်ဖမ်းပေးတာ၊ ကျုပ် ဒီကောင်ကို မရအရဖမ်းပြီး ခင်ဗျားတို့ လက်ထဲအပ်တာ၊ အဲဒါကိုတော့ သိကြပါ"

"သိပ်ပြီး အကျယ်ချဲ့ပြီး ပြောမနေနဲ့တော့ဟေ့" ဟု တပ်ကြပ်ကြီးက ပြန်ပြောသည်။ "မင်းဖမ်းပေးတော့ကော မင့်အတွက် သိပ်အကျိုးမထူးပါဘူး... ငါ့လူ၊ မင်းကိုယ်တိုင်ကလည်း ဒီအကောင်လို ထောင်ပြေးပဲ မဟုတ်လား၊ ကဲ့ ဟေ့ လက်ထိတ်တွေ ယူခဲ့ကြစမ်း"

"ကျုပ်မှာ အကျိုးရှိချင်လို့ လုပ်တာ မဟုတ်ဘူး ... ဗျို့၊ ဒီအကောင်ကို အခုလို ကျုပ်ကိုယ်တိုင် ဖမ်းပေးရတာနဲ့ပဲ ကျုပ်ကတော့ ကျေနပ်ပြီ" ဟုကျွန်တော့်မိတ်ဆွေ ထောင်ပြေးက အလွန်အားရဝမ်းသာ ဖြစ်နေသော အသံဖြင့် ရယ်၍ ပြောသည်။ "သူ့ကို ကျုပ်ဖမ်းတယ်၊ အဲဒါကို သူသိတယ်၊ ဒါဆိုရင် ကျုပ်အတွက် လုံလောက်နေပြီ"

တခြားထောင်ပြေး၏ မျက်နှာတစ်ခုလုံးမှာ အညိုအမည်းများ စွဲလျက်ရှိရုံမျှမက သူ့မျက်နှာ၏ ဘယ်ဘက်တစ်ခြမ်းသည် ပွန်းပဲ့စုတ်ပြတ်လျက် ရှိသည်။ တစ်ကိုယ်လုံးတွင်လည်း ထိုးကြိတ်ထုရိုက် ခံထားရသော ဒဏ်ရာများဖြင့် ပွနေဟန် ရှိသည်။ သူတို့ နှစ်ယောက်အား တစ်ယောက်စီခွဲ၍ လက်ထိတ်ခတ်ပြီးချိန်အထိ ထိုထောင်ပြေးသည် အမောမပြေ သေး။ အသက်ကိုပင် မှန်မှန်မရှူနိုင်ဖြစ်ကာ စကားမပြောနိုင်သေးဘဲ ဖြစ်လျက် ရှိ၏။ သူသည် လဲကျမသွားအောင် စစ်သားတစ်ယောက်ကို မှီ၍ ရပ်နေသည်။

"ကျွန်တော် တိုင်ထားပါရစေ.. ရဲဘော်၊ သူ ကျွန်တော့်ကို အသေသတ်ဖို့ ကြိုးစားတာ...ဗျ၊ သိလား" အမောပြေသွားသည် နှင့် တစ်ပြိုင်နက် ထောင်ပြေးက တိုင်သည်။

"သူ့ကိုသတ်ဖို့ ကြိုးစားတယ်၊ ဟုတ်လား" ဟု ကျွန်တော့်ထောင်ပြေး က အလွန် စက်ဆုပ်ရွံရှာသည့် လေသံဖြင့် ရေရွတ်လိုက်သည်။

"ကျုပ် သူ့ကို သတ်ဖို့ လုံးဝမကြိုးစားဘူး၊ ကျုပ် သူ့ကို ဖမ်းပေးတာ၊ ကျုပ်လုပ်တာ ဒါပဲ၊ ကျုပ် သူ့ကို ဒီစိမ့်မြေတွေရဲ့ ဟိုဘက်ကို ရောက်မသွားအောင် ဖမ်းပြီး ဒီနေရာအရောက် ဆွဲခေါ်လာတာဗျ၊ ကျုပ် ဆွဲလာရတာမှ အဝေးကြီးပဲ၊ ဒီအကောင်ယုတ်ကို ခင်ဗျားတို့ က လူကြီးလူကောင်း တစ်ယောက်လို့ ထင်ချင်လည်း

ထင်ကြပေါ့။ ကဲ.. အခု ဟောဒီလူကြီးလူကောင်း ကျုပ်ဖမ်းပေးလို့ တောင်သဘော်ပေါ် နောက်တစ်ကြိမ် ပြန်ရောက်ရတော့မယ်၊ သူ့ကို သတ်သတဲ့၊ ဟား...။ သတ်တော့ကော ဘာဖြစ်လဲ။ ကျုပ်သတ်လိုက်တဲ့ အကောင်ပဲဗျ။ ဒါပေမဲ့ ကျုပ်သတ်ဖို့ မကြိုးစားပါဘူး၊ တကယ်ပါ၊ ထောင်က လွတ်ပြေးချင်တဲ့ ကောင်ကို မလွတ်အောင် ဖမ်းပေးတာ... သူ့အတွက် ပိုဆိုးသွားတာပေါ့။ ဟုတ်ဖူးလား"

တခြားထောင်ပြေးသည် အသက်ကို မှန်မှန်မရှူနိုင်အောင် ဖြစ်နေသည့်ကြားမှပင် "သူ့.. ကြိုးစားတာဗျ၊ တကယ်ပြောတာ၊ သူ ကြိုးစားတာ၊ ကျွန်... ကျွန်တော်ကို သတ်မလို့ဗျ၊ ခင်ဗျားတို့ သက်သေပဲ" ဟု တတွတ်တွတ် ပြောလျက် ရှိလေသည်။

"ဒီမှာ ကျုပ် ပြောမယ်" ဟု ကျွန်တော့်ထောင်ပြေးက တပ်ကြပ်ကြီးဘက် လှည့်၍ ပြောသည်။ "ထောင်သဘော်ပေါ်က လွတ်လာတာ ကျုပ်တစ်ယောက်တည်းရယ်ဗျ၊ ကျုပ်ဘာသာကျုပ် ပြေးလို့ လွတ်တာ၊ သေလုအောင်အေးတဲ့ ဒီစိမ့်မြေတွေပေါ်မှာတောင် ကျုပ် ဘာမှမဖြစ်ဘူး၊ ကျုပ်ခြေထောက်ကို ကြည့်၊ သံခြေကျင်းကြီး မရှိတော့ဘူး၊ တကယ်လို့ ဒီအကောင်ကို ဒီနေရာမှာ လာမတွေ့ရင် ကျုပ် ကောင်းကောင်း လွတ်တာပေါ့၊ ဒီလိုကောင်မျိုးကို ကျုပ်က အလွတ်ပေး ရမတဲ့လား၊ ကျုပ်လုပ်တဲ့ နည်းမျိုးနဲ့ သူလွတ်သွားတာကို ကျုပ်က ဒီအတိုင်းထိုင်ပြီး ကြည့်နေရမတဲ့လား၊ ဒါဆိုရင် ကျုပ်ကို နောက်ထပ် ခုတုံးပြီး လွတ်ပြေးသလို ဖြစ်နေတော့မှာပေ့ဗျာ၊ ဒီလို နောက်တစ်ကြိမ် ဖြစ်ဖို့ ဆိုတာကတော့ ဘယ်နည်းနဲ့ မှ အဖြစ်မခံနိုင်ဘူး။ တကယ်ပြောတာပါ။ ဘယ်နည်းနဲ့ မှ အလွတ်မခံနိုင်ဘူး။ ဒီနေရာမှာတင် သေချင်သေသွားပါစေ၊ ဘယ်ရမလဲ" သူသည် အားရပါးရ ပြောနေရင်းက.. သူတို့ နှစ်ယောက် အကြိတ်အနယ် လုံးထွေးသတ်ပုတ်ခဲ့သော ဗွက်အိုင်ကို လက်ထိတ်ခတ်ထားသည့် လက်နှစ်ဖက်ဖြင့် ညွှန်ပြလိုက်သေးသည်။ "မြင်တယ် မဟုတ်လား၊ ကျုပ်က ဟောဒီ လက်နှစ်ဖက်နဲ့ အဲဒီအိုင်ထဲမှာညှစ်ထားတာ၊ အဲသလို မိမိရရ ဖမ်းထားလို့ ခင်ဗျားတို့ ဒီအကောင်ကို မိတာ"

သူ့အား ဖမ်းပေးခဲ့သော ထောင်ပြေးကို အလွန်အမင်း ကြောက်လန့်နေပုံရသည့် ထောင်ပြေးကမူ "သူ ကျွန်တော့်ကို အသေလုပ်တာဗျ ခင်ဗျားတို့သာ အချိန်မီ ရောက်မလာရင် ကျွန်တော် သေမှာ " ဟု ထပ်ပြောသည်။

"ဒီအကောင် လိမ်တာ.. ဗျ" ဟု ကျွန်တော့်ထောင်ပြေးက ဒေါသတကြီးဖြင့် ပြောသည်။ "ဒီအကောင်ဟာ မွေးကတည်းက လူလိမ်၊ သေရင်လည်း လူလိမ်တစ်ယောက်ဘဝနဲ့ပဲ သေမယ့်ကောင်၊ သူ့မျက်နှာကို ကြည့်ပါလား၊ လိမ်မယ့်ညာမယ့်ပုံက... ပေါ်နေတာပဲ၊ ခင်ဗျားတို့ အကောင်ကို ကျုပ်မျက်နှာ ကြည့်ခိုင်းစမ်းပါ။ ဒီအကောင် ကျုပ်မျက်နှာကို စေ့စေ့မကြည့်ဝံ့ပါဘူးဗျ"

တခြားထောင်ပြေးသည် လှောင်ပြုံး ပြုံးရန် အားထုတ်သည်။ သို့သော်လည်း မရချေ။ သူသည် စစ်သားများကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး စိမ့်မြေများကို

တစ်လှည့်၊ မိုးကောင်းကင်ကို တစ်လှည့် ကြည့်နေသည်။ သူ့အား စွပ်စွဲလိုက်သည့် ထောင်ပြေး၏ မျက်နှာကိုမူ လုံးဝ လှည့်မကြည့်ပေ။

"ခင်ဗျားတို့ မြင်ကြတယ် မဟုတ်လား" ဟု ကျွန်တော့်ထောင်ပြေးက ထပ်ပြောသည်။ "ဘယ်လောက်ဆိုးတဲ့၊ ယုတ်တဲ့ အကောင်ဆိုတာ ခင်ဗျားတို့ မြင်ကြရဲ့လား သူ့မျက်လုံးတွေကို ကြည့်ကြစမ်းပါ၊ လုံးဝ ဂနာမငြိမ်ဘူး၊ တွေ့လား၊ တရားရုံးမှာ ကျုပ်တို့ နှစ်ယောက် အစစ်ဆေး ခံရတုန်းကလည်း သူ့မျက်လုံးတွေဟာ ဒီပုံအတိုင်းပဲ၊ လုံးဝ ကျုပ်မျက်နှာ ကို မကြည့်ဝံ့ဘူး"

ထိုအခါ သူ့နှုတ်ခမ်းများကို လျှာနှင့် တောက်လျှောက်လျက်နေသော တခြားထောင်ပြေးက ဂနာမငြိမ် ဖြစ်နေသော သူ့မျက်လုံးများဖြင့် ကျွန်တော့်ထောင်ပြေး၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး "မင့်မျက်နှာမှာ ကြည့်ချင်စရာ ဘာများ ရှိလို့ လဲ...ကွ" ဟု ပြောလိုက်သည်။ ထို့နောက် ချက်ချင်းပင် သူ့မျက်လုံးများကို လက်ထိတ်ခတ်ထားသည့် လက်နှစ်ဖက်ဆီသို့ ပြောင်းလိုက်သည်။ ဤစကားကို ကြားလိုက်သောအခါ ကျွန်တော့်ထောင်ပြေးသည် အရူးတစ်ယောက်သဖွယ် ဒေါသူပုန် ထလာသည် ဖြစ်ရာ တစ်ဖက်လူ၏ အပေါ်သို့ ခုန်၍ အုပ်လိုက်ရန် ဟန်ပြင်သည်။ သို့သော်လည်း စစ်သားများက ကြားမှ တားဆီးထားလိုက်သဖြင့် သူ့အကြံမှာ မဖြစ်တော့ပေ။ ထိုအခါ တခြားထောင်ပြေးက "ကဲ... တွေ့လား၊ ဒီအကောင် ကျွန်တော့်ကို သတ်မလို့ လုပ်ခဲ့ပါတယ်လို့ ခင်ဗျားတို့ကို ပြောခဲ့သားပဲ" ဟု ရေရွတ်သည်။ သူသည် ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်လျက် ရှိရုံမျှမက နှုတ်ခမ်းများမှာလည်း ဆီးနှင်းခဲကဲ့သို့ ဖြူဖွေးလျက် ရှိလေသည်။

"ဒီငြင်းခုံပွဲကို ရပ်လိုက်တော့၊ တော်လောက်ပြီ" ဟု တပ်ကြပ်ကြီးက ပြောသည်။

"မီးတိုင်တွေကို ထွန်းလိုက်တော့ဟေ့"

အခြားစစ်သားများ လို သေနတ်မကိုင်ဘဲ ခြင်းထောင်းကြီးတစ်လုံး ကိုင်ထားသော စစ်သားတစ်ဦးသည် ဒူးထောက်ထိုင်ကာ ခြင်းတောင်း ကို ဖွင့်နေသည်။ ကျွန်တော့်ထောင်ပြေးသည် ပထမဆုံးအကြိမ် သူ့ပတ်ဝန်းကျင်ရှိ လူများကို လှမ်းကြည့်ရာမှ ကျွန်တော့်ကို မြင်သွားသည်။ ထို အချိန်တွင် ကျွန်တော်သည် ဂျိုး၏ ကျောပေါ်မှ ဆင်းကာ ရေအိုင်အစပ်တွင် ရပ်လျက် ရှိ၏။ သူ ကျွန်တော့်ဘက်သို့ လှည့်ကြည့်လိုက်သည့် အခါကျွန်တော်ကလည်း သူ့မျက်နှာကို စိတ်အားထက်သန်စွာဖြင့် ပြန်၍ ကြည့်မိသည်။ ထို့နောက် ကျွန်တော်က မသိမသာလှုပ်ပြပြီး ခေါင်းကိုပါ ယမ်းပြလိုက်သည်။ သူ ကျွန်တော့်ဘက် လှည့်အကြည့်ကို စောင့်မျှော် နေသည်မှာ ကြာပြီ ဖြစ်၏။ သူ လှည့်ကြည့်လိုက်သည့် အခါတွင် ဤကိစ္စ၌ ကျွန်တော် လုံးဝ မပါကြောင်း သိသွားအောင် အချက်ပြမည်ဟု စိတ်ကူးထားခဲ့၏။ အခါအခွင့်သင့်၍ ကျွန်တော်က အချက်ပြလိုက်သည့် အခါတွင်မူ သူသည် ကျွန်တော့်မျက်နှာကို အလွန်ထူးဆန်းသော မျက်နှာထားမျိုးဖြင့်

ကြည့်လျက် ရှိသည်။ ကျွန်တော် ပြလိုက်သည့် အမူအရာ၏ အဓိပ္ပာယ်ကို သူ နားလည် မလည် မပြောနိုင်ပါ။ ကျွန်တော် သူ နှင့် စောစောက တွေ့ခဲ့ဖူးပြီ ဖြစ်၏။ ကျွန်တော့်မျက်နှာကို သူ ဤမျှလောက် ကြာကြာ မကြည့်ခဲ့ဖူးပါ။ ဤမျှလောက်အထိ ဂရုတစိုက် ကြည့်ခဲ့သည် ကိုလည်း ကျွန်တော် မမြင်ခဲ့ဖူးပါ။

ခြင်းတောင်းကိုင် စစ်သားသည်မီးတိုင်သုံးလေးတိုင်ထွန်းညှိလိုက်ပြီး တစ်တိုင်ကို သူ ကိုင်ကာ ကျန်မီးတိုင်းများကို တခြား လူများ လက်သို့ မျှပေးသည်။ ထိုအချိန်တွင် အတော်ကြီး မှောင်မိုက်လျက် ရှိလေပြီ။ ထိုနေရာမှ ကျွန်တော်တို့ မထွက်ခွာမီ စစ်သားလေးယောက်သည် တစ်ယောက်ကို တစ်ယောက် ကျောပေး၍ ရပ်ကာ သေနတ်များ ကို မိုးပေါ်သို့ ထောင်ပြီး နှစ်ကြိမ်မျှ လေထဲသို့ ပစ်ခတ်လိုက်ကြသည်။ ချက်ချင်းလိုလိုပင် ကျွန်တော်တို့ နောက်ဘက် အတော်အလှမ်းကွာဝေးသော နေရာမှ ထွန်းညှိလိုက်သော မီးတိုင်များ နှင့် ကျွန်တော်တို့ ရှေ့ မျက်နှာချင်းဆိုင်ရှိ မြစ်ကမ်းပါးတစ်ဖက်မှ ထွန်းညှိလိုက်သော မီးတိုင်များ ကို မြင်ကြရ၏။ "ကဲ... ကိစ္စအားလုံး ပြီးသွားပြီ" ဟု တပ်ကြပ်ကြီးက ရေရွတ်လိုက်ပြီး စစ်သားများ ဘက်သို့ လှည့်၍ "ချီတက်" ဟု အမိန့်ပေး လိုက်လေသည်။

ကျွန်တော်တို့ အချိန်အနည်းငယ်ကြာမျှ လျှောက်မိသောအခါ ကျွန်တော်တို့ ရှေ့တည့်တည့်မှ အမြောက်ပစ်သံ သုံးချက် ထွက်ပေါ်လာသည်။ အသံများမှာ ကျယ်လောင်ပြင်းထန်လွန်းသဖြင့် ကျွန်တော့်နားများ ကွဲကုန်လိမ့်မည်ဟုပင် ထင်လိုက်ရ၏။ တပ်ကြပ်ကြီးသည် ကျွန်တော့် ထောင်ပြေးကို တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီး "ကြားရဲ့လား၊ မင်းတို့ကို ထောင်သင်္ဘောက မျှော်နေပြီ၊ မင်းတို့ လာနေပြီဆိုတာ သူတို့ သိသွားပြီ၊ မရုန်းလေနဲ့ ... ငါ့လူ၊ ဒီဘက်နား တိုးလျှောက်" ဟု ပြောလေသည်။

ထောင်ပြေးနှစ်ယောက်ကို အတူတူ တွဲမထားချေ။ အစောင့်တစ်ယောက်စီ ချကာ ခွဲထားသည်။ ယခုအခါတွင် ကျွန်တော်သည် ဂျိုး၏ လက်ကိုဆွဲကာ လိုက်ပါလာလျက် ရှိ၏။ ဂျိုးသည် အခြားလက်တစ်ဖက်ဖြင့် မီးတိုင်တစ်တိုင်ကို ကိုင်ထားသည်။ မစ္စတာ ဝေါ့စလေက အိမ်ပြန်လိုသော်လည်း အဖြစ်အပျက်တစ်ခုလုံးကို အစမှ အဆုံး လိုက်ကြည့်မည်ဟု ဂျိုးက ဆုံးဖြတ်သည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် စစ်သားများ နှင့် အတူ လိုက်သွားကြသည်။ ယခုအပြန်ခရီးတွင်မူ လမ်းသည် ကောင်းလျက် ရှိသည်။ အများအားဖြင့် ကျွန်တော် တို့သည် မြစ်ကမ်းပါးအတိုင်း သွားကြရသည် က များ၏။ တစ်ခါတစ်ရံတွင် မူ လေရဟတ်တစ်ခုတလေကို ကျော်ဖြတ်သွားရပြီး ရွှံ့ညွန်ထူထပ်သော ရေလွှဲပေါက်တစ်ခုတလေကိုလည်း တွေ့ရတတ်၏။ ကျွန်တော်တို့ နောက်မှ မီးတိုင်တချို့ပါလာသည် ကို မြင်ရသည်။ ထိုမီးတိုင် အလင်းရောင်များကြောင့် ကျွန်တော်တို့ လျှောက်သွားနေကြသည့် လမ်းပေါ်တွင် အကွက်များ ဟိုတစ်ကွက် သည်တစ်ကွက် ထင်လျက် ရှိကြသည်။ ကျွန်တော့်အနေဖြင့်

ဘေးပတ်ပတ်လည်တွင် အမှောင်ထုများမှ တစ်ပါး တခြားဘာကိုမှ မမြင်ရပါ။ မီးတိုင်များကြောင့် ပတ်ဝန်းကျင်ရှိ လေထုသည် နွေးနွေးထွေးထွေး ရှိလာသည် ဖြစ်ရာ ကျွန်တော်တို့အတွက် များစွာမှပင် အဆင်ပြေပြီး လျှောက်သွားနေရသော ထောင်ပြေးနှစ်ယောက် အဖို့ကား မီးတိုင်များကို တခြားလူများ ထက် ပို၍ သဘောကျလိမ့်မည် ဟု ထင်မိသည်။ မည်သို့ပင်ဖြစ်စေ... ထော့နင်း.. ထော့နင်း လျှောက်နေရသော ထောင်ပြေးနှစ်ယောက်ကြောင့် ကျွန်တော်တို့ အားလုံး မြန်မြန်ဆန်ဆန် မလျှောက်နိုင်ကြပါ။ များစွာပင်ပန်းနွမ်းနယ်လျက် ရှိသော သူတို့ နှစ်ယောက် အမောဖြေရန်အတွက် ကျွန်တော်တို့သည် နှစ်ကြိမ်၊ သုံးကြိမ်မှ ရပ်နားရပါတော့သည်။

တစ်နာရီ၊ တစ်နာရီကျော်ကျော်မျှ သွားမိသောအခါ ကျွန်တော်တို့သည် သင်္ဘောဆိပ်အဖြစ် သတ်မှတ်ထားသော နေရာရှိ သစ်သားတဲ တစ်လုံးသို့ ဆိုက်ရောက်ကြသည်။ တဲအတွင်း၌ ရှိနေသော အစောင့်က ဆီး၍ မေးသဖြင့် တပ်ကြပ်ကြီးက ပြန်ဖြေသည်။ ထို့နောက် ကျွန်တော်တို့ အားလုံး ဆေးလိပ်နံ့နှင့် ထုံးဖြူနံ့လွှမ်းနေသော တဲအတွင်းသို့ ဝင်ခဲ့ကြ၏။ တဲအတွင်း၌ မီးဖိုတစ်ခုနှင့် မှန်အိမ်တစ်လုံး ရှိ၍ သေနတ်အချို့ကို တစ်နေရာ၌ ထောင်ထားသည်။ အခြားတစ်နေရာတွင် ဒရပ်တစ်လုံးနှင့် သစ်သားအိပ်စင် တစ်ခုရှိရာ အိပ်စင်မှာ စစ်သား တစ်ဒါဇင်ခန့်တော့ ချောင်ချောင်ချိချိ အိပ်နိုင်လိမ့်မည် ဖြစ်၏။ ထိုအိပ်စင်ပေါ်၌ ဂရိတ်ကုတ်ကြီးများကို ဝတ်၍ အိမ်နေကြသော စစ်သားသုံးလေးဦးသည် ကျွန်တော်တို့ အပေါ်တွင် များစွာ စိတ်ဝင်စားကြပုံ မပေါ်ပါ။ သို့သော်လည်း သူတို့သည် တစ်ချက်မျှ ခေါင်းထူပြီး ကျွန်တော်တို့အား အိပ်ချင်မူးတူးဖြင့် ကြည့်ကာ ချက်ချင်းပင် ပြန်၍ အိပ်သွားကြသည်။ တပ်ကြပ်ကြီးသည် တဲအတွင်း၌ အသင့်ရှိနေသော စာအုပ်ကြီးတစ်အုပ်တွင် အစီရင်ခံစာသဘောမျိုး ရေးသွင်းပြီးသော် ''တခြားထောင်ပြေး' ဟု ကျွန်တော်ခေါ်နေသည့် ထောင်ပြေးအား အစောင့်တစ်ယောက်နှင့် အတူသင်္ဘောပေါ်သို့ အလျင်ဆုံး တက်နှင့်ရန် လွှတ် လိုက်လေသည်။

ကျွန်တော့်ထောင်ပြေးသည် ကျွန်တော်တို့ ဟိုတစ်ကြိမ် ကြည့်ခဲ့ပြီး နောက်တွင် တစ်ကြိမ်မျှ ထပ်၍ မကြည့်တော့ပါ။ ကျွန်တော်တို့ လူစု တဲအတွင်း၌ ရပ်နေကြသည့် အခါတွင်လည်း သူသည် ကျွန်တော့်ကို မကြည့်။ သူသည် မီးဖိုရှေ့၌ ရပ်ကာ မီးဖိုကိုသာ စိုက်ကြည့်ပြီး တစ်စုံတစ်ခု ကို စဉ်းစားတွေးတောနေသည့်နှယ် ရှိသည်။ ထို့နောက် သူသည် သူ့ခြေထောက်များကို တစ်ဖက်စီအလှည့်ကျ ဖိုခနောက်ပေါ်တင်၍ မီးကင်သည်။ ထိုအခါကျတော့လည်း မကြာသေးမီက ရင်ဆိုင်ခဲ့ရသော စွန့်စားခန်းများတွင်ပါဝင်လှုပ်ရှားခဲ့ရသည့် သူ့ခြေထောက်များကို သနား ကရုဏာ ပြန်၍ ဖြစ်နေသည့်နှယ် ခြေထောက်များကိုသာ စူးစိုက်၍ ကြည့်လျက် ရှိ၏။ ထိုကဲ့သို့ ရှိနေရာမှ ရုတ်တရက် သူသည် တပ်ကြပ်ကြီး ဘက်လှည့်၍ စကားပြောသည်။

"အခု ထွက်ပြေးတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ကျုပ် တစ်ခုလောက် ပြောပါရစေ၊ ကျုပ်ကြောင့် တခြားလူတွေအပေါ်မှာ သံသယဖြစ်ကုန်မှာ စိုးလို့ ပြောချင်တာပါ"

"မင်း ကြိုက်တာ ပြောနိုင်တယ်" မီးဖိုရှေ့၌ လက်ပိုက်၍ ရပ်ကာ ထောင်ပြေး၏ မျက်နှာကို အေးတိအေးစက် မျက်နှာထားဖြင့် ကြည့်နေသော တပ်ကြပ်ကြီးက ပြန်ပြောသည်။ "ဒါပေမဲ့ ဒီနေရာမှာတော့ ပြောလို့ မရဘူး၊ မင်းပြောလိုတာကို ပြောနိုင်တဲ့ အခွင့်အရေး ရှိတယ်၊ နားထောင်တဲ့ အခွင့်အရေးလည်း ရှိတယ်၊ ဒီနေရာမှာတော့ မဟုတ်ဘူး၊ မင်ားသိတယ် မဟုတ်လား"

"ကျုပ် သိပါတယ်ဗျ၊ ဒါပေမဲ့ အခုပြောမယ့်ဟာက တခြားကိစ္စတစ်ခုပါ၊ လူတစ်ယောက်အနေနဲ့ အငတ်တော့ မခံနိုင်ဘူး မဟုတ်လား၊ ကျုပ်လည်း အငတ်မခံနိုင်ဘူးပေါ့၊ အဲဒါ ဟို.. တစ်ဖက်မှာ ရှိနေတဲ့ ရွာထဲက အတိုအထွာပစ္စည်း တချို့ ကျုပ် ယူခဲ့မိတယ်၊ စိမ့်မြေတောကြီးရဲ့ တစ်ဖက်မှာ ရှိနေတဲ့ ရွာထဲကပါ"

"မင်း ဆိုလိုတာက ပစ္စည်းခိုးခဲ့တယ်ပေါ့၊ ဟုတ်လား" ဟု တပ်ကြပ်ကြီးက မေးသည်။

"ဘယ်အိမ်က ဆိုတာ ကျုပ်ပြောပါ့မယ်၊ ပန်းပဲသမားတစ်ယောက်ရဲ့ အိမ်ကပါ"

"ဟော...ဗျ" ဟု တပ်ကြပ်ကြီးက ဂျိုးကို လှည့်ကြည့်လိုက်ပြီး ရေရွတ်သည်။

ဂျိုးကလည်း ကျွန်တော့်ကို လှည့်ကြည့်လိုက်ပြီး 'ဟောဗျ' ဟု ရေရွတ်သည်။

"အတိုအထွာပစ္စည်းလေးတွေပါ၊ ဘရန်ဒီနည်းနည်းနဲ့ ဝက်သားသွတ်မုန့်တစ်ခုပါ"

"ကဲ... ဘယ်လိုလဲ ပန်းပဲဆရာ၊ အဲဒီပစ္စည်းမျိုး ခင်ဗျားအိမ်မှာ ပျောက်ခဲ့သလား"

"ကျွန်တော့်မိန်းမတော့ ပျောက်တယ်၊ ခင်ဗျားတို့ အိမ်ထဲဝင်လာချိန်မှာ ပစ္စည်းပျောက်တာ သိစပဲ ရှိသေးတယ်၊ မင်းသိတယ် မဟုတ်လား.. ပစ်ပ်"

"သြော်... ဟုတ်လား" ကျွန်တော့်ထောင်ပြေးက ကျွန်တော့်ကို နည်းနည်းကလေးမှပင် လှည့်မကြည့်ဘဲ ဂျိုးကိုသာ စိတ်မကောင်း ဖြစ်သည့် မျက်နှာထားဖြင့် ကြည့်ပြီး ပြောသည်။ "ခင်ဗျားက ပန်းပဲဆရာကိုး၊ ဟုတ်လား၊ ဒါဆိုရင် ကျုပ် တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားတို့ မုန့်ကို ကျုပ်စားလိုက်မိတယ်"

"စားပါဗျာ၊ ကျွန်တော်ပိုင်ပစ္စည်း ဆိုရင် ကျွန်တော်က သဒ္ဓါပါတယ်" ဟု ဂျိုးက ပြန်ပြောသည်။ "ခင်ဗျား ဘာ လုပ်သွားတယ်ဆိုတာတောင် ကျွန်တော်တို့ မသိပါဘူး၊ ဒါပေမဲ့ဗျာ၊ တကယ်လို့ သိလည်း အဲဒီမုန့်ကလေးတစ်ခုကြောင့် လူတစ်ယောက် ငတ်ပြီး သေသွားတာကို ကျွန်တော်တို့ က မကြည့်ရက်ပါဘူး သနားစရာ ကောင်းလောက်အောင် ဒုက္ခဖြစ် နေတဲ့ လူကို ကူညီရမှာပေါ့၊ ဟုတ်ဖူးလားကွာ... ပစ်ပ်"

ယခင်တစ်ကြိမ်က ကျွန်တော် သတိထားမိခဲ့ဖူးသော အပြုအမူတစ်ခု ကို ကျွန်တော် မြင်ရပြန်သည်။ ကျွန်တော့်ထောင်ပြေး၏ လည်ချောင်းထဲတွင် တစ်စုံတစ်ခု တစ်နေသလို ဖြစ်လျက် ရှိ၏။ သူသည် ကျွန်တော်တို့ကို မကြည့်တော့ဘဲ မျက်နှာကို တစ်ဖက်သို့လှည့်ကာ ကျောပေး၍ ရပ်လိုက်သည်။ စောစောက ထွက်သွားသော လှေ ပြန်ရောက်လာသည်။ ကျွန်တော့်ထောင်ပြေးကို ပို့ရမည့် အစောင့်သစ်သားများကလည်း အဆင်သင့် ဖြစ်နေပြီ။ ကျွန်တော်တို့သည် ကျောက်တုံးများ၊ သစ်ငုတ်များ ခင်းထားသော လှေဆိပ်အထိ လိုက်သွားကြသည်။ စစ်သားများက ကျွန်တော့်ထောင်ပြေးကို လှေပေါ်သို့ တင်လိုက်ကြသည်။ လှေလှော်သူများမှာ သူ့လိုထောင်များပင် ဖြစ်သည်။ ထောင်သားများသည် သူ့ကို ပြန်တွေ့လိုက်ရသောအခါ အံ့သြခြင်းလည်း မဖြစ်။ စိတ်ဝင်စားပုံလည်း မပေါ်၊ ဝမ်းသာသည့် လက္ခဏာလည်း မပြ။ ဝမ်းနည်းသည့် အရိပ်အငွေ့လည်း မရှိ။ သူ့ကို ဆီးကြို၍ နှုတ်ဆက်သူလည်း မရှိ။ သူ လှေပေါ်သို့ ရောက်သွားသည် နှင့် တစ်ပြိုင်နက် လှေဝမ်းထဲမှ 'ဟေ့ကောင်တွေ လှော်ကြ' ဟူသော အသံတစ်သံကိုသာ ကြားရသည်။ အသံမှာ သိမ်သိမ် မွေ့မွေ့ မဟုတ်။ ကြမ်းတမ်းသည်။ ခွေးများကို ဟောက်လိုက်သည့် အသံမျိုး။ မီးတိုင်များ၏ အလင်းရောင်ဖြင့် ရွှံ့ဗွက်ထူထပ်လှသော ကမ်းခြေနှင့် ခပ်လှမ်းလှမ်း၌ ကျောက်ချ၍ ရပ်နေသည့်ထောင်သင်္ဘောမည်းမည်းကြီးကို ကျွန်တော်တို့ အားလုံး မြင်တွေ့နေရသည်။ သံချေး အထပ်ထပ် တက်နေသော သံကြိုးကြီးများ နှင့်လေးဘက်လေးတန်မှ ကာရံထားသည့် သင်္ဘောကြီးသည် ကျွန်တော်၏ ကလေး မျက်စိထဲ၌ အကျဉ်းသားကြီးတစ်ဦးနှင့် တူလျက် ရှိ၏။ ကျွန်တော့်ထောင်ပြေးကို သယ်ဆောင်သွားသော လှေသည် သင်္ဘောကြီးဘေးသို့ ကပ်သွားပြီး ကျွန်တော့်ထောင်ပြေးအား သင်္ဘောကြီးပေါ်သို့ ဆွဲတင်နေသည် ကို လှမ်းမြင်နေရ၏။ ကျွန်တော်တို့ ကြည့်နေခိုက်မှာပင် သူသည် ကျွန်တော်တို့ မျက်စိအောက်မှ ပျောက်သွားလေသည်။ ထို့နောက် တထိန်ထိန် တညီးညီး တောက်လောင်လျက်ရှိသော မီးတိုင်ထိပ်ဖျားများကို ရေထဲသို့ ထိုးနှစ်လိုက်ကြသည် ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်ကြီးကျသွားသည်။ ရှိရှိသမျှ အားလုံးသည် သူနှင့် အတူ လိုက်ပါ သွားသည့် နှယ် ရှိ၏။

*****

(၆)

ကျွန်တော်သည် ကိုယ့်နေအိမ်အတွင်းမှ အသေးအဖွဲပစ္စည်းများ ခိုးယူခဲ့မိသည့် အပြစ်မှ လုံးဝမျှော်လင့်ဘဲနှင့် လွတ်ခဲ့ရပြီ ဖြစ်၏။ ထိုအပြစ်နှင့် ပတ်သက်၍ ကိုယ့်စိတ်ကို ပြန်လည် ဆန်းစစ်ကြည့်လိုက်သည့် အခါ ကျွန်တော်သည် ထိုအပြစ်ကို အမှန်အတိုင်း ဝန်ခံလိုစိတ် မရှိဘဲ ဖြစ်လျက် ရှိလေသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာလည်း အခြေခံအားဖြင့် ဆိုးရွားယုတ်ညံ့သည့် စိတ်ထားကြောင့် မဟုတ်ဟုပင် ထင်မိပါသည်။

ဤကိစ္စနှင့် ပတ်သက်၍ ခိုးမှုပေါ်ပေါက်သွားမည်ကို စိုးရိမ်ထိတ်လန့်နေရသောစိတ် မရှိတော့သည့် အချိန်မှ စ၍ နောင်တရသောစိတ်သည် မဖြစ်ပေါ်တော့ပါ။ အထူးသဖြင့် ဤကိစ္စကို ကျွန်တော့်အစ်မ မစ္စက်ဂျိုးနှင့် ဆက်စပ်၍ စဉ်းစားလိုက်သည့် အခါတိုင်း နောင်တရလိုသောစိတ်သည် ကျွန်တော်နှင့် ပို၍ ဝေးသွားခဲ့သည်။ သို့သော်လည်း ကျွန်တော်သည် ဂျိုးကိုတော့ ချစ်သည်။ ချစ်မိခြင်းမှာလည်း ငယ်စဉ်တောင်ကျေး ကလေးဘဝက သူက ချစ်အောင်လုပ်ခဲ့၍ ချစ်ခဲ့မိခြင်း ဖြစ်ကောင်း ဖြစ်ပါ လိမ့်မည်။ မည်သို့ပင် ဖြစ်စေ ဤကိစ္စမျိုး ဂျိုးနှင့် ဆက်စပ်၍ စဉ်းစားလိုက်သည့် အခါတွင် မူ ကျွန်တော့်စိတ်သည် ဘဝင်မကျဘဲဖြစ်လျက် ရှိ၏။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော်၏ စိတ်တွင် (အထူးသဖြင့် ဂျိုး သူ့တံစဉ်းပျောက်၍ လိုက်လံရှာဖွေနေသည် ကို မြင်ရသောအခါ) ဂျိုးကိုတော့ အဖြစ်မှန်အတိုင်း ထုတ်ဖော်ပြောသင့်သည် ဟု ထင်မိသည်။ ဤကဲ့သို့ ထင်မိနေပါလျက်နှင့်ပင် ကျွန်တော်သည် ဂျိုးအား အဖြစ်မှန်ကို မပြောဖြစ်ခဲ့ပါ။ မပြောဖြစ်ခြင်း မှာလည်း အကြောင်းမဲ့ မဟုတ်ပါ။ အကယ်၍ ပြောလိုက်မည်ဆိုပါက ဂျိုး၏ အနေဖြင့် ကျွန်တော့်အား လူဆိုးလေးတစ်ယောက်ဟု ထင်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဂျိုးအနေဖြင့် ကျွန်တော့်အပေါ် ယုံကြည်မှု ကင်းမဲ့သွားမည်ကို စိုးရိမ်သောစိတ်သည် ကျွန်တော့်လျှာကို ဖမ်းဆီးချုပ်နှောင်ထားသလို ဖြစ်လျက်ရှိသည်။ အကယ်၍ ဂျိုးဘက်မှ ယုံကြည်မှု ကင်းမဲ့သွားပါမူ ညစဉ်ညတိုင်း မီးဖိုခေါင်း တိုင်ထောင့်၌ ထိုင်၍ ကျွန်တော်၏ ဆုံးရှုံးသွားပြီဖြစ်သော မိတ်ဆွေ ကောင်းတစ်ဦးအား ဝမ်းနည်းပက်လက်ဖြင့် ငေးမျှော်နေရမည့် အဖြစ်နှင့် ရင်ဆိုင်ရလိမ့်မည် ဖြစ်၏။ ထိုအဖြစ်မျိုးနှင့်သာရင်ဆိုင်ခဲ့ရပါမူ ကျွန်တော်သည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဖြစ်ရပေတော့မည်။ အကယ်၍သာ ဤကိစ္စကို ဂျိုးသိသွားခဲ့ပါမူ မီးဖိုဘေး၌ အေးအေးဆေးဆေးထိုင်ကာ သူ့မုတ်ဆိတ်သူ အသာအယာ ဆွဲရင်း စဉ်းစားစိတ်ကူးနေသည့် ဂျိုးကို ကျွန်တော် မြင်ရတော့မည် မဟုတ်။ စားပွဲပေါ်သို့ ရောက်လာသော အမဲသားနှင့် မုန့်များကို ကြည့်ပြီး ကျွန်တော်ဝင်၍များ ခိုးယူထားလေသလား ဟူသော သံသယစိတ် ဝင်နေသဖြင့် ယခင်ကလို စိတ်အေးနားအေး ရှိလှသည့် ဂျိုး၏ မျက်နှာကို မြင်ရတော့မည် မဟုတ်။ ထို့ပြင်လည်း ကျွန်တော်တို့

နှစ်ဦး၏ ဆက်ဆံရေးသည် တစ်မျိုးတစ်ဖုံ ဖြစ်လာစရာ ရှိ၏။ သူ ဘီယာသောက်သည့် အခါတိုင်း သူ့ဘီယာထဲ၌ ကတ္တရာဆေးရည်ပါ လာလေလားဟူသော မယုံသင်္ကာစိတ်ဖြင့် ချီတုံချတုံ လုပ်နေသည့် ဂျိုး၏ အဖြစ်ကို မြင်ရဖို့ များ နေ၏။ ဤအဖြစ်မျိုးကို မြင်ရတိုင်းလည်း ကျွန်တော်သည် မလုံမလဲ ဖြစ်ကာ ကျွန်တော့်မျက်နှာတစ် ခုလုံး နီရဲနေပေလိမ့်မည်။ တိုတိုနှင့် ရှင်းအောင်ပြောရမည် ဆိုပါမူ ကျွန်တော့်စိတ်က မှားသည် ဟု သိနေသော အရာတစ်ခုကို အလွန်သူရဲဘောနည်းစွာဖြင့် မလုပ်ဝံ့ဘဲ ဖြစ်နေသကဲ့သို့ စိတ်ထဲက မှန်သည် ဟု သိနေသောအရာကို အလွန် သူရဲဘောနည်းစွာဖြင့် မလုပ်ဝံ့ခြင်းသာ ဖြစ်လေသည်။ တကယ်တော့လည်း ကျွန်တော်သည် ထိုအချိန် ထိုအခါက ပြင်ပလောကကြီးနှင့် အဆက်အသွယ် ရှိသူ မဟုတ်။ ထို့ကြောင့်လည်း ပြင်ပလောကကြီး၏ အကြောင်းကို ဘာမှ မသိ။ ဤလိုကိစ္စမျိုးတွင် အခြားသူများ လုပ်သကဲ့သို့ အတုခိုးပြီး လုပ်ရစကောင်းမှန်းလည်း မသိ။ ဘယ်သူ့ ဆီကမှ မသင်မကြားရဘဲနှင့် တတ်မြောက်လာသည့် အသိစိတ်ကလေး တစ်ခုအရ ကြုံလာရသည့် အခြေအနေတစ်ရပ်ကို ကျွန်တော် ကောင်းသည် ဟု ထင်သောနည်းဖြင့် ဖြေရှင်းခဲ့ခြင်းမျှသာ ဖြစ်လေသည်။

ထိုညက ကျွန်တော်တို့ ပြန်လာကြသည့်အခါ ထောင်သင်္ဘောကြီးနှင့် အလှမ်းဝေးဝေးသို့ မရောက်ကြသေးမီမှာပင် ကျွန်တော်သည် မထိန်းနိုင်လောက်အောင် အိပ်ငိုက်လျက် ရှိလေပြီ။ ဤသို့ဖြင့် ဂျိုးက ကျွန်တော့်အား သူ့ကျောပေါ်သို့ တင်ပြီး အိမ်အရောက် သယ်ဆောင်လာခဲ့၏။ ထိုညက အပြန်ခရီးသည် ဂျိုးအဖို့ အဆမတန်ပင်ပန်းသော ခရီးတစ်ခု ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သူ့သဘောနှင့်သူ လိုက်လာခဲ့သော မစ္စတာဝေါ့စလေသည် အလွန်အမင်းပင်ပန်းမောဟိုက်လျက် ရှိသည်ကို အကြောင်းပြု၍ တစ်လမ်းလုံး ဂျီတိုက်လာခြင်းကြောင့်ပေတည်း။ သူ မောလေလေ ဒေါသကြီးလေ ဖြစ်လာသော မစ္စတာဝေါ့စလေ သည် သူသာလျှင် ဘုရားရှိခိုးကျောင်း၏ ဩဇာအာဏာကို လွတ်လပ်စွာ အသုံးပြုခွင့် ရမည်ဆိုပါက ဂျိုးနှင့် ကျွန်တော်မှ စပြီး ဤခရီးတွင် လိုက်ပါလာသည့် လူအားလုံးကို အပြစ်ဒဏ်ခတ်သည့် အနေဖြင့် ကြဉ်ပစ်မည် ဟု ကြိမ်းမောင်းလျက် ရှိသည်။ အမောပြေနားကြသည့် အခါတွင်လည်း ဤမျှလောက် စွတ်စိုလျက်ရှိသော နေရာများတွင် သူဖင်ချ၍ မထိုင်နိုင်ဟု အလွန်ခေါင်းမာစွာဖြင့် ငြင်းဆန်လျက် ရှိ၏။ သို့သော်လည်းအိမ်ပြန်ရောက်ကြ၍ သူ့ကုတ်အင်္ကျီကို မီးကင်ရန် ချွတ်လိုက်သည့် အခါတွင် မူကား လမ်း၌ သူထိုင်ခဲ့ကြောင်းကို သူ့ဘောင်းဘီက သက်သေခံလျက် ရှိ၏။ အကယ်၍ လမ်း၌ ထိုင်ခဲ့ခြင်းသည် သေဒဏ်ပေးထိုက်သည့်အပြစ်တစ်ခုသာ ဖြစ်ခဲ့ပါမူ မစ္စတာဝေါ့စလေသည် သူ့ဘောင်းဘီက သက်သေခံသဖြင့် ကြိုးပေးခံရမည်မှာ မလွဲပေ။

ထိုအချိန်တွင် ကျွန်တော်သည် မီးဖိုခန်းကြမ်းပြင်ပေါ်၌ အရက်မူး သမား

တစ်ယောက်သဖွယ် ဒယိမ်းဒယိုင်ဖြစ်ကာလေးဘက်သိုင်းနင်းလျက် ရှိသည်။ တစ်လမ်းလုံး ဂျိုး၏ ကျောပေါ်၌ အိပ်ပျော်လာခဲ့သည် ဖြစ်ရာ အိမ်ထဲသို့ ရောက်၍ ကြမ်းပေါ်သို့ ချပေးလိုက်သည် နှင့် တစ်ပြိုင်နက် အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေသော ကျွန်တော်သည် အခန်းတွင်းရှိ အပူငွေ့၊ အလင်းရောင်နှင့် ဆူဆူညံညံ ပြောနေကြသည့် စကားသံများကြားတွင် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင် မသိမ်းနိုင် ဖြစ်လျက် ရှိ၏။ ကျွန်တော် လန့်နိုးလာသည့် အခါ (ကျွန်တော့်ခေါင်းပေါ်သို့ ပြင်းထန်စွာ ကျလာသည့် လက်သီးချက်နှင့် "ကဲ... မှတ်ကရော၊ ဒီလို ကောင်လေးမျိုးကို တွေ့ဖူးကြရဲ့လားတော်" ဟူသော ကျွန်တော့်အစ်မ ၏ အားတိုးဆေးနှင့် တူလှသည့် အသံကြီးများ အကူအညီကြောင့် နိုးလာခြင်း ဖြစ်သည်။) ဂျိုးက ဧည့်သည်များအား ထောင်ပြေးတစ်ယောက်၏ ဖွင့်ဟဝန်ခံချက်ကို ပြောပြလျက် ရှိလေသည်။ ဧည့်သည်များကလည်း အစားအစာများ ထားရာ အခန်းတွင်းသို့ ထောင်ပြေး မည်သည့် လမ်းမှ ဝင်ရောက်သည် ကို ထင်မြင်ချက်အမျိုးမျိုး ပေးလျက် ရှိကြ၏။ ဦးလေး ပန်ဘဲလ်ချူကမူ အိမ်၏ အပြင်အဆင်၊ အခင်းအကျင်း၊ အနေအထားအားလုံးကို စနစ်တကျ လေ့လာပြီး ထောင်ပြေးသည် ရှေ့ဦးစွာ ပန်းပဲဖို ခေါင်မိုးပေါ်သို့ တက်ကာ ထိုမှ တစ်ဆင့် အိမ်မကြီး၏ ခေါင်မိုးပေါ်သို့ ကူးလိမ့်မည် ဖြစ်ကြောင်း၊ ထို့နောက် မီးဖိုခေါင်းတိုင် အတိုင်း ကြိုးတစ်ချောင်းဖြင့် ဆင်းလိမ့်မည် ဖြစ်ကြောင်း စသည်ဖြင့် သူ့ထင်မြင် ချက်ကိုပြောသည်။ ဦးလေးပန်ဘဲလ်ချူပြောနေပုံမှာ အခိုင်အမာအတိအကျ ရှိလွန်းခြင်းနှင့် ကိုယ်ပိုင်မြင်းလှည်းစီးနိုင်ခြင်း စသည်တို့ ကြောင့် သူ၏ထင်မြင်ယူဆချက်သည် ကျန်လူစု အပေါ်တွင် လွှမ်းမိုးလျက်ရှိသည် ဖြစ်ရာ နောက်ဆုံး၌ အားလုံးက သူပြောသည့်အတိုင်း ဖြစ်ရမည်ဟု လက်ခံလိုက်ကြသည်။ အလွန်မောပန်းနွမ်းနယ် လျှက်ရှိသော မစ္စတာဝေါ့စလေ တစ်ယောက်ကသာ 'မဖြစ်နိုင်ဘူး' ဟု ထ၍ ကန့်ကွက်သည်။ သို့သော်လည်း သူ၏ ကန့်ကွက်ချက်အတွက် ခိုင်လုံသော အထောက်အထားမရှိခြင်းနှင့် သူ့ကိုယ်ပေါ်၌ ကုတ်အင်္ကျီမရှိခြင်းတို့ကြောင့် အားလုံးက သူ့ကန့်ကွက်ချက်ကို တညီတညွတ်တည်း ပယ်ချ လိုက်ကြသည်။ သို့သော်လည်း မီးဖိုကို ကျောပေးပြီး သူ့ဘောင်းဘီအစို ခြောက်သွားစေရန် မီးကင် နေရသော သူ့အဖြစ်ကိုမူ ယုံကြည်မှုကင်းမဲ့စရာ အထောက်အထားတစ်ခု အဖြစ် မည်သူကမှ ထည့်မတွက်ကြတော့ပါ။

ဤအရာအားလုံးသည် ကျွန်တော့်အစ်မက ကျွန်တော့်အား ဧည့်သည်များ၏ မျက်စိအောက်၌ အိပ်ချင်မူးတူးဖြစ်ခြင်းတည်းဟူသော အပြစ်ကြီးတစ်ခုကို ကျူးလွန်နေသည်ဟု ယူဆကာ လည်ကုပ်မှကိုင်ဆွဲပြီး အိပ်ရာထဲသို့ အပို့မခံရမီ ထိုညက ကျွန်တော် ကြားခဲ့သမျှဖြစ်၏။ ကျွန်တော့် လည်ကုပ်ကို ကိုင်ဆွဲထားသည့် ကျွန်တော့် အစ်မ၏လက်မှာ သန်မာတောင့်တင်းလွန်းလှသည်ဖြစ်ရာ ကျွန်တော့်မှာ ဘွတ်ဖိနပ် အရန်ငါးဆယ်ခန့်ကို စီးထားသည်ဟုပင် ထင်မိသည်။ ကျွန်တော့် ခြေထောက်များသည် လှေကားထစ်စွန်းများကို တရွတ်တိုက်ပြီး တွဲလောင်း. . .

တွဲလောင်းနှင့် ပါသွား ခဲ့ရခြင်းဖြစ်၏။ ကျွန်တော်၏ စိတ်အခြေအနေမှာမူ ကျွန်တော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပင်ဖြစ်သည်။ လူအများက ထိုအကြောင်းအရာကို မေ့ပျောက်သွားချိန်အထိ ဤအတိုင်းပင် တည်နေခဲ့သည်။ ဤသို့ဖြင့် ဤအကြောင်းအရာသည် ထူးခြားသော အခြေအနေများ ရှိလာသည့် တိုင်အောင် ထုတ်ဖော်ပြောဆိုရမည့် ကိစ္စတစ်ခု ဖြစ်မလာတော့ပေ။

*****

(၇)

သင်္ချိုင်းထဲ၌ ရပ်၍ ကျွန်တော့်မိသားစု၏ မြေပုံများပေါ် စိုက်ထားသော ကျောက်တိုင်များ ပေါ်မှ စာတန်းများကို ဖတ်ရှုနေသည့် အချိန်က ကျွန်တော်သည် စာလုံးများကို ပေါင်း၍ ဖတ်နိုင်စ ဖြစ်သည်။ စာလုံးများကို ပေါင်း၍ ဖတ်တတ်သည် ဟု ဆိုရသော်လည်း အဓိပ္ပာယ် ကျတော့ မှန်မှန်ကန်ကန် မသိ။ အလွန်လွယ်ကူသည့် စာလုံးများကိုပင် တိတိကျကျ အဓိပ္ပာယ်မသိဘဲ ဖြစ်နေတတ်သည်။ "အထက်ပါ ပုဂ္ဂိုလ် ၏ ဇနီး" ဟူသော စာတန်းကို ဖတ်မိသောအခါ အကောင်းဆုံးသော ဘုံတစ်ခုသို့ ဆိုက်ရောက်တော့မည့် ကျွန်တော့်အဖေ၏ မြင့်မြတ်သော အခြေအနေကို ရည်ညွှန်းသည် ဟု ထင်မိသည်။ "အောက်ပါတို့ " ဟူသော စကားလုံးကို ဖတ်မိသောအခါတွင် မူ ကွယ်လွန်သွားရှာကြပြီ ဖြစ်သော ကျွန်တော့်သားချင်းများသည် အနိမ့်ဆုံးသော လောကတစ်ခုသို့ သက်ဆင်းကြရတော့မည် ဟူသော အတွေးမျိုး ဝင်လာသည်။ ဤအတွေးများသည် ဘာသာရေးနှင့် ဆက်စပ်ပြီး ပေါ်လာသော အတွေးများ မဟုတ်ပါ။ ဘာသာတရားနှင့် ဆက်စပ်ပြီး ပေါ်လာသော အတွေးများ မဟုတ်ပါ။ ဘာသာတရားနှင့် ပတ်သက်၍ အမေးအဖြေနည်းဖြင့်သာ လေ့လာသင်ကြားခဲ့ရသော ကျွန်တော်သည် ဤမျှလောက်အထိ နက်နက်နဲနဲ တွေးနိုင်သည် မဟုတ်ပါ။

အရွယ်ရောက်လာသည့် အခါတွင် ကျွန်တော်သည် ပန်းပဲဖိုဌ ဂျိုး၏လက်ထောက်အဖြစ် လုပ်ရမည်ဟု ရည်မှန်းထားပြီး ဖြစ်၏။ ပန်းပဲဆရာ၏ လက်ထောက်ဟူသော အမည်နာမကို မခံယူနိုင်သေးမီ ကြားကာလအချိန်တွင် မူ ကျွန်တော့်အစ်မက ကျွန်တော့်အား "ပေါက်လွှတ်ပဲစား" မထားနိုင်ဟု ဆုံးဖြတ်ထားသည် ဖြစ်ရာ ကျွန်တော်သည် ဂျိုး၏ ပန်းပဲဖိုတွင် လက်တိုလက်တောင်း အလုပ်ဟူသမျှကို လုပ်ပေးရသည် သာမက အိမ်နားနီးချင်းများ ထံတွင် ငှက်များ ခြောက်ပေးရန်နှင့် ကျောက်ခဲများ သယ်ပေးရန် စသော တောက်တိုမည်ရ အလုပ်များ ရှိလာသည့် အခါများတွင်လည်း ကျွန်တော်ကပင် သင့်တော်သည့် အခကြေးငွေယူ၍ လုပ်ကိုင်ပေးရ၏။ ရလာသည့် လုပ်ခများကို ကျွန်တော့်အစ်မက စုဘူးတစ်လုံးနှင့် ထည့်ကာ လူအများ မြင်သာသည့် မီးဖိုချောင်ထဲရှိ ကြောင်အိမ်ပေါ်၌ တင်ထားသည်။ ယင်းကဲ့သို့ ကျွန်တော့်လုပ်ခများကို စုဘူး ထဲသို့ မှန်မှန်ထည့်နေရခြင်းသည် တစ်မျိုးသားလုံး၏ ကြွေးမြီကို ပံ့မှန် ပေးဆပ်နေရသည် ဟု ကျွန်တော့်စိတ်က ထင်မိသည်။ မည်သို့ပင်ဖြစ်စေ ဤစုဆောင်းမှုအပေါ်တွင် သံယောဇဉ်ထား၍ မဖြစ်နိုင်သည့် အခြေအနေကိုမူ ကျွန်တော် နားလည်ထားလေသည်။

ရွာထဲတွင်ညကျောင်းတစ်ကျောင်းရှိရာ ထိုကျောင်းကိုဖွင့်ထားသူမှာ မစ္စတာဝေါ့စလေ၏ ကြီးတော်ကြီး ဖြစ်၏။ အလွန်အိုမင်း လှုပြီဖြစ်သော ထိုအဘွားကြီး၏ စာသင်ပြပုံ သင်ပြနည်းမှာ ရယ်ဖွယ် ကောင်းလှ၏။ တစ်ပတ်လျှင်

နှစ်ပဲနိမ့်ျ လခပေး၍ ကျောင်းတက်နေကြသော ကျောင်းသား၊ ကျောင်းသူများ ၏ တိုးတက်ရာ တိုးတက်ကြောင်း အတွက် သူသည် ညစဉ်ညတိုင်း ခြောက်နာရီ၊ ခုနစ်နာရီအထိ ကျောင်းသားများ ၏ ရှေ့မှောက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေလေ့ ရှိသည်။ သူ ငှားနေသည့် အိမ်မှာ ကော့တိတ်ချ်ခေါ် တစ်ထပ်တိုက်အိမ်ကလေး ဖြစ်၍ သူ့တူ မစ္စတာ ဝေါ့စလေက အပေါ်ထပ် အခန်းတွင် နေထိုင်လျက် ရှိလေသည်။ မစ္စတာ ဝေါ့စလေ၏ အခန်းသည် ကျွန်တော်တို့ ခေါင်းပေါ် တည့်တည့်၌ ရှိလေရာ သံနေသံထားနှင့် ဟိတ်ဟန်ထုတ်၍ ကျယ်လောင်စွာ အော်ဖတ်နေသော သူ၏ စာဖတ်သံကို ကြားရတတ်၏။ ယင်းကဲ့သို့ စာကို အော်ဖတ်နေရာမှ ရံဖန်ရံခါတွင် ကြမ်းပြင်ကို ခြေထောက် နှင့် ဆောင့်လိုက်သေး၏။ မစ္စတာဝေါ့စလေသည် ကျွန်တော်တို့ ကျောင်းသားများအား သုံးလတစ်ကြိမ် စစ်ဆေးခြင်း ပြုသည် ဟု လူသိရှင်ကြား ကြေညာထားသော်လည်း အမှန်အားဖြင့် ကျွန်တော်တို့အား စစ်ဆေးခြင်း ပြုသည် မဟုတ်၊ ကျွန်တော်တို့အား စစ်ဆေးရန် ဟူသော အကြောင်းပြချက်ဖြင့် ရောက်လာသည့် အခါများတွင် သူသည် အင်္ကျီ လက်မောင်းများကို ပင့်တင်၍ ရှိတ်စပီးယားပြဇာတ်ထဲမှ ဂျူးလီယက် ဆီဇာ၏ အလောင်းရှေ့တွင် ပြောကြားခဲ့သော မတ်အန်ထော်နီ၏စကားများကို သူ့ခေါင်းပေါ်မှ ဆံပင်များ ထောင်ထလာသည် အထိ အော်ကြီးဟစ်ကျယ် ရွတ်ပြတတ်သည်။ ထို့နောက် ကောလင်းတပ်မက်ခြင်းများ လင်္ကာကြီးကို သံနေသံထားဖြင့် ရွတ်နေတတ်သည်။ ထိုလင်္ကာကြီးကို ရွတ်ပြနေသည့် အခါများတွင်မူ ကျွန်တော်သည် မစ္စတာဝေါ့စလေ၏ အပေါ်၌ ကြည်ညိုလေးစားခြင်း ဖြစ်မိ၏။ သူ့အား သွေးစွန်းနေသော ဓားကြီးကို မိုးချုပ်သံတမျှ ကျယ်လောင်သော အသံကြီးမျိုး ထွက်ပေါ်လာအောင် တအားဆောင့်၍ ပစ်ချလိုက်ပြီး စစ်ပွဲကို ရပ်ဆိုင်းရန် အချက်ပေးရမည့် ခရာကြီးကို အလွန်ကြေကွဲဝမ်းနည်းသော အကြည့်ဖြင့်ကြည့်၍ ကောက်ယူလိုက်သည့် ထို ကဗျာကြီးထဲမှာ အာဃာတသမားကြီး အဖြစ် မြင်နေမိသည်။ သို့သော်လည်း နောင်အခါ ကျွန်တော် အသက်အရွယ်ကြီးပြင်းလာ၍ တပ်မက်မှုများနောက် တစ်ကောက်ကောက် လိုက်နေကြသည့် လူ့အဖွဲ့အစည်းကြားသို့ ကျွန်တော်ကိုယ်တိုင် ကျရောက်သွားရသည့် အခါတွင် မူကား ထိုအမြင်သည် လုံးဝ ပျောက်သွားသည်။ ကောလင်းနှင့် ဝေါ့စလေတို့ အား တပ်မက်မှုများ နောက် တကောက်ကောက် လိုက်နေကြသူများ နှင့် နှိုင်းယှဉ်ကြည့်လိုက်သည့် အခါ ထိုပုဂ္ဂိုလ်နှစ်ဦး ၏ အရေးမလှမှုများကို သာ ကျွန်တော် မြင်နေရပါတော့သည်။

မစ္စတာ ဝေါ့စလေ၏ ကြီးတော်ကြီးသည် သူကျောင်းဖွင့်ထားသည့် အခန်းထဲမှာပင် တိုလီမိုလီပစ္စည်း အရောင်းဆိုင်လေးတစ်ဆိုင် ဖွင့်ထားသည်။ သို့သော်လည်း အဘွားကြီးသည် သူ့ဆိုင်ထဲ၌ ဘာပစ္စည်းများ ရှိနေသည် ကို မည်မည်ရရ မသိရုံမျှမက ရှိနေသည့် ပစ္စည်းများ ၏ ဈေးနှုန်းကိုလည်း သူ မသိချေ။ အံဆွဲတစ်လုံးထဲ၌ ထည့်ထားသော အရောင်အဆင်းပင် မပေါ်တော့သည့်

စာအုပ်ဟောင်းကြီးတစ်အုပ်ရှိရာ ထိုစာအုပ်ကြီးကပင် စျေးနှုန်းစာရင်းစာအုပ်ကြီးအဖြစ် အသုံးတော်ခံရ ၏။ သို့ဖြစ်ရာ ဘစ်ဒီသည် ဆိုင်၏အရောင်းအဝယ်ကိစ္စများ ပေါ်လာသည့်အခါတိုင်း ထိုစာအုပ်ကြီးကိုပင်အသုံးပြုရသည် ဘစ်ဒီမှာ မစ္စတာ ဝေါ့စလေကြီးတော်၏ မြေး ဖြစ်၏။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက ဘစ်ဒီသည် မစ္စတာဝေါ့စလေနှင့် ကျတော့မည်ကဲ့သို့တော်စပ်သည် ကို ကျွန်တော် စဉ်းစား၍ မရချေ။ ဘစ်ဒီသည်ကျွန်တော့်လိုပင် မိဘမဲ့ကလေးတစ်ဦးဖြစ်၍ ကျွန်တော့်လိုပင် လက်နှင့် မကွာအုပ်ထိန်းခြင်းခံလာ ခဲ့ရသူ ဖြစ်၏။ ဘစ်ဒီနှင့် ပတ်သက်၍ အလွန်ထူးခြားသည့်အရာတစ်ခုမှာ သူ၏ ခြေထောက်များ နှင့် လက်များ ဖြစ်သည် ဟု ကျွန်တော်ထင်မိပါသည်။ ဘစ်ဒီ၏ ဆံပင်များမှာ ဘယ်တော့မှ သပ်သပ်ရပ်ရပ် မရှိဘဲအမြဲတစေ ဖြီးဖို့ လိုနေသည် ကို တွေ့ရ၏။ သူ့လက်များမှာလည်း အမြဲတမ်းလိုလိုဆေးကြောသန့်စင်ဖို့ လိုနေသည် က များ ၏။ သို့သော်လည်း တစ်ပတ်လျှင်တစ်ရက်ကတော့ ခြွင်းချက်ရှိသည်။ တနင်္ဂနွေနေ့များကျတော့လည်း ဘစ်ဒီသည်ယခု ကျွန်တော်ပြောခဲ့သည့် ပုံစံမျိုး မဟုတ်တော့ပေ။ အစွမ်းကုန်ဖြီးလိမ်းပြင်ဆင်ကာ ဘုရားရှိခိုးကျောင်းသို့ ကြော့ကြော့မော့မော့ သွားလေ့ရှိလေသည်။

ကျွန်တော် စာတတ်လာခြင်းမှာ မစ္စတာ ဝေါ့စလေ၏ ကြီးတော်ကြောင့်မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင်၏ ကြိုးစားအားထုတ်မှုနှင့် ဘစ်ဒီ၏သင်ကြားပြသမှုတို့ကြောင့် ဖြစ်၏။ အက္ခရာစာလုံးများကိုလေ့လာကျက်မှတ်နေရသည်မှာ ဆူးချုံတစ်ချုံကို ဖြတ်၍ ထိုးထွက်နိုင်ရန်ရုန်းကန်လှုပ်ရှားနေရသည် နှင့် တူလှပါသည်။ စာလုံးတိုင်းကို မှတ်မိဖို့ အတွက်ကျက်ရမှတ်ရ ရေးရခြစ်ရသည် မှာလည်း များစွာမှပင် စိတ်ပန်းကိုယ်ပန်းရှိလှပါသည်။ ထို့နောက်တွင် မူ သူခိုးများ နှင့် တူသော အက္ခရာစာလုံးကိုးလုံးသည်ညစဉ်ညတိုင်း ရုပ် အမျိုးမျိုး ဖျက်ကာ သူတို့ အား မမှတ်မိအောင် ကျွန်တော့်အားနှောင့်ယှက်ကြပါသည်။ သို့သော်လည်း နောက်ဆုံးတွင် ကျွန်တော်သည် စမ်းတဝါးဝါးဖြင့်ပင် အဖတ်အရေးနှင့် အတွက်များကို တတ်ပြီဟု ပြောနိုင်ရုံမျှတတ်မြောက်လာခဲ့လေသည်။

တစ်ညတွင် ကျွန်တော်သည် မီးဖိုခေါင်းတိုင်ထောင့်၌ ကျောက်သင်ပုန်းတစ်ချပ်နှင့် ထိုင်ကာ ဂျိုးအတွက် စာတစ်စောင်ရေးဖို့ပင်ပန်းကြီးစွာဖြင့်အားထုတ်လျက် ရှိသည်။ ထိုညသည် ကျွန်တော်တို့ စိမ့်မြေတောများဘက် ထွက်၍ထောင်ပြေးများအား လိုက်လံဖမ်းဆီးပြီးနောက် တစ်နှစ်ပြည့်မြောက်သော နေ့ဟုကျွန်တော် ထင်ပါသည်။ ထိုညသည် ဆောင်းရာသီ၏ ညတစ်ညဖြစ်ပြီး ဆီးနှင်းများအဆုပ်လိုက် အခဲလိုက် ကျနေသောည ဖြစ်၏။ ကျွန်တော်သည်ကျွန်တော့်ခြေရင်းဘက်၌ ထိုင်နေသော လူအား ရည်ညွှန်း၍ စာတစ်စောင်ဖြစ်မြောက်လာဖို့ ကြိုးစားအားထုတ်လျက်ရှိရာ တစ်နာရီ ကျော်ကျော်

နှစ်နာရီနီးပါးကြာမှပင် အောက်ပါ အကြောင်းများကို ရလာခဲ့၏။

"ကြနော့၏ ခြစ်လစ္စာသော ဂျိုး၊ ကြနောက ခင်ဗျားကို စာကောင်း ကောင်း ရေတပ်မယ်လို့ မြော်လင့်ဘာဒယ်၊ ကြနောက မကျာမီ ခင်ဗျား ကို ကူညီနိုင်မာဘာ ဂျိုး။ အိဒီကြဒေါ့... ကြနော့ဒို့ ပြော်ကြမာဘာ ဂျိုး"

တကယ်တော့ ထိုညက အိမ်ထဲတွင် ကျွန်တော်တို့ နှစ်ယောက်တည်းသာရှိသည်။ ဂျိုးသည် ကျွန်တော့်အနီးတွင် ထိုင်လျက် ရှိသည် ဖြစ်ရာ စာတစ်တန် ပေတစ်တန်ရေးပြီး ဆက်သွယ်နေစရာ မလိုပေ။ သို့သော်လည်း ကျွန်တော့်လက်ဖြင့် ရေးထားသော စာကို (ကျောက်သင်ပုန်းပေါ် မှ စာ) ဂျိုးလက်သို့ ပေးချင်သောဆန္ဒ ရှိနေ၍ ဖြစ်သည်။ ဂျိုးကလည်း ကျွန်တော့်စာကို အလွန် ထူးဆန်းအံ့သြစရာ ကောင်းသည့် လက်ရာတစ်ခုအဖြစ် သဘောထားကာ တလေးတစား လက်ခံယူသည်။

ကျောက်သင်ပုန်းပေါ်မှ စာလုံးများကို မြင်လိုက်ရသောအခါ ဂျိုး၏ မျက်လုံးပြာကြီးများသည် အံ့သြခြင်းဖြင့် ပြူးခန် ဖြစ်သွားကြသည်။ "ဟာ... ငါ့လူ... ပစ်ပ်။ မင်း အတော့်ကို စာတတ်နေပါပေါ့လား..." ဟုလည်း ရေရွတ်လိုက်သည်။

"ကျွန်တော်ကလည်း စာသိပ်တတ်ချင်နေတာကိုး...ဗျ" ဟု ဂျိုးလက်ထဲရှိ ကျောက်သင်ပုန်းပေါ်မှ စာများကို ငုံ့ကြည့်နေရာမှ ကျွန်တော်က ပြန်ပြောပါသည်။ ကျွန်တော့်လက်ရေးမှာ မညီမညာ မလှမပနှင့် သေသပ်မှု ဟူ၍ လုံးဝ မရှိသဖြင့် စိတ်ထဲက မလုံမလဲ ဖြစ်လျက် ရှိသည်။

"ဒီနေရာမှာ က ဂျေတစ်လုံးတည်း ဖြစ်နေတယ်၊ ဘာပြုလို့လဲ" ဟု ဂျိုးက ပြောသည်။ "ပြီးတော့ ဒီမှာ က အိုတစ်လုံး၊ ဒီနေရာမှာ ကျတော့ ဂျေတစ်လုံးနဲ့ အိုတစ်လုံး၊ ဟော့... ပစ်ပ်၊ ဂျေနဲ့ အိုပေါင်းတော့ ဂျိုးပေါ့၊ ဟုတ်လား"

ဂျိုးအနေဖြင့် စာလုံးတစ်လုံးကို ဤမျှလောက် ဖြောင့်ဖြောင့်တန်းတန်းနှင့် ကျယ်လောင်စွာ အော်ဖတ်သည် ကို ကျွန်တော် မကြာခဲ့ဖူးပါ။ ပြီးခဲ့သော အပတ် တနင်္ဂနွေနေ့က ဘုရားရှိခိုးကျောင်းထဲတွင် ဂျိုးသည် ဘုရားရှိခိုးစာအုပ်ကို ဇောက်ထိုးကိုင်ထားခဲ့ဖူးသည်။ ထိုစဉ်က ကျွန်တော် မြင်ခဲ့ရသည်မှာ အမှတ်မထင် မြင်ခဲ့ရခြင်း ဖြစ်၍ စိတ်ထဲက ထူးထူးခြားခြား မတွေးမိခဲ့ပါ။ ဂျိုး၏ အခြေအနေကို လက်တွေ့သိရန် အကြောင်းတိုက်ဆိုင်လာသလို ဖြစ်လျက် ရှိသည်။

"ကျန်တာတွေကို ဆက်ဖတ်ဦးလေဗျာ ဂျိုး" ဟု ကျွန်တော်က တိုက်တွန်းမိသည်။

"ကျန်တာတွေလား.. ကွ၊ အေး.... ဒီမယ် ပစ်ပ်" ဂျိုးက စာကြောင်းများကို စေ့စေ့စပ်စပ် လျှောက်ကြည့်နေရင်းက ရေရွတ်သည် "တစ်၊ နှစ်၊ သုံး ဒီနေရာမှာ ဂျေသုံးလုံးနဲ့ အိုသုံးလုံး ဖြစ်နေတာ ဘာကြောင့်ပါလိမ့်၊ အင်း... ဂျေသုံးလုံးနဲ့ အိုသုံးလုံးသုံးခါဆိုတော့ ဂျိုး သုံးခါ ဖြစ်ရမယ်၊ ဒီစာထဲမှာ ဂျိုးဆိုတဲ့ နာမည် သုံးခါတောင်ပါသလား ကွာ ပစ်ပ်ရ"

ကျွန်တော် ဂျိုး၏ နောက်မှ ကျော်၍ ကျောက်သင်ပုန်းပေါ်မှ

စာကြောင်းများကို လက်ညှိုးနှင့် ထောက်ကာ စာတစ်စောင်လုံးကို သူ့ အား ဖတ်ပြသည်။

"သိပ်ကို အံ့သြဖို့ ကောင်းတာပဲကွာ" ကျွန်တော်စာဖတ်၍ ဆုံးသွားသောအခါ ဂျိုးက ပြောသည်။ "မင်းပညာတတ် ဖြစ်သွားပြီ...ကွ"

"ဒီမှာ ... ဂျိုး၊ ခင်ဗျား ဂါဂရီဆိုတဲ့ နာမည်ကို ဘယ်လိုစာလုံးပေါင်းသလဲ သိလား" ဟု ကျွန်တော်က မေးသည်။

"ငါ ဘယ်တုန်းကမှ စာလုံးပေါင်း မကြည့်ခဲ့ဖူးပေါင်ကွာ"

"ဒါပေမဲ့... ခင်ဗျားပေါင်းခဲ့ဖူးတယ် ဆိုပါစို့ဗျာ၊ ဘယ်လိုပေါင်းမလဲ"

"ပေါင်းခဲ့ဖူးတယ်ဆိုတာက လုံးဝ မဖြစ်နိုင်ဘူးလကွာ" ဟု ဂျိုးက ပြောသည်။

"ငါက စာဖတ်တာကျတော့ သဘောကျပါတယ်"

"ဟုတ်လား"

"အေးကွာ၊ ဟုတ်တယ်၊ ငါ့ကို စာအုပ်တစ်အုပ် ဖြစ်ဖြစ်၊ သတင်းစာ တစ်စောင်ဖြစ်ဖြစ် ပေးထားပြီး မီးဖိုနားမှာသာချထားပေးလိုက်ရင် ငါ ဘာမှမတောင်းတော့ဘူး" ဂျိုးသည် သူ့ဒူးခေါင်းများ ကို မသိမသာ ပွတ်နေရင်းမှ စကားကို ဆက်ပြောသည်။ "မင်းက ဂျေတစ်လုံးနဲ့ အိုတစ်လုံး ကို တွဲလိုက်တယ်၊ ဒီနေရာမှာ ... လေ၊ ဂျေနဲ့ အိုနဲ့ လဲ တွဲမိရော ဂျိုးလို့ ဖြစ်သွားတယ်၊ ဘယ်လောက် စိတ်ဝင်စားဖို့ ကောင်းသလဲ ကြည့်စမ်း"

သူပြောလိုက်သည့် နောက်ဆုံးစကားအရ ဂျိုး၏ ပညာရေးအခြေအနေသည် မွေးဖွားစ ကလေးပေါက်စအဆင့်မျှသာရှိနေသေးသည် ကို ကျွန်တော် ခန့်မှန်း၍ ရလာသည်။ အဆက်အစပ် ရ လာပြီဖြစ်သဖြင့် ကျွန်တော်က ဆက်၍ စုံစမ်းမိလေသည်။

"ခင်ဗျား ကျွန်တော့်အရွယ်လောက်တုန်းက ကျောင်းမနေခဲ့ဖူးဘူးလား ဂျိုး"

"မနေခဲ့ရဘူးကွ.. ပစ်ပ်ရ"

"ကျွန်တော့်လို အသက်ငယ်ငယ်ကလေး ရှိသေးတာပဲဗျာ၊ ခင်ဗျားက ဘာပြုလို့ ကျောင်းမတက်ခဲ့ရတာလဲ"

"ဒီလိုကွ ပစ်ပ်ရ" ဟု ဂျိုးက အစချီလိုက်သည်။ သူသည် မီးဆွသည့် သံကောက်ကြီးကို ကောက်ယူလိုက်ပြီး မီးဖိုထဲမှ ပြာများကို အောက်ဘက်မီးခံသံပြားပေါ်သို့ ယက်ချလိုက်သည်။ "ငါပြောပြမယ်၊ ငါ့အဖေဟာ အရက်မူး လာပြီဆိုရင်... အို... ကွာ၊ အရက်တွေကို အလွန်အမင်း သောက်လိုက်ရင်ဆိုပါတော့၊ အဲဒါဆိုရင် ငါ့အမေကို မညှာမတာ ရိုက်တော့တာပဲ၊ အမှန်တော့လည်း သူရိုက်နိုင်တဲ့ လူက အမေပဲ ရှိတာကိုး... ကွ၊ အမေကလွဲရင်တော့ ငါပေါ့... ကွာ၊ ငါ့ကျတော့လည်း တအားရိုက်တာပဲ ဟော့၊ မင်း ငါပြောတာ နားလည်တယ် မဟုတ်လား... ပစ်ပ်"

"နားလည်ပါတယ် ဂျိုးရ"

"အဲသည်လို ရိုက်လွှန်းလို့ ငါ့အမေနဲ့ ငါနဲ့ အဖေဆီက ခဏ... ခဏ ထွက်ပြေးကြတယ်။ ပြေးတာမှ အကြိမ်ပေါင်း မနည်းဘူး၊ ငါတို့ ထွက်ပြေးကြပြီဆိုရင် ငါ့အမေက အလုပ်ထွက်လုပ်တယ်၊ ပြီးတော့ 'ငါ့ သား ဂျိုး၊ မင်း ကျောင်းနေမှ ဖြစ်မယ်" လို့ ပြောတယ်၊ ကျောင်းလည်း ထားတယ်၊ ဒါပေမဲ့ကွာ၊ ငါ့အဖေက စိတ်ရင်းဆိုးတဲ့ လူမှ မဟုတ်တာ၊ ငါတို့ မရှိတော့ဘူးဆိုရင် သူ မနေတတ်တော့ဘူး၊ ဒါနဲ့ပဲ သူက သူ့မိတ်ဆွေတွေကို ခေါ်ပြီး ငါတို့ သားအမိကို လာခေါ်တယ်။ နောက်ကို မရိုက်တော့ပါဘူး၊ ဘာညာနဲ့ ကတိတွေ ဘာတွေ ပေးပြီးခေါ်တော့ အားလုံးက ပြန် လိုက်သွားဖို့ ပြောကြတယ်၊ တို့ကလည်း ပြန်လိုက်ခဲ့ကြတယ်၊ အိမ်ပြန် ရောက်တော့လည်း အလျှင်လိုပါပဲ.. ကွာ၊ ထုံးစံအတိုင်း မူးလာရင် ရိုက်မြဲတိုင်း ရိုက်တာပဲ။ အဲဒီတော့ မင်းသိတဲ့ အတိုင်းပဲပေါ့၊ ပစ်ပ်ရာ.... ဂျိုးသည် လက်ထဲမှ မီးညှပ်ဖြင့် မီးဖိုကို ထိုးဆွနေရာမှ ခဏရပ်လိုက်သည်။

"ဒီချွတ်ယွင်းချက်ကြောင့် ငါ့မှာ စာကို သင်ခွင့်မရတော့ပါဘူး"

"ခင်ဗျား အဖြစ်က သနားစရာပါပဲလား... ဂျိုးရာ"

"ဒါပေမဲ့... တစ်ခုတော့ ရှိတယ်၊ မင်းသိထားရမှာ က ငါ့အဖေဟာ သူအလုပ်နဲ့ ပတ်သက်လာရင် တခြားလူတွေနဲ့ ဆက်ဆံရင် လူကောင်း ... ကွ၊ သိလား၊ တကယ်တော့ကွာ၊ ငါ့အဖေဟာ စိတ်ရင်းကတော့ ကောင်းလှပါတယ်...။ ငါပြောတာ သဘောပေါက်တယ် မဟုတ်လား"

ကျွန်တော် သဘောမပေါက်ပါ၊ သို့သော်လည်း ကျွန်တော်က သဘောမပေါက်ဘူးဟု မပြောပါ။

"ဒီလို...ကွ" ဟု ဂျိုးက သူ့စကားကို ဆက်သည်။ "လူတစ်ယောက် ဟာ ရေနွေးအိုးကို ပွက်ပွက်ဆူအောင် လုပ်ရမယ်၊ ဒါပေမဲ့ ရေနွေးအိုးက မဆူဘူး...၊ အဲဒီသဘောပဲ၊ မင်းသိတယ် မဟုတ်လား"

သူပြောသည့် အရာကို မျက်စိထဲ မြင်လာသည်။ ထို့ကြောင့် ကျွန်တော်က သိပါတယ်ဟု ဖြေသည်။

"အဲသည်လိုနဲ့ပဲ ငါက ငါ့အဖေအလုပ်ကို ငါ့သဘောနဲ့ ငါ ဝင်လုပ်တယ်။ အဖေကလည်း မတားပါဘူး၊ အဲဒီတော့ ငါ့အနေနဲ့ အခုလက်ရှိ ပန်းပဲအလုပ်ကိုပဲ လုပ်ဖြစ်လာရတာပေါ့ကွာ..။ တကယ်လို အဖေရှိရင်လည်း ဒီအလုပ်ဟာ အဖေ့အလုပ်ပေါ့၊ ငါကတော့ စလုပ်ကတည်းက ဝီရိ ယထားပြီး ကြိုးစားပမ်းစား လုပ်ခဲ့ပါတယ်ကွာ၊ နောက်တော့ ငါ့အဖေ က ငါ့ကို မျက်နှာလွှဲလို့ ရလာတယ်။ ငါကလည်း သူမမာမချာ ဖြစ်လို့ အလုပ်ကို မလုပ်နိုင်တော့တဲ့ အချိန်အထိ တစ်ယောက်တည်း လုပ်လာတာပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့...ကွာ၊ ငါ့အဖေဟာ စိတ်ကောင်းတော့ ရှိရှာပါတယ်.. ကွာ"

"ငါ့အဖေဟာ စိတ်ကောင်းတော့ ရှိပါတယ်ကွာ" ဟူသော စကားကို ဂျိုးသည် အမြဲထည့်ပြောတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော်က ပန်းပဲအလုပ်ကို ကိုယ့်ဘာသာကိုယ် ဝင်လုပ်ရင်း တတ်တာလားဟု မေးမိသည်။

"အေး ဟုတ်တယ်" ဟု ဂျိုးက ဖြေသည်။ "ငါ့ဘာသာ ငါ ဝင်လုပ်ရင်းနဲ့ တတ်လာတာပဲ ဆိုပါတော့၊ မြင်ဖူးတွေ့ဖူးနေတော့ ခဏ နဲ့ တတ်သွားတာပေါ့ကွာ၊ ဒီအလုပ်ကလည်း မြင်းခွာရိုက်သလိုပဲ... ကွ၊ လက်တွေ့ဝင်လုပ်လိုက်ရင် တတ်သွားတာပဲ၊ ငါ့ဘဝ တစ်လျှောက်လုံးမှာ အဲဒီတုန်းကလောက် ကိုယ့်ဘာသာကိုယ် တတ်လာတာမှ ဟုတ်ရဲ့လားလို့ သံသယတောင် ဖြစ်မိတယ်။ ငါစောစောက ပြောခဲ့သလိုပဲ။ အလုပ်လုပ်လို့ ရလာတဲ့ ငွေနဲ့ ကျောင်းတတ်ဖို့ စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့... စာသင်စရိတ်က အကြီးသားကလား... ကွာ၊ ရသမျှငွေ က အမေ့အတွက် ကုန်ရဖို့ ဖြစ်လာတယ်၊ အမေက မမာရှာဘူး၊ အမေ့ကျန်းမာရေးက တဖြည်းဖြည်း ဆိုးလာတယ်၊ အမေဟာ တရှောင်ရှောင် ဖြစ်ရင်းနဲ့ပဲ ဆုံးရှာတာပါပဲ... ကွာ"

ဂျိုး၏ မျက်လုံးပြာများ ထဲတွင် မျက်ရည်များ စို့လာသည်။ သူသည် လက်ထဲမှ မီးဆွသည့် သံကောက်ကြီး၏ ... ထိပ်ကို အပေါ်သို့ လှန်လိုက်ရင်းက တစ်ဖက်သောလက်ဖြင့် မျက်လုံးတစ်ဖက်မှ မျက်ရည်စများကို သုတ်လိုက်သည်။ ထို့နောက် ကျန်မျက်လုံးတစ်ဖက်မှ မျက်ရည်စများကို သုတ် လိုက်လေသည်။

"အဲဒီနောက်တော့ ငါတစ်ယောက်တည်း အထီးကျန်ဖြစ်ခဲ့ရတယ်" ဟု ဂျိုးက ဆက်ပြောသည်။ "ဒီနေရာမှာ ငါတစ်ယောက်တည်း နေခဲ့ရတယ်။ နောက်တော့ မင့်အစ်မနဲ့ တွေ့ကြတယ်၊ ဒီမယ်.. ပစ်ပ်." ဂျိုးသည် စကားကို ဆက်မပြောသေးဘဲ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည်။ သူကြည့်နေပုံမှာ သူပြောမည့် စကားကို ကျွန်တော်က သဘောကျလိမ့်မည် မဟုတ်ဟု ကြို၍ သိနေသည့် မျက်နှာထားမျိုး ဖြစ်သည်။

“မင့်အစ်မဟာ သဘောကောင်းတဲ့ မိန်းမတစ်ယောက်ပါ... ကွာ"

ကျွန်တော်ကတော့ ဂျိုး၏ မျက်နှာကို ပြန်မကြည့်ဘဲ မီးဖိုကိုသာ စူးစူးစိုက်စိုက် ကြည့်နေခြင်းအားဖြင့် သူ့စကားအပေါ်၌ များစွာ သံသယရှိကြောင်းကို ဖော်ပြလျက် ရှိသည်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ ဆွေမျိုးဉာတိတွေက ဘယ်လိုပဲပြောပြော ကုန်ကုန်ပြောလိုက်မယ်ကွာ၊ တစ်ကမ္ဘာလုံးက ဘယ်လိုပဲ ထင်ကြ... ထင်ကြပေါ့ ပစ်ပ်ရာ၊ တကယ်တော့... မင့်အစ်မဟာ..." ဂျိုးသည် နောက်ဆက်တွဲ ပြောလိုက်သည် "အလွန့်ကို... သဘောကောင်းတဲ့ ... မိန်းမ တစ်ယောက်ပါကွာ" ဟူသော စကားကျတော့ စကားလုံး သူ့ပါးစပ်မှ ထွက်လာတိုင်း သူ့လက်ထဲမှ မီးဆွသည့် သံကောက်ကြီးဖြင့် အပေါ်ဆုံး မှ မီးခဲသံပြားကြီးကို တစ်ချက်ချင်း ခေါက်သွားသည်။

"ခင်ဗျား အဲသလို ထင်တယ်ဆိုရင်... ကျွန်တော် ဝမ်းသာပါတယ်... ဂျိုး" ဟူသော စကားမှ တစ်ပါး အခြားပြောစရာ အကောင်းဆုံးသော စကား ကျွန်တော် ရှာ၍ မရပါ။

"အေး... ငါလည်း မင်းလိုပါပဲ" ဟု ဂျိုးက ပြန်ပြောသည်။ "ငါ့အနေ နဲ့လည်း

အဲသလို ထင်မိတဲ့ အတွက် ဝမ်းသာမိတယ်... ပစ်ပ်ရာ၊ တကယ်ပါ။ အသားနီရဲနေတာတို့၊ အရိုးအဆစ်တွေ ကြီးနေတာတို့ ကတော့ ငါ့အတွက် ကိစ္စမရှိပါဘူးကွာ"

သူ့အတွက် ကိစ္စမရှိဘူး ဟု ဆိုလျှင် တခြားမည်သူ့အတွက် ကိစ္စရှိစရာ အကြောင်း ရှိပါတော့မည်နည်းဟု ကျွန်တော် တွေးလိုက်မိပါသေးသည်။

"ငါ အမှန်ပြောတာပါ..... ကွာ" ဟု ဂျိုးက ထပ်၍ ပြောပြန်သည်။ "တကယ့်ကို ကိစ္စမရှိတာပါ... ငါ့လူရာ၊ မင့်အစ်မနဲ့ ငါနဲ့ တွေ့တော့ မင့်ကို ဘယ်လိုအုပ်ထိန်းစောင့်ရှောက်နေရတယ် ဆိုတာ သူပြောလူပြောနဲ့ ကြားခဲ့ရတယ်။ အလွန် သနားကြင်နာစိတ်ရှိတဲ့ မိန်းကလေးတစ်ယောက်လို့ ရွာသူရွာသားတွေက ပြောကြတယ်။ ငါလည်း သူတို့ ပြောသလို လိုက်ပြောခဲ့တာပါပဲ။ မင်းကတော့.." ဂျိုးသည် အလွန်စိတ်ပျက်စရာ ကောင်းသည့် အရာတစ်ခုကို တွေးလိုက်မိသည့်နှယ် မျက်နှာကို ရှုံ့လိုက်၏။ "မင်းကိုယ်မင်းသာ ပြန်မြင်ရင် မင်းအံ့သြမယ်။ မင်းဟာ တကယ့် သေးသေးလှီလှီလေးပါ... ကွာ၊ တစ်ကိုယ်လုံး ပျော့အိပျော့နဲ့ ... ကွ၊ အမယ်လေး... အဲဒီတုန်းက မင့်ပုံပန်းကို ပြန်စဉ်းစားမိလို့ ရရင် မင်း အတော်စိတ်ပျက်မှာ ... သိလား"

သူ့စကားကို မနှစ်သက်၍လားတော့ မပြောတတ်ပါ။

"ကျွန်တော့်အကြောင်းက အရေးမကြီးပါဘူး ဂျိုးရာ" ဟု ပြောလိုက်မိသည်။

"ဒါပေမဲ့ ငါကတော့ အရေးကြီးတယ်လို့ပဲ သဘောထားတယ်... ပစ်ပ်ရာ" ဟု သူက လေအေးအေးဖြင့် ရိုးရိုးသားသားပင် ပြန်ပြောသည်။ "ငါက မင့်အစ်မကို အတူတူ လက်တွဲကြဖို့ ပြောတော့ သူကလည်း ငါပြောတဲ့ အတိုင်း သဘောတူတယ်။ နောက်တော့ ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ကြတဲ့ အဆင့်ထိ ရောက်လာတယ်။ အဲဒီအချိန်ကျတော့ ငါ က “ဟို... ကလေးလေးကိုပါ ခေါ်ခဲ့ပါ၊ ဒီလောက် သနားစရာ ကောင်းတဲ့ ကလေးလေးကို ဘုရားသခင်ကလည်း စောင့်ရှောက်ပါလိမ့်မယ်။ သူ့အတွက် ဒီပန်းပဲဖိုမှာ နေရာထိုင်ခင်း ပေးစရာ ရှိနေပါတယ်လို့ မင့်အစ်မ ကို ပြောခဲ့ပါတယ်.. ကွာ"

ဤစကားကြားရသည့် အခါ ကျွန်တော် ဝမ်းနည်းပက်လက် ငိုကြွေး မိပါသည်။ ဆက်မပြောဖို့လည်း တောင်းပန်မိ၏။ ဂျိုး၏ လည်ပင်းကိုလည်း တအားဖက်ထားမိသည်။ ဂျိုးသည် သူ့လက်ထဲမှ သံကောက်ကြီး ကို ပစ်ချလိုက်ပြီး ကျွန်တော့်ကို ပြန်ဖက်ထားသည်။ "တို့ နှစ်ယောက် ဟာ ရာသက်ပန် မြဲနေမယ့် သူငယ်ချင်းတွေပါ ပစ်ပ်ရာ၊ ဟုတ်ဖူးလား၊ မငိုပါနဲ့ ငါ့လူရာ" ဟု ကျွန်တော့်ကို ချော့သည်။

ကျွန်တော် အငိုတိတ်သွားသည့် အခါ ဂျိုးက စကားဆက်ပြောပြန်သည်။

"မင်းသိနေတာပဲ မဟုတ်လား ပစ်ပ်ရာ၊ ငါတို့ နှစ်ယောက် အခု အတူတူ နေကြတာပဲ၊ ဘာပူစရာ ရှိလဲ၊ အခု မင်းက ငါ့ကို စာတွေဘာတွေ

ဖတ်တတ်သလားလို့ မေးလာတော့ ပြောပြရဦးမှာပဲ၊ ငါ မင့်ကို အရင်ကလည်း ပြောခဲ့ဖူးပါတယ်။ ငါဆိုတဲ့ ကောင်ကလည်း ဉာဏ်ထိုင်းတဲ့ နေရာမှာ ကြောက်စရာကောင်းလောက်အောင်ကို ထိုင်းတာ.. ကွ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ငါတို့ နှစ်ယောက် လုပ်တာကိုင်တာ မှန်သမျှကိုတော့ မင့် အစ်မ အားလုံးသိလို့ မဖြစ်ဘူးကွ။ ငါတို့ နှစ်ယောက် ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် လျှို့ဝှက်ပြီးလုပ်မှ ဖြစ်မှာ၊ ဘာပြုလို့ အဲသလို လျှို့ဝှက်ပြီး လုပ်ရတာလဲ ဆိုတာ ငါမင့်ကို ရှင်းပြမယ်"

သူသည် မီးဆွသံကောက်ကြီးကို ပြန်ကောက်လိုက်သည် စကားပြောသည့် အခါတိုင်း ဤသံကောက်ကြီးကို ကိုင်ထားတတ်သည်မှာ ဂျိုး၏ အကျင့်တစ်ခု ဖြစ်၏။ ဤသံကောက်ကြီးကိုသာ ကိုင်မထားရ လျှင် သူသည် စကားပြောတတ်လိမ့်မည် မဟုတ်ဟုပင် ထင်စရာ ဖြစ် နေသည်။

"ငါက မင့်အစ်မကို အစိုးရဆီ ပေးထားရတာ… ကွ"

"အစိုးရဆီ ပေးထားတယ်… ဟုတ်လား" ကျွန်တော် အလန့်တကြား ဖြစ်သွားမိသည်။ ဤစကား ကြားရုံမျှဖြင့် ထိတ်လန့်တကြား ဖြစ်ရခြင်းမှာ အကြောင်းရှိပါသည်။ ကျွန်တော့်အနေဖြင့် ဂျိုးက ကျွန်တော့်အစ်မ ကို ကွာရှင်းပြတ်စဲလိုက်ပြီဟု မကြာခဏ စိတ်ကူးယဉ်ခဲ့မိသောကြောင့် ဖြစ်ပါ၏။

"ဟုတ်တယ်… ကွ၊ အစိုးရဆီ ပေးထားလိုက်ရတာ၊ အဲဒီတော့ သူက အစိုးရ ဖြစ်လာတာပေါ့" ဟု ဂျိုးက ဆိုသည်။ "ငါဆိုလိုတဲ့ အဓိပ္ပာယ်က သူဟာ ငါနဲ့ မင်းရဲ့ အစိုးရ ဖြစ်လာတယ်လို့ ဆိုချင်တာ"

"အို… ဗျာ"

"သူက ဒီအိမ်ထဲမှာ စာတတ်တဲ့ လူတွေ ရှိတာ မကြိုက်ဘူး… ကွ" ဟု ဂျိုးက ဆက်ပြောသည်။ "အထူးသဖြင့် ငါ့ကို စာတတ်ပေတတ်ဖြစ် သွားမှာ သူ သိပ်ကြောက်တယ်၊ ဘာကြောင့်လဲဆိုတော့ ငါ စာတတ်သွားရင် ထောင်ထလာမှာကို သူကြောက်လို့ပေ့ါ ..ကွာ၊ တော်လှန်ပုန်ကန်တဲ့ လူတစ်ယောက်လို ဖြစ်လာမှာ စိုးတဲ့ သဘောပေါ့။ မင်း ငါပြောတာ နားလည်ရဲ့လား"

ကျွန်တော့်အဖို့တော့ မရှင်းသေး။ ထို့ကြောင့် ထပ်၍ မေးရန် "ဘာကြောင့် …" ဟု စကားစလိုက်မိသည်။ ဂျိုးက စကားမပြောရန် တားသည်။

"နေဦး…ကွ၊ ခဏနေဦး၊ မင်း ဘာမေးမယ်ဆိုတာ ငါသိတယ်။ မင့်အစ်မ ငါတို့ နှစ်ယောက်အပေါ်မှာ မကြာမကြာ ဗိုလ်ကျတတ်တာ ငါမငြင်းပါဘူး။ ငါတို့ နှစ်ယောက်ကို ထုတာရိုက်တာတွေ၊ အပြစ်ဟူသမျှ တို့ အပေါ် ပုံချချင်တာတွေ… ဒါတွေကိုလည်း ငါ မငြင်းပါဘူး။ အဲသလို အချိန်တွေမှာတော့ မင့်အစ်မဟာ ဒေါသက သိပ်ကြီးနေတော့ အင်မတန်ကို ရန့်ရင်းကြမ်းတမ်းတာပဲ" ဂျိုးသည် အသံကို နှစ်ကိုယ်ကြား ဖြစ်သွားအောင် နှိမ့်လိုက်ပြီး အိမ်ရှေ့တံခါးဆီသို့ တစ်ချက်မျှ လှမ်းကြည့်သည်။ "သဘောကောင်းတယ်လို့ ပြောစရာမရှိသလောက် ဖြစ်သွားတာပဲ၊ အဲဒီအချိန်မျိုးမှာတော့ သူဟာ မိန်းမကြမ်း တစ်ပိုင်းပဲ…ကွ"

ဂျိုးသည် မိန်းမကြမ်းဟူသော စကားကို အလေးအနက်ထား၍

ပြောသွားသည်။ "ငါ ဘာပြုလို့ သူ့ကို ပြန်မလှန်တာလဲ…။ ဒါကတော့ မင်းမြင်နေတဲ့ အတိုင်းပဲ ပစ်ပ်"

"ဟုတ်ပါတယ်… ဂျိုးရာ"

"ဒါက ဒီလိုကွ" ဂျိုးသည် သံကောက်ကြီးကို ညာလက်မှ ဘယ်လက် သို့ ပြောင်းလိုက်ပြီး ညာလက်ဖြင့် သူ့ပါးမုန်းမွေးများ အသာအယာဆွဲ နေသည်။

"မင့်အစ်မဟာ ဦးနှောက်သမားတစ်ယောက်ကွ"

"အဲဒါ ဘာပြောတာလဲ" ဟု ကျွန်တော်က မေးသည်။ ဂျိုးက ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ "ငါကတော့ သူ့လို ဦးနှောက်သမားတစ်ယောက် မဟုတ်လို့ … ကွ" ဟု ရေရွတ်လိုက်ပြီး ကျွန်တော့်မျက်နှာပေါ်၌ စူးစိုက်ထားသော အကြည့်ကို တစ်ဖက်သို့ လွှဲလိုက် ကာ သူ့ပါးမုန်းမွေးများကို ပြန်၍ ဆွဲနေပြန်သည်။ "နောက်ဆုံးစကား တစ်ခုတော့ မင့်ကို ပြောပြရဦးမယ် ပစ်ပ်။ ဒီစကားကိုတော့ ငါ အလေးအနက်ထားပြီး ပြောချင်တယ် ငါ့လူရာ၊ ဒီအဖြစ်မျိုးကို ငါ့အမေဆီမှာ ငါ အများကြီး မြင်ခဲ့ရဖူးတယ်… ကွ၊ မိန်းမတစ်ယောက်ဟာ ကျွန်တစ်ယောက်လို အလုပ်ကိုလည်း ကုန်းရုန်းပြီး လုပ်နေရတယ်။ သူ့ရဲ့ ရိုးသားဖြူစင်တဲ့ နှလုံးသားကိုးလည်း အချိုးအဖွဲ့ အနှိပ်အနင်း ခံခဲ့ရတယ်ဆိုရင် ဒီမိန်းမရဲ့ စိတ်ဟာ ဘယ်တော့မှ ငြိမ်းချမ်းမှု မရှိတော့ဘူးပေါ့ ကွာ၊ အဲဒီတော့ မိန်းမတစ်ယောက်အနေနဲ့ မပြုသင့်မပြုထိုက်တဲ့ အပြုအမူမျိုးတွေကို လုပ်လာမိတာပေါ့။ မင့်အစ်မရဲ့ အဖြစ်က ငါ့အမေအဖြစ်မျိုးပါ…။ အမှန်ပြောရရင် ငါ့အနေနဲ့ နည်းနည်းပါးပါးတော့ စိတ်ဆင်းရဲသပေါ့… ကွာ၊ ဒါပေမဲ့ ဒီဒုက္ခကို ငါတစ်ယောက်တည်းပဲ ခံရပါစေလို့ ဆုတောင်းပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ ပစ်ပ်ရာ၊ မင့်အနေနဲ့ ဒီချွတ်ယွင်းချက်တွေကို မေ့ပစ်လိုက်ပါ… ကွာ"

ထိုညမှ အစပြု၍ ဂျိုးအပေါ်၌ ချစ်ခင်လေးစားသော စိတ်သစ်တစ်ခုသည် ကျွန်တော့်ရင်ထဲ၌ ထပ်မံပေါက်ဖွားလာခဲ့သည် ဟု ကျွန်တော် ယုံကြည်မိ၏။ ထိုညက ထိုစကားများ ပြောခဲ့ပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်နှင့် ဂျိုးသည် ယခင်ကလိုပင် တန်းတူရည်တူ သဘောထား ကာ သူငယ်ချင်းများ သဖွယ် ဆက်ဆံနေထိုင်ခဲ့ကြသည်မှာ မှန်သော်လည်း စိတ်နေစိတ်ထား အဆင့်မတူသည့် ကွာခြားမှုကား ရှိလာသည် ဟု ထင်၏။ ထုံးစံအတိုင်း နှစ်ယောက်သား ထိုင်နေကျနေရာများ ၌ ထိုင်၍ ကျွန်တော်က ဂျိုးကို မျှော်ကြည့်ကာ သူ့အကြောင်းကို တွေးနေမိသည့် အခါတိုင်းတွင် ဂျိုးအပေါ်၌ မြတ်နိုးတွယ်တာနေမိသော သံယောဇဉ်ကြိုးသည် ကျွန်တော့်နှလုံးသားထဲ၌ ခိုင်မာစွာ တည်နေပြီဟူသော ခံစားမှုအသစ်တစ်ခုကို စိတ်က သိရှိနားလည်းလျက် ရှိနေခဲ့လေပြီ။

ဂျိုးသည် မီးဖိုကို မီးထပ်ဖြည့်နေရင်းက "ဒတ်ချ်နာရီအိုကြီးကတော့ ရှစ်နာရီထိုးနေပြီ… ကွ၊ ဒါပေမဲ့ မင့်အစ်မကတော့ အခုထက်ထိ ပြန်ရောက်မလာသေးဘူး" ဟု ကျွန်တော့်အား လှမ်းပြောသည်။ "ငါထင်တာကတော့

ဦးလေးပန်ဘဲလ်ချူရဲ့ မြင်းမ ရေခဲပြင်ပေါ် ကောင်းကောင်း ခြေချနိုင်ပုံ မပေါ်ဘူး။ သူ သွက်သွက်လက်လက် မပြေးနိုင်လို့ နောက်ကျတာပဲ ဖြစ်မယ်.. ကွ"

ကျွန်တော့်အစ်မသည် ယခုကဲ့သို့ ဦးလေးပန်ဘဲလ်ချူနှင့် ဈေးကြီးနေ့များတွင် မြို့ပေါ်သို့ လိုက်သွားလေ့ရှိ၏။ မီးဖိုချောင်သုံးပစ္စည်းများ နှင့်အခြားလိုအပ်သော အိမ်သုံးပစ္စည်းများ ဝယ်ရာ၌ ဦးလေးပန်ဘဲလ်ချူ အား ကူညီ၍ ဝယ်ပေးရန် လိုက်ရခြင်း ဖြစ်၏။ လူပျိုကြီးတစ်ဦးဖြစ်သော ဦးလေးပန်ဘဲလ်ချူသည် သူ့အိမ်စေအပေါ်၌ ယုံကြည်မှု ကင်းမဲ့သူဖြစ်လေရာ သူကိုယ်တိုင် အစ်မ၏ အကူအညီကို ယူ၍ ဈေးဝယ်လေ့ ရှိသည်။ ယနေ့သည် ဈေးကြီးနေ့ဖြစ်၍ ကျွန်တော့်အစ်မ မစ္စက် ဂျိုးသည် ဦးလေးပန်ဘဲလ်ချူနှင့် လိုက်သွားခဲ့လေသည်။

ဂျိုးသည် မီးဖိုထဲမှ ပြာများကို အောက်သို့ထိုးချပြီး မီးတောက်အရှိန် ကို မြင့်အောင် ထိုးဆွပေးလျက် ရှိသည်။ ထို့နောက် နှစ်ယောက်သား အိမ်ရှေ့တံခါးဝတွင် ရပ်ကာ မြင်းရထားသံကို နားစွင့်ကြသည်။ ခြောက်သွေ့အေးမြသော ညတစ်ည ဖြစ်၏။ လေသည် ခပ်ပြင်းပြင်း တိုက်ခတ်လျက်ရှိသည်။ လှမ်းမြင်နေရသော ဆီးနှင်းခဲပြင်များသည် ဖွေးဖွေး လှုပ်လျက် ရှိသည်။ အခုလိုညမျိုးတွင် စိမ့်မြေတောများ ပေါ်၌ လူတစ်ယောက် လဲလျောင်းနေမည့် ဆိုပါက ဘယ်နည်းနှင့် မဆို သေသွားနိုင်သည် ဟု ကျွန်တော် တွေးမိသည်။ ကောင်းကင်ထက်ရှိ ကြယ်များကို မော့ကြည့်မိသည်။ အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး တောင့်တင်းပြီး သေလုမျောပါး ဖြစ်နေသော လူတစ်ယောက်အနေဖြင့် ထိုကြယ်များကို မြင်နေရမည်ဆိုပါက အလွန်ကြောက်စရာ ကောင်းလိမ့်မည်ဟု ထင်မိ ၏။ သူ့အနေဖြင့် တလက်လက် တောက်ပနေသော ထိုကြယ်များ ဆီမှ သနားကြင်နာမှုနှင့် ကူညီမှုများကို ရလိမ့်မည်ဟု မျှော်လင့်ထားနိုင်လိမ့်မည် မဟုတ်ပေ။

"ဟော. မြင်းမခွာသံတော့ ကြားရပြီ... ကွ" ဟု ဂျိုးက ရေရွတ်သည်။

"ခွာသံတွေကဖြင့် ခေါင်းလောင်းထိုးသံတွေနဲ့ တထေရာတည်းပါပဲလား"

ခပ်သွက်သွက် အသားကျ ပြေးလာနေသော မြင်းမ၏ ခွာသံများ နှင့် မာကျောသော လမ်းမတို့ ၏ ထိတွေ့သံများသည် စည်းဝါးကျကျ မှန်မှန် ကြီး ထွက်ပေါ်လာလျက် ရှိသည်။ ကျွန်တော်တို့သည် အစ်မ မြင်းရထားပေါ်မှ အဆင်းတွင် အလွယ်တကူနင်း၍ ဆင်းနိုင်ရန်အတွက် ကုလားထိုင်တစ်လုံးကို အပြေးအလွှားထုတ်ကာ အသင့်ချထားလိုက်သည်။ တလက်လက် လင်းနေသော အိမ်ပြတင်းပေါက်ကို အဝေးမှ လှမ်းမြင် နိုင်ရန် မီးဖိုကို ထင်းများ ထပ်ထိုးလိုက်သည်။ ထို့နောက် မီးဖိုချောင်ထဲ မှ ပစ္စည်းများ အထားအသို နေရာပျက်မပျက် ပြန်၍ စစ်ဆေးကြသည်။ ကျွန်တော်တို့ နှစ်ယောက် ဤကြိုတင်ပြင်ဆင်မှုများကို လက်စသတ်လိုက်ကြသည့် အချိန်တွင် မြင်းရထား အိမ်ရှေ့သို့ ဆိုက်ရောက်လာသည် ကို တွေ့လိုက်ရ၏။ ကျွန်တော့်အစ်မရော

ဦးလေးပန်ဘဲလ်ချူပါ မြင်းရထားပေါ်မှ ချက်ချင်း ဆင်းလာကြသည်။ ဦးလေးပန်ဘဲလ်ချူက သူ့မြင်းမကို အဝတ်တစ်ထည်ဖြင့် အုပ်ပေးထားခဲ့သည်။ ချက်ချင်းလိုလိုပင် ကျွန်တော်တို့ လူစုသည် မီးဖိုချောင်ထဲသို့ ရောက်သွားကြသည်။ အဆမတန် အေးမြသည့် လေဒဏ်ကို ခံထားရသဖြင့် ခိုက်ခိုက်တုန်နေကြသော ကျွန်တော်တို့သည် မီးဖိုအနီးသို့ အလုအယက် ကပ်ကြသည်။ မီးဖိုထဲ၌ ရှိနေသမျှသော အပူဓာတ်များသည်ပင်လျှင် ကုန်ခန်းသွားလိမ့်မည်ဟု ထင်ရလောက်၏။

"ကဲ..." အစ်မသည် သူ့ကိုယ်ပေါ်၌ လွှမ်းခြုံထားသည့် အဝတ်များကို ကပျာကယာ ဖယ်ချလိုက်ပြီး မေးသိုင်းကြိုးဖြင့် အကျအန ဆောင်းထားသော ဦးထုပ်ကို ကြိုးမဖြုတ်ဘဲ ပခုံးများ ပေါ်သို့ လှန်ချလိုက်ကာ ရေရွတ်သည်။

"ဟောဒီကောင်လေး အနေနဲ့ ကနေ့လို ညမျိုးမှာ မှ ကျေးဇူးတရား မသိတတ်ဘူးဆိုလျှင် နောင် ဘယ်တော့မှ ကျေးဇူးသိတတ်တော့မှာ မဟုတ်ဘူး "

ကျွန်တော်ကလည်း ကျွန်တော့်မျက်နှာတွင် အလွန်ကျေးဇူးသိတတ်သည့် မျက်နှာထားမျိုး ပေါ်လာအောင် အစွမ်းကုန် ဟန်ဆောင်နေလိုက်သည်။

"သိပ်ပြီး အလိုလိုက်လွန်းလို့ ပျက်စီးသွားတာမျိုးတော့ မဖြစ်တန် ကောင်းဘူးလို့ မျှော်လင့်ရတာပဲ၊ ဒါပေမဲ့ ကျွန်မကတော့ စိုးရိမ်မိတယ် ဦးလေးရဲ့ "

"သူက သိပ်ပြီး အလိုလိုက်မယ့် အစားမျိုးတော့ ဟုတ်ဘူး... ငါ့တူမ ရဲ့ " ဦးလေးပန်ဘဲလ်ချူက ပြန်ပြောသည်။

"အခြေအနေကို သူ ကောင်းကောင်း သိပါတယ်.. လေ"

သူ..၊ သူဆိုတာ ဘယ်သူပါလိမ့်၊ ကျွန်တော်က ဂျိုး၏ မျက်နှာ လှမ်းကြည့်လိုက်ပြီး နှုတ်ခမ်းများ နှင့် မျက်လုံးများကို လှုပ်၍ 'သူ... တဲ့ " ဟု ပြောသည်။ ဂျိုးကလည်း သူ့နှုတ်ခမ်းများကို၊ မျက်ခုံးများကို လှုပ်၍ "အေး ဟုတ်တယ်၊ သူ... တဲ့" ဂျိုးက ကျွန်တော့်အား ဤကဲ့သို့ ဟန်အမူအရာနှင့် စကားပြန်ပြောနေခိုက်တွင် အစ်မက လှည့်အကြည့်နှင့် ဆုံသွားသဖြင့် သူခိုးလူမိခံရသလို ဖြစ်သွားသည်။ အခုလို အဖြစ်မျိုးနှင့် ကြုံရသည့် အခါများတွင် လုပ်နေကျအတိုင်း ဂျိုးသည် သူ့လက်ဖမိုးဖြင့် နှာခေါင်းကို ပွတ်လိုက်ကာ အစ်မ၏ မျက်နှာကို ပြူးပြူးကြီး စိုက်ကြည့် နေသည်။

"ဒါက... ဘာလဲ" ဟု အစ်မက သူ့ဝသီအတိုင်း ဂျိုးအား လှမ်းဟောက်သည်။

"ဘာကြည့်နေတာလဲ၊ အိမ် မီးလောင်နေလို့လား"

"ဘယ်သူများ လဲလို့ " ဟု ဂျိုးက အလွန်ချိုသာစွာဖြင့် ပြန်ပြောသည်။

"သူလို့ ပြောလိုက်တာ ကြားလို့ပါ"

"သူဆိုတာ သူပေါ့" ဟု အစ်မက ပြန်ဖြေသည်။

"သူဆိုတာ မစ္စဟောဗီရှမ်ပဲ၊ အဲဒီထက်ပိုပြီး သိချင်သေးလား"

"ဟို... မြို့ပေါ်က မစ္စဟောဗီရှမ်လား" ဟု ဂျိုးက ထပ်မေးသည်။

"မြို့ပေါ်မှာ တခြားမစ္စဟောဗီရှမ် တစ်ယောက် ရှိသေးတယ်လို့

ကြားဖူးသလား" ဟု ကျွန်တော့်အစ်မ အဖြေပေးသည်။ "သူက ဒီကောင်လေး ကို သူ့ဆီခေါ်ပြီး ကစားခိုင်းချင်လို့ ... တဲ့၊ အဲဒါ သူ သွားရမယ်၊ သူ့အဖို့ ဟိုမှာဆိုရင် ပိုပြီး ကစားလို့ကောင်းမယ်" ပြောပြောဆိုဆို အစ်မက ကျွန်တော့်ဘက်လှည့်၍ ခေါင်းတစ်ချက် ဆတ်ပြသည်။ ကျွန်တော် သွားချင်စိတ်ဖြစ်လာအောင် အားပေးအားမြှောက် ပြုသည့် သဘောပါသည်။ "ဒီမှာကတော့ ကျွန်မက သူ့ကို အလုပ်ပဲလုပ်ခိုင်းမှာ"

မြို့ပေါ်မှာ မစ္စဟေဗီရှမ်၏ အကြောင်းကို ကျွန်တော် ကြားဖူးသသည်။ သူ့အကြောင်းကို မြို့ပတ်ဝန်းကျင် အရပ်လေးမျက်နှာရှိ မိုင်ပေါင်း အတော်အလှမ်းဝေးဝေး ဒေသများ ဆီမှ လူတိုင်းလိုလိုပင် ကြားဖူးကြ၏။ ဤမိန်းမကြီးသည် အလွန်ချမ်းသာ၍ အလွန်ကြီးမားပြီး ကြောက်မက်ဖွယ်ကောင်းလှသည့် တိုက်အိမ်ကြီးတစ်လုံးနှင့် နေထိုင်လျက်ရှိကြောင်း၊ သူ့အိမ်ကြီးကို သူခိုးဓားပြများ မကပ်နိုင်ရန် အုတ်တံတိုင်းကြီး အခိုင်အမာ ကာရံထားကြောင်း၊ ပြီးတော့... ဤမိန်းမကြီးသည် မည်သူနှင့် မှ မရောအနှော မဆက်ဆံဘဲ တစ်ကိုယ်တည်း အထီးကျန်နေထိုင်ခြင်း ဖြစ်ကြောင်း စသည် များကို လူအများက တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် သိနေကြ၏။

"သေချာအောင် ထပ်မေးတာပါကွာ"ဟု ဂျိုးက အံ့သြနေသည့် မျက်နှာထားဖြင့် စကားပလ္လင် ခံသည်။ "သူက... ပစ်ပ်ကို ဘယ်လိုလုပ်ပြီး သိတာလဲ၊ ငါဖြင့် အံ့ရောပဲ"

"ဟဲ့... လူအ" ဟု ကျွန်တော့်အစ်မက အော်ကြီးဟစ်ကျယ် ရေရွတ်သည်။

"ပစ်ပ်ကို သူက သိနေတယ်လို့ ဘယ်သူက ပြောသလဲ"

"တစ်ယောက်ယောက်ကတော့ ပြောမှာပေ့ါ" ဟု ဂျိုးက လေပျော့ ပျော့ကလေးဖြင့် ပြောသည်။

"စောစောက ပြောလိုက်တဲ့ အထဲမှာ သူက ပစ်ပ်ကို ခေါ်ပြီး ကစားခိုင်းမယ်လို့ ကြားလိုက်လို့ပါ"

"ဒီမယ်..၊ မစ္စဟေဗီရှမ်က သူ့အိမ်ကိုခေါ်ပြီး ကစားခိုင်းလို့ ရမယ့် ကောင်လေးတစ်ယောက် လောက် ရှာလို့ ရမလားလို့ ဦးလေးပန်ဘဲလ်ချူ ကို မမေးနိုင် မစုံစမ်းနိုင်ဘူးတဲ့လား၊ ဖြစ်နိုင်တာတွေကို စဉ်းစားကြည့်စမ်း၊ ဦးလေးပန်ဘဲလ်ချူက မစ္စဟေဗီရှမ်ရဲ့ အိမ်ငှားတစ်ယောက်၊ အဲဒီတော့ ဦးလေးက အိမ်ငှားခပေးဖို့ သူ့ဆီကိုသွားတယ်။ သုံးလတစ်ကြိမ် ဖြစ်ဖြစ် ခြောက်လတစ်ကြိမ် ဖြစ်ဖြစ် မစ္စဟေဗီရှမ်အိမ် ကို ရောက်မယ်ဆိုပါတော့။ အို... ရှင့်ဦးနှောက်က အဲသလောက် အတိုင်းအတာ ထိ တွေးရမယ်ဆိုရင် များလွန်းနေလို့ မတွေးချင်ဘူး ဆိုလည်း ထားလိုက်ပါတော့။ ကျွန်မ ပြောချင်တာက တစ်ခါတစ်ရံမှာ ဦးလေးက အိမ်လခပေးဖို့ မစ္စတာဟေဗီရှမ်ဆီ ရောက်သွားမယ်။ အဲဒီအခါမှာ မစ္စဟေဗီရှမ်က ဦးလေးပန်ဘဲလ်ချူကို သူ့အိမ်မှာ လာပြီး ကစားနိုင်မယ့် ကောင်လေးတစ်ယောက်

လောက် ရှာလို့ မရနိုင်ဘူးလားလို့ မေးမယ်၊ အဲဒီတော့ ကျွန်မတို့ ရှင်တို့ အကျိုးဆိုရင် အမြဲတမ်း စဉ်းစားနေတတ်တဲ့ ဦးလေးပန်ဘဲလ်ချူက...။ ဒီစကားလည်း ပြောသာပြောရတာပါ။ ရှင်ကတော့ ဒီ အချက်ကို ထည့်ပြီး စဉ်းစားချင်မှ စဉ်းစားမှာပါ... ဂျိုးရယ်" ကျွန်တော့် အစ်မက ဤစကားကို ပြောရာ၌ ဂျိုးအား အလွန်တာဝန်မဲ့သည့် လူတစ်ယောက်ဟု အထင်ရောက်သွားအောင် ကဲ့ရဲ့ ပြစ်တင်သော လေသံမျိုးဖြင့် ပြောနေခြင်း ဖြစ်သည်။ "အဲဒီတော့... ဦးလေးက ဟိုမှာ ရပ်နေတဲ့ ကောင်လေးကို မြင်တယ် မဟုတ်လား၊ အမြဲတမ်း ခုန်ပေါက်ပြေးလွှား နေတဲ့ ကောင်လေး (အစ်မပြောသလို လုံးဝမဟုတ်ကြောင်းကို ကျွန်တော် ရဲရဲကြီး ပြောဝံ့ပါသည်။) ကျွန်မက အမြဲတမ်း ကျွန်ခံပြီး လုပ်ပေး နေရတဲ့ ကောင်လေးရဲ့ နာမည်ကို ပြောပြလိုက်တယ်၊ ကဲ... ရှင်းပြီလား"

"ကောင်းပါ့ဗျာ" ဟု ဦးလေးပန်ဘဲလ်ချူက... အော်ပြောသည်။

"ရှင်းပါပေ့။ လိုရင်းကို ဒက်ထိရောက်သွားတာပဲ၊ ကဲ... ဂျိုးဇက်... မင်း နားလည်သွားပြီ မဟုတ်လား"

"မဟုတ်သေးဘူး.. ဂျိုးဇက်" ဟု ကျွန်တော့်အစ်မက ဆိုသည်။ သူ့ လေသံမှာ ယခုအချိန်ထိ ဂျိုးအပေါ် အပြစ်တင်လိုသည့် လေသံပါနေဆဲ။ ဂျိုးကတော့ သူ့လက်ခုံဖြင့် သူ့နှာခေါင်းကို အပြန်အလှန်ပွတ်ကာ မျက်နှာငယ်လေးဖြင့် ပြန်ကြည့်နေသည်။ "ရှင်တွေးလည်း တွေးပုံမရဘူး၊ အခုထက်ထိလည်း နားလည်ပုံ မပေါ်သေးဘူး။ ရှင်ကတော့ ရှင့်ကိုယ်ရှင် နားလည်ပြီလို့ ထင်နေမှာပဲ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ ရှင် နားမလည်သေးပါဘူး ဂျိုးဇက်ရယ်၊ ဦးလေးပန်ဘဲလ်ချူ ဘယ်လောက်အထိ အမြော်အမြင်ကြီးတယ်ဆိုတာ ရှင် မသိသေးပါဘူး၊ အခုဆိုကြည့်စမ်း၊ မစ္စဟေဗီရှမ်ဆီကို ဦးလေးပန်ဘဲလ်ချူ ရောက်သွားတဲ့ အတွက် ဒီကောင်လေးရဲ့ အနာဂတ်ဘဝဟာ ကောင်းသွားတော့မှာ၊ အခုဆိုရင် ဦးလေးက ဒီကောင်လေးကို ဒီကနေ့ညပဲ သူ့မြင်းရထားနဲ့ တင်ပြီး ခေါ်သွားပေးမယ်၊ သူ့အိမ်မှာ တစ်ညသိပ်မယ်၊ မနက်ဖြန်မနက်ကျတော့ ကောင်လေးကို သူကိုယ်တိုင် မစ္စဟေဗီရှမ်ရဲ့ လက်ထဲအပ်မှာ၊ ကဲ.... သိပြီလား၊ အမယ်လေး... ငါ့နှယ်နော်... မောလိုက်ပါဘိတော့တယ်။ ဘုရားသခင်ရယ် တပည့်တော်မကို ကယ်မပါဦး" ဟု အော်ကြီးဟစ်ကျယ် ပြောနေရာက အလွန်အမင်း စိတ်မောလူမော ဖြစ်သွားသည့် ဟန်ဖြင့် လည်ပင်းတွင် တွဲလောင်းဖြစ်နေသော ဦးထုပ်ကို ဖြုတ်လိုက်သည်။

"ဒီလောက် ထုံတဲ့ ထိုင်းတဲ့ ငနွားနှစ်ကောင်ကို ရှင်းပြနေရတာနဲ့ပဲ ငါလည်း မထိုင်ရတော့ဘူး၊ ဦးလေးပန်ဘဲလ်ချူကလည်း စောင့်နေရတယ်။ မြင်းမကြီးလည်း အပြင်မှာ မတ်တတ်ကြီး၊ အအေးမိတော့မှာပဲ၊ ဟို ကောင်လေးလည်း ဆံပင်ကအစ ခြေဖျားအထိ ဖုန်ရော အိုးမဲရော ချေး အလိမ်းလိမ်းနဲ့"

သူ့စကားဆုံးသည် နှင့် တစ်ပြိုင်နက် အစ်မသည် လင်းယုန်ငှက်ကြီး တစ်ကောင်က မွေးကင်းစ သိုးပေါက်စလေးတစ်ကောင်ကို ထိုးသုတ်လိုက်သည့်နှယ် ကျွန်တော့်အား ဖျတ်ခနဲ ကိုင်ဖမ်းလိုက်သည်။ ထို့နောက် ကျွန်တော့်မျက်နှာကို

စည်ပိုင်းတစ်လုံးထဲသို့ အကြိမ်ကြိမ်နှစ်ခြင်း၊ ကျွန်တော့်တစ်ခေါင်းလုံး ကို ရေဘုံဘိုင်အောက်သို့ ထိုးခံထားခြင်း၊ လည်ကုပ် မှ ကိုင်၍ ဖျစ်ညှစ်ပြီး ဆပ်ပြာတိုက်ခြင်း၊ ချေးညှော်များ ကင်းစင်စေရန် အထပ်ထပ် တွန်းပေးခြင်း၊ မျက်နှာသုတ်ပဝါဖြင့် တအားကုန်ပွတ်တိုက် ပေးခြင်း စသည်များကို တရစပ် ပြုလုပ်လျက်ရှိရာ ကျွန်တော့်မှာ လူမှန်းသူမှန်းမသိနိုင်အောင်ပင် ဖြစ်ရပါတော့သည်။

ကျွန်တော့်တစ်ကိုယ်လုံးကို သူ စိတ်တိုင်းကျ သုတ်သင်ရှင်းလင်းပေး ပြီးသောအခါ ခေါက်ရိုးများ အဆမတန် တောင့်တင်းမာကျောလျက်ရှိသည့်အင်္ကျီသစ် လဲပေးသည်။ ထို့နောက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကျပ်သပ်နေသည့် ဘောင်းဘီနှင့် ကုတ်အင်္ကျီများကို ဝတ်စေသည်။ ဝတ်ထားရသည့် အဝတ်အစားများမှာ ကျပ်လွန်းအားကြီးသဖြင့် ကျွန်တော့်တစ်ကိုယ်လုံးကို ဂုံနီအိတ်တစ်လုံးဖြင့် ထည့်ထုပ်ထားသလို ဖြစ်လျက် ရှိ၏။ ကိစ္စဝိစ္စ အားလုံး ပြီးသွားသည့် အခါ အစ်မက ကျွန်တော့်အား မစ္စတာ ပန်ဘဲလ်ချူ၏ လက်သို့ လွှဲပြောင်းပေးသည်။ ဦးလေးပန်ဘဲလ်ချူကလည်း ပုလိပ်အရာရှိတစ်ဦးက တရားခံ တစ်ယောက်လို လက်ခံသည့် ပုံစံမျိုးဖြင့် ကျွန်တော့်အား လက်ခံပြီး ဆုံးမသြဝါဒစကား ပြောသည်။ "ဟေ့.. ကောင်လေး။ မိတ်ဆွေတွေရဲ့ ကျေးဇူးတရား ကို အမြဲသိရမယ်... နော်။ အထူးသဖြင့် လက်နဲ့ မကွာ အုပ်ထိန်းစောင့် ရှောက်ခဲ့တဲ့ လူတွေရဲ့ ကျေးဇူးတရားကို သိတတ်ရမယ်...။ ကြားလား"

"သွားတော့မယ်ဗျာ... ဂျိုး"

"ဘုရားသခင်က မင့်ကို စောင့်ရှောက်ပါစေ... ငါ့လူရာ"

ကျွန်တော်သည် ယခင်က ဂျိုးနှင့် တစ်ကြိမ်တစ်ခါမှ ခွဲခွာဖူးခဲ့သည် မဟုတ်ပါ။ ထို့ကြောင့်လည်း စိတ်နှလုံးများစွာ ညှိုးငယ်ကာ နားဝေတိမ်တောင် ဖြစ်လျက်ရှိသည်။ မြင်းရထားပေါ် ရောက်ချိန်အထိ ဘာခံစား မှုမှ မရှိသလို ဖြစ်လျက် ရှိ၏။ ပထမတွင် မိုးကောင်းကင်ထက်မှ ကြယ် များကိုပင် ကျွန်တော် မမြင်နိုင်အောင် ဖြစ်လျက်ရှိသည်။ ထို့နောက်တွင် မှ ကြယ်များသည် တစ်လုံးပြီးတစ်လုံး ထွက်လာကြသည်။ သို့သော်လည်း သူတို့သည် ကျွန်တော့်ရင်ထဲ၌ ရှိနေသည့် ဘာကြောင့် မစ္စဟေဗီ ရှမ်၏ အိမ်သို့ သွား၍ ကစားရပါသနည်းဟူသော မေးခွန်းနှင့် မည်ကဲ့သို့သော ကစားနည်းများကို ကစားရလိမ့်မည်နည်းဟူသော မေးခွန်းများ ကို ဖြေဆိုနိုင်လောက်သည့် အလင်းရောင်ကိုမူ ပေးနိုင်စွမ်း မရှိကြပါကလား။

*****

(၈)

ဈေးမြို့တစ်မြို့ဖြစ်သော မြို့ကလေး၏ ဟိုက်လမ်းအတွင်းရှိ မစ္စတာပန်ဘဲလ်ချူ၏ နေအိမ်သည် ဧရတ်ကောင်းနံ့များ၊ ပြောင်းဆန်နံ့များဖြင့် ပြည့်လျက်ရှိသည် ဖြစ်ရာ ပြောင်းဆန်နှင့် သစ်သီးဝလံမျိုးစေ့များ ရောင်းချသည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး၏ နေအိမ်တစ်အိမ်၌ ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များ နှင့် ပြည့်စုံသည် ဟု ဆိုရပေလိမ့်မည်။ သူ့ဆိုင်အတွင်း၌ စင်ငယ်ကလေးပေါင်း အမြောက်အမြား ရှိနေသည် ကို တွေ့ရသဖြင့် မစ္စတာပန်ဘဲလ်ချူသည် အလွန်စိတ်ချမ်းသာမှု ရှိနေသည့် လူတစ်ဦး ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်မိ၏။ ကျွန်တော်သည် စင်များ အောက်ဆုံးထပ်၌ ကြိုးဖြင့် ချည်၍ ဆွဲထားသော အိတ်ကလေးများကို တိတ်တဆိတ် ချောင်းကြည့်ခဲ့ရာ အညိုရောင်စက္ကူအိတ်များဖြင့် ထည့်ထားသော မျိုးစေ့အမျိုးမျိုးကို တွေ့ရသည် ထိုအခါ ဤအိတ်များ အတွင်းရှိ ပန်းစေ့များ နှင့် သစ်စေ့ဝါးစေ့များသည် သူတို့ ကျရောက်နေသည့် အကျဉ်းထောင်အတွင်ႉးမှ လွတ်မြောက်ကာ ပွင့်နိုင်ဖူးနိုင် သီးနိုင်သည့် နေ့ရက်တစ်ရက်သို့ ရောက်ရန် ပြင်းပြင်းပြပြ တောင့်တရှာလိမ့်မည်ဟု တွေးမိလေသည်။

ဤအတွေး ဝင်လာသည့် အချိန်မှာ ကျွန်တော် မစ္စတာပန်ဘဲလ်ချူ၏ နေအိမ်သို့ ဆိုက်ရောက်သွားပြီး နောက်တစ်နေ့ နံနက်စောစော ဖြစ်သည်။ ယမန်နေ့ညကမူ ဤအရာများကို ကြည့်နိုင်မြင်နိုင်ခွင့် မရခဲ့ပေ။

ရောက်သည် နှင့် တစ်ပြိုင်နက် မစ္စတာ ပန်ဘဲလ်ချူက အထပ်ခိုးလေး တစ်ခု၏ ထောင့်တစ်ထောင့်ရှိ အိပ်ရာသို့ တန်း၍ ပို့ခဲ့သည်။ အထပ်ခိုး ခေါင်မိုးသည် တစ်ဖက်သို့ ဆင်ခြေလျှောဖြစ်ကာ နိမ့်လွန်းလှသဖြင့် ခေါင်မိုးအုပ်ကွပ်များသည် ကျွန်တော့်မျက်လုံးများ နှင့် တစ်ပေခန့်သာ ကွာ လိမ့်မည်ဟု ခန့်မှန်းမိပါသည်။ ထိုနေ့နံနက်ကပင် တစ်ခုနှင့် တစ်ခု ဆက်စပ်၍ မရနိုင်လောက်အောင် ကွာခြားမှု ရှိနေကြသော မျိုးစေ့များ နှင့် ဇင်ထည်များကြားတွင် တူညီမှုတစ်ခု ရှိနေသည် ကို ကျွန်တော် တွေ့ခဲ့ရသည်။ မစ္စတာ ပန်ဘဲလ်ချူသည် ဇင်ထည်များကို ဝတ်ထားသည် ဖြစ် စေ သူ့တပည့် ဆိုင်အရောင်းသမားကလည်း သူ့လိုပင် ဇင်ထည်များကို ဝတ်ထားသည်။ ဤသို့ဖြင့် ဆိုင်အတွင်း၌ ရှိနေသော လေတွင် မျိုးစေ့နံ့ များဖြင့် ရောယှက်ပေါင်းစပ်နေသော ဇင်ထည်နံ့ လွှမ်းလျက် ရှိ၏။ ထိုနည်ႉးတူစွာပင် ဇင်ထည်နံ့များများဖြင့် ပေါင်းစပ်လျက်ရှိသော မျိုးစေ့နံ့သည် လေနှင့် အတူ ရောလျက် ရှိ၏။ သို့ဖြစ်ရာ ကျွန်တော့်အနေဖြင့် မည်သည့် အနံ့က မျိုးစေ့အနံ့၊ မည်သည့် အနံ့က ဇင်ထည်အနံ့ဟု ခွဲခြား၍ မရဘဲ ဖြစ်လျက် ရှိသေည်။ ထိုနေ့ နံနက်က ကျွန်တော် မြင်ခဲ့ရသည့် အတိုင်း ဆိုပါက မစ္စတာ ပန်ဘဲလ်ချူသည် သူ့စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ရာ၌ လမ်းတစ်ဖက်ရှိ မြင်းကုန်းနှီးနှင့် တန်ဆာပလာပစ္စည်းများ ရောင်းချသူ၏ အခြေအနေကို ကြည့်၍ လုပ်ကိုင်နေသည့် လက္ခဏာရှိ၏။ မြင်းကုန်းနှီးနှင့် တန်ဆာပလာပစ္စည်းများ ရောင်းချသူကလည်း

မြင်းလှည်းများ လုပ်၍ ရောင်းချသူ လှည်းထောင်ဆရာ၏ အရိပ်အခြည်ကို မျက်ခြည်မပြတ် ကြည့်၍ သူ့လုပ်ငန်းကို လုပ်နေပုံရသည်။ လက်နှစ်ဖက်ကို သူ့အင်္ကျီအိတ်ကပ်များ အတွင်းသို့ နှိုက်ထားသော လှည်းထောင် ဆရာကလည်း သူ့လုပ်ငန်းကို လုပ်ရာ၌ မုန့်ဖုတ်သမား၏ အရိပ်အကဲကို ကြည့်လေ့လာပြီး လုပ်နေသည့် သဘော ရှိ၏။ လက်နှစ်ဖက်ကို ပိုက်ထားသော မုန့်ဖုတ်သမားကလည်း အစားအသောက်၊ ဆေးဝါးပစ္စည်းနှင့် အိမ်သုံးပစ္စည်း အတိုအထွာ ရောင်းချသော ကုန်စုံဆိုင်ရှင်ကို ကြည့်၍ သူ့အလုပ်ကို လုပ်နေပုံ ရသည်။ ကုန်စုံဆိုင်ပိုင်ရှင်ကမူ သူ့ဆိုင်တံခါးဝ၌ ရပ်ကာ တသမ်းသမ်း တဝေဝေဖြင့် သူ့ဆေးစပ်သမားကို စောင့်ကြည့်လျက် ရှိလေသည်။ ကျွန်တော် မြင်ခဲ့ရသည့် အတိုင်း ဆိုလျှင် ဟိုက်လမ်းထဲ၌ ကိုယ့်အလုပ်မှ တစ်ပါး တခြားဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ နေနိုင်သူမှာ နာရီပြင်ဆရာတစ်ဦးသာ ရှိသည်။ နာရီပြင်ဆရာသည် မှန်ဘီလူးကို မျက်လုံးတစ်ဖက်၌ တပ်ကာ သူ့ဦးခေါင်းကို သူ့ရှေ့မှောက်ရှိ စားပွဲပေါ် ငုံ့၍ သူ့အလုပ်သူ တကုပ်ကုပ် လုပ်လျက် ရှိ၏။ တစ်ခါတစ်ရံတွင် လမ်းမ ပေါ် လျှောက်သွားနေကြသူများသည် ဆိုင်မှန်ပြတင်းမှ တစ်ဆင့် အတွင်းရှိ နာရီပြင်ဆရာ လုပ်ကိုင်နေပုံကို စိတ်ဝင်တစား ချောင်းကြည့်နေတတ်ကြသည်။ သို့ဖြစ်ရာ ဟိုက်လမ်းထဲ၌ ကိုယ့်လုပ်ငန်းအပေါ် အာရုံစူးစိုက်၍ အလုပ်လုပ်နေနိုင်သည့် ပုဂ္ဂိုလ်သည် နာရီပြင်ဆရာ တစ်ဦးသာလျှင် ရှိပုံ ရလေသည်။

မစ္စတာ ပန်ဘဲလ်ချူနှင့် ကျွန်တော်သည် နံနက်ရှစ်နာရီတွင် ဆိုင်၏ နောက်ဘက်ရှိ အခန်းထဲ၌ နံနက်စာစားကြသည်။ သူ့တပည့် ဆိုင်ထိုင် ကမူ ဆိုင်၏ ရှေ့ခန်းထဲ၌ လက်ဖက်ရည်မတ်ခွက် တစ်ခွက်၊ ပေါင်မုန့် ထောပတ်သုတ်တစ်ခုနှင့် စားတော်ပဲပြုတ် တစ်ပန်းကန်ကို စားသောက်လျက် ရှိ၏။ ကျွန်တော်စဉ်းစားမိသလောက် ပြောရလျှင် မစ္စတာပန်ဘဲလ်ချူသည် ပေါင်းလို့ သင်းလို့ ကောင်းမည့် လူတစ်ယောက် မဟုတ်ပါ။ ကျွန်တော့်အား ကိုယ့်အပြစ်ကိုယ်မြင်ပြီး အမြဲတစေ နောင်တရနေအောင် နှိပ်ကွပ်ရာ၌ အစားအသောက်ကို ဝအောင်မကျွေးဘဲ ထားခြင်းသည် အကောင်းဆုံး ဟူသော ကျွန်တော့်အစ်မ၏ စိတ်ကူးမျိုးကို သူ လက်ခံထားဟန် တူ၏။ ကျွန်တော့်အား ပေါင်မုန့်အစအနလေးများကို ထောပတ်ပါသည် ဆိုရုံမျှကလေး သုတ်၍ ကျွေးပြီး၊ ရေနွေး အများကြီး ရော ထားသော နို့တစ်ခွက်ကိုသာ တိုက်သည်။ ကျွန်တော့်ကို စကားပြောရာ ၌လည်း စိတ်ချမ်းသာစရာ အကြောင်းအရာများကို ပြောခြင်း မဟုတ်ဘဲ၊ ဂဏန်းသင်္ချာပုစ္ဆာများကို မေးနေခြင်း ဖြစ်၏။ ကျွန်တော်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် "မင်္ဂလာနံနက်ခင်းပါခင်ဗျာ" ဟု နှုတ်ဆက်သည် ကိုလည်း အသိအမှတ်မပြု။ နိုင်လိုမင်းထက် အမူအရာမျိုးဖြင့် "ခုနစ်ကိုးလီ ဘယ်လောက်လဲဟေ့" ဟု ပြန်မေးသည်။ ကိုယ်တစ်ကြိမ် တစ်ခါမှ မရောက်ဖူးသောနေရာတွင် ရောက်နေသဖြင့် အထူးအဆန်း ဖြစ်နေသည် က တစ်ကြောင်း၊ အလွန်အမင်း ဆာလောင်နေသည် က တစ်ကြောင်းတို့ ကြောင့်

သူ့မေးခွန်းကို ကျွန်တော် ကောင်းစွာ မဖြေနိုင်ပါ။ သူကျွေးထားသည့် အစားအစာထဲမှ တစ်လုတ်စာကိုမျှ မမျိုရသေးမီ ဂဏန်းအပေါင်းများကို မေးပြန်၏။ "ခုနစ်နဲ့လေးပေါင်း ဘယ်လောက်"။ "ရှစ်နဲ့ ခြောက် ပေါင်းရင်ကော ဘယ်လောက်ရသလဲ"၊ "နှစ်နဲ့ တစ်ဆယ်နဲ့ ကော" စသည် ... စသည်ဖြင့် မေးခွန်းများ တစ်ခုပြီးတစ်ခု မေးလျက်ရှိသည်။ ဤသို့ဖြင့် ကျွန်တော်သည် နံနက်စာကို ဖြောင့်ဖြောင့်တန်းတန်း စားရသည် မရှိပါ။ သူ မေးလိုက်သည့် ဂဏန်းပုစ္ဆာကို ဖြေလိုက်၊ အစာကို တစ်ကိုက် ကိုက်လိုက်၊ နွားနို့ကို တစ်ငုံသောက်လိုက် လုပ်ရပါသည်။ သူ့ဆီမှ နောက်ထပ် ဂဏန်းပုစ္ဆာတစ်ပုဒ်ကို မမေးမီ ပါးစပ်ထဲ ရောက်နေသည့် အစာကို ကသောကမျော မျိုချရပါသည်။ သူကမူ သူ့ကုလားထိုင်တွင် စိတ်အေး နားအေးထိုင်ကာ ဝက်ပေါင်ခြောက်နှင့် ပေါင်မုန့်ပူပူနွေးနွေးများကို စားလျက် ရှိနေ၏။ (အမှန်အတိုင်းသာ ဖော်ပြခွင့် ရမည်ဆိုပါက) သူ စားသောက်ဝါးမျိုးနေပုံမှာ ငမ်းငမ်းတက် နိုင်လွန်းလှရုံ မျှမက အလွန်အစားပုပ်သူတစ်ဦးနှင့် တူလှပါသည်။

ဤအကြောင်းများကြောင့် နံနက်ဆယ်နာရီထိုး၍ မစ္စဟောဗီရှမ်၏ အိမ်ဘက်သို့ ထွက်လာကြသည့် အခါ ကျွန်တော်သည် များစွာ ဝမ်းသာလျက် ရှိသည်။ သို့သော်လည်း ထိုအမျိုးသမီးကြီး၏ အိမ်အတွင်းသို့ ဝင်ရမည့် အခြေအနေမှ မလွတ်မြောက်နိုင်တော့သည့် ကျွန်တော့်အဖြစ်ကို တွေးလိုက်မိသောအခါ များစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရပြန်၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် မစ္စဟောဗီရှမ်၏ အိမ်သို့ ဆယ့်ငါးမိနစ်ခန့်မျှအကြာတွင် ဆိုက်ရောက် သွားကြသည်။ မစ္စဟောဗီရှမ်၏ အိမ်ကြီးမှာ အုတ်တိုက်အိုကြီးဖြစ်၍ တစ်အိမ်လုံးကို သံဝင်းတိုင်အမြောက်အမြား ကာရံထားသည် ဖြစ်ရာ မြင်ရုံမျှဖြင့် စိတ်ကျဉ်းကျပ်ဖွယ်ရာ ကောင်းလှ၏။ အချို့သော ပြတင်းပေါက်များကို အသေပိတ်ထားပြီး ကျန်ပြတင်းပေါက်များကိုမူ အောက်ခြေမှ သံတိုင်များ စိုက်၍ ကာရံထားသည်။ အိမ်ရှေ့ မျက်နှာစာရှိ ဝင်းကျယ်ကြီးကိုလည်း လုံခြုံအောင် ကာရံပိတ်ဆို့ထားသည် ဖြစ်ရာ ကျွန်တော်တို့သည် တံခါးဝရှိ လူခေါ်ခေါင်းလောင်းကြိုးကို တစ်ချက်နှစ်ချက်မျှ ဆွဲလိုက်ပြီး တိုက်အိုကြီးထဲမှ လူတစ်ယောက် ထွက်အလာကို စောင့်မျှော်နေကြရသည်။ ယင်းကဲ့သို့ ခြံတံခါးဝမှ ရပ်၍ စောင့်နေခိုက်တွင် ကျွန်တော်သည် အတွင်းသို့ တစ်ချက်မျှချောင်းကြည့်မိသည်။ (ထိုအချိန်အထိ မစ္စတာပန်ဘဲ လ်ချူသည် "ဘာနဲ့ ဘာနဲ့ ပေါင်းရင် ဆယ်လေးရသလဲ" ဟူသော ဂဏန်း ပုစ္ဆာတစ်ခုကို မေးလိုက်သေးသည်။ သို့သော်လည်း ကျွန်တော်က မကြားချင်ဟန်ဆောင်၍ မဖြေဘဲ နေလိုက်သည်။) အိမ်ကြီးဘေးတစ်ဖက်တွင် ကြီးမားသော ဘီယာချက်စက်ရုံကြီးတစ်ခု ရှိသည်။ လောလောဆယ် ဘီယာချက်ပုံ မရပါ။ ဘီယာမချက်တော့ဘဲ စွန့်ပစ်ထားခဲ့သည် မှာလည်း အချိန်ကာလအားဖြင့် ကြာခဲ့ပြီဟု ခန့်မှန်းရပါသည်။

အိမ်ကြီးဆီမှ ပြတင်းပေါက်တံခါးတစ်ချပ်သည် ရုတ်တရက် ပွင့်လာပြီး

ကြည်လင် သာယာသော အသံတစ်သံ ထွက်လာသည်။ “ဘယ်သူလဲ" ကျွန်တော့်အား လိုက်ပို့သူက "ပန်ဘဲလ်ချူ...ပါ" ဟု လှမ်းဖြေသည်။ တစ်ဖက်မှ "ကောင်းပြီ" ဟူသော အသံ ပြန်ထွက်လာပြီး ပြတင်း ပေါက်တံခါးသည် ဖျတ်ခနဲ ပြန်ပိတ်သွားသည်။ နောက် တစ်ခဏ အတွင်းမှာပင် မိန်းကလေး တစ်ယောက်သည် သော့တွဲကြီးတစ်ခုကို ကိုင်လျက် အိမ်ရှေ့ဝင်းကြီးကို ဖြတ်ကာ ကျွန်တော်တို့ ဘက်သို့ လျှောက်လာနေသည် ကို မြင်ကြရလေသည်။

"ဒီဟာ... ပစ်ပ်...ပဲ" ဟု မစ္စတာပန်ဘဲလ်ချူက ဆီး၍ ပြောသည်။

"ဩော်.. ပစ်ပ်ဆိုတာ သူလား" ဟု မိန်းကလေးက ပြန်ပြောသည်။ မိန်းကလေးမှာ အလွန်ချောမော လှပသလောက် အလွန်မာနကြီးသည့် ပုံ ပေါက်လျက် ရှိ၏။

"ဒီလိုဆို လာ... ပစ်ပ် အထဲဝင်ခဲ့"

မစ္စတာပန်ဘဲလ်ချူက ကျွန်တော်နှင့် အတူ ဝင်၍ လိုက်ရန် ဟန်ပြင်သည်။ သို့သော်လည်း မိန်းကလေးက အဝင်မခံဘဲ ဂိတ်တံခါးကြီးကို တွန်း၍ မဝင်နိုင်အောင် ပိတ်ထားသည်။

မိန်းကလေးက "အို" ဟု တစ်ချက်မျှ ရေရွတ်လိုက်ပြီး "ရှင်က မစ္စဟေဗီရှမ်နဲ့ တွေ့ချင်သေးလို့လား" ဟု မေးသည်။

"တကယ်လို့ သူက တွေ့ချင်တယ်ဆိုရင်လည်း တွေ့ရအောင်လို့ပါ" ဟု မစ္စတာ ပန်ဘဲလ်ချူက တွန့်ဆုတ်ဆုတ်လေသံဖြင့် ပြန်ပြောသည်။

"အို.. သူက မတွေ့ချင်ပါဘူး" ဟု မိန်းကလေးက ဆိုသည်။

မိန်းကလေးက ပိုင်ပိုင်နိုင်နိုင် ပြောလိုက်ခြင်းဖြစ်၍ မစ္စတာပန်ဘဲလ်ချူအနေဖြင့် ဆင်ခြေ တက်စရာ အကြောင်းမရှိတော့ချေ။ သို့သော်လည်း သူသည် ကျွန်တော်က သူ့ကို တစ်ခုခုလုပ်ထား၍ မဝင်ရခြင်းဖြစ်သည်ဟု ယူဆနေသည့် ဟန်ဖြင့် ကျွန်တော့်အား မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်သေးသည်။ ထို့နောက်... ကျွန်တော့်အား ပြစ်တင်ရှုတ်ချလိုသည့်လေသံဖြင့်... "ဟေ့... ကောင်လေး၊ ဒီမှာ နေရတဲ့ အခိုက်မှာ မင့်ကို လက်နဲ့ မကွာ အုပ်ထိန်းစောင့်ရှောက်လာခဲ့ကြတဲ့ လူတွေရဲ့ မျက်နှာကို ထောက်ပြီး ကောင်းကောင်း နေ... ကွ။ နော်။ ကြားလား" ဟု ပြောသွားသည်။ ကျွန်တော် ကတော့ စောစောက ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံ အရ စိုးရိမ်မကင်းဖြစ်ဆဲ...။ သူ့နောက်ရင်းကို ပြန်လှည့်လာပြီး ဝင်းခြံတံခါးမှ နေ၍ "ဆယ့်ခြောက်ရအောင် ဘာနဲ့ ဘာကို ပေါင်းရမလဲ" ဟု မေးလိုက်မည်ကို ကြောက်လျက် ရှိသည်။ သို့သော်လည်းတော်ပါသေး ၏။ သူ ပြန်လှည့်မလာတော့ပါ

မိန်းကလေးသည် တံခါးကြီးကို သော့ပြန်ခတ်လိုက်ပြီး နှစ်ယောက်သား ခြံဝင်းကျယ်ကြီးကို ဖြတ်ကျော်လာခဲ့ကြသည်။ လူသွားလမ်းမှာ ကျောက်ပြားများ ခင်းထားသဖြင့် သန့်စင်လျက် ရှိသော်လည်း ကျောက်ပြားများ ၏ အကွဲအအက်များကြားမှ မြက်များသည် ထိုးထိုး ထောင်ထောင် ပေါက်လျက်

ရှိကြ၏။ ကျွန်တော်တို့ လျှောက်သွားနေသည့်လမ်းနှင့် ဆက်နေသော လူသွားလမ်းဘေးတစ်လမ်းသည် ဘီယာချက်စက်ရုံဆီသို့ ဦးတည်လျက် ရှိ၏။ ထိုလမ်းငယ်၏ အဆုံးရှိ စက်ရုံဝင်ပေါက် ဂိတ်တံခါးမားသည် ပွင့်လျက် ရှိသည်။ စက်ရုံတစ်ရုံလုံးသည် ဟာလာဟင်းလင်းဖြစ်ချက် ရှိ၏။ အသုံးမပြုဘဲ စွန့်ပစ်ထားခဲ့သည် မှာလည်း ကြာပြီဖြစ်ဟန်တူ၏။ ဝင်းအတွင်း၌ တိုက်ခတ်နေသော လေသည် အပြင်ဘက်ထက် ပို၍ အေးမြပုံ ရသည်။ စက်ရုံပတ်ပတ်လည်၌ တိုက်ခတ်လျက်ရှိသောလေသည် စူးရှစွာ အော်မြည်လျက် ရှိသည်။ ပင်လယ်ပြင်ပေါ်ရှိ သင်္ဘောတစ်စီး၏ ရွက်တိုက်နှင့် ရွက်ကြိုးများကြားမှ တိုးဝှေ့ဖြတ်သန်း သွားနေသော လေသံနှင့် တူလှပေသည်။

စက်ရုံကြီးဆီသို့ စိတ်ဝင်တစား ကြည့်နေမိသော ကျွန်တော့်အား မိန်းကလေးက စကားလှမ်းပြောသည်။ "ဟဲ့.. ကောင်လေး။ အဲဒီစက်ရုံ ထဲမှာ ချက်ထားတဲ့ ဘီယာပြင်းပြင်းကို နင် ဘာမှ မဖြစ်ဘဲ သောက်နိုင်မှာပဲ.. နော်"

"သောက်နိုင်လိမ့်မယ်လို့ ထင်တာပဲ" ဟု ကျွန်တော်က ရက်စိတ်ဖြင့် ပြန်ပြောသည်။

"နင် အဲဒီလို စက်ရုံထဲမှာ ဘီယာချက်ဖို့ များတော့ စိတ်မကူးတာ အကောင်းဆုံးပဲ၊ သိလား...။ တကယ်လို့ သွားပြီး ချက်ရင်လည်း နင့်ဘီယာတွေက ချဉ်ကုန်မှာပဲ၊ နင်ကော ငါထင်သလို မထင်ဘူးလား... ဟင်

"အဲသလိုလည်း ဖြစ်မယ့်ပုံပဲ"

"ဒါကြောင့်လည်း ဘယ်သူမှ မချက်တာပေါ့... ဟာ" ဟု သူက ထပ်ပြောသည်။ "အခုလည်း မချက်တော့ပါဘူး၊ အဆောက်အအုံကြီးတစ်ခုလုံး ပြိုကျသွားတဲ့ အထိ ဒီနေရာကြီးဟာ အလကား ဖြစ်သွားတော့မှာ၊ ဘီယာပြင်းပြင်းကတော့ ငါတို့ မြေတိုက်ထဲမှာ အလုံ အလောက် ရှိတယ်။ ပူစရာ မလိုဘူး၊ ဟောဒီ 'မြေရှင်ကြီးဂေဟာ' ကို တောင် ဘီယာနဲ့ နှစ်ပစ်လို့ ရတယ်"

"မြေရှင်ကြီးဂေဟာဆိုတာ ဒီအိမ်ရဲ့ နာမည်လား"

"အေး... ဟုတ်တယ်၊ ဒီအိမ်ကြီးရဲ့ နာမည်တစ်ခုပေါ့"

"ဒီအိမ်ကြီးရဲ့ နာမည်တွေက အများကြီး ရှိလို့လား"

"တစ်ခုရှိသေးတယ်၊ ဆာတစ်စ်... တဲ့။ ဂရိဘာသာနဲ့ တစ်မျိုး၊ လက်တင်ဘာသာနဲ့ တစ်မျိုး၊ ဟီးဘရူးဘာသာနဲ့ တစ်မျိုး...။ အားလုံး သုံးမျိုးတောင် ရှိတာ၊ အဓိပ္ပာယ်ကျတော့ ပြည့်စုံခြင်းဆိုတဲ့ အဓိပ္ပာယ်တစ်ခုပဲ ထွက်တယ်"

"ပြည့်စုံဂေဟာပေါ့၊ ဟုတ်လား" ဟု ကျွန်တော်က ရေရွတ်မိသည်။

"နာမည်က ဆန်းတယ်နော်"

"အေး.. ဟုတ်တယ်" ဟု သူက ပြန်ပြောသည်။ "အဲဒီနာမည်က ပိုပြီး အဓိပ္ပာယ် ရှိတယ် ... တဲ့၊ အဲဒီနာမည်ကို မှည့်တဲ့ အချိန်တုန်းကတော့ ဒီ အိမ်ကြီးကို ပိုင်တဲ့ လူတွေဟာ ဘယ်သူတွေပဲဖြစ်ဖြစ် ဘာမှ သိပ်ပြီး လောဘကြီးကြမယ် မထင်ပါဘူး၊ ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံခဲ့ ကြတယ်လို့ ငါတော့ ထင်တာပဲ၊

ဟဲ့.. ကောင်လေး၊ လမ်းလျှောက်တာ သိပ်မနှေးစေနဲ့ "

မိန်းကလေးသည် စကားပြောသည့် အခါတိုင်း အမှတ်မဲ့သဘောဖြင့် ကျွန်တော့်အား 'ကောင်လေး" ဟု ခေါ်လေ့ရှိသည်။ သို့သော်လည်း သူ့အသက်သည် ကျွန်တော့်အသက်လောက်ပင် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ မိန်ႏးကလေးတစ်ယောက် ဖြစ်နေခြင်း၊ သပ်သပ်ရပ်ရပ် ဝတ်စားထားခြင်း၊ ချောမောလှပပြီး ဣန္ဒြေတစ်ခွဲသားနှင့် ဟန်တစ်လုံး ပန်တစ်လုံး လုပ်နေခြင်း စသော အကြောင်းများကြောင့်သာကျွန်တော့်ထက် အသက်ကြီးပုံ ပေါက်နေခြင်း ဖြစ်လေသည်။ အမှန်တော့ သူသည် သူ့ကိုယ်သူ အသက် နှစ်ဆယ့်တစ်နှစ်အရွယ် ဘုရင်မတစ်ပါးသဖွယ်ထားကာ ကျွန်တော့်အပေါ်၌ နှိမ့်နှိမ့်ချချ ဆက်ဆံနေခြင်း ဖြစ်လေသည်။

ကျွန်တော်တို့သည် တိုက်ကြီး၏ ဘေးတစ်ဖက်ရှိ တံခါးပေါက်မှ နေ၍ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ အိမ်ရှေ့တံခါးမကြီးကို အပြင်မှ နေ၍ သံကြိုးနှစ်ချောင်းဖြင့် အသေချည်၍ ပိတ်ထားသည်။ အိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း ကျွန်တော် ပထမဆုံး သတိထားမိသည့် အရာမှာ ဆောင်ကူးလမ်းကြားအားလုံး မှောင်မည်းနေခြင်း ဖြစ်၏။ တစ်နေရာတွင် မိန်ႏးကလေး ထွန်းညှိပြီး စိုက်ထားခဲ့ဟန်တူသော ဖယောင်းတိုင်တစ်တိုင် ကို တွေ့ရသည်။ မိန်းကလေးသည် ဖယောင်းတိုင်ကို ကောက်ယူပြီး နောက်ထပ် ဆောင်ကူးလမ်းကြားများကို ကျော်ဖြတ်ကာ လှေကားတစ် ခုအတိုင်း တက်သွားလျက် ရှိ၏။ ထိုနေရာရောက်ချိန်အထိ အားလုံးသည် မှောင်မည်းလျက် ရှိ၏။ မိန်းကလေး၏ လက်ထဲရှိ ဖယောင်းတိုင် မီး အလင်းရောင်မှ တစ်ပါး အခြားအလင်းရောင်ဟူ၍ ဘာတစ်ခုမှ မရှိ။

နောက်ဆုံးတွင် ကျွန်တော်တို့သည် အခန်းတစ်ခန်း၏ တံခါးပေါက် သို့ ရောက်သွားကြသည်။ "ကဲ.. အထဲကို ဝင်ပေတော့" ဟု မိန်းကလေးက ကျွန်တော့်အား လှမ်းပြောသည်။

"နောက်ကပဲ လိုက်မယ်" ဟု ကျွန်တော်က ရှက်စိတ်ဖြင့် ပြန်ပြောမိသည်။

"ကြောင်ကတ်ကတ် လုပ်မနေစမ်းနဲ့ … ကောင်လေးရယ်၊ ငါက အဲဒီ အခန်းထဲ မဝင်ဘူး" ဟု သူက ပြန်ပြောပြီး ကျွန်တော့်ကို ပြောင်သလို လှောင်သလို လုပ်ကာ ထွက်သွားသည်။ ဆိုးရွားသည်မှာ တခြားမဟုတ်၊ ဖယောင်းတိုင်ကို ယူသွားခြင်း ဖြစ်သည်။

အခြေအနေမှာ အလွန်စိတ်မသက်သာဖွယ်ရာ ကောင်း၏။ ကျွန်တော်သည် မှောင်မိုက်ထဲ၌ တစ်ယောက်တည်း ကျန်ခဲ့သည် ဖြစ်ရာ အနည်ႏးငယ်မျှ ကြောက်စိတ်ဝင်လျက် ရှိသည်။ မည်သို့ပင်ဖြစ်စေ... ကျွန်တော့်အနေဖြင့် အခန်းတံခါးကို ခေါက်ရန်မှ တစ်ပါး အခြားနည်းလမ်းမ ရှိတော့သဖြင့် တံခါးကို ခေါက်လိုက်သည်။ အခန်းထဲက 'ဝင်ခဲ့' ဟု ပြောလိုက်သံ ကြားရ၏။ ကျွန်တော် အခန်းတွင်းသို့ ဝင်ခဲ့ပါသည်။ အခန်ႏးမှာ အတော်ကလေး ကြီးမားကျယ်ဝန်းသော

အခန်းတစ်ခန်း ဖြစ်ပြီး ပျားဖယောင်းတိုင်ကြီးများ ထွန်းညှိထားသဖြင့် အလင်းရောင်ကောင်းစွာ ရနေသည်။ နေ့၏ အလင်းရောင်းကိုမူကား လုံးဝ မမြင်ရပါ။ အခန်းထဲရှိ ပရိဘောဂပစ္စည်းများကို မြင်ရုံမျှဖြင့် အမျိုးသမီး အလှပြင်ခန်းမှန်း သိသာသည်။ အခန်းထဲ၌ အထင်ရှားဆုံးသော အရာတစ်ခုမှာ ရွှေနားကွပ်ထားသော မှန်ကြီးတစ်ချက် တင်ထားသည့် မှန်တင်ခုံကြီးတစ်လုံး ဖြစ်သည်။ လှလှပပဖြစ်နေအောင် တခမ်း တနား ပြင်ဆင်ထားသဖြင့် အခန်းထဲ ရောက်လျှင်ရောက်ချင်း ဤမှန်တင်ခုံကြီးကို ကျွန်တော် မြင်မိခြင်း ဖြစ်ဟန်တူသည်။

အကယ်၍သာထိုမှန်တင်ခုံကြီးရှေ့၌ အမျိုးသမီးကြီးတစ်ဦး မရှိခဲ့ပါမူ ကျွန်တော် အခန်းထဲရောက်သည် နှင့် တစ်ပြိုင်နက် မှန်တင်ခုံကြီးကို အလျင်ဆုံး မြင်ရပါသည် ဟု အတိအကျ ပြောနိုင်စရာ ရှိသည်။ ယခုသော်မူ ထိုစကားကို အခိုင်အမာ ပြော၍ မရတော့ပါ။ အဘယ်ကြောင့် ဆိုသော် မှန်တင်ခုံကြီးရှေ့၌ အမျိုးသမီကြီးတစ်ယောက် ထိုင်နေသောကြောင့် ပေတည်း။ အမျိုးသမီးကြီးသည် မှန်တင်ခုံရှေ့ရှိ လက်တင်ကုလားထိုင်တစ်လုံးတွင် ထိုင်လျက် ရှိ၏။ သူသည် မှန်တင်ခုံ ပေါ်သို့ တံတောင်တစ်ဖက် ထောက်ကာ တံတောင်ဖြင့် ထောက်ထားသည့်လက်ပေါ်သို့ သူ့ဦးခေါင်းကို မှီတင်ထားသည်။ ကျွန်တော် တွေ့ဖူးမြင်ဖူးခဲ့သမျှ အားလုံးထဲတွင် အထူးဆန်းဆုံးသော အမျိုးသမီးကြီး ဖြစ်၍ နောင်တွင်လည်း သူ့လောက် ထူးဆန်းသော အမျိုးသမီးမျိုးကို တွေ့ဖူး လိမ့်မည် မထင်ပါ။

အမျိုးသမီးကြီးသည် အလွန်အဖိုးထိုက်တန်သည့် အဖြူရောင် ပိုးဖဲ ဇာအဝတ်အထည်များကို ဝတ်ဆင်ထားသည်။ သူ့ဖိနပ်များမှာလည်း အဖြူရောင်ပင် ဖြစ်၏။ သူ့ဆံပင်များမှာ ဖွေးဖွေးလှုပ်မျှဖြူနေပြီ ဖြစ်သော်လည်း လက်ထပ်မည့်ဆဲဆဲ သတို့သမီးများ ဝတ်ဆင်သည့် ဇာမျက်နှာဖုံးသည် ဆံပင်တွင် ငြိတွယ်ကာ တွဲလောင်းကျလျက် ရှိသည်။ သတို့ သမီးများသာပန်လေ့ရှိသည့် ပန်းများကိုလည်း တစ်ခေါင်းလုံး ဝေနေအောင် ပန်ထားသည်။ သူ့လည်ပင်းနှင့် လက်များတွင် ဝတ်ဆင် ထားသည့် စိန်ရွှေရတနာ လက်ဝတ်လက်စားများသည် တပြောင်ပြောင်တလက်လက်...။ အချို့သော ရွှေငွေရတနာ လက်ဝတ်လက်စားများမှာ မူ မှန်တင်ခုံပေါ်တွင် ပြန့်ကျဲလျက် ရှိသည်။ သူ့ခြေတစ်ဖက်တွင် ဖိနပ်တစ်ဖက် စီးထားပြီ ဖြစ်သော်လည်း အခြားတစ်ဖက်မှာ မှန်တင်ခုံပေါ်၌ ထောက်ထားသည့် လက်တစ်ဖက်အနီးတွင် ချထားသည်။ သူ့ကို ကြည့်ရသည်မှာ အဝတ်အစားများကို လဲ၍ ပြီးသေးဟန် မတူပေ။ သူ့ခေါင်းပေါ် ရောက်နေသည့် ဇာမျက်နှာဖုံးသည် တိုးလို့ တန်းလန်း...။ နာရီနှင့် ဆွဲကြိုးကိုလည်း မဝတ်ဆင်ရသေး။ ရင်စည်းဇာ ပဝါများ နှင့် အတိုအထွာ လက်ဝတ်လက်စားများ၊ လက်ကိုင်ပဝါနှင့် လက်အိတ်များ၊ ပန်းတချို့နှင့် ဘုရားရှိခိုးစာအုပ်တစ်အုပ် စသော ပစ္စည်းပစ္စယများမှာလည်း မှန်ရှေ့တွင် ဟိုတစ်ပုံသည် တစ်ပုံ ဖြစ်လျက် ရှိကပြလေသည်။

ကျွန်တော့်အနေဖြင့် ဤအရာဝတ္ထုများအားလုံးကို တစ်ပြိုင်တည်း တစ်ချိန်တည်းအတွင်း မြင်ရခြင်း မဟုတ်ပါ။ သို့သော်လည်း ကျွန်တော့် မျက်စိများနှင့် မြင်တွေ့လိုက်ရသမျှ အရာအားလုံးသည် အဖြူရောင်ဖြစ် သင့်ပါလျက် အဖြူရောင်မဟုတ်တော့ပါ။ အဖြူရောင်အဖြစ် တည်နေခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ယခုအခါတွင် သူတို့ ၏ မူလအရောင်သည် ကွယ်ပျောက်သွားခဲ့လေပြီ။ အဖြူရောင်နေ ရာတွင် အဝါရောင် သန်းလျက် ရှိလေပြီ။ သတို့ သမီးဝတ်စုံ ဝတ်ထားသော သတို့သမီးမှာလည်း သူဝတ်ထားသည့် အဝတ်များနှင့် သူပန်ထားသည့် ပန်းများကဲ့သို့ပင် ညှိုးရော်ခြောက်သွေ့နေသည် ကို ကျွန်တော် မြင်တွေ့နေရ၏။ အဝတ်အစားများ အောက်ရှိ သူ့ခန္ဓာတစ်ခုလုံးသည် နုပျိုလန်းဆန်းမှု ကင်းမဲ့လျက် ရှိ၏။ နုပျိုလန်းဆန်းမှုကို ဟောက် ပက်ဖြစ်နေသော သူ့မျက်လုံးများ အတွင်း၌သာမြင်ရတော့၏။ တစ်ချိန်ကတော့ အလွန်အချိုးအစား ပြေပြစ်လှပသော မိန်းမငယ်တစ်ဦး၏ ကိုယ်ခန္ဓာနှင့် ဤအဝတ်အစားများသည် တင်းတင်းရင်းရင်း ချပ်ချပ်ရပ်ရပ်နှင့် အလွန်ကြည့်ကောင်းလိမ့်မည် ဖြစ်သည်။ ယခုအခါတွင် မူကား တဖြည်းဖြည်း ကြုံလှီသေးကွေးကာ အရိုးပေါ်အရေတင်မျှသာ ကျန်တော့သည့် သူ့ကိုယ်ခန္ဓာပေါ်ရှိ အဝတ်အစားများသည် ပွတိပွယောင်းနှင့် တွဲလဲကျလျက် ရှိကြ၏။ တစ်ချိန်က ကျွန်တော် ရောက်ခဲ့ဖူးသည့် ပျော်ပွဲရွှင်ပွဲအဖြစ် ဖွင့်ထားသော ယာယီဈေးတစ်ခုတွင် ပျားဖယောင်းရုပ်ထု တစ်ခုကို ကျွန်တော် မြင်တွေ့ခဲ့ဖူးသည်။ ယခု ကျွန်တော် မြင်တွေ့နေရသည့် မိန်းမကြီးသည် ထိုစဉ်က ကျွန်တော်တွေ့ခဲ့ဖူးသည့် ပျားဖယောင်းရုပ်တုနှင့် အရိုးစုတို့ကို ပေါင်းစပ်ဖွဲ့စည်းထားသော လူတစ်ယောက်နှင့် တူလျက်ရှိ၏။ သူ့တစ်ကိုယ်လုံးတွင် အသက်ဝင်လှုပ်ရှားလျက်ရှိသည့် အရာမှာ နက်မှောင်သော မျက်လုံးများသာဖြစ်သည်။ အကယ်၍သာကျွန်တော် အော်နိုင်မည်ဆိုပါက ထိုမျက်လုံးအစုံက ကျွန်တော့်အား ကြည့်လိုက်သောအချိန်တွင် အလန့်တကြားထ၍ အော်မိပေလိမ့်မည်။

"နင်က ဘယ်သူလဲ... ဟဲ့" ဟု မိန်းမကြီးက မေးသည်။

"ပစ်ပ်ပါ ခင်ဗျာ"

"ဘယ်က ပစ်ပ်လဲ... ဟဲ့"

"မစ္စတာပန်ဘဲလ်ချူက ကစားဖို့လွှတ်လိုက်တဲ့ ကောင်လေးပါခင်ဗျာ"

"ရှေ့နားတိုးခဲ့စမ်း၊ ငါ ကြည့်ရအောင်၊ ဒီအနားထိ တိုးခဲ့"

ကျွန်တော် သူ့ရှေ့တည့်တည့်သို့ ရောက်သွားသည်။ သူ့မျက်လုံးများ ကို ရင်ဆိုင် မကြည့်ရဲသဖြင့် ကျွန်တော့်မျက်နှာကို ဘေးသို့ လွှဲဖယ်ထားသည်။ ထိုအခါကျမှပင် သူ့ပတ်ဝန်းကျင်မှ အရာဝတ္ထုများကို အသေးစိတ် မြင်ရသည်။ မှန်တင်ခုံပေါ်၌ ရှိနေသည့် သူ့အိတ်ဆောင်နာရီသည် ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်အလိုတွင် ရပ်လျက် ရှိပြီး အခန်းထဲ၌ နံရံ တစ်ခုပေါ်၌ ချိတ်ထားသော နာရီကြီးမှာလည်း ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်အလိုမှာပင် ရပ်လျက် ရှိသည် ကို

တွေ့ရလေသည်။

"ငါ့ကို ကြည့်စမ်း" ဟု မစ္စဟေဗီရှမ်က ပြောသည်။

"မင့်ကို မွေးစလောက်ကတည်းကနေကို လုံးဝမကြည့်ဘဲ နေလာတဲ့ မိန်းမကြီး တစ်ယောက်ကို မင်း မကြောက်ဘူးလား.. ဟင်"

"မကြောက်ဘူး.. ခင်ဗျ" ဟု ကျွန်တော်က လိမ်ပြောသည်။ ယခုကဲ့ သို့ လိမ်ပြောရသည့် အတွက် စိတ်တော့ မကောင်းပါ။

"အခု ငါ့လက်နဲ့ ထိထားတဲ့ နေရာမှာ ဘာရှိလဲ သိလား" မစ္စဟေဗီရှမ်က သူ့လက်နှစ်ဖက်ကို တစ်ဖက်ပေါ်တစ်ဖက်ထပ်ကာ ဘယ်ဘက်ရင် အုံပေါ်တင်၍ မေးသည်။

"သိပါတယ်ခင်ဗျာ"

"ငါ.. အခု ဘာကို လက်နဲ့ ထိထားသလဲ"

"နှလုံး... ခင်ဗျ"

"ကွဲနေပြီ သိလား"

သူသည် ဤစကားကို အလွန်စိတ်အားထက်သန်စွာဖြင့် အလေးအနက်ထား၍ ပြောခြင်း ဖြစ်သည်။ နားလည်ရန်ခက်ခဲသေ အပြုံးကိုလည်း မြင်ရသည်။ သူ့အပြုံးတွင် ဝါကြွားလိုသည့် အရိပ်အငွေ့ပင် ပါသယောင်ယောင် ရှိသည်။ ထို့နောက် သူသည် လက်များကို ထိုနေရာအပေါ်၌ အတန်ကြာမျှ တင်ထားပြီး အလွန်နှေးကွေးလေးလံစွာဖြင့် ပြန်၍ ဖယ် လိုက်သည်။

"ငါ ငြီးငွေ့လှပြီ" ဟု မစ္စဟေဗီရှမ်က ပြောသည်။

"ငါ့အနေနဲ့ အပြောင်းအလဲ လိုချင်တယ်။ယောက်ျားကြီးတွေ မိန်းမကြီးတွေနဲ့ ကတော့ ဆက်ဆံခဲ့ရဖူးလို့ စိတ်ကုန်နေပြီ။ ကဲ... ကစားစမ်း"

ဤပတ်ဝန်းကျင်တွင် ဤအလုပ်မျိုးကိုလုပ်ဖို့ စေခိုင်းခြင်းခံရသည့် အခါ ကျွန်တော့်မှာ များစွာ အခက်အခဲ ဖြစ်လျက် ရှိသည်။ ကျွန်တော် ကံမကောင်း၍သာမနိုင်ဝန်ကို အထမ်းခိုင်းခံရခြင်း ဖြစ်သည် ဟု ယူဆ မိပါသည်။

"တစ်ခါတလေ ငါ့ခေါင်းထဲမှာ အင်မတန်အော့နှလုံးနာစရာ ကောင်းတဲ့ စိတ်ကူးတွေ ပေါ်လာတတ်တယ်" ဟု သူက ဆက်ပြောသည်။ "အခုလည်း ကစားနေတာကို ကြည့်ချင်တဲ့ စိတ်ကူးတစ်ခု ရှိနေလို့ ... ဟဲ့။ ကဲ ဟိုကိုသွား..." စိတ်မရှည်တော့သည့် အမူအရာဖြင့် သူ့ ညာဘက်လက် ကို ယမ်းပြသည်။ "သွား... ကစား... ကစားလေ... ဟဲ့ကောင်လေး... ကစားလို့ ဆို" ကျွန်တော့်အနေဖြင့် ဘာလုပ်ရမည်မသိဖြစ်ကာ ကြောင်တက်တက်ဖြင့် ရပ်နေမိသည်။ ကျွန်တော်လုပ်နေပုံကို ကျွန်တော့်အစ်မသာ သိလိုက်လျှင်ဟူသော အတွေး ဝင်လာသည့် အခါ ကြောက်စိတ်ပါ ဝင်လာသည်။ ကျွန်တော့်ခေါင်းထဲသို့ ပေါက်တတ်ကရ စိတ်ကူးတစ်ခု ဝင်လာသည်။ မစ္စတာပန်ဘဲလ်ချူ၏ မြင်းရထား မောင်းနေသည့် ပုံစံမျိုးဖြင့် ဤအခန်းထဲတွင် လှည့်ပတ် ပြေးနေရလျှင် ကောင်းလေမလား..။ သို့သော်လည်း အခန်းထဲ၌ လှည့်ပတ်ပြေးနေလျှင် မဖွယ်မရာ

ဖြစ်နေမည်ကို တွေးမိသဖြင့် ထိုစိတ်ကူးကို စွန့်လိုက်ရ၏။ ဤသို့ဖြင့် ကျွန်တော်သည် ထိုနေရာ၌ ရပ်ကာ မစ္စဟောဗီရှမ်ကို ငေးကြည့်နေမိသည်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်လျက်ရှိသည်။ တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာ စူးစူးစိုက်စိုက် ကြည့်နေပြီးခါမှ မစ္စဟောဗီရှမ်က "ဟဲ့ ကောင်လေး၊ နင် စိတ်ကောက်တတ်သလား၊ ခေါင်းကော မာတတ်သလား" ဟု မေးသည်။

"ကျွန်တော် စိတ်မကောက်တတ်ပါဘူးခင်ဗျာ၊ ခေါင်းလည်း မမာတတ်ပါဘူး၊ ကျွန်တော် အခုချက်ချင်း မကစားနိုင်တဲ့ အတွက် စိတ်မကောင်းပါဘူး ခင်ဗျာ၊ တကယ်လို့ ကျွန်တော် မကစားလို့ တိုင်မယ်ဆိုလျှင် ကျွန်တော့်အစ်မက ကျွန်တော့်ကို ဒုက္ခပေးတော့မှာပါ၊ ဒါကြောင့်မို့လို့ ခိုင်းတဲ့ အတိုင်း ကျွန်တော် ကစားချင်ပါတယ်။ ဒါပေမဲ့... ဒီနေရာက ကျွန်တော့်အတွက် နေရာသစ် ဖြစ်နေပါတယ်။ အလွန်ထူးဆန်းပြီး အလွန်သပ်ရပ်ခံ့ညားတဲ့ နေရာလည်း ဖြစ်နေပါတယ်။ ဘာလုပ်ရမှန်း မသိနိုင် လောက်အောင် စိတ်ညစ်နေတဲ့ အတွက်..." ကျွန်တော်သည် စကားကို မဆက်ဘဲ ရပ်ထားမိသည်။ ကျွန်တော် စကားပြောလိုက်သည်မှာ များ သွားပြီဟု ထင်မိသဖြင့် စကားကို ဆက်မပြောဝံ့ဘဲ ဖြစ်နေသည်။ နှစ်ယောက်သား စောစောကပုံစံအတိုင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြ ပြန်၏။

ကျွန်တော့်ကို စူးစိုက်ကြည့်နေသော မစ္စဟောဗီရှမ်၏ မျက်လုံးများသည် တစ်နေရာသို့ လွှဲပြောင်းသွားသည်။ သူသည် သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ငုံ့ကြည့်သည်။ ပြီးတော့ မှန်တင်ခုံကို ကြည့်သည်။ ထို့ နောက် မှန်ကြီးထဲ၌ ထင်ဟပ်နေသော သူ့ရုပ်ကို သူ ပြန်ကြည့်နေသည်။

"အင်း.. သူ့အတွက်တော့ သိပ်ပြီး အသစ်အဆန်း ဖြစ်နေမှာပေါ့" ဟု ရေရွတ်သည်။ "ငါ့အတွက်ကတော့ ဟောင်းလှပါပြီ။ သူ့အတွက် သိပ်ပြီး ထူးဆန်းနေပေမယ့် ငါ့အတွက်ကတော့ ရိုးနေပါပြီ။ ဒါပေမဲ့ ငါတို့ နှစ်ယောက်စလုံးအတွက်တော့ စိတ်ညစ် စိတ်ရှုပ်စရာကြီးပါ။ ဟဲ့... ကောင်လေး၊ အက်စတယ်လာကို ခေါ်လိုက်စမ်း"

မစ္စဟောဗီရှမ်သည် မှန်ကြီးထဲမှ သူ့ရုပ်ပုံလွှာကို ကြည့်နေပြန်သည်၊ သူ့ကိုယ်သူလည်း စကားပြောနေသည် ဟု ထင်၏။ ထို့ကြောင့် ကျွန်တော်သည် သူခိုင်းသည့် အတိုင်း မလုပ်ဘဲ ဆက်၍ ရပ်နေမိသည်။

"အက်စတယ်လာကို ခေါ်လေ" ကျွန်တော့်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်ပြီး ထပ်ခိုင်းပြန်သည်။ "အဲဒါကိုတော့ မင်း လုပ်နိုင်ပါတယ်။ အက်စတယ်လာကိုသာ ခေါ်လိုက်စမ်းပါ၊ တံခါးနားကနေပြီး ခေါ်လိုက်"

ကိုယ်မနေဖူးသော အိမ်ကြီးတစ်အိမ်၏ ဆောင်ကူးစင်္ကြံကြား မှောင်ကြီးမည်းမည်းထဲ၌ ရပ်နေ၍ ကျွန်တော့်အပေါ်၌ လုံးဝအထင်အမြင်ကြီးပုံ မရသော မိန်းကလေးတစ်ယောက်၏ အမည်ကို ဟစ်ခေါ်နေရသည့် အလုပ်သည်

ဆိုးရွားသော အလုပ်တစ်ခုဟု ထင်သည်။ သို့သော်လည်း နောက်ဆုံးတွင် မိန်းကလေး၏ ထူးသံကို ကြားလိုက်ရပြီး အမှောင်ထုကြားအတိုင်း လာနေသော ကြယ်တစ်ပွင့်နှင့် တူသည့် ဖယောင်းတိုင်မီးရောင် တလက်လက်ကို လှမ်းမြင်ရလေသည်။

မစ္စဟောဗီရှမ်က အက်စတယ်လာအား သူ့အနားသို့ လာရန် လက်ဟန်ခြေဟန်ပြ၍ ခေါ်သည်။ ထို့နောက် မှန်တင်ခုံပေါ်မှ လက်ဝတ်လက်စားတချို့ကို ယူပြီး အက်စတယ်လာ၏ ရင်ဘတ်နှင့် အလွန်လှပသော အညိုရောင်ဆံပင်များတွင် ကပ်၍ ကြည့်သည်။ "တစ်နေ့ကျ ညည်းပိုင်မယ့် ပစ္စည်းတွေ... ကွဲ့၊ ညည်း.. ကောင်းကောင်း အသုံးချရမယ့် ပစ္စည်းတွေပေါ့။ ကဲ... ဟော့ဒီကောင်လေးနဲ့ ဖဲကစားတာကို ငါ ကြည့်စမ်းပါရစေဦး"

"ဒီကောင်လေးနဲ့လား၊ ဘာပြုလို့ ကစားရမှာလဲ၊ သူက အောက်တန်းစား အလုပ်ကြမ်းသမားလေးပဲ"

မစ္စဟောဗီရှမ်၏ နှုတ်မှ ခပ်တိုးတိုး ရေရွတ်သံကို ကျွန်တော် ကြားလိုက်မိသည် ထင်၏။ သို့သော်လည်း ဟုတ်ဟန်မတူပါ။ ကျွန်တော် နားကြားလွဲခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ "ကဲ..ပါလေ၊ ဒါတွေ ထားလိုက်ပါတော့၊ ညည်း... သူ့နှလုံးသားကိုတော့ ကွဲအောင်လုပ်နိုင်မှာပါ"

"ဟဲ့ ကောင်လေး၊ နင် ဘာကစားတတ်သလဲ" အက်စတယ်လာက ကျွန်တော့်အား အလွန်အမင်း အထင်အမြင်သေးသည့် မျက်နှာထားဖြင့် ကြည့်ပြီး မေးသည်။

"နှစ်ယောက်တွဲ ဖဲကစားနည်းတော့ ကစားတတ်တယ်"

"အေး... ဟုတ်ပြီ၊ အဲဒါပဲ ကစားကြ" ဟု မစ္စဟောဗီရှမ်က အက်စတယ်လာအား လှမ်းပြောသည်။ ဤသို့ဖြင့် ကျွန်တော်နှင့် အက်စတယ်လာ တို့ ဖဲကစားကြသည်။

ထိုကဲ့သို့ အေးအေးဆေးဆေး ထိုင်၍ ကစားနေသည့် အခါကျမှပင် အိတ်ဆောင်နာရီနှင့် တိုင်ကပ်နာရီမှအစ အခန်းတွင်းရှိ အရာရာတိုင်း ရပ်ဆိုင်းနေကြသည်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ဖြစ်သည် ကို ကျွန်တော် နားလည်လာသည်။ မစ္စဟောဗီရှမ်သည် စောစော က ကောက်ကိုင်ထားသည့် လက်ဝတ်ရတနာများကို သူယူခဲ့သည့် နေရာတွင် ပြန်၍ ချထားလိုက်သည် ကို ကျွန်တော် သတိထားလိုက်မိ၏။ အက်စတယ်လာ ဖဲကိုင်နေခိုက်တွင် ကျွန်တော်သည် မှန်တင်ခုံဘက်သို့ တစ်ချက်မျှ ကြည့်လိုက်မိသည်။ တစ်ချိန်က အဖြူရောင်ဖြစ်ပြီး ယခု အဝါ ရောင်ဖြစ်နေသော မှန်တင်ခုံပေါ်မှ ဖိနပ်တစ်ဖက်သည် ယခုအချိန်ထိ ဆွေးမြည့်ပေါက်ပြဲခြင်း မရှိသေးပေ။ ကျွန်တော့်မျက်စိများသည် ဖိနပ်မရှိသော မစ္စဟောဗီရှမ်၏ ခြေတစ်ဖက်ပေါ်သို့ ရောက်သွားသည်။ ထိုခြေထောက်၌ စွပ်ထားသည့် ပိုးသားခြေအိတ်မှာ မူ ပေါက်သည့် နေရာက ပေါက်၍ ပြဲသည့် နေရာက

ပြဲနေလေပြီ။ အခန်းထဲရှိ မြင်နေရသမျှသော အရာဝတ္ထုတိုင်းသည် အရောင်အဆင်း ကင်းမဲ့လျက် ရှိကြသည်။ ထိုနည်းတူစွာပင် မစ္စဟေဗီရှမ်၏ ကိုယ်ပေါ်မှ သတို့ သမီးဝတ်စုံမှာလည်း တောက်ပခြင်း ကင်းမဲ့နေကြလေပြီ။ မစ္စဟေဗီရှမ်၏ ကိုယ်ပေါ်မှ သတို့ သမီးဝတ်စုံသည် ကျွန်တော့်မျက်စိထဲတွင် အလောင်းထုပ်သည့် အဝတ်ကြီးနှင့် တူလျက် ရှိလေသည်။ ကျွန်တော်တို့ ဖဲကစားနေခိုက်တွင် မစ္စဟေဗီရှမ်သည် လူသေကောင် တစ်ကောင်သဖွယ် မလှုပ်မရှက် တောင့်တောင့်မတ်မတ်ကြီး ထိုင်နေသည်။ သတို့သမီး ဝတ်စုံ၏ ဇာနားများ နှင့် ကလနားများသည် စက္ကူချပ်များ သဖွယ် မာခေါက်ခေါက် ဖြစ်နေကြလေပြီ။ ရှေးနှစ်ပေါင်းများစွာ က မြှုပ်နှံထားခဲ့သော လူသေအလောင်းများကို တူးဖော်ရသည့် အခါ အလင်းရောင်အောက် ရောက်သည် နှင့် တစ်ပြိုင်နက် အမှုန့်များ ဖြစ်သွားကြသည် ဟူသော အကြောင်းများကို ကျွန်တော် သိရှိနားလည်ခြင်း မရှိခဲ့ပါ။ သို့ပါလျက်နှင့်ပင်… မစ္စဟေဗီရှမ်သည် နေ့၏ သဘာဝအလင်းရောင်နှင့် ထိတွေ့ရပါက ချက်ချင်း အမှုန့်ဖြစ်သွား လိမ့်မည်ဟု ကျွန်တော် တွေးမိပါသည်။

"ဒီကောင်လေးနှယ်နော်၊ အလိုက်တာ၊ ဖဲချပ်ကိုတောင်မှ မှန်အောင် မခေါ်နိုင်ဘူး၊ 'နေ့ဗ်'ကို 'ဂျက်' လို့ ခေါ်နေတယ်" ပထမပွဲ မပြီးချင်ကလေးမှာပင် အက်စတယ်လာက ကျွန်တော့်အား ကဲ့ရဲ့ ရှုံ့ချသောလေသံဖြင့် ပြောသည်။ "လက်တွေကလည်း ကြမ်းတမ်းလိုက်တာ အလွန်ပဲ၊ ဖိနပ်တွေကလည်း အထူကြီးတွေ"

အလျှင့်အလျင်ကဆိုလျှင် ကျွန်တော့်လက်များ အတွက် ရှက်စရာ ကောင်းမှန်း မသိခဲ့ပါ။ ယခုကျတော့လည်း ကျွန်တော့်လက်များကို အလွန်ရှက်စရာကောင်းလောက်အောင် ကြမ်းတမ်းသည့် လက်များ ဟု ထင်လာသည်။ ကျွန်တော့်အပေါ်၌ ထားနေသော သူ၏ ရွံရှာစက်ဆုပ်စိတ်သည် အလွန်ပြင်းထန်လှသည် ဖြစ်ရာ ထိုစိတ်သည် ချက်ချင်းပင် ကျွန်တော့်ကို ကူးစက်လာသည်။ မိမိကိုယ်ကို မိမိ ရွံရှာစက်ဆုပ်ခြင်းသည် ကျွန်တော့်ရင်ထဲ၌ ဖြစ်ပေါ်လာလျက် ရှိ၏။

ပထမပွဲတွင် အက်စတယ်လာက နိုင်သဖြင့် ဒုတိယပွဲတွင် ကျွန်တော် ဖဲကိုင်ရသည်။ သူက ကျွန်တော်လုပ်ပုံကိုင်ပုံကို စောင့်ကြည့်နေ သဖြင့် ကျွန်တော့်မှာ ဖဲကိုမှ ဖြောင့်ဖြောင့်တန်းတန်း မဝေတတ်တော့ဘဲ အယောင်ယောင်အမှားမှား ဖြစ်လျက်ရှိ၏။ ထိုအခါ အက်စတယ်လာက ကျွန်တော့်အား ညံ့သည် … ဖျင်းသည် … အသည် စသည်ဖြင့် အပြစ်တင်ရှုတ်ချခြင်း ပြုသည်။

ကျွန်တော်တို့ ၏ ကစားပွဲကို ထိုင်ကြည့်နေသော မစ္စဟေဗီရှမ်က "ဟဲ့.. မင်းကတော့ သူ့ကို ဘာမှ ပြန်မပြောပါလား" ဟု မှတ်ချက်ချသည်။ "သူကဖြင့် မင့်ကို ကဲ့ရဲ့ နေလိုက်တာ… ရစရာကို မရှိတော့ဘူး၊ ဒီလောက်ကြီး ဖိဖိနှိပ်နှိပ် အပြောခံရတာတောင် မင်းဘက်က ဘာမှ ပြန်မပြောဘဲကိုး… ကဲ.. မင်း… သူ့ကို

ဘယ်လိုထင်သလဲ၊ ပြောစမ်း"

"ကျွန်တော်ကတော့ မပြောချင်ပါဘူး" ဟု ထစ်တီးထစ်ငေါ့ဖြင့် အဖြေပေးလိုက်သည်။

"ငါ့ကို တိုးတိုးကလေး ပြောစမ်း" ဟု ဆိုကာ မစ္စဟေဗီရှမ်က သူ့နား တစ်ဖက်ကို ကျွန်တော်ဆီသို့ ငုံ့ပေးသည်။

"သူက အလွန်မာနကြီးတယ်လို့ ထင်တာပဲ" ဟု ကျွန်တော်က တိုးတိုးကလေး ပြန်ပြောသည်။

"တခြားကော ပြောစရာ ရှိသေးလား"

"နောက်ထပ်ကော"

"သူဟာ လူတစ်ဖက်သားကို အလွန်စော်ကားမော်ကား လုပ်ချင်တယ်" (ထိုအခါ မစ္စဟေဗီရှမ်က ကျွန်တော့်အား အလွန့်အလွန် မနှစ်မြို့သည့်မျက်နှာထားဖြင့် ကြည့်နေသည်။)

"နောက်ပြီးတော့ကော"

"ကျွန်တော် အိမ်ပြန်ချင်တယ်... ခင်ဗျ"

"မင်းပြောတော့ သူ သိပ်လှတယ်ဆို၊ သူနဲ့ နောက်ထပ် မတွေ့ချင်. မမြင်ချင်တော့ဘူးလား"

"သူ့ကို ကျွန်တော် နောက်ထပ်တွေ့ချင်တယ်၊ မတွေ့ချင်ဘူး ဆိုတာတော့ ကျွန်တော် မပြောတတ်သေးဘူး၊ ဒါပေမဲ့ အခုတော့ ကျွန်တော် အိမ်ပြန်ချင်တယ်"

"မကြာခင် ပြန်ရမှာပါ... ကွယ်" ဟု မစ္စဟေဗီရှမ်က ပြောသည်။

"ပွဲပြီးအောင်တော့ ကစားလိုက်ပါဦး"

ပထမတွင် မစ္စဟေဗီရှမ်သည် ပြုံးဖို့ ကြိုးစားသည်။ သို့သော်လည်း သူ့အပြုံးသည် အပြုံးနှင့် မတူသော အပြုံး ဖြစ်၏။ အလွန်ဝေခွဲရခက်သော အပြုံး ဖြစ်သည်။ တကယ်တော့ မစ္စဟေဗီရှမ်၏ မျက်နှာသည်ပြုံး၍ မရနိုင်တော့သည့် မျက်နှာဟု ကျွန်တော် ထင်သည်။ သူ့မျက်နှာသည် စိုးရိမ်သောကနှင့် တစ်ဖက်သားအပေါ် မယုံကြည်စိတ်များကိုသာ ဖော်ပြနေသော မျက်နှာ ဖြစ်၏။ သူ့ဘဝတွင် သူနှင့် ဆက်စပ်ပြီး ဖြစ်လာခဲ့သမျှ အရာအားလုံးသည် သူ့ဘဝကို တစ်ဖန်ပြန်၍ နာလန်မထူနိုင် အောင်ပင် ဖိစီးနှိပ်စက်ခဲ့ဟန် တူ၏။ သူ့ဦးခေါင်းသည် အမြဲတစေ ငိုက်စိုက်ကျလျက် ရှိသည်။ စကားပြောလျှင်လည်း တိုးတိုးကလေး ပြောသည်။ သူ့ကိုယ်ခန္ဓာသည် စိတ်ရောကိုယ်ပါ ဆည်၍ မရနိုင်လောက်အောင် ကျဆုံးနေသည့် အရိပ်လက္ခဏာကို ဖော်ပြလျက်ရှိသည်။ အလွန်ပြင်း ထန်သည့် ထိုးနှက်ချက်တစ်ခုအောက် ရောက်နေရသည့် နှယ် ရှိသည်။ ခြုံကြည့်လိုက်လျှင် ရှင်လျက်နှင့် သေနေသည့် ပုံစံမျိုး ဖြစ်လေသည်။

ကျွန်တော်သည် အက်စတယ်လာနှင့် ကစားနေသည့် ပွဲကို လက်စသပ်သွားသည် အထိ ကစားသည်။ ပွဲတိုင်းတွင် သူကချည်း အနိုင်ရလေရာ နောက်ဆုံးတွင် သူသည် အလွန်စိတ်ပျက်သည့် အမူအရာဖြင့် ဖဲချပ် အားလုံးကို

စားပွဲပေါ်သို့ ပစ်ချ လိုက်လေသည်။

"မင့်ကိုငါ ဘယ်ရက်လောက်မှာ နောက်တစ်ကြိမ် တွေ့ရမလဲ" ဟု မစ္စဟောဗီရှမ်က ရေရွတ်သည်။ "နေဦး ငါ စဉ်းစားလိုက်ဦးမယ်"

ကျွန်တော်က ယနေ့ ဗုဒ္ဓဟူးနေ့ဖြစ်ကြောင်း ပြောလိုက်မိသောအခါ မစ္စဟောဗီရှမ်က စိတ်မရှည်သည့် ဟန်ဖြင့် သူ့ညာလက်ကို ယမ်း၍ ဟန့်သည်။

"ဟုတ်ကဲ့ခင်ဗျာ"

"ဟဲ့.. အက်စတယ်လာ၊ သူ့ကို ပြန်ပို့လိုက်၊ စားစရာလေးတစ်ခုခုလည်း ကျွေးလွှတ်လိုက်ဦး၊ စားရင်းသောက်ရင်းနဲ့ အိမ်ဝင်းထဲ လျှောက်ကြည့်ချင်ရင်လည်း ကြည့်ပါစေဟယ်၊ ကဲ... သွားတော့... ပစ်ပ်"

ကျွန်တော်သည် ဖယောင်းတိုင်မီးရောင် သွားရာနောက်မှ တစ်ကောက်ကောက် လိုက်ရသည်။ ရှေ့မှ ဖယောင်းတိုင် ဆင်းသည့်အခါ ဆင်း၍ တက်သည့် ခါ တက်ရသည်။ ကျွန်တော်တို့ ဝင်လာခဲ့သည့် နေရာသို့ ရောက်သောအခါ အက်စတယ်လာက ရှေ့မှ ပိတ်၍ ရပ်နေသည်။ သူ့တံခါး မဖွင့်မချင်း နောက်မှ ရပ်၍ စောင့်နေရသော ကျွန်တော့်ခေါင်းထဲသို့ ညကြီးမင်းကြီးထဲ၌ ရပ်နေရသည် ဟူသော အတွေး ဝင်လာပါသေးသည်။ တံခါးပွင့်သွားသည် နှင့် တစ်ပြိုင်နက် အပြင်မှ အလင်းရောင်သည် တိုးဝှေ့ဝင်ရောက်လာသည်။ နေ့၏ အလင်းရောင်နှင့် ထိတွေ့ရသောအခါ ကျွန်တော့်စိတ်သည် နားဝေတိမ်တောင် ဖြစ်လျက် ရှိ၏။ အလွန်ထူး ဆန်းသော အခန်းထဲရှိ ဖယောင်းတိုင်မီးရောင်အောက်တွင် နာရီပေါင်း များစွာ နေခဲ့ရသည် ဟူသော ခံစားမှုမျိုးသည် ကျွန်တော့်ရင်ထဲတွင် ဖြစ်ပေါ်ဆဲ...။

"ဟဲ့ကောင်လေး၊ နင် ဒီနေရာက စောင့်နေဦး" ဟု အက်စတယ်လာ က ပြောပြီး တံခါးကို ပြန်ပိတ်ကာ အတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားသည်။

တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အခါ ကျွန်တော်သည် အလွန်ကြမ်းတမ်းလှသော ကျွန်တော့်လက်များ နှင့် အောက်တန်းကျလှသော ကျွန်တော့်ဖိနပ်များကို သေချာစွာ ကြည့်နေမိပါသည်။ သူတို့ကို ကြည့်ရသည်မှာ စိတ်ချမ်းသာစရာ မရှိပါ။ ယခင်က ကျွန်တော့်အား ဒု က္ခပေးခဲ့ကြသော ဤလက်များ နှင့် ဤဖိနပ်များသည် ယခုအခါတွင် အလွန်မဖွယ်ရာသော အရာများ အဖြစ်ဖြင့် ကျွန်တော့်အား စိတ်ဆင်းရဲအောင် လုပ်လျက် ရှိကြလေပြီ။ အိမ်ပြန်ရောက်ပါက ဖဲချပ်နာမည်များ ကို မှန်မှန်ကန်ကန် ခေါ်တတ်သွားအောင် သင်ပေးဖို့ ဂျိုးအား အပူကပ်မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အက်စတယ်လာနှင့် ကစားခဲ့စဉ်က 'နေ့ဗ်' ဟု ခေါ်ရမည့် ဖဲချပ်များကို 'ဂျက်' ဟု ကျွန်တော် မှား၍ ခေါ်ခဲ့မိသည်မှာ ရှက်စရာကောင်းသည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ဂျိုးက ကျွန်တော့်အား ယဉ်ကျေးဖွယ်ရာသော လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် သင်ပေးစေချင်သောဆန္ဒ ပြင်းပြလျက်ရှိ၏။ ကျွန်တော်ကိုယ်တိုင်ကလည်း ယဉ်ကျေးသိမ်မွေ့သော လူတစ်ဦးဖြစ်လာ အောင် အားထုတ်ချင်စိတ် ပြင်းလျက်

ရှိလေသည်။

နောက်တစ်ခဏအကြာတွင် အက်စတယ်လာသည် ပေါင်မုန့်၊ အမဲသားကြော်နှင့် ဘီယာမတ်ခွက်တစ်ခွက်ကို ယူ၍ ပြန်ရောက်လာသည်။ သူသည် လက်ထဲမှ ဘီယာခွက်ကို ကျောက်တုံးများပေါ် ချထားလိုက်ပြီး ပေါင်မုန့်နှင့် အမဲသားကြော်ကို လှမ်းပေးသည်။ ပေးပုံပေးနည်းမှာ ရိုးရိုးတန်းတန်း မဟုတ်၊ အလွန်အော့နှလုံးနာသည့် မျက်နှာထားဖြင့် ကျွန်တော့်မျက်နှာကို လုံးဝမကြည့်ဘဲ လှမ်းပေးခြင်းဖြစ်ရာ ခွေးလေခွေးလွင့် တစ်ကောင်ကို အစာကျွေးနေပုံမျိုးနှင့် တူလျက် ရှိ၏။ ကျွန်တော့်စိတ်သည် ထိခိုက်ခြင်း၊ နာကျင်ခြင်း၊ စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်းနှင့် ဝမ်းနည်းခြင်း စသော ခံစားမှုများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ခံစားလိုက်ရ၏။ ဤခံစားမှုဝေဒနာကို လူအများ နားလည်အောင် ကျွန်တော် ဖော်ပြနိုင်စွမ်း မရှိပါ။ ဘုရားသခင်ကသာလျှင် ဤဝေဒနာ၏ အမည်ကို ဖော်ပြနိုင်စွမ်း ရှိပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် စိတ်ထိခိုက်နာကြည်းလွန်း အားကြီးသဖြင့် မျက်ရည်များ စို့လာသည်။ ကျွန်တော့်မျက်လုံးများတွင် မျက်ရည်များ စို့လာနေသည် ကို မြင်လိုက်ရသော အက်စတယ်လာသည် ကျွန်တော့်မျက်နှာကို ဂရုတစိုက် ကြည့်လျက် ရှိသည်။ သူလုပ်လိုက်၍ မျက်ရည်စို့မှန်း ရိပ်မိသဖြင့် အက်စတယ်လာသည် အလွန်ဝမ်းသာအားရ ဖြစ်သည့် လက္ခဏာကို ဖော်ပြလျက် ရှိသည်။ ဤအရိပ်လက္ခဏာကို ရိပ်စားမိသော ကျွန်တော်သည် စို့လာနေသည့် မျက်ရည်များကို ထွက်၍ ကျမလာအောင် ထိန်းထားလိုက်ပါသည်။ သို့သော်လည်း သူသည် ကျွန်တော် အလွန်အမင်း စိတ်ထိခိုက်သွားသည် ကို သေချာပေါက်သိနေသဖြင့် မထီလေးစား မျက်နှာထားဖြင့် တစ်ချက်မျှ ကြည့်ကာ ကျွန်တော့်အနားမှ ထွက်သွားလေသည်။

အက်စတယ်လာ ထွက်သွားသည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကျွန်တော့်မျက်နှာကို လူမမြင်သာအောင် ပုန်းကွယ်နိုင်မည့်နေရာ တစ်နေရာကို ရှာသည်။ နောက်ဆုံးတွင် ဘီယာချက်စက်ရုံ၏ အဝင်တံခါး ဂိတ်တစ်ခုနောက်သို့ ဝင်ကာ နံရံကို လက်တစ်ဖက်ဖြင့် ထောက်၍ ထိုလက်ပေါ်သို့ ခေါင်းတင်ပြီး ရှိုက်ကြီးတငင် ငိုကြွေးမိလေ၏။ ငိုနေခိုက်တွင် ကျွန်တော်သည် နံရံကို ခြေထောက်ဖြင့် ကန်ခြင်း၊ ဆံပင်များကို ဆောင့်ဆွဲခြင်း စသည် များကိုပါ ပြုလုပ်မိသည်။ ခံစားရသည်မှာ ပြင်းထန်လွန်းအားကြီးသဖြင့် ယခုကဲ့သို့ လုပ်မိလုပ်ရာကို ပြုလုပ်မိခြင်း ဖြစ်ပါ၏။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော့်အစ်မ၏ အုပ်ထိန်းမှုသည် ကျွန်တော့်အား စိတ်ထိခိုက်လွယ်သော ကလေးတစ်ယောက်အဖြစ် သို့ ရောက်စေခဲ့သည်။ ကလေးငယ်များ ၏ ဘဝသည် အလွန်ကျဉ်းမြောင်းသော ကမ္ဘာလေးတစ်ခု ဖြစ်သည့် အားလျော်စွာ မည်သူက စောင့်ရှောက်ကျွေးမွေးထားသည် ဖြစ်စေ မတရားမှု အပြုခံရလျှင်

အလွန်သိလွယ်မြင်လွယ်ရုံမျှမက စိတ်ကလည်း သိသိသာသာ ခံစားရတတ်သည်။ မတရားမှုတစ်ခုသည် မည်မျှပင် သေးဖွဲစေကာမူ သူ ခံစားရသည်သာဖြစ်၏။ တကယ်တော့ ကျွန်တော်သည် လူမှန်းသူမှန်း မသိတတ်သေးသည့် ကလေးဘဝကတည်းက အတောမသတ် ဖြစ်ပေါ်လာနေသည့် မတရားမှုများ နှင့် ရင်ဆိုင်ခဲ့ရသူ ဖြစ်သည်။ ကျွန်တော် စကားပြောတတ်သည့် အရွယ်သို့ ရောက်သောအခါ ကျွန်တော့်အစ်မ စိတ်အပြောင်းအလဲ မြန်မှုများ၊ နိုင်ထက်စီးနင်း ပြုမှုများ နှင့် တစ်ဖက်သတ် နှိပ်ကွပ်မှုများ အောက်သို့ ပြားပြား ရောက်ခဲ့ရ၏။ ဤသို့ဖြင့် ကျွန်တော်သည် ကြောက်တတ်သော၊ စိတ်ထိခိုက် လွယ်တတ်သော သူငယ်လေးတစ်ယောက် အဖြစ်သို့ ရောက်လာခဲ့ရလေသည်။

ဘီယာချက်စက်ရုံနံရံကို ခြေထောက်ဖြင့် ကန်ခြင်း၊ ဆံပင်များ ဆွဲဆောင့်ခြင်း စသည် များကို ပြုလုပ်လိုက်ရသဖြင့် ကျွန်တော့်စိတ်သည် အတော်ကလေး သက်သာရာ ရသွားသည်။ ကျွန်တော်သည် အကျႌလက်မောင်းဖြင့် မျက်နှာကို သုတ်လိုက်ပြီး ဂိတ်တံခါးနောက်ကွယ်မှ အပြင်သို့ ပြန်ထွက်လာခဲ့သည်။ ပေါင်မုန့်နှင့် ဘီယာသည် ကျွန်တော့်တစ်ကိုယ်လုံးကို နွေးထွေးသွားစေရုံမျှမက လန်းဆန်းသွားစေသည်။ ချက်ချင်း လိုလိုပင် ကျွန်တော့်စိတ်သည် ပြန်လည်၍ ရွှင်လန်း တက်ကြွလာခဲ့လေသည်။

စက်ရုံဝင်းသည် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့လျက် ရှိသည်။ ခပ်ကွေးကွေး ဖြစ်နေသော ဝါးလုံးထိပ်တွင် ချည်ထားသည့် ခိုအိမ်သည် လေတိုက်တိုင်း တလှုပ်လှုပ်ဖြစ်လျက် ရှိသည်။ အကယ်၍သာခိုအိမ်ထဲ၌ ခိုများ ရှိမည်ဆိုပါက သူတို့ ကိုယ်သူတို့ပင်လယ်ပြင် လှိုင်း လုံးများ ပေါ် ရောက်နေသည် ဟု ထင်မြင်ကြပေလိမ့်မည်။ သို့သော်လည်း ခိုအိမ်ထဲ၌ ခိုတစ်ကောင်မှ မရှိ။ မြင်းဇောင်းထဲတွင်လည်း မြင်းတစ်ကောင်မှ မရှိ။ ဝက်ခြံထဲတွင်လည်း ဝက်တစ်ကောင်မှ မရှိ။ ဂိုဒေါင်ထဲတွင်လည်း ဘာပစ္စည်းမှ သိုလှောင်ထားခြင်း မရှိ။ စိမ်ရည်နံ့နှင့် ကစော် နံ့များကိုလည်း မရ။ အရက်စည်ကြီးများ ထဲတွင် ဘီယာလည်း မရှိ။ စက်ရုံမှ အသုံးပြုခဲ့သည့် ပစ္စည်းများ နှင့် အနံ့များသည် စက်ရုံခေါင်းတိုင် မှ နောက်ဆုံး ထွက်ခဲ့သည့် မီးခိုးများ နှင့် အတူ လေထဲ၌ လွင့်တက်ကာ အခိုးအငွေ့များ ဖြစ်ကြကုန်ပြီ ထင်၏။ စက်ရုံဘေးတစ်ဖက်ရှိ ဝင်းခြံတစ်ခုအတွင်းတွင် မူ ဘီယာစည်လွတ်ကြီးများသည် ဟိုတစ်လုံးသည် တစ်လုံးဖြစ်ကာ ပြန့်ကျဲလျက် ရှိကြသည်။ ထိုစည်ကြီးများ အတွင်းမှ ချဉ်စုတ်စုတ်၊ ပုပ်အဲ့အဲ့ အနံ့များသည် ထွက်လာနေဆဲ...။

စက်ရုံ၏ နောက်ဘက် ဝင်းခြံအစပ်နားတွင် မူ အုတ်တံတိုင်းတစ်ခု ကာရံထားသော ဥယျာဉ်တစ်ခု ရှိသည်။ အုတ်တံတိုင်းမှာ ဟောင်းနွမ်း အိုမင်းလှပေပြီ။ အုတ်တံတိုင်းသည် အမြင့်ကြီးမဟုတ်သော်လည်း အပေါ်ရောက်အောင် အတော်ကြီး အားစိုက်၍ တက်ရသည်။ ကျွန်တော်သည် အုတ်တံတိုင်းပေါ်မှ နေ၍ ဥယျာဉ်ထဲသို့ ငုံ့ကြည့်မိသည်။ ဥယျာဉ်မှာ အိမ်ကြီးမှ

စိုက်ပျိုးထားသော ဥယျာဉ်ဖြစ်ဟန် တူ၏။ ယခုအခါတွင် မူ ဥယျာဉ်တစ်ခုလုံးကိုပင် ချုံပင်မြက်ပင်များ ဖုံးလွှမ်းလျက်ရှိနေလေပြီ။ စိုပြည်စိမ်းလန်း ထိုချုံပင်မြက်ပင်များကြားတွင် လူသွားလမ်းလေး တစ် လမ်း ရှိရာ ယခုအချိန်ထိ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ထိုလမ်းကလေးကို အမြဲမပြတ် အသုံးပြုနေသည့် အရိပ်အခြည်များ တွေ့နေရ၏။ ကျွန်တော် လှမ်းကြည့်နေသည့် အချိန်မှာပင် အက်စတယ်လာသည် ထို လူသွာလမ်းလေးအတိုင်း ကျွန်တော့်အား ကျောခိုင်း၍ လျှောက်သွားလျက် ရှိသည်။ အက်စတယ်လာသည် နေရာအနှံ့ လျှောက်သွားနေသည် ဟု ထင်မိ၏။ စောစောက ကျွန်တော်သည် ဘီယာစည်လွတ်ကြီးများကြားသို့ ရောက်ခဲ့သေးရာ ထိုစဉ်ကလည်း အက်စတယ်လာသည် စည်ကြီးများ ၏ တစ်ဖက်သောထိပ်မှ လျှောက်သွားလျက် ရှိသည် ကို မြင်ခဲ့ရ၏။ ထိုအချိန်ကလည်း သူသည် ကျွန်တော့်ကို ကျောခိုင်း၍ သွားနေခြင်းပင်ဖြစ်၍ သူ၏ လှပသော ဆံပင်များကို ဖားလျားချကာ သူ့လက်နှစ်ဖက်သို့ တစ်ချက်ကလေးမျှပင် လှည့်၍ ကြည့် ဖော် မရ။ ကျွန်တော် လှမ်းမျှော်ကြည့်နေခိုက်မှာပင် သူသည် ကျွန်တော့် မျက်စိအောက်မှ ပျောက်သွားခဲ့၏။

ကျွန်တော်သည် ဘီယာချက်သည့် အခန်းကြီးထဲသို့ ဝင်ခဲ့သည်။ အခန်းကြီးမှာ ဘီယာချက်သော အခန်းဖြစ်သဖြင့် အလွန်ကျယ်ဝန်းသော အခန်းကြီး ဖြစ်သည်။ ဘီယာချက်သည့် ပစ္စည်းကိရိယာ တန်ဆာပလာ များမှာလည်း ယခုအချိန်ထိ ရှိနေဆဲ ဖြစ်၏။ ကျွန်တော်သည် တံခါးဝမှ ရပ်ကာ မှုန်ကုပ်ကုပ်ဖြစ်နေသော အခန်းကြီးကို ထောင့်ကြိုထောင့်ကြား မကျန် လျှောက်ကြည့်နေမိသည်။ ထိုအခိုက်မှာပင် အက်စတယ်လာသည် မီးမရှိတော့သည့် ဘီယာချက်လုပ်သော ဖိုကြီးများကြားမှ ဖြတ်လျှောက်ကာ သံလှေကားတစ်ခုအတိုင်း တက်ပြီး ဆောင်ကူးလမ်းတစ်ခုအတွင်းသို့ ဝင်သွားသည် ကို မြင်လိုက်ရပြန်လေသည်။

ကျွန်တော် ဤနေရာ၌ ရပ်နေသည့် အခိုက်အတန့် တဒင်္ဂအချိန်အတွင်းမှာပင် အလွန်ထူးဆန်းသော အရာတစ်ခု ပေါ်ပေါက်လာခဲ့၏။ ထိုစဉ်က ကျွန်တော် မြင်လိုက်ရသည့် အရာကို အလွန်ထူးဆန်းသော အရာတစ်ခုဟု ယူဆခဲ့မိ၏။ နောင်နှစ်ပေါင်းများစွာ ကြာသည့် အခါတွင်လည်း ထိုနေ့၊ ထိုရက်၊ ထိုအချိန်က မြင်ခဲ့ရသည့် အရာကို အလွန်ထူးဆန်းသော အရာတစ်ခုဟုပင် ထင်ဆဲ ဖြစ်ပါသည်။ ထိုစဉ်က အက်စတယ်လာ သွားရာဘက်သို့ မျှော်ကြည့်နေမိသော ကျွန်တော့် မျက်လုံးများသည် ကျွန်တော့်ဘယ်ဘက်ဘေးရှိ ကျွန်တော်နှင့် အလှမ်းများစွာ မဝေးလှသော အဆောက်အအုံကြီး၏ ထောင့်တစ်ထောင့်အတွင်းမှ သစ်သားရက်မကြီးဆီသို့ ရောက်သွားသည်။ ထိုအခါတွင် လည်ပင်း၌ ကြိုးကွင်းစွပ်ကာ ရက်မကြီး၌ တန်းလန်းဖြစ်နေသော ကြိုးဆွဲချထားသည့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်လိုက်ရပါသည်။ တန်းလန်းဖြစ်နေသူ၏

ကိုယ်ပေါ်မှ အဝတ်အစားများမှာ အဝါရောင်သန်းနေသည့် အဖြူရောင် အဝတ်အစားများ ဖြစ်၍ ခြေထောက်များတွင်လည်း ဖိနပ်တစ်ဖက်သာ ရှိ၏။ အရောင်အဆင်း ပျက်ပြယ်နေပြီ ဖြစ်သော ဂါဝန်ကလနားစများ ကိုပင် ထင်ရှားပြတ်သားစွာ မြင်နေရ၏။ မျက်နှာမှာ မစ္စဟောဗီရှမ်၏ မျက်နှာပေတည်း။ သူ လှုပ်ရှားနေပုံမှာ ကျွန်တော့်အား လှမ်းခေါ်ရန် ကြိုး စားအားယူနေသည့် ဟန်မျိုး...။ စောစောက ဤနေရာ၌ ဘာတစ်ခုမှ မရှိသည့် အဖြစ်ကို ကျွန်တော် အခိုင်အမာ ပြောနိုင်၏။ သို့ပါလျက်နှင့် ဤ နေရာ ဤပုံသဏ္ဍာန်ကို မြင်လိုက်ရသောအခါ ပြင်းထန်သော ကြောက်စိတ်သည် ဖျတ်ခနဲ ဝင်လာသည်။ ကျွန်တော်သည် ချက်ချင်းပင် နောက်သို့ လှည့်ကာ ဒရောသောပါး ပြေးလာခဲ့သည်။ ထို့နောက် မစ္စဟောဗီရှမ် အတွက် စိုးရိမ်စိတ် ဝင်လာပြန်သဖြင့် ကျွန်တော် မြင်ခဲ့ရသည့် ပုံသဏ္ဍာန်ဆီသို့ ပြန်ပြေးလာခဲ့မိပြန်၏။ သို့သော်လည်း ကျွန်တော် စောစောက မြင်ခဲ့ရသည့် လူ ထိုနေရာ၌ လုံးဝမရှိတော့သည့် အဖြစ်ကို မြင်လိုက်ရသည့် အခါတွင် မူကား ကျွန်တော်၏ ထိတ်လန့် ကြောက်ရွံ့မှုသည် ဆောက်တည်ရာ မရလောက်အောင် ဖြစ်သွားခဲ့ရလေပြီ။

ဒုတိယအကြိမ် ထိတ်လန့်တကြား ပြေးထွက်လာခဲ့မိသည့် ကျွန်တော်သည် ဆီးနှင်းများဖြင့် မှုန်မှိုင်းလျက်ရှိသော ကောင်းကင်။ ခြံဝင်းကြီး၏ တံခါးရှေ့မှ ဖြတ်သန်းသွားလာနေကြသည့် လူများကို မြင်တွေ့နေရပါလျက်နှင့်ပင် အကြောက်မပြေပါ။ ကိုယ့်ကိုယ်ကိုယ် မထိန်း နိုင်လောက်အောင် ကြောက်လန့်နေဆဲပင် ဖြစ်ပါသည်။ ကျွန်တော့်အား ခြံတံခါးဖွင့်ပေးရန်အတွက် သော့တွဲကြီးကိုင်၍ လျှောက်လာနေသော အက်စတယ်လာကို မြင်မှပင် ကြောက်စိတ်ပြေသွားခဲ့ရ၏။ အကယ်၍ အက်စတယ်လာ အနေဖြင့် ကျွန်တော် ကြောက်ရွံ့ထိတ်လန့်နေသည့် အဖြစ်ကိုသာ သိသွားပါမူ ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းကို သူ ပြောပြနိုင်လိမ့်မည် ထင်ပါသည်။

အက်စတယ်လာသည် ကျွန်တော့်အား ရှေ့မှ ဖြတ်အသွားတွင် ကျွန်တော့်မျက်နှာကို တစ်ချက်မျှ ကြည့်သွားသည်။ သူ့အကြည့်မှာ အောင်နိုင်သူတစ်ဦး၏ အကြည့်မျိုး ဖြစ်၏။ သူသည် တံခါးကို ဖွင့်ပေးပြီး ကျွန်တော် အပြင်သို့ ထွက်သာအောင် တံခါးတစ်ချပ်ကို ကိုင်ပေးထားသည်။ ကျွန်တော်က သူ့ရှေ့မှ ဖြတ်၍ ထွက်သည်။ သူ့မျက်နှာကို ငဲ့စောင်း၍ပင် မကြည့်ပါ။ သူက ကျွန်တော့်ကို လက်တစ်ဖက်ဖြင့် လှမ်းတို့သည်။

"နင် ဘာပြုလို့ မငိုတာလဲ"

"မငိုချင်လို့ ...ပေ့ါ"

"နင် ငိုပါတယ်.." ဟု သူက ပြောသည်။ "နင် ငိုထားတာ... ငါသိပါတယ်။ ဟော... အခုလည်း ထပ်ငိုဦးတော့မယ်... မဟုတ်လား"

မခန့်လေးစား နိုင်လွန်းလှသည့် လေသံဖြင့် အားရပါးရ ရယ်သည်။ ပြီးတော့ ကျွန်တော့်ကို တွန်းထုတ်လိုက်ပြီး ဝင်းတံခါးကြီးကို သော့ခတ် လိုက်သည်။

ကျွန်တော်သည် မစ္စတာပန်ဘဲလ်ချူ၏ နေအိမ်သို့ လျှောက်လာခဲ့ပါသည်။ အိမ်တွင် မရှိဟု သိလိုက်ရသည့် အခါ ကျွန်တော့်စိတ်သည် များစွာ ပေါ့ပါးသွားသည်။ မစ္စဟောဗီရှမ်၏ အိမ်သို့ နောက်တစ်ကြိမ် ကျွန်တော်လာရဦးမည့် နေ့ရက်ကို မစ္စတာ ပန်ဘဲလ်ချူအား ပြောပြရန် သူ့တ ပည့်ဆိုင်ထိုင်အား မှာခဲ့သည်။ ထို့နောက်လေးမိုင်ခရီးမျှ ကွာဝေးသော ကျွန်တော ်တို့ ၏ ပန်းပဲဖိုသို့ ကျွန်တော်တစ်ယောက်တည်း ပြန်လာခဲ့သည်။ ကျွန်တော် ယနေ့ မြင်တွေ့ခဲ့ရသမျှအားလုံးကို တစ်လမ်းလုံး ပြန်၍ စဉ်းစားလာမိ၏။ ကျွန်တော်သည် အောက်တန်းစား အလုပ်ကြမ်းသမားလေးတစ်ဦး...။ လက်များကလည်း အလွန်ကြမ်းတမ်း၏။ ဖိနပ်များကလည်း ထူလွန်းလှ၏။ ဖဲချပ်အမည်များကိုလည်း မှန်အောင် မခေါ်တတ်။ ကျွန်တော်သည် အသိပညာ အလွန်ကင်းမဲ့သည့် လူတစ်ယောက်ဟု ကို ယ့်ကိုယ်ကိုယ်ထင်မိသည်။ အားလုံးခြုံ၍ စဉ်းစားလိုက်မည် ဆိုပါမူ ကျွန်တော်သည် အလွန်နိမ့်ကျပြီး အောက်တန်းကျသော ဘဝထဲ၌ ကျင်လည်ကျက်စားနေရသူတစ်ဦး ဖြစ်ချေသည်။

*****

(၉)

ကျွန်တော် အိမ်ပြန်ရောက်သွားသည့် အခါ မစ္စဟောဗီရှမ်၏ အကြောင်းကို သိလိုစိတ် ပြင်းပြလျက် ရှိသော ကျွန်တော့်အစ်မသည် ကျွန်တော့်အား မေးခွန်းပေါင်းများစွာ မေးပါလေတော့သည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် သူမေးသမျှကို ကျေနပ်အောင် ဖြေဆိုနိုင်ခြင်း မရှိပါ။ ထိုအခါ ကျွန်တော့်အစ်မသည် ကျွန်တော့်အား လည်ကုပ်မှ ကိုင်ဖမ်းကာ ကျွန်တော့်နဖူးကို မီးဖိုနံရံနှင့် အကြိမ်ကြိမ် အထပ်ထပ် ဆောင့်ပါလေတော့သည်။

ကျွန်တော့်စိတ်ထဲ၌ ဖြစ်ပေါ်နေသည့် အသိအတိုင်းဆိုပါက ဤကိစ္စမှာ လွယ်ကူသော ကိစ္စတစ်ရပ် မဟုတ်ပါ။ အကယ်၍ မစ္စဟောဗီရှမ်၏ အကြောင်းကို ကျွန်တော့်မျက်စိများက မြင်ခဲ့ရ တွေ့ခဲ့ရသည့် အတိုင်း ပြောပြရမည် ဆိုပါက ကျွန်တော့်အနေဖြင့် တစ်ဖက်သား နားလည်သဘောပေါက်သွားအောင် ပြောပြနိုင်စွမ်း မရှိပါ။ အကယ်၍ ပြောပြနိုင်သည် ဆိုဦးတော့၊ ပြောသမျှအားလုံးသည် အလွဲလွဲအချော်ချော် ဖြစ်ကုန်ဖို့သာများ နေ၏။ အထူးသဖြင့် ပြောသမျှစကားကို ချက်ချင်းယုံကြည်လက်ခံခြင်း မပြုဘဲ ဆင်ခြင်စဉ်းစားလေ့ရှိသော ကျွန်တော့်အစ်မ မစ္စက်ဂျိုးသည် ကျွန်တော်ပြောသမျှကို ဘယ်နည်းနှင့် မှ လက်ခံလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်က သူမေးသမျှကို မဖြေဘဲ ကျွန်တော် ပြောနိုင်သမျှကိုသာ ပြောပြမိ၏။ ဤတွင် ကျွန်တော့်အစ်မသည် သူမေးသမျှကို ကျေနပ်အောင် မဖြေဟု ဆိုကာ ကျွန်တော့်အား လည်ကုပ်မှ ကိုင်ဖမ်းပြီး မီးဖိုနံရံနှင့် တိုက်နေခြင်း ဖြစ်လေသည်။

အဆိုးဆုံးဖြစ်လာသည့် ကိစ္စမှာ တခြားမဟုတ်ပါ။ လက်ဖက်ရည် သောက်ချိန်တွင် ကျွန်တော်မြင်ခဲ့ ကြားခဲ့သမျှကို ပြန်၍ သိလိုကြားလိုသည် ဟု ဆိုကာ မစ္စတာ ပန်ဘဲလ်ချူတစ်ယောက် သူ့မြင်းရထားဖြင့် ဆိုက်ရောက်လာခြင်းပင် ဖြစ်သည်။ အစ်မဖြစ်သူ၏ အညှဉ်းပန်းအနှိပ်စက် ကို ခံထားရခြင်းနှင့် မျက်လုံးများကို ငါးမျက်လုံးများသဖွယ် ပြူး၍ ပါးစပ်ကြီးကို ဟောင်းလောင်းဖွင့်ကာ ဆံပင်မွေး တထောင်ထောင်ဖြင့် ရောက်လာသော မစ္စတာ ပန်ဘဲလ်ချူကို မြင်လိုက်ရခြင်းတို့သည် ကျွန်တော့်အား ပို၍ နှုတ်ဆိတ်သွားအောင် လုပ်လိုက်သလို ဖြစ်သွားသည်။

မစ္စတာ ပန်ဘဲလ်ချူကတော့ သူ့အတွက် တသီးတသန့် ချပေးထားသည့် မီးဖိုဘေးမှ ကုလားထိုင်တွင် ထိုင်မိသည် နှင့် တစ်ပြိုင်နက် "ဟေ့. ကောင်လေး... မင်း မြို့ပေါ်မှာ အဆင်ပြေရဲ့လား၊ ဘယ့်နှယ်လဲ" ဟု စ မေးသည်။

"သိပ်မဆိုးပါဘူး... ခင်ဗျာ" ဟု ကျွန်တော်က ဖြေလိုက်ရာ အစ်မက ကျွန်တော့်အား လက်သီးပြသည်။

"သိပ်မဆိုးပါဘူး။ ဟုတ်လား" ဟု မစ္စတာ ပန်ဘဲလ်ချူက ရေရွတ်သည်။ "သိပ်မဆိုးပါဘူး ဆိုတဲ့ စကားက အဖြေတော့ မဟုတ်သေးဘူး... ကွ၊ သိပ်မဆိုးပါဘူး ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို ငါတို့ နားလည်သွား အောင် ရှင်းပြစမ်းပါဦး"

ကျွန်တော့်နဖူးတွင် ပေကျံနေသည့် ထုံးဖြူများက ကျွန်တော့်ဦးနှောက်ကို မာကျောသွားအောင် လုပ်လိုက်လေသလား မသိပါ။ မည်သို့ပင်ဖြစ်စေ နံရံပေါ်မှ တစ်ဆင့် ကူးပြောင်းရောက်ရှိလာသော ထုံးဖြူများ ပေကျံနေသည့် ကျွန်တော့်ခေါင်းသည် များစွာ မာကျောလျက် ရှိပြီ ဖြစ်၏။ ကျွန်တော်သည် မစ္စတာပန်ဘဲလ်ချူ၏ အမေးကို ချက်ချင်း မဖြေပါ။ တ မင်သက်သက် အချိန်ယူကာ စဉ်းစားဟန်ပြုကာ နေပြီးမှ စိတ်ကူးသစ် တစ်ခုကို ရရှိလာသည့် နှယ် အဖြေပေးလိုက်သည်။

" အဓိပ္ပာယ်ကတော့ သိပ်မဆိုးပါဘူး.. ခင်ဗျာ"

ထိုအခါ အစ်မသည် စိတ်မရှည်တော့သည့် အသံဖြင့် တစ်ချက်မျှ ဒေါသတကြီး ရေရွတ်လိုက်ပြီး ကျွန်တော့်အား နောက်ထပ် ရိုက်နှက်ရန် ထလာသည်။ အခုလို အဖြစ်မျိုးနှင့် ကြုံရသည့် အခါတိုင်း ကျွန်တော့်ကို အကာအကွယ်ပေးလေ့ရှိသူမှာ ဂျိုး ဖြစ်၏။ ယခု လောလောဆယ်တွင် မူ ဂျိုးသည် ကျွန်တော်တို့ အနီး၌ မရှိ။ ပန်းပဲဖိုထဲတွင် အလုပ်များလျက် ရှိသည်။ သို့သော်လည်း မစ္စတာပန်ဘဲလ်ချူက ကျွန်တော့်အစ်မအား ဆီး၍ ဟန့်သည်။ "နေဦး... လေ။ ငါ့တူမက ဒေါသမကြီးနဲ့ ဦး၊ ဒီကောင်လေးအတွက် ဦးလေး တာဝန်ထားပါ" ထို့နောက် မစ္စတာပန်ဘဲလ်ချူသည် ဆံပင်ကို ညှပ်ပေးတော့မည့် အလား ကျွန်တော့်ပခုံးကို ဆွဲ၍ သူ့ဘက်သို့ လှည့်လိုက်သည်။

"မင်းကို ပထမဆုံး အတွေးအခေါ် မှန်သွားအောင် လုပ်မှ ဖြစ်မယ်၊ ကဲ... လေးဆယ့်သုံးပဲနိ ဆိုတာ ဘယ်လောက်ရှိသလဲ။ ပြောစမ်း"

"ပေါင်လေးရာ ရှိတယ်" ဟု ဖြေလိုက်ရန် စိတ်ကူးရလိုက်သေးသည်။ သို့သော်လည်း ထိုကဲ့သို့ ဖြေလိုက်လျှင် ကျွန်တော် နာရမည့် အခြေအနေကို ရိပ်စားမိသဖြင့်ပါးစပ်မှ ထွက်လုထွက်ခင် ဖြစ်ပြီးခါမှ အသာမျိုချ လိုက်ရ၏။ ကျွန်တော့်အနေဖြင့် အနီးစပ်ဆုံးဖြစ်မည့် အဖြေကို ပေးရန် စဉ်းစားနေမိသည်။ အနည်းဆုံး ရှစ်ပဲနိလောက်တော့ ဖြစ်မည်ဟု ထင်၏။ ဤအခိုက်မှာပင် မစ္စတာပန်ဘဲလ်ချူက ကျွန်တော့်မှတ်ဉာဏ်ကိုနှိုးဆွပေးသည့် သဘောဖြင့် 'ဆယ့်နှစ်ပဲနိမှာ တစ်သျှီလင် ရှိတယ်။ ပဲနိလေးဆယ်ဆိုလျှင် သုံးသျှီလင်နဲ့လေးပဲနိ ရှိတယ်။ အဲဒီတော့.." သူ ရှေ့ကြောင်း ပေးလိုက်သဖြင့် အဖြေမှန်ကို ကျွန်တော် ရသွားပြီဟု သေချာပေါက်တွက်ကာ အောင်မြင်ဝင့်ကြွားသော လေသံဖြင့် “လေးဆယ့်သုံးပဲနိမှာ ဘယ်လောက်လဲ" ဟု မေးသည်။ ကျွန်တော်ကလည်း အချိန်အတန်ကြာအောင် စဉ်းစားဟန် ပြုပြီးခါမှ "မသိဘူး... ခင်ဗျ" ဟု အဖြေပေး လိုက်သည်။ ဤအချိန်တွင် ကျွန်တော့်ရင်ထဲ၌ ဖြစ်ပေါ်လျက် ရှိသော အရွဲ့တိုက်ချင်စိတ်သည် တိုး၍ လာနေသည် ဖြစ်ရာ အကယ်၍ အဖြစ်မှန်ကို သိသည့် တိုင်အောင် အလွဲကိုပင် ဖြေမိလိမ့်မည်ဟု ထင်ပါသည်။

မစ္စတာပန်ဘဲလ်ချူကတော့ မလျှော့သေးပါ။ ကျွန်တော့်ထံမှ အဖြေ ထွက်လာဖို့ အတွက် သူ့ဦးနှောက်ကို ဝက်အူများ ရစ်သလို တစ်ဆင့်ပြီး တစ်ဆင့်

အသုံးချလျက် ရှိဆဲ ဖြစ်၏။ "ဥပမာ ဆိုပါတော့...လေးဆယ့်သုံးပဲနိဟာ ခုနစ်သျှီလင်၊ ခြောက်ပဲနိနဲ့ သုံးဖာသင်ကော မဖြစ်နိုင်ဘူးလား" ဟု ထပ်မေးပြန်သည်။

"ဖြစ်နိုင်ပါတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။ ထိုအခါ ကျွန်တော့်အစ်မက ကျွန်တော့်နားရင်းကို တစ်ချက် လှမ်းပုတ်လိုက်၏။ သို့သော်လည်း ကိစ္စမရှိပါ။ ကျွန်တော့်အဖြေကြောင့် ကြောင်အမ်းအမ်းဖြစ်ပြီး ဘာဆက်၍ ပြောရမှန်းမသိ ဖြစ်ကာ တန့်သွားသော မစ္စတာပန်ဘဲလ်ချူ၏ အဖြစ်ကို မြင်ရသဖြင့် ကျွန်တော် ကျေနပ် အားရလျက် ရှိပါသည်။

"ဟော့ကောင်လေး၊ မစ္စဟေဗီရှမ်က ဘယ်လိုပုံမျိုးလဲကွ" ပျက်သွားသည့် ဣန္ဒြေကို ပြန်၍ ဆည်နိုင်သည် နှင့် တစ်ပြိုင်နက် မစ္စတာ ပန်ဘဲလ်ချူထံမှ မေးခွန်းအသစ်တစ်ခု စလာပြန်သည်။ သူသည် လက်နှစ်ဖက်ကို အကျအန ပိုက်ကာ ဝက်အူများကို ရစ်ဖို့ အားထုတ်ပြန်လေပြီ။

"အရပ်သိပ်မြင့်တယ်.. ခင်ဗျ၊ ပြီးတော့ အသားကလည်း သိပ်ညိုတယ်" ဟု ကျွန်တော်က ပြောပြသည်။

"ဟုတ်ရဲ့လား... ဦးလေး" ဟု ကျွန်တော့်အစ်မက လှမ်းမေးသည်။

မစ္စတာပန်ဘဲလ်ချူက မျက်နှာရိပ်မျက်နှာကဲဖြင့် ဟုတ်သည်ဟု ပြန်ပြောသည်။ ဤအပြုအမူကို ကြည့်ခြင်းအားဖြင့် မစ္စတာပန်ဘဲလ်ချူသည် မစ္စဟေဗီရှမ်ကို တစ်ကြိမ်တစ်ခါမျှပင် မမြင်ဖူးသည်မှာ ထင်ရှားလျက် ရှိ၏။ အဘယ်ကြောင့် ဆိုသော် မစ္စဟေဗီရှမ်သည် ကျွန်တော်ပြောပြလိုက်သည့် ပုံသဏ္ဌာန်မျိုး လုံးဝမဟုတ်သောကြောင့် ပေတည်း။

"အေး... ဟုတ်ပြီ" မစ္စတာပန်ဘဲလ်ချူက အလွန်ဘဝင်ခိုက်သွားသည့် လေသံဖြင့် ရေရွတ် လိုက်သည်။ ('သူ့ကို အပိုင်ကိုင်နိုင်တဲ့ နည်းတော့ ရပြီ... ဗျို့၊ ကျွန်တော်တို့ ဘက်က အပေါ်စီးတော့ ရပြီလို့ ကျွန်တော် ထင်တယ်.. အစ်မရေ" ဟု စိတ်ထဲက ပြောမိပါသည်) "ကောင်းလိုက်တာ ဦးလေးရယ်" ဟု အစ်မက ဝင်ပြောပြန်သည်။ "ဒီကောင်လေးကို ဦးလေး ကသာ အမြဲတမ်း ထိန်းပေးသွားမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ သူ့ကို ဘယ်လိုဆုံးမရမယ်ဆိုတာ ဦးလေးကတော့ ကောင်းကောင်းကြီး သိနေတာပဲ"

"ကဲ့.. ဟော့၊ ကနေ့ မင်း သူ့အိမ်ရောက်သွားတဲ့ အချိန်မှာ သူ ဘာလုပ် နေသလဲ"

"သူ ထိုင်နေတယ်။ အနက်ရောင် ကတ္တီပါစနဲ့ လုပ်ထားတဲ့ ရထားလုံးကြီးထဲမှာ ထိုင်နေတာ"

မစ္စတာပန်ဘဲလ်ချူနှင့် ကျွန်တော့်အစ်မတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး "အနက်ရောင် ကတ္တီပါစနဲ့ ရထားလုံးကြီး ဆိုပါလား၊ ဟုတ်ရဲ့လား... ဟယ်" ဟု သံပြိုင်ရေရွတ်ကြလေသည်။

"ဟုတ်တယ်ဗျ" ဟု ကျွန်တော်က ပြန်ပြောသည်။ "နောက်ပြီးတော့ သူ့တူမ မစ္စအက်စတယ်လာက ရွှေလင်ပန်းကြီးတစ်ချပ်ပေါ်မှာ ကိတ်မုန့်နဲ့ ဝိုင်အရက်

တင်ပြီး ရထားလုံးကြီးရဲ့ ပြတင်းပေါက်ကနေ မစ္စဟောဗီ ရှမ်ကို လှမ်းပေးတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံး ကိတ်မုန့်နဲ့ ဝိုင် ကို ရွှေလင်ပန်းပေါ်မှာ တင်ပြီး စားကြတယ်၊ ကျွန်တော်ကတော့ ရထားလုံးကြီးရဲ့ နောက်မှာ ရပ်ပြီး စားရမယ်လို့ မစ္စဟောဗီရှမ်က ပြောတာနဲ့ အဲဒီမှာပဲ စားခဲ့ရတယ်"

"တခြားလူတွေကော ရှိသေးလား" ဟု မစ္စတာပန်ဘဲလ်ချူက မေးသည်။

"ခွေးလေးကောင် ရှိတယ်..ဗျ"

"ခွေးတွေက အကြီးကြီးတွေ...ဗျ၊ သူတို့က ခြင်းတောင်းတစ်ခုထဲမှ ထည့်ထားတဲ့ အမဲသားစဉ်းကောကြော်မုန့်ကို လုစားနေကြတယ်"

မစ္စတာပန်ဘဲလ်ချူနှင့် ကျွန်တော့်အစ်မတို့သည် အလွန်အံ့သြနေသည့်ဟန်ဖြင့် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။ ကျွန်တော်ကတော့ ဘာကိုမှ ဂရုမစိုက်တော့ပါ။ ဖြစ်ချင်ရာ ဖြစ်ပါစေ... ပြောချင်ရာ ပြောတော့မည်ဟု ပိုင်းဖြတ်ထားပြီး ဖြစ်၏။

"ဟဲ့ကောင်လေးရဲ့၊ နေစမ်းပါဦး၊ အဲဒီ နင်ပြောတဲ့ ရထားလုံးကြီးကို ဘယ်နေရာမှာ တွေ့ခဲ့ရတာလဲ" ဟု အစ်မက လှမ်းမေးသည်။

"မစ္စဟောဗီရှမ်ရဲ့ အခန်းထဲမှာ ...ဗျ" သူတို့ချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြန်သည်။ ဦးတည့်ရာ လျှောက်ပြောလိုစိတ် ပြင်းပြနေသော ကျွန်တော်သည် ပထမတွင် ရထားလုံးကြီးတွင် မြင်းရိုင်းကြီးလေးကောင် တပ်ထားသည်ဟု ပြောလိုက်ရန် စိတ်ကူးမိ လိုက်သေးသည်။ သို့သော်လည်း စကားလွန်သွားလျှင် မယုံသင်္ကာဖြစ် ကုန်မည်ကို စိုးရိမ်သဖြင့် ကပျာကယာ ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ မြင်းတွေတော့ တပ်မထားဘူး"

"ဖြစ်နိုင်ပါ့မလား ဦးလေးရယ်" ဟု အစ်မက မေးသည်။

"ဒီကောင်လေး ဘာတွေ လျှောက်ပြောနေပါလိမ့်"

"ဒီလိုရှိတယ်... တူမကြီးရဲ့၊ ဦးလေးပြောပြမယ်၊ ဦးလေးထင်တာကတော့ ဝေါဖြစ်လိမ့်မယ်၊ မစ္စဟောဗီရှမ်ဆိုတဲ့ မိန်းမကြီးက တစ်မျိုးကြီးကွယ်။ သူစိတ်ကူးပေါက်လို့ ကတော့ ဝေါပေါ်လည်း ထိုင်ချင်ထိုင်နေမှာ "

"သူ ဝေါပေါ်ထိုင်နေတာကော ဦးလေးမြင်ဖူးသလား"

"ဘယ်လိုလုပ်ပြီး ဦးလေးက မြင်ဖူးမှာ လဲ ငါ့တူမရယ်" မစ္စတာပန်ဘဲလ်ချူက ထိုဝန်ခံစကားကို စိတ်မပါ့တပါနှင့် ပြောသည်။

"ဦးလေးအနေနဲ့ သူ့ကို လုံးဝမှ မမြင်ဖူးတာ။ သူ့မျက်နှာကို အစအနာ ကလေးတောင်မှ မမြင်ဖူးပါဘူး"

"အနို့... ဦးလေးပြောတော့ သူနဲ့ စကားပြောဖူးတယ်ဆို"

"ဟုတ်တယ်... လေ၊ ငါ့တူမ သိတဲ့ အတိုင်းပေါ့။ ဦးလေး သူ့အိမ်သွား တုန်းက စကားပြောခဲ့ဖူးတာပေါ့။ ဒါပေမဲ့ ဦးလေးက အပြင်က။ သူက အထဲက...၊ သူ ဦးလေးနဲ့ စကားပြောပုံ ပြောနည်းက အဲသလိုမျိုး... ကွယ်၊ ဒါကို

မင်းသိထားပြီးသားပဲ၊ အခုမှ မသိပါဘူးပြောလို့ ဘယ်ဖြစ်ပါ့မလဲ တူမရယ်၊ အေးလေ...။ ဘာပဲဖြစ်ဖြစ်... ဒီကောင်လေးကတော့ သူ့ဆီကို ကစားဖို့ သွားခဲ့တယ် မဟုတ်လား။ ကဲ့... ဟေ့... မင်း ဟိုမှာ ဘာတွေ က စားခဲ့ရသလဲ"

"ကျွန်တော်တို့ အလံတွေနဲ့ ကစားကြတယ်... ဗျ" (အမှန်အတိုင်း ပြောရမည်ဆိုပါမူ ထိုနေ့ ထိုအချိန် က ကျွန်တော့်အစ်မနှင့် မစ္စတာပန်ဘဲလ်ချူတို့ အား မဟုတ်က ဟုတ်ကတွေ လျှောက်ပြောမိသည့် အတွက် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။)

"အလံတွေ.." ကျွန်တော့်အစ်မက သံယောင်လိုက်၍ ရေရွတ်သည်။

"ဟုတ်တယ်" ဟု ကျွန်တော်က ပြန်ပြောသည်။ “အက်စတယ်လာ အလံပြာတစ်ခုကို ယမ်းပြတယ်၊ ကျွန်တော်က အလံနီကို ပြန်ယမ်းပြရတယ်။ မစ္စဟေဗီရှမ်ကတော့ ရွှေကြယ်ပွင့်တွေ အပြည့်ထိုးထားတဲ့ အလံတစ်ခုကို ရထားလုံးကြီး ပြတင်းပေါက်ကနေပြီး ယမ်းပြတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံး ဓားကြီးတွေကို ယမ်းပြီး ကြွေးကြော်သံတွေ အော်ကြရသေးတယ်"

"ဓားတွေ....တဲ့ " ဟု အစ်မက ရေရွတ်သည်။ "ဓားတွေကို နင် ဘယ်က ရသလဲ"

"ဗီရိုကြီးတစ်ခုထဲက ထုတ်တာ" ဟု ကျွန်တော်က ဖြေသည်။ "နောက်ပြီးတော့ ဗီရိုကြီးထဲမှာ ပစ္စတိုသေနတ်တွေလည်း ရှိတယ်။ ယိုဘူးတွေနဲ့ ဆေးလုံးတွေလည်း ရှိတယ်၊ အခန်းထဲမှာလည်း အလင်းရောင် မရှိဘူး၊ မှောင်မည်းနေတာပဲ၊ ဒါပေမဲ့... ဖယောင်းတိုင်တွေ ထွန်းထားတယ်"

"အေး.. ဒါတော့ မှန်တယ် တူမကြီးရဲ့ " ဟု မစ္စတာ ပန်ဘဲလ်ချူက ခေါင်းတစ်ချက် ညိတ်ကာ ကျွန်တော့်ဘက်မှ ထောက်ခံသည်။ "မှောင်တာကတော့ အမှန်ပဲ၊ ဦးလေးကိုယ်တိုင် မြင်ဖူးတာ" ထို့နောက် အစ်မနှင့် မစ္စတာပန်ဘဲလ်ချူတို့သည် ကျွန်တော့်အား ငေးကြည့်နေကြသည်။ ပရိယာယ်လုပ်၍ မရှောင်တတ် မတိမ်းတတ်သော ကျွန်တော်ကလည်း သူတို့ နှစ်ယောက်အား စူးစူးရဲရဲပင် ပြန်ကြည့်နေမိရင်းမှပင် ကျွန်တော် ညာဘက်လက်ဖြင့် ကျွန်တော့်ဘောင်းဘီ ကလနားများကို မသိမသာ ခေါက်၍ တင်နေမိလေသည်။

အကယ်၍ သူတို့က နောက်ထပ်မေးခွန်းများ ဆက်၍ မေးနေဦးမည် ဆိုပါက ကျွန်တော် ပြောနေသည့် စကားများသည် ရှေ့နောက်မညီမညွတ် ဖြစ်ကာ ကျွန်တော့်အား ပြန်၍ သစ္စာဖောက်ကြတော့မည်မှာ သေချာလျက် ရှိ၏။ ယခုလောလောဆယ် သူတို့ ငြင်းနေခိုက်မှာပင် ကျွန်တော်သည် ခြံဝင်းကြီးထဲ၌ မြေတိုက်ကြီးတစ်ခု ရှိသည် ဟုလည်းကောင်း၊ ဘီယာစက်ရုံကြီးထဲ၌ ဝက်ဝံကြီးတစ်ကောင် ရှိသည် ဟုလည်းကောင်း ပြောပြမည်ဟု စိတ်ကူးလျက် ရှိသည်။ သို့သော်လည်း ... ကျွန်တော်စောစောက ပြောပြခဲ့သည့် အံ့ဩဖွယ်ရာများသည် သူတို့ နှစ်ယောက်စလုံးအား စဉ်းစားဆွေးနွေးရန် အလုပ်ပေးထားသလို ဖြစ်လျက်ရှိရာ နှစ်ယောက်စလုံးကပင် နောက်ထပ် ဘာမျှ

မေးမြန်းစုံစမ်းခြင်း မပြုတော့ချေ။ ဤသို့ဖြင့် ကျွန်တော်သည် ချောက်ကျတော့မည့် ဆဲဆဲ အခြေအနေ မှ လွတ်မြောက်ခဲ့ရလေသည်။

ထိုအခိုက်မှာပင် ဂျိုးသည် လက်ဖက်ရည်သောက်ရန် အခန်းထဲသို့ ဝင်လာသည်။ အစ်မနှင့် မစ္စတာပန်ဘဲလ်ချူတို့ကတော့ ထိုအချိန်အထိ စောစောက အကြောင်းများကို ဆွေးနွေး၍ မပြတ်သေးပေ။ ဂျိုးရောက်လာသည် ကို တွေ့သောအခါတွင် မူ အစ်မသည် ကျွန်တော် ပြောပြထား ခဲ့သည့် ပေါက်တတ်ကရများကို သူ့ရင်ထဲ၌ မျိုသိပ်၍ မထားနိုင်တော့သဖြင့် ဂျိုးအား အစအဆုံး ပြောပြပါလေတော့သည်။

ဂျိုးခမျာ သူ့မျက်လုံးပြာကြီးများကို ပြူး၍ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်ကာ နားထောင်လျက်ရှိ၏။ ကျွန်တော့်အနေဖြင့် ဟိုနှစ်ဦးအား အရူးလုပ်ရသည့် အတွက် ကျေနပ်အားရလှသော်လည်း ဂျိုးနှင့် ကျတော့ စိတ်မကောင်း ဖြစ်မိသည်။ ကျွန်တော့်အစ်မနှင့် မစ္စတာပန်ဘဲလ်ချူတို့သည် မစ္စဟေဗီရှမ်က ကျွန်တော် အကျိုး ရှိရာရှိကြောင်းအတွက် တစ်ခုခု လုပ်ပေးမည့် အလားအလာ ရှိသည် ဟု ယူဆနေကြသည်။ မည်သည့် အရာမျိုး လုပ်ပေးမည်ကိုကား သူတို့ နှစ်ဦးစလုံး ခန့်မှန်း၍ မရကြချေ။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်အစ်မ ‘မရွေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခု ပေးလိမ့်မည်ဟု အခိုင်အမာ ယူဆလျက် ရှိ၏။ မစ္စတာ ပန်ဘဲလ်ချူကမူ ပြောင်းဆန်နှင့် မျိုးစေ့များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းကို အရောင်းအဝယ်လုပ်ငန်း တစ်ခုခု လုပ်ဖို့ အရင်းအနှီး များ ထုတ်ပေးလိမ့်မည်ဟု ထင်နေသည်။ ဂျိုးကမူ အမဲသားစဉ်းကောကြော်ကို လုယက်စားသောက်နေကြသော ခွေးများ ထဲမှ တစ်ကောင်ကို လက်ဆောင်အဖြစ် ပေးလိမ့်မည်ဟု ထင်ကြောင်း ဝင်၍ ပြောသည်။ ဂျိုး၏ ထင်မြင်ယူဆချက်မှာ ကျွန်တော်သဘောအကျဆုံး ဖြစ်သော်လည်း အကြီးအကျယ် မျှော်မှန်းပြောဆိုနေကြသည့် အစ်မ တို့ နှစ်ဦးအတွက်မှာ မူ သိက္ခာချသလို ဖြစ်လျက် ရှိ၏။ "လူနုံလူအတစ်ယောက်ရဲ့ ခေါင်းဟာ ဒီထက်ကောင်းတဲ့ စိတ်ကူးမျိုး ဘယ်တော့မှ ထွက်မလာဘူး" ဟု အစ်မက ပြောသည်။ "ရှင့်မှာ လုပ်စရာအလုပ် ရှိနေတယ် မဟုတ်လား။ ကိုယ့်အလုပ်ကိုယ် သွားလုပ်နေတာ အကောင်းဆုံး" ဟု ဆိုကာ နှင်ထုတ်သည်။ ထိုအခါ ဂျိုးသည် မီးဖိုခန်းထဲမှ ထွက်သွား လေ၏။

မစ္စတာပန်ဘဲလ်ချူ ပြန်သွား၍ ကျွန်တော့်အစ်မ အဝတ်လျှော်နေ သောအခါ ကျွန်တော်သည် ဂျိုးရှိရာ ပန်းပဲဖိုဘက်သို့အသာလစ်ထွက်ခဲ့ပြီး သူအလုပ် မသိမ်းမချင်း သူနှင့် အတူ ထိုင်နေသည်။ သူ အလုပ်ပါးသွား၍ အခါအခွင့်သင့်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်က "ဒီမယ်... ဂျိုး၊ ခင်ဗျားအလုပ်မသိမ်းခင် ကျွန်တော် ခင်ဗျားကို အသိပေးသင့်တဲ့ ကိစ္စတစ်ခု ပြောချင်တယ်ဗျာ" ဟု လှမ်းပြောလိုက်ပါသည်။

"ဟုတ်လား... မင့်မှာ ပြောစရာရှိနေသလား ပစ်ပ်" ဟု ဂျိုးက ပြောသည်။

သူသည် ခွေးခြေတစ်လုံးကို ပန်းပဲဖိုနားသို့ ဆွဲယူကာ အကျအန ထိုင်လိုက်သည်။ "ဒီလိုဆိုလည်း ပြောပေါ့ကွာ...။ ကဲ ဘာပြောမှာ လဲ။ ပြော"

"ဂျိုး" ကျွန်တော်က ပင့်တင်ထားသော သူ၏ အင်္ကျီလက်မောင်းကို လှမ်းကိုင်လိုက်ပြီး "ခင်ဗျား မစ္စဟေဗီရှမ်အကြောင်းကို အားလုံး မှတ်မိတယ် မဟုတ်လား" ဟု မေးလိုက်သည်။

"အေး... မှတ်မိတယ်၊ ငါ မင်းပြောတာ ယုံပါတယ်...။ တကယ်အံ့ဩ ဖို့ ကောင်းတယ်... နော်"

"ဒါပေမဲ့ သိပ်ဆိုးတယ်... ဗျာ။ အဲဒါတွေဟာ မမှန်ဘူး... ဗျ"

"မင်း.. ဘာတွေ ပြောနေတာလဲ... ပစ်ပ်" ဟု ဂျိုးက အလန့်တကြား ရေရွတ်သည်။ "မင်းပြောနေတဲ့ သဘောက မင်းပြောခဲ့တာတွေဟာ..."

"ဒါပေမဲ့ အားလုံး လိမ်ပြောတာချည်းတော့ မဟုတ်ဘူး ထင်ပါတယ်။ အနက်ရောင် ကတ္တီပါစနဲ့ ရထားလုံးကြီး ဆိုတာကတော့ မဟုတ်ဘူး ထင်ပါရဲ့" ကျွန်တော်က ခေါင်းခါပြသည်။ "ဒါဆိုရင် ခွေးကြီးတွေ ဆို တာကတော့ ဟုတ်မှာပေ့ါ၊ ရထားလုံးကြီး မရှိပေမယ့် ခွေးကြီးတွေကတော့ ရှိမှာပေ့ါ၊ ဟုတ်လား"

"မရှိဘူး ... ဂျိုး"

"ခွေးကြီးတစ်ကောင်ကော မရှိဘူးလား။ အိုကွာ...။ ခွေးပေါက်စတစ် ကောင်တောင် မရှိဘူးလား"

"မရှိဘူး... ဗျ ဂျိုးရ၊ အဲဒါမျိုးတွေ လုံးဝ မရှိဘူး’

ကျွန်တော်သည် ကြံရာမရသော မျက်နှာထားဖြင့် ဂျိုးကို ကြည့်နေမိသည်။ ဂျိုးကလည်း စိတ်ထိခိုက်သော အကြည့်မျိုးဖြင့် ပြန်ကြည့်လျက် ရှိ၏။ "ပစ်ပ်ရာ... ဒါကတော့ မကောင်းပါဘူးကွာ...။ လိမ်ပြောတယ်ဆိုတာ မကောင်းဘူး ငါ့လူရ"

"ဟုတ်ပါတယ်၊ သိပ်ကို ဆိုးပါတယ်"

“သိပ်ဆိုးတယ်၊ ဟုတ်လား" ဟု ဂျိုးက ရေရွတ်သည်။

"ဆိုးရုံဘယ်ကမလဲ... ပစ်ပ်ရာ, စက်ဆုပ်ဖို့လည်း ကောင်းတယ်ကွ၊ မင်း ဘယ်လိုဖြစ်တာလဲကွာ"

"ဘယ်လိုဖြစ်သွားမှန်း ကျွန်တော်လည်း မသိတော့ပါဘူး... ဂျိုးရာ" ဟု ကျွန်တော်က ပြန်ပြောသည်။ ကျွန်တော်သည် ဂျိုး၏ အင်္ကျီလက်မောင်းစကို ကိုင်ထားရာမှ ပြန်လွှတ်လိုက်ပြီး သူ့ခြေထောက်အနီးရှိ ပြာပုံပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ စိတ်ထိခိုက်လွန်းသဖြင့် ကျွန်တော့်ဦးခေါင်းသည် ငိုက်စိုက်ကျလျက် ရှိသည်။ "ဒါပေမဲ့ဗျာ၊ ဖဲချပ် တွေကို မှန်မှန်ကန်ကန် ခေါ်တတ်အောင် ခင်ဗျားက သင်ပေးရင် ကောင်းမှာပဲ၊ ပြီးတော့ ကျွန်တော့်ဖိနပ်ကိုလည်း အထူကြီး မဖြစ်စေချင်ဘူး၊ ကျွန်တော့်လက်တွေကိုလည်း အခုလို မကြမ်းတမ်းရင် သိပ်ကောင်းမှာပဲ”

ထို့နောက် ကျွန်တော်က -ကျွန်တော် အလွန်စိတ်ဒုက္ခရောက်နေရကြောင်း၊ ယင်းကဲ့သို့ စိတ်ဒုက္ခရောက်နေရသည့် အဖြစ်ကို ကျွန်တော့်အပေါ်

ညာတာမှုမရှိကြသော ကျွန်တော့်အစ်မနှင့် မစ္စတာပန်ဘဲလ်ချူတို့ အား ဖွင့်ပြော၍ မဖြစ်နိုင်ကြောင်း၊ ကျွန်တော် ရောက်ခဲ့သည့် မစ္စဟောဗီရှမ်၏ အိမ်တွင် အလွန်လှ အလွန်မာနကြီးသော မိန်းကလေးတစ်ယောက် တွေ့ခဲ့ကြောင်း၊ ထိုမိန်းကလေးက ကျွန်တော့်အား အောက်တန်းစားတစ်ယောက်ဟု ပြောလိုက်ကြောင်း၊ ကျွန်တော်ကလည်း ကျွန်တော့်ကိုယ်ကျွန်တော် အောက်တန်းစားတစ်ဦးဘဝသို့ ရောက်နေသည်ကို သိကြောင်း၊ ကျွန်တော့်အနေဖြင့် အောက်တန်းစား တစ်ယောက် မဖြစ်လိုသဖြင့် များစွာ စိတ်ဆင်းရဲနေရကြောင်း၊ ကျွန်တော် လိမ်လည်ပြောဆိုမိခြင်းသည် ဤ ကိစ္စမှ မြစ်ဖျားခံလာသည် ဟု ထင်ကြောင်း၊ မည်ကဲ့သို့ မြစ်ဖျားခံလာသည် ကိုမူ ကျွန်တော် မသိကြောင်း ဂျိုးအား ရှင်းလင်းပြောပြသည်။

ဤကိစ္စမှာ ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးနိုင်မှသာအဆင်ပြေနိုင်မည့် ကိစ္စ ဖြစ်ရာ ဂျိုးရော ကျွန်တော်ပါ တတ်နိုင်မည့် ကိစ္စ မဟုတ်ပါ။ သို့သော်လည်း ဂျိုးသည် ဤကိစ္စကို သူတတ်နိုင်သည့် နည်းဖြင့် ဖြေရှင်း ပေးခဲ့ရာ ပြေလည်သွားခဲ့လေသည်။

"မင့်အနေနဲ့ သေချာတာတစ်ခုတော့ ရှိတယ်၊ ပစ်ပ်... ရ" ဂျိုးက အချိန်အတန်ကြာ စဉ်းစားနေပြီးမှ ပြောသည်။ "အဲဒါ.... ဘာလဲဆိုတော့.... လိမ်တယ်ဆိုတာက လိမ်တာပဲ.. ကွ။ လက်လည်း မခံသင့်ဘူး။ အလိမ်ကလေးက အလိမ်ကြီးဆီက လာတာပဲ... လေကွာ။ ဒီအကြောင်းတွေကို နောက်ထပ်... ငါ့မပြောနဲ့တော့။ လိမ်ပြောတာဟာ အောက်တန်းစားဘဝက လွတ်မြောက်နိုင်တဲ့နည်း မဟုတ်ဘူး ... ငါ့လူရ။ အောက်တန်းကျတဲ့ လူ ဖြစ်တယ်ဆိုတာကတော့ ငါလည်း သေသေချာချာတော့ မပြောတတ်ဘူး။ မင်းဟာ တချို့နေရာတွေမှာ အောက်တန်းကျချင် ကျမယ်ပေါ့... ကွာ။ ဒါပေမဲ့ အောက်တန်းကျတဲ့ဟာ နည်းပါတယ်... ကွ။ ပြီးတော့ မင်းဟာ စာတတ်တစ်ယောက်ပေါ့... ကွာ"

"မတတ်ပါဘူး... ဂျိုးရာ၊ ကျွန်တော်ဟာ ဘာမှ တတ်တဲ့ကောင် မဟုတ်ပါဘူး။ ဉာဏ်လည်း အင်မတန်ထိုင်းပါတယ်.. ဗျာ"

"အမယ်.. ကွာ၊ မနေ့ညက မင်း စာတစ်စောင် ရေးခဲ့သေးတာပဲ၊ မမှတ်မိတော့ဘူးလား၊ ရေးထားတာမှ ပုံနှိပ်စာလုံးတွေပါကွ၊ ငါကိုယ်တိုင် မြင်ခဲ့တာပဲ၊ ဂုဏ်သရေရှိဆိုတဲ့ လူတွေတောင် အဲသလို ပုံနှိပ်စာမျိုး မရေးတတ်ပါဘူး။ ငါပြောရဲပါတယ်" ဟု ဂျိုးက ပြန်ပြောသည်။

"ကျွန်တော် ဘာမှ တတ်တာ မဟုတ်ဘူး ... ဂျိုးရ၊ တကယ်ပြောနေ တာ ခင်ဗျားက အထင်ကြီးနေလို့ "

"ကဲပါ.. ပစ်ပ်ရာ၊ မင့်ဘာသာမင်း တတ်တာ မတတ်တာတွေ ဘေးဖယ်ထားလိုက်ပါ။ မင့်အနေနဲ့ တကယ်ထူးခြားတဲ့ စာတတ်ပုဂ္ဂိုလ်ကြီးတစ်ယောက် မဖြစ်သေးခင်မှာတော့ သာမန်စာတတ်ကလေး တစ်ယောက် ဖြစ်ရမှာပေ့ါ။ ဟုတ်ဖူးလား၊ ငါပြောတာ သရဖူကို ခေါင်းမှာ ဆောင်းပြီး

ရာဇပလ္လင်ပေါ် တက်ထိုင်တဲ့ ဘုရင်ဟာ ပါလီမန်ဥပဒေကို ရေးတယ်၊ အဲသလို မဖြစ်ခင်က သူဟာ ရာထူးမတက်သေးတဲ့ မင်းသားတစ်ပါးပဲ မဟုတ်လား၊ သူလည်း မင်းလိုပါပဲ၊ ဘာထူးမှာ လဲ၊ စာသင်ရင် 'အေ' ကပဲ သင်ရမှာပေ့ါ၊ "အေ" က 'ဇက်' အထိတော့ သင်ရမှာပါပဲကွာ၊ ဒီလောက်တော့ ငါ သိပါတယ် ပစ်ပ်ရာ"

မည်သို့ပင်ဖြစ်စေ ဂျိုး၏ စကားများသည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော စကားများ ဖြစ်သည်။ သူ့စကားများကြောင့် ကျွန်တော့်မှာ မျှော်လင့်ချက်များ ရှိလာသည်။ အားလည်း တက်ရသည်။

"ဒီမှာ .. ပစ်ပ်။ အခုပြောတာတွေဟာ မင့်အတွက် မိတ်ဆွေကောင်းတစ်ဦးက ပြောတယ်လို့ သဘောထားပါ.. ကွ။ တကယ်လို့ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် နေလို့မှ လူကုံထံအထက်တန်းစား မဖြစ်ဘူးဆိုရင် လိမ်ညာဝါကြွားနေလို့ကော ဖြစ်မတဲ့လား၊ ဘယ်တော့မှ မဖြစ်ပါဘူး.. ကွာ၊ အဲဒီတော့ ဒီကိစ္စတွေကို ထပ်ပြောမနေပါနဲ့တော့.. ပစ်ပ်ရာ၊ မင်း ကောင်းကောင်း နေပြီး ပျော်ပျော်ပဲသေသွားပါ ငါ့လူရာ"

"ခင်ဗျား ကျွန်တော့်ကိုတော့ စိတ်မဆိုးပါဘူးနော်... ဂျိုး"

"မဆိုးပါဘူး.. ငါ့လူရာ၊ ငါပြောတဲ့ သဘောက မဟုတ်ကဟုတ်က လိမ်ပြောတာတွေဟာ မကောင်းဘူးလို့သာပြောတာပါ၊ ဆိုပါစို့... အနက်ရောင် ကတ္တီပါစတွေ ခင်းထားတဲ့ ရထားလုံးကြီးတို့၊ တစ်ကောင့်တစ်ကောင် ကိုက်နေကြတဲ့ ခွေးတွေလိုပေါ့... ကွာ၊ အေး... စေတနာမှန်တဲ့ လူတွေအနေနဲ့ ကတော့ မင်း အခု အိပ်ရာဝင်သွားရင် ဒါတွေအားလုံးကို မေ့ပစ်လိုက်ဖို့ အကြံပေးမှာပဲ၊ နောက်ထပ်လည်း ဘယ်တော့မှ ဒါမျိုး မ လုပ်နဲ့ပေ့ါ။ ငါပြောတာ ဒါပါပဲ... ငါ့လူရာ"

ကျွန်တော့်အခန်းထဲ ရောက်၍ ဘုရားရှိခိုးနေချိန်အထိ ဂျိုး ပေးလိုက်သော အကြံကို ကျွန်တော် မေ့မသွားပါ။ သို့တစေလည်း နုနယ်သေးသော ကျွန်တော့်စိတ်သည် လှုပ်ရှားဆဲပင် ဖြစ်သည်။ အိပ်ရာပေါ် ခေါင်းချချိန်အထိ ကျွန်တော့်စိတ်သည် အတွေးမျိုးစုံဖြင့် ရှုပ်ထွေးနေဆဲပင်၊ မည်သည့် နည်းနှင့် မဆို... အက်စတယ်လာကတော့ ဂျိုးကို အထင်ကြီးလိမ့်မည်မဟုတ်။ သာမန်အောက်တန်းစား ပန်းပဲသမား တစ်ယောက် ဟုသာမြင်ပေလိမ့်မည်။ ထူးဆန်းလှသော သူ့ဖိနပ်ကြီးများ နှင့် ကြမ်းတမ်းလွန်းလှသော သူ့လက်များကိုလည်း ကဲ့ရဲ့ ရှုတ်ချခြင်း ပြုပေလိမ့်မည်။ ဂျိုးနှင့် အစ်မတို့ မီးဖိုခန်းထဲ၌ ထိုင်နေကြသည့် အဖြစ်နှင့် မီးဖိုခန်းထဲမှ နေ၍ အိပ်ခန်းကလေးဆီသို့ တက်လာခဲ့ရသည့် ကျွန်တော့်အဖြစ်ကို ပြန်၍ စဉ်းစားနေမိသည်။ မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ ကရော ဘယ်တော့မှ မီးဖိုခန်းထဲ ထိုင်ကြလိမ့်မည် မဟုတ်ဟု တွေးမိသည်။ သူတို့ အနေဖြင့် ဤမျှလောက်အထိ အောက်တန်းကျ လိမ့်မည်ဟု ကျွန်တော် မထင်။ မစ္စဟေဗီရှမ်၏ အိမ်၌ ယနေ့ ကျွန်တော် လုပ်ခဲ့ကိုင်ခဲ့ရသည် များကို ပြန်၍ သတိရမိသည်။ ကျွန်တော် ထိုအိမ်တွင် နာရီပိုင်းမျှသာ နေခဲ့ရခြင်း ဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော့်စိတ်တွင် သီတင်းပတ်ပေါင်းများစွာ၊

လပေါင်းများစွာ နေခဲ့ရသည့် နှယ် ခံစားနေရသည်။ ယနေ့ ကြုံခဲ့ရသည့် အဖြစ်သည် လွန်ခဲ့သော နှစ်ပေါင်း များစွာက ကြုံခဲ့ရသည့် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ တစ်ခုသဖွယ် ဖြစ်လျက် ရှိလေသည်။

မည်သို့ပင် ဖြစ်စေ ယနေ့သည် ကျွန်တော့်ဘဝ တစ်သက်တာတွင် မေ့၍ မရနိုင်လောက်အောင် ထူးခြားသော နေ့တစ်နေ့ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ယနေ့ ကြုံခဲ့ရသည့် ဖြစ်ရပ်သည် ကျွန်တော့်စိတ်ကို အကြီးအကျယ် ပြောင်းလွဲသွားအောင် ဖန်တီးလိုက်ခြင်းကြောင့် ဖြစ်ပါ၏။ သို့သော်လည်း ဤအဖြစ်မျိုးသည် လူတိုင်း၏ ဘဝတွင် ကြုံရတတ်သည့် အဖြစ်မျိုးဟုပင် ကျွန်တော် ထင်ပါသည်။ စာဖတ်သူ အနေဖြင့် မိမိဘဝ၏ ထူးခြားသော နေ့တစ်နေ့က ကြုံခဲ့ရသည့် ဖြစ်ရပ်သည် အခြားနေ့များက ကြုံခဲ့ရသည့် ဖြစ်ရပ်များ နှင့် မည်မျှအထိ ကွာခြားမှုရှိသည် ကို ဆင်ခြင်စဉ်းစား ကြည့်စေချင်ပါသည်။ ယင်းကဲ့သို့ စဉ်းစားဆင်ခြင် ကြည့်လိုက်သောအခါ မိမိဘဝတွင် ထူးခြားသောနေ့တစ်နေ့ ဟု သတ်မှတ်ထားသောနေ့က ကြုံခဲ့ရသည့် ဖြစ်ရပ်သည် မိမိ၏ ဘဝတစ်ခုလုံး ပြောင်းလဲသွားသည် အထိ အရှိန်အဝါ ကြီးမားသည် ကို တွေ့ရလိမ့်မည် ဟု ထင်ပါ၏။

****

(၁၀)

နောက်တစ်နေ့ နံနက် အိပ်ရာမှ နိုးသည့် အခါ သင့်တော်သော စိတ်ကူးတစ်ခုကို ကျွန်တော် ရလာသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ထူးခြားသော လူတစ်ယောက်ဖြစ်အောင် လုပ်လိုသည် ဆိုပါက အကောင်းဆုံးသော နည်းလမ်းမှာ တခြားမဟုတ်။ ဘစ်ဒီ၏ ထံမှ သူသိသမျှ အရာအားလုံးကို သင်ယူရန်ပင် ဖြစ်သည်။ ဤမျှလောက်ကောင်းသော စိတ်ကူးကို လက်တွေ့အကောင်အထည် ပေါ်အောင် ဖော်မည်ဖြစ်ရာ မစ္စတာဝေါ့စလေ၏ ကြီးတော် ဖွင့်လှစ်ထားသော ညကျောင်းသို့ ကျောင်းသွားတက်သည့် ညမှာပင် ဘစ်ဒီအား ဖွင့်ဟ၍ ပြောပြပါသည်။ ကျွန်တော့်တွင် ထူးသော အကြောင်းတစ်ခု ရှိနေသဖြင့် သူသိသမျှ နားလည်သမျှ တတ်သမျှကို သင်ကြားပေးပါရန် ကျွန်တော်က ဘစ်ဒီအား တောင်းပန်သည်။ တစ်ဖက်သားအပေါ်တွင် အလွန်ကူညီချင်စိတ်ရှိသော ဘစ်ဒီကလည်း ချက်ချင်းပင် သင်ပေးပါမည်ဟု ပြောပြီး သူပေးလိုက်သည့် ကတိကို ငါးမိနစ်အတွင်းမှာပင် လက်တွေ့အကောင်အထည် ဖော်ပါလေတော့သည်။

မစ္စတာဝေါ့စလေ၏ ကြီးတော်ချမှတ်ထားသည့် ပညာသင်ပုံသင်နည်းစနစ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ပထမတွင် ကျောင်းသားများသည် အိပ်ငိုက်နေသော အဘွားကြီးရှေ့၌ ပန်းသီးများကို စားကြပြီး အခွံများကို တစ်ဦးကတစ်ဦး၏ နောက်ကျောအတွင်းသို့ ထည့်၍ တစ်ယောက်ကိုတစ်ယောက် စကြသည်။ ဤသို့ဖြင့် အစလွန်ပြီး ဆူဆူညံညံ ဖြစ်လာသည့် အခါ အိပ်ငိုက်လျက်ရှိသော အဘွားကြီးသည် လန့်နိုး လာပြီး အနီး၌ ချထားသော တုတ်ကို ဆွဲကာ ရှိသမျှခွန်အားကို ထုတ်၍ သူနှင့် နီးရာလူများကို လျှောက်ရိုက်သည်။ အထိုအခါ အရိုက်ခံရသော ကျောင်းသားများသည် နာချင်ဟန်ဆောင်ကာ အော်ကြဟစ်ကြသည်။ ထို့နောက် အားလုံး ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြပြီး အဘွားကြီးပေးထားသည့် စာအုပ်ဟောင်းကြီးတစ်အုပ်ကို တစ်ယောက်နှင့် တစ်ယောက် လက်ဆင့်ကမ်းကာ အသံကုန်ဟစ်၍ ဖတ်ကြသည်။ ထိုစာအုပ်ကြီးတွင် အက္ခရာစာလုံးများ သာမက ဂဏန်းသင်္ချာများ၊ အလီတိုင်များ နှင့် စာလုံး ပေါင်းများလည်းပါရှိသည်။ ထိုစာအုပ်ကြီး ကျောင်းသားများ ၏ လက်တွင်း၌ ပုံမှန်လှည့်လည်နေသည် နှင့် တစ်ပြိုင်နက် အဘွားကြီးသည် တစ်ဖန်ပြန်၍ ရိုက်ပြန်လေသည်။ ထိုအခါ ကျောင်းသားများသည် တစ်ယောက်ခြေထောက် ပေါ် တစ်ယောက်က ဆောင့်နင်းပြီး မည်သူက အပြင်းထန်ဆုံး နင်းနိုင်သည် ကို ပြိုင်ကြပြန်သည်။ ယင်းခြေနင်းပြိုင်ပွဲကြီးသည် ဘစ်ဒီ အပြေးအလွှား ရောက်လာပြီး ပုံပျက်ပန်းပျက် ဖြစ်နေသော သမ္မာကျမ်းစာ စာအုပ်ကြီး သုံးအုပ်ကို ဝေပေးခါမှပင် ပြီးဆုံးခြင်းသို့ ရောက်လေ၏။ ထိုစာအုပ်ကြီး သုံးအုပ်စလုံးမှာ ကျွန်တော်တွေ့ဖူးခဲ့သည့်စာအုပ်များ ထဲတွင် အဟောင်းဆုံးဖြစ်၍ စာရွက်များမှာလည်း ချုပ်လုပ်ထားပုံ မသေမသပ် ဖြစ်လွန်းသဖြင့် မညီမညာ

မလှမပ ဖြစ်လျက် ရှိရုံမျှမက စာရွက်များကြားတွင် ညပ်၍ သေနေကြသည့် ပိုးကောင်မွှား ကောင်များမှာ ပွစာတက်လျက် ရှိလေသည်။ ဤစာအုပ်များကို ဖတ်ရသည့် သင်ခန်းစာအပိုင်းကို မစမီ ကျောင်းသားကြီး တစ်ယောက်နှစ်ယောက်နှင့် ဘစ်ဒီတို့ အကြိတ်အနယ် သတ်ကြပုတ်ကြသေးသည်။ ထို သတ်ပွဲများ ပြီးဆုံးသွားသည့် အခါ ဘစ်ဒီက စာမျက်နှာနံပါတ်ကို ပြောလိုက်သည်။ ကျွန်တော်တို့ ကျောင်းသားများက သူပြောသည့် စာမျက်နှာကို လှန်လိုက်ကြပြီး သံပြိုင်အော်၍ ဖတ်ကြသည်။ ဖတ်သည် ဆိုရာ၌ ကျွန်တော်တို့ ဖတ်တတ်သည့် စာလုံးများကိုကျတော့ သံပြိုင်အော်၍ ဝါးကြခြင်းမျှသာ ဖြစ်၏။ ဤစာဖတ်ပွဲတွင် ဘစ်ဒီ၏ အသံသည် အကျယ်ဆုံးနှင့် အစူးရှဆုံးဖြစ်သည်။ သို့သော်လည်း ကျွန်တော်တို့ အားလုံး ကျွန်တော်တို့ ဖတ်နေသည့် စာလုံးများ နှင့် စာပုဒ်များ ၏ အဓိပ္ပာယ်ကို လုံးဝနားလည်ကြသည် မဟုတ်ပါ။ အသံကုန်ဟစ်၍ ကျွက်ကျွက် ညံအောင် အော်နေကြသော စာဖတ်ပွဲမှာ အချိန်အနည်းငယ်မျှ ကြာသည် ဖြစ်ရာ ထိုအတောအတွင်းမှာပင် အဘွားကြီးသည် လန့်နိုး လာပြီး သူ နှင့် အနီးဆုံးသော ကျောင်းသားတစ်ဦးထံ ဒယီးဒယိုင်နှင့် လျှောက်သွားကာ နားရွက်နှစ်ဖက်စလုံးကို ဆွဲလိမ်သည်။ ယင်းကဲ့သို့ နားရွက်များကို လိမ်လိုက်ခြင်းသည် ထိုညအတွက် ကျောင်းဆင်းပြီဟု ကြေညာလိုက်ခြင်း ဖြစ်သည် ဟု နားလည်ထားကြသော ကျွန်တော်တို့သည် ခုန်ပေါက်မြူးထူးကာ ပြေးထွက်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ အဘွားကြီး၏ ညကျောင်းမှ ကျောင်းသားတစ်ယောက်သည် စာသင်ကြားရာ၌ ကျောက်သင်ပုန်းကို ဖြစ်စေ၊ မင်ကိုဖြစ် စေ (အကယ်၍ မင်ကို သုံးနိုင်ခဲ့သည် ရှိသော်) မိမိနှစ်သက်ရာကို သုံးနိုင်သည် ဖြစ်ရာ ဤအချက်မှာ ဤကျောင်း၏ ကောင်းကွက်တစ်ကွက်အနေဖြင့် ဖော်ပြသင့်သည် ဟု ထင်ပါသည်။ သို့သော်လည်း ဤကျောင်း၌ စာသင်ကြားရသည်မှာ ဆောင်းရာသီ၌ ဆိုလျှင် အလွန်မလွယ်လှသည် ကို တွေ့နေရပါသည်။ တခြားကြောင်းတော့ မဟုတ်ပါ။ ကျွန်တော်တို့ ၏ စာသင်ခန်းများကို အဘွားကြီး၏ တိုလီမိုလီဆိုင်အတွင်း၌ ဖွင့်လှစ် ထားသောကြောင့် ဖြစ်၏။ တိုလီမိုလီဆိုင်မှာလည်း စာသင်ခန်းများ အဖြစ်နှင့် ဆိုင်အဖြစ်သာ သုံးသည် မဟုတ်၊ အဘွားကြီး၏ ဧည့်ခန်းနှင့် အိပ်ခန်းအဖြစ်ပါ သုံးထားလေရာ အဘယ်မှာလျှင် အဆင်ပြေစရာ ရှိပါတော့မည်နည်း။ ဤကြားထဲမှာပင် စာသင်ချိန်၌ ရှိသည့် မီးရောင်မှာ ဖယောင်းတိုင်တစ်တိုင်မျှသာ ဖြစ်ရာ ကျောင်းသားများ အဖို့ များစွာ အခက်အခဲ တွေ့ရပါသည်။

ဤအခြေအနေမျိုးတွင် ဤပုံစံမျိုးဖြင့် စာသင်နေရမည်ဆိုပါက တခြားလူများ ထက် သာလိုသော ကျွန်တော့်အဖို့ ဖြစ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ဘစ်ဒီ ထံ အပ်နှံ၍ အထူးအခွင့်အရေးရရန် နှစ်ဦးသဘောတူ နားလည်မှုယူရခြင်း ဖြစ်၏။

ဘစ်ဒီကလည်း ထိုညခင်းမှာပင် သူပိုင်ဆိုင်သော ကုန်စျေးနှုန်းကတ်တလောက်စာအုပ်ထဲမှ အကြောင်းအရာများကို ဗဟုသုတအဖြစ် ကျွန်တော့်အား သင်ကြားပေးသည်။ ထို့နောက် အိမ်တွင် ကူးယူရေးသား၍ လေ့ကျင့်နိုင်ရန်အတွက် အဖုံးပေါ်တွင် အက္ခရာစာလုံးကြီး တစ်လုံးပါသော စာအုပ်တစ်အုပ်ကိုပါ ငှားလိုက်၏။ စာအုပ်ပေါ်မှ အက္ခရာစာလုံးကို ဘာစာလုံးမှန်း ကျွန်တော် မသိပါ။ ခါးပတ်ခေါင်းပြုလုပ်ရန် ရေးဆွဲထားသည့် ဒီဇိုင်းနမူနာပုံစံဟု စိတ်က ထင်နေမိရာ ဘစ်ဒီက ထိုအက္ခရာမှာ အင်္ဂလိပ်စာလုံး “ဒီ” အက္ခရာဖြစ်၍ သူကိုယ်တိုင် သတင်းစာတစ်စောင်မှ ကူးယူခြင်း ဖြစ်ကြောင်း ရှင်းပြခါ မှပင် သဘောပေါက်ပါတော့သည်။

ကျွန်တော်တို့ ရွာထဲတွင် ပျော်ပွဲစားရုံတစ်ခု ရှိရာ ကျွန်တော့်ယောက်ဖ ဂျိုးသည် ရံဖန်ရံခါတွင် ထိုပျော်ပွဲစားရုံသို့ သွား၍ ဆေးတံသောက်ရင်း အချိန်ဖြုန်းတတ်၏။ ထိုညတွင် ကျွန်တော့်အစ်မ က ကျွန်တော်ကျောင်းဆင်းသည့်အခါ “လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံသို့” လှည့်ဝင်ပြီး ဂျိုးကို ဆက်ဆက်ခေါ်ခဲ့ရမည်ဟု မှာလိုက်၏။ ထို့ကြောင့် ကျွန်တော်သည် အိမ်သို့မပြန်သေးဘဲ ပျော်ပွဲစားရုံဘက်သို့ ခြေဦးလှည့်ခဲ့ရလေသည်။

လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံတွင် အရက်ရောင်းသည့် ဘား တစ်ခု ရှိနေ၏။ ဆိုင်အဝင် တံခါးပေါက်အနီးရှိ နံရံပေါ်တွင် မူ မြေဖြူဖြင့် ရေးမှတ်ထားသော အရက်အကြွေး သောက်သူများ စာရင်း ရှိသည်။ အချို့စာရင်းများမှာ အလွန်ရှည်လျားသဖြင့် စ၍ သောက်ကတည်းက တစ်ကြိမ်တစ်ခါမှ အကြွေးဆပ်ခြင်းပြုပုံ မရဟု ကျွန်တော် ထင်ပါသည်။ ဤစာရင်းမှာ ကျွန်တော် လူမှန်းသူမှန်း သိတတ်သည့် အရွယ်မှ စ၍ ရှိခဲ့ခြင်းဖြစ်ရာ ဘယ်သောအခါမှ လျော့သွားသည် မရှိဘဲ တိုး၍သာလာ နေသည် ဟု ယူဆပါသည်။ သို့သော်လည်း ကျွန်တော်တို့ ဒေသသည် မြေဖြူအလွန်ပေါသောဒေသ ဖြစ်ပေရာ မြေဖြူကို ဤမျှ ရက်ရက်ရောရော သုံးသည့် အတွက် အပြစ်တော့ ဆိုကြလိမ့်မည် မထင်ပေ။

ထိုညသည် စနေနေ့ညဖြစ်၍ ကျွန်တော် ဆိုင်ထဲ ဝင်သွားချိန်တွင် ဆိုင်ရှင်သည် နံရံပေါ်ရှိ အကြွေးစာရင်းများကို အလွန်စိတ်ပျက်သည့် မျက်နှာထားဖြင့် ရှုံ့မဲ့ပြီး ကြည့်လျက်ရှိ၏။ သို့သော်လည်း ကျွန်တော့်အလုပ်မှာ ဂျိုးနှင့်သာပတ်သက်သည် ဖြစ်၍ သူ့အား ဘာမှ ထွေထွေထူးထူးမပြောတော့ဘဲ မင်္ဂလာညခင်းပါခင်ဗျာ ဟူသော နှုတ်ဆက်စကား တစ်ခွန်းကိုသာ လှမ်းပြောခဲ့ပြီး ခန်းမကြီး၏ အစွန်းတစ်ဖက်ရှိ အခန်းဆီသို့ တန်း၍ လျှောက်လာခဲ့သည်။ ထိုအခန်းထဲတွင် မီးဖိုကြီးတစ်ဖိုရှိ၍ ဂျိုးသည် မစ္စတာဝေါ့စလေနှင့် အတူ တွဲ၍ ထိုင်ကာ ဆေးတံကို သောက်ရင်း လူစိမ်းတစ်ယောက်နှင့် စကားပြောလျက် ရှိလေသည်။ ဂျိုးသည် ကျွန်တော့်ကို မြင်သောအခါ ထုံးစံအတိုင်း “ဟယ်လို ပစ်ပ်၊ လာလေကွာ... ငါ့လူ" ဟု ဆီး၍ နှုတ်ဆက်သည်။ ထိုအခါ လူစိမ်းသည် ဖျတ်ခနဲ

လှည့်ပြီး ကျွန်တော့်အား ကြည့်သည်။

ထိုလူကြီးကို ကျွန်တော် မမြင်ဖူးပါ။ သူ့ပုံပန်းမှာ လျှို့ဝှက်ပြီးနေလိုသော ပုံမျိုး ရှိ၏။ သူ့ဦးခေါင်းသည် တစ်ဖက်သို့ အမြဲစောင်းနေပြီး တစ်စုံတစ်ရာကို ကြည့်သည့် အခါ မျက်စိတစ်ဖက်ကို မှေး၍ ကြည့်တတ်သဖြင့် ကျွန်တော်မမြင်နိုင်သော သေနတ်တစ်လက်ဖြင့် လှမ်း၍ ချိန်နေသည် နှင့် တူလှသည်။ ကျွန်တော် ရောက်သွားသောအခါ သူသည်ပါးစပ်တွင် ခဲထားသည့် ဆေးတံကို ချွတ်ယူလိုက်ပြီး မီးခိုးများ ကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်ကာ ကျွန်တော့်အား စိုက်ကြည့်လျက်ရှိသည်။ ထို့နောက် သူသည် ကျွန်တော့်အား ခေါင်းတစ်ချက် ညိတ်ပြသည်။ ကျွန်တော်က ခေါင်းပြန်ညိတ်ရာ သူက နောက်တစ်ခါထပ်၍ ခေါင်းညိတ်ပြပြီး ကျွန်တော့်အား သူ့ဘေး၌ ဝင်ထိုင်နိုင်ရန် ဘေးဘက်သို့ တိုးပေး လေသည်။

သို့သော်လည်း ထိုဆိုင်အတွင်းသို့ ရောက်သည့် အခါတိုင်း ကျွန်တော်ထိုင်နေကျနေရာမှာ ဂျိုး၏ ဘေးတွင် ဖြစ်သဖြင့် "ကျေးဇူးတင်ပါတယ်... ခင်ဗျာ။ နေရာရှိပါတယ်" ဟု ပြန်ပြောပြီး ဂျိုး၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။ ထူးဆန်းသော လူကြီးသည် ဂျိုးကို တစ်ချက်မျှ လှမ်းကြည့်သည်။ ဂျိုးကမူ လူကြီးကြည့်လိုက်သည်ကို မသိဘဲ တစ်ဖက်သို့ ငေးလျက် ရှိ၏။ ထိုအခါ လူကြီးသည် ဂျိုး၏ ဘေး၌ ဝင်ထိုင်လိုက်သော ကျွန်တော့်အား နောက်တစ်ကြိမ်ထပ်၍ ခေါင်းညိတ်ပြပြီး သူ့ပေါင် ကို လက်နှင့် ပွတ်လိုက်သည်။ သူလုပ်လိုက်ပုံမှာ ထူးဆန်းသည် ဟု ထင်သဖြင့် ကျွန်တော်သည် သူ့ကို ငေးကြည့်နေမိ၏။

လူကြီးသည် ဂျိုးဘက်သို့ လှည့်၍ "ခင်ဗျားပြောသလို ဆိုရင်တော့ ခင်ဗျားဟာ ပန်းပဲသမား ဆိုပါတော့။ ဟုတ်လား" ဟု မေးသည်။

"ဟုတ်ပါတယ်။ စောစောက ကျွန်တော် ပြောခဲ့တဲ့ အတိုင်းပါပဲ"

"ကဲ.. ဘာသောက်မလဲ မစ္စတာ...။ ခင်ဗျားနာမည်ကိုတော့ မပြောသေးလို့ ကျုပ် မသိရသေးဘူး"

"အမှန်အတိုင်း ပြောရမယ် ဆိုရင်တော့ တခြားလူ တကာခံပြီးတိုက်တဲ့ အရက်ကို ကျုပ် သောက်လေ့သောက်ထ မရှိဘူးဗျ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သာ ဝယ်ပြီးသောက်တတ်တာ"

"အလေ့အထ မရှိဘူး... ဟုတ်လား။ ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ" ဟု လူကြီးက ပြောသည်။ "တစ်ခါတစ်ရံ လုပ်တဲ့ သဘောပေါ့။ အခုလို စနေနေ့ညမျိုးမှာ လုပ်သင့်ပါတယ်။ ကဲပါ... လုပ်စမ်းပါ။ ခင်ဗျား ဘာသောက်မလဲ... မစ္စတာ ဂါဂရီ"

"စည်းကမ်းသိပ်တင်းကျပ်တဲ့ အဖော်မျိုးတော့ မဖြစ်ချင်ပါဘူး... လဗျာ" ဟု ဂျိုးက အလိုက်သင့် ပြန်ပြောသည်။ "ရမ်သောက်တာပေါ့"

"ဟုတ်ပြီ...။ ခင်ဗျားက ရမ်" ဟု လူကြီးက ရေရွတ်သည်။ "ကဲ... လူကြီး မင်းကကော ဘာသောက်မလဲ"

"ကျုပ်လည်း ရမ်ပါပဲ" ဟု မစ္စတာဝေါ့စလေက ပြောသည်။

"ရမ်သုံးခွက် ဟေ့" လူကြီးက ဆိုင်ရှင်ဘက်သို့ လှည့်၍ အော်သည်။

"ဟောဒီက လူကြီးမင်းနဲ့လည်း ..." ဂျိုးက မိတ်ဆက်သည့် သဘောဖြင့် မစ္စတာဝေါ့စလေဘက် လှည့်ကြည့်ပြီး စကားစသည်။ "ခင်ဗျား သိချင်လိမ့်မယ် ထင်ပါတယ်။ ကျွန်တော်တို့ ဘုရားရှိခိုးကျောင်း စာရေးဟာ သူပါပဲ"

"သြော်... ဟုတ်လား" ဟု လူကြီးက ပြောပြီး ကျွန်တော့်မျက်နှာကို ဖျက်ခနဲ လှည့်ကြည့်သည်။ "စိမ့်မြေတွေဘက်မှာ ထီးထီးကြီး ဖြစ်နေတဲ့ ဘုရားရှိခိုးကျောင်း မဟုတ်လား၊ ပတ်ပတ်လည်မှာ သင်္ချိုင်းရှိတယ်လေ"

"အဲ... ဟုတ်တယ်။ အဲဒါပဲ" ဟု ဂျိုးက ပြောသည်။

လူကြီးသည် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် ဆေးတံကို တစ်ချက်မှုပြင်၍ ကိုက်လိုက်သည်။ သူဆောင်းထားသည့် ဦးထုပ်မှာ ခရီးသွားများ ဆောင်းလေ့ရှိသော နူတ်ခမ်းကျယ် ဦးထုပ်အပျော့စားမျိုးကြီး ဖြစ်သည်။ ဦးထုပ်အောက်ရှိ သူ့ခေါင်းကို လက်ကိုင်ပဝါတစ်ထည်ဖြင့် လုံအောင်စည်းထားသဖြင့် သူ့ဆံပင်များကို လုံးဝ မမြင်ရချေ။ မီးဖိုကို စူးစူးစိုက်စိုက် ကြည့်နေသော သူ့မျက်နှာသည် ပြုံးရိပ်သန်းလျက်ရှိပြီး တစ်စုံတစ်ခုသောအရာကို လျှို့ဝှက်ထားသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည် ဟု ကျွန်တော် ထင်မိသည်။

"ကျုပ်က ဒီနယ်နဲ့ သိပ်မရင်းနှီးဘူးဗျ။ ဒါပေမဲ့ ဟိုမြစ်ဘက်နားမှာ ကပ်နေတဲ့ နေရာတွေကတော့ လူသူလေးပါး အသွားအလာ အင်မတန် နည်းပုံပဲ"

"စိမ့်မြေတွေများ တဲ့ နေရာမျိုးတွေကတော့ အများအားဖြင့် လူသွား လူလာ နည်းတတ်တာပဲ" ဟု ဂျိုးက ပြောသည်။

"ဟုတ်မယ်... ဟုတ်မယ်။ အဲဒီဘက်ကို လူလေလူလွင့်တွေ၊ အိမ်ခြေရာမဲ့တွေနဲ့ လူဆိုးသူခိုးတွေများကော ရောက်မလာတတ်ဘူးလား"

"မလာဘူးဗျ" ဟု ဂျိုးက ဖြေသည်။ "ထောင်ပြေးတစ်ယောက်တလေ တော့ ရောက်လာတတ်တယ်၊ သူတို့ကို ရှာဖို့ ကတော့ မလွယ်ဘူးဗျို့၊ ဟုတ်တယ်... မဟုတ်လား... မစ္စတာဝေါ့စလေ"

မစ္စတာဝေါ့စလေက မကြာသေးမီက ကြုံတွေ့ခဲ့ရသည့် အဖြစ်ကို သတိရသည့် အရိပ်လက္ခဏာကို ဖော်ပြပြီး ဂျိုး၏ စကားကို ထောက်ခံသည်။ သို့သော်လည်း စိတ်ပါလက်ပါ မရှိလှ။

"ခင်ဗျားတို့ အနေနဲ့ ထောင်ပြေးတွေကို လိုက်ဖမ်းတဲ့ဟာမျိုး ကြုံခဲ့ဖူးသလား" ဟု လူကြီးက မေးသည်။

"တစ်ကြိမ် ကြုံခဲ့ဖူးတယ်... ဗျ" ဟု ဂျိုးက ပြန်ဖြေသည်။

"ခင်ဗျားလည်း နားလည်မှာပါ။ ကျုပ်တို့က ဖမ်းပေးဖို့ လိုက်တာ မဟုတ်ပါဘူး။ ပွဲကြည့်ပရိသတ်အနေနဲ့ လိုက်သွားကြတာပါ။ ကျုပ်ရယ်၊ မစ္စတာဝေါ့စလေရယ်၊ ပစ်ပ်ရယ် သုံးယောက်ပေါ့၊ မဟုတ်ဘူးလား ပစ်ပ်"

"ဟုတ်တယ်ဗျို့"

လူကြီးက ကျွန်တော့်ကို ကြည့်ပြန်သည်။ သူ့မျက်စိတစ်ဖက်ကို မှေး၍ ကြည့်နေခြင်းဖြစ်ရာ ကျွန်တော့်အား မမြင်နိုင်သည့် သေနတ်ဖြင့်ပစ်ရန် ချိန်ရွယ်နေသည့် နှယ် ရှိသည်။

"သူ့ကြည့်ရတာ အရိုးတွေကို စုလုပ်ထားသလိုပဲ၊ ခင်ဗျား သူ့ကို ခေါ် လိုက်တာ ဘာတဲ့ ..."

"ပစ်ပ်"

"ခရစ်ယာန်နာမည်လား"

"မဟုတ်ဘူး "

"မျိုးရိုးနာမည်လား"

"မဟုတ်ဘူး ဗျ" ဟု ဂျိုးက ပြောသည်။ "မိသားစုနာမည်မျိုးပဲ၊ ဒါပေမဲ့ ကလေးဘဝတုန်းက သူ့ကိုယ်သူ ခေါ်ရင်းနဲ့တွင်သွားတဲ့ နာမည်"

"ခင်ဗျားသားလား"

ဂျိုးက ချက်ချင်း အဖြေမပေးဘဲ စဉ်းစားချိန်ဆသလို လုပ်လျက် ရှိသည်။ အမှန်တော့ စဉ်းစားဖို့ လိုအပ်သလို စဉ်းစားနေခြင်း မဟုတ်။ လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံအတွင်း၌ အကြောင်းကိစ္စတစ်ခုကို ဆွေးနွေးကြသည့် အခါ ဆေးတံကိုခဲ၍ အလေးအနက် ဆင်ခြင်စဉ်းစား သလို လုပ်တတ်သည်မှာ လူတိုင်း၏ အကျင့် ဖြစ်သည်။ ထို့ကြောင့်လည်း ဂျိုးသည် အများ၏ အတုကိုယူ၍ စဉ်းစားဆင်ခြင်သလို လုပ်နေခြင်း ဖြစ်သည်။ "အင်း... ဟုတ်ပါဘူး။ သူ ကျုပ်သား မဟုတ်ပါဘူး"

"တူ...လား" ဟု လူကြီးက မေးပြန်သည်။

"အင်း" ဟု ဂျိုးက ရေရွတ်ပြီး စောစောကလိုပင် စဉ်းစားသလိုလုပ်လျက် ရှိပြန်သည်။ "မဟုတ်ပါဘူး။ ခင်ဗျားကိုလည်း ညာပြီး မပြောချင်ဘူး...ဗျာ။ သူက ကျုပ်တူလည်း မဟုတ်ပါဘူး"

"ဒီလိုဆို သူက ခင်ဗျားနဲ့ ဘာတော်သလဲ" ဟု လူကြီးက ထပ်မေးပြန်သည်။ ဤတွင် မစ္စတာဝေါ့စလေက ကြားမှ ဝင်ပြီး ကျွန်တော်နှင့် ဂျိုး မည်ကဲ့သို့တော်စပ်သည် ကိ ု အကျယ်တဝင့် ရှင်းပြသည်။ ဤကဲ့သို့ စနစ်တကျ ရှင်းပြပြီးသောအခါ သူ့ဝသီအတိုင်း ရှိတ်စပီးယား၏ တတိယမြောက် ရစ်ချက်ဘုရင်ကြီး ပြဇာတ်ထဲမှ စာပိုဒ်တစ်ပိုဒ်ကို အကိုးအကားအဖြစ် ရွတ်ပြပြီး သူ့စကားကို အဆုံးသတ်သည်။

ဤနေရာတွင် မစ္စတာဝေါ့စလေ၏ အပြုအမူကို ဖော်ပြလိုပါသည်။ သူသည် ကျွန်တော့်အကြောင်းကို ပြောပြနေသည့်ခိုက်တွင် ကျွန်တော့် ဦးခေါင်းကို ကိုင်၍ ကျွန်တော့်ဆံပင်များကို တယုတယ ပွတ်သပ်ခြင်း စသည်များကို ပြုခဲ့၏။ ကျွန်တော်တို့ အိမ်သို့ အလည်ရောက်လာလေ့ရှိသော သူ့လိုလူစားများသည် ယခုကဲ့သို့ပင် ကျွန်တော့်အကြောင်းကို စပ် မိစပ်ရာ ပြောကြသည့် အခါ ဘယ်တော့မှ ကျွန်တော့်အား တယုတယ လုပ်လေ့ မရှိကြပါ။ ဘာ့ကြောင့် ထိုကဲ့သို့

ဖြစ်ရသည် ကို ကျွန်တော် စဉ်း စား၍ မရပါ။ ကျွန်တော် ငယ်စဉ်တောင်ကျေး ကလေးဘဝက ကျွန်တော်တို့ မိသားစု အသိုင်းအဝိုင်းနယ်ပယ်တွင် ကျွန်တော့်အကြောင်းကို စကားစပ်မိကြသည့် အခါများ ရှိခဲ့ဖူးရာ ထိုစဉ်အခါများကလည်း ကျွန်တော့်အပေါ် သနားကရုဏာသက်လေ သယောင်ယောင် ဟန်ဆောင်သူ တချို့မှ လွဲပြီး တကယ်စေတနာမှန်မှန်နှင့် တယုတယ ပြုလိုသူ မရှိလှပါ။ မစ္စတာဝေါ့စလေက ကျွန်တော့်အကြောင်း ပြောပြနေခိုက်တွင် လူကြီးသည် တခြားလူများကို လုံးဝမကြည့်တော့ဘဲ ကျွန်တော့်ကိုသာ စူးစူးစိုက်စိုက် ကြည့်လျက် ရှိ၏။ သူ့မျက်နှာထားနှင့် အပြုအမူများသည် ကျွန်တော့်အား ထူးခြားသော အရိပ်လက္ခဏာတစ်ခု ပြလိုသည့် သဘော ရှိသည်။ သို့သော်လည်း သူသည် ရမ်အရက်သုံးခွက် လာပို့ချိန်အထိ စကားတစ်ခွန်းမှ မပြောပါ။ ထို့နောက်တွင် မူ ထူးခြားသော အပြုအမူတစ်ခုကို လုပ်ပြသည်။ အလွန့်အလွန် ထူးခြားသော အပြုအမူတစ်ခု ဟု ဆိုရပါလိမ့်မည်။

သူပြသည့် အပြုအမူမှာ နှုတ်မှ ထွက်လာခြင်း ဖြစ်သည်။ ထိုကိုယ်အမူအရာသည် ကျွန်တော့်ကို ရည်ညွှန်းခြင်း ဖြစ်သည်မှာလည်း သိသာထင်ရှား၏။ သူသည် ကျွန်တော့်မျက်နှာကို စူးစူးရဲရဲ ကြည့်၍ ရေရောထားသော သူ၏ ရမ်ဖန်ခွက်ကို မွှေလိုက်မြည်းကြည့်လိုက် လုပ်ပြလျက် ရှိသည်။ အရက်ခွက်ကို မွှေရာ၌ သူ့အတွက် ယူလာသည့် ဇွန်းဖြင့် မွှေခြင်း မဟုတ်။ တံစဉ်းတစ်ချောင်းဖြင့် မွှေပြနေခြင်း ဖြစ်လေသည်

သူ ထိုကဲ့သို့ လုပ်နေသည် ကို မစ္စတာဝေါ့စလေနှင့် ဂျိုးတို့ မမြင်သော်လည်း ကျွန်တော်ကတော့ မြင်သည်။ အားရအောင် မွှေပြီးသောအခါ သူသည် ဖန်ခွက်ထဲ နှစ်ထားသည့် တံစဉ်းကို ထုတ်ယူပြီး ရေစင်သွားအောင် သုတ်သည်။ ထို့နောက် အင်္ကျီအိတ်ကပ်ထဲသို့ ထိုးထည့် လိုက်လေသည်။ ကျွန်တော် ထိုတံစဉ်းကို ကောင်းစွာ မှတ်မိသည်။ ဂျိုး၏ တံစဉ်း ဖြစ်၏။ တံစဉ်းကို မြင်လိုက်ရသည့် အချိန်တစ်ခဏအတွင်းမှာပင် ဤလူကြီးသည် ကျွန်တော်နှင့် တွေ့ခဲ့ဖူးသည့် ထောင်ပြေးကို သိသူ ဖြစ် ရမည်ဟု နားလည်လိုက်သည်။ ကျွန်တော်သည် မှင်တက်မိသလို ဖြစ်ကာ သူ့မျက်နှာကိုသာ ငေးကြည့်နေမိသည်။ သို့သော်လည်း သူကတော့ အခြေပျက်မသွားပါ။ ကျွန်တော့်အဖြစ်ကို မသိသလို၊ မမြင်သလို လုပ်ကာ မုန်လာဥများ အကြောင်းကို အမျှင်မပြတ် ပြောလျက် ရှိလေသည်။

စနေနေ့ညသည် ကျွန်တော်တို့ ရွာမှ လူများ အပန်းဖြေအနားယူကြသည့် ညဖြစ်သည့် အားလျော်စွာ စနေနေ့ညများတွင် ဂျိုးသည် ကျွန်တော့်အစ်မ သတ်မှတ်ပေးထားသည့် အချိန်နာရီဝက်ခန့်တော့ ပို၍ နေဝံ့ ၏။ ယခုဆိုလျှင် သတ်မှတ်ချိန်ထက် နာရီဝက်ပိုသွားပြီ ဖြစ်၏။ ရမ်တစ်ခွက်ကလည်း ကုန်သွားပြီ ဖြစ်၏။ ထို့ကြောင့် ဂျိုးသည် ထိုင်ရာမှ ထ၍ ရပ်ကာ ကျွန်တော့်လက်ကို လှမ်းဆွဲသည်။

"ခဏနေပါဦး... မစ္စတာဂါဂရီ" ဟု လူကြီးက တားသည်။

"ကျုပ်အိတ်ကပ်ထဲမှာ သျှီလင်ပြား အသစ်ကလေးတစ်ပြား ရှိမယ်လို့ ထင်ပါတယ်။ တကယ်လို့ ရှိနေရင် အဲဒီသျှီလင်ပြားကလေးကို ဒီသူငယ်လေးကို ပေးလိုက်ချင်လို့ပါ"

သူသည် အိတ်ကပ်ထဲမှ အကြွေများကို ထုတ်ယူပြီး အသစ်ဆုံး သျှီလင်ပြားတစ်ပြားကို ရွေး၍ ကြွေမွနေသော စက္ကူဖြင့်ထုပ်ကာ ကျွန်တော့် အား လှမ်းပေးသည်။ "ရော့... ဒါ မင့်ဖို့ " ဟု ပြောသည်။ "အဲဒါ မင့်အတွက် သတ်သတ်ပေးတာနော်" ဟုလည်း ထပ်ပြောသည်။

ကျွန်တော်က သူ့အား ကျေးဇူးတင်စကားပြောကာ ဂျိုး၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး သူ့မျက်နှာကို ငေးကြည့်နေမိ၏။ သူက ဂျိုးနှင့် မစ္စတာဝေါ့စလေတို့အား "မင်္ဂလာညပါ" ဟု နှုတ်ဆက်သည်။ ကျွန်တော့်ကိုတော့ နှုတ်ဆက်စကား မပြောပါ။ သို့သော်လည်း မျက်စိတစ်ဖက် မှေး၍ သေနတ်နှင့် ချိန်သလို လုပ်နေရာမှ မျက်စိမှိတ်ပြသည်။ မှိတ်ပြလိုက်သည့် မျက်စိနောက်တွင် လျှို့ဝှက်ချက်သည် ရှိလိမ့်မည်ဟု ထင်ရပါသည်။

မစ္စတာဝေါ့စလေသည် ပျော်ပွဲစားရုံတံခါးဝအရောက်တွင် ကျွန်တော်တို့ နှင့် ခွဲထွက်သွားသည်။ အိမ်အပြန်လမ်းတွင် ကျွန်တော်နှင့် ဂျိုး နှစ်ယောက်တည်း ဖြစ်၏။ အကယ်၍သာကျွန်တော့်တွင် စကားပြောလိုစိတ် ရှိခဲ့ပါမူ တစ်လမ်းလုံး ကျွန်တော်ကချည်း ဒိုင်ခံ၍ ပြောသွားရလိမ့်မည် ဖြစ်သည်။ ဂျိုးသည် တစ်လမ်းလုံးပါးစပ်ကြီးကို ဟကာ လိုက်ပါ လာသည်။ သူ့ပါးစပ်မှ ထွက်လာနေသည့် ရမ်အနက်နံ့ကို လေထဲတွင် များများပါသွားစေရန်... ယင်းကဲ့သို့ လုပ်လာခြင်း ဖြစ်သည်။ ကျွန်တော့်အနေဖြင့်လည်း စကားပြောစရာ ရှာ၍ မရပါ။ ကျွန်တော့်စိတ်သည်လေးလံထိုင်းမှိုင်း လျက် ရှိသည်။ ကျွန်တော် ကျူးလွန်ခဲ့မိဖူးသည့် အပြစ်နှင့် ကျွန်တော်သိကျွမ်းခဲ့ရဖူးသည့် ထောင်ပြေးကြီး၏ အကြောင်း မှ တစ်ပါး အခြားဘာကိုမှ တွေး၍ မရပါ။

ကျွန်တော်တို့ အိမ်ပြန်ရောက်၍ မီးဖိုခန်းအတွင်းသို့ ဝင်သွားသောအခါ ကျွန်တော့်အစ်မက စိတ်ကြည်ကြည်သာသာ ရှိနေသည် ကို တွေ့ရသည်။ ထူးခြားသော အခြေအနေကိုကြည့်၍ အားတက်လာသော ဂျိုးသည် သူ့ကိုယ်သူ ရဲဆေးတင်ကာ ကျွန်တော် သျှီလင်ပြားတစ်ပြား ရလာသည့်ကိစ္စကို အစ်မအား ပြောပြသည်။ "ဘယ်နည်းနဲ့ မဆို သျှီလင်ပြားဟာ အတုဖြစ်ရမယ်" ဟု အစ်မက သေချာပေါက် လေသံဖြင့် ပြောသည်။ "အတုသာ မဟုတ်ရင် အဲဒီလူက ဒီကောင်လေးကို ပေးမတဲ့လား၊ ပြစမ်း - ကြည့်ရအောင်"

ကျွန်တော်က အိတ်ကပ်ထဲမှ စက္ကူထုပ်ကို ထုတ်ပေးသည်။ သျှီလင်ပြားမှာ အစ်မပြောသလို အတုမဟုတ်ဘဲ အစစ်ဖြစ်နေသည် ကို တွေ့ရ၏။ "ဟဲ့... ဒါက ဘာလဲ" အစ်မသည် အလန့်တကြား ရေရွတ်လိုက်ပြီး လက်ထဲမှ သျှီလင်ပြားကို လွှတ်ချလိုက်ကာ စက္ကူကို ကိုင်၍ သေချာစွာ ကြည့်နေသည်။ "အံမယ်... တစ်ပေါင်တန် စက္ကူနှစ်ရွက်ပါလား"

တစ်ပေါင်တန်စက္ကူနှစ်ရွက်၏ တန်ဖိုးမှာ ထိုခေတ်အခါက အလွန်အဖိုးတန်လှသည် ဖြစ်ရာ မှား၍ ပေးခဲ့ခြင်း ဖြစ်မည်ဟု တွက်ကြသည်။ ဂျိုးသည် သူ့ဦးထုပ်ကို ကပျာကယာဆောင်းကာ တစ်ပေါင်တန်နှစ်ရွက် ကို ပိုင်ရှင်အား ပြန်ပေးရန်အတွက် ပျော်ပွဲစားရုံဆီသို့ ကဆုန်စိုင်း၍ ပြေးပါလေတော့သည်။ သူပြေးထွက်သွားသောအခါ ကျွန်တော်သည် ထိုင်နေကျ ခွေးခြေခုံပေါ်၌ ထိုင်ကာ အစ်မအား အမိပွာယ် ကင်းမဲ့စွာဖြင့် ကြည့်နေမိသည်။ ကျွန်တော့်အား ပိုက်ဆံပေးလိုက်သည့် လူကြီးကို ပျော်ပွဲစားရုံ၌ တွေ့ရတော့မည် မဟုတ်ဟုလည်း စိတ်ထဲက သိနေသည်။

မကြာမီ ဂျိုး ပြန်ရောက်လာပြီး ပျော်ပွဲစားရုံမှ လူကြီး ထွက်သွားနှင့် ပြီ ဖြစ်ကြောင်း အကယ်၍ ထိုလူကြီး ပြန်ရောက်လာပါက သူ့ငွေစက္ကူနှစ်ချပ်ကို လာ၍ ယူရန် အကြောင်းကြားပေးဖို့ ဆိုင်ရှင်အား မှာခဲ့ကြောင်း ကျွန်တော်တို့အား ပြောပြသည်။ ထိုအခါ ကျွန်တော့်အစ်မသည် ငွေစက္ကူနှစ်ချပ်ကို စက္ကူတစ်ရွက်နှင့် အကျအန လုပ်ကာ အပေါ်မှ တံဆိပ်တစ်ခုရိုက်၍ လုံအောင်ပိတ်လိုက်ပြီး ဧည့်ခန်းထဲရှိ နှင်းဆီပန်းခြောက်များ ထိုးထားသော အိုးတစ်လုံးအောက်သို့ ထိုးထည့်လိုက်၏။ ထိုနေ့မှ စ၍ ထိုငွေစက္ကူနှစ်ရွက်သည် ထိုနေရာမှ နေ၍ ကျွန်တော့်အား နေ့ပေါင်း၊ ညပေါင်းများစွာပင် ထမင်းလုံးတစ္ဆေများ ခြောက်သည့် နှယ် ခြောက်လှန့်လျက်ရှိပါတော့သည်။

ကျွန်တော် အိပ်ရာဝင်သည့် အခါတွင်လည်း ကောင်းစွာအိပ်၍ မရတော့ပါ။ ကျွန်တော့်အား သေနတ်နှင့် ချိန်သလို မျက်စိတစ်ဖက်မှိတ်၍ ကြည့်နေတတ်သော လူထူးလူဆန်းကြီး အကြောင်းကိုသာ တွေးနေမိသည်။ တစ်ဆက်တည်းဆိုသလိုပင် ကျွန်တော်နှင့် ထောင်ပြေးများ တိတ် တဆိတ် ဆုံတွေ့ခဲ့ရသည့် အဖြစ်သည် အပြစ်တစ်ခုအနေဖြင့် ပေါ်လာတတ်၏။ မေ့မေ့ပျောက်ပျောက် ဖြစ်နေသော အရာတစ်ခုသည် အသစ်ပြန်ဖြစ်နေလေပြီ။ တံစဉ်းကလည်း ကျွန်တော့်စိတ်ကို ခြောက်လှန့်လျက် ရှိ၏။ ကြောက်စရာကောင်းသည့် ဤအကြောင်းအရာများကို မတွေးဘဲ မစ္စဟေဗီရှမ်၏ အိမ်သို့ ဒုတိယအကြိမ်သွားရမည့် ဗုဒ္ဓဟူးနေ့တွင် ကြုံရမည့် အရေးများကို အစားထိုး၍ စဉ်းစားတွေးတောခြင်းအားဖြင့် အိပ်ပျော်အောင် ကြိုးစားသည်။ အိပ်တော့ ပျော်ပါ၏။ သို့သော်လည်း အိပ်မက်ထဲတွင် တံခါးတစ်ခုမှ နေ၍ ကျွန်တော့်ဆီသို့ လာနေသော တံစဉ်းကို တွေ့မြင်ရသည်။ တံစဉ်းကိုင်ထားသူကိုမူ ကျွန်တော် မမြင်ရပါ။ ထိုအခါ ကျွန်တော်သည် ကယောင်ကတမ်းနှင့် ထအော်ပြီး အိပ်ရာမှ လန့်နိုးလာတတ်ပါ၏။

*****

ချိန်းထားသည့်နေ့တွင် ကျွန်တော်သည် မစ္စဟောဗီရှမ်၏ အိမ်သို့ နောက်တစ်ခေါက် သွားရပြန်သည်။ တွန့်ဆုတ်တွန့်ဆုတ်နှင့်ပင် ဂိတ် တံခါးဝရှိ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်ရာ အက်စတယ်လာ ထွက်လာသည်။ သူသည် ယခင်တစ်ခေါက်ကလို ဂိတ်တံခါးကို ဖွင့်ပေးသည်။ ကျွန်တော် အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ဂိတ်တံခါးကို ပြန်၍ သော့ခတ်လိုက်၏။ ထို့နောက် မှောင်မည်းနေသော ဆောင်ကူးလမ်းကြားအတိုင်း လိုက်သွားရသည်။ သူထွန်းထားခဲ့သော ဖယောင်းတိုင် စိုက်ထားခဲ့သည့် နေရာသို့ ရောက်မှပင် အသွားရပ်သည်။ စိုက်ထားသည့် ဖယောင်းတိုင် သူ့လက်ထဲ ရောက်ချိန်ထိ ကျွန်တော့်ကို လုံးဝဂရုမစိုက်ပါ။ ဖယောင်းတိုင် လက်ထဲရောက်သွားသည့် အခါတွင်မူ မထီလေးစား မျက်နှာထားဖြင့် ကျွန်တော့်ကို သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး "ဒီကနေတော့ နင် ဒီဘက်ကို လာရမယ်" ဟု လှမ်းပြောသည်။ သူသည် ကျွန်တော့်အား အိမ်ကြီး၏ တစ်ဖက်ပိုင်းသို့ ခေါ်သွားလေသည်။

ကျွန်တော်တို့ လျှောက်လာနေသည့် ဆောင်ကူးလမ်းသည် အတော်ကြီး ရှည်လျားပြီး လေးထောင့်စပ်စပ်ရှိနေသော အိမ်ကြီး၏ အောက်ထပ်နှင့် ဆက်နေပုံရသည်။ ကျွန်တော်တို့သည် အိမ်အောက်ထပ်သို့ ကန့်လန့်ဖြတ်၍ ထွက်ခဲ့ကြ၏။ တစ်ဖက်အစွန်းသို့ ရောက်သောအခါ အက်စတယ်လာသည် လက်ထဲမှ ဖယောင်းတိုင်ကို တစ်နေရာတွင်ချထားလိုက်ပြီး တံခါးတစ်ခုကို ဖွင့်သည်။ ဤနေရာအရောက်တွင် နေ့၏ အလင်းရောင်သည် ဘွားခနဲ ပြန်ပေါ်လာသည်။ ကျွန်တော်သည် သမံတလင်းအပြည့်ခင်းထားသော ခပ်သေးသေးခြံဝင်း၏ တစ်ခုအတွင်း၌ ရောက်လျက် ရှိသည် ကို သတိထားမိ၏။ ဝင်းခြံ၏ တစ်ဖက်တွင် လူနေ အိမ်တစ်လုံး ရှိရာ ထိုအိမ်မှာ တစ်ချိန်သောအခါက ဘီယာချက်စက်ရုံ၏ မန်နေဂျာ သို့မဟုတ် စာရေးကြီး နေထိုင်ခဲ့ဖူးဟန် တူ၏။ အိမ်ရှေ့ဘက် မျက်နှာစာ နံရံပေါ်တွင် နာရီကြီးတစ်လုံး ရှိ၏။ ထိုနာရီကြီးမှာလည်း မစ္စဟောဗီရှမ်၏ အခန်းအတွင်းမှ နာရီကြီးနှင့် မစ္စဟောဗီရှမ်၏ လက်ပတ် နာရီများ လိုပင် ကိုးနာရီထိုးရန် မိနစ်နှစ်ဆယ်အလိုတွင် ရပ်လျက် ရှိလေသည်။

ကျွန်တော်တို့သည် အသင့်ပွင့်နေသော တံခါးမှ နေ၍ အခန်းတစ်ခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။ အိမ်ကြီး၏ အောက်ထပ်တွင် နောက်ဘက်အကျဆုံးသော အခန်း ဖြစ်၏။ အခန်းမှာ ခပ်မှောင်မှောင်၊ မျက်နှာကြက် ခပ်နိမ့်နိမ့်...။ အခန်းထဲ၌ လူတစ်စု ရှိနေ၏။ ထိုလူစုအနီးသို့ ရောက်သွားပြီဖြစ်သော အက်စတယ်လာက.... "ဟဲ့ကောင်လေး၊ နင် ဟိုနေရာမှာ သွားရပ်နေ၊ ငါ မခေါ်မချင်း မလာနဲ့ " ဟု လှမ်းပြောသည်။ သူ ညွှန်ပြသော နေရာမှာ ပြတင်းပေါက်တစ်ခု ဖြစ်၏။ ကျွန်တော်သည် မခံချိမခံသာ ဖြစ်လွန်းသော စိတ်ဖြင့်

ပြတင်းပေါက်အနီးသို့ သွားရပ်ကာ အပြင်သို့ မျှော်ကြည့်နေမိသည်။

ပြတင်းပေါက်မှ လှမ်းကြည့်လျှင် မြေပြင်ကို မြင်နေရ၏။ တစ်ဖက်ထောင့်တွင် မူ ပျက်စီးယိုယွင်းလျက်ရှိနေသော ပန်းခြံတစ်ခု ရှိသည်။ ဥယျာဉ်အတွင်း၌ မလှမပဖြစ်နေသော ပန်းမုန်လာခင်းတစ်ခင်း...။ ပန်းမုန်လာရိုးတံခြောက်များသည် ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။ တစ်နေရာတွင် မူ ငုံးတိတိဖြစ်နေသော သစ်ပင်တစ်ပင်...။ ထိပ်တွင် အရွက်နုကလေးများ ထွက်လျက်ရှိ၏။ ယမန်နေ့ညက ဆီးနှင်းများ ကျထားဟန် ရှိသည်။ ဥယျာဉ်အတွင်းရှိ သစ်ပင်ခြောက်များ ပေါ်၌ တင်နေကြသော ဆီးနှင်းများသည် ယခုအချိန်ထိ အရည်ပျော်မသွားကြ သေးပေ။ ဥယျာဉ်အပေါ်မှ ဖြတ်သန်းတိုက်ခတ်လာနေသော လေသည် ပြတင်းပေါက်မှ ဝင်လာလျက် ရှိသည်။ လေနှင့် အတူ ဆီးနှင်းအစအနများသည် ဤနေရာသို့ ရောက်နေသော ကျွန်တော့်အား ရန်ပြုကြသည့် နှယ် လွင့်စဉ်ရိုက်ခတ်လျက် ရှိကြလေသည်။

ကျွန်တော်ဝင်လာသည့် အခါ အခန်းထဲမှ လူများသည် စကားပြော ရပ်သွားကြပြီး ကျွန်တော့်အား တစေ့တစောင်း ကြည့်၍ အကဲခတ်နေကြသည်။ ပြတင်းပေါက်မှန်ထဲတွင် လာ၍ အရိပ်ထင်နေသည့် မီးဖိုမီးရောင်မှ တစ်ပါး အခန်းထဲတွင် ကြည့်စရာ ဘာမျှမရှိ။ လူစိမ်းတစ်စု၏ မျက်စိများ အောက်၌ ရောက်နေသော ကျွန်တော့်အဖို့တော့ များစွာ စိတ်ကျဉ်းကျပ်ကာ အနေရကျိုးလျက် ရှိလေသည်။

အခန်းထဲ၌ရှိနေကြသူများမှာ မိန်းမကြီးသုံးယောက်နှင့် ယောကျ်ားကြီး တစ်ယောက်ပင် ဖြစ်သည်။ ကျွန်တော် ပြတင်းပေါက်အနီး၌ ရပ်၍ ငါးမိနစ်မျှမကြာလိုက်ခင်မှာပင် ဤလူအားလုံးသည် လူလိမ် လူညာ လူကပ်ပါးများ ဖြစ်လိမ့်မည်ဟု ကောက်ချက်ချမိ၏။ သူတို့ အချင်းချင်းလည်း လူလိမ်လူညာများ ဖြစ်သည် ကို သိကြဟန် တူ၏။ သို့သော်လည်း သူတို့သည် သူတို့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် လူလိမ်လူညာ လူကပ်ပါးများ ဟု မထင်လေဟန်၊ မသိလေဟန် ဆောင် ထားကြသည်။ အကယ်၍ သူတို့ထဲမှ တစ်ဦးသောသူက အခြားတစ်ဦး အား လူလိမ်လူညာတစ်ယောက် ဖြစ်ကြောင်း ဖော်ထုတ်လိုက်မည်ဆိုပါက အဖော်ထုတ်ခံရသူကလည်း ဖော်ထုတ်သူကို လူလိမ်လူညာတစ်ဦးပင် ဖြစ်ကြောင်း ဖော်ထုတ်လိုက်မည်ကို စိုးရိမ်သဖြင့် ယခုကဲ့သို့ မသိလေဟန် ဆောင်နေကြခြင်း ဖြစ်ပုံရ၏။

သူတို့ အားလုံးသည် လူတစ်ယောက်၏ သာယာပျော်ရွှင်မှုကို အဖတ်ဆယ်၍ မရနိုင်လောက်အောင် ဖျက်ဆီးပစ်လိမ့်မည့် အလွန်ပျင်းရိငြီးငွေ့စရာ ကောင်းပြီး၊ အလွန်နားထောင်ချင်စရာ မကောင်းသော 'လေ' များကို ပိုင်ဆိုင်ကြပုံ ရ၏။ မိန်းမကြီးသုံးဦးထဲတွင် လေအပေါဆုံး မိန်းမကြီး၏ အမည်မှာ ကာမီလာဖြစ်၍

သူ့ကိုမြင်သည် နှင့် တစ်ပြိုင်နက် ကျွန်တော့်အစ်မကို ပြေး၍ သတိရလာလောက်အောင် ရုပ်ချင်းတူလှ၏။ သူက ကျွန်တော့်အစ်မထက် အသက်ကြီးခြင်းသာလျှင် (သူ့ကိုမြင်မြင်ချင်း စိတ်ထဲ၌ ဖြစ်ပေါ်လာသည့် အတိုင်း ပြောပြခြင်း ဖြစ်ပါသည်။) ကွာခြားသည်။ သူ့အမူအရာသည် ကြမ်းတမ်းပုံရပြီး လူပုံပန်းကလည်း အလွန်ထုံထိုင်းသည့် လက္ခဏာ ရှိ၏။

"သနားစရာတော့ ကောင်းပါတယ်" ဟု ထိုမိန်းမကြီးက ပြောသည်။ သူပြောပုံဆိုပုံနှင့် လေသံမှာလည်း ကျွန်တော့်အစ်မနှင့် တစ်ထပ်တည်းနီးပါးမျှ တူလျက်ရှိသည်။

"တခြားလူရဲ့ ရန်သူမဖြစ်ဘဲ သူ့ရန်သူပဲ ပြန်ဖြစ်နေတယ်... နော်"

"တခြားသူစိမ်းတစ်ရံဆံ လူတစ်ယောက်ရဲ့ ရန်သူဖြစ်ရတယ် ဆိုတာက အများကြီး ချီးကျူးထိုက်တာပေါ့" ဟု လူကြီးက ပြောသည်။

"အခုအဖြစ်က သဘာဝထက် လွန်ကဲနေတယ်"

"အဲသလိုတော့ မပြောပါနဲ့ အစ်ကို.. ရေမွှန်ရယ်" ဟု နောက်မိန်းမကြီး တစ်ယောက်က ဟန့်သည်။

"ကျွန်မတို့ အနေနဲ့ ကိုယ့်သွေးကိုယ့်သားတွေ အပေါ်မှာ မေတ္တာထား ရမယ်ဆိုလို့ ဆိုထားတယ် မဟုတ်လား”

"ဒီမှာ ... ဆာရာပေါ့ကက်" ဟု အစ်ကိုရေမွှန်ဟု အခေါ်ခံရသူက ပြန်ပြောသည်။ "တကယ်လို့ လူတစ်ယောက်ဟာ ကိုယ့်သွေးကိုယ့်သား မဟုတ်ရင်ကော..."

မစ္စပေါ့ကက်က ရယ်သည်။ ထိုအခါ ကာမီလာကပါ လိုက်ရယ်ပြီး “ဒါကျတော့ စိတ်ပေါ်မှာ တည်တယ်” ဟု ပြောသည်။ ယခုအချိန်အထိ စကားတစ်ခွန်းမှ ဝင်၍ မပြောသေးသော မိန်းမကြီးက တည်ငြိမ်သော မျက်နှာထားဖြင့် "သိပ်မှန်တာပေါ့" ဟု ထောက်ခံသည်။

"သနားစရာပါ...လေ" ဟု ကာမီလာဆိုသူက အစချီလိုက်ပြန်၏။ (စကားပြောနေရင်းမှပင် သူတို့ အားလုံး ကျွန်တော့်ကို မျက်ခြည်မပြတ် ကြည့်နေကြသည် ကို ကျွန်တော် သတိပြုမိသည်။) "သူက အလွန်ဆန်းတဲ့ လူပဲ၊ တွမ်ရဲ့ မိန်းမဆုံးစမှာ တငိုငိုတရီရီ ဖြစ်နေကြတဲ့ ကလေးတွေ ရဲ့ မျက်နှာကိုတောင် မထောက်ထားဘဲ အခုလို လိမ်ညာသွားတယ်ဆိုတာ ဘယ်သူကမှတောင် ယုံမယ်မထင်ဘူး။ ဘယ်သူကတော့ လိမ်သွားလိမ့်မယ်လို့ ထင်မှာလဲ။ အင်း သူ လုပ်သွားပုံက မတ်သယူးလုပ်ပုံနဲ့ အတော်ကြီးကို တူတာပဲ၊ ကျွန်မပြောတာက

စိတ်ကူးကို ပြောတာပါ"

"လုပ်ပုံကိုင်ပုံ ပိရိတာတော့ အမှန်ပဲ" ဟု အစ်ကိုရေမွှန်ဟု ခေါ်သည့် လူကြီးက ပြန်ပြောသည်။ "အဲဒါကိုတော့ ငါ မချီးမွမ်းဘဲ မနေနိုင်ဘူး... ကွယ်။ သိလား၊ ဒါပေမဲ့ သူ့မှာ လူတစ်ယောက်အနေနဲ့ စောင့်စည်းရမယ့် ကိုယ်ကျင့်တရားကတော့ လုံးဝမရှိဘူး"

"ရှင် သိတဲ့ အတိုင်းပဲ၊ ကျွန်မကတော့ တာဝန်သိပါတယ်" ဟု ကာမီလာက ပြောသည်။ "ကျွန်မအနေနဲ့ ပြတ်သားရမယ့် တာဝန်ရှိတယ်...လေ။ ကျွန်မက ပြောတယ်၊ မိသားစုရဲ့ ဂုဏ်သိက္ခာကြောင့် ဒီကိစ္စဟာ လုံးဝမဖြစ်နိုင်ဘူး လို့။ မိသားစုတစ်ခုလုံး အရှက်ကွဲနေပြီလိုလည်း သူ့ကို ပြောပြသေးတယ်၊ ဒီကိစ္စအတွက် ကျွန်မ ငိုလိုက်တာ မနက်စာစားချိန်ကနေ ညစာစားချိန်အထိပဲ၊ ကျွန်မမှာ အစားအသောက်လည်း ပျက်ရသေးတယ်၊ ဒါနဲ့ပဲ နောက်ဆုံးကျတော့ သူက ဒေါသတကြီး ဖြစ်လာပြီး ဒါဆိုရင်လည်း ခင်ဗျား ကြိုက်သလိုသာ လုပ်ကြတော့ လို့ ပြောတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့ မိုးရွာကြီးထဲမှာ မကြာခဏ ထွက်...ထွက်ပြီး လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်...ဝယ်ပေးခဲ့ရတဲ့ အတွက်တော့ စိတ်ချမ်းသာရပါတယ်"

"ပစ္စည်းတွေအတွက် သူက ပိုက်ဆံပေးတယ် မဟုတ်လား" ဟု အက်စတယ်လာက ဝင်မေးသည်။

"ဘယ်သူဘယ်ဝါက မေးတယ်ဆိုတာက ပြဿနာမဟုတ်ပါဘူး... ကလေးရယ်" ဟု ကာမီလာက ဖြေသည်။ "ငါက ဝယ်ပေးရတာသာ အဓိက စဉ်းစားတာပါ၊ ကိုယ်တတ်နိုင်သလောက် လုပ်ပေးခဲ့ရတာလေးကို ပြန်တွေးလိုက်ရင် စိတ်ချမ်းသာရတယ်... ကွယ်"

ထိုအခိုက်တွင် ကျွန်တော် စောစောက လျှောက်လာခဲ့ရသည့် ဆောင်ကူးလမ်းကြားဘက်ဆီမှ လူခေါ်ခေါင်းလောင်းဆွဲသံ တစ်ချက်နှင့် ဟစ်အော်၍ ခေါ်သံတစ်ချက် ထွက်လာသည်။ စကားပြောနေကြသူများသည် တန့်သွားကြသည်။ အက်စတယ်လာက ကျွန်တော့်အား "ဟဲ့ကောင်လေး။ လာတော့" ဟု လှမ်းခေါ်သည်။ ကျွန်တော် နောက်သို့ လှည့်လိုက်သည့် အခါ သူတို့ လူစုသည် ကျွန်တော့်အား အလွန်စက်ဆုပ်သည့် မျက်နှာထားများဖြင့် ကြည့်လျက် ရှိကြသည်။ ကျွန်တော် အခန်းထဲမှ ထွက်လာသည့် အခါတွင် မူ ဆာရာပေါ့ကက်ဆိုသူ မိန်းမကြီးက "ကျွန်မကတော့ သေချာပေါက် သိပါတယ်။ ဒါပေမဲ့ ဒါပြီးရင် နောက် ဘာဖြစ်မလဲ ဆိုတာ စောင့်ကြည့်ပေါ့" ဟု ပြောလိုက်ရာ ကာမီလာဆိုသူသည် "ဒီလိုစိတ်ကူးယဉ်ပြီး ပေါက်ကရလုပ်တာမျိုးများ တွေ့ဖူးကြရဲ့လား၊ အင်း.. ဒါလည်း စိတ်ပါပဲ" ဟု အော့နှလုံးနာသည့် လေသံဖြင့် ရေရွတ်လိုက်သည် ကို ကြားရလေသည်။

ကျွန်တော်တို့သည် မှောင်နှင့် မည်းမည်း ဖြစ်နေသော ဆောင်ကူးလမ်းကြားအတိုင်း ဖယောင်းတိုင်မီးရောင်ကို အားပြု၍ လျှောက်လာခဲ့ကြသည်။ ရှေ့မှ သွားနေသော အက်စတယ်လာသည် ရုတ်တရက် ရပ်လိုက်ပြီး နောက်သို့ ချာခနဲ လှည့်ကာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ကျွန်တော့်အား အလွန်အထင်အမြင်သေးသည့် မျက်နှာထားဖြင့် ကြည့်လိုက်ပြီး သူ့မျက်နှာကို ကျွန်တော့်မျက်နှာနားသို့ တိုးကပ်ကာ... "ကဲ" ဟု ရေရွတ်လိုက်သည်။

"ဘာလဲ.. မစ္စ" ကျွန်တော်က မျက်နှာချင်းဆိုင် ထိလုနီးပါး ဖြစ်နေသဖြင့် ကိုယ်ကို အနည်းငယ်မျှ နောက်ဆုတ်လိုက်ကာ ပြန်မေးသည်။

သူက ကျွန်တော့်ကို စေ့စေ့ကြည့်နေသည်။ ကျွန်တော်ကလည်း မတတ်သာတော့သဖြင့် သူ့မျက်နှာကို ပြန်၍ စိုက်ကြည့်နေရလေသည်။

"ငါ လှရဲ့လား"

"လှတယ်၊ ငါကတော့ သိပ်ကိုလှတယ်လို့ ထင်တယ်"

"ငါ စော်ကားတတ်သလား"

"အလျှင်တစ်ခေါက်ကလောက်တော့ မဆိုးပါဘူး"

"အလျှင်တစ်ခေါက်ကလောက် မဆိုးပါဘူး... ဟုတ်လား"

"အလျှင်တစ်ခေါက်ကလောက် မဆိုးဘူး ဟုတ်လား"

"ဟုတ်တယ်... မဆိုးဘူး"

မေးခွန်းကို မေးလိုက်ချိန်တွင် အက်စတယ်လာသည် ဒေါသကြီးလျက် ရှိ၏။ ကျွန်တော်က ပြန်ဖြေလိုက်သည် နှင့် တစ်ပြိုင်နက် သူသည် ကျွန်တော့်ပါးကို တအားကုန်လွှဲ၍ ရိုက်လိုက်သည်။

"ကဲ... အခုကော ဘယ်လိုလဲ" ဟု ရေရွတ်သည်။

"ကဲ.. ပြောလေ... အရိုင်းအစိုင်း တိရစ္ဆာန်ကလေးရဲ့၊ အခုကော နင် ငါ့ကို ဘယ်လိုထင်သလဲ'

"မပြောဘူး၊ ဘာလို့ ပြောရမှာလဲ"

"ဒီမှာတော့ မပြောဘူး၊ ဟိုအပေါ်ထပ်ရောက်မှ ပြောမယ်ပေါ့၊ ဟုတ်လား"

"မပြောဘူး၊ ဟိုမှာလည်း မပြောဘူး"

"နင် နောက်ထပ် ဘာဖြစ်လို့ မငိုတော့တာလဲ.. ဟဲ့၊ ကောင်စုတ်ကလေးရဲ့ "

"နင့်ကြောင့်များ ငါ ဘယ်တော့မှ ထပ်ပြီး မငိုတော့ဘူး" ဟု ကျွန်တော်က ပြောသည်။ ကျွန်တော် နားလည်ထားသည့် အတိုင်း ဆိုပါက ဤစကားမှာ လိမ်ညာ၍ ပြောလိုက်သည့် စကား ဖြစ်၏။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ ထိုအချိန်က ကျွန်တော်သည် သူ့အတွက် စိတ်ထဲမှ ငိုလျက်ရှိသည်။ ဤကိစ္စ ဖြစ်ပြီးသည့် နောက်တွင်လည်း ကျွန်တော့်နှလုံးသား မည်မျှအထိ ပြင်းပြင်းထန်ထန် နာကျင်ခဲ့ရသည် ကို ကျွန်တော်သာ သိပါသည်။

ဤကဲ့သို့ ကျွန်တော်နှင့် အက်စတယ်လာတို့ အချင်းများ ပြီးသည့် နောက်တွင် ကျွန်တော်တို့ နှစ်ယောက်သည် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ လမ်းတွင် အပေါ်ထပ်မှ စမ်းတဝါးဝါးဖြင့် ဆင်းလာသည့် လူကြီး တစ်ယောက်နှင့် ဆုံမိကြသည်။

"ဘယ်သူလဲ.. ကွဲ့" ဟု လူကြီးက မေးပြီး လှေခါးထစ်ပေါ်၌ ရပ်ကာ ကျွန်တော့်အား ကြည့်သည်။

"ကောင်လေးတစ်ယောက်ပါ" ဟု အက်စတယ်လာက ဖြေသည်။

လူကြီးမှာ အလုံးအဖန်ထွားကျိုင်းပြီး အသားနက်နက် ဖြစ်သည်။ ဦးခေါင်းမှာ အဆမတန် ကြီးမား၍ လက်များမှာလည်း ဦးခေါင်းနှင့် အံ့ဝင်ခွင်ကျဖြစ်အောင်ပင် ကြီးမားလှ၏။ သူသည် ကျွန်တော့်မေးစေ့ကို သူ၏ ကြီးမားသော လက်ကြီးတစ်ဖက်ဖြင့် လှမ်းကိုင်ပြီး ဖယောင်းတိုင် မီးရောင်ဘက်သို့ ဆွဲယူကာ ငုံ့ကြည့်သည်။ သူ့ထိပ်ကြီးမှာ ပြောင်လျက် ရှိသည်။ ထူထဲပြီး မည်းနက်နေသော မျက်ခုံးမွေးများသည် အောက်သို့ ကုပ်ကျမနေဘဲ အပေါ်သို့ ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိသည်။ သူ့ မျက်လုံးများသည် သူ့ဦးခေါင်းအတွင်းသို့ အလွန်နက်ရှိုင်းစွာ နစ်ဝင်လျက် ရှိသည် ဟု ထင်ရ၏။ သူ့တွင် အိမ်ဆောင်နာရီကြီးတစ်လုံး ရှိသည်။ အကယ်၍သာ သူ မွေးထားမည်ဆိုပါက ထူထပ်စွာ ပေါက်ရောက်နေလိမ့်မည်ဖြစ်သော မုတ်ဆိတ်မွေးနှင့်ပါးမြိုင်းမွေး နေရာများတွင်လည်း အမည်းစက်များ ရှိသည်။ တကယ်တော့ သူသည် ကျွန်တော်နှင့် ဘာမျှ ဆိုင်သူ မဟုတ်ပါ။ သူ့ကို ဤမျှလောက်ထိ စေ့စေ့စပ်စပ် ကြည့်ရှုမှတ်သားဖို့လည်း လိုသည် မဟုတ်ပါ။ သို့သော်လည်း တိုက်တိုက်ဆိုင်ဆိုင် သူ့ရုပ်လက္ခဏာကို ကောင်းစွာ မှတ်မိသွားအောင် ကြည့်နိုင်မည့် အခွင့်အရေးကို ရခဲ့ပါသည်။

"အနီးအနားရပ်ကွက်က ကောင်လေးလား" ဟု လူကြီးက မေးသည်။

"ဟုတ်ပါတယ်... ခင်ဗျာ" ဟု ကျွန်တော်က ပြောသည်။

"မင်းက ဘယ်လိုကြောင့် ဒီကို လာရတာလဲ"

"မစ္စဟေဗီရှမ်က ခေါ်လို့ပါ ခင်ဗျာ" ဟု ကျွန်တော်က ရှင်းပြသည်။

"အေး.... ဟုတ်ပြီ၊ မင်း ကောင်းကောင်း နေကွ.. နော်။ မင်းတို့ ကောင်လေးတွေအကြောင်း ငါ ကောင်းကောင်း သိတယ်... မင်းတို့ တစ်တွေဟာ ခပ်ဆိုးဆိုးတွေ။ ငါ့ကို မသိဘူးလို့ များ မထင်နဲ့။ သတိထား... ကြားလား" သူသည် ကြီးမားသော သူ့လက်ညှိုးက တုတ်တုတ်ကြီးကို သွားများဖြင့် ကိုက်ဖွဲ့နေရင်းက ကျွန်တော့်မျက်နှာကို ရှုံ့မဲ့ပြီး ကြည့်နေသည်။ "မင်း ကောင်းကောင်း နေကွ... နော်၊ ကြားလား"

ဤစကားများကို ပြောပြီးသောအခါ သူသည် ကျွန်တော့်မေးစေ့ကို လွှတ်လိုက်ပြီး လှေကားအတိုင်း ဆက်၍ ဆင်းသွားသည်။ သူ့လက်ထဲမှ လွတ်လာသည့် အတွက် ကျွန်တော့်မှာ အကြီးအကျယ် ဝမ်းသာမိပါသည်။ အကြောင်းမှာ သူ့လက်မှ ဆပ်ပြာစော် နံလွန်း၍ ဖြစ်ပါ၏။ ကျွန်တော့်စိတ်တွင် ဤလူကြီးသည် ဆရာဝန်တစ်ယောက်များ ဖြစ်လေမလားဟု တွေးမိသည်။ သို့သော်လည်း ချက်ချင်းပင် ထိုအတွေးကို စွန့်လွှတ်လိုက်သည်။ သူသည် ဆရာဝန်တော့ ဘယ်နည်းနှင့် မျှ မဖြစ်နိုင်။ ဆရာဝန်သာဆိုပါက ယခုထက်ပို၍ နူတ်ဆိတ်ပြီး ယခုထက်ပို၍ သဘော ကောင်းလိမ့်မည် ဖြစ်၏။ ဤလူကြီးနှင့် ဆုံမိပြီးနောက် မကြာခင်အတွင်းမှာပင် ကျွန်တော်တို့သည် မစ္စဟေဗီရှမ်၏ အခန်းထဲသို့ ရောက်သွားကြသဖြင့် လူကြီး၏ ကိစ္စကို ကျွန်တော် ကြာကြာတွေးဖို့ အချိန်မရတော့ပါ။ မစ္စဟေဗီရှမ်၏ အခန်းထဲ၌ အရာရာတိုင်းသည် ယခင်တစ်ခေါက်က မြင်ခဲ့ရသည့် အတိုင်းပင် ဖြစ်သည်။ မစ္စဟေဗီရှမ်ကိုယ်တိုင်မှာလည်း ပုံစံပြောင်းမသွားချေ။ အက်စတယ်လာက ကျွန်တော့်အား တံခါးပေါက်နား ထားခဲ့သဖြင့် မစ္စဟေဗီရှမ်က မခေါ်မချင်း ကျွန်တော်တို့ ထိုနေရာ၌ ရပ်နေရသည်။ မစ္စဟေဗီရှမ်သည် မှန်တင်ခုံရှေ့၌ ထိုင်နေရာမှ ကျွန်တော့်ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

ကျွန်တော့်ကို မြင်လိုက်သောအခါ မစ္စဟေဗီရှမ်သည် အံ့အားသင့်ခြင်းလည်း မဖြစ်၊ အံ့သြဟန်လည်း မပြ။ "အော်... မင်း ရောက် လာပြီကိုး" ဟု ရေရွတ်သည်။

"အင်း.. ရက်တွေ ကုန်သွားပြန်ပြီကိုးကွဲ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကနေ့ဟာ..."

"တော်ပြီ...တော်ပြီ" စိတ်မရှည်ဟန်ဖြင့် လက်များကို ခါပြသည်။

"အဲဒါတွေ ငါ မသိချင်ဘူး၊ မင်း ကစားဖို့ အဆင်သင့်ပဲလား"

ကျွန်တော့်အနေဖြင့် ဖြေရခက်လျက် ရှိသည်။

"ကျွန်တော် အဆင်သင့် မဖြစ်သေးဘူး ခင်ဗျ"

"ဖဲမကစားချင်တော့ဘူးလား" ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ အကဲခတ်ရင်း မေးသည်။

"ကျွန်တော့်ကို ကစားစေချင်တယ် ဆိုရင်တော့ ကစားပါ့မယ်... ခင်ဗျာ"

"ဒီအိမ်ကြီးဟာ အိုလွန်းလို့ မင့်အတွက် ကြောက်စရာကြီး ဖြစ်နေဟန် တူပါရဲ့" ဟု မစ္စဟေဗီရှမ်က ပြောသည်။ "ကဲ... ကွယ်၊ မင်းမှာ ကစားချင်တဲ့ စိတ်မရှိရင် အလုပ်ကော မလုပ်ချင်ဘူးလား"

ဤမေးခွန်းကျတော့ ကျွန်တော် သွက်သွက်လက်လက် ပြန်ဖြေနိုင်သည်။ အလုပ်ကိုတော့ ကျွန်တော် သိပ်လုပ်ချင်ပါသည် ဟု ချက်ချင်း ပြန်ဖြေလိုက်၏။

"အဲသလို ဆိုရင်တော့ ဟိုဘက်က မျက်နှာချင်းဆိုင် အခန်းထဲကိုသွား" ဟု ဆိုကာ ကျွန်တော့်နောက်ကျောဘက်တွင် ရှိနေသည့် အခန်းတံခါးတစ်ခုဆီသို့ လက်ညှိုးထိုးပြသည်။ "အဲဒီထဲကနေပြီး ငါ လာတဲ့ အထိ စောင့်နေ၊ ကြားလား"

ကျွန်တော်သည် လှေကားထိပ်ကို ကျော်ဖြတ်ကာ သူညွှန်ပြသော အခန်းထဲသို့ ဝင်ခဲ့သည်။ ဤအခန်းထဲတွင်လည်း နေ့၏ အလင်းရောင် လုံးဝမရှိ။ လေဝင်လေထွက်နည်းသဖြင့် အနံ့အသက်များ ကလည်း ဆိုးသည်။ အသက်ရှူရသည် မှာလည်း မဝ။ ခေတ်မမီတော့သည့် ကျောက် မီးသွေး မီးဖိုအတွင်းမှ မီးတောက်သည် ယိမ်းယိုင်လှုပ်ရှားလျက် ရှိသည်။ မီးတောက်အရှိန်မှာ အားမရှိလှ။ ငြိမ်းသွားတော့မည့် နှယ် ဖြစ်လျက် ရှိ၏။ တွန့်ဆုတ်ဆုတ် နိုင်လွန်းလှသော မီးငွေ့သည် တစ်ခန်းလုံးကို မစိုးမိုးနိုင်။ ထို့ကြောင့် တစ်ခန်းလုံးတွင် အအေးဓာတ်က ကြီးစိုးနေသည်။ အခန်းထဲ၌ ရှိနေသော အအေးဓာတ်သည် စိမ့်မြေများ ဘက်မှ အအေးဓာတ်နှင့် တူလျက် ရှိလေသည်။ မီးဖိုအထပ်ဆင့်ပေါ်မှ ဖယောင်း တိုင်မီးရောင်များသည် အခန်းတွင်းရှိ အမှောင်ထုကို အားနည်းစွာဖြင့် ထိုးဖောက်လျက် ရှိကြ၏။ အခန်းမှာ အခန်းကျယ်ကြီးဖြစ်၍ တစ်ချိန်က အလွန်ခမ်းနားထည်ဝါခဲ့သည့် အခန်းတစ်ခန်း ဖြစ်ရမည်ဟု ကျွန်တော် ပြောရပါသည်။ အခုကျတော့လည်း နေရာတိုင်းတွင် ဖုန်များ နှင့် မှိုများ တက်ကာ အရာရာတိုင်းသည် ဖရိုဖရဲ ဖြစ်နေကြလေပြီ။ အခန်းထဲတွင် အထူးခြားဆုံးသော အရာဝတ္ထုမှာ စားပွဲခင်းတစ်ခု အကျအနခင်း ထားသည့် စားပွဲရှည်ကြီးတစ်လုံး ဖြစ်သည်။ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရန်အတွက် ဤစားပွဲကြီးပေါ်၌

စားသောက်ပွဲများ ဖွယ်ဖွယ်ရာရာ တခမ်းတနား ပြင်ဆင်ပြီးခါမှ ဤအိမ်ကြီးနှင့် ဤအိမ်ကြီး၏ နာရီအားလုံး အသက်ဝင်လှုပ်ရှားမှု ရပ်ဆိုင်းသွားသည့် ပုံမျိုး ဖြစ်သည်။ စားပွဲ၏ အလယ်တည့်တည့်တွင် ပန်းကလပ်တစ်ခု ရှိ၏။ ယင်း၏ ပတ်ပတ်လည်တွင် မြောက်မြားလှစွာသော ပင့်ကူအိမ်များသည် အထပ်ထပ် ရစ်ပတ်ဖွဲ့နှောင်လျက် ရှိကြရာ ပန်းကလပ်၏ အရွယ်အစား ပုံသဏ္ဌာန် ကိုပင် ကွဲကွဲပြားပြား မမြင်နိုင်လောက်အောင် ဖြစ်လျက် ရှိ၏။ မှိုများ တက်နေသဖြင့် မည်းနက်နေသော ပန်းကလပ်၏ ပတ်ပတ်လည်တွင် အရွယ်အစား... အရောင်အသွေး အမျိုးမျိုးနှင့် ပင့်ကူများသည် ဆင်းလိုက်တက်လိုက် ပြေးလိုက်လွှားလိုက် လုပ်လျက် ရှိကြလေသည်။

ကြွက်များ ပြေးလွှားနေသံများကိုလည်း ကျွန်တော် ကြားနေရ၏။ ပတ်ပတ်လည်တွင် ရှိနေကြသော ပိုးဟပ်များ နှင့် အိမ်မြှောင်များသည် သူတို့ ပတ်ဝန်းကျင်မှ လှုပ်ရှားမှုမှန်သမျှကို မသိမမြင် မကြားသည့် နှယ် ငြိမ်သက်နေကြသည်။

ဤအကောင်အလှောင်များ၏ လှုပ်ရှားမှုသည် ကျွန်တော့်စိတ်ကို များစွာ ဆွဲဆောင်လျက် ရှိ၏။ ကျွန်တော်သည် သူတို့ အား ခပ်လှမ်းလှမ်းမှ ရပ်၍ စိတ်ဝင်တစား ကြည့်မိသည်။ ထိုအခိုက်မှာပင် မစ္စဟေဗီရှမ် ရောက်လာပြီး သူ့လက်တစ်ဖက်ကို ကျွန်တော့်ပခုံးပေါ်သို့ လှမ်းတင်သည်။ သူ၏ အခြားလက်တစ်ဖက်သည် လက်ကိုင်ပါသော တုတ်ကောက် တစ်ချောင်းကို ကိုင်ထားပြီး သူသည် ထိုတုတ်ကို အားပြု၍ ရပ်နေသည်။ သူ့ပုံပန်းမှာ စုန်းမကြီးနှင့် တူလျက် ရှိလေသည်။

"ဒီဟာကို မြင်တယ် မဟုတ်လား" မစ္စဟေဗီရှမ်က သူ့လက်ထဲမှ တုတ်ကောက်ဖြင့် စားပွဲကြီးကို ထိုးပြပြီးမေးသည်။ "ဒီနေရာဟာ ငါသေရင် အလောင်းထားမယ့်နေရာပဲ၊ သူတို့ အားလုံး ဒီနေရာကို လာပြီး ငါ့အလောင်းကို ကြည့်ကြရမှာ "

ကျွန်တော့်စိတ်သည် နောက်ကျိရှုပ်ထွေးလျက် ရှိသည် ဖြစ်ရာ မစ္စဟေဗီရှမ်သည် အခုချက်ချင်းပင် စားပွဲကြီးပေါ်တက်၍ အသက်ထွက်သွားလိမ့်မည်ဟု ထင်မိ၏။ ဤအတွေးကြောင့် ကြောက်စိတ်ဝင်မိသော ကျွန်တော်သည် သူ့လက်အောက်မှ ရုန်းထွက်မိတော့မလိုပင် ဖြစ်သွားပါသေးသည်။

"ဟိုပေါ်ကဟာကို ဘာပစ္စည်းလို့ မင်း ထင်သလဲ" သူက လက်ထဲမှာ တုတ်ဖြင့် ထိုးပြပြီး မေးပြန်သည်။ "ဟိုဟာကို ပြောတာ၊ ပင့်ကူတွေတက်နေတဲ့ နေရာကဟာလေ"

"ကျွန်တော် မမှန်းတတ်ဘူး... ခင်ဗျ"

"အဲဒါ ကိတ်မုန့်ကြီး...တဲ့၊ လက်ထပ်ကိတ်မုန့်ကြီး၊ ငါ့ကိတ်မုန့်ကြီးပေါ့"

သူသည် အခန်းထဲရှိ ပစ္စည်းများကို ပြူးတူးပြဲတဲ အမူအရာဖြင့် လျှောက်ကြည့်နေသည် သူ့လက်ဖြင့် ကျွန်တော့်ပခုံးကို တအားဆုပ်ဆွဲပြီး ကျွန်တော့်ကို အားပြုထားရာမှ "ကဲ... လာ၊ အေး...။ လာစမ်း၊ ငါ လမ်းလျှောက်ချင်တယ်၊ လျှောက်စမ်း.. လျှောက်စမ်း"

ထိုအချိန်မှ စ၍ ကျွန်တော် လုပ်ရသည့် အလုပ်မှာ မစ္စဟေဗီရှမ်အား တွဲ၍ အခန်းထဲ၌ ပတ်ချာလှည့်၍ လမ်းလျှောက်ရခြင်း ဖြစ်၏။ ကျွန်တော်က ရှေ့မှ စ၍ ခြေလှမ်းလိုက်သည် နှင့် တစ်ပြိုင်နက် မစ္စဟေဗီရှမ် က ကျွန်တော့်ပခုံးကို အားပြု၍ နောက်မှ ကပ်လိုက်ခြင်းဖြစ်ရာ ကျွန်တော်တို့ လမ်းလျှောက်နေပုံသည် မစ္စတာ ပန်ဘဲလ်ချူ၏ မြင်းရထားကြီး မောင်းသွားနေသည် နှင့် တူလှသည် ဟု စိတ်ထဲက အောက်မေ့မိ၏။

ကိုယ်လက်အင်္ဂါ သန်သန်စွမ်းစွမ်း မဟုတ်သော မစ္စဟေဗီရှမ်သည်တစ်ခဏမျှ လျှောက်မိသောအခါ "ဖြည်းဖြည်းဟဲ့၊ ဖြည်းဖြည်း" ဟု ပြောသည်။ သို့သော်လည်း မစ္စဟေဗီရှမ်၏ လက်သည် ကျွန်တော့်ပခုံးကို တအားဖြစ်ညှစ်ဆုပ်ကိုင်ထားပြီး ပါးစပ်မှလည်း ဟစိ... ဟစိ ဖြစ်လျက် ရှိလေပြီ။ နောက်တစ်ခဏမျှ ကြာသောအခါ "အက်စတယ်လာကို ခေါ်လိုက်စမ်း" ဟု ခိုင်းသည်။ ကျွန်တော်သည် အပြင်သို့ ထွက်ပြီး ယခင်တစ် ကြိမ်က ပုံစံအတိုင်း အက်စတယ်လာ၏ နာမည်ကို အသံကျယ်လောင် ကျယ်လောင်ဖြင့် တကြော်ကြော် အော်ရပြန်သည်။ အက်စတယ်လာ၏ ဖယောင်းတိုင်မီးကို မြင်ခါမှ အခန်းထဲသို့ ပြန်ဝင်ပြီး မစ္စဟေဗီရှမ်ကို တွဲကာ နောက်ထပ်တစ်ဖန် ပတ်ချာလှည့်၍ လျှောက်ရပြန်လေ၏။

အကယ်၍ များသာ ကျွန်တော်တို့ အဖြစ်ကို အက်စတယ်လာ စောင့်ကြည့်နေမည် ဆိုပါမူ ကျွန်တော့်စိတ်သည် များစွာမှပင် မသက်မသာ ဖြစ်ရပေတော့မည်ဟု တွေးမိ၏။ သို့သော်လည်း အက်စတယ်လာ ဝင်လာသည့် အခါ ကျွန်တော် အောက်ထပ်တွင် တွေ့ခဲ့ရသည့် မိန်းမကြီးသုံးယောက်နှင့် ယောကျ်ားကြီးကိုပါ လိုက်လာကြသဖြင့် ကျွန်တော့်အနေဖြင့် ဘာလုပ်ရမှန်း မသိနိုင်အောင် ကြောင်လျက် ရှိရ၏။ ရပ်လိုက်မည်ဟု စိတ်ကူးပါသေး၏။ သို့သော်လည်း မစ္စဟေဗီရှမ်က တင်ထားသည့် လက်ဖြင့် ပခုံးကို ညှစ်ပြီး သတိပေးနေသဖြင့် မရပ်ဝံ့တော့ဘဲ ရှက်ရှက်ဖြင့်ပင် လျှောက်မြဲတိုင်း လျှောက်နေရလေသည်။ သူတို့ကမူ မလုံမလဲဖြစ်နေသော ကျွန်တော့်မျက်နှာကို ကြည့်၍ ယခုကဲ့သို့ မစ္စဟေ ဗီရှမ်အခန်းထဲ၌ ပတ်ချာလှည့်နေရခြင်းသည်

ကျွန်တော့်ကြောင့် ဟု ထင်ကောင်း ထင်ကြပေလိမ့်မည်။

"ရှင့်ကြည့်ရတာ အတော်ကို နေကောင်းလာပုံပါပဲလား... မစ္စဟောဗီ ရှမ်" ဟု ဆာရာပေါ့ကက်က ပြောသည်။

"ကောင်းပါဘူး၊ ဘယ်ကလာ နေကောင်းရမှာလဲ" ဟု မစ္စဟောဗီရှမ် က ငေါ့တူးတူးလေသံဖြင့် တုံ့ပြန်သည်။ "ငါ့တစ်ကိုယ်လုံး အသားတွေ ဝါထိန်နေပြီ၊ အရိုးပေါ်အရေတင်ပဲ ကျန်တော့တယ်"

"မစ္စဟောဗီရှမ်က မစ္စပေါ့ကက်အား ထိုကဲ့သို့ မချေမငံ ပြန်ပြောလိုက်သံကို ကြားရသောအခါ မစ္စကာမီလာသည် အတော်ဝမ်းသာသွားပုံ ရသည်။ မစ္စဟောဗီရှမ်၏ အကြိုက်ကိုလိုက်၍ ပြောရန် အားထုတ်သည်။ "ဖြစ်မှ ဖြစ်ရလေတယ်... နော်။ သနားစရာ ကောင်းလိုက်တာ၊ ကြည့်ရတာ ကျန်းမာဦးမယ့် လက္ခဏာ မဟုတ်ဘူး၊ စိတ်ထောင်းကိုယ်ကြေပေါ့... လေ"

"နေကောင်းရဲ့လား" ဟု မစ္စဟောဗီရှမ်က ကာမီလာအား လှမ်းမေးသည်။ ပတ်ချာလည်နေသော ကျွန်တော်တို့သည် ထိုအချိန်တွင် ကာမီလာ၏ အနီးသို့ ရောက်သွားသဖြင့် ကျွန်တော်က ရပ်လိုက်ရန် ဟန်ပြင်သည်။ သို့သော်လည်း မစ္စဟောဗီရှမ်က မရပ်သဖြင့် ကျွန်တော့်အနေဖြင့် ဆက်၍ လျှောက်သွားနေရပြန်၏။ ကာမီလာအဖို့တော့ ကျွန်တော့်အပြုအမူသည် မုန်းစရာ ကောင်းနေပေလိမ့်မည်။

"ကျေးဇူးတင်ပါတယ်... မစ္စဟောဗီရှမ်" ဟု ကာမီလာက ပြန်ပြောသည်။ "လူကတော့ နေကောင်းတန်သလောက် ကောင်းပါတယ်၊ စိတ်ကတော့"

"ဘာဖြစ်နေလို့ တုံး" ဟု မစ္စဟောဗီရှမ်က ဖျတ်ခနဲ မေးလိုက်သည်။

"ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောစရာတော့ မရှိပါဘူး" ဟု ကာမီလာ က ဖြေသည်။ "ကျွန်မရဲ့ စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာကို ပြောပြမနေချင်တော့ပါဘူး၊ ဒါပေမဲ့... ည ည ဆိုရင်တော့ ရှင့်အကြောင်းပဲ သတိရပြီး စိတ်ပင်ပန်း ဖြစ်ရတယ်"

"ဒါဆိုရင် ငါ့ကို သတိမရနဲ့ " ဟု မစ္စဟောဗီရှမ်က မာကျောကျောလေ သံဖြင့် နှုတ်လှန်ထိုးသည်။

"ပြောတော့ သိပ်လွယ်တယ်" ကာမီလာက မငိုမိအောင် မနည်းချုပ်တည်းထားရဟန်ဖြင့် ပြန်ပြောသည်။ ထို့နောက် ချက်ချင်းပင် မျက်ရည် များ စီးကျလာသည်။ "ည ညကျ ကျွန်မ ဘယ်လို ခံစားနေရတယ်ဆိုတာ ရေမွှန် အသိဆုံးပဲ၊ ကိုယ်ချစ်တဲ့ ခင်တဲ့ လူတွေအတွက် သောက ရောက်လွန်းလို့ ကျွန်မမှာ တစ်ကိုယ်လုံး မလှုပ်ချင် မရှားချင် ဖြစ်ရတယ်။ ခြေထောက်တွေဆိုရင် မလှုပ်နိုင်

မရှားနိုင်အောင်ကို ဖြစ်ရတယ်။ စိတ်ကြောင့် ဒီဝေဒနာတွေဟာ ကျွန်မအတွက် အသစ်အဆန်း မဟုတ်တော့သလို ဖြစ်နေပါပြီ။ ကျွန်မအဖြစ်ကို ရေမွှန် ကောင်းကောင်း သိပါတယ် ကျွန်မအနေနဲ့ သံယောဇဉ် မကြီးတတ်ရင်၊ စိတ်မထိခိုက်တတ်ရင် အစားအသောက်လည်း ပျက်မှာ မဟုတ်ဘူး၊ လူလည်း ကျန်းမာသန်စွမ်းနေမှာ သေချာတယ်။ ကျွန်မကတော့ အဲသလို စိတ်မျိုး မွေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ဒါပေမဲ့... ညညကျလို့ ရှင့်အကြောင်း မတွေးမိရင် အကောင်းသား၊ အခုတော့ မတွေးဘဲ မနေနိုင်ဘူး၊ တွေး မိတော့ စိတ်ဆင်းရဲတာပေါ့" စကားအဆုံးတွင် မျက်ရည်များ ဖြိုင်ဖြိုင် ကျလာပြန်သည်။

ကာမီလာပြောနေသည့် ရေမွှန်ဆိုသူမှာ သူတို့ နှင့် အတူ လိုက်လာသည့် လူကြီးဖြစ်၍ ကာမီလာ၏ ခင်ပွန်း ဖြစ်လိမ့်မည်ဟု ကျွန်တော် နားလည်လိုက်သည်။ ဤနေရာတွင် သူက တစ်စခန်း ထလာသည်။ သူ့ မိန်းမအား ချော့မော့နှစ်သိမ့်သည့် အသံဖြင့် "ကာမီလာရယ်၊ မင့်မှာလည်း ဒီဆွေမျိုးသားချင်းတွေ သံယောဇဉ်ကြောင့် ဒုက္ခရောက်လှပါပြီ...ကွယ်၊ ဒီစိတ်တွေကြောင့် အကြောရောဂါဝင်ပြီး မင်းခြေတစ်ဖက်ဟာ တခြားတစ်ဖက်ထက်တောင် တိုနေပါပြီကွယ်..." ဟု ဝင်ပြောသည်။

"လူတစ်ယောက်ကို သတိရတာနဲ့ပဲ အဲဒီလူဆီက ဘာမဆို ရပိုင်ခွင့် တောင်းပိုင်ခွင့် ရှိတယ်ဆိုတာမျိုးတော့ ငါမကြားဖူးပေါင်" မျက်နှာထား ခပ်ဆိုးဆိုးနှင့် မိန်းမကြီးက ရေရွတ်သည်။ သူ့အသံကို ကျွန်တော် ကြားရသည်မှာ ယခုတစ်ကြိမ် ပထမဆုံးကြားရခြင်း ဖြစ်၏။

"ဒါပေါ့... ဟုတ်တာပေါ့" ဟု မစ္စဆာရာပေါ့ကက်ဆိုသော မိန်းမကြီး က ဝင်၍ ထောက်ခံသည်။ အခုမှပင် သူ့ကို ကျွန်တော် သေသေချာချာ မြင်ရသည်။ အသားအရေ ခြောက်ခန်းခန်းနှင့် ပါးရေနာရေ တွန့်လိပ် နေပြီဖြစ်သော မိန်းမအိုကြီး ဖြစ်၏။ သူ့မျက်နှာမှာ အလွန်သေးငယ်ပြီး သစ်ချသီးအခွံရောင် ပေါက်လျက်ရှိသည်။ သူ့ပါးစပ်သည် ခပ်ပြဲပြဲဖြစ်၍ နှုတ်ခမ်းမွေးမရှိသောကြောင့် ပါးစပ်နှင့် တူလှ လေသည်။

"သတိရတယ်ဆိုတာက အလွန်ကို ပြောလို့ လွယ်တဲ့ စကားပါ" ဟု မျက်နှာထားဆိုးဆိုး မိန်းမကြီးက ပြောပြန်သည်။

"ဒီထက်ပိုပြီး လွယ်တာများ ရှိသေးလား၊ သိရင် ပြောပြစမ်းပါဦး" ဟု ဆာရာပေါ့ကက်က ဝင်၍ ထောင်ပေးပြန်သည်။

"အို.. ဟုတ်ပါတယ်...။ ဟုတ်ပါတယ်" ဟု ကာမီလာက အော်ကြီးဟစ်ကျယ် ပြောသည်။ မငြိမ်မသက်ဖြစ်နေသော သူ၏ စိတ်လှုပ်ရှားမှုသည် စောစောက သူ့ခြေထောက်များ ၌ ရှိနေသော်လည်း ယခုအခါတွင် မူ သူ့ရင်ခွင်ဆီသို့

ရောက်သွားဟန် တူသည်။ "ရှင်တို့ ပြောတာတွေ အားလုံး မှန်ပါတယ်။ သံယောဇဉ်ကြီးတာက ကျွန်မအပြစ်ပါ။ ကျွန်မရဲ့ အားနည်းချက်ပါ။ ဒါပေမဲ့ ကျွန်မ မတတ်နိုင်ဘူး။ ကျွန်မ သံယောဇဉ်ကြီးတတ်ရင် ကျွန်မ ကျန်းမာရေးဟာ အခုလို ဘယ်ဟုတ်မလဲ။ ဒါနဲ့လည်း ကျွန်မရဲ့ အကျင့်ကို မပြင်နိုင်ဘူး၊ ကျွန်မ ခံစားနေရတာဟာ ဒီစိတ်ကြောင့်ပါပဲ" ပြောရင်းဆိုရင်ပင် သူ့စိတ်ခံစားမှုသည် နောက်တစ်ကြိမ် ပေါက်ကွဲလာပြန်သည်။

သူတို့ လူစု ဆူညံဆူညံနှင့် စကားများ နေကြသည့် တစ်ချိန်လုံး မစ္စ ဟောဗီရှမ်နှင့် ကျွန်တော်တို့သည် လမ်းလျှောက်မပျက်။ အခန်းထဲတွင် တစ်ပတ်ပြီးတစ်ပတ် ပတ်ချာလည်၍ လျှောက်နေကြသည်။

"မက်သူးကို ရှင်တို့ သိကြသားပဲ" ဟု ကာမီလာက ဆိုသည်။ "သွေးသားတော်စပ်တာကို လုံးဝ ထည့်စဉ်းစားတဲ့ လူ မဟုတ်ဘူး၊ မစ္စဟောဗီရှမ် တစ်ယောက် ဘယ်လိုများ နေသလဲဆိုတာ လာပြီးကြည့်ဖော်ရရဲ့လားဟင်၊ ကျွန်မမှာသာ ဖြစ်နေရတာ၊ ကျွန်မမှာသာ ဆိုဖာကြီးပေါ် နာရီ ပေါင်းများစွာ သတိလစ်ပြီးလဲနေခဲ့ရတာ...။ ခေါင်းကလည်း တစ်ဖက်ကို စောင်းကျနေတယ်၊ ဆံပင်တွေကလည်း ကြမ်းပြင်မှာ တရွတ်တိုက် နေတယ်။ ကိုယ်ခြေထောက်တွေတောင် ဘယ်ရောက်နေမှန်း..."

("မင်းခေါင်းအထက်ကို ရောက်နေတယ်... အချစ်ရဲ့" ဟု သူ့ယောက်ျား ရေမွှန်က ဝင်ထောက်ပေးသည်။)

"ကျွန်မအဖြစ်က အဲသလောက်ကို ဆိုးသွားတာ၊ နာရီပေါင်းများစွာ ကို ကြာတာ။ မက်သူး တာဝန်မဲ့လွန်းလို့ ကျွန်မံခံစားခဲ့ရတာ ရှင်တို့ သိကြရဲ့လား၊ ဒါနဲ့ တောင် ကျွန်မကို ကျေးဇူးတင်မယ့်လူ တစ်ယောက် မှ မရှိဘူး"

"ငါသာ ဆိုရင်တော့ ဒီလို မတွေးသင့်ဘူးလို့ ပြောမှာပဲ" ဟု မျက်နှာ ဆိုးဆိုး မိန်းမကြီးက ဝင်ထောက်သည်။

"ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်စမ်းပါဦး၊ ဘယ်သူတွေက ရှင့်ကို ကျေးဇူးတင်စေချင်သလဲ"

"ကျွန်မလည်း မမျှော်လင့်ပါဘူး" ဟု ကာမီလာက ပြန်ပြောသည်။

"ကျွန်မ နာရီပေါင်းများစွာ သတိလစ်ပြီးလဲနေရတဲ့ အဖြစ်ကိုသာ သိသွားအောင် ပြောပြနေတာပါ။ သက်သေအခိုင်အမာရှိပါတယ်... ရှင့်။ ရေမွှန်... အကုန်လုံး သိနေတာပဲ၊ ကျွန်မအဖြစ်က.." ဤနေရာတွင် ကာမီလာသည် သူ့လည်ပင်းကို လက်နှင့် ဖျစ်ကာ သဏ္ဌာန်လုပ် သရုပ်နှင့် တူအောင် ပြသည်။

"မက်သူး" ဟူသော အမည်ကို ပြောသံ ကြားလိုက်ရသောအခါ မစ္စဟောဗီရှမ်က ကျွန်တော့်ကို အချက်ပေး၍ ရပ်ခိုင်းသည်။ သူကိုယ်တိုင်လည်း ဖျတ်ခနဲ ရပ်လိုက်သည်။ နာမည်ပြောလိုက်သူကို စူးစူးရဲရဲ ကြည့် နေသည်။ ဤပြောင်းလဲမှုသည် ကာမီလာအား တန့်ခနဲ ရပ်သွားစေသည်။

"နောက်ဆုံးတစ်နေ့ကျရင် မက်သူးဆိုတဲ့ ကောင်ဟာ ငါ့ဆီကို လာတွေ့ရမယ်" ဟု မစ္စဟောဗီရှမ်က အလွန်တင်းမာသော လေသံဖြင့် ပြောသည်။ "ငါ့အလောင်းကို ဟောဟိုစားပွဲကြီးပေါ် တင်ထားတဲ့ အချိန်မှာ ဒီအကောင် လာပြီး ကြည့်ရမယ် သိလား၊ တစ်နေ့ကျရင် သူလဲလျောင်း ရမယ့်နေရာဟာ ဒီနေရာပဲ" မစ္စဟောဗီရှမ်က သူ့လက်ထဲမှ လမ်းလျှောက်တုတ်ဖြင့် စားပွဲကို ခေါက်ပြသည်။ "နင်တို့ အားလုံး ဒီနေရာကိုပဲ ရောက်ကြရမှာ၊ နင်တို့ ယောက်ျားရော၊ ပြီးတော့ ဆာရာပေါ့ကက် ရော၊ နောက်ပြီးတော့ ဂျော်ဂျီးယားနားရော၊ ကဲ... အခု နင်တို့ နေရာကို နင်တို့ သိကြပြီ မဟုတ်လား။ ငါ့ဆီက မျိုးဖို့ ဆိုဖို့ အားထုတ်တဲ့ လူမှန်သမျှ ဒီနေရာမှာပဲ လာသေကြရမယ်၊ ကဲ... အားလုံး သွားကြ၊ အခုချက်ချင်း ထွက်သွားကြစမ်း"

မစ္စဟောဗီရှမ်သည် သူ့ပါးစပ်မှ နာမည်တစ်လုံးပြောတိုင်း လက်ထဲမှ တုတ်ကောက်ဖြင့် စားပွဲကို တစ်ချက်ခေါက်သည်။ ထို့နောက် ကျွန်တော့်အား လှည့်ပြောသည်။ "ဆက်လျှောက်...၊ ဆက်လျှောက်" ကျွန်တော်တို့သည် အခန်းထဲတွင် ပတ်ချာလှည့်၍ လျှောက်ကြပြန်၏။

"အခုလိုဆိုတော့လည်း တစ်ဦးနဲ့ တစ်ဦး လမ်းခွဲကြရုံကလွဲလို့ ဘာမှ လုပ်စရာ မရှိတော့ဘူးဆိုတာ ကျွန်မ သဘောပေါက်ပါပြီ" ဟု ကာမီလာ က ရေရွတ်သည်။ တကယ်တော့ အခိုက်အတန့်လေးပဲဖြစ်ဖြစ် မေတ္တာတရားနဲ့ တာဝန်ဆိုတာကိုတော့ သိသင့်ပါတယ်။ ကျွန်မအနေနဲ့ မက်သူးမှာ ဒီစိတ်မျိုး ရှိစေချင်တယ်။ ဒါပေမဲ့ သူကတော့ ဒီစိတ်မျိုးကို လုံးဝတန်ဖိုးမထားဘူး။ ကျွန်မရင်ထဲက ခံစားနေရသမျှကို အပြင်ထုတ်ပြီး မပြဖို့လည်း ကျွန်မ ဆုံးဖြတ်လိုက်ပါပြီ။ ဒါပေမဲ့ အခုလို ဆွေမျိုးအချင်းချင်း စားဖို့သောက်ဖို့ လာသလေးဘာလေးနဲ့ ပြောတာကတော့ ရင့်သီး လွန်းပါတယ်။ ပြီးတော့လည်း မောင်းထုတ်လိုက်သေးတယ်။ ကောင်းပါ့... ရှင်”

ပြောနေရင်းမှပင် ကာမီလာသည် သူ့ရင်ဘတ်ကို လက်တစ်ဖက်နှင့် ဖိထားသည်။ သူ့ယောက်ျားက ကာမီလာ၏ အဖြစ်ကိုကြည့်ကာ စိုးရိမ်ဟန်ဖြင့် အသာတွဲ၍ ခေါ်သွားသည်။ ဆာရာပေါ့ကက်နှင့် ဂျော်ဂျီယားနားတို့ ကတော့ နောက်ချန်နေရစ်ခဲ့သည်။ ပြီးမှ ဆာရာပေါ့ကက်က "ရှင့်ကို ဘုရားသခင် စောင့်ရှောက်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်... မစ္စဟောဗီရှမ်" ဟု နှုတ်ဆက်သည်။ သစ်ချသီးအခွံရောင် ပေါက်နေသော မျက်နှာကလည်း

မစ္စဟောဗီရှမ်အား သနားကြင်နာသည့် အရိပ်လက္ခဏာကို ဖော်ပြထားသည်။

အက်စတယ်လာက ဧည့်သည်များအား ဖယောင်းတိုင်မီးဖြင့် လိုက်ပို့နေခိုက်တွင် မစ္စဟောဗီရှမ်သည် သူ့လက်ကို ကျွန်တော့်ပခုံးပေါ်တင်၍ လမ်းလျှောက်မြဲ လျှောက်နေသည်။ သို့သော်လည်း စောစောကလိုမြန်မြန်မလျှောက်နိုင်တော့။ နှေးသည် ထက် နှေးထားသည်။ နောက်ဆုံးတွင် သူသည် မီးဖိုကြီးရှေ့၌ ရပ်လိုက်ပြီး စက္ကန့်အနည်းငယ်ကြာမျှ တိုးတိုးတိတ်တိတ်နှင့် ဆီမန်း မန်းသလို ရေရွတ်လျက် ရှိသည်။ ထို့နောက် ကျွန်တော့်အား လှမ်းပြောသည်။

"ကနေ့ဟာ ငါ့မွေးနေ့ကွဲ့ ပစ်ပ်ရဲ့ "

ကျွန်တော်ဟာ သူ့မွေးနေ့တွင်သာယာချမ်းမြေ့မှုရှိပါစေဟု ဆုတောင်းရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း သူက လက်ထဲမှ တုတ်ကောက်ကို မြှောက်ပြပြီး ဟန့်သည်။

"ဆုတောင်းမနေနဲ့ အပိုပဲ။ ငါ့စိတ်ထဲမှာ ဘယ်လိုမှ ခံစားလို့ မရတော့ဘူး။ အခုနကလာတဲ့ လူစုကို တွေ့လိုက်တယ် မဟုတ်လား။ သူတို့က ဆုတောင်းလည်း ငါ့စိတ်ထဲ ဘယ်လိုမှ မနေဘူး။ တကယ်တော့ ငါ့ မွေးနေ့မို့ သူတို့ လာကြတာ။ ဒါပေမဲ့ ဘယ်သူမှ ငါ့မွေးနေ့အကြောင်းကို စကားမစပ်ရဲကြဘူး။ တွေ့တယ် မဟုတ်လား"

မွေးနေ့အတွက် ဆုတောင်းဖို့ ကျွန်တော် စကားမစရဲတော့ပါ။

"မင့်ကိုမမွေးခင် ဟိုးနှစ်ပေါင်းများစွာက နှစ်တစ်နှစ်ရဲ့ ဒီလိုနေ့မှာ ဟော့ဒီပျက်စီးမှုကြီးဟာ စတင်ခဲ့တာ" သူ့လက်ထဲမှ တုတ်ကောက်ဖြင့် ပင့်ကူအိမ်များ အစုလိုက် အပြုံလိုက် ဖွဲ့နေသည့် ကိတ်မုန့်ကြီးကို ထိုးပြပြီး ပြောသည်။ "အဲဒီနေ့က ဒါကြီးကို ယူလာခဲ့ကြတာ၊ ငါ့ဘဝဟာ အဲဒါကြီးနဲ့ အတူတူ ပျက်လာခဲ့ရတာ၊ ကြွက်တွေက အဲဒါကြီးကို တဖြည်းဖြည်းချင်း ကိုက်ဝါးစားမျို ပစ်နေကြတယ်။ ကြွက်တွေရဲ့ သွားတွေထက် အများကြီးထက်ပြီး အများကြီးချွန်မြနေတဲ့ သွားတွေကလည်း ငါ့ကို တဖြည်းဖြည်းချင်း ကိုက်ဖဲ့စားသောက်တာ ခံ နေရတယ်"

သူသည် လက်ထဲမှ တုတ်ကောက်ခေါင်းဖြင့် သူ့နှလုံးသားနေရာကို ထိထားပြီး စားပွဲကြီးကို စိုက်ကြည့်နေသည်။ တစ်ချိန်က သူ့ကိုယ်ပေါ်မှ အဖြူရောင်ဝတ်စုံသည် အဝါရောင်သန်းကာ ပေါက်သည့် နေရာက ပေါက်၍ ပြဲသည့် နေရာက ပြဲနေကြလေပြီ။ တစ်ချိန်က အဖြူရောင်စားပွဲခင်းသည် တစ်ထည်လုံးဝါထိန်ပြီး စုတ်ပြတ်နေလေပြီ။ ပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည်

ပြိုကွဲကြေမွကာ ဖရိုဖရဲဖြစ်နေကြလေပြီ။

"ပျက်စီးယိုယွင်းမှုအားလုံး ဆုံးခန်းတိုင်သွားတဲ့နေ့၊ သတို့သမီးဝတ်စုံ ဝတ်ထားတဲ့ ငါ့အလောင်းကောင်ကို ဟောဒီစားပွဲကြီးပေါ်မှာ တင်ရတဲ့ နေ့ကျရင် ဇာတ်လမ်းတစ်ခုလုံးဟာ ပြီးဆုံးသွားမှာပဲ၊ အဲဒီနေ့ကျရင် သူတို့လည်း ကျိန်စာသင့်မှာပဲ၊ တစ်ခုတော့ ရှိတယ်၊ အဲသလို ဖြစ်တဲ့ နေ့ဟာ ဒီနေ့လို နေ့မျိုး ဆိုရင်တော့ အကောင်းဆုံးပဲ"

မစ္စဟေဗီရှမ်၏ မျက်နှာသည် တစ္ဆေသရဲတစ်ကောင်၏ မျက်နှာနှင့် တူလျက် ရှိ၏။ သူသည် စားပွဲကြီးဆီသို့ စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ ထိုစားပွဲကြီးပေါ်၌ သူ့အလောင်းကောင်ကြီးကို မြင်ယောင်နေဟန် ရှိသည်။ ကျွန်တော်သည် ငြိမ်သက်စွာပင် ရပ်နေမိ၏။ အက်စတယ်လာ ပြန်ရောက်လာသည်။ သူသည်လည်း တိတ်ဆိတ်စွာပင် ရပ်နေသည်။ သုံးယောက်သား ဤကဲ့သို့ ရပ်နေကြသည်မှာ အချိန်အများကြီး ကြာသည် ဟု ကျွန်တော့်စိတ်က ထင်မိ၏။ အခန်းထဲ၌ ရှိနေသောလေနှင့် ထောင့်တိုင်း၌ ကြီးစိုးလျက်ရှိသော အမှောင်ထုသည် စိတ်ပျက်ဖွယ် ငြီးငွေ့ဖွယ် ကောင်းလှချေသည်။ အက်စတယ်လာနှင့် ကျွန်တော်တို့ နှစ်ဦးသည်ပင်လျှင် ပျက်စီးကြတော့မည် ဟူသော အတွေး ဝင်လာသဖြင့် ကျွန်တော့်မှာ များစွာ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်နေမိ၏။

နောက်ဆုံးတွင် မတုန်မလှုပ်ရပ်ကာ စိတ်နောက်ကျိရှုပ်ထွေးနေပုံရသော မစ္စဟေဗီရှမ်က "မင်းတို့ နှစ်ယောက် ဖဲကစားတော့ ငါကြည့်ချင်တယ်။ ဘာပြုလို့ အခုထက်ထိ မကစားကြသေးတာလဲ" ဟု ရေရွတ်သည်။ သူ့စကားကြောင့် ကျွန်တော်တို့သည် သူ့အခန်းထဲသို့ ပြန်ကြရသည်။ အလျင်တစ်ခေါက်ကလိုပင် ကျွန်တော်နှင့် အက်စတယ်လာတို့သည် အတူတူ တွဲထိုင်ကာ ဖဲကစားကြသည်။ ထုံးစံအတိုင်း ကျွန်တော်ကချည်း ရှုံးသည်။ မစ္စဟေဗီရှမ်ကလည်း သူလုပ်နေကျအတိုင်း ထိုင်၍ ကြည့်နေရာမှ အက်စတယ်လာ၏ အလှအပပေါ်တွင် ကျွန်တော် အာရုံဝင်စားလာအောင် နည်းအမျိုးမျိုးဖြင့် လုပ်လျက်ရှိ၏။ တစ်ချက်တစ်ချက်တွင် လက်ဝတ်လက်စားများ ကို အက်စတယ်လာ၏ ရင်ဘတ်နှင့် ဆံပင်တို့တွင် ကပ်၍ ပြတတ်သေးသည်။

အက်စတယ်လာကမူ ကျွန်တော့်ကို ယခင်တစ်ခေါက်က အတိုင်းပင် ဆက်ဆံလျက် ရှိ၏။ စကားလည်း အဖက်လုပ်၍ မပြောပေ။ ဖဲခြောက်ပွဲခန့် ကစားပြီးသောအခါ ကျွန်တော် နောက်တစ်ခေါက် လာရမည့်ရက် ကို သတ်မှတ်ပေးပြီး ကျွန်တော့်အား ခေါ်သွားစေသည်။ အလျင်တစ်ခေါက် ကလိုပင် အက်စတယ်လာက အစားအသောက်များကို ခွေးကျွေးသလို ကျွေးပြီး အိမ်ဝင်းထဲ၌ ကျွန်တော်ကြိုက်သလောက် လျှောက်ကြည့်ရန် တစ်ယောက်တည်း ထားခဲ့လေသည်။

ဤတစ်ခေါက်တွင် မူ ကျွန်တော်သည် ဘီယာချက်စက်ရုံဘက်သို့ ခြေဦးမလှည့်တော့ဘဲ ဥယျာဉ်ဟောင်းထဲသို့ ဝင်ခဲ့သည်။ ဥယျာဉ်တစ်ခုလုံးမှာ မြက်ပင်ချုံပင်များ ပေါက်ရောက်ကာ တောဖြစ်လျက် ရှိနေလေပြီ။ ဖရဲပင် စင်များ နှင့် သခွားပင် စင်များမှာ ယခုအထိ တောဖြစ်လျက် ရှိနေသေး၏။ သို့သော်လည်း အားလုံးမှာ အလဲလဲ အပြိုပြို ဖြစ်ကာ ဖရိုဖရဲဖြစ်နေကြလေပြီ။ ဖရဲပင်နှင့် သခွားပင် ပင်အိုပင်ဟောင်းများ၏ အချို့နေရာများတွင် အသစ်တစ်ဖန် ပြန်လည်ရှင်သန်ရန် အားထုတ်နေကြသည့် အညှောက်အစို့ကလေးများကို မြင်တွေ့ရ၏။ ပန်းပင်များ ပျိုးရာ အဆောက်အအုံတွင်း၌ မူ လဲကျနေသော စပျစ်ပင်အနွယ်ကြီးတစ်ခုနှင့် ပုလင်းတချို့မှ တစ်ပါး တခြားဘာမျှမရှိပေ။ ဥယျာဉ်ထဲ၌ ကြာကြာလျှောက်မိသောအခါ ပင်ပန်းလာသည်။ ပန်းခြံ၏ ထောင့်တစ်နေရာမှ လှမ်းကြည့်လိုက်လျှင် ယခင်တစ်ခေါက် ကျွန်တော်မြင်ခဲ့ဖူးသော ပြတင်းပေါက်ကို လှမ်းမြင်နေရ၏။ ထိုအခန်းထဲ၌ လူတစ်ယောက်မျှ ရှိဟန် မတူပေ။ ကျွန်တော့်မျက်လုံးများသည် နောက်ပြတင်းပေါက်တစ်ပေါက်ဆီသို့ ရောက်သွားပြန်သည်။ ထိုအကြိမ်တွင် မူ ကျွန်တော်သည် အကြီးအကျယ် အံ့အားသင့်နေရ၏။ အဘယ်ကြောင့် ဆိုသော် ထိုပြတင်းပေါက်မှ နေ၍ ကျွန်တော့်အား လှမ်း ကြည့်နေသော အသားအရေ ဖြူဖပ်ဖြူရော် မျက်ရစ်နီနီ၊ ဆံပင်အရောင် ခပ်ဖျော့ဖျော့ လူငယ်တစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိနေကြသောကြောင့် ပေတည်း။ လူငယ်သည် ကျွန်တော့်မျက်စိအောက်မှ ဖျတ်ခနဲ လျှောက်သွားပြီး နောက်တစ်ခဏ အတွင်းမှာပင် ကျွန်တော့်ဘေး၌ ဘွားခနဲ ပြန်ပေါ်လာသည်။ ကျွန်တော် ကြည့်နေစဉ်က သူသည် စာအုပ်များ နှင့် အလုပ်ရှုပ် နေသည် ဖြစ်ရာ ယခု ကျွန်တော့်ဘေးသို့ ရောက်လာသည့် အခါတွင် မူ သူ့တွင် မင်များ ပေကျံလျက် ရှိသည် ကို သတိထားမိ၏။

"ဟဲလို... ဟော့ကောင်" ဟု လူငယ်က နှုတ်ဆက်သည်။

"ဟဲလို" ဟူသော စကားကို တုံ့ပြန်သင့်သည့် အကောင်းဆုံးသော အဖြေကို ကျွန်တော် သိနေသဖြင့် "ဟယ်လို" ဟုပင် ပြန်၍ ပြောလိုက်သည်။ "ဟော့ကောင်" ဟူသောစကားကိုမူ ရိုင်းရာကျမည် စိုးသဖြင့် မသုံးဘဲ ထားလိုက်ပါသည်။

"မင့်ကို ဘယ်သူက ဝင်ခွင့်ပေးသလဲ"

"မစ္စအက်စတယ်လာ"

"ဒီခြံဝင်းထဲ လျှောက်ကြည့်ဖို့တော့ မင်းကို ဘယ်သူက ခွင့်ပြုသလဲ"

"မစ္စအက်စတယ်"

"ကဲ.. လာ၊ မင်းနဲ့ ငါနဲ့ ချမယ်" အသားအရေ ဖြူဖပ်ဖြူရော်နှင့် လူငယ်က စိန်ခေါ်သည်။

ကျွန်တော့်အနေဖြင့် သူ့နောက်က လိုက်သွားရုံမှ တစ်ပါး အခြား ဘာလုပ်နိုင်ပါမည်နည်း။ ထိုအချိန်မှ စ၍ ထိုမေးခွန်းကို ကျွန်တော့်ကိုယ် ကျွန်တော် မကြာခဏ ပြန်မေးခဲ့ဖူး၏။ တခြား ဘာများ လုပ်နိုင်စရာ ရှိပါသနည်း။ ထိုစဉ်က သူပြောပုံဆိုပုံနှင့် သူ့အမူအရာများမှာ တိကျပြတ်သားလွန်းသည် ဖြစ်ရာ ကျွန်တော့်များ များစွာ အံ့အားသင့်ခဲ့ရ၏။ ထို့နောက် ဆေးမိထားသည့် လူတစ်ယောက်သဖွယ် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ သူခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား မိလေသည်။

ခြေလှမ်း အတော်များများ လျှောက်မိကြသည့် အခါ သူသည် ရုတ်တရက် ချာခနဲ နောက်သို့ လှည့်လိုက်ပြီး "ခဏနေဦး... ကွ" ဟု ပြောသည်။ "ငါက မင်းနဲ့ သတ်ဖို့ အတွက် အကြောင်းတစ်ခုတော့ ပြသင့်တယ်ကွ၊ ဟုတ်ဖူးလား။ ကဲ... ဟောဒီမှာ ကြည့်" သူသည် ပြောပြောဆိုဆိုနှင့် လက်ခုပ်တဖျပ်ဖျပ် တီးလိုက်ကာ ခြေတစ်ဖက်ကို နောက်သို့ ဆုတ်လိုက်ပြီး ကျွန်တော့်ဆံပင်ကို ဆောင့်ဆွဲလိုက်သည်။ ထို့နောက် လက်ဝါးနှစ်ဖက်ကို ထပ်၍ တီးလိုက်ကာ သူ့ခေါင်းကို ဆတ်ခနဲ ငုံ့လိုက်ပြီး ကျွန်တော့်ဗိုက်ကို ခေါင်းနှင့် ဆောင့်လိုက်သည်။

ပေါင်မုန့်နှင့် အမဲသားစားပြီးစ ယခုလိုအချိန်မျိုးတွင် ဝမ်းဗိုက်ကို ဦးခေါင်းနှင့် အဆောင့်ခံလိုက်ရသဖြင့် ကျွန်တော့်မှာ အလွန်မသက်သာသော ဝေဒနာကို ခံစားလိုက်ရ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့မျက်နှာကို လက်သီးဖြင့် တစ်ချက်ပြန်၍ ထိုးလိုက်မိသည်။ နောက်တစ်ချက် ထပ်ထိုးရန် အားယူလိုက်သည့် အခါတွင်မူ သူက "အား... မင်းက လက်သီးသုံးသကိုး" ဟု ရေရွတ်လိုက်ပြီး တကယ့်လက်ဝှေ့ကြိုးဝိုင်း တစ်ခုအတွင်းမှ လက်ဝှေ့သမားတစ်ဦးသဖွယ် ရှေ့တိုးနောက်ငင် လုပ်လျက် ရှိလေသည်။

"ပြိုင်ပွဲဆိုရင် ဥပဒေ ရှိတာပဲကွ" ဟု သူက ဆိုသည်။ သူသည် လက်သီးနှစ်ဖက်ကို ဆုပ်ကာ ခြေထောက်များကို ဘယ်ခြောက်ညာလှမ်း လုပ်လျက် ရှိသည်။ ပါးစပ်မှလည်း "ပုံမှန်စည်းကမ်းတွေ အတိုင်းပေါ့ကွာ" ဟု ပြောလိုက်သေးသည်။ သူသည် ခုန်ဆွ... ခုန်ဆွ နှင့် နောက်သို့ ဆုတ်သွားလိုက် ရှေ့ပြန်တိုးလာလိုက် လုပ်လျက် ရှိ၏။ သူတတ်သမျှ မှတ်သမျှ အရာအားလုံးကို တစ်ခုပြီးတစ်ခု လုပ်ပြလျက် ရှိရာ ကျွန်တော့်အနေဖြင့် မတတ်နိုင်တော့ဘဲ သူလုပ်သမျှကို ရပ်၍ ကြည့်နေ ရပါတော့သည်။

သူ ဟန်ရေးဝါရေးပြနေပုံမှ လက်ဝှေ့အတတ်တွင် အလွန်ကျွမ်းကျင်သည့် လက္ခဏာရှိသဖြင့် သူ့ကို စိတ်ထဲမှ ကျိတ်၍ ကြောက်နေမိ၏။ သို့သော်လည်း

စောစောက သူ့ခေါင်းဖြင့် ဗိုက်ကိုအဆောင့်ခံထားရသော ကျွန်တော်သည် သူ့အပေါ်တွင် အခဲမကြေ ဖြစ်လျက်ရှိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့ကို စကားတစ်ခွန်းမှ ပြန်ပြောမနေတော့ဘဲ သူ သွားရာနောက်မှ လိုက်သွားသည်။ ဥယျာဉ်အတွင်းရှိ နံရံနှစ်ခုဆုံရာ ထောင့်တစ်ထောင့်သို့ ရောက်သောအခါ သူသည် ရပ်လိုက်၏။ အမှိုက်ပုံတစ်ပုံကလည်း ကွယ်နေသဖြင့် ထိုနေရာကို အပြင်မှ မမြင်နိုင်ပေ။ သူက ဤနေရာကို ကြိုက်... မကြိုက် ကျွန်တော့်အား မေးသည်။ ကျွန်တော်က ကြိုက်သည် ဟု အဖြေပေးလိုက်သောအခါ ခဏနေဦးဟု ဆိုကာ ထွက်သွားသည်။ ချက်ချင်းလိုလိုပင် ရေတစ်ပုလင်းနှင့် ရေသုတ်ဖတ်တစ်ခုကို ဆွဲကာ ပြန်ရောက်လာသည်။ သူသည် ပစ္စည်းများကို နံရံ ပေါ် လှမ်းတင်လိုက်ပြီး "တို့ နှစ်ယောက်အတွက် လိုရင် ရတာပေါ့ကွာ" ဟု လှမ်းပြောသည်။ ထို့နောက်တွင်မူ သူသည် သူ့ကိုယ်ပေါ်မှ ဂျက်ကက်အင်္ကျီနှင့် အပေါ်ဝတ်အင်္ကျီများကိုသာမက ရှပ်အင်္ကျီကိုပါ ချွတ်ပစ်လိုက်ပြီး ကျွန်တော့်အား ထိုးသတ်ရန် စနစ်တကျ ပြင်ဆင်လျက် ရှိလေ၏။

သူ့ကို ကြည့်ရသည်မှာ ကောင်းစွာ ကျန်းမာမည့် လက္ခဏာမျိုး မရှိပေ။ မျက်နှာတစ်ခုလုံးတွင်လည်း ဝက်ခြံများဖြင့် ပြည့်လျက် ရှိလေသည်။ မည်သို့ပင်ဖြစ်စေ သူ၏ ကြိုတင်ပြင်ဆင်မှုများသည် ကျွန်တော့် အား ကြောက်အောင် ခြောက်သကဲ့သို့ ဖြစ်နေသည် မှာကား အမှန်ပင် ဖြစ်၏။ သူသည် ကျွန်တော်နှင့် သက်တူရွယ်တူခန့်ပင် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ အရပ်ကတော့ ကျွန်တော့်ထက် များစွာရှည်၏။ မီးခိုးရောင် ဝတ်စုံကို အကျအန ဝတ်ထားသဖြင့် လူကြီးလူကောင်းဟန်မျိုး ပေါက်လျက်ရှိသည်။ (တိုက်ပွဲအတွက် ကိုယ်တုံးလုံး ဖြစ်နေသည့် အချိန်တွင် မြင်ရသည့် အခြေအနေကို ဖော်ပြခြင်း မဟုတ်ပါ)

ကျွန်တော့်အား ထိုးသတ်ရန်အတွက် ဤမျှလောက်အထိ စနစ်တကျ ပြင်ဆင်နေရသည် ကို မြင်ရသော ကျွန်တော်သည် စိတ်ထဲက မဝံ့မရဲဖြစ်လျက် ရှိ၏။ သို့သော်လည်း ကျွန်တော့်အနေဖြင့် ဘာကိုမှ စဉ်းစားတွေးတောနေဖို့ အချိန်မရတော့ပါ။ စနစ်တကျပြေးဝင် ထိုးသတ်လာသော သူ့အား ယှဉ်ပြိုင်၍ ထိုးသတ်ရပါတော့သည်။ ကျွန်တော် ပထမဆုံး လွှတ်လိုက်သော လက်သီးတစ်ချက်သည် သူ့မျက်နှာကို မိမိရရကြီး ထိလေရာ ကျွန်တော့်အနေဖြင့် အကြီးအကျယ် အံ့အားသင့်နေမိ၏။ ကျွန်တော့် လက်သီးချက်ကြောင့် သူသည် မြေကြီးပေါ်သို့ ခြေပစ်လက်ပစ်လဲကျသွားသည်။ သူသည် ပက်လက်လန်၍လဲနေရာမှ ကျွန်တော့်အား မော့ကြည့်လျက်ရှိရာ သူ့နှာခေါင်းမှ သွေးများ စီးကျနေသည် ကို မြင်နေရ၏။

သို့သော်လည်း သူသည် ချက်ချင်းပင် လူးလဲထလာပြီး နံရံပေါ်မှ ရေဝတ်ဖြင့် သွေးများကို သုတ်သည်။ ထို့နောက် ဒုတိယအကြိမ် ထိုးသတ်ရန် ပြင်ဆင်ပြန်သည်။

ဤတစ်ကြိမ်တွင်လည်း ကျွန်တော့်မှာ အကြီးအကျယ် အံ့အားသင့်ရပြန်၏။ ကျွန်တော်၏ လက်သီးသည် သူ့မျက်နှာ ကို တည့်တည့်ကြီးထိလေရာ သူသည် မြေကြီးပေါ်သို့ ဗိုင်းခနဲလဲကျသွားပြန်သည်။ ကျွန်တော့်အား မော့ကြည့်နေသော သူ့မျက်လုံးတစ်ဖက်သည် ညိုမည်းလျက် ရှိလေပြီ။

ကျွန်တော့်အနေဖြင့် သူ၏ ဇွဲကို စိတ်ထဲက ကျိတ်၍လေးစားမိ၏။ သူ့ကိုကြည့်ရသည်မှာ အားတော့ ရှိပုံ မရပါ။ သူထိုးလိုက်သမျှ လက်သီးချက်များသည် ကျွန်တော့်ကို မိမိရရထိသည် ဟု မရှိပါ။ ကျွန်တော်ထိုး လိုက်သမျှ လက်သီးချက်များကသာ သူ့ကို အထိများပြီး မကြာခဏ တဗိုင်းဗိုင်းလဲကျလျက် ရှိသည်။ သို့သော်လည်း သူသည် အလျှော့မပေးပါ။ လဲကျသွားသည့် အခါတိုင်း ချက်ချင်းလူးလဲထကာ ရေဝတ်ဖြင့် သွေးများကို သုတ်၍ ရေပုလင်းထဲမှ ရေကို တစ်ငုံနှစ်ငုံမျှ သောက်ကာ ကျွန်တော့်အား ပြန်လည် ရင်ဆိုင်တတ်သည် ဖြစ်ရာ နောက်ဆုံးပွဲအပြီးတွင် သူကပင် ကျွန်တော့်ကို အနိုင်ယူသွားလိမ့်မည်ဟု ထင်ရ၏။ သူ့မျက်နှာတွင်လည်း အညိုအမည်းများ စွဲကာ ဒဏ်ရာများဖြင့် ပြည့်နေလေပြီ။ ကျွန်တော့်အနေဖြင့် စိတ်မကောင်း ဖြစ်မိသည်မှာ မှန်သော်လည်း လက်သီးနှင့် ထိုးလိုက်သည့် အခါတိုင်း ပြင်းပြင်းထန်ထန် ထိအောင် ထိုးမိပါသည်။ သူကလည်း အလျှော့မပေးဘဲလဲကျသွားသည့် အခါတိုင်း ချက်ချင်းပြန်ထပြီး ထိုးသတ်သည်။ နောက်ဆုံးတွင် ကျွန်တော်၏ ပြင်းထန်သော လက်သီးချက်ကြောင့် သူသည် ခြေပစ်လက်ပစ်လဲကျသွားပြန်သည်။ ဤတစ်ကြိမ်တွင် မူ သူ၏ နောက်စေ့သည် နံရံနှင့် ဆောင့်မိလေရာ ရုတ်တရက် ပြန်၍ မထနိုင်တော့ချေ။ ဤမျှလောက်အထိ နာသွားသည့် ကြားမှပင် သူသည် ကျုံးထပြီး ကျွန်တော် ဘယ်နေရာ၌ ရှိနေသည် ကိုမှ မသိဘဲ လေကိုသာ ထိုးမိနေသည် ဖြစ်ရာ နောက်ဆုံးတွင် သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ ချာလပတ်လည်ပြီး ဒူးထောက်လျက်လဲကျသွားလေတော့၏။ လဲကျသွားသည် နှင့် တစ်ပြိုင်နက် သူသည် အလွန်မောဟိုက်နေသည့် အသံဖြင့် "ဒါဆိုရင် မင်းနိုင်ပြီ" ဟု ပြောလေသည်။

သူ့ကိုကြည့်ရသည်မှာ သတ္တိကောင်းပုံလည်း ရ၏။ ရိုးသားဖြူစင်သည့် စိတ်နေစိတ်ထားလည်း ရှိပုံရ၏။ ဤပွဲမှာ ကျွန်တော်ကစသည့် ပွဲမဟုတ်သဖြင့် အခုလို အနိုင်ရသည့် အတွက် စိတ်ထဲက ကျေနပ်သာယာခြင်း ဖြစ်မိသော်လည်း အလွန်အကြူး ဝမ်းသာအားရခြင်း မဖြစ်မိပါ။ အဝတ်များကို ပြန်ဝတ်နေခိုက်တွင် ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ရိုင်းစိုင်းသော ဝံပုလွေတစ်ကောင် သို့မဟုတ် အခြားသားရဲတိရစ္ဆာန်တစ်ကောင်ဟု ထင်နေမိ၏။ အင်္ကျီများ ဝတ်ပြီးသောအခါ ကျွန်တော်သည် မျက်နှာတွင် ပေကျံနေသည့် သွေးစသွေးနများကို လက်ဖြင့် သုတ်ပစ်လိုက်ပြီး လူငယ်ဘက်သို့ လှည့်၍ "ခင်ဗျားကို ကျွန်တော် ကူညီဖို့ လိုသေးလား" ဟု မေးလိုက်သည်။ "ကျေးဇူးတင်တယ်ဗျာ၊ မလိုပါဘူး" ဟု သူက

ပြန်ဖြေသည်။ "မင်္ဂလာနေ့ခင်းပါဗျာ" ဟု ကျွန်တော်က နှုတ်ဆက်ရာ၊ သူကလည်း "မင်္ဂလာနေ့ခင်းပါပဲဗျာ" ဟု ပြန်၍ နှုတ်ဆက်လေသည်။

အိမ်ကြီး၏ မျက်နှာစာဘက်ရှိ ခြံဝင်းထဲသို့ ရောက်သွားသောအခါသော့ကိုကိုင်၍ အသင့်စောင့်နေသော အက်စတယ်လာကို တွေ့ရပါသည်။ သို့သော်လည်း သူသည် ကျွန်တော့်အား ဘယ်လျှောက်သွားနေတာလဲဟုလည်း မမေး။ စောင့်ရတာ ကြာပြီဟုလည်း မပြော၊ တစ်စုံတစ်ခုသော ဝမ်းသာစရာအကြောင်း တစ်ခုနှင့် ကြုံခဲ့ရဟန် တူ၏။ သူ့မျက်နှာသည် ကြည်လင်သာယာလျက် ရှိသည်။ ကျွန်တော်နှင့် ဆုံမိသောအခါ သူသည် ခြံဝင်းတံခါးဘက်သို့ မသွားသေးဘဲ ဆောင်ကူးလမ်းဘက်သို့ ပြန်လျှောက်သွားပြီး ကျွန်တော့်အား ခေါင်းညိတ်၍ ခေါ်သည်။

"ဒီကို လာလေ။ ကဲ.. နင် ငါ့ကို နမ်းချင်ရင် နမ်း"

ကျွန်တော်က သူ ထိုးပေးသောပါးကို နမ်းလိုက်ပါသည်။ သူ့ပါးတစ်ဖက်ကို နမ်းခွင့်ရသဖြင့် ကျွန်တော့်အနေဖြင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်သည် ဟု ကျွန်တော်ထင်ပါသည်။ သို့သော်လည်း သူနမ်းခွင့်ပေးပုံမှာ သာမန်အောက်တန်းစား အရိုင်းအစိုင်းကောင်လေး တစ်ယောက်အား ပိုက်ဆံတစ်ပြားတစ်ချပ် စွန့်ကြဲပုံမျိုးနှင့် တူလေရာ သူ့ကိုနမ်းရသည်မှာ ထိုက်ထိုက်တန်တန် မရှိပါ။

မွေးနေ့ကို အကြောင်းပြု၍ ရောက်လာကြသော ဧည့်သည် များ နှင့် ဆုံမိခြင်း၊ ဖဲကစားရခြင်း၊ လူငယ်နှင့် ထိုးကြိတ်သတ်ပုတ်ရခြင်း စသည့် အကြောင်းများကြောင့် ဤတစ်ခေါက်တွင် ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အိမ်၌ အချိန်အကြာကြီး နေခဲ့ရ၏။ ထို့ကြောင့်လည်း ကျွန်တော်၏ အပြန်ခရီးတွင် အိမ်နှင့် နီးလာသည့်အခါ ပင်လယ်ဝဘက်ဆီမှ မီးပြတိုက်မီးရောင်သည် မည်းမှောင်နေသော ကောင်းကင်ပြာကို အန်တုကာ တလက်လက် တောက်ပနေလေပြီ။ ဂျိုး၏ ပန်းပဲဖိုကြီးမှ တစ်ထိန်ထိန် တညီးညီး တောက်လောင်လျက်ရှိကြသော မီးတောက်မီးလျှံများ၏ အရောင်သည်လည်း လမ်းမဘက်သို့ ဖြာဆင်းနေကြလေပြီ။

အသားအရေ ဖြူဖပ်ဖြူရော် လူငယ်အတွက်ကြောင့် ကျွန်တော့်မှာ များစွာ စိတ်ပူပန်ခြင်း ဖြစ်ရ၏။ ကျွန်တော်တို့ ထိုးခဲ့ကြိတ်ခဲ့ကြသည့် အဖြစ်ကို ပြန်၍ စဉ်းစားလိုက်တိုင်း ကျွန်တော်၏ စိတ်မှာ မအေးနိုင်အောင် ဖြစ်ရ၏။ အထူးသဖြင့် ကျွန်တော့်လက်သီးချက်များကြောင့် မကြာခဏ ခြေပစ်လက်ပစ်လဲကျခဲ့ရသည့် လူငယ်၏ အဖြစ်ကို သတိရလိုက်တိုင်း မည်သည့်နည်းနှင့် မဆို သက်ဆိုင်ရာမှ ကျွန်တော့်အား အရေးယူလိမ်မည်ဟူသော အထင်သည် ဝင်ရောက်လာတတ်၏။ ဖြူဖပ်ဖြူရော် လူငယ်၏ သွေးသည် ကျွန်တော့်တွင် စွန်းထင်းနေခဲ့ပြီဖြစ်ရာ ဤအတွက် တရားဥပဒေက ကျွန်တော့်အား တုံ့ပြန်၍ လက်စားချေလိမ့်မည်ဟုပင် စိတ်ထဲက စွဲနေမိသည်။ မည်သို့သော အပြစ်ဒဏ်မျိုး ခံရမည်ကိုကား ကျွန်တော် အတိအကျ မသိပါ။ သို့သော်လည်း တောသားလူငယ်အနေဖြင့် မြို့ပေါ်မှ လူကုံထံ လူငယ်များအား ထိခိုက်နစ်နာအောင် ပြုမိပါက တောသားလူငယ်များ အနေဖြင့် ကြီးလေးသောအပြစ်ဒဏ် တစ်ခုခုကို မခံရဘဲ လွတ်ကင်းဖို့ ဆိုသည်မှာ မဖြစ်နိုင်ဟုပင် တထစ်ချ တွက်နေမိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ရက်အတန်ကြာမျှ အိမ်ထဲမှ အိမ် အပြင်သို့ မထွက်ရဲဘဲ ဖြစ်လျက် ရှိ၏။ ပုလိပ်များ ဝင်လာလေမလား ဟူသော အတွေးဖြင့် မီးဖိုခန်းတံခါးကိုလည်း အမြဲတစေ သတိကြီးစွာ ထား၍ စောင့်ကြည့်နေမိလေ၏။ တစ်ခါတစ်ရံ အိမ်က ခိုင်း၍ အပြင်သို့ထွက်ရသည့် အခါများတွင်လည်း ပုလိပ်များက ဆီး၍ ဖမ်းလိုက်မည် ကို ကြောက်ရွံ့သောစိတ်ဖြင့် သွားလာနေရ၏။ ဖြူဖပ်ဖြူရော်လူငယ်၏ နှာခေါင်းမှ ထွက်ခဲ့သော သွေးများသည် ကျွန်တော့်ဘောင်းဘီတွင် ပေကျံလျက်ရှိလေရာ ဤသက်သေခံအထောက်အထား ပျောက်သွားစေရန် အတွက် ညကြီးမင်းကြီး လူခြေတိတ်ချိန်တွင် ဘောင်းဘီကို လျှော်ရဖွပ် ရပါသေးသည်။ ဖြူဖပ်ဖြူရော် လူငယ်အား လက်သီးနှင့် ထိုးခဲ့စဉ်က သူ့ သွားများ နှင့် ထိခိုက်မိသဖြင့် ကျွန်တော့်လက်ခေါက်များတွင် အပွန်းအပဲ့ဒဏ်ရာများ ရခဲ့သည် ဖြစ်ရာ ထိုဒဏ်ရာများ အတွက်လည်း ကျွန်တော့်မှာ ကြံရာမရ ဖြစ်နေရ၏။ ဤကိစ္စနှင့် ပတ်သက်၍ စဉ်းစားလိုက်သည့် အခါတိုင်း ကျွန်တော့်အတွေးများမှာ ချာချာလည်လျက် ရှိသည်။ ကျွန်တော့်အနေဖြင့် မရှောင်တိမ်းသာ၍ တရားသူကြီးများ ရှေ့မှောက် ရောက်သွားခဲ့ရသည် ရှိသော် အပြစ်မှ လွတ်အောင် ထုချေနိုင်မည့် နည်း လမ်းများကို ကြိုတင်၍ စဉ်းစားရှာကြံထားသင့်သည် ဟု တွေးမိပြန်၏။ ထိုအတွေးကြောင့် နည်းလမ်းအမျိုးမျိုး ရအောင် စိတ်ကူးကြံဆသည့် အခါတွင် မူကား ကျွန်တော့်မှာ ပို၍ပင် ခေါင်းရှုပ်ရပါလေတော့သည်။

ဤသို့ဖြင့် မစ္စဟေဗီရှမ်၏ အိမ်သို့ နောက်တစ်ကြိမ် သွားရမည့်ရက် ကို ဆိုက်ရောက်လာခဲ့ရာ ထိုနေ့သည် ကျွန်တော်၏ စိုးရိမ်ထိတ်လန့်မှု အမြင့်ဆုံးသို့ ရောက်သည့်နေ့ပင် ဖြစ်လေသည်။ လန်ဒန်မြို့တော်ကြီး မှ လွတ်လိုက်သော

ပုလိပ်များသည် ခြံဝင်းတံခါး၏ နောက်ကွယ်မှ ပုန်း အောင်စောင့်ဆိုင်းကာ ကျွန်တော့်အား ဆီး၍ ဖမ်းဆီးကြလေမည်လော။ သူ့အိမ်၌ စည်းမဲ့ကမ်းမဲ့ လုပ်ခဲ့သည့် အတွက် မစ္စပောဗီရှမ်ကိုယ်တိုင်က ကျွန်တော့်အပေါ် စိတ်ဆိုးကာ သူ့ပစ္စတိုသေနတ်ကို ထုတ်၍ ကျွန်တော့် အား အသေပစ်သတ်လေမည်လား။ ဖြူဖပ်ဖြူရော် လူငယ်အနေဖြင့် မဟုတ်မမှန် သက်သေခံမည့် လူဆိုးလူတေကလေးများကို အခကြေးငွေပေး၍ ခေါ်လာပြီး ကျွန်တော့်အား ဝိုင်းဝန်းဖမ်းဆီးချုပ်နှောင်ကာ ဘီယာချက်စက်ရုံအတွင်းသို့ သွင်း၍ ကျွန်တော့်အား အသေ ရိုက်သတ်ကြလေမည်လော။ ယင်းကဲ့သို့ အမျိုးမျိုးအဖုံဖုံ တွေးနေမိသော်လည်း ကျွန်တော့်စိတ်သည် ဖြူဖပ်ဖြူရော် လူငယ်၏ ကိုယ်ကျင့်တရားအပေါ်၌ ယုံကြည်လျက် ရှိသည် ဖြစ်ရာ သူ့အနေဖြင့် ဤမျှလောက်အထိ ယုတ်ညံ့သောနည်းမျိုးကို သုံး၍ ကျွန်တော့်အား တုံ့ပြန်လက်စားချေခြင်း ပြုလိမ့် မည်မဟုတ်ဟု ထင်မိပြန်၏။ ဤကြားထဲမှပင် အဆင်အခြင်ကင်းမဲ့သော သူ့ဆွေမျိုးများက ဇွတ်အဓမ္မ တိုက်တွန်းကာ မြှောက်ထိုးပင့်ကော် လုပ်ကြသဖြင့် ဤလူငယ်သည် စိတ်ပြောင်းပြီး သူ့ဆွေမျိုးသားချင်းများ၏ အလိုကျ လိုက်၍ လုပ်ချေမည်လော...။

မည်သို့ပင်ဖြစ်စေ မစ္စပောဗီရှမ်ထံ သွားရမည့် ကိစ္စမှာ သွားရမည်သာဖြစ်သဖြင့် ကျွန်တော်သည် အိမ်မှ ထွက်လာခဲ့သည်။ သို့သော်လည်း သတိကိုတော့ မချရဲပေ။ ကျွန်တော် ခြံဝင်းထဲသို့ ရောက်သောအခါ ဖြူရော်ရော်လူငယ်၏ အရိပ်အယောင်ကို မမြင်ရပေ။ ကျွန်တော်သည် ဥယျာဉ်အတွင်းသို့ဝင်ခဲ့ပြီး တစ်ဆက်တည်း ရှိနေသော အိမ်ပြတင်းပေါက်ဆီသို့ မျှော်ကြည့်မိသည်။ ပြတင်းတံခါးများမှာ ပိတ်လျက်ရှိပြီး အခန်းထဲ၌ လူတစ်ဦးတလေမျှပင် ရှိပုံမရပေ။ ကျွန်တော်တို့ ထိုးကြိတ်သတ်ပုတ်ခဲ့ကြသည့် နေရာကို သွား၍ ကြည့်မိပါသေး၏။ ဖြူရော်ရော်လူငယ် ရှိလိမ့်မည်ဟု ယူဆနိုင်လောက်သည့် အထောက်အထား သဲလွန်စဟူ၍ ဘာတစ်ခုမှ မမြင်ရချေ။ သူလဲကျခဲ့သော နေရာရှိ မြက်ပင်များပေါ်တွင် မူ သူ့မျက်နှာမှ စဉ်ကျသည့် သွေးစသွေးနများကို တွေ့ရ၏။ သွေးများမှာ ခဲ၍ပင် နေလေပြီ။ ဤနေရာသို့ ရောက်လာသူ တစ်ဦးဦးရှိပါက မြင်သွားမည်ကို စိုးရ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ဥယျာဉ်ထဲရှိ မြေဆွေးမြေပွများကို ကျုံး၍ သွေးစသွေးနများ အပေါ်သို့ ဖုံးပစ်ခဲ့လေသည်။

မစ္စပောဗီရှမ်နေသော အခန်းနှင့် လက်ထပ်ကိတ်မုန့်တင်သော စားပွဲရှည်ကြီးထားရာ အခန်းကြားတွင် ဆောင်ကူးလမ်းကြား ရှိ၏။ ထိုဆောင်ကူးလမ်းကြားထဲတွင် ဘီးတပ်ကုလားထိုင်ကြီးတစ်လုံး ချထားသည်ကို တွေ့ရ၏။ ကုလားထိုင်ကြီးမှာ ဘီးများ တပ်ထားသော်လည်း ပေါ့ပေါ့ပါးပါး ကုလားထိုင်မျိုး ဖြစ်ပေရာ နောက်ဘက်လက်ကိုင်မှ နေ၍ အလွယ် တကူ

တွန်းသွားနိုင်၏။ ဤကုလားထိုင်ကြီးမှာ ကျွန်တော် နောက်ဆုံးတစ်ခေါက် ရောက်စဉ်ကတည်းက ရှိခဲ့ခြင်း ဖြစ်၏။ ယနေ့အဖို့ ကျွန်တော့် အခန်းထဲသို့ ရောက်သွားချိန်မှ စ၍ မစ္စဟေဗီရှမ်အား ဤကုလားထိုင်ကြီးပေါ် တင်၍ (ကျွန်တော့်ပခုံးပေါ် လက်တင်ပြီး လမ်းလျှောက်နေရာမှ မောလာသည့် အခါများမှာ) သူ့အခန်းထဲ၌ လှည့်ပတ်ပြီး တွန်းပေးနေရသည်။ ထို့နောက် လှေကားထိပ်ကို ကျော်ဖြတ်ကာ စားပွဲရှည်ကြီးထားရာ အခန်းတွင်းသို့ဝင်ခဲ့ပြီး ထိုအခန်းကြီးထဲ၌ လှည့်ပတ်၍ တွန်းနေရပြန်လေ၏။ ဤဘီးတပ်ကုလားထိုင်ကြီးကို တွန်းနေရာ၌လည်း တစ်ပတ်ပြီးတစ်ပတ် အရပ်အနားမရှိဘဲ တွန်းနေရခြင်း ဖြစ်၍ တစ်ခါတစ်ရံတွင် သုံးနာရီတိတိမျှ ကြာတတ်သည်။ ထိုနေ့မှ စ၍ ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အိမ်သို့ မွန်းတည့်ချိန်တိုင်း တစ်ရက်ခြားလာရပြီး ဤအလုပ်များကို အဆက်မပြတ် လုပ်ပေးရ၏။ ဤအလုပ်များကို လာရောက်လုပ်ကိုင်ပေးနေရသည့် အချိန်ကာလကို တွက်လိုက်မည်ဆိုပါမူ အနည်းဆုံး ရှစ်လ၊ အများဆုံး ဆယ်လခန့် ရှိပေလိမ့်မည်။

တစ်ဦးနှင့် တစ်ဦး တွေ့ရဖန်များ လာသည့် အခါ မစ္စဟေဗီရှမ်သည် ကျွန်တော့်အား စကားများများ ပြောလာသည်။ မည်သည့် ပညာမျိုး သင်ကြားခဲ့သလဲ၊ မည်သည့် အလုပ်မျိုးလုပ်ဖို့ စိတ်ကူးထားသလဲ အစရှိသော မေးခွန်းများကိုလည်း မေးတတ်သည် ကျွန်တော်က ယောက်ဖဖြစ်သူ ပန်းပဲဆရာ ဂျိုး၏ လက်ထောက်အဖြစ် လုပ်ကိုင်ရလိမ့်မည်ဟု ထင်ကြောင်း ပြောပြသည်။ ထို့ပြင်လည်း ကျွန်တော့်လက်ရှိ အခြေအနေမှာ ဘာပညာ ဗဟုသုတမှ မရှိဘဲ ဖြစ်နေသဖြင့် အရာရာတိုင်းကို သိသော ဗဟုသုတကြွယ်ဝသူတစ်ဦး ဖြစ်လာအောင် ထပ်မံ၍ ပ ညာ ဆည်းပူးလိုကြောင်း ပြောပြသည်။ ဤစကားကို ပြောပြခြင်းမှာ ကျွန်တော့်ဆန္ဒအတိုင်း ဖြစ်မြောက်သွားအောင် မစ္စဟေဗီရှမ်က ကူညီလို ကူညီငြား ဟူသော သဘောဖြင့် ပြောမိခြင်း ဖြစ်၏။ သို့သော်လည်း သူသည် စကားတစ်ခွန်းမှ ပြန်မပြောပါ။ သူ့အသွင်အပြင်ကို ကြည့်ရသည်မှာ ကျွန်တော် ယခုကဲ့သို့ ဘာမှ မသိ ဘာမှ မတတ်ဘဲ ဖြစ်နေသည် ကိုပင် ပို၍ သဘောကျနေဟန် ရှိသည် ဟု ထင်မိ၏။ ကျွန်တော် သူ့အိမ်ပုံမှန် လာ၍ သူခိုင်းသမျှ လုပ်ကိုင်ပေးနေရသော်လည်း သူသည် ကျွန်တော့်အား ညစာတစ်နပ် ကျွေးသည်မှ အပ ငွေကြေးလည်း တစ်ပြားတစ်ချပ် မှ မပေး။ အခြား အထောက်အပံ့လည်း မပေးချေ။ ကျွန်တော် လုပ်ကိုင် ပေးနေရသမျှအတွက် တစ်စုံတစ်ရာ တုံ့ပြန်ပေးဖို့ စိတ်ကူးပင် ထည့်ပုံမ ရချေ။

အက်စတယ်လာကတော့ ထုံးစံအတိုင်း ကျွန်တော် ရောက်လာလျှင် ဝင်းတံခါးဖွင့်၍ အတွင်းသို့ ဝင်စေသည်။ ပြန်လျှင် ဝင်းတံခါးဖွင့်၍ အပြင်သို့ ထွက်စေသည်။ သို့သော်လည်း သူ့ပါးကို နောက်တစ်ကြိမ် နမ်းဖို့ကား မပြောတော့ပေ။ သူသည် တစ်ခါတစ်ရံတွင် ကျွန်တော့်အား အေးစက်စက် အမူအရာမျိုးဖြင့် ဆက်ဆံတတ်၍ တစ်ခါတစ်ရံတွင် မူ အလွန်နှိမ့်ချပြီး

ဆက်ဆံတတ်၏။ တစ်ခါတစ်ရံကျတော့ ကျွန်တော့်အပေါ်တွင် ရင်းနှီးသည့် သဘောဖြင့် ဆက်ဆံတတ်သော်လည်း တစ်ခါတစ်ရံတွင် မူကား ကျွန်တော့်အား မုန်းသည် ဟုပင် ထုတ်ဖော်၍ ပြောတတ်သည်။ မစ္စဟောဗီရှမ်ကမူ အခန်းထဲ၌ သူနှင့် ကျွန်တော် နှစ်ဦးတည်း ရှိနေကြသည့် အခါများတွင် ကျွန်တော့်နားနားသို့ ကပ်၍ "ဟဲ့... ပစ်ပ်၊ အက်စတယ်လာဟာ တစ်နေ့ထက်တစ်နေ့ လှမလာဘူးလား" ဟု တိုးတိုးကလေး မေးတတ်သည်။ ကျွန်တော်က "လှလာပါသည်" ဟု (အမှန်တကယ်လည်း လှလာသည်) ဖြေလိုက်သည့် အခါ ကျွန်တော့် စကားများ ကို အလွန်အမင်း သဘောကျဟန် တူ၏။ အက်စတယ်လာနှင့် ကျွန်တော်တို့ ဖဲကစားနေကြသည့် အခါများတွင်လည်း မစ္စဟောဗီရှမ်သည် အက်စတယ်လာ၏ အပြုအမူများကို မက်မက်မောမော အရသာခံ၍ ကြည့်နေတတ်သည်။ တစ်ခါတစ်ရံတွင် အက်စတယ်လာ၏ စိတ်သဘောထားနှင့် ပြောဆိုပြုမူပုံများသည် အမျိုးမျိုး အဖုံဖုံ ကွဲပြားခြားနားနေရုံမျှ မက ရှေ့နောက် မညီမညာ ဖြစ်နေခြင်း၊ တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေခြင်း စသည်များ ဖြစ်လာတတ်ရာ ကျွန်တော့်မှာ ဘာလုပ်၍ ဘာပြောရမှန်း မသိနိုင်လောက်အောင်ပင် ကြောင်နေတတ်သည်။ ထိုအခါမျိုးတွင် မစ္စဟောဗီရှမ်သည် အက်စတယ်လာအား အလွန်သဘောကျသည့် လက္ခဏာမျိုးဖြင့် တယုတယ ပွေ့ဖက်ကာ တီးတိုးစကားများ ပြောတတ်သည်။ ကျွန်တော့်နားထဲမှ ကြားရသမျှဆိုလျှင် "သူတို့ နှလုံးသားတွေကို ကွဲအောင် ခွဲပစ်လိုက်စမ်း၊ ဒါဟာ ငါ့ရဲ့ မာနနဲ့ မျှော်လင့်ချက်ပဲ၊ သိလား၊ သူတို့ နှလုံးသားတွေကို ရက်ရက်စက်စက်သာ ခွဲပစ်လိုက်၊ နည်းနည်းလေး မှ မသနားနဲ့" ဟူ၍ ဖြစ်လေသည်။

ပန်းပဲဖိုတွင် အလုပ်လုပ်နေရင်းနှင့် ဂျိုးဆိုလေ့ရှိသော သီချင်းတစ်ပုဒ် ရှိသည်။ သီချင်းမှာ ပန်းပဲသမားများက သူတို့အား အထူးတလည် ကြည့်ရှုစောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် သတ်မှတ်ထားသည့် သူတော်စင် စိန့်ကလီမင်းကို ရည်ညွှန်း၍ စပ်ဆိုထားသော သီချင်း ဖြစ်၏။ ဂျိုးအနေဖြင့် တစ်ပုဒ်လုံးကို အစအဆုံး ဆိုခြင်းမဟုတ်ပါ။

အပျင်းပြေသဘောဖြင့် သူရသမျှ တစ်ပိုင်းတစ်စကို ညည်းခြင်းမျှသာ ဖြစ်၏။ ထိုတစ်ပိုင်းတစ်စကိုပင် ကျွန်တော် ရထားသည် ဖြစ်ရာ အဘိုးအို ကလင်း ဆိုသူ၏ အကြောင်းကို ရေးစပ်ထားသော သီချင်း ဖြစ်သည်။ ထိုသီချင်းမှာ လူကုံထံများ အသိုင်းအဝိုင်းတွင် တခမ်းတနားပြု၍ ဆိုသင့်သည့် သီချင်းမျိုး မဟုတ်ပါ။ သို့သော်လည်း ထိုသီချင်းထဲမှ အဘိုးအို ကလင်းသည် ပန်းပဲသမားများ စံပြုသင့်သည် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လိမ့်မည် ဟု ကျွန်တော် ယုံကြည်နေပါသည်။ သံကို တူနှင့် ထုသည့် အသံမျိုးဖြင့် စည်းချက်လိုက်၍ ရသော သီချင်းတစ်ပုဒ်ဖြစ်၍ "ထုလိုက်စမ်းပါ... ထု လိုက်စမ်းပါ။ အဘိုးအိုကလင်းရာ၊ မှုတ်လိုက်စမ်းပါ... မှုတ်လိုက်စမ်းပါ၊ မီးတောက်မီးလျှံ ထလာအောင်... မီးအရှိန် မြင့်ပါစေ၊ မီးတောက်သံ

ကျယ်ပါစေ" အစရှိသော စာသားများပါသည်။

တစ်နေ့တွင် မစ္စဟေဗီရှမ်သည် ဘယ်လိုစိတ်ကူးပေါက်လာသည် မသိ။ ဘီးတပ်ကုလားထိုင် ပေါ်သို့ ထိုင်မိသည် နှင့် တစ်ပြိုင်နက် ရုတ်တရက် လက်များကို ခါယမ်းပြီး "ဟဲ့ကောင်လေး သီချင်းဆိုစမ်း" ဟု ခိုင်းသည်။ မမျှော်လင့်သောအရာဖြစ်၍ ရုတ်တရက် အံ့အားသင့်သွားမိသော်လည်း ကယောင်ကတမ်းနှင့်ပင် ဘီးတပ်ကုလားထိုင်ကြီးကို တွန်းနေရင်းက ဂျိုး၏ သီချင်းကို ဆိုပြနေမိသည်။ မစ္စဟေဗီရှမ်ကလည်း ကုလားထိုင်ကြီးပေါ်၌ မျက်စိများကို စုံမှိတ်၍ ငိုက်မြည်းကာ ကျွန်တော့်သီချင်း ဆိုသံကို နားစွင့်လျက်ရှိသည်။ ထိုနေ့မှစ၍ နောက်ပိုင်းရက်များတွင် မစ္စဟေဗီရှမ်အား ဘီးတပ်ကုလားထိုင်ပေါ်တင်၍ တွန်းရင်း သီချင်းဆိုပြရသော အလုပ်သည် မလုပ်မဖြစ်တော့သည့် ပုံမှန်အလုပ်တစ်ခု ဖြစ်လာခဲ့၏။ အက်စတယ်လာ ကိုယ်တိုင်လည်း ကျွန်တော်တို့ နှင့် အတူ ရောရှ၍ ဆိုသည့်အခါ ဆိုလေ့ရှိသည်။ ယခုကဲ့သို့ သီချင်းဆိုလိုက်ကြသည့် အတွက် တင်းမာနေသော အခြေအနေသည် အနည်းငယ်မျှ ပျော့ပျောင်းသွားသလိုလို ရှိ၏။ သို့သော်လည်း ကျွန်တော်တို့ သုံးဦး၏ သီချင်းဆိုသံမှာ ဤမျှလောက် ကျယ်ဝန်းပြီး ဤမျှလောက် ကုပ်ကုပ်ရုပ်ရုပ်နိုင်လှသော တိုက်အိမ်ကြီးအတွင်း၌ ဖြည်းဖြည်းညင်းညင်း တိုက်ခတ်နေသော လေတိုက်သံမျှလောက်သာ ကျယ်ပါသည်။

ဤပြတ်ဝန်းကျင်သည် ဤပုံအတိုင်းသာ နေသွားရပါက နောက်ဆုံးတစ်နေ့၌ ကျွန်တော် ဘာဖြစ်နိုင်ပါမည်နည်း။ ကျွန်တော်၏ အကျင့်စာရိတ္တသည် သူတို့၏ အရှိန်အဝါ၏ ဒဏ်ကို ဘယ်လိုနည်းနှင့် ခံနိုင်ပါမည်နည်း။ အမှောင်လွှမ်းနေသော အခန်းများ အတွင်းမှ ထွက်၍ အပြင်ဘက်ရှိ သဘာဝအလင်းရောင်နှင့် တွေ့လိုက်ရသည့် အခါ ကျွန်တော့်မျက်စိများသည် မှုန်ဝါးဝါး ဖြစ် နေသကဲ့သို့ ဤပြတ်ဝန်းကျင် မှ ကင်းကွာသွားခဲ့သည့် အချိန်တွင် ကျွန်တော့်အတွေးများသည် နောက် ကျိရှုပ်ထွေး နေလိမ့်မည်ဟု ထင်မိ၏။ ထင်သည့် အတိုင်းသာ ဖြစ်နေပါမူ အံ့ဩစရာ ကောင်းနေပေတော့မည်။

အကယ်၍သာ ကျွန်တော် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း မစ္စဟေဗီရှမ်နှင့် ပတ်သက်၍ မဟုတ်ကဟုတ်ကများကို လုပ်ကြံဖန်တီး၍ မပြောမိခဲ့ပါမူ ဖြူဖပ်ဖြူရော်လူငယ်၏ အကြောင်းကို ဂျိုးအား ပြောပြမိလိမ့်မည် ထင်ပါသည်။ ယခုသော်မူ ယခင်တစ်ကြိမ်က လိမ် ညာပြောခဲ့သည်များ ရှိနေသဖြင့် ဘယ်နည်းနှင့်မှ ယုံကြည်လိမ့်မည် မဟုတ်ဟုပင် ထင်မိ၏။ ထို့ကြောင့် ကျွန်တော်သည် ဖြူရော်ရော် လူငယ် အကြောင်းကို ဂျိုးအား ပြောမပြတော့ပါ။ အမှန်အတိုင်း ဝန်ခံရမည် ဆိုပါက မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့၏

ဆက်ဆံရေးသည် စ၍တွေ့ပါပြီ ဆိုကတည်းက အဆင်ပြေလှသည် မဟုတ်ပါ။ သူတို့နှင့် တွေ့ဆုံဆက်ဆံနေရသည်မှာ ကျွန်တော့်အတွက် ဘဝင်ကျစရာ မရှိပါ။ ထိုဘဝင်မကျမှုသည် ကြာလေကြီးထွား လာလေ ဖြစ်လျက် ရှိပါသည်။ ကျွန်တော့်စိတ်ထဲ၌ ခံစားနေရသမျှကို ယုံကြည်စိတ်ချစွာနှင့် ပြောပြရမည့် လူမှာ ဘစ်ဒီမှ တစ်ပါး အခြားလူ မရှိပါ။ ဤသို့ဖြင့် ကျွန်တော်သည် ကြုံတွေ့ရသမျှ အရာအားလုံးကို ဘစ်ဒီအား ပြောပြလေ့ ရှိသည်။ ကျွန်တော် ဘာကြောင့် ဘစ်ဒီအား ဖွင့်ပြောရပါသနည်း။ ကျွန်တော်ပြောပြ သမျှ အရာရာတိုင်းကို ဘစ်ဒီကလည်း စိတ်ဝင်တစား နားထောင်လေ့ရှိရာ ဘာကြောင့် ထိုကဲ့သို့ တလေးတစား နားထောင်ရပါသနည်း။ ထိုမေးခွန်းများ၏ အဖြေကို ယခုအချိန်ကျခါမှ ကျွန်တော် နားလည်ပြီဟု ထင်နေပြီ ဖြစ်သော်လည်း ထိုအချိန်ကမူ လုံးဝနားမလည်ခဲ့ပါ။

ထိုအတောအတွင်းတွင် ကျွန်တော်တို့အိမ်၏ မီးဖိုခန်းအတွင်း၌ ဆွေးနွေးပွဲများသာ ဆက်တိုက်လိုလို ကျင်းပလျက် ရှိသည်။ အမြဲတမ်းလိုလို အလိုမကျဖြစ်နေသော ကျွန်တော့်စိတ်ကို တိုး၍ နောက်ကျိရှုပ်ထွေး အောင် လုပ်နေသည့် ဆွေးနွေးပွဲများ ဖြစ်၏။ လူနုံလူအကြီးတစ်ဦးဖြစ်သော မစ္စတာပန်ဘဲလ်ချူသည် ကျွန်တော်၏ ရှေ့အလားအလာများကို ကျွန်တော့်အစ်မနှင့် ဆွေးနွေးတိုင်ပင်ရန်ဟု အကြောင်းပြကာ မကြာခဏ ရောက်လာတတ်သည်။ ကျွန်တော် ယုံကြည်နေသည့် အတိုင်းသာ ပြောရမည် ဆိုပါက မစ္စတာပန်ဘဲလ်ချူသည် သူ့မြင်းရထားကိုသာ ထိန်းသိမ်းမောင်းနှင်တတ်သူ ဖြစ်သဖြင့် ထိုအလုပ်မှတစ်ပါး အခြားအလုပ်များကို မလုပ်သင့်ဟုပင် ထင်ပါသည်။ သို့သော်လည်း ဤလူကြီးသည် သိမ်ဖျင်းသော လူကြီးတစ်ယောက် ဖြစ်ရုံမျှ မက ခေါင်းအလွန်မာသူလည်း ဖြစ်သဖြင့် ကျွန်တော့်ဘဝ၏ ရှေ့အလား အလာများကို အဓိပ္ပာယ်မရှိ ဆွေးနွေးနေတတ်၏။ (သူလာ၍ ဆွေးနွေးသည့် အတွက် ကျွန်တော့်မှာလည်း တိုး၍ ထူးလာသည် မဟုတ်ပါ။) ဆွေးနွေးသည့် အခါတွင်လည်း ကျွန်တော့်ကို သူ့မျက်စိအောက်၌ ထားပြီးမှ ဆွေးနွေးတတ်သည် ဖြစ်ရာ ကျွန်တော့်အကြောင်း စပြောရန်ကြံစည်စိတ်ကူးသည် နှင့် တစ်ပြိုင်နက် မီးဖိုထောင့်ရှိ ခွေးခြေခုံပေါ်၌ ငြိမ်ငြိမ်ကုပ်ကုပ်ကလေး ထိုင်နေသော ကျွန်တော့်အား မီးဖုတ်တော့မည့် နယ် မီးဖိုကြီးရှေ့၌ ချထားလေ့ ရှိသည်။ ထိုကိစ္စပြီးခါမှပင် "ကဲ... တူမကြီးရေ... ဟောဒီမှာ မြင်လား၊ ငါ့တူမကြီးလက်နဲ့ မကွာ ထိန်းသိမ်း စောင့်ရှောက်လာရတဲ့ ကောင်လေးလေ။ ဟဲ့ကောင်လေး။ မင့်ခေါင်းကို မော့လိုက်စမ်း။ အဲသလို ခေါင်းမော့ပြီး ကိုယ့်ကျေးဇူးရှင်တွေကို ကျေးဇူး သိတတ်ကြောင်း အမြဲပြရမယ်... ကွ၊ ကြားလား၊ အဲ... တူမကြီးအနေနဲ့ သူ့ကို ဘယ်လိုလုပ်သင့်သလဲ ဆိုတော့ကာ..." ဟု အစချီကာ သူထင်ရာမြင်ရာ အကြံဉာဏ်များကို ပေးလေ့ရှိ၏။ အကြံများ ပေးနေသည့် ကြားမှပင် သူသည် ကျွန်တော့်ဆံပင်များကို ဆုပ်ဆွဲခြင်းနှင့် ကျွန်တော့်အား အင်္ကျီလက်မောင်းနှစ်ဖက်မှ ကိုင်၍ မြှောက်ခြင်း စသည်များ ကို ပြုလုပ်လိုက်ပါသေးသည်။

ထို့နောက်တွင် မူကား သူနှင့် ကျွန်တော့်အစ်မတို့သည် မစ္စဟောဗီရှမ် နှင့် ပတ်သက်၍ သူတို့၏ ခန့်မှန်းချက်များကို တောင်စဉ်ရေမရ လျှောက်ပြောကြသည်။ မစ္စဟောဗီရှမ်က ကျွန်တော့်ကို မည်ကဲ့သို့ အသုံးချမည်။ ကျွန်တော့်အတွက် ဘာလုပ်ပေးမည် စသည် များကိုလည်း ကျွန်တော် မခံချိမခံသာဖြစ်ပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည် အထိ အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် ပြောကြသည်။ သူတို့ ပြောသမျှကို နားထောင်နေရသော ကျွန်တော်သည် ပန်ဘဲလ်ချူ၏ ကိုယ်ပေါ်သို့ ခုန် အုပ်ကာ လက်သီးများဖြင့် မရပ်မနား ထိုးကြိတ်ပစ်ချင်စိတ် ဖြစ်ပေါ်လျက် ရှိ၏။ ဤဆွေးနွေးပွဲတွင် ကျွန်တော့်အစ်မသည် ကျွန်တော့်ကို စကားပြောရာ၌ စကားတစ်ခွန်း ပြောလိုက်တိုင်း ကျွန်တော့်ပါးစပ်ထဲမှ သွားတစ်ချောင်းကို ဆွဲနှုတ်နေသည့် နှယ် ပြောသည်။ ပန်ဘဲလ်ချူကမူ... သူ့ ဘာသာသူ ခန့်အပ်ထားသည့် ကျွန်တော်၏ ကယ်တင်ရှင်အဖြစ် ဟန်ရေးဝါရေး ပြသည်။ သူသည် ကျွန်တော့်အား အလွန်အထင်အမြင်သေးသည့် မျက်လုံးများဖြင့် ကြည့်နေတတ်၏။ သူ့ကိုယ်သူလည်း ကျွန်တော့် ဘဝ၏ ဗိသုကာကြီးအဖြစ် သဘောထားနေပုံ ရ၏။ သူ့အနေဖြင့် သူ့အတွက် လုံးဝ အကျိုးမရှိသော အလုပ်တစ်ခုကို လုပ်နေသည် ဟုလည်း ထင်မြင်ယူဆနေပုံ ရလေသည်။

ကျွန်တော့်ရှေ့ရေး ဆွေးနွေးပွဲများတွင် ဂျိုးသည် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မပြုပါ။ သို့သော်လည်း ရံဖန်ရံခါ အလျဉ်းသင့်လာသည့် အခါတွင် ဝင်၍ ပြောတတ်၏။ အထူးသဖြင့် ပန်းပဲဖိုတွင် လက်ထောက်အဖြစ် လုပ်ကိုင်ရန် အရွယ်ရောက်နေပြီဖြစ်သော ကျွန်တော့်အား ပန်းပဲဖို၌ မထားဘဲ တခြားအလုပ်တစ်ခုကို ဝင်လုပ်ခိုင်းရလျှင် ကောင်းလိမ့်မည်ဟု ကျွန်တော့်အစ်မက ပြောလိုက်သည့် အခါများတွင် မူ ဂျိုးသည် ဝင်၍ ကန့်ကွက်စကား ပြောတတ်လေသည်။

အမှန်အားဖြင့် ဂျိုးသည် အစ်မတို့၏ စကားဝိုင်းတွင်ပါဝင်လေ့ရှိသူ မဟုတ်ပေ။ သူ့ဘာသာသူ တစ်ယောက်တည်း မီးညှပ်ကြီးကိုင်၍ ထိုင်ကာ တစ်စုံတစ်ခုကို စဉ်းစားနေသည့် နှယ် မီးဖိုဆီသို့ ငေးမောနေတတ်သည်။ တစ်ခါတစ်ရံတွင် သူ့လက်ထဲမှ မီးညှပ်ဖြင့် မီးသွေးခံသံပြားများ ပေါ် တင်နေသည့် ပြာများကို ယက်ချနေတတ်၏။ ဤကြားထဲမှ သူမကြိုက်သည့် အလုံးကို ကြားရသည့် အခါ သူ့ထင်မြင်ချက်ကို အရိုးခံအတိုင်း ဝင်ပြောခြင်းမျှသာ ဖြစ်သည်။ ကျွန်တော့်အစ်မကမူ သဘောရိုးဖြင့် ပြောသည် ဟု မယူဆဘဲ သူ့ကို ဆန့်ကျင်ဘက်ပြုသည် ဟု အဓိပ္ပာယ်ကောက်ကာ ဂျိုးရှိရာသို့ ရန်စွယ်ငေါ်ငေါ်ဖြင့် ခုန်ထ လာပြီး ဂျိုး၏ လက်ထဲမှ သံမီးညှပ်ကြီးကိုတော်ရာတစ်နေရာသို့ ပစ်ချလိုက်၏။ ဤစကားဝိုင်းများသည် အများအားဖြင့် ဒေါသကြီးခြင်းဖြင့် အဆုံးသတ်လေ့ ရှိသည်မှာ ထုံးစံဖြစ်နေလေပြီ။ ထို့နောက် ချက်ချင်းလိုလိုပင် အစ်မသည် တစ်ချက်မျှ သမ်းလိုက်ကာ ကျွန်တော့်အား အခုမှ မြင်လိုက်ရသည့် နှယ်

ပြုံးတုံးပြဲတဲဖြင့် ကြည့်လိုက်ပြီး "ကဲ...တော်လောက်ပြီ၊ အိပ်ရာဝင် ဖို့ အချိန်ကျနေပြီ၊ ကနေ့တစ်ညအတွက် နင် ငါ့ကို ဒုက္ခပေးတာ ဒီလောက်ဆို တော်လောက်ပြီလို့ ထင်တယ်" ဟု ပြောတတ်သည်။ နောက်ဆုံး ကျတော့လည်း ကျွန်တော့်ဘဝ ကောင်းဖို့ အတွက် ကျွန်တော်ကပင် သူတို့အား နားပူနားဆာလုပ်နေသည် ဟူသော အဖြစ်မျိုးသို့ ဆိုက်ရောက် သွားရလေ၏။

ကျွန်တော့်အနေဖြင့် ဤပုံစံအတိုင်း နေလာခဲ့ကြသည်မှာ အချိန်ကာလအားဖြင့် အတော်ကြာခဲ့ပြီ ဖြစ်သည်။ ရှေ့လျှောက်၌လည်း ဤပုံစံ အတိုင်းပင် အချိန်တော်တော်ကြာမျှ ဆက်လက်နေထိုင်ရဦးမည့် လက္ခဏာရှိနေ၏။ ယင်းကဲ့သို့ မတင်မကျဖြစ်နေစဉ်အတွင်းမှာပင် တစ်နေ့သောအခါ၌ မစ္စဟေဗီရှမ်သည် ကျွန်တော်နှင့် လမ်းလျှောက်နေရင်းမှ ဖျတ်ခနဲ ရပ်လိုက်ပြီး မနှစ်မြို့သော လေသံဖြင့် ကျွန်တော့်အား စကားတစ်ခွန်း ပြောသည်။

"အင်း... မင်းလည်းပဲ အတော်ကလေး ကြီးလာပါပြီကောလား"

မစ္စဟေဗီရှမ်သည် ထိုအချိန်က ထိုစကားတစ်ခွန်းကိုသာပြောပြီး နောက်ထပ် ဘာမှ မပြောတော့ပေ။ နောက်တစ်ခဏမျှ အကြာတွင် ဖျတ်ခနဲ ရပ်လိုက်ပြန်သည်။ ပြီးတော့ ကျွန်တော့်အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ သူ့မျက်နှာသည် တစ်စုံတစ်ခုကို စဉ်းစားစိတ်ကူးနေသည့် နှယ် ရှုံ့လျက် ရှိလေသည်။ နောက်တစ်နေ့တွင် ထုံးစံအတိုင်း ကျွန်တော် သူ့ဆီသို့ ရောက်သွားပြန်၏။ လုပ်နေကျအလုပ်များကို လုပ်ပေးပြီးသေအခါ သူ့အား မှန်တင်ခုံရှေ့မှ ကုလားထိုင်ဆီသို့ ပို့ပေးရသည်။ သူက ကျွန်တော့်အား လက်ပြကာ သူ့အနား၌ ရပ်ခိုင်းထားသည်။

"မင့်ပန်းပဲဆရာရဲ့ နာမည် ငါ့ကို ထပ်ပြောစမ်း"

"ဂျိုးဂါဂရီပါ ခင်ဗျာ"

"မင်း လက်ထောက်လုပ်ဖို့ စိတ်ကူးထားတဲ့ ဆရာဟာ သူပဲ မဟုတ်လား"

"ဟုတ်ပါတယ်... ခင်ဗျာ"

"ဒါဆိုရင်တော့ မြန်မြန်ဆန်ဆန် လုပ်လိုက်တာ မင့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်။ မင့်ကို ပညာသင်လက်ထောက်အဖြစ် တရားဝင်အပ်နှံဖို့ အတွက် လိုအပ်တဲ့ စာချုပ်စာတမ်းတွေယူပြီး မင်းနဲ့ အတူ လိုက်လာခဲ့ဖို့ ခေါ်ရင် မင့်ဆရာ ဂျိုးဂါဂရီ လာလိမ့်မယ်လို့ ထင်သလား"

ယခုကဲ့သို့ မစ္စဟေဗီရှမ်က ခေါ်ခြင်းသည် သူ့အား ဂုဏ်ပြုသည် ဟု ဂျိုးဂါဂရီက ယူဆလိမ့်မည် ဖြစ်သဖြင့် ဘယ်နည်းနှင့် မှ မလာဘဲ မနေပါဟု

ကျွန်တော်က အာမခံလိုက်သည်။

"ဒီလိုဆိုရင် သူ့ကို လာပါစေပေါ့"

"ဘယ်အချိန် လာရမှာလဲ ခင်ဗျာ"

"လာပြန်ပြီ... အချိန်၊ အချိန်တွေ ဘာတွေကို ငါ မသိဘူး၊ နားမလည်ဘူး။ သူ့ကို မြန်မြန်သာ လာပစေ။ မင်းနဲ့ အတူတူလာခဲ့၊ ဒါပဲ"

ထိုနေ့က ကျွန်တော် အိမ်ပြန်ရောက်၍ ထိုသတင်းကို ပြောပြလိုက်သောအခါ ကျွန်တော့် အစ်မသည် အကြီးအကျယ် ဒေါသူပုန်ထပါလေတော့၏။ သူ့ဒေါသမှာ ယခင်အချိန်များထက် ပေါက်ကွဲခဲ့သည့် အရှိန်ထက် ပို၍ ကြီးမားပြင်းထန်ပြီး ပို၍ပင် ကြောက်စရာကောင်းသည်။ နင်တို့က ငါ့ကို ခြေသုတ်ဖုံတစ်ခုလို ထင်နေကြသလားဟု ကျွန်တော်နှင့် ဂျိုးတို့အား မေးသည်။ ဘယ်လောက်များ သတ္တိရှိလို့ နင်တို့က ငါ့ကို ခြေသုတ်ဖုံအဖြစ် သုံးရတာလဲဟုလည်း ပြောသည်။ သူ့ကို ဘယ်လိုအတန်းအစားမျိုး ထင်သလဲဟုလည်း မေးသည်။ ဒေါသကြီးချင်တိုင်း ကြီးပြီး ဆူချင်သလို ဆူ၍ အားရသောအခါ ဂျိုးအား ဖယောင်တိုင်စင်ဖြင့် ကောက်ပေါက်သည်။ ထို့နောက် အော်ကြီးဟစ်ကျယ် ငိုသည်။ ပြီးတော့ အမှိုက်ပုံးကို ဆွဲမှောက်ပစ်သည်။ ဤအပြုအမူသည် အစ်မ၏ ဒေါသစံချိန် အဆိုးဆုံးအဆင့်သို့ ရောက်ပြီဟု ဖော်ပြသည့် လက္ခဏာ ဖြစ်သည်။ ချက်ချင်းလိုလိုပင် အစ်မသည် သူ့ခါးစည်းအဝတ်ကြီးကို ကောက်ဝတ်ပြီး အပိုက်များကို စိတ်ဆိုးမာန်ဆိုးဖြင့် တရကြမ်းယမ်းသည်။ အစ်မသည် အမှိုက်သရိုက်များကို လှည်းကျင်းသုတ်သင်ရုံမျှဖြင့် မကျေ နပ်သေးပေ။ ရေပုံးတစ်ပုံးယူ လာပြီး ကြမ်းပြင်များကို ဘရပ်ရှ်နှင့် ပွတ် တိုက်ဆေးကြောနေပြန်သည်။ ကျွန်တော်တို့ နှစ်ယောက်ကိုလည်း အပြင်သို့ မောင်းထုတ်သည်။ ကျွန်တော်နှင့် ဂျိုးမှာ အိမ်နောက်ဖေး ခြံဝင်းထဲ၌ ရပ်ကာ အအေးဒဏ်ကို ခိုက်ခိုက်တုန်းမျှ ခံစားနေကြရသည်။ ကျွန်တော်တို့ နှစ်ယောက် အရဲစွန့်ပြီး အိမ်ထဲသို့ ပြန်ဝင်ချိန်တွင် ညဆယ်နာရီ ထိုးနေပေပြီ။ အစ်မက နင် ဘာပြုလို့ ကပ္ပလီကျွန်မ တစ်ယောက်ကို မယူတာလဲဟု ဂျိုးအား ဆီး၍ မေးပြန်သည်။ ဂျိုးက အဖြေမပေး။ သနားစရာကောင်းလှသော ဂျိုးသည် သူ့ပါးမုန်းမွေးများကို လက်ဖြင့်အသာအယာဆွဲကာ အလွန်စိတ်ညစ် စိတ်ရှုပ်သော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်နေသည်။ သူ ကြည့်နေပုံမှာ ကပ္ပလီကျွန်မ တစ်ယောက်နှင့် လက်ထပ်ခြင်းကမှ ပို၍ ကောင်းလိမ့်မည်ဟု တွေးနေသည့် နှယ် ရှိပါသည်။

******

(၁၃)

နောက်တစ်နေ့တွင် ကြုံရသည့် ဖြစ်စဉ်များသည် ကျွန်တော့်စိတ်ကို စမ်းသပ် စစ်ဆေးနေသည့် နှယ် ရှိသည်။ ဂျိုးသည် တနင်္ဂနွေ ဘုရားရှိခိုးကျောင်းသွား ဝတ်စုံကို အကျအနဝတ်၍ ကျွန်တော်နှင့် အတူ မစ္စပမ်ဘယ်ချုတ်၏ အိမ်သို့ လိုက်လာသည်။ ဤပွဲမျိုးအတွက် ဤဝတ်စုံကို ဝတ်ဖို့ လိုအပ်သည် ဟု သူ့ဘာသာသူ စဉ်းစားမိပြီး ဝတ်လာခြင်း ဖြစ်၏။ ကျွန်တော့်အဖို့တော့ အလုပ်ခွင်ဝတ်စုံနှင့် ဂျိုးထက် တနင်္ဂနွေဝတ်စုံနှင့် ဂျိုးက ပို၍ခန့်ညားပြီး ပို၍ကြည့်ကောင်းနေသည်မှာ အထူးပြောစရာ မလိုတော့ပေ။ သို့သော်လည်း ဂျိုးအနေနှင့် ကတော့ ကျွန်တော့်အကျိုးအတွက် ဟူသော စိတ်ဖြင့် ဝတ်ဆင်လာရခြင်း ဖြစ်ရာ ဤအဝတ်အစားသစ်အတွက် သူ့မှာ များစွာ အနေရအထိုင်ရ ခက်ဟန် ရှိ၏။ သူ၏ ရှပ်အင်္ကျီကော်လာများမှာ နောက်ဘက်မှ နေ၍ အပေါ်သို့ ထောင်လျက် ရှိကြ၏။ ဖွာလန်ကြဲကာ ထိုးထိုးထောင်ထောင် ဖြစ်နေကြသော ဆံပင်များမှာလည်း ငှက်တောင် ငှက်မွေးများ စိုက်ထားသည့် နှယ် တူလျက်ရှိကြလေသည်။

နံနက်စာစားကြသည့် အခါကျခါမှ ကျွန်တော့်အစ်မက သူပါ ကျွန်တော်တို့နှင့် အတူ မြို့ပေါ်သို့ လိုက်မည်ဟု ပြောသည်။ မြို့ထဲရောက်သည့် အခါ သူ့ကို ဦးလေးပန်ဘဲလ်ချုတ်၏ အိမ်၌ ထားခဲ့ပြီး ဂုဏ်သရေရှိ အမျိုးသမီးကြီးနှင့် ကျွန်တော်တို့ ဆောင်ရွက်ရမည့် ကိစ္စ ပြီးပြတ်၍အပြန်ကျမှ သူ့ကို ဝင်ခေါ်ရမည်ဟု ဆိုသည်။ ကျွန်တော့်အစ်မ၏ ပြောပုံ ဆိုပုံကို ကြည့်ကာ ဂျိုးသည် ယနေ့အဖို့ အတိတ်နိမိတ် မကောင်းဟု ယူဆဟန် ရှိ၏။ ယနေ့တစ်ရက်အဖို့ ပန်းပဲဖိုကို ပိတ်ထားရန် ဆုံးဖြတ်ထားသည် ဖြစ်ရာ ဂျိုးသည် ပန်းပဲဖိုတံခါးပေါ်တွင် မြေဖြူဖြင့် "ပိတ်" ဟု ရေး လိုက်ပြီး တစ်ဆက်တည်းပင် သူသွားမည့် လမ်းဘက်သို့ ညွှန်ပြသည့် မြားတစ်ချောင်းပုံကိုပါ ရေးဆွဲလိုက်၏။ ဂျိုးသည် အလွန်မတတ်သာမှ ပန်းပဲဖိုကို ပိတ်တတ်သူဖြစ်၍ ရံဖန်ရံခါ မတတ်သာလွန်း၍ ပိတ်သည့် အခါများတွင် ထိုပုံစံအတိုင်း လုပ်လေ့လုပ်ထ ရှိသည်။

ကျွန်တော်တို့သည် မြို့သို့ ခြေလျင်ပင် လျှောက်ကြသည်။ အစ်မက ဘိုးနက်ခေါ် မိန်းမဆောင်ဦးထုပ်ကြီးကို ဆောင်း၍ ရှေ့ဆုံးမှ သွားသည်။ လက်ထဲတွင် အလုကိုင် ခြင်းတစ်လုံး ဆွဲထားလိုက်သေးသည်။ စီးထားသည့် ဖိနပ်က ခုံထူထူ သစ်သားဖိနပ်၊ ရာသီဥတု သာယာကြည်လင်နေပါလျက် ခြံလွှာတဘက် တစ်ထည်နှင့် ထီးတစ်လက်ကို ဆောင်းလာ လိုက်သေးသည်။ အစ်မအနေဖြင့် ဤပစ္စည်းများကို ယူလာခြင်းသည် အမှန်တကယ် လိုအပ်၍ ယူခြင်းလား သို့မဟုတ် ဟိတ်ဟန်ထုတ်လို၍ ယူလာခြင်းလား ဆိုသည်ကိုမူ ကျွန်တော် ခွဲခြား၍ မရပါ။ ကျွန်တော့်စိတ်ထင် ပြောရလျှင် ရှေးခေတ်က ကလီယိုပါထရာ ဘုရင်မ သို့မဟုတ်

မင်းသမီးများ၊ ဘုရင်မများ မင်းခမ်းမင်းနားနှင့် လှည့်လည်သွားလာသည့် အခါ ပစ္စည်းချမ်းသာကြောင်း ပြလို၍ သယ်ဆောင်လာသည့် သဘောဟုပင် ထင်ပါသည်။

ပန်းဘဲလ်ချူ၏ အိမ်သို့ ရောက်သောအခါ အစ်မသည် ကျွန်တော်တို့အား ဘာတစ်ခွန်းမှ မပြောဘဲ အိမ်ထဲသို့ ဝင်သွားသည်။ အချိန်မှာ မွန်းတည့်လုနီးနေပြီဖြစ်၍ ဂျိုးနှင့် ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အိမ်သို့ တန်းလာခဲ့ကြ၏။ ခါတိုင်းလိုပင် အက်စတယ်လာက ကျွန်တော်တို့အားခြံတံခါးဖွင့်ပေးသည်။ ကျွန်တော်တို့ ရှေ့တွင် အက်စတယ်လာပေါ်လာသည် နှင့် တစ်ပြိုင်နက် ဂျိုးသည် သူ့ဦးခေါင်းမှ ဦးထုပ်ကို ချွတ်ကာ သူ့ဦးထုပ် အလေးချိန်မည်မျှ ရှိသည် ကို ချိန်ဆကြည့်နေသည့် အလား ဦးထုပ်နှုတ်ခမ်းမှ နေ၍ လက်နှစ်ဖက်ဖြင့် ကိုင်ထားလေသည်။

အက်စတယ်လာကတော့ ကျွန်တော်တို့ နှစ်ယောက်ကို လုံးဝဂရုမစိုက်ပါ။ သူ့တာဝန်အရ ကျွန်တော်တို့အား အမြဲတစေ သွားနေကျ လမ်းအတိုင်း ခေါ်သွားသည်။ ကျွန်တော်က အက်စတယ်လာ၏ နောက်မှ ကပ်လိုက်၍ ဂျိုးက ကျွန်တော့်နောက်မှ လိုက်သည်။ ဆောင်ကူးလမ်းကြား ရောက်၍ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ဂျိုးသည် ယခုအချိန်ထိ သူ့ဦးထုပ်ကို သတိကြီးစွာဖြင့် ကိုင်ထားဆဲ ဖြစ်ပြီး လမ်းလျှောက်ရာ၌လည်း ခြေဖျားထောက်၍ လျှောက်နေသည် ကို မြင်ရ၏။

အက်စတယ်လာက ကျွန်တော့်အား အခန်းထဲသို့ နှစ်ယောက်စလုံး ဝင်ရမည် ပြောသည်။ ထို့ကြောင့် ကျွန်တော်က ဂျိုး၏ ကုတ်အင်္ကျီလက်ဖျားမှ အသာဆွဲကာ မစ္စဟေဗီရှမ်၏ ရှေ့မှောက်သို့ ခေါ်ခဲ့ရ၏။ မစ္စဟေဗီရှမ်သည် မှန်တင်ခုံရှေ့ရှိ ကုလားထိုင်တွင် ထိုင်နေရာမှ ကျွန်တော်တို့ အား လှမ်းကြည့်သည်။

"ဩော်" မစ္စဟေဗီရှမ်က ဂျိုးကို တစ်ချက် လှမ်းကြည့်ပြီး ရေရွတ်လိုက်သည်။

"ဒီသူငယ်အစ်မရဲ့ ယောကျ်ားဆိုတာ မင်းလား"

ဤမျှလောက်အထိ ဂျိုး အနေရ အထိုင်ရ ခက်နေသည် ကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူးပါ။ သူ့အဖြစ်မှာ ဂျိုးနှင့်ပင် မတူအောင် ဖြစ်လျက် ရှိ၏။ သူဖြစ်နေသည့် ပုံပန်းမှာ အလွန်ထူးဆန်းသော ငှက်တစ်ကောင်နှင့်ပင် တူသလို ဖြစ်နေသည် သူသည် ရပ်နေသော်လည်း စကားတစ်ခွန်းမှ မပြောနိုင်ချေ။ လက်နှင့် ကုတ်ထားသဖြင့် သူ့ဆံပင်များသည် ဖရိုဖရဲဖြစ်ကာ ထိုးထိုးထောင်ထောင် ဖြစ်နေကြ၏။ ပိုးကောင်တစ်ကောင်ကို ဝါးမျိုးရန် ကြံစည်ထားသည့် နှယ်ပါးစပ်ကြီး ဟောင်းလောင်း ပွင့်လျက် ရှိလေသည်။

"ဒီလူငယ်ရဲ့ အစ်မယာ့ကျွားဆိုတာ မင်းလားကွဲ့" ဟု မစ္စဟောဗီရှမ် က ထပ်မေးပြန်သည်။

ဤကဲ့သို့ မေးလိုက်သောအခါ ဂျိုးမှာ တိုး၍ အနေရခက်သွားပုံ ရသည်။ သူ့အနေဖြင့် စကားတော့ ပြောလာပါသည်။ သို့သော်လည်း မစ္စဟောဗီရှမ်နှင့် စကားပြောနေသည့် တစ်ချိန်လုံး သူ့မျက်နှာကို မစ္စဟောဗီရှမ် ဘက်သို့လည်း မလှည့်၊ စကားကိုလည်း တိုက်ရိုက်ပြန်မပြောဘဲ ကျွန်တော့်မျက်နှာကိုသာ ကြည့်၍ ကျွန်တော့်ကိုသာ ဦးတည်၍ စကားပြန်ပြောနေပါတော့သည်။

"ဒါနဲ့ ပတ်သက်လို့ ငါပြောချင်တာကတော့" ဟု ဂျိုးက စကားသည်။ စကားပြောထွက်အောင် အတော်ကြီး အားယူနေရပုံပေါ်၏။ ယဉ်ကျေးသိမ်မွေ့နိုင်သမျှ ယဉ်ကျေးသိမ်မွေ့အောင်လည်း အလွန်ကြိုးစားနေရဟန် ရှိ၏။ "ငါ မင်းအစ်မနဲ့ လက်ထပ်ခဲ့တာ မင်းအသိသားပဲ မဟုတ်လား... ပစ်ပ်ရာ။ ဟို... လက်မထပ်ခင်တုန်းကတော့ ငါဟာ လူပျိုလူလွတ် တစ်ယောက်ပါပဲ"

"ဒီလူငယ် ကြီးလာရင် မင်းလက်ထောက်အဖြစ် လုပ်ခိုင်းမယ်ဆိုတဲ့ စိတ်ကူးနဲ့ သူ့ကို မွေးကျွေးလာခဲ့တယ် ဆိုတာကော အမှန်ပဲလား မစ္စတာ ဂါဂရီ"

"ဒါလည်းပဲ မင်းသိပါတယ် ပစ်ပ်ရာ" ဟု ဂျိုးက ဖြေသည်။ "မင်းနဲ့ ငါဆိုတာကလည်း သူငယ်ချင်းတွေလို နေလာကြတာ မဟုတ်လား။ တကယ်လို့ မင်းသဘောကျတယ်ဆိုရင် ငါက အလုပ်သင်ပေးပြီး အတူတူ တွဲလုပ်ဖို့ စိတ်ကူးခဲ့တာပါ။ မင်းက မကြိုက်ဘူး ဆိုရင်တော့လည်း ပြောင်ပြောင်သာ ပြောပေါ့ကွာ"

"သူငယ်က ဒီအလုပ်ကို မကြိုက်ဘူးလို့များ ပြောခဲ့ဖူးသလား၊ သူကကော ဒီအလုပ်ကို သဘောကျရဲ့လား" ဟု မစ္စဟောဗီရှမ်က မေးသည်။

"ဒါကတော့ မင်းဟာမင်း အသိဆုံးပါ... ပစ်ပ်ရာ" ဟု ဂျိုးက ပြန်ဖြေသည်။

"ဒီအလုပ်ကို မင်းနှလုံးသားက သဘောကျလို့ ရွေးခဲ့တာ မဟုတ်လားကွာ၊ မင့်အနေနဲ့ ဒီအလုပ်ကို မကြိုက်ဘူးလို့ မပြောရင် ဒါဟာ မင့်နှလုံးသားက ကြိုက်နေပြီလို့ ယူဆရမှာပေ့ါကွာ"

စကားပြောလျှင် မစ္စဟောဗီရှမ်ကိုသာ ဦးတည်၍ တိုက်ရိုက်ပြောရန် ကြိုးစား၍ မရတော့ပါ။ ထိုကဲ့သို့ပြောရန် ကျွန်တော်က မျက်နှာရိပ် မျက်နှာကဲဖြင့် လည်းကောင်း၊ ကိုယ်အမူအရာဖြင့် လည်းကောင်း ပြပါသေး၏။ သို့သော်လည်း ပြလေဆိုးလေ ဖြစ်လျက် ရှိ၏။ ကျွန်တော်က ပြခါမှပင် ဂျိုးသည် ကျွန်တော့်မျက်နှာမှတစ်ပါး တခြား ဘယ်ကိုမှ မကြည့်တော့ဘဲ ကျွန်တော့်ကိုသာ

စကားပြောလျက် ရှိ၏။

"သူ့အတွက် စာချုပ်စာတမ်းတွေ လုပ်လာဖို့ မှာလိုက်တာကော ယူခဲ့ရဲ့လား" ဟု မစ္စဟောဗီရှမ်က မေးသည်။

"ပစ်ပ်ရာ၊ ဒါကိုလည်း မင်း သိနေတာပဲဟာ" ဂျိုးက ဤမေးခွန်းကို မမေးသင့် မမေးထိုက်သော မေးခွန်းတစ်ခုဟု ယူဆနေသည့်နှယ် ပြောသည်။ "မင်းက ခိုင်းလို့ ငါကိုယ်တိုင် ဟောဒီ... ဦးထုပ်ထဲ ထည့်ယူလာခဲ့ရတာကို မင်းအမြင်သားနဲ့ကွာ၊ ငါ့ဆီမှာပါလာတယ်ဆိုတာ မင်း သိနေတာပဲ" သူသည် ပြောပြောဆိုဆိုပင် စာချုပ်များကို ထုတ်၍ မစ္စဟောဗီရှမ်ကို မပေးဘဲ ကျွန်တော့်အား လှမ်းပေးသည်။ သူ့အပြုအမူအတွက် ကျွန်တော့်မှာ အကြီးအကျယ် ရှက်စိတ်ဝင်နေသည် ဟု ထင်မိရသည်။ ထိုအချိန်တွင် အက်စတယ်လာသည် မစ္စဟောဗီရှမ်၏ ကုလားထိုင်နောက်တွင် ရပ်လျက်ရှိပြီး သူ့မျက်လုံးများသည် ကျွန်တော်တို့ အဖြစ်ကို ကြည့်၍ ပြောင်လှောင်ရယ်မောလျက် ရှိသည်။ ဤအဖြစ်ကို မြင်လိုက်ရသောအခါ ကျွန်တော် ဂျိုးအတွက် ရှက်နေပြီဟု ကိုယ့်ဘာသာကိုယ် သိပါသည်။ ကျွန်တော်သည် ဂျိုးလက်ထဲမှ စာချုပ်များကို ဆီး၍ ယူလိုက်ပြီး မစ္စဟောဗီရှမ်အား လှမ်းပေးလိုက်သည်။

"ဒီသူငယ်ကို ပညာသင်ပေးရတဲ့ အတွက် ဒီသူငယ်ဆီက ဥာဏ်ပူဇော်ခ ငွေတစ်ပြားတစ်ချပ်မှ ရမှာ မဟုတ်ဘူး လို့ မင်း မျှော်လင့်ထားတယ် မဟုတ်လား" ဟု မစ္စဟောဗီရှမ်က မေးပြန်သည်။

ဂျိုးက အဖြေမပေးဘဲ လုပ်နေသဖြင့် ကျွန်တော်ကကြားဝင်၍ "ဒီမှာ ဂျိုး... ခင်ဗျား ဘာဖြစ်လို့ မဖြေ.."

"ပစ်ပ်" ကျွန်တော့်စကားမဆုံးမီ ဂျိုးက စိတ်ထိခိုက်သွားသည့် လေသံဖြင့် လှမ်း၍ ဟန့်သည်။ "ငါနဲ့ မင်းနဲ့ ကြားမှာ ဒီမေးခွန်းအတွက် အဖြေပေးစရာ မလိုဘူးထင်လို့ ငါ မဖြေတာပါ။ အဖြေပေးရမယ် ဆိုရင်လည်း ဒီအဖြေကို မင်း သိမှာပါ။ မင့်ကို ပညာသင်ပေးရတဲ့ အတွက် ငါက ဥာဏ်ပူဇော်ခငွေ မမျှော်လင့်ပါဘူးကွာ၊ အဲဒီတော့ မမျှော်လင့်ဘူးလို့ပဲ ဖြေရမှာ ပေါ့ကွာ၊ ဒီအဖြေက လွဲပြီး တခြားပေးစရအဖြေ ရှိသင့်သလား ပစ်ပ်ရာ"

မစ္စဟောဗီရှမ်သည် ဂျိုး၏ သဘောထားကို နားလည်သဘောပေါက် သွားသည့် မျက်နှာထားဖြင့် အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် သူ့ဘေးရှိ စားပွဲပေါ်မှ အိတ်ကလေးတစ်လုံးကို လှမ်းယူ လိုက်လေသည်။

"ဒီမှာ အလုပ်လာလုပ်ခဲ့တဲ့ အတွက် ပစ်ပ်မှာ လုပ်ခရထားတာ ရှိတယ်" ဟု မစ္စဟောဗီရှမ်က ပြောသည်။ "သူလုပ်ခငွေဟာ ဒါပဲ၊ ဟောဒီအိတ်ထဲမှာ စုစုပေါင်း

ရွှေဒင်္ဂါး ဂီနီ ပြား (ထိုခေတ်က ဂီနီပြား ရွှေဒင်္ဂါးတစ်ပြားလျှင် တစ်ပေါင်နှင့် ညီမျှသည် ဖြစ်ရာ စုစုပေါင်း နှစ်ဆယ့်ငါးပေါင်နှင့် ညီမျှသည်။) နှစ်ဆယ့်ငါးပြား ရှိတယ်။ ကဲ... ရော့ ပစ်ပ်၊ ဒီဟာ မင့်ဆရာကို ပေးလိုက်"

မစ္စဟောဗီရှမ်၏ ပုံပန်းသဏ္ဍာန်နှင့် အခန်း၏ အပြင်အဆင် အထားအသို ထူးခြားမှုကြောင့် အံ့သြခြင်း ဖြစ်နေရသည့် အထဲတွင် ယခုကဲ့သို့ ငွေထုပ်ကို သူ့လက်ထဲ လှမ်းပေးလိုက်သောအခါ ဂျိုးမှာ သွေးပျက်လုခမန်း အံ့သြခြင်း ဖြစ်သွားပုံ ရလေသည်။ သူသည် ကျွန်တော့်ကိုပင် ကြည့်၍ စကားပြောပြန်သည်။

"မင့်ဘက်က အင်မတန်ကို ရက်ရောပါပေတယ် ပစ်ပ်ရာ၊ ငါ့အနေနဲ့ မမျှော်လင့်ပေမယ့် မင်းက ကျေးဇူးသိတတ်တဲ့ သဘောနဲ့ ပေးတာဆိုတော့ မင့်ဟာ အတော်ရက်ရောတယ်လို့ပဲ ပြောရတော့မှာပေ့ါ ငါ့လူရာ" ဂျိုးပြောလိုက်ပုံမှာ လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှသဖြင့် ပထမတွင် ကျွန်တော့်မျက်နှာတစ်ခုလုံး နီရဲပြီး တစ်ကိုယ်လုံး ပူထူသွားသည်။ ထို့နောက် တစ်ကိုယ်လုံး အေးစက်သွားသည်။ မစ္စဟောဗီရှမ်ပင်လျှင် ကျွန်တော့်လို ဖြစ်သွားသည် ကို ကျွန်တော် သတိထားလိုက်မိ၏။ "အေးပေါ့ကွာ... အခု ငါတို့ လုပ်တာဟာ တာဝန်အရ လုပ်ကြတာပဲပေါ့။ တို့နှစ်ယောက် စလုံး တစ်ယောက်အပေါ် တစ်ယောက် တာဝန်ကျေအောင် လုပ်ကြတာ လို့ပဲ ပြောရမှာပေ့ါ။ အခုလို မင်းက ရက်ရက်ရောရောနဲ့ ပေးလာတဲ့ လက်ဆောင်ဟာ နှစ်ဦးစလုံးအတွက် စိတ်ချမ်းသာကြရပါတယ်ကွာ၊ ငါ တကယ်ပြောတာပါ... ငါ့လူရာ"

"ကဲ... ကဲ.. သွားပေဦးတော့... ပစ်ပ်" ဟု မစ္စဟောဗီရှမ်က နှုတ်ဆက်သည်။ "သူတို့ သွားကြပစေတော့... အက်စတယ်လာ"

"ကျွန်တော် နောက်ထပ်လာဖို့ လိုပါသေးသလား... မစ္စဟောဗီရှမ်" ဟု ကျွန်တော်က မေးသည်။

"မလိုတော့ဘူး၊ အခုဆိုရင် ဂါဂရီဟာ မင့်ဆရာ ဖြစ်သွားပြီ၊ ဒီမယ်... ဂါဂရီ။ ခဏ... စကားတစ်ခွန်းလောက် ပြောချင်လို့ "

တံခါးဘက်သို့ ကျွန်တော် လျှောက်လာခိုက်တွင် မစ္စဟောဗီရှမ်က ဂျိုး အား ပြန်ခေါ်ပြီး စကားပြောနေသည် ကို ကြားရသည်။ "ဒီသူငယ်လေးဟာ ဒီမှာတော့ဖြင့် တကယ့် လူကောင်းကလေး တစ်ယောက်ပါ။ စောစောက ပေးလိုက်တဲ့ ငွေဟာ သူကောင်းလို့ရတဲ့ ဆုပဲ၊ မင်းလည်းပဲ လူ ရိုးလူကောင်းတစ်ယောက်ဆိုတာ သိပါတယ်။ လူရိုးလူကောင်းတစ်ယောက်အနေနဲ့ သူ့ဆီက နောက်ထပ်ရဖို့ မမျှော်လင့်ပါနဲ့တော့"

မစ္စဟောဗီရှမ်၏ အခန်းထဲမှ ဂျိုးတစ်ယောက် မည်သို့မည်ပုံ

ပြန်ထွက်လာသည် ကို ကျွန်တော် ကောင်းစွာ မမှတ်မိတော့ပါ။ တစ်ခုတော့ ကျွန်တော် အတိအကျ ပြောနိုင်သည်။ အခန်းထဲမှ ထွက်မိ၍ အပြင်သို့ရောက်သည် နှင့် တစ်ပြိုင်နက် ဂျိုးသည် အောက်သို့ ဆင်းရမည့်ကို မဆင်းဘဲ ကယောင်ကတမ်းဖြင့် လှေကားအတိုင်း အပေါ်သို့ တက်သွားသည်။ ကျွန်တော် ခေါ်နေသည်ကို သူ မကြားသဖြင့် နောက်မှ အပြေးအလွှား လိုက်သွားပြီး အတင်းဆွဲချလာခဲ့ရသည်။ နောက်မိနစ်ပိုင်း အတွင်းတွင် ကျွန်တော်တို့ နှစ်ယောက် ခြံဝင်းအပြင်သို့ ရောက်လာခဲ့ကြ၏။ ဝင်းတံခါးကိုလည်း သော့ခတ်သွားပြီ။ အက်စတယ်လာလည်း ပြန်သွားပြီ။ ဂျိုးသည် အုတ်နံရံကို ကျောဖြင့် မှီ၍ ရပ်ကာ "အံ့ဩစရာပါပဲကွာ၊ တကယ့်ကို အံ့ဩစရာပါပဲ" ဟူသော စကားများကိုသာ အကြိမ်ကြိမ် အထပ်ထပ် ရေရွတ်လျက် ရှိ၏။ နောက်ဆုံးတွင် သူသည် ကျွန်တော့်အား စကားလှမ်းပြောသည်။ "ပစ်ပ်ရာ၊ တကယ့်ကို အံ့ဩစရာပါပဲလားကွာ၊ ငါဖြင့် အံ့ဩလို့ ကို မဆုံးတော့ဘူး" ဤစကားပြောအပြီးတွင် သူ့စိတ်သည် တဖြည်းဖြည်းချင်း ပြန်၍ တည်ငြိမ်လာသည်။ စကားကို အေးအေးဆေးဆေး ပြောနိုင်လာသည်။ လမ်းလျှောက်လို့လည်း ရလာလေသည်။

ဂျိုး၏ အသိဉာဏ်သည် သူ ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံကြောင့် တိုးတက်လာသည် ဟု ကျွန်တော် ထင်မိသည်။ ကျွန်တော်တို့ ပန်းဘဲလ်ချု၏ အိမ်ဘက်သို့ လျှောက်လာနေကြသည့် အချိန်တွင် ဂျိုးသည် သူ့ကိုယ်သူ အေးဆေးတည်ငြိမ်နေအောင် ကြိုးစားအားထုတ်၍ ထိန်းသိမ်း လာပုံ ရ၏။ ကျွန်တော့်အထင် မှန်ကြောင်းကို ကျွန်တော်တို့ မစ္စတာပန်ဘဲလ်ချု၏ နေအိမ် ဧည့်ခန်းထဲသို့ ရောက်သောအခါ ပေါ်ပေါက်လာသည့် ဖြစ်ရပ်က သက်သေခံနေသည်။ ကျွန်တော်တို့ နှစ်ယောက် ဧည့်ခန်း ထဲသို့ ဝင်သွားသောအခါ ကျွန်တော့်အစ်မသည် နှလုံးနာစရာကောင်းလှသော အော့ကြောလန် မျိုးစေ့သည်ကြီးနှင့် စကားလက်ဆုံကျနေသည် ကို တွေ့ရ၏။

"ဩော်... ရောက်လာကြပြီကိုး" ဟု အစ်မက ကျွန်တော်တို့ နှစ်ဦးစလုံးကို ကြည့်၍ ရေရွတ်သည်။

"ဘာတွေများ တွေ့ခဲ့ကြတုံး၊ အခုလို လူဆင်းရဲတွေဆီ ပြန်လာရတဲ့ အတွက် စိတ်မကောင်း မဖြစ်ကြဘူးလား"

"မစ္စဟေဗီရှမ်က..." ဟု ဆိုကာ ဂျိုးက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ သူ့အကြည့်မှာ သတိပေးသည့် အကြည့်မျိုး ဖြစ်၏။

"မစ္စဟေဗီရှမ်က သူ့အတွက် ပြောလိုက်တာ... ဘာတဲ့ ကွာ... ပစ်ပ်"

"နှုတ်ဆက်စကားပါ" ဟု ကျွန်တော်က ဖြေလိုက်သည်။

"အေး.. ဟုတ်သားပဲ၊ မစ္စက်ဂျိုးဂါဂရီကို သူက နှုတ်ဆက်စကား ပြောလိုက်တယ်ဆိုတာ ဆက်ဆက်ပြောလိုက်ပါလို့မှာ လိုက်တယ်"ဟု အစ်မက ဆိုသည်။ သူ့ကြည့်ရသည်မှာ ဤစကား ကြားရ၍ သဘောကျ သွားပုံ ရလေသည်။

"ပြီးတော့လည်း ဆုတောင်းမေတ္တာ ပို့လိုက်သေးတယ်" ဟု ဂျိုးက ဆက်ပြောပြီး ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့်ပြန်သည်။ နောက်တစ်ကြိမ် သတိပေးခြင်း ဖြစ်၏။ "မစ္စဟေဗီရှမ်က သူ့ကျန်းမာရေးအခြေအနေ ကောင်းပါတယ်...တဲ့။ မင့်လည်းပဲ သူ့လို ကျန်းမာပါစေ...တဲ့။ ဟုတ်လား မဟုတ်လား.. ပစ်ပ်"

"ဟုတ်ပါတယ်" ဟု ကျွန်တော်က ထောက်ခံသည်။

"မိန်းမသားချင်းမို့ ဆုတောင်းတဲ့ သဘောပါပဲ" ဟု ဂျိုးက ပြောကာ အတော်ကြီး စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက် ရှူလိုက်သည်။

"တော်ပေသားပဲ" ဟု အစ်မက ရေရွတ်ကာ အလွန်ချိုသာပျော့ပျောင်းသော မျက်နှာထားဖြင့် ပန်းဘဲလ်ချူအား ကြည့်လိုက်သည်။ "ဒီစကားတွေကို ပြောပြဖို့ မှာလိုက်တာဟာ အလွန့်ကို ယဉ်ကျေးသိမ်မွေ့တဲ့ အမျိုးသမီးကြီးတစ်ယောက်မို့ပေါ့။ ဟုတ်ဖူးလား ဦးလေးရယ်၊ ဒါနဲ့ နေပါဦး၊ သူက ဟိုမျောက်ကလေးအတွက် ဘာမှ မ ပေးလိုက်ဘူးလား"

"သူ့အတွက်ကတော့" ဟု ဂျိုးက ရေရွတ်လိုက်ပြီးမှ "ဘာမှ မပေးလိုက်ဘူး" ဟု ပြော လိုက်လေသည်။

ချက်ချင်းပင် အစ်မ၏ အမူအရာသည် ဒေါသကြီးတော့မည့် အရိပ် လက္ခဏာကို ပြလာသဖြင့် ဂျိုးက ကသောကမျော ဆက်ပြောသည်။

"မစ္စဟေဗီရှမ် ပေးလိုက်တာက.. ပစ်ပ်ရဲ့ မိတ်ဆွေအတွက်ပဲ ပေးလိုက်တာ၊ မစ္စဟေဗီရှမ် ဆိုလိုတဲ့ ပစ်ပ်ရဲ့ မိတ်ဆွေဆိုတာကလည်း တခြားလူ မဟုတ်ပါဘူး။ သူ့အစ်မကို ပြောတာပါ၊ သူ့အစ်မ မစ္စက်ဂျောဂါဂရီရဲ့ လက်ထဲ အရောက်ပေးလိုက်ပါလို့ မှာလိုက်တာ၊ မစ္စဟေဗီရှမ်က ဂျိုးလား ဂျော့လား ဆိုတာ သေသေချာချာ မသိလို့ မစ္စက်ဂျောဂါဂရီလို့ သုံး လိုက်တာပါ"

ကျွန်တော့်အစ်မက ပန်ဘဲလ်ချူကို လှမ်းကြည့်သည်။ ပန်ဘဲလ်ချူ ကတော့ သူ ထိုင်နေသည့် သစ်သားကုလားထိုင် လက်ကိုင်ကို ပွတ်နေရာမှ အစ်မအား ပြန်ကြည့်ပြီး ခေါင်းဆတ်ပြသည်။ ပြီးတော့ ဤကိစ္စ အားလုံးကို သူ ကြိုတင်ပြီး သိထားသည့် ဟန်မျိုးဖြင့် မီးဖိုကြီးဘက်လှည့်၍ ခေါင်းတစ်ချက်

ဆတ်လိုက်ပြန်လေသည်။

"ရှင် ဘယ်လောက်ရခဲ့သလဲ။ ဆိုစမ်းပါဦး" ဟု အစ်မရယ်၍ မေးသည်။ တကယ်ရယ်ခြင်း ဖြစ်ပါသည်။

"ဆယ်ပေါင်ဆိုရင် ခင်ဗျားတို့ ဘယ်လိုထင်ကြမလဲ၊ နည်းတယ် ပြောမလား၊ များတယ် ပြောမလား"

"ဆယ်ပေါင်ဆိုတော့... အတော်ကလေး များသားပဲ" ဟု အစ်မက ပြောသည်။

"အများကြီးတော့လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ အတော်ကလေးတော့ များသားပဲ"

"ဒီလိုဆိုရင် အဲဒီထက်များတယ်" ဟု ဂျိုးက ပြောသည်။

ကြောက်စရာကောင်းလှသော လူညာကြီး ပန်ဘဲလ်ချူသည် ဖျတ်ခနဲ ခေါင်းဆတ်လိုက်ပြီး အစ်မအား လှမ်းပြောသည်။ "အဲဒီထက် များသတဲ့ တူမကြီးရဲ့ "

"ဘာကြောင့်လဲ၊ ဒီလိုဆိုတော့လည်း ဦးလေးပြောတဲ့ အဓိပ္ပာယ်က ..."

"ဟုတ်ပါတယ်။ ဦးလေးပြောတဲ့ စကားဟာ ဒါပါပဲ ငါ့တူမရဲ့ " ဟု ပန်ဘဲလ်ချူက ပြောသည်။

"ဒါပေမဲ့... ခဏနေဦးကွဲ့၊ ကဲ.. ဂျိုး... ဆက်ပြောစမ်းပါဦး"

"ပေါင်နှစ်ဆယ်ဆိုရင်ကော ဘယ်လိုပြောကြမလဲ" ဟု ဂျိုးက ဆိုပြန်သည်။

"ပေါင်နှစ်ဆယ်ဆိုတာကတော့ အတော်ကြီးကို များတာပဲ" ဟု အစ် မက ပြန်ဖြေသည်။

"ကဲ... ဒီလိုဆိုရင် ပေါင်နှစ်ဆယ်ထက် များသေးတယ်"

ထိုအခါ စိတ်နေစိတ်ထား ညံ့ဖျင်းသော ကြောင်သူတော်ကြီး ပန်ဘဲလ်ချူသည် ခေါင်းတစ်ချက် ထပ်၍ ညိတ်ပြလိုက်ပြန်သည်။ ထို့နောက် ဟန်လုပ်၍ ရယ်လိုက်ပြီး "ပေါင်နှစ်ဆယ်ထက်တောင် ပိုသေးတယ် ဆိုပါလား... တူမကြီးရဲ့၊ ကောင်းပါ့ဗျာ၊ ကောင်းပါ့၊ ကဲ... ကဲ.. ဆက်ပါဦး... ဂျိုးရယ်"

"ကဲ...လေ၊ ဖော်လိုက်ပါတော့မယ်" ဟု ဂျိုးက ပြောလိုက်ပြီး "ဟော့ ဒီအထဲမှာ နှစ်ဆယ့်ငါးပေါင်ပါတယ်” ဟု ဆိုကာ ငွေထုပ်ကလေးကို အစ်မလက်တွင်းသို့ ထည့် လိုက်လေ၏။

"ကဲ... ကြားပြီလား၊ နှစ်ဆယ့်ငါးပေါင်တဲ့ တူမကြီးရဲ့" လိမ်ညာပြီးအသားယူဖို့ အကွက်ချောင်းနေသော ပန်ဘဲလ်ချူက ဂျိုး၏ စကားကို သံယောင်လိုက်၍ ရေရွတ်ကာ ထိုင်နေရာမှ ထလာပြီး အစ်မ၏ လက်များ ကို ဆွဲခါသည်။ "မင့်မှာ ရှိနေတဲ့ အရည်အချင်းထက်တော့ ပိုပြီး မရပေဘူးပေါ့ကွာ၊ ငွေရတဲ့ အတွက် မင့် ပျော်နိုင်ပါစေလို့တော့ ငါက ဆုတောင်းပါတယ်"

အကယ်၍ ဤလူဆိုးလူညစ်ကြီးသည် ဤစကားပြောပြီး ဘာမှဆက်မလုပ်ဘဲ ဤနေရာ၌ ရပ်ထားမည်ဆိုပါက သူ၏ ဆိုးရွားသောအကျင့်သည် ဘူးပေါ်သလို ပေါ်တော့မည် ဖြစ်၏။ သို့သော်လည်း သူသည် လိမ္မာပါးနပ်စွာဖြင့် ကျွန်တော့်ကို ခုတုံးလုပ်ကာ သူ့အပြစ်ကို ဖုံးသည်။

"ကဲ... ဂျိုးတို့ ဇနီးမောင်နှံရေ၊ မင်းတို့ မြင်တဲ့အတိုင်းပဲ" ပန်ဘဲလ်ချူ က ကျွန်တော့်လက်တစ်ဖက် ကို တံတောင်ဆစ်မှ ကိုင်၍ မြှောက်လိုက်ကာ အစ်မတို့အား လှမ်းပြောသည်။ "ငါဟာ အလုပ်တစ်ခုကို စလုပ်က တည်းက တောက်လျှောက် မှန်လာတတ်တဲ့ လူစားမျိုးကွဲ့၊ သိလား၊ ဒီ သူငယ်ကိစ္စကို ဆိုင်းမနေကြနဲ့တော့၊ အခုချက်ချင်း စာချုပ်ချုပ်ကြရမယ်"

"ကျွန်မဖြင့် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး... ဦးလေး ပန်ဘဲလ်ချူရယ်" ဟု အစ်မက (ငွေထုပ်ကို တအားဆုပ်ကိုင်ထားရင်း) ပြောသည်။ "ကျွန်မတို့ အပေါ်မှာ ဦးလေးရဲ့ ကျေးဇူး ကြီးလှပါတယ်ရှင်

"ဦးလေးအတွက်က ကိစ္စမရှိပါဘူး... တူမကြီးရယ်" ဟု နတ်ဆိုးနှင့် တူလှသော ပြောင်းဆန်သည်ကြီး က ပြန်ပြောသည်။

"ဒီကောင်လေးက မင်း သိတဲ့ အတိုင်းပဲ၊ သူ့ကို လက်ထောက်အဖြစ် ထားကြောင်း စာချုပ်ချက်ချင်း ချုပ်မှ ဖြစ်မှာ၊ အမှန်အတိုင်း ပြောရရင်ဒီကိစ္စကိုလည်း ဦးလေးကိုယ်တိုင် လိုက်ပြီး ဆောင်ရွက်ပေးမှ ဖြစ်မှာပဲ။”

ပန်ဘဲလ်ချူ၏ နေအိမ်နှင့် အလှမ်းမဝေးလှသော နေရာရှိ မြို့တော်ခန်းမတွင် တရားသူကြီးများ ရုံးထိုင်နေကြသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ချက်ချင်းပင် မြို့တော်ခန်းမသို့ သွားကြသည်။ ကျွန်တော့်အား ဂျိုး၏ ပန်းပဲဖိုတွင် ပညာသင်လက်ထောက်အဖြစ် ထားရှိကြောင်း တရားသူကြီးတစ်ဦး၏ ရှေ့မှောက်၌ တရားဝင်စာချုပ် ချုပ်ဆိုရန် သွားကြခြင်း ဖြစ်၏။ ဤနေရာ၌ "ကျွန်တော်တို့ သွားကြသည်" ဟူသော စကားကို သုံးခဲ့ပါသည်။ သို့သော်လည်း အတိအကျ ဖော်ပြရမည် ဆိုပါက ကျွန်တော့်အနေဖြင့် ကျွန်တော့်ဘာသာ ကျွန်တော် သွားရခြင်း မဟုတ်ပါ။ ကျွန်တော်အား ခါးပိုက်နှိုက်တစ်ယောက်သဖွယ် ကောက်ရိုးပုံမီးရှို့သည့် တရားခံတစ်ယောက်သဖွယ် မစ္စတာ ပန်ဘဲလ်ချူက တွန်းထိုးဆွဲငင်ပြီး ခေါ်သွားခြင်းသာ ဖြစ်သည်။

တရားရုံးအတွင်းရှိ လူများ ကလည်း ကျွန်တော့်အား အပြစ်ကျူးလွန်နေခိုက် ဖမ်းဆီးရမိလာသည့် ရာဇဝတ်ကောင်လေး တစ်ယောက်ဟု ထင်နေကြ၏။

ပန်ဘဲလ်ချူက ကျွန်တော့်အား နောက်မှနေ၍ တွန်းကာ လူများအကြားမှ တိုးဝှေ့သွားနေစဉ်အတွင်း လူတချို့က "ဒီကောင်လေးက ဘာလုပ်လို့တုံး" ဟု မေးနေသံများ ကြားရသည်။ တချို့ကမူ "ဒီကောင်လေး ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဒါပေမဲ့ ကြည့်ရတာကတော့ ဆိုးမယ့်ပုံပဲ" ဟု ပြောကြသည်။

မြို့တော်ခန်းမဆိုသည်မှာ ထူးဆန်းသောနေရာ တစ်နေရာ ဖြစ်သည် ဟု ကျွန်တော် ထင်သည်။ ခန်းမအတွင်း၌ ချထားသည့် ထိုင်ခုံများသည် ဘုရားရှိခိုးကျောင်း၌ ကျွန်တော် မြင်ဖူးခဲ့သည့် ခုံများ ထက် ပို၍မြင့်ကြသည်။ လူအများသည် ထိုင်ခုံများ ပေါ်၌ ထိုင်ကာ ဟိုမျှော် သည်ကြည့် လုပ်လျက်ရှိ၏။ တန်ခိုးအာဏာနှင့် ပြည့်စုံကြသော တရားသူကြီးမင်းများသည် (တစ်ဦးမှာ ခေါင်းတွင် ပေါင်ဒါမှုန့်များ ဖြူးထားသည်) စင်မြင့်ပေါ်ရှိ ကုလားထိုင်များတွင် အခန့်သား ထိုင်နေကြသည်။ တချို့ က ကုလားထိုင်များကို ကျောမှီ၍၊ တချို့က လက်များ ပိုက်၍၊ တချို့က နှာဘူးရှူ၍၊ တချို့က ငိုက်မျဉ်း၍၊ တချို့ စာရေး၍၊ တချို့က သတင်း စာဖတ်၍ ..။ ပုံစံအမျိုးမျိုးဖြင့် ထိုင်နေကြခြင်း ဖြစ်၏ တရားသူကြီးများ၏ နောက်ဘက်နံရံများ ပေါ်တွင် လူပုံများ ချိတ်ဆွဲထားရာ ပန်းချီအမြင် မရှိသော ကျွန်တော့်မျက်စိထဲတွင် လူပုံများ နှင့် မတူဘဲ မာအောင်ဖုတ်ထားသည့် ပေါင်မုန့်ကြီးများ နှင့် တူလျက် ရှိသည်။ ဤနေရာမှာပင် ကျွန်တော်နှင့် သက်ဆိုင်သည့် စာချုပ်များကို လက်မှတ်ထိုးကြသည်။ ရုံး တံဆိပ်များ ရိုက်နှိပ်ကြသည်။

ဤသို့ဖြင့် ကျွန်တော်သည် စာချုပ်စာတမ်းဖြင့် အချည်နှောင်ခံရသည့် ဘဝသို့ ဆိုက်ရောက်ခဲ့ရလေ၏။ မည်သို့ပင်ဖြစ်စေ မြို့တော်ခန်းမအတွင်း၌ သွားလာလုပ်ကိုင်နေရသည့် တစ်ချိန်လုံး မစ္စတာပန်ဘဲလ်ချူသည် ကျွန်တော့်ကို လုံးဝလွှတ်မပေးဘဲ ကိုင်ထားလေရာ သူနှင့် ကျွန်တော်တို့၏ အဖြစ်သည် သေမိန့်ကျထားသူတစ်ဦးကို စက်တိုင်သို့ ပို့ပေးနေသည် နှင့် တူလျက် ရှိလေသည်။

ကျွန်တော်တို့ မြို့တော်ခန်းမအတွင်းမှ ထွက်လာကြသည့်အခါ ကျွန်တော့်အား လူအများ ရှေ့တွင် နှိပ်စက်ညှဉ်းပန်းခြင်း ပြုလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဝိုင်း၍ ကြည့်ရှုရန် စောင့်ဆိုင်းနေကြသည့် လူငယ်များကို မနည်းကြီးပင် လွတ်အောင်ရှောင်နေရသည်။ သူတို့ မျှော်လင့်ထားသလို မဟုတ်ဟု သိလိုက်သောအခါ အားလုံးပင် စိတ်ပျက်လက်ပျက် ဖြစ်သွားကြပုံ ရ၏။ ကျွန်တော်တို့သည်ပန်ဘဲလ်ချူ၏ အိမ်ကိုပင် ပြန်ကြသည်။ ကျွန်တော့်အစ်မသည် မမျှော်လင့်ဘဲ ရလာသည့် ရွှေဒင်္ဂါးပြား နှစ်ဆယ့်ငါးပြားကြောင့် များစွာဝမ်းသာပြီး စိတ်လှုပ်ရှားလျက် ရှိ၏။ ထိုငွေဖြင့် "ဘလူးတိုးအား" ဟိုတယ်တွင် ညစာစားပွဲတစ်ခု

ပြုလုပ်မည်ဟု အစ်မက ဆုံးဖြတ်လိုက်ပြီးသော် မစ္စတာပန်ဘဲလ်ချူက သူ့မြင်းရထားဖြင့် မစ္စတာဟပ်ဘဲလ် လင်မယားနှင့် မစ္စတာဝေါ့စလေတို့ ကို ခေါ်လာရန် တာဝန်ယူလေသည်။

ညစာစားပွဲကို ပြုလုပ်မည်ဟု အားလုံးက သဘောတူလိုက်ကြပြီ ဖြစ်၍။ ကျွန်တော့်အဖို့တော့ ထိုနေ့သည် စိတ်ညစ်စရာ အကောင်းဆုံးသော နေ့တစ်နေ့ ဖြစ်သွားခဲ့ရလေပြီ။ ညစာစားပွဲသို့ ရောက်လာကြသော လူစုသည် ကျွန်တော့်အား သူတို့ လုံးဝအထင်မရှိပါလျက်နှင့် တိုးတက်လာ သူတစ်ဦးဟု သတ်မှတ်ပြီး အထိုက်အလျောက်တော့ မျက်နှာသာ ပေးကြသည်။ ဆိုးသည်ကား အချိန်ရတိုင်း (တိတိကျကျပြောရလျှင် သူတို့၌ လုပ်စရာ ဘာမှမရှိသည့် အခါတိုင်း) ကျွန်တော့်ဘက်လှည့်၍ ညစာစားပွဲတွင် ဘာကြောင့် ပျော်ပျော်ရွှင်ရွှင် မနေရတာလဲဟူသော မေးခွန်းကို မေးကြခြင်း ဖြစ်သည်။ ထိုမေးခွန်းကို ကျွန်တော် မည်သို့ ဖြေရပါ မည်နည်း။ မပျော်ပါဘဲလျက်နှင့် ပျော်ပါသည် ဟု ဖြေရန်မှ တစ်ပါး အခြားဖြေစရာ မရှိပါ။

မည်သို့ပင်ဖြစ်စေ။ သူတို့သည် လူကြီးများ ဖြစ်ကြသည့် အားလျော်စွာ ထင်ရာမြင်ရာ လုပ်ပိုင်ခွင့် ရှိကြ၏။ လုပ်ပိုင်ခွင့်ရှိသည့် အတိုင်းလည်း လုပ်ကြပါသည်။ သို့ဖြစ်ရာ သူတို့ လူစုသည် သူတို့ နည်း သူတို့ ဟန်ဖြင့် ပျော်လျက် ရှိကြသည်။ လူလိမ်လူညာကြီး ပန်ဘဲလ်ချူ ကတော့ ဤပွဲကို သူ့ပွဲဟု သတ်မှတ်ထားသည် ဖြစ်ရာ စားပွဲထိပ်မှ ထိုင်၍ လူတွင်ကျယ်လုပ်လျက် ရှိသည်။ ကျွန်တော့်အား စာချုပ်စာတမ်းဖြင့် အလုပ်သင်အဖြစ် ထားလိုက်သည့် ကိစ္စကိုလည်း တခမ်းတနား လုပ်၍ ပြောပြလျက် ရှိသည်။ စာချုပ်ပါ စည်းကမ်းချက်များ အရ အကယ်၍ ကျွန်တော်သည် ဖဲကစားလျှင်၊ အရက်သေစာ သောက်စားလျှင်၊ အချိန်မတော် အပြင်သို့ထွက်၍ လည်လျှင်၊ မကောင်းသည့် အပေါင်းအသင်းများ နှင့် ပေါင်းလျှင်၊ တေပေလေလွင့်နေလျှင် ဖမ်းဆီးအရေးယူပြီး ထောင်ဒဏ်ချမှတ်သည် အထိ အပြစ်ပေးနိုင်ကြောင်း စသည် များကိုလည်း မြိန်ရေရှက်ရေ ပြောပြလျက် ရှိ၏။ ဆိုးရွားလှသော ဤလူကြီးသည် သူ့ပါးစပ်မှ ရှင်းပြရုံမျှဖြင့် မကျေနပ်သေးဘဲ ကျွန်တော့်အား သူ့ဘေးမှ ကုလား ထိုင်ပေါ် မတ်တတ်ရပ်ခိုင်းကာ သရုပ်ပြနေလိုက်သေး၏။

ထိုညက ကျင်းပခဲ့သည့် ညစာစားပွဲ၌ ကျွန်တော့်အတွက် အမှတ်တရ ဖြစ်နိုင်လောက်သည့် အတွေ့အကြုံများ ရှိခဲ့သည် ဖြစ်ရာ ပထမဆုံး တစ်ခုမှာ သူတို့ လူစုသည် ကျွန်တော့်အား ဖြောင့်ဖြောင့်တန်းတန်း အိပ်မရအောင် နှိပ်စက်နေကြခြင်းပင် ဖြစ်သည်။ ကျွန်တော် မငိုက်လိုက်နှင့်၊ ငိုက်လိုက်သည် နှင့် တစ်ပြိုင်နက် ဝိုင်း၍ နှိုးကာ ညစာစားပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲဖို့ တိုက်တွန်းကြသည်။ ဤသို့ဖြင့် ကျွန်တော့်မှာ အိပ်ချင်ပါလျက်နှင့် မအိပ်ရသည့်

ဆင်းရဲဒုက္ခကို ခံစားနေရလေတော့သည်။ နောက်တစ်ခုမှာ ထိုညက ညဉ့်နက်ပိုင်းရောက်သည့် အခါ မစ္စတာဝေါ့စ လေက ကျွန်တော်တို့အား ကောလင်း၏ တေးသီချင်းကြီးတစ်ပုဒ်ဖြင့် သီဆိုဖြေဖျော်ခြင်း ဖြစ်၏။ သွေးစွန်းနေသော ဓားကြီးဖြင့် ခုတ်လိုက်သည် ဟူသော အပိုဒ်သို့ ရောက်သည့်အခါ မစ္စတာဝေါ့စလေ သည် အလွန် စိတ်အားထက်သန်စွာဖြင့် သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် လုပ်ပြလိုက်သည်။ အားကြိုးမာန်တက် လုပ်လိုက်ခြင်း ဖြစ်သဖြင့် ထွက်ပေါ်လာသည့် အသံမှာ သူ့သီချင်းထဲကအတိုင်း မိုးခြိမ်းသံတမျှ ကျယ်လောင်လှသည် ဖြစ်ရာ အခန်းတွင်းသို့ ဟိုတယ်စားပွဲထိုးတစ်ယောက် ဝင်လာပြီး မေတ္တာရပ်ခံရသည် အထိ ဖြစ်ခဲ့ရ၏။ နောက်တစ်ခုမှာ သူတို့ အားလုံးသည် တစ်လမ်းလုံး "အို... လေဒီဖဲယား" သီချင်းကို သံပြိုင်ဟစ်၍ ဆိုလာကြခြင်း ဖြစ်သည်။ အားလုံးထဲတွင် မစ္စတာဝေါ့စလေ၏ အသံမှာ အစူးရှဆုံးနှင့် အကျယ်လောင်ဆုံး ဖြစ်လေသည်။

ထိုညက ကျွန်တော် နောက်ဆုံးမှတ်မိသည့် အရာမှာ ကိုယ့်အိပ်ရာထဲ ကိုယ် ပြန်ရောက်သွားချိန် တွင် ကျွန်တော့်မှာ အကြီးအကျယ် နောင်တရကာ စိတ်ဆင်းရဲနေရခြင်းပင် ဖြစ်သည်။ ကျွန်တော့် အနေဖြင့် ဂျိုး၏ ပန်းပဲအလုပ်ကို လုံးဝသဘောမကျသင့်သော အမြင်သည် ကျွန်တော့်စိတ်ထဲတွင် စွဲကပ်လျက် ရှိလေပြီ။ တစ်ချိန်ကတော့ ကျွန်တော့်စိတ်သည် ထိုအလုပ်ကို များစွာ နှစ်သက်ခဲ့မိပါ၏။ သို့သော်လည်း ယခုအခါတွင် မူကား ကျွန်တော့်တွင် ထိုစိတ်မျိုး မရှိတော့ပါ။

*****

ကိုယ့်အိမ်အတွက် ရှက်စိတ်ဝင်နေခြင်းသည် စိတ်ဆင်းရဲစရာ အကောင်းဆုံးသော ခံစားမှုတစ်ခု ဖြစ်ချေသည်။ ဤခံစားမှုမျိုးတွင် ကျေးဇူးမသိတတ်သော သဘောသည် သူ့အလိုအလျောက် ပါဝင်နေသည် ဖြစ်ရာ အကယ်၍ ဤစိတ်နေစိတ်ထားမျိုးအတွက် အပြစ်ဒဏ်တစ်ခုခုကို ခံ ရမည်ဆိုပါက မည်ကဲ့သို့သော အပြစ်ဒဏ်မျိုးပင် ဖြစ်စေကာမူ ခံယူထိုက်သည် ဟု ထင်ပါသည်။

အမှန်အတိုင်း ပြောရမည်ဆိုပါက အိမ်သည် ကျွန်တော့်အတွက် စိတ်ချမ်းမြေ့စရာ ကောင်းသော နေရာတစ်ခု မဟုတ်ပါ။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာလည်း တခြားကြောင့်တော့ မဟုတ်။ ကျွန်တော့်အစ်မ၏ စိတ်နေသဘောထားကြောင့် ဖြစ်ပါသည်။ သို့သော်လည်း အစ်မကြောင့် ဖြစ်ပေါ်နေရသည့် စိတ်ဆင်းရဲမှုသည် ဂျိုးရှိနေသဖြင့် အတော်အသင့် သက်သာရာ ရခဲ့သည်ကား အမှန်ပင် ဖြစ်ပါ၏။ မည်သို့ပင် ဖြစ်စေ၊ ကျွန်တော်သည် ကျွန်တော်တို့အိမ်၏ ဧည့်ခန်းကို ခမ်းနားတင့်တယ်သော အခန်းတစ်ခန်းဟု မြင်ခဲ့သည်။ ကျွန်တော်တို့၏ အိမ်ရှေ့တံခါးကိုလည်း အစားအသောက် လှူဖွယ်ပစ္စည်းများ ဝင်လာမစဲတသဲသဲ ဖြစ်နေသည့် နတ်နန်းဗိမာန်တစ်ခု၏ ဝင်ပေါက်တစ်ပေါက်နီးပါးပင် အထင်အမြင် ရှိခဲ့၏။ ကျွန်တော်တို့၏ မီးဖိုချောင်သည် ကြီးကျယ်ခမ်းနားသော အခန်းတစ်ခန်း မဟုတ်သည့်တိုင် အလွန်သန့်ရှင်းစင်ကြယ်သော အခန်းတစ်ခန်းဟုပင် သတ်မှတ်ခဲ့သည်။ ကျွန်တော်တို့၏ ပန်းပဲဖိုကိုလည်း ယောကျ်ားကောင်း တစ်ယောက် ဖြစ်မှုနှင့် လွတ်လပ်မှုဆီသို့သွားရာ လမ်းတစ်လမ်းအဖြစ် သဘောထားခဲ့သည်။ သို့သော်လည်း ကျွန်တော့်အမြင်နှင့် စိတ်နေသဘောထားများသည် တစ်နှစ်အတွင်း အကြီးအကျယ် ပြောင်းလဲခဲ့ရပြီ ဖြစ်၏။ ယခင်ကရှိခဲ့သော ကျွန်တော့်အမြင်များသည် ကပြောင်းကပြန် ဖြစ်ကုန်ကြလေပြီ။ အခုကျတော့လည်း ကျွန်တော်တို့အိမ်သည် ကျွန်တော့်မျက်စိထဲတွင် ကြမ်းတမ်းလျက် ရှိ၏။ ညံ့ဖျင်းနုံချာလျက် ရှိ၏။ အောက်တန်းကျလျက် ရှိ၏။ မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ မြင်တွေ့သွားမည်ကို စိုးရိမ်သောစိတ်သည် ကျွန်တော့်အား အကြီးအကျယ် ခြောက်လှန့်လျက် ရှိလေသည်။

ယခုကဲ့သို့ ကိုယ်နေသည့် အိမ်အပေါ်၌ အထင်အမြင် သေးလာရခြင်းသည် ကျေးဇူးတရား မသိတတ်သော၊ အလွန်နိမ့်ကျသော ကျွန်တော်၏ စိတ်ဓာတ်ကြောင့် ပေလော။ သို့တည်းမဟုတ် မစ္စ ဟေဗီရှမ်၏ ပယောဂ ကြောင့် ပေလော၊ သို့တည်းမဟုတ် အမြဲတစေ ဆူဆူပူပူ လုပ်နေတတ်သော အစ်မ၏ အပြစ်ပေလော၊ ကျွန်တော် ခွဲခြား၍ မသိပါ။ သို့သော်လည်း ကျွန်တော့်စိတ် အပြောင်း အလဲကြီး ပြောင်းလဲသွားခဲ့သည် မှာကား အမှန်ပင် ဖြစ်၏။ ကောင်းသည် ဖြစ်စေ ဆိုးသည်

ဖြစ်စေ ခွင့်လွှတ် နိုင်သည် ဖြစ်စေ ခွင့်မလွှတ်နိုင်သည် ဖြစ်စေ စိတ်အပြောင်းအလဲကတော့ ဖြစ်သွားခဲ့ရလေပြီ။

တစ်ချိန်သောအခါကမူ ကျွန်တော့်အနေဖြင့် ရုပ်အင်္ကျီလက်များကို ပင့်၍ ဂျိုး၏ လက်ထောက်ဘဝဖြင့် ပန်းပဲဖိုအတွင်းသို့ ဝင်သွားခဲ့ရပါမူ အလွန်ထူးခြားသော လူတစ်ယောက် ဖြစ်လိမ့်မည်ဟုလည်းကောင်း၊ အလွန်ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြစ်ရလိမ့်မည်ဟုလည်းကောင်း ထင်ခဲ့မိ၏။ ယခုအခါတွင် ကျွန်တော်သည် ဂျိုး၏ လက်ထောက်ဘဝသို့ လက်တွေ့ရောက်ခဲ့ရလေပြီ။ ဤအခါကျတော့လည်း ကျောက်မီးသွေးမှုန်များ တစ်ကိုယ်လုံး ညစ်ပတ်နေရသည့် အဖြစ်ကို မနှစ်မြို့နိုင်အောင် ဖြစ်ရပြန်သည်။ ကျွန်တော်၏ နောက်ပိုင်းဘဝတွင် ထူးခြားသော ဖြစ်ရပ်ကလေးများ နှင့် ကြုံရသည့် အချိန်တစ်ချိန်သည် (အခြားလူများ၏ ဘဝတွင်လည်း ထိုအချိန်မျိုး ရှိလိမ့်မည်ဟု ကျွန်တော် နားလည် ထားသည်) ရှိခဲ့၏။ ထိုအချိန်မှာ တခြားမဟုတ်၊ ကျွန်တော်၏ စိတ်ဝင်စားမှုနှင့် စိတ်ကူးယဉ်မှုကလေးများကို ရှေ့တန်းမတင်နိုင်ဘဲ အောင့်အည်းမျိုးသိပ်ထားရသည့် အချိန်မျိုး ဖြစ်သည်။ ထိုအချိန်မျိုးနှင့် ကြုံရသည့်အခါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရသည်မှာ အမှန်ပင် ဖြစ်ပါ၏။ သို့သော်လည်း ကိုယ့်စိတ်ဝင်စားမှုသည် စိတ်ကူးယဉ်မှုများကို လုံးဝ ရှေ့တန်းမတင်နိုင်ဘဲ ဂျိုး၏ လက်ထောက်အဖြစ် လုပ်ကိုင်နေခဲ့ရသည့် အချိန်လောက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ်ကို မခံရဟုပင် စိတ်က ထင်မိပါသည်။

ကျွန်တော့်နောက်ပိုင်းဘဝတွင် ထိုစဉ်က ကျွန်တော် ကြုံခဲ့ရသည့် "အချိန်ကာလ" ကို အမြဲတမ်းလိုလို ပြန်၍ သတိရမိသည်။ ထိုအချိန်က ကျွန်တော်သည် တနင်္ဂနွေနေ့ ညနေခင်းများတွင် သင်္ချိုင်းကုန်းထဲသို့ သွား၍ အချိန်ဖြုန်းလေ့ ရှိသည်။ ဖြည်းဖြည်းချင်း ကျလာနေသည့် အမှောင်ရိပ်များ အောက်၌ ရပ်ကာ အဆက်မပြတ် တိုက်ခတ်နေသော လေအောက်ရှိ စိမ့်မြေတောမြင်ကွင်းနှင့် ကျွန်တော့်ဘဝကို နှိုင်းယှဉ်ကြည့်နေမိ၏။ ဤအရာနှစ်ခု၏ ကြားတွင် ရှိနေသည့် တူညီမှုများကို ကျွန်တော် ရှာဖွေနေမိသည်။ နှစ်ခုစလုံးသည် နင်းပြားများ ဖြစ်၍ နိမ့်ကျကြ၏။ နှစ်ခုစလုံးသည် မိမိတို့ မသိသော လမ်းအတိုင်း လာခဲ့ကြခြင်း ဖြစ်၍ ရှေ့တွင်လည်း မှောင်မိုက်နေသော မြူနှင်းများ နှင့် အပြောကျယ်လှသော ပင်လယ်ပြင်သည် တည်ရှိနေ၏။ ကျွန်တော်သည် ဂျိုး၏ လက်ထောက်အဖြစ်ဖြင့် ပထမဆုံး အလုပ်စတင်သည့် နေ့ကဆိုလျှင် အကြီးအကျယ် စိတ်ပျက်ခဲ့ရသည်။ စိတ်ညစ်စိတ်ရှုပ်ခဲ့ရသည်။ သို့သော်လည်း ကျွန်တော် ထိုကဲ့သို့ ဖြစ်ခဲ့ရသည် ကို စာချုပ်သက်တမ်း မကုန်ဆုံးမီကာလ တစ်လျှောက်လုံး ဂျိုးမရိပ်မိအောင် ဖုံးဖိထားခဲ့သည်။ ကျွန်တော့်အဖြစ်ကို လေသံတစ်ချက်မျှပင် မဟခဲ့ပါ။ ဂျိုးမသိအောင် မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်ခဲ့သည့် အတွက်လည်း ကျွန်တော့်မှာ များစွာ ဝမ်းသာခဲ့ရပါသည်။

ဤအကြောင်းများကို ပြန်ပြောင်း သတိရသည့်အခါ ဂျိုး၏ ကောင်းမြတ်သော အရည်အသွေးများကို ကျွန်တော် သတိမရဘဲ မနေနိုင်ပါ။ ထိုအချိန်က ကျွန်တော် အိမ်မှ ထွက်ပြေးပြီး စစ်သားတစ်ယောက် သို့မဟုတ် သင်္ဘောသားတစ်ယောက်ဘဝသို့ ရောက်မသွားခြင်းသည် ကျွန်တော် သစ္စာရှိ၍ မဟုတ်၊ ဂျိုးက သစ္စာရှိ၍သာ ဖြစ်၏။ ကျွန်တော့် အနေဖြင့် ကျွန်တော် လုပ်ရမည့် အလုပ်ကိုသည်းခံ၍ ဇွဲရှိရှိနှင့် လုံ့လဝီ ရိယထားကာ လုပ်ကိုင်ခဲ့၏။ ယင်းကဲ့သို့ လုပ်ကိုင်ခဲ့ခြင်းမှာလည်း အလုပ်၏ ဂုဏ်နှင့် တန်ဖိုးကို ကျွန်တော် သိနားလည်၍ မဟုတ်ပါ။ အလွန်ရိုးသားဖြောင့်မတ်ပြီး တာဝန်သိတတ်သော ဂျိုးကိုယ်တိုင်က သူ့အလုပ်ကို ဇွဲရှိရှိနှင့် လုံ့လဝီရိယထား၍ လုပ်ကိုင်နေခြင်းကြောင့်သာ ဖြစ်၏။ ကျွန်တော့်အနေဖြင့် အလုပ်အပေါ်တွင် စိတ်ဝင်စားမှု မရှိစေကာမူ ဂျိုး၏ လက်ထောက်ဘဝဖြင့် ဂျိုးလုပ်သလို လုပ်ရ၏။ ဂျိုး ဇွဲရှိသလို လိုက်၍ ရှိရ၏။ ဂျိုး လုံ့လဝီရိယ ထားသလို လိုက်၍ ထားရ၏။ သို့ဖြစ်ရာ ဂျိုး၏ လက်ထောက်ဘဝတွင် ကျွန်တော့်၌ ကောင်းမြတ်သော အရည်အသွေးများ ရှိခဲ့သည် ဆိုငြားအံ့ ထိုအရည်အသွေးများသည် ကျွန်တော်တော်လွန်း၍ ရှိလာရခြင်း မဟုတ်။ ကျွန်တော့်အတွက် ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့သော ဂျိုးတော်လွန်း၍သာ ဖြစ်ပေသည်။

ဂျိုး၏ လက်ထောက်အဖြစ် လုပ်ကိုင်နေရသည့် အချိန်ကာလတစ်လျှောက်လုံးတွင် ကျွန်တော် အကြောက်ဆုံးသော အရာတစ်ခု ရှိခဲ့၏။ ထိုအရာမှာ တခြားမဟုတ်။ အလုပ်လုပ်နေရင်းမှ မော့အကြည့်လိုက်တွင် ပန်းပဲဖိုပြတင်းပေါက်မှ ငုံ့ကြည့်နေသော အက်စတယ်လာ၏ မျက်လုံးများ နှင့် ဆုံမိမည်ကို ကြောက်ခြင်းပေတည်း။ ထိုကြောက်စိတ်သည် ကျွန်တော့်အား အမြဲတစေ ခြောက်လှန့်လျက်ရှိလေရာ အက်စတယ်လာသည် အနေးနှင့် အမြန် ဆိုက်ရောက်လာလိမ့်မည်ဟု စိတ်ထဲက ယုံကြည်နေမိ၏။ မျက်နှာနှင့် လက်များတွင် မီးသွေးများ ပေကျံကာ အနိမ့်ကျဆုံးဟု ဆိုအပ်သော အလုပ်ကြမ်းတစ်ခုကို ချွေးတလုံးလုံးဖြင့် လုပ်ကိုင် နေရသည့် ကျွန်တော့်ကို ကြည့်၍ အက်စတယ်လာသည် ရွှင်လန်းအားရခြင်း၊ အထင်အမြင်သေးသော မျက်နှာထားဖြင့် မထီမဲ့မြင်ပြုခြင်း စသည် များကို လုပ်လိမ့်မည်ဟု ကျွန်တော် ထင်မိ၏။ မိုးစုပ်စုပ်ချုပ်သွားချိန်များတွင် ကျွန်တော်သည် ဂျိုးအတွက် ဖိုကြီးကို မီးတောက်မီးလျှံများ ထပြီး မီးရှိန်တက်နေအောင် အဆက်မပြတ် ဆွဲပေးရတတ်သည်။ ထိုအချိန်မျိုးတွင် ကျွန်တော်တို့သည့် "အဘိုးအို ကလင်း" သီချင်းကို ဆိုလေ့ရှိကြ၏။ ထိုသီချင်းကို ဆိုမိသည့် အခါတိုင်း မစ္စဟေဗီရှမ်၏ နေအိမ်၌ ထိုသီချင်း ဆိုပြခဲ့သည့် အဖြစ်ကို သတိရမိမိသည်။ ထိုအခါ ကျွန်တော့်မျက်စိအောက်ရှိ မီးတောက်မီးလျှံများကြားတွင် အက်စတယ်လာ၏ မျက်နှာသည် တရစ်ဝဲဝဲ ပေါ်လာလျက် ရှိသည်။ သူ၏ လှပသော ဆံပင်များသည် လေနှင့်အတူ လွင့်လျက်ရှိပြီး သူ့မျက်လုံးများသည် ကျွန်တော့်အား သရော်လျက် ရှိကြ၏။ ဤအခါမျိုးတွင် ကျွန်တော်သည် မှောင်ကြီးမည်းမည်းထဲ၌

ရှိနေသော ပြတင်းပေါက်များ ဆီသို့ မကြာ ခဏ လှမ်းကြည့်မိသည်။ အက်စတယ်လာ၏ မျက်နှာသည် တဖြည်းဖြည်းချင်း ဝေးဝေးသွားသည် ဟု စိတ်ထဲ ထင်မိသည်။ နောက်ဆုံးတွင် မူ သူ့မျက်နှာသည် ကျွန်တော့်ထံ ရောက်လာသည် ဟု စိတ်ကူးယဉ်မိပြန် လေ၏။

အလုပ်ပြီးပြတ်သွားသည့် အခါတွင် မူ ကျွန်တော်တို့သည် ညစာစား ဖို့ အတွက် အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ခင်းကျင်းပြင်ဆင်ထားသည့် ညစာစားပွဲနှင့် စားပွဲပေါ်မှ အစား အသောက်များသည် ဤနေရာကို အိမ်နှင့် ပို၍ တူအောင် ဖန်တီးပေးလျက် ရှိ၏။ သို့သော်လည်း ကျေးဇူးမသိ တတ်သော ကျွန်တော့်ရင်ထဲတွင် မူ ဤအိမ်အတွက် ရှက်သောစိတ်သည် ယခင့်ယခင်ကထက် တိုး၍ လာလျက် ရှိလေသည်။

****

အသက်အရွယ် ကြီးလာပြီဖြစ်သော ကျွန်တော်သည် မစ္စတာဝေါ့စလေ၏ ကြီးတော်ကြီးကျောင်း၌ ပညာဆက်လက်သင်နေ၍ မဖြစ်တော့သဖြင့် ကျောင်းထွက်လိုက်ရ၏။ ဤသို့ဖြင့် ကျွန်တော်သည် ကိုယ်နှင့် မတန်မရာ အလုပ်တစ်ခုကို လုပ်နေသော အဘွားအိုကြီးတစ်ဦး၏ ပညာသင်ကြားမှုအောက်မှ လွတ်မြောက်ခဲ့ရလေသည်။ ထိုအချိန်တွင် ဘစ်ဒီ ကလည်း သူသိသမျှ တတ်သမျှအားလုံးကို ကျွန်တော့်အား သင်ကြား ပေးခဲ့ပြီးပြီ ဖြစ်သည်။ သူ၏ ဈေးနှုန်းကတ်တလောက် စာအုပ်ကြီးထဲမှပါသမျှ အကြောင်းအရာများကိုသာမက သူတစ်ချိန်ကပဲနိဝက်ပေးပြီး ဝယ်ယူ လာခဲ့သော ကာတွန်စာအုပ်ထဲမှ ကဗျာတစ်ပုဒ်ကိုပင် သင်ကြားပေးခဲ့သည်။ ကဗျာမှာ ကာတွန်းကဗျာ ဖြစ်၍ စပ်ဟပ်ထားပုံ အမြီးအမောက် မတည့်သော်လည်း အရာရာကို သိချင်တတ်ချင်ပြီး ပညာရှိကြီး ဖြစ်ချင်နေသော ကျွန်တော်သည် ထိုကဗျာကို အလွတ်ရအောင် အထူးတလည် ကြိုးစားအားထုတ်၍ ကျက်မှတ်ထားခဲ့သည်။ ကျွန်တော့်နေဖြင့် ထိုကဗျာ စပ်ပုံစပ်နည်း မှန်မမှန်ကို သိသည် မဟုတ်ပါ။ ထိုကဗျာ၏ အဓိပ္ပာယ်ကိုလည်း နားလည်ခဲ့သည် မဟုတ်ပါ။ ထိုကဗျာနှင့် ပတ်သက်၍ ကျွန်တော် စဉ်းစားခဲ့မိသည့် အချက်ဆို၍ တစ်ချက်မျှသာ ရှိခဲ့၏။ (ယခုအချိန်အထိလည်း ထိုအချက်ကို စဉ်းစားမိဆဲ ဖြစ်သည်။) တခြားမဟုတ်ပါ။ ကဗျာတစ်ပုဒ်လုံးတွင် "တူးရူးလ်" ဟူသော စကားလုံးများ အဆမတန် များပြားနေခြင်းသည် ဘာ့ကြောင့်ပါလိမ့် ဟူသော အချက်ကို စဉ်းစားခဲ့မိခြင်း ဖြစ်လေသည်။

သိချင်တတ်ချင်စိတ် ပြင်းထန်လွန်းသော ကျွန်တော်သည် မစ္စတာ ဝေါ့စလေထံ ချဉ်းကပ်၍ သူ့တွင် ရှိနေသည့် အသိပညာများထဲမှ အနည်းငယ်မျှကို ကျွန်တော့်အား မျှတခွဲဝေပေးပါရန် တောင်းပန်မိသည်။ သူကလည်း ကျွန်တော့်အလိုကို လိုလိုချင်ချင်ပင် လိုက်လျောသည်။ သို့သော်လည်း တကယ်တမ်း လက်တွေ့သင်ကြားပြသသည့် အခါတွင် မူကား မှန်းချက်နှင့် နှမ်းထွက် ကွာလျက်ရှိလေသည်။ သူသည် ပညာသင်ကြားရာ၌ ကျွန်တော့်အား လူဟု သဘောမထားဘဲ ပန်းချီဆရာတစ်ဦးက စံပြပုံအဖြစ် သတ်မှတ်ထားသည့် လူရုပ်တစ်ရုပ်မျှလောက် သဘောထားသည် ကို တွေ့ရသည်။ သူ့အနေဖြင့် ကျွန်တော့်အား သင်ကြားပေးရမည့် အစား ကျွန်တော်နှင့် ပြိုင်၍ ငြင်းခုံနေတတ်၏။ သူ တတ်သမျှ မှတ်သမျှ ကဗျာစာပေများကို ရွတ်ဖတ်ပြနေရာမှ စျာန်ဝင် စားလာကာ ကျွန်တော့်အား ပွေ့ဖက်ခြင်း၊ ငိုယိုခြင်း စသည်များကိုလည်း ပြုတတ်၏။ တစ်ခါတစ်ရံကျတော့လည်း နိုင်လိုမင်းထက်ပြုကာ ဆွဲလား၊ ရမ်းလား၊ ထိုးလား၊ ကြိတ်လား ပြုတတ်သည်။ သူ၏ ကဗျာဥာဏ်စိတ်ရူးထမှုကြောင့် ကျွန်တော့်မှာ ဒဏ်ရာအနာတရ ရခြင်းသာ အဖတ်တင်ခဲ့၏။ ထို့ကြောင့် နောက်ဆုံးတွင် သူ့ထံ၌ ပညာသင်ကြားခြင်းကို စွန့်လွှတ်လိုက်ရပါတော့သည်။

ဤကြားထဲမှပင် ကျွန်တော် သိသမျှ တတ်သမျှကလေးများကို ဂျိုး အား တစ်ဆင့် ပြန်လည်သင်ကြားပေးရန် အားထုတ်သည်။ ယင်းကဲ့သို့ အားထုတ်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ဂျိုးကို ဘာမှ မသိနားမလည်သည့်သာမန်လူစားမျိုး တစ်ယောက် မဖြစ်စေချင်ပါ။ အထူးသဖြင့် ကျွန်တော့်အပေါင်းအသင်း မိတ်ဆွေတစ်ဦးအနေဖြင့် လူနုံလူညံ့တစ်ယောက် မဖြစ်စေချင်ပါ။ သို့မှသာလျှင် အက်စတယ်လာနှင့် တွေ့သည့်အခါ အက်စတယ်လာ၏ အထင်အမြင်သေးခြင်းမှ လွတ်ကင်းမည် မဟုတ်ပါလား။

တကယ်တော့လည်း ဤနေရာ ဤပတ်ဝန်းကျင်သည် သာယာငြိမ်ဆိတ်သောနေရာ ဖြစ်သည်။ မြေကတုတ်ခံတပ်၏ တစ်ဖက်ရှိ မြစ်ပြင်ပေါ်ဝယ် လှေများ၊ သင်္ဘောများသည် ဥဒဟိုသွားလာလှုပ်ရှားလျက် ရှိကြသည် တစ်ခါတစ်ရံ ဒီရေကျသွားချိန်တွင် ဤလှေ၊ ဤသင်္ဘောများသည် နိမ့်ကျသွားသော ရေပေါ်တွင် ရုပ်တိုက်၍ ပြေးနေသည် ဟု ထင်ရ၏။ ရွက်များကိုလွှင့်၍ လေနှင့် အလိုက်သင့် သွားနေကြသည့် လှေများ၊ သင်္ဘောများဆီသို့ ငေးမောကြည့်ရှုနေမိသော ကျွန်တော့်စိတ်သည် မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ ဆီသို့ ရောက်သွား လေ့ရှိသည်။ အလွန်အလှမ်းဝေးကွာသော အရပ်ဆီမှ လာနေသော အလင်းရောင်သည် လှေ၊ သင်္ဘော၊ မြစ်ပြင်နှင့် စိမ်းလန်းသော တောင်ကုန်းများ ပေါ်သို့ အစောင်းလိုက်ဖြာဆင်းလျက် ရှိလေသည်။ ဆေးရေးပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေသော ဤရှုခင်းကို မြင်ရပြန်တော့လည်း မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ ကိုသာမက သူတို့ နေထိုင်ရာ ထူးဆန်းသော အိမ်ကြီးနှင့် သူတို့၏ ထူးဆန်းသော ဘဝများကိုပါ သတိရမိသည်။ သူတို့၏ ထူးဆန်းသော ဘဝသည် ဤရှုခင်းနှင့် ဆက်စပ်ယှက်နွယ်နေသည် ဟု စိတ်ကူးယဉ် မိသည်။

တနင်္ဂနွေ တစ်ရက်တွင် ဂျိုးသည် ထုံးစံအတိုင်း သူ့ဆေးတံကို ခဲ၍ အရသာခံလျက်ရှိရာမှ သူ့ကိုယ်သူ မထိန်းချုပ်နိုင်လောက်အောင်ပင် ပျင်းရိငြီးငွေ့နေသည် ပြောသည်။ ထို့ကြောင့် ကျွန်တော်က ထိုအနေ့အဖို့ စာသင်ကြားမှုကို မပြုတော့ဘဲ အနားပေးလိုက်၏။ ကျွန်တော်ကတော့ မြေကြီးပေါ် အလျားလိုက်မှောက်ကာ မေးထောက်ပြီး အဝေးသို့လှမ်းမျှော်ကြည့်နေမိသည်။ ကျွန်တော့်မျက်စိများသည် မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့၏ ရုပ်ပုံလွှာများကို မိုးကောင်းကင်ထဲ၌လည်းကောင်း၊ မြစ်ရေပြင်ထဲ၌လည်းကောင်း ထင်ယောင်မြင်ယောင် ဖြစ်လျက် ရှိသည်။ ကျွန်တော့်ခေါင်းထဲတွင် သူတို့ နှစ်ယောက် အကြောင်းဖြင့် ပြည့်လျက်ရှိသဖြင့် ယခုကဲ့သို့ ဖြစ်နေရခြင်းဟု ကျွန်တော် ထင်ပါသည်

"ဂျိုး" ဟု ကျွန်တော်က ခေါ်သည်။ "ကျွန်တော် မစ္စဟေဗီရှမ်တို့ ဆီသို့

တစ်ခေါက်လောက် သွားလည်သင့်တယ်လို့ ခင်ဗျား မထင်ဘူးလား"

ဂျိုးက ခပ်ဖြည်းဖြည်းအချိန်ယူ၍ စဉ်းစားနေပြီးမှ "ဘာကိစ္စ သွားမှာလဲ" ဟု မေးသည်။

"ဘာကိစ္စ၊ ဟုတ်လား၊ အလည်အပတ် သွားတယ်ဆိုတာ ကိစ္စရှိရဦးမှာလား ဂျိုးရာ"

"တချို့အလည်အပတ်သွားတာမျိုးကျတော့ မင်းပြောသလို မလိုဘူးပေါ့ကွာ" ဟု ဂျိုးက ပြန်ပြောသည်။ "ဒါပေမဲ့ မစ္စဟေဗီရှမ်လို လူဆီ သွားလည်တာမျိုးကျတော့ တစ်မျိုးကွ၊ သူက မင်း သူ့ဆီက တစ်ခုခု ရချင်လို့ လာတယ်လို့ ထင်ချင်ထင်မှာ "

"သူက ထင်တော့ကော ကျွန်တော်က မဟုတ်ပါဘူးလို့ ရှင်းပြလိုက်ရင် ဖြစ်တာပဲ မဟုတ်လား ဂျိုးရာ"

"ရှင်းပြရင်တော့ ဖြစ်တာပေါ့ကွာ" ဟု ဂျိုးက ပြန်ပြောသည်။ "သူကလည်း မင်းပြောတာကို ယုံချင် ယုံပေမပေါ့၊ သူ့အနေနဲ့ ယုံချင်မှ ယုံမယ် လို့လည်း တွက်လို့ ရတာပဲ"

အမှန်တော့ ဂျိုးသည် ကျွန်တော် တွေးမိသလို တွေးမိခြင်းဖြစ်ရာ သူ့စကားသည် ကျွန်တော့်ဘက်မှ ငြင်း၍ မရနိုင်လောက်အောင် မှန်လျက် ရှိ၏။ သူသည် ဤကိစ္စနှင့် ပတ်သက်၍ သူ့စိတ်ထဲရှိသမျှ ပွင့်ပွင့်လင်းလင်း ပြောမိမည်ကို စိုးရိမ်ဟန်တူ၏။ သူ့ဆေးတံကို နာနာပါအောင် ခဲကာပါးစပ်ကို မဟနိုင်အောင် လုပ်ထားလေသည်။

"မင်းသိတဲ့ အတိုင်းပဲ ပစ်ပ်" သူ့ပါးစပ်ကို ပြောချင်သလို မပြောအောင် ထိန်းနိုင်သည် နှင့် တစ်ပြိုင်နက် ဂျိုးက သူ့စကားကို ဆက်ပြောသည်။ "မစ္စတာဟေဗီရှမ်က မင့်အတွက် ကောင်းတာတစ်ခု လုပ်ပေးခဲ့တယ် လေ။ အဲဒါ မင်းမှတ်မိတယ် မဟုတ်လား၊ အဲဒီကိစ္စ လုပ်ပေးပြီးတဲ့ နောက်မှာ သူက ငါ့ကို လှမ်းခေါ်ပြီး စကားတစ်ခွန်း ပြောခဲ့တယ် ငါ့လူ"

"ဟုတ်ပါတယ် ဂျိုး၊ သူပြောတာကို ကျွန်တော် ကြားပါတယ်"

"အေး... ဟုတ်တယ်၊ အဲဒါပဲ" ဂျိုးက ထိုစကားကို အလွန်အလေးအနက်ထား၍ ပြောသည်။

"ဟုတ်တယ် ဂျိုးရာ၊ ကျွန်တော်လည်း ကြားလိုက်ရပါတယ်လို့ ခင်ဗျားကို ပြောပြီးပါပကောလား"

"အေး ငါပြောချင်တာ အဲဒါပဲ ပစ်ပ်ရာ၊ အဲဒီတုန်းက သူပြောလိုက်တဲ့ အမိပ္ပာယ်က နောက်ထပ် မလာစေချင်တဲ့ သဘောပါတယ်လို့ ငါကတော့ ထင်တာပဲ၊ မင်းနဲ့ ငါ တွေးပုံတွေးနည်းက တောင်နဲ့ မြောက်လို ကွာချင်လည်း ကွာပေမပေါ့"

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်ကိုယ်တိုင်ပင် ထိုအတိုင်း တွေးခဲ့မိပြီး ဖြစ်သည်။ ယခု ဂျိုးက ကျွန်တော် တွေးမိသလို တွေးလာသောအခါ ကျွန်တော့်စိတ်သည် သက်သာရာရဖို့ ဝေးလာသည်။ နှစ်ဦးစလုံး အတွေးတူနေလျက် အထင်သည် မှန်ဖို့ က များနေပြီ။

"ဒါပေမဲ့ ဂျိုးရာ"

"အေး... ပြော၊ ငါ့လူ"

"အခု ကျွန်တော် ဒီမှာ အလုပ်လုပ်နေတာ တစ်နှစ်ရှိပြီ၊ စာချုပ်ချုပ်ပြီးတဲ့ နေ့က စပြီး ကနေ့အထိ မစ္စဟေဗီရှမ်ကို လုံးဝ ကျေးဇူးတင်စကား မပြောရသေးဘူး၊ တကယ်တော့ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်စကား ပြောဖို့ တာဝန်ရှိတယ်။ သူ့ကို သတိရကြောင်းပြရမယ့် ဝတ္တရားလည်း ရှိတယ်"

"အေး ဟုတ်တယ်၊ ဒါကတော့ မှန်တယ် ပစ်ပ်ရာ၊ ဒါပေမဲ့ တကယ်လို့ မင့်အနေနဲ့ က သူ့အတွက် လက်ဆောင်လေး ဘာလေး၊ အို..... ကွာ...။ ငါပြောချင်တဲ့ အဓိပ္ပာယ်က ဒီလို...။ မင်းက သူ့ကို သတိရတဲ့ အနေနဲ့ လက်ဆောင်လေး ဘာလေး ယူသွားသည့် တိုင်အောင် သူ့ဘက် လိုလိုချင်ချင်နဲ့ လက်ခံမယ့်အခြေအနေမျိုး ရှိမယ် မထင်ဘူးကွာ"

"ကျွန်တော်က အဲသလို သတိရတာမျိုးကို ပြောတာ မဟုတ်ပါဘူး ဂျိုးရာ၊ လက်ဆောင်တစ်ခုခု ယူသွားပြီး ပေးဖို့ ကျွန်တော် မစဉ်းစားမိဘူးဗျာ"

သို့သော်လည်း လက်ဆောင်တစ်ခုခု ပေးဖို့ ဟူသော စိတ်ကူး ခေါင်းထဲ၌ စွဲသွားပြီဖြစ်သော ဂျိုးသည် ထိုအကြောင်းကိုပင် ထပ်ပြောပြန်သည်။ "မင်းက သူ့အိမ်ရှေ့တံခါး ပိတ်ဖို့ သံကြိုးအသစ်တစ်ချောင်း လုပ်ယူ သွားမယ် ဆိုပါတော့၊ ဒါမှ မဟုတ်ဘဲ သုံးချင်တာသုံးဖို့ ဝက်အူတွေ လုပ် ပေးမယ် ဆိုပါတော့၊ ဒါမှမဟုတ်ဘဲ ပေါင်မုန့်ကင်ဖို့ ခက်ရင်းတစ်ချောင်း လှလှပပလေး လုပ်သွားမယ်ဆိုပါတော့၊ ဒါမှမဟုတ်လည်း အသားငါးတွေ ကင်ဖို့ သံမီးဖိုတစ်လုံး လုပ်ပြီး ယူသွားမယ်ဆိုပါတော့"

"ကျွန်တော် ဘာလက်ဆောင်မှ ယူသွားဖို့ စိတ်မကူးပါဘူး ဂျိုးရ" ကျွန်တော်က သူ့စကားမဆုံးမီ ဖြတ်ကြားဖြတ်၍ ပြောသည်။

သို့သော်လည်း ဂျိုးသည် သဘောမပေါက်ပါ။ ကျွန်တော်ကပင်

လက်ဆောင်တစ်ခုခု ယူသွားလိုသည် ဟု သူ့အား နားပူနားဆာ လုပ်နေသဖြင့် နားချနေရသည့် နှယ် ဖျောင်းဖျသော စကားမျိုးကို ဆက်ပြောပြန်သည်။ "တကယ်လို့ ငါသာ မင်း ဆိုရင်တော့ အဲသလို မလုပ်ဘူးကွာ၊ တကယ်ပြောတာ၊ ငါ လုံးဝ မလုပ်ဘူး၊ မင်း စဉ်းစားကြည့်လေ... ကွာ၊ တံခါးချည်ဖို့ သံကြိုးဆိုပါတော့၊ သူ့မှာ ရှိနေတာပဲ၊ ဝက်အူတွေ ကျတော့ကော၊ ဘာထူးမှာလဲ၊ သူ့မှာ အသုံးတည့်ချင်မှ တည့်မှာပဲ၊ ဆိုကြပါစို့ရဲ့။ ပေါင်မုန့်ကင်တဲ့ ... ခက်ရင်း၊ ဒီပစ္စည်းမျိုးအတွက်လည်း မင်းမှ မျက်နှာရစရာ မရှိပါဘူး... ပစ်ရာ၊ သံမီးဖိုဆိုတာကျတော့ ပိုဆိုးတာပေါ့။ အထင်ကြီးခံရမယ့် ပစ္စည်းမျိုးမှ မဟုတ်တာ" ဂျိုးသည် ဤကိစ္စကို ကျွန်တော်က ဇွတ်လုပ်ရန် အားထုတ်နေ၍ တားမြစ်နေရသည့်နှယ် နောက်မဆုတ်တမ်း ပြောလျက် ရှိ၏။ "အေးလေကွာ၊ မင်းကြိုက်တာသာ ယူသွားပါ၊ ဒါပေမဲ့ သံမီးဖိုဆိုတာကတော့ မင့်အတွက် ဟန်မယ် မထင်ပါဘူး ငါ့လူရာ"

"ဒီမှာ ဂျိုး" ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် အော်ပြောမိသည်။

"ခင်ဗျား ဒီစကားကို မပြောနဲ့တော့ဗျာ၊ မစ္စဟေဗီရှမ်ကို လက်ဆောင်ပေးဖို့ ကျွန်တော် လုံးဝ မစဉ်းစားဘူးဗျ"

"အေးပါကွာ ပစ်ပ်ရာ၊ ငါ ထပ်မပြောတော့ပါဘူး" ဟု ဂျိုးက လျှော့ပေးသည်။

"ငါပြောချင်တာ တစ်ခုကတော့ အခုကိစ္စမှာ မင်းမှန်ပါတယ်... ပစ်ပ်ရာ"

"ဒီလိုဆိုလည်း ပြီးတာပါပဲ ဂျိုးရာ၊ ဒါပေမဲ့ ကျွန်တော်ကလည်း ပြောချင်တာ တစ်ခုရှိတယ်။ တကယ်လို့ ခင်ဗျားက ကျွန်တော့်ကို မနက်ဖြန် နေ့ထက်ဝက် အနားပေးမယ်ဆိုရင် ကျွန်တော့်အတွက် အဆင်ပြေမှာပဲ၊ ဒါဆိုရင် မနက်ဖြန် မြို့ကိုသွားပြီး မစ်အက်စ...၊ ဟေဗီရှမ်နဲ့ တွေ့နိုင်မယ်"

"သူ့နာမည်က ဘာကွ" ဟု ဂျိုးက မေးသည်။ "အက်စတယ်လာဟေဗီရှမ်တော့ ဟုတ်မယ် မထင်ပါဘူး ပစ်ပ်ရာ၊ သူက နာမည်မှ မပြောင်းသေးတာ"

"ဟုတ်ပါတယ် ဂျိုးရာ၊ ကျွန်တော် သိပါတယ်။ ကျွန်တော် လျှာချော် သွားလို့ပါ။ ကဲ... ကျွန်တော် အခုနက ပြောတဲ့ကိစ္စ ခင်ဗျား ဘယ်လိုသဘောရသလဲ ဂျိုး"

ထိုအခါ ဂျိုးက မစ္စဟေဗီရှမ်ထံ အလည်သွားသည့် ကိစ္စကို ကျွန်တော်က ကောင်းသည် ဟု ထင်လျှင် သူကလည်း ကောင်းသည် ဟုပင် ထင်ကြောင်း

ပြောသည်။ သို့သော်လည်း အကယ်၍ မစ္စဟေဗီရှမ်က ကျွန်တော့်အပေါ်၌ လိုလိုချင်ချင် မရှိခဲ့သော် သို့မဟုတ် နောက်တစ်ကြိမ် လာလည်ဖို့ မပြောခဲ့သော် နောက်ထပ် အလည်မသွားသင့်ဟု သူ ထင်ကြောင်း၊ အကယ်၍ သူပြောသည့် အတိုင်း ဖြစ်နေပါမူ ယခုတစ်ခေါက်ကို နောက်ဆုံးအခေါက်ဟု သတ်မှတ်သင့်ကြောင့် ပြောသည်။ ကျွန်တော် ကလည်း သူပြောသည့် အတိုင်း ဖြစ်ရပါစေမည်ဟု ကတိပြုလိုက်ပါသည်။

ဂျိုးတွင် တစ်ပတ်တစ်ကြိမ် လုပ်ခရှင်းပေးရသော အောလစ်အမည် ရှိ နေ့စားအလုပ်သမား တစ်ယောက် ရှိသည်။ အောလစ်က သူ၏ ခရစ်ယာန်နာမည်မှာ ဒေါ့ဂ်ျ ဖြစ်သည် ဟု ပြောလေ့ရှိ၏။ သူ့စကား မမှန်ကြောင်းကို လူအများက သိကြသည်။ သို့သော်လည်း အောလစ်သည် အလွန်ခေါင်းမာသော ဉာဏ်ရှိသူတစ်ဦး ဖြစ်သည့် အားလျော်စွာ သူ့အပြောကို လုံးဝမလျှော့ချ။ သူသည် ရင်အုပ်ကျယ်ကျယ် အလွန်ဗလ ကောင်းသူတစ်ဦး ဖြစ်သော်လည်း အသားအရောင်ကျတော့ ညိုညစ်ညစ် ဖြစ်လေသည်။ သူ့ကိုကြည့်လိုက်လျှင် ဘယ်တော့မှ ပျာယာခတ်သည့် ပုံမျိုး မရှိပေ။ သွားသည့် လာသည့် အခါများတွင် မူ ကိုယ်ကို ခပ်ကိုင်း ကိုင်းထားပြီး ဦးခေါင်းကို ငုံ့၍ ရှေ့သို့ စိုက်စိုက် စိုက်စိုက် သွားတတ်သဖြင့် သူ့အမူအရာမှာ ကုပ်ချောင်းချောင်းနိုင်လှ၏။ ပန်းပဲဖို သို့ လာသည့် အခါတွင်လည်း သူ့အလုပ်ရှိရာသို့ လာသည့် ပုံမျိုး မဟုတ် ပေ။ ကုပ်ချောင်းကုပ်ချောင်းဖြင့် လမ်းကြုံ၍ ဝင်လာသည့် ဟန်မျိုး ဖြစ်သည်။ ညစာစားရန်အတွက် လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံသို့ သွားသည့် အခါများတွင် ဖြစ်စေ၊ ပျော်ပွဲစားရုံမှ အပြန် မှောင်ကြီးမည်းမည်းထဲ၌ လျှောက်သွားသည့် အခါများတွင် ဖြစ်စေ သူ့ပုံစံ သူ့အချိုးသည် လုံးဝအပြောင်းအလဲ မရှိပေ။ လူသတ်ပြီး ထွက်ပြေးလာသည့် လူတစ်ယောက်နှင့် တူသလိုလို ရှိသည်။ သူ့ကိုယ်သူ ဘယ်ဆီဘယ်လမ်း သွား နေမှန်းမသိသည့် လူတစ်ယောက်နှင့်လည်း တူသယောင်ယောင် ရှိ၏။ သူလာခဲ့ရာလမ်းကို ပြန်လာဖို့ ရည်ရွယ်ချက် မရှိတော့သည့် လူတစ်ယောက် လျှောက်သွားနေပုံမျိုး ဖြစ်လေသည်။

အောလစ်သည် စိမ့်မြေတော့ဘက်ရှိ ရေတံခါးစောင့်၏ လော့ဂျ်ခေါ် တိုက်အိမ်ကလေးတွင် အခန်းခပေး၍ နေသူ ဖြစ်သည်။ အလုပ်ဖွင့်ရက် များတွင် အောလစ်သည် သူနေထိုင်ရာ အိမ်ကလေးဆီမှ လက်နှစ်ဖက်ကို အိတ်ကပ်များထဲနှိုက်၍ ကုပ်ကုပ် ကုပ်ကုပ်နှင့် ထွက်လာတတ်သည်။ အဝတ်စတစ်စဖြင့် ထုပ်ပြီး သူ့လည်ပင်းတွင် ချည်ထားသော သူ့ထမင်းဘူးသည် သူ့နောက်ကျောပေါ်မှ တွဲလောင်း တွဲလောင်းဖြင့် ပါလာတတ်လေသည်။ အလုပ်အားရက်ဖြစ်သည့် တနင်္ဂနွေနေ့များတွင် မူ သူသည် ရေလွှဲတံခါးများ အနီး၌ တစ်နေကုန်တစ်နေခန်းလဲလျောင်း၍သော်လည်းကောင်း၊ ကျီများ နှင့် ကောက်ရိုးပုံများ ၌ မှီ၍သော်လည်း ကောင်း၊ အချိန်ဖြုန်းလေ့ ရှိသည်။ သူသည် ဦးခေါင်းကို အမြဲတမ်း ငုံ့ထားတတ်သည်။ သူ့မျက်လုံးများသည် မြေပြင်မှ တစ်ပါး

အခြား ဘာကိုမျှ ကြည့်လေ့မရှိ။ တစ်စုံတစ်ဦးက နှုတ်ဆက်လိုက်သည့် အခါ သို့မဟုတ် အကြောင်းတစ်ခုခုကြောင့် မျက်လုံးများကို ပင့်တင်ရန် လိုအပ်လာသည့် အခါ ရန်လိုခြင်းတစ်ဝက်၊ မယုံသင်္ကာဖြစ်ခြင်းတစ်ဝက် ရော စပ်နေနေသော အကြည့်မျိုးဖြင့် မော့ကြည့်တတ်သည်။ သူ့စိတ်သည် နာကြည်းစရာ အကြောင်းမှလွဲ၍ အခြား ဘာကိုမျှမတွေးကြောင်း သူ့ အကြည့်က ဖော်ပြနေသည်။

စိတ်ကြမ်းကိုယ်ကြမ်း နိုင်လွန်းလှသော ဤနေ့စားအလုပ်သမား အောလစ်သည် ကျွန်တော့်ကို ခင်မင်ခြင်း မရှိပါ။ ကျွန်တော် ငယ်စဉ်တောင်ကျေးကလေးဘဝ ကြောက်တတ်သည့်အရွယ်က အောလစ်သည် ပန်းပဲဖိုထောင့်သရဲကြီးတစ်ကောင်ရှိကြောင်း၊ မှောင်ကြီးမည်းမည်းထဲ၌ ထိုသရဲကြီးမှာ သူနှင့်အလွန်ခင်ကြောင်း၊ ထိုသရဲကြီးအား ခုနစ်နှစ်ကျော်လျှင် တစ်ကြိမ် အရှင်လတ်လတ်ကလေးတစ်ယောက်ကို ကျွေးမွေးရကြောင်းနှင့် တစ်နေ့နေ့တွင် ကျွန်တော်ကိုယ်တိုင် ထိုသရဲကြီး၏ အစာဖြစ်နိုင်ကြောင်း ပြောပြပြီး မကြောက်ကြောက်အောင် ခြောက်လှန့်ခဲ့ဖူးသည်။ ကျွန်တော် ဂျိုး၏ လက်ထောက်အလုပ်သင်ဖြစ်လာသော အခါတွင် မူကား သူ့နေရာကို ကျွန်တော် လုယူလိမ့်မည်ဟု တထစ်ချ တွက်ပုံရ၏။ ဤသို့ဖြင့် သူသည် ကျွန်တော့်အပေါ်၌ ပို၍မျက်မုန်းကျိုးလာခဲ့သည်။

ဤကိစ္စနှင့် ပတ်သက်၍ သူသည် နှုတ်မှ တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်းတော့ မပြုပါ။ ပြောင်ပြောင်တင်းတင်း ရန်လုပ်ခြင်းလည်း မပြုပါ။ ကျွန်တော့်အနေဖြင့် တစ်ခုတော့ သတိထားမိ၏။ မီးဖုတ်ထားသော သံချောင်းကြီးများကို တူနှင့် ထုသည့် အခါတိုင်း မီးပွားများ ကျွန်တော်ရှိရာဘက်သို့ လွင့်စဉ်လာအောင် ထုလေ့ရှိသည်။ အဘိုးအိုကလင်းသီချင်းကို ကျွန်တော်ဆိုသည့် အခါများတွင်လည်း ကျွန်တော်ဆို၍ မဖြစ်အောင် ကြားမှဖြတ်၍ သီချင်းဆိုခြင်းအားဖြင့် ကဖျက်ယဖျက်လုပ်လေ့ ရှိလေသည်။

နောက်တစ်နေ့တွင် ကျွန်တော့်အား နေ့ထက်ဝက် အနားပေးမည့် ကိစ္စကို ဂျိုး မေ့နေမည်စိုး၍ ကျွန်တော်က သတိပေးသည်။ ထိုအချိန်တွင် ဒေါ့ဂ်ျအောလစ်သည် ပန်းပဲဖိုထဲတွင် အလုပ်လုပ်လျက် ရှိ၏။ ကျွန်တော်က ဂျိုးကို သတိပေးနေခိုက်တွင် သူနှင့် ဂျိုးသည် ဖီးဖုတ်ထားသော သံချောင်းကြီးတစ်ချောင်းကို တူများ နှင့် တစ်ယောက်တစ်ချက် ထုနေချိန်ဖြစ်ပြီး ကျွန်တော်က ဖိုကြီးများကို ဆွဲပေးနေခိုက်ဖြစ်၍ သူသည် ဘာတစ်ခွန်းမှ ဝင်၍ မပြောပေ။ သို့သော်လည်း နောက်တစ်ခါမျှ ကြာသောအခါ သူ့လက်ထဲမှ တူကြီးကို အားပြု၍ ရပ်ကာ ဂျိုးအား စကားလှမ်းပြောသည်။

"ကဲ... ဆရာ။ ကျုပ်တို့ အလုပ်သမားနှစ်ယောက်ရှိတဲ့ အထဲက တစ်ယောက်တည်းကို ကွက်ပြီး မျက်နှာသာပေးလို့ ကတော့ ဘယ်ဖြစ်မလဲဗျာ၊

တကယ်လို့ ဟိုကောင်ပေါက်စ ပစ်ပ်ကို နေ့ထက်ဝက် အနားပေးမယ်ဆိုရင် အကောင်ကြီး အောလစ်ကို တန်းတူအခွင့်အရေးတော့ ပေးမှပေါ့" ကျွန်တော် သိသလောက်ဆိုရင် အောလစ်သည် အသက်နှစ်ဆယ်ငါးနှစ်ခန့်မျှသာ ရှိလိမ့်ဦးမည် ဖြစ်၏။ သို့သော်လည်း သူသည် သူ့ကိုယ်သူ တကယ့်လူကြီးဂိုက်ဖမ်း၍ စကားပြောလေ့ ရှိသည်။

"မင်းက ခွင့်ဘာပြုလို့ လိုချင်တာတုံး၊ နေ့ထက်ဝက်ခွင့်ရတော့ကော မင်းက ဘာလုပ်မှာလဲ" ဟု ဂျိုးက ပြန်မေးသည်။

"ခွင့်ရရင် ကျုပ်ဘာလုပ်မလဲ၊ ဟုတ်လား၊ သူကရော ဘာလုပ်မှာတဲ့လဲ။ ကျုပ်ကလည်း သူလုပ်သလိုပဲ လုပ်မှာပေါ့ဗျာ" ဟု အောလစ်က ပြန်ပြောသည်။

"ပစ်ပ်က မြို့ကို သွားမှာ … ကွ"

"အဲသလိုဆိုရင် အကောင်ကြီးအောလစ်လည်း မြို့ကို သွားမှာပေါ့ဗျ၊ မြို့ပေါ်ကို နှစ်ယောက်လည်း သွားနိုင်တာပဲ၊ တစ်ယောက်တည်း သွားနိုင်ရမယ်လို့ ပညတ်ထားတာမှ မဟုတ်တာ"

"ဒေါသမကြီးနဲ့ လေ… ကွာ" ဟု ဂျိုးက ဆိုသည်။

"ကျုပ်ဘာသာကျုပ် ကြီးချင်ကြီးမယ်ဗျာ၊ ဘာဖြစ်လဲ" ဟု အောလစ် က ပြန်ဟောက်သည်။ "ဘယ်သူမဆို မြို့ကို သွားနိုင်ခွင့် ရှိတယ်။ သွားတော့ ဘာဖြစ်လဲ၊ ကဲ… ကိုယ့်ဆရာ၊ ဒီပန်းပဲဖိုမှာ မျက်နှာလိုက်တာတွေ ဘာတွေ မလိုချင်ဘူး၊ ယောက်ျားပီပီ လုပ်ပါ"

ဆရာဖြစ်သူဂျိုးက အောလစ်၏ စကားကို လက်မခံဘဲ ငြင်းနေသော အခါ အောလစ်သည် တိုး၍ ဒေါသကြီးလာသည်။ သူသည် လက်ထဲမှ သံကောက်ကြီးဖြင့် မီးဖိုထဲမှ မီးခဲများကို ဆောင့်ကြီးအောင့်ကြီး ထိုးဆွကာ မီးတရဲရဲ ဖြစ်နေသော သံချောင်းကြီးကို ဆွဲထုတ်လိုက်သည်။ သူ့ပုံ ပန်းသည် ထိုသံချောင်းကြီးဖြင့် ကျွန်တော့်ကိုယ်ကို ဖောက်ထိုးလိုက်တော့မည်နှယ် ဖြစ်သည်။ သူသည် သံချောင်းကြီးကိုညှပ်၍ ကျွန်တော့်ခေါင်းပေါ်မှ ကျော်၍ ယူကာ ပေပေါ်တင်ပြီး တအား ကျုံးထုနေသည်။ သံချောင်းကြီးကို ကျွန်တော်ဟု စိတ်ထဲမှ ကျိတ်၍ သတ်မှတ်ကာ အငြိုးကြီးကြီးနှင့် ထုနေပုံ ရ၏။ မီးပွားများသည် ဘေးပတ်ပတ်လည်ကို တဖွားဖွားလွင့်လျက် ရှိကြသည်။ အတန်ကြာသောအခါ သူထုနေသော သံချောင်း အေးသွားသဖြင့် အထုရပ်သွားလေသည်။

"ကဲ… ဆရာသမား"

"မင်း အခု စိတ်ပြေသွားပြီလား" ဟု ဂျိုးက မေးသည်။.

"ကျုပ်က ပြေပါတယ်" ဟု အောလစ်က ပြောသည်။

"ဒါဆိုရင် အလုပ်စည်းကမ်းအရ မင်းလည်းပဲ အများနည်းတူ အလုပ်လုပ်ခဲ့တာပဲ၊ အားလုံးအတွက် နေ့ထက်ဝက် အလုပ်ပိတ်ပေးမယ်"

ထိုအချိန်တွင် ကျွန်တော့်အစ်မသည် အိမ်ဝင်းထဲ၌ ရပ်လျက် ရှိသည်။ သူရပ်နေသော နေရာသည် ကျွန်တော်တို့ ပြောဆိုနေသမျှကို ကြားနိုင်သည့်နေရာ ဖြစ်၏။ အစ်မသည် သူတစ်ပါးလုပ်သမျှကို စပ်စုချင်တတ်ပြီး ချောင်းမြောင်းနားထောင်လိုသော ဝါသနာရှိသူ ဖြစ်ရာ ဂျိုးနှင့် အောလစ်တို့ အချီအချ ပြောနေသမျှကို ချောင်း၍ နားထောင်နေပုံ ရ၏။ သူသည် ပန်းပဲဖို ပြတင်းပေါက် တစ်ပေါက်မှ နေ၍ အထဲသို့ လှမ်းကြည့်နေသည်။

"ဟဲ့... အရူး" ဟု အစ်မက ဂျိုးကို လှမ်းပြောသည်။ "ဒီလို ငထုံငထိုင်းကောင်မျိုးကို နင်က အလုပ်နားရက်တွေ ဘာတွေ ပေးနေသပေ့ါ... လေ၊ ဟုတ်လား၊ သူ့ကိုယ်သူ သူဌေးကြီး ကျနေတာပဲ၊ လုပ်ခတွေကို အလဟဿ ဖြစ်အောင် ဖြုန်းတီးနေလိုက်တာများ၊ အံ့ပါတော်၊ ဒီနေရာမျိုးမှာ ငါ သူ့ဆရာဖြစ်ချင်လိုက်ပါဘိ... ဟယ်"

"ခင်ဗျားကတော့ တတ်နိုင်ရင် လူတိုင်းရဲ့ ဆရာ ဖြစ်ချင်နေတဲ့ မိန်းမပါ။ ကျုပ် သိပါတယ်" ဟု အောလစ်က ပမာမခန့်သည့် မျက်နှာထားဖြင့် ပြုံးဖြဲဖြဲလုပ်၍ ပြောသည်။

"သူ့ကို မပြောနဲ့ ကွာ" ဟု ဂျိုးက တားသည်။

"နင်တို့လို လူလိမ်လူညာ လူ့ငနွားတွေကို ငါ ဂရုမစိုက်ဘူး... ဟဲ့ ကောင်ရဲ့" အကြီးအကျယ် ဒေါသူပုန်ထလာပြီဖြစ်သော အစ်မက အော်ကြီးဟစ်ကျယ် ရန်တွေ့သည် "နင့်ဆရာလို လူအတွေရဲ့ ဘုရင်ကိုလည်း ငါ ဂရုမစိုက်ဘူး။ နင့်လို လူလေလူလွင့်ကောင်မျိုးနဲ့လည်း ငါ အဖက်လုပ်ပြီး စကားပြောဖို့ မလိုဘူး၊ ကဲ... သိပြီလား"

"ဟေ့ကောင် အောလစ်၊ သူ့ကို မပြောနဲ့ ဆိုကွာ" ဟု ဂျိုးက ဟန့်ပြန်သည်။

"နင်က ငါ့ကို ဘာပြောတယ်ဟဲ့" အစ်မက ခုနစ်သံချီဟစ်၍ အော်သည်။ "နင်က ဘာပြောတယ်၊ ဟဲ့...ပစ်ပ်၊ ဟိုအကောင်အောလစ်က ငါ့ကို ဘာပြောလိုက်တာလဲဟင်၊ သူက ငါ့ကို ခေါ်လိုက်တာဘာတဲ့။ ငါ့လင်ရှေ့မှာ ပြောလိုက်တဲ့ စကား... ဟာလေ။ အမယ်လေးတော်... အမယ်လေး။ အမယ်လေးလေး..." ကျွန်တော့်အစ်မသည် ဤ "အမယ်လေး" ဟူသော စကားလုံးများကို တစ်ခွန်းချင်းစီး အသံကုန်ညှစ်၍ ငယ်သံပါအောင် အော်ခြင်း

ဖြစ်သည်။ ကျွန်တော့်အစ်မအကြောင်း ကျွန်တော် ကောင်းကောင်း သိသည်။ ဤမျှလောက်အထိ ဒေါသကြီး လာပြီဆိုလျှင် ဒေါသကြီးရုံမျှဖြင့် ကိစ္စပြီးတော့မည် မဟုတ်။ သူ့ဒေါသသည် ပြင်းထန်သည် နှင့် အမျှ ဖြည်းဖြည်းချင်း အရှိန်အဟုန် တက် လာလေ့ရှိ၏။ "ငါ့ကို အကာအကွယ်ပေးပါ့မယ်လို့ ကျမ်းကျိန်ပြီး လက်ထပ်လာခဲ့တဲ့ ငါ့လင် အယုတ်တမာကောင်ရဲ့ ရှေ့မှာ ဒီကောင်စုတ်က ငါ့ကို ခေါ်လိုက်တာ.. ဘာတဲ့။ အို... အိုး... ငါ့ကို တွဲကြပါဦး... အိုး..."

"အား... ဟား" အောလစ်က မလိုတမာအသံဖြင့် ရေရွတ်သည်။ "ကျုပ် မိန်းမသာ ဆိုရင်တော့ ကျုပ်က တွဲပါတယ်၊ ပြီးတော့မှ ခင်ဗျားခေါင်းကို ရေဘုံဘိုင်အောက် ထိုးခံပြီး ရေနဲ့ မွှန်းသတ်မယ်"

"ဟော့ကောင်... သူ့ကို မပြောပါနဲ့ ဆိုကွာ" ဂျိုးက ထပ်၍ ပြောပြန်သည်။

"အိုး... အိုး... ကြားကြရဲ့လား အရပ်ကတို့ ရယ်" အစ်မသည် လက်ခုပ်လက်ဝါးတီးကာ အသံကုန်ဟစ်၍ အော်နေသည်။ ဤအဆင့်သည် သူ့ဒေါသ၏ ဒုတိယအဆင့် ဖြစ်၏။ "ဒီကောင်စုတ်က ကျုပ်ကို ပေးလိုက်တဲ့ နာမည်တွေ ကြားကြရဲ့လား..တော့်။ အောလစ်ဆိုတဲ့ ကောင်ကလေ။ ကျုပ်အိမ်ထဲ လာပြီး စော်ကားနေတာတော့၊ ကျုပ်လင်ကို ငုတ်တုတ် ထားပြီး စော်ကားချင်တိုင်း စော်ကားနေပါတယ်တော့်။ အမယ်လေး.." ဤနေရာတွင် ကျွန်တော့်အစ်မသည် လက်ခုပ်လက်ဝါး တီးလိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ သူ့ရင်ဘတ် သူထုလိုက်။ ခုန်လိုက်ပေါက်လိုက် လုပ်လျက် ရှိသည်။ သူ့ခေါင်းစည်းပဝါကို ဆွဲဖြုတ်ကာ လွှင့်ပစ်သည်။ သူ့ဆံပင်များကို ဆုပ်၍ ဆောင့်၍ ဆွဲသည်။ ဤအဆင့်များသည် ဒေါသအထွတ်အထိပ်သို့ ရောက်ပြီး စိတ်နောက်ကိုယ်ပါ ထင်ရာမြင်ရာ ပြုတော့မည့် အဆင့်ဖြစ်၏။ အစ်မသည် တံခါးပေါက်ဆီသို့ တစ်ဟုန်ထိုး ပြေးသွားသည်။ သို့သော်လည်း တံခါးကို ကျွန်တော် သော့ခတ်ထားမိ၍တော်ပါသေး၏။

သူ ကြားမှ နေ၍ အတန်တန် တောင်းပန်နေပါလျက်နှင့် သူ့စကား ကို လုံးဝ အရေးမစိုက်သလို ဖြစ်လာသည့်အခါ စိတ်ရှုပ်လာသော ဂျိုးသည် ထိုင်နေရာမှ ထလာပြီး အောလစ်နှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။ သူနှင့် သူ့မိန်းမ မစ္စက်ဂျိုးတို့ ကြားတွင် အဆင်မပြေဖြစ်အောင် ဘာကြောင့် လုပ်ရသနည်းဟု မေးသည်။ တစ်ဆက်တည်းပင် ယောကျ်ားပီပီ ရင်ဆိုင်ရဲသော သတ္တိရှိပါက နှစ်ယောက်ချင်း ယှဉ်ပြိုင်ကြမည်ဟု စိန်ခေါ်သည်။ အောလစ်သည် အခြေအနေကို အကဲခတ်သည်။ သူ့အနေဖြင့် ဂျိုး စိန်ခေါ်သည့် အတိုင်း လက်ခံရန်မှ တစ်ပါး အခြားထွက်ပေါက် ကို ရှာမရတော့ပေ။ ဤသို့ဖြင့် ဂျိုးနှင့် အောလစ်တို့သည် နောက်ထပ် စကားတစ်ခွန်းမှ မပြောကြတော့ဘဲ သူတို့ ကိုယ်ပေါ်မှ အိုးမည်းများ ပေကျံနေသည့် အင်္ကျီများ နှင့် ခါးစည်း အဝတ်များကို ချွတ်၍ ပုံကာ တစ်ယောက်နှင့် တစ်ယောက် ထိုးကြိတ် သတ်ပုတ်ကြပါ လေတော့သည်။ နှစ်ဦးစလုံးမှာ

အားကောင်းမောင်းသန်နှင့် အလွန်ဗလကောင်းသူများ ဖြစ်ရာ ဘီလူးကြီးနှစ်ကောင် ယှဉ်ပြိုင်၍ တိုက်ခိုက်နေသည် နှင့် တူလှ၏။ သို့သော်လည်း ကျွန်တော်တို့ ရွာ၌ ဂျိုးကို အနိုင်ရအောင် ယှဉ်ပြိုင် သတ်ပုတ်နိုင်သည့် လူဆို၍ တစ်ဦးတစ်ယောက်မျှ ရှိသည် ကို ကျွန်တော် မတွေ့ဖူးပါ။ ယခုလည်း ... မျက်နှာဖြူရော်ရော်နှင့် လူလတ်ပိုင်း အရွယ်မျှသာ ရှိသေးသော အောလစ်သည် မကြာမီအတွင်းမှာပင် ကျောက်မီးသွေးပုံ ထဲသို့ ကားခနဲ ကျသွားပြီး ပြန်၍ မထနိုင်တော့ပေ။ ထိုအခါ ဂျိုးသည် တံခါးကို သော့ဖွင့်၍ အပြင်သို့ ထွက်သည်။ ပြတင်းပေါက်အနီး၌ သတိလစ်ပြီးလဲကျနေသော ကျွန်တော့်အစ်မကို (သတ်ပွဲပြီးဆုံးသည် အထိ အားရအောင် ကြည့်ပြီးခါမှ လဲကျသွားသည် ဖြစ်မည်ဟု ကျွန်တော်ထင်သည်။) ပွေ့ချီပြီး အိမ်ထဲသို့ သွင်းသွားသည်။ အိပ်ရာပေါ်သို့ ချလိုက်သည် နှင့် တစ်ပြိုင်နက် သတိရလာသော အစ်မသည် ဂျိုး၏ လက်တွင်းမှ ရုန်းကန်ထကာ ဂျိုး၏ ဆံပင်များကို သူ့လက်ဖျားဖြင့် ဆောင့်၍ ဆောင့်၍ ဆွဲလိုက်ပါသေးသည်။ ထို့နောက်တော့ အားလုံး ငြိမ်ငြိမ် ဆိတ်ဆိတ် ဖြစ်သွားသည်။ စောစောက သံကုန်ဟစ်၍ အော်ခဲ့သမျှ အခု ကျတော့ ထူးထူးခြားခြားကြီး ငြိမ်သက်တိတ်ဆိတ်သွားသည်။ ထိုအခါ ကျမှပင် ကျွန်တော်သည် အပေါ်ထပ်သို့ တက်၍ အဝတ်အစားလဲရသည်။

ကျွန်တော် အောက်သို့ ပြန်ဆင်းလာသောအခါ ဂျိုးနှင့် အောလစ်တို့သည် ပြန်တည့်နေကြလေပြီ။ အောလစ်၏ နှာခေါင်းပေါက်တစ်ဖက်တွင် ကွဲနေသည့် ဒဏ်ရာ တစ်ချက်မှ လွဲ၍ စောစောကဖြစ်ခဲ့သည့် ရန်ပွဲ၏ အစအနဟူ၍ ဘာတစ်ခုမှ မမြင်ရတော့ပေ။ လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံမှ ယူလာဟန်တူသော ဘီယာတစ်အိုးကို အလယ်တွင် ချကာ နှစ်ယောက်သား တစ်ယောက်တစ်လှည့် မော့နေကြပြီ ဖြစ်၏။ ဆူဆူပူပူ ဖြစ်ခဲ့ပြီးသည့် နောက်တွင် တည်ရှိလာသည့် အေးငြိမ်မှုသည် ဂျိုး၏ စိတ်ကို များစွာတည်ငြိမ်အောင် ဖန်တီးပေးလိုက်ပုံ ရသည်။ သူသည် ကျွန်တော်နှင့် အတူ လမ်းမပေါ်အထိ လိုက်လာပြီး နှုတ်ဆက်သဖြင့် ကျွန်တော့်မှာ များစွာ စိတ်ချမ်းသာခဲ့ရပါသည်။

အလွန်နားလည်ရခက်ခဲသည့် စိတ်ခံစားမှုအရ ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အိမ်သို့ နောက်တစ်ကြိမ် လာခဲ့မိပြန်လေပြီ။ အိမ်အနီးသို့ ရောက်လာပြန်တော့လည်း လူခေါ်ခေါင်းလောင်းကြိုး ကို ဆွဲသင့်မသင့် မဆုံးဖြတ်နိုင်သဖြင့် ဝင်းတံခါးရှေ့မှ အခေါက်ပေါင်းများစွာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိသေးသည်။ ခေါင်းလောင်းကြိုးကို ဆွဲမနေတော့ဘဲ ပြန်သွားသင့်မသင့်လည်း ချီတုံချတုံ ဖြစ်လျက် ရှိသေးသည်။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်သည့် အခါကျမှပင် ခေါင်းလောင်းကြိုးကို ဆွဲလိုက်ပါသည်။

ဤတစ်ကြိမ်တွင် ဝင်းတံခါးလာဖွင့်သူမှာ မစ္စဆာရာပေါ့ကက်ဖြစ်သည်။ အက်စတယ်လာ မဟုတ်ပါ။

"ဘယ်လိုလဲ မင်း လာပြန်ပြီလား" ဟု မစ္စပေါ့ကက်က ပြောသည်။

"မင်းက ဘာလိုချင်ပြန်လို့လဲ"

ကျွန်တော် မစ္စဟေဗီရှမ်နှင့် တွေ့လို၍ လာခြင်းဖြစ်ကြောင်း ပြောပြသောအခါ မစ္စဆာရာပေါ့ကက် သည် လိုလိုလားလားရှိပုံ မရပေ။ သို့သော်လည်း ကျွန်တော့်အား အထဲသို့ ဝင်ခွင့်ပြုပြီး မစ္စဟေဗီရှမ်ထံသို့ သွားပြောသည်။ နောက်တစ်ခဏမျှအကြာတွင် ဆာရာပေါ့ကက် ပြန် ရောက် လာပြီး ကျွန်တော့်အား အိမ်အပေါ်ထပ်သို့ တက်သွားရန် ပြောလေသည်။

အရာရာတိုင်းသည် မပြောင်းလဲသေးပါ။ အားလုံးသည် ယခင်က မြင်ခဲ့တွေ့ခဲ့သည့် အတိုင်းပင် ဖြစ်သည်။ မစ္စဟေဗီရှမ်မှာလည်း သူ့အခန်းထဲတွင် တစ်ယောက်တည်းပင် ဖြစ်၏။ သူသည် ကျွန်တော့် အား တစ်ချက်မျှ စူးစူးရဲရဲ ကြည့်လိုက်ပြီး ... "ဘယ်လိုလဲကွဲ့၊ မင်းအနေ နဲ့ ငါ့ဆီက နောက်ထပ် ဘာမှ မလိုချင်တော့ဘူးလို့ ငါကတော့ မျှော်လင့် ထားတာ၊ မင်းလိုချင်လို့လည်း ဘာမှ ရမှာ မဟုတ်တော့ဘူး"

"ကျွန်တော် ဘာမှ မလိုချင်ပါဘူး.. မစ္စဟေဗီရှမ်၊ အလုပ်သင်တစ်ယောက်အဖြစ်နဲ့ အဆင်ပြေနေတာကို ပြောပြချင်လို့ပါ။ ပြီးတော့ ကျွန်တော် မစ္စဟေဗီရှမ်ကို ကျေးဇူးတင်စကားလည်း ပြောချင်လို့ လာခဲ့တာပါ "

"ဩော်... ဟုတ်လား... အေး... အေး" မစ္စဟေဗီရှမ်က ထုံးစံအတိုင်းပင် သူ့လက်ကို ယမ်း၍ ပြောသည်။ "မကြာ... မကြာ လာလည်ပေါ့ကွယ်၊ မင်းမွေးနေ့ဆိုရင် လာလည်ပေါ့။ ဟုတ်လား... အင်း" သူသည် တစ်ချက်မျှ ခပ်ကျယ်ကျယ် ရေရွတ်လိုက်ပြီး သူထိုင်နေသည့် ဘီးတပ်ကုလားထိုင်ကို ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိအောင် လှည့်လိုက်သည်။ "မင့်ကြည့်ရတာ အက်စတယ်လာကို ရှာနေပုံ ရတယ်။ ဟင်း... ဟင်း"

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ ကျွန်တော် အက်စတယ်လာကို မျက်စိရှာနေမိသည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်တော်သည် ထစ်တီးထစ်ငေါ့ဖြင့်ပင် အက်စတယ်လာတစ်ယောက် နေထိုင်ကောင်းလိမ့်မယ်ဟု မျှော်လင့်ပါကြောင်း ပြန်ပြောမိသည်။

"သူ နိုင်ငံခြားမှာ ကွဲ့" ဟု မစ္စဟေဗီရှမ်က ပြောသည်။ "ဂုဏ်သရေ ရှိ အမျိုးသမီးဖြစ်လာအောင် ပညာရှာနေတယ်။ သူ့အဆင့်က

လက်လှမ်းမမီနိုင်လောက်အောင် အဆင့်မြင့်သွားပြီ၊ အရင်ကထက်လည်း ပိုပြီးချော ပိုပြီး လှလာတယ်။ သူ့ကို မြင်သမျှ တွေ့သမျှ လူတိုင်းက တမ်းတမ်းစွဲပဲဟော့၊ မင်းကောဘယ့်နှယ်လဲ၊ သူ့ကို မလွမ်းဘူးလား"

နောက်ဆုံးမေးလိုက်သည့် အသံတွင် တစ်ဖက်သား၏ စိတ်ကို ဆင်းရဲအောင် လုပ်လိုသော အငွေ့အသက်ပါလျက်ရှိ၏။ စကားဆုံးသည့် အခါ လှောင်သလို ပြောင်သလို ရယ်လိုက်ပါသေးသည်။ ကျွန်တော့်အနေဖြင့် မည်ကဲ့သို့ ဖြေရမည်ကိုပင် မစဉ်းစားတတ်အောင် ဖြစ်လျက်ရှိသည်။ သို့သော်လည်းတော်ပါသေး၏။ သူ့ကို အဖြေပေးဖို့ ကြာကြာစိတ်ရှုပ်ခံပြီး မစဉ်းစားလိုက်ရပါ။ ကျွန်တော် တွေတွေဝေဝေ ဖြစ်နေခိုက်မှာပင် သူက ကျွန်တော့်အား လက်ဟန်ခြေဟန်ဖြင့် ပြန်ခိုင်းပါတော့သည်။ သစ်ချသီးအခွံရောင်ပေါက်နေသော မျက်နှာပိုင်ရှင် မစ္စ ဆာရာပေါ့ကက်က ကျွန်တော့်အား လိုက်ပို့ပြီး ခြံဝင်းတံခါးကို ပိတ်လိုက်သည်။ အပြင်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် ကိုယ့်အိမ်ပေါ်တွင် မကျေနပ်သည့် စိတ်၊ ကိုယ့်အလုပ်အပေါ်တွင် မကျေနပ်သည့် စိတ်များ နှင့် အရာရာတိုင်းတို့ အပေါ်တွင် အလိုမကျသည့် စိတ်များသည် တိုး၍ ဖြစ်ပေါ်လာသည်။ ဤခရီးမှာ ကျွန်တော် ရယူခဲ့ရသည့် အကျိုးအမြတ် များ ဤစိတ်ထားပင် ဖြစ်လေသည်။

ဟိုက်လမ်းအတိုင်း လျှောက်လာခဲ့သော ကျွန်တော်သည် လမ်းဘေး ဝဲယာရှိ ဆိုင်ပြတင်းပေါက်များ ဆီသို့ လှမ်းမျှော်ကြည့်ကာ အကယ်၍လူကြီးတစ်ယောက် ဖြစ်လာပါက မည်သည့် ပစ္စည်းမျိုးကို ဝယ်မိလိမ့်မည်နည်းဟု တောင်စဉ်ရေမရ တွေးလာနေမိသည်။ ထိုအခိုက်တွင် စာအုပ်ဆိုင်အတွင်းမှ လူကြီးတစ်ယောက် ထွက်လာရာ ထိုသူမှာ မစ္စတာဝေါ့စလေ ဖြစ်နေသည် ကို တွေ့ရ၏။ မစ္စတာဝေါ့စလေ၏ လက်ထဲတွင် ဂျော့ဘန်းဝဲလ်၏ အလွမ်းဝတ္ထုစာအုပ်တစ်အုပ် ကိုင်ထားသည် ကိုလည်း တွေ့ရ၏။ သူသည် ထိုစာအုပ်အတွင်းမှ စကားလုံးတိုင်းကို ဖတ်ပြကာ နေရာတကာတွင် လူလည်လူတတ် လုပ်ချင်သော ပန်ဘဲလ်ချူအပေါ် ကျောမည်ဟူသော ရည်ရွယ်ချက်ဖြင့် ငွေခြောက်ပဲနိမ့်ျ ရင်းနှီးမြှုပ်နှံရဟန် တူပေသည်။ သူသည် ကျွန်တော့်ကို မြင်သောအခါ တန့်ခနဲ ရပ်လိုက်ပြီး ကျွန်တော့်အား ဖျတ်ခနဲ ဖမ်းဆွဲကာ သူ ပန်ဘဲလ်ချူ၏ ဂေဟာသို့ လက်ဖက်ရည်ဝင်သောက်မည်ဖြစ်၍ သူနှင့် အတူ လိုက်ခဲ့ဖို့ ကျွန်တော့်အား ဇွတ်ဆွဲ၍ ခေါ်နေသည်။ အိမ်ပြန်ရောက်သွားသည့် အခါ စိတ်ညစ်စိတ်ရှုပ်ရမည့် အရေးကို တွေးမိခြင်းကြောင့် တစ်ကြောင်း၊ အပြန်ခရီးတွင် မှောင်မိုက်နေသော လမ်းပေါ်၌ တစ်ယောက်တည်း လျှောက်ရသည် ထက် အဖော်နှင့် လျှောက်ရခြင်းက ပို၍ အဆင်ပြေစရာ ရှိသည် ဟု တွေးမိသည် ကတစ်ကြောင်းတို့ ကြောင့် သူ၏ ဖိတ်ခေါ်ချက်ကို ကျွန်တော် အကြောက်အကန် ငြင်းမနေတော့ပါ။ ဤသို့ဖြင့် ကျွန်တော်တို့သည် ပန်ဘဲလ်ချူ၏ အိမ်ဘက်သို့ လျှောက်လာခဲ့ကြ၏။ ထိုအချိန်တွင်

လမ်းမီးများ နှင့် ဈေးဆိုင်မီးများသည် လင်းထိန်နေကြလေပြီ။

ထိုနေ့က 'ဂျော့ဘန်းဝဲလ်ဝတ္ထု'[1] ကို မစ္စတာဝေါ့စလေ ဖတ်သည့် အခါ အချိန်မည်ရွေ့မည်မျှ ကြာမည်ကို ကြိုတင်၍ မခန့်မှန်းနိုင်ခဲ့ခြင်းသည် ကျွန်တော့်အမှား ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ကောင်းစွာ မှတ်မိနေသည်မှာ ထိုညက ထိုစာအုပ်ကိုဖတ်ရာ၌ ည ကိုးနာရီခွဲချိန်အထိ အပြီးမသတ်နိုင်ခြင်းပင် ဖြစ်သည်။

မစ္စတာဝေါ့စလေသည် ဝတ္ထုဇာတ်လမ်းအရ နယူးဂိတ်ထောင်ကြီး ထဲသို့ ရောက်သွားခဲ့သော်လည်း ကြိုးစင်ပေါ်အထိကား ရောက်လိမ့်မည် မထင်ပါ။ ယခုတစ်ကြိမ် စာဖတ်ရာ၌ ယခင့်ယခင် အခါများကထက် ပိုနှေး၍ ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ ဘန်းဝဲလ်၏ ဝတ္ထုဇာတ်လမ်းသည် မည်သို့မည်သို့ ဖြစ်ပျက်သွားသည် ကို အစအဆုံး အကုန် မမှတ်မိတော့ပါ။

ကျွန်တော် မှတ်မိနေသမျှမှာ ကျွန်တော် အိပ်ပျော်သွားပြီး ပြန်၍ လန့်နိုးလာသည့် အခါ မစ္စတာဝေါ့စလေသည် သူ့လက်ထဲမှ စာအုပ်ကို ပိတ် နေပြီဖြစ်၍ ပန်ဘဲလ်ချူကတော့ မကျေနပ်သော မျက်နှာထားဖြင့် ကျွန်တော့်အား ပြူးပြူးကြီး စိုက်ကြည့်ကာ "ခေါင်းတယမ်းယမ်း လုပ်နေရုံမျှ မက နှုတ်မှလည်း သတိထားကွနော် ကောင်လေး။ မင်း.. သတိထား" ဟု ရေရွတ်လျက် ရှိသည် ကို တွေ့ရလေသည်။

ကိစ္စဝိစ္စများ ပြီးစီး၍ မစ္စတာဝေါ့စလေနှင့် ကျွန်တော်တို့ အိမ်အပြန် လမ်းမပေါ်၌ လျှောက်လာနေကြသည့် အချိန်တွင် များစွာ မှောင်မိုက်လျက် ရှိနေလေပြီ။ မြို့ပြင်သို့ ထွက်မိသည့် အခါ မြူနှင်းများ ထူထပ်သိပ်သည်းစွာ ကျလျက်ရှိသည် ကို တွေ့ရ၏။ မြို့အဝင်ဂိတ်တံခါးမီးတိုင်သည် မှုန်ဝါးဝါး... မီးတိုင်မှ အလင်းရောင်သည် ဆီးနှင်းများကို ထိုးဖောက်နိုင် စွမ်း မရှိပေ။ ကျွန်တော်တို့သည် ကြီးမားသိပ်သည်းသော ဆီးနှင်းထုကို သတိထားမိကြသည်။ ဤဆီးနှင်းများသည် စိမ့်မြေတောများ ဘက်ဆီ ၌ တိုက်ခတ်လျက်ရှိသော လေကြောင်း အပြောင်းအလဲပေါ် တည်ရှိ၍ ထူလိုက်ပါးလိုက် ဖြစ်တတ်ကြောင်းကို ပြောနေမိကြ၏။ ထိုအခိုက်မှာပင် မြို့အဝင်လမ်းခွန်ကောက်ရာ တဲအိမ်နောက် လေကွယ်နေရာမှ လူတစ်ယောက် ကုပ်ချောင်းချောင်းနှင့် ထွက်လာသည် ကို မြင်လိုက်ကြရလေ၏။

"ဟယ်လို... အောလစ်လား" ကျွန်တော်က ရပ်၍ မေးသည်။

"အေး... ဟုတ်တယ်" ဟု ဆိုကာ အပြင်ဘက်မီးရောင်ဘက်သို့ ထွက် လာသည်။ "ဒီနောက်မှ ရပ်နေတာ တစ်မိနစ်လောက် ရှိသွားပြီ။ အဖော် တွေ့လိုတွေ့ငြား စောင့်နေတာ"

"ခင်ဗျား နောက်ကျလှချည်လား" ဟု ကျွန်တော်က ပြောလိုက်မိ၏။ အောလစ်က ချက်ချင်းပြန်ပြောသည်။

"ဘာထူးလဲ၊ မင်းလည်း နောက်ကျတာပဲ"

"ငါတို့ နောက်ကျတာက ကနေ့ည မင်း အသိအလိမ္မာ တိုးတက်အောင် ဗဟုသုတရှာနေလို့ ... အောလစ်ရ" ဟု မစ္စတာဝေါ့စလေက လှမ်းပြောသည်။

ဘာပြောပြရမှန်းမသိသော အောလစ်သည် နှုတ်မှ မသဲမကွဲ အသံတစ်သံကို ရေရွတ် လိုက်သည်။ ကျွန်တော်တို့သည် သုံးဦးတွဲ၍ ဆက်လျှောက်လာကြသည်။ ကျွန်တော်က အလုပ်မှ နေ့ထက်ဝက် အနားရသည့် အချိန်အတွင်း မြို့ထဲ၌ ဘာတွေ လုပ်ခဲ့သလဲဟု အောလစ်အား မေးမိသည်။

"လျှောက်လည်တာပေါ့ကွ" ဟု သူက ဖြေသည်။ "ငါ မင့်နောက်က ကပ်လိုက်လာတာပဲ၊ မင့်ကိုတော့ ငါ မမြင်ပါဘူး။ ဒါပေမဲ့ ငါ မင့်နောက်က ကပ်လိုက်ခဲ့တာတော့ အမှန်ပဲ၊ ဟော.. ကြားလား၊ အမြောက်ပစ်သံ"

"ထောင်သဘော်ာတွေဆီက မဟုတ်လား" ဟု ကျွန်တော်က ပြောသည် .

"အေး... ဟုတ်တယ်၊ လှောင်ချိုင့်တွေထဲက ငှက်တချို့ ပျံပြေးကြပြန်ပြီနဲ့ တူတယ်။ မှောင်စလောက်ကတည်းက ပစ်နေတာကွ၊ နားထောင်နေ၊ နောက်တစ်ချက် ကြားရလိမ့်ဦးမယ်"

ကျွန်တော်တို့ ခြေလှမ်းများများ မလျှောက်ရသေးခင် အမြောက်ပစ်သံတစ်ချက် ထွက်လာပြန်သည်။ အမြောက်သံသည် မြစ်ကမ်းပါး မြေနိမ့်ပိုင်းတစ်လျှောက်ဆီသို့ ပြေးသွားပြီး နှင်းမြူများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထွက်ပြေးသွားသူများ နောက်မှ တရကြမ်း ပြေးလိုက်ကာ ကြိမ်းမောင်းခြောက်လှန့်လိုက်သည် နှင့် တူလှ၏

"ထွက်ပြေးလို့ အင်မတန်ကောင်းတဲ့ ညပဲကွ" ဟု အောလစ်က ရေရွတ်သည်။

"အခုလောက် ဆီးနှင်းတွေ ကျနေတဲ့ ညမျိုးမှာ ထောင်သားတစ်ယောက်အနေနဲ့ သဘော်ာပေါ်က ဘယ်ပုံဘယ်နည်းများ ဆင်းမလဲနော်။ အံ့သြစရာတော့ ကောင်းသား"

သူပြောလိုက်သည့် စကားမှာ စဉ်းစားစရာ ကောင်းနေသဖြင့် ကျွန်တော်သည် အသာငြိမ်၍ တွေးနေမိသည်။ မစ္စတာဝေါ့စလေ ကိုယ်တိုင် မှာလည်း မကြာသေးမီက သူ ဖတ်ခဲ့သော ဝတ္ထုထဲမှ ဇာတ်ကောင်နှင့် ယှဉ်၍

စဉ်းစားနေဟန် ရှိ၏။ ဘာထင်မြင်ချက်မှ မပေးဘဲ ငြိမ်ဆိတ်နေသည်။ အောလစ်ကတော့ လက်နှစ်ဖက်ကို အိတ်ကပ်များ ထဲနှိုက်ကာ ကျွန်တော့်ဘေးမှ ကုပ်ချောင်းချောင်းလုပ်၍ လျှောက်လာနေသည်။ ကျွန်တော်တို့သည် တစ်လမ်းလုံး ရွှံ့ညွန်များ အပေါ် တစွတ်စွတ် နင်း၍ လျှောက်ခဲ့ကြရ၏။ ထောင်သဘော်ဆီမှ ပစ်နေသော အမြောက်သံများသည် မကြာမကြာ ကျွန်တော့်ထံသို့ ရောက်လာလျက် ရှိသည်။ ကြားနေရသော အမြောက်သံများသည် မြစ်ပြင်တစ်လျှောက် ရှပ်တိုက်၍ ပြေးသွားနေသည် ဟု ထင်ရ၏။ ကျွန်တော်သည် ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်ဆိတ်စွာပင် လျှောက်လာခဲ့သည်။ မစ္စတာဝေါ့စလေမှာလည်း သူ့အတွေးနှင့် သူပင် ဖြစ်ဟန်တူ၏။

အောလစ်ကတော့ "ထုလိုက်စမ်းပါ... ထုလိုက်စမ်းပါ... အဘိုးအိုကလင်းရယ်" ဟူသော သီချင်းကို ခပ်ကျယ်ကျယ်အော်၍ ဆိုလာသည်။ သူ အရက်သောက်လာသည် ဟု ကျွန်တော် ထင်မိသည်။ သို့သော်လည်း မူးတော့ မမူးပါ။

ဤသို့ဖြင့်ပင် ကျွန်တော်တို့သည် ရွာသို့ ပြန်ရောက်ခဲ့ကြသည်။ ကျွန်တော်တို့ အိမ်ဘက်သို့ သွားရာလမ်းသည် လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံရှေ့ ဖြတ်သွားရ၏။ ဆိုင်သို့ရောက်သောအခါ ဆယ့်တစ်နာရီ ထိုးနေလေပြီ။ သို့သော်လည်း အံ့ဩစရာကောင်းနေသည်မှာ ထိုအချိန်ထိ ဆိုင်တံခါးများ မပိတ်သေးခြင်း ဖြစ်၏။ ဆိုင်ထဲတွင်လည်း လူအများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ တစ်ဆိုင်လုံးမီးများ ထိန်ထိန်လင်းလျက် ရှိနေသည်မှာလည်း ထူးခြားနေ၏။ မစ္စတာဝေါ့စလေက အကျိုးအကြောင်း သိရအောင် စုံစမ်းဦးမည်ဟု ဆိုကာ ပျော်ပွဲစားရုံအတွင်းသို့ ဝင်သွားသည်။ သို့သော်လည်း ချက်ချင်းပင် အပြေးအလွှား ပြန်ထွက်လာလေသည်။

သူသည် မရပ်မနား ပြေးလာနေရာမှ "ဟေ့ ပစ်ပ်၊ မင်းတို့ အိမ်မှာ တစ်ခုခု ဖြစ်နေပြီ။ ပြေး.. ပြေး" ဟု လှမ်းအော်သည်။

"ဘာဖြစ်တာတဲ့လဲ" ဟု သူနှင့် အတူ ဘေးချင်းယှဉ်၍ ပြေးနေရာမှ ကျွန်တော်က မေးသည်။ ကျွန်တော့်ဘေးမှ အောလစ်ကလည်း ကျွန်တော့်လိုပင် မေးသည်။

"ငါလည်း အတိအကျတော့ မသိဘူးကွ၊ ဂျိုးဂါဂရီ အပြင်သွားနေတုန်းမှာ မင်းတို့ အိမ်ထဲကို လူစိမ်းတွေ ဝင်ဟန်တူတယ်။ ထောင်ပြေးတွေ လို့ ထင်ရတာပဲ။ အိမ်သားတစ်ယောက်ကို ရိုက်သွားတာ ဒဏ်ရာရသွား သတဲ့ "

ကျွန်တော်တို့သည် ကျွန်တော်တို့ အိမ် မီးဖိုခန်းထဲသို့ ရောက်သွားသည် အထိ လုံးဝရပ်နားခြင်း မပြုတော့ဘဲ ပြေးကြပါသည်။ အိမ်ထဲတွင် လူများဖြင့်

ပြည့်လျက် ရှိ၏။ တစ်ရွာလုံးမှ လူများ ရောက်နေကြခြင်း ဖြစ်သည်။ အိမ်ဝင်းတစ်ဝင်းလုံးတွင် ရွာသူရွာသားများဖြင့် ပြည့်လျက် ရှိသည်။ မီးဖိုခန်းထဲတွင် ဆရာဝန်တစ်ယောက် ရောက်နေသည်။ ပြီးတော့ ဂျိုးနှင့် မိန်းမတစ်စု...။ အားလုံးသည် မီးဖိုခန်းအလယ်ရှိ ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်နေကြသည်။ ရပ်ကြည့်နေကြသူများသည် ကျွန်တော့် ကိုမြင်သောအခါ ဘေးသို့ ဖယ်ပေးကြသည်။

ထိုအခါကျမှပင် ကျွန်တော်သည် ကြမ်းပြင်ပေါ်၌ သတိမေ့ပြီး ခြေပစ်လက်ပစ်လဲကျနေသော ကျွန်တော့်အစ်မကို မြင်ရသည်။ သူ၏ နောက်စေ့ကို ကြီးမားလေးလံသော အရာတစ်ခုဖြင့် အရိုက်နှက်ခံထားရခြင်း ဖြစ်၏။ သူ့မျက်နှာကို မီးဖိုဘက်လှည့်၍ ရပ်နေခိုက် နောက်မှ နေ၍ တိတ်တိတ်ကလေး ရိုက်သွားခြင်း ဖြစ်သည်။ သူသည် ဂျိုး၏ ဇနီးအဖြစ်ဖြင့် ဆက်လက်၍ နေထိုင်သွားဦးမည် ဖြစ်သော်လည်း ယခင်ကလို စိတ်ကြမ်းကိုယ်ကြမ်းဖြင့် ဆူဆူညံညံ လှုပ်လှုပ်ရှားရှား ဘဝမျိုးကိုမူ လုံးဝပြန်၍ ရတော့မည် မဟုတ်ချေ။

****

ဂျော့ဘန်းဝဲလ်၏ ဓာတ်လမ်းသည် ကျွန်တော့်ခေါင်းထဲတွင် စွဲမြဲနေဆဲဖြစ်သည့် အားလျော်စွာ အချင်းဖြစ်ပွားသည့် ညက ကျွန်တော်တွေး သမျှကို ထိုဝတ္ထုဓာတ်လမ်းနှင့် မကင်းဘဲ ဖြစ်လျက်ရှိ၏။ ထို့ကြောင့်လည်း ကျွန်တော့်အစ်မ၏ ကိစ္စကို ကျွန်တော် ပထမဆုံးအကြိမ် တွေးသည့် အခါ အစ်မအရိုက်ခံရခြင်းသည် ကျွန်တော့်ပယောဂနှင့် မှ ကင်းပါလေစ ဟူသော အယူအဆမျိုး ဝင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း နောက်တစ်နေ့ နံနက်လင်း၍ ဦးနှောက်ကြည်ကြည်လင်လင် ရှိသောအခါ ကျွန်တော့်အတွေးသည် တစ်မျိုးဖြစ်လာသည်။ ကျွန်တော့်ပတ်ဝန်းကျင်ရှိ လူအများ ပြောဆိုဆွေးနွေးသမျှ စကားများကို ထောင့်စေ့အောင် ကျွန်တော် နားထောင်သည်။ ထို့နောက် ကိစ္စတစ်ခုလုံးကို ပြန်၍ စဉ်းစားကြည့်သည်။ ထိုအခါ ပို၍ ကျိုးကြောင်းဆီလျော်သော အမြင်ကို ရလာခဲ့ လေသည်။

ထိုနေ့က ဂျိုးသည် ညရှစ်နာရီဆယ့်ငါးမိနစ်အချိန်မှ ဆယ်နာရီမထိုး မီ ဆယ့်ငါးမိနစ် အလိုအထိ လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံအတွင်း၌ ထိုင်၍ ဆေးတံသောက်နေသည်။ ထိုကဲ့သို့ ပျော်ပွဲစားရုံ၌ ဂျိုး ရောက်နေချိန်တွင် ကျွန်တော့်အစ်မသည် မီးဖိုခန်းတံခါးဝ၌ ရပ်နေသည်။ အလုပ်မှ အိမ်သို့ပြန်လာသော လယ်ယာအလုပ်သမားတစ်ဦးနှင့် ဆုံမိကြသဖြင့် အပြန်အလှန် နှုတ်ဆက်ကြသေးသည် ဟု ဆိုသည်။ ထိုလူအနေဖြင့် သူနှင့် အစ်မတို့ ဆုံမိခဲ့ကြသည့် အချိန်ကို တိတိကျကျ မပြောနိုင်ပေ။ (အချိန်ကို မှတ်မိဖို့ အားထုတ်လေ... စိတ်ရှုပ်လေ ဖြစ်နေသည်။) သူနှင့် ကျွန်တော့်အစ်မတို့ ဆုံမိခဲ့ကြသောအချိန်သည် ည ကိုး နာရီမထိုးခင် ဖြစ်လိမ့်မည်ဟု သူက ခန့်မှန်းသည်။ ဂျိုး အိမ်ပြန်ရောက် သွားသည့် အချိန်မှာ ဆယ်နာရီထိုးရန် ငါးမိနစ်အလို ဖြစ်သည်။ ထိုအချိန်တွင် အစ်မသည် အရိုက်ခံထားရပြီးဖြစ်၍ သတိလစ်ကာ ကြမ်းပေါ်၌လဲကျနေလေပြီ။ အစ်မ၏ အဖြစ်ကို မြင်လျှင်မြင်ချင်း ဂျိုးသည် အော်ဟစ်၍ အကူအညီတောင်းခဲ့၏။ ဂျိုး၏ စကားအရ သူ ရောက်သွားချိန်တွင် မီးဖိုမီးသည် ပုံမှန်ပင် တောက်လောင်လျက် ရှိ၏။ သို့သော်လည်း ဖယောင်းတိုင်မီးကတော့ ငြိမ်းနေသည် ဟု ဆိုသည်။ သို့ဖြစ်လျှင် ဖယောင်းတိုင်မီးကို တစ်စုံတစ်ယောက်က မှုတ်ထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အိမ်ထဲမှ ဘာပစ္စည်းကိုမှ ယူမသွားချေ။ အစ်မနှင့် မီးဖိုချောင်တံခါးမ ကြား၌ ချထားသော စားပွဲတစ်လုံးပေါ်မှ ဖယောင်းတိုင်မီးကို ငြိမ်းသွားခြင်းမှ တစ်ပါး အခြား ဘာပစ္စည်းမှ ခြေရာလက်ရာလည်း မပျက်ချေ။ အစ်မအနေဖြင့် ဖယောင်းတိုင် တင်ထားသော စားပွဲကို ကျော ပေးပြီး မီးဖိုဘက်သို့ မျက်နှာပြုနေခိုက် အရိုက်ခံရခြင်း ဖြစ်သည် မှာလည်း ထင်ရှားလျက် ရှိ၏။ အရိုက်ခံလိုက်ရ၍

သူလဲကျသွားပြီး သွေးများ ထွက်ကာ ကြမ်းပြင်ပေါ်၌ စိုရွှဲနေခြင်းသည် တစ်ခုတည်းသော ခြေရာလက်ရာပျက်မှု ဖြစ်သည်။ သူလဲနေသည့် နေရာတွင် အလွန်ထူးခြားသော သဲလွန်စပစ္စည်းတစ်ခုတော့ ကျန်ခဲ့သည်။ အစ်မကို ရိုက်သည့် လက်နက်မှာလေးလံ၍ တုံးသော လက်နက် ဖြစ်၏။ အရိုက်ခံရသည့် နေရာများမှာ ဦးခေါင်း၊ နောက်စေ့နှင့် ကျောရိုးဖြစ်သည်။ အရိုက်ခံလိုက်ရ၍ ကြမ်းပေါ်သို့ မှောက်လျက်လဲကျသွားသည့် အခါတွင် နောက်ထပ်လေးလံသော အရာဝတ္ထုတစ်ခုဖြင့် အလွန်ပြင်းထန်စွာ ပစ်ပေါက်ထားခဲ့သည့် လက်စလက်နလည်း ရှိ၏။ ဂျိုးက အစ်မကို ပွေ့ချီချိန်တွင် အစ်မ၏ ဘေး၌ ထောင်သားတစ်ယောက်၏ သံခြေကျင်းတစ်ဖက်ကို ခလုတ်ပွင့်လျက်သား တွေ့ရသည်။

ဂျိုးသည် အစ်မဘေးမှ တွေ့ခဲ့သော သံခြေချင်းကို ပန်းပဲသမားတစ်ဦး မျက်စိဖြင့် အသေအချာ ဂရုစိုက် စစ်ဆေးကြည့်ခဲ့ပြီး ထိုသံခြေချင်း ခလုတ်ပွင့်နေသည်မှာ လောလောလတ်လတ် ပွင့်ခြင်း မဟုတ်။ တံစဉ်းဖြင့် တိုက်ဖြတ်ပြီး ဖွင့်ထားခဲ့သည်မှာ ကြာပြီဟု ကောက်ချက်ချသည်။ မည်သို့ပင်ဖြစ်စေ ထိုညက ထောင်သင်္ဘောများ ဆီမှ ထောင်သားတချို့ ထွက်ပြေးခဲ့ကြသည် ဖြစ်ရာ အစ်မအရိုက်ခံမှုသည် ယင်းတို့ နှင့် ဆက်စပ်မှု ရှိမရှိ စဉ်းစားစရာ ဖြစ်နေသည်။ ထိုအခါ လူအများသည် အစ်မ၏ ဘေးမှ တွေ့ခဲ့ရသော သံခြေချင်းအပေါ် စိတ်ဝင်စားလာကြသည် ဖြစ်ရာ ထိုသံခြေချင်းကို ဂရုတစိုက် ကြည့်ရှုကြသည်။ ထိုအခါတွင်လည်း အားလုံးကပင် ဂျိုး၏ အယူအဆ မှန်ကန်ကြောင်း ထောက်ခံကြသည်။ ထိုသံခြေချင်းသည် လတ်လတ်ဆတ်ဆတ် ပွင့်နေသော သံခြေချင်းမဟုတ်သဖြင့် ယမန်နေ့ညက ထွက်ပြေးဖို့ အားထုတ်ခဲ့သည့် ထောင်သားနှစ်ဦး၏ သံခြေချင်း ဖြစ်နိုင်စရာ မရှိဟု တွက်ဆကြသည်။ နောက်တစ်ချက်မှာလည်း ထိုညက ထွက်ပြေးခဲ့သူ နှစ်ဦးအနက် တစ်ဦးကို ပြန်၍ ဖမ်းမိခဲ့ရာ ထိုထောင်သား၏ သံခြေချင်းမှာ လုံးဝ မဖြုတ်ရသေးချေ။

ဤနေရာတွင် အားလုံး သိခဲ့ကြားခဲ့ရသမျှ အချက်အလက်များကို အခြေခံ၍ ဖြစ်နိုင်စရာ ရှိသည့် အလားအလာတစ်ခုကို ကျွန်တော့်ဘာသာ ကျွန်တော် ဆင်ခြင်စဉ်းစားမိသည်။ ယခုတွေ့ရသော သံခြေချင်းသည် ကျွန်တော်နှင့် ဆုံခဲ့ဖူးသော ထောင်ပြေးကြီး၏ သံခြေချင်းဖြစ်ရမည်ဟု ကျွန်တော် ထင်မိ၏။ ထိုသံခြေချင်းကို စိမ့်မြေတောများ ဘက်၌ ကျွန်တော်ကိုယ်တိုင် မြင်ဖူးခဲ့၏။ ကျွန်တော်ပေးခဲ့သည့် တံစဉ်းဖြင့် တိုက်ဖြတ်နေသံကိုလည်း ကျွန်တော့်နားများ နှင့် ဆတ်ဆတ် ကြားခဲ့ရဖူး၏။ သို့သော်လည်း ကျွန်တော့်စိတ်သည် ကျွန်တော့်အစ်မ အရိုက်ခံရသည့် ကိစ္စ နှင့် ပတ်သက်၍ သူ့အပေါ် စွပ်စွဲရန်ကား လုံးဝမစဉ်းစားမိပါ။ အဘယ်ကြောင့် ဆိုသော် ဤပစ္စည်းကို ပိုင်ဆိုင်သူမှာ ကျွန်တော် သိနေသည့် လူနှစ်ဦးအနက်မှ တစ်ဦးဖြစ်ရမည်ဟု ကျွန်တော် တွက်မိနေသော ကြောင့် ဖြစ်၏။ ထိုသူမှာ အောလစ် သို့မဟုတ် ပျော်ပွဲစားရုံအတွင်း၌ ကျွန်တော့်အား တံစဉ်းပြခဲ့သော

လူစိမ်းဖြစ်ရမည်ဟု ကျွန်တော် ထင်မိသည်။

အောလစ်ကို ကျွန်တော် ပထမဆုံး စဉ်းစားကြည့်သည်။ သူသည် ကျွန်တော်တို့ အား ပြောခဲ့သည့် အတိုင်း မြို့ကိုသွားခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်တော်တို့ နှင့် လမ်းတွင် ဆုံမိခဲ့ရာ သူ့ပုံပန်းမှာ တစ်ညနေခင်းလုံး မြို့ထဲတွင် လည်ရင်းပတ်ရင်း အချိန်ဖြုန်းခဲ့သည့် လက္ခဏာ ရှိ၏။ ရွာအပြန်ကျတော့လည်း သူသည် ကျွန်တော်တို့ မစ္စတာဝေါ့စလေ တို့ နှင့် အတူပြန်ခဲ့ခြင်း ဖြစ်၏။ သို့ဖြစ်ရာ သူ့အပေါ်၌ သံသယဖြစ်စရာ အချက်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ စဉ်းစားစရာတစ်ခုတော့ ရှိ၏။ တခြားမဟုတ်။ အစ်မနှင့် ရန်ဖြစ်ခဲ့ကြသော အချက်ဖြစ်သည်။ ကျွန်တော့်အစ်မသည် သူနှင့်သာ မဟုတ်။ လူတိုင်းနှင့် ရန်ဖြစ်ခဲ့ဖူးသူ ဖြစ်သည်။ ရန်ဖြစ်ခဲ့သည့် အကြိမ်ပေါင်းကို တွက်မည်ဆိုပါက ထောင်သောင်းမက ရှိလိမ့်မည် ဖြစ်သည်။ သို့ဖြစ်ရာ ဤအချက်သည်လည်း ရေးကြီးခွင်ကျယ် ပြုသင့်သည့် အချက် မဟုတ်ပေ။ ကျွန်တော့်အား တံစ ဦးပြုပြီး ပိုက်ဆံပေးခဲ့သော လူစိမ်းနှင့် ပတ်သက်၍ စဉ်းစားလိုက်သည့် အခါတွင် မူ အကယ်၍ သူသည် သူပေးခဲ့သော တစ်ပေါင်တန် ငွေစက္ကူ နှစ်ချပ်ကို ပြန်ယူလို၍ တစ်ခေါက်ပြန်လာသည် ဟု တွက်ငြားအံ့။ အငြင်းပွားစရာ အကြောင်းမရှိဟုပင် ထင်ပါသည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော့်အစ်မသည် ထိုငွေစက္ကူနှစ်ချပ်ကို အပိုင်ရရန် အားထုတ်မှုရှိနေသည်မှာ အမှန်ပင်ဖြစ်သောကြောင့် ပေတည်း။ သို့သော်လည်း အလေးအနက်ထား၍ စဉ်းစားရမည့် အချက်တစ်ချက်က ရှိနေပြန်၏။ ယင်းအချက်မှာ အစ်မအား ရိုက်နှက်သွားသူသည် အိမ်ထဲသို့ တိတ်တိတ်ကလေး ဝင်လာခြင်း ဖြစ်၏။ အစ်မနောက်သို့ လှည့်မကြည့်နိုင်မီ ရိုက်လှဲလိုက်ခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ အစ်မကို ရိုက်သွားသော လက်နက်သည် ကျွန်တော့်ပယောဂကြောင့် ရောက်လာရသည့် လက်နက်ဟု တွေးလိုက်မိသည့် အခါများစွာမှပင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရသည်။ မရှင်းမရှင်း ဖြစ်ခဲ့ရသော ဤကိစ္စကို စဉ်းစားလိုက်တိုင်း ပြောမပြလောက်အောင် ကြီးမားသည့် စိတ်ဆင်းရဲမှုဒဏ်ကိုလည်း ခံစားရသည်။ ကျွန်တော် ကြုံ ခဲ့ရသည့် အဖြစ်ကို အစအဆုံး မခြွင်းမချန်ဘဲ ဂျိုးအား ပြောပြရန် သင့် မသင့် နေ့စဉ်နေ့တိုင်း ကျွန်တော် စဉ်းစားသည်။ မည်မျှပင် စဉ်းစားစေကာမူ နောက်ဆုံးတွင် မပြောသင့်ဟူသော အဖြေပင် ထွက်သည်။ အမှန်တော့လည်း ကျွန်တော် လျှို့ဝှက်ထားခဲ့သော အဖြစ်အပျက်သည် အသစ် မဟုတ်တော့။ အဟောင်းဖြစ်သွားခဲ့ပြီ။ ဤလျှို့ဝှက်ချက်ကို ထိန်းသိမ်း လာခဲ့သည်မှာ အချိန်ကာလအားဖြင့် များစွာ ကြာခဲ့ပြီဖြစ်ရာ ယခုအချိန်တွင် ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေခဲ့ပြီ။ ဤအခြေအနေမှတော့ ဤကိစ္စကို ကျွန်တော့်ဘဝထဲမှ ခွဲထုတ်ပစ်ရန် မသင့်ဟုပင် ထင်မိ၏။ နောက်တစ်ချက် စဉ်းစားရန်ရှိနေသည်မှာ ဤကိစ္စကို ဤ

မှုလောက် အချိန်ကြာကြာ ဖုံးကွယ်ထားခဲ့ပြီး ယခုအချိန်ကျမှ ဖွင့်ဟလိုက်မည်ဆိုပါမူ ကောင်းကျိုးထက် မကောင်းကျိုး ဖြစ်ဖို့ က များလိမ့်မည် ဟု ယူဆမိ၏။ အကယ်၍ ကျွန်တော်ပြောသမျှကို ဂျိုးက ယုံကြည်ခဲ့သည် ရှိသော သူ့အနေဖြင့် ကျွန်တော့်ကို မုန်းချင်မုန်းသွားပေလိမ့်မည်။ အကယ်၍ မယုံကြည်ခဲ့ပါမူကား ကျွန်တော့်အဖို့ ဖွင့်ပြောခြင်းသာ အဖတ် တင်လိမ့်မည် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မတင်မကျဖြစ်နေသော ကျွန်တော့်စိတ်သက်သာ ရရေးအတွက် အချိန်အခါ အခြေအနေနှင့် အကိုက်ညီဆုံးဟု ယူဆရသော ဆုံးဖြတ်ချက်တစ်ခုကိုတော့ စဉ်းစား၍ ရလာသည်။ အကယ်၍ ကျွန်တော်လျှို့ဝှက်ထားသည့် အဖြစ်အပျက်က ကျွန်တော့်အစ်မအား ရိုက်သွားသော တရားခံကို ဖော်ထုတ်ပေးနိုင်လောက်အောင် အထောက်အကူပြုနိုင်မည့် အခြေအနေမျိုး ပေါ်လာသည့် အချိန် ကျမှပင် ဤကိစ္စကို ထုတ်ဖော်၍ ပြောပြတော့မည်ဟု ပိုင်းဖြတ် လိုက် လေသည်။

ဤအချိန်တွင် ပုလိပ်များ နှင့် လန်ဒန်မြို့တော် ဘိုးလမ်း၏ စုံထောက်များသည် ကျွန်တော်တို့ အိမ်သို့ ရောက်လာကြပြီး ရက်သတ္တတစ်ပတ် နှစ်ပတ်ကြာမျှ အမှုကိစ္စကို စုံစမ်းစစ်ဆေးခြင်း ပြုကြသည်။ သူတို့ လုပ်ကိုင်နေကြပုံမှာ ကျွန်တော် ကြားဖူးဖတ်ဖူးခဲ့သည့် အဖြစ်အပျက်များ ထဲမှ အစိုးရအမှုထမ်းများ လုပ်သည့် အတိုင်းပင် ဖြစ်သည် ကို တွေ့ရ၏။ သူတို့သည် အမှုနှင့် ပတ်သက်၍ လုံးဝစွပ်စွဲ၍ မရနိုင်သည့် လူအများ အပြားကို ဖမ်းဆီးခြင်း၊ လုံးဝမဖြစ်နိုင်သည့် တလွဲတချော်စိတ်ကူးများကို တွေးတောလာကြခြင်း၊ အမှုသွား အမှုလာနှင့် ဖြစ်ပွားသည့် အမှု၏ ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်ကို တည်မှီ၍ တွေးရမည့် အစား သူတို့ တွေးခေါ်ထားသည့် အတွေးအခေါ် အယူအဆများ နှင့် စိတ်ကူးများကို အမှန်တကယ်ဖြစ်ပွားခဲ့သည့် အခြေအနေနှင့် ကိုက်ညီအောင် ဇွတ်အဓမ္မ ရိုက်သွင်းတည်ဆောက်ခြင်း စသည် များကို ပြုလုပ်ကြသည်။ ထို့ပြင်လည်း လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံ တံခါးဝ၌ ရပ်၍ အမှုနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ မည်မည်ရရ မသိပါဘဲလျက်နှင့် အားလုံးကို သိပြီးဖြစ်လေဟန် အယောင်ဆောင်ကာ လူအများက အထင်ကြီးအောင် ဟိတ်ဟန်ထုတ်ကြသည်။ အရက်သောက်ရာ ၌ပင်လျှင် တရားခံကို တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် သိထားလေဟန် တမင်လုပ်ယူထားသည့် လျှို့ဝှက်သော အမူအရာမျိုးဖြင့် သောက်ကြသည်။ သို့သော်လည်း သူတို့သည် ဘာကိုမှ တိတိကျကျ မ သိကြချေ။

တရားဥပဒေကို ခုတုံးလုပ်ထားသော ဟန်တစ်လုံး ပန်တစ်လုံး လုပ်မှုများ နှင့် ဩဇာအာဏာ ပြုမှုများသည် အချိန်ကာလာ အတန်ကြာ သောအခါ ပြီးဆုံးသွားသည်။ ထိုအချိန်တွင် ကျွန်တော့်အစ်မသည် အိပ်ရာပေါ်မှ မထနိုင်တော့ဘဲ နာမကျန်းမှု ဝေဒနာများကို ခံစားနေရရှာ၏။ အစ်မ၏

မျက်လုံးများသည် ဘာကိုမှ သဲသဲကွဲကွဲ မမြင်တော့ဘဲ မွဲကုန်ကြပြီ ဖြစ်၏။ ဤသို့ဖြင့် သူ့အမြင်များသည် အလွဲလွဲအချော်ချော် ဖြစ်လျက်ရှိသည်။ အရာဝတ္ထုတစ်ခုသည် သူ့မျက်စိထဲတွင် အများကြီး ဖြစ်နေတတ်သည်။ လက်ဖက်ရည်ပန်းကန်ကို ဝိုင်ဖန်ခွက်ဟု မြင်ချင်လည်း မြင်နေတတ်၏။ နားများကလည်း ကောင်းစွာ မကြားရတော့ပေ။ မှတ်ဉာဏ်များလည်း ချို့ယွင်းလျက်ရှိ၏။ စကားပြောသည့် အခါများတွင်လည်း မပီမသဖြစ်ကာ အလွဲလွဲအမှားမှား ပြောနေတတ်၏။ ဤသို့ဖြင့် ကျွန်တော့်အစ်မသည် လူစဉ်မမီတော့သည့် ဘဝသို့ ဆိုက်ရောက်သွားခဲ့ရ လေ၏။ နောက်ဆုံးတွင် အိပ်ရာပေါ်မှ ထလာနိုင်သည့် အခြေအနေသို့ ပြန်ရောက်လာသည်။ သို့သော်လည်း သူတစ်ယောက်တည်း သွားနိုင်လာနိုင်သည် မဟုတ်။ လူတစ်ယောက်ကတွဲ၍ သွားရလာရခြင်း ဖြစ်သည်။ သူပြောချင်သော အရာတစ်ခုကို စကားဖြင့် နားလည်အောင် မပြောပြနိုင်သည့် အခါများတွင် စာရေးပြတတ်၏။ ဤသို့ဖြင့် ကျွန်တော့်ကျောက်သင်ပုန်းသည် သူ့အတွက် မရှိမဖြစ်သော အရာဝတ္ထုတစ်ခု ဖြစ်သွားခဲ့လေရာ သူ့ကိုယ်နှင့် မကွာအောင် ဆောင်ထားရသည့် အဖြစ်သို့ ရောက်သွားခဲ့ရ၏။ စာကောင်းစွာ မတတ်သော အစ်မသည် သတ်ပုံများကို သူရေးချင်သလို ရေးတတ်၍ (လက်ရေးကလည်း ဆိုးသည်) စာမတတ်သော ဂျိုးကလည်း သူတတ်သလို နားလည် သလို ဖတ်ချင်ရာ ဖတ်တတ်သည်။ ထို့ကြောင့်လည်း သူတို့ နှစ်ယောက်ကြားတွင် အလွန်ထူးခြားပြီး အလွန်အံ့သြဖို့ကောင်းသည့် ရှုပ်ထွေးမှု များသည် မကြာခဏ ပေါ်ပေါက်လာတတ်သည်။ ထိုအခါ ကျွန်တော့် ကို ခေါ်၍ သူတို့ ပြဿနာများကို ဖြေရှင်းခိုင်းတတ်သည်။ "သိုးသား" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားလုံး၏ အသံထွက်မှာ "မတ်တွန်" ဖြစ်၍ "ဆေး" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားလုံး၏ အသံထွက်မှာ "မက်ဒ်ဆင်" ဖြစ်ရာ အသံထွက်ချင်း စာလုံးပေါင်းပုံချင်း နီးစပ်သလို ဖြစ်နေသော ဤစကားလုံး နှစ်လုံးကြားတွင် ကပ်၍ ရှုပ်နေခြင်း၊ "မုန့်ဖုတ် သမား" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားလုံး၏ အသံထွက်မှာ "ဘေကာ" ဖြစ်၍ "ဝက်ပေါင်ခြောက်" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားလုံး၏ အသံထွက်မှာ "ဘေကွန်" ဖြစ်ရာ ထိုစကားနှစ်လုံးကြားတွင် ရှင်းမရအောင် ဖြစ်နေခြင်း စသည် များမှာ အစ်မနှင့် ဂျိုးတို့ ကြားတွင် ကျွန်တော်ရှင်းပေးခဲ့ရသော အသေးအဖွဲ လွဲမှားမှုများစွာထဲမှ ကျွန်တော်ကိုယ်တိုင်ပင် လွဲမှားလေ့ရှိသော အရှုပ်အထွေးကလေးများ ဖြစ် လေသည်။

မည်သို့ပင်ဖြစ်စေ အစ်မ၏ စိတ်နေသဘောထားကတော့ အကြီးအကျယ် ပြောင်းလဲသွားသည်။ သူသည် ယခင်ကလို စိတ်မြန်ခြင်း၊ စိတ်တိုခြင်း မရှိတော့ပေ။ ယခင်ကထက် များစွာ စိတ်ရှည်လာသည်။ သူ့အကြောအခြင်များကလည်း တုံ့ဆိုင်းလာဟန် တူ၏။ သူ၏ လှုပ်ရှားပုံများမှာ ယခင်ကလို သွက်လက်မြန်ဆန်ခြင်း မရှိတော့ပေ။ ထို့နောက်တွင် မူကား တစ်လခြား၊ နှစ်လခြားဆိုသလို အပြုအမူ

ပြောင်းလာတတ်သည်။

တစ်ခါတစ်ရံတွင် သူသည် လက်နှစ်ဖက်ကို သူ့ခေါင်းပေါ်တင်၍ အလွန်အမင်း စိတ်ညစ်စိတ်ရှုပ်သည့် အမူအရာဖြင့် ထိုင်နေတတ်သည်။ အစ်မအား ကြည့်ရှုစောင့်ရှောက်ဖို့ အတွက် သင့်တော်သည့် လူ ရှာမရသဖြင့် ကျွန်တော်တို့မှာ များစွာ စိတ်ဆင်းရဲကြရ၏။ သို့သော်လည်း ကံအား လျော်စွာပင် ကျွန်တော်တို့ အတွက် စိတ်သက်သာရာ ရစရာ အခြေအနေသည် ဖြစ်ပေါ်လာခဲ့ပါသည်။ မစ္စတာဝေါ့စလေ၏ ကြီးတော်က ဘစ်ဒီမရှိဘဲ သူတစ်ယောက်တည်း နေလို့ ရသည် ဟု ဆိုသဖြင့် ဘစ်ဒီသည် ကျွန်တော်တို့ အိမ်သို့ ရောက်လာခဲ့လေသည်။

ကျွန်တော့်အစ်မ မီးဖိုချောင်သို့ ပြန်ဝင်နိုင်ခဲ့ပြီးသည့် နောက် တစ်လ မျှအကြာတွင် ဘစ်ဒီသည် သူအမြတ်နိုးဆုံးဖြစ်သော ပစ္စည်းကလေးများ ထည့်ထားသည့် သေတ္တာအဟောင်းကလေးကို ပိုက်၍ အိမ်သို့ ရောက် လာခဲ့ခြင်း ဖြစ်၏။ သူရောက်လာခြင်းသည် ကျွန်တော်တို့ အိမ်ထောင်စု အတွက်သာ မဟုတ်။ ဂျိုးအတွက်ပါ မင်္ဂလာတစ်ပါး ဖြစ်သည် ဟု ဆိုရမည် ဖြစ်၏။ ကျွန်တော်ချစ်သော ဂျိုးမှာ သူ့ဇနီးသည်၏ အဖြစ်ဆိုးအတွက် များစွာ ယူကျုံးမရဖြစ်ကာ စိတ်ထိခိုက်လျက် ရှိသည်။ ညနေတိုင်း အစ်မ၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးနေရင်းမှ မျက်ရည်ဝိုင်းနေသော မျက်လုံးပြာကြီးများဖြင့် ကျွန်တော့်အား မကြာခဏ လှမ်းကြည့်ပြီး "သူဟာ တစ်ချိန်က ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့် ရောင့်ရောင့်နဲ့ အင်မတန်မှ သန်မာတဲ့ မိန်းမတစ်ယောက်ပါ ပစ်ပ်ရာ" ဟု ပြောတတ်သည်။ ယခု ဘစ်ဒီ ရောက်လာသည့် ခါတွင် မူ အစစအရာရာ အဆင်ပြေသွားခဲ့ရ၏။ ဘစ်ဒီသည် အစ်မကို တာဝန်ယူ၍ ထိန်းသိမ်းစောင့်ရှောက်ရာ၌ အလွန်ကျွမ်းကျင်လိမ္မာသည် ကို တွေ့ရသည်။ အစ်မ၏ စိတ်နေသဘောထားကို နားလည်ရာ၌ အစ်မကို နို့စို့ကလေးဘဝကတည်းက ထိန်းကျောင်းလာရသည့် လူတစ်ယောက်သဖွယ် နားလည်နေသည် ကို တွေ့ရ၏။ ဘစ်ဒီရောက်လာခါမှပင် ဂျိုးသည် သူ့ဘဝအတွက် အေးချမ်းသာယာမှုကို ရှာနိုင်လာသည်။ ယင်းကဲ့သို့ သွားလာလည်ပတ်နိုင်ခြင်းကြောင့် သူ့စိတ်သည် အထိုက်အလျောက် ပျော်ရွှင်သာယာခဲ့ရ၏။ အမှန်အတိုင်း ပြောရမည်ဆိုပါက ပုလိပ်များသည် ပုလိပ်တို့၏ ဥာဉ်အတိုင်း အစ်မအရိုက်ခံရမှုကို စုံစမ်းစစ်ဆေးနေစဉ် အချိန်က သ နားစရာကောင်းလှသော ဂျိုးအပေါ်၌ပင် အနည်းနှင့် အများ ဆိုသလို သင်္ကာမကင်း (ဂျိုးခမျာကတော့ မသိရှာပါ) ဖြစ်ခဲ့ကြသေး၏။ နောက်ဆုံးကျမှ သူတို့ တွေ့ခဲ့ဖူးသမျှ လူများ ထဲတွင် အရိုးဆုံးလူတစ်ယောက်အဖြစ် သတ်မှတ်သွားခဲ့ကြခြင်း ဖြစ်လေသည်။

အစ်မကို ကြည့်ရှုစောင့်ရှောက်ရသည့် အလုပ်တွင် ဘစ်ဒီ၏ ပထမ ဆုံးသော အောင်မြင်မှုမှာ ကျွန်တော်လုံးဝဖြေရှင်း၍ မရဘဲ ဖြစ်နေသော အခက်အခဲတစ်ခုကို

ပြေလည်အောင် ဖြေရှင်းပေးခဲ့ခြင်း ပင် ဖြစ်သည်။ ထိုအခက်အခဲကို ကျွန်တော်သည် အမျိုးမျိုးအားထုတ်၍ ဖြေရှင်းနိုင် အောင် ကြိုးစားခဲ့သည်။ သို့သော်လည်း အဖြေမထွက်ခဲ့ပေ။ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော့်အစ်မသည် ကျောက်သင်ပုန်းပေါ်၌ အင်္ဂလိပ်စာလုံး "တီ" (T) အက္ခရာကို အကြိမ်ကြိမ်အခါခါ ရေးပြလျက် ရှိ၏။ ကျွန်တော်ကလည်း သူရေးပြနေသော စာလုံးကိုကြည့်၍ သူလိုချင်သော ပစ္စည်းအမျိုးအမည်ကို စဉ်းစားကြံဆသည်။ "တီ" အက္ခရာနှင့် စသော ပစ္စည်းတိုင်းကို ယူပြ၏။ တီအက္ခရာနှင့် စသော "တာ" ဟု ခေါ်သည့် "ကတ္တရာစေး" နှင့် "တို့စ်" ဟု ခေါ်သော "ပေါင်မုန့်မီးကင်" မှ အစ "တပ်ဘ်" ဟု ခေါ်သော "စည်ပိုင်း' အထိ တစ်ခုပြီးတစ်ခု ယူ၍ ပြသည်။ သို့သော်လည်း အစ်မက ခေါင်းခါလျက်ပင် ရှိ၏။ နောက်ဆုံးတွင် ကျွန်တော့်ခေါင်းထဲသို့ တီအက္ခရာနှင့် တူသော "တူ" ကို သတိရလာသည်။

ထို့ကြောင့် ကျွန်တော်က အစ်မ၏ နားတစ်ဖက်သို့ပါးစပ်ဖြင့်ကပ်၍ "တူလား' ဟု မေးရာ အစ်မက စားပွဲပေါ်သို့ တူနှင့် ထုသည့်ဟန် ပြလိုက်ပြီး ခေါင်းညိတ်သည်။ ကျွန်တော်က ဝမ်းသာအားရဖြင့် ပန်းပဲဖိုထဲမှ တူများကို တစ်လက်ပြီးတစ်လက် ယူပြသည်။ သို့သော်လည်း အစ်မက ခေါင်းခါလျက်ပင် ရှိ၏။ ထိုအခါ ကျွန်တော်သည် ဖြစ်နိုင်စရာရှိသည့် ပစ္စည်းတစ်ခုကို စဉ်းစားကြံဆရပြန်သည်။ တီအက္ခရာနှင့် တူသော အခြားပစ္စည်းတစ်မျိုးမှာ "ချိုင်းထောက်" ဖြစ်နိုင်စရာ ရှိသည် ဟု ထင်မိ၏။ ကျွန်တော်သည် ရွာထဲရှိ အိမ်တစ်အိမ်မှ "ချိုင်းထောက်" တစ်ခုကို အပြေးအလွှား သွား၍ ငှားပြီး အစ်မကို ပြသည်။ မည်သည့် နည်းနှင့် မဆို အစ်မလိုချင်သည့် ပစ္စည်းမှာ ဤပစ္စည်းဖြစ်ရမည်ဟု ကျွန်တော့်စိတ်က အခိုင်အမာ ယုံကြည်လျက် ရှိသည်။ သို့သော်လည်း အစ်မက သူ့ခေါင်းကို ပြင်းထန်စွာ ခါယမ်းပြလျက်ရှိရာ ယခုကဲ့သို့ အားအလွန်နည်းနေသည့် အချိန်မျိုးတွင် ဦးခေါင်းကို ဤမျှလောက် ခါယမ်းပြနေပါက လည်ပင်းနေရာ လွဲသွားမည် ကိုကပင် ကြောက်လာမိကြ၏။

သူပြောသမျှ ပြသမျှကို ချက်ချင်းသဘောပေါက် နားလည်သူမှာ ဘစ်ဒီဖြစ်သည် ဟု သိနေသော အစ်မသည် "တီ" အက္ခရာကို ကျောက်သင်ပုန်းပေါ်၌ ထပ်ရေးကာ ဘစ်ဒီအား ပြပြန်သည်။ ဘစ်ဒီသည် စာလုံးကို စူးစူးစိုက်စိုက်ကြည့်ကာ အလေးအနက်ထား၍ တွေးတောကြံဆလျက် ရှိသည်။ ကျွန်တော်ယူ၍ ပြသမျှကို သူ မြင်ခဲ့ပြီး ဖြစ်သည်။ သူသည် အစ်မကို တစ်လှည့် ဂျိုးကိုတစ်လှည့် ကြည့်နေရာမှ ကပျာကယာထပြီး ပန်းပဲဖိုထဲသို့ ပြေးဝင်သွားရာ ဂျိုးနှင့် ကျွန်တော်တို့ ကပါ နောက်မှ လိုက်သွားကြပါသည်။

"သူပြောနေတာ ဒါပဲ ဖြစ်ရမယ်" ဟု ဘစ်ဒီက ဝမ်းသာရွှင်မြူးသော မျက်နှာထားဖြင့် အော်ပြောသည်။ "ရှင်တို့ သဘောမပေါက်ကြဘူးလား။ သူ့ကို

ပြောနေတာ"

အစ်မဆိုလိုသည်မှာ အောလစ်ပင် ဖြစ်၏ သူသည် အောလစ်၏ နာမည်ကို သတိမရတော့ဘဲ တူထုသည့် အောလစ်၏ အလုပ်ကိုသာ မှတ်မိ နေသဖြင့် တူနှင့် တူသော "တီ" အက္ခရာကို ရေးပြခြင်း ဖြစ်သည်။ ကျွန်တော်တို့က အောလစ်အား အကျိုးအကြောင်း ရှင်းပြပြီး မီးဖိုခန်းထဲသို့ လာရန် ခေါ်ကြသည်။ အောလစ်က သူ့လက်ထဲမှ တူကို ချလိုက်ပြီး လက်တစ်ဖက်ဖြင့် သူ့နဖူးမှ ချွေးများကို သပ်လိုက်သည်။ ထို့နောက် ခါးစည်းအဝတ်ဖြင့် ထပ်၍ သုတ်လိုက်ပြီး ကုပ်ချောင်း... ကုပ်ချောင်းဖြင့် ကျွန်တော်တို့ နောက်မှ လိုက် လာလေသည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော့်အနေဖြင့် အစ်မက အောလစ်အား တစ်စုံတစ်ရာ ပြစ်တင်ပြောဆိုပြီး ရန်ပြုလိမ့်မည်ဟု ထင်ခဲ့မိ၏။ လက်တွေ့တွင် မူ အထင်နှင့် အမြင် လွဲနေသဖြင့် ကျွန်တော် စိတ်ပျက်သွားရပါသည်။ အစ်မသည် အောလစ်ကို မြင်လိုက်သောအခါ မိတ်ဖွဲ့လိုသော အမူအရာကို ဖော်ပြလျက် ရှိသည်။ ကျေနပ်ရွှင်ပြုံးသော မျက်နှာထားဖြင့် ဆီးကြိုပြီး အောလစ်အား တစ်ခုခု ကျွေးမွေးရန် ကိုယ်နှုတ်အမူအရာဖြင့် ပြလျက်ရှိသည်။ အောလစ် စားသောက်နေသောအခါ တွင်လည်း အစ်မသည် အလွန်ကျေနပ်သော မျက်နှာထားဖြင့် စောင့်ကြည့်လျက် ရှိသည်။ ထိုနေ့မှ စ၍ အစ်မရေးမပြသည့် နေ့ဟူ၍ တစ်နေ့မှ မရှိသလောက် ဖြစ်လာခဲ့ရသည်။ မီးဖိုခန်းထဲသို့ အောလစ်တစ်ယောက် ကုပ်ချောင်းချောင်းဖြင့် ဝင်ရောက် လာပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိဘဲဖြစ်နေသည့် အမူအရာဖြင့် အစ်မရှေ့၌ ရပ်ကာ အစ်မ ပေးသမျှ ကျွေးသမျှကို မစားဘဲနေသည့် နေ့ဟူ၍လည်း တစ်နေ့မှ မရှိသလောက် ဖြစ်လာခဲ့လေ၏။

****

ယခုအခါတွင် ကျွန်တော့်ဘဝသည် လက်ထောက်ပန်းပဲသမား အလုပ်ဖြင့် ပုံမှန်လည်ပတ်လျက် ရှိသည်။ ရံဖန်ရံခါ အားလပ်သည့် ရက်များတွင် ရွာပတ်ဝန်းကျင်နှင့် စိမ့်မြေတောမြေများ ဘက်သို့ ထွက်၍ လည်သည်။ ဤလုပ်ရိုးလုပ်စဉ်များမှ တစ်ပါး အခြား ဘာထူးခြားမှုမှ မရှိခဲ့ပါ။ ဤအချိန်ကာလအတွင်းတွင် အထူးခြားဆုံးသော အဖြစ်အပျက်ဆို၍ တစ်ခုသာ ရှိခဲ့၏။ ယင်းမှာ အခြားမဟုတ်။ ကျွန်တော့်မွေးနေ့သို့ ဆိုက်ရောက်ခဲ့သဖြင့် မစ္စဟေဗီရှမ်ထံသို့ နောက်တစ်ကြိမ်သွား၍ လည်ခြင်းပင် ဖြစ်သည်။ အခြေအနေမှာ ယခင်တစ်ခေါက် ကျွန်တော်ရောက်ခဲ့စဉ် ကအတိုင်းပင် ဖြစ်သည်။ မစ္စဆာရာပေါ့ကက်သည် ဝင်းတံခါးအဖွင့်အပိတ်ကို တာဝန်ယူနေရဆဲပင် ဖြစ်၏။ မစ္စဟေဗီရှမ်မှာလည်း ယခင့်ယခင်က တွေ့နေကျပုံစံအတိုင်းပင် ဖြစ်သည်။ အက်စတယ်လာ၏ အကြောင်းကို ပြောရာ၌လည်း စကားလုံးအသုံးအနှုန်း မတူသော်လည်း လေသံကတော့ ယခင်ကလိုပင် ဖြစ်သည်။ ကျွန်တော် နှင့် တွေ့ဆုံရာ၌လည်း မိနစ်အနည်းငယ်မျှသာ ကြာသည်။ ကျွန်တော် က ပြန်တော့မည်ဟု နှုတ်ဆက်သောအခါ ရွှေဒင်္ဂါးဂီနီပြားတစ်ပြား ထုတ်ပေးပြီး နောက်တစ်ကြိမ် ကျွန်တော့်မွေးနေ့ကျလျှင် အလည်လာခဲ့ဦး ဟု ပြောသည်။ သူပေးသည့် ဂီနီပြားကို မယူချင်၍ ငြင်းမည်ဟု စိတ်ကူး မိပါသေးသည်။ သို့သော်လည်း ကျွန်တော်က ပိုလိုချင်၍ ငြင်းသည် ဟုထင်ကာ ဒေါသကြီးနေမည် စိုးသဖြင့် ဘာမှ မပြောတော့ဘဲ သူပေးသည့် ဂီနီပြားကို ယူလိုက်ပါသည်။

မစ္စဟေဗီရှမ်၏ တိုက်အိမ်ကြီးမှာ ယခင်ကလိုပင် ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းသည်။ တိတ်ဆိတ်ခြောက်သွေ့လွန်းလှ၏။ မှောင်မည်းနေသော အခန်းအတွင်းမှ အဝါရောင် သန်းနေကြသည့် အရာဝတ္ထုများ၊ မှန်တင်ခုံရှေ့၌ ချထားသည့် အရောင်အဆင်း ပျက်နေသည့် ကုလားထိုင်၊ တစ်ချိန်တည်း တစ်ပြိုင်တည်း ရပ်သွားခဲ့ကြဟန်တူသော နာရီအိုကြီးများ ...။ မြင်တွေ့နေရသမျှ အရာအားလုံးသည် ဟောင်းနွမ်း အိုမင်းနေကြသည်။ နေ့၏ အလင်းရောင်သည် ဤအိမ်ကြီးအတွင်းသို့ ဘယ်တုန်းကမှ ဝင်ရောက်ခဲ့ခြင်း ရှိပုံမရ။ ဤအိမ်ကြီးအကြောင်းကို စဉ်းစားလိုက်သည့် အခါတိုင်း ကျွန်တော့်စိတ်သည် များစွာမှပင် နောက်ကျိရှုပ်ထွေးခဲ့ရသည်။ သို့ပါလျက်နှင့်ပင် ကျွန်တော့်နှလုံးသားသည် ကျွန်တော်လုပ်ရသည့် အလုပ်အပေါ်၌ စက်ဆုပ်မုန်းတီးစိတ်၊ ကျွန်တော် နေထိုင်လျက်ရှိသည့် အိမ်အတွက် ရှက်သည့် စိတ်တို့ဖြင့် ပြည့်လျှမ်းနေဆဲ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ နှင့် အတူနေခါမှ ဘစ်ဒီတစ်ယောက် သိသိသာသာကြီး ပြောင်းလဲလာသည် ကိုမူ ကျွန်တော် သတိထားမိသည်။

သူ့ဖိနပ်ခုံများသည် မြင့်လာသည်။ သူ့ဆံပင်များသည် ဆီရောင်ဖြင့် ပြောင်လက်လာသည်။ ကြည့်၍ ကောင်းအောင် အမြဲတစေ ဖြီး ထားသည်။ သူ့လက်များမှာလည်း အမြဲတစေ သန့်ရှင်းစင်ကြယ်လျက် ရှိသည်။ ဘစ်ဒီသည် လှသည် မဟုတ်။ သာမန်ရွက်ကြမ်းရေကျို ရုပ်ရည်မျိုးသာ ဖြစ်သည်။ အက်စတယ်လာလို မိန်းမချောတစ်ယောက် မဖြစ်နိုင်။ သို့သော်လည်း သူသည် ခင်မင်နှစ်လိုဖွယ်ရာ ကောင်းသည်။ စိတ်နေသဘောထား နူးညံ့သိမ်မွေ့သည်။ သူ ကျွန်တော်တို့ နှင့် အတူတူနေလာ၍ တစ်နှစ်မျှ မကျော်သေးမီ တစ်ညခင်းတွင် ကျွန်တော်သည် အစဉ်းစား အဆင်ခြင်ကြီးကြီး လေးလေးနက်နက် တွေးတတ်ပုံရသော သူ့ မျက်လုံးများ၏ ထူးခြားမှုကို သတိထားမိလာသည်။ ဘစ်ဒီ၏ မျက်လုံး များမှာ အလွန်လှ၍ အလွန်လည်း သိမ်မွေ့သည်။

ထိုညက ကျွန်တော်သည် စာအုပ်တစ်အုပ်မှ စာပိုဒ်တချို့ကို ကူးနေသည်။ ပန်းပဲသမားလက်ထောက် အလုပ်ကို လုပ်ကိုင်နေရင်းက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသိပညာ ဗဟု သုတတိုးတက်အောင် လုပ်မည်ဟူသော စိတ်ကူးဖြင့် ထိုအလုပ်ကို လုပ်နေခြင်း ဖြစ်သည်။ ကျွန်တော်သည် ကိုယ်ကူးရေးနေသည့် စာအုပ်ပေါ်တွင် စိတ်ဝင်တစား စူးစိုက်၍ ကြည့်နေရာမှ မျက်လုံးများကို ပင့်၍ ဘစ်ဒီအား မော့ကြည့်မိသည်။ ဤတစ်ခဏပိုင်းတွင် ဘစ်ဒီမျက်လုံးများ၏ အလှကို တွေ့ရခြင်း ဖြစ်၏။ ကျွန်တော်သည် လက်ထဲမှ ကလောင်တံကို ချလိုက်သည်။ ဘစ်ဒီကလည်း အဝတ်တစ်ထည်ကို ချုပ်နေရာမှ သူ့အလုပ်ကို ရပ်လိုက်သည်။

"ဘစ်ဒီ" ကျွန်တော်က သူ့ကို လှမ်းခေါ်သည်။ "နင်တော်အောင် ဘယ်လိုလုပ်သလဲ ဟင်၊ ငါကပဲ သိပ်ညံ့နေလို့လား၊ ဒါမှ မဟုတ် နင်ကပဲ သိပ်တော်နေလို့လား မသိဘူး"

"ငါတော်အောင် ဘာများ လုပ်တာ တွေ့လို့လဲ၊ ငါဖြင့် မသိပေါင်...." ဟု ဘစ်ဒီက ပြုံး၍ ပြောသည်။

တကယ်တော့ ဘစ်ဒီသည် အိမ်ထောင်အထိန်းအသိမ်းတွင်လည်း အလွန်တော်သူ ဖြစ်၏။ အံ့သြဖို့ ကောင်းအောင်ပင်တော်သည် ဟု ထင်ပါသည်။ သို့သော်လည်း ကျွန်တော် ဆိုလိုသည်မှာ အိမ်ထောင်မှု အထိန်းအသိမ်းတော်သည် ကိုဆိုခြင်း မဟုတ်ပါ။

"နင်တော်လာအောင် ဘယ်လိုများ လုပ်သလဲ ဘစ်ဒီ၊ ငါ သိသမျှ တတ်သမျှကို နင်သိတာတတ်တာချည်းပဲ၊ နင်ဟာ ငါနဲ့ တန်းတူလိုက်နေ တာချည်းပဲ" ကျွန်တော်သည် အသိဉာဏ်ပညာ ဗဟုသုတ တိုးတက်လာရေးအတွက် မွေးနေ့တိုင်း မစ္စဟေဗီရှမ်ထံမှ ရခဲ့သော ဂီနီပြားများကို သုံးခဲ့၏။ မုန့်ဖိုးပဲဖိုးအဖြစ် ရသမျှငွေများကိုလည်း သုံးခဲ့၏။ သို့သော်လည်း ယခုအချိန်အထိ ကျွန်တော်သိသမျှ

တတ်သမျှလေးများမှ ကုန်ကျခံခဲ့သည့် စရိတ်ငွေနှင့် တွက်လျှင် အဆမတန် နည်းပါးလျက်ပင် ရှိနေ သေးသည် ဟု ထင်ပါသည်။

"ငါကလည်း နင် မေးသလို မေးရမှာပဲ" ဟု ဘစ်ဒီက ပြောသည်။ " နင်ကောတော်အောင် ဘယ်လိုလုပ်သလဲ"

"ငါ မတော်ပါဘူးဟာ၊ တော်တာက နင်ပါ။ နင်သိတဲ့ အတိုင်းပဲ၊ ငါ ပန်းပဲဖိုက ပြန်လာရင် ညတိုင်း ထိုင်ပြီး စာတွေဖတ်လိုက်၊ ကျက်လိုက် လုပ်နေတာ လူတိုင်းမြင်နေတာကပဲ၊ နင်ကတော့ ငါ့လို လုံးဝမလုပ်ဘူး... ဘစ်ဒီ၊ ဒါပေမဲ့ နင် သိနေတတ်နေတာပဲ"

"ချောင်းဆိုးရောဂါကူးသလို ကူးလို့ပဲ ဖြစ်မှာပေါ့ဟယ်" ဟု ဘစ်ဒီ လေးလေးကလေးဖြင့် ပြန်ပြောပြီး သူ့အဝတ်ကို ဆက်၍ ချုပ်နေသည်။

ကျွန်တော်က သစ်သားကုလားထိုင်ကို ကျောနှင့် မှီ၍ ထိုင်လိုက်ပြီး ဦးခေါင်းကို တစ်ဖက်သို့ ငဲ့စောင်းကာ အဝတ်ကို စိတ်ဝင်တစား ချုပ်နေသော ဘစ်ဒီကို ငေးကြည့်နေမိသည်။ ကြည့်နေရင်းမှပင် သူ့ကိုသာမန် မိန်းကလေးများ နှင့် မတူသော အလွန့်အလွန် ထူးခြားသည့် မိန်းကလေးတစ်ယောက် ပါလား ဟူသော အထင်သည် ကျွန်တော့်အတွေးထဲသို့ ဝင်လာသည်။ အခုမှပင် သူ၏ ထူးခြားမှုတစ်ခုကို ကျွန်တော် သတိရမိ၏။ သူသည် ကျွန်တော်တို့ ပန်းပဲလုပ်ငန်းမှ စကားလုံးအသုံးအနှုန်း အခေါ်အဝေါ်များကို ကျွန်တော့်လိုပင် သိနေ၏။ အမျိုးမျိုး အဖုံဖုံ ကွဲပြားသော လုပ်ငန်းအမည်များ နှင့် လက်နက် ကိရိယာပစ္စည်းအားလုံး၏ အမည်များကိုပါ သူ ခေါ်တတ်နေ၏။ အတိုချုပ်၍ ပြောရသော် ကျွန်တော် သိသလောက်ကို ဘစ်ဒီ သိနေသည်။ လက်တွေ့အားဖြင့် သူသည် ပန်းပဲ သမားတစ်ဦး မဟုတ်သော်လည်း စာတွေ့အရ ကျွန်တော့်လောက် သိနားလည်သော၊ ကျွန်တော့်လောက်တော်သော ပန်းပဲသမားတစ်ဦး ဖြစ်နေ၏။ ကျွန်တော့်ထက်တော်လိမ့်မည်ဟု ထင်မိပါသည်။

"နင်ဟာ ဟိုလိုလူစားမျိုးတွေထဲက တစ်ယောက်ပဲလို့ ဆိုရတော့မလို ဖြစ်နေပြီ... ဘစ်ဒီ" ဟု ကျွန်တော်က ပြောမိသည်။ "ဘယ်လိုလူစားတွေလဲ ဆိုတော့.. ပေါ်လာသမျှ အခါအခွင့်တိုင်းကို အသုံးချတတ်တဲ့ လူစားတွေပေါ့။ နင် ငါ့တို့ ဆီ ရောက်မလာခင်ကတော့ အသုံးချနိုင်မည့် အခါ အခွင့်ကို မရခဲ့ဘူး။ ဒီလည်း ရောက်ရော နင် ဘယ်လောက် တိုးတက် လာသလဲ"

ဘစ်ဒီသည် ကျွန်တော့်ကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် သူ့အဝတ်ကို ဆက်ချုပ်နေသည်။ "ဘာပဲဖြစ်ဖြစ်လေ။ ငါဟာ နင့်ရဲ့ ပထမဆုံးဆရာ ဖြစ်ခဲ့တာပဲ၊ ငါပြောတာ မဟုတ်ဘူးလား" သူသည် အဝတ်ကို ချုပ်နေရင်းမှ လှမ်းပြောသည်။

"ဘစ်ဒီ" ကျွန်တော်က အံ့သြခြင်းကြီးစွာဖြင့် ရေရွတ်မိသည်။

"ဘာပြုလို့လဲ… နင် ငိုနေတယ် ဟုတ်လား"

"ဟင့်အင်း၊ ငါ မငိုပါဘူး" ဘစ်ဒီက ကျွန်တော့်ကို မော့ကြည့်ပြီး ရယ်သွမ်းသွေး၍ ပြောသည်။ "ဘာကြောင့် များ အဲဒီအတွေး နင့်ခေါင်းထဲ ရောက်နေရတာလဲ"

ဘာကြောင့် ထိုအတွေး ကျွန်တော့်ခေါင်းထဲသို့ ဝင်လာရပါသနည်း။ ရှင်းပါသည်။ လက်ခနဲ ဖြစ်သွားသော မျက်ရည်တစ်ပေါက်သည် သူ ချုပ်နေသည့် အဝတ်ပေါ်သို့ ကျသွားသည် မဟုတ်ပါလား။ ကျွန်တော်သည် ငြိမ်ဆိတ်စွာ ထိုင်၍ ဘစ်ဒီအကြောင်းကို စဉ်းစားနေမိသည်။ မစ္စတာ ဝေါ့စလေ၏ ကြီးတော်က အခိုင်းအစေနှင့် နေတတ်သော အလေ့အထ ဆိုးကြီးကို မစွန့်မချင်း ဘစ်ဒီသည် အိမ်ဖော်တစ်ယောက်ဘဝဖြင့် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရရှာ၏။ သူသည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို ဖြစ်စေခဲ့သော အိမ်ဆိုင်ကလေးအတွင်း၌ နေထိုင်ပြီး အလွန်ဆူဆူညံညံ နိုင်လှသော ညကျောင်းကလေးကို အဖော်ပြုကာ အလွန်မျှော်လင့်ချက် ကင်းမဲ့သော ပတ်ဝန်းကျင်ကို အမှီပြု၍ နေခဲ့ရသူတစ်ဦး ဖြစ်သည်။ တကယ်တော့ ဘစ်ဒီသည် မနိုင်ဝန်ကြီးတစ်ခုကို ပခုံးဖြင့် ထမ်းကာ တရွတ်တိုက် သွားနေရသူတစ်ဦး ဖြစ်သည်။ ယခု ကျွန်တော် မြင်တွေ့နေရသော ဘစ်ဒီ၏ ထူးခြားသော အရည်အသွေးများသည် ဟိုတစ်ချိန်က ရှိနေခဲ့ခြင်း ဖြစ်၏။ ထိုအချိန်ကတော့ ထိုအရည်အသွေးများသည် အခွင့်အခါမသင့်၍ ငုပ်လျှိုးနေကြခြင်း ဖြစ်သည်။ သို့သော်လည်း ကျွန်တော် မစ္စတာဝေါ့စလေ၏ ကြီးတော်ထံ ပညာသင်ကြားနေရသည် ကို အားမရ၍ ဘစ်ဒီထံ ပထမဆုံးအကြိမ် ချဉ်းကပ်ခဲ့ဖူးသည်။ ထိုစဉ်ကတည်းက ဘစ်ဒီသည် သူ့အရည်အသွေးကို အထိုက်အလျောက် ဖော်ပြခဲ့ဖူးသည် မဟုတ်ပါလား။

ဘစ်ဒီသည် ငြိမ်ဆိတ်စွာထိုင်၍ ချုပ်လက်စအဝတ်ကို ချုပ်နေသည်။ နောက်ထပ် မျက်ရည်စများကို မမြင်ရတော့ပေ။ ကျွန်တော်သည် ဘစ်ဒီ၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။ ကြည့်နေရင်းမှပင် ဘစ်ဒီနှင့် ဆက်စပ်နေသည့် အကြောင်းအရာများကို စဉ်းစားနေမိသည်။ ကျွန်တော်သည ဘစ်ဒီအပေါ်၌ ကျေးဇူးတင်သင့်သလောက် မတင်သေးဟုပင် ထင်နေမိ၏။ ဘစ်ဒီနှင့် ဆက်ဆံရာ၌ ကျွန်တော့်ဘက်မှ မပွင့်မလင်းနိုင်လွန်းလှသည် ထင်၏။ ကျွန်တော့်အနေဖြင့် ယခုထက် ပို၍ ပွင့်လင်းပြီး ပို၍ တရင်းတနှီး ရှိသင့်၏။ ဘစ်ဒီအပေါ်တွင် ယုံကြည်မှု အပြည့်အဝ ထားကာ ယခုထက်ပို၍ ကူညီစောင့်ရှောက်သင့်သည် ဟုလည်း ယူဆမိ လေသည်။

"ဟုတ်ပါတယ်… ဘစ်ဒီရာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ဟော့ဒီမီးဖိုခန်းထဲမှာ ငါတို့ နှစ်ယောက် အခုလို အတူတူထိုင်ပြီး နေရလိမ့်မယ်လို့ မမျှော်လင့်နိုင်ခင်ကတည်းက နင်ဟာ ငါ့ရဲ့ ပထမဆုံးဆရာ ဖြစ်ခဲ့တာပါ"

"အင်း.. သနားစရာပေါ့လေ" ဟု ဘစ်ဒီက ပြန်ပြောသည်။ သူသည် သူ့အကြောင်းသူ မပြောလိုသည့် အခါတွင် ဖြစ်စေ၊ ပြောလက်စ စကား လမ်းကြောင်း ပြောင်းလိုသည့် အခါများတွင် ဖြစ်စေ အစ်မကိစ္စများ ဘက်သို့ အာရုံပြောင်းသွားအောင် လုပ်တတ်သည်။ ယခုလည်း သူသည် ထိုင်နေရာမှ ထသွားကာ အစ်မ၏ ဝေယျာဝစ္စများကို လုပ်နေရာမှ "အဲဒီ အဖြစ်ကလည်း ဝမ်းနည်းစရာ ကောင်းအောင်ကို မှန်နေတယ် ဆိုပါတော့"

"ထားပါတော့လေ" ဟု ကျွန်တော်က ပြောသည်။

"တို့ နှစ်ယောက် ဟိုတုန်းကလို အေးအေးဆေးဆေး စကားပြောကြဦးမှ ဖြစ်မယ်။ ငါ့မှာလည်း နင်နဲ့ တိုင်ပင်စရာလေးတွေ ရှိနေသေးတယ်။ လာမယ့်တနင်္ဂနွေနေ့ကျရင် ငါတို့ နှစ်ယောက် စိမ့်မြေတောတွေဘက် ထွက်ပြီး လမ်းလျှောက်ကြရအောင်လား...ဘစ်ဒီ၊ ပြီးတော့ စကားလည်း ကြာကြာ ပြောရတာပေါ့"

ယခုအခါတွင် ကျွန်တော်တို့သည် အစ်မကို ဘယ်တော့မှ တစ်ယောက်တည်း ပစ်မထားပါ။ သူ့အနားတွင် အဖော်တစ်ယောက် အမြဲတမ်းထားပေးသည်။ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် မူ အစ်မနှင့် အတူနေပေးဖို့ ဂျိုးက တာဝန်ယူသဖြင့် ဘစ်ဒီနှင့် ကျွန်တော်တို့ အပြင်သို့ လမ်းလျှောက် ထွက်ခဲ့ကြသည်။ နွေရာသီဖြစ်၍ ရာသီဥတုမှာ ချစ်စရာ ကောင်း လောက်အောင်ပင် သာတောင့်သာယာ ရှိလှပါသည်။ ကျွန်တော်တို့သည် ရွာဘုရားရှိခိုးကျောင်းနှင့် သင်္ချိုင်းဝင်းများကို ကျော်ဖြတ်ကာ စိမ့်မြေ တောဘက်သို့ ရောက်လာသည်။ မြစ်ပြင်ပေါ်၌ ရွက်လွှင့်၍ သွားလာနေကြသော လှေများ၊ သင်္ဘောများကို မြင်နေကြရလေပြီ။ ဤ နေရာရောက်၍ ဤရှုခင်းများကို မြင်တိုင်း မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ အကြောင်းသည် ကျွန်တော့် ခေါင်းထဲသို့ ဝင်လာစမြဲ ဖြစ်၏။ ယခုလည်း ထုံးစံအတိုင်း သူတို့ အကြောင်းသည် ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာပြန်သည် ကျွန်တော်တို့ နှစ်ယောက်သည် ခြေထောက်များကို တွဲလောင်းချကာ မြစ်ကမ်းပါး၌ ထိုင်ကြသည်။ တသွင်သွင်စီးနေသော မြစ်ရေသည် ကျွန်တော်တို့ ခြေထောက်များကို တိုးဝှေ့ပွတ်တိုက်ကာ ဂယက်ထလျက် ရှိသည်။ ပတ်ဝန်းကျင်သည် တိတ် ဆိတ်ငြိမ်သက်လှချေသည်။ ရေစီးသံမှ တစ်ပါး အခြား ဘာသံမှ မကြားရ။ ဤနေရာနှင့် ဤအချိန်ကာလသည် ကျွန်တော့်ရင်ထဲ၌ လျှို့ဝှက်ထားသမျှ ကိစ္စအဝဝကို ဘစ်ဒီအား ဖွင့်ဟပြောပြရန် အကောင်းဆုံးဟု ကျွန်တော် ဆုံးဖြတ်ပါသည်။

"ငါကတော့ ဂုဏ်ကြီးမြင့်တဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်တာပါပဲ... ဘစ်ဒီရာ" ဟု ကျွန်တော်က ပြောမိသည်။

"အို... ငါသာ နင့်နေရာမှာ ဆိုရင် ငါကတော့ မဖြစ်ချင်ဘူး" ဟု ဘစ်ဒီက ပြန်ပြောသည်။ "ငါကတော့ ဒါဟာ အဖြေလို့ မထင်ပါဘူး"

"ဒီမှာ ဘစ်ဒီ" ကျွန်တော်က အလွန်စိတ်အားထက်သန်စွာဖြင့် ပြောမိပြန်သည်။ "ငါ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင် တာဟာ ခိုင်လုံတဲ့ အကြောင်း ရှိလို့ပါဟာ"

"ဒါကတော့ နင့်ဘာသာနင် အသိဆုံး ဖြစ်မှာပါ ပစ်ပ်ရယ်။ ဒါပေမဲ့ ငါတစ်ခု မေးချင်တယ်။ နင်အခု ရောက်နေတဲ့ ဘဝမှာ မပျော်ဘူးလား ဟင်"

"ဘစ်ဒီရယ်" ဟု ကျွန်တော်က စိတ်မရှည်သံဖြင့် ရေရွတ်မိသည်။ “အခု ငါရောက်နေတဲ့ ဘဝမှာ ငါလုံးဝမပျော်ဘူးဟာ၊ ငါ့အလုပ်အကိုင်နဲ့ ငါ့ဘဝကို ငါသိပ်ပြီး စက်ဆုပ်တာပဲ၊ ငါ လုံးဝမကျေနပ်ဘူး။ ငါ့ကို မသရော်ပါနဲ့ ဟယ်"

"ငါက သရော်တယ် ဟုတ်လား" ဘစ်ဒီက မျက်ခုံးနှစ်ဖက်ကို ပင့်၍ မေးသည်။ ဒါ ဆိုရင်တော့ အဲဒါအတွက် ငါ တောင်းပန်ပါတယ်ဟာ၊ ငါ သရော်ဖို့ မရည်ရွယ်ပါဘူး။ ငါကတော့ နင့်ကို ကိုယ်လုပ်ရမယ့် အလုပ်ကလေး ကောင်းကောင်း မွန်မွန် လုပ်ကိုင်ပြီး နားအေးပါးအေးနဲ့ စိတ်ချမ်းသာနေတာကို မြင်ချင်တဲ့ စိတ်ကြောင့် ပြောမိဆိုမိတာပါ"

"ဒီလိုဆိုရင် ငါပြောလိုက်မယ်။ ငါ ဘယ်တော့မှ စိတ်မချမ်းသာဘူး လို့သာ နင် နားလည်ထားလိုက်ပေတော့။ ဒီဘဝမျိုးနဲ့သာ နေရလို့ ကတော့ ငါတစ်သက်လုံး စိတ်ချမ်းသာမှာ မဟုတ်ဘူး ဘစ်ဒီ၊ အခု ငါ ရောက်နေတဲ့ ဘဝနဲ့ အလွန်ကို ခြားနားတဲ့ ဘဝ ရောက်နေမှပဲ ငါ စိတ် ချမ်းသာတော့မှာ "

"ဒါဆိုရင်တော့ သနားစရာပဲ" ဘစ်ဒီက ဝမ်းနည်းသော အမူအရာဖြင့် ခေါင်းကိုယမ်း၍ ပြောသည်။

ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်အဖြစ်ကို သနားစရာအဖြစ်ဟု မကြာခဏ တွေးခဲ့မိဖူး၏။ ထိုအတွေးဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရသည့်အကြိမ်ပေါင်း မရေမတွက်နိုင်။ ဤကဲ့သို့ ဖြစ်နေရချိန်တွင် ယခုကဲ့သို့ ဘစ်ဒီက ပြောလိုက်သောအခါ ကျွန်တော် ခံစားနေရသည့် စိတ်ဒုက္ခကို ဆွပေးလိုက်သလို ဖြစ်သွားသည်။ မျက်ရည်ပင် ကျလုမတတ် စိတ်ထိခိုက်ခြင်း ဖြစ်ရ၏။ သူပြောတာ မှန်သည် ဟု ကျွန်တော် ဝန်ခံလိုက်သည်။ ကျွန်တော့်အဖြစ်မှာ ဝမ်းနည်းစရာ ကောင်းရုံမျှမက ဘယ်သူမှ ကူညီ၍ မရနိုင်သည့် ဒုက္ခမျိုးဟုပင်

ထင်ကြောင်းလည်း ပြောပြလိုက်သည်။

"တကယ်လို့ များ ငါ့ပြဿနာကို ငါ ဖြေရှင်းနိုင်မယ်ဆိုရင်" ကျွန်တော်က စကားကို မဆက်သေးဘဲ လက်လှမ်းမီရာ တစ်နေရာမှ မြက်တစ်ဆုပ်ကို ဆောင့်ဆွဲပြီး နှုတ်လိုက်သည်။ ကျွန်တော် မြက်ပင်များကို ဆွဲနှုတ်လိုက်ပုံမှာ တစ်ချိန်သောအခါက ကိုယ့်ခေါင်းမှ ဆံပင်များကို ဆောင့်ဆွဲပြီး ဘီယာချက်စက်ရုံ နံရံကို ခြေဖြင့် ကန်ကြောက်နေသည့် အဖြစ်နှင့် တူလှပေသည်။ "တကယ်လို့သာ ဒီပြဿနာကို ငါ့ဘာသာငါ ပြေလည်အောင် လုပ်နိုင်မယ်ဆိုရင် ကောင်းမှာပဲ၊ ငါ ငယ်ငယ်တုန်းကဆိုရင် ပန်းပဲဖိုကို သိပ်သဘောကျတာ။ အဲဒီအရွယ်တုန်းကစိတ်မျိုး ထက်ဝက်လောက်သာ ရှိမယ်ဆိုရင် ငါ့အတွက် အများကြီးကို ကောင်းမှာ သေချာတယ်။ နင်ရယ် ငါရယ် ဂျိုးရယ်၊ တို့ သုံးယောက်အဖို့ ဘာမှ မလိုတော့ဘူး။ လက်ထောက်အလုပ်သင်အဖြစ်နဲ့ လုပ်ရမယ့် စာချုပ် သက်တမ်းပြည့်သွားချိန်ကျရင် ငါနဲ့ ဂျိုးနဲ့ ဒီပန်းပဲလုပ်ငန်းကို စပ်တူလုပ်လို့ ရတာပဲ၊ ငါ့အနေနဲ့လည်း နင်နဲ့လည်း မကွဲမကွာ နေရမယ်။ တနင်္ဂနွေနေ့ဆိုရင် အခုလိုပဲ လာပြီး မြစ်ကမ်းပါးမှာ ထိုင်ကြ၊ စကားပြောကြနဲ့ ဘယ်လောက်ကောင်းမလဲ၊ ငါဟာ နင့်အတွက် အဘက်ဘက်က ကောင်းတဲ့ လူတစ်ယောက် ဖြစ်သင့်တာ အမှန်ပဲ။ ငါပြောတာ မဟုတ်ဘူးလား... ဘစ်ဒီ"

ဘစ်ဒီသည် မြစ်ပြင်ပေါ်၌ ရွက်လွှင့်၍ သွားနေကြသော သင်္ဘောများဆီသို့ ငေးမျှော်ကြည့်နေရာမှ သက်ပြင်းတစ်ချက် ချလိုက်ပြီး ပြန်ပြောသည်။ "ဟုတ်တာပေါ့။ ငါကတော့ အလွန်အကျွံ မစွဲလမ်းတတ်ဘူး... ပစ်ပ်" သူ့လေသံမှာ ရိုးရိုးအေးအေးကလေး ဖြစ်သဖြင့် သူ့စိတ်ထဲရှိသည့် အတိုင်း ပြောလိုက်ခြင်း ဖြစ်ကြောင်း ကျွန်တော် သိပါသည်။

"အခုတော့ အဲသလို ဖြစ်ရမယ့်အစား" ကျွန်တော်က မြက်ပင်များကို ဆွဲနှုတ်လိုက်ပြီး တစ်ပင်နှစ်ပင်ကိုပါးစပ်ထဲထည့်၍ ကိုက်နေမိသည်။ "ငါ ဘယ်လိုဖြစ်နေတယ်ဆိုတာ နင်အသိပါ။ ကိုယ့်ဘဝကို ကိုယ် မကျေနပ်ဘူး။ စိတ်မချမ်းသာဘူး။ တကယ့်လို့ပေ့ါလေ တစ်ယောက်ယောက်ကသာ ငါ့ကို ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ သာမန်အောက်တန်းစား တစ်ယောက်ပဲလို့ မပြောခဲ့ဘူးဆိုရင် ငါ အခုလို ဖြစ်ချင်မှ ဖြစ်မယ်"

ဘစ်ဒီက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်သည်။ သင်္ဘောများ ဆီ ကြည့်နေသည့် အကြည့်မျိုး မဟုတ်။ စိတ်ဝင်တစား ဖြစ်နေသည့် အကြည့်။

"ဒီစကားဟာ မှန်လည်း မမှန်ဘူး၊ ပြောသင့်ပြောထိုက်တဲ့ စကားလည်း မဟုတ်ဘူး။ အလွန်မယဉ်ကျေးတဲ့ စကားမျိုးပဲ" ဟု ဘစ်ဒီက ဆိုသည်။ သူ့မျက်လုံးများသည် သင်္ဘောဆီသို့ ရောက်သွားပြန်သည်။ “ဒီစကားကို ဘယ်သူက

ပြောတာလဲ"

ကျွန်တော် စိတ်ရှုပ်ရပြန်ပြီ။ ကိုယ်ပြောနေသည့် စကား ဘယ်ရောက်၍ ဘယ်ရောက်မှန်း မသိ။ မဆင်မခြင် ပြောလိုက်မိသဖြင့် နှုတ်ကျွံသလို ဖြစ်သွားခဲ့ပြီ။ မည်သို့ပင်ဖြစ်စေ အခုမှတော့ ရှောင်၍ မရတော့။ "မစ္စဟောဗီရှမ်ရဲ့ အိမ်မှာ တွေ့ခဲ့ရတဲ့ အထက်တန်းစား မိန်းမချောလေးတစ်ယောက်က ပြောလိုက်တာ၊ လှလိုက်တာကတော့ အလွန်ပဲ၊ သူ့လောက် ဘယ်သူမှ လှမယ်မထင်ဘူး။ ငါကတော့ သူ့အလှကို သိပ်အံ့သြတာပဲ၊ ငါသူ့ကြောင့် ဂုဏ်သရေရှိတဲ့ အထက်တန်းစား လူကြီးလူကောင်း တစ်ယောက် ဖြစ်ချင်တာ" အလွန်မိုက်မဲသော ဝန်ခံချက်ကို ပေးပြီးသောအခါ ကျွန်တော်သည် ပါးစပ်ဖြင့် ကိုက်ထားသဖြင့် အပိုင်းပိုင်းပြတ်နေသော မြက်ပင်များကို မြစ်ထဲသို့ လွှင့်ပစ်လိုက်သည်။

ဘစ်ဒီသည် တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် တည်ငြိမ်အေး ဆေးသော အသံဖြင့် "နင် ဂုဏ်သရေရှိတဲ့ လူတစ်ယောက် ဖြစ်ချင်တာက သူ့ကို လက်စားချေချင်လို့လား၊ ဒါမှမဟုတ် သူက မျက်နှာသာပေးတာ ခံချင်လို့လား" ဟု မေးသည်။

"ငါလည်း မပြောတတ်ပါဘူးဟာ" ဟု အလွန်နောက်ကျိရှုပ်ထွေးသော စိတ်ဖြင့် အဖြေပေးလိုက်မိပါသည်။

"မေးတာက အကြောင်းရှိလို့ပါ။ ဘာကြောင့်လဲဆိုတော့ တကယ်လို့ သူ့ကို လက်စားချေချင်လို့ လုပ်တယ်ဆိုရင် ငါထင်တာကတော့... ဒါပေမဲ့ ဒါလည်းပဲ နင့်ဘာသာနင် အသိဆုံးနေမှာပါလေ။ ငါ့အထင်ကတော့ သူပြောလိုက်တဲ့ စကားကို လုံးဝဂရုမစိုက်ဘဲ နေလိုက်တာ အကောင်းဆုံးဖြစ်မှာပဲ၊ အေး... သူက မျက်နှာသာပေးတာ ခံချင်လို့ ဆိုရင်တော့ တစ်မျိုးပေါ့။ ဒါလည်းပဲ နင့်ဘာသာနင် အသိဆုံး နေမှာပါ။ ငါ့အထင်ပြောရရင်တော့ ဒီမိန်းကလေးဟာ မျက်နှာသာ အပေးခံချင်လောက်အောင် တန်ဖိုးရှိမယ် မထင်ပါဘူး"

ဘစ်ဒီစကားများသည် ကျွန်တော်ကိုယ်တိုင် အကြိမ်ပေါင်းများစွာ တွေးခဲ့ဖူးသည့် အတွေးများ နှင့် တစ်ထပ်တည်းဖြစ်လျက် ရှိ၏။ သို့သော်လည်း ကျွန်တော့်ကို အမြင်မှန်ရအောင် မည်သည့် အရာက လုပ်ပေးနိုင်ပါမည်နည်း။ ဤကိစ္စမျိုးတွင် အတော်ဆုံးနှင့် ဉာဏ်ပညာအကြီးဆုံး ဆိုသော ပုဂ္ဂိုလ်ကြီးများသည်ပင်လျှင် အမြင်မှောက်မှားပြီး ကျဆုံးနေကြသည် ဖြစ်ရာ ကျွန်တော့်လို တောသား လူအကလေး တစ်ယောက်အဖို့ အဘယ်မှာ လျှင် ရှောင်နိုင်ပါမည်နည်း။

"နင်ပြောတာ အားလုံး မှန်ချင်လည်း မှန်မှာပဲ၊ ဒါပေမဲ့ ခက်တာက ငါ သူ့ကို သိပ်ပြီး သဘောကျနေမိတယ်"

ဤစကားကို ပြောအပြီးတွင် ကျွန်တော်သည် ခေါင်းငိုက်စိုက်ကျကာ လက်နှစ်ဖက်ဖြင့် ကျွန်တော့်ခေါင်းတစ်ဖက်တစ်ချက်ရှိ ဆံပင်များကို တအားဆွဲဆုပ်နေမိသည်။

ဘစ်ဒီသည် အလွန်လိမ္မာပါးနပ်သော မိန်းကလေးတစ်ဦး ဖြစ်ပါ၏။ သူသည် ကျွန်တော့်ကို နောက်ထပ် နှစ်သိမ့်ဖျောင်းဖျဖို့ မကြိုးစားတော့ပါ။ အလုပ်လုပ်ရလွန်း၍ ကြမ်းတမ်းသလောက် စိတ်သက်သာရာရမှုကို ပေးနိုင်စွမ်းရှိသော သူ့လက်သည် ကျွန်တော့်လက်များ ကို အသာအယာလာ၍ ကိုင်သည်။ ဆုပ်ဆွဲထားသော ဆံပင်များကို လက်ထဲမှ လွတ်သွားအောင် ညင်သာစွာ ဖြေပေးသည်။ ထို့နောက် သူ့လက်တစ်ဖက်ဖြင့် ကျွန်တော့်ပခုံးကို အသာအယာ ပုတ်သည်။ ကျွန်တော် ကတော့ မျက်နှာကို လက်မောင်းဖြင့် အပ်ကာ မျက်ရည်ကျမိ၏။ (ဘီယာချက်စက်ရုံဝင်းထဲ၌ ငိုကြွေးစဉ်အတိုင်း ငိုကြွေးမိခြင်း ဖြစ်ပါသည်။) ကျွန်တော့်အား တစ်စုံတစ်ယောက်က သို့မဟုတ် လူတိုင်းက မမှန်မကန်သော နည်းဖြင့် အသုံးချသွားသည် ဟု စိတ်ထဲက ထင်နေမိသည်။ မည်သည့် နည်းဖြင့် အသုံးချသွားသည် ကိုမူကား ကျွန်တော် မပြောနိုင်ပါ။

"ငါ တစ်ခုတော့ ဝမ်းသာပါတယ် ဟယ်" ဟု ဘစ်ဒီက ဆိုသည်။ "တခြားတော့ မဟုတ်ပါဘူး။ နင့်ရဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးကိစ္စ တစ်ခု ငါ့ကို ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောတဲ့ အတွက်ပါပဲ။ နောက်တစ်ခု ငါ ဝမ်းသာတာက ဒီကိစ္စကို ငါ နှုတ်လုံလိမ့်မယ်လို့ နင် နားလည်နေတဲ့အတွက်ပါပဲ။ ယုံပါ ပစ်ပ်ရယ်၊ ငါ ဘယ်သူ့ကိုမှ မပြောပါဘူး။ တကယ်လို့များ နင့်ရဲ့ ပထမဆုံးဆရာမက အခုအချိန်အထိ နင့်ရဲ့ ဆရာမ ဖြစ် နေဦးမယ်လို့ ဆိုရင်တော့ အခုကိစ္စမှာ ဘယ်လိုသင်ခန်းစာမျိုး သင်ကြား ပြသပေးရမယ်ဆိုတာ သူ သိနေတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ပေးတဲ့ သင်ခန်းစာကို သင်ယူဖို့ ကတော့ အတော်ကြီးကို ခက်ပါလိမ့်မယ်။ နင်ဟာ သူ့လက်လှမ်းမမီတဲ့ နေရာမှာ ရောက်သွားပြီ၊ အခုအချိန်ကျမှတော့ ဘာမှ လုပ်လို့ မရနိုင်တော့ဘူး။ လုပ်လည်း အလကားနေမှာပဲ" ဘစ်ဒီသည် သက်ပြင်းတစ်ချက်ချကာ ထိုင်နေရာမှ ထရပ်သည်။ ထို့ နောက် "ငါတို့ ရှေ့ဆက်လျှောက်ဦးမလား၊ ဒါမှ မဟုတ် အိမ်ပြန်မလား" ဟု ကျွန်တော့်အား မေးသည်။ သူ့လေသံမှာ စောစောကလို မဟုတ်တော့။ အသံသစ်ဖြစ်သည်။ တည်ငြိမ်၍ ချိုအေးသော အသံ...။

"ဘစ်ဒီ" ကျွန်တော်က သူ့နာမည်ကို ခေါ်ကာ ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက် လက်တစ်ဖက်ဖြင့် သူ့လည်ပင်းကို သိုင်း၍ ဖက်လိုက်ပြီး သူ့ပါးတစ်ဖက်ကို တစ်ချက်မျှ နမ်းလိုက်သည်။ "ငါကတော့ ဘာမဆို အကုန်လုံး နင့်ကို ဖွင့်ပြောမှာပဲ"

"နင် လူကြီးလူကောင်းတစ်ယောက် ဖြစ်တဲ့ အချိန်ထိ ဆိုပါတော့" ဟု

ဘစ်ဒီက ပြောသည်။

"ငါ ဘယ်တော့မှ မဖြစ်ဘူးဆိုတာ နင်သိပါတယ်... ဘစ်ဒီရယ်။ အဲဒီတော့ အမြဲတမ်း ပြောသွားမှာပေ့ါ။ ဟိုညက အိမ်မှာ ငါပြောသလိုပဲ ဖြစ် မှာပေ့ါ။ ငါ သိသမျှ နင် သိရမှာပေ့ါ"

"အို" ဟု ဘစ်ဒီက တိုးတိုးကလေး ရေရွတ်သည်။ သူ့မျက်လုံးအစုံသည် မြစ်ပြင်ထက်မှ သင်္ဘောများ ဆီသို့ မျှော်ငေးလျက် ရှိ၏။ ထို့နောက် စောစောက လေသံအတိုင်း ထပ်မေးပြန်သည်။ "ငါတို့ ရှေ့ဆက်လျှောက်ဦးမလား၊ အိမ်ပြန်မလား"

ကျွန်တော်က ရှေ့နည်းနည်း ဆက်လျှောက်ဦးမယ်ဟု ဖြေသည်။ နှစ်ယောက်သား ဆက်လျှောက်ကြသည်။ နွေဦးတု၏ မွန်းလွဲပိုင်းသည် နွေဦးတု၏သာယာသော ညနေခင်းအဖြစ်သို့ အသွင်ပြောင်းလာသည်။ ပတ်ဝန်းကျင်သည် စိတ်ကြည်နူးစဖွယ် ကောင်းအောင် လှပလျက် ရှိ လေသည်။ တစ်ချိန်တည်း ရပ်နေသော နာရီများ၊ မှောင်မိုက်နေသော အခန်းထဲ၌ ဖယောင်းတိုင်မီးရောင်ကို အားပြု၍ ဖဲကစားရခြင်း၊ အက်စတယ်လာ၏ မထီမဲ့မြင်ပြုမှုနှင့် စော်ကားမော်ကား ပြောဆိုမှုများကို ခံခဲ့ ရသည့် အဖြစ်..။ ဤအရာအားလုံးကို ကျွန်တော် တနုံ့နုံ့ပြန်၍ စဉ်းစား ဆင်ခြင်နေမိ၏။ သူ့ကို ကျွန်တော့်ခေါင်းထဲမှ အပြီးအပြတ် ထုတ်ပစ်နိုင် မည် ဆိုပါက မည်မျှကောင်းပါမည်နည်း။ ကိုယ်လုပ်ရမည့် အလုပ်ကို လုပ်၍ ကိုယ့်ဘဝကိုယ် ကိုယ့်အလုပ်ထဲ မြှုပ်နှံ၍ ကိုယ်ရထားသည့် အခွင့်အလမ်းကို ကိုယ့်အတွက် အကောင်းဆုံးဖြစ်အောင် အသုံးချ၍ နေထိုင် သွားနိုင်မည် ဆိုပါက မည်မျှ ကောင်းပါမည်နည်း။ အကယ်၍ ယခု ကျွန်တော်နှင့် ဘေးချင်းယှဉ်၍ လျှောက်နေသူသည် ဘစ်ဒီမဟုတ်ဘဲ အက်စတယ်လာသာ ဖြစ်ခဲ့ပါမူ သူ့အနေဖြင့် ကျွန်တော်အား စိတ်ဆင်းရဲကိုယ် ဆင်းရဲ ဖြစ်အောင် လုပ်နေလေမလား၊ လုပ်မည်ဟုပင် ထင်၏။ "မင်း ဟာ အတော်ကို ရူးတဲ့ မိုက်တဲ့ အကောင်ပါလား... ပစ်ပ်ရယ်" ဟု ကိုယ့် ဘာသာကိုယ် ပြောမိပါသည်။

ကျွန်တော်တို့သည် လမ်းဆက်လျှောက်ရင်း စကားတွေ အများကြီး ပြောကြသည်။ ဘစ်ဒီပြောသမျှ စကားအားလုံးသည် မှန်လိမ့်မည် ထင်၏။ ဘစ်ဒီသာဆိုလျှင် စော်ကားမော်ကား ပြောလိမ့်မည်မဟုတ်။ စိတ်အပြောင်းအလဲလည်း မြန်လိမ့်မည် မဟုတ်။ ကျွန်တော့်ကိုယ်စား သူသာ အနာခံလိမ့်မည်။ ကျွန်တော့်ထံမှသာယာမှုကို သူရှာလိမ့်မည် မထင်။

သူ့ဆီမှသာယာမှုကိုသာ ပေးသွားလိမ့်မည် ထင်၏။ သို့ပါလျက်နှင့် ဤနှစ်ယောက်တွင် ဘစ်ဒီကို ကျွန်တော် ဘာကြောင့် ပို၍ မနှစ်သက် မမြတ်နိုးနိုင်ပဲ

ဖြစ်နေရပါသနည်း။

ကျွန်တော်တို့ အိမ်ဘက်သို့ ပြန်လျှောက်လာကြသည့် အခါ ကျွန်တော်က "ဘစ်ဒီရယ်… နင် ငါ့ကို လမ်းမှန်ရောက်အောင် ပြုပြင်ပေးနိုင် ရင် ကောင်းမှာပဲ" ဟု ပြောမိသည်။

"ငါကလည်း ပြုပြင်ပေးချင်ပါတယ် ပစ်ပ်ရယ်" ဟု ဘစ်ဒီက ပြန်ပြောသည်။

"တကယ်လို့ နင့်ကို ချစ်လာအောင် ငါ့ကိုယ်ငါ လုပ်နိုင်မယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ ကိုယ့်သူငယ်ချင်းတစ်ယောက်အပေါ်မှာ အခုလို ပွင့်ပွင့်လင်းလင်း ပြောတာ စိတ်မဆိုးပါနဲ့ ဟယ်"

"အမယ်လေး… ဟယ်။ ကိစ္စမရှိပါဘူး" ဟု ဘစ်ဒီက ဆိုသည်။

"ငါ့ကို ဂရုစိုက်မနေစမ်းပါနဲ့။ နင်ပြောစရာရှိတာသာ ပြောစမ်းပါ"

"ငါ့ကိုယ်ငါ နင့်ကို ချစ်လာအောင် လုပ်နိုင်ရင် ကောင်းမှာပဲလို့ ထင်မိတာပါပဲဟယ်"

"ဒါပေမဲ့ နင် ငါ့ကို မချစ်နိုင်ပါဘူး ပစ်ပ်ရယ်။ နင့်ကိုယ်နင် အသိဆုံးပါ”

ဤအကြောင်းကို စောစောကသာ ပြောမိကြမည်ဆိုပါမူ တစ်မျိုးတစ်ဖုံ ဖြစ်စရာ ရှိသည် ဟု ကျွန်တော် ထင်မိသည်။ ထို့ကြောင့်လည်း "နင် ငါ့ကို မချစ်နိုင်ပါဘူးဟယ်" ဟူသော ဘစ်ဒီ၏ စကားအပေါ် မရေမရာဖြစ်လျက်ပင် ရှိ၏။ မည်သို့ပင်ဖြစ်စေ ဘစ်ဒီကတော့ ထိုစကား ကို အခိုင်အမာ အလေးအနက် ယုံကြည်၍ ပြောခြင်း ဖြစ်သည်။ ကျွန်တော့်နှလုံးသားကတော့ သူ့စကားကို ယုံကြည်လျက် ရှိ၏။ သို့သော်လည်း သူ့စကားကို မဖြစ်နိုင်ဟု ဖွတ်တွေးကာ ကိုယ့်ကိုယ်ကိုယ် လှည့်စား နေမိဆဲပင် ဖြစ်လေသည်။

ကျွန်တော်တို့သည် သုသာန်အနီးမှ ရေကာတာ တာရိုးအပေါ်အတိုင်း လျှောက်ခဲ့ကြသည်။ ရေလွှဲတံခါးတစ်ခု၏ ရေကျော်တံတားကို ကျော်ဖြတ်၍ ဆင်းမိသောအခါ အောက်ဘက်ရှိ ရွှံ့ညွန် များကိုဖြတ်၍ ရေတံခါးအနီးရှိ ကျူပင်များကြားမှ တိုးဝှေ့ပြီး ထွက်လာသော လူတစ်ယောက်နှင့် ဆုံမိကြသည်။ တခြားလူ မဟုတ်။ အောလစ် ပေတည်း။

"ဟယ်လို" ဟု သူကစ၍ နှုတ်ဆက်သည်။

"မင်းတို့ နှစ်ယောက်က ဘယ်များ သွားကြမလို့လဲ"

"ကျုပ်တို့မှာ ကျုပ်တို့ အိမ်ကလွဲပြီး သွားစရာ တခြားနေရာ ရှိသေး

လို့လားဗျ"

"အေး... ဒီလို ဆိုရင်တော့ တကယ်လို့ များ မင်းတို့ အိမ်ပြန်တာကို ငါ မမြင်ရရင် သိပ်ကို အံ့သြရတော့မှာပဲ" ဟု သူက ပြန်ပြောသည်။

သိပ်ကို အံ့သြသွားမှာပဲ ဟူသောစကားမှာ အောလစ်၏ လက်သုံးစကား ဖြစ်၏။ ကျွန်တော် နားလည်ထားသလောက်ဆိုရင် ဤစကားလုံး ကို သူ သုံးခြင်းမှာ ထူးခြားသော အဓိပ္ပာယ်နှင့် သုံးခြင်းတော့ ဟုတ်ဟန် မတူပေ။ သူ၏ ခရစ်ယာန်နာမည်ကို လိမ်ပြော နေသကဲ့သို့ပင် တမင် တကာ ဟန်ရေးဝါရေး ထုတ်ပြီး ခြောက်လှန့်သည့် သဘောမျိုးဖြင့် ပြောနေခြင်း ဖြစ်ဟန်တူ၏။ တစ်ဖက်သားစိတ်တွင် စနောင့်စနင်း ဖြစ်သွားအောင် နှောင့်ယှက်သည့် သဘောမျိုးဖြင့် ပြောခြင်းဖြစ်ဟန်တူ၏။

ဘစ်ဒီသည် ကျွန်တော်တို့ နှင့် အတူ အောလစ်လိုက်လာမည်ကို များစွာ စိုးရိမ်လျက် ရှိသည် ဖြစ်ရာ ကျွန်တော့်နားသို့ တိုးတိုးကလေး ကပ်ပြောသည်။

"သူ့ကို ငါတို့ နဲ့ အတူတူ လိုက်မလာစေနဲ့ ဟယ်။ ငါ သူ့ကို သဘောမကျဘူး" ကျွန်တော်ကိုယ်တိုင်ကလည်း အောလစ်ကို သဘောကျသူ မဟုတ်သဖြင့် ကျွန်တော်တို့ နှင့် အတူတူ လိုက်မလာဖို့ ပြောင်ပြောင်ပင် ဖွင့်ပြောလိုက်သည်။ ကျွန်တော့်စကားကို သူက ကျယ်လောင်စွာ အော် ဟစ်ရယ်မောပြီး လက်ခံသည်။ သူသည် နောက်ချန်နေခဲ့သည်။ သို့သော်လည်း ကျွန်တော်တို့ နှင့် မလှမ်းမကမ်းမှ နေ၍ ကုပ်ချောင်း ကုပ် ချောင်းဖြင့် လိုက်ပါလာဆဲ။

ဘစ်ဒီအနေဖြင့် ကျွန်တော့်အစ်မ အရိုက်ခံရသည့် ကိစ္စတွင် အောလစ်ကို သံသယရှိနေလေသလား။ အကယ်၍ ထိုအယူအဆမျိုး ရှိနေမည် ဆိုပါမူ အလွန်ထူးဆန်းသော အချက်တစ်ချက် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်က အောလစ်ကို သူ ဘာကြောင့် သဘောမကျတာလဲဟု ဘစ်ဒီအား မေးမိသည်။

ဘစ်ဒီကမူ ခပ်လှမ်းလှမ်းမှ ကုပ်ချောင်းချောင်းလုပ်၍ လိုက်လာနေသော အောလစ်ဘက်သို့ တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီး "တခြားကြောင့် မဟုတ်ပါဘူး။ သူက ငါ့ကို သဘောကျနေသလိုပဲ၊ အဲဒါကို ငါကြောက်လို့" ဟု ဖြေသည်။

"သူက နင့်ကိုသဘောကျတယ်လို့ကော ဖွင့်ပြောဖူးသလား ဟင်" ဟု ကျွန်တော်က ဒေါသတကြီးဖြင့် မေးမိသည်။

"ပြောတော့ မပြောပါဘူး" ဘစ်ဒီက နောက်သို့ လည်ပြန်တစ်ချက်ကြည့်ပြီး ပြောသည်။ "အဲသလိုတော့ မပြောဖူးပါဘူး။ ဒါပေမဲ့ ငါ့မျက်လုံးတွေနဲ့ ဆိုင်ပြီး

ကြည့်မိတဲ့ အခါမှာ ပြီတည်တည် လုပ်ပြတယ်"

ဤစကားကို ကြားလိုက်ရသည့် အခါ ထူးခြားသော ခံစားမှုတစ်ခုသည် ရင်ထဲ၌ ဖြစ်ပေါ်လာသည်။ ဘစ်ဒီအပေါ်၌ မြတ်နိုးတွယ်တာမှု ရှိနေကြောင်း ဖော်ပြသည့် ခံစားချက် ဖြစ်၏။ ဘစ်ဒီ အား ပြီတည်တည် လုပ်သည် ဆိုသော အောလစ်၏ အပေါ်၌ ကျွန်တော် အကြီးအကျယ် ဒေါသ ဖြစ်မိသည်။

"ဒါပေမဲ့ သူက ကြိုက်ကြိုက် မကြိုက်ကြိုက် နင့်အတွက် ဘာထူးတာမှတ်လို့။ နင်လည်း သိသားနဲ့" ဟု ဘစ်ဒီက တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။

"ဒီလိုလည်း မဟုတ်သေးဘူး ဘစ်ဒီ၊ ဒီကိစ္စက ငါ့အတွက် ထူးထူး မ ထူးထူး ငါကတော့ သဘောမကျဘူး။ သဘောလည်း မတူဘူးဟာ"

"ဒီကိစ္စက နင့်အဖို့ ဘာမှ မထူးပေမယ့် ငါ့ကလည်း သူ့ကို ပြန်မကြိုက်ပါဘူး ဟယ်"

"လုံးဝသဘောမတူဘူး" ဟု ကျွန်တော်က ရေရွတ်လိုက်မိသည်။ "ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ နင်က သဘောတူလို့ သူက ပြီတည်တည်လုပ်တာ ဆိုရင်တော့ ငါက နင့်ကို တန်ဖိုးထားပြီး မစဉ်းစားပါဘူး... ဘစ်ဒီ ရာ"

ထိုနေ့ညမှ စ၍ ကျွန်တော်သည် ကျွန်တော်၏ တစ်ဖက်သော မျက်စိဖြင့် အောလစ်အား အမြဲစောင့်ကြည့်သည်။ ဘစ်ဒီအား ပြီတည်တည် လုပ်နိုင်သည့် အခွင့်အလမ်း မပေါ်အောင် ထိန်းပေးသည်။ အောလစ်မှာ ဂျိုး၏ လုပ်ငန်းတွင် လုပ်ကိုင်လာသည်မှာ နှစ်ကာလ ကြာပြီဖြစ်၍ တစ်ကြောင်း၊ ကျွန်တော့်အစ်မက သူ့အား သဘောကျနေသည် ကတစ်ကြောင်း တို့ကြောင့် ကျွန်တော့်အနေဖြင့် သူ့ကို အလုပ်မှ ထုတ်ပစ်ရန် အားထုတ်လိုသော်လည်း အားမထုတ်နိုင်ဘဲ ဖြစ်လျက်ရှိနေရ၏။ အောလစ်ကလည်း ကျွန်တော်၏ သဘောထားကို ရိပ်မိသည့် အားလျော်စွာ အခါအခွင့်သင့်သည် နှင့် တစ်ပြိုင်နက် လက်တုံ့ပြန်ရန် စိတ်ကူးရှိသည်။ ထိုစိတ်ကူး သူ့၌ ရှိနေကြောင်းကို နောင်အခါတွင် ပေါ်ပေါ်လာသည့် အဖြစ်အပျက်များက သက်သေခံလျက် ရှိပေသည်။

ယခုအခါတွင် ကျွန်တော့်စိတ်သည် ယခင်ကလောက် နောက်ကျိရှုပ်ထွေးခြင်း မရှိတော့သဖြင့် အခြေအနေမှန်ကို ကောင်းစွာ တွေးတောဆင်ခြင်နိုင်ခဲ့သည်။ တကယ်တော့ ဘစ်ဒီသည် အက်စတယ်လာထက် အဆပေါင်းများစွာသာလွန်ကြောင်းကို ကျွန်တော် နားလည်သည်။ ကျွန်တော် မွေးဖွားကြီးပြင်းခဲ့သော ပန်းပဲသမားဘဝသည် အလွန်ရိုးသားဖြူစင်သော ဘဝတစ်ခု ဖြစ်၏။ ဤဘဝတွင် ကျင်လည်ကျက်စားနေရသည့် အတွက် ရှက်စရာ မလိုပေ။

ဤဘဝသည် ကျွန်တော့်အား ဂုဏ်သိက္ခာ မြင့်မားအောင်၊ စားဝတ်နေရေး ပြည့်စုံနိုင်အောင် အထောက်အကူပြုနေသည် ကိုလည်း သဘောပေါက်လာသည်။ ဤကဲ့သို့သော အတွေးများ ဝင်လာသောအခါ ကျွန်တော့်ရင်သည် ဘဝင်ကျ လာသည်။ ဂျိုးနှင့် ဂျိုး၏ အလုပ်ခွင်ဖြစ်သော ပန်းပဲဖိုအပေါ်၌ အတွယ်တာကင်းမဲ့သလို ဖြစ်နေသော စိတ်သည် ပျောက်သွားသည်။ ကျွန်တော် အရွယ်ရောက်လာသည့် အခါ ပန်းပဲလုပ်ငန်းကို ဂျိုးနှင့် ဖက်စပ်လုပ်ရင်း ဘစ်ဒီနှင့်ပါ မခွဲမခွာ နေသွားမည်ဟု ဆုံးဖြတ်မိသည်။

မည်သို့ပင်ဖြစ်စေ မစ္စဟေဗီရှမ်ထံ သွားရောက်လည်ပတ်ခဲ့ရသည့် နေ့ရက်များကို ပြန်လည်တသ သတိရမှုများသည် အရာဝတ္ထုဟူသမျှကို ဖျက်ဆီးပစ်နိုင်သည့် ဒုံးကျည်ကြီး တစ်ခုသဖွယ် ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာတတ်သည်။ ထိုအခါ ကျွန်တော့်အသိဉာဏ်သည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်ကုန်ကြပြန်သည်။ ယင်းကဲ့သို့ တစ်ပိုင်းစီ တစ်စစီဖြစ်သွားသော အသိဉာဏ်ကို ပြန်လည်စုစည်းရသည်မှာ မလွယ်ပါ။ ကျွန်တော့်အဖို့ အချိန်များစွာ ယူရပါသည်။ တစ်စချင်းစီ ပြန်လည်စုစည်း၍ မှ အားလုံး တစ်ပေါင်းတစ်စည်း မဖြစ်သေးမီ အမြင်မှားနေသော အတွေးတစ်ခုကြောင့် အားလုံး ပြန်၍ ဖရိုဖရဲ ဖြစ်ကုန်ကြရပြန်၏။ ထိုအတွေးမှာ တခြားမဟုတ်။ လက်ထောက်ပန်းပဲသမား သက်တမ်း ကုန်ဆုံး သွားသည့် တစ်နေ့တွင် မစ္စဟေဗီရှမ်က ကျွန်တော့်ကြီးပွားရာ ကြီးပွားကြောင်းအတွက် တစ်ခုခု လုပ်ပေးလိမ့်ဦးမည်ဟူသော မျှော်လင့်ချက် ဖြစ်သည်။ ထိုမျှော်လင့်ချက် တင်လာလိုက်သည့် အခါ ကျွန်တော် မူလပြန်လည်စုစည်း တည်ဆောက်ထားသော စိတ်ကူးများသည် အကွဲကွဲ အပြားပြား ဖြစ်ကာ လွင့်စဉ်ပျောက်ပျက် သွားကြရပြန်လေသည်။

အပြန်ပြန်အလှန်လှန် ပြန်၍ စဉ်းစားလိုက်သည့် အခါ အကယ်၍ ကျွန်တော်၏ လက်ထောက် ပန်းပဲသမားသက်တမ်း ကုန်ဆုံးသွားသည့် တိုင် ကျွန်တော် မျှော်လင့်နေသလို ဖြစ်လာဖို့ မလွယ်ပါ။ ထိုအချိန်တွင် ကျွန်တော့်အနေဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိနိုင်လောက်အောင် ဖြစ်ကာ ကြံရာမရဖြစ်နေသည့် ဘဝမျိုးသို့ ရောက်သွားလိမ့်မည်ဟုပင် ထင်မိပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် ဆက်လက်တင်ပြသွားမည့် အဖြစ်အပျက်များ အရ ကျွန်တော်၏ လက်ထောက်ပန်းပဲသမား သက်တမ်း ကုန်ဆုံးသွားခြင်း မဟုတ်ဘဲ အချိန်ကာလ မစေ့ဘဲ ချုပ်ငြိမ်းသွားခြင်းမျှသာ ဖြစ်သည် ကို တွေ့ကြရလိမ့်မည် ဖြစ်ပါ၏။

****

(၁၈)

ဂျိုး၏ လက်ထောက်အလုပ်သင်ဘဝဖြင့်လေးနှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သော အချိန်ကာလ၏ စနေနေ့တစ်ညတွင် ဖြစ်သည်။ လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံအတွင်းရှိ မီးဖိုပတ်ပတ်လည် ၌ ဝိုင်းထိုင်လျက်ရှိသော လူတစ်စုသည် မစ္စတာဝေါ့စလေ အော်ကြီးဟစ်ကျယ် ဖတ်ပြနေသော သတင်းစာထဲမှ သတင်းတစ်ပုဒ်ကို စိတ်ဝင်စားစွာဖြင့် နားထောင်လျက် ရှိကြ၏။ ထိုလူစုထဲတွင် ကျွန်တော်သည်လည်း တစ်ယောက်အပါအဝင် ဖြစ်လေသည်။

အလွန်ထူးခြား၍ ထင်ရှားသော လူသတ်မှုသတင်း ဖြစ်သဖြင့် မစ္စတာဝေါ့စလေသည် များစွာ စိတ်ဝင်စားလျက် ရှိသည်။ စိတ်အားထက် သန်စွာဖြင့် ဖတ်ပြနေခြင်းဖြစ်၍ သူ့မျက်နှာမှာ သွေးရောင်များပင် လွှမ်းလျက်ရှိသည်။ ဖတ်သည့် အခါတွင်လည်း သတင်းစာထဲ၌ပါသည့် ဝါကျများကို ဖော်ပြသည့် အကြောင်းအရာများ နှင့် လိုက်လျောညီ ထွေဖြစ်အောင် အသံကို နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်နည်း အသံကို အမျိုးမျိုးလုပ်၍ ဖတ်ပြနေခြင်း ဖြစ်၏။ တရားရုံးတွင် တင်ပြသည့် ဆေးစာကို ဖတ်သောအခါ ကျွန်တော်တို့ အရပ်ဒေသမှ ဆရာဝန်၏ အမူအရာ လေသံမျိုးဖြင့် ဖတ်သည်။ သူသည် သတင်းတစ်ပုဒ်လုံးကို အစမှ အဆုံး သူ့စိတ်တိုင်းကျ ဖတ်ပြနေရသည့် အတွက် အရသာတွေ့နေသည်။ ကျွန်တော်တို့ အားလုံးကလည်း သူဖတ်ပြသော သတင်းကို နားထောင်ရသဖြင့် များစွာ ကျေနပ်နေကြသည်။ သတင်းကို နားထောင်နေရင်းမှ ကပင် ကျွန်တော်တို့ အားလုံးက တရားရုံး၌ ရောက်နေသော တရားခံသည် သေစေလိုသောစိတ်ဖြင့် သတ်ခဲ့သည့် လူသတ်သမားဖြစ်ရမည်ဟု တညီတညွတ်တည်း ထင်မြင်ချက်ပေးကြလေသည်။

ထိုအချိန်တွင် ကျွန်တော်တို့ နှင့် မနီးမဝေးတစ်နေရာ၌ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသော လူကြီးတစ်ယောက်ကို ကျွန်တော် သတိထားမိလာသည်။ ကျွန်တော်တို့ လူစုအား အကဲခတ်လျက် ရှိပုံရ၏။ သူ့မျက်နှာသည် ကျွန်တော်တို့အား သရော်ချင်သည့် အရိပ်လက္ခဏာ ကို ဖော်ပြလျက် ရှိသည်။ သူသည် သူ့လက်ညှိုးတုတ်တုတ်ကြီး၏ ဘေးသားများကိုပါးစပ်ဖြင့် ကိုက်ရင်း ကျွန်တော်တို့ လူစု၏ မျက်နှာကို တစ်ယောက်ချင်းစီ လိုက်၍ ကြည့်နေသည်။

မစ္စတာဝေါ့စလေ သတင်းစာဖတ်အပြီးတွင် ထိုလူကြီးက မစ္စတာဝေါ့စလေဘက်လှည့်၍ "ခင်ဗျားက ကိုယ့်အယူအဆနဲ့ ကိုယ် ကျေနပ်သွားပြီ ဆိုပါတော့ ဟုတ်လား" ဟု လှမ်းမေးသည်။ သူ့အသံကြောင့် လူတိုင်း အလန့်တကြား ဖြစ်သွားကြသည်။ လူသတ်သမားကို တွေ့လိုက်ရသည့် နှယ် ပြူးတူးပြဲတဲဖြင့်

ဝိုင်းကြည့်နေကြသည်။ သူကလည်း လူတိုင်း၏ မျက်နှာကို လိုက်ကြည့်နေသည်။ သူမျက်နှာ ထားက အေးစက်စက်၊ ပမာမခန့် အမူအရာဖြင့် သရော်ချင်သည့် ပုံမျိုး။

"တရားခံလို့ စွပ်စွဲထားတဲ့ လူမှာ အပြစ်ရှိတယ်လို့ ခင်ဗျားက ဆိုချင်တယ်ပေါ့ ဟုတ်လား" ဟု မေးပြန်သည်။ "ကဲပါ ဖြေစမ်းပါ၊ ခင်ဗျားရဲ့ သဘောထားကို"

"ဒီလိုပြောလိမ့်မယ်ဆိုတာ အစကတည်းက တွက်ပြီးသားပါ" ဟုလူကြီးက ဆိုသည်။ "ခင်ဗျားကတော့ ဒီလိုပဲ ပြောမှာပေါ့...။ ဒါပေမဲ့ ကျုပ် ခင်ဗျားကို မေးခွန်းတစ်ခု မေးရလိမ့်မယ်။ ခင်ဗျားသိသလား၊ မသိဘူးလား ဆိုတာတော့ မပြောတတ်ဘူး။ ကျုပ်တို့ အင်္ဂလန်နိုင်ငံရဲ့ ဥပဒေ က လူတစ်ယောက်ကို အပြစ်ရှိပါတယ်လို့ လုံလောက်တဲ့ သက်သေ အထောက်အထား မပြနိုင်သမျှ ကာလပတ်လုံး အဲ့ဒီလူကို အပြစ်မရှိသူတစ်ယောက်လို့ ဆိုထားတယ် မဟုတ်လား"

"ဒါက ဒီလိုရှိပါတယ် ခင်ဗျာ" ဟု မစ္စတာဝေါ့စလေ က စကားစသည်။ "အင်္ဂလိပ်လူမျိုးတစ်ယောက် အနေနဲ့ ပြောရမယ် ဆိုရင်တော့ ကျွန်တော်က..."

"ပြောပါလေ" သူ့လက်ညှိုးဘေးသားကို ကိုက်ရင်း လှမ်းပြောသည်။

"မေးခွန်းကို ရှောင်ဖို့တော့ မကြိုးစားနဲ့။ ကျုပ်ပြောပြတဲ့ အချက်ကို ခင်ဗျား သိသလား၊ မသိဘူးလား တစ်ခွန်းပဲ ဖြေ"

သူသည် မတ်တတ်ရပ်လိုက်ပြီး ဦးခေါင်းကို တစ်ဖက်သို့ စောင်းကာ လက်ညှိုးတစ်ချောင်းဖြင့် မစ္စတာဝေါ့စလေအား ငေါက်ငေါက်ပါအောင် ထိုး၍ မာန်ပါပါဖြင့် မေးနေခြင်း ဖြစ်၏။

"ကဲ... လုပ်လေ။ ခင်ဗျား သိသလား မသိဘူးလား"

"ကျွန်တော် သိပါတယ်ဗျ" ဟု မစ္စတာဝေါ့စလေက ဖြေသည်။

"ကဲ... ဟုတ်ပြီ၊ ခင်ဗျား သိတယ်။ ဒီလိုဆိုရင် အစတုန်းက ချက်ချင်း ဘာလို့ မပြောတာလဲ၊ ကဲ.. နောက်မေးခွန်းတစ်ခု ထပ်မေးဦးမယ်" သူ့အမူအရာသည် မစ္စတာဝေါ့စလေအား သူမေးချင်ရာ မေးပိုင်ခွင့်ရှိနေသည့် လူတစ်ယောက်သဖွယ် နိုင့်ထက်စီးနင်း နိုင်လှ၏။ "စောစောက ခင်ဗျား ဖတ်နေတဲ့ အမှုမှာ သက်သေတွေ တစ်ယောက်မှ မစစ်ရသေးဘူးဆိုတာကော ခင်ဗျား သိသလား"

"ကျွန်တော် ပြောပြနိုင်တာကတော့... " မစ္စတာဝေါ့စလေ စကားမ ဆုံးမီ လူကြီးက လက်ပြ၍ တားသည်။

"ဘာ.. ကျုပ်မေးခွန်းကို ခင်ဗျား မဖြေသေးဘူး။ သိတယ် မသိဘူးတော့

ဖြေမှပေါ့။ ကဲ .. ကောင်းပြီ၊ ကျုပ်ထပ်မေးမယ်" သူသည် မစ္စတာ ဝေါ့စလေအား လက်ညှိုးဖြင့် တငေါက်ငေါက်ထိုးလိုက်ပြန်သည်။

"ကျုပ်ပြောတာ သေသေချာချာ နားထောင်၊ ဒီအမှုနဲ့ ပတ်သက်တဲ့ သက်သေတွေ တစ်ယောက်မှ မစစ်ရသေးဘူးဆိုတာ ခင်ဗျား သိသလား၊ မသိဘူးလား။ ကဲ... ဖြေ။ ကျုပ် ခင်ဗျားဆီက စကားတစ်လုံးပဲ လိုချင်တယ်။ သိတယ် မသိဘူး၊ ဒါပဲ"

မစ္စတာဝေါ့စလေသည် နောက်တွန့်လျက်ရှိရာ ကျွန်တော်တို့ အားလုံးက သူ့အား အထင်အမြင်သေးစ ပြုလာကြလေသည်။

"ကဲပါ... ဖြေစမ်းပါ" ဟု လူကြီးက ထပ်မံ၍ တိုက်တွန်းပြန်သည်။ "ကျုပ်က ခင်ဗျားကို ကူညီပါ့မယ်၊ ခင်ဗျားဟာ အကူအညီရသင့်တဲ့ လူတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်က ကူညီပါ့မယ်။ ခင်ဗျားရဲ့ လက်ထဲမှ ကိုင်ထားတဲ့ သတင်းစာကို ပြန်ကြည့်စမ်း၊ အဲ့ဒါ ဘာလဲ"

"အဲဒါ ဘာလဲ" ဟု မစ္စတာဝေါ့စလေက ယောင်တီးယောင်နဖြစ်ကာ လူကြီး၏ စကားအတိုင်း လိုက်၍ ရေရွတ်သည်။

"ခင်ဗျား စောစောက ဖတ်လိုက်တဲ့ လက်ထဲက ပစ္စည်းဟာ ပုံနှိပ် ထားတဲ့ စက္ကူ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဗျာ"

"အေးပေါ့။ သိပ်ဟုတ်တာပေါ့။ ကဲ... သတင်းစာကို လှန်လိုက်စမ်း၊ တရားခံကို အစွပ်စွဲခံရတဲ့ လူအနေနဲ့ သူ့ရှေ့နေတွေက သူ့ကို သူ့အမှုအတွက် ခုခံကာကွယ်နိုင်လောက်တဲ့ အချက်အလက်တွေကို ဖုံးကွယ်ထားဖို့ ညွှန်ကြားထားပါတယ်လို့ ဖွင့်ပြောကြောင်း သတင်းစာက အတိအကျ ရေးထားသလား"

"ဒါကို အခုပဲ ကျွန်တော်ဖတ်ပြီးပြီဗျ" ဟု မစ္စတာဝေါ့စလေက ပြန်ပြောသည်။ "အခုပဲ ဖတ်ပြီးပြီဆိုတာက အဓိက မဟုတ်ပါဘူး လူကြီးမင်းရယ်၊ ခင်ဗျား ဖတ်ပြီးပြီးလား၊ မဖတ်ရသေးဘူးလား ဆိုတာ ကို ကျုပ်မမေးပါဘူး။ သတင်းစာကိုသာ လှန်လိုက်စမ်းပါ၊ မဟုတ်ဘူး လေ... မဟုတ်သေးဘူး။ သတင်းစာကော်လံ ထိပ်ပိုင်းမှာ မဟုတ်ပါဘူး။ အောက်ဘက်မှာပါ ကိုယ့်လူရယ်၊ ကိုယ့်လူက သိရက်သားနဲ့။ (သူ့ကိုယ်သူ အရေးမလှဟု သိနေသော မစ္စတာဝေါ့စလေသည် ရှောင်တိမ်းနိုင်ရန် ကြံစည်အားထုတ်နေပြီဟု ကျွန်တော်တို့ အားလုံးက တွက်ကြသည်။) အဲ... ဟုတ်ပြီ။ ကဲ... ဘယ်လိုလဲ။ တွေ့ပြီ မဟုတ်လား"

"ဟုတ်တယ် တွေ့ပြီ... ဒီမှာ " ဟု မစ္စတာဝေါ့စလေက ပြောသည်။

"ကဲ... အဲဒီစာပိုဒ်ကို ခင်ဗျားမျက်လုံးနဲ့ ရှာကြည့်စမ်း၊ တရားခံအနေ နဲ့ သူ့ရဲ့ ရှေ့နေတွေက သူ့ကို သူ့အမှုအတွက် ခုခံကာကွယ်နိုင်လောက်တဲ့ အချက်အလက်တွေကို ဖုံးကွယ်ထားဖို့ ညွှန်ကြားထားပါတယ် လို့ ဖွင့်ပြောကြောင်း ဖော်ပြထားတဲ့ စာပိုဒ်ပါသလား။ ကဲ.. ကဲ လုပ်ပါ။ ပြောစမ်းပါ တွေ့သလား"

မစ္စတာဝေါ့စလေက "အဲသလို အတိအကျတော့ ဆိုမထားဘူး" ဟု ဖြေသည်။

"အတိအကျတော့ မဟုတ်ဘူး .. ကဲ ထားပါတော့၊ လိုရင်းအချက်ကိုပဲ ဖော်ပြတယ် ဆိုပါတော့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟုတ်ပါတယ်" ဟု လူကြီးက သံယောင်လိုက်၍ ရေရွတ်လိုက်ပြီး ကျန်လူများအား တစ်ချက်မျှ ဝေ့ကြည့်သည်။ ထို့နောက် သူ့ညာလက်ဖြင့် မစ္စတာဝေါ့စလေဘက်သို့ ဝှေ့ယမ်းပြသည်။ "လူတစ်ယောက်ကို အပြစ်ရှိ၊ မရှိ မစစ်ဆေး မကြားနာရသေးဘဲနဲ့ အပြစ်ရှိပါတယ်လို့ ပြောနေတဲ့ ဟောဒီပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဟာ ဘယ်လိုအသိဉာဏ်မျိုး ဖြစ်မလဲ၊ ခင်ဗျားတို့ကိုပဲ ကျုပ်က မေးရတော့မှာပဲ"

ကျွန်တော်တို့ ကတော့ မစ္စတာဝေါ့စလေကိုကြည့်ကာ ကျွန်တော်တို့ အထင်အမြင်ကြီးခဲ့သော မစ္စတာဝေါ့စလေမှ ဟုတ်ပါလေစဟု သံသယဖြစ်နေမိကြလေသည်။

လူကြီးသည် မစ္စတာဝေါ့စလေဘက်သို့ လက်ညှိုးတထိုးထိုးလုပ်ကာ သူ့စကားကို ဆက်ပြန်သည်။ "လူတစ်ယောက်ရဲ့ အမှုကို မစစ်ဆေးမီကတည်းက သူ့အထင်နဲ့ သူ အပြစ်ရှိပါတယ်လို့ ဆုံးဖြတ်နေတဲ့ ဟောဒီလို လူမျိုးကို အမှုတစ်ခုမှာ ဂျူရီလူကြီးအဖြစ်ထားရင် ဖြစ်နိုင်ပါ့မလား၊ အမှု ကို တရားသဖြင့်ဖြစ်အောင် ဆင်ခြင်ဆုံးဖြတ်နိုင်ပါဦးမလား ပြောကြစမ်းပါဦး" ကံမကောင်း အကြောင်းမလှ ရှာသော မစ္စတာဝေါ့စလေသည် ဤကိစ္စတွင် ရှေ့လောတကြီးပြုမိ၍ ခံရခြင်းဖြစ်သည် ဟုပင် ကျွန်တော်တို့က တွက်ကြသည်။

မျက်နှာစိမ်းလူကြီး၏ အမူအရာမှာ ခန့်ညားထည်ဝါလှသည်။ သူကြည့်ပုံ ရှုပုံများသည် ကျွန်တော်တို့ တစ်ဦးချင်းစီ၏ လျှို့ဝှက်ချက်ဟူသမျှ ကို ကောင်းစွာ သိနေသည့် ပုံမျိုး ဖြစ်၏။ သူသည် ရှေ့သို့တိုးလာပြီး မီးဖိုရှေ့၌ ရပ်သည်။ သူ့ဘယ်ဘက်လက်ကို အင်္ကျီအိတ်ကပ်ထဲ နှိုက်ကာ သူ့ညာဘက်လက်မှ

လက်ညှိုးကို ပါးစပ်ဖြင့် ကိုက်လျက်ရှိသည်။

"ကျုပ်ရထားတဲ့ သတင်းတစ်ခုကို စုံစမ်းရဦးမယ်" သူ့ရှေ့၌ ရှို့တွံ့တွံ့ အမူအရာဖြင့် ရပ်နေကြသော ကျွန်တော်တို့အား လှည့်ကြည့်လိုက်ပြီး လူကြီးက ပြောသည်။ "ဒီလူစုထဲမှာ ဂျိုးဇက်လို့ ခေါ်တဲ့ ပန်းပဲသမားတစ်ယောက် ရှိနေသလား၊ ဂျိုးဂါဂရီလို့လည်း ခေါ်တယ်လေ၊ အဲဒီလူဟာ ဘယ်သူလဲ"

"ကျွန်တော်ပါပဲခင်ဗျာ" ဟု ဂျိုးက ပြောသည်။

လူကြီးက ဂျိုးအား သူ့အနီးသို့လာရန် ခေါင်းညိတ်ခေါ်သဖြင့် ဂျိုးက ရှေ့သို့ တိုးသွားသည်။

"မင့်ဆီမှာ ပစ်ပ်လို့ ခေါ်တဲ့ လက်ထောက်ပညာသင်တစ်ယောက် ရှိတယ် မဟုတ်လား၊ အခု သူကော ဒီကိုပါလာသလား"

"ကျွန်တော် ဒီမှာ ရှိတယ်" ဟု ကျွန်တော်က အော်ပြောလိုက်မိသည်။

လူကြီးက ကျွန်တော့်ကို မမှတ်မိသော်လည်း ကျွန်တော်ကတော့ သူ့ ကို မှတ်မိသည်။ သူသည် ကျွန်တော် မစ္စဟေဗီရှမ်၏ အိမ်သို့ ဒုတိယအကြိမ် သွားခဲ့စဉ်က လှေကားအဆင်း အတက်တွင် ဆုံမိခဲ့ဖူးသော လူကြီး ဖြစ်၏။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်နေစဉ်ကတည်းက ကျွန်တော် သူ့ကို မှတ်မိနေသည်။ ယခု သူ့လက်တစ်ဖက် ကျွန်တော့်ပခုံးပေါ်သို့ တင်၍ ရပ်နေသည့် အခါ သူ့အသွင်အပြင် အသေးစိတ် ကို ပို၍ မှတ်မိလာသည်။ ကြီးမားသော ဦးခေါင်း၊ မည်းနက်သော အသား၊ ချိုင့်ဝင်နေသော မျက်လုံးအစုံ၊ မည်းနက်ထူထဲသော မျက်ခုံးမွေးများ၊ ခပ်တုတ်တုတ် အိတ်ဆောင်နာရီကြိုး၊ မည်းနက်ပြီး ရှုပ်ထွေးနေသော မုတ်ဆိတ်မွေး၊ ပါးမုန်းမွေးများ နှင့် ဆပ်ပြာစော်နံနေသည့် ကြီးမားသော လက်ကြီးများကိုပါ ပြန်၍ မှတ်မိလာသည်။

"ငါ မင်းတို့ နှစ်ယောက်နဲ့ စကားပြောချင်တယ်" ဟု လူကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြောသည်။ "သိပ်မကြာပါဘူး၊ မင်းတို့ အိမ်မှာ ပြောရင်တော့ အကောင်းဆုံး ဖြစ်မယ်ထင်တယ်။ ဒီနေရာမှာ ပြောရင်တော့ ဘေးလူတွေ သိကုန်လိမ့်မယ်။ ငါပြောမယ့် ကိစ္စကို ဘယ်သူမှ ကြိုပြီး သိမသွားစေချင်ဘူး။ ငါက ပြောပြီးသွားတဲ့ နောက်ပိုင်းမှာတော့ မင်းတို့ အပေါင်းအသင်းတွေကို အသိပေးချင် ပေး၊ ဒါကျတော့ ငါနဲ့ ဘာမှ မဆိုင်ဘူး"

အံ့သြခြင်းကြီးစွာဖြင့် ကျွန်တော်တို့ နှစ်ယောက်သည် လူကြီးနှင့် အတူ ပျော်ပွဲစားရုံထဲမှ ထွက်ကာ အိမ်ဘက်သို့ ပြန်လာခဲ့ကြသည်။ လမ်း တစ်လျှောက်လုံး လူကြီးသည် ကျွန်တော့်မျက်နှာကို မကြာ... မကြာ လှမ်းကြည့်သည်။ ဂျိုးကတော့

အလွန်ထူးခြားသော ကိစ္စကြီးတစ်ခု ဖြစ်လိမ့်မည်ဟု တွက်ထားပုံ ရ၏။ သူသည် ရှေ့မှ သွားနှင့် ပြီး အိမ်တံခါးကို ဖွင့်သည်။ ကျွန်တော်တို့ သုံးယောက်သည် ပြောစရာရှိသည့် စကားများ ကို ဧည့်ခန်းထဲရှိ အလွန်အားနည်းသော ဖယောင်းတိုင်တစ်တိုင်၏ အလင်းရောင်အောက်တွင် ထိုင်၍ ပြောကြပါသည်။

လူကြီးသည် ထိုင်မိသည် နှင့် တစ်ပြိုင်နက် စားပွဲပေါ်မှ ဖယောင်းတိုင်ကို သူ့ဘက်သို့ ဆွဲယူလိုက်ပြီး အင်္ကျီအိတ်ကပ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ကာ သူ ရေးမှတ်ထားဟန်တူသော စာများကို ပြန်ကြည့်နေသည်။ ထို့နောက် စာအုပ်ကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်ကာ ဖယောင်းတိုင်ကို ဘေးသို့ အနည်းငယ်မျှ တွန်း၍ ရွှေ့လိုက်သည်။ သူသည် မှုန်ဝါးဝါး အလင်းရောင်ကြားမှ နေ၍ ဂျိုးကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်နေသည်။

"ငါ့နာမည်က ဂျက်ဂါးလို့ ခေါ်တယ်" ဟု သူက စပြောသည်။ "လန်ဒန်မြို့က ရှေ့နေတစ်ယောက်ပဲ၊ ငါ့ကို လူသိအလွန်များပါတယ်။ တကယ်လို့ ငါ့သဘောထားကို မေးပြီး ငါပြောတဲ့ အတိုင်းသာ လုပ်မယ် ဆိုရင်တော့ ဒီနေရာကို ငါ လာဖို့ အကြောင်းက ရှိမှာ မဟုတ်ဘူး ပေါ့ကွာ၊ ဒါပေမဲ့ ငါ့သဘောအတိုင်း လုပ်ရတာ မဟုတ်တော့ မင်းတို့ နဲ့ ငါ တွေ့ကြရတာပေါ့။ ငါ့အနေနဲ့ က တခြားလူတစ်ယောက်ရဲ့ ယုံကြည်စိတ်ချရတဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမှာ၊ ဒါ့ကြောင့် ပြောစရာလုပ်စရာရှိ သမျှကို အပိုအလိုမရှိ ပြောရလိမ့်မယ်"

သူသည် ကျွန်တော်တို့ နှစ်ယောက်၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသဖြင့် ထိုင်ရာမှ ထကာ ခြေတစ်ဖက်ကို ကုလားထိုင်ပေါ် လှမ်းတင်ပြီး ထိုခြေထောက်ပေါ် လက်တစ်ဖက်ဖြင့် ထောက်၍ မှီလိုက်သည်။ ဤသို့ဖြင့် သူ့ခြေထောက်တစ်ဖက်သည် ကုလားထိုင်ပေါ်၌ ရောက်နေပြီး နောက်တစ်ဖက်သည် မြေကြီးပေါ်၌ ထောင်လျက် ရှိလေ၏။

"ကဲ... ဂျိုးဇက်ဂါဂရီ၊ မင့်ရဲ့ လက်ထောက်ပညာသင်ဖြစ်နေတဲ့ ဟော့ ဒီသူငယ်ကိစ္စကို ပြောရမယ့် တာဝန်က ငါ့မှာ ရှိနေတယ်။ အကယ်၍ သူ့ရဲ့ ကောင်းစားရေးအတွက် သူကိုယ်တိုင်က နှစ်ဦးသဘောတူ ပြုလုပ်ထားတဲ့ စာချုပ်ကို သက်တမ်းမပြည့်မီ ဖျက်သိမ်းပေးဖို့ တောင်းခံရင် မင့်အနေနဲ့ ကန့်ကွက်ဖို့ ရှိပါသလား။ သူ တောင်းခံတဲ့ အတိုင်း ဖျက်သိမ်း ပေးရတဲ့ အတွက် လျော်ကြေးပေးရမလား"

"ပစ်ပ်ရဲ့ ကောင်းစားရေးအတွက် လုပ်ပေးရမှာ ဆိုရင်တော့ သူ့ကို အနှောင့်အယှက် ဖြစ်စေမယ့် လျော်ကြေးတွေ၊ နစ်နာကြေးတွေ အလိုမရှိသင့်ဘူးလို့ ဘုရားသခင်က တားမြစ်ထားပါတယ်" ဟု ဂျိုးက လူကြီး၏ မျက်နှာကို

စူးစူးရဲရဲကြည့်၍ ပြောသည်။

"ဘုရားသခင်က ပညတ်ထားတယ်၊ တားမြစ်ထားတယ် ဆိုတဲ့ စကားမျိုးက ဘုရားတရား ကြည်ညိုလို့ ပြောတဲ့ စကားကွ၊ အခုပြောနေတဲ့ ကိစ္စနဲ့ ဘာမှ မပတ်သက်ဘူး" ဟု မစ္စတာဂျက်ဂါးက ပြန်ပြောသည်။ "မေးခွန်းက ရှင်းရှင်းကလေး၊ စာချုပ် ဖျက်ပေးရင် လျော်ကြေးလိုချင် သလား၊ ဘာလိုချင်သလဲ၊ ဒါပဲ"

"ကျုပ်အဖြေကလည်း ရှင်းရှင်းပဲ" ဟု ဂျိုးက မျက်နှာထားတင်းတင်းဖြင့် ပြောသည်။

"ကျုပ် ဘာမှ မလိုချင်ဘူး"

မစ္စတာဂျက်ဂါးက ဂျိုးအား စိုက်၍ ကြည့်နေသည်။ ဤစကားမျိုး ပြောသည့်အတွက် ဂျိုးကို အရူးတစ်ယောက်ဟု ထင်နေပုံ ရသည်။ သို့သော်လည်း အသက်မှ မှန်မှန်မရှူနိုင်လောက်အောင် အံ့သြတုန်လှုပ်နေ မိသော ကျွန်တော်သည် ထိုအချက်ကို သေချာအောင် ဆင်ခြင်စဉ်းစားဖို့ အချိန်မရပါ။

"ဒီလိုဆိုလည်း ကောင်းပြီလေ" ဟု မစ္စတာဂျက်ဂါးက ရေရွတ်သည်။

"မင်းပြောတဲ့ စကားကို မှတ်ထားပါ။ နောက်ကျတော့မှ မကြိုးစားနဲ့"

"ဘယ်သူက ကြိုးစားမှာလဲ" ဟု ဂျိုးက ချက်ချင်း ခွန်းတုံ့ပြန်သည်။

"ငါက ဘယ်သူဘယ်ဝါရယ်လို့ မပြောပါဘူးကွ၊ ဒါနဲ့ မင်းခွေးတစ်ကောင်လောက်များ မွေးမထားဘူးလား"

"မွေးထားတယ်၊ တစ်ကောင်တည်းရယ်"

"ဒါဆိုရင် ဂုဏ်ဖော်ခြင်းဟာ ခွေးတစ်ကောင်ဖြစ်ပေမယ့်လို့ ဉာဏ်ဖြင့်ယှဉ်ပြီး ထိန်းသိမ်းမှသာ ပိုပြီးကောင်းတယ်"[2] ဆိုတဲ့ စကားကို မမေ့နဲ့။ အဲဒါကို မင်း အမြဲသတိရနေ ဟုတ်လား" မစ္စတာဂျက်ဂါးက မျက်စိ များကို စုံမှိတ်ကာ သူ့ခေါင်းကို ဂျိုးဘက်သို့ လှည့်၍ တဆတ်ဆတ် ညိတ်နေသည်။ ဂျိုးအပေါ်တွင် ကရုဏာမကင်းသည့် ဟန်အမူအရာမျိုး ဖြစ်၏။ "ကဲ... ဒီသူငယ်လေးကိစ္စကို ဆက်ကြဦးစို့ရဲ့။ ငါ့အနေနဲ့ ပြောပြရမယ့် သတင်းတစ်ခုကတော့ တခြား မဟုတ်ဘူး။ သူ့မှာ အကြီးအကျယ် မျှော်လင့်စရာတွေ ရှိနေတယ်"

ဂျိုးနှင့် ကျွန်တော်တို့သည်ပါးစပ်အဟောင်းသားဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေမိပြန်သည်။

"သူနဲ့ ဆက်သွယ်ပြီး ပြောပြဖို့ ငါ့ကို ညွှန်ကြားလိုက်တယ်" မစ္စတာဂျက်ဂါးက ကျွန်တော့်အား လက်ညှိုးထိုးပြပြီး ဆက်ပြောသည်။ "သူ့အနေနဲ့ အမွေပစ္စည်း အမြောက်အမြား ရဖို့ ရှိနေတယ်တဲ့။ အဲဒီပစ္စည်းတွေကို လက်ရှိပိုင်ဆိုင်နေသူရဲ့ ဆန္ဒကတော့ တခြား မဟုတ်ဘူး။ ဒီ သူငယ်ကို အခု လက်ရှိရောက်နေတဲ့ ဘဝနဲ့၊ ရပ်ရွာကနေပြီး ချက်ချင်း ရွှေ့ပြောင်းသွားစေချင်တယ်တဲ့။ ပြီးတော့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်သွားစေချင်တယ်တဲ့။ ရှင်းအောင် ပြောရရင်တော့ အလွန်ကြီးမားတဲ့ မျှော်လင့်ချက်တွေ ရှိနေတဲ့ လူငယ်တစ်ယောက်အဖြစ်နဲ့ နေထိုင်သွားဖို့ပါ"

ကျွန်တော်၏ စိတ်ကူးယဉ်အိပ်မက်သည် လက်တွေ့ဖြစ်လာခဲ့လေပြီ။ အရူးအမူး ဖြစ်နေခဲ့သော ကျွန်တော်၏ စိတ်ကူးသည် အစစ်အမှန်အဖြစ် အကောင်အထည်ပေါ်လာခဲ့လေပြီ။ မစ္စဟေဗီရှမ်သည် ကျွန်တော်၏ ကံကြမ္မာကို အကြီးအကျယ် ပြုပြင်ပြောင်းလဲ လိုက်လေပြီ။

"ကဲ... မစ္စတာ ပစ်ပ်" ရှေ့နေကြီးက ကျွန်တော့်အား စကားလှမ်းပြောသည်။ "ငါ မင့်ကို ပြောစရာ ရှိတာမှန်သမျှ အကုန်ပြောပြရလိမ့်မယ်။ မင့်အနေနဲ့ နားလည်ထားရမယ့် ပထမဆုံးအချက်က ငါ့ကို ညွှန်ကြားချက်ပေးလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ မေတ္တာရပ်ခံချက်အတိုင်း ပြောရမယ်ဆိုရင် မင်းဟာ ပစ်ပ်ဆိုတဲ့ နာမည်ကို ဘယ်တော့မှ မပြောင်းလဲပါဘူး ဆိုတဲ့ အာမခံချက်ပေးရလိမ့်မယ်။ ဒီလောက်လွယ်ကူတဲ့ စည်းကမ်းချက်လေးကို လိုက်နာရုံမျှနဲ့ အကြီးအကျယ် မျှော်လင့်စရာ တွေ ရှိလာမှာ ဆိုတော့ မင့်အနေနဲ့ မလိုက်နာနိုင်စရာတော့ ရှိမယ် မထင်ပါဘူး၊ ဒါပေမဲ့ အကယ်၍ မင်းသဘောမတူဘူး ဆိုရင်တော့ မတူကြောင်း ဖွင့်ပြောရမယ့် အချိန်ဟာ အခုအချိန်ပဲကွဲ့ "

ကျွန်တော့်နှလုံးသည် လျင်မြန်စွာ ခုန်လျက် ရှိသည်။ ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားနေရသော ကျွန်တော်သည် စကားကို ရှောရှောရှူရှူ မပြောနိုင်။ ထစ်တီးထစ်ငေါ့ဖြင့်ပင် ကျွန်တော့်ဘက်က သဘောမတူနိုင် စရာ အကြောင်း မရှိပါဘူးဟု ပြောလိုက်ပါသည်။

"အေး.. ငါကလည်း သဘောမတူနိုင်စရာ မရှိဘူးလို့ပဲ တွက်ထားပါတယ်။ ကဲ... မင်း နားလည်ထားရမယ့် ဒုတိယအချက်ကတော့ တခြား မဟုတ်ဘူး မစ္စတာပစ်ပ်၊ မင်းရဲ့ ကျေးဇူးရှင်က သူ့နာမည်ကို လျှို့ဝှက် ထားလိမ့်မယ်။ မင်း သိသင့်သိထိုက်တဲ့ အချိန်ကျမှပဲ သူ့နာမည်ကို သိရ လိမ့်မယ်။ ဒီအချက်နဲ့ ပတ်သက်လို့ ငါ့ကို ပြောပြဖို့ အခွင့်အာဏာ ပေးလိုက်တာက နာမည်ကို ဖွင့်ပြောသင့်တဲ့ အချိန် ကျရောက်လာရင် သူကိုယ်တိုင် ဖွင့်ပြောမယ်တဲ့။

ဘယ်အချိန်အခါ ဘယ်နေရာမှာ ဖွင့်ပြောမယ်ဆိုတာကိုတော့ ငါလည်း မပြောတတ်ဘူး။ ဘယ်သူကမှလည်း ပြောနိုင် မယ် မထင်ဘူး။ နှစ်နဲ့ ချီပြီး ကြာချင်လည်း ကြာလိမ့်မယ်။ အဲဒီတော့ မင်း နားလည်ထားရမှာ က မင့်ကျေးဇူးရှင်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ် ဆိုတာကို မစုံစမ်းရဘူး။ မှန်းဆပြီး တခြားလူတွေနဲ့ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း မပြုရဘူး။ တကယ်လို့ မင့်ရင်ထဲမှာ ဘယ်သူဘယ်ဝါဆို တာ သံသယရှိနေရင် အဲဒီသံသယကို မင့်ရင်ထဲမှာပဲ သိမ်းထားရမယ်။ ဘာကြောင့် ဒီစည်းကမ်းတွေချလဲ ဆိုတာတော့ ငါလည်း မသိဘူး။ ဒီစည်းကမ်းချက်တွေဟာ သူ့အဖို့ အရေးကြီးလွန်းလို့ ချထားတာ ဖြစ်ချင်လည်း ဖြစ်မယ်။ ရုတ်တရက် စိတ်ရူးပေါက်ပြီး လျှောက်လုပ်ထားတာတွေ ဖြစ်ချင်လည်း ဖြစ်မယ်။ ဒါလည်းပဲ မင်းစုံစမ်းရမယ့် ကိစ္စလည်း မဟုတ်ဘူးကွဲ့။ စည်းကမ်းချက်တွေကိုတော့ ငါချပြီးပြီ။ မင်းက လက်ခံမယ်၊ လက်မခံဘူး ဆိုတာပဲ သိဖို့ လိုတော့တယ်။ အဲဒါကို သိရရင် ငါ့ကို ညွှန်ကြားချက် ပေးလိုက်တဲ့ အတိုင်း လုပ်ရလိမ့်မယ်။ အဲဒီလူဟာ မင့်ရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးမယ့်လူပဲ။ လျှို့ဝှက်ချက်မှန်သမျှကိုလည်း သူနဲ့ ငါကပဲ တာဝန်ယူပြီး ထိန်းသိမ်းထားကြတယ်။ ကဲ.. နောက်ဆုံး စည်းကမ်းချက်တစ်ခုကို ပြောကြစို့၊ အလွန်လိုက်နာရခက်မယ့် ဟာ မျိုးတော့ မဟုတ်ပါဘူး။ သူ့ထံက လက်ခံရရှိလာတဲ့ ပစ္စည်းဥစ္စာတွေကို တာဝန်ယူထိန်းသိမ်းသွားမယ်ဆိုတဲ့ စည်းကမ်းချက်ပဲ။ ဒါကိုတော့ မင်း ကန့်ကွက်စရာ ရှိသလား၊ ရှိရင် အခုချက်ချင်းပဲ ပြော"

နောက်တစ်ကြိမ် ကျွန်တော်သည် ထစ်တီးထစ်ငေါ့ဖြင့်ပင် ကန့်ကွက်စရာ မရှိကြောင်း ပြောပြလိုက်သည်။

"အေး... ငါကလည်း ရှိလိမ့်မယ်လို့ မထင်ပါဘူး။ ကဲ... မစ္စတာပစ်ပ်၊ စည်းကမ်းချက်တွေ ကိစ္စကတော့ ပြီးသွားပြီ"

သူသည် ကျွန်တော့်နာမည်ကို ခေါ်သည့် အခါတိုင်း "မစ္စတာ" ထည့်၍ မစ္စတာပစ်ပ်ဟု ခေါ်လေ့ရှိသော်လည်း ကျွန်တော့်အပေါ်တွင် အထင် အမြင်သေးသည့် စိတ်ကား ပျောက်သွားပုံ မရပေ။ သူသည် ကျွန်တော့်ကို စကားပြောသည့် အခါတိုင်း လက်ညှိုးတစ်ငေါက်ငေါက် ထိုးကာ အပေါ်စည်းဖြင့် ပြောနေဆဲ ဖြစ်၏။ "ငါတို့ အနေနဲ့ စီစဉ်စရာရှိတာ မှန်သမျှ စီစဉ်ကြရလိမ့်မယ်။ ငါ့အနေနဲ့ မျှော်လင့်ချက်တွေ ဆိုတဲ့ စကားကို ပြောခဲ့တာ တစ်ကြိမ်မကဘူးနော်။ အဲဒါကို မင်း သတိထားမိရဲ့လား။ ဒါပေမဲ့ ငါသုံးနေတဲ့ မျှော်လင့်ချက်တွေဆိုတဲ့ စကားနဲ့တင် မင်း ကျေနပ်ရမယ့် အခြေအနေ မဟုတ်ပါဘူး။ အခုဆိုရင် မင်း ပညာသင်ဖို့ နဲ့ အဆင်ပြေပြေ နေသွားနိုင်ဖို့ အတွက် ငါ့လက်ထဲကို ငွေအတော်များများ အပ်ထားတယ်။ အဲဒီတော့ ကျေးဇူးပြုပြီး မင်းက ငါ့ကို မင်းရဲ့ အုပ်ထိန်းသူအဖြစ် အသိအမှတ်ပြုရလိမ့်မယ်" ကျွန်တော်က ကျေးဇူးတင်စကား

ပြောမည်ဟု ဟန်ပြင်လိုက်သောအခါ သူက ကျွန်တော် မပြောနိုင်အောင် ဟန့်လိုက်သည်။

"အိုး... ငါ မင့်ကို ပြောပြထားရဦးမယ်။ ငါ အခု ဆောင်ရွက်ပေးနေရတဲ့ လုပ်အားအတွက် ငါ့ကို ထိုက်သင့်တဲ့ လုပ်ခ ပေးထားတယ်။ လုပ်ခမ ရရင် ငါ ဒီအလုပ်ကို လာပြီး မလုပ်ဘူး။ နားလည်ထားရမှာ က မင်းရဲ့ ပြောင်းလဲသွားတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပညာသင်ကြားသွားဖို့ပဲ၊ ရလာတဲ့ အခါအခွင့်ကို အကျိုးရှိအောင် သုံးသွားရမယ်"

ထိုအခွင့်အရေးကို ကျွန်တော် အမြဲတမ်း မျှော်လင့်နေခဲ့ပါသည် ဟု ကျွန်တော်က ပြန်ပြောသည်။

"မင်း အမြဲတမ်းမျှော်လင့်ခဲ့တယ်... မမျှော်လင့်ခဲ့ဘူးဆိုတာက အရေးမကြီးပါဘူး" ဟု သူက ဆိုသည်။ "အခုအချိန်ကစပြီး စိတ်အားထက်သန်မှု ရှိတယ်ဆိုရင် လုံလောက်ပါပြီ။ သင့်တော်တဲ့ ဆရာတစ်ယောက်ဆီမှာ ချက်ချင်းအပ်နှံပြီး ပညာသင်ရမယ်ဆိုရင် မင်း ဘယ်လိုသဘောရသလဲ"

ကျွန်တော်က သဘောတူပါသည် ဟု ဖြေလိုက်သည်။

"အေး... ကောင်းတယ်။ အခုလို မင်းက ချက်ချင်းစီစဉ်တာ သဘော တူတယ် ဆိုရင်တော့ ငါတို့ ဆွေးနွေးကြရမှာပေ့ါ။ မင်းသဘောကျနိုင် လောက်မယ့် ဆရာများ ရှိသလား"

ဆရာဆို၍ ဘစ်ဒီနှင့် ဝေါ့စလေ၏ ကြီးတော်မှ လွဲ၍ ဘယ်ဆရာကိုမှ မကြားဖူး၊ မသိဖူးသော ကျွန်တော်က မရှိပါဘူးဟု ပြောပြသည်။

"ဒီလို ဆိုရင်တော့ ငါသိတဲ့ ဆရာတစ်ယောက် ရှိတယ်။ အခုကိစ္စမျိုး နဲ့ အသင့်တော်ဆုံး ဖြစ်လိမ့်မယ်လို့ ငါ ထင်တယ်" ဟု မစ္စတာဂျက်ဂါးက ပြောသည်။

"ငါကတော့ သူ့ကို မထောက်ခံဘူး။ ဘာပြုလို့လဲဆိုတော့ ငါ့အနေနဲ့ ဘယ်သူ့ကိုမှ ထောက်ခံတဲ့ အကျင့် မရှိခဲ့လို့ပဲ။ ငါ အခုပြောနေတဲ့ ပုဂ္ဂိုလ်က မစ္စတာ မက်သယူးပေါ့ကက်တဲ့"

ကျွန်တော် ထိုနာမည်ကို ကြားကြားချင်း မှတ်မိသည်။ မစ္စဟေဗီရှမ် နဲ့ ဆွေမျိုးတော်စပ်သည်။ မစ္စတာကာမီလာတို့ လင်မယားပြောနေကြသည့် မက်သယူးပင် ဖြစ်မည်။

"အဲဒီနာမည်ကို မင်း ကြားဖူးသလား" ဟု မစ္စတာ ဂျက်ဂါးက မေးသည်။ သူသည် ကျွန်တော့်မျက်နှာနေ၊ မျက်နှာထားကို ကြည့်ကာ စူးစမ်း နေပုံ ရသည်။

ထို့နောက် မျက်လုံးများကို မှတ်၍ ကျွန်တော့်ထံမှ အဖြေကို စောင့်နေသည်။

ကျွန်တော်က ထိုနာမည်ကို ကြားဖူးပါသည် ဟု ဖြေလိုက်သည်။

"ဩော်" ဟု သူက ရေရွတ်သည်။ "မင်း သူ့နာမည် ကြားဖူးတာကိုး၊ ဒါပေမဲ့ သူ့ကို မင်း ဘယ်လိုသဘောရသလဲ ဆိုတဲ့ မေးခွန်းကို ဖြေဖို့ လိုတယ်"

ကျွန်တော်က သူ၏ ထောက်ခံချက်အတွက် ကျေးဇူးတင်ကြောင်း ပြောဖို့ ကြိုးစားနေခိုက်။

"အဲသလိုတော့ မလုပ်နဲ့ မိတ်ဆွေလေးရဲ့" ဟု ဆိုကာ ကြီးမားလှသော သူ့ခေါင်းကြီးကို ဖြည်းဖြည်းချင်း ယမ်းနေသည်။ "ကိုယ့်ကိုယ်ကိုယ် သတိထားဦးမှပေ့ါ"

သူ သတိပေးသလို ကိုယ့်ကိုယ်ကိုယ် သတိမထားနိုင်သော ကျွန်တော်သည် သူ၏ ထောက်ခံချက်အတွက် ကျေးဇူးတင်ကြောင်း နောက်တစ်ကြိမ် ပြောဖို့ ကြိုးစားမိပြန်သည်။

"မလုပ်လိုက်ပါနဲ့ မိတ်ဆွေလေးရယ်" ကျွန်တော့်စကား မဆုံးမီ သူက ခေါင်းကြီး တယမ်းယမ်း လုပ်ကာ ကြားဖြတ်၍ ပြောသည်။ မျက်နှာ ကို ရှုံ့မဲ့ပြီး ပြုံးသည်။

"မလုပ်နဲ့ .. မလုပ်နဲ့။ လုပ်ပုံကလေးကတော့ အလွန်ကောင်းပါတယ်။ ဒါပေမဲ့ မဖြစ်ဘူး။ ငါ့ကို ဒီလိုနည်းနဲ့ ဖမ်းလို့များတော့ ရမယ့်မထင်နဲ့ဟေ့။ မင်း အများကြီး တော်ပါသေးတယ်ကွာ၊ ထောက်ခံချက်ဆိုတဲ့ စကားဟာ မသုံးသင့်တဲ့ စကားလုံး မစ္စတာပစ်ပ်ရဲ့။ အခြားသင့်တော်တဲ့ စကားလုံးကို သုံးပါ"

ထိုအခါ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ပြန်၍ သတိထားကာ မစ္စတာမက်သယူးပေါ့ကက်၏ နာမည်ကို ပြောပြသဖြင့် သူ့အား ကျေးဇူးတင်ကြောင်း ပြောပြသည်။

"အဲ... ဟုတ်ပြီ၊ ဒီစကားလုံးက ပိုပြီး နီးစပ်တယ်ကွ" ဟု မစ္စတာဂျက်ဂါးက အော်ကြီးဟစ်ကျယ် ပြောသည်။

ကျွန်တော်က ထိုပုဂ္ဂိုလ်ထံမှာပင် စမ်းသပ်၍ သင်ကြားလိုကြောင်း ထပ်၍ ပြောသည်။

"ကောင်းတယ်။ သူ့အိမ်မှာ သွားသင်ကြည့်ပါ။ သွားဖို့ ကိစ္စကို စီစဉ်ပေးမယ်။ သူ့သားကို မင်း ပထမဆုံး တွေ့ကြည့်ပါ။ သူ့သားက အခု လန်ဒန်မှာ ရှိနေတယ်။ မင်း ဘယ်တော့လောက် လန်ဒန်ကို လာမလဲ"

ကျွန်တော် မလှုပ်မယှက် ရပ်ကာ ကျွန်တော်တို့ အား ငေးကြည့်နေသော ဂျိုးအား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ချက်ချင်းပင် သွားနိုင်လိမ့်မည်ဟု ထင်ကြောင်း ပြောလိုက်သည်။

"ပထမဆုံး လိုအပ်တာက လန်ဒန်ကို လာဖို့ အတွက် အဝတ်အစားသစ် ရှိရလိမ့်မယ်။ အဝတ်အစားသစ်ဆိုတာက အလုပ်သမားဝတ်စုံကို ပြောတာ မဟုတ်ဘူး။ အဲဒီတော့ ဒီနေ့ကစပြီး တစ်ပတ်ထားလိုက်၊ မင့်မှာ ငွေလည်း နည်းနည်းပါ လိုလိမ့်မယ်။ ရွှေဒင်္ဂါးဂီနီ နှစ်ဆယ် မင့်ကို ပေးခဲ့မယ်လေ"

မစ္စတာဂျက်ဂါးသည် ပိုက်ဆံအိတ်ကြီး တစ်အိတ်ကို ထုတ်ကာ ရွှေဒင်္ဂါးပြားနှစ်ဆယ်ကို အေးအေးဆေးဆေး ရေတွက်ပြီး စားပွဲပေါ်သို့ ချသည်။ ထို့နောက် ပိုက်ဆံများကို ကျွန်တော့်ဘက်သို့ တွန်းပို့လိုက်သည်။ ယခုမှပင် သူသည် ကုလားထိုင်ပေါ်၌ တင်ထားသော ခြေထောက်ကို မြေကြီးပေါ်သို့ ပြန်ချသည်။ သူသည် ကုလားထိုင်ပေါ် ပြန်ထိုင်ကာ ပိုက်ဆံအိတ်ကို လက်တစ်ဖက်ဖြင့် ကိုင်၍ ယမ်းရင်း ဂျိုး၏ မျက်နှာကိုစေ့စေ့စပ်စပ် ကြည့်နေသည်။

"ဘယ်လိုလဲ ဂျိုးဇက်ဂါဂရီ၊ မင်း ကြည့်ရတာ အတော်ကြီးကို အံ့သြ နေပုံ ရတယ်"

"မှန်ပါတယ်ဗျာ၊ ကျွန်တော် သိပ်ကို အံ့သြနေမိပါတယ်" ဟု ဂျိုးက ပြောသည်။

"အခု နားလည်ထားရသလောက်ဆိုရင် မင့်အတွက် ဘာမှ မလိုဘူး လို့ ပြောထားတယ်နော်၊ ဟုတ်လား... အဲဒါကို မမေ့နဲ့ "

"ဒီအတိုင်းပါပဲဗျာ" ဟု ဂျိုးက ပြောသည်။ "ပြောထားတဲ့ အတိုင်းပါပဲ"

မစ္စတာဂျက်ဂါးက သူ့ပိုက်ဆံအိတ်ကြီးကို ဆက်၍ ယမ်းနေရာမှ "ဒါပေမဲ့ တကယ်လို့ မင့်ကို လျော်ကြေးအဖြစ်နဲ့ လက်ဆောင်တစ်ခုခုပေးခဲ့လို့ ငါ့အမှုသည် က ညွှန်ကြားလိုက်တယ် ဆိုရင်တော့ မင်း ဘယ်လိုသဘောရသလဲ"

"ဘာအတွက် လျော်ကြေးလဲ" ဟု ဂျိုးက ပြန်မေးသည်။

"ဒီသူငယ်ရဲ့ လုပ်အားတွေကို ဆုံးရှုံးရတဲ့ အတွက်ပေါ့"

ဂျိုးက သူ့လက်တစ်ဖက်ကို ကျွန်တော့်ပခုံးထက်သို့ လှမ်းတင်သည်။ သူ့လက်၏ အထိအတွေ့သည် မိန်းမတစ်ယောက်၏ လက်သဖွယ် သိမ်မွေ့နူးညံ့လှ၏။ သူ့လက်များသည် ခွန်အားနှင့် နူးညံ့မှုကို ပေါင်းစပ်ထားသည့် လက်များ ဖြစ်သဖြင့် လူတစ်ယောက်ကို ဖြစ်စေ၊ ကြက်ဥတစ်လုံးကို ဖြစ်စေ

ကြေမွသွားအောင် ခြေပစ်နိုင်သည် ဟု ကျွန်တော် အမြဲတမ်း တွေးခဲ့ဖူးသည်။

"ကျွန်တော်က... ပစ်ပ်ကောင်းစားဖို့ နဲ့ ဂုဏ်သိက္ခာတိုးတက်ဖို့ အတွက်ဆိုရင် ဘာလျော်ကြေးမှ မရလည်း ကြည်ကြည်ဖြူဖြူနဲ့ လွှတ်နိုင်ပါတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ က အကောင်းဆုံး မိတ်ဆွေတစ်ယောက် ဆုံးရှုံးရတဲ့ ကျွန်တော့်ကို ငွေပေးလိုက်ရင် ပြေသွားလိမ့်မယ်လို့ ထင်ရင် ..."

တကယ်တော့ ဂျိုးသည် ကျွန်တော် အလွန်ချစ်သော မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပါ၏။ အခုဆိုလျှင် ကျွန်တော်သည် သူ့အား စွန့်ခွာ၍ သွားရန် အသင့်ဖြစ်ခဲ့လေပြီ။ ကျွန်တော်သည် ကျေးဇူးကန်းသူ တစ်ဦး ဖြစ်သည် ဟုပင် ထင်မိ၏။ သူသည် အားကောင်းမောင်းသန်နိုင် လွန်းလှသော လက်တစ်ဖက်ကို ကျွန်တော့်ပခုံးထက်သို့ တင်ကာ စိတ် ထိခိုက် ကြေကွဲခြင်း ဖြစ်နေရရှာ၏။ သူ၏ ကြီးမားကျယ်ပြန့်သော ရင်အုပ်သည် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ဖြင့် လှိုင်းထလျက် ရှိရှာ၏။ သူသည် စကားကို ဆုံးအောင် မပြောနိုင်။ ပြောရင်း... ပြောရင်းနှင့် သူ့အသံသည် တိမ်ဝင်သွားသည်။ အလွန်သစ္စာရှိပြီး စိတ်နေသဘောထား သိမ်မွေ့နူးညံ့လှသော ဂျိုး၏ လက်သည် တုန်ယင်လှုပ်ရှားလျက် ရှိလေသည်။

သို့တစေလည်း ကျွန်တော်သည် ဂျိုးကို အားပေးနှစ်သိမ့်ဖို့ မေ့မသွားပါ။ တတ်အားသရွေ့ အားပေးခြင်း၊ နှစ်သိမ့်ခြင်း ပြုခဲ့ပါသည်။ တကယ်တော့ ကျွန်တော်သည် အနာဂတ်ကာလတွင် ဖြစ်လာမည့် ဥစ္စာဓန ကြွယ်ဝမှုတည်း ဟူသော ဝင်္ကပါထဲ၌ လမ်းစပျောက်နေပြီဖြစ်ရာ ဂျိုးနှင့် အတူတူ တွဲ၍ လျှောက်ခဲ့ကြသည့် လမ်းများကို လမ်းစပင် မမြင်နိုင်တော့ဘဲ ဖြစ်လျက် ရှိ၏။ ကျွန်တော်က ဂျိုးကို နှစ်သိမ့်စကားပြောခဲ့သည်။ (သူပြောနေကျ စကားအတိုင်း) ကျွန်တော်တို့ နှစ်ဦးသည် အချစ်ဆုံး၊ အခင်ဆုံးနှင့် အကောင်းဆုံးသော မိတ်ဆွေများ ဖြစ်ကြသည့် အားလျော်စွာ (ကျွန်တော်ပြောနေကျ စကားအတိုင်း) ရာသက်ပန်အကောင်းဆုံး မိတ်ဆွေနှစ်ဦးအဖြစ် နေသွားပါမည်ဟု ကျွန်တော်က အခိုင်အမာ ပြောသည်။ ကျွန်တော်ပြောသမျှကို နားထောင်နေသော ဂျိုးသည် အားနေသော လက်မောင်းတစ်ဖက်ဖြင့် သူ့မျက်လုံးများ အတွင်းမှ မျက်ရည်စများကို ပွတ်၍ သုတ်ရှာသည်။ စကားတော့ တစ်ခွန်းမျှ ပြန်မပြောပေ။

မစ္စတာဂျက်ဂါးသည် ဂျိုး၏ အဖြစ်ကို ဘေးမှ ရပ်ကြည့်လျက် ရှိရာ သူ့စိတ်ထဲတွင် ဂျိုးအား ရွာထဲမှ အရူးတစ်ယောက်ဟု ထင်နေပုံ ရ၏။ ကျွန်တော့်ကိုမူ အရူးထိန်းတစ်ယောက်ဟု မြင်နေပုံ ရ၏။ ကျွန်တော်တို့ နှစ်ယောက်ကိစ္စ ပြီးသွားသောအခါ သူသည် ပိုက်ဆံအိတ်ကို မယမ်းတော့ဘဲ လက်ထဲတွင် ဆ၍ ဆ၍ မြှောက်ကာ ဂျိုးဘက်သို့ လှည့်ကြည့် လိုက်သည်။

"ဒီမယ် ဂျိုးဇက်ဂါဂရီ။ ငါ မင့်ကို သတိပေးလိုက်ပါရစေ။ အခုဟာ နောက်ဆုံး အခွင့်အရေးပဲ၊ တကယ်လို့ မင့်အနေနဲ့ ဒီအတွက် လက်ဆောင်တစ်ခုခု ရချင်တယ် ဆိုရင်တော့ ငါ့မှာ ပေးရမယ့်တာဝန် ရှိနေတယ်။ ပြောသာပြောပါ။ ငါ အခုချက်ချင်း ပေးခဲ့မယ်။ တကယ်လို့ မင့်အနေနဲ့ က ငွေကြေးလိုချင်တယ်ဆိုရင်လည်း ..."

သူ့စကား ဤနေရာအရောက်တွင် ဂျိုးသည် မစ္စတာဂျက်ဂါးဘက်သို့ ဖြုန်းခနဲ လှည့်ကာ ထိုးတော့ ကြိတ်တော့မည့် ဟန်ပြုလေရာ မစ္စတာဂျက်ဂါးမှာ အကြီးအကျယ် အံ့အားသင့်လျက် ရှိလေ၏။

"ခင်ဗျားက ကျုပ်အိမ်ကို နွားတိုက်ပွဲလုပ်တဲ့ ကွင်းလို့ ထင်နေသလား ဟု ဂျိုးက အော်ပြောသည်။ "ရပါတယ်။ အဲသလိုထင်ရင် လာခဲ့ပေတော့။ ခင်ဗျားယောက်ျားပဲ၊ တစ်ယောက်ချင်း ချမယ်။ ကျုပ်က ပြောပြီးသားစကားကို ဖျက်တဲ့ကောင် မဟုတ်ဘူး။ နားလည်လား။ ကဲ..လာ...သတ္တိရှိရင်"

ကျွန်တော်က ဂျိုးကို ဆွဲခေါ်သွားရပါသည်။ ဂျိုးသည် ချက်ချင်းလိုလိုပင် စိတ်ပြေသွားလေသည်။ သူ့အိမ်ထဲရောက်နေသည့် ဧည့်သည် ကို ထိုးလားကြိတ်လား လုပ်ရန် မရည်ရွယ်ကြောင်း ကျွန်တော့်အား ရှင်းပြနေသည်။ မစ္စတာဂျက်ဂါးမှာ မူ ဂျိုးက သူ့ကို ရန်ပြုတော့မည့် ဟန်မျိုး လုပ်လိုက်သည် နှင့် တစ်ပြိုင်နက် အိမ်ရှေ့တံခါးသို့ ရောက်သွားသည်။ သူသည် ဧည့်ခန်းထဲသို့ ပြန်မလာတော့ဘဲ တံခါးဝမှ ရပ်ကာ ကျွန်တော့်အား မှာစရာရှိသည် များကို မှာကြားခြင်း ပြုသည်။

"ကဲ... မစ္စတာပစ်ပ်၊ မင်းဟာ အနေးနဲ့ အမြန် ဆိုသလို ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက် ဖြစ်လာအောင် လုပ်ရတော့မှာ ဆိုတော့ ဒီအရပ်က အမြန်ဆုံး ထွက်ဖို့ လိုအပ်လိမ့်မယ်လို့ ငါ ထင်တယ်။ အားလုံး ပြီးပြတ်အောင် စီစဉ်လုပ်ကိုင်ဖို့ အတွက် ရက်သတ္တတစ်ပတ် ထားလိုက်။ ဟုတ်လား၊ လန်ဒန်အထိ ခရီးသည်တင် မြင်းရထားကြီးတွေ ရှိတယ်။ အဲဒီ အငှားမြင်းရထားကြီးတွေ စီးပြီး လိုက်ခဲ့။ ဟိုရောက်တော့ ငါ့ဆီကို တန်းလာခဲ့၊ အခု ငါဆောင်ရွက်ပေးခဲ့သမျှ ကိစ္စတွေနဲ့ ပတ်သက်လို့ ငါ့ရဲ့ ထင်မြင်ချက်ဆိုလို့ ဘာတစ်ခုမှ မပေးခဲ့ဘူးနော်။ ဒီအလုပ်တွေ လုပ်ပေးဖို့ ငါ့ကို အခကြေးငွေ ပေးထားတယ်။ ဒါကြောင့်မို့ လုပ်စရာရှိတာ လုပ်ပေးတယ်။ ဒါပဲ၊ အဲဒါကို မင်း နားလည်ပါ ဟုတ်လား...."

သူသည် ကျွန်တော်တို့ နှစ်ယောက်အား လက်ညှိုးတငေါက်ငေါက် ထိုး၍ သူပြောစရာရှိသမျှကို ပြောပြီးသော် ဂျိုးအား အန္တရာယ်ကြီးသည့် သတ္တဝါဟု ယူဆသည့် အလား ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။

သူ ထွက်ခွာသွားမှပင် ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ခု

ဝင်ရောက်လာသဖြင့် သူ ငှားလာသော မြင်းရထားရပ်ထားသည့် လူပျော်လှေသမားသုံးဦး ပျော်ပွဲစားရုံဘက် သို့ လျှောက်သွားနေသော မစ္စတာဂျက်ဂါးနောက်မှ အပြေးအလွှား လိုက်သွားရပြန်၏။

"ကျွန်တော် တစ်ခုလောက် မေးပါရစေ မစ္စတာဂျက်ဂါး"

"ဘာလဲဟေ့" မစ္စတာဂျက်ဂါးက နောက်ပြန်လှည့်ပြီး ရပ်စောင့်နေသည်။

"ကျွန်တော် မစ္စတာဂျက်ဂါးရဲ့ ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီး နေချင်ပါတယ်ခင်ဗျာ၊ ဒါကြောင့်မို့ မရှင်းတာကလေး တစ်ခု မေးထားချင်ပါတယ်။ ကျွန်တော် ဒီရွာက မထွက်ခွာခင် ကျွန်တော်နဲ့ ခင်မင်နေတဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို နှုတ်ဆက်ချင်ပါတယ်။ အဲသလို နှုတ်မဆက်ရဘူးဆိုတဲ့ စည်းကမ်းချက်များ ရှိနေသလားလို့ပါ"

"မရှိပါဘူး" ဟု ပြောကာ ကျွန်တော့်ကို နားမလည်သည့် အမူအရာဖြင့် စိုက်ကြည့်နေသည်။

"ကျွန်တော်ဆိုလိုတာက ဒီရွာထဲက လူတွေတင်မကဘူး။ ဟို... ဟိုမြို့ပေါ်ကလူ"

"ရတယ်လေ၊ ကန့်ကွက်ချက် မရှိပါဘူး"

ကျွန်တော်က ကျေးဇူးတင်စကား ပြောပြီး အိမ်သို့ ပြန်ပြေးလာခဲ့သည်။ ဂျိုးသည် အိမ်ရှေ့တံခါးကိုပိတ်၍ မီးဖိုခန်းထဲ၌ ထိုင်ကာ လက်နှစ်ဖက်ကို ဒူးများပေါ် တစ်ဖက်တစ်ချက် ထောက်ပြီး တစ်ရှိန်ရှိန် တောက်လျက်ရှိသော ကျောက်မီးသွေးများကို ငေးမောလျက် ရှိလေသည်။ ကျွန်တော်သည် မီးဖိုရှေ့၌ အသာဝင်ထိုင်ကာ ဂျိုးကဲ့သို့ပင် ကျောက်မီးသွေး မီးတောက်များကို ငေးကြည့်နေမိသည်။ နှစ်ယောက်သား စကားမပြောမိကြပါ။

ကျွန်တော့်အစ်မသည် မီးဖိုခန်း၏ တစ်ဖက်ထောင့်ရှိ သူ ထိုင်နေကျ ဆိုဖာကုလားထိုင်ပေါ်၌ ထိုင်နေသည်။ ဘစ်ဒီသည် မီးဖိုရှေ့၌ ထိုင်၍ အဝတ်အထည်ကို ချုပ်လျက် ရှိ၏။ ဂျိုးသည် ဘစ်ဒီ၏ ဘေး၌ ထိုင်နေခြင်းဖြစ်၍ ကျွန်တော်က ဂျိုး၏ ဘေး၌ ဝင်ထိုင်ခြင်းဖြစ်ရာ ကျွန်တော်သည် အစ်မနှင့် မျက်နှာချင်းဆိုင်လျက် ရှိသည်။ ကျောက်မီးသွေး မီးတောက်များကို ကြာကြာ ကြည့်နေမိလေလေ ကျွန်တော်သည် ဂျိုး၏ မျက်နှာကို မကြည့်ဝံ့လေ ဖြစ်လျက်ရှိ၏။ တိတ်ဆိတ်ငြိမ်သက်မှု ကြာမြင့်လေလေ ကျွန်တော့်အနေဖြင့် စကားစပြောရန် ခက်ခဲလေဖြစ်လျက် ရှိ ရလေသည်။

နောက်ဆုံးတွင် ကျွန်တော်ကပင် စကားကို စပြောသည်။

"ဂျိုး... ခင်ဗျား ဘစ်ဒီကို ပြောပြီးပြီလား"

"မပြောရသေးဘူး... ပစ်ပ်" ဟု ဂျိုးက ပြန်ပြောသည်။ သူသည် ကျွန်တော့်ကို လှည့်မကြည့်ပါ။ မီးဖိုကိုသာ စိုက်ကြည့်နေသည်။ "မင့်ဘာသာ မင်း ပြောမလားလို့ "

"ခင်ဗျားပဲ ပြောပြလိုက်ပါ ဂျိုးရာ"

"ပစ်ပ် လူချမ်းသာတစ်ယောက် ဖြစ်တော့မယ်" ဟု ဂျိုးက ဘစ်ဒီ အား လှမ်းပြောသည်။ "သူ့ကို ဘုရားသခင် မတာပဲ"

ဘစ်ဒီသည် သူ့အလုပ်ကို ရပ်လိုက်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။ ဂျိုးကလည်း သူ့ဒူးခေါင်းများကို လက်နှစ်ဖက်ဖြင့် ပိုက်ကာ ကျွန်တော့်အား ကြည့်နေသည်။ ကျွန်တော်က သူတို့ နှစ်ယောက်စလုံးကို ပြန်ကြည့်နေသည်။ တစ်ခဏမျှကြာသောအခါ သူတို့ နှစ်ယောက်စလုံးက ကျွန်တော့်အား ဝမ်းသာစကား ပြောကြသည်။ သို့သော်လည်း ဝမ်းနည်းကြေကွဲမှုကို ဖုံးကွယ်မထားနိုင်ဘဲ ထင်ထင်ရှားရှားကြီး ဖော်ပြလျက် ရှိသဖြင့် ကျွန်တော့်စိတ်ထဲမှ မကြိုက်ချင်သလိုလို ဖြစ်မိ၏။

ကျွန်တော့်အား ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝအောင် လုပ်ပေးသူအကြောင်းကို မူကား ကျွန်တော့်အနေဖြင့် ပြောပိုင်ခွင့်မရှိ၍ မပြောပြတော့ပါ။ သိသင့်သိထိုက်သည့် အချိန် ရောက်လာသည့် အခါ သိရမည်ဖြစ်၍ ထိုကိစ္စနှင့် ပတ်သက်၍ အထူးတလည် ချဲ့ထွင်၍ ပြော နေစရာ မလိုတော့ဟုပင် ထင်ပါသည်။ သို့သော်လည်း လျှို့ဝှက်ထားသော ကျေးဇူးရှင်တစ်ဦး၏ စောင့်ရှောက်မှုကြောင့် ကျွန်တော့်တွင် အကြီးအကျယ် မျှော်လင့်စရာတွေ ရှိလာရကြောင်းတော့ ဘစ်ဒီကို အသိ ပေးလိုက်သည်။ ဘစ်ဒီသည် မီးဖိုဆီသို့ ငေးစိုက်ကြည့်ရင်း တစ်စုံတစ်ခု ကို အလေးအနက် တွေးတောနေဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ရှိ၏။ ထို့နောက် သူတို့ နှစ်ဦးစလုံးက ကျွန်တော့်အတွက် များစွာ ဝမ်းသာဂုဏ်ယူကြောင်း ထပ်မံ၍ ပြောကြပြန်သည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်စိတ် ပြင်းပြခဲ့သော ကျွန်တော့်၏ စိတ်အားထက်သန်မှုကိုလည်း သူတို့ အလွန်အံ့သြမိကြောင်း ဝန်ခံကြသည်။ ကျွန်တော့်စိတ်ထဲကမူ သူတို့၏ ပြောဟန်ဆိုဟန်များကို သိပ်ပြီး သဘောမကျသလို ဖြစ်လျက် ရှိလေသည်။

ဘစ်ဒီသည် ရုတ်တရက် ပေါ်ပေါက်လာသည့် ဖြစ်ရပ်ကို ကျွန်တော့် အစ်မအား နားလည်အောင် ပြောပြဖို့ ကြိုးစားသည်။ သို့သော်လည်း ဘစ်ဒီ၏ အားထုတ်မှုများမှာ အချည်းနှီးသာ ဖြစ်ရလေသည်။ အစ်မသည် ဘစ်ဒီပြောသမျှကို နားထောင်ပြီး ရယ်သည်။ ခေါင်းတညိတ်ညိတ် လုပ်သည့် အခါ လုပ်သည်။

ဘစ်ဒီပြောနေသည့် စကားများကို သံယောင်လိုက်၍ "ပစ်ပ်" နှင့် 'ပစ္စည်း' ဟူသော စကားလုံးများကို ရေရွတ်သည်။ သို့သော်လည်း ပြောပြသမျှကို နားလည်ဟန် မတူပါ။ အဓိပ္ပာယ်ကို နားလည်၍ ရေရွတ်ခြင်းမျိုးလည်း ဟုတ်ပုံ မရပါ။ မှောင်ရိပ်ကျနေသော သူ့စိတ်၏ အခြေအနေကို ကျွန်တော် လုံးဝခန့်မှန်း၍ မရပါ။

ကျွန်တော့်အနေဖြင့် အတွေ့အကြုံ မရှိသူဖြစ်သည့် အားလျော်စွာ ကိုယ့်အဖြစ်ကိုယ် မယုံနိုင်အောင် ဖြစ်နေရ၏။ ဤသို့ဖြင့် ဂျိုးနှင့် ဘစ်ဒီတို့ ရှင်ရှင်လန်းလန်း ပြန်၍ ဖြစ်လာချိန်တွင် ကျွန်တော့်စိတ်သည် နောက်ကျိရှုပ်ထွေးနေရပြန်လေ၏။ ရုတ်တရက် ပြောင်းလဲဖြစ်ပေါ်လာရသည့် ကိုယ့်ကံကြမ္မာအပေါ်တွင် မကျေနပ်၍ ထိုကဲ့သို့ ဖြစ်ရလေသလော။ ထိုကဲ့သို့ကား ဟုတ်နိုင်မည် မထင်ပေ။ သို့သော်လည်း ဖြစ်နိုင်လောက်သည့် အရာတစ်ခုကိုတော့ ကျွန်တော် စဉ်းစားမိသည်။ တခြားတော့ မဟုတ်။ ကျွန်တော့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် ဒူးခေါင်းပေါ် တံတောင်ဆစ်ထောက်၍ မေးထောက် ထိုင်ကာ မီးဖိုကိုသာ ငေးကြည့်နေမိ၏။ ဂျိုးနှင့် ဘစ်ဒီတို့ ကတော့ ကျွန်တော်သွားရမည့် ကိစ္စကို ပြောနေကြသည်။ ကျွန်တော်မရှိလျှင် ဘယ်လို ဆက်၍ လုပ်ရကိုင်ရမည်ကို စဉ်းစားဆွေးနွေးကြသည်။ သူတို့ချင်း ဆွေးနွေးပြောဆိုနေရာမှ ကျွန်တော့်အား မကြာ... မကြာ လှမ်း၍ လှမ်း၍ ကြည့်တတ်သည် ကိုလည်း (အထူးသဖြင့် ဘစ်ဒီ ဖြစ်၏) ကျွန်တော် သတိထားမိသည်။ သူတို့ ကြည့်လိုက်တိုင်း ကျွန်တော့်စိတ်ထဲက မကျေမနပ် ဖြစ်မိပါသည်။ သူတို့ အကြည့်များသည် ကျွန်တော့်အပေါ်တွင် မ ယုံသင်္ကာရှိနေသည့် အရိပ်အငွေ့များပါသည်ဟု ထင်မိ၏။ အမှန်တော့ ကျွန်တော့်အပေါ် မယုံသင်္ကာဖြစ်ခြင်းကို နှုတ်အမူအရာနှင့် ရော ကိုယ်အမူအရာနှင့်ပါ ဖော်ပြခြင်း ပြုသည် မဟုတ်ပါ။

သူတို့ နှစ်ယောက် စကားပြောနေကြသည့် အခိုက်တွင် ကျွန်တော်သည် ထိုင်ရာမှ ထကာ မီးဖိုခန်းအပေါက်မှ ရပ်၍ အပြင်သို့ မျှော်ကြည့်နေ မိသည်။ ကျွန်တော်တို့ မီးဖိုတံခါးမှာ ဖွင့်ခဲလှသော်လည်း နွေရာသီ ညနေခင်းများတွင် မူ လေကောင်းလေသန့် ရရန်အတွက် ဖွင့်ထားလေ့ ရှိသည်။ ပြိုးပြိုးပြက်ပြက် ဝင်းလက်နေကြသော ကြယ်များ ...။

"စနေနေ့ ညပဲ" ညစာစားပွဲတွင် ထိုင်မိသောအခါ ကျွန်တော်က စကားစမိသည်။ ညစာမှာ အမယ်စုံလှ၏။ ပေါင်မုန့်နှင့် ဒိန်ခဲ။ ပြီးတော့ ဘီယာ...။ "နောက် ငါးရက်လိုသေးတယ်။ ငါးရက်လွန်သွားရင် အားလုံး ပြီးသွားမှာပါ"

"ဟုတ်တယ်... ပစ်ပ်" ဟု ဂျိုးက ပြောသည်။ "မကြာခင် ပြီးသွားမှာ "

"ဟုတ်တာပေါ့လေ။ ဒါပေါ့" ဟု ဘစ်ဒီကပါ ဝင်ပြောသည်။

"ကျွန်တော် တစ်ခု စဉ်းစားမိတယ် ဂျိုး၊ တနင်္လာနေ့ကျရင် ဝတ်စုံအသစ်ချုပ်ဖို့ မြို့ထဲသွားမယ်။ အဲဒီနေ့ကျရင် ဝတ်စုံကို ဆိုင်မှာ လာပြီး ဝတ်မယ်လို့ ပြောခဲ့ရင် ကောင်းမလား။ ဒါမှ မဟုတ်လည်း ဝတ်စုံကို မစ္စတာပန်ဘဲလ်ချူအိမ်ကို ပို့ခိုင်းထားပြီး သူ့အိမ်ကျမှ ဝတ်ရင် ကောင်းမလား။ ဒီအိမ်က တစ်ခါတည်း ဝတ်ပြီး ထွက်သွားရင် လူတွေက ဝိုင်းကြည့်နေကြမှာ စိုးရတယ်"

"မစ္စဟပ်ဘဲလ်တို့ လင်မယားကတော့ မင်းဝတ်စုံသစ် ဝတ်လာတာ ကို ကြည့်ချင်ကြလိမ့်မယ်လို့ ထင်တာပဲ ပစ်ပ်ရ" ဟု ဂျိုးက ပြောသည်။ သူသည် ပေါင်မုန့်တစ်ချပ်ကို လှီးယူပြီး ဒိန်ခဲဖတ်များကို ကော်၍ တင်နေရာမှ ယခုအချိန်အထိ မထိတို့ သေးသော ကျွန်တော့်အစားအစာများ ကို တစ်ချက်မျှ လှမ်းကြည့်သည်။ ကျွန်တော်နှင့် ပေါင်မုန့် တစ်ယောက်တစ်ချပ်ကိုင်၍ တစ်ကိုက်ချင်းစီ စားခဲ့သည် များကို ပြန်၍ သတိရနေဟန် တူ၏။ "မစ္စတာဝေါ့စလေကလည်း ကြည့်ချင်မှာပဲ၊ ပြီးတော့... လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံမှာ နှုတ်ဆက်ပွဲလိုဟာလေး တစ်ခုခု လုပ်ချင်ကြမှာပဲ"

"ကျွန်တော် မဖြစ်ချင်တာက အဲဒါမျိုးပဲ... ဂျိုး၊ သူတို့ က ဒီကိစ္စကို အကြောင်းပြုပြီး အဲသလို အောက်တန်းကျတဲ့ အလုပ်မျိုးကို လုပ်ကြမှာ၊ ဒါမျိုးကျတော့ ကျွန်တော်က မျက်နှာမပြချင်ဘူးဗျ"

"အင်း... ပေါ့လေ။ ဟုတ်တာပေါ့... ပစ်ပ်ရာ" ဟု ဂျိုးက အလိုက်သင့် ပြန်ပြောသည်။

"တကယ်လို့ မင့်အနေနဲ့ မျက်နှာမပြနိုင်ဘူး ဆိုရင်လည်း ..."

ထိုအချိန်တွင် အစ်မ၏ ပန်းကန်ကို ကိုင်ထားသော ဘစ်ဒီက ကျွန်တော့်အား ဖျတ်ခနဲ လှမ်းကြည့်ပြီး မေးသည်။ "မစ္စတာဂါဂရီရယ်၊ နင့်အစ်မရယ်၊ ငါရယ်ကို မျက်နှာပြနေရတာ ကျတော့ကော နင် ဒီလိုပဲ တွေးသလား။ နင် ငါတို့ ကိုလည်း မျက်နှာပြနေရတာပဲ မဟုတ်လား"

ကျွန်တော်က မခံချင်စိတ်ဖြင့် ချက်ချင်း တုံ့ပြန်လိုက်သည်။ "ဒီမယ် ဘစ်ဒီ၊ ဒီအပြောမျိုးတွေနဲ့ ဆိုရင် နင်နဲ့ ငါ ရေရှည်ပေါင်းဖို့ သင်းဖို့ ခက်တယ်။ ဒီပုံမျိုးသာဆိုရင် ဒီအိမ်က ငါ အပြီးအပိုင်း မထွက်သွားခင် တစ်ရက်မှာ ငါ့အဝတ်အစားထုပ်ကို ယူပြီး ဆင်းမိလိမ့်မယ်"

ဘစ်ဒီက နောက်ထပ်စကားတစ်ခွန်းမှ မပြောတော့ပါ။ ကျွန်တော်က သူ့ကို

ခွင့်လွှတ်လိုက်သည့် အမူအရာမျိုးဖြင့် မဂ်လာညပါဟု နှုတ်ဆက်လိုက်သည်။ တစ်ဆက်တည်း ဂျိုးကိုပါ နှုတ်ဆက်ပြီး ကျွန်တော့်အခန်းသို့ တက်ခဲ့သည်။ ကျွန်တော့်အခန်းကလေး ထဲသို့ ရောက်သောအခါ အေးအေးဆေးဆေး ထိုင်၍ တစ်ခန်းလုံးကို စေ့စေ့စပ်စပ် ကြည့်နေမိပါသည်။ ဤအခန်းကျဉ်းကလေးသည် ကျွန်တော့်မျက်စိထဲတွင် အလွန်နုံချာသော အခန်းလေးတစ်ခန်း ဖြစ်နေလေပြီ။ ကျွန်တော် ဤအခန်းကလေးမှ အမြန်ဆုံး ထွက်ခွာသွားသင့်ပြီဟူသော အတွေး ဝင်လာသည်။ ကျွန်တော်သည် ပန်းပဲဖိုနှင့် မစ္စဟောဗီရှမ်၏ အိမ်ကိုလည်းကောင်း၊ ဘစ်ဒီနှင့် အက်စတယ်လာကိုလည်းကောင်း မကြာခဏ နှိုင်းယှဉ်ကြည့်နေမိသည်။

တောက်ပသောနေရောင်သည် ကျွန်တော်နေထိုင်ရာ အထပ်ခိုးကလေး၏ ခေါင်မိုးပေါ်သို့ တစ်နေ့လုံး ကျထားခဲ့သည် ဖြစ်ရာ တစ်ခန်းလုံး ပူနွေးလျက် ရှိသည်။ ကျွန်တော်သည် ပြတင်းပေါက်တံခါးကို ဖွင့်၍ အပြင်သို့ မျှော်ကြည့်မိသည်။ အောက်ဘက် အမှောင်ထုအောက်ရှိ တံခါးမှ အပြင်သို့ ထွက်လာသော ဂျိုးကို လှမ်းမြင်ရသည်။ ထို့နောက် ဘစ်ဒီပါ ထွက်လာသည် ကို တွေ့ရ၏။ ဘစ်ဒီ၏ လက်ထဲတွင် ဆေးတံနှင့် မီးခြစ် ကိုင်လာသည်။ ဂျိုးအတွက် ယူလာခြင်း ဖြစ်၏။ ဂျိုးသည် ယခု လိုအချိန်မျိုးတွင် ဆေးတံသောက်လေ့သောက်ထ မရှိပေ။ ဆေးတံကို သောက်နေကျ မဟုတ်ဘဲ သောက်ခြင်းသည် တစ်စုံတစ်ခုသော စိတ် သောက ရောက်မှုကို မေ့မေ့ပျောက်ပျောက် ဖြစ်လို၍သာ ဖြစ်ပေလိမ့်မည်။

ဂျိုးသည် ကျွန်တော်ရပ်နေသည့် ပြတင်းပေါက်အောက်တည့်တည့်ရှိ တံခါး၌ရပ်ကာ ဆေးတံကို ဖွာလျက် ရှိသည်။ ဘစ်ဒီသည် သူ့ဘေးမှရပ်ကာ သူ့အား စကားလှမ်းပြောလျက် ရှိ၏။ သူတို့ နှစ်ယောက် စကား အပြန်အလှန် ပြောနေကြသည်မှာ ခပ်တိုးတိုးဖြစ်၍ ပြောသမျှကို မကြားရသော်လည်း ကျွန်တော့်နာမည် ပြောသံကိုကား မကြာခဏ ကြားနေရသည်။ ဤနေရာ၌သာ ကြာကြာရပ်နေလျှင် ပို၍ ကြားရပေတော့မည်။ ထို့ကြောင့် ကျွန်တော်သည် ပြတင်းပေါက်အနီး၌ ဆက်၍ ရပ်မနေတော့ဘဲ နောက်သို့ ပြန်ဆုတ်လာခဲ့ပြီး အိပ်ရာဘေးမှ ကုလားထိုင် ပေါ်တွင် ဝင်ထိုင်သည်။ အလွန်ဝမ်းနည်းကြေကွဲသောစိတ်သည် ကျွန်တော့်ကို ဖိစီးလျက် ရှိ၏။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတော့မည်ဟု သိ ရသည့် ပထမဆုံးညခါမှ ထူးထူးဆန်းဆန်း အထီးကျန် နိုင်လွန်းလှချေသည်။

ဖွင့်ထားသည့် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သောအခါ ဂျိုး၏ ဆေးတံမှ အခွေလိုက် အလိပ်လိုက်တက်လာနေသော မီးခိုးမီးငွေ့များကို မြင်နေရသည်။ ဂျိုးက ကျွန်တော့်အတွက် ကောင်းချီးသြဘာပေးနေသည့် အရာများဟု စိတ်ထဲက ထင်မိ၏။ ဤမီးခိုးမီးငွေ့များသည် ကျွန်တော့်ဆီသို့ လာ၍ အနှောင့်အယှက် မပြုကြပေ။ သို့သော်လည်း ကျွန်တော်နှင့် ဂျိုးတို့ အတူတူ

ခွဲဝေမျှတ၍ ရှူရှိုက်နေကြသည့် လေထဲတွင် မူ ဖြည်းဖြည်းချင်း စိမ့်ဝင်ပျံ့နှံ့လျက် ရှိလေသည်။ ကျွန်တော်သည် အခန်းထဲမှ မီးကို ငြိမ်းကာ အိပ်ရာပေါ်သို့ လှဲလိုက်သည်။ အခုကျတော့ ဤအိပ်ရာသည် ကျွန်တော့်အတွက် သက်သောင့်သက်သာ မရှိတော့ပေ။ ထို့ကြောင့်လည်း ကျွန်တော်သည် ယခင်ကလို နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ မပျော်တော့ပေ။

******

(၁၉)

ကျွန်တော့်ဘဝ၏ ရှေ့အလားအလာသည် နောက်တစ်နေ့နံနက်လင်းသည်နှင့် တစ်ပြိုင်နက် သိသိသာသာကြီး ခြားနားလျက် ရှိသည်ကို တွေ့ရ၏။ ရှေ့ဆက်လျှောက်ရမည့် ကျွန်တော့် ဘဝခရီးလမ်းကြောင်းသည် များစွာသာယာဖြောင့်ဖြူးလျက် ရှိနေပြီဖြစ်ရာ ယခင်ကနှင့် မတူတော့သည်မှာ အမှန်ပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်တွင် စိတ်လေးစရာ အကြောင်းတစ်ခုတော့ ရှိနေဆဲ ဖြစ်သည်။ တခြားတော့မဟုတ်၊ ကျွန်တော် ရွာမှ ထွက်ခွာသွား ရမည့် နေ့ရက်သို့ မရောက်မီ နေရဦးမည့် ခြောက်ရက်အတွင်းတွင် လန့်ဒန်မြို့၌ အပြောင်းအလဲ တစ်စုံတစ်ခု ဖြစ်သွားပါမူ ကျွန်တော့်ဘဝ၏ ရှေ့အလားအလာသည် တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ပျက်ပြား သွားနိုင်၏။ ဤအတွေး ဝင်လာသည့် အခါတိုင်း ကျွန်တော်သည် အလွန် အမင်း သောကရောက်ကာ စိတ်မအေးနိုင်အောင် ဖြစ်ရလေသည်။

ဂျိုးနှင့် ဘစ်ဒီတို့သည် ကျွန်တော့်အပေါ်တွင် ကိုယ်ချင်းစာတရား ထားကာ ယခင်ကထက် ပို၍ သာသာယာယာ ဆက်ဆံကြသည်။ ကျွန်တော် ထွက်ခွာသွားရတော့မည် အဖြစ်ကို စကားစပ်မိကြသည့် အခါတိုင်း ဝမ်းသာစရာ ပြောကြသည်။ သို့သော်လည်း ဤကိစ္စကို ဘယ်တော့မှ သူတို့ ကစ၍ မပြောပါ။ ကျွန်တော်က စပြောမှသာ သူတို့ က လိုက်လိုက်လျောလျော ပြောကြခြင်း ဖြစ်သည်။ ထိုနေ့နံနက်က နံနက်စာစားအပြီးတွင် ဂျိုးသည် နှစ်ဦးသဘောတူ ချုပ်ဆိုထားခဲ့ကြသည့် စာချုပ်စာ တမ်းများကို ယူလာပြီး မီးဖိုထဲသို့ ပစ်ချလိုက်သည်။ ကျွန်တော့်ရင်ထဲတွင် ငါ လွတ်လပ်သွားပြီဟူသော အသိ ဝင်လာသည်။ အချုပ်အနှောင်ခံဘဝမှ လွတ်မြောက်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ကျွန်တော်သည် ဂျိုးနှင့် အတူ ဘုရားရှိခိုးကျောင်းသို့ သွားသည်။ ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးသည် ကျွန်တော့်အကြောင်းကို အစမှ အဆုံးအား သိသွားရသည့် တိုင်အောင် ကျွန်တော့်အား ကယ်တင်စောင့်ရှောက်ခဲ့သည့် လူချမ်းသာ၏ အကြောင်းကိုတော့ သိနိုင်စွမ်းရှိလိမ့်မည် မဟုတ်ဟု ကျွန်တော် တွေးလိုက်မိပါသေးသည်။

ထိုနေ့က ကျွန်တော်တို့ အားလုံး ညစာစားကြသည်။ ညစာစားပြီးသည် နှင့် တစ်ပြိုင်နက် ကျွန်တော်တစ်ယောက်တည်း အပြင်သို့ ထွက်ခဲ့သည်။ စိမ့်မြေတောများ ဘက်သို့ ကျွန်တော် သွားနေကျနေရာများ သို့ နှုတ်ဆက်စပ်အောင် သွားမည်ဟူသော စိတ်ကူးဖြင့် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဘုရားရှိခိုးကျောင်းရှေ့မှ ဖြတ်မိသောအခါ ကျွန်တော့်စိတ်ထဲ၌ ထူးခြားမြင့်မြတ်သော ခံစားမှုတစ်ခု (နံနက်ခင်း ဘုရားဝတ်ပြုခဲ့စဉ်က ခံစားခဲ့ရသည့် အတိုင်း ဖြစ်သည်) ဝင်လာသည်။ ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့တိုင်း

မှန်မှန်လာရောက်နေကြရရှာသော ရွာသူရွာသား ဆင်းရဲသားများ အပေါ်၌ သနားကရုဏာ မကင်းသည့်စိတ် ဖြစ်၏။ သူတို့ ခမျာများသည် ဘဝတစ်လျှောက်လုံး ဤနေရာသို့ လာ၍ ပုံမှန်ဝတ်ပြုခြင်းဖြင့်သာ အချိန်ကုန်ကြရရှာ၏။ သာသာယာယာနှင့် အချိန်ဖြုန်းစရာ ဆို၍ ထူးထူးခြားခြား ဘာတစ်ခုမှ ရှိကြသည် မဟုတ်။ နောက်ဆုံးတွင် သူတို့ အားလုံး မထင်ရှားသော အညတြဘဝဖြင့် မြေကြီးအောက် ရောက်သွားကြရ၏။ ဤအတွေးဝင်လာသောအခါ ကျွန်တော်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူတို့ အတွက် တစ်ခုတော့ လုပ်ပေးမည်ဟု ဆုံးဖြတ်လိုက်ပြီး ရွာထဲမှ လူတိုင်းကို ဖိတ်ကြားကာ အမဲသားပြုတ်ကြော်၊ စပျစ်သီးခြောက်မုန့်နှင့် ဘီယာ စသည် များပါဝင်သော ညစာစားပွဲကြီးတစ် ခု ပြုလုပ်ကျွေးမွေးမည် ဟုလည်း စိတ်ထဲမှ ကျိတ်၍ စီစဉ်ထားလိုက်ပါသည်။

စိမ့်မြေတောများဘက် ရောက်သည့် အခါတိုင်း တစ်ချိန်က မိတ်ဆွေဖြစ်ခဲ့ဖူးသော ထောင်ပြေးကြီးကို ကျွန်တော် သတိရမိသည်။ သင်္ချိုင်းကုန်းအတွင်းရှိ မြေပုံများကြား၌ ထော့ကျိုးထော့ကျိုး နှင့် လျှောက်သွားနေသော သူ့ပုံပန်းကို ကျွန်တော် မမေ့ပါ။ ဤတနင်္ဂနွေ.. ဤနေရာရောက်ပြန်တော့လည်း သံခြေချင်းကြီးတန်းလန်းနှင့် တစ်ကိုယ်လုံး စုတ်ပြတ်ပေရေကာ အအေးဒဏ်ခံနေရရှာသော သူ့ရုပ်လွှာကို ကျွန်တော် ပြန်၍ မြင်ယောင်လာပြန်သည်။ သူနှင့် ပတ်သက်၍ တွေးစရာကား အထူးမရှိပါ။ လွန်လေခဲ့ပြီးသော အချိန်တစ်ချိန်က အမှတ်မထင် ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုဟုသာ ကျွန်တော် ယူဆသည်။ ယခုလောက်ဆိုလျှင် သူ့ကို ဤနေရာ ဤဒေသမှ မိုင်ပေါင်းများစွာဝေးသော အရပ်ဒေသတစ်ခုသို့ ပို့လိုက်ပြီဟုပင် ကျွန်တော် တွက်ထားသည်။ ကျွန်တော့်အဖို့တော့ သူသည် သေလူ ဖြစ်သွားပြီ။ ဒုက္ခတွင်း၌ နစ်ကာ အမှန်တကယ် သေချင်လည်း သေသွားနိုင်စရာ ရှိသည် ဟုပင် ကျွန်တော် ထင်မိသည်။

အမြဲတစေ စိုစွတ်နေသော မြေနိမ့်ပိုင်းများ၊ တာတမံများ နှင့် ရေလွှဲ တံခါးများ၊ စားကျက်မြေများ ပေါ်လှန်ထားသော နွားအုပ်များ ...။ ကျွန်တော် မြင်နေကျ တွေ့နေကျဖြစ်သော ဤအရာအားလုံးသည် တကယ်တော့ အလွန်ငြီးငွေ့ဖွယ်ရာကောင်းသည့် မြင်ကွင်းတစ်ခု ဖြစ်၏။ အခု ကျပြန်တော့လည်း ဤမြင်ကွင်းသည် အလွန်မြတ်နိုးဖွယ်ရာကောင်းသည့် အရိပ်လက္ခဏာများ ထင်ဟပ်နေပြန်သည်။ သူတို့ အနေဖြင့် အကြီးအကျယ် မျှော်လင့်စရာများကို ပိုင်ဆိုင်နေသော ကျွန်တော့်အား မခွဲခွာမီ ဝအောင်ကြည့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဝိုင်း၍ ကြည့်နေကြသည် ဟု ထင်မိသည်။ ယယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အပေါင်းအသင်း ဖြစ်ခဲ့ပြီး ယခုအချိန်မှ စ၍ လန်ဒန်မြို့တော်သို့ သွားရောက်ကာ ဂုဏ်သရေရှိ လူကြီးလူကောင်းဘဝ ရောက်သွားတော့မည့် ကျွန်တော့်အား နှုတ်ဆက်နေကြသည် ဟုလည်း

တွေးနေမိ၏။ ကျွန်တော်သည် ရွှင်လန်းမြူးထူးသော ပီတိဖြင့် အမြောက်ဟောင်းကြီးနေရာ သို့ ရောက်လာခဲ့သည်။ ထို့နောက် အမြောက်ဟောင်းကြီး ဘေးတွင်လဲလျောင်းကာ မစ္စဟေဗီရှမ်အနေဖြင့် ကျွန်တော့်အား အက်စတယ်လာနှင့် ပေးစားဖို့ ရည်မှန်းထားလေသလား ဟူသော မေးခွန်းကို စဉ်းစားစိတ် ကူးရင်း အိပ်ပျော်သွားပါတော့သည်။

ကျွန်တော် အိပ်ပျော်သွားရာမှ နိုးလာသည့် အခါ ကျွန်တော့်ဘေး၌ အေးအေးဆေးဆေး ထိုင်၍ ဆေးတံသောက်နေသော ဂျိုးအား တွေ့ရသဖြင့် များစွာ အံ့အားသင့်နေမိသည်။ သူကတော့ ရွှင်လန်းတက်ကြွသော အပြုံးဖြင့် ကျွန်တော့်အား နှုတ်ဆက်နေသည်။

"ခင်ဗျား အခုလို လိုက်လာတဲ့ အတွက် ကျွန်တော် သိပ်ဝမ်းသာတာပဲ ဂျိုးရာ.."

"ကျေးဇူးပါပဲ ပစ်ပ်ရာ"

"ကျွန်တော် ခင်ဗျားကို ဘယ်တော့မှ မေ့မသွားဘူးဆိုတာ စိတ်ချပါဗျာ" ဟု ကျွန်တော်က သူ့လက်ကို ဆွဲညှစ်ကာ ပြောမိသည်။

"အေးပါကွာ... ငါ ယုံပါတယ်" ဟု ဂျိုးက လေအေးအေးဖြင့် ပြန်ပြောသည်။

"ဒါကိုတော့ ငါ စိတ်ချပါတယ်။ ဒါမျိုးဆိုတာက လူတစ်ယောက်ရဲ့ စိတ်ထဲမှာ စွဲမြဲနေဖို့ အချိန်တော့ လိုတာအမှန်ပဲ ငါ့လူရ။ ဒါပေမဲ့ကွာ.. အခုဖြစ်လာတဲ့ အပြောင်းအလဲကလည်း ဖြုန်းစားကြီး နိုင်လွန်းလှသကွာ။ ငါပြောတာ မဟုတ်ဖူးလား"

ကျွန်တော်က သူပြောသည့် အတိုင်း အပြောင်းအလဲဖြစ်လာပုံ မြန်ဆန်လွန်းသည်မှာ မှန်ကြောင်း၊ သို့သော်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်ချင်စိတ် အမြဲတစေ ကိန်းအောင်းနေသော ကျွန်တော့်အဖို့ ပြဿနာမရှိကြောင်း၊ လူကြီးလူကောင်းတစ်ယောက် ဖြစ် လာသည့် တစ်နေ့တွင် ဘယ်လိုနေထိုင်ပြုမူသွားမည်ကို ကျွန်တော် ကြိုတင် စီစဉ်ထားပြီးဖြစ်၍ ပူစရာမလိုကြောင်း ပြန်၍ ရှင်းပြသည်။

"ဒါပေမဲ့ကွာ... ဖြစ်လာပုံ မြန်ဆန်လွန်းတာကို မင်း အံ့သြမနေဘူးလား" ဟု ဂျိုးက ထပ်ပြောသည်။

"အံ့သြမယ်ဆိုလည်း အံ့သြစရာပေါ့ဗျာ" ဟု ကျွန်တော်က ပြန်ဖြေသည်။ "ကျွန်တော် စိတ်မကောင်းဖြစ်နေတာ တစ်ခုတော့ ရှိတယ် ဂျိုး။ ကျွန်တော်တို့ စာသင်နေကျ ဆက်မသင် နိုင်တော့ဘူး။ ဒါဆိုရင် ခင်ဗျား တိုးတက်မှာ

မဟုတ်တော့ဘူး"

"အေးကွာ.. ငါလည်း မပြောတတ်တော့ပါဘူး" ဟု ဂျိုးက ရေရွတ်သည်။

"ငါဆိုတဲ့ ကောင်ကလည်း စိတ်ပျက်စရာကောင်းလောက်အောင်ကို ဉာဏ်က အလွန်ထိုင်းတာပဲ၊ ငါဉာဏ်ထိုင်းတဲ့ ကိစ္စကတော့ စိတ်မကောင်းဖြစ်စရာ တစ်ခုပဲ၊ ဒါပေမဲ့ ရေ့လျှောက်ပြီး မင်း စိတ်မကောင်းဖြစ်စရာ မရှိတော့ပါဘူးလေ"

ကျွန်တော် ပစ္စည်းဥစ္စာ ချမ်းသာလာသည့် အခါ ဂျိုး၏ အခြေအနေ ကို ယခုထက် မြင့်မားလာအောင် တစ်ခုခု လုပ်ပေးမည်ဟု ကျွန်တော် စိတ်ကူးထားသည်။ ထိုစိတ်ကူးအတိုင်း ကူညီလိုက်သည့် အချိန်တွင် ဂျိုး၏ အသိဉာဏ်အဆင့်အတန်းသည် ကျွန်တော် မြှင့်တင်ပေးလိုက်သည့် အဆင့်နှင့် အံဝင်ခွင်ကျ ဖြစ်စေချင်သည်။ ဂျိုးသည် ကျွန်တော်ဆိုလိုသည့် အဓိပ္ပာယ်ကို လုံးဝ နားမလည်ရှာပါ။ ကျွန်တော်၏ ဆန္ဒနှင့် စေတနာကို သူ နားလည်အောင် ပြောပြနေမည့် အစား ဘစ်ဒီကို ပြောပြခဲ့လျှင် ပို၍ ထိရောက်လိမ့်မည်ဟု ကျွန်တော် တွေးမိသည်။

ထို့ကြောင့် ကျွန်တော်တို့ အိမ်ပြန်ရောက်၍ လက်ဖက်ရည်သောက်ပြီး ကြသောအခါ အိမ်ဝင်းတစ်နေရာရှိ ဥယျာဉ် ကလေးထဲသို့ ဘစ်ဒီကိုခေါ်လာခဲ့သည်။ သူ့စိတ်ကြည်ကြည်သာသာ ဖြစ်လာစေမည့် စကားများကို ပြောသည်။ ကျွန်တော့်အနေဖြင့် သူ့ကို ဘယ်တော့မှ မမေ့ပါဟူသော စကားကိုလည်း ယုံကြည်သွားအောင် ထပ်ပြောသည်။ ထို့နောက် ကျွန်တော့်ကို အကူအညီတစ်ခုပေးဖို့ မေတ္တာရပ်ခံပါသည်။

"ဒီလိုပါ... ဘစ်ဒီ" ဟု ကျွန်တော်က စကားစသည်။ "အခါအခွင့်သင့်တိုင်း ဂျိုးကိုတော့ ကူညီပါဟယ်"

"ဘယ်လိုကူညီရမှာလဲ" ဟု ဘစ်ဒီက အေးဆေးတည်ငြိမ်သော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်၍ မေးသည်။

"ဒီလိုပါ... ဘစ်ဒီ။ ဂျိုးဟာ အင်မတန် သဘောကောင်းပြီး အင်မတန် မှ ခင်စရာကောင်းတဲ့ လူတစ်ယောက်ပါ။ ငါကတော့ လောကမှာ သူ့ လောက် ခင်စရာကောင်းတဲ့ လူမျိုး မရှိဘူးလို့ တောင် ထင်တယ်။ ဒါပေမဲ့ သူဟာ တချို့နေရာတွေမှာ သိပ်ကို ခေတ်နောက်ကျနေတယ်။ ဥပမာ ဆိုပါတော့။ သူ့အသိပညာနဲ့ အပြုအမူတွေဟာ အတော့်ကို လိုနေသေးတယ်"

ကျွန်တော် ဤစကားများကို ပြောနေခိုက်တွင် ဘစ်ဒီ၏ မျက်နှာကို ကြည့်၍ ပြောနေခြင်း ဖြစ်သော်လည်း သူကတော့ ကျွန်တော့်မျက်နှာ ပြန်မကြည့်ပါ။

"ဘာ… သူ့အပြုအမူတွေ ဟုတ်လား။ သူ့အပြုအမူတွေက ဘာဖြစ်လို့လဲ။ လူထဲသူထဲ မဝင်လို့လား" ဘစ်ဒီက သစ်ရွက်တစ်ရွက်ကိုပါးစပ်ဖြင့် ကိုက်နေရာမှ ကျွန်တော့်မျက်နှာကို မကြည့်ဘဲ ပြန်မေးသည်။

"ငါဆိုလိုတာက ဒီလိုပါ ဘစ်ဒီရာ၊ သူ့အပြုအမူတွေဟာ ဒီမှာတော့ လူထဲသူထဲ ဝင်တာပေါ့။ ဒါပေမဲ့…"

"ဘာ… ဘယ်လို၊ ဒီမှာတော့ လူထဲသူထဲ ဝင်တယ်။ ဟုတ်လား"

ဘစ်ဒီက ကျွန်တော့်စကားကို ဆုံးအောင်မစောင့်၊ သူ့လက်ထဲက သစ်ရွက်ကို စူးစိုက်၍ ကြည့်နေရာမှ ကြားဖြတ်မေးသည်။

"သေသေချာချာ နားထောင်စမ်းပါဦးဟာ… ငါ အမွေရမယ့်ပစ္စည်းတွေ အားလုံး ငါ့လက်ထဲ ရောက်လာတဲ့ အချိန်မှာ ငါက ဂျိုးကို ဂုဏ်သရေရှိ အသိုင်းအဝန်းထဲကို ခေါ်မှာဟ။ အဲဒီကျတော့ သူ့အပြုအမူတွေ ဟာ အသိုင်းအဝန်းနဲ့ မဝင်ဆံ့ရင် မခက်ပေဘူးလား"

"လူရာဝင်အောင် နေတတ်လိမ့်မယ်လို့ နင်က မထင်ဘူး ဆိုပါတော့. .. ဟုတ်လား" ဟု ဘစ်ဒီက မေးပြန်သည်။

ဤမေးခွန်းသည် ကျွန်တော့်ကို ဒေါသဖြစ်အောင် တမင်မေးသည့် မေးခွန်း (ဂုဏ်သရေရှိ အသိုင်းအဝန်း၌ ဝင်ဆံ့နိုင်လောက်အောင် အပြုအမူဆို၍ တစ်ခုမှ ကျွန်တော် မတွေ့ဖူးသေးပါ) ဟု ထင်သဖြင့် ကျွန်တော်က ခပ်ဆတ်ဆတ်ပင် ပြန်၍ မေးခွန်းထုတ်မိသည်။ "ဒီမှာ ဘစ်ဒီ။ နင် ဘာကို ဆိုလိုတာလဲ"

ဘစ်ဒီသည် သူ့လက်ထဲမှ သစ်ရွက်ကို တစ်စစီဖြစ်သွားအောင် ပွတ်ခြေလျက် ရှိရာမှ (ထိုအချိန်မှ စ၍ ကျွန်တော်သည် ထိုသစ်ရွက်နံ့ကို ရှူရှိုက်မိသည့် အခါတိုင်း ထိုနေ့ထိုရက်က ထိုဥယျာဉ်ကလေးထဲ၌ ဘစ်ဒီနှင့် အချီအချ ပြောခဲ့သည်များကို ပြန်ပြောင်းသတိရတတ်သည်။)

"သူ့မှာ မာနရှိလိမ့်မယ်လို့ များ နင် မထင်မိဘူးလား" ဟု မေးပြန်သည်။

"မာန… ဘာမာနလဲ"

"အို… ဒါကတော့ဟယ်၊ မာနဆိုတာ အမျိုးမျိုး ရှိကြတာပဲ"

ဘစ်ဒီက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ကာ သူ့ခေါင်းကို ယမ်း၍ ပြောသည်။ "မာနဆိုတာ တစ်မျိုးတည်း ရှိတာမှ မဟုတ်ဘဲ"

"ဒီလိုဆို ဆက်ပြောလေ၊ ဘာပြုလို့ ရပ်နေရတာလဲ"

"ဟုတ်တယ်လေ၊ မာနဆိုတာ တစ်မျိုးတည်းရှိတာမှ မဟုတ်တာ"

ဟု ဘစ်ဒီက သူ့စကားကို ပြန်ကောက်သည်။ "ဂျိုးရဲ့ လက်ရှိဘဝဟာ ပြည့်စုံလုံလောက် နေတာပဲ၊ သူ့အလုပ်နဲ့ သူ့ဂုဏ်သိက္ခာလည်း ရှိနေတာပဲ၊ အဲသလို နေရတဲ့ ဘဝမျိုးကနေပြီး သူ့ကို တခြား လူတစ်ယောက်က ကြည့်ရှုစောင့်ရှောက်မယ်ဆိုရင် လက်ခံမတဲ့လား။ ဒီမာနမျိုးကတော့ ရှိချင်ရှိမှာပေါ့။ ငါ နင့်ကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီမာနမျိုးကတော့ ဂျိုးမှာ ရှိတယ်။ ဒီစကားကို ငါတောင် ရဲရဲဝံ့ဝံ့ ပြောနိုင်သေးတာ နင်က ပိုပြောနိုင်ရမှာပေါ့။ သူ့အကြောင်းကို နင်က ငါ့ထက် ပိုပြီးသိတာပဲ"

"ဒီမှာ ဘစ်ဒီ၊ နင့်မှာ ဒီအမြင်မျိုးရှိတာ ငါ သိပ်ဝမ်းနည်းပါတယ်ဟာ၊ ဒီလို အမြင်မျိုး နင့်မှာ ရှိလိမ့်မယ်လို့ မျှား ငါ လုံးဝ မထင်ခဲ့ဘူး၊ နင် ငါ့အပေါ်မှာ မနာလို ဖြစ်နေတာကိုး၊ နင့်အနေနဲ့ ငါ့အပေါ်မှာ စေတနာလည်း မရှိပါဘူး။ ငါ တိုးတက်လာတာကို နင်က ကြိုက်မှ မကြိုက်တာ၊ ဝမ်းထဲမှာ ကြာကြာမျိုသိပ်ထားလို့ မရတော့ ဖုံးမထားနိုင်ဘူးပေါ့"

"နင့်မှာ အဲသလို တွေးနိုင်တဲ့ နှလုံးသားရှိတယ်ဆိုရင် တွေးပေါ့ဟာ၊ ရပါတယ်၊ ပြောချင်သလိုလည်း ပြောပါ၊ ထပ်ခါ ထပ်ခါပြော၊ ကြိုက်သလောက် ပြော၊ အားရအောင် ပြော"

"နင့်မှာ အဲသလိုမနာလိုဝန်တိုတတ်တဲ့ စိတ်မျိုး မွေးနိုင်တဲ့ နှလုံးသား ရှိရင်တော့ ငါ့ကို လှစ်မပြပါနဲ့ ဘစ်ဒီရယ်" ဟု ကျွန်တော်က အလွန် အဆင့်အတန်းမြင့်သည့် လူကြီးတစ်ယောက်၏ လေသံမျိုးဖြင့် အပေါ်စီး ယူ၍ ပြောလိုက်သည်။

"အဲဒါမျိုး ငါမြင်ရတော့ စိတ်မကောင်း ဖြစ်ရတာပေါ့ဟာ၊ ဒီစိတ်ထားမျိုးက လူ့သဘာဝရဲ့ ဆိုးယုတ်တဲ့ အစိတ်အပိုင်းတစ်ခုဟ၊ သိရဲ့လား၊ ငါကတော့ ငါ ဒီရွာက ထွက်သွားပြီးတဲ့ နောက်ပိုင်းမှာ ဂျိုးကို လိုအပ်သလို ကူညီစောင့်ရှောက်သွားစေချင်တဲ့ စေတနာကောင်းနဲ့ ပြောမိတာပါ။ ဂျိုးရဲ့ ဘဝကို တိုးတက်သွားစေချင်တဲ့ ဆန္ဒပါ။ ဒါပေမဲ့ နင်က ဒီစကားမျိုးတွေ ပြောလာတော့ ငါ နင့်ဆီက ဘာတစ်ခုမှ အကူအညီ မတောင်းတော့ပါဘူး၊ ဒီစိတ်မျိုး နင့်မှာ ရှိနေတာ သိလိုက်ရလို့ ငါအကြီးအကျယ် စိတ်မကောင်း ဖြစ်မိတာတစ်ခုပါပဲ ဘစ်ဒီရာ" ထို့နောက် ကျွန်တော်က စောစောက သုံးထားသည့် စကားကို ထပ်၍ ပြောလိုက်သည်။ "ဒီစိတ်ထားမျိုးက လူ့သဘာဝရဲ့ ဆိုးတဲ့ အစိတ်အပိုင်းတစ်ပိုင်းဟ"

"နင် ငါပြောတဲ့ စကားကို လက်ခံချင်လည်း လက်ခံ၊ လက်မခံချင်လည်း နေ၊ ကိစ္စမရှိပါဘူး" ဟု သနားစရာကောင်းလှသော ဘစ်ဒီက ပြောသည်။ "ဒါပေမဲ့... နင့်ကိစ္စ နင့်ပြဿနာ ဆိုရင် ဘယ်အချိန် ဘယ်ကာလမှာ မဆို အကူအညီတောင်း၊ ငါ

တတ်အားသရွေ့ အစွမ်းကုန် ကူညီဖို့ အသင့်ရှိတယ်ဆိုတာ ယုံ၊ နင် ငါ့အပေါ်မှာ အထင်လွဲချင်လည်း လွဲပါ၊ ရပါတယ်။ ငါကတော့ နင်အထင်လွဲလို့ နင့်ကို မေ့သွားလိမ့်မယ် မထင်နဲ့၊ ဘယ်တော့မှ မမေ့ဘူး" ဘစ်ဒီသည် မျက်နှာကို တစ်ဖက်သို့ လွှဲကာ သူပြောစရာ ရှိသမျှကို ရင်ဖွင့်သည်။

ကျွန်တော်ကတော့ သူထားနေသည့် စိတ်မျိုးသည် လူ့သဘာဝ၏ ဆိုးယုတ်သော အပိုင်းတစ်ပိုင်း ဖြစ်သည် ဟူသော စကားကို နောက်တစ်ကြိမ် ပြောမိအောင် ပြောလိုက်သေးသည်။ ထို့နောက် ကျွန်တော်သည် ဘစ်ဒီကို ထားခဲ့ကာ ဥယျာဉ်တံခါးပေါက်မှ အပြင်သို့ ထွက်လာခဲ့သည်။ စိတ်ရှုပ်ထွေးစွာဖြင့် ခြေဦးတည့်ရာသို့ လျှောက်သွားနေခဲ့ရာ ညစာစားချိန်ကျမှပင် အိမ်သို့ ပြန်ရောက်သည်။ ကြေကွဲဝမ်းနည်းခြင်းကို ခံစားရပြန်လေပြီ။ အကြီးအကျယ် မျှော်လင့်စရာများ ရှိသည်ဟု သိလိုက်ရသည့် ပထမညကလိုပင်။ ယခု ဒုတိယညတွင်လည်း ကျွန်တော့်စိတ်သည် သာယာပျော်ရွှင်မှု ကင်းမဲ့လျက် ရှိနေရုံမျှမက အထီးကျန်နိုင်လျက် ရှိနေပြန်၏။ သို့သော်လည်း နောက်တစ်နေ့နံနက်လင်းသည့် အခါ ကျွန်တော့်အမြင်သည် ကြည်လင်လျက် ရှိပြန်သည်။ ဘစ်ဒီကိုလည်း ထောက်ထားညှာတာသည့် အနေဖြင့် ခွင့်လွှတ်လိုက်သည်။ ဂျိုးအား ကူ ညီစောင့်ရှောက်ဖို့ ဟူသော ကိစ္စကိုလည်း နောက်ထပ် သူနှင့် ထပ်၍ မဆွေးနွေးတော့ပါ။ ထိုနေ့နံနက်တွင် ကျွန်တော်သည် ရှိသမျှ လက်ထဲမှ အကောင်းဆုံး အဝတ်အစားများကို ဝတ်ကာ ဆိုင်များ ဖွင့်လျှင်ဖွင့်ချင်း ရောက်သွားနိုင်ရန် စောနိုင်သမျှစော၍ မြို့ထဲသို့ ထွက်လာခဲ့သည်။ မြို့ ထဲရောက်သည် နှင့် တစ်ပြိုင်နက် မစ္စတာထရက်ဘ်၏ စက်ချုပ်ဆိုင်သို့ သွားသည်။ ကျွန်တော် ရောက်သွားချိန်တွင် မစ္စတာထရက်ဘ်သည် ဆိုင်ရှေ့အထိလာ၍ တွေ့ဆုံရလောက်အောင် တန်ဖိုးရှိသူတစ်ဦးဟု ထင်ပုံ မရပေ။ နောက်ခန်းထဲမှ နေ၍ သူ့ဆီသို့လာခဲ့ပါဟု လှမ်းခေါ်သည်။

"ဘာလဲဟေ့" ဟု မစ္စတာထရက်ဘ်က ဆီး၍ မေးသည်။ မမေးမဖြစ်၍ ဝတ်ကျေတန်းကျေ မေးသည့် ပုံစံမျိုး ဖြစ်၏။

"နေလို့ ကောင်းရဲ့လား၊ ကဲ... ဆိုစမ်း၊ ငါ ဘာလုပ်ပေးရမလဲ"

မစ္စတာ ထရက်ဘ်သည် ပေါင်မုန့်သုံးချပ်ကို တစ်ချပ်ပြီး တစ်ချပ် လှီးကာ ထောပတ်သုတ်ပြီး နှစ်ခုတွဲ၍ ထပ်နေသည်။ သူသည် လူပျိုလူလွတ် လူချမ်းသာတစ်ဦး ဖြစ်၏။ သူ့အခန်း ပြတင်းပေါက်မှ နေ၍ ကြည့်လိုက်လျှင် တခမ်းတနား စိုက်ပျိုးပြုပြင်ထားသော ဥယျာဉ်ကလေးနှင့် ဟင်းသီးဟင်းခင်း များကို မြင်နေရသည်။ သူ့မီးဖိုဘေးမှ နံရံကို ကပ်ထားသည့် မီးခံသေတ္တာထဲတွင် သူ့ချမ်းသာသမျှငွေများကို အိတ်များတွင် ထည့်ကာ သိမ်းဆည်းထားမည်မှာ သံသယဖြစ်စရာ မရှိချေ။

"မစ္စတာထရက်ဘ်... ခင်ဗျာ" ဟု ကျွန်တော်က ပြောသည်။ "ပြောလို့မှ ကောင်းပါ့ မလားတော့ မသိဘူး။ ဘာကြောင့်လဲဆိုတော့ ပြောလိုက်ရင် ကြွားသလို ဖြစ်နေမှာ စိုးလို့ပါ။ ဒါပေမဲ့ မပြောလို့ ကလည်း မဖြစ်ဘူး၊ ကျွန်တော် အမွေပစ္စည်း အတော်များများ ရလိုက်ပါတယ်"

မစ္စတာထရက်ဘ်၏ မျက်နှာထားသည် ဖျတ်ခနဲ ပြောင်းသွားသည်။ သူသည် သုတ်လက်စ ထောပတ်ကို မေ့သွားပုံ ရ၏။ ထိုင်နေရာမှ ဆတ်ခနဲ ထကာ သူ့လက်များကို စားပွဲခင်းဖြင့် ဆွဲသုတ်နေသည်။ နှုတ်မှလည်း "ဘုရားသခင် ကယ်တော်မူပါ" ဟု ရေရွတ်လိုက်သည်။

"ကျွန်တော် လန်ဒန်မြို့က အုပ်ထိန်းသူဆီ သွားပါလိမ့်မယ်" ဟု ကျွန်တော်က ပြောကာ အိတ်ကပ်ထဲမှ ရွှေဒင်္ဂါးပြား တစ်ဆုပ်နှိုက်ယူပြီး လက်ထဲတွင် ဖြန့်၍ ကြည့်သည်။ "အဲဒါ ဖက်ရှင်ကျကျ ဝတ်စုံတစ်စုံ ချုပ်ချင်လို့ လာတာပါ။ ကျသလောက် ကျွန်တော်ပေးပါ့မယ်" တမင်ဟန်ဆောင်သည် ဟု ထင်သွားမည် စိုးသဖြင့် ကျွန်တော်က "ချက်ချင်းလက်ငင်း ပေးမှာပါ" ဟု ထပ်ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ.. မောင်ရင်ရယ်... ဟုတ်ကဲ့ပါ" ဟု ရေရွတ်ကာ မစ္စတာ ထရက်ဘ်သည် ကိုယ်ကို ကိုင်းညွတ်ပြီး ရှေ့သို့ ထွက်လာသည်။ လက်နှစ်ဖက်ကို စုံမြှောက်ကာ ကျွန်တော့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ "ဝမ်းသာစကားလေးများ ပြောခွင့်ပြုနိုင်ပါ့မလားကွယ်။ တစ်ဆိတ် ဆိုင်ထဲဝင်ပြီး ကျုပ်ကို ချီးမြှင့်နိုင်ပါ့မလား"

မစ္စတာထရက်ဘ်တွင် လက်တိုလက်တောင်း ခိုင်းရန် ငှားထားသည့် တပည့်တစ်ယောက်ရှိ၍ သူ့တပည့်ကောင်လေးမှာ ကျွန်တော်တို့ တောပိုင်းတွင် ခပ်ဆိုးဆိုး ခပ်တေတေ တစ်ယောက်အဖြစ် နာမည်ကြီးသူ ဖြစ်သည်။ ကျွန်တော်ဆိုင်ထဲဝင်လာစဉ်က ထိုကောင်ကလေးသည် အမှိုက် လှည်းလျက်ရှိရာ ကျွန်တော့်ကို မြင်သောအခါ အမှိုက်များကို ကျွန်တော့်ဘက်သို့ တမင်တကာ လှည်းထုတ်ခဲ့သည်။ ယခု မစ္စတာထရက်ဘ်နှင့် အတူ နောက်ခန်းထဲမှ ထွက်လာသည့် အခါတွင်လည်း ကောင်ကလေးသည် အမှိုက်များကို ကျွန်တော့်ဘက်သို့ လွင့်စဉ်အောင် ဆောင့် ကြီးအောင့်ကြီးလုပ်၍ လှည်းထုတ်လျက် ရှိ၏။

"ဟေ့ကောင် ဖြည်းဖြည်းလုပ်စမ်း" ဟု မစ္စတာထရက်ဘ်က အလွန် တင်းမာခက်ထန်သော မျက်နှာထားကြီးဖြင့် ကောင်ကလေးအား လှမ်းပြောသည်။ "ဖြည်းဖြည်းလှည်းလို့ ပြောနေတာ မကြားဘူးလားဟ၊ ငါ နားရင်းအုပ်လိုက်လို့ ဇက်ပြုတ်သွားမယ်။ ကဲ... ကဲ... ဒီနေရာမှာ တစ်ဆိတ်ကလေး ထိုင်လိုက်ပါဦးကွယ်၊ ဟော့ဒါလေးကို ပြပါရစေ၊ ကြည့် လိုက်ပါဦး" မစ္စတာထရက်ဘ်သည်

အထည်လိပ်ကြီး တစ်လိပ်ကို ဆွဲထုတ်ကာ ကောင်တာပေါ်သို့ တင်၍ ဖြန့်ပြသည်။ "ဒီအစဟာ အသားအနား အင်မတန်မှ ကောင်းပါတယ် မောင်ရယ်၊ မောင်သုံးဖို့ရင် ကျုပ်က ဒီအစကိုသုံးဖို့ ထောက်ခံနိုင်ပါတယ်။ အခြားကြောင့်တော့ မဟုတ်ပေဘူး မောင်ရဲ့။ ဒီအစက ဆူပါ့.. ဆူပါ ဖြစ်နေလို့ပါ။ ဒါပေမဲ့လေ။ မောင့် အနေနဲ့ အခြားအစတွေ ကြည့်ချင်ဦးမှာပေါ့၊ ဟုတ်ဖူးလား၊ ဟော့ကောင် နံပါတ်လေးအထည်တစ်လိပ် ငါ့ကို ယူပေးစမ်း" ကောင်ကလေးအား ကြည့်လိုက်သည့် အကြည့်မှာ ကြောက်စရာကောင်းလောက်အောင်ပင် တင်းမာလှသည် ကို တွေ့ရ၏။

မစ္စတာထရက်ဘ်၏ ခက်ထန်လွန်းလှသော မျက်လုံးများသည် ကောင်ကလေးနောက်မှ ထက်ကြပ်မကွာ လိုက်လျက်ရှိရာ နံပါတ်လေး အထည်လိပ်ကြီးကို ကောင်တာပေါ်ချပေးပြီး ကျွန်တော်တို့ နှင့် ခပ်လှမ်း လှမ်းတစ်နေရာသို့ သွား၍ ရပ်နေသည့် အချိန်ကျမှပင် လွှဲဖယ်သွားသည်။ နောက် မစ္စတာထရက်ဘ်သည် ကောင်ကလေးအား အထည်လိပ် နံပါတ်ငါးကို ယူခိုင်းပြီး နောက်တစ်ခါ နံပါတ်ရှစ်ကို ယူခိုင်းပြန်သည်။ "ဒီမှာလာပြီး လူလည်လုပ်ဖို့ များတော့ မကြံလေနဲ့" ဟု မစ္စတာထရက်ဘ်က အခြောက်တိုက် ကြိမ်းလိုက်သေးသည်။ "တစ်ခါတည်း မှတ်လောက်သားလောက် ဖြစ်သွားအောင် လုပ်လိုက်လို့ ဟုတ်ပေ့ဖြစ်သွားမယ်။ ကောင်ယုတ်ကလေး"

ထို့နောက် မစ္စတာထရက်ဘ်သည် အထည်လိပ်နံပါတ်လေးကို အသေအချာပြသည်။ နွေရာသီတွင် ဝတ်၍ အသင့်တော်ဆုံး အစဖြစ်ကြောင်း၊ အသားကလည်း နူးညံ့ပျော့ပျောင်းကြောင်း၊ ဤအစကိုချုပ်ပြီး ဝတ်လိုက်လျှင် ထူးခြားထင်ရှားလာနိုင်သဖြင့် သူ့ကိုပင် ဂုဏ်ပြုရာ ရောက်လိမ့်မည် ဖြစ်ကြောင်း စသည်ဖြင့် ပြောပြလျက် ရှိ၏။ ဤကြားထဲမှာပင် ကောင်ကလေးဘက်သို့ လှည့်၍ "ဟဲ့အကောင်၊ သူတောင်းစား၊ အထည်လိပ် နံပါတ်ငါးနဲ့ ရှစ်ကို ယူလာပြီလား၊ ဘာအူကြောင်ကြောင် လုပ်နေရတာလဲ၊ မင့်ကို ဆိုင်ထဲက ကန်ထုတ်ပြီး ငါ့ဘာသာငါ သွားယူရမလား" ဟု ကြိမ်းမောင်းလိုက်ပါသေးသည်။

ကျွန်တော်သည် ဝတ်စုံတစ်စုံချုပ်ရန် စိတ်ကြိုက်အစကို မစ္စတာထရက်ဘ်၏ အကူအညီဖြင့် စိတ်တိုင်းကျ ရွေးချယ်ပြီး အတိုင်းယူရန် ဧည့်ခန်းထဲသို့ ဝင်ရပြန်သည်။ အမှန်အားဖြင့် မစ္စတာထရက်ဘ်သည် ကျွန်တော်၏ ကိုယ်တိုင်းကို တစ်ကြိမ်က တိုင်းခဲ့ဖူး၍ သူ့ထံတွင် ရှိနေပြီးဖြစ် မည်ဟု ဆိုကာ နောက်ထပ် အသစ်ထပ်မံတိုင်းပါရစေဟု တောင်းပန်နေ သဖြင့် သဘောတူလိုက်ရခြင်း ဖြစ်သည်။ ဤသို့ဖြင့် မစ္စတာထရက်ဘ်သည် ကျွန်တော့်အား မြေကွက်တစ်ကွက်အဖြစ် သဘောထားပြီး သူ့ကိုယ်သူ မြေတိုင်းစာရေးတစ်ဦးအဖြစ် သဘောထားကာ ကျွန်တော့်တစ်ကိုယ်လုံး ကို ပိုက်စိပ်တိုက်၍

တိုင်းတွာပါတော့သည်။ ကျွန်တော်ကတော့ သူလုပ်ကိုင်နေပုံများကို ကြည့်ကာ သူ့ဒုက္ခ သူရှာနေသူတစ်ဦးဟု မြင်နေ မိသည်။ ဝတ်စုံတစ်စုံအတွက် ရသော အခကြေးငွေသည် သူပင်ပန်းသလောက်မှ အကျိုးရှိပါလေစဟု တွေးမိပါသည်။ နောက်ဆုံး တိုင်းထွာသည့် ကိစ္စ ပြီးပြတ်သွားသည့် အခါ ကျွန်တော်က ချုပ်ပြီးသား ဝတ်စုံကို မစ္စတာပန်ဘဲလ်ချူ၏ နေအိမ်သို့ ကြာသပတေးနေ့ ညနေခင်းအရောက်ပို့ ရန် မှာသည်။ သူသည် ဧည့်ခန်းတံခါးပေါက်ကို လက်တစ်ဖက်ဖြင့် ကိုင်ထားရင်းက "ကောင်းပါပြီ မောင်ရယ်၊ ဆက်ဆက်ပို့ပေးပါ့မယ်။ လန်ဒန်မြို့ပေါ်က လူကြီးလူကောင်းတွေကတော့ ကျုပ်တို့ တောမြို့ကလေးက လက်ရာကို ဘယ် လာပြီး အသိအမှတ်ပြုမလဲ၊ ထုံးစံမှ မရှိတာ၊ ဒါပေမဲ့ ဒီဝတ်စုံကို ဒီမြို့ကလေးပေါ်မှာ မကြာခဏ ဝတ်ပြီး လာလည်မယ် ဆိုရင်တော့ ... ကျုပ်အဖို့ ဂုဏ်သိက္ခာ သိပ်တက်မှာပေါ့၊ မင်္ဂလာနံနက်ခင်းပါ မောင်ရယ်၊ ကျေးဇူးကြီးလှပါတယ် ဟေ့ကောင်... တံခါး"

နောက်ဆုံးစကားလုံးသည် ကောင်ကလေးဆီသို့ လှည့်၍ ပြောလိုက်ခြင်း ဖြစ်သော်လည်း ကောင်ကလေးကတော့ လုံးဝ နားလည် ဟန်မတူပါ။ သို့သော်လည်း သူလဲကျသွားသည် ကိုမူ ကျွန်တော် တံခါးမှ အထွက်တွင် တွေ့မြင်လိုက်ရ၏။ ကျွန်တော့်အဖို့ အံ့ဖွယ်သရဲဖြစ်လောက်အောင် ကြီးမားသည့် ငွေ၏ တန်ခိုးကို ပထမဆုံးအကြိမ် မြင်တွေ့ရခြင်းပေတည်း။

မမေ့နိုင်လောက်သည့် ဤဖြစ်ရပ်နှင့် ကြုံရပြီးသည့် နောက်တွင် ကျွန်တော်သည် ဦးထုပ်ဆိုင်၊ ဖိနပ်ဆိုင်၊ ခြေအိတ်နှင့် အတွင်းခံထည်များ ရောင်းချရာ ဆိုင်များသို့သွား၍ လိုအပ်သည့် ပစ္စည်းများ ဝယ်သည်။ ကျွန်တော့်အဖြစ်မှာ ဆာရာမာတင်ရေးသည့် ကလေးကဗျာထဲမှ အမေ ဟတ်ဘတ်တစ်ယောက် သူ့ခွေးအတွက် ပစ္စည်းဝယ်ထွက်သလို ဖြစ်နေသည်။ အမေဟတ်ဘတ်သည် သူ့ခွေးနှင့်တော်သည့် ပစ္စည်းများ ရဖို့ နေရာအမြောက်အမြားကို သွားခဲ့ရသည်။ ထို့အတူပင် ကျွန်တော်လည်း မိမိနှင့်တော်သည့် ပစ္စည်းများ မရမချင်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် တလည်လည် ဖြစ်နေရသည်။ ဝယ်ခြမ်းပြီးသောအခါ ကျွန်တော်သည် အဝေးပြေးမြင်းရထားရုံးသို့ သွား၍ စနေနေ့နံနက် ခုနစ်နာရီ လန်ဒန်သို့ ထွက်မည့် မြင်းရထား လက်မှတ်တစ်စောင် ဝယ်လိုက်သည်။ ကျွန်တော် အမွေပစ္စည်း အမြောက်အမြား ရထားသည် ဟူသော စကားကို နေရာတိုင်းတွင် ပြောပြနေဖို့ လိုအပ်သည် မဟုတ်။ သို့သော်လည်း ပြောဖို့ လိုအပ်၍ ပြောလိုက်သည့် အခါ ဟိုက်လမ်းမဘက် မျက်နှာပြုနေသည့် ပြတင်းပေါက်ပေါ်သာ စူးစိုက်လျက်ရှိသော လက်မှတ်ရောင်းသမား၏ အာရုံသည် ချက်ချင်းပင် ကျွန်တော့်အပေါ်၌ စူးစိုက်လာသည် ကို တွေ့ရ၏။ ကျွန်တော် လိုအပ်သမျှ လုပ်ကိုင် ပြီးသောအခါ ကျွန်တော်သည် ခြေထောက်များကို ပန်ဘဲလ်ချူအိမ်ဘက်သို့ ဦးလှည့်ပေးလိုက်သည်။ သူ့အိမ်အနီးသို့ ရောက်သွားသည့် အခါ အိမ်ရှေ့တံခါးဝမှ

ရပ်၍ တမျှော်မျှော်ဖြစ်နေသော ပန်ဘဲလ်ချူကို လှမ်းမြင်နေရလေသည်။

သူသည် ကျွန်တော့်အား စောင့်မျှော်နေရသည့် အတွက် အကြီးအကျယ် စိတ်မရှည်နိုင်အောင် ဖြစ်လျက် ရှိသည်။ ယနေ့နံနက် စောစောစီးစီး သူကိုယ်ပိုင် မြင်းရထားဖြင့် ကျွန်တော်တို့ ပန်းပဲဖိုသို့ ရောက်ခဲ့သဖြင့် သတင်းစုံကို ကြားခဲ့ပြီးပြီဖြစ်၍ ကျွန်တော့်ကို ဧည့်ခံရန်အတွက် ဘရန်းဝဲ လ်ဧည့်ခန်းဆောင်ထဲ၌ အစားအသောက်များကိုပင် ပြင်ဆင်ထားပြီးပြီ ဖြစ်သည်။ ကျွန်တော် ရောက်လာလျှင် ဆိုင်ဝမှ ထွက်၍ ကြိုရန်လည်း သူ့တပည့်အား အမိန့်ပေးထားသည်။

ကျွန်တော် ဧည့်ခန်းထဲရောက်၍ နှစ်ယောက်တည်း ရှိကြသည် နှင့် တစ်ပြိုင်နက် မစ္စတာပန်ဘဲလ်ချူသည် ကျွန်တော့်ကို သူ့လက်နှစ်ဖက်ဖြင့် အားရပါးရ ညှစ်ဆုပ်ကိုင်ပြီး နှုတ်ဆက်သည်။ "ကျုပ်မိတ်ဆွေကလေး အခုလို ကံကောင်းလာတာ တွေ့ရလို့ ကျုပ်က ဝမ်းသာပါတယ်ဗျာ၊ ရသင့်ရထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်လာတာပါပဲ။ ထိုက်တန်ပါတယ် ဗျာ၊ ထိုက်တန်ပါပေတယ်" ဟုလည်း ပြောသည်။

သူသည် အလွန်အံ့သြချီးမွမ်းသည့် မျက်နှာထားဖြင့် ကျွန်တော့်တစ် ကိုယ်လုံးကို အတန်ကြာမျှ သိမ်းကျုံး၍ ကြည့်လျက် ရှိသည်။ ထို့နောက် "အေးကွယ်.. အခုလို အခြေအနေမျိုး ရောက်လာတဲ့ အတွက် ကျုပ်ဖြင့် ဝမ်းသာလို့ မဆုံးဘူး။ အခုလိုဖြစ်လာအောင် ရှေ့ဆောင်လမ်းပြ လုပ် ပေးနိုင်ခဲ့တဲ့ အတွက်လည်း ကျုပ်ကိုယ်ကျုပ် ဂုဏ်ယူလို့ မဆုံးတော့ပါဘူး" ဟု ရေရွတ်သည်။

သူပြောလိုသည့် စကားသို့ ဆိုက်ရောက် လာပြီ ဖြစ်၏။ သူ့အနေဖြင့် ဤစကားမျိုး ပြောသည်မှာ သဘာဝကျသည် ဟုပင် ကျွန်တော်ကတွေးသည်။ သို့သော်လည်း ကျွန်တော် မည်သို့မည်ပုံ ပစ္စည်းများ ရသည် ကို ထုတ်ဖော်၍ မပြောမိစေရန် သူ့ကို ကျွန်တော်က သတိပေးရသည်။

"ကျုပ်မိတ်ဆွေကလေးရယ်၊ ခွင့်ပြုနိုင်မယ်ဆိုရင် တစ်ဆိတ်ကလေး ကျေးဇူးပြုပြီး..."

ကျွန်တော်က သူ့စကားမဆုံးမီ "ရပါတယ်" ဟု ပြောမိလိုက်ရာ သူသည် ကျွန်တော့်ကို လက်နှစ်ဖက်ဖြင့် နောက်တစ်ကြိမ် ဖျစ်ညှစ်ဆုပ်ကိုင် ထားပြန်သည်။ "ကျုပ်မိတ်ဆွေကလေးရယ်.. မင့်မှာကွယ် ကျုပ် ဘယ်လို သဘောထားတယ်ဆိုတာ နားလည်စေချင်ပါတယ်ကွယ်။ ကျုပ်ကို ယုံကြည်စိတ်ချစမ်းပါ၊ ဂျိုးဖက်နဲ့ ဆုံမိတိုင်း ကျုပ် မင့်အတွက် ဘာတွေများ ပြောခဲ့တယ် ထင်သလဲ။ အဲဒါတွေကို ကျုပ်က သက်သေထူပါတယ်။ ဒါပေမဲ့.." သူသည် အလွန်စိတ်မကောင်းဖြစ်ဟန်ဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြီး "အင်း… ဂျိုးဇက်… ဂျိုးဇက်… သူ ကတော့

ခက်တယ်ကွယ်။ သိလား" ဟု ရေရွတ်သည်။ ဂျိုး၏ ချွတ်ယွင်းချက်ကို ဖော်ပြလိုသည့် သဘော ဖြစ်လေသည်။

"ကဲပါကွယ်.. ဒါတွေကို ထားလိုက်ပါတော့" ဟု မစ္စတာပန်ဘဲလ်က သူ့စကားကို ဆက်ပြန်သည်။ "အခုဆိုရင် မောင်ရင် ဆာလှရောပေါ့။ ကြည့်ရတာပင်ပန်းလာပုံလည်း ရတယ်။ ထိုင်ပါဦးကွယ်၊ ထိုင်စမ်းပါဦး၊ ဟောဒီမှာ တွေ့လား၊ ကြက်ကောင်လုံးကြော်၊ တိုးအား စားသောက်ဆိုင် က ကျုပ် အော်ဒါလုပ်ထားတာ၊ ဟောဒီဘက်ကတော့ ဝက်လျှာကင်ကွဲ့၊ တိုးအားဆိုင်ကပဲ၊ ဟောဒီဘက်က စားသောက်စရာလေးတွေကလည်း အဲဒီဆိုင်ကပဲ၊ မောင်ရင် စားသောက် ကောင်းလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပါတယ်" မစ္စတာ ပန်ဘဲလ်ချူသည် ကုလားထိုင်တွင် အကျအန ထိုင်၍စကားကို အမျှင်မပြတ် ပြောနေရာမှ မတ်တတ်ရပ်လိုက်ပြန်သည်။ "သြော်... ကလေးဘဝကတည်းက စလိုက်ပြောင်လိုက် လုပ်လာခဲ့တဲ့ ကလေးဟာ အခုဆို ကြည့်ပါဦး... ကျုပ်အနေနဲ့ ကျုပ်... ကျုပ်ကို၊ တစ်ဆိတ် ကလေး ကျေးဇူးပြုပြီး..."

သူ၏ "တစ်ဆိတ်ကလေး ကျေးဇူးပြုပြီး" ဟူသော စကားသည် ကျွန်တော်၏ လက်များကို ဆွဲကိုင်လို၍ ပြောခြင်း ဖြစ်လေသလား၊ ဤအတွေးဖြင့် ကျွန်တော်က လက်များကို ကမ်းပေးမိရာ မစ္စတာပန်ဘဲလ်ချူ က ကျွန်တော့်လက်များကို သူ့လက်နှစ်ဖက်ဖြင့် စိတ်ပါလက်ပါ ဆွဲခါပြီး သူ့နေရာတွင် ပြန်ထိုင်သည်။

"ဟောဒါက ဝိုင်ကွဲ့။ သောက်လိုက်ပါဦး မောင်ရယ်" ဟု မစ္စတာပန်ဘဲလ်ချူက ပြောပြန်သည်။ "ကဲ... ကျုပ်တို့ နှစ်ယောက် ဝိုင်သောက်လိုက်ကြဦးစို့လား၊ ကံကြမ္မာကို ကျေးဇူးတင်ပါတယ်။ မှန်ကန်ညီမျှတဲ့ အဆုံးအဖြတ်နဲ့ မျက်နှာသာပေးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါရဲ့" မစ္စတာ ပန်ဘဲလ်ချူသည် ထိုင်နေရာမှ ထရပ်ပြန်သည်။ "ကျုပ်ရှေ့မှာ မြင်နေရတဲ့ ကံထူးသူတစ်ဦးအတွက်ပေါ့၊ ဟုတ်လား၊ ကဲ... မောင်ရယ်၊ တစ် ဆိတ်ကလေး ကျေးဇူးပြုပြီး..."

ကျွန်တော်က "ရပါတယ်" ဟု ပြောသောအခါ သူသည် ကျွန်တော့်လက်များကို ဆွဲ၍ ခါပြန်သည်။ ထို့နောက် ဖန်ခွက်ဖင်အပေါ်သို့ ထောင်သွားသည် အထိ ဝိုင်အရက်ကို မော့လိုက်သည်။ ကျွန်တော်ကလည်း သူ့အတုကို ယူ၍ သူ မော့သလိုပင် မော့လိုက်သည်။ တကယ်တော့ သူလုပ်သလို လိုက်လုပ်ခြင်းသည် ကျွန်တော့်အမှား ဖြစ်၏။ အကယ်၍သာ ကျွန်တော်သည် ဝိုင်ကို မသောက်မီက ကိုယ့်ကိုယ်ကိုယ် ဇောက်ထိုးဖြစ်သွားအောင် ကင်းမြီးကောက် ထောင်ထားခဲ့မိပါမူ ဝိုင်အရက်သည် ကျွန်တော့်ခေါင်းထဲသို့ တိုက်ရိုက်ကြီး ရောက်သွားနိုင်စရာ မရှိပါ။

မစ္စတာပန်ဘဲလ်ချူသည် ကြက်ကြော်၏ အသည်းသွတ်ထားသော ညာဘက်တောင်ပံပိုင်းနှင့် ဝက်လျှာ၏ အကောင်းဆုံးအပိုင်းများကို ကျွန်တော့်အား ကျွေး၍ သူကိုယ်တိုင်မူကား ဟုတ်တိပတ်တိ မစားချေ။ နောက်တစ်ခဏမျှအကြာတွင် မစ္စတာပန်ဘဲလ်ချူသည် ထိုင်ရာမှ ထပြန်သည်။ "တစ်ဆိတ်လောက် ကျေးဇူးပြုပါဦး မောင်ရယ်" ဟု ဆိုပြန်သည်။

ဤ]တစ်ကြိမ်တွင် မူ သူသည် ကျွန်တော့်ထံမှ အဖြေကို မစောင့်တော့ဘဲ ကျွန်တော့်လက်များကို ထဆွဲသည်။ ဤကဲ့သို့ပင် စားရင်းသောက်ရင်းက မကြာခဏထပြီး လက်ကို ဆွဲလေ့ရှိရာ တစ်ခါတစ်ရံတွင် ကျွန်တော့်လက်ထဲ၌သားလှီးဓား ကိုင်လျက် ဖြစ်နေတတ်၏။ ထိုအခါမျိုးတွင် သူ့လက်ကို ဓားထိ... မထိ ကျွန်တော် မသိပါ။

သူသည် အတန်ကြာမျှ ငြိမ်ငြိမ်ရရ စားသောက်ပြီးခါမှ စကားဆက်ပြောပြန်သည်။ "မောင့်အစ်မ တစ်ယောက်တော့ ဘယ်လိုများ နေရှာမလဲ၊ သူ့ခမျာ မောင့်ကို လက်နဲ့ မကွာ ထိန်းသိမ်း စောင့်ရှောက်လာရတာ၊ သနားစရာ အဖြစ်ပါလားကွယ်။ မောင်လေးအတွက် ဂုဏ်ယူသင့်တဲ့ အချိန်မှာ ဂုဏ်ယူဖို့ နားမလည်နိုင်တဲ့ ဘဝ ရောက်နေရရှာတယ်။ ဪ.. ဒါနဲ့ ... မောင်ရယ်။ တစ်ဆိတ်ကလေး ထပ်ပြီး ကျေးဇူးပြုဖို့ ..."

ပြောပြောဆိုဆို ကျွန်တော့်ထံလာရန် ဟန်ပြင်လျက်ရှိသော သူ့အား ကျွန်တော်က ကပျာကယာ တားထားလိုက်ပြီး "ကျွန်တော်တို့ နှစ်ယောက် ကျွန်တော့်အစ်မ ကျန်းမာပါစေလို့ ဆုတောင်းပြီး အရက်သောက်ကြရအောင်လား" ဟု ပြောလိုက်သည်။

မစ္စတာပန်ဘဲလ်ချူသည် သူ့ကုလားထိုင်ကို ကျောနှင့် မှီလိုက်ပြီး အလွန်ချီးသာနူးညံ့သော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်သည်။ "မြင့်မြတ်တဲ့စိတ် ဘယ်လိုထားရမယ်ဆိုတာ သိပါပေတယ်။ ခွင့်လည်း လွှတ်တတ်တယ်။ စိတ်သဘောကလည်း နူးညံ့သိမ်မွေ့ပါပေတယ်" ပြောပြောဆိုဆိုနှင့်ပင် ပန်ဘဲလ်ချူသည် လက်ထဲမှ ဝိုင်ဖန်ခွက်ကို ကပျာကယာ ချထားလိုက်ပြီး ထိုင်ရာမှ ထကာ "တစ်ဆိတ်ကလေး ကျေးဇူးပြုပါဦးကွယ်" ဟု ပြောပြန်လေသည်။

ကျွန်တော့်လက်ကို ဆွဲလှုပ်ပြီးသော် သူသည် သူ့ကုလားထိုင်ပေါ် ပြန်ထိုင်ပြီး ကျွန်တော့်အစ်မအတွက် ဆုတောင်း၍ အရက်သောက်သည်။ "သူ ဒေါသကြီးတာ စိတ်တိုတာတွေ ကတော့ သူ့အပြစ်တွေပေါ့၊ ဒါပေမဲ့ ရည်ရွယ်ချက်ကတော့ ကောင်းပုံ ပေါ်ပါတယ်" ဟု ပြောသည်။

ထိုအချိန်တွင် သူ့မျက်နှာတစ်ခုလုံး နီရဲလျက်ရှိသည် ကို ကျွန်တော်

သတိထားမိသည်။ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်မျက်နှာတစ်ခု လုံး ဝိုင်အရက်ရှိန်ကြောင့် ထူပူလျက် ရှိသည် ကို သိနေပါသည်။

ကျွန်တော်က ကျွန်တော့်ဝတ်စုံကို သူ့အိမ်သို့ ပို့ထားရန် စက်ချုပ်သမားအား မှာထားခဲ့ကြောင်း အသိပေးလိုက်သည့် အခါ မစ္စတာပန်ဘဲလ်ချူက သူ့ကို ယခုကဲ့သို့ အသိအမှတ်ပြုသည့် အတွက် အလွန်ဝမ်းသာ အားရ ဖြစ်မိကြောင်း ပြန်ပြောသည်။ ရွာမှ ဝတ်စုံဝတ်ပြီး ထွက်လာလျှင် တစ်ရွာလုံးက ဝိုင်းကြည့်ကြမည်စိုး၍ ယခုကဲ့သို့ စီစဉ်ရခြင်း ဖြစ်ကြောင်း ရှင်းပြသည့် အခါတွင်လည်း မစ္စတာပန်ဘဲလ်ချူက ကျွန်တော့်အား အမြော်အမြင်ကြီးလှပါပေသည် ဟု ချီးမွမ်းသည်။ သူတစ်ယောက်က လွဲပြီး အခြားလူများကို မယုံကြည်ကြခြင်းမှာလည်း သူ့ကိုဂုဏ်ပြုရာ ရောက်သည် ဟု ဆိုကာ "တစ်ဆိတ်ကလေး ကျေးဇူးပြုပါဦး မောင်ရင်ရယ်" ဟု လုပ်ပြန်သည်။ ထို့နောက် ကျွန်တော်ငယ်စဉ်က သူ ဂဏန်းများ အပေါင်းခိုင်းခဲ့သည် ကိုလည်းကောင်း၊ ပန်းပဲဖိုတွင် လက် ထောက်ပညာသင် ဖြစ်ဖို့ အတွက် သူနှင့် အတူတူ တရားရုံးသို့သွား၍ စာချုပ်လက်မှတ်ထိုးခဲ့ကြသည် ကိုလည်းကောင်း၊ သူ့ကို ကျွန်တော်က အရင်းနှီးဆုံး မိတ်ဆွေအဖြစ် သတ်မှတ်ကာ အလွန်ချစ်ခင်ခဲ့သည် ကိုလည်းကောင်း မှတ်မိပါသေးသလားဟု မေးသည်။ အကယ်၍ ကျွန်တော်သည် ယခုသောက်ထားသည့် ဝိုင်ဖန်ခွက် အရေအတွက်ထက် ဆယ်ဆခန့်ပို၍ သောက်ခဲ့မိသည့် တိုင်အောင် ယခု သူပြောနေသကဲ့သို့ သူနှင့် ကျွန်တော် မခင်မင်ခဲ့ဖူးသည် ကို ကျွန်တော် ကောင်းစွာ သိလိမ့်မည် ဖြစ်ပါသည်။ ကျွန်တော့်နှလုံးသားကလည်း သူ့စကားမမှန်ဟု ငြင်းလိမ့်မည်သာ ဖြစ်ပါသည်။ ဤမျှလောက်အထိ အသိရှိနေသည့် ကြားမှပင် ကျွန်တော့်စိတ်သည် သူ့ကို အထင်အမြင်လွဲနေခြင်းသာ ဖြစ်မည်။ သူသည် ကျွန်တော် ထင်နေသလောက် ဆိုးမည့် လူမဟုတ်၊ စိတ်ကောင်းနှလုံး ကောင်းရှိသော လူတစ်ယောက် ဖြစ်လိမ့်မည် စသည်ဖြင့် အကောင်းဘက်ကချည်း လှည့်၍ တွေးနေမိပါသေးသည်။

တဖြည်းဖြည်း စကားပြောရင်းနှင့် ကျွန်တော့်အပေါ်၌ အလွန်အမင်း စိတ်ချယုံကြည်လာသော မစ္စတာပန်ဘဲလ်ချူသည် သူ့လုပ်ငန်းနှင့် သူ့ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို ဖွင့်ပြောကာ ကျွန်တော့်ထံမှ အကြံဉာဏ်တောင်းခံခြင်းပင် ပြုလာသည်။ သူလက်ရှိ လုပ်ကိုင်နေသည့် ပြောင်းဆန်နှင့် မျိုးစေ့များ ရောင်းဝယ်ရေးလုပ်ငန်းကို သင့်တော်သော ပုဂ္ဂိုလ်တစ်ဦးနှင့် ပေါင်းစပ်ကာ လက်ဝါးကြီးအုပ်၍ လုပ်သွားမည်ဆိုပါက များစွာ အကျိုး ဖြစ်ထွန်းနိုင်လိမ့်မည် ဖြစ်ကြောင်း၊ အကယ်၍ လုပ်ငန်းကို ယခုထက်ပိုမို၍ တိုးချဲ့လုပ်ကိုင်သွားမည် ဆိုပါက အဆပေါင်းများစွာ အကျိုးရှိလာလိမ့်မည်ဖြစ်ကြောင်း၊ အကျိုးအမြတ် များများ ရနိုင်လိမ့်မည်ဟူသော အချက်ကိုတော့ သိနားလည်ရန် လိုကြောင်း၊ အကျိုးများများ ရနိုင်ဖို့ အတွက် ငွေအရင်းအနှီး များများ လိုကြောင်း၊ သူ့အမြင်အရဆိုလျှင် ဤလုပ်ငန်းထဲ၌

ရင်းနှီးငွေများများ မြှုပ်နှံနိုင်မည်ဆိုပါက အရင်းငွေ ထုတ်ပေးသူသည် ဘာမှ မလုပ်ဘဲ အေးအေးဆေးဆေး အိပ်နေရုံသာ ရှိကြောင်း၊ အချိန်တန်သည့် အခါကျမှ သူ ကိုယ်တိုင်ဖြစ်စေ၊ သူကိုယ်စားလှယ်ဖြစ်စေ လွှတ်၍ စာရင်းအင်းစာအုပ် များကို စစ်ဆေးကြည့်ရှုလိုက ကြည့်ရှုနိုင်ကြောင်း၊ နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ်မျှ လာရောက်ပြီး အမြတ်ငွေ ထက်ဝက်ကိုယူကာ အိတ်ကပ်ထဲ ထည့်၍ ပြန်သွားရုံမျှသာ ပင်ပန်းခံဖို့ လိုကြောင်း စသဖြင့် အကျယ်တဝင့် ရှင်းလင်းပြောပြသည်။

ထို့နောက် ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝသော ဂုဏ်သရေရှိ လူကြီး လူကောင်းတစ်ဦးအဖို့ ဤအခွင့်အလမ်းသည် အလွန်ကောင်းသော အခွင့်အလမ်းတစ်ခု ဖြစ်သည် ဟု သူ ယူဆကြောင်း ပြောပြကာ ကျွန်တော့် အား မဲဆွယ်လျက် ရှိသည်။ ကျွန်တော့်အပေါ်တွင် ယုံကြည်ကိုးစား၍ ဤစကားမျိုး ပြောနေခြင်း ဖြစ်သည် ဟု ယူဆမိသော ကျွန်တော်သည် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ဖြစ်လျက် ရှိ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်သဘောထားကိုတော့ ပြောပြရမည်ဖြစ် ရာ ကျွန်တော်က မယုတ်မလွန်သဘောဖြင့် "အချိန်ကလေးတော့ နည်း နည်းစောင့်ပါဦး" ဟု ပြောလိုက်မိ၏။ ဤစကားကြားလိုက်ရသောအခါ မစ္စတာပန်ဘဲလ်ချူက အမြော်အမြင် ကြီးလှပါပေသည် ဟု ချီးမွမ်းနေရုံ မျှမက စောစောကလို "တစ်ဆိတ်ကလေး ကျေးဇူးပြုပါဦး" ဟူသော ခွင့် တောင်းစကားကိုပင် မပြောတော့ဘဲ ထိုင်နေရာမှ ဖြုန်းခနဲ ထလာကာ ကျွန်တော့်လက်များကို ဆွဲလှုပ်နေပါတော့သည်။

ကျွန်တော်တို့သည် ဝိုင်အရက်ကို ကုန်အောင်သောက်ကြသည်။ မစ္စတာ ပန်ဘဲလ်ချူကတော့ ဂျိုးကို စံချိန်မီအောင် သူ လုပ်ပေးမည်ဟု (ဘာ စံချိန်ကို ပြောမှန်း ကျွန်တော် မသိပါ) ထပ်တလဲလဲ ပြောလျက်ရှိ၏။ ထို့ အပြင်လည်း "ဒီသူငယ်ကလေးဟာသာမန်လူငယ်ကလေး တစ်ယောက် မဟုတ်ဘူး ဆိုတာ ကျုပ် အစောကြီးကတည်းက သိခဲ့ပါတယ် မောင် ရယ်။ တစ်နေ့ကျရင် အကြီးအကျယ် ကောင်းစားမယ့် ရုပ်လက္ခဏာမျိုး ဆိုတာ ကျုပ် ခန့်မှန်းနိုင်ခဲ့ပါတယ်" ဟုလည်း ပြောသေးသည်။ သူ့ပါးစပ်မှ လုံးဝမကြားခဲ့ဖူးသော စကား ဖြစ်၏။ ကျွန်တော့်တစ်သက်တွင် ပ ထမဦးဆုံးအကြိမ် ကြားရခြင်းပေတည်း။ ဤအမြင် ဤသဘောထားကို ဤမျှလောက်ကြာအောင် သူ့ဝမ်းထဲ၌ လျှို့ဝှက်ထားခဲ့သည်မှာ အံ့သြဖို့ ကောင်းနေပါသည်။ နောက်ဆုံးတွင် ကျွန်တော်သည် အသိအမြင်အာရုံ မှုန်ဝါးဝါးဖြင့် အပြင်သို့ ထွက်လာခဲ့သည် နေရောင်သည် ထူးထူးခြားခြားသာယာနေသည် ဟု စိတ်က ထင်မိသည်။ ဤသို့ဖြင့် ကျွန်တော်သည် လမ်းပေါ်တွင် ဘာရှိ၍ ဘာရှိန်မှန်းပင် မသိဘဲ ဒယီးဒ ယိုင် အိပ်ချင်မူးတူးဖြင့်

လျှောက်လာခဲ့ရာ မြို့အထွက် ဂိတ်တံခါးသို့ ဆိုက်ရောက်လာခဲ့လေ၏။

ထိုနေရာရောက်ခါမှ နောက်မှ တကြော်ကြော် ဟစ်အော်၍ ခေါ်နေသော မစ္စတာပန်ဘဲလ်ချူ၏ အသံကြောင့် ကျွန်တော်သည် အိပ်ပျော်နေရာမှ လန့်နိုးသလို ဖြစ်လာသည်။ သူသည် နေရောင်ခြည်ဖြင့် တောက်ပလျက်ရှိသော လမ်းမအတိုင်း အမောတကော ပြေးလာလျက် ရှိသည်။ သူ့အား ရပ်စောင့်နေသော ကျွန်တော့်အနီးသို့ ရောက်သည့် အခါ သူသည် အသက်ရှူပင်မှားလျက် ရှိလေသည်။

"ခဏနေပါဦး မိတ်ဆွေကလေးရယ်" မစ္စတာပန်ဘဲလ်ချူသည် အသက်ရှူဖို့ အချိန်ရသည် နှင့် တစ်ပြိုင်နက် ကျွန်တော့်အား လှမ်းပြောသည်။

"ကျုပ်အနေနဲ့ မဖြစ်နိုင်တော့လို့ လိုက်လာရတာပါကွယ်။ မောင်ရင့်ရဲ့ ယဉ်ကျေးဖွယ်ရာမှုကလေးတွေကို အသိအမှတ်မပြုဘဲ မနေနိုင်လွန်းလို့ပါ... မောင်ရင်ရယ်။ တစ်ဆိတ်ကလေး ကျေးဇူးပြုပါဦးကွယ်"

ကျွန်တော်တို့သည် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ လှုပ်ကြရပြန်သည်။ အကြိမ် တစ်ရာမြောက် လက်ဆွဲကြခြင်း ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။ လက်ဆွဲ၍ လှုပ်နေသည့် ကြားမှပင် သူ့ဘာသာသူ မောင်းသွားနေသော လှည်းသမားလူငယ်တစ်ဦးအား ကျွန်တော်သွားမည့် လမ်းရှေ့မှ ပိတ်၍ လှည်းကို မမောင်းရဟု အော်ဟစ်ကြိမ်းမောင်းလိုက်သေးသည်။ ထို့နောက် သူသည် ကျွန်တော့်အတွက် ဆုတောင်းစကား ပြောကာ လက်တပြပြဖြင့် ကျန်ခဲ့ရာ ကျွန်တော် လမ်းကွေ့တစ်ခုသို့ ချိုးဝင်လိုက်ခါမှပင် မျက်စိအောက်က ပျောက်သွားသည်။ ကိုယ့်ကိုယ်ကိုယ် မထူနိုင်လောက်အောင် ဖြစ်နေသော ကျွန်တော်သည် လမ်းဘေးလယ်ကွက်တစ်ကွက်သို့ ဆင်းကာ အရိပ်ကောင်းသော ခြံစည်းရိုးတစ်ခု အောက်သို့ တိုးဝင်၍ အချိန်အတော်ကြာမျှ အိပ်လိုက်သည်။ အိပ်ရေးဝ ခါမှပင် အိမ်ဘက်သို့ ပြန်လာခဲ့လေသည်။

လန်ဒန်သို့ သွားသည့် အခါ ယူသွားရမည့် ကျွန်တော်ကိုယ်ပိုင်ပစ္စည်းမှာ များများ စားစား ရှိသည် မဟုတ်ပေ။ ကျွန်တော်နေရမည့် နေရာသစ်နှင့် နှိုင်းယှဉ်လိုက်လျှင် အဆအင်မတန်နည်းလျက် ရှိ၏။ မည်မျှပင် နည်းစေကာမူ ယူသွားရမည်သာ ဖြစ်သဖြင့် ကျွန်တော်သည် မရှိမဲ့ရှိမဲ့ ပစ္စည်းမဖြစ်စလောက်ကို ထိုနေ့မွန်းလွဲပိုင်းကတည်းက သိမ်းဆည်းထုပ်ပိုးထားလိုက်သည်။

ဤသို့ဖြင့် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များသည် ကုန်ဆုံးလာသည်။ သောကြာနေ့ နံနက်တွင် ကျွန်တော်သည် မစ္စတာပန်ဘဲလ်ချူအိမ်သို့ ထွက်ခဲ့သည်။ ဝတ်စုံကိုဝတ်၍ မစ္စဟေဗီရှမ်ထံ သွားရောက်နှုတ် ဆက်မည်ဆိုသော စိတ်ကူးဖြင့် ထွက်လာခဲ့ခြင်း ဖြစ်၏။ ကျွန်တော် အဝတ်အစားလဲဖို့ အတွက် မစ္စတာပန်ဘဲလ်ချူက သူ့ကိုယ်ပိုင်အခန်းကို ပေးထားရုံမျှမက အခန်းထဲတွင်

မျက်နှာသုတ်ပဝါ အသစ်များဖြင့် တခမ်းတနား ပြင်ဆင်ထားသည် ကို တွေ့ရသည်။ ကျွန်တော်၏ ဝတ်စုံသစ်သည် ကျွန်တော့်စိတ်ကို ကတိသအောက်ဖြစ်အောင် ပြုလျက် ရှိသည်။ အဝတ်အစားအသစ်တိုင်းသည် ဝတ်သူအတွက် တစ်ခုခုလိုလျက် ရှိသည် ဟု ထင်နေတတ်သည်မှာ သဘာဝပင် မဟုတ်ပါလား။

မစ္စတာပန်ဘဲလ်ချူ၏ မှန်သေးသေးရှေ့တွင် ဝတ်စုံဝတ်ရသည်မှာ နာရီဝက်ခန့် ကြာသော်လည်း ဝတ်ပြီးသည့် အခါတွင် မူ သိပ်ပြီး မဆိုးလှဟု စိတ်ထဲက အောက်မေ့နိုင်သဖြင့် တော်ပါသေး၏။ ထိုနေ့နံနက်သည် ဆယ်မိုင်ခန့်ကွာဝေးသော မြို့တစ်မြို့၏ ဈေးကြီးနေ့ဖြစ်ရာ မစ္စတာပန်ဘဲလ်ချူမှာ ထိုမြို့သို့ သွားနေသဖြင့် အိမ်၌ မရှိပေ။ ကျွန်တော် ဘယ်နေ့ ဘယ်ရက် သွားမည်ကို မစ္စတာပန်ဘဲလ်ချူအား အတိအကျ အသိမပေးထားပါ။ တခြားကြောင့် မဟုတ်ပါ။ မသွားမီ သူနှင့် နောက်ထပ် လက် ခဏခဏ ဆွဲနေရမည်ကို ကြောက်၍ ဖြစ်ပါသည်။ မတတ်သာလွန်း၍ စီစဉ်ရခြင်း ဖြစ်ပါ၏။ ဝတ်စုံသစ်ကို အကျအန ဝတ်ဆင်ပြီးသောအခါ ကျွန်တော်သည် စိတ်ကူးထားသည့် အတိုင်း မစ္စဟောဗီရှမ်၏ အိမ်သို့ ထွက်လာခဲ့သည်။ သို့သော်လည်း တနင်္ဂနွေဝတ်စုံ ကို ဂျိုး ဝတ်စားဆင်ယင်ပြီး ထွက်သည့်အခါများတွင် ဂျိုးဖြစ်လေ့ ရှိသည့် အတိုင်း စိတ်ထဲက မလုံမလဲ ဖြစ်လျက် ရှိသဖြင့် လူအသွားအလာနည်းသော လမ်းကြိုလမ်းကြားများကိုသာ ရွေး၍ လျှောက်လာ ခဲ့လေသည်။

မစ္စဟောဗီရှမ်၏ ခြံဝင်းတံခါးဝသို့ အရောက်တွင် စွပ်ထားသည့် လက်အိတ်များက တင်းကျပ်နေသဖြင့် ခေါင်းလောင်းကြိုးကို မနည်းအား ယူ၍ ဆွဲရသည် ယခုတစ်ကြိမ်တွင်လည်း တံခါးဝသို့ ရောက်လာသူမှာ ဆာရာပေါ့ကက်ပင် ဖြစ်၍ အပြောင်းလဲကြီး ပြောင်းလဲနေသော ကျွန်တော့်ကို မြင်သောအခါ သူသည် အကြီးအကျယ် အံ့အားသင့်လျက် ရှိ၏။ သစ်ချသီးအခွံရောင် ပေါက်နေသော သူ့မျက်နှာကလည်း မနာလိုဝန်တိုစိတ်ကို သိသိသာသာ ဖော်ပြနေသည်။

"မင်းကိုး" ဟု ဆာရာပေါ့ကက်က ရေရွတ်သည်။ "မင်းက ဘာကိစ္စ လာရပြန်တာလဲ"

"ကျွန်တော် လန်ဒန်ကို သွားတော့မလို့ပါ မစ္စပေါ့ကက်" ဟု ကျွန်တော်က ပြန်ပြောသည်။ "ဒါကြောင့် မစ္စဟောဗီရှမ်ကို နှုတ်ဆက်ဖို့ လာ တာပါ"

ထုံးစံအတိုင်း ဆာရာပေါ့ကက်သည် မစ္စဟောဗီရှမ်ထံသွားပြီး ကျွန်တော်ကမူ လမ်းလျှောက်လျက် ရှိ၏။ အခန်းထဲရှိ အလင်းရောင်မှာ အလျင်ကလိုပင် ဖြစ်၏။ တံခါးဝမှ လူသံ ကြားသောအခါ မစ္စဟောဗီရှမ်သည် လမ်းလျှောက်နေရာမှ ရပ်လိုက်ပြီး နောက်သို့ လှည့်ကြည့်သည်။ ထို အချိန်တွင် သူသည် ဆွေးမြည့်ပုပ်သိုးနေပြီဖြစ်သော လက်ထပ်ကိတ်မုန့်ကြီးနှင့် တမင်သက်သက် ယှဉ်၍

ရပ်နေသလို ဖြစ်လျက်ရှိ၏။

"ပြန်မသွားနဲ့ ဦး... ဟဲ့ ဆာရာ" ဟု မစ္စဟောဗီရှမ်က ပြန်လှည့်သွားရန် ဟန်ပြင်လျက်ရှိသော ဆရာပေါ့ကက်အား လှမ်း၍ တားသည်။ "ကဲ.. ပစ်ပ်၊ ဘာများလဲကွဲ့ "

"ကျွန်တော် မနက်ဖြန် လန်ဒန်ကို သွားတော့မလို့ ခင်ဗျ" ကျွန်တော် က စကားကို မလွဲအောင် သတိထား၍ ပြောသည်။ "အဲဒါ လာပြီး နှုတ်ဆက်တာပါ။ စိတ်မရှိပါနဲ့ ခင်ဗျာ"

"ပြောင်ပြောင်ရောင်ရောင်ပါလားကွဲ့" ဟု ရေရွတ်ကာ သူ့လက်ထဲ မှ လမ်းလျှောက်တုတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံးကို လျှောက်၍ တို့လျက်ရှိသည်။ သူလုပ်ပုံမှာ ကျွန်တော့်အား အကြီးအကျယ် ပြောင်းလဲ သွားအောင် ဖန်ဆီးပေးခဲ့သော မွေးစားမိခင် နတ်သမီးကြီးက သူဖန်ဆင်းထားပုံ ပီပြင်ခြင်းရှိ၊ မရှိ ပြန်လည်စစ်ဆေးနေသည် နှင့် တူလှသည်။

"ကျွန်တော် မစ္စဟောဗီရှမ်နဲ့ နောက်ဆုံးတစ်ခေါက် လာတွေ့အပြီးမှာ အခုလို ကံကောင်း လာရတာပါပဲ... ခင်ဗျာ" ဟု ကျွန်တော်က ရှင်းပြသည်။ "ကျွန်တော် သိပ်ပြီး ကျေးဇူးတင်ပါတယ် မစ္စဟောဗီရှမ်"

"အေး... အေး" ဟု မစ္စဟောဗီရှမ်က ရေရွတ်သည်။ သူသည် ကျွန်တော့်အား အလွန် မနာလို မရှုဆိတ် ဖြစ်နေသော ဆာရာပေါ့ကက်၏ မျက်နှာကို ကြည့်ကာ အလွန်အရသာတွေ့နေပုံ ရ၏။ "ငါ မစ္စတာဂျက်ဂါး နဲ့ တွေ့တယ်ကွဲ့။ အားလုံး ကြားပြီးပြီ။ မင်း မနက်ဖြန်သွားမှာ နော်။ ဟုတ်လား"

"ဟုတ်ပါတယ် မစ္စဟောဗီရှမ်"

"မင့်ကို သူဌေးတစ်ယောက်က မွေးစားလိုက်တယ်ဆို ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"နာမည်တော့ အသိမပေးဘူးလေ ဟုတ်စ"

"ဟုတ်ပါတယ်။ အသိမပေးပါဘူး"

"ပြီးတော့ မစ္စတာဂျက်ဂါးက မင်းရဲ့ အုပ်ထိန်းသူအဖြစ်နဲ့ မင့်ကို စောင့်ရှောက်သွားရမယ်တဲ့ "

"ဟုတ်ပါတယ် ခင်ဗျာ"

ဤမေးခွန်းများကို မေး၍ ဤအဖြေများကို နားထောင်ရင်း မစ္စဟေဗီရှမ်သည် မနာလိုစိတ်ဖြင့် မျက်နှာအကြီးအကျယ် ပျက်နေသော ဆာရာပေါ့ကက်ကို ကြည့်ကာ အလွန်အားရကျေနပ်လျက် ရှိသည်။ "မင်းရဲ့ ရှေ့မှာ အလားအလာကောင်းတွေ ရှိနေပြီ... ပစ်ပ်၊ မင်း ကောင်းကောင်း မွန်မွန် နေသွားပါ။ ထိုက်ထိုက်တန်တန် ဖြစ်အောင် နေသွားပါ။ မစ္စတာ ဂျက်ဂါးရဲ့ စကားကိုလည်း နားထောင်ပါ" ဟု ကျွန်တော့်အား ဆုံးမသည်။ သူသည် ကျွန်တော့်ကို တစ်လှည့် ဆာရာပေါ့ကက်ကို တစ်လှည့် ကြည့်ကာ အရသာခံလျက် ရှိ၏။ သူ ပြုံးလိုက်သည့် အပြုံးမှာ ရက်စက်သော အပြုံး ဖြစ်၏။ "ကဲ... ကဲ... သွားပေတော့ ပစ်ပ်။ မင့်အနေနဲ့ ပစ်ပ် ဆိုတဲ့ နာမည်ကို ရာသက်ပန်ယူထားရမယ် ဆိုတာကော သိရဲ့ မဟုတ်လား"

"သိပါတယ် မစ္စဟေဗီရှမ်"

"ကဲ... သွားပေတော့ ပစ်ပ်"

သူက ကျွန်တော့်ဘက်သို့ လက်တစ်ဖက်ဆန့်တန်းပေးသည်။ ကျွန်တော်က ဒူးတစ်ဖက် ထောက်၍ ထိုင်ချလိုက်ပြီး သူ့လက်ကို နှုတ်ခမ်းများ နှင့် ထိလိုက်ပါသည်။ ကျွန်တော့်အနေဖြင့် သူ့အနားမှ ဘယ်လိုထွက်ခွာရမည်ကို စဉ်းစားကြံဆ၍ မရဘဲ ဖြစ်နေခိုက်တွင် သူက ယခုကဲ့သို့ လုပ်လိုက်သဖြင့် အဆင်ပြေသွားသည်။ သူ၏ပင်ပန်းနွမ်းနယ်နေသော မျက်လုံးများကတော့ ဆာရာပေါ့ကက် ကိုသာ ကြည့်လျက် ရှိ၏။ ကျွန်တော်သည် ကျွန်တော်၏ မွေးစားမိခင်သဖွယ် ဖြစ်ခဲ့သော မစ္စဟေဗီရှမ်၏ အနီးမှ အသာကလေးထွက်ခွာလာခဲ့သည်။ သူကတော့ လက်နှစ်ဖက်ဖြင့် သူ့လမ်းလျှောက်တုတ်ကို ကိုင်ကာ အလင်းရောင် မှုန်ဝါးဝါးဖြစ်နေသော အခန်းအလယ်တည့်တည့်တွင် ရပ်လျက် ရှိသည်။ သူ့ ဘေးရှိ စားပွဲပေါ်တွင် ပင့်ကူအိမ်များ အထပ်ထပ် ရစ်ပတ်ဖွဲ့နှောင်ခြင်း ကိုခံနေရသော မြို့တက်နေသည့် လက်ထပ်ကိတ်မုန့်ကြီး...။

အပြန်တွင် ထုံးစံအတိုင်း ဆာရာပေါ့ကက်က ကျွန်တော့်ကို လိုက်ပို့သည်။ သူသည် ကျွန်တော့်ကို တစ္ဆေသရဲတစ်ကောင်သဖွယ် ကြည့်လာလျက် ရှိရာ "သွားတော့မယ်နော် မစ္စပေါ့ကက်" ဟု ကျွန်တော်က နှုတ်ဆက်သော်လည်း ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ပြူးပြူးကြီးသာ စိုက်ကြည့်နေသည်။ ကျွန်တော် စကားပြောလိုက်သည် ကိုပင် ကြားပုံမရပါ။ ကျွန်တော်သည် မစ္စတာပန်ဘဲလ်ချူ၏ အိမ်သို့ ရောက်သောအခါ ဝတ်စုံ အသစ်ကို ပြန်ချွတ်ပြီး စက္ကူတစ်ရွက်ဖြင့် ထုပ်လိုက်သည်။ အိမ်အပြန်တွင် အဝတ်ဟောင်းများကိုပင် ဝတ်၍ ပြန်ခဲ့ပါသည်။ အမှန်အတိုင်းသာ ပြောရမည်ဆိုပါက လက်မှ ဝတ်စုံအသစ်ထုပ်ကို ကိုင်ထားရသော်လည်း ကိုယ်ပေါ်တွင် ဝတ်မထားရသဖြင့် ကိုယ်စိတ်နှစ်ပါး လွတ်လပ်လျက် ရှိ လေသည်။

အခုကျတော့လည်း ကုန်ခဲလှသည် ဟု ထင်ခဲ့မိသော ခြောက်ရက် တာကာလသည် လျင်မြန်စွာပင် ကုန်ဆုံးသွားခဲ့လေပြီ။ ခြောက်ညမှသည် ငါးည၊ လေးည၊ သုံးည၊ နှစ်ည စသည်ဖြင့် တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ လေလေ ဂျိုးနှင့် ဘစ်ဒီတို့ နှင့် နေနေရသည့် ဘဝကို မြတ်နိုးတွယ်တာ လာလေ ဖြစ်လျက်ရှိရ၏။ နောက်ဆုံးညတွင် ကျွန်တော်သည် ဂျိုးနှင့် ဘစ်ဒီတို့ ဝမ်းသာအားရဖြစ်စေရန်ဟူသော စိတ်စေတနာဖြင့် ဝတ်စုံသစ် ကို ဝတ်၍ သူတို့ နှင့် အတူထိုင်ကာ စကားစမြည်ပြောလျက် ရှိ၏။ ထိုည က ညစာစားရာတွင် အထူးတလည် စီမံချက်ပြုတ်ထားသော စားကောင်းသောက်ဖွယ်များ ပါခဲ့သော်လည်း သုံးယောက်စလုံး ကောင်းစွာ မစား နိုင်ကြချေ။ အားလုံးပင် စိတ်ညှိုးငယ်လျက် ရှိကြရာ... ကျွန်တော် ကောင်းစားသည့် အရေးကိစ္စ ဖြစ်သည် ဟုတွေးကာ ရွှင်လန်းအားတက်ဖို့ ကြိုးစား ပါသော်လည်း မရချေ။

ကျွန်တော်သည် နံနက်ငါးနာရီတွင် ရွာမှ ထွက်ရမည် ဖြစ်၏။ သယ်စရာဆိုလို့လည်း ခရီးဆောင်အိတ်ကလေး တစ်လုံးသာလျှင် ဆွဲသွားဖို့ ရှိ၏။ သွားသည့် အခါတွင် ကျွန်တော်တစ်ယောက်တည်း သွားလို၍ ကျွန်တော့်အား လိုက်မပို့ဖို့လည်း ဂျိုးကို ပြောထားပြီး ဖြစ်သည်။ အမှန်တော့ ဂျိုးနှင့် အတူ လန်ဒန်သို့ထွက်မည့် မြင်းရထားကြီးဆီသို့ သွားပါက ကျွန်တော်တို့ နှစ်ယောက်၏ အသွင်အပြင် ကွာခြားမှုကို ကြည့်ကာ လူအများက ကဲ့ရဲ့ကြမည်စိုး၍ တစ်ယောက်တည်း သွားလိုခြင်း ဖြစ်ပါ၏။ ဤအစီအစဉ်နှင့် ပတ်သက်၍ ကျွန်တော့်တွင် ဤစိတ်ထားမျိုး လုံးဝမရှိဟု ကိုယ့်ကိုယ်ကိုယ်ညာလျက်ရှိသော်လည်း အတွင်းစိတ်ကတော့ မလုံမလဲဖြစ်လျက် ရှိသည်။ နောက်ဆုံး တစ်ညအိပ်ခြင်းအနေဖြင့် အိပ်ရန်အတွက် ကျွန်တော့်အခန်းလေး ထဲသို့ ရောက်သွားသည့် အခါ ကျွန်တော်သည် ကိုယ့်အမှားကို ပြန်၍ မြင်ကာ စိတ်မကောင်း ဖြစ်ရပြန်သည်။ အောက်ထပ်သို့ ပြန်ဆင်းပြီး နံနက် ကျွန်တော်ထွက်သည့် အခါ အတူတူသွားကြဖို့ ဂျိုးအား ပြောမည်ဟု စိတ်ကူးမိသေး၏။ သို့သော်လည်း လက်တွေ့မလုပ်ဖြစ်ခဲ့ပါ။

ထိုညက တစ်ညလုံး ကောင်းစွာ အိပ်မပျော်ပါ။ ကယောင်ချောက်ချား မက်နေသည့် အိပ်မက်များ ထဲတွင် ကျွန်တော် စီး သွားနေသည့် မြင်းရထားကြီးများသည် လန်ဒန်သို့ မရောက်ဘဲ တလွဲ တချော် နေရာများကိုသာ ရောက်လျက်ရှိသည်။ ရထားတွင် တပ်ထားသည့် တိရစ္ဆာန်များမှာလည်း ခွေးများ၊ ကြောင်များ၊ ဝက်များ နှင့် လူများ တစ်လှည့်စီ ဖြစ်လျက်ရှိ၍ မြင်းများကိုမူ လုံးဝမတွေ့ရပေ။ အရုဏ်တက်၍ ငှက်များ တကျည်ကျည်တကျာကျာ အော်မြည်နေခိုက်တွင်ကျွန်တော် အိပ်ရာမှ နိုးခဲ့ရာ ထိုအချိန်အထိ အိပ်မက်ထဲ၌ ကြုံတွေ့ခဲ့ရသော လမ်းခရီးအလွဲလွဲ အချော်ချော် ဖြစ်မှုများသည် ကျွန်တော့်စိတ်ကို ခြောက်လှန့်နေဆဲ ဖြစ်သည်။ ထို့နောက် ကျွန်တော်သည် အိပ်ရာပေါ်မှ ဆင်းကာ

အဝတ်အစားလဲပြီး ပြတင်းပေါက်အနီး၌ ထိုင်၍ အပြင်လောကကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် မျှော်ကြည့်နေမိလေသည်။

အောက်ထပ်ရှိ မီးဖိုခန်းမှ မီးခိုးနံ့များသည် ကျွန်တော့်နှာဝသို့ ရောက်လာလျက် ရှိ၏။ ကျွန်တော့်အတွက် နံနက်စာလုပ်ပေးရမည့် ဘစ်ဒီတစ်ယောက် အိပ်ရာမှ ထနေလေပြီ။ ကျွန်တော့်အနေဖြင့် အချိန်နောက်ကျမည်ကို စိုးရိမ်စိတ်ဖြစ်လျက် ရှိ၏။ သို့သော်လည်း လက်ဖက်ရည်ပန်းကန်သံများ ကြားလာရချိန်အထိ အောက်ထပ်သို့ ဆင်းတော့မည်ဟု ပိုင်ပိုင် နိုင်နိုင် မဆုံးဖြတ်နိုင်ဘဲ ဖြစ်လျက်ရှိ၏။ ထိုအချိန်အထိ ကျွန်တော်သည် ကျွန်တော်ယူသွားရမည့် လက်ဆွဲသေတ္တာကို သော့ပိတ်လိုက်.. ပြန်ဖွင့်လိုက်နှင့် ချီတုံချတုံ ဖြစ်လျက်ရှိရာ အောက်ထပ်မှ ဘစ်ဒီက နောက်ကျတော့မည်ဟု အော်၍ သတိပေးကာမှပင် အောက်သို့ ရောက်ခဲ့ရလေသည်။

နံနက်စာကို တက်သုတ်ရိုက်၍ စားရသဖြင့် အရသာမတွေ့လှပေ။ ကျွန်တော်သည် စားပွဲမှ ကပျာကယာထကာ "ကျွန်တော် သွားတော့မှ ထင်တယ်" ဟု ကသောကမျော ပြောမိသည်။ ထို့နောက် ကျွန်တော်သည် အစ်မ၏ပါးကို တစ်ချက်မျှနမ်း၍ နှုတ်ဆက်ပါသည်။ အစ်မကတော့ ဘာမှ မသိရှာပါ။ ရယ်လိုက်မောလိုက်၊ ခေါင်းညိတ်လိုက်နှင့် သူ ထိုင်နေကျ ကုလားထိုင်ပေါ်တွင် တစ်ကိုယ်လုံး ယိမ်းထိုးခါယမ်းလျက် ရှိသည်။ ကျွန်တော် ဘစ်ဒီပါးကို နမ်း၍ နှုတ်ဆက်ပြီးသော် ဂျိုး၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်း၍ အားရပါးရ ဖက်ထားမိသည်။ ထို့ နောက် ကျွန်တော်သည် သေတ္တာကလေးကို ဆွဲ၍ အိမ်ထဲမှ ထွက်လာခဲ့သည်။ ကျွန်တော် နောက်ဘက်မှ လှုပ်လှုပ်ရှားရှားအသံများ ကြား၍ လှည့်ကြည့်မိ၏။ ဂျိုးသည် ဖိနပ်အဟောင်းတစ်ဖက်ဖြင့် ကျွန်တော့်အား လှမ်းပေါက်လိုက်သည် ကို မြင်လိုက်ရသည်။ ဘစ်ဒီကလည်း တခြားဖိနပ်ဟောင်းတစ်ဖက်ဖြင့် ကျွန်တော့်အား လှမ်းပေါက်လိုက်ပြန်သည်။ ကျွန်တော်တို့၏ ဓလေ့ထုံးစံအရ ကျွန်တော်ကံကောင်းစေရန် ဖိနပ်ဟောင်း များဖြင့် ပစ်ပေါက်ကြခြင်းပေတည်း။ ကျွန်တော်က ရပ်၍ ကျွန်တော့်ဦးထုပ်ကို ယမ်းပြရာ ဂျိုးက သူ့ညာဘက်လက်ကိုမြှောက်၍ ဝှေ့ယမ်းပြသည်။ ဘစ်ဒီကမူ သူ့ခါးစည်းအဝတ်ဖြင့် မျက်နှာကို အုပ်ထားလေသည်။

ကျွန်တော်သည် ခပ်သုတ်သုတ် လျှောက်လာခဲ့သည် ကျွန်တော့်မြင်းရထားနောက်မှ ဖိနပ်ဟောင်းများဖြင့် ပစ်ပေါက်သည့် အဖြစ်ကိုကား ကျွန်တော်မြင်လိုသည့် တိုင်အောင် မြင်ရဖို့ မရှိတော့ပါ တကား။ ရွာငယ်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ မြူနှင်းများသည် ခပ်ပါးပါး ခပ်ကျဲကျဲ ကျဆင်းလျက်ရှိလေသည်။ အပြစ်ဟူ၍ မရှိသလောက် ဖြူစင်ခဲ့သော

ကျွန်တော်နေထိုင်ခဲ့ရာ ကမ္ဘာလောကလေးကို မှုန်ဝါးဝါး လှမ်းမြင်နေရ၏။ ဟိုတစ်ဖက်တွင်ကား ကျွန်တော်မသိသော ကျွန်တော်နှင့် မရင်းနှီးသော အဆမတန် ကြီးမားသော လောကတစ်ခုသည် တည်ရှိနေသည်။ ထိုခဏအတွင်းမှာပင် ကျွန်တော့်ရင်သည် လှိုင်းထလာကာ ရှိုက်ကြီးတငင် ငိုကြွေးနေမိလေတော့သည်။ ရွာအဆုံးရှိ လက်ပြတိုင်ကြီးအနီးသို့ ရောက်သောအခါ တိုင်ကြီးကိုကိုင်၍ "ငါသွားတော့မယ် အချစ်ဆုံးမိတ်ဆွေကြီးရေ" ဟု နှုတ်ဆက်စကား ပြောမိခဲ့၏။

ကျွန်တော်တို့ အနေဖြင့် မျက်ရည်ကျရခြင်းသည် ရှက်စရာတစ်ခု မဟုတ်ဟု ထင်ပါသည်။ တကယ်တော့ မျက်ရည်သည် ကျွန်တော်တို့၏ ခက်ထန်မာကျောလျက်ရှိသော နှလုံးသားများကို နူးညံ့ပျော့ပျောင်းသွားအောင် လုပ်ပေးသော အရာတစ်ခု ဖြစ်ပါသည်။ အားရပါးရ ငိုကြွေးလိုက်ပြီး နောက်တွင် ကျွန်တော့်အခြေအနေသည် စောစောကထက် ပို၍ တိုးတက်ကောင်းမွန်လာခဲ့သည်။ စောစောကထက်ပို၍ စိတ်ထိခိုက်လာသည်။ မိမိ၏ ကျေးဇူးမသိတတ်သော သဘောကို ပို၍ သိမြင်နားလည် လာသည်။ စိတ်နေစိတ်ထားလည်း ပို၍ နူးညံ့သိမ်မွေ့လာသည်။ အကယ်၍ စောစောကတုန်းကသာ ကျွန်တော် ငိုကြွေးမိခဲ့ပါမူ ဂျိုးတစ်ယောက် ကျွန်တော်နှင့်ပါလာမည်မှာ သေချာနေပါသည်။

စောစောကငိုကြွေးမိ၍ ကျခဲ့သော မျက်ရည်များ နှင့် ဆက်လက်၍ လျှောက်လာသည့် အခါ မကြာမကြာ ကျလာခဲ့သည့် မျက်ရည်များကြောင့် ကောင်းစွာဆင်ခြင်နှလုံးသွင်းတတ်သော စိတ်သည် ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ကြောင့်လည်း ကျွန်တော် မြင်းရထားကြီးပေါ်သို့ ရောက်၍ မြို့ထဲမှ ထွက်လာသည့် အခါ မြင်းများလဲတပ်သည့် စခန်းတစ်ခုအရောက်တွင် ဆင်းနေရစ်ခဲ့ပြီး ရွာသို့ပြန်၍ နောက်တစ်ည ထပ်အိပ်ကာ ယခု ခွဲခွာခြင်းမျိုးထက် ပို၍ ကောင်းသော နည်းမျိုးဖြင့် ခွဲခွာမည်ဟု စဉ်းစား လာခဲ့သည်။ တကယ်တမ်း မြင်းများလဲနေသည့် အခါတွင် မူ ကျွန်တော်သည် အတိအကျ မဆုံးဖြတ်နိုင်ဘဲ ဖြစ်ရပြန်၏။ ရှေ့တစ်နေရာ ရောက်၍ မြင်းများလဲသည့် အခါကျမှ ပြန်လျှင် ပိုကောင်းလိမ့်မည်ဟူသော အတွေးဖြင့် ကိုယ့်စိတ်ကို နှစ်သိမ့်မိပြန်သည်။ ဤဆင်ခြင်စဉ်း စားမှုများဖြင့် အလွန်အမင်း စိတ်ရှုပ်နေသည့် ကြားမှပင် ကျွန်တော်သည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဘက်မှ လျှောက်လာနေသူကို ဂျိုးအစစ်ဟု စိတ်ထဲက အထင်ရောက်သွားတတ်၏။ ထိုအခါမျိုးတွင် ကျွန်တော့် နှလုံးခုန်နှုန်းသည် မြန်လာတတ်လေသည်။

ကျွန်တော်တို့ မြင်းရထားသည် နောက်တစ်ကြိမ် ရပ်နား၍ မြင်းများလဲပြန်သည်။ ပြီးတော့ နောက်ထပ်တစ်ကြိမ်..။ အခုအချိန်ဆိုလျှင်တော့ နောက်ကျသွားပြီ။ လာလမ်းသို့ပြန်ရမည့် ခရီးမှာ များစွာ အလှမ်းဝေးသွားပြီ။ ဤသို့ဖြင့်ပင် ကျွန်တော်သည် ရှေ့ခရီးကို ဆက်သည်။ မြူနှင်းများသည်

တဖွဲဖွဲကျဆင်းလျက် ရှိကြ၏။ ကျွန်တော့်ရှေ့တွင် မူ အလွန်အပြောကျယ်သော ကမ္ဘာလောက…….။

****

ကျွန်တော်တို့ မြို့ကလေးမှ လန်ဒန်မြို့တော်ကြီးသို့ သွားရသည့် ခရီးမှာ ငါးနာရီခန့် ကြာသည်။ လူအသွားအလာနှင့် ယာဉ်အသွားအလာ ရှုပ်ယှက်ခတ်လျက်ရှိသော မြို့တော်ကြီး အတွင်းရှိ ချိဆိုက်ဒ်ရပ်ကွက် ဝုဒ်လမ်းအတွင်းသို့ ကျွန်တော်စီးလာသည့် မြင်းလေးကောင်တပ် အဝေးပြေးရထားလုံးကြီး ဝင်ရောက်သွားချိန်သည် မွန်းတိမ်းစအချိန် ဖြစ်သည်။

အချိန်အခါကာလမှာ တစ်ချိန်က အရိုင်းအစိုင်းဘဝ၌ ရှိနေခဲ့သော ကျွန်တော်တို့ ဘရိကွန် လူမျိုးများ အခြေတကျဖြစ်ပြီး ကောင်းစားနေသည့် ခေတ်ကာလဖြစ်သည်။ ဤအချိန်အခါမျိုးတွင် အကောင်းဟူသမျှကို ရယူခံစား၍ ပျော်ပါးနေကြသော သူတို့အား အပြစ်တင်မည်ဆိုပါက အပြစ်တင်သူသာလျှင် ကိုယ့်လူမျိုးအပေါ် ကိုယ်သစ္စာမဲ့ရာကျလိမ့်မည် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် လန်ဒန်မြို့တော်သူ မြို့တော်သားများ အပေါ်၌ အပြစ်မမြင်မိခဲ့ပါ။ အပြစ်မမြင်မိခဲ့ခြင်းမှာလည်း တခြားအကြောင်းများကြောင့် မဟုတ်။ ကျွန်တော်တို့ ရွာ ကျွန်တော်တို့ မြို့ထက် အဆပေါင်းများစွာ ကြီးမားခမ်းနားလှသော လန်ဒန်မြို့ကြီး၏ အရှိန်အဝါကို ကြောက်လန့် နေ၍ ဖြစ်ပါသည်။ အကယ်၍ ထိုကဲ့သို့သော ကြောက်လန့်စိတ်သာ မရှိခဲ့ပါမူ ကျွန်တော်သည် လန်ဒန်မြို့တော်ကြီးအား အကျည်းတန်သည်။ အရုပ်ဆိုးသည်။ မြွေလိမ်မြွေကောက်နှင့် ရှုပ်ထွေးလွန်းလှသည်။ ကျပ်တီးကျဉ်းမြောင်း လွန်းလှသည်။ ညစ်ပတ်လှသည် စသည် စသည်ဖြင့် အပြစ်အနာအဆာများကို မြင်ကောင်းမြင်မိပါလိမ့်မည်။

မစ္စတာဂျက်ဂါးသည် သူ့လိပ်စာကို အချိန်မီပို့ထားသည်။ လိပ်စာကတ်ပေါ်၌ ဖော်ပြထားသည့် သူ့ရုံးခန်းတည်ရှိရာလမ်းမှာ "လစ်တစ်လ်ဘရိတိန်လမ်း" ဖြစ်သည်။ လိပ်စာကတ်၏ ကျောဘက်တွင် 'စမစ်သ်ဖီးလ် ဈေးမှ ထွက်လျှင်ထွက်ချင်း တွေ့ရမည့်လမ်း။ အဝေးပြေးမြင်းရထားရုံး နှင့် နီးကပ်လျက်" ဟု ရေးထားသည်။ သို့သော်လည်း ကျွန်တော်သည် ကိုယ်သွားလိုသည့် နေရာသို့ ကိုယ့်ဘာသာကိုယ် သွားခွင့်မကြုံခဲ့ပါ။ အဝေးပြေး ရထားလုံးကြီးပေါ်မှ ဆင်းလာသော ကျွန်တော့်အား အငှားမြင်းရထားသမားတစ်ယောက်က သူ့မြင်းရထားပေါ် အတင်း အဓမ္မ အလုအယက်ဆွဲတင်ကာ မိုင်ငါးဆယ်ခရီး ပို့ပေးရတော့မည့် ခရီးသည် တစ်ယောက်ကို ရလိုက်သည့် အလား ဝမ်းသာအားရ မောင်းထွက်သွားသောကြောင့် ဖြစ်သည်။ကျွန်တော့်အနေဖြင့် မြင်းရထားစီးရသည့် အရသာကို ပြည့်ပြည့်ဝဝ ခံစားဖို့ အချိန်မရလိုက်ပါ။ ကောက်ရိုးတဲနှင့် တူလှသည့် သူ့မြင်းရထား အကြောင်းကိုလည်း စဉ်းစားဖို့ အချိန်မရလိုက်ပါ။ သူ့မြင်းများ၏ နှာခေါင်းကို ဘာကြောင့် အိတ်တွေ စွပ်ထားရပါလိမ့်ဟူသော မေးခွန်း၏

အဖြေကိုပင် ရအောင် စဉ်းစားဖို့ အချိန်မရလိုက်ပါ။ တစ်ခဏမျှအချိန်အတွင်း မြင်းရထားသည့် ခပ်မှောင်မှောင် ခပ်ကုပ်ကုပ်နိုင်လွန်းလှသော လမ်းတစ်လမ်းအတွင်းသို့ ဝင်သွားပြီး "မစ္စတာဂျက်ဂါး" အမည်ရေး ထားသည့် ဆိုင်းဘုတ်တစ်ခု ချိတ်ထားရာ ရုံးခန်းတစ်ခုရှေ့၌ ရပ်သွားသည်။

"ဘယ်လောက်ကျသလဲ" ဟု ကျွန်တော်က မြင်းရထားသမားကို မေးသည်။

"တစ်သျှီလင် ကျတယ်။ ပိုပေးချင်တဲ့ စိတ်ရှိရင်လည်း ပေးလို့ ရပါတယ်" ဟု မြင်းရထားသမားက ဖြေသည်။

ကျွန်တော်က တစ်သျှီလင်ထက်ပို၍ ပေးလိုသောဆန္ဒ မရှိဟု ပြန်ပြောသည်။

"ဒီလိုဆိုလည်း တစ်သျှီလင်ပဲ ပေးပေါ့" ဟု မြင်းရထားသမားက ပြောသည်။ "ငါကလည်း ပြဿနာမဖြစ်ချင်ပါဘူး။ ငါ သူ့အကြောင်း ကောင်းကောင်း သိတယ်" မြင်းရထားသမားသည် မစ္စတာဂျက်ဂါး၏ ဆိုင်းဘုတ်ကို မှုန်ကုပ်ကုပ် မျက်နှာထားဖြင့် တစ်ချက်မျှ မျက်စောင်းထိုး ကြည့်လိုက်ပြီး ခေါင်းယမ်းသည်။

ကျွန်တော့်ထံမှ သျှီလင်ပြားကို ရသည် နှင့် တစ်ပြိုင်နက် မြင်းရထား သမားသည် သူ့မြင်းရထား ပေါ်သို့ ကပျာကယာ ပြန်တက်ကာ ခပ်သုတ် သုတ် မောင်းထွက်သွားပါသည်။ ဤနေရာမှ မြန်မြန် ထွက်သွားရသည့် အတွက် အတော်ကြီး စိတ်လက်ပေါ့ပါးသွားပုံ ရ၏။ ကျွန်တော်သည် သေတ္တာကလေး ကို ဆွဲ၍ ရုံးခန်းထဲသို့ ဝင်သွားပြီး မစ္စတာဂျက်ဂါး ရှိ၊ မ ရှိ စုံစမ်းပါသည်။

"သူ မရှိဘူး" ဟု စာရေးက ပြန်ပြောသည်။ "သူ အခု တရားရုံး ရောက်နေတယ်။ အခုမေးနေတာ မစ္စတာပစ်ပ် ထင်ပါရဲ့ "

ကျွန်တော်က ဟုတ်ပါသည် ဟု ပြန်ဖြေလိုက်ပါသည်။

"မစ္စတာဂျက်ဂါးက မှာသွားတယ်။ သူ့အခန်းထဲက စောင့်နေပါတဲ့၊ အမှုတစ်မှု ရှိနေလို့ တရားရုံးမှာ ဘယ်လောက်ကြာမယ်ဆိုတာ သူမပြောနိုင်ဘူးတဲ့၊ ဒါပေမဲ့ ကြာမယ်တော့ မထင်ပါဘူး။ သူက အချိန်ကို သိပ်ပြီး တန်ဖိုးထားတတ်တဲ့ လူ ဆိုတော့ အချိန်နဲ့ အလုပ်လုပ်ပြီး ပြန်လာမှာပါ"

ပြောပြောဆိုဆိုပင် စာရေးကြီးသည် တံခါးတစ်ခုကို ဖွင့်ပြီး ရုံးခန်း နောက်ဘက်ရှိ အတွင်းကျကျ အခန်းတစ်ခန်းဆီသို့ ကျွန်တော့်အား လိုက်ပို့ပေးသည်။ အခန်းထဲတွင် မျက်စိ တစ်ဖက်လပ်နှင့် လူကြီးတစ်ယောက်သည် သတင်းစာတစ်စောင်ကို ထိုင်၍ ဖတ်လျက်ရှိ၏။ သူသည် သတင်းစာဖတ်နေရင်းမှ သူ့နှာခေါင်းကို အင်္ကျီလက်ဖြင့် မကြာမကြာ ပွတ်တတ်သည်။

"ဒီမယ်... မိုက်၊ ခင်ဗျား အပြင်ဘက်က ထွက်စောင့်" ဟု စာရေးကြီး က ထိုလူကြီးအား လှမ်းပြောသည်။

ကျွန်တော်က ကျွန်တော် ရောက်လာသဖြင့် အနှောင့်အယှက် ဖြစ်သွားပါသလားဟု ပြောလိုက်ရန် ကြံစည်စိတ်ကူးနေခိုက်မှာပင် စာရေးကြီးသည် ထိုလူကြီးအား ဆွဲ၍ အပြင်သို့ ထုတ်လိုက်ပြီး သူပါ ထွက် သွားသဖြင့် အခန်းထဲ၌ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့လေသည်။

မစ္စတာဂျက်ဂါး၏ အခန်းမှာ အလင်းရောင်ဝင်ပေါက်ဟူ၍ "လသာ ပေါက်" တစ်ပေါက်သာ ရှိလေရာ မှောင်မည်းမည်း ကုပ်ချောင်းချောင်းနှင့် စိတ်ညစ်ဖွယ်ရာ ကောင်းလှ၏။ အခန်းထဲတွင်လည်း ကျွန်တော် မျှော်လင့်ထားသည့် စာရွက်စာတမ်းဟူ၍ များများ စားစား မမြင်ရပေ။ ရှေ့နေတစ်ယောက် ၏ အခန်းနှင့် လုံးဝမအပ်စပ်သော သံချေးတက်နေသည့် ပစ္စတိုတစ်လက်၊ ဓားအိမ်တွင် စွပ်ထားသည့် ဓားတစ်လက်။ အမြင်ဆန်းလှသော သေတ္တာများ နှင့် အထုပ်များ စသည့် စသည့် ပစ္စည်းများကိုသာ တွေ့မြင်နေရလေ၏။ ယင်းပစ္စည်းများ အပြင် စင်တစ်ခုပေါ်၌ ပလာစတာဖြင့် ထုလုပ်ထားသော လူခေါင်းပုံနှစ်ပုံ ရှိသေးရာ နှစ်ပုံစလုံး၏ မျက်နှာများမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် ဖူးရောင်လျက် ရှိပြီး နှာခေါင်းများမှာ တွန့်လိမ်ကောက်ကွေးနေကြသည်။ မစ္စတာဂျက်ဂါး ထိုင်သည့် နောက်မှီမြင့်မြင့် ကုလားထိုင်ကြီးမှာ အနက်ရောင် ဖြစ်၍ ဘေးပတ်ပတ်လည်တွင် ကြေးမှိုများ တန်းစီ၍ ရိုက်ထားသဖြင့် ကုလားထိုင်နှင့် မတူဘဲ ခေါင်းတစ်လုံးနှင့် တူလျက် ရှိ၏။ ကျွန်တော့် မျက်စိထဲတွင် ဤကုလားထိုင်ကြီးပေါ်၌ မှီထိုင်၍ သူ့လက်ညှိုးထိပ်ကို ကိုက်ကာ သူ့အမှုသည် များအား ကြည့်နေသော မစ္စတာဂျက်ဂါး၏ ပုံပန်းကို မြင်ယောင်လာသည်။ အခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်၍ အမှုသည်များ အနေဖြင့် နံရံကို ကျောဖြင့်မှီပြီး ကတ်ကတ်သတ်သတ် ထိုင်ကြရမည့် လက္ခဏာရှိသည်။ နံရံမှာလည်း မစ္စတာဂျက်ဂါး၏ ကုလားထိုင် နှင့် မျက်နှာချင်းဆိုင်ဖြစ်၍ အမှုသည်များ၏ ပခုံးများ နှင့် အမြဲတစေ ပွတ်တိုက်ခြင်း ခံထားရသဖြင့် ပြောင်လက်ချောမွေ့လျက် ရှိသည်။ စောစောက ကျွန်တော်ရောက်လာသဖြင့် ဘုမသိ ဘမသိ ထွက်သွားရရှာသော မျက်စိတစ်ဖက်လပ် လူကြီးမှာလည်း ဤနံရံကို ပြောင်လက်နေအောင် ပွတ်တိုက်ပေးသွားသူများ ထဲတွင် တစ်ဦးအပါအဝင် ဖြစ်ပေလိမ့် မည်ဟု တွေးလိုက်မိပါသေးသည်။

ကျွန်တော်သည် မစ္စတာဂျက်ဂါး၏ ကုလားထိုင်နှင့် မျက်နှာချင်းဆိုင်၍ ချထားသော အမှုသည် ကုလားထိုင်တွင် ဝင်ထိုင်ကာ မှုန်ကုပ်ကုပ်နိုင် လွန်းလှသော အခန်းပတ်ဝန်းကျင်တွင် စိတ်ဝင်စားနေမိသည်။ စောစောက တွေ့လိုက်ရသည့် စာရေးကြီးမှာလည်း တစ်ဖက်သား အကျိုးမဲ့ အောင် လုပ်ရာ၌ သူ့ဆရာ

မစ္စတာဂျက်ဂါးလိုပင် ကျွမ်းကျင်လိမ့်မည်ဟု စဉ်းစားမိသည်။ ဤအပေါ်ထပ် အခန်းများထဲတွင် စာရေးပေါင်း မည်မျှရှိလေမည်နည်း။ ထိုစာရေးအားလုံးသည် မိမိတို့ နှင့် ဘဝတူလူများ အပေါ် အကျိုးမဲ့အောင် ပြုရာ၌ သူမသာ ကိုယ်သာပင် ရှိကြလိမ့်မည် ထင်၏။ အခန်းထဲတွင် ရှိနေသမျှ ပစ္စည်းများတွင် သမိုင်းကြောင်းကလေးများ ရှိကြပေလိမ့်မည်။ ဤပစ္စည်းများသည် မည်သို့မည်ပုံ ဤအခန်းထဲသို့ ရောက်လာနေကြရပါသနည်း။ စင်ပေါ်တွင် မျက်နှာထူအမ်းအမ်းနှင့် ရုပ်တုများသည် မစ္စတာဂျက်ဂါး၏ ဆွေမျိုးများ၏ ပုံတူများ ဖြစ်ကြလေသလော။ အကယ်၍ ဆွေမျိုးညာတိများ ဖြစ်ခဲ့ပါမူ ဤမျှလောက် အကျည်းတန် အရုပ်ဆိုးသူများ နှင့် ဆွေမျိုးတော်စပ်ရခြင်းသည် သူ ကံမကောင်း အကြောင်းမလှခြင်းပင် ဖြစ်ပေလိမ့်မည်။ အကယ်၍ သူ့ဆွေမျိုးများ၏ ရုပ်တုများသာ ဖြစ်ခဲ့ပါမူ ဤရုပ်တုများကို သူ့အိမ်၌သာ ထားသင့်၏။ သို့ပါလျက်နှင့် ဘာကြောင့် ဖုန်အထပ်ထပ်တက်နေသော ဤစင်ပေါ်၌ တင်ကာ ယင်ကောင်များ အနားကို ခံထားရပါသနည်း။ တကယ်တော့ ကျွန်တော်သည် နွေရာသီလန်ဒန်၏ အပူဒဏ်ကို ခံဖူးသူ မဟုတ်ပါ။ အပူဒဏ်၏ ဖိစီးနှိပ်စက်မှုကို ခံရ၍လား မသိ။ ကျွန်တော့်စိတ်မှာ တက်ကြွမှု ကင်းမဲ့လာသည်။ သို့သော်လည်း ကျွန်တော်သည် မစ္စတာဂျက်ဂါး၏ အခန်းထဲတွင် ကုလား ထိုင်နောက်ဘက်ရှိ စင်မြင့်ပေါ်မှ ရုပ်တုနှစ်ခု၏ မျက်နှာကို မြင်နေရသည်မှာ သည်းမခံ နိုင်လောက်အောင် ဖြစ်လာသဖြင့် ထိုင်ရာမှ ထကာ အပြင်သို့ ထွက်လာခဲ့မိပါသည်။

ကျွန်တော်က စာရေးကြီးအား ခဏတစ်ဖြုတ် အပြင်ထွက်၍ လမ်းလျှောက်ဦးမည်ဟု ပြောသောအခါ စမစ်သ်ဖီးလ်ဈေးထဲသို့ သွားလည်ရန် အကြံပေးသည်။ ထို့ကြောင့် ကျွန်တော် စမစ်သ်ဖီးလ်ဈေးထဲသို့ ရောက်သွားပါသည်။ အလွန်ပုပ်ဟောင်နံစော်ပြီး အလွန်ညစ်ပတ်သော အမှိုက်သရိုက် အညစ်အကြေးများ ထူထပ်သည့် နေရာတစ်နေရာလည်း ဖြစ်ပါ၏။ ရှက်စရာ ကောင်းသည့် နေရာတစ်နေရာ ဖြစ်ပါသည်။ အနံ့အသက်များသည် ကျွန်တော့်တစ်ကိုယ်လုံးကို လာရောက်ကပ်ငြိနေသည် ဟုပင် ထင်မိသည်။ ကျွန်တော်သည် ဈေးထဲ၌ ကြာကြာမနေတော့ဘဲ အမြန်ဆုံး ထွက်လာခဲ့သည်။ ဈေးအပြင်ရောက်၍ လမ်းတစ်လမ်းထဲသို့ ချိုးဝင်မိသောအခါ စိန့်ပေါလ် ဘုရားရှိခိုးကျောင်းကြီး၏ နောက်ဘက်တွင် ကြောက်မက်ဖွယ် ကောင်းလောက်အောင် မည်းနက် နေသော အဆောက်အအုံကြီးတစ်ခုရှိရာ လမ်းသွားလမ်းလာတစ်ဦး၏ ပြောပြချက်အရ ထိုအဆောက်အအုံကြီးမှာ နယူးဂိတ်ထောင်ကြီး ဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်သည် ထောင်နံရံ အုတ်တံတိုင်းကြီးဘေးအတိုင်း လျှောက်လာခဲ့ရာ ကားအသွားအလာ ဆူဆူညံညံ အသံများ ကျယ်လောင်စွာ ထွက်မလာစေရန်အတွက် ကောက်ရိုးများ အထပ်ထပ် ခင်းထားသော လမ်းမကြီးကို တွေ့ရသည်။ ဆူဆူညံညံ အသံများ မရှိအောင် ယခုကဲ့သို့ ပြုလုပ်ထားခြင်းနှင့် ဤအနီးအနားတစ်ဝိုက်တွင် တောအရက်နံ့ နှင့် ဘီယာနံ့များ တထောင်းထောင်း

ထွက်နေသည့် လူအများ ရပ်နေကြခြင်း စသည် များကို ကြည့်၍ ဤပတ်ဝန်းကျင်ရှိ တစ်နေရာရာတွင် အမှုများ ကြားနာစစ်ဆေးနေလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းမိပါသည်။

ထိုအနီးအနားတစ်ဝိုက်တွင် ကျွန်တော် လျှောက်ကြည့်နေခိုက် အလွန်ညစ်ပတ်ပေရေပြီး အနည်းငယ် အရက်မူးနေသော "တရားဥပဒေ ထိန်းသိမ်းရေးဝန်ကြီး[3]" က ကျွန်တော့်အား အမှုတစ်မှု စစ် ဆေးကြားနာနေသည်ကို နားထောင်လိုပါသလားဟု မေးသည်။ အကယ်၍ နားထောင်လိုသည် ဆိုပါက ကရောင်းငွေ ဒင်္ဂါး ပြားဝက်[4] ပေးလျှင် ရှေ့ဆုံးမှ နေရာ တစ်နေရာရအောင် လုပ်ပေးနိုင်သည် ဟုပြောသည်။ ရှေ့ဆုံးမှသာ ထိုင်၍ ကြည့်ရလျှင် ဝတ်ရုံကြီးများ ဝတ်ထားသော တရားဝန်ကြီးချုပ်ကို ကောင်းကောင်း မြင်နိုင်သည် ဟုလည်း ဆိုသည်။ ခပ်စောစောကပင် အရုပ်ခပ်ဆိုးဆိုး ဖယောင်းရုပ်တု နှင့် တူသော လူကြီးလူကောင်း တစ်ဦးက ဆယ့်ရှစ်ပဲနိ နှင့် ပေးဖို့ ဈေးဆစ်နေသဖြင့် သူ မရောင်းခဲ့ ဟုလည်း ပြောသည်။

ကျွန်တော်က လူတစ်ယောက်နှင့် တွေ့ရန် ချိန်းထားသဖြင့် ကြည့်ဖို့ အချိန်မရကြောင်း ပြန်ပြောသည့်အခါ သူက ဝင်းကြီးတစ်ခုထဲသို့ ခေါ်သွားပြီး ရာဇဝတ်ကောင်များကို ကြိုးပေးသည့် ကြိုးစင်ကို ပြသည်။ ရာဇဝတ်သားများအား လူမြင်ကွင်းတွင် ကြိမ်ဒဏ်ရိုက်သည့် နေရာကိုပါ လိုက်ပြသည်။ ထို့နောက် 'ကြိုးတိုက်' ကို ပြသည်။ သေဒဏ်အပြစ် ပေးခံရသူများသည် ထိုကြိုးတိုက် အတွင်းမှ ထွက်၍ ကြိုးပေးပြီး အသတ်ခံရကြရခြင်း ဖြစ်သည်ဟု ရှင်းပြသည်။ ကျွန်တော် စိတ်ဝင်စားလာစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် သန်ဘက်ခါ မနက်ရှစ်နာရီတွင် 'သေ ဒဏ်အပြစ်ပေးခံရသူများ ထဲမှ လေးဦး' ကို ဤတံခါးမှ ထုတ်ကာ တစ်ပြိုင်နက်တည်း ကြိုးပေးလိမ့်မည် ဟုလည်း ပြောပြသေးသည်။ သူပြောသမျှပြသမျှ အားလုံးမှာ ကြောက်မက်ဖွယ် ကောင်းလှသည်။ လန်ဒန်မြို့ပေါ်တွင် ရွံရှာစက်ဆုပ်သော စိတ်လည်း ဖြစ်လာမိသည်။ ဤကဲ့သို့သော အခြေအနေမျိုးနှင့် ရင်ဆိုင်လာရသော ကျွန်တော်သည် သူ့အနီးမှ မြန်မြန်ခွာမှ ကောင်းမည်ဟု သဘောပေါက်လာသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့အား ၂ သျှီလင် ပြားတစ်ပြား ထုတ်ပေးကာ သူ့အနားမှ လစ်လာခဲ့ပါသည်။

ကျွန်တော်သည် ရုံးဘက်သို့ ပြန်၍ မစ္စတာဂျက်ဂါး ရောက်မရောက် ကြည့်သည်။ ယခုအချိန်အထိ ပြန်မရောက်သေးပါ။ ရုံးထဲမှ နောက်တစ်ကြိမ် ပြန်ထွက်လာခဲ့သည်။ ယခုတစ်ခေါက်တွင် လစ်တစ်လ်ဘရိတိတ်လမ်းထဲသို့ ကျွန်တော် လျှောက်ကြည့်သည်။ သွားရင်းလာရင်းနှင့်ပင် ဘာသိုလိုမြူး ဘုရားရှိခိုးကျောင်းဝင်းကြီးထဲ ရောက်သွားသည်။ ဤနေရာ ရောက်ခါမှပင် ကျွန်တော့်လို မစ္စတာဂျက်ဂါးအား စောင့်နေသူများ ရှိနေသေးသည်ကို

သတိထားမိလာပါသည်။ ကျောင်းဝင်းထဲသို့ လာ၍ အချိန်ဖြုန်းနေဟန် တူသော လူနှစ်ယောက်ရှိရာ တစ်ယောက်က "လုပ်စရာရှိသမျှကို ဂျက်ဂါး လုပ်သွားပါလိမ့်မယ်၊ မပူပါနဲ့ " ဟု ပြောသံကို ကျွန်တော် ကြားလိုက်ရသည်။ ကျောင်းဝင်းထောင့် တစ်ထောင့်တွင် မူ ယောကျ်ားသုံးယောက်နှင့် မိန်းမနှစ်ယောက် ရပ်နေကြသည်။ မိန်းမနှစ်ယောက်အနက် တစ်ယောက်သည် သူ၏ ညစ်ပတ်ပေရေနေသော တဘက်ဖြင့် မျက်နှာကိုအုပ်ကာ ငိုလျက် ရှိ၏။ ကျန်တစ်ယောက်က "သူ့အတွက် ဂျက်ဂါးက လုပ်ပေးသွားမှာပါ အေမီလီယာရယ်၊ ညည်းအနေနဲ့ ဒီထက်ပိုပြီး ဘာတတ်နိုင်ဦးမှာလဲ" ဟု နှစ်သိမ့်စကား ပြောလျက်ရှိသည်။ ထိုအခိုက်တွင် မျက်လုံးနီနီနှင့် အသက်ခပ်ငယ်ငယ် ဂျူးတစ်ယောက်သည် သူနှင့် သက်တူရွယ်တူခန့်ရှိသော အခြား ဂျူးတစ်ယောက်နှင့် တွဲ၍ ကျောင်းဝင်းထဲသို့ ဝင်လာသည်။ သူသည် သူ့အဖော် ဂျူးအား မှာစရာရှိသည် များကို မှာပြီး ဂျက်ဂါးထံသို့ လွှတ်နေသည်။ သူ့အဖော် ထွက်သွားသောအခါ သူသည် ခေတ်မီးတိုင်ကိုမှီကာ သောကအကြီးအကျယ် ရောက်နေသည့် လက္ခဏာကို ဖော်ပြလျက် ရှိ၏။ နှုတ်မှလည်း "အို. .. ဂျက်ဂါး... ဂျက်ဂါး...။ ဂျက်ဂါးကိုသာ ငှားလို့ ရအောင် စောင်မတော်မူပါ" ဟု ရေရွတ်လျက်ရှိသည်။ ဤအခြင်းအရာများသည် ကျွန်တော့်အုပ်ထိန်းသူ၏ ထင်ရှား ကျော်ကြားမှုများကို ဖော်ပြနေခြင်းပင် ဖြစ်ရာ ကျွန်တော့်အနေဖြင့် မစ္စတာဂျက်ဂါး၏ အပေါ်တွင် ယခင်ကထက်ပို၍ အံ့သြခြင်းနှင့် အထင်အမြင်ကြီးခြင်း ဖြစ်လာခဲ့ရလေသည်။

ကျွန်တော်သည် ဘာသိုလိုမြို့ ကျောင်းဝင်းအတွင်းမှ နေ၍ လစ်တစ်လ်ဘရိတန် လမ်းပေါ်သို့ လှမ်းမျှော်ကြည့်နေသည် ဖြစ်ရာ နောက်ဆုံးတွင် လမ်းမကို ဖြတ်ပြီး ကျွန်တော့်ဘက်သို့ လျှောက်လာနေသော မစ္စတာ ဂျက်ဂါးကို မြင်တွေ့ရလေတော့သည်။ သူ့အား စောင့်မျှော်နေကြသည့် အခြားလူစုများမှာလည်း ကျွန်တော်နှင့် တစ်ပြိုင်နက်တည်း မြင်တွေ့သွားကြသည် ဖြစ်ရာ အားလုံးပင် သူ့ဆီသို့ အပြေးအလွှား သွားကြသည်။ မစ္စတာဂျက်ဂါးသည် ကျွန်တော့်ပခုံးထက်သို့ လက်တစ်ဖက်လှမ်းတင်ကာ ကျွန်တော်နှင့် အတူ တွဲ၍ လျှောက်လာနေရင်းမှ သူ့နောက် တကောက်ကောက် လိုက်လာနေသူများအား စကားပြောလာသည်။

ပထမဦးစွာ သူသည် ကျွန်တော် ကျောင်းဝင်းထဲ ရောက်ရောက်ချင်း ဆုံမိခဲ့သည့် လူနှစ်ယောက်ကို စကားစပြောသည်။

"ငါ မင်းတို့ ကို ပြောစရာ ဘာမှ မရှိဘူးဟေ့" မစ္စတာဂျက်ဂါးက သူ တို့ နှစ်ယောက်ကို လက်ညှိုးထိုး၍ ပြောသည်။ "ငါ့အနေနဲ့ ငါ သိသင့်သိ ထိုက်တာထက်ပိုပြီး မသိချင်ဘူး၊ အမှုက ထွက်လာမယ့် အဖြေကတော့ မရေရာဘူး၊ မျှောက်ပန်းလှန်သလို နေမှာပဲ၊ အစကတည်းက ငါ ဒီအတိုင်းပဲ ပြောခဲ့တာ မင်းတို့ သိတယ် မဟုတ်လား၊ ဒါနဲ့ ... စာရေးကြီးဝင်းမစ်ကို ရှေ့နေခ ပေးခဲ့ပြီးပြီလား"

"ကနေ့မနက်ပဲ ပေးခဲ့ပြီးပါပြီ ခင်ဗျာ" ဟု တစ်ဦးကရိုသေကျိုးနွံစွာဖြင့် အဖြေပေးသည်။ တစ်ဦးကတော့ မစ္စတာဂျက်ဂါး၏ မျက်နှာကို စေ့စေ့ကြီး စိုက်ကြည့်လျက် ရှိလေသည်။

"ငါ မင်းတို့ကို ဘယ်တုန်းက ပေးသလဲ၊ ဘယ်နေရာမှာ ပေးသလဲ ပေးပြီးပြီလား မပေးရသေးဘူးလားလို့ မေးနေတာ မဟုတ်ဘူး၊ ဝင်းမစ် လက်ထဲ ငွေရောက်သွားပြီလား"

"ရောက်သွားပါပြီ... ခင်ဗျား" ဟု နှစ်ဦးစလုံးက တစ်ပြိုင်တည်းပြောသည်။

"အေး... ဒါဆိုရင် ပြီးတာပဲ၊ ကဲ... သွားကြတော့၊ တစ်ခုတော့ ပြော လိုက်မယ်ကွ...။ နော်။ မင်းတို့ ငါ့ကို စကားတစ်လုံးသာ ဆက်ပြောရင် ငါအမှုကို မလိုက်ပေးတော့ဘူး၊ ဒါပဲ" မစ္စတာဂျက်ဂါးက လက်တယမ်း ယမ်းဖြင့် လှမ်းပြောသည်။

"ဒီလိုပါ မစ္စတာဂျက်ဂါးရယ်၊ ကျွန်တော်တို့ တွေးတာက.." တစ်ဦး က သူ့ဦးထုပ်ကို ချွတ်ကာ စကားထပ်ပြောဖို့ အစပျိုးသည်။

"အေး... အဲဒါပေါ့ကွ၊ မင်းတို့ကို မလုပ်ဖို့ ငါ ပြောပြောနေတာ" တစ်ဖက်လူ စကားမဆုံးမီ မစ္စတာဂျက်ဂါးက ကြားဖြတ်ပြောသည်။ "မင်းတို့က တွေးတယ်မဟုတ်လား၊ အဲဒါ မင်းတို့ အလုပ် မဟုတ်ဘူး ကွ၊ သိလား၊ မင်းတို့အတွက် ငါက တွေးပေးနေပြီ၊ ဒါဆို လုံလောက်ရောပေါ့၊ ငါ မင်းတို့ကို တွေ့ချင်ရင် ဘယ်မှာ ရှာရမယ်ဆိုတာ သိတယ်။ မင်းတို့ က ငါ့ကို ရှာစရာ မလိုဘူး၊ ငါ့ကို ဘာမှ ထပ်မပြောနဲ့တော့၊ ငါ နားမထောင်ချင်ဘူး"

မစ္စတာဂျက်ဂါးက သူတို့အား လက်ယမ်းပြနေခိုက်တွင် လူနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ထို့နောက် နှစ်ယောက်သား ငြိမ်ငြိမ်ကုပ်ကုပ် ထွက်ခွာသွားကြသည်။

"ကဲ... အမျိုးသမီး" မစ္စတာဂျက်ဂါးက ဖျတ်ခနဲ ရပ်လိုက်ပြီး တဘက်ကလေးများ ကိုယ်စီခြုံထားသော အမျိုးသမီးနှစ်ဦးဘက်သို့ လှည့်ကြည့်လိုက်သည်။ အမျိုးသမီးနှစ်ဦး အနီး၌ ရပ်နေကြသော ယောကျ်ားသုံးဦးသည် အလိုက်သိစွာ ရှောင်သွားကြ၏။ "နာမည် ဘာတဲ့၊ အို... ဟုတ်ပြီ၊ အေမီလီယာ၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မစ္စတာဂျက်ဂါး"

"အေး... နင်တို့ မှတ်မိကြရဲ့လား" ဟု မစ္စတာဂျက်ဂါးက လေသံခပ် ဆတ်ဆတ်ဖြင့် ပြောသည်။ "ငါ ပြောထားတယ်လေ။ ဒီကို မလာရဘူးလို့ "

"ဟုတ်ကဲ့... မှတ်မိပါတယ်" ဟု အမျိုးသမီးနှစ်ဦးစလုံးက သံပြိုင်ပြန်ပြောသည်။ "ကျွန်မတို့ သိလည်း သိပါတယ်"

"ဒါဆိုရင် ဘာလို့ လာတာလဲ"

"ကျွန်မယောက်ျား ဘစ်လ်အတွက်..." ငိုနေသော အမျိုးသမီးက တောင်းပန်သံဖြင့် ပြောသည်။

"ကဲ... ငါပြောမယ်၊ နားထောင်။ တစ်ခါတည်း သိသွားအောင် ပြောပြလိုက်မယ် ကြားလား။ နင့်ယောက်ျား ဘစ်လ်ဟာ အင်မတန်မှ လိမ္မာပါးနပ်တဲ့ ငါ့လက်ထဲမှာ ရောက်နေပြီ။ အဲဒါကို နားမလည်ဘဲနဲ့ ဘစ်လ်အတွက် စိတ်ပူလို့ ဆိုပြီး ခဏခဏ လာနေရင် သူ့ကို ငါ့လက်ထဲက လွှတ်ပေးလိုက်တော့မယ်။ ကြားလား။ ရှေ့နေခကော ဝင်းမစ်ကို ပေးခဲ့ပြီလား"

"အို... ပေးခဲ့ပြီးပါပြီ။ တစ်ပြားမှ မကျန်တော့ပါဘူး"

"အေး.. ကောင်းပြီ။ ဒါဆိုရင် နင်တို့ လုပ်သင့်လုပ်ထိုက်တာ အကုန်လုပ်ပြီးပြီ နောက်ထပ်စကားမပြောနဲ့။ စကားတစ်လုံးလောက် ပြောတာနဲ့ ဝင်းမစ်က နင်တို့ ပေးထားတဲ့ ရှေ့နေခအားလုံး ပြန်ပေးလိုက်လိမ့်မယ်"

ကြောက်စရာကောင်းသည့် ဤခြောက်လှန့်စကားကြောင့် အမျိုးသမီးနှစ်ဦးသည် ခပ်သုတ်သုတ် ထွက်သွားကြသည်။ ယခုအချိန်တွင် မူ အလွန်အမင်း စိတ်လှုပ်ရှားလျက်ရှိသော ဂျူးတစ်ယောက်မှ လွဲ၍ တခြားမည်သူမှ မရှိတော့ပါ။ ဂျူးသည် မစ္စတာဂျက်ဂါး၏ ကုတ်အင်္ကျီကလနားစကို သူ့လက်နှစ်ဖက်ဖြင့် မ,၍ သူ့နှုတ်ခမ်းဖြင့် အကြိမ်ကြိမ်အထပ်ထပ် ထိလျက်ရှိလေသည်။

"ငါ ဒီအကောင်ကို မသိပါဘူး၊ ဘယ်နှယ့်ဟာလဲ" မစ္စတာဂျက်ဂါးသည် ခပ်တွန့်တွန့် အမူအရာဖြင့် ပြောသည်။ "ဒီအကောင် ဘာများ လိုချင် လို့တုံး"

"မစ္စတာဂျက်ဂါးခင်ဗျား"

"ဒီအကောင် ဘယ်သူလဲဟ" ဟု မစ္စတာဂျက်ဂါးက ရေရွတ်သည်။ "အင်္ကျီစကို လွှတ်စမ်း။ ဟေ့ကောင်"

ဂျူးကမူ မစ္စတာဂျက်ဂါး၏ မေးခွန်းကို မဖြေသေးဘဲ အင်္ကျီကလနားစကို ဆွဲကာ သူ နှုတ်ခမ်းများ နှင့် ထပ်တလဲလဲ ထိလျက်ရှိသည်။

"မင်း သိပ်နောက်ကျသွားပြီကွ၊ ငါ ပြန်တော့မလို့ "

"အဘ အေဘာရာဟမ်၊ ကယ်တော်မူပါ" ဟု ဂျူး၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်လာသည်။ "ဒီလိုတော့ မလုပ်လိုက်ပါနဲ့ ခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ် မစ္စတာဂျက်ဂါးရယ်"

"မရတော့ဘူးကွ၊ ကဲကွာ... ဖယ်စမ်း"

"မစ္စတာ ဂျက်ဂါး ခင်ဗျာ၊ ခဏလောက် ဆိုင်းပါဦး၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် မစ္စတာဂျက်ဂါးကို ငှားဖို့ လူတစ်ယောက် လွှတ်ထားပါတယ်"

မစ္စတာဂျက်ဂါးကတော့ ဂျူးပြောနေသမျှကို လုံးဝဂရုမစိုက်တော့ဘဲ သူ့အင်္ကျီစကို လွှတ်အောင် တအားဆောင့်၍ ရုန်းလိုက်ရာ ဂျူးခမျာ ပလက်ဖောင်းပေါ်တွင် ချာလပတ်လည်၍ ကျန်ခဲ့ပါသည်။ နောက်ထပ် အနှောင့်အယှက်နှင့် မကြုံရတော့ဘဲ ကျွန်တော်တို့ နှစ်ယောက် မစ္စတာဂျက်ဂါး၏ ရုံးသို့ ပြန်ရောက်သွားကြသည်။ ရုံးရှေ့ခန်းထဲတွင် စာရေးကြီး ဝင်းမစ်နှင့် ကျွန်တော် စောစောက တွေ့ခဲ့ဖူးသော လူကြီး ထိုင်နေသည် ကို တွေ့ရပါသည်။

"မိုက်... ရောက်နေပါပြီ" ဟု ပြောကာ စာရေးကြီးက ထိုင်ရာမှ ထလာသည်။

မစ္စတာဂျက်ဂါးသည် သူ့ငယ်ထိပ်မှ ဆံပင်များကို ဆုပ်ဆွဲနေသော လူကြီးဘက်သို့ လှည့်ကြည့်သည်။ "မင့်လူက ကနေ့ နေ့ခင်း လာမယ်ဆို၊ ဘယ်လိုလဲ" ဟု မေးသည်။

"ဒီလိုရှိပါတယ် မစ္စတာဂျက်ဂါး ခင်ဗျား" ဟု မိုက်က ပြောသည်။ သူ့အသံမှာ အအေးမိထားသည့် လူတစ်ယောက်၏ လေသံမျိုး ဖြစ်၏။ "ရှာ ရတာ အတော့်ကို ဒုက္ခရောက်ပါတယ်။ နောက်ဆုံးမှာ ဖြစ်နိုင်မယ့် လူတစ်ယောက် ရှိလို့ ရပါတယ်"

"သူက ဘာကို ကျမ်းကိုင်ပြီး ထွက်မှာတဲ့လဲ"

"ဒါက ဒီလိုပါ... မစ္စတာဂျက်ဂါး" ဟု မိုက်က ပြောကာ သူ့လက်ထဲတွင် ကိုင်ထားသည့် ဦးထုပ်ဖြင့် သူ့နှာခေါင်းကို တစ်ချက်မျှ သုတ်လိုက်သည်။ "အကြမ်းသဘောမျိုး ပြောရရင်"

မစ္စတာဂျက်ဂါးသည် စိတ်မရှည်တော့ဘဲ ဖြစ်လာသည်။ "ငါ မင့်ကို အလျင်ကတည်းက သတိပေးထားခဲ့တယ်" ဟု မစ္စတာဂျက်ဂါးက ထိတ်လန့်နေသော သူ့အမူသည် ကို လက်ညှိုးဖြင့် ငေါက်ငေါက်ထိုး၍ ပြောသည်။ "မင်းအနေနဲ့ ဒီစကားမျိုး ပြောလာရင် ငါက ဆုံးမရလိမ့်မယ်။ ငါ့ လိုကောင်ကို

ဒီစကားမျိုးသုံးပြီး ပြောရဲတာများ အံ့ရောကွာ၊ အတော် လာတဲ့ ကောင်ပဲ"

မစ္စတာဂျက်ဂါး၏ အမူသည် မိုက်သည် ထိတ်လန့်ကြောက်ရွံ့ နေပုံ ရ၏။ စဉ်းစားရ ခက်နေပုံလည်း ပေါ်သည်။ မစ္စတာဂျက်ဂါး စိတ်ဆိုးအောင် သူ ဘာလုပ်မိသည် ကို သူ့ကိုယ်သူ သိဟန်လည်း မတူပေ။

"သောက်အ" စာရေးကြီး ဝင်းမစ်က အမူသည် အနီးသို့ ကပ်သွားပြီး တံတောင်နှင့် တစ်ချက်ထွက်ကာ ခပ်တိုးတိုးလေသံဖြင့် ကြိမ်းသည်။ " ခေါင်းကို အေးအေးထားပြီး ပြောမှပေါ့ဟ"

"ကဲ... ဟေ့ကောင် ငတုံး၊ ငါ မင့်ကို ထပ်မေးမယ်" ဟု မစ္စတာဂျက်ဂါးက အလွန်တင်းမာသော လေသံဖြင့် ပြောသည်။ "အခု တစ်ကြိမ် မေးတာဟာ နောက်ဆုံး မေးခြင်းပဲ၊ မင်း အခုခေါ်လာတဲ့ လူ က ကျမ်းကျိန်ပြီး ဘာကို ပြောမှာတဲ့လဲ"

မိုက်သည် ကျွန်တော်၏ အုပ်ထိန်းသူ မစ္စတာဂျက်ဂါး၏ မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ သူ့အနေဖြင့် မစ္စတာဂျက်ဂါး၏ မျက်နှာရိပ်မျက်နှာကဲကို ဖမ်းရန် အားထုတ်နေသည့် ပုံမျိုး ဖြစ်၏။ အတန်ကြာမှ ခပ်ဖြည်းဖြည်းချင်း ပြန်ဖြေသည်။ "အကျင့်စာရိတ္တကောင်းကြောင်းရယ်၊ သူနဲ့ ခင်မင်တဲ့ အကြောင်းရယ်၊ ပြီးတော့ အမှုဖြစ်တဲ့ ညက သူနဲ့ အတူတူ ရှိနေကြောင်းရယ် ပြောပါလိမ့်မယ်"

"ဒါဆိုရင် ဟုတ်ပြီ၊ သတိတော့ထားပြီး ပြောမှ ဖြစ်မယ်။ ဒီလူက ဘယ်လို အဆင့်အတန်းမျိုးလဲ"

မိုက်သည် သူ့လက်ထဲမှ ဦးထုပ်ကို ငုံ့ကြည့်သည်။ ပြီးတော့ မျက်နှာကြက်ကို မော့ကြည့်လိုက်ပြီး စာရေးကြီး၏ မျက်နှာကို ကြည့်သည်။ ထို့နောက် ကျွန်တော့်အား လှမ်းကြည့်သည်။ မစ္စတာဂျက်ဂါး၏ မေးခွန်းကို မဖြေမီ စိတ်လှုပ်ရှားနေသည့် ပုံမျိုး။ "သူ့ကို ကျွန်တော်တို့ က လူကြီးလူကောင်းတစ်ယောက်လို ဝတ်စားပေးပြီး..." သူ့စကားမဆုံးမီ မစ္စတာဂျက်ဂါးက ဒေါသတကြီးဖြင့် အော်သည်။ "ဘာ...ကွ။ မင်းက အဲသလိုလုပ်မယ် ဟုတ်လား"

"လုပ်ပြန်ပြီ။ သောက်အ" ဟု စာရေးကြီးဝင်းမစ်က ရေရွတ်ပြီး တံတောင်နှင့် နောက်တစ်ကြိမ် တွက်ပြန်သည်။

ဘာဆက်ပြောရမှန်း မသိသော မိုက်သည် ငေးတိငေးကြောင်ဖြင့် ကြည့်နေသည်။ ခဏကြာမှ သူ့မျက်နှာသည် ရွှင်ရွှင်လန်းလန်း ပြန်ဖြစ် လာပြီး

ဖြေသည်။

"သူက ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်လို ဝတ်စားလာပါလိမ့်မယ်။ မုန့်သည် လို ပုံစံမျိုး လုပ်လာမှာပါ"

"သူ အခု ဒီကိုပါလာသလား" ဟု မစ္စတာဂျက်ဂါးက မေးသည်။ "ကျွန်တော် သူ့ကို ထားခဲ့တယ်" ဟု မိုက်က ဖြေသည်။ "ဟိုထောင့် တံခါး နားမှာထားခဲ့တာ"

"သူ့ကို ပြတင်းပေါက်က လှမ်းကြည့်ရင် မြင်နိုင်အောင် လျှောက်ခိုင်းချေ။ ငါ သူ့ကို ကြည့်ချင်တယ်"

မစ္စတာဂျက်ဂါးက ပြောပြောဆိုဆို ရုံးခန်း ပြတင်းပေါက်ကို လက်ညှိုးထိုးပြသည်။ ကျွန်တော်တို့ သုံးယောက်သည် ပြတင်းပေါက်အနီးသို့ လျှောက်သွားကာ အပြင်သို့ လှမ်းကြည့် နေကြ၏။ မိုက်သည် လူတစ်ယောက်နှင့် တွဲ၍ လျှောက်လာလျက် ရှိသည်။ သူ့အဖော်မျက်နှာထားမှာ ရက်စက်ကြမ်းကြုတ်မည့် အသွင် ရှိ၏။ အရပ် ရှည်ရှည် လူပုံခပ်ကြမ်းကြမ်း ဖြစ်သည်။ ရုပ်လက္ခဏာမှာ မုန့်သည် ပုံစံ မျိုး မပေါက်ပေ။

"သူ့သက်သေကို အခုချက်ချင်း ပြန်ခေါ်သွားလို့ ပြောလိုက်" ဟု မစ္စတာဂျက်ဂါးက သူ့စာရေး အား လှမ်းပြောသည်။ "ဘယ်လိုရည်ရွယ်ချက် နဲ့ ဒီလိုကောင်မျိုး ခေါ်လာရလဲလို့ မေးကြည့် လိုက်စမ်းကွာ"

ထို့နောက် မစ္စတာဂျက်ဂါးသည် ကျွန်တော့်အား သူ့အခန်းထဲသို့ ခေါ်သွားသည်။ သူသည် အသားညှပ်ပေါင်မုန့်များ ထည့်လာသည့်ဘူးနှင့် ရှယ်ရီထည့်လာသည့် အိတ်ဆောင် ခွတ်ဘူးကလေးကို ထုတ်ကာ နေ့လယ်စာကို မတ်တတ်ရပ်၍ပင် စားသောက်နေသည်။ သူစားသောက်နေပုံမှာ သူ့ပေါင်မုန့်ကိုပင် နိုင်လိုမင်းထက် ပြုလိုသည့် သဘောရှိသည်။ သူသည် နေ့လယ်စာကို စားနေရင်းက ကျွန်တော့်အတွက် သူလုပ်ထားသည့် အစီအစဉ်များကို ပြောပြသည်။ သူ့အစီအစဉ်အရ ကျွန်တော်သည် မစ္စတာပေါ့ကက် (အငယ်) နေထိုင်ရာ "ဘားနတ်အင်းဟိုတယ်" သို့ သွားရမည်။ ဟိုတယ်တွင် ကျွန်တော့်အတွက် နေရာထိုင်ခင်း စီစဉ်ထားပြီးဖြစ်၍ မစ္စတာပေါ့ကက် (အငယ်) နှင့် တနင်္လာနေ့အထိ ထို ဟိုတယ်တွင် အတူနေရမည် ဖြစ်၏။

တနင်္လာနေ့တွင် မူ မစ္စတာပေါ့ကက် (အငယ်) နှင့် အတူ သူ့အဖေ မစ္စတာပေါ့ကက်ကြီး အိမ်သို့ အလည်လိုက်သွားပြီး ထိုလူကြီးအား ကျွန်တော့်ဆရာအဖြစ် ငှားရန် သဘောကျ မကျ ကြည့်ရမည် ဖြစ်၏။ ထို့ပြင်လည်း မစ္စတာဂျက်ဂါးက ကျွန်တော့်အတွက် လစဉ်အသုံးစရိတ် ငွေမည်မျှကို ပြောပြပြီး သူ့စားပွဲ အံဆွဲထဲမှ ငွေထုတ်ပေးသည်။ လစဉ်ပေးသွား မည့် အသုံးစရိတ်ငွေမှာ

ကိုယ်ကြိုက်သလို သုံးနိုင်ခွင့် ရှိပြီး လုံလုံလောက်လောက် ရှိသည် ဟု ဆိုနိုင်၏။

ထို့နောက် အဝတ်အစားမှ အစ ကျွန်တော်လိုအပ်သမျှ ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ဆိုင်လိပ်စာများ ပေးသည်။ "မင့်အတွက် လစဉ် ပေးထားတဲ့ ငွေဟာ လုံလောက်လိမ့်မယ်လို့ ထင်တယ် မစ္စတာပစ်ပ်" ဟုမစ္စတာဂျက်ဂါးက ရှယ်ရီခွက်ဘူးကို ဖွင့်၍ မေ့နေရင်းက ပြောသည်။ ရှယ်ရီကို သောက်လိုက်ရသဖြင့် သူ့မှာ လန်းဆန်းသွားပုံ ရသော်လည်း သူ့ရှယ်ရီနံ့မှာ အရက်စည်နံ့ ထွက်နေပါသည်။

"ဒါပေမဲ့ ငါ့အနေနဲ့ မင်းသုံးစွဲပုံကိုတော့ လိုအပ်တဲ့ အခါမှာ စစ်ဆေး ရလိမ့်မယ်၊ တကယ်လို့ မင်းဟာ ရတာထက် ပိုပြီး သုံးစွဲနေတဲ့ အခြေအနေမျိုးတွေ့ရင်တော့ မင်းရဲ့ အသုံးအစွဲကို ထိန်းပေး ရလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် တစ်နည်းမဟုတ် တစ်နည်းနည်းတော့ ငွေကြေးသုံးစွဲမှုနဲ့ ပတ်သက်ပြီး အမှားလုပ်မိမှာပဲ၊ အဲဒါမျိုး ဖြစ်လာရင်တော့ ငါ့အပြစ် မဟုတ်ဘူး။ ငါ့မှာ တာဝန်မရှိဘူး၊ ဒါပဲ"

အားရှိဖွယ်ကောင်းလှသည့် သူ့စကားကို ကြားရသောအခါ ကျွန်တော်သည် အတန်ကြာမျှ ငိုင်၍ စဉ်းစားနေမိပါသေးသည်။ ထို့နောက် ဘားနတ်တည်းခိုရိပ်သာသို့ သွားဖို့ အတွက် မြင်းရထားတစ်စီး ငှားရမည်လားဟု ကျွန်တော်က မေးသည်။ တည်းခိုရိပ်သာမှာ သူ့ရုံးခန်းနှင့် အလွန်နီးသဖြင့် ငှားဖို့ မလိုကြောင်း၊ ဝင်းမစ်က လိုက်ပို့ပေးလိမ့်မည်ဖြစ်ကြောင်း မစ္စတာဂျက်ဂါးက ပြောလေသည်။

ဝင်းမစ်မှာ ရှေ့ဘက်မျက်နှာစာရှိ ရုံးခန်းတွင် တာဝန်ယူရသည့် စာရေး ဖြစ်၏။ သူ အပြင်သွားစရာရှိသဖြင့် အပေါ်ထပ်မှ စာရေးတစ်ယောက် ဆင်းလာပြီး သူ့နေရာကို တာဝန်ယူသည်။ ကျွန်တော်သည် မစ္စတာ ဂျက်ဂါးအား လက်ဆွဲနှုတ်ဆက်ပြီး ဝင်းမစ်နှင့် အတူ ထွက်လာခဲ့သည်။

အပြင်တံခါးဝမှ ရပ်၍ တမျှော်မျှော်လုပ်နေကြသော လူတစ်စုကို တွေ့ရပြန်၏။ သို့သော်လည်း ဝင်းမစ်က သူတို့ ကြားမှ ဖြတ်လျှောက်ရင်း "ခင်ဗျားတို့ စောင့်မနေကြနဲ့တော့။ အပိုပဲ။ သူ ဘယ်သူ့ကိုမှ လက်ခံပြီး စကားပြောမှာ မဟုတ်တော့ဘူး" ဟု လှမ်းပြောသည်။

ကျွန်တော်တို့သည် သူတို့ လူစုကြားမှ အလွယ်တကူပင် ဖြတ်ထွက် လာနိုင်ခဲ့ကြသည်။ လူအုပ်အပြင်သို့ ရောက်သည့်အခါ နှစ်ယောက်သား အတူတွဲပြီး ဘေးချင်းယှဉ်၍ လျှောက်လာ ခဲ့ကြလေ၏။

****

နှစ်ယောက်သား အတူတူတွဲ၍ လျှောက်လာနေခိုက်တွင် ကျွန်တော့် မျက်လုံးများသည် မစ္စတာဝင်းမစ်၏ ကိုယ်ပေါ်မှ ခွာမရဘဲ ဖြစ်လျက် ရှိသည်။ နေ့၏ အလင်းရောင်အောက်တွင် ဤလူ၏ ပုံပန်းသည် မည်သို့ရှိ လေမည်နည်းဟူသော စိတ်ဝင်စားမှုကြောင့် ဤမျှလောက်အထိ ဂရုတစိုက် ကြည့်နေမိခြင်း ဖြစ်ပါသည်။ မစ္စတာဝင်းမစ်သည် အလွန်ခြောက်ခြောက်သွေ့သွေ့နိုင်မည့် လူစားမျိုး ဖြစ်ပုံရ၏။ အရပ်ကလည်း အလွန်ပု၍ မျက်နှာကလေးထောင့်စပ်စပ်နှင့် စတုရန်းပုံမျိုး ဖြစ်သည်။ ဖြစ်ကတတ်ဆန်း ထုလုပ်ထားသဖြင့် အချိုးအစား မပြေမပြစ် ဖြစ်နေသော ရုပ်တုတစ်ခုနှင့် တူလှသည်။ ဆောက်တုံးတစ်လက်ဖြင့် ထုလုပ်ထားသည့် မျက်နှာပုံမျိုး ဖြစ်၏။ တစ်မျက်နှာလုံးမှာ ချောမွေ့ညီညွတ်ခြင်း မရှိပေ။ ပါးချိုင့်များ ဟု ထင်ရသော အမှတ်အသားများ ရှိနေသော်လည်း အသေအချာ ကြည့်လိုက်သည့် အခါ ဆောက်နှင့် ချော်၍ ထိုးမိထားသည့် ဒဏ်ရာဒဏ်ချက်များ နှင့် တူနေသည်။ ယင်းကဲ့သို့ ဆောက်နှင့် ချော်၍ ထိုးမိထားသလို ဖြစ်နေသော အရေးအကြောင်း အပေါက်အခွက်များကို သူ့နှာခေါင်းပေါ်၌ပါ တွေ့မြင်နေရ၏။ သူဝတ်ထားသည့် အဝတ်များမှာ ကြည့်၍ မကောင်းလောက်အောင်ပင် တွန့်ကြေလိမ်ခေါက်နေကြသည်။ ဤတစ်ချက်ကို ကြည့်၍ မစ္စတာဝင်းမစ်သည် လူပျိုကြီးဖြစ်ရမည်ဟု ကျွန်တော် ဆုံးဖြတ်သည်။ သူမျက်လုံး အစုံသည် မည်းနက်ပြီး စူးရှသည်။ သူ့နှုတ်ခမ်းများသည် ခပ်ကျယ်ကျယ် ခပ်ပါးပါး..။ သူ့အသက်မှာလေးဆယ်နှင့် ငါးဆယ်တွင်း ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်သည်။

"မင်း အလျင်က လန်ဒန်ကို တစ်ခေါက်မှ မရောက်ဖူးဘူးဆိုပါတော့ ဟုတ်လား" ဟု မစ္စတာဝင်းမစ်က ကျွန်တော့်ကို မေးသည်။

"မရောက်ဖူးပါဘူး" ဟု ကျွန်တော်က ပြောသည်။

"အေး... တစ်ချိန်က ငါလည်း မင့်လိုပဲ၊ လန်ဒန်မှာ မျက်နှာစိမ်းတစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ အခုအချိန် ပြန်စဉ်းစားလိုက်ရင် ရယ်စရာပဲ"

"အခုတော့လည်း ခင်ဗျားအတွက် အဆင်ပြေနေရောပေါ့"

"အေးပေါ့ကွ၊ သူ့ရဲ့ လှုပ်ရှားမှုအားလုံးကို ငါ သိသွားပြီ"

"ဒီမြို့ကြီးက သိပ်ဆိုးသလားဗျာ" ဟု ကျွန်တော်က မေးသည်။ သတင်းစကား ကြားလို၍ မဟုတ်ပါ။ စကားမရှိ စကားရှာ၍ မေးသည့် သဘော ဖြစ်ပါသည်။

"လန်ဒန်မှာ မင်း အလိမ်ခံချင်ခံရမယ်၊ အလုခံချင်လည်း ခံရမယ်။ အသတ်ခံချင်လည်း ခံရမယ်။ ဒါပေမဲ့ လူတွေက အများကြီး၊ ဘယ်သူက လုပ်သွားတယ် ဆိုတာ သိဖို့ မလွယ်ဘူး"

"ခင်ဗျားနဲ့ သူနဲ့ ရန်ဖြစ်ကြပြီဆိုရင်ပေါ့... ဟုတ်လား" ဟု ကျွန်တော် က ပြန်မေးသည်။

"အိုး... ရန်ဖြစ်တာတွေ ဘာတွေ ငါမသိဘူး" ဟု မစ္စတာဝင်းမစ်က ပြောသည်။ "ရန်ခိုက်ဒေါသ ဖြစ်တယ်ဆိုတာလည်း များများ စားစား မရှိပါဘူး။ တစ်ခုခု ရလိမ့်မယ် ထင်ရင် သူတို့ က လုပ်ကြတာပဲ"

"ဒါ ဆိုရင်တော့ ဆိုးလွန်းပါတယ်ဗျာ"

"မင်း အဲသလိုပဲ ထင်သလား" ဟု မစ္စတာဝင်းမစ်က ရေရွတ်သည်။

"အေး... ငါလည်း အဲသလိုပဲ ထင်တာပဲ"

သူသည် ဦးထုပ်ကို ခပ်လန်လန်ဆောင်းကာ ရှေ့သို့ တည့်တည့်ကြီးကြည့်၍ သွားနေခြင်းဖြစ်ရာ လမ်းဘေးဝဲယာတွင် သူ့အတွက် စိတ်ဝင်စားစရာ ဘာတစ်ခုမှ မရှိသည့် ပုံစံမျိုး ဖြစ်၏။ သူ့ပါးစပ်သည် စာတိုက်ပုံးပါးစပ်နှင့် တူလှသည် ဖြစ်ရာ ပြုံးလိုက်သည့် အခါ စက်ရုပ်တစ်ရုပ်ပြုံးမှုမျိုးနှင့် တူသည် ဟု ထင်မိသည်။ သို့သော်လည်း အသေအချာပြန်၍ စဉ်းစားလိုက်သည့် အခါ ကျွန်တော် အမြင်လွဲနေခြင်းသာ ဖြစ်သည်။ တကယ်တော့ မစ္စတာဝင်းမစ်သည် လုံးဝပြုံးတတ်သူ မဟုတ်ပါ။ သူ၏ ရုပ်ကိုက စက်ရုပ်တစ်ရုပ်နှင့် တူနေခြင်းသာ ဖြစ်လေသည်။

"မစ္စတာမက်သယူး... ပေါ့ကက် ဘယ်မှာ နေတယ်ဆိုတာ ခင်ဗျား သိသလား" ဟု ကျွန်တော်က မေးကြည့်သည်။

"သိတယ်" သူက ရှေ့တည့်တည့်ကိုကြည့်ကာ ခေါင်းတစ်ချက် ညိတ်၍ ဖြေသည်။ "လန်ဒန် အနောက်ပိုင်း ဟင်းမားစမသ်ရပ်ကွက်မှာ နေတယ်"

"အဲဒီရပ်ကွက်က ဝေးသလား"

"အင်း... ငါးမိုင်လောက်တော့ ဝေးမယ်"

"ခင်ဗျား သူ့ကို သိလား"

"ဘယ်လိုလဲ၊ မင်းအတော့်ကို အမေးအမြန်း ထူတဲ့ လူပါကလား" မစ္စတာဝင်းမစ်က ကျွန်တော့်ကို သဘောကျသော မျက်နှာထားဖြင့် ကြည့်၍ ပြောသည်။

"အေး... ငါ သူ့ကို သိတယ်။ ငါ သူ့ကို သိပါတယ်... ကွ"

ဤစကားများကို နှစ်ခေါက်တိတိ ထပ်ပြောလိုက်ခြင်းသည် အကောင်းပြောခြင်းလား၊ စိတ်ဆိုး၍ ပြောခြင်းလားဟု ကျွန်တော် ဝေခွဲ၍ မရသဖြင့် စိတ်ထဲမှ မလုံမလဲ ဖြစ်မိသည်။ လေးထောင့် သစ်တုံးတစ်တုံးနှင့် တူသော သူ့မျက်နှာကို ဘေးတိုက်ကြည့်ပြီး မသိမသာ အကဲခတ်မိသည်။ ထိုအခိုက်မှာပင် သူက ဘားနတ်တည်းခိုရိပ်သာသို့ ရောက်ပြီဟု ပြောလိုက်ပါသည်။ လိုရာခရီးသို့ ရောက်ပြီဟု သိလိုက်ရသော်လည်း စောစောက ဖြစ်ပေါ်နေသည့် ကသိကအောက်စိတ်မှာ ပျောက်မသွားပါ။ ဘားနတ်ဟိုတယ်ကို မြင်လိုက်ရသဖြင့် ပို၍ပင် ဆိုးလာသည် ကို ထင်မိသည်။ မစ္စတာဘားနတ်ဆိုသူ ဖွင့်ထားသော တည်းခိုရိပ်သာသည် စားသောက်ဆိုင်တစ်ဆိုင်မျှသာ ဖြစ်သော ကျွန်တော်တို့ မြို့ကလေးမှ ဘလူးတို့အား ဟိုတယ်နှင့် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ထည်ဝါခမ်းနား လိမ့်မည်ဟု ကျွန်တော်ထင်ခဲ့သည်။ ယခုလက်တွေ့ ကျွန်တော်မြင်နေရသည့် ဘားနတ်ဟိုတယ်ရိပ်သာမှာမူ စိတ်ပျက်စရာကောင်းလောက်အောင် ညစ်ပတ်ပေရေရုံမျှမက ပုံပျက်ပန်းပျက် နိုင်လွန်းလှချေသည်။ အိမ်အိုအိမ်ဟောင်းများကို စုစည်းပေါင်းစပ်ကာ အခန်းများ ပြန်ဖွဲ့ပြီး တည်းခိုရိပ်သာတစ်လုံး ဖြစ်လာအောင် ဇွတ်အတင်း လုပ်ယူထားသည် နှင့် တူလှပါသည်။

ကျွန်တော်တို့သည် ရုပ်ပျက်ဆင်းပျက် နိုင်လွန်းလှသော ဤကွန်းခိုရာစခန်းအတွင်းသို့ မလွယ်ပေါက်တစ်ခုမှ ဝင်ခဲ့ကြသည်။ ကျွန်တော်တို့အား ဆီးကြိုနေသည့် လူသွားစင်္ကြံပေါင်းကူးသည် မှုန်ကုပ်ကုပ်နိုင်လှသည် ဖြစ်ရာ မြင်ရုံမျှဖြင့် စိတ်နောက်ကျိဖွယ်ရာ ကောင်းလှ၏။ ကျွန်တော့် မျက်စိထဲတွင် မူ လူသေမြှုပ်မည့်တွင်းတစ်တွင်းနှင့် တူနေသည်။ အိမ်ဟောင်းတစ်လုံးချင်းစီကို အပိုင်းပိုင်းခွဲ၍ ဖွဲ့ထားသော အခန်းများ၏ ပြတင်းပေါက်များ ၌ တပ်ဆင်ထားသည့် လိုက်ကာများ နှင့် အခန်းဆီးများမှာလည်း စုတ်ပြတ်နေကြလေပြီ။ ကျိုးပဲ့ပေါက်ပြဲနေကြသည့် ပန်းအိုးများ၊ ကွဲအက်နေကြသည့် မှန်များ နှင့် ဖုန်အလိမ်းလိမ်း တက်နေသည့် အိမ်တွင်း အသုံးအဆောင်ပစ္စည်း အားလုံးမှာလည်း ဖရိုဖရဲ...။ လူမရှိသော အခန်းများတွင် ချိတ်ဆွဲထားသည့် 'ငှားရန်၊ ငှားရန်၊ ငှားရန်' ဟူသော စာတန်းများသည် ကျွန်တော့်အား ပြူတူးပြဲတဲဖြင့် ဆီး၍ ကြည့်နေကြသည့် နှယ် ရှိ၏။

ဤရိပ်သာပိုင်ရှင် ဘားနတ်သည် ငှားရမ်းနေထိုင်လျက် ရှိကြသူများ အား ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းချင်း သတ်သေသလိုဖြစ်အောင် စီမံ ပေးထားခြင်းအားဖြင့် လက်စားချေနေသည် ဟုပင် ထင်မိ၏။

ဘားနတ်ဖန်တီးပေးထားသော ဤတည်းခိုရိပ်သာကို ကျပ်ခိုးများ နှင့်

မီးခိုးများက ရုပ်ပျက်ဆင်းပျက် ဖြစ်သည် ထက်ဖြစ်အောင် တန်ဆာဆင်ပေးထားသည်။ သို့ဖြစ်ရာ ကျွန်တော်၏ အမြင်အာရုံနှင့် အလွန်အလှမ်းကွာလျက်ရှိသော ခေါင်မိုးများ နှင့် မြေတိုက်ခန်းများသည် ယခု ကျွန်တော် မြင်နေရသည့် အရာများ ထက် ပို၍ ပျက်စီးယိုယွင်းခြင်း၊ ညစ်ပတ်ခြင်းစသည် အနိဋ္ဌာရုံများသည် မင်းမူ၍ နေကြလိမ့်မည် ထင်၏။ ကြွက်များ၊ ယင်များနှင့် ကြမ်းပိုးများသည်လည်း သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြလိမ့်မည် ဟု တွေးမိ၏။

မျှော်လင့်ချက်ကြီးများကို ရင်ဝယ်ပိုက်လာသော ကျွန်တော့်အဖို့ စိတ်ပျက်စရာ ကောင်းသည့် မြင်ကွင်းတစ်ခု ဖြစ်၏။ ရုတ်တရက်သော် ကျွန်တော်သည် ဘာပြောရမှန်းပင် မသိဘဲဖြစ်ကာ မစ္စတာဝင်းမစ်ကိုငေးကြည့်နေမိသည်။ မစ္စတာဝင်းမစ်ကတော့ ကျွန်တော့်အဖြစ်ကို ကြည့်ကာ အယူအဆ လွဲနေသည်။

"အင်း... ကိုယ်နေရမယ့် နေရာရောက်တော့ ကိုယ့်အရပ်ကို သတိရသွားတယ် ထင်ပါရဲ့။ ငါလည်း ဒီလို ဖြစ်ခဲ့ဖူးတယ်" ဟု ပြောသည်။

သူသည် ကျွန်တော့်အား ထောင့်တစ်ထောင့်ဆီသို့ ခေါ်သွားပြီး ခနော်နီ ခနော်နဲ့ ဖြစ်နေသော လှေကားတစ်ခုအတိုင်း တက်သွားသည်။ လှေကားကြီးမှာ အိုမင်းလှပြီ ဖြစ်ရာ တဖြည်းဖြည်းချင်း လွှစာမှုန့်များ အဖြစ်သို့ ပြန်လည်ရောက်ရှိသွားလိမ့်မည်ဟု ကျွန်တော်ထင်သည်။ မည်သို့ပင်ဖြစ်စေ အပေါ်ထပ်အခန်းများသည် အမြဲတစေ သတိဝီရိယ ရှိနေဖို့တော့ လိုလိမ့်မည်ဟုပင် ယူဆရပါသည်။ အပေါ်ဆုံးထပ် အခန်းတစ်ခန်း၏ ပိတ်ထားသော တံခါးပေါ်တွင် "မစ္စတာပေါ့ကက် ဂျူနီယာ" ဟူသော စာတန်းတစ်ခု ရှိ၍ စာဘူးသေတ္တာကလေးပေါ်တွင် စာရွက်လေး တစ်ရွက် ကပ်ထားသည်။ ထိုစာရွက်ပေါ်တွင် မူ "မကြာခင် ပြန်လာမည်" ဟု ရေးထားသည်။

"မင်း အခုလို မြန်မြန်ဆန်ဆန်ကြီး ရောက်လာလိမ့်မယ်လို့ သူ ထင်ပုံ မရဘူး" ဟု မစ္စတာဝင်းမစ်က ရှင်းပြသည်။ "ငါ နေဖို့ လိုဦးမလား"

"ရပါတယ်။ မလိုတော့ပါဘူး။ ကျေးဇူးပါပဲ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ငါက ငွေကိုင်ရတာဆိုတော့ မင်းနဲ့ ငါ လူချင်း မကြာမကြာ တွေ့ရဖို့ ရှိတယ်ကွ။ ကဲ... သွားမယ်။ မင်္ဂလာနေ့ခင်းပါ"

"မင်္ဂလာနေ့ခင်းပါ"

ပြောပြောဆိုဆို ကျွန်တော်က လက်တစ်ဖက်ဆန့်တန်းပေးရာ မစ္စတာဝင်းမစ်က နားမလည်သလို ကြောင်ကြည့်နေသည်။ ကျွန်တော် သူ့ ဆီက တစ်ခုခုတောင်းနေသည် ဟုလည်း ထင်ပုံ ရ၏။ ထို့နောက် ကျွန်တော့်မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်ပြီး ဣန္ဒြေပြန်ဆည်သည်။

"ပိုပြီး သေချာအောင်တော့ မေးရဦးမယ်။ မင်းမှာ လက်ဆွဲနှုတ်ဆက်တဲ့ အလေ့အထ ရှိပုံ ရတယ်။ ဟုတ်သလား"

လက်ဆွဲနှုတ်ဆက်သည့် အလေ့အထ လန်ဒန်တွင် ခေတ်မစားတော့၍သာ ဤမေးခွန်းကို မေးခြင်း ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသော ကျွန်တော်သည် အကြီးအကျယ် စိတ်ရှုပ်သွားသည်။ သို့သော်လည်း သူ မေးလိုက်သည့် မေးခွန်းအတွက် ကျွန်တော့်တွင် လက်ဆွဲနှုတ်ဆက်တတ်သော အလေ့အထ ရှိပါသည် ဟု ဖြေလိုက်ပါသည်။

"မင်းနဲ့ သိကျွမ်းရတာတော့ ငါ အလွန့်ကို ဝမ်းသာမိတယ်။ မင်္ဂလာနေ့ခင်းပါကွာ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြသည်။ သူ ထွက်သွားသော အခါ ကျွန်တော်သည် လေ့ကားထိပ်မှ ပြတင်းပေါက်ကို ဖွင့်လိုက်မိ၏။ ဆွေးမြည့်နေသော ပြတင်းပေါက်ပေါင်သည် ခေါင်းဖြတ်စက်မှ ဓားသွား ကျလာသည့် နှယ် တစ်ရှိန်ထိုး ကျလာသည်။ အမှတ်တမဲ့သာဆိုလျှင် ကိုယ့်ခေါင်းကိုယ်ဖြတ်သလို ဖြစ်သွားမည်မှာ သေချာ၏။ တံခါးပွင့်လျှင် ပွင့်ချင်း ကျွန်တော့်ခေါင်းကို ပြတင်းပေါက်မှ မထုတ်လိုက်မိသည်မှာ ကံကောင်းသည် ဟု ဆိုရမည်။ ကျွန်တော်သည် ဖုန်အလိမ်းလိမ်းတက် နေသော ပြတင်းပေါက်မှ နေ၍ ဆီးနှင်းများ ဖုံးနေသည့် လန်ဒန်မြို့တော်ကြီးကို ကြည့်နေမိပါသည်။

မစ္စတာပေါ့ကက်ဂျူနီယာ၏ "မကြာခင်" ဟူသော စကားသည် ကျွန်တော့်စကား မဟုတ်ပါ။ သူ၏ "မကြာခင်" ဟူသော စကားအတွက် ကျွန်တော့်မှာ နာရီဝက်ခန့် ပြတင်းပေါက်၌ ရပ်၍ အပြင်သို့ ကြည့်နေရသည်။ ပြတင်းပေါက်ပေါင်ပေါ်ရှိ ဖုန်များ ပေါ်၌ ကျွန်တော့်နာမည်ကို ကျွန်တော် လက်ညှိုးဖြင့် ရေးမိသည့် အကြိမ်ပေါင်းမှာလည်း များလှပြီ။ နောက်ဆုံးတွင် လေ့ကားမှ တက်လာသည့် ခြေသံများ ကြားရသည်။ ကျွန်တော့်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ် စသည်ဖြင့် အရာဝတ္ထုတစ်ခုပြီးတစ် ခု ဖြည်းဖြည်းချင်း ပေါ်လာပြီး ကျွန်တော်နှင့် သက်တူရွယ်တူ လူငယ် တစ်ယောက် ဘွားခနဲ ပေါ်လာသည်။ သူသည် စက္ကူအိတ်နှစ်လုံးကို ချိုင်းတစ်ဖက်တစ်ချက်တွင် ညှပ်၍ စတော်ဘယ်ရီခြင်းကလေး တစ်ခြင်း ကို လက်တစ်ဖက်မှ ဆွဲကာ မောကြီးပန်းကြီးဖြင့် တက်လာသည်။

"မစ္စတာပစ်ပ်လား" ဟု သူက မေးသည်။

"မစ္စတာပေါ့ကက် မဟုတ်လား" ဟု ကျွန်တော်က ပြန်မေးသည်။

"အမယ်လေးဗျာ" ဟု သူက ရေရွတ်သည်။ "ကျွန်တော် သိပ်ကို ဝမ်းနည်းပါတယ်ဗျာ။ ခင်ဗျားတို့ အရပ်က မြင်းရထားတစ်စီး ကနေ့နေ့ခင်း ဆိုက်လိမ့်မယ်ဆိုတာတော့ ကျွန်တော် သိထားတယ်။ အဲဒီ မြင်းရထားနဲ့ ခင်ဗျားပါလာမှာပဲ ဆိုတာလည်း ကျွန်တော် တွေးမိသား။ ဖြစ်ပုံက ဒီ လိုဗျ။ တကယ်တော့ ဒါဟာလည်း ပေးသင့်တဲ့ ဆင်ခြေတော့ မဟုတ်ဘူး ပေါ့လဗျာ။ ဒါပေမဲ့ ပြောပြရတော့မှာပဲ၊ အဲဒီဘက်အပိုင်းက လာတာဆိုတော့ ညစာစားအပြီးမှ သစ်သီးလေးဘာလေး စားချင်စိတ် ရှိချင်ရှိလိမ့် မယ်လို့ တွေးမိတယ်။ အဲဒါနဲ့ပဲ ခင်ဗျားအတွက် ကွန်ဗင့်ဂါးဒင်းဈေးကြီး ဘက်အထိ ထွက်ပြီး သစ်သီးဝယ်နေတာ"

သူ့ကိုကြည့်ပြီး အကြောင်းတစ်ခုခုကြောင့် ကျွန်တော့်ရင်သည် ထိတ်ခနဲ ဖြစ်သွားသည်။ အိပ်မက်များ ဖြစ်လေသလားဟုလည်း တွေးလိုက် မိ၏။

"အမယ်လေး... ကွာ၊ ဒီတံခါးကလည်း ဖွင့်ရကျပ်လိုက်တာ"

သူသည် စက္ကူအိတ်များ တိုးလို့ တန်းလန်းနှင့် တံခါးကို ဖွင့်နိုင်ရန် အားထုတ်လျက် ရှိ၏။ မနိုင်မနင်းဖြစ်နေသော သူ့လက်ထဲမှ စက္ကူအိတ် များကို ကျွန်တော့်အား ပေးထားဖို့ ကျွန်တော်က ပြောသည်။ သူသည် ကျွန်တော့်ဘက်လှည့်၍ ... တစ်ချက်မျှ ပြုံးပြပြီး သူ့လက်ထဲမှ စက္ကူအိတ်များကို လှမ်းပေးသည်။ သူသည် တံခါးကို အားကုန်ထုတ်၍ ဆွဲပြန်သည်။ နောက်ဆုံးတွင် တံခါးသည် ဖြုန်းခနဲ ပွင့်သွားသည်။ ရုတ်တရက် ပွင့်လာသော အရှိန်ဖြင့် သူသည် နောက်မှ ကပ်၍ ရပ်နေသော ကျွန်တော့်အပေါ်သို့ ယိုင်လဲကျလာသည်။ သူလဲကျလာသည့် အရှိန်ဖြင့် ကျွန်တော်သည် နောက်ဘက်ရှိ အခန်းတံခါးပေါ်သို့ ယိုင်ကျသွားသည်။ နှစ်ယောက်စလုံး လှိုက်လှိုက်လှဲလှဲ ရယ်မိကြ၏။

"အထဲဝင်ဗျာ" ဟု မစ္စတာပေါ့ကက်ဂျူနီယာက ခေါ်သည်။ "အခန်း ထဲမှာတော့ ဘာပစ္စည်းမှ ဟုတ်တိပတ်တိ မရှိဘူးဗျ၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ တနင်္လာနေ့အထိတော့သည်းခံပြီး နေနိုင်လိမ့်မယ်လို့ မျှော်လင့် တာပါပဲ။ မနက်ဖြန် တစ်ရက်လောက်တော့ သူနဲ့ အချိန်ဖြုန်းတာထက် ကျွန်တော်နဲ့ အချိန်ဖြုန်းတာက ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ကျွန်တော့် အဖေက တွေးမိပုံရတယ်။ ခင်ဗျားအနေနဲ့ လန်ဒန်မြို့ထဲမှာတော့ လျှောက်ကြည့်ချင်ဦးမှာ ပေါ့လေ။ မဟုတ်ဘူးလား။ ကျွန်တော်ကလည်း လန် ဒန်မြို့ထဲ လျှောက်ပြရမယ်ဆိုရင် ပျော်နေတာပါပဲ။ အစားအသောက်ကလည်း သိပ်ဆိုးစရာ မရှိပါဘူး။ ဒီတည်းခိုရိပ်သာကပဲ မှာစားကြရမှာ။ ကုန်ကျစရိတ်ကတော့ ခင်ဗျားငွေထဲက ပေးမယ်လို့ မစ္စတာဂျက်ဂါးက ပြောပြထားတယ်။ နေရာထိုင်ခင်းကတော့ သိပ်ပြီး တခမ်းတနား

မရှိသေးဘူးဗျို့၊ ကိုယ်ပိုင်ဝင်ငွေမှ မရှိသေးဘဲကိုး။ ကျွန်တော့်အဖေမှာ ကလည်း ကျွန်တော့်ကို များများ စားစား ထောက်ပံ့နိုင်တဲ့ အခြေအနေ မရှိရှာဘူး။ တကယ်လို့ ထောက်ပံ့နိုင်သည့် တိုင်အောင်လည်း ကျွန်တော်က ယူလို့ မသင့်ဘူး ထင်တယ်။ ကဲ.. ဟောဒါ ကျွန်တော်တို့ ညှော်ခန်းပဲ။ ကုလားထိုင်တို့၊ စားပွဲတို့၊ ကြမ်းခင်းတို့ ကတော့ ဒီလောက်ပဲ ရတယ်။ ဒါတောင် အိမ်က ပို့ထားတာလေးတွေ ဆွဲထားရတာ၊ ဒီထက်ကောင်းတာတော့ မရနိုင်သေးဘူးပေါ့။ စားပွဲခင်းတို့၊ ဖွန်းတို့၊ ခက်ရင်းတို့ မြင်လို့ များတော့ ကျွန်တော့်ကို အထင်ကြီးမနေနဲ့ဦး၊ ဒါတွေက ရိပ်သာက ငှားထားရတာ။ ဟောဒါက ကျွန်တော့်အိပ်ခန်း။ ခင်ဗျားမြင်တဲ့ အတိုင်း ခပ်ချာချာပဲ။ ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး။ ဘားနတ်တည်းခိုရိပ်သာကိုက ခပ်ချာချာပဲ။ ဒီဘက်ကတော့ ခင်ဗျားအိပ်ခန်း၊ ခုတင်တို့ ဘာတို့ ကတော့ ခင်ဗျားအတွက် အဆင်ပြေအောင် ကြိုတင်ပြီး ငှားထားရတာ။ ဒါပေမဲ့ ကိစ္စတော့ ရှိမယ် မထင်ပါဘူး။ ခင်ဗျားအတွက် အသုံးတည့်မှာပါ။ တကယ်လို့ ခင်ဗျား လိုချင်တာရှိရင်တော့ ကျွန်တော့်ကို အသိပေး။ အားမနာနဲ့။ ကျွန်တော် ရအောင် လုပ်ပေးမယ်။ အခန်းတွေကတော့ အားနေတယ်။ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်းပဲ ရှိကြမှာ။ နှစ်ယောက်တည်းဆိုတော့ ရန်တော့ဖြစ်ကြလိမ့်မယ် မထင်ပါဘူး။ ဟော..ဗျာ၊ ဖြစ်မှ ဖြစ်ရပလေ။ တစ်ချိန်လုံး သစ်သီးထုပ်တွေကို ခင်ဗျားကိုင်ထားနေရတာကိုး။ ပေး.. ပေး။ ကျွန်တော် သိမ်းလိုက်မယ်။ ကျွန်တော်လုပ်ပုံက ရယ်စရာတောင် ဖြစ်နေပြီဗျား"

မစ္စတာပေါ့ကက် ဂျူနီယာနှင့် မျက်နှာချင်းဆိုင် ရပ်နေသော ကျွန်တော်က လက်ထဲမှ အိတ်များကို လှမ်းပေးသည်။ တစ်ထုပ်... နှစ်ထုပ်..။ သူ့ရုပ်လွှာသည် ကျွန်တော့်မျက်စိထဲ၌ ပြန်ပေါ် လာသည်။ သူကလည်း တအံ့တသြ ဖြစ်သွားဟန်။ နောက်သို့ တစ်လှမ်းမျှ ဆုတ်လိုက်ပြီး ရေရွတ်သည်။

"ဘုရား... ဘုရား၊ ခင်ဗျားဟာ ဟိုခြံဝင်းကြီးထဲမှာ လျှောက်သွားနေတဲ့ ကောင်လေးပါလား"

"ခင်ဗျားကကော" ဟု ကျွန်တော်က ပြန်ပြောသည်။

"အသားအရေ ဖြူဖပ်ဖြူရော်နဲ့ ကောင်လေးပဲ"

****

WHISPER of WORDS

https://t.me/TheBookR

အပိုင်း (၂)

(၂၂)

ဖြူဖပ်ဖြူရော်လူငယ်နှင့် ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်ကာ အံ့သြခြင်းကြီးစွာ ဖြစ်နေမိကြ၏။ ထို့နောက် နှစ်ယောက်စလုံး ပြိုင်တူရယ်မိကြသည်။ "ခင်ဗျားမှ လာဖြစ်နေတယ်" ဟု သူက ရေရွတ်သည်။ "အံ့ပါရဲ့ ဗျာ။ ခင်ဗျားနဲ့ မှ လာဆုံမိကြတယ်... အံ့ရော" ဟု ကျွန်တော်ကလည်း ပြောမိသည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ နောက်တစ်ခေါက် ထပ်ပြီး ရယ်မိ ကြပြန်သည်။ "ကဲဗျာ" ဟု ဖြူဖပ်ဖြူရော်လူငယ်က လက်တစ်ဖက်ကို မြှောက်၍ စကားစသည်။ "ဒါတွေအားလုံးက ပြီးသွားတဲ့ ကိစ္စပဲ၊ မေ့လိုက်ကြတာ အကောင်းဆုံးပေါ့၊ ဟုတ်ဖူးလား၊ ကျွန်တော် ခင်ဗျားကို အလဲအကွဲ ထိုးခဲ့မိတာလည်း ခင်ဗျားက သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နိုင် လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်ဗျာ"

သူ့စကားသွား စကားလာကို ကြည့်ခြင်းအားဖြင့် မစ္စတာ ဟားဘတ် ပေါ့ကတ် (ဟားဘတ်မှာ သူပိုင်နာမည်ဖြစ်၍ ပေါ့ကတ်မှာ သူ့အဖေနာမည် ဖြစ်သည်။) သည် အမှတ်မှားနေပုံ ရ၏။ သူက အလဲအကွဲ ထိုးခဲ့ခြင်း မဟုတ်ဘဲ ကျွန်တော်ကသာ အလဲအကွဲ ထိုးခဲ့ခြင်း ဖြစ်သည် ကို သူ သတိမေ့နေဟန် တူ၏။ သို့သော်လည်း ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ လက်ဆွဲ၍ နှုတ်ဆက်မိကြပါသည်။

"အဲဒီတုန်းက ခင်ဗျား အမွေမရသေးဘူးနော်" ဟု ဟားဘတ်ပေါ့ကက်က မေးသည်။

"မရသေးဘူးဗျ" ဟု ကျွန်တော်က ပြောသည်။

"ဟုတ်တယ်၊ နောက်ပိုင်း အတော်ကြီးကြာမှ ရတာလို့ ကျွန်တော်လည်း ကြားတယ်၊ အဲဒီတုန်းကတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အကောင်းဖြစ်ဖို့ မျှော်လင့်နေတဲ့ အချိန်ဗျ"

"ဟုတ်တယ်"

"ဒါပေါ့ဗျာ၊ မစ္စဟေဗီရှမ်က ကျွန်တော့်ကို ခေါ်ပြီး စမ်းကြည့်တယ် လေဗျာ၊ ဒါပေမဲ့ သူက သဘောမကျဘူး"

ဤစကား ကြားရ၍ ကျွန်တော် အံ့အားသင့်မိပါသည် ဟု ပြောလိုက်လျှင် ယဉ်ကျေးရာ ကျလိမ့်မည်ထင်၍ ထိုအတိုင်းပင် ကျွန်တော်က ပြော မိပါသည်။

"သဘောမတွေ့ဘူး ဆိုပါတော့လဗျာ" ဟု ဟားဘတ်က ရယ်၍ ပြောသည်။

"သူက ကျွန်တော့်ကို အစမ်းသပ်ခံအဖြစ် ခေါ်တာဗျ၊ တကယ်လို့ သူ သဘောကျတယ် ဆိုရင်တော့ တစ်စုံတစ်ခု ရဖို့ ပေါ့။ အက်စတယ်လာ ဆိုတဲ့ ကောင်မလေးနဲ့ နေရာကျချင်လည်း ကျပေလိမ့်မပေါ့"

"ခင်ဗျားဆိုလိုတဲ့ အဓိပ္ပာယ်က ဘာပါလိမ့်" ဟု ကျွန်တော်က အလေးအနက် ထား၍ မေးမိသည်။

သူသည် သစ်သီးများကို ပန်းကန်တစ်လုံးထဲသို့ စီ၍ ထည့်နေရင်းမှ စကားပြောနေခြင်း ဖြစ်ရာ သူ့အာရုံသည် သူပြောနေသည့် စကားပေါ်တွင် စိတ်မဝင်စားသည့် ပုံမျိုး ဖြစ်သည်။ "အပြန်အလှန် ကတိသစ္စာတွေ ဘာတွေ ထားပြီးသားဖြစ်ချင်လည်း ဖြစ်သွားမယ်၊ ဒါမှ မဟုတ် စေ့စပ်ပြီးသား ဖြစ်ချင်လည်း ဖြစ်သွားမယ်"

"ခင်ဗျားရဲ့ အလိုဆန္ဒမပြည့်မှုကို ဘယ်လိုများ လုပ်ပြီးသည်းခံလာခဲ့သလဲဗျာ" ဟု ကျွန်တော်က မေးသည်။

"ဟူး.. ကျွန်တော်က အစကတည်းက သိပ်ပြီးဂရုစိုက်တာမှ မဟုတ်ဘဲ၊ သူက အရိုင်းအစိုင်း တစ်ယောက်ပဲဗျ"

"မစ္စဟောဗီရှမ်ကို ပြောတာလား"

"သူလည်း မထူးပါဘူး၊ အတူတူပါပဲ၊ ဒါပေမဲ့ အခု ကျွန်တော်ပြောနေတာက အက်စတယ်လာကို ပြောတာပါ၊ ဒီမိန်းကလေးက မာကျောကျောဗျ၊ မာနကြီးလိုက်တာကလည်း အလွန်ပဲ၊ စိတ်အပြောင်း အလွဲ မြန်လိုက်ပုံကလည်း ကမ်းကိုကုန်နေတာပဲ၊ တကယ်တော့ သူက ယောကျ်ားတွေကို လက်စားချေဖို့ အတွက် မစ္စဟောဗီရှမ်က မွေးထားတဲ့ လူကိုးဗျ"

"သူက မစ္စဟောဗီရှမ်နဲ့ ဘာတော်သလဲဗျ"

"ဘာမှ မတော်ပါဘူးဗျာ" ဟု သူက ပြောသည် "မွေးစားထားတာပါ"

"မစ္စဟောဗီရှမ်က ယောကျ်ားတွေကို ဘာ့ကြောင့် လက်စားချေချင်နေတာလဲဗျာ၊ လက်စားချေတော့ကော ဘယ်လိုများ ချေမှာတဲ့လဲ"

"ဘုရားရေ...။ ခင်ဗျား မသိသေးဘူးလား မစ္စတာပစ်ပ်" ဟု သူက ရေရွတ်သည်။

"မသိသေးဘူးဗျ"

"ဖြစ်ရလေဗျာ၊ အတော့်ကို ထူးခြားတဲ့ ဇာတ်လမ်းတစ်ခုဗျ၊ ဒီဇာတ်လမ်းကို ညစာစားမှပဲ ပြောပြတော့မယ်၊ ကဲ... အခု ကျွန်တော် သိချင်တာလေးတွေ မေးပါရစေဦး၊ အဲဟိုနေ့က ခင်ဗျား အဲဒီအိမ်ကို ဘယ်နည်းဘယ်ပုံနဲ့ ရောက်လာရတာလဲ"

ကျွန်တော်က အကြောင်းစုံ ပြောပြသည်။ သူသည် စိတ်ဝင်တစား နားထောင်နေရာမှ ကျွန်တော့်စကား ဆုံးသွားသောအခါ ဟက်ဟက်ပက်ပက် ရယ်သည်။ ခင်ဗျားရင်ထဲမှာ နာကြည်းတဲ့ စိတ်မဖြစ်ဘူးလား ဟု သူက မေးသည်။ ခင်ဗျားမှာကော နာကြည်းတဲ့စိတ် မဖြစ်ခဲ့ဘူးလားဟု ကျွန်တော်က သူ့ကို ပြန်မမေးတော့ပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ အပြုအမူနှင့် အပြောအဆိုများကို ကြည့်ခြင်းအားဖြင့် အဖြေ ကို ကျွန်တော် သိနေရပြီ ဖြစ်သောကြောင့် ပေတည်း။

"ဩော်... ဒါနဲ့၊ မစ္စတာ ဂျက်ဂါးဟာ ခင်ဗျားရဲ့ အုပ်ထိန်းသူ မဟုတ်လား၊ ကျွန်တော်ကတော့ အဲသလိုပဲ သိထားရတယ်" ဟု သူက ပြောသည်။

"ဟုတ်ပါတယ်"

"သူက မစ္စဟောဗီရှမ်ရဲ့ လုပ်ငန်းတွေကို တာဝန်ယူပြီး လုပ်ကိုင်ပေး နေရတဲ့ အကျိုးဆောင်ဗျ၊ မစ္စဟောဗီရှမ်ကလည်း သူကလွဲပြီး တခြား ဘယ်သူ့ကိုမှ မယုံဘူး"

ဤစကားသည် ကျွန်တော့်အား အန္တရာယ်ရှိသည့် ဘက်သို့ ဦးတည် ပေးနေသည် ဟု စိတ်ထဲက ခံစားရသည်။ ကျွန်တော့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ်ချုပ်တည်းပြီး ဟန်ဆောင်ဖုံးကွယ်နေရန် မကြိုးစားတော့ပါ။ သူနှင့် ကျွန်တော် ထိုးကြိတ်ကြသည့် နေ့က မစ္စဟောဗီရှမ်၏ အိမ်မှ အပြန် လှေကားအဆင်းတွင် မစ္စတာဂျက်ဂါးကို ကျွန်တော်မြင်ခဲ့ဖူးကြောင်း၊ သို့သော်လည်း သူကတော့ ကျွန်တော့်ကို မှတ်မိပုံ မပေါ်ကြောင်း ကျွန်တော်က ရှင်းလင်းပြောပြလိုက်ပါသည်။

"သူက တစ်ဖက်သားကိုတော့ ကူညီစောင့်ရှောက်တတ်တယ်ဗျ၊ ကျွန်တော့်အဖေကို ခင်ဗျားရဲ့ ဆရာအဖြစ် ရွေးဖို့ သူက ခင်ဗျားကို အကြံပေးခဲ့တယ် မဟုတ်လား၊ တစ်ဖက်ကလည်း ကျွန်တော့်အဖေ ဒီအလုပ်ရရင် လုပ်ဖို့ တိုက်တွန်းရှာတယ်။ အမှန်တော့ သူက မစ္စဟောဗီရှမ်နဲ့ အဆက်အသွယ်ရှိနေတော့ အဖေ့အကြောင်းကို သိနေတယ်ဗျာ၊ ကျွန်တော့်အဖေက မစ္စဟောဗီရှမ်ရဲ့ မောင်တစ်ဝမ်းကွဲတော်တယ်။ မောင်နှမချင်းက အဆင်မပြေကြတော့ အဆက်အဆံ မရှိကြဘူး၊ အဖေက သူများကို ခခ ယယ သိပ်ပြီး မလုပ်တတ်ဘူး၊ အဲဒီတော့ ဟိုအဘွားကြီးကလည်း ဘယ်က လာပြီး သဘောကျတော့မှာလဲ"

ဟားဘတ်ပေါ့ကက်သည် ရိုးသားပွင့်လင်းပြီး အေးအေးနေတတ်သော လူငယ်တစ်ယောက် ဖြစ်ပုံရ၏။ သူ့ပြောဟန်ဆိုဟန်နှင့် အပြုအမူ များမှာ ခင်မင်နှစ်လိုဖွယ်ရာ ကောင်းလှသည်။ သူ့လောက် ချစ်ခင်ဖွယ် ရာကောင်းသော လူကို ကျွန်တော် မတွေ့ဖူးခဲ့သေးပါ။ နောင်အခါတွင်လည်း သူ့လို ခင်မင်ဖွယ်ရာကောင်းသည့် လူမျိုးကို ကျွန်တော် မတွေ့တော့ပါ။ ဟန်ဆောင်မှု ကင်းသော၊ သူ့အကြည့်၊ သူ့အသံနှင့် သူ့အပြုအမူများကို မြင်ရုံမျှဖြင့် တစ်ဖက်သားအပေါ်၌ နစ်နာအောင် ယုတ်ယုတ် မာမာ ကြံစည်ပြုလုပ်တတ်မည့် လူစားတစ်ယောက် မဟုတ်မှန်း ချက်ချင်း သိနိုင်၏။ သူသည် မျှော်လင့်ချက် အကြီးအကျယ်ထားတတ်သည့် စိတ်နေသဘောထား ရှိပုံ ရ၏။ သို့သော်လည်း သူ့အနေဖြင့် မည်မျှပင် မျှော်လင့်ချက်ကြီးများ ထားသော်လည်း သူ့ဘဝတွင် အလွန်အမင်း အောင်မြင်ကျော်ကြား လိမ့်မည်လည်း မဟုတ်၊ အကြီးအကျယ် ချမ်းသာကြွယ်ဝလိမ့်မည်လည်း မဟုတ်ဟု ကျွန်တော့် အတွင်းစိတ်က အလိုလို သိနေသည်။ ညစာကို နှစ်ဦးအတူတူ ထိုင်၍ မစားကြမီ ထိုတဒင်္ဂ အချိန်ကလေးအတွင်းမှာပင် ဤထင်မြင်ချက် အခိုင်အမာ ဝင်လာခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း မည်သည့် နည်းဖြင့် ထိုမျှလောက် အထိ အခိုင်အမာ ယုံကြည်နေသည် ကိုကား ကျွန်တော် လုံးဝ ဖော်ပြနိုင်စွမ်း မရှိပါ။

အခုအချိန်ထိတော့ဖြင့် ဟားဘတ်ပေါ့ကက်သည် ဖြူဖပ်ဖြူရော် လူငယ်ကလေးတစ်ဦးပင် ဖြစ်နေသေး၏။ သူ့ကို မြင်လိုက်လျှင် အင်အားချည့်နဲ့

လိမ့်မည်ဟု ထင်ရသော်လည်း စိတ်ခတ်တက်ကြွပြီး အလွန်သွက်လက်ဖျတ်လတ်သူ ဖြစ်သည်။ သူ့မျက်နှာမှာ လူချောလူလှတစ်ဦးဟု မဆိုနိုင်သော်လည်း လူချောလူလှတစ်ဦး၏ မျက်နှာထက်ပင် ချစ်စရာ ခင်စရာကောင်းနေသေး၏။ အမြဲတစေ ချိုသာရွှင်ပြုံးသော မျက်နှာပိုင်ရှင် ဖြစ်၏။ သူ၏ကိုယ်လုံးကိုယ်ထည်မှာ သိပ်ပြီး အချိုးအစား မပြေပြစ်ဟု ထင်ရသော်လည်း မစ္စတာထရက်ဘ်၏ ဆိုင်မှ ကျွန်တော် ချုပ်လာသည့် ဝတ်စုံသစ်ကို သူဝတ်ထားမည်ဆိုပါက ကျွန်တော့်ထက် ပို၍ ခန့်ညား လိမ့်မည်ဟု တွေးမိ၏။ ယခုလူချင်းယှဉ်ကြည့်လိုက်သည့် အခါ အဝတ်ဟောင်းများ ဝတ်ထားသောဟားဘက်ပေါ့ကက်က အဝတ်သစ်များ ဝတ်ထားသော ကျွန်တော့်ထက် များစွာ ပို၍ကြည့်ကောင်းနေသည် ကို ကျွန်တော် သတိထားနေမိပါသည်။

သူ့ဘက်က အစစအရာရာ ပွင့်ပွင့်လင်းလင်း ရှိနေပါလျက်နှင့် ကျွန်တော့်ဘက်က ပွင့်လင်းမှုမရှိဘဲ ဖုံးဖုံးဖိဖိ လုပ်နေမည်ဆိုပါက သက်တူရွယ်တူနှစ်ဦး၏ ဆက်ဆံရေးတွင် ကျွန်တော့်ဘက်က အလွန်ဖြစ်နိုင်သည် ဟု ကျွန်တော်တွေးမိသည်။ ထို့ကြောင့်လည်း ကျွန်တော်က ကျွန်တော့် အဖြစ်အပျက်ကိုပြောပြသည်။ ကျွန်တော့်အား မည်သူမည်ဝါက ကျွေးမွေးပြုသည် ဟူသောအချက်ကိုမူ သတ်မှတ်ထားသော စည်းကမ်းချက်အရ ပြောပိုင်ခွင့် စုံစမ်းပိုင်ခွင့်မရှိကြောင်းကို သူ နားလည်အောင် ရှင်းပြလိုက်သည်။ တစ်ဆက်တည်းပင်ကျွန်တော်သည် တောအရပ်ဒေသမှ ပန်းပဲသမား အလုပ်သင်အဖြစ်နေထိုင်လာခဲ့ရသူ ဖြစ်သဖြင့် မြို့ကြီးပြကြီးမှ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ယဉ်ကျေးဖွယ်ရာသော အပြုအမူနှင့် အပြောအဆိုများကို နားမလည်ကြောင်း၊ သို့ဖြစ်၍ ကျွန်တော် ပြောမှားဆိုမှား ရှိခဲ့ပါမူ သို့မဟုတ် ပြောမှားဆိုမှားဖြစ်တော့မည်ကို မြင်ခဲ့ပါမူ ကျွန်တော့်အား တတ်သိနားလည်အောင်သင်ကြားပြုပြင်ပေးစေလိုကြောင်း၊ ယင်းကဲ့သို့ သင်ကြားပြသပေးခြင်းသည်ကျွန်တော့်ကို ကူညီစောင့်ရှောက်ခြင်းဟု ယူဆပါကြောင်း ကျွန်တော်က ပြောပြသည်။

"ဝမ်းမြောက်စွာနဲ့ သင်ကြားပေးပါမယ်ဗျာ" ဟု သူက ဆိုသည်။ "အမှန်အတိုင်းပြောရရင် ခင်ဗျားမှာ အကြီးအကျယ် သင်ပေးရလောက်အောင်လည်း မချို့ယွင်းပါဘူး၊ ဒီကနေ့ကစပြီး ကျွန်တော်တို့ နှစ်ယောက်ဟာ မကြာမကြာ တတွဲတွဲ နေကြရမှာ ဆိုတော့ အပဟန့်အတားဖြစ်မယ့် ဟန်ဆောင်မှုတွေ မှန်သမျှ မထားချင်ကြတော့ဘူး။ ကျွန်တော့်ရဲ့ ခရစ်ယာန်နာမည် (ကိုယ်ပိုင်နာမည်)က ဟားဘတ်လို့ ခေါ်တယ်။ ဒီကနေ့ ကစပြီး ခင်ဗျားကစပြီး ခင်ဗျား ကျွန်တော့်ကို ဟားဘတ်လို့ ရင်းရင်းနှီး နှီး ခေါ်စေချင်တယ်ဗျာ"

ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပြီး ကျွန်တော်၏ ခရစ်ယာန်နာမည်မှာ ဖီးလစ်ဖြစ်၍ ကျွန်တော့်ကို ဖီးလစ်ဟု ခေါ်လျှင် ဖြစ်ကြောင်း ရှင်းပြပါသည်။

"ကျွန်တော်ကတော့ ဖီးလစ်ဆိုတဲ့ နာမည်ကို မခေါ်ချင်ဘူးဗျာ" ဟု သူက ပြုံး၍ ပြောသည်။ "တခြားကြောင့်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ကျောင်းဖတ်စာအုပ်ထဲက ကောင်လေးရဲ့ နာမည်နဲ့ တူနေလို့ပါ။ အဲဒီကောင်လေးက အပျင်းကြီးလွန်းလို့ ရေကန်ထဲ လိမ့်ကျသွားတယ်။ သိပ်ပြီး ဝလွန်းအားကြီးလို့ သူ့မျက်စိတွေက မှေးပြီး ဘာကိုမှ ကောင်းကောင်း မမြင်ဘူး၊ လောဘ သိပ်ကြီးလွန်းအားကြီးလို့ သူ့မုန့်ကို ဝှက်ထားတယ်။ နောက်ဆုံး သူလည်း မစားလိုက်ရဘူး၊ ကြွက်စားသွားတာ ခံလိုက်ရတယ်။ ငှက်သိုက်ထဲ တက်နှိုက်မလို့ လုပ်နေတုန်း သူ့ကို ဝက်ဝံ တွေက ကိုက်စားပစ်တယ်။ ကျွန်တော် ခင်ဗျားကို ခေါ်ချင်တဲ့ နာမည် တစ်ခုတော့ ရှိတယ်။ ကျွန်တော်တို့ ချင်းကလည်း ရင်းနှီးနေကြပြီ၊ ခင်ဗျား ကလည်း ပန်းပဲသမား ပညာသင်တစ်ယောက် ဖြစ်ခဲ့ဖူးတယ် ဆိုတော့...၊ ခေါ်ရင် ခင်ဗျား စိတ်ဆိုးမလား"

"ခင်ဗျား ဘယ်လိုပဲ ခေါ်ခေါ် ကျွန်တော် မကြိုက်စရာ မရှိပါဘူး" ဟု ကျွန်တော်က ပြန်ပြောသည်။ "ဒါပေမဲ့ ခင်ဗျားပြောနေတာကို ကျွန်တော် သဘောမပေါက်သေးဘူး"

"ကဲဗျာ၊ ခင်ဗျားကို ဟန်ဒယ်လ်လို့ ခေါ်ရင် ကြိုက်မလား၊ ဟန်ဒယ်လ်ဆိုတာ ကဗျာဆရာကြီး တစ်ဦးဗျ၊ သူက သမစိတ္တရှိသော ပန်းပဲဆရာ ဆိုတဲ့ နာမည်နဲ့ သီချင်းတစ်ပုဒ် စပ်သွားခဲ့ဖူးတယ်။ ဆိုလို့ သိပ်ကောင်းတာ"

"ခေါ်နိုင်ပါတယ်ဗျာ၊ ကျွန်တတော် မကြိုက်စရာ မရှိပါဘူး"

"ကဲ... ဒီလို ဆိုရင်တော့ ကျွန်တော့်ရဲ့ ချစ်လှစွာသော ဟန်ဒယ်လ်ခင် ဗျား"

သူသည် ပြောပြောဆိုဆို တံခါးတစ်ခုကို ဖွင့်လိုက်သည် "ဟောဒီမှာ ညစာစားဖို့ အသင့်ဖြစ်နေပါပြီ။ ဒီညစာအတွက် ကုန်ကျစရိတ်ကို ခင်ဗျားက ကျခံရတာမို့ စားပွဲထိပ်မှာ နေရာယူသင့်ပါတယ်"

ကျွန်တော်က လက်မခံဘဲ အတင်းငြင်းသဖြင့် သူက စားပွဲထိပ်ကုလားထိုင်တွင် နေရာယူသည်။ ကျွန်တော်က သူနှင့် မျက်နှာချင်းဆိုင် ထိုင်သည်။ အတော်ကလေး စားလို့ သောက်လို့ ကောင်းသည့် ညစာ ဖြစ်ပါ၏။ ပို၍ မြိန် ပို၍ အရသာထူးသည်မှာ တခြားကြောင့် မဟုတ်။ လူကြီးများ နှင့် မစားရဘဲ လူငယ်နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စားရ၍ ဖြစ်ပါသည်။

ညစာစား၍ အတော်ကလေး အရှိန်ရလာသည့် အခါ ကျွန်တော်က သူပေးထားသည့် ကတိအတိုင်း မစ္စဟေဗီရှမ်အကြောင်း ပြောပြဖို့ နှိုး ဆော်သည်။

"ပြောမှာ ပေါ့ဗျာ" သူက ပြန်ပြောသည်။ "ဒါပေမဲ့ အဲဒီအကြောင်း မပြောခင် ခင်ဗျားရဲ့ ချွတ်ယွင်းချက်ကလေးတွေ ပျောက်သွားအောင် သတိပေးဖို့ လိုနေတယ်။ ကျွန်တော်တို့ လန်ဒန်မြို့မှာ အစာစားရင်း အစာ ကို ဓားနဲ့ ထိုးကော်ပြီးပါးစပ်ထဲ ထည့်တဲ့ အလေ့အထ မရှိဘူး ဟန်ဒယ်လ်ရဲ့၊ မတော်တဆပါးစပ်ကို ဓားရှသွားတတ်တယ် မဟုတ်လား၊ အဲဒါကြောင့်ပါ၊ အစာကို ခက်ရင်းနဲ့ ထိုးပြီး စားတဲ့ အခါမှာလည်း အာခေါင်ထဲကို လိုအပ်တာထက် ပိုပြီး ထိုးမထည့်ရဘူး၊

ဒါလေးတွေက အရေးကြီးတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အများ နဲ့ စားတဲ့ အခါ သူများ လုပ်သလို လိုက်လုပ်တတ်တော့ ကောင်းတာပေါ့ဗျာ၊ ဟုတ်ဖူးလား၊ ပြီးတော့ ရှိသေးတယ်၊ ဇွန်းကိုင်ရင် လက်ပေါ်မှာ ထားပြီး မကိုင်ရဘူး၊ လက်အောက်မှာ ထားရတယ်၊ အဲသလို အထားမှန်ရင်ပါးစပ်ထဲကို လွယ်လွယ်ကူကူ ခွံ့လို့ ရတယ်"

သူပြောပုံမှာ တရင်းတနှီး ရှိလှပြီး အသက်ပါလွန်းလှသဖြင့် နှစ်ယောက်စလုံး အူလှိုက်သည်းလှိုက် ရယ်မိကြသည်။ ကျွန်တော့်တွင်လည်း ရက်စိတ်ကလေး မသိမသာ ဝင်ရုံမျှသာ ရှိသည်။

"ကဲ.. မစ္စဟေဗီရှမ်အကြောင်း ပြောကြဦးစို့" ဟု သူက စကားဆက်သည်။ "မစ္စဟေဗီရှမ်ဟာ ကလေးဘဝကတည်းက အလိုလိုက်လွန်းလို့ ဆိုးလာတဲ့ မိန်းမကြီးတဲ့ ဗျ။ သူ့အမေက သူ နို့စို့ကလေးဘဝကတည်း က ဆုံးသွားတော့ သူ့အဖေက အရမ်းအလိုလိုက်ခဲ့တာ ဆိုပဲ၊ သူ့အဖေက ခင်ဗျားတို့ အရပ်ဒေသမှာ ဘီယာချက်တဲ့ လုပ်ငန်း လုပ်ရင်း ကြီးပွားချမ်းသာလာတဲ့ လူကြီးလူကောင်း၊ လူချမ်းသာတစ်ဦးပေါ့၊ ဘီယာချက်ရောင်းတဲ့ လူက လူကြီးလူကောင်း ဖြစ်တာကတော့ အဆန်းပဲ ဗျ၊ ကျွန်တော်ဖြင့် ဘာကြောင့် အဲသလို ဖြစ်ရတယ်ဆိုတာ လုံးဝ နားမလည်နိုင်ဘူး၊ ပေါင်မုန့်ဖုတ်ရောင်းပြီး ကြီးပွားချမ်းသာလာတဲ့ လူကျတော့လည်း လူကြီးလူကောင်းတစ်ယောက် မဖြစ်နိုင်ဘူးတဲ့၊ သူတို့ ဟာကြီးက အဆန်းပဲ"

"လူကြီးလူကောင်း တစ်ယောက်အနေနဲ့ အရက်ဆိုင်တော့ မဖွင့်နိုင်ဘူး မဟုတ်လား"

"မဖွင့်နိုင်ဘူးဗျာ" ဟု သူက ပြန်ပြောသည်။ "ဒါပေမဲ့ အရက်ဆိုင်ကတော့ လူကြီးလူကောင်း တစ်ယောက်ကို လက်ခံနိုင်သားပဲ၊ မစ္စတာ ဟေဗီရှမ်ဆိုတဲ့ လူကြီးက အလွန်ချမ်းသာတော့ အလွန်မာနကြီးဆိုပဲ၊ အဲ... သူ့သမီးကလည်း သူ့လိုပဲတဲ့ "

"မစ္စဟေဗီရှမ်က တစ်ဦးတည်းသော သမီးလား" ဟု ကျွန်တော်က ကြားဖြတ်၍ မေးသည်။

"နေဦးဗျ၊ အဲဒီကို ရောက်လာပါလိမ့်မယ်။ သူက တစ်ဦးတည်းသော သမီး မဟုတ်ဘူး။ သူ့မှာ မောင်ဝမ်းကွဲတစ်ယောက် ရှိသေးတယ်။ သူ့အဖေကြီးမှာ တိတ်တိတ်ပုန်း လက်ထပ်ထားတဲ့ မိန်းမတစ်ယောက် ရှိတယ်၊ တိတ်တိတ်ပုန်း လက်ထပ်ထားတဲ့ မိန်းမက သူ့အိမ်က ထမင်းချက် လို့ ဆိုတာပဲ"

"သူ့သားကလည်း မာနကြီးမှာပဲလို့ ကျွန်တော် ထင်တယ်"

"ခင်ဗျားတွေးတာ မှန်တယ်ဗျ၊ သူလည်း မာနကြီးတာပဲ၊ အဘိုးကြီး က မာနသိပ်ကြီးတော့ သူ့ဒုတိယမယားကို လူသိရှင်ကြား လက်မထပ်ဘူးပေါ့၊ နောက်တော့ သူ့မိန်းမက ဆုံးသွားရော၊ အဲဒီကျတော့မှ အဖြစ်အပျက်ကို သူ့သမီးသိအောင် ဖွင့်ပြောတယ်။ ဒါနဲ့ပဲ သူ့သားဟာ သူတို့ မိသားစုစာရင်းဝင် ဖြစ်လာပြီး အဲဒီအိမ်ကြီးမှာ အတူတူ နေကြတယ်။ သားလုပ်တဲ့ သူကလည်း

အရွယ်ကလေး ရောက်လာတော့ ခပ်ဆိုးဆိုး ခပ်တေတေ ဖြစ်လာတယ်။ အသုံးအစွဲကလည်း ကြီး၊ ဘာအလုပ်မှလည်း ခိုင်းလို့ မရနဲ့၊ သိပ်ဆိုးသိပ်မိုက်တဲ့ လူငယ်တစ်ယောက် ဖြစ်လာတယ်၊ နောက်ဆုံးကျတော့ သူ့အဖေက အမွေပြတ် ကြေညာလိုက်တယ် ဆိုပါတော့၊ ဒါပေမဲ့ အဘိုးကြီးက သူ သေခါနီးကျတော့ စိတ်ပြောင်းသွားပြီး သူ့သားအတွက် အမွေပစ္စည်း အတော်များများ ခွဲပေးခဲ့ပါတယ်။ သူ့သမီး မစ္စဟေဗီရှမ်လောက်တော့ မများဘူးပေါ့.. ဗျာ၊ ကဲ... နောက်ထပ် ဝိုင်တစ်ခွက်လောက် သောက်လိုက်ဦး၊ ကျွန်တော် တစ်ခုကြားဖောက်ပြီး ပြောရဦးမယ်၊ အရက်သောက်တဲ့ အခါမှာ ဖန်ခွက်နှုတ်ခမ်းကို နှာခေါင်းနဲ့ ထိပြီး ဖန်ခွက်ဖင်ထောင်နေအောင် သောက်တာ အရုပ်ဆိုးတယ်လို့ ယူဆကြတယ်"

သူ ပြောနေသည့် ဇာတ်လမ်းအပေါ်တွင် အလွန်အမင်း စိတ်ဝင်စားလျက် ရှိသော ကျွန်တော်သည် သူ သတိပေးချိန်တွင် ဖန်ခွက်ကို ဖင်ထောင်သွားအောင် သောက်နေချိန်နှင့် ကြုံကြိုက်လျက် ရှိ၏။ ယခုကဲ့သို့ သတိပေးသည့် အတွက် ကျေးဇူးတင်ကြောင်း ပြောပြီး သူ့ကို ကျွန်တော်က တောင်းပန်သည်။ "ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး" ဟု သူက ပြန်ပြောကာ ပြောလက်စ ဇာတ်လမ်းကို ဆက်လေသည်။

"ဒါနဲ့ပဲ မစ္စဟေဗီရှမ်ဟာ သူ့အဖေဆီက အမွေပစ္စည်းတွေ အများကြီး ရလိုက်တယ်၊ သူ့တစ်ဝမ်းကွဲမောင်က အထိုက်အလျောက် ရလိုက်တယ်။ ဒီနေရာမှာ ခင်ဗျားလည်း သဘောပေါက်ပါလိမ့်မယ်၊ တကယ့် ပွဲကြီးပွဲကောင်းခုပေါ့၊ သူ့မောင်ဝမ်းကွဲကတော့ ထုံးစံအတိုင်း အသုံးအဖြုန်းကြီးတော့ အမွေရလိုက်တဲ့ ပစ္စည်းတွေဟာ ခဏနဲ့ ပြောင်တာပဲ၊ ရှိသမျှပစ္စည်း ကုန်တဲ့ အပြင် အကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့ အဖြစ် ရောက်သွားပြန်တယ် ဆိုပါတော့၊ မောင်တစ်ဝမ်းကွဲနဲ့ တစ်ဝမ်းကွဲ အစ်မကြားမှာ ဖြစ်လာတဲ့ သွေးကွဲမှုက ဖအေနဲ့သားကြားမှာ ဖြစ်ခဲ့တဲ့ သွေးကွဲမှုထက် ပြင်းထန်တယ်ဗျ၊ မောင်လုပ်တဲ့ လူကလည်း သူ့အစ်မ (ဂုံး)ကုန်းတိုက်လို့သာ သူ့အဖေက သူ့ကို စိတ်ဆိုးပြီး အခုလို ပစ္စည်းနည်းနည်းလေး ပေးတယ်လို့ ထင်တယ်။ အဲဒီအထင်နဲ့ အစ်မအပေါ် အာဃာတထားတာပေါ့...လေ။ ကဲ... အခု ဒီနေရာကစပြီး ဇာတ်လမ်းရဲ့ အရက်စက်ဆုံးအပိုင်း ရောက်တော့မယ်...။ အဲ.. တစ်ခုတော့ ပြောရဦးမယ်... ဟန်ဒယ်လ်။ ခင်ဗျား လက်သုတ်ပဝါကို ဖန်ခွက်ထဲ ထိုးထည့်နေတာ ဝင်လိမ့်မယ် မထင်ဘူးဗျ"

ကျွန်တော့်အနေဖြင့် လက်သုတ်ပဝါကို ဖန်ခွက်ထဲ မည်သည့် အတွက် ထိုးသွင်းနေမိသည် ကို မပြောတတ်ပါ။ ဤတစ်ကြိမ်တွင်လည်း သူ သတိပေးသည့် အတွက် ကျေးဇူးတင်စကားပြောပြီး တောင်းပန်စကား ပြောရပြန်သည်။ သူကလည်း စောစောကအတိုင်းပင် "ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး" ဟု ပြန်ပြောပြီး ဇာတ်လမ်းကို ဆက်သည်။

"အခုအပိုင်းကျတော့ ဇာတ်ကွက်ထဲကို လူတစ်ယောက် ဝင်လာတယ်။ မြင်းပွဲတို့ ကပွဲတို့ ညှော့်ပရိသတ် စည်စည်ကားကား ရှိနေတဲ့ ပွဲမှန်သမျှ ဒီလူ

အမြဲပါလာတယ်။ သူက မစ္စဟေဗီရှမ်နဲ့ ဆုံမိတယ်၊ မစ္စဟေဗီရှမ် ကို ချစ်ရေးဆိုတယ်။ ကျွန်တော်တော့ ဒီလူကို မမြင်ဖူးပါဘူး၊ ဘယ်မြင် ဖူးမလဲဗျာ၊ ဒီဇာတ်လမ်းဖြစ်ခဲ့တာက ခင်ဗျားတို့ ကျွန်တော်တို့ မမွေးခင် လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်လောက်က ဖြစ်ခဲ့တာကိုးဗျ။ ကျွန်တော့်အဖေ ပြောပြတဲ့ အတိုင်း ဆိုရင်တော့ ဒီလူက ဟိတ်ဟန်ကောင်းကောင်း လူပုံကြွားကြွားဆိုပဲ၊ မိန်းမတွေ မျက်စိကျလောက်တဲ့ ရုပ်မျိုးလည်း ရှိသတဲ့။ ဒါပေမဲ့ အသိဉာဏ် ဗဟုသုတမရှိတဲ့ လူတွေနဲ့ သူ့ကို ခင်မင်နေတဲ့ လူတွေကတော့ သူ့ကို လူကြီးလူကောင်းတစ်ယောက်လို့ ထင်ကြတာတဲ့။ အသိပညာရှိတဲ့ လူတွေအနေနဲ့ ကတော့ ဒီလူ လူပေါ်ကြော့မှန်း မြင်ရုံ နဲ့ သိနိုင်တယ်လို့ ကျွန်တော့်အဖေက အခိုင်အမာ ပြောတယ်။ ကျွန်တော့် အဖေရဲ့ မူကတော့ တစ်မျိုးဗျ၊ အပေါ်ယံ ဟန်အမူအရာကောင်းရုံနဲ့ လူကြီးလူကောင်း မဖြစ်နိုင်ဘူးတဲ့။ အတွင်းသဘောကိုက ကောင်းမှသာ လူကြီးလူကောင်းလို့ သတ်မှတ်ရမယ်...တဲ့။ အသွေးအရောင် ပြောင်တိုင်း ရွှေ မဟုတ်ဘူး ဆိုတာ သိရမယ်လို့ အဖေက ဆိုတယ်။ သစ်စေ့ တစ်စေ့ ကောင်းတယ်ဆိုတာ အပေါ်ယံမှာ ရှိနေတဲ့ အရောင်အသွေးကို ကြည့်ရုံနဲ့ မသိနိုင်ဘူးတဲ့။ အဲ... ဒါနဲ့ပဲ ဒီလူက မစ္စဟေဗီရှမ်ကို တောက်တဲ့ ကပ်သလို တကောက်ကောက် လိုက်တော့တာကိုး၊ ကြာလာတော့ မစ္စဟေဗီရှမ်ကလည်း ဟိုလူအပေါ် ညွတ်လာတော့တာပေါ့ဗျ၊ မစ္စဟေဗီရှမ်အနေနဲ့ က အဲဒီအချိန်အထိ ဒီလူအပေါ်မှာ သံသယ မဖြစ်သေးဘူး။ ဒါပေမဲ့ သူ့မှာ သံသယလည်း ဝင်လာရော အချိန်က သိပ်နောက်ကျနေပြီ။ သံသယဝင်လာတဲ့ အချိန်မှာ သူဟာ ဒီလူကို အရူးအမူး ချစ်မိနေပြီပေါ့ဗျာ၊ သူ့အနေနဲ့ အလွန့်အလွန်ကို ချစ်ခင်စွဲလမ်းနေပြီပေါ့။ ဟိုလူကလည်း သူ့အပေါ်မှာ အရူးအမူးဖြစ်နေတဲ့ မစ္စဟေဗီရှမ်ရဲ့ အချစ်ကို သူလိုချင်သလို စနစ်တကျ အသုံးချတော့တာပေါ့။ မစ္စဟေဗီရှမ်အနေနဲ့ ဟိုလူ့လက်ခုပ်ထဲက ရေလို ဖြစ်နေတော့ ဟိုလူပြောသမျှ အကုန် လုပ်ပေးတာပဲ၊ ဟိုလူ့အနေနဲ့ မစ္စဟေဗီရှမ်ဆီက ငွေအများကြီး ရသွားတာ၊ နောက်ဆုံးဗျာ၊ မစ္စဟေဗီရှမ်နဲ့ သူ့မောင်ဝမ်းကွဲ စပ်တူပိုင်တဲ့ ဘီယာချက်စက်ရုံကို တစ်ဦးတည်းပိုင် ဖြစ်အောင်လုပ်ဖို့ ဟိုလူက မစ္စဟေဗီရှမ်ကို သွေးဆောင်တယ်။ ဟိုလူက သူ မစ္စဟေဗီရှမ်နဲ့ လက်ထပ်ပြီး လင်ယောကျ်ား ဖြစ်လာတဲ့ တစ်နေ့မှာ ဒီဘီယာချက်စက်ရုံကြီးကို သူကိုယ်တိုင် ဦးစီးပြီး လုပ်မယ်လို့ ပြောတော့ မစ္စဟေဗီရှမ်ကလည်း ကျတာ ပေါ့ဗျာ၊ ဒါနဲ့ပဲ မစ္စဟေဗီရှမ်က သူ့မောင်ဝမ်းကွဲကို ငွေအမြောက်အမြား ပေးပြီး ဘီယာစက်ရုံရှယ်ယာကို ဝယ်လိုက်တယ် ဆိုပါတော့၊ ခက်တာ က အဲဒီအချိန်က ခင်ဗျားရဲ့ အုပ်ထိန်းသူ မစ္စတာ ဂျက်ဂါးကလည်း မစ္စ ဟေဗီရှမ်ရဲ့ အတိုင်ပင်ခံ လူယုံဘဝ မရောက်သေးဘူးဗျ။ မစ္စဟေဗီရှမ် ကိုယ်တိုင်ကလည်း မာနကကြီး ဘဝင်ကမြင့်။ ဟိုလူအပေါ် ချစ်တာကလည်း အရူးအမူးဆိုတော့ မိုးမမြင် လေမမြင် ဖြစ်နေတဲ့ အချိန်၊ ဘယ်သူမှ ကြားဝင်လို့ မရဘူး။ သူ့ဆွေမျိုးတွေ ဆိုတာကလည်း ကျွန်တော့်အဖေ ကလွဲပြီး အားလုံး

လူညာချည်းပဲ။ သူ့ကို ဝိုင်းလိမ်းဖြတ်ဖို့ လောက် ကြံစည် စိတ်ကူးနေတဲ့ လူတွေဆိုတော့ မစ္စဟေဗီရှမ်က ဘယ်သူ့မှ မယုံဘူးပေါ့။ ကျွန်တော့်အဖေကတော့ လူတစ်မျိုးဗျ။ ဆင်းရဲပေမယ့် တစ်ဖက်သားကို ညာလှိုင်းပြီး ခခယယနဲ့ ချူစားတတ်တဲ့ လူ မဟုတ်ဘူး။ သူ့ဘာသာသူ ချမ်းသာနေတာကို မနာလိုမရှုဆိတ်လည်း မဖြစ်ဘူး၊ ဒီတော့ကာ မစ္စဟေဗီရှမ်ရဲ့ ဆွေမျိုးတွေအလယ်မှာတော့ ကျွန်တော့်အဖေဟာ သူကောင်းတယ်ထင်တာကို အပြောနိုင်ဆုံး လူတစ်ယောက်ပဲ၊ အဲဒီတော့ ကျွန်တော့်အဖေက မစ္စဟေဗီရှမ်ကို ဒီလူအတွက် လုပ်ကိုင် ပေးနေတာတွေဟာ သိပ်များ နေပြီ။ ကြာရင် သူ့လက်သူ့ခြေချည်း ဖြစ်ပြီး သူလုပ်သမျှ ခံရမယ့်ဘဝမျိုး ရောက်သွားလိမ့်မယ်လို့ သတိပေးတယ်။ ဒီတော့ မစ္စဟေဗီရှမ်က ကျွန်တော့်အဖေကို သူ့ချစ်သူဆိုတဲ့ ဟိုလူရဲ့ မျက်စိအောက်မှာပဲ သူ့အိမ်ထဲက ထွက်သွားလို့ မောင်းထုတ်သတဲ့။ အဲဒီအချိန်ကစပြီး ကျွန်တော့်အဖေက မစ္စဟေဗီရှမ် ဆီ မသွားတော့တာ ကနေ့အထိပါပဲ"

"နောက်ဆုံး ငါ့အလောင်းကို ဟောဒီစားပွဲကြီးပေါ်မှာ တင်ထားတဲ့ တစ်နေ့ကျရင် မက်သယူးလည်း လာပြီး ကြည့်မှာပါ" ဟု ပြောခဲ့သော မစ္စဟေဗီရှမ်၏ စကားများကို ကျွန်တော် ပြန်ပြီး သတိရသည်။ ကျွန်တော်က သူ့အဖေအနေဖြင့် မစ္စဟေဗီရှမ်၏ အပေါ်တွင် ခွင့်မလွှတ်နိုင်အောင် နာကြည်းသွားသလားဟု ဟားဘတ်အား မေးမိလေသည်။

"ဒီသဘောမျိုးလည်း မဟုတ်ဘူး ဗျ" ဟု သူက ဆိုသည်။ "သူယူမယ့် ယောက်ျားရှေ့မှာ မတော်မတရား စွပ်စွဲပြီး မချေမင် ဆက်ဆံပြောဆိုတာ ခံရတော့ စိတ်မကောင်းဖြစ်တဲ့ သဘောပဲ၊ တကယ်လို့ အခုအချိန်မှာ သွားလည်း သူရော ကျွန်တော့်အဖေရော နှစ်ဦးလုံးစလုံး စိတ်ထိခိုက်စရာပဲ ဖြစ်ကြမယ် မဟုတ်လားဗျာ၊ ဟိုလူ့အကြောင်းကို အဆုံးသတ်သွားအောင် ပြောကြဦးစို့၊ မစ္စဟေဗီရှမ်နဲ့ ဟိုလူက လက်ထပ်ဖို့ ရက်သတ်ကြတယ်။ လက်ထပ်မင်္ဂလာပွဲအတွက် အဝတ်အစားတွေ ဝယ်တယ်၊ မင်္ဂလာခရီး အစီအစဉ်တွေ ဘာတွေလည်း ရေးဆွဲသတ်မှတ်ကြတယ်။ လူတွေလည်း ဖိတ်တယ်။ မင်္ဂလာလက်ထပ်ပွဲနေ့ကျတော့ သတို့သားက ရောက်မလာတော့ဘူး၊ သူ့အစား စာတစ်စောင်ပဲ ရောက်လာတယ်"

"အဲဒီစာဟာ မစ္စဟေဗီရှမ် လက်ထပ်ပွဲအတွက် သတို့သမီးဝတ်စုံ တွေလဲဖယ်နေတဲ့ အချိန်မှာ ရောက်လာတာ မဟုတ်လား၊ အချိန်က ကိုးနာရီထိုးဖို့ မိနစ်နှစ်ဆယ်အလိုမှာ မဟုတ်လားဗျ" ဟု ကျွန်တော်က ကြားဖြတ်မေးသည်။

ဟားဘတ်က ခေါင်းတစ်ချက်ညိတ်ပြပြီး "အဲ... ဟုတ်တယ်။ အဲဒီအချိန် အဲဒီမိနစ်ပိုင်းမှာ ရောက်လာတာ" ဟု ဟားဘတ်က ဖြေသည်။ "အဲသလိုလည်း ဖြစ်ရော မစ္စဟေဗီရှမ်က အိမ်ထဲမှာ ရှိသမျှ နာရီအားလုံးကို အဲဒီအချိန်မှာ ရပ်ပစ်လိုက်တယ်။ ဘယ်လိုစိတ်ကူးကြောင့် ဆိုတာတော့ မပြောတတ်ဘူးပေါ့ဗျာ၊ မင်္ဂလာပွဲလည်း တစ်ခါတည်း ပျက်ရော၊ ဒီနောက်ပိုင်းတော့ ကျွန်တော်လည်း

အတိအကျ မသိတော့ဘူး။ တစ်ခုရှိတာ က မစ္စဟောဗီရှမ်က အကြီးအကျယ် စိတ်ထိခိုက်ပြီး အိပ်ရာပေါ် ဗုန်းဗုန််းလဲတဲ့ အထိ ဖျားတာပဲ...တဲ့။ မမာမချာဖြစ်ပြီးလို့ နာလန်လည်း ထရော သူ့ပိုင်အိမ်နဲ့ စက်ရုံ စတဲ့ ပစ္စည်းတွေကို ကောင်းကောင်း မွန်မွန် ပြန်မကြည့်တော့ဘူး။ ဖြစ်ချင်သလို ဖြစ် ပစ်ထားလိုက်တာ ခင်ဗျားမြင်ခဲ့ ဖူးတဲ့ အတိုင်းပဲ။ အဲဒီအချိန်ကစပြီး သူကိုယ်တိုင်လည်း နေရောင်ကို လုံးဝ မကြည့်တော့ဘူး။ အချိန်ရှိသမျှ အိမ်ထဲက အိမ်ပြင်ကို မထွက်တော့ဘူး"

"ဇာတ်လမ်းကတော့ ဒီမှာတင် ဆုံးသွားရော ဆိုပါတော့။ ဟုတ်လား" ဟု ကျွန်တော်က ဆက်မေးသည်။

"ကျွန်တော် သိသမျှတော့ ဒါအကုန်ပဲဗျ။ အခုလောက် သိတာတောင် ကိုယ့်ဘာသာကိုယ် မေးမြန်းလို့ စုံစမ်းလို့ ရထားတာတွေကို ဆက်စပ်ယူရတာ၊ ကျွန်တော့်အဖေကတော့ ဒီအဖြစ်ကို ပြောခဲ့တယ်။ မစ္စဟောဗီရှမ် က ကျွန်တော့်ကို ခေါ်တယ်ဆိုတော့မှ နည်းနည်းပါးပါး နားလည်ရုံလောက် ပြောပြတာ၊ အဲ... ကျွန်တော် ပြောပြဖို့ တစ်ခုမေ့နေတယ်။ တကယ်တော့ သူ့ချစ်သူဆိုတဲ့ လူက မောင်တစ်ဝမ်းကွဲနဲ့ အစကတည်းက ပူးပေါင်းကြံစည်တာတဲ့ ဗျ။ နှစ်ယောက် နားလည်မှုယူပြီး လုပ်တဲ့ အလုပ်ပေါ့။ မစ္စဟောဗီရှမ်ဆီက ရသမျှကိုလည်း သူတို့ နှစ်ယောက် ခွဲဝေယူကြတာ..တဲ့ "

"ဒီလူ့အနေနဲ့ လက်ထပ်လိုက်ရင် ရှိသမျှပစ္စည်း အကုန်ပိုင်တာပဲ၊ အဲသလို မလုပ်တာကတော့ အံ့ဩစရာ ဖြစ်မနေဘူးလားဗျာ" ဟု ကျွန်တော်က ထင်မြင်ချက် ပေးမိသည်။

"ဒါကတော့ ဒီလူမှာ လက်ထပ်ပြီးသာ းမယားရှိချင် ရှိမယ်ဗျ။ ဒါကြောင့် လက်မထပ်တာ ဖြစ်ချင်ဖြစ်မှာပေါ့။ ပြီးတော့လည်း ဒီအကြံအစည်က အစ်မလုပ်တဲ့သူ အသည်းကွဲအောင် မောင်တစ်ဝမ်းကွဲရဲ့ စိတ်ကူး ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ" ဟု ဟားဘတ်က ပြောသည်။ "တစ်ခုတော့ ရှိတယ်နော်...။ အခုပြောတာက ကျွန်တော် အတိအကျသိထား လို့ ပြောတာတော့ မဟုတ်ဘူး "

"ဟိုလူနှစ်ယောက် နောက်တော့ ဘာဖြစ်သွားကြသတဲ့လဲ"

"အခုလို ယုတ်ညံ့တဲ့ အလုပ် လုပ်တော့ သူတို့လည်း ဂုဏ်သိက္ခာမဲ့ တာပေါ့ဗျာ၊ နောက်ဆုံးတော့ ဆေးဖော်ကြောဖက် လုပ်မယ့်သူတောင်မှ မရှိတော့ဘဲ နှစ်ယောက်စလုံး ပျက်စီးသွားကြသတဲ့ "

"သူတို့ သက်ရှိထင်ရှား ရှိနေကြတုန်းပဲလား"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး"

"ခင်ဗျား စောစောက ပြောတယ်၊ အက်စတယ်လာဟာ မစ္စဟောဗီရှမ် နဲ့ သွေးသားမတော်ဘူး၊ မွေးစားထားတာတဲ့၊ ဒါဆို ဘယ်တုန်းက မွေးစားတာလဲ"

ဟားဘတ်သူ့ပခုံးများကိုတွန့်လိုက်သည်။

"မစ္စဟောဗီရှမ်အကြောင်းကို ကျွန်တော် စကြားတဲ့ အချိန်ကတည်းက အက်စတယ်လာ နာမည်ပါလာတာပဲဗျ။ ဒီထက်တော့ ကျွန်တော်လည်း ပိုပြီး

မသိဘူး။ ကဲ... ဟန်ဒယ်လ်။ ကျွန်တော်နဲ့ ခင်ဗျားကြားမှာ ဘာဖုံးကွယ်မှုမှ မရှိတော့ဘူး။ အလွန်ပွင့်လင်းတဲ့ နားလည်မှုပဲ ရှိတော့တယ်။ မစ္စဟောဗီရှမ်ရဲ့ ဇာတ်လမ်းကတော့ ကျွန်တော်သိထားသမျှ ခင်ဗျား သိသွားပြီ၊ အဲဒါပဲ"

"ကျွန်တော်သိသမျှကိုလည်း ခင်ဗျားသိပြီးပါပြီဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်တော် ခင်ဗျားအပေါ်မှာ လုံးဝယုံကြည်ပါတယ်ဗျာ၊ အဲဒီတော့ ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ ရှုပ်စရာလည်း မရှိဘူး။ အပြိုင်အဆိုင် လုပ်စရာလည်း မလိုဘူး၊ ခင်ဗျားရဲ့ ဘဝ တိုးတက်မှုနဲ့ ပတ်သက်လို့လည်း ခင်ဗျားရဲ့ ကျေးဇူးရှင်အကြောင်း မမေးရ၊ မစုံစမ်းရဘူးဆိုတာ ကျွန်တော် သိထားရပါတယ်။ အဲဒါလည်း စိတ်ချပါ။ ကျွန်တော်ကဖြစ်စေ ကျွန်တော်နဲ့ ပတ်သက်တဲ့ လူတွေကဖြစ်စေ မမေးမမြန်းဘူးဆိုတာ စိတ်ချပါ"

အမှန်အတိုင်း ပြောရမည်ဆိုပါက ဤစကားများကို သူပြောသွားပုံ က လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှသဖြင့် ကျွန်တော့်ရင်ထဲတွင် သူ့အား တစ်ဖအေတည်းမှ ပေါက်ဖွားလာသည့် ညီရင်းအစ်ကို တမျှ ရင်းနှီးခင်မင်သောစိတ် ဖြစ်လာမိသည်။ ပြောသွားပုံ အလေးအနက်ရှိလွန်းလှသဖြင့်လည်း သူ့အနေဖြင့် ကျွန်တော်၏ ကျေးဇူးရှင်သည် မစ္စဟောဗီရှမ် ဖြစ်လိမ့်မည်ဟု ယူဆနေကြောင်း ကျွန်တော်စိတ်ထဲက သိလိုက်ပါသည်။

မည်သို့ပင်ဖြစ်စေ နှစ်ယောက်သား ပြောစရာရှိသမျှကို ဤမျှလောက်အထိ ပွင့်ပွင့်လင်းလင်း ပြောမိကြသောအခါ နှစ်ဦးသားကြားတွင် အခုအခံ အဟန့်အတား ဟူ၍ မရှိသလောက် ဖြစ်သွားသည်။ နှစ်ဦးစလုံး စောစောကထက်ပို၍ ရွှင်လန်းမြူးထူးလာကြသည်။ တိုး၍လည်း တရင်းတနှီး ဖြစ်လာကြသည်။ ဟိုအကြောင်းသည် အကြောင်း ရောက်တတ်ရာရာ ပြောနေရင်းကပင် ကျွန်တော်က ယခုလောလောဆယ် သူ ဘာ အလုပ်လုပ်နေသလဲဟု မေးမိသည်။ "အရင်းရှင်တစ်ယောက် ဆိုပါတော့၊ သင်္ဘောအာမခံ လုပ်ငန်းရှင်တစ်ဦးဗျ" ဟု ပြန်ပြောသည်။ ကျွန်တော်က အခန်းထဲတွင် သင်္ဘောကုမ္ပဏီများ လုပ်ငန်းနှင့် ပတ်သက်သော ကြော်ငြာများ ပိုစတာများ နှင့် ဓာတ်ပုံများ ရှိလိုရှိငြား မျက်စိရှာမိသည်။ ကျွန်တော့်အရိပ်အခြည်ကို အကဲခတ်မိသော ဟားဘတ်က "လုပ်ငန်းကို မြို့ထဲမှာ ထားတယ်" ဟု ထပ်ပြောလေသည်။

မြို့တွင်း၌ အလုပ်ခန်းဖွင့်ပြီး သင်္ဘောအာမခံလုပ်ငန်း လုပ်သည် ဆိုပါက အရင်းအနှီးများစွာ မြှုပ်နှံထားရသည့် လုပ်ငန်းကြီးတစ်ခု ဖြစ်ဖို့ များ၏။ သို့ဆိုလျှင် ဟားဘတ်သည် အလွန်ချမ်းသာသော အာမခံလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်ပေလိမ့်မည်။ ဤမျှလောက်အထိ အဆင့်မြင့်သော ငွေရှင်ကြေးရှင် တစ်ဦးအား အလဲလဲအကွဲကွဲဖြစ်အောင် ထိုးခဲ့ကြိတ်ခဲ့မိခြင်းသည် ကျွန်တော့်အတွက် စိတ်မလုံစရာကြီး တစ်ခု ဖြစ်သည်။ တကယ်တမ်း ကျွန်တော်သည် စီးပွားရေးလုပ်ငန်းကြီး တစ်ခု ကို မျက်ခြည်မပြတ် ကြည့်နေရသော သူ့မျက်လုံး

အညိုအမည်း စွဲအောင်အထိ ထိုးကြိတ်ခဲ့မိ၏။ လုပ်ငန်းတာဝန်ကြီး တစ်ခုကို ထည့်ထားရသော သူ့ခေါင်းကို ပေါက်ပြဲသွားသည် အထိ ထိုးကြိတ်ခဲ့မိ၏။ ဤအကြောင်းများ ကို စဉ်းစားမိလိုက်သောအခါ ကျွန်တော့်ရင်ထဲတွင် စိုးရိမ်ထိတ်လန့်စိတ် ဝင်လာသည်။ သို့သော်လည်း ဟားဘတ်ပေါ့ကက်၏ အသွင်အပြင်သည် ဘယ်တော့မှ အကြီးအကျယ် အောင်မြင်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း ဖြစ်လိမ့်မည်မဟုတ် ဟူသော ထင်မြင်ချက်ကို သတိရလိုက်သောအခါ စိတ်ထဲတွင် အတော်ကြီး သက်သာရာ ရသွားခဲ့ပြန်လေသည်။

"ကျွန်တော့်အရင်းအနှီးကို သင်္ဘောတွေ အာမခံတဲ့ လုပ်ငန်း တစ်ခုတည်းမှာ မြှုပ်နှံထားရတာ အားမရသေးဘူးဗျ၊ အသက်အာမခံလုပ်ငန်း အစုရှယ်ယာတွေ ဝယ်ဦးမယ်လို့ စိတ်ကူးထားတယ်။ သတ္တုတူးဖော်တဲ့ လုပ်ငန်းထဲမှာ အထိုက်အလျောက် အရင်းအနှီးမြှုပ်နှံဖို့လည်း စဉ်းစား နေတယ်ဗျ။ တန်ချိန်ထောင်ပေါင်း နည်းနည်းပါးပါးဆိုရင် တင်ပို့ဖို့လည်း ပြဿနာ သိပ်မရှိနိုင်ဘူး။ ဒီလောက်ကတော့ ကိုယ့်သင်္ဘောနဲ့ ကိုယ် ပို့ရင်တောင် ဖြစ်နိုင်တာပဲ မဟုတ်လား"။ သူသည် ကုလားထိုင်ကို ကျော နှင့် မှီ၍ ထိုင်လိုက်သည်။ "ဒီပစ္စည်းတွေနဲ့ အရှေ့အိန္ဒိယကျွန်းစုဘက်ကို သွားမယ်။ ဟိုကအပြန်ကျတော့ ပိုးထည်တွေ၊ ရှောစောင်တွေ၊ သစ်ကြံပိုး၊ ဖာလာ၊ နံ့သာဖြူ၊ ကရမက် စတဲ့ အမွှေးအကြိုင်သုံးပစ္စည်းတွေ၊ ချည်ဆိုးဆေးတွေ၊ ဆေးဝါးပစ္စည်းတွေ၊ အဖိုးတန်သစ်တွေ ပြန်တင်လာရင် ဖြစ်နိုင်တာပဲ၊ စိတ်ဝင်စားစရာကောင်းတဲ့ ကုန်သွယ်မှုတစ်ခုပဲဗျ"

"အမြတ်ကတော့ အများကြီးရမယ် ထင်တယ်" ဟု ကျွန်တော်က ပြောသည်။

"မလိုချင်အောင် ရနိုင်တာပေါ့ဗျာ"

ကျွန်တော့်စိတ်သည် ပျံ့လွင့်လျက် ရှိ၏။ ကျွန်တော့်ကိုယ်ပိုင် မျှော်လင့်ချက်များ ထက် အဆမတန် ကြီးမားသည့် မျှော်လင့်ချက်များ နှင့် တွေ့နေရပြီဟု တွေးနေမိသည်။

သူသည် လက်များကို အပေါ်အကျႌ ဘေးအိတ်များထဲသို့ နှိုက်ကာ "ကျွန်တော်ကတော့ အရှေ့အိန္ဒိယကျွန်းစုဘက်က သကြားတို့ဆေးရွက်ကြီးတို့၊ ရမ်အရက်တို့လည်း တင်မယ်လို့ စိတ်ကူးထားတယ်၊ ပြီးတော့ သီဟိုကျွန်းဘက်သွားပြီး ဆင်စွယ်တွေ တင်ဖို့လည်း စိတ်ကူး ထားတာပဲဗျာ" ဟု ဆက်၍ ပြောပြန်လေသည်။

"ဒါဆိုရင် ခင်ဗျားမှာ သင်္ဘောတွေ အများကြီးရှိဖို့ လိုမှာပေါ့" ဟု ကျွန်တော်က ပြောသည်။

ကြီးကျယ်ခမ်းနားလွန်းလှသော ဤလုပ်ငန်းကြီးများ၏ ဖမ်းစားမှု ကို ခံစားရရှိပြီဖြစ်သော ကျွန်တော်က သူ အာမခံပြုလုပ်ထားသည့် သင်္ဘောများ

ယခုလောလောဆယ် မည်သည့် အရပ်ဒေသများ သို့ သွား၍ ကူးသန်းရောင်းဝယ်နေကြပါသနည်းဟု မေးမိပါသည်။

"အာမခံလုပ်ငန်းကတော့ မစရသေးဘူးဗျ" ဟု ပြန်ပြောသည်။ "ထောင့်စွေအောင် အဘက်ဘက်က လေ့လာနေတုန်းပဲ"

သူ၏ လေ့လာရေးလုပ်ငန်းသည် ဘားနက်ဟိုတယ်အတွင်း၌ပင် သံသရာလည်နေပုံ ရ၏။ ကျွန်တော်က "ဩော်" ဟု(အထင်နှင့် အမြင် ကွာခြားနေခြင်းကြောင့် ဖြစ်ပေါ်လာသည့်အသံ) ရေရွတ်လိုက်၏။

"ဟုတ်တယ်ဗျ၊ ကျွန်တော် အခု သဘော်ာအာမခံလုပ်ငန်း စာရင်းအင်းဌာနမှာ သွားပြီး လေ့လာနေတယ်"

"စာရင်းအင်းဌာနမှာ လေ့လာတုန်းဆိုတော့ အကျိုးကော ရှိရဲ့လား"

"စာရင်းအင်းဌာနမှာ လေ့လာနေတဲ့ လူငယ်တစ်ယောက်အဖို့ အကျိုးရှိမရှိ မေးတာလား" ဟု သူက ပြန်မေးသည်။

"ဟုတ်ပါတယ်။ ခင်ဗျားမှာ အကျိုးရရဲ့လားလို့ မေးတာပါ"

"ဘာပြုလို့ မေး.. မေး...၊ မဟုတ်ဘူး လေ။ ကျွန်တော့်အနေနဲ့ အမြတ်ကတော့ မရသေးဘူးပေါ့၊ တိုက်ရိုက်အကျိုးအမြတ်ကတော့ ဘယ်ရှိဦးမလဲ၊ သဘောက... ကျွန်တော့်ကိုတော့ ဘာမှ မပေးသေးဘူးလေ... ကျွန်တော့်အနေနဲ့က..."

ယခုပြောပုံအတိုင်း ဆိုပါက ဤလုပ်ငန်းမှ အကျိုးအမြတ် မရသေးသည်မှာ ထင်ရှားနေ၏။ ယခုကဲ့သို့ အမြတ်ငွေ မရနိုင်သေးသော အလုပ်တစ်ခုတွင် ငွေအရင်းအနှီး များများ စားစား မြှုပ်နှံဖို့ ဆိုသည်မှာ မလွယ်ကူသော အဓိပ္ပာယ်မျိုးဖြင့် ကျွန်တော်က ခေါင်းယမ်းလိုက်မိသည်။

"ဒါပေမဲ့ ဒါက ဒီလိုရှိပါတယ်... လဗျာ" ဟု ဟားဘတ်ပေါ့ကက်က ပြောသည် "အခုဟာက လေ့လာဆဲကိုးဗျ။ ဒီအလုပ်ကိုက အင်မတန်ကြီးမားတဲ့ လုပ်ငန်းကြီးတစ်ခုပဲဗျ။ ခင်ဗျားအနေနဲ့ စာရင်းအင်ႈဌာနမှာ ရောက်နေတယ်။ အဘက်ဘက်က လေ့လာနေတယ်။ ဒါဟာ လုပ်ငန်းကြီးပေါ့ဗျ။ နောက်တော့ အချိန်အခါ ကျလာမှာပေါ့။ အချိန်အခါဆိုတာ အခွင့်အရေးပေါ်လာမှာ ကို ပြောတာပါ။ အခွင့်အရေး ပေါ်လာလို့ အကွက်ကောင်းတာနဲ့ တစ်ပြိုင်နက် အမိအရ ဆုပ်ထားလိုက်ဖို့ပဲ။ ဒီ အခါမှာ ငွေရင်းဟာ ပေါ်လာမှာပဲ၊ ငွေရင်းရလာလို့ ကတော့ ခင်ဗျားအနေနဲ့ ဘာမှ လုပ်စရာမလိုတော့ဘူး၊ ငွေရင်းကို မြှုပ်ထားပြီး ရလာသမျှ အမြတ်ကို ခွဲဝေယူနေရုံပဲ"

ယခုအတိုင်းဆိုပါက ဟားဘတ် အလုပ်လုပ်နေပုံမှာ မစ္စဟေဗီရှမ်၏ အိမ်တွင် ကျွန်တော်နှင့် ထိုးကြိတ် သတ်ပုတ်ခဲ့စဉ်က ကျင့်ကြံပြုမူခဲ့သည့်ပုံစံနှင့် တူလျက် ရှိသည်။ ယခုလောလောဆယ် ကြုံနေရသည့် ဆင်းရဲမှုဒဏ်များကို သူ ကြံ့ကြံ့ခံနေပုံသည် ဘယ်နည်းနှင့် မဆို တစ်ချိန်ချိန်တွင် သူအနိုင်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကျွန်တော့် ထိုးကြိတ်မှုဒဏ်ကို ခါးစည်း၍ ခံယူနေပုံနှင့်

တထေရာတည်း တူလျက် ရှိ၏။ တကယ်တော့ ယခုလောလောဆယ်တွင် သူ့တွင် သူပိုင်ပစ္စည်းဟူ၍ ဘာတစ်ခုမှ မရှိသည်မှာ ထင်ရှားနေသည်။ စားရေးသောက်ရေးနှင့် နေထိုင်ရေး အတွက်ပင်လျှင် ကျွန်တော့်ကို အမှီပြုနေရသည့် အခြေအနေမျိုး ဖြစ်သည်။ သို့သော်လည်း သူသည် အပြုံးမပျက်။ မျှော်လင့်ချက်အပြည့်ထားကာ စိတ်မပျက်လက်မပျက်ပင် ရှိလေသည်။

မည်သို့ပင်ဖြစ်၍ သူ့ဘဝရှေ့ရေးအတွက် သူ့စိတ်ကူးနှင့် သူ အလွန်ကြီးမားသော မျှော်လင့်ချက်ကြီးများ ထားနေသော်လည်း ဘဝင်မြင့်ခြင်းကား မရှိပါ။ ကျွန်တော်နှင့် ဆက်ဆံရာ၌ စိတ်ကြီးဝင်ခြင်း၊ ကြွားဝါခြင်း အလျှင်းမရှိဘဲ သူ့ကိုယ်သူ နှိမ့်ချပြီး ဆက်ဆံနေသဖြင့် သူ့ကိုပင် ကျွန်တော်က စိတ်ထဲကမှ ကျိတ်၍ ကျေးဇူးတင်မိပါသေးသည် ညနေပိုင်းတွင် ကျွန်တော်တို့ အတူလမ်းလျှောက် ထွက်ကြသည်။ တစ်ဝက်ခရသော ဇာတ်ရုံ၌ ပြဇာတ် ဝင်ကြည့်ကြသည်။ နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့သည် ဝက်စ်မင်စတာအက်ဘီး ဘုရားရှိခိုးကျောင်းကြီးသို့ သွားလည်ကြပြီး မွန်းလွဲပိုင်းတွင် ပန်းခြံများ အတွင်းသို့ လှည့်ပတ်ကြည့်ရှုကြသည်။ ဤနေရာတစ်ဝိုက်တွင် ရပ်ထားသည့် မြင်းရထားများမှာ နည်းနည်းနောနော မဟုတ်ပါ။ ယခု ကျွန်တော်မြင်တွေ့နေရသည့် မြင်းအားလုံးကိုသာ ဂျိုး က ဒိုင်ခံ၍ သံခွာရိုက်ပေးနေရမည် ဆိုပါက မည်မျှ ကောင်းပါမည်နည်း။ ဤအလုပ်မျိုးကို ဂျိုး ရစေချင်သောဆန္ဒသည် ကျွန်တော့်ရင်ထဲ၌ ပြင်းစွာ ဖြစ်ပေါ်လျက် ရှိလေသည်။

ဂျိုးနှင့် ဘစ်ဒီတို့ ကို ခွဲခွာပြီး ထွက်လာခဲ့ရသည်မှာ များစွာ ကြာသေးသည် မဟုတ်ပါ။ သို့သော်လည်း ကျွန်တော်စိတ်ထဲက လပေါင်းများစွာ ကြာပြီဟု ထင်နေမိသည်။ သူတို့ နှင့် ကျွန်တော့်ကြားတွင် တည်ရှိလာသည့် ခြားနားမှုအကျယ်အဝန်း ပမာဏမှာလည်း အတိုင်းအဆ မသိနိုင်လောက်အောင် ကျယ်ပြန့်သွားသည့် နှယ် ခံစားရသည်။ ကျွန်တော်တို့ ကျင်လည်ခဲ့ရာ စိမ့်မြေတောများသည်လည်း ကျွန်တော်နှင့် အလွန်အလှမ်းဝေကွာခဲ့ရလေပြီ။ ဆင်ခြင်စဉ်းစား ကြည့်လိုက်သည့် အခါ ယခင်နှင့် ယခုသည် မဖြစ်နိုင်သောအရာများကို ပေါင်းစပ် ထားသည့် ဘဝတစ်ခုလို ဖြစ်နေသည်။ နယ်မြေဒေသ အနေအထားသာလျှင် ကွာခြားသည် မဟုတ်။ ပေါင်းသင်းဆက်ဆံမှုတည်း ဟူသော လူမှု ရေးနယ်ပယ်ပါ ခြားနားလျက် ရှိသည်။ နေနှင့် လ ကွာခြားသလို ကွာခြားနေခြင်း ဖြစ်သည်။ လန်ဒန်မြို့တော်၏ လမ်းမများသည် ကျွန်တော်တို့ မြို့၊ ကျွန်တော်တို့ ရွာက လမ်းများလို မဟုတ်။ လူတွေဖြင့် ပြည့်ကျပ်ကာ အသက်ဝင်လှုပ်ရှားလျက် ရှိသည်။ မောင်စပျိုးသည် နှင့် တစ်ပြိုင်နက် လျှပ်စစ်မီးရောင်များဖြင့် တဝင်းဝင်း တလက်လက် ဖြစ် နေကြလေပြီ။ ဤရှုခင်းများကို မြင်နေရသည့်ကြားတွင် ကျွန်တော်နှင့် အလှမ်းများစွာ ကွာဝေးနေပြီဖြစ်သော နေအိမ်အတွင်းမှ ဆင်းရဲနုံချာ လွန်းလှသည့် မီးဖိုခန်းကို မြင်ယောင်ကာ စိတ်ထဲတွင် နိမ့်ကျသလိုလို ဘာလိုလို ဖြစ်လိုက်မိပါသေးသည်။

မည်သို့ပင်ဖြစ်စေ ည လူခြေတိတ်သည့် အချိန်တွင်မူ ဘားနတ်ဟိုတယ်ကို မျက်ခြည်မပြတ် စောင့်ရှောက် ပေးနေဟန် ဆောင်လျက်ရှိသော အစောင့်လုပ်သူ၏ ခြေသံများသည် ကောင်းစွာ အိပ်မပျော်သည့် ကျွန်တော့်အား ပို၍ အိပ်မရအောင် အနှောင့်အယှက်ပေးလျက် ရှိလေသည်။

တနင်္လာနေ့နံနက် ကိုးနာရီမထိုးမီ ဆယ့်ငါးမိနစ်အလိုတွင် ဟားဘတ်သည် သင်္ဘောအာမခံလုပ်ငန်း စာရင်းအင်းဌာနသို့ သွားသည်။ ကျွန်တော့်အား ဟင်းမားစမစ်ရပ်ကွက်သို့ လိုက်ပို့ရမည်ဖြစ်၍ နောက်တစ်နာရီ၊ နှစ်နာရီအတွင်း အရောက်ပြန်လာခဲ့မည်ဟု မှာသွားသည်။ ကျွန်တော့်အဖို့တော့ သူမလာမချင်း စောင့်ရတော့မည် ဖြစ်၏။

ဟားဘတ်ပြန်လာသည့် အခါ ကျွန်တော်တို့သည် အထိုက်အလျောက် နာမည်ကြီးနေသော ဟိုတယ်တစ်ခုသို့ သွား၍ နေ့လယ်စာစားကြသည်။ လူရည်မလည်သေးသော ကျွန်တော့်လို လူတစ်ယောက်၏ မျက်စိထဲတွင် ထိုဟိုတယ်သည် ကြီးကျယ်ခမ်းနားလျက် ရှိသည်။ အထင်အမြင်လည်း ကြီးမိ၏။ ဤကြားထဲမှာပင် မကျက်တကျက် ကြော်ထားသည့် အမဲသားကြော်များ ထဲမှ သွေးစက်များ ထက် စားပွဲခင်းများ၊ ဓားများ နှင့် စားပွဲထိုးများ၏ အင်္ကျီဘောင်းဘီများ ပေါ်၌ ပေကျံနေသည့် ဟင်းစက်များက အဆပေါင်းများစွာ ပို၍ များနေသည် ကိုမူ ကျွန်တော် သတိ မပြုမိဘဲ မနေနိုင်ပါ။ စားသောက်ပြီးကြသောအခါ ဘားနတ်တည်းခိုရိပ်သာသို့ ပြန်၍ ကျွန်တော့် လက်ဆွဲသေတ္တာကလေးကို ယူကာ မြင်းရထားဖြင့် ဟင်းမားစမစ်ရပ်ဘက်သို့ ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် မွန်းလွဲပိုင်း နှစ်နာရီကျော်ကျော် သုံးနာရီထိုးခန့် ရှိနေလေပြီ။ မစ္စတာပေါ့ကက်၏ အိမ်မှာ များစွာ မဝေးလှသဖြင့် ခြေလျင်ပင် လျှောက်သွားကြသည်။ အိမ်ဝင်းတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်မိသည် နှင့် တစ်ပြိုင်နက် မြစ်ပြင်ကို မျက်နှာပြုလျက်ရှိသော ပန်းဥယျာဉ်ကလေးကို ဖြတ်သွားရသည်။ မစ္စတာပေါ့ကက်၏ သား သမီးများသည် ဥယျာဉ်ထဲတွင် ကစားလျက် ရှိ၏။ အကယ်၍ ကျွန်တော်၏ အတွေးအမြင်၊ အယူအဆသာ မမှားပါက မစ္စတာပေါ့ကက်နှင့် မစ္စက်ပေါ့ကက်တို့၏ သား သမီးများသည် စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းကို ခံယူကြရသည် မဟုတ်ပါ။ သူတို့ အားလုံး နည်းနည်းကလေးမှ အငြိမ်ရှိနေကြသည် မရှိဘဲ မျောက်ရှုံးအောင် စည်းလွတ်ဝါးလွတ် ဆော့ကစားရင်းဖြင့် သူတို့ကိုယ်သူတို့ ဖွံ့ဖြိုးအောင် လုပ်နေကြသည် ကိုသာ တွေ့မြင်နေရပါသည်။

မစ္စက်ပေါ့ကက်သည် သစ်ပင်တစ်ပင်အောက်တွင် ကုလားထိုင်တစ် လုံးဖြင့် အကျအနထိုင်ကာ ခြေထောက်နှစ်ဖက်ကို အခြားကုလားထိုင်တစ်လုံးပေါ်သို့ တင်၍ စာဖတ်လျက် ရှိလေသည်။ မစ္စက်ပေါ့ကက်၏ ကလေးထိန်းနှစ်ယောက်သည် ကစားနေကြသော ကလေးများကို စောင့်ကြည့် နေကြသည်။ "မေမေ" ဟု ဟားဘတ်က လှမ်း၍ အသံပြုသည်။ "မစ္စတာပစ်ပ်ဆိုတာ ဟောဒါပဲ' ဟု

မိတ်ဆက်ပေးသည်။ မစ္စက်ပေါ့ကက်က အလွန်ပြုံးချိုသော မျက်နှာဖြင့် ကျွန်တော့်အား တစ်ချက်မော့ကြည့်ကာ အသိအမှတ်ပြုသည်။ မစ္စက်ပေါ့ကက်၏ မျက်နှာထားမှာ ချစ်ခင်လေးစား ဖွယ်ရာ ကောင်းရုံမျှမက ကျက်သရေရှိလှသည် ကို ကျွန်တော် သတိပြုမိပါသည်။

"မစ္စတာအေလင်နဲ့ မစ္စဂျိန်း"

ကလေးထိန်း မိန်းမနှစ်ဦးအနက် တစ်ဦးက ကလေးနှစ်ယောက် အား လှမ်းအော်သည်။ "အဲဒီချုံတွေကို ခုန်ကျော်မနေကြနဲ့၊ မြစ်ထဲလိမ့် ကျပြီး ရေနစ်ကုန်လိမ့်မယ်။ ရေနစ်သွားရင် မင်းတို့ အဖေက ဆူလိမ့်မယ်"

ကလေးတွေဘက်သို့ လှည့်၍ အော်နေရာမှ ထိုကလေးထိန်းမိန်းမသည် မြေကြီးပေါ်၌ ကျနေသော မစ္စက်ပေါ့ကက်၏ လက်ကိုင်ပဝါကို ကောက်ကာ လှမ်းပေးသည်။ "နောက်တစ်ခါကျရင် ခြောက်ကြိမ်ပဲ၊ ခြောက်ကြိမ်မြောက်အထိ မကျပါစေနဲ့တော့ အမေကြီးရယ်" ဟု ပြောသည်။ မစ္စစက်ပေါ့ကက်က "ကျေးဇူးပါပဲ ဖလောပ်ဆန်ရယ်" ဟု ဆိုကာ ကုလားထိုင်တွင် နေရာပြင်၍ ထိုင်လိုက်ပြီး သူ့လက်ထဲမှ စာအုပ် ကို ဆက်ဖတ်နေသည်။ ထို့နောက် သူ့မျက်နှာထားသည် ချက်ချင်း ပြောင်းလဲသွားပြီး ကျွန်တော့်မျက်နှာကို တစ်ချက်မျှ စိုက်ကြည့်ကာ လှမ်းမေးသည်။ "မင်းမေမေကော နေကောင်းရဲ့လား" ကျွန်တော် လုံးဝမျှော်လင့်မထားသည့် မေးခွန်း ဖြစ်သဖြင့် ဘယ်လိုဖြေရမှန်းမသိ ဖြစ်သွားသည်။

အကယ်၍ အမေဟူသော ပုဂ္ဂိုလ်မျိုးသာ အသက်ထင်ရှား ရှိနေမည်ဆိုပါက နေကောင်းပါသည် ဟု ဖြေလိုက်ရုံသာ ရှိသည်။ သို့သော်လည်း အမေမရှိသော ကျွန်တော့်မှာ ဘာပြောရမှန်း မသိနိုင်လောက်အောင် အကျဉ်းအကျပ် ကျလျက်ရှိ၏။ ဤအခိုက်မှာပင် ကလေးထိန်းမိန်းမ အနား သို့ ရောက်လာသဖြင့် ကျွန်တော့်မှာ အသက်ရှူပေါက် ချောင်သွားရပါသည်။

ကလေးထိန်းမိန်းမသည် မြေကြီးပေါ်ကျနေသော လက်ကိုင်ပဝါကို ကောက်ကာ "ကဲ... လုပ်ပြန်ပြီ" ဟု ရေရွတ်သည်။ "ခုနစ်ကြိမ်တော့ မမြောက်ပါစေနဲ့တော့၊ ဒီကနေ့ အမေကြီး ဘာများ ဖြစ်နေသလဲ မသိဘူး" ဟု ညည်းသည်။ မစ္စက်ပေါ့ကက်သည် ကလေးထိန်းမိန်းမ ပေးသောပစ္စည်းကို လှမ်း၍ ယူလိုက်သော်လည်း ဘာပစ္စည်းမှန်းပင် သိပုံမပေါ်ပါ။ ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့သည့် ပစ္စည်းတစ်ခုကို ကြည့်နေပုံမျိုးဖြင့် ကြည့်နေသည်။ ထို့နောက် အတန်ကြာမှ သူ့ပစ္စည်းမှန်း သိသွားဟန်ဖြင့် တစ်ချက်မျှ ရယ်လိုက်ပြီး "ကျေးဇူးပါပဲ ဖလောပ်ဆန်ရယ်" ဟု ပြောသည်။ ချက်ချင်းပင် သူသည် ကျွန်တော့်ကို မေ့သွားပြီး လက်ထဲမှ စာအုပ်ပေါ်သို့ ခေါင်းပြန်ငုံ့သွားလေ၏။

ထိုအခါကျမှ ကျွန်တော်သည် ကလေးများကို စိတ်အေးလက်အေးဖြင့် ရေတွက်ကြည့်မိသည်။ မစ္စတာပေါ့ကက်တို့ လင်မယား လက်ဆောင် ရထားသည့် ကလေးများမှာ ခြောက်ယောက်ထက်မနည်း ရှိလိမ့်မည်ဟု တွေးနေခိုက်မှာပင်

နောက်တစ်ယောက် ခုနစ်ယောက်မြောက် နို့စို့ကလေး၏ ငိုသံကို ကြားရ၏။

"ဟော... ကလေးငိုသံ မဟုတ်လား" ဟု ဖလောပ်ဆန် ဆိုသော ကလေးထိန်းက ရေရွတ်သည်။ "မြန်မြန်သွား မစ်လားစ်"

မစ်လားစ်ဟု ခေါ်သော ဒုတိယကလေးထိန်းသည် အိမ်ထဲသို့ ဝင်သွားသည်။ အိမ်ထဲမှ ကလေးငိုသံ တိတ်သွားလေသည်။ မစ္စက်ပေါ့ကက်ကတော့ တစ်ချိန်လုံး စာဖတ်မပျက်ပေ။ ဤမျှလောက်အထိ သဲကြီးမဲကြီး ဖတ်နေသော စာအုပ်သည် ဘာစာအုပ်များ ဖြစ်ပါလိမ့်ဟု သိချင်သော ဆန္ဒသည် ကျွန်တော့်စိတ်တွင် ဖြစ်ပေါ်လျက် ရှိသည်။

မစ္စတာပေါ့ကက် ထွက်အလာကို ကျွန်တော်တို့ စောင့်နေကြသည်။ ဤအတောအတွင်းမှာပင် ကျွန်တော်သည် ထူးခြားသော မိသားစု၏ စိတ်ဝင်စားဖွယ်ကောင်းသည့် ရှုခင်းကို လေ့လာခွင့် ရနေပါသည်။ ခုန်ပေါက်ပြေးလွှား ဆော့ကစားနေကြသော ကလေးများ ထဲမှ အရိုန်လွန်ပြီး မစ္စက်ပေါ့ကက်အနီးသို့ ရောက်လာသော ကလေးသည် မစ္စက်ပေါ့ကက်၏ ခြေထောက်များ နှင့် ခလုတ်တိုက်ကာ ဒလိမ့်ခေါက် ကွေးလဲကျသွားတတ်သည်။ ထိုကဲ့သို့ ဖြစ်လိုက်သည့် အခါတိုင်း မစ္စက်ပေါ့ကက်သည် အကြီးအကျယ် လန့်သွားတတ်၏။ သို့သော်လည်း တစ်ခဏမျှသာ ဖြစ်လေသည်။ အလန့်ပြေသွားသည် နှင့် တစ်ပြိုင်နက် သူ့စာ သူဖတ်မြဲ ဖတ်နေလျက်ပင် ရှိ၏။ ဤအံ့သြစရာ မြင်ကွင်းကိုကြည့်ကာ ကျွန်တော့်မှာ တအံ့တသြ ဖြစ်နေမိသည်။ ဤအခိုက်မှာပင် ကလေးထိန်း မစ်လားစ်သည် ကလေးပေါက်စကို ပွေ့၍ အိမ်ထဲမှ ထွက်လာသည်။ သူ့လက်ထဲမှ ကလေးကို ဖလောပ်ဆန်လက်သို့ လှမ်းပေးသည်။ ဖလောပ်ဆန်က မစ္စက်ပေါ့ကက်လက်သို့ ကလေးပေးရန် အသွားတွင် တစ်စုံတစ်ခုနှင့် ခလုတ်တိုက်ကာ မစ္စက်ပေါ့ကက်ပေါ်သို့ မှောက်လျက်လဲကျလု နီးပါး ဖြစ်သွားသည်။ ဟားဘတ်နှင့် ကျွန်တော်သာ ဆွဲမထားလျှင် ကလေးရော လူကြီးပါလဲကျသွားမည်မှာ သေချာ၏။

"အမယ်လေး... ဖလောပ်ဆန်ရယ်" ဟု မစ္စက်ပေါ့ကက်က သူ့မျက်နှာကို စာအုပ်မှ ခွာလိုက်ပြီး ရေရွတ်သည်။ "လူတိုင်းပဲကျွမ်းထိုးနေကြသလားဟယ်..."

"အမလေး တရမှာ က ကျွန်မရှင့် အမေကြီးရဲ့ " ဟု ဖလောပ်ဆန်က ပြန်ပြောသည်။ သူ့မျက်နှာမှာ ရဲလျက် ရှိ၏။ "အဲဟိုဟာက ဘာကြီးလဲ'

"ဒီမှာ ဘာလဲ၊ ဟုတ်လား.. ဖလောပ်ဆန်" ဟု မစ္စက်ပေါ့ကက်က ပြန်မေးသည်။

"ဟုတ်တယ်လေ...။ အဲဒါဘာလဲ၊ အဲဒါကြီးဟာ အမေကြီး ခြေတင်တဲ့ ခုံ မဟုတ်ဘူးလားလို့ " ဟု ဖလောပ်ဆန်က အသံစာစာစာစာဖြင့် ပြောသည်။ "ဒီခုံကြီးက အမေကြီးရဲ့ စကတ်အောက် ရောက်နေတာ၊ ဘယ်သူက သူ့ကို မြင်မှာလဲ၊ မမြင်တော့ ဝင်တိုက်မိတာပေါ့။ ဝင်တိုက် မိတော့ ဘယ်သူမဆိုလဲမှာ ပေါ့၊ ကဲ... ဟောဒီမှာ ရော့ ကလေး၊ အမေကြီးစာအုပ် ဒီကိုပေး"

မစ္စက်ပေါ့ကက်သည် ဖလော့ပ်ဆန်ခိုင်းသည့် အတိုင်း လုပ်သည်။

ကလေးငယ်သည် တစ်ပတ်မျှ ချာရပတ်လည်ပြီး သူ့ရင်ခွင်ထဲသို့ ရောက်သွားသည်။ ထိုအခါ အခြားကလေးများသည် မစ္စက်ပေါ့ကက်အနီးသို့ ဝိုင်းအုံလာကြပြီး ရင်ခွင်ထဲမှ ကလေးကို စကြသည်။ ဤမြင်ကွင်းသည် တစ်ခဏမျှသာ ကြာသည်။ အဘယ်ကြောင့် ဆိုသော် မစ္စက်ပေါ့ကက် က ကလေးအားလုံးကို အိမ်ထဲသို့ ခေါ်သွားပြီး တစ်ရေးအိပ်ရမည်ဟု အမိန့်ထုတ်လုပ်ခြင်းကြောင့် ဖြစ်လေသည်။

ကလေးထိန်း ဖလောပ်ဆန်နှင့် မစ်လားစ်တို့သည် ကလေးများကို သိုးတစ်အုပ် မသွားသည့် နှယ် အိမ်ထဲသို့ မောင်းသွင်းသွားကြသည်။ ထိုအခါကျမှပင် မစ္စတာပေါ့ကက်သည် ကျွန်တော့်အား လက်ခံတွေ့ဆုံရန် အိမ်ထဲမှ ထွက်လာပါသည်။ မစ္စတာပေါ့ကက်၏ မျက်နှာသည် အလွန်စိတ်ရှုပ်ထွေးနောက်ကျိခြင်းကို ဖော်ပြလျက် ရှိ၏။ သူ့ခေါင်းပေါ်မှာ ဖွေးဖွေးလှုပ်မျှ ဖြူနေသော ဆံပင်များသည် ထိုးထိုးထောင်ထောင်နှင့် ဖရိုဖရဲဖြစ်လျက် ရှိ၏။ သူ့ပုံပန်းသည် မည်သည့် အရာကိုမှ နေရာတကျဖြစ်အောင် မစီမံနိုင်သဖြင့် စိတ်ပျက်စိတ်ညစ်နေသည့် အမူအရာမျိုး ဖြစ်သည်။ စောစောက အခြေအနေအရပ်ရပ်ကို မြင်တွေ့ထားရပြီးဖြစ်သော ကျွန်တော့်အဖို့တော့ ဤဟန်အမူအရာမျိုးနှင့် မစ္စတာပေါ့ကက်ကို တွေ့မြင်လိုက်ရသည့် အတွက် အံ့သြခြင်းမဖြစ်တော့ပါ။

*****

(၂၃)

မစ္စတာပေါ့ကက်က ကျွန်တော်နှင့် တွေ့ဆုံရ၍ သူ ဝမ်းသာကြောင်း၊ ကျွန်တော်က သူနှင့် တွေ့ဆုံ၍ ဝမ်းသာလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောသည်။ "ငါဟာ ကြောက်စရာ ကောင်းလောက်အောင် အရုပ်ဆိုးတဲ့ လူတစ်ယောက်တော့ ဟုတ်မယ် မထင်ပါဘူးကွယ်" ဟု ပြုံး၍ ပြောသည်။ သူ့အပြုံးသည် သူ့သားအပြုံးနှင့် တထေရာတည်း ဖြစ်၏။ စိတ်နောက်ကျိရှုပ်ထွေးသော အမူအရာနှင့် ဖွေးဖွေးဖြူနေသော ဆံပင်များ ရှိနေသော်လည်း အရွယ်ကတော့ အိုစာခြင်း မရှိသေးပေ။ အနေအထိုင် အပြုအမူနှင့် အပြောအဆိုများမှာလည်း ရိုးရိုးစင်းစင်း ဖြစ်သည်။ ကျွန်တော် နှင့် စကားအနည်းငယ် ပြောပြီးသောအခါ သူသည် သူ့ဇနီး မစ္စက်ပေါ့ကက်ဘက်သို့ လှည့်၍ မျက်မှောင်တစ်ချက်ကုတ်၍ ကြည့်လိုက်သည်။ သူ၏ လှပသွယ်တန်းပြီး နက်မှောင်သော မျက်ခုံးနှစ်ဖက်သည် ရှုံ့လျက် ရှိ၏။ "ဒီမယ် ဘလင်ဒါ၊ မင်း မစ္စတာပစ်ပ်ကို နှုတ်ဆက်ပြီးပြီလား" ဟု လှမ်းမေးသည်။ မစ္စက်ပေါ့ကက်က သူ့မျက်နှာကို စာအုပ်မှ ခွာလိုက်ပြီး မော့ကြည့်သည်။ "နှုတ်ဆက်ပြီးပြီလေ" ဟု ပြန်ပြောသည်။ ပြီးတော့ ကျွန်တော့်ဘက်သို့ လှည့်၍ ပြုံးပြသည်။ သူ့အပြုံးမှာ အသက်ဝင်လှသည့်အပြုံးတော့ မဟုတ်။ "လိမ္မော်ပန်းရည် သောက်မလား"5 ဟုလည်း မေးသည်။ မေးခွန်းမှာ ဘာရည်ရွယ်ချက်မှ ရှိပုံမရ။ ပြောစရာစကား စဉ်းစားမရ၍ သူ့ခေါင်းထဲ ဖြုန်းခနဲ ဝင်လာသည့် အတိုင်း မေးလိုက်ခြင်းမျိုး ဖြစ်သည်။ စောစောကလည်း သူနှင့် ကျွန်တော့်ကြားတွင် မေး သင့်အောင် စကားအဆက်အစပ် ရှိခဲ့ကြသည် မဟုတ်။ အမှန်တော့ စောစောက ကျွန်တော် မြင်ခဲ့ကြားခဲ့ရသည့် အတိုင်း ဘာကိုမှ အလေးအနက် မထားဘဲ နမော်နမဲ့ ပြောလိုက်ခြင်းသာ ဖြစ်လေသည်။

နောက် နာရီပိုင်းအတွင်းမှာပင် ကျွန်တော်သည် မစ္စက်ပေါ့ကက်၏ အကြောင်းကို တစ်စွန်းတစ်စမျှ သိလာရသည်။ မစ္စက်ပေါ့ကက်သည် နိုက်ခေါ် သူရဲကောင်းဘွဲ့ရ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ သမီး ဖြစ်သည်။ မစ္စက်ပေါ့ကက်၏ အဖေအနေဖြင့် သူ့ဖခင် (မစ္စက်ပေါ့ကက်၏ အဘိုး) သည် ဘေရွန်ခေါ် မှူးမတ်ဘွဲ့မျိုး ရထိုက်သူဖြစ်ပါလျက်နှင့် ပုဂ္ဂိုလ်ရေးအာဃာတ (ဘုရင်ကလား၊ ဝန်ကြီးချုပ်ကလား၊ ဘဏ္ဍာရေးဝန်ကြီးကလား၊ ကင်တာအာရီ ဂိုဏ်းချုပ်ကြီးကလား၊ မည်သူက အာဃာတထားသည် ကိုတော့ ကျွန်တော် မမှတ်မိပါ) ကြောင့် မရခဲ့ခြင်း ဖြစ်သည် ဟု သက်ဆိုင်ရာသို့ အရေးဆိုခဲ့သည်။ ကျွန်တော့်စိတ်အထင် ပြောရလျှင် သူသည် သူ့ ကလောင်တံဖြင့် အင်္ဂလိပ်သဒ္ဒါကျမ်း အစောင်စောင်ကို ထုံးလိုမွှေ ရေလိုနှောက်ကာ စာပေါင်းအမြောက်အမြား ရေးပြီးခါမှ နိုက်ခေါ် သူရဲကောင်းဘွဲ့ကို ရခဲ့ခြင်း ဖြစ်ဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေ သူသည် သူ့သမီး မစ္စက်ပေါ့ကက်အား သာမန်အညတရ ဆင်းရဲသားအမျိုး အနွယ်နှင့် မရဘဲ သူ့လို ဘွဲ့ထူးဂုဏ်ထူးရှိသူ မှူးမတ်မျိုးရိုးမျိုးနှင့်သာ ရ စေရမည်ဟူသော ရည်မှန်းချက်ဖြင့် ပုခက်တွင်းအရွယ်မှ စ၍ အထူးတလည် ဂရုစိုက်ပြီး

ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။

အလွန်သတိကြီးပြီး အလွန်ချင့်ချိန်တတ်သော မိဘများ၏ တင်းကျပ်သော စောင့်ရှောက်မှုသည် အောင်မြင်သည် ဟု ဆိုရမည် ဖြစ်၏။ မစ္စက်ပေါ့ကက်သည် အထီးဆိုလျှင် ယင်ဖိုမှ အသန်းမခံခဲ့ရသော မိန်းမချော မိန်းမလှတစ်ဦး အဖြစ်ဖြင့် ကြီးပြင်းလာခဲ့ရသည်။ သို့သော်လည်း တယုတယဖြင့် ပိုးမွေးသလို မွေးမြူစောင့်ရှောက်ခြင်းကို ခံယူခဲ့ရသော မစ္စက်ပေါ့ကက်သည် ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် ဘာကိုမှ မသိနားမလည် အထီးကျန်ဘဝမျိုး ရောက်ခဲ့ရ၏။ မည်သည့် အလုပ်မျိုးကိုမှ ဟုတ်တိပတ်တိ မလုပ်တတ်သော အသုံးမဝင်သည့် လူတစ်ယောက် အဖြစ်သို့ ဆိုက်ရောက်ခဲ့ရ၏။ အရာခပ်သိမ်း ပြီးပြည့်စုံပြီးသာ ယာပျော်ရွှင်မှုအပြည့်ဖြင့် ကြီးပြင်း လာခဲ့သော မစ္စက်ပေါ့ကက် လူလားမြောက်၍ အပျိုဖော်ဝင်စအရွယ်တွင် သူနှင့် သက်တူရွယ်တူ ဖြစ်သော မစ္စတာ ပေါ့ကက်နှင့် ဆုံမိခဲ့ကြသည်။ ဤတွင် တစ်ဦးနှင့် တစ်ဦး အရူးအမူး ချစ်ကြသည်။

နောက်ဆုံးတွင် သတိကြီးစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မိဘများကို အသိမပေးဘဲ မစ္စပေါ့ကက်နှင့် မစ္စတာပေါ့ကက်တို့ တိတ်တိတ်ကျိတ်၍ လက်ထပ်ကြသည်။ လက်ထပ်ပြီးမှတော့ မိဘများ အနေဖြင့် အပြစ်တင်၍ မဖြစ်တော့။ မတတ်သာလွန်း၍ သဘောတူလိုက်ရသည့် အခါ မစ္စက်ပေါ့ကက်၏ မိဘများက မစ္စတာပေါ့ကက်အား သူတို့၏ သမီးသည် "မင်းသားတစ်ပါးအတွက် ပြုစုပျိုးထောင်ထားသော ရတနာတစ်ပါး ဖြစ်သည်" ဟု အသိပေးကြသည်။ ထိုအချိန်မှ စ၍ မစ္စတာပေါ့ကက်သည် မင်းသားတစ်ပါးအတွက် လျာထားခဲ့သော ရတနာကို ရင်ခွင်ပိုက်ကာ အမြတ်တနိုး ပြုလာခဲ့ရလေသည်။ အိမ်ထောင်သည် ဘဝသို့ ဆိုက်ရောက်လာချိန်အထိ မစ္စတာပေါ့ကက်သည် မြတ်နိုးလေးစား သနားဖွယ်ရာ ကောင်းသည့် ထူးဆန်းသော ရတနာတစ်ခုအဖြစ်ပင် ရပ်တည်လျက် ရှိသည်။ အဘယ်ကြောင့် ဆိုသော် မစ္စက်ပေါ့ကက်သည် သူ့မိဘနှစ်ပါး ရည်မှန်းထားသလို ဘွဲ့ထူးဂုဏ်ထူးတစ်ခုကို လက်ထပ်ခွင့် မရခဲ့ခြင်းကြောင့် ပေတည်း။ မစ္စတာပေါ့ကက်အဖို့ ကတော့ သူ့လက်တွင်း ရောက်လာသည့် ထူးဆန်းသော ရတနာကို ခွင့်လွှတ်ထားရုံသာ ရှိတော့၏။ အဘယ်ကြောင့် ဟူမူ သူ့တွင် သူရဲကောင်းဘွဲ့ မျိုး၊ မှူးမတ်ဘွဲ့မျိုးဆို၍ တစ်ခုတလေမျှပင် မရှိသောကြောင့် ပေတည်း။

မစ္စတာပေါ့ကက်သည် ကျွန်တော့်အား အိမ်ထဲသို့ ခေါ်သွားပြီး ကျွန်တော်နေရမည့် အခန်းကို ပြသည်။ အခန်းမှာ သန့်သန့်ပြန့်ပြန့်နှင့် သပ်သပ်ရပ်ရပ် ရှိသည်။ နေချင့်စဖွယ်ပင် ဖြစ်သည်။ အိမ်ထောင်ပရိဘောဂ အပြည့်အစုံ ခင်းကျင်းပြင်ဆင်ထားသဖြင့် ဤအခန်းထဲမှာပင် ကိုယ် ပိုင်ဧည့်ခန်းလေးတစ်ခု ခွဲ၍ သုံးနိုင်သည်။ မစ္စတာပေါ့ကက်သည် ကျွန်တော့်အခန်းဘေးမှ အခန်းနှစ်ခန်း၏ တံခါးများကို ခေါက်၍

အခန်းပိုင်ရှင်နှစ်ဦးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ တစ်ယောက်မှာ ဒရမ္မလီဆိုသူ ဖြစ်၍ နောက်တစ်ယောက်မှာ စတားတော့ ဖြစ်လေသည်။ အလုံးအဖန် ခပ်ထွားထွားနှင့် အသက်ကြီးပုံ ပေါက်နေသော ဒရမ္မလီသည် အခန်းထဲတွင် လေချွန်လျက် ရှိသည်။ ဒရမ္မလီထက် အသက်ရော ရုပ်လက္ခဏာရော ငယ်ပုံရသည့် စတားတော့ကတော့ စာဖတ်လျက် ရှိ၏။ သူသည် ဗဟုသုတများကို အပြည့်အသိပ် ဖြစ်နေသော သူ့ဦးခေါင်း ပေါက်ကွဲသွားမည်ကို စိုးရိမ်နေသည့် အလား ခေါင်းကို မက်မတ်ကြီး ထောင်ထားလေသည်။

အခြေအနေ အရပ်ရပ်ကို ကြည့်လိုက်သည့် အခါ မစ္စတာပေါ့ကက် တို့ လင်မယား နှစ်ယောက်စလုံးကို တစ်စုံတစ်ဦး၏ လက်တွင်း၌ ကျရောက်လျက်ရှိသည့် အနေအထားသို့ ဆိုက်ရောက်နေသည် ဖြစ်ရာ ကျွန်တော့်အနေဖြင့် ဤအိမ်ကို မည်သူက ပိုင်၍ မည်သူက သူတို့ လင်မယားအား နေခွင့်ပြုထားပါလိမ့်မည် ဟုပင် တွေးမိပါသည်။ တကယ်တော့ ဤအိမ်တွင် ဤအဖြစ်မျိုး ဆိုက်ရောက်နေသည်မှာ အိမ်ရှင် မပိုင်ဆိုင်ရမည့် ဩဇာအာဏာသည် အစေခံများ၏ လက်တွင်း၌ ကျရောက် နေခြင်းကြောင့် ဖြစ်သည် ကို ကျွန်တော် တွေ့လာရပါသည်။ သို့ဖြစ်ရာ ဤအိမ်အတွင်း၌ ပြဿနာမပေါ်ပေါက်စေလိုပါက လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေအတိုင်း အစေခံများ လုပ်သမျှကို ခံ၍ နေသွားရုံသာ ရှိပါတော့သည်။ သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေမှာ စရိတ်စက အကုန်အကျ အဆမတန် များလျက် ရှိ၏။ ထိုကဲ့သို့ ဖြစ်ရခြင်း မှာလည်း အိမ်ထောင်တစ်ခုလုံး၏ တာဝန်ကို ယူထားရသော အစေခံများက စည်းမဲ့ကမ်းမဲ့နှင့် ထင်သလို စား ထင်သလို သောက်နေကြ၍ ဖြစ်သည်။ အစေခံများ အနေဖြင့် မစ္စတာပေါ့ကက်ဇ နီးမောင်နှံ၏ စားပွဲတွင် စားသောက်ဖွယ်ရာများကို အထိုက်အလျောက် ပြင်ဆင်ကျွေးမွေးသည်မှာ မှန်သော်လည်း အကောင်းဆုံးဆိုသည့် အစားအသောက်များကိုမူ အစေခံများ ကြီးစိုးရာ မီးဖိုခန်းအတွင်း၌သာ တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော် ဤအိမ်သို့ရောက်ပြီး တစ်ပတ်မျှ အပြည့်သေးမီ မစ္စတာပေါ့ကက်မိသားစုနှင့် လူချင်းမရင်းနှီးသော အိမ်နားနီးချင်း အမျိုးသမီးကြီးတစ်ဦးထံမှ စာတိုလေးတစ်စောင် ရောက် လာသည်။ သူ့စာတွင် ကလေးထိန်း မစ်လားစ် ဆိုသူက ကလေးပေါက်စလေးအား ရိုက်နေသည် ကို သူ မြင်တွေ့ရပါသည် ဟု ဖော်ပြထားသည်။ ဤစာကြောင့် မစ္စက်ပေါ့ကက်သည် အကြီးအကျယ် စိတ်ထိခိုက်ကာ မျက်ရည်များပင် ကျသည်။ အိမ်နားနီးချင်းများ အနေဖြင့် ကိုယ့်ကိစ္စကိုယ် စိတ်မဝင်စားဘဲ သူတစ်ပါးကိစ္စတွင် ဝင်ပါခြင်းမှာ အလွန် ထူးဆန်းသည် ဟူသော စကားကိုလည်း ပြောသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်သည် ဟားဘတ်ထံမှ သူ့အဖေ မစ္စတာ ပေါ့ကက်အကြောင်းကို ပို၍ သိလာရသည်။ မစ္စတာပေါ့ကက်သည် ဟာရိုးတက္ကသိုလ်နှင့် ကိန်းဘရစ်တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သူဖြစ်၏။

ထူးချွန်သော ကျောင်းသားတစ်ဦးအဖြစ်လည်း ထင်ရှားခဲ့၏။ သို့သော်လည်း မစ္စက်ပေါ့ကက်နှင့် စောစောစီးစီး အိမ်ထောင်ပြုခြင်းတည်း ဟူသော သာယာပျော်ရွှင်မှုကို ရယူလိုက်သည့် အခါ သူ့ဘဝ၏ ရွှေ့အလားလာများသည် တာစူ၍ မရနိုင်လောက်အောင် ပျက်သုဉ်းသွားခဲ့ရသည်။ အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျသူတို့၏ ထုံးစံအတိုင်း ရရာ အလုပ်ကို ရှာ၍ လုပ်ခဲ့ရသည် ဖြစ်ရာ သူသည် လူချမ်းသာများ၏သား များအား ပညာသင်ပေးသည့် ပညာသင်ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ ဤသို့ဖြင့် သူသည် တုံးနေသော ခေါင်းအမြောက်အမြားကို ထက်သည်ထက် ထက်လာအောင် သွေးပေးခဲ့သည်။ သူသွေးပေးခဲ့သော ခေါင်းများကလည်း ဩဇာအာဏာ အပြည့်အဝ ရှိနေသော သူတို့ ဖခင်များ၏ အကူအညီဖြင့် သူတို့ ဆရာ မစ္စတာပေါ့ကက်အား ထိုက်ထိုက်တန်တန် နေရာကောင်းတစ်ခုရအောင် ပြန်လည် စောင့်ရှောက်ပေးမည်ဟု စိတ်ကူးကြသည်။ သို့သော်လည်း ခေါင်းသွေး ကျောက်ပေါ်တင်၍ သွေးနေသော ခေါင်းများသည် ထက်လာသည် နှင့် တစ်ပြိုင်နက် ခေါင်းသွေးကျောက်၏ ကျေးဇူးတရားကို မေ့စမြဲ ဖြစ်သည့် အားလျော်စွာ လိုချင်သော ပညာရ၍ ဆရာ့အပါးမှ ထွက်ခွာသွားကြရသည့်အခါတိုင်း တပည့်များသည် သူတို့ ဆရာ မစ္စတာပေါ့ကက်အား မေ့လျော့သွားကြ၏။ အချိန်တွေ ကြာလာတော့လည်း မစ္စတာပေါ့ကက်သည် ဝင်ငွေမဖြစ်စလောက်မျှသာ ရသော သူ့အလုပ်အပေါ်တွင် ငြီးငွေ့ လာလေသည်။ ဤသို့ဖြင့် သူသည် လန်ဒန်မြို့တော်သို့ ရွှေ့ပြောင်းလာခဲ့၏။ လန်ဒန်ရောက်သည့် အခါ ရွှေ့အလားအလာကောင်းမည်ဟု ထင်ရသော အလုပ်များကို မျှော်လင့်ချက်ကြီးစွာဖြင့် လုပ်ကိုင်ခဲ့သည်။ သို့သော်လည်း အဆင်မပြေသဖြင့် နောက်ဆုံးတွင် မူလလက်ငုတ်လက်ရင်းဖြစ်သည့် ပညာသင်ဆရာအလုပ်ကိုပင် ပြန်လုပ်ကာ ယခု ကျွန်တော်ရောက်နေသည့် အိမ်ထောင်ကြီးကို ပြိုလဲမသွား အောင် ဆက်လက်ထိန်းသိမ်းနေခြင်း ဖြစ်လေသည်။

မစ္စတာပေါ့ကက်နှင့် မစ္စက်ပေါ့ကက်တို့ ထံတွင် မီခိုကာ ကပ်ပါးရပ်ပါးလုပ်၍ စားနေသော မိန်းမကြီးတစ်ယောက် ရှိသည်။ ထိုမိန်းမကြီးသည် သူတစ်ပါးအပေါ် အလွန်ကိုယ်ချင်းစာတတ်သော သဘောရှိသည့် မုဆိုးမကြီးတစ်ဦး ဖြစ်၏။ သူသည် မည်သူနှင့်မဆို လိုက်လိုက်လျောလျော ပြောတတ်သည်။ ရယ်စရာကိစ္စဆိုလျှင် ရယ်တတ်၍ ငိုစရာကိစ္စ ဆိုလျှင်လည်း မျက်ရည် အလွန်လွယ်သည်။ သူ့နာမည်မှာ မစ္စက်ကွိုင်းလား ဖြစ်၍ ကျွန်တော် ဤအိမ်သို့ရောက်ပြီး မကြာမီ ညနေစာစားရန် အောက်ထပ်သို့ အသွား လှေကားအဆင်းတွင် လူချင်းဆုံမိကြသည်။ ဆုံမိသည် နှင့် တစ်ပြိုင်နက် သူက မစ္စတာပေါ့ကက်အနေဖြင့် အခြားအလုပ် မလုပ်နိုင်ဘဲ ယခုကဲ့သို့ ကျောင်းသားများ လက်ခံပြီး ပညာသင်ပေး နေရသည့် အလုပ်ကိုသာ လုပ်ခဲ့သဖြင့် မစ္စက်ပေါ့ကက်ခမျာ များစွာမှပင် စိတ်ထိခိုက်ခဲ့ရကြောင်း ကျွန်တော့်အား ပြောသည်။ ဤစကားကို ပြောပြခြင်းမှာ ကျွန်တော့်ကို ခင်မင်၍ ယုံကြည်စိတ်ချ၍

(စိတ်ချမည့်သာ စိတ်ချသည်။ သူနှင့် ကျွန်တော် သိကျွမ်းကြသည်မှာ ငါးမိနစ်ပင် မပြည့်သေးပါ) ပြောခြင်း ဖြစ်သည် ဟု ဆိုသည်။

"ဒါပေမဲ့ မစ္စက်ပေါ့ကက်က စောစောပိုင်းကသာ စိတ်ဆင်းရဲခဲ့ရတာပါ။ နောက်ပိုင်းကျတော့ စည်းစိမ်နဲ့ တင့်တောင့်တင့်တယ် နေရပါတယ်" ဟု မစ္စက်ကွိုင်းလားက ဆက်ပြောသည်။

"ဟုတ်ကဲ့ခင်ဗျ" ဟု အလိုက်သင့် ပြန်ပြောလိုက်ရသော်လည်း စိတ်ထဲကတော့ ဤစကားကို ဆက်၍ မပြောစေချင်ပါ။ အဘယ်ကြောင့် ဆိုသော် စကားပြောရင်းနှင့် ဝမ်းနည်းစရာ အကြောင်းပါလာပါက ငိုချလိုက်ရမည်ကို ကြောက်၍ ဖြစ်သည်။

"မစ္စက်ပေါ့ကက်က မင်းစိတ်စိုးစိတ် ရှိတယ်ကွဲ့၊ အဲဒီတော့..."

"ဟုတ်ကဲ့ခင်ဗျ" ဟု ကျွန်တော်က ထပ်၍ ပြောရပြန်သည်။

"အဲဒီတော့ ခက်တာပေါ့ကွယ်၊ မစ္စတာပေါ့ကက်ခမျာ သူ့စိတ်နဲ့ သူ့အာရုံကို မစ္စက်ပေါ့ကက်ကလွှဲပြီး တခြားကိစ္စတွေအပေါ်မှာ မစူးစိုက်နိုင် ရှာဘူးပေါ့"

ကျွန်တော်ကတော့ ဘာတစ်ခွန်းမှ ပြန်မပြောပါ။ သူငိုလိုက်မည်ကို စိုးရိမ်သောစိတ်ဖြင့် သူ့အရိပ်အခြည်ကိုသာ အကဲခတ်နေရသဖြင့် စကားပြန်ပြောဖို့လည်း အချိန်မရပါ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ညနေစာစားပွဲမှ ခေါး၊ ခက်ရင်း၊ ဇွန်း၊ ဖန်ခွက်နှင့် အခြားကိရိယာ တန်ဆာပလာများကို နိုင်နိုင်နင်းနင်းဖြစ်အောင် သတိကြီးစွာထား၍ ကိုင်တွယ် နေရသဖြင့် စိတ်မအား လူမအား ဖြစ်နေသည့်ကြားမှပင် မစ္စက်ပေါ့ကက်နှင့် ဒရမ္မလီတို့ ပြောနေသည့် စကားများကို နားစွင့်နေမိပါသည်။ သူတို့သည် သူရဲကောင်းဘွဲ့ များ၊ မှူးမတ်ဘွဲ့များ အကြောင်းကို ပြောနေကြခြင်း ဖြစ်၏။ သူတို့ ပြောနေသည့် စကားများ အရ ဒရမ္မလီ၏ ကိုယ်ပိုင် (ခရစ်ယာန်) အမည်မှာ ဘင့်တလေဖြစ်၍ သူသည်လည်း မှူးမတ်အနွယ်ဝင်တစ်ဦး ဖြစ်ကြောင်း သိရသည်။ ထို့ပြင်လည်း အိမ်ရှေ့ပန်းခြံထဲ၌ မစ္စက်ပေါ့ကက် ဖတ်ခဲ့သော စာအုပ်မှာ ဘွဲ့ထူးဂုဏ်ထူးများ အကြောင်း ရေးထားသည့်စာအုပ်တစ်အုပ် ဖြစ်နေသည် ကိုပါ သိလာရသည်။ ဒရမ္မလီကတော့ များများ စားစား ပြန်ပြောသည် ကို မတွေ့ရပါ။ ဒရမ္မလီမှာ စကားနည်းသူ ဖြစ်ပြီး တခြားလူများ နှင့် ရင်းနှီးခင်မင်အောင် နေတတ်သူ မဟုတ်သော်လည်း (ကျွန်တော့်အမြင်တွင် ကုပ်ချောင်းချောင်းနှင့် သုန်သုန်မှုန်မှုန် နေတတ်သူလည်း ဖြစ်သည်။) မစ္စက်ပေါ့ကက်ကိုမူ အသိအမှတ်ပြုကာ အထိုက်အလျောက် ပြန်၍ အရောတဝင် လုပ်သည် ကို တွေ့ရသည်။ သူတို့ နှစ်ယောက်၏ စကားဝိုင်းတွင် သူတို့ နှစ်ဦးနှင့် မစ္စက်ကွိုင်းလား မှ တစ်ပါး အခြားလူများက စိတ်မဝင်စားကြပါ။ ဟားဘတ်ကတော့ စိတ်မဝင်စား ရုံမျှမက စိတ်ပျက်နေပုံပင် ပေါ်လျက်ရှိလေသည်။

မစ္စက်ကွိုင်လားသည် သူတို့ ပြောနေသည့် အကြောင်းအရာကို ပြောင်းပစ်လိုက်ပြီး ကျွန်တော့်အား မြှောက်ပင့်ပြောဆိုသည့် အလုပ်ကို

လုပ်လာသည်။ ကျွန်တော်ကလည်း သူ မြှောက်ပင့်ပြောဆိုနေသည့် စကားများကို အချိန်အတန်ကြာမျှ သဘောတွေ့ကာသာယာနေမိပါသည်။ သို့သော်လည်း အမြှောက်အပင့်က အလွန်အကျွံ ဖြစ်လာသဖြင့်သာယာမှုမှာ ကြာရှည်မခံလိုက်ပါ။ မည်သို့ပင်ဖြစ်စေ မစ္စက်ကွိုင်းလားသည် အလွန်ပါးနပ်သော မိန်းမလည်ကြီး ဖြစ်သည်။ ကျွန်တော်နှင့် နီးစပ်အောင် အားထုတ်ရာ၌ ကျွန်တော် မကြာသေးမီကမှ စွန့်ခွာလာခဲ့ရသည့် ကျွန်တော်ဒေသနှင့် ကျွန်တော့်ဆွေမျိုး မိတ်သင်္ဂဟများ အပေါ် အလွန်စိတ်ဝင်စားလေဟန် ဆောင်၍ အားထုတ်ခဲ့ခြင်း ဖြစ်၏။ တကယ်တော့ သူသည် စကားပြောရာ၌လည်း ကောက်ကောက်ကွေ့ကွေ့ နိုင်လှပြီး ပရိယာယ်များ လွန်းလှပါသည်။ သူသည် ကျွန်တော့်အား မြှောက်ပင့်ပြောဆိုနေရာမှာ စတားတော့ (သူ့အား စကားအနည်းငယ်မျှသာ ပြောသူ) နှင့် ဒရမ္ဗလီ (သူ့အား စတားတော့လောက်မှ အဖက်လုပ်၍ စကားမပြောသူ) တို့ ဘက်သို့ တစ်ချက်တစ်ချက်လှည့်၍ ပင့်လိုက်သေးသည်။ ကျွန်တော်ကတော့ စားပွဲ၏ တစ်ဖက်မျက်နှာချင်းဆိုင်တွင် နေရာရထားသဖြင့် မစ္စက်ကွိုင်းလားနှင့် အလှမ်းဝေးကာ နားအပူသက်သာနေကြသော စတားတော့နှင့် ဒရမ္ဗလီတို့ အပေါ် မနာ လိုဝန်တိုစိတ် ဖြစ်နေမိပါသည်။

ညနေစာ စားပြီးသောအခါ ကလေးအားလုံးနှင့် မိတ်ဆက်ပေးသည်။ မစ္စက်ကွိုင်းလားကတော့ သူ့ဝသီအတိုင်း ကလေးများ၏ မျက်လုံးများ၊ နှာခေါင်းများ နှင့် ခြေထောက်များကို ချီးမွမ်းခန်းဖွင့်လျက် ရှိ၏။ ကလေးများ၏ စိတ်ကို တက်ကြွလာအောင် မသိမသာ မြှောက်ပင့်ပေးသည့်နည်း ဖြစ်သည်။ နို့စို့ကလေးအပြင် မိမိကလေးလေးယောက်နှင့် ယောကျ်ားလေး နှစ်ယောက် ရှိ၍ နို့စို့ကလေးမှာ ယောကျ်ားလေးလား၊ မိန်းကလေးလား မသိပါ။ ထိုနို့စို့ကလေး၏ အရာကို ဆက်ခံလာတော့မည့် နောက်တစ်ဦးမှာ မူ ယခုအချိန်အထိ မွေးမလာသေးသဖြင့် ယောကျ်ားမိန်းမ ခွဲခြား၍ မသိနိုင်သေးပါ။ ကလေးများကို ဖလော့ပ်ဆန် နှင့် မစ်လားစ်တို့ က တစ်ဖက်တစ်ချက် ညှပ်၍ ထမင်းစားခန်းထဲသို့ ခေါ်သွင်းလာခြင်း ဖြစ်၏။ ဤကလေးထိန်းနှစ်ယောက်မှာ ကလေးများ ထိန်းကျောင်းရန်အတွက် တစ်နေရာရာသို့ စေလွှတ်၍ စနစ်တကျ လေ့ကျင့်သင့်ကြား ပေးထားသည့် အရာခံဗိုလ်နှစ်ဦးနှင့် တူလှသည်။ မစ္စက်ပေါ့ကက်သည် မျိုးမတ်လောင်းကလေးများကို စူးစမ်းသောမျက်လုံးဖြင့် စစ်ဆေးကြည့်ရှုလျက် ရှိသည်။ အလျှင့်အလျင်ကလည်း ယခုကဲ့သို့ ခြေဆုံးခေါင်းဆုံး ကြည့်ရှုစစ်ဆေးရခြင်းကို သာယာခဲ့ဟန် တူ၏။ သို့သော်လည်း ဤမျိုးမတ်လောင်းကလေးများအား မည်ကဲ့သို့ ပြုစုပျိုးထောင်၍ မြေတောင်မြှောက်ပေးရမည်ကိုကား သိရှာဟန် မတူပေ။

"ကဲ.. အမေကြီး လက်ထဲက ခက်ရင်း ဒီကိုပေးပြီး ကလေးကို ယူတော့" ဟု ဖလော့ပ်ဆန်က ပြောသည်။ "ဩော်... အမေကြီးကလည်း ကလေးကို အဲသလို မယူနဲ့ လေ။ ကလေးခေါင်း စားပွဲအောက် ဝင်သွားတော့မပေါ့"

မစ္စက်ပေါ့ကက်သည် ဖလော့ပ်ဆန် ညွှန်ကြားသည့် အတိုင်း လိုက်နာပြီး ကလေးကို လှမ်းယူသည်။ ကလေး၏ ဦးခေါင်းသည် စားပွဲနှုတ်ခမ်းတွင် မေးတင်လျက် ရှိ၏။ သို့သော်လည်း ကလေး၏ ဦးခေါင်းကို စားပွဲနှင့် ပြင်းထန်စွာ ဆောင့်မိပြီး ဒဏ်ရာအနာတရ ဖြစ်တော့မည်ကိန်းမျိုး ဆိုက်ရောက်သွားသဖြင့် အခန်းထဲရှိ လူအားလုံး ထိတ်လန့်တကြား ဖြစ်ကုန်သည်။

"အမယ်လေး... အမယ်လေး၊ ကလေးပြန်ပေး၊ ပေး... ပေး... ဒီကိုပေး " ဟု ဖလော့ပ်ဆန်က အော်သည်။ "ဒီမယ် မစ္စဂျိန်း၊ ဒီကို လာပြီး ကလေးကို ချော့စမ်းပါဦး.... ကွယ်"

ကျွန်တော့်ဘေးတွင် ထိုင်နေသော မိန်းကလေးက ထလာသည်။ သူ့ကို ကြည့်ရသည်မှာ အသက်မကြီးသေးသော်လည်း ခပ်ငယ်ငယ်ကတည်းက အခြားကလေးသူငယ်များကို တာဝန်ယူ၍ ထိန်းသိမ်းလာခဲ့ရပုံ ရှိသည်။ မိန်းကလေးသည် ဖလော့ပ်ဆန်ထံမှ ကလေးကိုယူပြီး ရင်ခွင်တွင် အပ်ကာ လှုပ်၍ လှုပ်၍ ချော့သည်။ အတန်ကြာသော ကလေးအငိုတိတ်သွားပြီး ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်လာသည်။ ထိုအခါ ကျန်ကလေးအားလုံးက ရယ်ကြသည်။ ကလေး အငိုမတိတ်သေးသည့် အချိန်တစ်ချိန်လုံး သူ့ခေါင်းမှ ဆံပင်များကို လက်နှစ်ဖက်ဖြင့် ဆောင့်၍ ဆောင့်၍ ဆွဲကာ သူထိုင်နေသည့် ကုလားထိုင်မှ သူ့တစ်ကိုယ်လုံးကို မ သလိုလုပ်နေသော မစ္စတာပေါ့ကက်သည်လည်း ထိုအခါကျမှပင် ရယ်နိုင်သည်။ မစ္စတာပေါ့ကက် ရယ်နိုင်ခါမှပင် ကျွန်တော်တို့ အားလုံး ပြုံး နိုင်ရယ်နိုင်ပြီး စိတ်အေးနားအေး ဖြစ်ကြရပါသည်။

ဖလော့ပ်ဆန်သည် သူ့လက်ထဲမှ ကလေးကို အရုပ်ကလေးတစ်ရုပ် ကိုင်သည့် နှယ် ကျွမ်းကျင်လိမ္မာစွာဖြင့် အလိုက်သင့်ပြင်ကာ မစ္စက်ပေါ့ကက်၏ ရင်ခွင်ထဲသို့ ထည့်ပေးသည်။ ကလေး၏ လက်ထဲသို့ ကစားစရာ ချောက်ချက် (ဂျောက်ဂျက်) ရုပ်ကလေးတစ်ရုပ် ထည့်ပေးသည်။ တစ်ချိန်တည်းမှာပင် ကလေး၏ လက်ထဲမှ ကစားစရာ လက်ကိုင်နှင့် ကလေးမျက်လုံးများ မထိခိုက်မိအောင် ကြည့်ပေးဖို့ မစ္စက်ပေါ့ကက်အား မှာသည်။ မစ္စဂျိန်းကိုလည်း ကလေးကို မထိခိုက်အောင် ကြည့်ပေးဖို့ မျက်နှာရိပ်မျက်နှာကဲပြ၍ မှာသည်။ ထို့နောက် ကလေးထိန်းနှစ်ယောက် စလုံး အခန်းထဲမှ ထွက်သွားကြလေ၏။

ဝိုင်အရက်နှင့် သကြား ရော၍ စိမ်ထားသော လိမ္မော်သီးခြမ်းကို မြိန်ရေရှက်ရေစားရင်း ဒရမ္မလီနှင့် စကားကောင်းလျက်ရှိသော မစ္စက်ပေါ့ကက်သည် သူ့ရင်ခွင်ထဲ၌ ရှိနေသော ကလေးကို လုံးဝ သတိမရတော့ ပေ။ သူလုပ်နေပုံကို ကြည့်ပြီး ကျွန်တော့်မှာ အသည်းတယားယား ဖြစ်ရသည်။ နောက်ဆုံးတွင် ကလေးမလေး ဂျိန်းက ဖြစ်လာမယ့်အန္တရာယ် ကို ကြို၍ မြင်သဖြင့် သူထိုင်နေသည့် ကုလားထိုင်မှ အသာထသွားပြီး ကလေးလက်ထဲက ကစားစရာကို ယူလိုက်သည်။ လိမ္မော်သီးခြမ်းကို လက်စသတ်နေသော မစ္စက်ပေါ့ကက်သည် ကလေးလက်ထဲမှ ကစားစရာ ယူသွားသည် ကို သဘောမကျ။

"ဟဲ့ကောင်မလေး နင် ဘာလုပ်တာလဲ၊ သွား အခုချက်ချင်း နင့်နေရာ နင်ပြန်ထိုင်နေစမ်း" ဟု ငေါက်သည်။

"မဟုတ်ဘူး မေမေ၊ ကလေးမျက်လုံး ထိုးမိမှာ စိုးလို့" ဟု ကလေးမလေးက ပြန်ပြောသည်။

"နင်က ငါ့ကို ပြန်ပြောတယ်ပေါ့လေ၊ သွား... အခုချက်ချင်း နင့်နေရာမှာ ပြန်ထိုင်စမ်း"

မစ္စက်ပေါ့ကက်၏ သိက္ခာသည် အကြီးအကျယ် ကျဆင်းသွားသလို ဖြစ်သဖြင့် ကျွန်တော် စိတ်မကောင်း ဖြစ်မိ၏။

"ဘာ ဒါလင်" ဟု မစ္စတာပေါ့ကက်က ဝင်ဟန့်သည်။ "ဘာပြုလို့ အဓိပ္ပာယ် မရှိတာတွေ လျှောက်ပြောနေတာလဲ၊ ဂျိန်းက ကလေးကို ခိုက်မိမှာ စိုးလို့ ပြောတာပဲ"

"ကျွန်မကိစ္စမှာ ဝင်ရှုပ်ရင် ဘယ်သူ့ကိုမှ ကျွန်မသည်းမခံနိုင်ဘူး" ဟု မစ္စက်ပေါ့ကက်က ပြန်ပြောသည်။ "အံ့သြပါရဲ့ မက်သယူးရယ်၊ ကျွန်မ ကိစ္စမှာ တခြားလူ ဝင်နှောင့်ယှက်တာကို ကျွန်မ ခံရမတဲ့လား"

"ဖြစ်မှ ဖြစ်ရလေကွာ..." ဟု မစ္စတာပေါ့ကက်က အော်ကြီးဟစ်ကျယ် ရေရွတ်သည်။ စိတ်တိုတော့မည့် အရိပ်လက္ခဏာ ပြလာသည်။ "ကစားစရာကြောင့် ကလေးတွေ သင်္ချိုင်းကုန်း ရောက်တတ်ကြတယ် မဟုတ်လား၊ အဲဒါကို ဘယ်သူမှ ဝင်ပြီး မပြောရတော့ဘူးတဲ့လားကွ..."

"ဂျိန်း ဝင်ပါတာကို ကျွန်မ သည်းမခံနိုင်ဘူးရှင့်" မစ္စက်ပေါ့ကက်က ဘာမှမသိ နားမလည်ရှာသည့် ကလေးမလေးကို တစ်ချက်မျှ စူးစူးရဲရဲ ကြည့်လိုက်ပြီး ပြောသည်။ "ဒီမယ်... ဂျိန်း၊ ငါ ပြောထားလိုက်မယ်၊ ငါ့ အဘိုးဟာ ဘယ်လိုအဆင့်အတန်းမျိုးဆိုတာ ငါသိတယ်၊ ငါ့ကိုတော့ လာမစမ်းနဲ့၊ နားလည်လား ဂျိန်း..."

မစ္စတာပေါ့ကက်၏ လက်နှစ်ဖက်သည် သူ၏ ဆံပင်များကို ဆုပ်ဆွဲပြန်သည်။ ဤတစ်ကြိမ်တွင် မူ သူ့ခန္ဓာကိုယ်သည် သူထိုင်နေသည့်ကုလားထိုင်မှ လက်မအနည်းငယ်မျှ အပေါ်သို့ ကြွတက်လာသည်။ "ပြောတာကို နားထောင်စမ်းပါဦး" ဟု စိတ်ပျက်လက်ပျက် ရေရွတ်သည်။ "ကလေးပေါက်စတွေဟာ ဒီလိုကစားစရာကြောင့် သေတတ်တယ်ကွ၊ အဘိုးရဲ့ အဆင့်အတန်းနဲ့ ဘာမှ မဆိုင်ဘူး" ထို့နောက် သူသည် ကုလား ထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်ပြီး ငြိမ်နေသည်။

ဤကဲ့သို့ အချီအချ ဖြစ်နေသည့် အခိုက်တွင် ကျွန်တော်တို့ အားလုံးသည် ဘာမှ မလုပ်တတ်သဖြင့် ကိုယ့်မျက်စိအောက်မှ စားပွဲခင်းကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေကြရသည်။ တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ ဤအတွင်းမှာပင် ဘာကိုမှ မသိရှာသော ကလေးငယ်သည် ဤမိသားစုအတွင်း၌ သူ့မိတ်ဆွေဆို၍ (အစေခံများ နှင့် ကလေးထိန်းများမှ လွဲလျှင်) ဂျိန်းတစ်ယောက်သာ ရှိသည့် အလား

ဂျိန်းကိုသာ ကြည့်၍ ပြုံးလိုက်ရယ်လိုက် လုပ်လျက် ရှိလေသည်။

"မစ္စတာ ဒရမ္မလီ" ဟု မစ္စက်ပေါ့ကက်က လှမ်းခေါ်သည်။ "ဖလော့ပ်ဆန်ကို ခေါ်ပေးစမ်းပါ၊ ဟိုကောင်မလေး ဂျိန်း၊ အခန်းထဲဝင်တော့၊ ကဲ. ကလေးရေ၊ မေမေတို့ သွားကြစို့"

ကလေးသည် မစ္စက်ပေါ့ကက်၏ လက်ထဲတွင် နေချင်ပုံ မရ။ ခြေကလန် လက်ကလန် လုပ်ကာ လူ့ပ်ရှားရုန်းကန်လျက် ရှိသည်။ ဤသို့ဖြင့်ပင် ကလေးငယ်သည် မနိုင်မနင်း ချီပွေ့ထားသော သူ့အမေလက်ထဲတွင် ဇောက်ထိုးဇောက်ထိုး ကိုးရိုးကားရားဖြင့်ပါသွားလေ၏။ နောက်မိနစ် အနည်းငယ်မျှ ကြာသောအခါ ကလေးသည် ဂျိန်း၏ လက်ထဲ၌ ရောက်လျက်ရှိသည် ကို ပြတင်းပေါက်မှ တစ်ဆင့် လှမ်းမြင်နေရလေသည်။

အခြားကလေးငါးယောက်သည် ညနေစာစားပွဲတွင် ကျန်ခဲ့ကြသည် ကလေးထိန်း ဖလော့ပ်ဆန်သည် တစ်နေရာတွင် အခြားတာဝန်တစ်ခုဖြင့် အလုပ်ရှုပ်နေပုံ ရ၏။ ဤကလေး သိမ်းသွားရမည့်အလုပ်ကို ဖလော့ပ်ဆန်မှ တစ်ပါး အခြားလုပ်မည့် သူ ရှိပုံမရချေ။ ဤသို့ဖြင့် ဤကလေးများ နှင့် ဖခင်ဖြစ်သူ မစ္စတာပေါ့ကက်တို့၏ ဆက်ဆံရေးကို ကျွန်တော် လေ့လာသိရှိခွင့် ရခဲ့သည်။ မစ္စတာပေါ့ကက်သည် ဖရိုဖရဲဖြစ်နေသော သူ့ခေါင်းမှ ဆံပင်များကို လက်ဖြင့် ထိုးဖွကာ စိတ်ရှုပ်သော မျက်နှာထားဖြင့် ကလေးများအား အတန်ကြာမျှ ငေးကြည့်နေသည်။ ဤကလေးများသည် ဤမိသားစုအတွင်းသို့ ဘယ်ပုံဘယ်နည်း ရောက်လာပါလိမ့်။ ဤမိသားစု အတွင်းသို့ ရောက်လာကြမည့် အစား အခြားလူတစ်ဦး၏ လက်တွင်းသို့ ဘာကြောင့် ရောက်မသွားကြပါလိမ့် စသည် စသည်ဖြင့် ဆင်ခြင်စဉ်းစားနေသည့် နှယ် ရှိသည်။ ထို့နောက်သာ သနာပြု ဆရာတော်တစ်ဦးက သူ လက်ခံစောင့်ရှောက်ထားသည့် ကလေးသူငယ်များအား မေးမြန်းနေသည့် ပုံစံမျိုးဖြင့် သူ့ကလေးများအား မေးခွန်းတချို့ မေးသည်။ ဂျိုး အင်္ကျီဘာကြောင့် ပေါက်နေသလဲဟု သူက မေးသည်။ ဖလော့ပ်ဆန်က သူအားတဲ့ နေ့ကျရင် အဲဒီအပေါက်ကို ဖာပေးမယ်လို့ ပြောထားတယ် ဖေဖေဟု ဖြေသည်။ မင်းနီးလက်မှာ ဘာဖြစ်လို့ အနာဖြစ်ရတာလဲဟု သူက မေးသည်။ မစ်လားစ်က သူ သတိရတဲ့ အခါမှာ ဆေးထည့်ပေးမယ်လို့ ပြောထားတယ် ဖေဖေဟု အဖြေ ပေးသည်။ ထို့နောက် မိဘမေတ္တာဖြင့် မစ္စတာပေါ့ကက်၏ ရင်ခွင်တွင် သူ့သားသမီးများ အပေါ် သနားကြင်နာစိတ် ယိုဖိတ်လာသည်။ ထိုအခါ ကလေးတစ်ယောက်ကို သျှီလင်တစ်ပြားစီပေးပြီး သွားကစားချေကြတော့ဟု ခိုင်းသည်။ ကလေးများ ထွက်သွားသည့် အခါ သူသည် သူ့ခေါင်းမှ ဆံပင်များကို တစ်ချက်မျှ အားကုန်ဆောင့်၍ ဆွဲလိုက်ပြီး မျှော်လင့်ချက် ကင်းမဲ့နေပြီဖြစ်သော ဤပြဿနာကို သူ့ခေါင်းထဲမှ ထုတ်ပစ် လိုက်လေသည်။

ညနေခင်းတွင် မြစ်ထဲသို့ လှေလှော်ထွက်ကြသည်။ ဒရမ္မလီနှင့် စတားတော့တို့တွင် ကိုယ်ပိုင်လှေတစ်စီးစီ ရှိကြသော်လည်း ကျွန်တော့်တွင်

မရှိသေးပါ။ ကိုယ်ပိုင်လှေတစ်စီးဝယ်ပြီး သူတို့ နှစ်ယောက်အား အနိုင်လှော်နိုင်အောင် ကြိုးစားမည်ဟု စိတ်ထဲမှ ကျိတ်၍ ဆုံးဖြတ်မိ၏။ ကျွန်တော်သည် တောသားလူငယ်များ ကျွမ်းကျင်သည့် ကစားခုန်စား မှန်သမျှတွင် တော်သူဖြစ်မှန်း ကိုယ့်ဘာသာကိုယ် သိနေသော်လည်း သိမ်းမြစ်ပြင်ထက်၌ စည်းစနစ်နှင့် လှော်ရသည့် လှေလှော်နည်းကျတော့ ကျကျနန သင်ကြားလေ့သင့်ထားဖို့ လိုနေသည်ကို သတိထားမိသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ချက်ချင်းပင် ကျွန်တော်၏ အပေါင်းအသင်းသစ်များမှ တစ်ဆင့် သိကျွမ်းခင်မင်လာရသည့် လူတစ်ယောက်ထံ တပည့်ခံ၍ လှေလှော်နည်းအတတ်ပညာကို ဆည်းပူးသည်။ ထိုသူမှာ လှေပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသူ ဖြစ်၏။ သူသည် ကျွန်တော့်အား အထူးတလည် ကြိုးစားအားထုတ်၍ သင်ကြားပြသပေးသည်။ ပါးစပ်မှလည်း ကျွန်တော်သည် ပန်းပဲသမားတစ်ယောက်သာ ပိုင်ဆိုင်သင့်သည့် အားကောင်းမောင်းသန်လက်များကို ပိုင်ဆိုင်သူ ဖြစ်သည် ဟုလည်း မကြာခဏ ထုတ်ဖော်ချီးမွမ်းသည်။ မည်သို့ပင်ဖြစ်စေ သူ၏ သင်ကြားပြသမှု များမှာ ကျွန်တော့်အဖို့ နားမလည်နိုင်အောင် ရှုပ်ထွေးလျက် ရှိလေသည်။

ထိုည အိမ်ပြန်ရောက်သည့် အခါ ညလယ်စာစားပွဲတွင် အားလုံး ဆုံမိကြပြန်သည်။ အမှန်အားဖြင့် ပျော်ရွှင်စွာ စားသောက်သင့်သည့် ပွဲမျိုး ဖြစ်၏။ သို့သော်လည်း သဘောထားချင်း မတိုက်ဆိုင်သည့် အိမ်တွင်းရေးပြဿနာက ရှိနေသဖြင့် ကျွန်တော်တို့မှာ ပျော်သင့်သလောက် မပျော်နိုင်ကြပါ။ မစ္စတာပေါ့ကက်ကို ကြည့်ရသည်မှာ စိတ်လက်ကြည်လင်နေပုံတော့ ရ၏။ သို့သော်လည်း ထိုအခိုက်တွင် အခန်းထဲသို့ အိမ်စေအမျိုးသမီးတစ်ဦး ဝင် လာပြီး မစ္စတာပေါ့ကက်အား လှမ်းပြောသည်။

"တကယ်လို့ ခွင့်ပြုနိုင်မယ်ဆိုရင် ကျွန်မ သခင်နဲ့ စကားပြောပါရစေ”

ထိုစကားကြောင့် မစ္စက်ပေါ့ကက်၏ ဂုဏ်သိက္ခာသည် နိုးကြားထကြွလာပြန်သည်။ "ဘာတဲ့ ...။ သခင်နဲ့ စကားပြောချင်တယ်ဟုတ်လား" ဟု လှမ်းမေးသည်။ "ဒါမျိုးလုပ်ဖို့ ဘယ်လိုကြောင့် စိတ်ကူး ရတာလဲ၊ ဖလောပ်ဆန်ဆီကို သွားပြောပါလား၊ ဒါမှ မဟုတ်လည်း ငါ့ကို ပြောပေါ့၊ ခုတော့ မဟုတ်ဘူး၊ တခြားသင့်တဲ့ အချိန်ကျမှ ပြောပေါ့"

"ကျွန်မ တောင်းပန်ပါတယ်၊ သခင်မရှင့်" ဟု အိမ်စေက ပြန်ပြောသည်။

"အခုချက်ချင်း ပြောသင့်တဲ့ ကိစ္စ ဖြစ်နေလို့ပါ။ ပြီးတော့လည်း သခင့်ကိုသာ ပြောမှ ဖြစ်မယ့်ကိစ္စပါ"

ထိုစကားကြားသည့် အခါ မစ္စတာပေါ့ကက်သည် အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်တို့ အားလုံးမှာ သူ ပြန်ရောက်မလာမချင်း ပြဿ နာ မဖြစ်အောင် ရေငုံနှုတ်ပိတ် လုပ်နေကြရသည်။

နောက်တစ်ခဏမျှအကြာတွင် မစ္စတာပေါ့ကက်သည် အလွန်စိတ်ပျက်

စိတ်ရှုပ်သော မျက်နှာထားဖြင့် ပြန်ရောက်လာသည်။ "အဖြစ်ကတော့ အတော်ကို လှပတဲ့ အဖြစ်ပဲ ဘလင်ဒါ" ဟု ရေရွတ်သည်။ "ထမင်းချက်တော့ဖြင့် မီးဖိုချောင်ကြမ်းပြင်ပေါ်မှာ အရက်တွေမှူးပြီးလဲနေပြီ။ အပြင်ကို ထုတ်ရောင်းမယ့် ထောပတ်ထုပ်တွေလည်း တွေ့ခဲ့တယ်"

မစ္စက်ပေါ့ကက်၏ မျက်နှာသည် ကြည်လင်ရွှင်ပျသွားသည်။ "ဒါဟာ စက်ဆုပ်ရွံရှာဖို့ ကောင်းတဲ့ ဆိုဖီယာရဲ့ လက်ချက်ပဲ ဖြစ်မယ်"

"မင်း ဘယ်လိုပြောလိုက်တာလဲ ဘလင်ဒါ" ဟု မစ္စတာပေါ့ကက်က မေးသည်။

"စောစောကပဲ ရှင့်ကို ဆိုဖီယာက ပြောခဲ့တာ မဟုတ်လား" ဟု မစ္စက်ပေါ့ကက်က ပြောသည်။ "သူ ဘာလုပ်ခဲ့တယ်ဆိုတာကို ကျွန်မမျက်စိနဲ့ မြင်ရတာ မဟုတ်ဘူး၊ ကျွန်မနားနဲ့လည်း ကြားရတာ မဟုတ်ဘူး၊အခုနလေးတင် အခန်းထဲ ဝင်လာပြီး ရှင်နဲ့ စကားပြောပါရစေလို့ ခွင့်တောင်းခဲ့တယ် မဟုတ်လား"

"သူ ငါ့ကို အောက်ထပ်အထိ ခေါ်သွားပြီး ပြတာပဲကွ…" ဟု မစ္စက်ပေါ့ကက်က ပြန်ပြောသည်။ "သူကိုယ်တိုင် ထမင်းချက်မိန်းမကို ပြတယ်။ ထောပတ်ထုပ်ကိုလည်း ပြတယ်"

"ရှင် သူ့ဘက်ကကာကွယ်နေတာလား မက်သယူး၊ ဟင်" ဟု မစ္စက်ပေါ့ကက်က ပြန်မေးသည်။ "မဟုတ်တယုတ် လုပ်ချင်လို့ကာကွယ်တာပေါ့ ဟုတ်လား"

မစ္စတာပေါ့ကက်က အလွန်အမင်း စိတ်ပျက်လက်ပျက် ဖြစ်လွန်းသည့်ညည်းသံကြီးတစ်ချက် ထွက်ပေါ်လာလေသည်။

"အလွန်ဂုဏ်ကြီးမြင့်တဲ့ အဘိုးရဲ့ မြေးမတစ်ယောက်အနေနဲ့ အိမ်ထဲမှာ ဩဇာမရှိ အာဏာမရှိ နေရမတဲ့လား ဟင်" ဟု မစ္စက်ပေါ့ကက်က ဆိုသည်။ "ထမင်းချက်မိန်းမဟာ အင်မတန်မှ သဘောကောင်းပြီး အင်မတန်မှလေးစားထိုက်တဲ့ အမျိုးသမီးတစ်ယောက်ရှင့်၊ သိလား၊ ပြီးတော့လည်း ဘယ်တော့စကားပြောပြော အရိုကို အရိုအတိုင်း ပြောတတ်တယ်။ ကျွန်မဆိုရင် သူက မင်းသမီးတစ်ပါးလို ရိုသေတာရှင့်"

မစ္စတာပေါ့ကက် ရပ်နေသည့် နောက်တွင် ဆိုဖာတစ်လုံးရှိရာ မစ္စက်ပေါ့ကက်၏ နှုတ်မှ ဤစကားများကို ကြားရသောအခါ မစ္စတာပေါ့ကက်သည် ရောမလူစွမ်းကောင်းတစ်ယောက် ဒဏ်ရာရ၍ သတိလစ်ပြီး လဲကျသွားသည့်နှယ် ဆိုဖာပေါ်သို့ ခွေခနဲ ခြေပစ်လက်ပစ် လဲကျသွားသည်။ လဲကျသွားပြီး ဆိုဖာပေါ်တွင် အရုပ်ကြိုးပြတ် ဖြစ်နေသည့် ကြားမှပင် သူသည် အလွန် မောဟိုက်နေသည့် အသံဖြင့် "မင်္ဂလာညပါ မစ္စတာပစ်ပ်" ဟု ကျွန်တော့်ကို လှမ်း၍ နှုတ်ဆက်သည်။ သူ့အသံမှာ သွား၍ အိပ်ချေပါတော့ကွာဟု ပြောလိုက်သည့် လေသံမျိုး ဖြစ်သဖြင့် ကျွန်တော်သည် သူ့ကို ထားခဲ့ကာ အခန်းထဲမှ ထွက်လာခဲ့ပါသည်။

*****

နောက် နှစ်ရက်သုံးရက်မျှအကြာတွင် ကျွန်တော်သည် ကိုယ့်အခန်း နှင့် ကိုယ် အတော်ကြီး နေသားတကျ ဖြစ်လာသည်။ လန်ဒန်မြို့တွင်း သို့ သွားလိုက် ပြန်လိုက် လုပ်ခဲ့သည့် အကြိမ်ပေါင်းများမှာလည်း မနည်းတော့ပြီ။ ကျွန်တော့်အတွက် လိုအပ်သည့် ပစ္စည်းပစ္စယများ ကိုလည်ႉ အထိုက်အလျောက် ပြည့်စုံအောင် ဝယ်ယူပြီးခဲ့ပြီ။ ထိုအခါကျမှပင် မစ္စတာပေါ့ကက်နှင့် ကျွန်တော်တို့သည် ကျွန်တော့်အတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို ကြာရှည်စွာ ဆွေးနွေးတိုင်ပင်ခြင်း၊ ညှိနှိုင်းခြင်း ပြုကြရသည်။ ကျွန်တော်၏ ရှေ့ရေးကို ဆွေးနွေးရာ၌ သူ့အား မစ္စတာဂျက်ဂါးက အသိပေးထားသည့် အတိုင်း ဆွေးနွေးခြင်း ဖြစ်ရာ ကျွန်တော် ဆက်လျှောက်ရမည့် ဘဝခရီးနှင့် ပတ်သက်၍ သူက ကာယကံရှင် ကျွန်တော့်ထက် ပို၍ သိနေသည်။ ယခုလောလောဆယ် ကျွန်တော် ပညာသင်ကြားနေခြင်းသည် အလုပ်တစ်ခုခု ရရှိရေးအတွက် သင်ကြားနေခြင်း မဟုတ်သည် ကို နားလည်ထားဖို့ လိုကြောင်း၊ ကျွန်တော့် အနေဖြင့် ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းတွင် ဝင်ဆံ့ပြီး ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် နေတတ်ထိုင်တတ်ရုံမျှ ပညာတတ်လျှင် လုံလောက်ပြီဟု ယူဆရမည် ဖြစ်ကြောင်း သူက ရှင်းပြသည်။ ကျွန်တော် ကတော့ သူပြောသမျှကို ခေါင်းညိတ်ရုံမှ တစ်ပါး ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ပါ။

မစ္စတာပေါ့ကက်က လန်ဒန်မြို့တွင်းမှ ကျွန်တော် သွားရောက်လေ့လာ သင့်သည့် နေရာများကို ပြောပြသည်။ ထိုနေရာများကို ကျွန်တော် သွားရောက်ခြင်းအားဖြင့် ကျွန်တော်လိုချင်သော အသိပညာ ဗဟုသုတများကို ရနိုင်လိမ့်မည်ဟုလည်း ရှင်းပြသည်။ ကျွန်တော့်၌ ရှိနေသော ဉာဏ်ရည်ဉာဏ်သွေးနှင့် သူ၏ လမ်းညွှန်မှုကို အဆင်ပြေအောင် ပေါင်းစပ်နိုင်မည် ဆိုပါက အခက်အခဲဖြစ်စရာ ဘာမှ မရှိနိုင်ဟု သူ ယူဆကြောင်းလည်း ပြောပြသည်။ သူ ပြောပုံဆိုပုံမှာ အပေါ်ယံဟန် ဆောင်၍ ပြောခြင်း မဟုတ်သည်မှာ သူ့အမူအရာကို မြင်ရုံမျှဖြင့် သိသာ ထင်ရှားလျက် ရှိ၏။ သူ့အဆိုအရ ကျွန်တော် သိသင့်သိထိုက် တတ်သင့် တတ်ထိုက်သည့် အကြောင်းအရာမှန်သမျှကို သူက သင်ကြားပြသပေး မည် ဖြစ်သည်။ ကျွန်တော့်ဘာသာ ကျွန်တော် လေ့လာသင့်သည်များ ကိုလည်း သူက လမ်းညွှန်ပေးသွားမည် ဖြစ်သည်။ ကျွန်တော့်အနေဖြင့် သိလိုတတ်လိုသည် များ ရှိလာပါကလည်း သူ့ကို မေးရမည် ဖြစ်သည်။ အကယ်၍ သူ့ဘက်က ဆရာသမားတစ်ယောက်အနေဖြင့် တာဝန်ကျေရုံမျှ လုပ်ပေးမည်ဟု သဘောထားခဲ့ပါမူ ကျွန်တော့်ဘက်မှလည်း တာဝန်ကျေကျောင်းသားမျှသာ ဖြစ်ပေလိမ့်မည်။ ယခုသော်မူ သူ့ဘက်က စေတနာအပြည့်အဝ ထားသည့် သဘောရှိသဖြင့် ကျွန်တော့်ဘက်မှလည်း စေတနာအပြည့်ဖြင့် တုံ့ပြန်မည်ဟု သဘောထားလိုက်သည်။

သူနှင့် ကျွန်တော့်ကြားတွင် ရှိရမည့် တာဝန်ဝတ္တရာများကို နှစ်ဦးနှစ်ဖက်

နားလည်သွားကြသည့် အခါ ကျွန်တော်က ဘားနတ်တည်းခိုရိပ်သာ၌ ငှားထားသည့် အခန်းကို ကျွန်တော် ဆက်လက်ငှားထားပြီး ထိုအခန်းမှာပင် ဆက်လက်၍ နေထိုင်လိုကြောင်း၊ ယင်းကဲ့သို့ နေထိုင်ခြင်း အားဖြင့် လန်ဒန်မြို့သူမြို့သားတို့၏ ပေါင်းသင်းဆက်ဆံရေးကို ကျွန်တော် ပိုမို၍ တတ်သိနားလည်နိုင်ကြောင်း၊ ဟားဘတ်နှင့် အတူတူနေရမည်ဖြစ်၍ ကျွန်တော်၏ အပြုအမူ အပြောအဆို အနေအထိုင်များ နှင့် ပတ်သက်၍ လိုအပ်သမျှကို သူ့ထံမှ လေ့လာသင်ယူသွားနိုင်မည်ဟု ယူဆမိကြောင်း ပြောပြသည်။ ဤစိတ်ကူးနှင့် ဤအစီအစဉ်ကို မစ္စပေါ့ကက် က ကန့်ကွက်ခြင်း မပြုပါ။ သို့သော်လည်း မည်သည့် အလုပ်ကိုမဆို လုပ်မည်ဟု စိတ်ကူးရှိပါက ကျွန်တော်၏ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးအား အသိပေးပြီး သူ၏ သဘောတူညီမှုကို ရယူဖို့ လိုကြောင်း သတိပေးသည်။ အမှန်အတိုင်းဆိုလျှင် ကျွန်တော်၏ အစီအစဉ်အတိုင်း ဆောင်ရွက်မည်ဆိုပါက သူ့သား ဟားဘတ်အတွက် စရိတ်စက အကုန်အကျများစွာ သက်သာသွားမည်ဖြစ်ရာ မဖြစ်မနေ လုပ်ဖို့သာ တိုက်တွန်းရမည် ဖြစ်၏။ သို့ပါလျက်နှင့် ယခုစကားကို ပြောခြင်းသည် သူ့အကျိုးကို အဓိက မထားကြောင်း သိသာနေသည် ဟု ကျွန်တော် ထင်ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် သူပြောသည့် အတိုင်း လစ်တစ်လ်ဘရီတိန်လမ်းသို့ သွားကာ မစ္စတာ ဂျက်ဂါးနှင့် တွေ့ဆုံပြီး အကြောင်းစုံ ပြောပြပါသည်။

"ကျွန်တော့်အတွက် ငှားထားတဲ့ အိမ်ထောင်ပရိဘောဂတွေကို အပိုင်ဝယ်ပြီး နောက်ထပ် လိုအပ်တဲ့ ပစ္စည်းကလေး တစ်မျိုးနှစ်မျိုးလောက် ထပ်ဖြည့်လိုက်ရင် လက်ရှိအခန်းမှာ နေလို့ ထိုင်လို့ အများကြီး အဆင်ပြေသွားမှာပါ" ဟု ကျွန်တော်က ရှင်းပြသည်။

"လုပ်လေ" ဟု မစ္စတာ ဂျက်ဂါးက တစ်ချက်မျှ ရယ်လိုက်ပြီး ပြောသည်။ "ငါ မင်းကို ပြောခဲ့ပြီးပါပြီ။ မင်းကြိုက်သလို လုပ်ပါ။ အဲဒီတော့ အခု မင်း ငွေဘယ်လောက် လိုမလဲ"

မည်မျှလောက် ကုန်ကျမည်ကို ကျွန်တော် မခန့်မှန်းတတ်ပါဟု ကျွန်တော်က ပြန်ပြောသည်။

"ကိစ္စမရှိဘူးလေ၊ ပြောသာ ပြော" ဟု မစ္စတာဂျက်ဂါးက ပြောသည်။

"ကဲ.. ဘယ်လောက်ကုန်မလဲ၊ ပေါင် ငါးဆယ်လား"

"အို... အဲသလောက်တော့ ကုန်မယ် မထင်ပါဘူး"

"ဒီလိုဆို ငါးပေါင်ကုန်မလား"

အဆမတန် ကျသွားသဖြင့် ကျွန်တော့်မှာ အလန့်တကြားဖြစ်ကာ က သောကမျော ပြန်ပြောရသည်။ "အို... အဲသလောက်တော့ မကဘူး"

"အဲသလောက်မကဘူး၊ ဟုတ်လား...၊ အင်း" မစ္စတာဂျက်ဂါးသည် လက်နှစ်ဖက်ကို အိပ်များ ထဲသို့ နှိုက်ကာ ဦးခေါင်းကို တစ်ဖက်သို့ ငဲ့စောင်းပြီး မျက်လုံးများကို ကျွန်တော့်နောက်မှ နံရံပေါ်သို့ စူးစိုက်၍ စဉ်း စားနေသည်။ "ကဲ...

ငါးပေါင်ထက် ဘယ်လောက်ပိုပြီး လိုမလဲ"

"ဘယ်ရွေ့ဘယ်မျှလို့ အတိအကျ ပြောဖို့ ခက်တယ်" ဟု ကျွန်တော် က တုံ့ဆိုင်းဆိုင်း ဖြေသည်။

"ကိစ္စမရှိပါဘူးကွာ၊ ပြောသာ ပြောစမ်းပါ" ဟု မစ္စတာဂျက်ဂါးက ပြောသည်။

"ကဲ.. ဒီလိုလုပ်ကြည့်ရအောင်၊ ငါးပေါင်နှစ်ဆဆို ရမလား၊ ဒါမှ မဟုတ်လည်း ငါးပေါင်သုံးဆကွာ၊ ဖြစ်မလား၊ ကဲ.. ငါးပေါင်လေးဆ ရမလား"

ထိုမျှလောက်ဆိုလျှင် လုံလောက်လိမ့်မည်ဟု ထင်ကြောင်း ကျွန်တော် ပြောသည်။

"သြော်... ငါးပေါင်ရဲ့လေးဆဆို ဖြစ်မယ်ပေါ့... ဟုတ်လား" မစ္စတာ ဂျက်ဂါးက မျက်ခုံးများကို ရှုံ့၍ ပြောသည်။ "ကဲ... ဟုတ်ပြီ၊ ငါးပေါင်ရဲ့လေးဆဆိုတော့ ဘယ်လောက်ဖြစ်မလဲ"

"ဘယ်လောက်ဖြစ်မလဲ'

"ဟာ..." ဟု မစ္စတာ ဂျက်ဂါးက စိတ်မရှည်သံဖြင့် ရေရွတ်သည်။ "ဘယ်လောက်လဲလို့ မေးတာကွ"

"ကျွန်တော် နားလည်တာကတော မစ္စတာဂျက်ဂါးပြောတဲ့ ငါးပေါင်လေးဆဆိုရင် ပေါင်နှစ်ဆယ် ဖြစ်မှာပေ့ါ " ဟု ကျွန်တော်က ပြုံး၍ ပြောသည်။

"ငါပြောတာကို ထည့်မပြောပါနဲ့ ကွာ၊ အဲဒါက အဓိက မဟုတ်ဘူး ဟု မစ္စတာဂျက်ဂါးက ခေါင်းတွင်တွင် ယမ်း၍ ပြောသည်။ မင်းပါးစပ်က ဘယ်ရွေ့ဘယ်မျှကို ပြောလိုက်တာကို ငါလိုချင်တာကွ"

"ပေါင်နှစ်ဆယ်ပါခင်ဗျာ"

"ဟေး... ဝင်းမစ်" မစ္စတာ ဂျက်ဂါးက သူ့ရုံးခန်းတံခါးကို တွန်းဖွင့်လိုက်ပြီး အော်ခေါ်သည်။ "မစ္စတာ ပစ်ပ်ရဲ့ တောင်းခံချက်အရလို့ ရေးပြီး သူ့ကို ငွေပေါင်နှစ်ဆယ် ထုတ်ပေးလိုက်ကွာ"

အလုပ်နှင့် ပတ်သက်၍ မစ္စတာဂျက်ဂါး၏ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံ များသည် အလွန်အမင်း တိကျလွန်းသဖြင့် ချီးမွမ်းချင်စိတ် ဖြစ်မိသော်လည်း တရားလွန်လွန်းသည် ဟူသော အထင်ကြောင့် စိတ်ထဲကကျိတ်၍ သဘောမကျသလို ဖြစ်မိသည်။ မစ္စတာဂျက်ဂါးသည် ဘယ်တော့မှ ပြုံးသည် ရယ်သည် မရှိပါ။ သို့သော်လည်း သူသည် တကျွီကျွီ မြည်လေ့ရှိသော ရှူးဖိနပ်ကြီးများကို စီးထားသည် ဖြစ်ရာ သူ့ကိုကြည့်လိုက်လျှင် ထိုဖိနပ်ကြီးများ အပေါ် အားပြု၍ ရပ်နေသည် ဟု ထင်ရသည်။ အလွန်ကြီးမားသော သူ့ခေါင်းကြီးကို အစဉ်သဖြင့် ရှေ့သို့ ခပ်စိုက်စိုက် ထားတတ်ပြီး ဆက်နေသော မျက်ခုံးထူထူကြီးများကို ကုပ်ကာ တစ်ဖက်လူထံမှ ပြောလာမည့် စကားကို နားစွင့်တတ်သည်။ ထိုကဲ့သို့ နားစွင့်နေခိုက်မှာပင် သူ့ဖိနပ်များ ဆီမှ

တကျွိကျွိမြည်သံများ တစ်ခါတစ်ရံ ထွက်လာ တတ်သည်။ သံသယမကင်းသော ခြောက်ကပ်ကပ် ရယ်သံမျိုး ပြုနေသည် နှင့် တူလှပါသည်။ ကျွန်တော်နှင့် ကိစ္စပြီးပြတ်၍ သူ အပြင် ထွက်သွားသည့် အခါ ကျွန်တော်က ဝင်းမစ်အား မစ္စတာဂျက်ဂါး ၏ အပြုအမူမှာ အလွန်နားလည်ရခက်သည် ဟု ပြောမိသည်။

"အဲဒီစကား မင်း သူ့ကို ပြောကြည့်ပါလား၊ သူကတော့ သူ့ကို ချီးမွမ်းတဲ့ စကားလို့ ယူဆမှာ သေချာတယ်" ဟု ဝင်းမစ်က ပြန်ပြောသည်။ "ငါးပေါင်ကိုလေးဆလုပ်ရင် ဘယ်လောက်ရတယ်ဆိုတာ မင်း သိမှန်း သူသိပါတယ်။ ဒါပေမဲ့ သဘောက... အိုကွာ" ကျွန်တော့်အား အံ့အားသင့် နေသော မျက်နှာကို ကြည့်ကာ သူသည် ထစ်တီးထစ်ငေါ့ ဖြစ်လျက် ရှိသည်။ "ဒီလိုကွ၊ ပုဂ္ဂိုလ်ရေးကိစ္စ မဟုတ်ဘူး ကွ၊ သူမေးတာက အလုပ် သဘော၊ အလုပ်သဘောအတိုင်း လုပ်တာပေါ့လကွာ"

ဝင်းမစ်သည် သူ့စားပွဲ၌ ထိုင်၍ နေ့လယ်စာစားရင်း စကားပြောနေသည် ဖြစ်ရာ သူ့ပါးစပ်မှ ဘီစကွတ်ခြောက်များ ဝါးနေသည့် ချိုးချိုးချောက်ချောက် အသံများ ကြားနေရ၏။ ဝါးစရာ ကုန်သွားသည့် အခါတိုင်း သူသည် ဘီစကွတ်ခြောက်များကို ယူကာ သူ့ပါးစပ်ပြဲကြီးကို ဟ၍ ပစ် ပစ်ထည့်လေ့ ရှိသည်။

"ငါ့အဖို့တော့ သူဟာ "လူထောင်ချောက်" တစ်ခု ချထားပြီး မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ လူတစ်ယောက်နဲ့ တူသလိုပဲ၊ ရုတ်တရက် သူ့ဆီကလည်း အသံထွက်လာရော မင်းဟာ သူ့ထောင်ချောက်ထဲမှာ ကားခနဲ မိနေပြီ"

ဤအလုပ်မျိုးတွင် အလွန်ပါးနပ်လိမ္မာသည် ဟု ထင်ကြောင်း ကျွန်တော်က ပြောမိသည်။

"သူ့ထောင်ချောက်တွင်းက ဩစတေးလီးယားနိုင်ငံ ရောက်သွားတဲ့ အထိ နက်တယ်ကွ" ဟု ဝင်းမစ်က ဆိုသည်။

သူ့လုပ်ငန်းမှာ ဝင်ငွေအလွန်ကောင်းပြီး အလွန်အောင်မြင်သည် ဟု ထင်ကြောင်း ကျွန်တော်က ပြောမိပြန်သည်။ ထိုအခါ ဝင်းမစ်က "အရင်းအနှီးများများ မြှုပ်ထားတာကိုးကွ" ဟု ပြောသည်။ ထို့နောက် ကျွန်တော်က ရုံးတွင် စာရေးတွေ အများကြီး ရှိသလားဟု မေးသောအခါ သူ က ပြန်ဖြေသည်။

"တို့ က စာရေးများများ မထားဘူးကွ၊ ဘာကြောင့်လဲဆိုတော့ ဂျက်ဂါးဆိုတာ တစ်ယောက်ပဲ ရှိတာ။ လူတွေအနေနဲ့ သူ့ကို ကြားတစ်ဆင့်ခံပြီး ဆက်သွယ်ခွင့် မရှိစေရဘူး၊ ငါတို့မှာ အားလုံးလေးယောက်ပဲ ရှိတယ်။ မင်း သူတို့ ကို မတွေ့ချင်ဘူးလား၊ မင်းက တို့ရဲ့ လူရင်းတစ်ယောက် ဖြစ်နေပြီပဲဟာ... ကြည့်လို့ ရပါတယ်"

ကျွန်တော်က သူ၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ ဝင်းမစ်သည် ဘီစကွတ်ခြောက် အားလုံးကို သူ့ပါးစပ်ထဲသို့ ထိုးထည့်လိုက်ပြီး

မီးခံသေတ္တာကြီးတစ်လုံးထဲ ထည့်ထားသည့် ငွေသေတ္တာထဲမှ ကျွန်တော့် အတွက် ငွေကို ထုတ်ပေးသည်။ ထို့နောက် နှစ်ယောက်သား အပေါ်ထပ်သို့ တက်ခဲ့ကြသည် ရုံးဖွင့်ထားသည့် အိမ်မှာ မှုန်ကုပ်ကုပ် မှောင်မည်းမည်းနှင့် ဟောင်းနွမ်းအိုမင်း လှလေပြီ။ ပထမထပ်၏ ရှေ့ဘက်မျက်နှာစာ အခန်းထဲတွင် ဆင်းရဲနွမ်းပါးပုံရသည့် လူသုံးလေးယောက်နှင့် အလုပ်ရှုပ်နေသော စာရေးတစ်ယောက် ရှိသည်။ "လန်ဒန်မြို့တော် ဗဟိုရာဇဝတ်တရားရုံး တင်ရမယ့်အမှုအတွက် သက်သေထွက်ချက်တွေ ကြိုတင်ပြီး စုဆောင်းနေတာ" အခန်းထဲမှ အထွက်တွင် မစ္စတာဝင်းမစ်က ရှင်းပြသည်။ တစ်ဖက်သောအခန်းထဲတွင် ဆံပင်ရှည်ဖိုးရိုးဖားရားနှင့် စာရေးသည် မျက်စိခပ်မှုန်မှုန် လူတစ်ယောက်အား မေးစရာ ရှိသည့် များကို မေးမြန်းစုံစမ်းလျက် ရှိ၏။ နောက်ဘက်ရှိ အခန်းတစ်ခန်းထဲတွင် မူ ညစ်ပတ်ပေရေလျက်ရှိသော ဖလန်နယ် အင်္ကျီနှင့် လူတစ်ယောက်သည် အခြားစာရေးနှစ်ဦး မေးမြန်းစုံစမ်းပြီး ရေးထားသမျှ မှတ်စုများကို မစ္စတာဂျက်ဂါးအတွက် အချောပြန်လည် ကူးယူလျက် ရှိလေသည်။

မစ္စတာဂျက်ဂါး၏ ရုံးအဖွဲ့မှာ ဤမျှသာ ရှိလေသည်။ အောက်ထပ် သို့ ပြန်ရောက်ကြသည့် အခါ ဝင်းမစ်က ကျွန်တော့်အား မစ္စတာဂျက်ဂါး၏ ရုံးခန်းအတွင်းသို့ ခေါ်သွားသည်။ "အဲဒီအခန်းထဲကိုတော့ မင်း ရောက်ဖူးခဲ့ပြီ မဟုတ်လား" ဟု မေးသည်။

မီးရိုပေါ်မှာ ပလာစတာရုပ်တုနှစ်ခုသည် ကျွန်တော့်ကို ဆီးကြိုလျက် ရှိကြပြန်သည်။ "ဒီရုပ်တုနှစ်ခုက ဘယ်သူ့ပုံတွေလဲ"

"ဒါတွေလား" ဟု ပြောကာ မစ္စတာဝင်းမစ်သည် ကုလားထိုင်တစ်လုံးပေါ် တက်၍ ရုပ်တုများ ပေါ်တင်နေသည့် ဖုန်များကိုပါးစပ်ဖြင့် ကုန်း၍ မှုတ်လိုက်ပြီး ဆွဲယူလိုက်သည်။ "ဒီရုပ်တုတွေဟာ အင်မတန်ထူးခြားတဲ့ ရုပ်တုနှစ်ခုပေါ့ကွာ၊ တို့ ကိုင်ခဲ့ရတဲ့ အမှုတွေထဲက အကျော်ကြားဆုံး အမှုသည် နှစ်ယောက်ရဲ့ ပုံတူတွေပေါ့၊ ဟောဒါက သူ့ အလုပ်ရှင်ကို ပြန်သတ်တဲ့ လူရဲ့ ရုပ်တု"

"သူနဲ့ တော်တော်တူသလား" ဟု ကျွန်တော်က မေးသည်။ ဝင်းမစ် က ရုပ်တု၏ မျက်ခုံးပေါ်သို့ တံတွေးတစ်ချက် ထွေးချလိုက်ပြီး သူ့အင်္ကျီ လက်မောင်းဖြင့် ပွတ်ပေးနေသည်။

"အဲဒါ သူ့ပုံပဲ၊ တူတာပေါ့၊ နယူးဂိတ်ထောင်ကြီးထဲ သွားပြီး ပုံတူကူး လာတာ၊ ငါ့အဖို့တော့ ဆွဲဆောင်မှုအပြည့်ရှိတဲ့ ရုပ်တုပဲ၊ လက်ရာသိပ်မြောက်တာ"

"ဟိုရုပ်တုကျတော့ကော၊ သူနဲ့ ဘဝတူပဲလား၊ မျက်နှာချင်းက ခပ်ဆင်ဆင်လိုပဲ"

"အေး မင်းပြောတာ မှန်တယ်၊ မျက်နှာချင်းလည်း ဆင်တယ်။ ဒါပေမဲ့ ဒီအကောင်က လူလိမ်၊ လိမ်တဲ့ ညာတဲ့ နေရာမှာတော့ နှစ်ယောက်မရှိဘူး၊ စံပြုလောက်တဲ့ အကောင်တစ်ကောင်ပဲ၊ ဒီလောက်တော်တဲ့ လူလိမ်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

ဝင်းမစ်သည် ပြောပြောဆိုဆိုပင် ရုပ်တုများကို သူ့နေရာသူ ပြန်ထားလိုက်ပြီး ကုလားထိုင်ပေါ်မှ ဆင်းလာသည်။ ထို့နောက် သူ့လက်များတွင် ပေကျံနေသည့် ဖုန်များကို သုတ်နေရာမှ အလွန်ဖော်ရွေစွာဖြင့် တရင်းတနှီး လှမ်းပြောသည်။

"တကယ်လို့သာပေါ့လေ၊ မင့်မှာ အချိန်အားလေး ဘာလေးများ ရှိမယ်ဆိုရင် ဝေါလ်ဝေါ့သ်ရွာဘက်က ငါတို့ အိမ်ကို တစ်ခေါက်တလေ အလည်လာခဲ့ပါလား၊ အိပ်စရာနေရာလည်း ပေးနိုင်ပါတယ်။ မင်းလာရင်တော့ ငါ့ကို ဂုဏ်ပြုရာလည်း ရောက်ပါတယ်ကွာ၊ ငါတို့ ဘက်မှာတော့ ထူးထူးဆန်းဆန်း ပြစရာ သိပ်မရှိဘူး၊ ဒါပေမဲ့ စိတ်ဝင်စားလိမ့်မယ်လို့ ထင်ရတဲ့ ဟာမျိုးတော့ နှစ်ခုသုံးခုလောက် ရှိတယ်၊ ငါ့မှာ ဥယျာဉ်ခြံလေး တစ်ခြံလည်း လုပ်ထားတယ်"

ကျွန်တော်က လာခဲ့ပါမည်ဟု ပြောသည်။

"ကျေးဇူးတင်ပါတယ်ကွာ" ဟု ဝင်းမစ်က ရေရွတ်သည်။ "မင်း အဆင်ပြေတဲ့ အခါ လာခဲ့ပေါ့၊ ဟုတ်လား၊ ဒါနဲ့ ... မင်း မစ္စတာဂျက်ဂါးဆီ သွားပြီး ညစာ မစားရသေးဘူးလား"

"မစားရသေးဘူး"

"စားရမှာပဲကွ၊ သူ ဖိတ်လိမ့်မယ်" ဟု ဝင်းမစ်က ပြောသည်။ "မင့် ကို သူက ဝိုင်အကောင်းစား တိုက်လိမ့်မယ်၊ ဝိုင်ကတော့ ကောင်းမှ ကောင်းပဲ၊ ငါ့ဆီလာရင်လည်း ငါက တိုက်မှာပါပဲ၊ သူ့ဝိုင်လောက် မကောင်းပေမယ့် အညံ့စားကြီးတော့ မဟုတ်ပါဘူးကွာ၊ ဪ...ဟုတ်ပြီ၊ ငါ မင့်ကို တစ်ခုပြောရဦးမယ်၊ မင်း မစ္စတာ ဂျက်ဂါးဆီ ညစာသွားစားရင်း သူ့ရဲ့ အိမ်ထောင်ထိန်း မိန်းမကြီးကို ဂရုစိုက်ပြီး ကြည့်စမ်း... သိလား"

"သိပ်ပြီး ထူးခြားတာများ ရှိနေလို့လား"

"အေး... ဟုတ်တယ်" ဟု ဝင်းမစ်က ဆိုသည်။ "အလွန်ရိုင်းစိုင်းတဲ့ တိရစ္ဆာန်တစ်ကောင်ကို သိမ်မွေ့ယဉ်ပါးလာအောင် လုပ်ထားတာမျိုးကို မင်း မြင်ရလိမ့်မယ်။ မင်း မြင်လိုက်ရင်တော့ အထူးအဆန်း တစ်ခုပဲလို့ မင်း ပြောလာမှာပဲ၊ ရိုင်းစိုင်းမှု အတိုင်းအတာနဲ့ ယဉ်ပါးလာအောင် လေ့ကျင့်ပေးတဲ့ ပမာဏကို နှိုင်းယှဉ်ကြည့်လိုက်ရင် ထူးဆန်းမှုကို တွေ့ရမှ သေချာတယ်။ အဲဒီ မိန်းမကြီးကို မြင်ရင် မစ္စတာဂျက်ဂါးရဲ့ တန်ခိုးအာဏာ မသေးဘူးဆိုတာ မင်း ဝန်ခံရမှာပဲ၊ မင်း ရောက်ရင် သေသေချာချာ သတိထားပြီး ကြည့်စမ်းကွာ"

ကျွန်တော်က သူခိုင်းသည့် အတိုင်း သတိထား၍ ကြည့်ပါမည်ဟု ပြောလိုက်သည်။ ကျွန်တော် ပြန်တော့မည်ဟု ပြောလိုက်သည်။ ကျွန်တော် ပြန်တော့မည်အလုပ်တွင် မစ္စတာ ဝင်းမစ်က မစ္စတာဂျက်ဂါး အလုပ်လုပ်ကိုင်နေပုံကို ခဏတစ်ဖြုတ် ကြည့်မလားဟု မေးပြန်သည်။

ကျွန်တော့်အနေဖြင့် မစ္စတာဂျက်ဂါးတစ်ယောက် သူ့အလုပ်ခွင်တွင် မည်ကဲ့သို့ ပြုမူပြောဆိုမည်ကို မြင်လိုကြားလိုစိတ် ပြင်းပြလျက် ရှိသည်။

ထို့ကြောင့်လည်း ကျွန်တော်က မဆိုင်းမတွပင် ခဏတစ်ဖြုတ်ဝင်၍ ကြည့်ခွင့်ရမည်ဆိုပါက ကြည့်လိုပါသည် ဟု အဖြေပေးလိုက်၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် မြို့ထဲသို့ လာပြီး အလွန်စည်ကားသော ပုလိပ်ရုံးကြီးပေါ်သို့ တက်ခဲ့ကြလေသည်။ ကျွန်တော်တို့ ရောက်သွားချိန်တွင် ကျွန်တော်၏ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးသည် မိန်းမကြီးတစ်ယောက်ကို စစ်ဆေးမေးမြန်းလျက် ရှိ၏။ သူ့အနေဖြင့် တရားလိုဘက် ကလား၊ တရားခံဘက်ကလား ကျွန်တော် ခွဲခြား၍ မသိပါ။ သို့သော်လည််း တရားရုံးအတွင်းရှိ လူတိုင်းက သူ့ကို ကြောက်လန့်သော မျက်နှာထားဖြင့် ငေးကြည့်ကာ သူပြောသမျှကို နားထောင်လျက် ရှိကြသည်။ အကယ်၍ တစ်ဦးတစ်ယောက်က သူသဘောမကျသော စကားတစ်ခွန်း ပြောလိုက်ပါက မစ္စတာဂျက်ဂါးသည် ချက်ချင်းပင် ထိုစကားကို ရေးမှတ်ထားဖို့ ခိုင်းတတ်သည်။ အကယ်၍ တစ်စုံတစ်ယောက်သောသူက အကြောင်းအရာတစ်ခုကို ဝန်မခံဘဲ ငြင်းနေမည်ဆိုပါက "မင်းဆီက မရရအောင် ညှစ်ယူမယ်ဟေ့" ဟု အော်ကြီးဟစ်ကျယ် ပြောတတ်သည်။ အကယ်၍ သူလိုချင်သည့် အတိုင်း ဝန်ခံလိုက်သည့် အခါတွင် မူကား "ကဲ.... တွေ့ပြီ မဟုတ်လား၊ ငါ မင့်ကို မိထားပြီ" ဟု ရေရွတ်တတ်သည်။ တရားသူကြီးများကလည်း သူ လက်ညှိုးတစ်ချောင်း ထိုးလိုက်တိုင်း ကြောက်လန့်ကြပုံ ပေါ်၏။ သူခိုးများ နှင့် သူခိုးဖမ်းလာသူများ ကလည်း သူ စကားပြောသံကြားလျှင် တုန်လှုပ်ကြပုံ ပေါ်၏။ ကျွန်တော့်အနေဖြင့် သူ ဘယ်ကနေသည် ကို ရေရေရာရာ ခွဲခြား၍ မသိပါ။ သို့သော်လည်း ကျွန်တော် မြင်သည့် အတိုင်း ပြောရမည်ဆိုပါက သူလုပ်ကိုင်ပြုမူ ပြောဆိုနေပုံမှာ တရားရုံးတစ်ရုံးလုံးကို စက်တစ်ခုထဲသို့ ထည့်၍ ကြိတ်ဝါးနေသည့် ပုံမျိုး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် တရားရုံးအတွင်းမှ အသာကလေး ခြေဖျားထောက် ထွက်လာသည့် အခါကျမှပင် သူသည် အစိုးရဘက်မှ မဟုတ်ကြောင်း သိရပါတော့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ထိုနေ့တစ်နေ့တာအတွက် ဗြိတိသျှဥပဒေနှင့် တရားမျှတမှုကို ထိန်းသိမ်းကြီးကြပ်ရန် တာဝန်ပေးအပ်ခြင်း ခံထားရသော တရားခွင်မှ တရားသူကြီးအား ပြင်းထန်သော စကားလုံး အသုံးအနှုန်းများ သုံး၍ ပြစ်တင်ပြောဆိုနေခြင်းအားဖြင့် တုန်လှုပ်ချောက်ချားအောင် လုပ်နေခြင်းကြောင့် ပေတည်း။

*****

ကျွန်တော်နှင့် ပညာသင်ဘက်တစ်ဦးဖြစ်သော ဘင့်တလေ ဒရမ္မလီဆိုသူမှာ မျက်နှာထား သုန်သုန်မှုန်မှုန်နှင့် အလွန်ကုပ်ချောင်းချောင်း နေတတ်သူဖြစ်၏။ စာအုပ်တစ်အုပ်ကို ဖတ်ရာ၌ပင်လျှင် ထိုစာအုပ်ရေးခဲ့သော စာရေးဆရာကသူ့အား ထိခိုက်နစ်နာအောင် လုပ်ထားသည့် အလား မျက်နှာမကြည်မလင်ဖြင့်ဖတ်လေ့ရှိသူ ဖြစ်၏။ နှုတ်စလျှာစ အလွန်နည်းရုံမျှမက ဖော်ဖော်ရွေရွေသွက်သွက်လက်လက်လည်း မရှိချေ။ လူကောင်ကြီးမား ထွားကျိုင်းသလောက်သွားလာလှုပ်ရှား ပုံကလည်း နှေးကွေးလေးလံလှ၏။ အသိဉာဏ် ကျတော့လည်းထိုင်း၏။ သူ့မျက်နှာသည် အလွန်ပျင်းရိလေးကန်ခြင်းကို အမြဲတစေဖော်ပြလျက်လည်း ရှိသည်။ တကယ်တော့လည်း ဒရမ္မလီသည်လူပျင်းလူဖျင်းတစ်ယောက်၏။ မာနလည်း အလွန်ကြီးသည်။ အလွန်လည်းနှမြောတွန့်တို တတ်၏။ နေပုံထိုင်ပုံမှာ မြူစိစိနှင့် ပွင့်ပွင့်လင်းလင်း မရှိရသည့်အထဲတွင် သူတစ်ပါးအပေါ် မယုံသင်္ကာစိတ် အမြဲထားတတ်သည်။ သူသည်ဆွန်မာဆက်ရှိုင်းယားနယ်ဘက်ရှိ လူချမ်းသာမိဘများမှ ပေါက်ဖွားလာသူ ဖြစ်သည်။ သူ့မိဘများက အလွန်ပျင်းရိထိုင်းမှိုင်းပြီး လေးကန်လွန်းလှသော သူတို့သားအားအထူးဂရုစိုက်၍ ပြုစုစောင့်ရှောက် ခဲ့ကြသော်လည်း အရွယ်ရောက်လာချိန်အထိဘာမှ ဟုတ်တိပတ်တိ သင်၍ မရသည့် အခါ ကျမှ ဉာဏ်ထုံထိုင်းသူတစ်ဦးဖြစ်နေမှန်း သိလာကြသည်။ ဤသို့ဖြင့်သူတို့သည်သားဖြစ်သူ ဒရမ္မလီအားမစ္စတာပေါ့ကက်ထံ အပ်နှံ၍ ပညာသင်ယူစေခဲ့ခြင်း ဖြစ်၏။ မစ္စတာပေါ့ကက်၏တပည့် ပညာသင်ကျောင်းသား တစ်ယောက်အဖြစ်သို့ ရောက်လာချိန်တွင်ဒရမ္မလီသည် ဆရာဖြစ်သူ မစ္စတာပေါ့ကက်ထက် ခေါင်းတစ်လုံးပို၍ မြင့်နေပြီဖြစ်ရုံမျှမက တခြားလူများ၏ ခေါင်းများ ထက်ပို၍ ထုံထိုင်းပြီး ပို၍ မာကျောသောဦးခေါင်းပိုင်ရှင်တစ်ယောက် ဖြစ်နေခဲ့ လေပြီ။

စတားတော့မှာ မူ စိတ်ပျော့သောမိခင် အလိုလိုက်လွန်းမှုကြောင့်ပျက်စီးလာရသူ ဖြစ်သည်။ ကျောင်းထားရမည့် အသက်အရွယ်သို့ရောက်လာချိန်အထိ သူ့အမေက ကျောင်းမထားဘဲ အိမ်မှာ ထင်သလို နေခွင့်ပေးထားခြင်းကို ခံယူခဲ့ရသူ ဖြစ်၏။ သူကိုယ်တိုင်ကလည်း သူ့အမေကို အလွန်ချစ်၍အလွန်သံယောဇဉ် ကြီးသည်။ အတိုင်းအဆ မသိနိုင်လောက်အောင်အထင်အမြင်ကြီးပြီး လေးစားကြည်ညိုသည်။ သူ၏ ပုံပန်းသဏ္ဍာန်မှာနူးညံ့ပျော့ပျောင်းပြီး သိမ်မွေ့လွန်းလှသဖြင့် မိန်းကလေးတစ်ယောက်နှင့် တူလျက်ရှိသည်။ "ခင်ဗျား သူ့အမေကို တစ်ခါမှ မမြင်ဖူး ပေမယ့် သူ့ကိုမြင်ရင် သူ့အမေကိုမြင်ဖူးသလိုပါပဲဗျာ၊ မထူးပါဘူး၊ သူ့ရုပ်က သူ့အမေနဲ့ တထေရာတည်းကိုတူတာဗျ..." ဟု ဟားဘတ်က ကျွန်တော့်အား ပြောသည်။ မည်သို့ပင်ဖြစ်စေကျွန်တော် ဤအိမ်သို့ ရောက်လာခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်းမှာဒရမ္မလီထက် ပိုဖော်ရွေပွင့်လင်းပြီး ပို၍ ခင်စရာကောင်းသော စတားတော့နှင့်

တရင်းတနှီး ဖြစ်လာခဲ့ရလေသည်။ ညနေခင်း လှေလှော်ထွက်ကြသည့် အခါတိုင်း စတားတော့နှင့် ကျွန်တော်သည် အတူသွား အတူလာ ဖြစ်ခဲ့ကြသည်။ လှေလှော်သည့် အခါတွင်လည်း လှေချင်းယှဉ်၍ စကားတပြောပြော လှော်ခတ်လေ့ ရှိကြသည်။ ဘင့်တလေဒရမ္မလီကတော့ ထိုကဲ့သို့ မဟုတ်ပေ။ လှေလှော်ထွက်လျှင် သူတစ်ယောက်တည်း ထွက်သည်။ အပြန် ကျတော့လည်း ကျွန်တော်တို့ ကုန်းပေါ်ရောက်ခါမှ နောက်ကနေပြီး ပျာယာပျာယာနှင့် လိုက်လာတတ်သည်။ ဒီရေက အရှိန်အဟုန်ပြင်းစွာဖြင့် တွန်းပို့နေသည့် တိုင်အောင် သူသည် လှေကို မြန်မြန်ထက်ထက်သွားအောင် မလှော်ခတ်ချေ။ ငေါ်ထွက်နေသော ကမ်းပါးကြီးများ၏ အရိပ် ကိုခို၍ ကမ်းခြေအတိုင်း ကုပ်ချောင်းကုပ်ချောင်းဖြင့် လျှောက်လာလေ့ ရှိသော ဒရမ္မလီ၏ ပုံသဏ္ဌာန်သည် ကျွန်တော့်မျက်စိထဲတွင် ထူးဆန်းသော ရေတစ်ပိုင်း ကုန်းတစ်ပိုင်း သတ္တဝါတစ်ကောင်နှင့် တူလျက် ရှိလေသည်။ ကျွန်တော်ကတော့ ဒရမ္မလီသည် တမင်သက်သက် နောက်ချန်နေခဲ့ပြီး ကျွန်တော်တို့ သွားခါမှ နောက်ကကပ်၍ လိုက်လာသည် ဟုပင် ထင်နေမိ၏။

ယခုအခါတွင် ဟားဘတ်သည် ကျွန်တော်၏ အရင်းနှီးဆုံးသော သူငယ်ချင်း ဖြစ်လာခဲ့လေပြီ။ သူ လန်ဒန်မှ ဟင်းမားစမစ်သို့ အလည်ရောက်လာတိုင်း ကျွန်တော့်လှေကို လှော်ခွင့်ပေးထားခဲ့သဖြင့် ကျွန်တော်တို့ လှေသည် စပ်တူဝယ်ထားသည့် နှစ်ဦးပိုင်လှေလို ဖြစ်လျက် ရှိ၏။ ကျွန်တော် လန်ဒန်မြို့ထဲသို့ သွားသည့် အခါများတွင်လည်း သူ့အခန်းထဲ၌ပင် အတူတူတွဲ၍ အိပ်ရသည် ဖြစ်ရာ ထိုအခန်းမှာလည်း စပ်တူငှားထားသည့် နှစ်ဦးပိုင်အခန်းတစ်ခန်းလို ဖြစ်နေခဲ့လေပြီ။ ကျွန်တော်တို့သည် လန်ဒန်နှင့် ဟင်းမားစမစ် အသွားအပြန်ခရီးကို ခြေလျင်လျှောက်လေ့ ရှိကြ၏။ ကျွန်တော့်အနေဖြင့် လမ်းလျှောက်ရခြင်းကို ယခုအချိန်ထိ သဘောကျနေဆဲ ဖြစ်၏။

မစ္စတာပေါ့ကက် မိသားစုနှင့် တစ်လနှစ်လခန့် နေမိသောအခါ မစ္စတာကာမီလာနှင့် မစ္စက်ကာမီလာတို့ လင်မယား အလည်လာသည် နှင့် ကြုံကြိုက်သည်။ မစ္စက်ကာမီလာမှာ မစ္စတာပေါ့ကက်၏ နှမ ဖြစ်၏။ မစ္စဟောဗီရှမ်၏ နေအိမ်တွင် ကျွန်တော် မြင်ဖူးခဲ့သော ဂျော်ဂျီယားနားအမည်ရှိ အမျိုးသမီးကြီးလည်း လာလည်သည်ကို တွေ့ရ၏။ ဂျော်ဂျီယားနားမှာ မစ္စတာပေါ့ကက်နှင့် မောင်နှမဝမ်းကွဲတော်စပ်၍ အဖော်မရှိသည့် အပျိုကြီး ဖြစ်၏။ ဤလူစုသည် မတော်လောဘရှိသူများ ဖြစ်ကြသည့်အားလျော်စွာ နေ့ချင်းညချင်း ဖြုန်းခနဲ ချမ်းသာလာသော ကျွန်တော့်အား မုန်းကြိုရုံမျှမက မနာလိုဝန်တိုစိတ် ထားကြသည်။ ထို့ကြောင့်လည်း ကျွန်တော့်အား ဆက်ဆံရာ၌ နှိပ်နှိပ်နင်းနင်း ဆက်ဆံကြ၏။ သို့သော်လည်း သူ့၏ ကိုယ်ရေးကိုယ်တာ အလိုဆန္ဒများကို ရှေ့တန်းတင်ရစကောင်းမှန်း မသိရှာသော ကလေးကြီးတစ်ယောက်နှင့် တူသည့် မစ္စတာပေါ့ကက်ကိုမူ ချစ်ခင်လေးစားစွာ ဆက်ဆံပြောဆိုကြသည် ကို တွေ့ရသည်။ မစ္စက်ပေါ့ကက်ကိုမူကား စက်ဆုပ်ရွံရှာဟန်ဖြင့် မထီလေးစား သဘောမျိုး

ပြုမူဆက်ဆံကြသည် ကို မြင်ရကြားရ၏။ သို့သော်လည်း မစ္စက်ပေါ့ကက်၏ အားနည်းချက်ကို ကောင်းစွာသိနေကြသည် ဖြစ်ရာ အလွန်အကျွံ ဖြစ်အောင် မလုပ်ကြချေ။

ကျွန်တော်သည် ဤပတ်ဝန်းကျင်၌ နေထိုင်ပြီး ကိုယ့်ပညာကိုယ် ရှာဖွေနေရသူ ဖြစ်၏။ ဤပတ်ဝန်းကျင်၌ လအတန်ကြာမျှ နေမိသောအခါ ကျွန်တော်သည် အသုံးအစွဲကြီးသော အလေ့အထကို ရလာခဲ့လေပြီ။ လအနည်းငယ် အတွင်းတွင် ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင် များပြားသည့် ငွေအရေအတွက်ကိုပင် သုံးစွဲမိပြီ ဖြစ်၏။ သို့သော်လည်း အဆိုးနှင့် အကောင်းကြား၌ မည်မျှပင် သံသရာ လည်နေစေကာမူ စာအုပ်များကိုမူကား စွဲစွဲမြဲမြဲ ဖတ်သည်။ စာအုပ်များကို များများ ဖတ်လေ ကျွန်တော်၏ အားနည်းချက်နှင့် ချွတ်ယွင်းချက်များကို များများ တွေ့လေ ဖြစ်ခဲ့ရ၏။ ကျွန်တော်၏ အသိဉာဏ်ပညာသည် မစ္စတာပေါ့ကက်နှင့် သူ့သား ဟားဘတ်တို့၏ ကြားတွင် လျင်မြန်စွာပင် တိုးတက်လာခဲ့သည်။ သူတို့ နှစ်ဦးကလည်း ကျွန်တော်၏ လိုအပ်ချက်ဟူသမျှကို ဘေးမှ နေ၍ ဖြည့်ပေးကြ၏။ ကျွန်တော်လျှောက်ရမည့် လမ်းပေါ်၌ ဆူးငြောင့်ခလုတ်ကန်သင်းဟူ၍ နည်းနည်းကလေးမှ မရှိအောင် ရှင်းလင်းပေးကြ၏။ အကယ်၍ ကျွန်တော့်ဘက်မှ ကြိုးစားအားထုတ်မှု နည်းခဲ့ပါမူ ကျွန်တော်သည် ဒရမ္မလီကဲ့သို လူနုံလူအ တစ်ယောက် ဖြစ်လာလိမ့်မည်မှာ မလွဲပါ။

ကျွန်တော် ဝင်းမစ်နှင့် မတွေ့သည်မှာ သီတင်းပတ်ပေါင်း အတော် များနေပြီ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က သူ့ထံသို့ စာတစ်စောင် ရေးလိုက်သည်။ တစ်ညနေခင်းလောက် သူအိမ်အပြန်တွင် အလည်လိုက်လိုပါသည် ဟု စာထဲတွင် ရေးလိုက်သည်။ သူနှင့် လိုက်မည်ဆို၍ ဝမ်းသာကြောင်း၊ ညနေ ခြောက်နာရီတွင် သူ့ရုံးသို့ အရောက်လာစေလိုကြောင်း သူ့ထံမှ ပြန်စာရသည်။ ဤသို့ဖြင့် ကျွန်တော် သူ့ရုံးသို့သွားရာ အသင့်စောင့်နေသည် ကို တွေ့ရ၏။ ခြောက်နာရီ ထိုးသည် နှင့် တစ်ပြိုင်နက် သူသည် သိမ်းစရာရှိသည် များကို သိမ်းလေတော့သည်။

"ဝေါလ်ဝေါ့သ်အထိ လမ်းလျှောက်မယ်လို့ စိတ်ကူးသလား" ဟု သူ က မေးသည်။

"ဒါပေါ့၊ လျှောက်မှာပေ့ါ" ဟု ကျွန်တော်က ပြန်ပြောသည်။ "ခင်ဗျားကလျှောက်ဖို့ သဘောကျတယ် ဆိုရင်ပေ့ါဗျာ" "ငါကတော့ သိပ် သဘောကျတာပေ့ါကွာ" ဟု ဝင်းမစ်က ဆိုသည်။ "ငါ့ခြေထောက်တွေ က တစ်နေ့လုံး စားပွဲအောက်မှာ ခွေခေါက်နေရတာ မဟုတ်လား၊ သူတို့ကို ဆန့်ဖို့ အခွင့်အရေးပေါ်လာရင် ဝမ်းသာရမှာပေ့ါကွ၊ ကဲ... အခု ငါ မင့်အတွက် ညလယ်စာစားဖို့ ဘာတွေလုပ်ထားတယ်ဆိုတာ ပြောပြရဦးမယ်၊ ငါ့မှာ အမဲသားပြုတ်ကြော် တစ်ခွက် ရှိတယ်။ ဒါကတော့ အိမ်မှာ ချက်ထားတာ၊ ကြက်ကြော်အကောင်ကတော့ ဟင်းချက်ရောင်းတဲ့ ဆိုင်က ဝယ်လာတာ၊ ဆိုင်ရှင်က

ငါတို့ ကိုင်တဲ့ အမှုတော်တော်များများမှာ ဂျူရီ လူကြ ီး လုပ်ခဲ့ဖူးတယ်။ တို့ ကလည်း သူ့ကို အတော်ကလေး လိုက်လျှောထားတယ် ဆိုပါတော့ကွာ၊ ကြက်ကြော်သွားဝယ်တော့ 'ကောင်းကောင်း လုပ်ပေးနော် ဆရာကြီး၊ နောက်တစ်ခါ ခင်ဗျားကို ဂျူရီလူကြီးဖြစ်အောင် ကျုပ်တို့ က လုပ်ပေးဦးမှာ' လို့ ငါက ပြောတယ်။ 'ဆိုင်မှာ အကောင်းဆုံးဆိုတဲ့ ကြက်ကြော်ကို လက်ဆောင်ပေးအဖြစ် ပေးလိုက်ပါမယ်' လို့ သူက ပြန်ပြောတယ်၊ ငါကလည်း လက်ခံလိုက်တယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒီပစ္စည်းက ကိုယ်လိုချင်တဲ့ ပစ္စည်းလည်း ဖြစ်တယ်၊ သိပ်လည်း တန်ဖိုးမကြီးဘူး၊ အဲဒီတော့ ယူရမှာပေ့ါ၊ သက်ကြီးရွယ် အိုမိဘအတွက် ယူတာဆိုတော့ မင်းအနေနဲ့ သဘောမကျစရာတော့ မရှိဘူးလို့ ငါမျှော်လင့်ပါတယ်ကွာ..."

ကျွန်တော့်အနေဖြင့် နားရှုပ်လျက် ရှိသည်။ သူပြောနေသည်မှာ ကြက်ကြော်အကြောင်း၊ သက်ကြီးရွယ်အို မိဘဟူသော စကား ဘာကြောင့်ပါလာပါလိမ့်၊ ဤအခိုက်မှာပင် သူက ဆက်ပြောသည်။ "ငါ့မှာ အဖေအိုကြီး ရှိသေးတယ်ကွ၊ အိမ်မှာ အတူနေတယ်" ထိုစကားကြားမှပင် စောစောက သူပြောသည့် အဓိပ္ပာယ်ကို နားလည်သဖြင့် အလိုက်သင့် ပြန်ပြောနိုင်လေတော့သည်။

"မင်း အခုအချိန်အထိ မစ္စတာဂျက်ဂါးအိမ်မှာ ညစာ မစားရသေးဘူး နော်" ဟု သူက မေးသည်။

"ဟင့်အင်း၊ မစားရသေးဘူး"

"မင်း လာမယ်ဆိုတာ ကြားတော့ ကနေ့ နေ့ခင်းကပဲ သူမင့်အကြောင်း ပြောနေသေးတယ်၊ မင်း မနက်ဖြန်ဆိုရင် ဖိတ်စာရလိမ့်မယ် ထင်တာပဲ၊ မင်းတင်မကဘူး မင့်အဖော်တွေကိုပါ ဖိတ်မယ်ထင်တယ်။ မင်းတို့ အားလုံး သုံးယောက်မဟုတ်လား"

ကျွန်တော့် အပေါင်းအဖော်များ စာရင်းတွင် ဒရမ္မလီကို ဘယ်တော့မှ ထည့်သွင်းရေတွက်ခြင်း ပြုခဲ့သည် မဟုတ်ပါ။ သို့သော်လည်း ကျွန်တော်က အလိုက်သင့် သဘောဖြင့် "ဟုတ်ပါတယ်" ဟု ဖြေလိုက်ပါသည်

"အေး... သူကတော့ တစ်ဖွဲ့သားလုံးကို ဖိတ်မှာပဲ၊ မင်းတို့ကို ဘာပဲ ကျွေးကျွေး အကောင်းစား ကျွေးမှာလည်း သေချာတယ်၊ အမယ်များတာကို မကြည့်နဲ့။ အမယ် မများပေမယ့် အကောင်းဆုံးစားရမှာ၊ ပြီးတော့ သူ့အိမ်ရောက်ရင် ထူးခြားတာတစ်ခု တွေ့လိမ့်ဦးမယ်၊ သိလား" သူသည် စကားကို မဆက်သေးဘဲ တစ်ခဏမျှ ရပ်နေသည်။ "တခြားတော့ မဟုတ်ဘူး၊ ညညကျရင် သူ့အိမ်တံခါးနဲ့ ပြတင်းပေါက်တံခါးတွေ ကို ဘယ်တော့မှ မပိတ်ဘူးဟေ့ သိလား"

"သူခိုး၊ ဓားပြ မဝင်ဘူးလား"

"မဝင်ဘူးကွ" ဟု ဝင်းမစ်က ပြောသည်။ "သူကိုယ်တိုင်က လူသိရှင်ကြား ထုတ်ပြောထားတာ ရှိတယ်၊ 'ငါ့ဆီက လုမယ့် ခိုးမယ့် ကောင်ကို ငါ

တွေ့စမ်းချင်သကွာ'တဲ့၊ အဲဒီစကားကို ငါကိုယ်တိုင် နားနဲ့ ဆတ်ဆတ်ကြားရတာ၊ သူက သူခိုးတွေ၊ ဖောက်ထွင်းဝိဇ္ဇာတွေကိုမှ အဲဒီ စကားပြောတာ" "မင်းတို့ ငါနေတဲ့ နေရာ သိတာပဲ၊ ဘယ်တံခါးမှ ပိတ်မထားဘူး၊ တစ်ခေါက်လောက် စမ်းပါလား၊ ဘာပြုလို့ ငါနဲ့ အလုပ်မလုပ် ချင်ကြတာလဲ၊ တစ်ကြိမ်လောက်ဖြစ်ဖြစ် လာခဲ့ကြစမ်းပါတဲ့။ သူပြောပုံ က အဲသလိုကွ၊ ကနေ့အချိန်အထိတော့ ဘယ်သူမှ မလုပ်ရဲသေးဘူး"

"ဒီလူတွေက သူ့ကိုသိပ်ကြောက်ကြသလား" ဟု ကျွန်တော်က မေးသည်။

"ကြောက်တယ်လို့ ငါတော့ ယုံကြည်တယ်။ ဒါပေမဲ့ သူတို့ လုပ်တဲ့ အိမ်ထဲမှာ အဖိုးတန်ပစ္စည်း များများ စားစား ရှိမှာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် အဖိုးတန်ပစ္စည်း များများ စားစား ရမှာ မဟုတ်လို့ မလုပ်တာလို့ "

"အဲသလိုတော့လည်း မဟုတ်ဘူး ကွ၊ သူ့မှာ အများကြီး ရှိတယ်၊ သူ့ အနေနဲ့ သူလိုချင်တာ မှန်သမျှ ရအောင်လုပ်ယူနိုင်တဲ့ အရည်အချင်းမျိုး ရှိတယ်၊ သူလိုချင်ရင် သူတို့ အသက်တွေကိုတောင်မှ ရနိုင်တဲ့ သဘောမျိုးအထိ ရှိတယ်၊ ဒါကြောင့် မို့ သူတို့ မလုပ်ဝံ့တာ"

ကျွန်တော့်အနေဖြင့် ဝင်းမစ်၏ စကားတွင် များစွာ စိတ်ဝင်စားနေမိသည်။

"မြစ်ဟာ သူ့သဘာဝအတိုင်း နက်ရှိုင်းမှုရှိသလို မစ္စတာဂျက်ဂါးမှာလည်း အတိုင်းမသိနိုင်တဲ့ နက်ရှိုင်းမှုတစ်ခု ရှိနေတယ်။ မင်း သူ့အိတ်ဆောင် နာရီကြိုးကြီးကို မြင်ဖူးတယ် မဟုတ်လား၊ အဲဒါဟာ ထင်ရှားတဲ့ အထောက်အထား တစ်ခုပေါ့ကွ"

"ကြိုးကြီးက နည်းနည်းနောနော ထု မဟုတ်ဘူး ဗျ၊ အကြီးကြီးပဲ" ဟု ကျွန်တော်က ပြောမိသည်။

"အေး... ဟုတ်တယ်" ဟု ဝင်းမစ်က ထောက်ခံသည်။ "ပြီးတော့ သူ့ကြိုးက ရွှေကြိုးကြီးကွ အနည်းဆုံး ပေါင်တစ်ရာတော့ ကောင်းကောင်း တန်တယ်၊ ဒီမြို့ထဲမှာ သူ့ရွှေကြိုးကြီးအကြောင်းကို သိနေတဲ့ သူခိုးပေါင်း နှစ်ရာလောက် ရှိတယ်။ ဘယ်သူလုပ်ရဲလို့လဲ၊ တစ်ယောက်မှ မလုပ်ရဲကြဘူး"

စကားတပြောပြောနှင့် လျှောက်လာကြခြင်း ဖြစ်သဖြင့် အချိန်ကုန်၍ ကုန်မှန်းလည်း မသိ။ ပတ်ဝန်းကျင်ကိုလည်း သတိမထားမိ၊ မစ္စတာ ဝင်းမစ်က ပြောကာမှပင် ဝေါလ်ဝေါ့သ်နယ်မြေ အတွင်းသို့ ရောက်လာမှန်း သိရသည်။ လမ်းသွယ်လမ်းကျဉ်းကလေးများ၊ ရေမြောင်းများ နှင့် စိုက်ခင်းများကို စုစည်းပေါင်းစပ်ထားသည့် နေရာလေးတစ်ခု ဖြစ်သည်။ ဝင်းမစ်၏ အိမ်မှာ သစ်သားအိမ်ကလေး ဖြစ်၍ စိုက်ခင်းများ၏ အလယ်တွင် တည်ရှိလေသည်။

"ငါ့ဘာသာငါ ဆောက်ထားတာကွ" ဟု ဝင်းမစ်က ပြောသည်။ "မလှဘူးလား ဟင်"

ကျွန်တော်က သူ့ကိုချီးကျူးမိသည်။ ကျွန်တော် မြင်ခဲ့ဖူးသမျှ အိမ်များ

ထဲတွင် အသေးငယ်ဆုံးသော အိမ် ဖြစ်သည်။ ပြတင်းပေါက် တံခါးများ၏ ပုံစံမှာ အထူးခြားဆုံးဖြစ်၍ တံခါးပေါက်မှာလည်း ခပ်သေးသေး ခပ်ကျဉ်းကျဉ်း ဖြစ်၏။

"ဟိုမှာ တွေ့လား၊ အလံတိုင်။ တနင်္ဂနွေနေ့ဆိုရင် ငါကတော့ အလံ တင်ထားတာပဲ၊ ဒီမှာ ကော ကြည့်ပါဦး၊ ငါ ဒီတံတားကို ဖြတ်ပြီးရင် ဟောသလို ဆွဲတင်လိုက်ရော၊ အပြင်လောကနဲ့ အဆက်အသွယ် ဖြတ်လိုက်တဲ့ သဘောပေါ့"

တံတားမှာ အကျယ်လေးပေ၊ အနက်နှစ်ပေခန့်သာ ရှိသည့် မြောင်းငယ်ကလေးအပေါ် ဖြတ်ဆောက်ထားသည့် ပျဉ်ခင်း သစ်သားတံတားလေးမျှသာ ဖြစ်၏။ သို့သော်လည်း သူ ဖန်တီးတည်ဆောက်ထားသည့် အလုပ်တစ်ခုအတွက် အလွန်ဂုဏ်ယူဝင့်ကြွားသည့် မျက်နှာထားဖြင့် တံ တားကို ဆွဲတင်နေသည့် အခါ ဘေးကမြင်ရသူအဖို့ စိတ်ကြည်နူးစရာကောင်းလှလေသည်။

"ညတိုင်း ဂရင်းနစ်ချ်စံတော်ချိန် ကိုးနာရီထိုးတာနဲ့ တစ်ပြိုင်နက် အမြောက်ပစ်တယ်" ဟု ဝင်းမစ်က ပြောပြန်သည်။ "အမြောက်ကတော့ ဟောဟိုမှာ၊ မြင်တယ် မဟုတ်လား၊ သူ့အသံကြားရင် မင်းအံ့သြမှာ သေချာတယ်"

သူ ညွှန်ပြသည့် အမြောက်သည် ဘေးပတ်ပတ်လည်မှ အကာအရံများ လုပ်ပြီး ခံတပ်တစ်ခုသဖွယ် တည်ဆောက်ထားသော နေရာတစ်နေရာတွင် ချထားခြင်း ဖြစ်သည်။ ရာသီဥတုဒဏ်မှကာကွယ်ရန်အတွက် အပေါ်မှ တာပေါ်လင်စ တစ်စကို ထီးသဖွယ် လုပ်၍ မိုး ပေးထားသည်။

"အဲဒီခံတပ်ရဲ့ နောက်ဘက်မှာ မင်း မမြင်ရသေးတဲ့ဟာ တစ်ခု ရှိသေးတယ်။ ဒီနေရာမှာ တစ်ခုကြားဖြတ်ပြီး ပြောရဦးမယ်၊ တကယ်လို့ မင်းမှာ စိတ်ကူးတစ်ခု ရလာတယ်ဆိုပါတော့၊ ချက်ချင်း အကောင်အထည်ဖော်ရမယ်၊ ပြီးရင် လူမသိအောင် လျှို့ဝှက်ထားရမယ်၊ အဲဒါ ငါရဲ့ မူပဲ၊ မင်းသဘောထား ကတော့ ဘယ်လိုရှိမလဲဆိုတာ ငါမသိဘူး၊ ငါကတော့.."

ကျွန်တော့် သဘောထားမှာလည်း သူနှင့် အတူတူပင် ဖြစ်ပါသည် ဟု ကျွန်တော်က ပြောသည်။

"နောက်ဘက်မှာ ဝက်တစ်ကောင်ရယ်၊ ကြက်တွေရယ်၊ ယုန်တွေရယ် ရှိတယ်၊ အကုန်လုံးကို ခြံတစ်ခြံထဲမှာ စုထားတယ်၊ ပြီးတော့ သခွား စိုက်ထားတယ်၊ ညလယ်စာ စားတဲ့ အခါကျရင် ငါစိုက်ထားတဲ့ ဆလတ်ရွက်တွေ ဘယ်လောက်ကောင်းတယ်ဆိုတာ မင်း တွေ့ရလိမ့်မယ်၊ သိလား၊ အဲဒီတော့..." ဝင်းမစ်က စကားကို ဖြတ်ထားပြီး ပြုံးသည်။ "မင်းနားလည်ရမှာ က အခု ငါလုပ်ထားတာတွေ ဟာ ငါမွေးထားတဲ့ တိရစ္ဆာန်တွေနဲ့ ငါ စိုက်ထားတဲ့ အခင်းတွေကို ဖျက်ဆီးမယ့် ရန်သူတွေ ဝိုင်းလာရင် ကြိုတင်ပြီး ခြောက်လှန့်ဖို့ ခုခံတိုက်ခိုက်ဖို့ပဲကွ၊ သိလား"

ထို့နောက် သူသည် ဆယ့်နှစ်ကိုက်ခန့်အကွာရှိ ပန်းခုံးတစ်ခုဆီသို့ ခေါ်သွားပြန်သည်။ ပန်းခုံးဆီသို့ သွားသည့် လူသွားလမ်းသည်

ကွေ့ကွေ့ကောက်ကောက် နိုင်လွန်းလှ၏။ သူ စိတ်ကူးရသည့် အတိုင်း တီထွင်ဖောက်လုပ်ထားသည့် လမ်းပေတည်း။ ပန်းခုံး၏ အောက်ခြေဘက်တွင် မူ ရေကန်ငယ်တစ်ကန်ရှိ၍ ကန်လယ်တွင် ကျွန်းကလေးတစ်ကျွန်း တည်ဆောက်ပြီး ထိုကျွန်းပေါ်တွင် ရေပန်းတစ်ခု တည်ဆောက်ထား လေသည်။

"ငါပဲ အင်ဂျင်နီယာ၊ ငါပဲ လက်သမား၊ ငါပဲ ရေပိုက်သမား၊ ငါပဲ ခြံသမားလုပ်ပြီး ဖန်တီးထားတာတွေပေါ့ကွာ၊ ငါ့ကိုယ်ငါ စွယ်စုံပညာရှင် လုပ်ထားတယ် ဆိုပါတော့" ဟု ဝင်းမစ်က ပြောသည်။ "ဒီလိုလုပ်နေတာ ဟာ ကောင်းတယ်ကွ၊ နယူးဂိတ်ထောင်ကြီးနဲ့ ဆက်စပ်ငြိတွယ်နေတဲ့ မကောင်းမှုတွေကို ဆေးကြောပွတ်တိုက်ပစ်သလိုပဲ။ ပြီးတော့လည်း ငါ့အဖေအိုကြီးကို စိတ်ချမ်းသာအောင် လုပ်ပေးသလိုလည်း ဖြစ်တယ်။ ကဲ…ကွာ မင့်ကို ငါ့အဖေအိုကြီးနဲ့ မိတ်ဆက်ပေးပါ ရစေဦး"

ကျွန်တော်တို့သည် ရဲတိုက်ပုံနှင့် တူအောင် ဆောက်ထားသော ဝင်းမစ်၏ ဂေဟာအတွင်းသို့ ဝင်ခဲ့ကြသည်။ အိမ်ထဲရှိ မီးဖိုတစ်ခုဘေးတွင် ဖလန်နယ်ကွက်အင်္ကျီ ဝတ်ထားသော အဘိုးအိုတစ်ယောက် ထိုင်နေသည်။ အသက်ကတော့ ကြီးလှပြီ၊ သန့်သန့်ပြန့်ပြန့်နှင့် ရွှင်ရွှင်လန်းလန်း တော့ရှိ၏။ ကျန်းမာပုံလည်း ရ၏။ မြင်လိုက်ရုံမျှဖြင့် သားဖြစ်သူ၏ ဂရုတစိုက် ပြုစုစောင့်ရှောက်မှုကို ရရှိနေကြောင်း သိသာလျက် ရှိသည်။

သို့သော်လည်း အဘိုးအိုခမျာ အလွန်အမင်း နားလေးရှာ၏။

"ကဲ… အဖေအိုကြီး" ဝင်းမစ်က ပြောင်တောင်တောင် နှောက်တောက်တောက် မျက်နှာပေးဖြင့် သူ့အဖေကို ခေါ်သည်။ အလွန်ပျော်ရွှင်မြူးထူးသည့် လေသံဖြင့် "အဖေအိုကြီး ဘယ်လိုလဲ၊ နေကောင်းရဲ့လား" ဟု မေးကာ လက်ဆွဲနှုတ်ဆက်သည်။ "ကောင်းတယ် ဂျွန်၊ ကောင်းတယ်" ဟု အဘိုးအိုက ပြန်ပြောသည်။ "အဖေအိုကြီးရေ၊ ဟောဒါ မစ္စတာပစ်ပ်တဲ့" ဝင်းမစ်က ကျွန်တော့်နာမည်ကို ပြောပြသည်။ သူ့ နာမည်ကိုတော့ "အဖေအိုကြီး ကြားကောင်းပါရဲ့၊ ကြားလည်း ကြားစေချင်တယ်၊ ဒီမှာ မစ္စတာပစ်ပ်၊ သူ့ကို ခေါင်းညိတ်ပြလိုက်စမ်းပါ၊ ခေါင်းညိတ်ပြလိုက်ရင် သူ သဘောကျတယ်၊ လုပ်ပါ၊ ညိတ်ပြလိုက်စမ်းပါ"

"ကျုပ်သားရဲ့သာယာတဲ့ နေရာလေးပါ" ကျွန်တော်က သူ့ဘက်လှည့်၍ ခေါင်းတစ်ချက် ညိတ်ပြလိုက်သောအခါ အဘိုးအိုက အော်ပြောသည်။ "လှလည်း လှတယ်၊ စိတ်ကြည်နူးစရာလည်း ကောင်းတယ်၊ ကျုပ်သားရဲ့ ခေတ်လွန်သွားတဲ့ အချိန်မှာ ဒီနေရာလေးနဲ့ ဒီနေရာလေးအပေါ် ကျုပ်သား ပြုပြင်တည်ဆောက်ထားတဲ့ အလှအပတွေကို ပြည်သူတွေ အပန်းဖြေဖို့ အတွက် တစ်မျိုးသားလုံးက သားစဉ်မြေးဆက် ထိန်းသိမ်း သွားသင့်တယ်လို့ တောင်မှ ကျုပ်ထင်တယ်"

"အဖေအိုကြီးက ဒီနေရာလေးကို ကြည့်ပြီး ဂုဏ်ယူနေတယ် ထင်ပါရဲ့၊ ဟုတ်လား" ဟု ဝင်းမစ်က ရေရွတ်သည်။ ရုံးတွင် နေရသည့်အခါ အမြဲတစေ

မာကျောကျောရှိနေတတ်သော ဝင်းမစ်၏ မျက်နှာသည် အလွန်နူးညံ့သိမ်မွေ့လာသည်။ "အဖေအိုကြီးအတွက် ခေါင်းတစ်ချက် ညိတ်လိုက်ရဦးမယ်" ဟု ဆိုကာ ဦးခေါင်းကို ညွှတ်လိုက်သည်။ "ကဲပါလေ နောက်တစ်ကြိမ် ညိတ်လိုက်ရဦးမယ်" ဟု ပြောကာ နောက်ထပ် ဦးခေါင်းကို ညိတ်ပြလိုက်ပြန်၏။ "ကဲ... အဖေအိုကြီး ကျေနပ်ပြီလား၊ ဒီမယ်... မစ္စတာပစ်ပ်၊ မင်း မမောသေးဘူး ဆိုရင်တော့ သူ့ဘက်လှည့်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်ပါဦး" အမှန်တော့ လူစိမ်းတွေအဖို့ ခေါင်းညိတ်ရတဲ့ အလုပ်က အပင်ပန်းသား၊ ဘာပဲဖြစ်ဖြစ်လေ ခေါင်းညိတ်ပြလို့ ကတော့ သူက သိပ်သဘောကျတာ"

ကျွန်တော်က အကြိမ်ပေါင်းများစွာ ခေါင်းညိတ်ပြရာ အဘိုးအိုသည် များစွာ ကျေနပ်လျက် ရှိသည်။ ကျွန်တော်တို့ သူ့အနီးမှ ထွက်လာကြသည့် အခါ အဘိုးအိုသည် ကြက်များကို အစာကျွေးလျက် ကျန်ခဲ့သည်။ ကျွန်တော်တို့သည် ပန်းခုံးစင်အောက်တွင် ခဏတစ်ဖြုတ် ထိုင်ကြသည်။ ဝင်းမစ်သည် ဆေးတံကို အားရပါးရဖွာရင်း ဤနေရာကလေးကို ဤ အနေအထားသို့ ရောက်အောင် လုပ်ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ကြောင်း ကျွန်တော့်အား ပြောပြသည်။

"မြေက ခင်ဗျားပိုင်မြေ မဟုတ်လား မစ္စတာဝင်းမစ်"

"အေး... ဟုတ်တယ်" ဟု ဝင်းမစ်က ပြန်ပြောသည်

" ဘိုးဘွားပိုင်မြေပေါ့ကွာ"

"သြော်... ဟုတ်လား၊ မစ္စတာဂျက်ဂါးကတော့ ဒီနေရာလေးကို ကြည့်ပြီး ခင်ဗျားကို မချီးကျူးဘူးလား"

"သူမှ မမြင်ဖူးတာပဲ၊ ကြားတောင် မကြားဖူးဘူး၊ အဖေအိုကြီးကိုလည်း သူ မတွေ့ဖူးဘူး၊ အဖေအိုကြီး ရှိနေသေးတယ်ဆိုတာကိုလည်း သူ မကြားဖူးဘူး၊ လိုလည်း မလိုပါဘူး၊ ရုံးအလုပ်က တစ်ဘဝ၊ ကိုယ်ပိုင်နေမှု ထိုင်မှုက တစ်ဘဝပဲ။ ဒီဘဝနှစ်ခုဟာ တခြားစီပဲ၊ ငါ ရုံးကို ရောက်သွားတဲ့ အခါမှာ ငါ့အိမ်ကို လုံးဝမေ့ထားလိုက်တယ်။ ငါ အိမ်ပြန်ရောက်တဲ့ အခါကျတော့လည်း ရုံးကို လုံးဝခေါင်းထဲ မထည့်တော့ဘူး၊ မင်းအနေနဲ့ငါလုပ်ပုံကို သဘောကျရင် ငါလုပ်သလို လုပ်ပေါ့"

ကျွန်တော့်အနေဖြင့် သူ့အပြင် သူ့သဘောထားကို သဘောကျမိသည်။ ကျွန်တော်တို့သည် ပတ်ဝန်းကျင်သာယာမှု အရသာကို ခံစားရင်း စကားပြောနေကြရာ ကိုးနာရီထိုးလုနီးပါး ရှိသွားသည်။ "အမြောက်ပစ်ဖို့ အချိန် နီးပြီ" ဟု ဝင်းမစ်က ရေရွတ်ကာပါးစပ်မှ ဆေးတံကို ချွတ်လိုက်လေသည်။

ကျွန်တော်တို့သည် အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ဝင်းမစ်၏ အဖေအိုကြီးသည် မီးဖိုသံချောင်းကြီး တစ်ချောင်းကို မီးဖုတ်လျက် ရှိ၏။ သူ၏ မျက်လုံးများသည် ညစဉ်ညတိုင်း ဝင်းလက်နေကြသည်။ ဝင်းမစ်သည် နာရီကို အသင့်ကိုင်ကာ သံချောင်းကြီး မီးဖုတ်အပြီးကို စောင့်နေသည်။ မီးဖုတ်ပြီးသည် နှင့် တစ်ပြိုင်နက် သံချောင်းကိုယူပြီး အပြင်သို့ ထွက်သွားကာ

အမြောက်ဆံယမ်းမှုန့်များကို တို့လိုက်သည်။ အုံးခနဲ မြည်ဟည်းသံ ထွက်လာသည်။ အိမ်ငယ်သည် တစ်ပိုင်းစီ တစ်စစီဖြစ်ကာ ပြိုလဲသွားတော့မည့်နှယ် ပြင်းထန်စွာ ခါယမ်းသွားသည်။ အမြောက်သံကို ကြားလိုက်ရသောအခါ ဝင်းမစ်၏ အဖေအိုကြီးသည် ဝမ်းသာအားရ ထအော်သည်။ "အမြောက်ပစ်လိုက်ပြီ၊ ငါ ကြားရတယ်၊ သူ့အသံ ကို ငါ ကြားရတယ်" ကျွန်တော် သူ့ဘက်လှည့်၍ အကြိမ်ကြိမ် အထပ်ထပ် ခေါင်းညိတ်နေမိရာ နောက်ဆုံးတွင် တစ်ခေါင်းလုံး မှုံးနောက်ပြီး သူ့ကိုပင် မမြင်တော့ပါ။

ညလယ်စာမစားမီ ဝင်းမစ်သည် သူ စုဆောင်းထားသော ပစ္စည်းအထူးအဆန်းများကို ကျွန်တော့်အား ပြရင်း အချိန်ဖြုန်းသည်။ သူ စုဆောင်းထားသည့် ပစ္စည်းများမှာ အများအားဖြင့် ရာဇဝတ်ပြစ်ဒဏ် ခံသွားရသူများ ထံမှ အမှတ်တရ ရယူသိမ်းဆည်းထားသော ပစ္စည်းတွေက များ၏။ အလွန်ထင်ရှား ကျော်ကြားခဲ့သော လိမ်လည်မှုကြီး ကျူးလွန်ရာ၌ အဓိကအသုံးပြုခဲ့သည့် ဖောင်တိန်၊ အသွင်ထူးသော ဓားတစ်လက် နှစ်လက်၊ ဆံခြည်တစ်ထွေး၊ ရာဇဝတ်ပြစ်ဒဏ် ခံသွားရသူတချို့၏ ဖြောင့်ချက်လက်ရေးမူများ ... စသည်ဖြင့် အမျိုးစုံလှ၏။ သူ စုဆောင်းထားသော ဖြောင့်ချက်များ အပေါ်တွင် မစ္စတာဝင်းမစ်သည် တန်ဖိုးထားပုံ မပေါ်ပါ။ အဘယ်ကြောင့် ဆိုသော် "ဖြောင့်ချက်တိုင်း လိမ်ရေးထား တာတွေချည်းပဲ" ဟု မှတ်ချက်ချသောကြောင့် ဖြစ်၏။

ကျွန်တော်တို့ အတွက် ညလယ်စာကို မိန်းကလေးတစ်ယောက်က ပြင်ပေးသည်။ မိန်းကလေးမှာ သန့်သန့်ပြန့်ပြန့်ရှိ၍ မစ္စတာဝင်းမစ် ရုံးတက်သည့် နေ့ခင်းနေ့လယ်တွင် သူ့အဖေအိုကြီး အား လာရောက်ကြည့်ရှုပေးနေသူ ဖြစ်၏။ ကျွန်တော်တို့ အား ညလယ်စာကျွေးပြီးသည့် အခါ မိန်းကလေးသည် သူ့အိမ်သို့ ပြန်သွားလေသည်။ ညလယ်စာ စားရသည်မှာ အပြစ်ပြောစရာ မရှိလောက်အောင်ပင် ကောင်းလှပါ၏။ ကျွန်တော့်ကို ပေးထားသည့် အိပ်ခန်းမှာလည်း ချို့ယွင်းချက် ဟူ၍ ရှာမတွေ့နိုင်အောင်ပင် ကောင်းလှပါ၏။ သို့သော်လည်း ကျွန်တော် အိပ်ရာအပေါ် သို့ လှဲချလိုက်သည့် အခါ အပြင်ဘက်အလံတိုင်နှင့် ကျွန်တော့်ကြားရှိ ခေါင်မိုးမှာ ပါးလွန်းသဖြင့် အလံတိုင်ကို မြင်နေရသည် ဖြစ်ရာ ထိုည... တစ်ညလုံး ကျွန်တော်သည် အလံတိုင်ကို နဖူးပေါ်တင်၍ ချိန်နေရသလို ဖြစ်လျက်ရှိလေသည်။

နောက်နေ့နံနက်တွင် ဝင်းမစ်သည် အိပ်ရာမှ အစောကြီးထကာ ကျွန်တော့်ဖိနပ်များကို သန့်စင်သွားအောင် တိုက်နေသည်။ ထို့နောက် သူ့ခြံလုပ်ငန်းခွင်သို့ ဝင်၍ အလုပ်လုပ်လျက်ရှိ၏။ သူ့အဖေအိုကြီးအား အလွန်ချစ်ခင်လေးစားသော အမူအရာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြနေသည် ကို ကျွန်တော့်အိပ်ခန်း ပြတင်းပေါက်မှ လှမ်း၍ မြင်နေရသည်။ ကျွန်တော်တို့၏ နံနက်စာမှာလည်း ယမန်နေ့ညက စားခဲ့ရသည့် ညလယ်စာကဲ့သို့ပင်

အရသာရှိလှပါ၏။ နံနက် ရှစ်နာရီခွဲတိတိတွင် ကျွန်တော်တို့ နှစ်ယောက်သည် လစ်တစ်လ်ဘရီတိန်လမ်းရှိ ရုံးခန်းသို့ ခြေလျင်ပင် လျှောက်၍ ပြန်ခဲ့ကြသည်။ ယင်းသို့ လျှောက်သွားနေသည့် အချိန်ကာလအတွင်းမှာပင် မစ္စတာဝင်းမစ်၏ အသွင်အပြင်သည် တဖြည်းဖြည်းချင်း ပြောင်းလဲလာသည်။ သူ့အပြောအဆို အပြုအမူများသည် ခြောက်ကပ်ကပ် ဖြစ်လာသည်။ မျက်နှာထားကလည်း တင်းသည်ထက် တင်း၍ မာကျောသည် ထက် မာကျောလာသည် သူ့ပါးစပ်ကြီးမှာလည်း စာတိုက်ပုံးကြီးတစ်ခု၏ စာထည့်ပေါက်နှင့် တူ တူလာသည်။ နောက်ဆုံးတွင် ကျွန်တော်တို့သည် သူ့အလုပ်ခန်းထဲသို့ ရောက်လာကြသည်။ မစ္စတာဝင်းမစ်သည် သူ့အင်္ကျီကော်လံ၌ ဂုက်ထားသော မီးခံသေတ္တာသော့ကို ထုတ်ယူလိုက်၏။ ထိုအချိန်တွင် သူ့ကိုကြည့်ရသည်မှာ ဝေါလ်ဝေါ့သ်မှ သူ့ပစ္စည်းအားလုံးကို သတိရတော့သည့် အရိပ်လက္ခဏာ လုံးဝမရှိတော့ပါ။ သူ့အိမ်၊ သူ့တံတား၊ သူ့ပန်းခုံး၊ သူ့ရေကန်နှင့် သူ့အဖေအိုကြီးတို့သည် သူ မနေ့ညက နောက်ဆုံး ပစ်လွှတ်ခဲ့သည့် အမြောက်ဆန်နှင့် အတူ စကြဝဠာကြီးအတွင်းသို့ ဝင်ရောက်ပေါက်ကွဲပြီး တစ်ပိုင်းစီ တစ်စစီ ဖြစ်သွားကြကုန်သည့် နှယ် ရှိနေပါတော့သည်။

*****

ကျွန်တော့်အုပ်ထိန်းသူ၏ နေမှုထိုင်မှု အခြေအနေနှင့် သူ့တပည့် ငွေကိုင်စာရေး၏ နေမှုထိုင်မှု အခြေအနေကို နှိုင်းယှဉ်ကြည့်နိုင်သည့် အခွင့်အလမ်းသည် ဝင်းမစ်က ကျွန်တော့်အား ကြိုတင်၍ ပြောပြထားခဲ့သည့်အတိုင်း ထိုနေ့မှာပင် ပေါ်ပေါက်လာခဲ့လေသည်။ ကျွန်တော် ဝေါလ်ဝေါ့သ်မှ ပြန်ရောက်၍ ရုံးခန်းအတွင်းသို့ ဝင်သွားသောအခါ ကျွန်တော့် အုပ်ထိန်းသူ မစ္စတာဂျက်ဂါးသည် သူ့အခန်းထဲ၌ သူ့လက်များကို ဆပ်ပြာမွှေးနှင့် ပွတ်တိုက်ဆေးကြောနေသည် ကို တွေ့ရ၏။ ကျွန်တော့် ကို မြင်လိုက်သည် နှင့် တစ်ပြိုင်နက် သူသည် ကျွန်တော့်အား လှမ်းခေါ်သည်။ ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေများအား ညစာကျွေးဖို့ စီစဉ်ထားကြောင်း အသိပေးသည်။ "တခမ်းတနား လုပ်မယ့် ညစာစားပွဲ မဟုတ်ဘူး" ဟု သူက ဆိုသည်။ "ညစာစားပွဲ ဝတ်စုံတွေ ဘာတွေ ဝတ်လာဖို့ မလိုဘူး၊ ကျွေးမှာ က မနက်ဖြန်ညှ" ကျွန်တော်က ဘယ်နေရာကို လာရမှာလဲ (သူ ဘယ်မှာနေသည် ကို ကျွန်တော် မသိသေး) ဟု မေးရာ၊ သူက "မနက်ဖြန်ကျတော့ ဒီကိုလာခဲ့၊ ဒီရောက်မှ ငါနဲ့ အတူတူ အိမ်ကို သွားကြမယ်" ဟု အဖြေပေးပါသည်။

ကျွန်တော် သတိထားမိသလောက်ဆိုလျှင် မစ္စတာဂျက်ဂါးသည် ခွဲစိတ်ကုဆရာဝန်တစ်ဦး သို့မဟုတ် သွားကုဆရာဝန်တစ်ဦးကဲ့သို့ အလုပ်ပြီးသည့် အခါတိုင်း သူ့လက်များကို ပြောင်စင်သွားအောင် ဆပ်ပြာမွှေးနှင့် ပွတ်တိုက်ပြီး အကြိမ်ကြိမ် အထပ်ထပ် ဆေးကြောတတ်သောအကျင့် ရှိ၏။ သူ့အခန်းထဲတွင် အဝတ်ချိတ်သော ဗီရိုကြီးတစ်လုံး ရှိရာ ထိုဗီရိုကြီးကို ဖွင့်လိုက်သည့် အခါတိုင်း အတွင်းမှ သူသုံးနေကျ ဆပ်ပြာနံ့သည် အခန်းထဲတွင် တသင်းသင်း ပျံ့နေတတ်သည်။ ဗီရိုကြီး၏ တံခါးတစ်ချပ်တွင် အတွင်းဘက်မှ နေ၍ အဆမတန်ကြီးမားသော တဘက်ကြီးတစ်ထည် ချိတ်ထားသည်။ ပုလိပ်ရုံးကြီးမှ ပြန်လာသော အခါ များတွင် ဖြစ်စေ၊ သူ့အခန်းထဲ အမှုသည် တစ်ဦးကို လက်ခံစကားပြောပြီးသည့် အခါများတွင် ဖြစ်စေ သူသည် ချက်ချင်းပင် လက်များကို ဆပ်ပြာမွှေးနှင့် တိုက်ပြီး ရေနှင့် ဆေးသည်။ ပြီးလျှင် ဗီရို ထဲမှ တဘက်ကြီးနှင့် သူ့လက်များကို ပြောင်စင်သွားအောင် သုတ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် သူ၏ ရှေ့နေအလုပ်မှ သူ့အား ကပ်ငြိလျက်ရှိသော မကောင်းမှု အညစ်အကြေးများသည် ကင်းစင် လွင့်ပျောက် သွားသည် ဟု ယူဆနေပုံ ပေါ်လေသည်။ နောက်တစ်နေ့ညနေ ခြောက်နာရီတွင် ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေများသည် သူမှာထားသည့် အတိုင်း သူ့ရုံးခန်းသို့ ဆိုက်ရောက်သွားကြသည်။ ထိုအချိန်တွင် မစ္စတာဂျက်ဂါးသည် မကောင်းမှုပို၍ များသော အမှုတစ်ခုကို လက်ခံပြီးစ ဖြစ်ဟန်တူ၏။ အဘယ်ကြောင့် ဆိုသော် သူသည် လက်နှစ်ဖက်ကိုသာ ဆေးကြောရုံဖြင့် မကျေနပ်သေးဘဲ မျက်နှာကိုပါ သစ်ပြီး သူ့လည်ချောင်းကိုပါ ရေနှင့် ပလုတ်ကျင်း၍ ဆေးကြောနေသည် ကို တွေ့ရခြင်းကြောင့် ပေတည်း။ လက်များ ဆေးခြင်း၊ မျက်နှာသစ်ခြင်း စသည့်

အလုပ်များ ပြီးသွားသည့် အခါ မစ္စတာဂျက်ဂါးသည် မျက်နှာသုတ်ပဝါကြီးဖြင့် ပြောင်စင်သွားသည် အထိ ပွတ်တိုက်လျက် ရှိသည်။ ထို့နောက် သူသည် ကုတ်အင်္ကျီကို ယူ၍ မဝတ်မီ သူ့အိတ်ကပ်ထဲမှ ခဲတံချွန်သည့် ဓားကို ထုတ်ကာ လက်သည်းများကို စိမ်ပြေနပြေ လှီးနေလိုက်သေးသည်။

လမ်းမပေါ်သို့ ရောက်သောအခါ ထုံးစံအတိုင်း မစ္စတာဂျက်ဂါးနှင့် စကားပြောလို၍ စောင့်မျှော်နေကြသည့် လူတချို့ကို မြင်ရသည်။ သို့သော်လည်း ထိုလူစုသည် မစ္စတာဂျက်ဂါးထံမှ ဆပ်ပြာနံ့ကိုရသောအခါ ထိုနေ့အဖို့ သူတို့ အတွက် မျှော်လင့်ချက် မရှိတော့ဟု နားလည်သဘော ပေါက်သွားကြဟန်ဖြင့် အသာရှောင်ထွက်သွားကြသည် ကို တွေ့ရ၏။ အနောက်ဘက်သို့ ဦးတည်နေသည့် လမ်းအတိုင်း လျှောက်လာနေခိုက်တွင် လမ်းပေါ်၌ သွားလာနေကြသည့် လူအုပ်ထဲမှ တချို့လူများက မစ္စတာဂျက်ဂါးအား မြင်ဖူးနေကြဟန်ဖြင့် ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ မစ္စတာဂျက်ဂါးကတော့ ထိုအဖြစ်မျိုးနှင့် ကြုံလိုက်သည့် အခါတိုင်း ကျွန်တော့်ဘက်သို့လှည့်၍ စကားကို ပို၍ ကျယ်လောင်စွာ ပြောတတ်သည်။ သူ့အနေဖြင့် မည်သူ့ကိုမျှ အသိအမှတ်ပြုသည့် လက္ခဏာကို မပြချေ။ သူ့အား မှတ်မိဟန်ပြနေသော လူများကိုလည်း ဂရုစိုက်သည့် အရိပ်အယောင် မပြချေ။

ဟိုဆို ရပ်ကွက်အတွင်းရှိ ဂျရတ်လမ်းသို့ ရောက်လာသောအခါ သူသည် လမ်းတောင်ဘက်ရှိ အိမ်ကြီးတစ်လုံးဆီသို့ ခေါ်သွားသည်။ အိမ်ကြီးမှာ အလွန်ခံ့ညားထည်ဝါသော်လည်း ဆေးပြန်မသုတ်ဘဲ ထားသည်မှာ ကြာပြီဖြစ်၍ ဟောင်းနွမ်းအိုမင်းသောအသွင်ကို ဆောင်လျက်ရှိသည်။ ပြတင်းပေါက်များ မှာလည်း ပေရေညစ်ပတ်လျက် ရှိ၏။ အိမ်ရှေ့ ရောက်သောအခါ မစ္စတာဂျက်ဂါးသည် သော့ကိုထုတ်၍ တံခါးကိုဖွင့်ကာ ကျွန်တော်တို့ အား ခေါ်သွင်းသွားသည်။ ဝင်ဝင်ချင်း တွေ့ရသည့် ခန်းမကြီးမှာ မှုန် မှိုင်းမှိုင်း နိုင်လှပြီး အသုံးနည်းပုံလည်း ရ၏။ အခန်းထဲတွင်လည်း ဘာပစ္စည်းမှ မရှိချေ။ ခပ်မှောင်မှောင်ဖြစ်နေသော လှေကားမှ တက်သွား၍ ပထမထပ်သို့ ရောက်သည့် အခါတွင် မူ အခန်းသုံးခန်း တွေ့ရသည်။ အခန်းအားလုံးမှာ မှောင်နှင့် မည်းမည်းပင် ဖြစ်၏။ မှန်ကူကွက်ပုံများ ဖော်ထားသည့် နံရံများ ပေါ်တွင်မူ ပန်းကုံးပန်းနွယ်များ ထွင်းထားလေသည်။

အခန်းသုံးခန်း ရှိသည့် အနက် အကောင်းဆုံးအခန်းထဲတွင် ညစာကို ပြင်ဆင်ခင်းကျင်း ထားသည်။ ဒုတိယအခန်းသည် မစ္စတာဂျက်ဂါး၏ အဝတ်အစားလဲရာ အခန်းဖြစ်၍ တတိယအခန်းမှာ သူ၏ အိပ်ခန်း ဖြစ်၏။ မစ္စတာဂျက်ဂါးက ဤအိမ်တစ်အိမ်လုံးကို သူပိုင်သော်လည်း ရံဖန်ရံခါမှသာ အသုံးပြုလေ့ ရှိကြောင်း ပြောပြသည်။ ညစာစားပွဲ ခင်းကျင်းပြင် ဆင်ထားပုံမှာ သပ်သပ်ရပ်ရပ် ရှိလှသော်လည်း ဇွန်း၊ ပန်းကန်ခွက် ယောက်များ ထဲတွင် အဖိုးတန် ငွေထည်ပစ္စည်း အသုံးပြုသည် ကို မတွေ့ရပေ။ သူ့ ကုလားထိုင်ဘေးတွင်

အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ တင်သည့် စင်ကလေးတစ်ခု ရှိရာ ထိုစင်ပေါ်၌ အရက်ပုလင်းများ နှင့် အချိုအချဉ်ပွဲအတွက် သစ်သီးပန်းကန် လေးချပ် သာမက လိုအပ်သည့် အသုံးအဆောင်ပစ္စည်းအားလုံး အသင့်တင်ထားသည်။ ကျွန်တော်တို့ ညစာစားပွဲ တစ်လျှောက်လုံး မစ္စတာဂျက်ဂါးသည် ဤစင်လေးပေါ်မှ လိုအပ်သမျှပစ္စည်းများကို သူကိုယ်တိုင်ယူ၍ ပေးသွားသည် ကို ကျွန်တော် သတိပြုမိပါသည်။

အခန်းထဲတွင် စာအုပ်စင်တစ်ခုလည်း ရှိ၏။ ကျွန်တော် မြင်ရသလောက်ဆိုလျှင် စင်ပေါ်မှ စာအုပ်များမှာ သက်သေခံဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေစာအုပ်များ၊ အပြစ်ကျ ရာဇဝတ်သားများ၏ အတ္ထုပ္ပတ္တိစာအုပ်များ၊ အမှု၏ စစ်ဆေးချက်မှတ်တမ်းများ၊ ပါလီမန်အက်ဥပဒေများ စသည်ဖြင့် အားလုံး ဥပဒေစာအုပ်များချည်း ဖြစ်ပါသည်။ အိမ်ထောင် ပရိဘောဂ ပစ္စည်းများမှာ သူ့ ရွှေနာရီကြိုးကြီး ကဲ့သို့ပင် အဖိုးတန်အကောင်းစား ပစ္စည်းများချည်း ဖြစ်ပါသည်။ သို့သော်လည်း ပြင်ဆင်ခင်းကျင်းထားပုံမှာ ပကာသနနှင့် အလှအပကို ဦးစားမပေးဘဲ ထည်ဝါခံ့ညားလွန်းသဖြင့် ရုံးဆန်သည် ဟု ဆိုရမည် ဖြစ်ပါသည်။ အခန်းထောင့် တစ်ထောင့်တွင် မူ စားပွဲလေးတစ်လုံး ချထားပြီး စလောင်း အုပ်ထားသည့် မှန်အိမ်တစ်လုံးနှင့် စာရွက်တချို့ တင်ထားသည်။ ဤ စားပွဲအနေအထားကို မြင်ရခြင်းအားဖြင့် မစ္စတာဂျက်ဂါးသည် သူ၏ ရုံးအလုပ်ကို အိမ်သို့ ယူလာပြီး လုပ်လေ့ရှိသည် ဟု ယူဆနိုင်စရာ ရှိလေသည်။

ကျွန်တော်တို့ ရုံးမှ ထွက်လာကြစဉ်က မစ္စတာဂျက်ဂါးသည် တစ်လမ်းလုံး ကျွန်တော်နှင့်သာ တွဲ၍ လျှောက်လာခဲ့သည် ဖြစ်ရာ အခန်းထဲ ရောက်လာချိန်အထိ ကျွန်တော့်အဖော်များကို မမြင်ဖူးသေးပေ။ အခန်း ထဲရောက်၍ မီးဖိုရှေ့ရှိ ခြေသုတ်ခုံပေါ်၌ ရပ်ကာ လူခေါ် ခေါင်းလောင်းကြိုးကို ဆွဲပြီးကာမှပင် သူသည် ကျွန်တော့်အဖော်များ အား စူးစမ်းလေ့လာသော အကြည့်ဖြင့် ကြည့်သည်။ သူ့အရိပ်အခြည် ကို ကြည့်ရသည်မှာ ဒရမ္မလီအပေါ်၌ များစွာ စိတ်ဝင်စားနေပုံရသဖြင့် ကျွန်တော့်မှာ များစွာ အံ့အားသင့်နေမိပါသည်။

"ပစ်ပ်" သူသည် ကျွန်တော့်အား လှမ်းခေါ်ပြီး ပခုံးကို ဖက်ကာ ပြတင်းပေါက်ဆီသို့ ဆွဲခေါ်သွားသည်။ "ဟိုအကောင်ကို ငါ မသိသေးဘူး၊ ဒီ ပင့်ကူက ဘယ်သူလဲ" ဟု မေးသည်။

"ပင့်ကူ" ဟု ကျွန်တော်က ရေရွတ်မိသည်။

"ကိုယ်လုံးကိုယ်ထည် မှုန်တုံတုံ ပုံမကျပန်းမကျနဲ့ ကုပ်ချောင်းချောင်းကောင်ကို ပြောတာကွ"

"ဪ.. အဲဒါ ဘင့်တလေ ဒရမ္မလီပါ" ဟု ကျွန်တော်က ပြန်ပြောသည်။ "ဟိုဘက်က မျက်နှာ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ ဟာက" ဟူသောကျွန်တော့်စကားအပေါ်တွင် စိတ်ဝင်စားပုံ မပေါ်ပါ။ "သူ့နာမည်က ဘင့်တလေ ဒရမ္မလီတဲ့လား၊ ဒီကောင့်ပုံပန်းကို ငါ သဘောကျတယ်.. ဟေ့"

ချက်ချင်းပင် သူသည် ဒရမ္ဗလီအား တရင်းတနှီးစ၍ စကားပြောသည်။ ပထမတွင် ဒရမ္ဗလီသည် သူ့အကျင့်စရိုက်အတိုင်း အကပ်မခံဘဲ ခပ်ခွာခွာလုပ်နေသေးသော်လည်း မကြာခင်မှာပင် မစ္စတာဂျက်ဂါး၏ ပါးနပ်ကျွမ်းကျင်မှု နောက်သို့ ပါသွားလေသည်။ ဤသို့ဖြင့် သူတို့ နှစ်ယောက်သည် ပေါင်းဟောင်း သင်းဟောင်းများ သဖွယ် စကားလက်ဆုံ ကျလျက် ရှိကြလေ၏။ ကျွန်တော့်အဖို့ အလွန်ထူးဆန်းသော အခြေအနေမျိုး ဖြစ်သဖြင့် သူတို့ နှစ်ယောက်အား မျက်ခြည်မပြတ် ကြည့်နေမိရာ နောက်ဆုံး အိမ်ထောင်ထိန်း မိန်းမကြီး ဝင်လာပြီး ညစာကျွေးရန် ပြင်ဆင်နေသည့် အချိန် ရောက်ကာမှပင် မျက်ခြည်ပြတ်သွားလေသည်။

မိန်းမကြီးမှာ အသက်လေးဆယ်ခန့် ရှိပြီဟု ခန့်မှန်းရ၏။ ကျွန်တော့်၏ ခန့်မှန်းချက်သည် သူ့အသက်မှန်ထက် ငယ်ချင်ငယ်နေပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မိန်းမကြီးမှာ အလွန်အရပ်မြင့်ပြီး အလွန်ပေါ့ပါး ဖျတ်လတ်ဟန် ရှိသော ကိုယ်လုံးကိုယ်ထည် ရှိသည်။ အသားအရေမှာ ဖြူဖပ်ဖြူရော် နိုင်လွန်းလှ၏။ မျက်လုံးများသည် အရောင်အဆင်း ကင်းမဲ့လှ၏။ သူ့ဆံပင်များသည် ထူထဲပြီး နောက်သို့ ဖားလျားကျလျက် ရှိကြသည်။ သူ့တွင် နှလုံးရောဂါ ရှိ၊ မရှိ ကျွန်တော် အတိအကျ မပြောနိုင်ပါ။ သို့သော်လည်း သူ့နှုတ် ခမ်းများသည် အလွန်ပင်ပန်း မောဟိုက်နေသည့် လူတစ်ယောက်သဖွယ် အမြဲတစေ ဟလျက်ရှိသည် ဖြစ်ရာ နှလုံးရောဂါသည် တစ်ဦးနှင့် တူလှပေသည်။ သူ့မျက်နှာသည် ကျွန်တော့်မျက်စိထဲတွင် လွှန်ခဲ့သော တစ်ရက်နှစ်ရက်ခန့်က ကျွန်တော် ကြည့်ခဲ့ရသည့် ရှိတ်စပီးယား၏ မက္ကဘက်သ် ပြဇာတ်ထဲမှ စုန်းမကြီး၏ မျက်နှာနှင့် တူသလို ဖြစ်လျက် ရှိလေသည်။

စားသောက်ဖွယ်ရာများကို စနစ်တကျ ချပြီးသောအခါ မိန်းမကြီးသည် မစ္စတာဂျက်ဂါး၏ လက်မောင်းကို သူ့လက်ညှိုးဖြင့် အသာအယာတို့၍ သတိပေးလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်တို့သည် ညစာစားပွဲတွင် နေရာယူကြသည်။ မစ္စတာဂျက်ဂါးသည် သူ၏ တစ်ဖက်တွင် ဒရမ္ဗလီကို ထား၍ အခြားတစ်ဖက်တွင် စတားတော့ကို ထားသည်။ ကျွေးမွေးသည့် အစားအသောက်များထဲတွင် ငါး၊ သိုးသားနှင့် ငှက်သားများပါရှိရာ အတော်ကလေး စားသောက် ကောင်းသည့် ညစာဟု ဆိုရပေလိမ့်မည်။ ကျွန်တော်တို့ အတွက် လိုအပ်သည့် အချဉ်ရည်များ နှင့် ဝိုင်အရက် စသည် များကိုလည်း အိမ်ရှင်ဖြစ်သူ မစ္စတာဂျက်ဂါး ကိုယ်တိုင်က သူ့ဘေးရှိ စင်ကလေးပေါ်မှ အဆက်မပြတ် ယူပေးလျက်ရှိကြသဖြင့် လိုလေသေးမရှိအောင် ပြည့်စုံသည် ဟုဆိုရမည် ဖြစ်၏။ ကျွန်တော်တို့ သုံးပြီးသမျှ ဇွန်း၊ ပန်းကန် စသည် များကိုလည်း သူကိုယ်တိုင်ပင် သိမ်းဆည်းကာ သူ့ကုလားထိုင်ဘေး၌ ချထားသည့် ခြင်းတောင်းနှစ်လုံး အတွင်းသို့ ထည့်ပြီး ဇွန်း ပန်းကန် အသစ်များကိုလည်း သူကိုယ်တိုင် စင်ပေါ်မှ ယူ၍ ချပေးနေသဖြင့် စားပွဲထိုး လုံးဝ မလိုသော ညစာစားပွဲတစ်ခု ဖြစ်နေပေသည်။

စားသောက်နေကြသည့် အခိုက်တွင် လိုအပ်သော ဟင်းလျာများကို အိမ်ထောင်ထိန်းမိန်းမကြီးက လာ၍ ချပေးနေသည် ဖြစ်ရာ ကျွန်တော့်အနေဖြင့် သူ ဝင်လာသည့် အခါတိုင်း သူ့မျက်နှာကို မျက်ခြည်မပြတ် ကြည့်နေမိပါသည်။ သူ့မျက်နှာကို ကြည့်လိုက်သည့် မက္ကာဘက်သ်ပြဇာတ် ကြည့်စဉ်က အခါတိုင်းလည်း ဒယ်အိုးကြီးထဲမှ မီးရောင်တဝင်းဝင်းဖြင့် ထွက်ထွက်လာသော စုန်းမများ၏ မျက်နှာများ ကိုသာ သတိရနေမိ၏။ နောင်နှစ်ပေါင်းများစွာ ကြာ၍ ဤမိန်းမကြီး၏ မျက်နှာကို ပြန်၍ စဉ်းစားကြည့်လိုက်တိုင်းလည်း ဤအမြင်အတိုင်းပင် မြင်သည် ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ ဤအိမ်ကြီးအတွင်း၌ အခိုင်းအစေဟူ၍ ဤမိန်းမကြီးမှ တစ်ပါး အစေခံမရှိသည်မှာ ထင်ရှားလျက် ရှိလေသည်။

ကျွန်တော့်အနေဖြင့်မူ အချိန်ရှိသမျှ ဤမိန်းမကြီးကိုသာ အထူးဂရုစိုက်၍ ကြည့်နေမိပါသည်။ တခြားကြောင့် မဟုတ်ပါ။ မိန်းမကြီး၏ ထူးခြားသော အင်္ဂါရပ်နှင့် မစ္စတာဝင်းမစ် ပြောလိုက်သော စကားကြောင့် ဖြစ်သည်။ မိန်းမကြီးသည် အခန်းထဲသို့ ရောက်လာသည့် အခါတိုင်း သူသည် မစ္စတာဂျက်ဂါး၏ မျက်နှာကိုသာ ကြည့်နေတတ်သည်။ အထူးသဖြင့် မစ္စတာဂျက်ဂါး၏ ရှေ့သို့ ပန်းကန်များကို ချပေးပြီးသည့် အခါတိုင်း သူ့အား တစ်စုံတစ်ခု ပြော လိုက်လေမလားဟူသော စိုးရိမ်စိတ်ဖြင့် တုံ့ခနဲ တုံ့ခနဲ ဖြစ်သွားတတ်သည် ကို ကျွန်တော် သတိပြုမိသည်။ မိန်းမကြီး ထိုကဲ့သို့ ဖြစ်ဖြစ်သွားသည် ကို မစ္စတာဂျက်ဂါး ကိုယ်တိုင်ကလည်း သတိထားမိပုံပေါ်၏။ သို့သော်လည်း သူသည် မသိကျိုးကျွန် ပြုကာ စကားကိုသာ ပြောလျက် ရှိသည်။ မည်သို့ပင်ဖြစ်စေ ဤမိန်းမကြီးအား ဤကဲ့သို့ ဖြစ်ရအောင် လုပ်ထားသည်မှာကား သိသာထင်ရှားလျက် ရှိ လေသည်။

ကျွန်တော်တို့၏ ညစာစားပွဲသည် ပျော်စရာကောင်းလျက် ရှိ၏။ ညစာစားပွဲ၏ စကားဝိုင်းမှာလည်း အရှိန်မပျက် သွားလျက် ရှိ၏။ ကျွန်တော်၏ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးသည် အကြောင်းအရာတစ်ခုခုကို သူကစ၍ ပြောသည် မရှိဘဲ ကျွန်တော်တို့ ပြောသမျှကိုသာ နားထောင် နေတတ်ပြီး တစ်ချက်တစ်ချက်တွင် မှ ဝင်၍ ထောက်တတ်သည်။ ထောက်ရာ၌လည်း ကျွန်တော်တို့၏ စိတ်နေစိတ်ထားနှင့် အကျင့်စရိုက်များကို ကျွန်တော်တို့ ကသာ ကျွန်တော်တို့ ထုတ်ဖော်ပြောလာအောင်အလွန်လိမ္မာပါးနပ်စွာဖြင့် ထောက်ခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော်၏ အသုံးအဖြုန်း လက်ဖွာချင်တတ်သောဉာဉ်ကို ဖော်ထုတ်၍ ပြောပြမိသည့် အဖြစ်သို့ ရောက်သွားရ၏။ ဟားဘတ်အတွက် စရိတ်စက အကုန်အကျ ခံထားသည် များကိုလည်း ပြောပြမိ၏။ ကိုယ့်ပါးစပ် အဆက်မပြတ် ဟနေမိသည့် အဖြစ်ကို သတိမထားနိုင်မီ အတွင်းမှာပင် ကျွန်တော်သည် ကျွန်တော့်အနာဂတ်ဘဝ၏ အလားအလာ ကောင်းများကို ထုတ်ဖော်၍ ကြွားဝါနေမိ၏။ အမှန်တော့ ကျွန်တော်တို့ သုံးယောက်စလုံးသည် မစ္စတာဂျက်ဂါး၏ ရှေ့မှောက်တွင်

ဤအဖြစ်မျိုး နှင့် ရင်ဆိုင်နေကြရသည် ဖြစ်၍ အဆိုးဆုံးမှာ ဒရမ္မလီသည် ကျွန်တော်တို့ အပေါ်၌ ထားရှိနေသည့် သူ၏ မလိုမုန်းထားမှုများကိုပင် ဖော်ထုတ်၍ ပြောပြပြီး နေခဲ့လေပြီ။

ငါးဟင်းကုန်၍ ဒိန်ခဲတစ်ပွဲကို စတင်စားသောက်နေကြသည့် အချိန်တွင် ကျွန်တော်တို့သည် ညနေတိုင်း လှေလှော်ထွက်ကြသည့် အကြောင်းကို တစ်ယောက်တစ်ပေါက် ပြောမိကြပြန်သည်။ ဤတွင် ကျွန်တော်တို့ က လှေလှော်ထွက်ကြသည့် အခါတိုင်း ကျွန်တော်တို့ အား မီအောင် မလှော်နိုင်သည့် ဒရမ္မလီ၏ အဖြစ်ကို စပ်မိစပ်ရာ ပြောမိကြ၏။ ထိုအခါ ဒရမ္မလီက အားကျမခံ သဘောဖြင့် လှေလှော်တိုင်း သူ ကျွန်တော်တို့ နောက်မှ နောက်ချန်နေခြင်းမှာ ကျွန်တော်တို့ နှင့် မရောလို၍ ဖြစ်ကြောင်း၊ သူ့အနေနှင့် လက်ရှိအခန်း၌ နေရသည် ကို နှစ်သက်သော်လည်း ကျွန်တော်တို့ နှင့် အပေါင်းအသင်းဖြစ်သွားမည်ကိုမူ အလွန်စိုးရိမ်ကြောင်း၊ ကျွန်တော်တို့ကို အပေါင်းအသင်း လုပ်ထိုက်သူများ မဟုတ်ဟု သူ ယူဆကြောင်း၊ လူချင်း ယှဉ်ကြည့်လိုက်မည်ဆိုပါက သူ၏ ခွန်အားဗလသည် ကျွန်တော်တို့ထက် အဆမတန် ကြီးမားသဖြင့် ကျွန်တော်တို့ အား အမှုန့် ဖြစ်သွားအောင်ပင် လုပ်နိုင်သည်ဟု သူ ယုံကြည်ကြောင်းစသည်ဖြင့် မစ္စတာ ဂျက်ဂါးအား ပြောပြလျက် ရှိသည်။ ကျွန်တော်၏ အုပ်ထိန်းသူကလည်း ဒရမ္မလီအား မသိမသာ မြှောက်ထိုးပင့်ကော် လုပ်ပေးလေရာ နောက်ဆုံးတွင် ဒရမ္မလီသည် အင်္ကျီများကို ချွတ်၍ သူ့လက်မောင်းကြွက်သားများကို ညှစ်ပြလေတော့၏။ ထိုအခါ ကျွန်တော်တို့ ကလည်း ကိုယ့်အဖြစ်ကို ရယ်စရာကောင်းသည့် အဖြစ်ဟု မမြင်တော့ဘဲ အင်္ကျီများကို ချွတ်ကာ လက်မောင်းကြွက်သားများကို ညှစ်ပြကြလေတော့သည်။

ယင်းကဲ့သို့ အရှက်အကြောက် ကင်းမဲ့စွာဖြင့် တစ်ယောက်ကြွက်သား တစ်ယောက် ညှစ်ပြနေကြသည့် အခိုက်တွင် အိမ်ထောင်ထိန်း မိန်းမကြီးသည် စားပွဲပေါ်မှ ပစ္စည်းများကို ရှင်းလင်း သိမ်းဆည်းလျက် ရှိ၏။ မစ္စတာဂျက်ဂါးသည် သူ့အနီး၌ မိန်းမကြီး ရောက်သည် ကို လုံးဝသတိမပြုမိသည့် နှယ် မျက်နှာကို ဘေးတိုက်ပြုကာ သူ့လက်ညှိုးထိပ်ကိုကိုက်ရင်း သူ့ဘေးမှ ဒရမ္မလီအား အလွန်စိတ်ဝင်စားနေသည့် ဟန်ဖြင့် ငေးကြည့်လျက် ရှိသည်။ ယင်းကဲ့သို့ ရှိနေရာမှ စားပွဲပေါ်သို့ ရောက်လာသော မိန်းမကြီး၏ လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်သည်။ သူလုပ်လိုက်ပုံက လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ကျွန်တော်တို့ လူစုသည် သူ့အား ကြောင်၍ ကြည့်နေမိလေသည်။

"မင်းတို့ က ခွန်အားဗလအကြောင်း ပြောနေကြတော့ ငါကလည်း အလွန် အားကောင်းမောင်းသန် နိုင်လှတဲ့ လက်ကောက်ဝတ်တစ်ခုကို ပြရဦးတော့မှာပေါ့။ ကဲ... ဟော့ မော်လီ၊ မင့်လက်ကောက်ဝတ်ကို ပြစမ်း"

မိန်းမကြီး၏ လက်တစ်ဖက်မှာ မစ္စတာဂျက်ဂါးက ဆုပ်ကိုင်ထားသဖြင့် စားပွဲပေါ်၌ ရှိနေပြီ ဖြစ်၏။ ကျန်တစ်ဖက်ကိုမူ မိန်းမကြီးက သူ့ခါးနောက်တွင်

ဝှက်ထားလေသည်။ "သခင်ကြီးရယ်" ဟုအသံတိုးတိုးဖြင့် ရေရွတ်လေသည်။ သူ့မျက်လုံးများသည် မစ္စတာဂျက်ဂါး၏ အပေါ်၌ စူးစိုက်လျက် ရှိ၏။ "မလုပ်ပါနဲ့ ရှင်"

"ငါ မင်းတို့ ကို လက်ကောက်ဝတ်တစ်ခု ပြမယ်" ဟု မစ္စတာဂျက်ဂါး က အခိုင်အမာ လေသံဖြင့် ထပ်ပြောသည်။

"မလုပ်ပါနဲ့ သခင်ကြီးရယ်" ဟု မိန်းမကြီးက တောင်းပန်သည်။

"မော်လီ" မစ္စတာဂျက်ဂါးက မိန်းမကြီးကို လုံးဝမကြည့်ဘဲ အခန်း တစ်ဖက်မှ နံရံကိုသာ စိုက်ကြည့်ပြီး ရေရွတ်သည်။ "မင်းရဲ့ လက်ကောက်ဝတ် နှစ်ခုစလုံးကို သူတို့ မြင်အောင် ပြလိုက်စမ်း၊ ကဲ… လုပ်"

ပြောပြောဆိုဆိုနှင့် သူကိုင်ထားသည့် မိန်းမကြီး၏ လက်ကို ဆွဲလှန်လိုက်သည်။ မိန်းမကြီးသည် နောက်ဘက်တွင် ဝှက်ထားသည့် လက်ကို စားပွဲပေါ်သို့ ချကာ လက်နှစ်ဖက်ကို ယှဉ်၍ ပြသည်။ နောက်မှ ချပြသည့်လက်မှာ ပုံပျက်ပန်းပျက် ဖြစ်နေသည် ဟု ဆိုရမည် ဖြစ်၏။ လက်ပေါ်တွင် ကန့်လန့်ဖြတ် အစင်းကြောင်းကြီးများ ဖြစ်နေသည့် အမာရွတ်များဖြင့် ပြည့်လျက် ရှိ၏။ သူ့လက်များကို ချ၍ ဆန့်တန်းပြနေသည့် အခိုက်တွင် မိန်းမကြီး၏ မျက်လုံးများသည် မစ္စတာဂျက်ဂါ အပေါ်၌ မရှိတော့ဘဲ ကျွန်တော်တို့ ကိုသာ တစ်ယောက်ချင်းစီ လိုက်ကြည့်လျက် ရှိလေသည်။

"ခွန်အားဆိုတာက ဒီမှာ ရှိတာကွ" ဟု မစ္စတာဂျက်ဂါးသည် သူ့လက်ညှိုးဖြင့် မိန်းမကြီး၏ လက်များပေါ်မှ အမြှောင်းလိုက် ထလျက်ရှိသော ကြွက်သားအကြောများကို ထောက်ပြပြီး ပြောသည် "ဟောဒီမိန်းမမှာ ရှိတဲ့ လက်ကောက်ဝတ်မျိုးကို ယောကျ်ားတချို့မှာသာ မင်းတို့ တွေ့ရမယ်၊ တကယ့်အား ဆိုတာက ဒီလက်မျိုးမှာသာ ရှိတာ.. ကွ၊ ငါလက်တွေအများကြီး မြင်ခဲ့ဖူးတယ်၊ ဒီလောက် အားကောင်းမောင်းသန်နိုင်တဲ့ လက်မျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးဘူး၊ ယောကျ်ားတွေထဲမှာ ရော မိန်းမတွေထဲမှာ ရော ဒီလိုလက်မျိုး တွေ့ဖို့ မလွယ်ဘူး"

မစ္စတာဂျက်ဂါးက ဤစကားများကို ပြောနေခိုက်တွင် မိန်းမကြီးသည် ကျွန်တော်တို့ မျက်နှာများကို လိုက်ကြည့်နေသည်။ မစ္စတာဂျက်ဂါး စကားပြောရပ်သွားသည့် အခါ မိန်းမကြီးက သူ့မျက်နှာကို မော့ကြည့်သည်။ "တော်လောက်ပြီ… မော်လီ" ဟု မစ္စတာဂျက်ဂါးက ခေါင်းတစ်ချက် ဆတ်၍ ပြောသည်။ "မင့်ကို သူတို့ အံ့သြသွားကြပြီ၊ မင်း သွားနိုင်ပြီ" မိန်ႚမကြီးသည် သူ့လက်များကို ပြန်ရုပ်ကာ အခန်းထဲမှ ထွက်သွားလေသည်။ မစ္စတာဂျက်ဂါးသည် စင်ပေါ်မှ ဝိုင်ပုလင်းကို ယူ၍ ဖန်ခွက်များတွင် ထည့်ကာ ကျွန်တော်တို့ အား လက်ဆင့်ကမ်းပေးသည်။

"ကိုးနာရီတောင် ခွဲသွားပြီ… ငါလူတို့ ပွဲသိမ်းကြစို့ရဲ့ " ဟု ပြောသည်။ "မင်းတို့ အားလုံး အခုလို တွေ့ရတာ ဝမ်းသာပါတယ်ကွာ၊ ကဲ… မစ္စတာ ဒရမ္မလီတစ်ယောက် ချမ်းသာပါစေလို့ ဆုတောင်းပြီး ကျုပ်တို့ အရက်တစ်ခွက်

သောက်လိုက်ပါတယ်"

အကယ်၍ မစ္စတာဂျက်ဂါးအနေဖြင့် ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းသည် ဒရမ္ဗလီအား ဘဝင်မြင့်ပြီး ပို၍ ခေါင်းထောင်လာအောင် ရည်ရွယ်၍ ပြုလုပ်ခဲ့သည် ဆိုပါမူ သူ့ရည်ရွယ်ချက်သည် အောင်မြင်သည် ဟု ဆိုရမည် ဖြစ်၏။ ပင်ကိုစိတ် ရိုင်းစိုင်းကြမ်းတမ်းပြီး ကျွန်တော်တို့ အပေါ်၌ မ ခန့်တရန့် ပြုချင်နေသော ဒရမ္ဗလီသည် မစ္စတာဂျက်ဂါး လုပ်လိုက်ပုံကြောင့် ပို၍ မောက်မာလာသည်။ ကျွန်တော်တို့အား အတိအလင်း စော်ကားမော်ကား ပြောချင်ပြုချင်လာသည်။ မစ္စတာဂျက်ဂါး အနေဖြင့် ဒရမ္ဗလီ ဤကဲ့သို့ ဖြစ်နေသည် ကို ဝင်၍ ဟန့်တားခြင်း မပြုဘဲ အလွန်စိတ်ဝင်စားသည့် မျက်နှာထားဖြင့် ကြည့်လျက် ရှိလေသည်။ မည်သို့ပင်ဖြစ်စေ မစ္စတာဂျက်ဂါး၏ ဝိုင်တစ်ခွက်သည် သူ့အတွက် အားဆေးတစ်ခွက် ဖြစ်သွားသည်ကား အမှန်ပင် ဖြစ်သည်။

ကျွန်တော်တို့ လူစုမှာ လူငယ်များ ဖြစ်ကြသည့် အားလျော်စွာ အရက်တစ်ခွက်လောက် သောက်မိလျှင် နောက်ထပ်ဆက်၍ သောက်ချင်ကြ၏။ အရက်များများ ဝင်သွားပြန်တော့လည်း စကားများများ ပြောတတ်လာ၏။ ယခုလည်း ဒရမ္ဗလီက ကျွန်တော်တို့ လူစု၏ လက်ဖွာပုံကို ပြောင်လှောင်ရှုတ်ချလျက် ရှိရာ မခံနိုင်အောင် ဖြစ်လျက် ရှိကြ၏။ လွန်ခဲ့သော တစ်ပတ်ကျော်ကျော် ခန့်က ကျွန်တော့်ရှေ့တွင် ဒရမ္ဗလီက စတားတော့ ထံမှ ပိုက်ဆံချေးခဲ့ဖူးသည့် အဖြစ်သည် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည်။ ထို့ကြောင့်လည်း ကျွန်တော်က စတားတော့ထံမှ ငွေချေးဖူးသူ တစ်ဦးအနေဖြင့် ဤစကားမျိုး ပြောနေခြင်းသည် ကိုယ့်သိက္ခာကို ကျအောင်လုပ်ခြင်းနှင့် အတူတူပင် ဖြစ်သည် ဟု ယူဆကြောင်း ပြန်ပြော လိုက်မိလေသည်။

"သူ့ပိုက်ဆံ ပြန်ရမှာပေ့ါ ကွ..." ဟု ဒရမ္ဗလီက ခွန်းတုံ့ပြန်သည်။

"သူ့ပိုက်ဆံ သူပြန်မရဘူးလို့ ငါက မပြောပါဘူး၊ ငါတို့ ပိုက်ဆံ ငါတို့ သုံးတာကို မင်းက လက်ဖွာသလေး ဘာလေးနဲ့ သရော်နေလို့ မင့်လျှာကို တိုတိုထားစေချင်တဲ့ သဘောနဲ့ ငါက ဝင်ပြောတာပါ၊ ဒါကတော့ ငါ တွေးသင့် တွေးထိုက်တဲ့ အတိုင်း တွေးမိလို့ ပြောရတာပဲ"

"မင်းက တွေးသင့်တွေးထိုက်သလေး ဘာလေးနဲ့ အာဂကောင်ပါလား၊ တကယ်လို့ ငါတို့မှာသာ ငွေလိုနေလို့ ချေးရင် မင်းက ချေးမယ့်ကောင် မဟုတ်ဘူး ဆိုတာ သေချာတယ်"

"မင်းပြောတာ သိပ်မှန်တယ်" ဟု ဒရမ္ဗလီက ပြန်ပြောသည်။ "မင်းတို့လို အကောင်စားမျိုး တွေကို ခြောက်ပဲနိတောင် မချေးဘူး သိလား"

"ဒီလို ဆိုရင်တော့ သူများ ဆီကပဲ ချေးစားနေမယ်ဆိုတဲ့ ကောင်စား မျိုးလို့ ပြောရတော့မှာပေ့ါ "

"မင်း ဘာပြောပြော ငါ ဂရုမစိုက်ဘူးကွ၊ သိလား"

ဤတွင် အခြေအနေမှာ ပို၍ . ဆိုးရွား လာပြီဖြစ်ရာ ကျွန်တော့်အနေဖြင့်

ဟားဘတ်က ဝင်၍ တားနေသည် ကိုပင် ဂရုမစိုက် နိုင်တော့ဘဲ စိတ်ထဲရှိသမျှကို ပြောချလိုက်မိသည်။

"ဒီမယ် ဒရမ္မလီ ငါတို့ အခုပြောနေကြတာက မင်း ပိုက်ဆံချေးတဲ့ အကြောင်း ပြောနေကြတာ၊ အဲဒီတော့ မင်း နားမထောင်ချင်ပေမယ့် ပြောစရာရှိတာတော့ ပြောရမှာပဲ၊ မင်း စတားတော့ဆီက ပိုက်ဆံချေးသွားတော့ ငါနဲ့ ဟားဘတ်တို့ ဘာတွေပြောမိကြတယ် ထင်သလဲ"

"ဟားဘတ်နဲ့ မင်းနဲ့ ဘာတွေပဲပြောပြော ငါ သိစရာ မလိုဘူး" ဟု ဒရမ္မလီက ဒေါသတကြီး ရေရွတ်သည်။ သို့သော်လည်း သူ့လေသံမှာ စောစောကလောက် တင်းမာခြင်း မရှိဟု ထင်သည်။ မည်သို့ပင်ဖြစ်စေ သူက ခပ်ပျော့ပျော့ လေသံဖြင့် ကျွန်တော်တို့ နှစ်ယောက်စလုံး ငရဲမင်းကြီး ထံသွားပြီး လက်ဆွဲနှုတ်ဆက်နေချေကြဟု ပြောသည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ ပြောစရာရှိတာတော့ ပြောပါရစေဦး၊ မင်း သိချင်တာ မသိချင်တာတွေ အသာဘေးဖယ်ထားလိုက်ပါ၊ ငါတို့ နှစ်ယောက် ပြောမိတယ်။ ဟိုအကောင်ကတော့ ချေးလို့ ရတဲ့ ငွေကို သူ့အိတ်ကပ်ထဲ ထည့်ပြီး ငါ့ကို ငွေချေးတဲ့ ကောင်ဟာ အတော်အ တဲ့ အကောင်ပဲလို့ တွေးနေမှာ သေချာတယ်လို့ "

ဒရမ္မလီက အော်၍ ရယ်သည်။ သူ့လက်များက ဘေးအိတ်များတွင်နှိုက်၍ ပခုံးနှစ်ဖက်ကို ပင့်တင်ကာ အားရပါးရ ရယ်သည်။ သူရယ်နေပုံမှာ ကျွန်တော်တို့ စကား မှန်လွန်းအားကြီး၍ သဘောကျပြီး ရယ်နေသည့် ပုံစံမျိုး ဖြစ်၏။ ထို့နောက် ရယ်၍ အားရသောအခါ ကျွန်တော်တို့ အားလုံးကို မြည်းတွေဟု သူက သတ်မှတ်ထားကြောင်း ပြောသည်။

ဤတွင် စတားတော့က အခြေအနေကို ဝင်ထိန်းသည့် သဘောဖြင့် စကားလမ်းကြောင်း ပြောင်းသွားစေရန် ရယ်စရာစကားတစ်ခွန်း ဝင်ပြောသည်။ စတားတော့မှာ ကျွန်တော့်ထက်ပို၍ သည်းခံနိုင်သောစိတ် ရှိသည် ဖြစ်ရာ နှစ်ဦးနှစ်ဖက် ပြေလည်သွားစေလိုသော သဘောဖြင့် စကားပြေ ဝင်ပြောခြင်း ဖြစ်၏။ သူ့စကားမှာ တကယ်လည်း ရယ်စရာ ကောင်းသဖြင့် ကျွန်တော်တို့ က ဝိုင်းရယ်ကြသည်။ သို့သော်လည်း ဒရမ္မလီက စတားတော့ကဲ့သို့ ထက်ထက်မြက်မြက်ရှိသူ တစ်ဦး မဟုတ်ဘဲ ထုံထိုင်းထိုင်းလူတစ်ယောက် ဖြစ်သည့် အားလျော်စွာ စတားတော့၏ ပြက်လုံးကို သူများ သဘောပေါက်သလို မပေါက်ဘဲ ဒေါသကြီးလာသည်။ သူသည် အိတ်ကပ်ထဲ နှိုက်ထားသည့် လက်များကို ထုတ်လိုက်ပြီး စားပွဲပေါ်မှ ဖန်ခွက်ကြီးတစ်လုံး ကောက်ကာ စတားတော့၏ ခေါင်းကို ပေါက်ရန် အားယူလိုက်သည် ဤတွင် မစ္စတာဂျက်ဂါးက ဖျတ်ခနဲထလိုက်ပြီး ဒရမ္မလီလက်ထဲမှ ဖန်ခွက်ကို ဆွဲယူ လိုက်လေသည်။

ထို့နောက် မစ္စတာဂျက်ဂါးက လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ်သို့ ချ ထားလိုက်ပြီး "ကဲ.. ငါလူတို့၊ ပြောရမှာတော့ ဝမ်းနည်းပါတယ်၊ ကိုးနာရီခွဲသွားပြီ၊ ပြန်ကြဖို့ အချိန်တော်ပြီ"

ဤစကား ကြားကာမှပင် ကျွန်တော်တို့သည် ထိုင်ရာမှ ထကာ မစ္စတာဂျက်ဂါးအား နှုတ်ဆက်၍ ထွက်လာခဲ့ကြသည်။ အိမ်ရှေ့တံခါးဝသို့မရောက်မီမှာပင် စောစောက ဖြစ်ခဲ့သမျှကို မေ့ထားလိုက်ပြီ ဖြစ်သော စတားတော့က ဒရမ္မလီအား တရင်းတနှီး လှမ်း၍ ခေါ်သည်။ သို့သော်လည်း ဒရမ္မလီကတော့ လုံးဝ တုံ့ပြန်ခြင်း မပြုချေ။ သူသည် ဟင်းမားစမစ် သို့ ပြန်ရာ၌ စတားတော့ လျှောက်နေသည့် ဘက်မှ အတူတူတွဲ၍ မလျှောက်ဘဲ စတားတော့နှင့် ဝေးရာ လမ်း၏ တစ်ဖက်ဘေးအတိုင်း လျှောက်လျက် ရှိ၏။ မြို့တွင်း၌ နေခဲ့ကြရမည်ဖြစ်သော ဟားဘတ်နှင့် ကျွန်တော်သည် သူတို့ နှစ်ယောက် သွားရာဘက်သို့ မျှော်ကြည့်နေမိကြ၏။ သူတို့ နှစ်ယောက်သည် တစ်ယောက်တစ်ကွဲစီ လျှောက်သွားလျက် ရှိကြလေသည်။

မစ္စတာဂျက်ဂါး၏ အိမ်ရှေ့တံခါးမှာ ယခုအချိန်ထိ မပိတ်သေးပေ။ ကျွန်တော်သည် ဟားဘတ်အား အောက်မှ ခဏစောင့်နေရန်မှာထားခဲ့ပြီး အိမ်ပေါ်သို့ အပြေးအလွှား ပြန်တက်ခဲ့သည်။ မစ္စတာဂျက်ဂါး မှာ အဝတ်လဲခန်းအတွင်း၌ ရောက်နေပြီ ဖြစ်၍ လက်များကိုပင် ဆေးကြောနေလေပြီ။

အကယ်၍ ယနေ့ည ညစာစားပွဲတွင် မနှစ်မြို့ဖွယ်ရာကောင်းသည့် အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည် ဆိုပါက များစွာ ဝမ်းနည်းပါသည် ဟု ကျွန်တော်က တောင်းပန်စကား ပြောသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်ကို အပြစ်တင်လိမ့်မည် မဟုတ်ဟုလည်း မျှော်လင့်ပါကြောင်း ပြောပြသည်။

"ဟူး..." မစ္စတာဂျက်ဂါးသည် မျက်နှာပေါ်မှ ရေများကို လက်နှင့် သပ်လိုက်ရင်း တစ်ချက်မျှ ရေရွတ်လိုက်သည်။ "ကိစ္စမရှိပါဘူး ပစ်ပ်ရာ၊ ဒါပေမဲ့ မင့်ရဲ့ ပင့်ကူကောင်ကိုတော့ ငါ သဘောကျသကွာ"

သူသည် ကျွန်တော့်ဘက်သို့ လှည့်၍ ခေါင်းကို ယမ်းပြလိုက်ပြီး မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် သူ့မျက်နှာကို သုတ်လျက် ရှိ၏။

"သူ့ကို သဘောကျတယ်ဆိုလို့ ကျွန်တော် ဝမ်းသာပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကို လုံးဝခင်လို့ မရပါဘူး"

"ဒါပေါ့၊ ဒါပေါ့" ဟု မစ္စတာဂျက်ဂါးက ပြောသည်။ "တတ်နိုင်သမျှ သူနဲ့ မရောတာ ကောင်းတယ်ဟေ့၊ သူ့ကို ရှောင်နိုင်သမျှ ရှောင်ကွ၊ သိလား၊ ဒါပေမဲ့ ငါကတော့ သူ့ကို သဘောကျတယ် ပစ်ပ်ရ၊ ဒီကောင်ဟာ အမျိုးအစားမှန်တယ်ကွ၊ သိလား၊ ဘာကြောင့်လဲဆိုတော့ တကယ်လို့ ငါသာ ဗေဒင်ဆရာ ဆိုရင်တော့ ..."

သူသည် မျက်နှာသုတ်ပဝါကြားမှ ကျွန်တော့်အား တစ်ချက်လှမ်းကြည့်သည်။ "ဒါပေမဲ့ ငါက ဗေဒင်ဆရာတစ်ယောက် မဟုတ်ဘူး ကွ" ဟု ပြောကာ သူ့ ခေါင်းတစ်ခေါင်းလုံး သည် မျက်နှာသုတ်ပဝါကြားတွင် ပျောက်သွားသည် ထို့နောက် တစ်ဖန်ပြန်၍ ပေါ်လာပြီး မျက်နှာသုတ်ပဝါဖြင့် နားရွက်များကို ပွတ်တိုက်နေပြန်သည်။ "အေးလေ... ငါ ဘာဆိုတာ မင်း သိနေတာပဲ မဟုတ်လား ပစ်ပ်ရာ၊ ကဲ... ကဲ... မင်္ဂလာညပါကွာ"

"မင်္ဂလာညပါ ခင်ဗျာ"

ထို့နောက် တစ်လခန့်မျှအကြာတွင် မစ္စတာပေါ့ကက်၏ အိမ်၌ နေ၍ ပညာသင်ယူနေရသည့် ပင့်ကူ၏ အချိန်ကာလသည် အဆုံးသတ်သွားသည်။ သူသည် သူ့မိဘများ ထံသို့ ပြန်သွားလေသည်။ သူ မရှိတော့သည့် အတွက် မစ္စတာပေါ့ကက် မှတစ်ပါး တစ်အိမ်သားလုံးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေ၏။

****

"ကျွန်မ၏ မိတ်ဆွေ မစ္စတာပစ်ပ်ရှင့်"

မစ္စတာဂါဂရီ၏ မေတ္တာရပ်ခံချက်အရ ကျွန်မ ဤစာကို ရေးလိုက်ရပါသည်။ သူ မစ္စတာဝေါ့စလေနှင့် အတူ လန်ဒန်သို့ လာရောက်မည့် အကြောင်းကို ရှင် သိစေရန် အကြောင်းကြားခြင်း ဖြစ်ရာ တွေ့ခွင့်ရမည်ဆိုပါက သူ့အနေဖြင့် များစွာဝမ်းသာရပါလိမ့်မည်။ သူ ဘားနက်ဟိုတယ်သို့ အင်္ဂါနေ့နံနက် ကိုးနာရီတွင် လာရောက်ပါလိမ့်မည်။ ရှင့်အစ်မ မစ္စက်ဂါဂရီမှာ ရှင် အိမ်မှ ထွက်သွားချိန်က အခြေအနေအတိုင်းပင် ဖြစ်ပါသည်။ ညစဉ်ညတိုင်းပင် ကျွန်မတို့သည် မီးဖိုခန်းထဲ၌ ထိုင်၍ ရှင့် အကြောင်းကို ပြောမိကြပါသည်။ ကျွန်မတို့ ရှင့်အကြောင်း ပြောနေကြ ချိန်တွင် ရှင် ဘာတွေပြောပြီး ဘာတွေလုပ်ကိုင်နေမည်ကို ကျွန်မတို့ ခန့် မှန်း ပြောဆိုမိကြပါသေးသည်။ ဟိုတစ်ချိန် ဆင်းရဲချို့တဲ့စဉ်အခါက အတူတူနေခဲ့ကြရသည်များကို သတိရသောအားဖြင့် ယခုကဲ့သို့ စာရေးလိုက်ခြင်းကို သည်းခံခွင့်လွှတ် နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အခြားအကြောင်းထူး မရှိပါ။

ရှင့်ကို အမြဲတစေ ခင်မင်လျက်ရှိသော

ဘစ်ဒီ။

မှတ်ချက်။ ။ မစ္စတာဂါဂရီက ကျွန်မအား ဟိုတစ်ချိန်က ပျော်စရာအကြောင်းများကို ရေးစေချင်သော ဆန္ဒ ရှိနေပါသည်။ သူက ရှင် နားလည်သဘောပေါက်လိမ့်မည်ဟု ပြောပါသည်။ ရှင့်အနေဖြင့် လူချမ်းသာ၊ လူကြီးလူကောင်းတစ်ယောက် ဘဝသို့ ရောက်နေသည့် တိုင်အောင် ရိုးသားဖြူစင်သော နှလုံးသားရှိသူတစ်ဦး ဖြစ်သဖြင့် မစ္စတာဂါ ဂရီအား လက်ခံတွေ့ဆုံလိမ့်မည်ဟု ကျွန်မက သံသယကင်းစွာဖြင့် မျှော် လင့်ယုံကြည်လျက် ရှိပါသည်။ မစ္စတာဂါဂရီသည် ရှင် တွေ့သင့်တွေ့ထိုက်သည့် လူတစ်ယောက် ဖြစ်သည် ဟု ကျွန်မ ယူဆပါသည်။ ကျွန်မ ဤစာကို နောက်ဆုံးစာကြောင်းများမှ တစ်ပါး အခြားရေးထားသမျှ အားလုံးကို သူ့အား ဖတ်ပြလိုက်ပါသည်။

******

ထိုစာ ကျွန်တော့်လက်တွင်းသို့ စာတိုက်မှ ရောက်လာချိန်သည် တနင်္လာနေ့ နံနက်တွင် ဖြစ်ရာ ကျွန်တော့်ယောက်ဖ ဂျိုးဂါဂရီ ရောက်လာမည့်နေ့သည် နောက်တစ်နေ့ ဖြစ်လေသည်။ ကျွန်တော့်ထံသို့ ဂျိုး အလည်ရောက်လာခြင်းနှင့် ပတ်သက်၍ ကျွန်တော့်စိတ်၌ မည်သို့ခံစားနေသည် ကို အမှန်အတိုင်း အတိအကျ ဝန်ခံခွင့်ပြုစေချင်ပါသည်။ တကယ်တော့ ကျွန်တော်နှင့် ဂျိုး၏ ကြားတွင် သံယောဇဉ် ကြီးစရာ အကြောင်းများ များစွာရှိခဲ့သည် ဖြစ်ရာ သူ အလည်လာမည်ဟူသော သတင်းစကား အတွက် ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်သည်မှာ အမှန်ပင် ဖြစ်၏။ သို့သော်လည်း ကျွန်တော် ဝမ်းမသာပါ။

ဝမ်းမသာသည့် အပြင် စိတ်တွင် များစွာ အနှောင့်အယှက် ဖြစ်နေသေး၏။ ကျွန်တော်၏ လက်ရှိအခြေအနေနှင့် လုံးဝမအပ်စပ်သော နေရာတစ်ခု ဖြစ်လာမည်ဟူသော အတွေးဖြင့် စိတ်ညစ်စိတ်ရှုပ်နေရ၏။ သူ မလာအောင် ငွေပေး၍သာ ရမည်ဆိုပါက ငွေ မည်မျှပင် ပေးရပေးရ ပေးဖို့ ဝန်မလေးပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အတွက် စိတ်သက်သာရာ ရနိုင်သည့် အချက်တစ်ချက်တော့ ရှိသည်။ ယခုစာအရဆိုလျှင် ဂျိုးလာမည့် နေရာသည် ဘားနတ်ဟိုတယ်ဖြစ်၏။ ဟင်းမားစမစ်ကို လာမည်မဟုတ်၊ သို့ဆိုလျှင် ဂျိုးနှင့် ဘင့်တလေ ဒရမ္မလီတို့ ဆုံမိစရာ အကြောင်းမရှိပေ။ ဂျိုးက ဟားဘတ် သို့မဟုတ် ဟားဘတ်၏ ဖခင် မြင်တွေ့သွားမည်ဆိုပါ က ကျွန်တော် မကြိုက်စရာ မရှိပါ။ ကျွန်တော့်အနေဖြင့် ဆုံပါစေတော့ ဟု သဘောထားနိုင်ပါသည်။ သို့သော်လည်း ကျွန်တော် အလွန်ရွံရှာစက်ဆုပ်သော ဒရမ္မလီက ဂျိုးအား မြင်တွေ့သွားမည်ကိုမူကား ကျွန်တော် သေရတော့မလောက် ကြောက်မိသည်။ ဤအမြင်ကို ဆင်ခြင်လိုက်သည့်အခါ လူ့ဘဝတစ်လျှောက်လုံးတွင် ကျွန်တော်တို့၏ အဆိုးရွားဆုံးသော အားနည်းချက်များ နှင့် သေးသိမ်ယုတ်ညံ့သော သဘောထားများသည် ကျွန်တော်တို့ မုန်းတီးစက်ဆုပ်နေသည့် လူများကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်း ဖြစ်သည် ဟု ယူဆမိပါသည်။

ယခုအချိန်တွင် ကျွန်တော်သည် ကျွန်တော့်အခန်းကို မလိုအပ်ပါဘဲလျက်နှင့် ငွေကြေးအကုန်အကျ ခံ၍ မွမ်းမံပြုပြင်ထားသည် ဖြစ်ရာ ယခင်ကနှင့် မတူတော့ဘဲ တခမ်းတနား ဖြစ်လျက် ရှိပါသည်။ ကျွန်တော် ရောက်ကာစ တွေ့ခဲ့ရ မြင်ခဲ့ရသည့် အခန်းမျိုး မဟုတ်တော့ပါ။ ဟိုတယ်အနီးရှိ ဆိုင်ကြီးတစ်ဆိုင်၏ ကတ်တလောက်စာအုပ်များ ၌ ဖော်ပြထားသော ခေတ်မီ အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို ဝယ်ယူခင်းကျင်း ထားနိုင်ပြီ ဖြစ်၍ ဂုဏ်သိက္ခာတက်လျက် ရှိသည်။ ဆိုဖာကုလားထိုင်ကြီးများ၊ ကော်ဇောများ၊ မွေ့ရာများဖြင့်သားနားထည်ဝါလျက် ရှိသည်။ ခေတ်နှင့် အမီလိုက်ရာ၌ နောက်မကျလိုသော ကျွန်တော်သည် ယခုအခါတွင် လက်တိုလက်တောင်း ခိုင်းရန်အတွက် ကောင်လေးတစ်ယောက်ကိုပင် တပည့်အဖြစ် ငှားထားပြီ ဖြစ်၏။ ဤ သတ္တဝါကလေးမှာ ကျွန်တော့်၏ အဝတ်လျှော်သည့် မိန်းမကြီး မိသားစုမှ ဝိုင်းပယ်ထားခြင်း ခံရသူ ဖြစ်၏။ သူ့ကို ကျွန်တော်ကပင် တစ်သွေးတစ်မွေးဖြစ်လာအောင် အဝတ်အစား ဆင်ထားရသည်။ ကျွန်တော် တွေ့ရသလောက်ဆိုပါက ကောင်ကလေးမှာ အလုပ်ကို နည်းနည်းမျှသာလုပ်ပြီး အစားကို များများ စားနေသူ ဖြစ်သည်။ ကြောက်မက်ဖွယ်ကောင်းသော ထိုအရည်အချင်းနှစ်မျိုးနှင့် ပြည့်စုံနေသည့် ဤကောင်ကလေးသည် ကျွန်တော်၏ လက်ရှိဘဝတည်မြဲရေးကိုပင် လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေအောင် ခြောက်လှန့်နေသည် ထင်ရလေသည်။

ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော်၏ အရိပ်သဖွယ် နောက်မှ ကပ်၍

ခြောက်လှန့်သလို ဖြစ်နေသော ဤတစ္ဆေကလေးအား ဂျိုးကိုဆီးကြိုရန် ခန်းမကြီး (နှစ်ပေပတ်လည်မျှသာကျယ်သည်) ထဲမှ စောင့်ရမည်ဟု တာဝန်ပေးလိုက်သည်။ ဟားဘတ်ကလည်း ဂျိုးကြိုက်လိမ့်မည်ဟု မှန်းဆရသော အစားအစာများကို ပြောပြပြီး ဂျိုးအား နံနက်စာကျွေးသည့်အခါ ယင်းအစားအစာများကို ထည့်သွင်းကျွေးမွေးရန် အကြံပေးသည်။

တနင်္လာနေ့ညတွင် ကျွန်တော်သည် ဟင်းမားစမစ်မှ နေ၍ လန်ဒန်မြို့တွင်းသို့လာ၍ ညအိပ်ပြီး နောက်တစ်နေ့နံနက်တွင် အစောကြီးထကာ ဧည့်ခန်းနှင့် နံနက်စာကျွေးမည့် စားပွဲကို တခမ်းတနား ဖြစ်အောင် ပြင်ဆင်ခင်းကျင်းပါသည်။ ကံမကောင်း အကြောင်းမသင့်သဖြင့် စိတ်မကြည်မလင် ဖြစ်နေရသည့် ထိုနေ့နံနက်ခင်းသည် ရာသီဥတု ကြည်လင်သာယာခြင်း ကင်းမဲ့လျက် ရှိ၏။ မိုးသေးမိုးဖွဲများ အဆက်မပြတ် ရွာချလျက်ရှိသဖြင့် ဘားနတ်ဟိုတယ်၏ အပြင်လောက မှာလည်း မှောင်မည်းလျက် ရှိလေသည်။

ဂျိုးရောက်လာမည့် အချိန် နီးကပ်လာသောအခါ ကျွန်တော်သည် အခန်းထဲမှ ထွက်ပြေးချင်စိတ်ပင် ပေါက်လျက် ရှိသည်။ သို့သော်လည်း မဖြစ်နိုင်သည့် ကိစ္စပါ။ ကျွန်တော့်တပည့် 'အရိပ်တစ္ဆေ' သည် ကျွန်တော်၏ ညွှန်ကြားချက်အတိုင်း ရောက်လာမည့် ဧည့်သည် ကို ကြိုဆိုရန် ခန်းမကြီးထဲမှ စောင့်နေပြီ ဖြစ်သည်။ မကြာခင်မှာပင် လှေကားမှ တက်လာနေသော ခြေသံများကို ကျွန်တော် ကြားရသည်။ ခြေသံများ ကြားရုံမျှဖြင့် ဂျိုးမှန်း ကျွန်တော် သိ၏။ သူ၏ အချိုးအစား မကျသော လမ်းလျှောက်ပုံနှင့် အမြဲတစေ ချောင်နေလေ့ရှိသော သူ့ရှူးဖိနပ်ကြီးတို့သည် ခြေသံများကြားရုံမျှဖြင့် သူမှန်းသိသာစေ၏။ သူ့ခြေသံများသည် ရပ်သွားလိုက် ပေါ်လာလိုက်...၊ အခြားအခန်းများ၏ တံခါးများပေါ်၌ ရေးထားသည့် နာမည်များကို ရပ်၍ ... ရပ်၍ ဖတ်နေဟန် တူသည်။ ထို့နောက် သူ့ခြေသံသည် ကျွန်တော်တို့ တံခါးရှေ့၌ ရပ်သွားသည်။ ကျွန်တော့်နာမည် ရေးထားသည့် စာလုံးများ အပေါ် လက်ထောက်သံကိုပင် ကျွန်တော် ကြားရသည်။ ထို့နောက် သော့ပေါက်မှ နေ၍ အခန်းတွင်းသို့ ချောင်းကြည့်နေဟန် တူသည်။ သူ၏ အသက်ရှူသံကို ကျွန်တော် ကောင်းစွာကြားနေရ၏။ နောက်ဆုံးတွင် တံခါးကို တစ်ချက်မျှ အသာကလေး ခေါက်သည်။ တစ်ပြိုင်တည်းလိုလိုပင် 'မစ္စတာဂါဂရီ ရောက်လာပြီ' ဟု အော်ပြောလိုက်သော ပက်ပါး (ကျွန်တော့်တပည့် အရိပ်တစ္ဆေ၏ နာမည်)၏ အသံကိုပါ ကြားလိုက်ရသည်။ တံခါးဝရှိ ခြေသုတ်ဖုံတွင် ခြေ သုတ်လျက်ရှိသော ဂျိုးသည် မပြီးနိုင်မစီးနိုင် ဖြစ်လျက်ရှိရာ ကျွန်တော် ကိုယ်တိုင် အပြင်ထွက်ပြီး အတင်းဆွဲသွင်းပါမှ ဖြစ်တော့မည်ဟု ထင်လိုက်မိသေး၏။ သို့သော်လည်းတော်ပါသေးသည်။ ကျွန်တော် ဘာမှ မလုပ်လိုက်ရခင် သူ့ဘာသာသူ အခန်းထဲသို့ ဝင်လာသည်။

"နေကောင်းရဲ့ နော် ဂျိုး"

"အေး... ကောင်းတယ် ပစ်ပ်။ မင်းကော နေကောင်းရဲ့လား"

သဘောမနောကောင်းပြီး ရိုးသားဖြူစင်လှသော ဂျိုး၏ မျက်နှာသည် နီရဲလျက် ရှိသည်။ သူသည် လက်ထဲကိုင်ထားသည့် သူ့ဦးထုပ်ကို ကျွန်တော်နှင့် သူ့ကြား ကြမ်းပေါ်၌ ချထားလိုက်ပြီး ကျွန်တော့်လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ လက်ဆွဲရေစုတ်ပန့်တစ်ခုကို ဆွဲသည့်နှယ် အထက်အောက် အကြိမ်ပေါင်းများစွာ လှုပ်ခါလျက် ရှိလေသည်။

"ခင်ဗျားနဲ့ တွေ့ရတာ ကျွန်တော် ဝမ်းသာပါတယ်... ဂျိုး၊ ခင်ဗျား ဦးထုပ် ဒီကိုပေးလေ"

သို့သော်လည်း ဂျိုးသည် သူ့ဦးထုပ်ကို ဥများ ရှိနေသည့် ငှက်သိုက်တစ်ခုသဖွယ် လက်နှစ်ဖက်ဖြင့် တယုတယပိုက်ကာ ရင်ခွင်၌ အပ်ထားသည်။ ကျွန်တော်က ဦးထုပ်ပေးဖို့ တောင်းလိုက်သည် ကိုလည်း ကြားပုံမရ။ ထိုနေရာ၌ပင် အူတိအူကြောင်ဖြင့် ရပ်ကာ ပြောမိပြောရာ စကားများ ကို ဆက်ပြောလျက် ရှိသည်။

"မင်း.. ကွာ၊ ထွားလာလိုက်တာ" ဟု ဂျိုးက တအံ့တဩ ရေရွတ်သည်။ "ဝလည်း ဝလာတယ်၊ ခန့်လည်း ခန့်... ချောလည်း ချော၊ တယ်နေရာကျတာပဲ" ဂျိုးသည် သူပြောလိုသည့် စကားအတွက် သင့်တော်ရာ စကားလုံး ရှာမရ၍ အခက်တွေ့နေဟန်ဖြင့် တစ်ခဏမျှ စဉ်းစားနေသေးသည်။ "မင်းရဲ့ ဘုရင်နဲ့ တိုင်းပြည်ကတော့ မင့်အတွက် ဂုဏ်တက်ကြမှာ သေချာပါတယ်... ကွာ"

"ခင်ဗျားကြည့်ရတာလည်း အတော့်ကို ကျန်းမာတာပဲ ဂျိုး"

"ဘုရားသခင် ကျေးဇူးပေါ့ကွာ" ဟု ဂျိုးက ပြောသည်။ "မင့်အစ်မကတော့ မင်း သွားတုန်းကအတိုင်းပဲ၊ တိုးလည်း ဆိုးမလာဘူး၊ တိုးပြီးတော့လည်း ကောင်းမလာဘူး၊ ဘစ်ဒီ တစ်ယောက်လည်း ဟိုတုန်းကအတိုင်းပါပဲ၊ သိပ်ကို အဖော်ရပါရဲ့၊ ရွာက မိတ်ဆွေအားလုံး အဆင်ပြေကြပါတယ်၊ ဝေါ့စလေ တစ်ယောက်က လွဲလို့ပေါ့... ကွာ၊ သူကတော့ နည်း နည်းအခြေပျက်သွားတယ်... ကွ"

ဤစကားများကို ပြောနေသည့် အချိန် တစ်ချိန်လုံး (ထိုအချိန်အထိ သူ့လက်တွင်းမှ ငှက်သိုက်ကို သူ့လက်နှစ်ဖက်ဖြင့် သတိကြီးစွာထား၍ ကိုင်ထားဆဲ ဖြစ်သည်။) ဂျိုးသည် အခန်းထဲမှ အလွန်ခံ့ညားထည်ဝါလျက်ရှိသော အပြင်အဆင် အခင်းအကျင်းများကို မျက်လုံးအပြူးသားဖြင့် တလည်လည်လျှောက်ကြည့်နေသည်။

"အခြေပျက်သွားတယ်၊ ဟုတ်လား ဂျိုး"

"အေး.. ဟုတ်တယ်" ဟု ဂျိုးက အသံကို ခပ်တိုးတိုးနှိမ့်၍ ဖြေသည်။ "အခု သူ ဘုရားရှိခိုးကျောင်းအလုပ်က ထွက်သွားပြီကွ၊ ဇာတ်ထဲရောက်နေတယ်၊ ဇာတ်သမားဆိုတော့ ထုံးစံအတိုင်း သူ့အလုပ်က လန်ဒန်မှာပေ့ါ၊ အခု ငါ လန်ဒန်ကို လာခဲ့တာဟာ သူနဲ့ အတူတူ လိုက်လာတာ" ဂျိုးသည် သူ့ဦးထုပ်ကို ဘယ်လက်နှင့်

ပွေ့ထားပြီး ညာလက်ဖြင့် ဦးထုပ်ထဲ နှိုက်သည်။
ကျွန်တော်က ဂျိုးလက်ထဲမှ ကြေမွနေသော စက္ကူစကို လှမ်းယူလိုက်သည်။ လန်ဒန်မြို့လယ်ရှိ ဇာတ်ရုံတစ်ရုံမှ ပွဲလက်မှတ်တစ်စောင် ဖြစ်သည်။

"ခင်ဗျား သူပါတဲ့ ပြဇာတ်ကို ကြည့်ခဲ့ပြီးပြီလား... ဂျိုး"

"အေး... ကြည့်ခဲ့ပြီးပြီ"

"တော်တော်ကောင်းရဲ့လား"

"မဆိုးလှပါဘူး၊ ကောင်းသားပဲ" ဟု ဆိုကာ ဂျိုးက သူ ကြည့်ခဲ့ရသည့်ဇာတ်ထဲက ဝေါ့စလေ ကပြပုံများကို သူ့ဉာဏ်မီသလောက် ဝေဖန်ပြောပြနေသည်။ ထိုအခိုက်မှာပင် ဟားဘတ် အခန်းထဲသို့ ဝင်လာသည်။ ကျွန်တော်က ဂျိုးကို ဟားဘတ်နှင့် မိတ်ဆက်ပေးပါသည်။ ဟားဘတ်က ထုံးစံအတိုင်း လက်ဆွဲနှုတ်ဆက်ရန် သူ့လက်ကို ကမ်းသည်။ ဂျိုးကတော့ သူ့လက်ကို ပြန်၍ မကမ်းဘဲ သူ့ဦးထုပ်ကြီးကိုသာ သဲသဲမဲမဲ ဆုပ်ကိုင်ထားလေသည်။

"ခင်ဗျားနဲ့ ပစ်ပ်တို့ ကတော့" ဟု ဆိုကာ ဂျိုးသည် စကားကို ဆက်မပြောသေးဘဲ အခန်းထဲရှိ နံနက်စာစားပွဲပေါ်သို့ ပေါင်မုန့်မီးကင် များ လာချနေသော ကျွန်တော့်တပည့် အရိပ်တစ္ဆေကို လှည့်ကြည့်သည်။ ဤသူငယ်ကို ကျွန်တော်တို့ နှစ်ယောက်နှင့် တစ်ဖွဲ့တည်းထား၍ ထည့် သွင်းပြောဆိုရန် သင့် မသင့် စဉ်းစားနေသည်မှာ ထင်ရှားလျက် ရှိ၏။ အလွဲလွဲအမှားမှား ဖြစ်သွားမည်ကို စိုးရိမ်မိသော ကျွန်တော်က မျက်နှာရိပ်မျက်နှာကဲ ပြသည့် အနေဖြင့် မျက်မှောင် တစ်ချက်ကုတ်၍ ကြည့်လိုက်မိသည်။ ထိုအခါ ဂျိုးသည် စိတ်ရှုပ်သွားပုံ ရ၏။ သို့သော်လည်း စကားကိုတော့ ပြင်၍ ပြောလေသည်။ "ကျုပ်ဆိုလိုတာက ခင်ဗျားတို့ လူကြီးလူကောင်းနှစ်ယောက်ကို ပြောတာပါ၊ ဒီလောက် ကျဉ်းကျပ်တဲ့ နေရာမျိုးမှာ နှစ်ယောက်စလုံး ကျန်းကျန်းမာမာ ရှိနေတာတွေ့ရလို့ ဝမ်းသာပါတယ်၊ လန်ဒန်မြို့ပေါ်က လူတွေအတွက်တော့ ဒီနေရာဟာ အလွန်အဆင့်အတန်းမြင့်တဲ့ အကောင်းစား ဟိုတယ်ကြီးတစ်ခု ဖြစ်မှာပါပဲ၊ ဒါပေမဲ့ ကျွန်တော်သာ ဆိုရင်တော့ ဒီအခန်းမျိုးမှာ ဝက်တောင် မထားပါဘူး"

ကျွန်တော်တို့ အခန်းကို ဂျိုးက သူ့စိတ်ထဲရှိသည့် အတိုင်း ချီးမွမ်းခန်းဖွင့်အပြီးတွင် မူ ဂျိုးသည် အချိုးတစ်မျိုး ပြောင်းသွားသည်။ ကျွန်တော့်အား စကားပြောသည့် အခါ "ခင်ဗျား" တစ်လုံး "ကျွန်တော်" တစ်လုံး ဖြစ်လာသည်။ ကျွန်တော်တို့ က သူ့အား စားပွဲတွင် ဝင်ထိုင်ဖို့ ပြောကြပါသည်။ သူသည် သူ့လက်ထဲမှ ဦးထုပ်ကို ထားစရာ နေရာ ရှာလျက်ရှိရာ နောက်ဆုံးတွင် အခန်းထောင့်မှ ဗီရိုတစ်လုံးကို မြင်သဖြင့် သူ့ဦးထုပ်ကို ထိုဗီရိုပေါ်တွင် တင်ထားလိုက်၏။ သို့သော်လည်း သူ့ဦးထုပ်သည် ထားသည့် နေရာ၌ ငြိမ်ငြိမ်မနေဘဲ မကြာခဏ လိမ့်ကျလျက် ရှိရာ ဂျိုးခမျာ ဦးထုပ်လိမ့်ကျတိုင်း ပြန်ကောက်တင်နေရသဖြင့် ကောင်းကောင်း နေရသည် ဟု မရှိတော့ပါ။

"ကဲ... မစ္စတာ ဂါဂရီ၊ လက်ဖက်ရည်သောက်မလား၊ ကော်ဖီသောက် မလား၊

နံနက်စာ စားကြတိုင်း ဦးစီးဦးဆောင်ပြု၍ ညှော့ခံလေ့ရှိသော ဟားဘတ်က မေးသည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ" သူ့တစ်ကိုယ်လုံးကို တောင့်တောင့်ကြီး လုပ်၍ ထိုင်နေသော ဂျိုးက ပြန်ပြောသည်။

"လူကြီးမင်း ကောင်းမယ်ထင်တာသာ တိုက်ပါ၊ ကျွန်တော် သောက်ပါတယ်"

"ကော်ဖီဆိုရင် ဘယ့်နှယ်လဲ"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ" ဟု ပြန်ပြောလိုက်သော်လည်း သူ့မျက်နှာထားကတော့ ကော်ဖီသိပ်ကြိုက်ပုံမရ။ "လူကြီးမင်းက ကော်ဖီတိုက်ချင်တယ်ဆိုရင်လည်း ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ လူကြီးမင်းရဲ့ ဆန္ဒကို ဆန့်ကျင်ဖို့ စိတ်မကူးပါဘူး၊ ဒါပေမဲ့ ကော်ဖီဆိုတော့ နည်းနည်းပါးပါး ပူ..."

"ဒီလိုဆိုလည်း လက်ဖက်ရည်သောက်ကြတာပေါ့" ဟု ဟားဘတ်က ပြောပြီး လက်ဖက်ရည် ထည့်ပေးသည်။

ထိုအခိုက်မှာပင် ဂျိုး၏ ဦးထုပ်သည် ဗီရိုပေါ်မှ လိမ့်ကျလာပြန်သည်။ ဂျိုးသည် ထိုင်နေရာမှ ကပျာကယာ ထသွားပြီး ဦးထုပ်ကို ကောက်၍ မူလနေရာ၌ ပြန်တင်သည်။ သို့သော်လည်း တင်ထားပုံ နေရာမကျသဖြင့် ဦးထုပ်သည် မကြာခင် ပြန်ကျလာဦးမည်မှာ သေချာသည်။

"လန်ဒန်ကို ဘယ်တုန်းက ရောက်ပါသလဲ မစ္စတာဂါဂရီ"

ဂျိုးက သူ့ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍ ချောင်းဆိုးလိုက်ပြီးမှ "ဒီကို ရောက်တာ မနေ့ နေ့ခင်းကလားပဲ" ဟု မရေမရာသံဖြင့် ရေရွတ်သည်။ "အဲ.. မဟုတ်ဘူး၊ မနေ့ နေ့ခင်းက မဟုတ်ဘူး၊ အို... ဟုတ်တယ်၊ မနေ့ နေ့ခင်းက၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်ရောက်တာ မနေ့က နေ့ခင်းပဲ”

"လန်ဒန်မြို့ပေါ်မှာ ကော လျှောက်လည်ပြီးပြီလား"

"ဩော်... အင်း ဟုတ်ကဲ့၊ နည်းနည်းပါးပါးတော့ လည်ပြီးပါပြီခင်ဗျာ၊ ရောက်တဲ့ နေ့က ကျွန်တော့်အဖော် မစ္စတာဝေါ့စလေက ခေါ်သွားလို့ တချို့နေရာတွေကို ရောက်ခဲ့ပါတယ်"

ကျွန်တော်တို့ နှင့် စကားပြောနေရသော်လည်း ဂျိုးသည် စိတ်အေးနားအေးရှိပုံ မရ။ ဗီရိုပေါ်မှ သူ့ဦးထုပ်ကျလာမည်ကို စိုးရိမ်သောစိတ်ဖြင့် ကြည့်ကွက်.. ကြည့်ကွက် လုပ်လျက် ရှိသည်။ ဤအခိုက်မှာပင် ဦးထုပ်က ကျလာပြန်သည်။ မျက်စိရှင်သော ဂျိုးက လျင်မြန်စွာထသွားပြီး ဖမ်းယူလိုက်သဖြင့် လမ်းခုလတ်မှာပင် မိသည်။ သူသည် သူ့ဦးထုပ်ကို မူလနေရာတွင် တင်ထားလိုက်ပြန်၏။ နောက်ဆုံးတွင် ဂျိုး၏ ဦးထုပ်သည် လက်ဆေးရေဇလုံထဲသို့ ကျသွားသည်။ ထိုအခါကျမှပင် ဂျိုး၏ ဦးထုပ်ကို ကျွန်တော်ကိုယ်တိုင်ယူ၍ သိမ်းထားလိုက်သဖြင့် သူ့တာဝန်ကြီး တစ်ခုမှ လွတ်မြောက်သွားရလေတော့သည်။

မည်သို့ပင်ဖြစ်စေ ဝတ်စုံသစ်ဝတ်ထားရသော ဂျိုးသည် သူ့ဝသီအတိုင်း အလွန် စိတ်ကျဉ်းကျပ်လျက် ရှိရာ၏။ ဤကြားထဲတွင် တခမ်းတနား ပြင်ဆင်ခင်းကျင်းထားသည့် အခန်း၌ ထိုင်နေရသောအခါ ပို၍ အနေရ အထိုင်ရ ခက်နေပုံ ပေါ်သည်။ အခန်းထဲ၌ မြင်နေရသမျှ ပစ္စည်းအား လုံးမှာလည်း သူ့အတွက် စိတ်ဝင်စားစရာနှင့် အံ့ဩစရာချည်း ဖြစ်နေဟန် တူသည်။ တစ်ခါတစ်ရံတွင် ဂျိုးသည် အစားတစ်ခုကို ခက်ရင်းဖြင့် ထိုးကော်၍ ယူပြီးကာမှပါးစပ်ထဲ မခွံ့ဘဲ ခက်ရင်းကိုင်လျက် တန်းလန်းဖြင့် ငေးမိငေးရာ ကြည့်နေတတ်သည်။ တစ်ခါတစ်ရံတွင် မူ စားဖို့ သောက်ဖို့ ကို သတိမရတော့ဘဲ ပါးစပ်အဟောင်းသားဖြင့် အခန်းထဲရှိ ပစ္စည်းများကို လှည့်ပတ် ကြည့်ရှုနေတတ်သည်။ ဤကဲ့သို့ ဖြစ်နေသည့် အထဲတွင် တစ်ချက်... တစ်ချက် ချောင်း က ဆိုးလိုက်ပြန်သေး၏။ သူထိုင်နေပုံမှာလည်း စားပွဲနှင့် ကွာလွန်းလှသည် ဖြစ်ရာ သူ့လက်နှင့် လှမ်း၍ ယူသမျှ အစားအစာများသည် သူ့ပါးစပ်ထဲ ရောက်သည် က နည်းပြီး အောက်သို့လွတ်ကျသွားသည် က များလျက်ရှိသဖြင့် စားရသောက်ရသည် ဟု မရှိတော့ပေ။ အိုးနင်းခွက်နင်း အဖြစ်မျိုး ရောက်နေသော ဂျိုးကိုကြည့်ကာ ကျွန်တော့်မှာ အကြီးအကျယ် ရှက်နေမိ၏။ အချိန်တန်၍ ဟားဘတ် မြို့ထဲ ထွက်သွားကာမှပင် ကျွန်တော့်မှာ အသက်ကို မှန်မှန်ရှူနိုင်လေတော့သည်။

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ဂျိုး ယခုကဲ့သို့ ဖြစ်ရခြင်းသည် သူ့အပြစ်မဟုတ်။ ကျွန်တော့်အပြစ် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်အခါကတော့ ကျွန်တော့်အပြစ်ဟု ခပ်ပေါ့ပေါ့ကလေး မသိခဲ့ပေ။ အကယ်၍ ကျွန်တော်ကသာ ဟိုတုန်းကနေခဲ့သလို ခပ်ပေါ့ပေါ့ကလေး နေခဲ့ပါမူ ဂျိုးအနေဖြင့် ဤမျှလောက် ရုပ်ပျက်ဆင်းပျက် အခြေအနေမျိုးသို့ ရောက်လိမ့်မည် မဟုတ်ပေ။ သူ့အနေဖြင့် ရေလိုက်ငါးလိုက် နေသွားနိုင်စရာ ရှိ၏။ ယခုသော်မူ ကျွန်တော်က သူ့အတွက် ရှက်နေခြင်းကို သိသာအောင် ဖော်ပြခဲ့မိရုံမျှမက သူ့အပေါ်တွင် သည်းမခံနိုင်လောက်အောင် စိတ်မရှည်သည့် အမူအရာများကို ပြခဲ့မိ၏။ ကျွန်တော့်အခြေအနေကို ရိပ်စား နားလည်သော ဂျိုးသည် ကျွန်တော် အရှက်မရအောင်၊ ကျွန်တော် ကျေနပ်အောင် အထူးသတိထား၍ ကြိုးစားရှာသည်။ ယင်းကဲ့သို့ ကြိုးစား လေလေ ကျွန်တော့်မှာ ပို၍ အရှက်ကွဲလေ ဖြစ်ရခြင်းပေတည်း။

"အခုဆိုရင် ဒီအခန်းထဲမှာ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ရှိတယ်မဟုတ်လားခင်ဗျာ" ဟု ဂျိုးက မေးသည်။

"ဒီမှာ ဂျိုး" ကျွန်တော် စိတ်တိုသောလေသံဖြင့် သူ့ကို ဟန့်လိုက်မိသည်။ "ကျွန်တော့်ကို ခင်ဗျား တွေ ကျွန်တော် တွေ သုံးပြီး မပြောနဲ့ ဗျာ"

ဂျိုးသည် ကျွန်တော့်ကို တည်ငြိမ်သောမျက်နှာထားဖြင့် အတန်ကြာ မျှ စိုက်ကြည့်နေသည်။ ကျွန်တော့်လေသံကို မကြိုက်ကြောင်း သူ့အကြည့်က ဖော်ပြလျက် ရှိလေသည်။

"အခုဆိုရင် အခန်းထဲမှာ ငါနဲ့ မင်းနဲ့ နှစ်ယောက်တည်း ကျန်ခဲ့ပြီ နော် ဟုတ်လား" ဟု ဂျိုးက စကားကိုပြင်ပြောသည်။ "ဒီအခန်းထဲမှာ နောက်ထပ်အချိန်ကြာကြာ နေဖို့ ငါ စိတ်မကူးပါဘူး၊ အဲဒီတော့ လာရင်း ကိစ္စနဲ့ ပတ်သက်လို့ လိုရင်းစကားကို ပြောမှ ဖြစ်တော့မယ်၊ ငါ့ဆန္ဒကတော့ ငါဟာ မင့်အတွက် အသုံးကျတဲ့လူပဲ ဖြစ်ချင်တယ်၊ ငါ့ကြောင့် မင့်ရဲ့ လူကုံထံအသိုင်းအဝိုင်းမှာ အတားအဆီး အနှောင့်အယှက် မဖြစ်စေချင်ဘူး"

ကျွန်တော် သူ့အကြည့်ကို ရင်မဆိုင်ရဲ။ သူ့စကားကိုလည်း တုံ့ပြန်ခြင်း မပြု။

"ဖြစ်လာပုံက ဒီလိုပါခင်ဗျာ" ဟု ဂျိုးက စကားစ၏။ "တစ်ညမှာ လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံကို ငါ ရောက်သွားတယ် ပစ်ပ်" ယခင် ကစိတ်မျိုး ဝင်လာသည့် အခါ ဂျိုးသည် ကျွန်တော့်အား ဟိုတုန်းကလိုပင် 'ပစ်ပ်" ဟု တရင်းတနှီး ခေါ်ပြီး မင်းနှင့် ငါနှင့် စကားပြောသည်။ ကျွန်တော်၏ လက်ရှိအခြေအနေကို သိပ်ပြီး သတိထားမိပြန်သော အခါတွင် မူ "ခင်ဗျား" "ကျွန်တော်" အသုံးအနှုန်းများကို သုံးသည်။ ဤသို့ဖြင့် ဂျိုးသည် ကျွန်တော့်အား စကားပြောရာ၌ "မင်း... ငါ" သုံးသည့် အခါသုံး၍ "ကျွန်တော်၊ ခင်ဗျား" သုံးသည့် အခါ သုံးလျက် ရှိသည်။ "အဲဒီမှာ ပန်ဘဲလ်ချု တစ်ယောက် သူ့မြင်းရထားကြီးနဲ့ ရောက်လာတယ်။ သူ့ကြည့်ရတာ မင့်ရဲ့ ငယ်ပေါင်း တစ်ယောက်လိုပဲကွ"

"မဟုတ်က ဟုတ်က၊ ကျွန်တော့်ငယ်ပေါင်းက ခင်ဗျားတစ်ယောက်တည်း ရှိခဲ့တာပဲ ဂျိုးရာ"

"ဟုတ်ပါတယ် လကွာ၊ ငါကလည်း အဲသလိုပဲ နားလည်ထားပါတယ် ပစ်ပ်ရာ" ဟု ဂျိုးက ခေါင်းတစ်ချက် ဆတ်၍ ပြောသည်။ "အခု မြင်နေရတဲ့ အခြေအနေအရ ဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော်ဟာ ငယ်ပေါင်းတွေ မဟုတ်သလို ဖြစ်နေပေမယ့် ငယ်ပေါင်းလိုပဲ ယူဆမိထားတုန်းပါပဲ... ဗျာ၊ အဲ... ပြောနေတဲ့ စကားတောင် ဘယ်ရောက်သွားပါလိမ့်၊ အဲ... အဲ... ပန်ဘဲလ်ချု ကျွန်တော့်ဆီ ရောက်လာတယ်၊ သူပြောတာက 'ဂျိုး မင်းနဲ့ စကားပြောစရာရှိလို့ သူ့ဆီလာခဲ့ပါလို့ မစ္စဟေဗီရှမ်က မှာ လိုက်တယ်'တဲ့ "

"မစ္စဟေဗီရှမ်က... ဟုတ်လား ဂျိုး"

"ဟုတ်တယ်၊ သူက စကားပြောချင်လို...တဲ့။ ပန်ဘဲလ်ချုက အဲဒီလိုပဲ ပြောတယ်" ဂျိုးသည် စကားကို ဆက်မပြောဘဲ မျက်နှာကြက်ကို မော့ကြည့်နေသည်။

"ကဲ.. ဂျိုး၊ ဆက်ပြောလေဗျာ"

"နောက်တစ်နေ့ကျတော့ ကျွန်တော် အဝတ်အစားသစ်တွေ ဝတ်ပြီး မစ္စဟေဗီရှမ်နဲ့ သွားတွေ့တယ်"

"ဟုတ်ကဲ့.. ကျွန်တော် မစ္စဟေဗီရှမ်နဲ့ သွားတွေ့ပါတယ်"

"သူ မေးတာက ဒီလို..."

"မစ္စတာဂါဂရီ၊ မင်း မစ္စတာပစ်ပ်နဲ့ အဆက်အသွယ် ရှိသေးသလားတဲ့။

မင့်ဆီက စာတစ်စောင် ရထားလေတော့ ငါလည်း 'အဆက်သွယ် ရှိပါတယ်' လို့ ဖြေလိုက်တယ်၊ ဒီတော့ သူက 'အက်စတယ်လာ ပြန်ရောက်နေပြီ၊ သူ့ကိုတွေ့ရင် အက်စတယ်လာ ဝမ်းသာလိမ့်မယ်၊ အဲဒီစကားကို ပစ်ပ်သိအောင် ဆောင်ရွက်ပေးပါ' လို့ ပြောတယ်။

ဂျိုးကို ကြည့်နေသည့် ကျွန်တော့်မျက်နှာသည် ထူပူလျက် ရှိ၏။ အက်စတယ်လာ ဟူသော နာမည်သည် ကျွန်တော့်အား ဤမျှလောက်အထိ အခြေပျက်သွားအောင် ဖန်တီးလျက် ရှိသည်။

"ငါအိမ်ပြန်ရောက်တော့ ခင်ဗျားဆီ အကျိုးအကြောင်း စာတစ်စောင် ရေးဖို့ ဘစ်ဒီကို ခိုင်းတယ်၊ ဘစ်ဒီက ဒီသတင်းစကားကို ဆိုရင်တော့ ရှင်ကိုယ်တိုင် သွားပြောမှ ကောင်းမယ်၊ သူလည်း သိပ်ဝမ်းသာမှာ၊ ရှင်လည်း အားတဲ့ရက်နဲ့ ကြုံကြိုက်တုန်း သူနဲ့ တွေ့ရတာပေါ့၊ ကိုယ်တိုင်ပဲ သွားလိုက်ပါတဲ့။ ကျွန်တော်လာတဲ့ ကိစ္စက ဒါပါပဲဗျာ" စကားဆုံးသည် နှင့် တစ်ပြိုင်နက် ဂျိုးသည် ထိုင်ရာမှ ထသည်။ "အဲဒါပဲ ပစ်ပ်၊ မင်း ကျန်းမာပါစေကွာ၊ အခုရောက်နေတဲ့ အခြေအနေထက် ဆထက်ထမ်းပိုး တိုးပြီး ချမ်းသာကြွယ်ဝပါစေလို့လည်း ငါ ဆုတောင်းပါတယ်"

"ဟာဗျာ... ခင်ဗျား ချက်ချင်းပြန်လို့ ဘယ်ဖြစ်ဦးမလဲ"

"ပြန်မှ ဖြစ်မယ် ပစ်ပ်"

"ညစာတော့ စားသွားဦးမှပေါ့ ဗျာ"

"မဖြစ်ဘူး ပစ်ပ်၊ ငါ မစားတော့ဘူး"

ကျွန်တော်တို့ မျက်လုံးချင်း ဆုံမိကြသည်။ ဂျိုးက သူ့လက်တစ်ဖက် ကို ကျွန်တော့်ဆီသို့ လှမ်းပေးသည်။ ခင်ဗျားနှင့် ကျွန်တော်နှင့် ပြောရ လောက်အောင် စိမ်းသည့် အရိပ်လက္ခဏာများသည် သူ့မျက်လုံးထဲတွင် မရှိတော့ပေ။

"သူငယ်ချင်းပစ်ပ်၊ လူ့ဘဝဟာ ဒီလိုပဲ၊ လူချင်းတူပေမယ့် ဘဝချင်း ကျတော့ မတူဘူး၊ တစ်ယောက်က ပန်းပဲဆရာ၊ တစ်ယောက်က သံဖြူဆရာ၊ တစ်ယောက်က ရွှေပန်းထိမ်ဆရာ၊ နောက်တစ်ယောက်ကျတော့ ကြေးပစ္စည်းလုပ်တဲ့လူ၊ အဲသလို ကွဲပြားမှုတွေ ရှိနေတယ်။ အဲသလို ကွဲပြားခြားနားမှုမျိုးတွေကတော့ ရှိနေမှာပဲ၊ ရှိနေတော့လည်း ရှိနေတဲ့ အတိုင်းပဲ လက်ခံကြရမှာပဲ၊ ကိုယ့်ဘဝနဲ့ ကိုယ်ပေါ့ကွာ၊ တကယ်လို့ မင်းနဲ့ ငါ့ကြားမှာ မပြေလည်တာရှိမယ်ဆိုရင် မင်းကြောင့် မဟုတ်ပါဘူး၊ ငါ့ကြောင့်ပဲ ဖြစ်မှာပါ၊ ငါ့အပြစ်ပဲ ဖြစ်မှာပါ၊ မင်းနဲ့ ငါနဲ့ ဟာ လန်ဒန်မြို့ကြီးပေါ်မှာ ဆုံမိကြဖို့ မသင့်ဘူး၊ တစ်ဦးနဲ့ တစ်ဦးကြားမှာ မိတ်ဆွေသူငယ်ချင်းတွေ အဖြစ်နဲ့ နားလည်မှု မရှိသမျှကာလပတ်လုံး ဘယ်နေရာမှာမှ မဆုံမိသင့်ဘူးလို့ ငါထင်တယ်။ ဒီလိုပြောတာဟာ ငါက မာနကြီးလို့ ပြောတာ မဟုတ်ပါဘူး၊ အမှန်ကို အမှန်အတိုင်း မြင်စေချင် လို့ပါ။ ငါဟာ အခုဝတ်လာတဲ့ အဝတ်အစားတွေနဲ့ လုံးဝမအပ်စပ်တဲ့ လူတစ်ယောက်ပါကွာ...၊ ပန်းပဲဖိုရယ်၊ မီးဖိုချောင်ရယ်၊ စိမ့်မြေတောရယ်၊ အဲဒီနေရာတွေက အပြင်ကို ထွက်သွားရင် ငါဟာ နေရာမှန်လူမှန် မဟုတ်တော့ဘူး ပစ်ပ်၊ ငါ့ကိုယ်ပေါ်မှာ ပန်းပဲသမားဝတ်စုံ ဝတ်ထားရင်၊ ငါ့ လက်ထဲမှာ

တူကြီးကိုင်ထားရင်၊ ငါ့ပါးစပ်မှာ ဆေးတံခဲထားရင် မင်းအနေနဲ့ ငါ့အပေါ်မှာ အပြစ်ရှာလို့ မရနိုင်ပါဘူး၊ တကယ်လို့ မင်းအနေနဲ့ ပန်းပဲဖိုထဲမှာ ချွေးတလုံးလုံးနဲ့ အလုပ်လုပ်နေတဲ့ ပန်းပဲသမား ဂျိုးကို မြင်ရမယ်ဆိုရင် ဘယ်လိုနည်းနဲ့ မှ အပြစ်မမြင်နိုင်ဘူးပေါ့ကွာ၊ သူငယ်ချင်း ပစ်ပ်ရယ်၊ မင့်ကို ဘုရားသခင် စောင်မတော်မူပါစေလို့ ငါ ဆုတောင်းပါတယ်၊ သူငယ်ချင်းပစ်ပ်ရယ်၊ မင့်ကို ဘုရားသခင်က စောင့်ရှောက်ပါစေ"

တကယ်တော့ လူရိုးတစ်ယောက်ဖြစ်သော ဂျိုးတွင်လည်း ရိုးသားသောဂုဏ်၊ ရိုးသားသော သိက္ခာနှင့် ရိုးသားသော မာနသည် ရှိပေလိမ့်မည်။ ဤသဘောသဘာဝကို နားမလည်ခဲ့ခြင်းသည် ကျွန်တော်၏ အမှားဖြစ်ချေသည်။ သူ့နှုတ်မှ ဤစကားများ ပြောကာမှပင် အဝတ်အစား၏ အဓိကမကျမှုကို ကျွန်တော် မြင်မိပါသည်။ ဂျိုးသည် သူ့လက်တစ်ဖက်ဖြင့် ကျွန်တော့်နဖူးကို အသာအယာထိလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ ကိုယ့်အမှားကိုယ်ပြန်၍ မြင်လိုက်မိသော အချိန်တွင် ဂျိုးသည် အခန်းထဲ၌ မရှိတော့ပေ။ ကျွန်တော်သည် အခန်းထဲမှ ကသောကမျော‌ထွက်ကာ ဟိုတယ်အပြင်သို့ အပြေးအလွှား ထွက်လာခဲ့မိသည်။ အနီးအနား ပတ်ဝန်းကျင်ရှိ လမ်းများ အတွင်းသို့ တစ်လမ်းဝင် တစ်လမ်းထွက်၍ ဂျိုးအား လိုက်ရှာသည်။ သို့သော်လည်း ဂျိုး၏ အစအနကိုပင် မမြင်ရတော့ချေ။

******

ဂျိုး ပြောပြသွားသည့် စကားအရဆိုလျှင် ကျွန်တော့် အခြေအနေသည် ကျွန်တော်တို့ မြို့သို့ မပြန်၍ မဖြစ်သည်မှာ ထင်ရှားလျက် ရှိသည်။ အကယ်၍ ပြန်မည်ဆိုပါကလည်း ကျွန်တော့်စိတ်တွင် အစဉ်တစိုက် ဖြစ်ပေါ်နေသည့် နောင်တတရားအရ ဂျိုးထံတွင် မတည်း၍ မဖြစ်သည်မှာ ထင်ရှားလျက် ရှိ၏။ သို့သော်လည်း နောက်တစ်နေ့ထွက်မည့် မြင်းရထားကြီးနှင့် လိုက်ရန် အထူးတန်းလက်မှတ် ဝယ်ပြီးသည့် အခါနှင့် မစ္စတာပေါ့ကက်တို့ အိမ်သွား၍ အကျိုးအကြောင်း ပြောပြပြီး အပြန်တွင် မူ ကျွန်တော့်စိတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလျက် ရှိနေပြန်လေပြီ။ ဂျိုး၏ ထံတွင် တည်းခိုသင့်သည် ဟူသော အချက်ကို မလုပ်မဖြစ်သည့် ဝတ္တရားတစ်ခုအနေဖြင့် မမြင်ဘဲ ရှိနေပြန်၏။ ဤသို့ဖြင့် ကျွန်တော်သည် ဘလူးဘိုးအားဟိုတယ်၌ တည်းရန်အတွက် ကိုယ့်စိတ်ကိုယ်လှည့်စားပြီး ဆင်ခြေအမျိုးမျိုး ပေးနေမိသည်။ ဂျိုး၏ ထံ၌ တည်းမည်ဆိုပါက ဂျိုးမှ ကျွန်တော့်အတွက် ကရိကထများကာ တာဝန်ကြီးနေလိမ့်မည်။ မမျှော်လင့်ဘဲ ရောက်လာခြင်းဖြစ်၍ ကျွန်တော့်အတွက် အိပ်ရာခင်းမှ စ၍ အဆင်သင့် ရှိလိမ့်မည် မဟုတ်၊ မစ္စဟေဗီရှမ်၏ အိမ်နှင့်လည်း အလှမ်း ဝေးလွန်းသည်။ အစစအရာရာ တိကျမှ ကြိုက်သော မစ္စဟေဗီရှမ်သည် သူ့ထံလာသော ကျွန်တော် ဂျိုးအိမ်၌ တည်းခိုခြင်းကို သဘောကျချင်မှ ကျလိမ့်မည် စသော ဆင်ခြေများသည် ကျွန်တော့်ဘာသာ ကျွန်တော်ရှာပြနေသည့် ဆင်ခြေများ ဖြစ်လေသည်။ အမှန်အားဖြင့် ကျွန်တော် ပေးနေသည့် ဆင်ခြေများသည် ကျွန်တော့်ကိုယ်ကျွန်တော် လိမ်လည် လှည့်ဖြားနေခြင်းမျှသာ ဖြစ်ရာ ဤကမ္ဘာပေါ်ရှိ များစွာသော လူလိမ်များ ထဲတွင် မိမိကိုယ်ကို မိမိပြန်လိမ်သူလောက် ဆိုးရွားယုတ်ညံ့ သူသည် မရှိဟုပင် ဆိုရပါတော့မည်။

ဘလူးဘိုးအားဟိုတယ်၌ တည်းတော့မည်ဟု ကိုယ့်စိတ်ကိုယ် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးသောအခါ နောက်ထပ်ပေါ်လာသည့် ပြဿနာတစ်ခုကြောင့် စိတ်ရှုပ်ရပြန်သည်။ တခြားတော့ မဟုတ်၊ ကျွန်တော့်တပည့် အရိပ်တစ္ဆေအား ကျွန်တော်နှင့် အတူ ခေါ်သွားရန် သင့် မသင့် ဝေခွဲ၍ မရခြင်း ဖြစ်သည်။ အကယ်၍ ခေါ်သွားမည်ဆိုပါက ဘလူးဘိုးအားဟိုတယ်တွင် သူ့ကိုထား၍ ကျွေးရမွေးရသည့် အတွက် စရိတ်ကြေးငွေ များစွာကုန်ကျမည်မှာ သေချာ၏။ သို့သော်လည်း နောက်လိုက်တပည့်တစ်ဦးပါသဖြင့် ကျွန်တော့်တွင် ဂုဏ်တက်စရာတော့ ရှိသည်။ အထူးသဖြင့် သူ့ကို ထရက်ဘ်အပ်ချုပ်ဆိုင်ဘက်သို့ ခေါ်သွားမည် ဆိုပါက ကျွန်တော့်အား မရိုမသေ မခန့်မညား ပြုခဲ့သော မစ္စတာထရက်ဘ်၏ တပည့်ကောင်လေး သင်ခန်းစာ ရသွားနိုင်သည်။ တစ်မျိုးလှည့်၍ တွေးမည်ဆိုပါကလည်း တွေးနိုင်စရာ ရှိသည်။ အကယ်၍ မစ္စတာထရက်ဘ်၏ တပည့်နှင့် ကျွန်တော့်တပည့်တို့ ရင်းနှီးခင်မင်သွားခဲ့သည် ရှိသော် ကျွန်တော့်အကြောင်းကို ထရက်ဘ်၏ တပည့်က မပြောဘဲနေမည် မဟုတ်။

သို့ဆိုလျှင် အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်သည်။ သို့တည်းမဟုတ် လူညံ့လူယုတ်ကလေး တစ်ဦးမျှသာ ဖြစ်သော ထရက်ဘ်၏ တပည့်အနေဖြင့် ကျွန်တော့်တပည့်အား ရင်းနှီးအောင်မလုပ်ဘဲ သူသွားလေရာနောက် တကောက်ကောက် လိုက်၍ ပြောင်လားလှောင်လား လုပ်ချင်လုပ်နေလိမ့်မည်။ ယင်းအဖြစ်မျိုးနှင့် ကြုံရပါမူ ကျွန်တော့်အား ကျေးဇူးပြုခဲ့သော မစ္စဟေဗီရှမ်နားသို့ သတင်းစကား ရောက်သွားနိုင်၏။ မစ္စဟေဗီရှမ်ကတော့ ဘယ်နည်းနှင့် မဆို ထိုအဖြစ်မျိုးကို သဘောကျလိမ့်မည် မဟုတ်ပါ။ နောက်ဆုံး အားလုံးခြုံ၍ စဉ်းစားပြီးသော် အရိပ်တစ္ဆေကို ခေါ်မသွားတော့ဟု ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်စီးရမည့် မြင်းရထားမှာ နေ့ခင်းပိုင်းတွင် ထွက်မည် ဖြစ်၏။ ဆောင်းဝင်စအချိန် ဖြစ်သဖြင့် ကျွန်တော်၏ ခရီးလမ်းဆုံးသို့ နေဝင် ပြီးနောက် နှစ်နာရီ သုံးနာရီကြာမှ မြင်းရထားဂိတ်သို့ ဆယ့်ငါးမိနစ် စော၍ ကျွန်တော့်တပည့် အရိပ်တစ္ဆေနှင့် အတူ ရောက်သွားပါသည်။

ထိုခေတ်ထိုအခါက ထောင်သားများကို သင်္ဘောဆိပ်သို့ ပို့သည့်အခါ ခရီးသည်တင် မြင်းရထားဖြင့်ပင် သယ်ယူပို့ဆောင်ပေးသော အလေ့အထ ရှိသည်။ ကျွန်တော့်အနေဖြင့် ထောင်သားများ၏ အကြောင်း ကို မကြာခဏ ကြားခဲ့ဖူးရုံမျှမက တစ်ခါတစ်ရံတွင် လမ်းမပေါ်၌ သံခြေ ချင်းခတ်ထားသော ခြေထောက်များကို တရွတ်ဆွဲ၍ သွားလာနေကြသည့် ထောင်သားများကိုပင် မြင်ခဲ့ဖူး၏။ သို့တစေလည်း ကျွန်တော့်အား နှုတ်ဆက်ရန် ရောက်လာသည့် ဟားဘတ်က ထောင်သားနှစ်ယောက် ကျွန်တော်နှင့် အတူ လိုက်ပါလာလိမ့်မည်ဟု ပြောလိုက်သောအခါ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။ တကယ်တော့ ထောင်သားဟူသော စကားလုံးကို ကြားရတိုင်း ထိတ်ခနဲ ဖြစ်တတ်သည်မှာ ငယ်စဉ်ကတည်းက စွဲလာခဲ့သည့် အကျင့်တစ်ခု ဖြစ်နေခဲ့လေပြီ။

"သူတို့ နဲ့ တစ်စီးတည်း သွားရမယ်ကြားတော့ စိတ်ထဲမှာ အနှောင့် အယှက် ဖြစ်သွားသလား" ဟု ဟားဘတ်က မေးသည်။

"အို... မဖြစ်ပါဘူး"

"ခင်ဗျားမျက်နှာ ကြည့်ရတာ သဘောမကျသလို ဖြစ်သွားတယ် ထင်လို့ပါ"

"သူတို့ကို သဘောကျတယ်လို့ မပြောနိုင်ပေမယ့် စိတ်အနှောင့်အယှက် ဖြစ်လောက်အောင် တော့ မဟုတ်ပါဘူး"

"မြင်လား၊ ဟောဟိုမှာ လာကုန်ကြပြီ" ဟု ဟားဘတ်က ပြောသည်။ "အရက်ဆိုင်ထဲက ထွက်လာတာ၊ မြင်ရတာ ဘယ်လောက်များ ကျက်သရေတုံးသလဲ"

ထောင်သားများ နှင့် အတူ အစောင့်အဖြစ် ထောင်ကြပ်တစ်ယောက်ပါလာသည်။ ထောင်သားများက ထောင်ကြပ်အား ကျွေးမွေးပြုစုခဲ့ဟန် တူ၏။ သုံးယောက်သား သူတို့ပါးစပ်များကို လက်ခုံများ နှင့် သုတ်လာကြသည်။ ထောင်သားနှစ်ယောက်ကို လက်ချင်းပူး၍ လက်ထိတ်

ခတ်ထားသည်။ သူတို့ ခြေထောက်များတွင်လည်း သံခြေချင်းများ ခတ်ထားသည်။ ဤသံခြေချင်းများကို ကျွန်တော် ကောင်းစွာ သိနေသည်။ သူတို့ ဝတ်ဆင်ထားသည့် အဝတ်အစားများ ကိုလည်း ကျွန်တော် ကောင်းကောင်း သိနေသည်။ အစောင့်ထောင်ကြပ်သည် ပစ္စတိုနှစ်လက် ခါးထိုးထားသည်။ ချိုင်းကြားတွင် မူ ထိပ်ဘက်၌ ခဲသီးတပ်ထားသော နံပါတ်တုတ်ကြီးတစ်ချောင်း ညှပ်ထား၏။ သို့သော်လည်း သူနှင့် ထောင်သားများကြားတွင် နားလည်မှု ရှိနေကြဟန် တူသည်။ ထောင်သားနှစ်ယောက်ဘေးတွင် အေးအေးဆေးဆေး ရပ်လျက် ရှိသည်။ ထောင်သားနှစ်ယောက်သည် အလွန်စိတ်ဝင်စားစရာကောင်းသည့် ပြပွဲ တစ်ခုနှင့် တူ၍ အစောင့်သည် ပြပွဲကြီးကြပ်သူနှင့် တူနေသည်။ ထောင်သားနှစ်ယောက်တွင် တစ်ယောက်သည် အခြားတစ်ယောက်ထက် အရပ်ပိုရှည်ပြီး ကိုယ်လုံးကိုယ်ထည် ပို၍ တုတ်တုတ်ခိုင်ခိုင် ရှိသည်။ သူ့ကိုယ်ခန္ဓာထက် အဆမတန် သေးငယ်နေသော အင်္ကျီအောက်မှ လက်မောင်းကြွက်သားကြီးများ နှင့် ခြေသလုံးသားများသည် ဖုထစ်လုံးကြွလျက် ရှိသည်။ သို့သော်လည်း သူ့မျက်နှာကို တစ်ချက်ကြည့်ရုံမျှဖြင့် မေးထားသော မျက်လုံးများ၏ ထူးခြားမှုကို ကျွန်တော် သတိထားမိ၏။ စနေနေ့ တစ်ညက လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံအတွင်း၌ ကျွန်တော်နှင့် ဆုံခဲ့ဖူးသော လူပေတည်း။

ထိုလူသည် ကျွန်တော့်အား လုံးဝ မှတ်မိပုံ မရပေ။

ကျွန်တော့်မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်သော်လည်း သူ့မျက်လုံးများကမူ ကျွန်တော့် နာရီကြိုးပေါ်၌သာ စူးစိုက်လျက် ရှိပြီး မည်မျှ လောက် တန်ကြေးရှိသည် ကို ကျိတ်၍ မှန်းဆနေဟန် တူ၏။ ထို့နောက် သူသည် တံတွေးတစ်ချက် ပျစ်ခနဲ ထွေးထုတ်လိုက်ကာ သူ့အဖော် ထောင်သားဘက်လှည့်၍ စကားတစ်ခွန်းပြောပြီး နှစ်ယောက်သား ရယ်ကြသည်။ တွဲ၍ ခတ်ထားသော လက်ထိတ်ဆီမှ အသံများပင် ထွက်လာလျက်ရှိ၏။ သူတို့ နောက်ကျောပေါ်တွင် ရေးထားသည့် ကိုယ်ပိုင်နံပါတ် စာလုံးကြီးများမှာ အဝေးကပင် မြင်နိုင်လောက်အောင် ကြီးမားလှသည်။ သူတို့၏ တစ်ကိုယ်လုံးမှာလည်း ဝဲခြောက်နာများဖြင့် ဗရပွဖြစ်လျက် ရှိရာ လူများ နှင့် မတူတော့ဘဲ တိရစ္ဆာန်များ နှင့် တူလျက် ရှိသည်။ မြင်းရထားကြီးပေါ်မှ ခရီးသည် များသည် သူတို့ အား တစ်ချက်မျှ ကြည့်ပြီးလျှင် နောက်ထပ်မကြည့်မိအောင် ရှောင်ကြသည်။ တကယ်တော့လည်း သူတို့ နှစ်ယောက်စလုံး၏ အသွင်အပြင် လက္ခဏာများ နှင့် အမူအရာများသည် ဟားဘတ်ပြောသကဲ့သို့ ကျက်သရေတုံးလှသည် ဖြစ်ရာ မြင်ရသူများ အတွက် နှစ်မြို့ဖွယ်ရာ တစ်စက်မှ မရှိချေ။

သို့သော်လည်း ဤအရာသည် သူတို့ နှစ်ဦးနှင့် ပတ်သက်၍ အဆိုးရွားဆုံးသောအပိုင်း မဟုတ်သေးပေ။ မြင်းရထားကြီး၏ နောက်ပိုင်းနေရာအားလုံးကို လန်ဒန်မှ တခြားတစ်မြို့သို့ ရွှေ့ပြောင်းသွားသောခရီးသည် မိသားစုက ယူထားပြီးဖြစ်လေရာ ထိုအပိုင်းတွင်

ထောင်သား နှစ်ယောက်အတွက် ထိုင်စရာနေရာ မရှိတော့ပေ။ ဤသို့ဖြင့် သူတို့ နှစ်ယောက်အား ရထားမောင်းသူ၏ နောက်ဘက်ကပ်လျက် ခုံတန်း၌ နေရာပေးရလေတော့သည်။ ထိုခုံတန်း၏ ထိုင်ခုံနံပါတ်လေးတွင် ထိုင်နေ သူမှာ စိတ်ဆတ်သူတစ်ဦး ဖြစ်လေရာ ထောင်သားနှစ်ယောက်ကို ခုံတန်း၌ နေရာချပေးမည်ကို သိလိုက်သည် နှင့် တစ်ပြိုင်နက် အကြီးအကျယ်ထ၍ ဆူဆူပူပူ လုပ်ပါလေတော့၏။ ဤမျှလောက် အောက်တန်းကျသောလူများ နှင့် အတူတူတွဲ၍ ထိုင်ရခြင်းသည် မြင်းရထားကုမ္ပဏီနှင့် မိမိ၏ ဆက်ဆံရေးကို ထိခိုက်ပျက်ပြားအောင် လုပ်ခြင်းဖြစ်သည် ဟု သူ ယူဆကြောင်း ပြောသည်။

ဤထောင်သားနှစ်ယောက်မှာ အလွန်ဆိုးသွမ်းသော၊ အလွန်ယုတ်မာသော၊ အလွန်အောက်တန်း ကျသော၊ အလွန်ဂုဏ်သိက္ခာကျစေနိုင်သော လူများ ဖြစ်၍ သူတို့ နှင့် အတူတူ တွဲ၍ မထိုင်နိုင်ကြောင်း ပြောသည်။ သူပြောသည်မှာ ဤမျှမကပါ။ သို့သော်လည်း သူပြောသမျှ အားလုံးကို ကျွန်တော် မမှတ်မိတော့ပါ။ ထိုအချိန်က မြင်းရထားကလည်း ထွက်ရန်အသင့် ဖြစ်နေပြီ။ ရထားသမားကလည်း စိတ်မရှည်နိုင်အောင် ဖြစ်နေပြီ။ ကျွန်တော်တို့ ခရီးသည် အားလုံးမှာလည်း ထိုင်နေရကောင်း နိုး၊ ထသွားရကောင်းနိုး ဖြစ်နေကြပြီ။ ထောင်သားများကလည်း သူတို့ အစောင့်နှင့် အတူ မြင်းရထားပေါ်သို့ ရောက်နေကြပြီ။

"သိပ်ပြီးတော့လည်း ဒေါသမကြီးပါနဲ့ ဗျာ" ဟု အစောင့်က တောင်းပန်သည်။ "ကျွန်တော် ခင်ဗျားဘေးက ထိုင်ပါ့မယ်၊ သူတို့ကို ခုံတန်းအစွန်းမှာ ထိုင်ခိုင်းပါ့မယ်၊ သူတို့ကြောင့် ခင်ဗျားမှာ အနှောင့်အယှက် မဖြစ်စေရပါဘူး၊ သူတို့ ရှိနေတယ်ဆိုတာတောင်မှ ခင်ဗျားသိအောင် မထားပါဘူး"

"ကျုပ်ကိုတော့ အပြစ်ပုံမချနဲ့ ဗျာ နော်" ဟု ကျွန်တော် မှတ်မိနေသော ထောင်သားက ရေရွတ်သည်။ "ကျုပ်က သွားချင်တဲ့ကောင် မဟုတ်ဘူး၊ ကျုပ်ဟာ နေခဲ့ရမယ်ဆိုရင် နေခဲ့ဖို့ အသင့်ပဲ၊ ကျုပ်ထိုင်ခုံကို ထိုင်ချင်တဲ့ ကောင်ရှိရင် အချိန်မရွေး လာခဲ့၊ ပေးဖို့ အသင့်ပဲ"

"ကျုပ်ကလည်း ဒီအတိုင်းပဲဗျို့" ဟု ဒုတိယထောင်သားက ပြောသည်။ "ကျုပ်ဘာသာကျုပ် လုပ်ချင်ရာ လုပ်ခွင့်သာရှိရင် ဒီမြင်းရထားပေါ် က ထိုင်ခုံကို ဘယ်ထိုင်ခုံမှ ကျုပ်မယူဘူး" ထို့နောက် သူတို့ နှစ်ယောက်သည် ဟားတိုက်၍ ရယ်လိုက်ကြသည်။ အကယ်၍ ကျွန်တော်သာ သူ တို့ နေရာမှာ နေရပါကလည်း ဤမျှလောက် အထင်အမြင်သေးခံရလျှင် သူတို့လိုပင် ပြောမိလိမ့်မည်ဟု ထင်ပါသည်။

နောက်ဆုံးတွင် ဒေါသကြီးနေသော လူကြီးမင်းဘက်မှ ထောက်ခံ၍ ပြောမည့် သူ တစ်ဦးတစ်ယောက်မှ ပေါ်မလာပါ။ သူ့အနေဖြင့် ယခုပုံစံ အတိုင်း လိုက်ချင်လိုက်၊ မလိုက်ချင်က ဆင်းနေခဲ့ရမည့် အခြေအနေသို့ ရောက်လျက် ရှိသည်။ ထိုအခါကျမှပင် သူသည် ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောကာ သူ့ထိုင်ခုံတွင် တက်ထိုင်သည်။ သူ့ဘေးမှ ထိုင်ခုံတွင် အစောင့်က ဝင်ထိုင်သည်။

ထောင်သားနှစ်ယောက်ကလည်း သူတို့ ခုံများတွင် နေရာယူကြသည်။ ကျွန်တော်မှတ်မိနေသော ထောင်သားသည် ကျွန်တော်၏ နောက်တည့်တည့်တွင် ထိုင်နေသည် ဖြစ်ရာ သူ အသက်ရှုလိုက်တိုင်း ထွက်လာသည့် သူ့နှာခေါင်းမှ အငွေ့သည် ကျွန်တော့်ခေါင်း၏ နောက်ဘက်ရှိ ဆံစများ အပေါ်သို့ အဆက်မပြတ် ရိုက် ခတ်လျက် ရှိလေသည်။

"သွားပေဦးတော့ ဟန်ဒယ်လ်ရေ" မြင်းရထားဘီးများ စတင်လိမ့်သည် နှင့် တစ်ပြိုင်နက် ဟားဘတ်က အောက်မှနေ၍ ကျွန်တော့်အား လှမ်းနှုတ်ဆက်သည်။ ဟားဘတ်က ကျွန်တော့်အား "ပစ်ပ်" ဟု မခေါ်ဘဲ သူ့စိတ်ကြိုက် ပေးထားသည့် နာမည်ကို ခေါ်လိုက်ခြင်းသည် ကျွန်တော့် အတွက် ကံကောင်းထောက်မခြင်း ဖြစ်သည် ဟုပင် ထင်မိပါသည်။

ထောင်သား၏ အသက်ရှုငွေ့ ကျွန်တော်ပေါ်သို့ ကျရောက်နေခြင်း အတွက် ကျွန်တော် မည်မျှလောက်အထိ အခံရခက်နေသည် ကို ပြော၍ပင် မပြတတ်တော့ပါ။ သူ၏ အသက်ငွေ့သည် ကျွန်တော့်ဆံစများ အပေါ်သို့သာမက ကျွန်တော့်ကျောပေါ်သို့ပင် ကျရောက်လျက် ရှိသည်။ သူ့တွင် အသက်ရှုနေဖို့ အလုပ်မှတစ်ပါး အခြား ဘာမှလုပ်စရာမရှိ ဟုပင် ထင်ရလောက်ပါသည်။ သူ့အသက်ရှူသံကို အတိုင်းသား ကြားနေရ၏။

ရာသီဥတုကလည်း ဆိုးရွားလှသည်။ အအေးဒဏ်ကို အပြင်းအထန် ခံနေရသော ထောင်သားနှစ်ယောက်သည် တစ်လမ်းလုံး ရာသီဥတုကို ကျိန်ဆဲလာကြသည်။ ခရီးများစွာ မပေါက်သေးမီအတွင်းမှာပင် ခရီးသည် အားလုံးလေးလံ ထိုင်းမှိုင်းလာသည်။ အအေးဒဏ်ကြောင့် အားလုံး တုန်ခိုက်နေကြသည်။ အားလုံး ငြိမ်ဆိတ်ကာ ငိုက်သူများကလည်း ငိုက်၍ပင် နေကြလေပြီ။ ကျွန်တော်ကိုယ်တိုင်မှာလည်း ကျွန်တော့်နောက်မှ ထောင်သားအား ငွေနှစ်ပေါင် မည်ကဲ့သို့ ပြန်၍ ပေးရမည်ကို စဉ်းစားရင်း တစ်ချက်တစ်ချက် အိပ်ငိုက်လျက် ရှိသည်။ သည်ကြားထဲမှာပင် ကျွန်တော်သည် တစ်ချက်မျှ အငိုက်လွန်ကာ ရှေ့သို့ ခေါင်းငိုက်စိုက် ကျသွားသဖြင့် ဖျတ်ခနဲ လန့်နိုးလာသည်။ နိုးလာပြန်တော့လည်း ကျွန်တော်သည် စောစောက တွေးလက်စကိစ္စကိုပင် ဆက်၍ စဉ်းစားနေမိပြန်လေသည်။

ထိုအချိန်တွင် အပြင်လောက၌ မှောင်မိုက်လျက် ရှိလေပြီ။ မြင်းရထားတွင် တပ်ဆင်ထားသည့် မှန်အိမ်များ အလင်းရောင်ဖြင့် အပြင်သို့ မျှော်ကြည့်မိသည်။ အေးမြသောလေအောက်ရှိ စိမ့်မြေတောများ အထပ်ထပ်ရှိသော နယ်မြေကို ဝိုးတဝါး မြင်နေရ၏။ ထိုအခိုက်မှာပင် ထောင်သားနှစ်ယောက် အချီအချ စကားပြောသံများကို ကြားရသည်။ ပထမဆုံး ကြားလိုက်သည့် စကားမှ "တစ်ပေါင်တန် နှစ်ရွက်ကွ" ဟူသော စကားဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် စဉ်းစားနေသည့် ကိစ္စ ကို ပြောနေကြခြင်း ဖြစ်၍ ကျွန်တော် အံ့သြ နေမိပါသည်။

"အဲဒီငွေစက္ကူနှစ်ရွက်ကို သူက ဘယ်လိုရလာတာတဲ့လဲ" ကျွန်တော် နှင့် မတွေ့ဖူးသော ထောင်သားက မေးသည်။

"ငါက ဘယ်လိုလုပ်ပြီး သိမလဲကွ" ဟု ကျန်တစ်ဦးက ပြန်ပြောသည်။ "ဘာပဲဖြစ်ဖြစ်လေ၊ မသုံးဘဲ ဝှက်ထားတာကတော့ အမှန်ပဲ၊ သူ့သူငယ်ချင်း အပေါင်းအသင်းတွေက ပေးတာ ဖြစ်ချင်ဖြစ်မယ်၊ ငါတော့ အဲသလိုပဲ ထင်တယ်"

"ငါလည်းပဲ အဲသလိုမျိုး ရှိချင်လိုက်တာကွာ"

"မင်းရှိချင်တာက တစ်ပေါင်တန်နှစ်ရွက်လား၊ သူငယ်ချင်းလား"

"တစ်ပေါင်တန် နှစ်ရွက်ပေါ့ကွ၊ အပေါင်းအသင်းက ဘာလုပ်ရမှာလဲ၊ ငါ့မှာ ရှိသမျှ အပေါင်းအသင်းတွေကို တစ်ပေါင်နဲ့ တောင် ရောင်းပစ်လိုက်ချင်သေးတယ်။ ဒါဆိုရင် ဈေးကောင်းပဲကွ၊ ကဲ... နေပါဦး၊ သူက မင်းကို ဘာပြောတယ်"

"သူပြောတာက ဒီလို" ဟု ကျွန်တော်မှတ်မိနေသော ထောင်သားက စကားပြန်စသည်။ "စကားကြာကြာလည်း မပြောရပါဘူး၊ မိနစ်ဝက် လောက်ပဲ အချိန်ရတာကိုး၊ ဒါတောင်မှ သင်္ဘောကျင်းမှာ ပုံထားတဲ့ သစ်တုံးပုံကြီးနောက်မှာ ပြောကြရတာ။ သူက မေးတယ်၊ ခင်ဗျား လွတ်တော့မှာလားတဲ့။ ဟုတ်တယ်၊ လွတ်တော့မှာ လို့ ငါက ပြန်ပြောတယ်။ ဒါဆိုရင် တစ်ချိန်က သူ့ကို အစားအသောက်ကျွေးခဲ့ဖူးတဲ့ ကောင်လေး တစ်ယောက် ရှိတယ်၊ သူ့ဆီကိုသွားပြီး ဒီငွေစက္ကူနှစ်ရွက် ပေးပေးပါလို့ ပြောတယ်၊ ငါကလည်း ဆောင်ရွက်ပေးပါမယ်လို့ ပြောခဲ့တယ်၊ တကယ်လည်း သူပြောတဲ့ ကောင်လေးကို လိုက်ရှာပြီး ငွေစက္ကူနှစ်ရွက်ကို ပေးခဲ့ပါတယ်"

"မင်း...တော်တော်မိုက်တဲ့ အကောင်ပဲ" ဟု ကျန်ထောင်သားက အပြစ်တင်သည်။ "ငါသာဆို အရက်ဝယ်သောက်လိုက်မှာ၊ ကြည့်ရတာ ဟိုကောင်က မင်းနဲ့ ခင်တဲ့ လူ ဟုတ်ဟန်မတူဘူး၊ သူက လူစိမ်းဖြစ်နေတယ် မဟုတ်လား၊ မင့်အကြောင်းကို ဟိုအကောင် ဘာမှ သိပုံမရဘူးနဲ့ တူပါတယ်"

"ဟုတ်တယ်၊ လူချင်းမသိဘူး၊ အဖွဲ့ချင်းကလည်း မတူဘူး၊ သင်္ဘောလည်း တစ်စင်းစီ စီးရတာ၊ သူက ထောင်ဖောက်ပြေးလို့ တစ်သက်တစ် ကျွန်း ကျသွားတဲ့ လူတစ်ယောက်ကွ"

"ဂုဏ်ရှိတာပေါ့ကွာ၊ ဟုတ်ဖူးလား၊ အဲဒါနဲ့ နေစမ်းပါဦး၊ ဒီဘက်အပိုင်းမှာ အလုပ်လုပ်ဖို့ ကျတော့ ဒါ ပထမဆုံးအကြိမ်လား"

"ဟုတ်တယ်"

"ဒီနေရာကို မင်း ဘယ်လိုသဘောရသလဲ၊ မင့်ထင်မြင်ချက်လေး ကြားစမ်းပါရစေဦး"

"အဆိုးဆုံး နေရာပေါ့ကွာ၊ ရွှံ့စေးတွေ၊ မြူနှင်းတွေ၊ ဗွက်တွေ၊ ပြီးတော့ အလုပ်... ဒါပဲရှိတာ"

သူတို့သည် သူတို့ သွားရမည့် နေရာဒေသကို အမျိုးမျိုးအဖုံဖုံ ရှုတ်ချပြောဆိုလျက် ရှိကြသည်။ နောက်ဆုံးတွင် နှစ်ယောက်စလုံး စကားပြောစရာ

ကုန်သွားတော့သည့် နှယ် ငြိမ်ဆိတ် သွားကြလေသည်။

သူတို့ ပြောနေသမျှ စကားများကို ကြားပြီးရသည့် နောက်တွင် ကျွန်တော်သည် တိတ်ဆိတ်စွာပင် လိုက်ပါလာသည်။ ကျွန်တော်နှင့် တွေ့ခဲ့ဖူးသော ထောင်သားသည် ကျွန်တော့်ကို လုံးဝမမှတ်မိသည်မှာ သေချာ နေပေပြီ။ မမှတ်မိခြင်းမှာလည်း သဘာဝတော့ ကျ၏။ ကျွန်တော်၏ ရုပ်သည် များစွာ ပြောင်းလဲနေပြီ ဖြစ်ရုံမျှမက အခြေအနေနှင့် အချိန်အခါအရ ဝတ်ဆင်ထားသည့် အဝတ်အစားများကလည်း ဟိုတုန်းကနှင့် လုံးဝမတူဘဲ များစွာ ခြားနားလျက် ရှိသည်။ မှတ်မိနိုင်လောက်သည့် အကြောင်းအရာ အဆက်အစပ် တစ်ခုခု မရှိဘဲနှင့်တော့ ကျွန်တော့်အား မှတ်မိနိုင်လိမ့်မည် မဟုတ်။ သို့တစေလည်း မြင်းရထားတစ် စီးထဲတွင် ကြုံကြုံဖန်ဖန် နှစ်ဦး ပြန်ဆုံနေရသည့် အဖြစ်မှာ မူ အံ့သြစရာ ကောင်းနေသည်။ သို့ဖြင့်ရာ ကြုံကြုံဖန်ဖန် ဖြစ်ပေါ်လာတတ်သော တိုက်ဆိုင်မှုတစ်ခုအရ ကျွန်တော့်နာမည်ကို ကြားသိသွားပါက မှတ်မိသွား မည်ကို ကြောက်နေရပြန်၏။ ဤအကြောင်းကြောင့် မြို့ထဲသို့ မြင်းရထားဝင်မိသည် နှင့် တစ်ပြိုင်နက် သင့်တော်ရာနေရာ တစ်နေရာ၌ တိတ်တဆိတ် ဆင်းနေရစ်ခဲ့ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကို ကျွန်တော် အောင်မြင်စွာ အကောင်အထည် ဖော် နိုင်ခဲ့ပါသည်။ ကျွန်တော်၏ သေတ္တာမှာ ကျွန်တော်၏ ခြေထောက်အောက်တွင် ရှိရာ သေတ္တာကို ဆွဲထုတ်ပြီး အလျင်ဆုံး အောက်သို့ပစ်ချလိုက်သည်။ တစ်ချိန်တည်းလိုလိုပင် သေတ္တာ၏ နောက်မှ ခုန်ဆင်းလိုက်၏။ ဤသို့ဖြင့် ကျွန်တော်သည် မြို့အဝင် ပထမဆုံးခေတ်မီးတိုင်ရှိရာ ပလက်ဖောင်းပေါ်သို့ ချောချောမောမော ဆိုက်ရောက်သွားခဲ့သည်။ ထောင်သာ းများမှာ မူ မြင်းရထားနှင့် ဆက်၍ပါသွားသည်။ သူတို့ ဘယ်နေရာ၌ ဆင်းမည်ကို ကျွန်တော် သိပါသည်။ ကျွန်တော်၏ စိတ်ကူးထဲတွင် ထောင်သား တချို့တစ်ဝက် တင်ထားပြီး ဖြစ်သော မော်တော်တစ်စီးက သူတို့ အား စောင့်ကြိုလျက် ရှိနေသည် ကို မြင်ယောင်လာသည်။ "ဟေ့ ကောင်တွေ ဖယ်ကြစမ်း" ဟူသော အော်ငေါက်သံကိုလည်း နားထဲတွင် ကြားယောင်လာသည်။

ကျွန်တော့်တွင် ကြောက်စိတ်ဝင်လျက် ရှိ၏။ ဘာကိုကြောက်နေမှန်းလည်း မည်မည်ရရ မသိ။ သို့သော်လည်း ဖြစ်ပေါ်နေသည့် ကြောက်စိတ် က အလွန်ကြီးသည်။ ဟိုတယ်ဘက်သို့ လျှောက်သွားနေခိုက်မှာပင် ကြောက်စိတ်၏ ဖိစီးမှုကြောင့် တစ်ကိုယ်လုံး တုန်နေသည်။ အမှန်တော့ ထိုကြောက်စိတ်ကို ပြက်ပြက်ထင်ထင် သိနေရသည် မဟုတ်ပါ။ ကျွန်တော် ကလေးသူငယ်ဘဝက ဖြစ်ပေါ်ခဲ့ဖူးသည့် ကြောက်စိတ်က မိနစ်အနည်းငယ်ကြာမျှ ပြန်လည်ပေါ်ပေါက်ခြင်း ဖြစ်လိမ့်မည် ဟုပင် ခန့်မှန်းရပါသည်။

ဘလူးဘိုးအားဟိုတယ် စားသောက်ခန်းမှာ လူရှင်းလျက် ရှိ၏။ ကျွန်တော်သည် ထိုအခန်းထဲမှာပင် ထိုင်၍ ညစာကို မှာ ရသည်။ ရုတ်တရက်သော် စားပွဲထိုးသည် ကျွန်တော့်အား မမှတ်မိ။ အတန်ကြာမှ ကျွန်တော်မှန်း

သိသွားသောအခါ မစ္စတာပန်ဘဲလ်ချူကို ခေါ်ပေးရမလားဟု မေးသည်။

"မလိုပါဘူး၊ မခေါ်ပါနဲ့ " ဟု ကျွန်တော်က ပြန်ပြောသည်။

"ကျွန်တော့်စကားကို ကြားရသည့် အခါ စားပွဲထိုးသည် တအံ့တသြ ဖြစ်သွားပုံ ရသည်။ ခဏမျှအကြာတွင် သူသည် ညစ်ပတ်ပေရေလျက် ရှိသော နယ်မြေသတင်းစာ အဟောင်းတစ်စောင် ယူ လာပြီး ကျွန်တော့် ရှေ့၌ ချပေးသည်။ သတင်းစာကိုယူ၍ ဖတ်လိုက်သောအခါ အောက်ပါစာပိုဒ်ကို တွေ့ရလေသည်။

"ကျွန်ုပ်တို့ သတင်းစာ၏ စာဖတ်ပရိသတ်များ အနေဖြင့် ဤနယ်မြေဒေသအတွင်းမှ လူငယ်တစ်ယောက် ဒဏ္ဍာရီဆန်ဆန် ကံကောင်းသွားသည် ကို သိကြပါက များစွာ စိတ်ဝင်စားကြပေလိမ့်မည်။ ယင်းလူငယ်အား ယခုလို အခြေအနေမျိုး ရောက်သွားစေရန်ဟူသော ရည်မှန်းချက်ဖြင့် စောစောပိုင်းကတည်းက စနစ်တကျ စောင့်ရှောက်ပြီး ပြုစုပျိုးထောင် ပေးခဲ့သူမှာ လူအများက ခင်မင်လေးစားရသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၍၊ ထိုပုဂ္ဂိုလ်ကြီး၏ အလုပ်အကိုင်သည် ဂျုံနှင့် မျိုးစေ့ ရောင်းချသောလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိကြောင်း သိရ၏။ ထို ပုဂ္ဂိုလ်ကြီးသည် ဟိုက်လမ်းနှင့် မိုင်တစ်ရာအတွင်း နေထိုင်လျက်ရှိကြောင်းလည်း သိရသည်။ ကျွန်ုပ်တို့ မြို့သူမြို့သားများသည် ဤလူငယ်မျိုး ပေါ်ပေါ်လာအောင် မွေးထုတ်ပေးခဲ့သည့် ပုဂ္ဂိုလ်မျိုး ကျွန်ုပ်တို့၏ မြို့ကလေး၌ ရှိနေသည့် အတွက် ဂုဏ်ယူထိုက်ကြောင်း ရေးသားလိုက်ရပေသည်။”

ထိုအခါကျမှပင် ကျွန်တော်သည် ကိုယ်ကြုံခဲ့ဖူးသည့် ကြီးမားသော အတွေ့အကြုံများ အပေါ် အခြေပြု၍ ဆင်ခြင်စဉ်းစားခဲ့မိရာ ကိုယ့်အမှားကိုယ် ပြန်၍ မြင်လာခဲ့ပါသည်။ ကျွန်တော့်အမှားမှာ တခြား မဟုတ်။ ကျွန်တော် ချမ်းသာကြွယ်ဝလာခဲ့သည့် ရက်များ အတွင်းတွင် ကျွန်တော်သည် မြောက်ဝင်ရိုးစွန်းသို့ သွားရောက်ကာ ပန်ဘဲလ်ချူအမည်ရှိ ပုဂ္ဂိုလ်ကြီးသည် ကျွန်တော့်အား ကြီးပွားချမ်းသာလာအောင် အစောဆုံး ပြုစုပျိုးထောင်ပေးခဲ့သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း ပြောပြနိုင်မည့် ခြေသလုံးအိမ်တိုင်သမား အက်စကီမိုးတစ်ဦး သို့မဟုတ် ယဉ်ကျေးနေပြီဖြစ်သော လူတစ်ယောက်ကို လိုက်လံရှာဖွေ မေးမြန်း ထားသင့်ပါလျက်နှင့် ရှာဖွေမေးမြန်းခြင်း မပြုခဲ့မိသည့် အမှားပင် ဖြစ်ပါ၏။

****

နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် အိပ်ရာမှ အစောကြီးနိုးသည် မစ္စဟေဗီရှမ်၏ အိမ်သို့သွားရန်မှာ စောလွန်းနေသေး၏။ ထို့ကြောင့် ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အိမ်အနီးအနား ပတ်ဝန်းကျင်တွင် လျှောက်လည်ရင်း အချိန်ဖြုန်းသည်။ ဂျိုး နေထိုင်ရာဘက်ကိုမူ မရောက်သေးပါ။ သူ့ထံသို့ မနက်ဖြန်မှ သွားလျှင် ဖြစ်နိုင်သည် ဟု ယူဆ ထားသည်။ ကျွန်တော့်အနေဖြင့် တစ်ချိန်လုံးလိုလိုပင် ကျွန်တော်၏ ကျေးဇူးရှင်တစ်ဦးဟု သတ်မှတ်ထားသော မစ္စဟေဗီရှမ်၏ အကြောင်းနှင့် ကျွန်တော့်အတွက် လုပ်ကိုင်ပေးထားသည့် သူ့အစီအစဉ်များကိုသာ တွေးနေမိပါသည်။

မစ္စဟေဗီရှမ်သည် အက်စတယ်လာကို မွေးစားခဲ့၏။ ထို့နောက် ကျွန်တော့်အား ဆက်၍ မွေးစားပြန်သည်။ သူ့စိတ်ကူးမှာ ကျွန်တော်တို့ နှစ်ယောက်ကို အတူတကွ ကြီးပြင်းလာအောင် မွေးမြူစောင့်ရှောက်သွား မည်ဟု ရည်မှန်းခဲ့ပုံ ရ၏။ လူသူလေးပါး ကင်းမဲ့သောသာယာမှု ဆိတ်သုဉ်းလျက်ရှိသော အိမ်ကြီး ပြန်လည်စိုပြည်လာရေး၊ မှောင်နှင့် မည်းမည်ံး ဖြစ်နေသော အခန်းများ အတွင်းသို့ နေရောင်များ ဝင်ရောက်လာ ရေး၊ ရပ်နေသော နာရီကြီးများ ဆက်လက်၍ အသက်ဝင်လှုပ်ရှားသွား ရေး၊ အေးမြနေသော ဆောင်းမီးဖိုကြီးများတွင် မီးတောက်မီးလျှံများဖြင့် တထိန်ထိန်ညီး တောက်လောင်လာရေး၊ ပင့်ကူအိမ်များကို ရှင်းလင်းသုတ်သင်ပစ်ရေးနှင့် အိမ်တွင်း၌ အနှောင့်အယှက် ပြုသော ပိုးမွှားတိရစ္ဆာန်များ သတ်ဖြတ်သုတ်သင်ရေး စသော တာဝန်များကို ကျွန်တော့် အား အပ်နှင်းလိမ့်မည် ထင်၏။ အတိုချုံး၍ ပြောရမည်ဆိုပါမူ ထိုတာဝန်အရပ်ရပ်ကို ဆောင်ရွက်ပေးခဲ့သော သူရဲကောင်းကလေး ကျွန်တော့် အား နောက်ဆုံးတွင် ရွှေမင်းသမီးလေး အက်စတယ်လာနှင့် ထိမ်းမြား လက်ထပ်ပေးလိမ့်မည်ဟုပင် ထင်၏။ အိမ်ကြီးရှေ့က ဖြတ်လျှောက် လာခဲ့သော ကျွန်တော်သည် အိမ်ကြီးဆီသို့ တစ်ချက်မျှ မျှော်ကြည့်မိသည်။ အစွန်းအထင်းများ ပေကျံလျက်ရှိသော နီရဲရဲအုတ်တံတိုင်းကြီးများ၊ ပိတ်ဆို့ထားသော ပြတင်းပေါက်များ နှင့် မြွေလိမ်မြွေကောက် ရစ်ပတ်၍ တွယ်ကပ်တက်နေကြသော နွယ်ပင်များ၊ ဤအရာအားလုံးသည် ပေါင်းစပ်ကာ ဆွဲဆောင်မှုအပြည့်ရှိနေသော လျှို့ဝှက်မှုတစ်ခုအဖြစ် ဖန်တီးထားလေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်စိတ်ထဲတွင် မူ လျှို့ဝှက်နက်နဲသော ဤအိမ်ကြီး၏ သူရဲကောင်းသည် ကျွန်တော်ပင် ဖြစ်လျက်ရှိသည်။ တကယ်တော့ အက်စတယ်လာသည်လည်း ဤအိမ်ကြီး၏ အသက်၊ ဤအိမ်ကြီး၏ နှလုံးသား ဖြစ်ချေသည်။ တကယ်တော့ အက်စတယ်လာသည် ကျွန်တော့်စိတ်ကို ပိုင်စိုးခြယ်လှယ်နေသူ ဖြစ်၏။ သို့သော်လည်း အခုလို အလွန်စိတ်ကူးယဉ်လို့ ကောင်းသည့် နံနက်ခင်းမျိုး မှာပင် သူပိုင်ဆိုင်ထားသော အရာထဲသို့ အရင်းအနှီးမြှုပ်နှံခြင်း မပြုရဲသေးပါ။ ဤနေရာတွင်

ယင်းအချက်ကို အတိအကျ ဖော်ပြခြင်းမှာ ကျွန်တော်သည် အလွန် ရှုပ်ထွေးကွေ့ကောက်သော ဝက်ပါထဲသို့ ကျရောက် သွားမည့် သဲလွန်စကို မြင်နေသောကြောင့် ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ကလေးသူငယ်ဘဝကတည်းက ကျွန်တော့်အပေါ် လွှမ်းမိုးခြယ်လှယ်ခဲ့သော အက်စတယ်လာ၏ ဩဇာသည် ယခုအချိန်အထိ အရှိန်အဟုန်ကြီးမားဆဲ ဖြစ်၏။ သို့ဖြစ်ရာ အက်စတယ်လာ၏ အပေါ်၌ ရှိနေသောချစ်စိတ်သည် ယခုအချိန်အထိ ယုတ်လျော့သွားသည် ဟု မရှိဘဲ၊ တစ်နေ့ ထက်တစ်နေ့ တိုးလာလျက် ရှိသည်။ ဤမျှလောက်အထိ စွဲစွဲမြဲမြဲ ဖြစ်နေသော ကျွန်တော့်အပေါ်တွင် အက်စတယ်လာက မည်ကဲ့သို့ သဘော ထားလေမည်နည်း။ ကျွန်တော်၏ အတွေ့အကြုံများ အရ ပြောရမည်ဆိုပါမူ မာနတံခွန် ထူလျက်ရှိသော အက်စတယ်လာသည် ကျွန်တော့်အချစ်ကို တုံ့ပြန်မည့် လက္ခဏာတော့ မရှိပေ။ သို့ဖြစ်ရာ ကျွန်တော် အက်စတယ်လာကို ချစ်နေခြင်းသည် တစ်ဖက်သတ်အချစ်မျှသာ ဖြစ်နေသည်မှာ ထင်ရှားလျက် ရှိလေသည်။

ဟိုတုန်းကလိုပင် ကျွန်တော်သည် ခြံဝသို့ ရောက်သွားသည်။ တုန်ယင်လှုပ်ရှားနေသော လက်ဖြင့် လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်ပြီး တံခါးကို ကျောပေးကာ ရပ်နေမိ၏။ ဤအခိုက်အတန့် အတွင်းမှာပင် အသက်ကို မှန်မှန်ရှူနိုင်အောင် အားထုတ်ရပါသေးသည်။ အိမ်ရှေ့မျက်နှာဘက်မှ ဘေးတံခါးဖွင့်သံကို ကြားလိုက်ရ၏။ ထို့နောက် ခြံဝင်းတစ်လျှောက် လျှောက်လာနေသည့် ခြေသံများ ...။ ကျွန်တော်က ခြေသံများကို မကြားဟန်ပြုထားသည်။ သံချေးများ ကိုက်လျက်ရှိသော ဝင်းတံခါးပတ္တာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

တစ်စုံတစ်ယောက်က ပခုံးကို တို့လိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ရပ်နေသူမှာ အညိုရောင်ခပ်မှိုင်းမှိုင်း ဝတ်စုံနှင့် လူတစ်ယောက်။ မစ္စဟေဗီရှမ်၏ ခြံတံခါးအစောင့်မှာ ကျွန်တော် လုံးဝမမျှော်လင့်ခဲ့သော လူတစ်ယောက် ဖြစ်နေသည်။

"အောလစ်"

"ဩော်.. သခင်လေးပါလား၊ အများကြီး ပြောင်းလဲသွားသကိုး...။ လာပါ.. လာပါ။ အထဲကြွပါ။ ဝင်းတံခါးကြီးကို အခုလို ဖွင့်ထားရင် ပေးထားတဲ့ အမိန့်အတိုင်း မလိုက်နာတဲ့ အဖြစ် ရောက်သွားမှာ စိုးလို့ပါ"

ကျွန်တော် အထဲသို့ ဝင်လိုက်သည့် အခါ အောလစ်က ဝင်းတံခါးကို ဆွဲပိတ်ကာ သော့ခတ်လိုက်သည်။ သူသည် ကျွန်တော့်ဘက်သို့ လှည့်ကြည့်လိုက်ပြီး "အေး.. ဟုတ်တယ်၊ ငါ ဒီရောက်နေတယ်" ဟု ပြောသည်။

"ခင်ဗျား ဘယ်လိုနည်းနဲ့ ဒီကို ရောက်လာတာပဲ"

"ငါ ဒီရောက်တာလား" ဟု အောလစ်က ရေရွတ်သည်။ "ငါ ဒီရောက်လာတော့ ငါ့ခြေထောက်တွေနဲ့ လာလို့ ရောက်လာတာပဲ၊ ငါ့သေတ္တာ ကတော့ လက်တွန်းလှည်းစီးပြီး ရောက်လာတာ"

"ခင်ဗျား ဒီမှာ တစ်သက်လုံး နေမှာလား"

"တစ်သက်လုံးလား၊ နှစ်သက်လုံးလား ဆိုတော့ ငါ မပြောတတ်ဘူး၊ ငါ လာနေတာကတော့ အကောင်းလုပ်ပေးဖို့ လာနေတာပဲ၊ သခင်လေးရေ"

သမံတလင်းကို စိုက်ကြည့်နေသော အောလစ်၏ အကြည့်သည် ကျွန်တော့်ခြေထောက်များ ပေါ်သို့ ရောက်လာသည်။ ထို့နောက် ကျွန်တော့် လက်များ။ ပြီးတော့ ကျွန်တော့်မျက်နှာ...။

"ဒါဆိုရင် ခင်ဗျား ပန်းပဲဖိုက အလုပ်ထွက်လိုက်ပြီ ဆိုပါတော့" ကျွန်တော်က မေး၏။

"ဒီနေရာက ပန်းပဲဖိုနဲ့ များ တူနေလို့လား၊ သေသေချာချာ ကြည့်ပါ ဦး" ဟု သူက ပြန်ဖြေသည်။ "ကဲ... ဘယ်လိုလဲ၊ ဒီနေရာက ပန်းပဲဖိုနဲ့ တူသလား"

ဂျိုး၏ ပန်းပဲဖိုမှ သူ အလုပ်ထွက်လာတာ ဘယ်လောက်ကြာပြီလဲဟု ကျွန်တော်က မေးသည်။

"ဒီမှာတော့ ကနေ့တစ်ရက်နဲ့ နောက်တစ်ရက်ဟာ ဘာမှ မထူးဘူး၊ အတူတူလိုပဲ၊ ဒါကြောင့် ငါကတော့ အရေးတယူလုပ်ပြီး ရေတွက်မထားဘူး၊ မင်းလည်း ပန်းပဲဖိုက ထွက်သွားရော ငါလည်း ဒီကိုရောက်လာတာပဲ ကိုယ့်လူရေ့"

ထိုအချိန်တွင် ကျွန်တော်တို့သည် အိမ်ကြီးအနီးသို့ ရောက်လာကြပြီ ဖြစ်၏။ အိမ်ကြီး၏ ဘေးတံခါးပေါက်နှင့် ဆက်၍ အောလစ်အတွက် သီးသန့်အခန်းတစ်ခန်း လုပ်ပေးထားသည် ကို တွေ့ရ၏။ အခန်းတွင် ပြတင်ံးပေါက် ခပ်သေးသေးတစ်ခု ဖောက်ထား၍ ထိုပြတင်းပေါက်ကနေ ကြည့်လိုက်လျှင် အိမ်ရှေ့ခြံဝင်းတစ်ဝင်းလုံးကို ကောင်းစွာ မြင်သာသည်။ အခန်းမှာ ကျဉ်းသော်လည်း ဂိတ်စောင့်တစ်ဦးအတွက်တော့ နေသာထိုင်သာ ရှိသည် ဟု ဆိုရမည် ဖြစ်သည်။ နံရံပေါ်တွင် အခန်းသော့များ ချိတ်ဆွဲထားရာ အောလစ်သည် သူ့လက်ထဲမှ ဝင်းတံခါးသော့ကို လှမ်းချိတ်လိုက်သည်။ သူ့အိပ်စင်သည် တစ်နေရာတွင် ရှိ၏။ အခန်းမှာ ကျဉ်း လှရုံမျှမက ညစ်ပတ်ပြီး မှုန်ကုပ်ကုပ်နိုင်လှသည် ဖြစ်ရာ တိရစ္ဆာန်တစ်ကောင်အား အကျဉ်းချထားသည့် လှောင်ချိုင့်တစ်ခုနှင့် တူလျက် ရှိလေသည်။

"ဒီအခန်းကို အလျင်က မတွေ့ဖူးဘူး" ဟု ကျွန်တော်က မှတ်ချက်ချ မိသည်။ "ဒါပေမဲ့ ဟိုတုန်းကတော့ အစောင့်မှ ထားလေ့မရှိခဲ့ဘဲကိုး"

"ခြံဝင်းကိုလုံခြုံအောင် အကာအကွယ်ပေးဖို့ မလိုအပ်ဘူးလို့ ထင်တဲ့ အချိန်ထိတော့ အစောင့်မထားခဲ့ဘူးပေါ့ကွ၊ နောက်တော့ ထောင်ပြေးတွေ၊ သူခိုးဓါးပြတွေ ဝင်လာရင် အန္တရာယ်များတယ် ဆိုပြီး အခုမှ ထားတာ၊ လုံခြုံမှုအတွက်ဆိုတော့ ငါနဲ့ သင့်တော်တယ်လို့ ထောက်ခဲ့တဲ့လူက ထောက်ခံလို့ ငါ ဒီနေရာမှာ ဝင်လုပ်ရတာ။ ဖိုဆွဲရတာ တူထုရတာ နဲ့ စာရင် ဒီအလုပ်က ပိုလွယ်ပြီး ပိုသက်သာတယ်၊ ဒါပဲ"

ကျွန်တော့်မျက်လုံးများသည် မီးလင်းဖိုရှေ့ရှိ မှန်တင်ခုံပေါ်မှ

သေနတ်တစ်လက်ဆီသို့ ရောက်သွားသည်။ အောလစ်က ကျွန်တော်ကြည့်ရာနောက်သို့ လိုက်ကြည့်သည် ကျွန်တော်က သူနှင့် ဆက်၍ စကားမပြောလိုတော့သဖြင့် "ကျွန်တော် မစ္စဟေဗီရှမ်ဆီ သွားလို့ ရပြီလား" ဟု မေးသည်။

"ငါ့ကို စိတ်တိုအောင် လုပ်တာလား" ဟု သူက ဒေါသသံဖြင့် တုံ့ပြန်သည်။ "ကျုပ်ကိုပေးထားတဲ့ အမိန့်အရဆိုရင် ကျုပ်တာဝန်က ဒီနေရာမှာ တင် ပြီးသွားပါပြီ။ သခင်လေးခင်ဗျာ၊ အိမ်ထဲကိုတော့ ကိုယ့်ဘာသာ ကိုယ်ကြွပါ။ ကျုပ်တာဝန်အရ ဟောဒီခေါင်းလောင်းကြိုးကို ဆွဲလိုက်ပါမယ်"

"ကျွန်တော် လာလိမ့်မယ်ဆိုတာ သူတို့ သိနေလိမ့်မယ်လို့ ထင်တယ်

"စိတ်တိုအောင် လုပ်တာ နှစ်ခါရှိသွားပြီ"

ဤစကား ကြားရသည့် အခါ ကျွန်တော်သည် သူ့ကိုအဖက်လုပ်၍ စကားမပြောတော့ဘဲ အိမ်ထဲသို့ဝင်လာခဲ့သည်။ အောလစ်ဆွဲနေသည့် ခေါင်းလောင်းသံကိုမူ ကြားနေရ၏။ စင်္ကြံလမ်းအဆုံးသို့ ရောက်၍ ဆာရာပေါ့ကက်နှင့် ဆုံမိချိန်အထိ ခေါင်းလောင်းသံ မပျောက်သေး။

"ဩော်.. မင်းပါလား၊ မစ္စတာပစ်ပ်" ဟု ဆာရာပေါ့ကက်က တအံ့တသြ ရေရွတ်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ မစ္စတာပေါ့ကက်တို့ မိသားစုတော့ အားလုံးနေကောင်းကြပါတယ်"

"ပိုပြီးတော့ကော လိမ္မာမလာကြသေးဘူးလား" ဟု စိတ်ပျက်ဟန်ဖြင့် ခေါင်းကိုတစ်ချက်မျှ ယမ်း၍ ပြောသည်။ "သူတို့ အနေနဲ့ နေကောင်းဖို့ ထက် လိမ္မာဖို့က အရေးကြီးတယ်.. ကွဲ့။ ဩော်.... မက်သယူး၊ သူ့အတွက်လည်း တစ်မှောင့်ပါပဲလေ... ကဲကွယ်... မင်း သွားတတ်တယ် မဟုတ်လားကွဲ့"

မှောင်နှင့် မည်းမည်းအောက်တွင် ကျွန်တော် ဤလှေကားကို တက်ခဲ့ဆင်းခဲ့ရသည်မှာ အကြိမ်ပေါင်း များခဲ့ပြီဖြစ်ရာ မသွားတတ်စရာ မရှိပါ။ ကျွန်တော်သည် လှေကားမှ တက်လာခဲ့ပြီး မစ္စဟေဗီရှမ်၏ အခန်း ရှေ့အရောက်တွင် တံခါးကို တစ်ချက်မျှ ခေါက်လိုက်သည်။

"ပစ်ပ်ရဲ့ ခေါက်သံပဲ" ဟု အခန်းထဲမှ မစ္စဟေဗီရှမ် ပြောလိုက်သံကို ကြားရသည်။

"ဝင်ခဲ့ဟေ့... ပစ်ပ်"

မစ္စဟေဗီရှမ်သည် စားပွဲအိုကြီး၏ ဘေးရှိ ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသည်။ ယခင်က ဝတ်နေကျ အဝတ်အစားများကိုပင် ဝတ်ထားသည်။ သူ့လက်နှစ်ဖက်ဖြင့် သူ့လမ်းလျှောက်တုတ်ကို စုကိုင်ထားပြီး သူ့မေးကို ထိုလက်များပေါ် တင်ထားသည်။ သူ့မျက်လုံးများကတော့ မီးဖို ဆီသို့ ငေးစိုက်လျက်ရှိလေသည်။ သူ့အနီးတွင် မူ အဖြူရောင် ဖိနပ်အသစ်တစ်ရန်ကို ကိုင်၍ ခေါင်းငုံ့ပြီး ကြည့်နေသော အမျိုးသမီးတစ်ယောက် ထိုင်လျက် ရှိ၏။ အမျိုးသမီးမှာ

လှပခံ့ညားစွာ ဝတ်စားဆင်ယင်ထားသည်။ ကျွန်တော် မမြင်ခဲ့ဖူးသည့် အမျိုးသမီးတစ်ယောက်ပေတည်း။

"လာဟေ့ ပစ်ပ်" မစ္စဟေဗီရှမ်က နောက်လှည့်မကြည့်ဘဲ ပြောသည်။ "ဒီဘက်ကိုလာ ပစ်ပ်၊ မင်းကော ဘယ့်နှယ်လဲ၊ နေကောင်းရဲ့လား၊ အား... မင်းက ငါ့လက်ကိုနမ်းပြီး နှုတ်ဆက်သကိုး၊ အင်း... ငါက ဘုရင် မကြီး ကျနေတာပဲဟေ့"

မစ္စဟေဗီရှမ်က ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။ လူကတော့ မလှုပ်၊ မျက်လုံးများသာ လှုပ်ရှားခြင်း ဖြစ်သည်။ သူသည် ပြောင်တောင်တောင် နောက်တောက်တောက် လေသံဖြင့် "ကဲ... ဘယ် လိုလဲကွဲ့" ဟု စကားစလိုက်၏။

"ကျွန်တော် သတင်းကြားလို့ မစ္စဟေဗီရှမ်၊ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ လာခဲ့တာပါ"

"အဲဒီတော့..."

ကျွန်တော် ယခင်က မတွေ့ဖူးခဲ့သော အမျိုးသမီးက မျက်လုံးများကို ပင့်၍ ကျွန်တော့်အား လှမ်းကြည့်သည်။ မျက်လုံးများကတော့ အက်စတယ်လာ၏ မျက်လုံးများ ဖြစ်သည်။ သို့သော်လည်း လူပုံပန်းက အကြီး အကျယ် ပြောင်းလဲနေသည်။ ဟိုတုန်းကထက် အဆပေါင်းများစွာ ပို၍ လှနေသည်။ ပို၍ မိန်းမပီသနေသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် တိုးတက်နေသည့် အသွင်အပြင်များကို ပြက်ပြက်ထင်ထင် မြင်နေရသည်။ အပြောင်းအလဲကြီး ပြောင်းလဲနေသော သူ့ရုပ်သွင်ကို ကြည့်ပြီး ကျွန်တော့်အပြောင်းအလဲများမှာ ဘာမှ မဖြစ်လောက်ဟုပင် ထင်လာမိသည်။ သူ့ကိုကြည့်နေရင်းမှ ကျွန်တော်သည် လက်ကြမ်းကြီးများ နှင့် အောက်တန်းစား ကောင်လေးတစ်ယောက် အဖြစ်သို့ ပြန်လည်ရောက် ရှိသွားပါလေတော့သည်။ သူနှင့် ကျွန်တော့်ကြားတွင် အလှမ်းကွာဝေး လွန်းလှသည် ဟူသော ခံစားမှု ဝင်လာသည်။

အက်စတယ်လာက သူ့လက်တစ်ဖက်ကို ကျွန်တော့်ထံ လှမ်းပေးသည်။ ယခုလို ထပ်မံတွေ့ဆုံရသည့် အတွက် များစွာ ဝမ်းသာပါသည် ဟူသော စကားကို ကျွန်တော်က ထစ်တီးထစ်ငေါ့ ဖြင့် ပြောမိသည်။

"ဘယ်လိုလဲကွဲ့၊ ပစ်ပ်ရဲ့ အက်စတယ်လာတစ်ယောက် သိပ်ကိုပြောင်းလဲမသွားဘူးလား" ဟု မစ္စဟေဗီရှမ်က မေးသည်။ အက်စတယ်လာကို ကြည့်လိုက်သည့် မစ္စဟေဗီရှမ်၏ အကြည့်မှာ ငမ်းငမ်း တက်မက်မောတွယ်တာနေသည့် အကြည့်မျိုး ဖြစ်၏။ သူသည် လက်ထဲ မှ တုတ်ဖြင့် သူတို့ နှစ်ယောက်ကြားမှ ကုလားထိုင်ကို တစ်တောက်တောက် လှမ်းခေါက်သည်။ ကျွန်တော့်အား ထိုကုလားထိုင်၌ ဝင်ထိုင်ရန် အချက်ပြခြင်းပေတည်း။

"ကျွန်တော် အခန်းထဲဝင်လာတော့ သူ့မျက်နှာနဲ့ သူ့ကိုယ်လုံးကိုယ်ထည်က လုံးဝကို အက်စတယ်လာလို့ မထင်ရဘူး၊ အနားရောက်လို့

စေ့စေ့စပ်စပ်ကြည့်တော့မှ ဟိုတုန်းက အက်စတယ်လာမှန်း..."

"ဘာ... ကွဲ့၊ မင်းက ဟိုတုန်းက အက်စတယ်လာအကြောင်း ပြောဦး မလို့လား" ဟု မစ္စဟေဗီရှမ်က ကြားဖြတ်ပြောသည်။ "အက်စတယ်လာက မာနကြီးတယ်၊ တစ်ဖက်သားကို စော်ကားတယ်၊ ဒါကြောင့် သူနဲ့ ဝေးရာကို ကျွန်တော် ပြေးချင်တယ်ဆိုတဲ့ စကားလေ၊ မင်း မှတ်မိသေးလား"

ထိုစကား ပြောခဲ့သည်မှာ ကြာပြီဖြစ်၍ ကောင်းကောင်းပင် မမှတ်မိတော့ပါဟု ကျွန်တော်က ပြန်ပြောသည်။ အက်စတယ်လာကတော့ အခြေပျက်မသွားပါ။ ကျွန်တော့်အား ပြုံး၍ ကြည့်နေသည်။ ထို့နောက် ကျွန်တော်ပြောခဲ့သည့် စကားများ မှန်သဖြင့် သူ့အနေနှင့် သဘောမကျစရာ မရှိပါဟုပင် ဝင်ပြောသည်။

"သူကော ပြောင်းမသွားဘူးလား... အက်စတယ်လာ" ဟု မစ္စဟေဗီရှမ်က မေးသည်။

"သိပ်ကို ပြောင်းသွားတယ်" အက်စတယ်လာက ကျွန်တော့်အား တစ်ချက်မျှ ကြည့်လိုက်ပြီး ဖြေသည်။

"ဟိုတုန်းကလို ကြမ်းကြမ်းတမ်းတမ်းကြီးလည်း မဟုတ်တော့ဘူး၊ ဟိုတုန်းကလို အောက်တန်းစားလည်း မဟုတ်တော့ဘူး ဆိုပါတော့" ဟု မစ္စဟေဗီရှမ်က အက်စတယ်လာ၏ ဆံစများကို ကိုင်တွယ်ပွတ်သပ်ရင်း ပြောသည်။

အက်စတယ်လာက ရယ်သည်။ သူ့လက်ထဲမှ ဖိနပ်ကို ငုံ့ကြည့်သည်။ ပြီးတော့ ထပ်ရယ်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို မော့ကြည့်ပြီး လက်ထဲက ဖိနပ်ကို အောက်သို့ချလိုက်သည်။ သူသည် ကျွန်တော့်အား ယခုအချိန်အထိ သူငယ်နှပ်စားတစ်ယောက်သဖွယ် ဆက်ဆံဆဲ။ သို့သော်လည်း ကျွန်တော့်ကိုမြှူဆွယ်ရန် ကြိုးစားလျက် ရှိလေသည်။

ကျွန်တော်တို့ သုံးယောက်သည် ဟိုတုန်းကပုံစံအတိုင်း လက်ရာခြေရာမပျက် ပြင်ဆင်ခင်းကျင်းထားသည့် အခန်းထဲ၌ ထိုင်၍ စကားပြောလျက် ရှိကြသည်။ အက်စတယ်လာသည် မကြာသေးမီကမှ ပြင်သစ်နိုင်ငံမှ ပြန်လာခြင်း ဖြစ်၍ မကြာမီရက်များ အတွင်းမှာပင် လန်ဒန်သို့ သွားကာ ခေတ္တမျှ နေထိုင်လိမ့်မည်ဟု သိရ၏။ ကျွန်တော် အကဲခတ်၍ ရသလောက်ဆိုပါက အက်စတယ်လာ၏ စိတ်နေစိတ်ထားမှာ လုံးဝပြောင်းလဲခြင်း မရှိပေ။ ဟိုတုန်းကလိုပင် မာနကြီး၍ ဟိုတုန်းက လိုပင် စိတ်ခက်ထန် မာကျောဆဲ ဖြစ်သည်။ ဤအရည်အချင်း နှစ်ရပ်သည် သူ့အလှနှင့် ပေါင်းစပ်လျက်ရှိသော မွေးရာပါ အရည်အသွေးများ ဖြစ်ပေရာ မည်သည့်နည်းနှင့်မျှ ခွဲခွာ၍ ရတော့မည် မဟုတ်ဟုပင် ကျွန်တော် ထင်မိပါသည်။ ကျွန်တော့်အနေဖြင့် မိမိစိတ်ကိုမိမိ ဆန်းစစ်ကြည့်လိုက်သည့် အခါ ငယ်ရွယ်စဉ်အခါက ကိုယ့်နေထိုင်လျက်ရှိသည့် အိမ်ရှက်စိတ်ဝင်မိခြင်း၊ မျိုးရိုးဇာတိ မြင့်မားမှုနှင့် ငွေကြေးချမ်းသာပြည့်စုံမှုများကို မျှော်လင့်တောင့်တမိခဲ့ခြင်းများသည် အက်စတယ်လာကြောင့် ဖြစ်သည် ကို

တွေ့ရ၏။ သို့ဖြစ်ရာ အက်စတယ်လာကို ကျွန်တော့်ဘဝထဲမှ ထုတ်ပစ်ဖို့ ဆိုသည်မှာ လုံးဝမဖြစ်နိုင်တော့သည့် ကိစ္စဟုပင် ယူဆမိပါသည်။

ကျွန်တော့်အနေဖြင့် ထိုနေ့တစ်နေ့လုံးပင် မစ္စဟောဗီရှမ်၏ အိမ်၌ အချိန်ဖြုန်းပြီး ညပိုင်းကျမှ ဟိုတယ်သို့ ပြန်အိပ်ကာ နောက်တစ်နေ့တွင် လန်ဒန်သို့ ပြန်မည်ဟု စီစဉ်လိုက်သည်။ သုံးယောက်သား အတန်ကြာ မျှ စကားပြောပြီးသောအခါ မစ္စဟောဗီရှမ်က ကျွန်တော်တို့ နှစ်ယောက်အား ဥယျာဉ်ပျက်ကြီးထဲဆင်း၍ လမ်းလျှောက်ခိုင်းသည်။ လမ်းလျှောက်ပြီးအပြန်တွင် ဟိုတုန်းကလို သူ့ကို ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်၍ ခဏတစ်ဖြုတ် တွန်းပေးပါဦးဟုလည်း မှာသည်။

ဤသို့ဖြင့် အက်စတယ်လာနှင့် ကျွန်တော်သည် ဥယျာဉ်ပျက်ကြီးထဲ သို့ ရောက်လာခဲ့ကြသည်။ ကျွန်တော်ကတော့ သူ့ကိုယ်ပေါ်မှ အဝတ်အစား၏ အလှတွင် နစ်မျောကာ ကျွန်တော်၏ အဝတ်အစားများ အပေါ်တွင် နည်းနည်းကလေးမှ စိတ်ဝင်စားပုံမရ၊ ကျွန်တော်နှင့် အသားအရေ ဖြူဖပ်ဖြူရော် ကောင်ကလေး (ယခု ဟားဘတ်) တို့ သတ်ပုတ်ခဲ့ကြသည့်နေရာသို့ ရောက်သောအခါ အက်စတယ်လာက "ဒီနေရာမှာ ရှင်တို့ နှစ်ယောက် ထိုးကြိတ်နေကြတာကို ကျွန်မ တစ်နေရာက ပုန်းပြီး ချောင်းကြည့်နေခဲ့သေးတယ်။ အဲဒီတုန်းက ရှင်တို့သာ သိရင် အလွန်အံ့ဩစရာ ကောင်းတဲ့ သတ္တဝါလေးလို့ ထင်ကြမှာပဲ၊ ဒါပေမဲ့လေ... ကျွန်မ ကတော့ ရှင်တို့ နှစ်ယောက် အလဲအကွဲ သတ်ပုတ် နေကြတာကို ကြည့်ပြီး သိပ်ပျော်တာပဲ" ဟု ပြောသည်။

"အဲဒီတုန်းက သူ့ကို အနိုင်ရခဲ့လို့ ခင်ဗျားက ကျွန်တော့်ကို ဆုချခဲ့ သေးတယ်လေ"

"ဟုတ်လား" ဟု သူက ရေရွတ်သည်။ သူပြောလိုက်ပုံမှာ ခပ်ပေါ့ပေါ့၊ သူ ဆုချခဲ့သည် ကို သတိပင် ရပုံမပေါ်။ "ကျွန်မ မှတ်မိနေတာက ရှင့်ရန်သူကို ကျွန်မကိုယ်တိုင် မုန်းနေတယ်လေ..။ သူ ဒီခေါ် လာပြီး ကျွန်မနဲ့ ခင်မင်အောင် ပေါင်းရမယ်ဆိုတာကို ကျွန်မ လုံးဝမကြိုက်ခဲ့ဘူး"

"အခုတော့ဖြင့် သူနဲ့ ကျွန်တော်က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်တဲ့ သူငယ်ချင်းတွေ ဖြစ်နေပြီ" ဟု ကျွန်တော်က ပြောသည်။

"ဟုတ်လား၊ ဩော်... သိပြီ၊ သူ့အဖေဆီမှာ ရှင်ပညာသင်နေတယ်လို့ ကျွန်မ ကြားတယ်"

"ဟုတ်တယ်"

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်သည် ယခုအချိန်အထိ ကောင်ကလေးတစ်ယောက် အနေအထားမျိုး ရှိနေသေး၏။ အက်စတယ်လာ ကိုယ်တိုင်ကလည်း ဤပုံအတိုင်း ဆက်ဆံလျက် ရှိနေသေး၏။ သို့ဖြစ်ရာ ကျွန်တော်တို့ နှစ်ယောက်ကြားရှိ ခြားနားမှုသည် ယခင်ကအတိုင်းပင် ရှိနေဆဲ ဖြစ်၏။

"ပစ္စည်းဥစ္စာတွေ ချမ်းသာပြီး ရှေ့အလားအလာတွေ သိပ်ကောင်း လာတော့ မိတ်ဆွေအပေါင်းအသင်းတွေလည်း ပြောင်းလာမှာပဲနော်" ဟု သူက မေးသည်။

"ဒါကတော့ သဘာဝအတိုင်းပဲ အက်စတယ်လာ" ဟု ကျွန်တော်က အဖြေပေးမိသည်။

"ဒီလိုဆိုရင် တစ်ချိန်က ပေါင်းသင်းခဲ့တဲ့ မိတ်ဆွေတွေဟာ အခုအချိန်တွေမှာ မပေါင်းသင်း မပေါင်းထိုက်တဲ့ မိတ်ဆွေတွေ ဖြစ်နေပြီပေါ့ နော်" ဟု သူက ငေါ့တော့တော့လေသံဖြင့် ပြောသည်။

ဂျိုးနှင့် သွားရောက်တွေ့ဆုံလိုသောစိတ် ရှိ၊ မရှိ မိမိကိုယ်မိမိ ဝေခွဲ၍ မရနိုင်အောင် ဖြစ်နေရသည့် ကြားထဲတွင် အက်စတယ်လာ၏ နှုတ်မှ ဤစကား ကြားလိုက်ရသည့် အခါ လုံးဝသွားချင်စိတ် မရှိအောင် ပိတ်ပင်ဟန့်တားလိုက်သလို ဖြစ်သွားသည်။

"ဒီကိုလာလာနေတဲ့ အချိန်တုန်းကတော့ အခုလို ပစ္စည်းဥစ္စာ ချမ်းသာလာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက် မရှိသေးဘူး မဟုတ်လား"

"နည်းနည်းလေးမှ မရှိခဲ့ဘူး"

သူနှင့် ကျွန်တော် ယှဉ်တွဲ၍ လျှောက်သွားနေခိုက်တွင် သူ့အပြုအမူ များကို မျက်ခြည်မပြတ် အကဲခတ်နေမိသည်။ သူ့ကိုကြည့်ရသည်မှာ အရွယ်ရောက်ပြီး အတွေ့အကြုံ ရင့်ကျက်နေသည့် အမျိုးသမီးတစ်ဦးနှင့် တူနေလျက် ရှိ၏။ သူနှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ ကျွန်တော့် အခြေအနေသည် အတွေ့အကြုံ အလွန်နည်းသေးသည့် သူငယ်နှပ်စား ဘဝမျိုးမှာပင် ရှိနေသေးသည် ဟု ထင်မိ၏။ မည်သို့ပင်ဖြစ်စေ နှိုင်းယှ ဉ်ချက် ထုတ်လိုက်သည့် အခါတိုင်း သူနှင့် ကျွန်တော့်ကြားတွင် ရှိနေသည့်ကွာခြားမှုကတော့ အမြဲတစေ ကြီးမားနေဆဲ ဖြစ်လေသည်။

ဥယျာဉ်ပျက်ကြီးမှာ ထူထပ်စွာ ပေါက်လျက်ရှိသော ပေါင်းပင်မြက်ပင်များကြောင့် လမ်းလျှောက်၍ မကောင်းလှပါ။ နှစ်ပတ်သုံးပတ်မျှ လျှောက်ပြီးသောအခါ ကျွန်တော်တို့သည် ဘီယာချက်စက်ရုံဝင်းထဲသို့ ဝင်ခဲ့ကြသည်။ ဟိုတစ်ချိန် ကျွန်တော် ပထမဦးဆုံးအကြိမ် ဤအိမ်ကြီး သို့ ရောက်သည့်နေ့က အရက်စည်ဟောင်းများကြားမှ အက်စတယ်လာ ဘွားခနဲပေါ် လာပြီး ဖျတ်ခနဲ ပျောက်သွားသော နေရာကို ကျွန်တော်ကပြမိသည်။ အက်စတယ်လာကတော့ ကျွန်တော်ညွှန်ပြသည့် နေရာကို စိတ်မဝင်စား။ အေးတိအေးစက် မျက်နှာထားဖြင့် တစ်ချက်မျှ ကြည့်လိုက် ပြီး "ဟုတ်လား" ဟု ရေရွတ်သည်။ သူ အိမ်ထဲက ထွက်လာပြီး ကျွန်တော့်အတွက် အစားအသောက်များ လာပေးသွားပုံကို ပြောပြသည့် အခါတွင်လည်း "ကျွန်မဖြင့် မမှတ်မိတော့ပါဘူး" ဟု ဆိုသည်။ "ဒီလို ဆိုရင် ကျွန်တော့်ကို ငိုအောင် လုပ်ခဲ့တာကော မမှတ်မိတော့ဘူးလား" ဟု မေးရာ "ဟင့်အင်း၊ မမှတ်မိတော့ဘူး" ဟု ပြောပြီး ခေါင်းယမ်းသည်။ ဟိုတုန်းကဖြစ်ခဲ့သမျှကို မမှတ်မိခြင်းနှင့်

ထိုအဖြစ်အပျက်များ အပေါ်တွင် နည်းနည်းကလေးမှ စိတ်ဝင်စားသည့် အမူအရာ မပြခြင်းတို့ အတွက် ကျွန်တော့်ရင်ထဲက တိတ်တဆိတ်ကျိတ်၍ ငိုမိ၏။ ယခု ငိုကြွေးခြင်းသည် ယခင်က ငိုကြွေးသမျှအားလုံးတွင် အပြင်းထန်ဆုံးသော ငိုကြွေးခြင်ႈပေတည်း။

"ရှင် သိထားရမှာ က ကျွန်မမှာ နှလုံးသား မရှိဘူး၊ ရှေးဟောင်းနှောင်ႈဖြစ်တွေကို သတိတရ ဖြစ်နေနိုင်မယ့် နှလုံးသားကို ပြောတာ"

ကျွန်တော် သူ့စကားကို ရုတ်တရက် သဘောမပေါက်။ နှလုံးသားမရှိပါဘဲလျက်နှင့် ကျွန်တော် ယခုမြင်နေရသည့် အလှသည် တည်ရှိနိုင်ပါမည်လော။

"အို... ကျွန်မပြောတာ ရှင် နားလည်ပုံမရဘူး။။ ကျွန်မမှာ ဓားနဲ့ ထိုးလို့ရတဲ့ နှလုံးသား သေနတ်နဲ့ ပစ်လို့ရတဲ့ နှလုံးသားကတော့ ရှိနေပါတယ်" ဟု အက်စတယ်လာက ပြောသည်။ "နှလုံးခုန်ရပ်သွားရင် အသက် သေသွားနိုင်တဲ့ နှလုံးသားကတော့ ရှိနေတာပေါ့။ ဘယ်မှာ မရှိဘဲ နေပါ့ မလဲ။ ဒါပေမဲ့ ကျွန်မဆိုလိုတာက နှလုံးသားမှာ သိမ်မွေ့နူးညံ့မှု မရှိဘူး လို့ ပြောချင်တာ၊ ကျွန်မနှလုံးသားမှာ စာနာမှု မရှိဘူး၊ ကြင်နာမှု မရှိဘူး၊ခံစားမှု မရှိဘူး၊ အို... ဘာမှ မရှိဘူး"

အက်စတယ်လာသည် ထိုစကားပြောပြီး ထိုနေရာ၌ ငြိမ်သက်စွာရပ်ကာ ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လျက် ရှိသည်။ ကျွန်တော်ကလည်း သူ့မျက်နှာကို စိတ်ဝင်တစားပင် ပြန်ကြည့်နေမိသည်။ အက်စတယ်လာ၏ မျက်နှာပေါ်တွင် ထူးဆန်းသော အရိပ်လက္ခဏာတစ်ခုကို တွေ့နေရ၏။ ကျွန်တော် မြင်တွေ့နေရသည့် အရာသည် ဘာများပါလိမ့်။ မစ္စဟေဗီရှမ်၏ မျက်နှာပေါ်တွင် တွေ့ခဲ့ရသည့် အရာများ ဖြစ်လေသလား။ သေသေချာချာ ကြည့်လိုက်ပြန်တော့ မဟုတ်။ အက်စတယ်လာ၏ အချို့သောအပြုအမူနှင့် ဟန်များသည် မစ္စဟေဗီရှမ်နှင့် တူသည် များ ရှိ၏။ သို့သော်လည်း ထိုတူညီချက်များမှာ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အတူတူ နေလာခဲ့၍ အတုခိုးပြီး ရလာသော တူညီချက်များ ဖြစ်နိုင်ဖို့ များ၏။ သူ့သဘာဝအတိုင်း တည်ရှိလာရသည့် မျက်နှာချင်းကျတော့ တူဖို့ ခဲယဉ်းသည်။ အက်စတယ်လာ၏ မျက်နှာပေါ်တွင် မစ္စဟေဗီရှမ်နှင့် တူသောအရာ မရှိ။ သူ့မျက်နှာကို ကျွန်တော် စေ့စေ့စပ်စပ် ကြည့်မိပြန်သည်။ ကျွန်တော့်စိတ်ကူးတွင် သူနှင့် တူသော မျက်နှာကို သတိရမိသလိုလို ရှိ၏။ သို့သော်လည်း ဘယ်သူ့မျက်နှာမှန်း မသိ။ ဘယ်သူပါလိမ့်။

"ကျွန်မ အလေးအနက်ထားပြီး ပြောနေတာပါ" ဟု အက်စတယ်လာ က မျက်မှောင်ကုတ်၍ ပြောသည်။ "ကျွန်မတို့ နှစ်ယောက် အမြဲတမ်း ဆက်ဆံနေရဦးမယ်လိုရင်တော့ အခု ကျွန်မပြောတဲ့ စကားကို ရှင် ယုံကြည်ထားမှ ဖြစ်မယ်၊ နေဦးလေ၊ ရှင် ဘာမှ မပြောနဲ့ဦး" ကျွန်တော် က တစ်စုံတစ်ခုပြောရန်ပါးစပ်ကို ဟ လိုက်မိသောအခါ သူက ဟန့်သည်။

"သနားချစ်ခင်တတ်တဲ့ စိတ်ကို ကျွန်မ လုံးဝမွေးမထားဘူး။ အဲဒါမျိုး ကျွန်မမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး"

နောက်တစ်ခဏတွင် ကျွန်တော်တို့သည် အရက်ချက်စက်ရုံကြီးထဲ သို့ ရောက်သွားကြသည်။ ကျွန်တော် ဤအိမ်ကြီးသို့ ရောက်ခဲ့သည့် ပထမဆုံးနေ့က သူထွက်လာခဲ့သော အပေါ်ထပ်မှ အဆောင်ကူးလမ်းကြားကို အက်စတယ်လာက လက်ညှိုးထိုးပြသည်။ ထိုနေ့က သူ ထိုအဆောင်ထဲ၌ ရှိကြောင်း၊ ကျွန်တော် အောက်တွင် ရပ်ပြီး ထိတ်လန့်ကြောက်ရွံ့နေသည်ကို သူ မြင်ကြောင်း ပြောပြနေသည်။ ကျွန်တော့်မျက်လုံးများသည် သူမ၏ ဖြူဖွေးလှပသော လက်များ ကို ငေးကြည့်နေမိသည်။ ဘယ်သူနဲ့ တူပါလိမ့်ဟူသော အတွေးသည် ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးလာပြန်၏။ စဉ်းစားပါ၏။ မရ။ ရင် ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ အက်စတယ်လာက သူ့လက်တစ်ဖက် ကို ကျွန်တော့်ပခုံးပေါ် လှမ်းတင်သည်။

ဘယ်သူများပါလိမ့်။

"ဘာဖြစ်တာလဲ" ဟု အက်စတယ်လာက မေးသည်။ "ရှင် ကြောက် နေပြန်ပြီလား"

"စောစောက အက်စတယ်လာပြောတဲ့ စကား ကြားလိုက်တော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်သွားလို့ပါ"

"ကဲပါ... ကြောက်မနေပါနဲ့တော့။ မစ္စဟေဗီရှမ်က ရှင့်ကို မျှော်နေ လိမ့်မယ်။ သူ့ဆီပြန်မသွားခင် ဥယျာဉ်ထဲကို တစ်ခေါက်လောက် ပြန် လျှောက်ကြဦးစို့၊ ပြီးတော့မှ အိမ်ထဲပြန်ဝင်တာပေါ့။ ကဲ... လာ။ တစ်နေ့တော့ ကျွန်မရဲ့ ရက်စက်မှုကြောင့် ရှင် ငိုရမှာ မဟုတ်ပါဘူး၊ ရှင်က ကျွန်မရဲ့ ကိုယ်ရံတော် တပ်မှူးလေးလုပ်၊ ရှင့်လက်တစ်ဖက် ကျွန်မကို ပေး"

အက်စတယ်လာ၏ လှပသော ဂါဝန်အောက်နားသည် မြေကြီးတွင် တရွတ်တိုက်လျက် ရှိသည်။ သူသည် ဂါဝန်စကို လက်တစ်ဖက်ဖြင့် မ ပြီး ကျန်တစ်ဖက်ဖြင့် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ကာ ကျွန်တော်နှင့် တွဲ၍ လျှောက်သည်။ ကျွန်တော်တို့သည် ဤ ပုံစံအတိုင်း ဥယျာဉ်ပျက်ထဲ၌ နောက်ထပ် နှစ်ကြိမ် သုံးကြိမ် လျှောက်ကြသည်။ ကျွန်တော့်အဖို့တော့ ထိုအချိန်ကာလသည် ကိုယ်ရောစိတ်ပါ အလန်းဆန်းဆုံးအချိန် ဖြစ်သည်။

ကျွန်တော်တို့ နှစ်ဦးကြားတွင် အသက်ကွာခြားမှုကတော့ ရှိသည် မဟုတ်။ သက်တူရွယ်တူခန့် ဖြစ်သဖြင့် ပြဿနာပေါ်စရာ အကြောင်းမရှိ ပေ။ သို့သော်လည်း သူ့အလှနှင့် သူ့စိတ်နေစိတ်ထားသည် ကျွန်တော့်အတွက် အကြီးဆုံးသော အဟန့်အတားများ ဖြစ်လျက် ရှိ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မစ္စဟေဗီရှမ်က ကျွန်တော်တို့ နှစ်ယောက်အား လက်ထပ် ထိမ်းမြားပေးလိမ့်မည် ဟူသော အတွေးဖြင့် ဝမ်းသာအားတက်နေသည့် ကြားမှပင် ပြုပြင်ပြောင်းလဲဖို့ မလွယ်လှသော သူ့သဘောထားကြောင့် အားပျက်ခြင်း ဖြစ်ရပြန်၏။

ကျွန်တော့်ကိုယ်ကျွန်တော် အလွန်ဒုက္ခကြီးသော လူတစ်ယောက်ဟုပင် ထင်မိပါ၏။

နောက်ဆုံးတွင် ကျွန်တော်တို့သည် အိမ်ထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ကျွန်တော့်အုပ်ထိန်းသူ မစ္စတာဂျက်ဂါးသည် အလုပ်ကိစ္စဖြင့် မစ္စဟောဗီရှမ်ထံ ရောက်လာကြောင်း၊ ယနေ့ည ညစာစားရန် တစ်ခေါက် ပြန်လာလိမ့်ဦးမည်ဖြစ်ကြောင်း သိလိုက်ရသဖြင့် ကျွန်တော့်မှာ များစွာ အံ့အားသင့်နေမိပါသည်။ ကျွန်တော်တို့ အပြင်သွားနေခိုက်တွင် ဖယောင်းတိုင်မီးများကို ထွန်းညှိထားပြီး ဖြစ်၍ အခန်းထဲတွင် လင်းလျက်ရှိလေပြီ။ မစ္စဟောဗီရှမ်ကတော့ ဘီးတပ်ကုလားထိုင်ပေါ်၌ အသင့်ထိုင်ကာ ကျွန်တော့်ကို စောင့်မျှော်လျက် ရှိ၏။

ကျွန်တော်သည် မစ္စဟောဗီရှမ်၏ ဘီးတပ်ကုလားထိုင်ကို ဟိုတုန်းကပုံစံအတိုင်း စားပွဲကြီး ကိုပတ်၍ တွန်းရပြန်သည်။ အချိန်သည် ကုန်မှန်း မသိ ကုန်လာခဲ့ရာ ညစာစားဖို့ပင် နီးကပ်လာခဲ့လေပြီ။ အက်စတယ်လာသည် သူ့ကိုယ်သူ ဖြီးလိမ်းပြင်ဆင်ရန်အတွက် အခန်းထဲမှ ထွက်သွားတော့မည် ဖြစ်၏။ ကျွန်တော်က မစ္စဟောဗီရှမ်၏ ကုလားထိုင် ကို စားပွဲကြီးအနီးတွင် ရပ်ပေးလိုက်သည်။ မစ္စဟောဗီရှမ်သည် အသားအရေ ခြောက်လွန်းလျက် ရှိသော လက်များကို စားပွဲကြီးပေါ်သို့ လှမ်း တင်ထားသည်။ အခန်းထဲမှ ထွက်သွားသော အက်စတယ်လာသည် တံ ခါးဝအရောက်တွင် နောက်သို့တစ်ချက် လှည့်ကြည့်သည်။ မစ္စဟောဗီရှမ် က လက်တစ်ဖက်မြှောက်၍ နှုတ်ဆက်သည်။ အက်စတယ်လာအား လှမ်းကြည့်လိုက်သည့် မစ္စဟောဗီရှမ်၏ မျက်နှာထားမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ငမ်းငမ်းတက် နိုင်လွန်းလှသည် ကို ကျွန်တော် သတိထားလိုက်မိ၏။

အခန်းထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ မစ္စဟောဗီရှမ်သည် ကျွန်တော့်ဘက် လှည့်၍ တီးတိုးလေသံဖြင့် မေးသည်။

"အက်စတယ်လာက မလှဘူးလား ဟင်၊ ကျက်သရေကော မရှိဘူးလား၊ မင်း သူ့ကို သဘောမကျဘူးလား... ဟင်"

"သူ့ကို မြင်ရသမျှလူတိုင်းက သဘောကျမှာပါ မစ္စဟောဗီရှမ်"

မစ္စဟောဗီရှမ်သည် သူ့လက်တစ်ဖက်ဖြင့် ကျွန်တော့်လည်ပင်းကို သိုင်းဖက်လိုက်ပြီး သူ့ဘက်သို့ ဆွဲယူလိုက်သည်။ ထို့နောက် နှစ်ကိုယ်ကြား လေသံဖြင့် ပြောပြန်သည်။ "မင်း သူ့ကို ချစ်နော်။ သူ့ကိုချစ်ကွဲ့၊ သူ့ကို မချစ်ဘဲ မနေနဲ့နော်။ သိလား၊ သူကတော့ အခု မင့်အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

သူ့မေးခွန်းကို ကျွန်တော်မဖြေခင်မှာပင် (ဖြေမည်ဆိုပါကလည်း အလွန်အဖြေရခက်သော မေးခွန်း ဖြစ်၏။) သူက ထပ်ပြောပြန်သည်။ "သူ့ ကိုတော့ ချစ်ကွဲ့နော်။ မချစ်ဘဲတော့ မနေနဲ့။ ချစ်သာချစ်၊ စွဲစွဲမြဲမြဲချစ်၊ တကယ်လို့ သူက မျက်နှာသာပေးလည်း ချစ်၊ မင်းစိတ်ကို နာကျင်အောင်လုပ်လည်း ချစ်၊ တကယ်လို့များ သူက မင်းအသည်းနှလုံးတွေကို တစ်ပိုင်းစီ တစ်စစီဖြစ်သွားအောင်

လုပ်ရင်လည်း စိတ်ကို ကြံ့ကြံ့ခိုင်ခိုင်ထားပြီး ဆက်သာချစ်၊ သူ့ကိုတော့ ချစ်ကွဲ့၊ သိလား... ချစ်သာ ချစ်၊ ချစ်လိုက်။ ချစ်လိုက်... ချစ်လိုက်ကွဲ့ နော်"

ဤမျှလောက်အထိ စိတ်အားထက်သန်စွာဖြင့် ပြောဆိုတိုက်တွန်းခြင်းမျိုးကို မစ္စဟေဗီရှမ်ထံမှ ဘယ်တုန်းကမှ မကြားခဲ့ရဖူးသော ကျွန်တော့်အဖို့ ထိတ်လန့်အံ့သြခြင်း ဖြစ်မိသည်။ သူ၏ စိတ်အားထက်သန်ပုံမှာ ပြင်းထန်လွန်းလှသည် ဖြစ်ရာ ကျွန်တော့်ကို ဖက်ထားသည့် သူ့လက်သည် ကျွန်တော့်လည်ပင်းကို ညှစ်သလို ဖြစ်လျက်ရှိပါသည်။

"ငါပြောတာ ကြားရဲ့လား ပစ်ပ်၊ ငါ သူ့ကို အချစ်ခံဖို့ မွေးစားထားတာ၊ ငါ သူ့ကို အချစ်ခံဖို့ ကျွေးမွေးထားတာ၊ ငါ သူ့ကို အချစ်ခံဖို့ ပညာ သင်ပေးထားတာ။ ဒီအခြေအနေမျိုး ရောက်လာအောင် ငါ လုပ်ပေးခဲ့ တာဟာ အချစ်ခံဖို့ပဲကွယ်၊ သိလား၊ သူ့ကို မင်း မချစ်ဘဲများ မနေနဲ့၊ ချစ်နော်။ သူ့ကို ချစ်လိုက်... ချစ်သာ ချစ်"

သူ့ကို ချစ်လိုက်ဟူသော စကားကို မစ္စဟေဗီရှမ်က ထပ်တလဲလဲ ပြောနေသည် ဖြစ်ရာ ပြောဖန်များ လာသည့် အခါ ကျွန်တော့်စိတ်ထဲတွင် မုန်းလိုက်ဟု ပြောနေသည် ဟုပင် ထင်လာသည်။ ချစ်ဖို့ ပြောနေသည် ဟု မထင်တော့ဘဲ ကျိန်ဆဲနေသည် ဟု ထင်လာသည်။

"ငါ မင်းကို ပြောပြမယ်" ဟု မစ္စဟေဗီရှမ်က အလွန်စိတ်အားထက်သန်သော အမူအရာဖြင့် ထပ်ပြောပြန်သည်။ အသံကတော့ စောစောကလိုပင် ခပ်တိုးတိုး...။ "အချစ်စစ် အချစ်မှန်ဆိုတာ ဘာလဲ၊ အချစ်စစ် အချစ်မှန်ဆိုတာ အသိဉာဏ် အလွန်ကင်းမဲ့တဲ့ မေတ္တာကို ခေါ်တာပဲကွဲ့၊ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ဂုဏ်သိက္ခာနဲ့ မာနတွေကို အနင်းအခြေခံပြီး ကိုယ့်ကိုရော ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့ ကမ္ဘာလောကကြီးကိုရော ဒူးထောက်အညံ့ခံ အရှုံးပေးလိုက်တဲ့ အရာတစ်ခုပဲ။ မင်းရဲ့ အသည်းနှလုံးနဲ့ မင်းရဲ့ ဝိညာဉ်ကို လုံးဝ သုံးလို့ မရတော့အောင် နင်းခြေ ဖျက်ဆီးမယ့်လူရဲ့ လက်ထဲကို ဝကွက်အပ်ရတဲ့ ဟာမျိုး... ကွဲ့၊ ငါဖြစ်သလိုပေါ့ကွယ်" စကားအဆုံးတွင် မစ္စဟေဗီရှမ်သည် ဒေါသတကြီး တစ်ချက်မျှအော်လိုက်ပြီး ကုလားထိုင်ပေါ်မှ ကျုံးထသည်။ သူ့တစ်ကိုယ်လုံး ဂါဝန်ကြီးဖြင့် ထွေးလုံးရစ်ပတ်ဖြစ်ကာ ယိမ်းထိုးလူးလှိမ့်ရှားလျက် ရှိ၏။ ကျွန်တော်က သူ့ခါးကို လက်နှစ်ဖက်ဖြင့် သိမ်းဖက်ပြီး ကုလားထိုင်ပေါ် ၌ ငြိမ်ငြိမ်ဆိတ်ဆိတ် ပြန်ထိုင်သွားအောင် ကြိုးစားသည်။

ဤအဖြစ်မှာ စက္ကန့်ပိုင်းမျှသာ ကြာသည်။ မစ္စဟေဗီရှမ်သည် သူ့ကုလားထိုင်ပေါ်၌ အေးအေးဆေးဆေး ပြန်ထိုင်သွားသည်။ ဤအခိုက်မှာပင် ကျွန်တော် ကောင်းစွာသိနေသော အနံ့တစ်ခုသည် ကျွန်တော့်နှာခေါင်းဆီသို့ ရောက်လာသည်။ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ အခန်းထဲရောက်နေသည့် မစ္စတာ ဂျက်ဂါးကို မြင်ရလေသည်။

သူသည် အကောင်းစား ပိုးလက်ကိုင်ပဝါတစ်ထည်ကို အမြဲဆောင် ထားလေ့ ရှိပြီး (ထိုအကျင့်ကို ကျွန်တော် မဖော်မိသေးဟု ထင်သည်။) ထိုလက်ကိုင်ပဝါကို

သူ့အလုပ်ခွင်တွင် အသုံးချလေ့ ရှိသည်။ သူ အကျဉ်းအကျပ်နှင့် ကြုံရသည့် အခါများတွင် အမူသည် သို့မဟုတ် သက်သေကို ခြောက်လှန့်ရန်အတွက် ဤလက်ကိုင်ပဝါကို ထုတ်၍ နှပ်ညှစ်လိုက်တော့မည့် ဟန်မျိုး လုပ်တတ်သည်။ တကယ်တမ်းကျတော့ နှပ်မညှစ်ဘဲ လက်နှစ်ဖက်ဖြင့် ကိုင်ထားပြီး တစ်ဖက်လူ သူ့အကွက်ထဲ ဝင်လာသည် အထိ စောင့်နေတတ်သည်။ ယခုလည်း သူ့အခန်းထဲ၌ ရပ်နေသည် ကို ကျွန်တော် မြင်လိုက်ရသည့် အချိန်တွင် သူသည် ထိုလက်ကိုင်ပဝါကို လက်နှစ်ဖက်ဖြင့် အသင့်ကိုင်ထားပြီး ကျွန်တော်တို့အား စောင့်ကြည့်နေသည် ကို တွေ့ရ၏။ ကျွန်တော်နှင့် အကြည့်ချင်းဆုံမိသည့်အခါတွင်မူ "အင်း... အတော့်ကို အံ့ဩဖို့ ကောင်းတာပဲ" ဟု ရေရွတ်ကာ သူ့လက်ကိုင်ပဝါကို အိတ်ကပ်ထဲသို့ ပြန်ထည့်ထား လိုက်လေသည်

မစ္စဟောဗီရှမ်သည် မစ္စတာဂျက်ဂါးကို ကျွန်တော်နှင့် တစ်ပြိုင်တည်း လိုလို မြင်ခြင်း ဖြစ်၏။ သူသည်လည်း အခြားလူများကဲ့သို့ပင် မစ္စတာဂျက်ဂါးကို ကြောက်သည်။ အခြေပျက်နေသည့် သူ့အနေအထားကို အမြန်ဆုံးပြန်၍ ပြုပြင်နေရာမှ ထစ်တီးထစ်ငေါ့ဖြင့် ချိန်းထားသည့် အချိန်အတိုင်း အတိအကျ လိုက်နာလုပ်ကိုင်တတ်သော မစ္စတာဂျက်ဂါး၏ အကျင့်ကို ချီးမွမ်းသည်။

"ကျွန်တော်ကတော့ အမြဲတမ်း အချိန်လေးစားတယ်" ဟု မစ္စတာဂျက်ဂါးက ပြန်ပြောသည်။ သူသည် ကျွန်တော့်ဆီကို လျှောက်လာပြီး နေကောင်းရဲ့လား ပစ်ပ်" ဟု ကျွန်တော့်ကို လှမ်းမေးသည်။ "ဘယ်လိုလဲ၊ ကျွန်တော် ခင်ဗျား ကုလားထိုင်ကို တွန်းပေးရဦးမလား... မစ္စဟောဗီရှမ်၊ တစ်ပတ်ဆို တော်ပြီလား၊ မင်းက ဒီရောက်လာသကိုး... ပစ်ပ်ရ"

ကျွန်တော်က ကျွန်တော်ရောက်နေသည့် အချိန်ကို ပြောပြလိုက်သည်။ မစ္စဟောဗီရှမ်က အက်စတယ်လာနှင့် တွေ့ရန် ခေါ်၍ လာရခြင်းဖြစ်ကြောင်းကိုပါ ရှင်းပြသည်။ "အေး ဟုတ်တယ်၊ အလွန်ချော အလွန်လှတဲ့ အမျိုးသမီးကလေးတစ်ယောက်ပါပဲ" ဟု ကျွန်တော့်အား ပြန်ပြောသည်။ ထို့နောက် သူသည် မစ္စဟောဗီရှမ်၏ ကုလားထိုင်ကို လက်တစ်ဖက်ဖြင့် တွန်းသည်။ ကျန်တစ်ဖက်ကိုမူ သူ့ဘောင်းဘီအိတ်ကပ်ထဲ နှိုက် ထားလေသည်။

"ဟော့... ပစ်ပ်၊ မင်း အက်စတယ်လာနဲ့ အရင်က ခဏခဏ တွေ့ခဲ့ဖူး သလား" ဟု ကုလားထိုင်ကို တစ်ပတ်ပြည့်အောင် တွန်း လာပြီး ရပ်လိုက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော့်အား လှမ်းမေးသည်။

"ခဏ.. ခဏ ဟုတ်လား"

"ဩော်ကွာ၊ ဘယ်နှကြိမ် တွေ့ခဲ့ဖူးသလဲလို့ မေးတာ၊ အကြိမ် တစ်သောင်းလား"

"အိုး.. အဲသလောက်တော့ ဘယ်ရှိမလဲ"

"မစ္စတာဂျက်ဂါး" ဟု မစ္စဟောဗီရှမ်က ကြားမှ ဝင်ဟန့်လိုက်သဖြင့် ကျွန်တော့်မှာ အသက်ရှူချောင်သွားသည်။ "ကျွန်မကို ဒုက္ခမပေးချင်ပါ နဲ့။ ညစာကို

သူနဲ့ အတူ သွားစားပါ"

မစ္စတာဂျက်ဂါးက မစ္စဟောဗီရှမ်ပြောသည့် အတိုင်း လိုက်နာသည်။ ကျွန်တော်တို့သည် မှောင်မည်းနေသော လှေကားမှ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ နောက်ဖေးဘက်မှ အခန်းများ ဆီသို့ လျှောက်လာနေခိုက်တွင် မစ္စတာဂျက်ဂါးက မစ္စဟောဗီရှမ်ထံ ဘယ်နှကြိမ်လာ၍ စားဖူး သောက်ဖူးသလဲဟု မေးသည်။ သူ့မေးခွန်းကို ကျွန်တော် သဘောပေါက် စေရန်အတွက် အကြိမ်တစ်ရာလား၊ သို့မဟုတ် တစ်ကြိမ်တည်းလားဟု ထည့်မေးသည်။

ကျွန်တော်က တစ်ခဏမျှ စဉ်းစားလိုက်ပြီး "တစ်ခါမှ လာမစားဖူးဘူး" ဟု ဖြေလိုက်ပါသည်။

"အေး ဟုတ်မယ်" ဟု သူက ပြုံး၍ ပြောသည်။ သူ့အပြုံးမှာ မလိုတမာအပြုံး။ "အခုလိုဘဝမျိုးနဲ့ နေလာတဲ့ အချိန်ကစပြီး ဒီမိန်းမကြီးဟာ သူ့ကိုယ်သူ ဘယ်သူမှ အမြင်မခံတော့ဘူး၊ ညကျတော့လည်း မအိပ်ဘူး၊ လမ်းလျှောက်နေတာပဲ"

"ကျွန်တော် တစ်ခုလောက် မေးပါရစေခင်ဗျာ" ဟု ကျွန်တော်က ခွင့်တောင်းသည်။

"မေးချင်ရင် မေး" ဟု သူက ဆိုသည်။ "ဒါပေမဲ့ မင်း တစ်ခုတော့ သိထားဖို့ လိုတယ်၊ မင့်မေးခွန်းကို ငါ ဖြေသင့်မှ ဖြေမယ်။ ကဲ.. မေးတော့၊ ဘာလဲ"

"အက်စတယ်လာရဲ့ နာမည်အပြည့်အစုံဟာ အက်စတယ်လာဟောဗီရှမ်လား၊ ဒါမှ မဟုတ်.. ဒါမှ မဟုတ်" ဟူသော စကားနောက်မှ ဆက်စရာ ရှာမရသဖြင့် ကျွန်တော်က ရပ်ထားလိုက်သည်။

"ဒါမှ မဟုတ်ဆိုတဲ့ စကားရဲ့ နောက်က ဘာလဲ" ဟု သူက ပြန်မေးသည်။

"သူ့နာမည် အပြည့်အစုံဆိုရင် အက်စတယ်လာရဲ့ နောက်က ဟောဗီရှမ်ပဲလား"

"ဟုတ်တယ်... ဟောဗီရှမ်ပဲ"

စကားတပြောပြောနှင့်ပင် အက်စတယ်လာနှင့် ဆာရာပေါ့ကက်တို့ စောင့်နေသော ညစာစားပွဲဆီသို့ ရောက်သွားကြသည်။ မစ္စတာဂျက်ဂါး က စားပွဲထိပ်မှ နေရာယူပြီး အက်စတယ်လာက သူနှင့် မျက်နှာချင်းဆိုင် ထိုင်ကာ၊ ကျွန်တော်က မနာလိုတိုရှည် ဖြစ်နေသော ကျွန်တော့်မိတ်ဆွေ ဆာရာပေါ့ကက်နှင့် မျက်နှာချင်းဆိုင် ထိုင်သည်။ အားလုံး ညစာကို နား အေးပါးအေး စားကြသောက်ကြသည်။ ကျွန်တော် ဤအိမ်သို့ ဝင်ထွက်နေသည်မှာ အကြိမ်ပေါင်း များခဲ့ပြီ ဖြစ်သော်လည်း ညစာအတွက် စောင့်၍ လုပ်ကိုင်ပေးနေသည့် အိမ်စေမိန်းမကို လုံးဝမမြင်ဖူးခဲ့ပါ။ ကျွန်တော် သိထားရသလောက် လျှို့ဝှက်သော ဤအိမ်ကြီးအတွင်း၌ ဤမိန်းမ နေလာခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ညစာစားအပြီးတွင် ကျွန်တော့်အုပ်ထိန်းသူရှေ့သို့ ပို့တ်ဝိုင်တစ်ပုလင်း ချပေးသည်။ (သူသည် အရက်နှင့် စိမ်းသူတစ်ယောက် မဟုတ်ပါ) ထိုအခါ အမျိုးသမီးနှစ်ယောက်သည် ကျွန်တော်တို့

ကို ထားခဲ့ပြီး အခန်းထဲမှ ထွက်သွားကြလေသည်။

ဤအိမ်ကြီးထဲရောက်ခါမှ မစ္စတာဂျက်ဂါးတစ်ယောက် ထူးထူးခြားခြား နှုတ်ဆိတ်လွန်းလှသည် ကို ကျွန်တော် သတိထားမိသည်။ သူ့ရှေ့မှောက်ရှိ အစားအသောက်များမှ လွဲ၍ ဘေးဘီကို ကြည့်ခြင်းလည်း မရှိ။ အထူးသဖြင့် ညစာစားနေသည့် အချိန်တစ်ချိန်လုံး သူ့မျက်လုံးများကို အက်စတယ်လာ ဘက်သို့ မကြည့်မိအောင် သတိထားသည်။ အက်စတယ်လာက သူ့ကို စကားပြောလျှင် ဂရုတစိုက် နားထောင်သည်။ ပြန်ပြောသည်။ သို့သော်လည်း အက်စတယ်လာ၏ မျက် နှာကို လုံးဝမကြည့်။ အက်စတယ်လာကတော့ မစ္စတာဂျက်ဂါး၏ အပြုအမူနှင့် အနေအထိုင်များ အပေါ်တွင် အထူးအဆန်း ဖြစ်နေသည့် ဟန်ဖြင့် စိတ်ဝင်တစား ကြည့်နေတတ်သည်။ အက်တယ်စတာက သူ့ကို စိတ်ဝင်စားမှန်း မစ္စတာဂျက်ဂါးက မကြည့်ဘဲနှင့် သိပုံရ၏။ သို့သော်လည်း မသိလေ ဟန်ဆောင်ထားသည် ဟု ထင်ရှားလျက်ရှိလေသည်။ ညစာ စားနေကြသည့် အချိန်တစ်ချိန်လုံး သူသည် ကျွန်တော်၏ အလားအလာများ ကောင်းပုံကိုသာ တခမ်းတနား ပြောပြီး မစ္စတာဆာရာပေါ့ကက်၏ စိတ်ကို မနာလိုတိုရှည်ဖြစ်အောင် ဆွပေးလျက် ရှိသည်။ သူ့အနေဖြင့် ဆာရာပေါ့ကက်၏ အဖြစ်ကိုလည်း မကြည့်ဘဲနှင့် သိနေပုံ ရ၏။ သို့သော်လည်း သူ့ဝသီအတိုင်း မသိလေ ဟန်ဆောင်ထားသည်။ သူ ပြောဆိုလုပ်ကိုင်နေပုံများကို ကြည့်ရသည်မှာ ကျွန်တော့်အကြောင်းကို များများ ပြောပြီး သူ့အတွက် အမြတ်ထုတ်နေသည် ဟုပင် ထင်ပါသည်။

အခန်းထဲ၌ သူနှင့် ကျွန်တော် နှစ်ယောက်တည်း ကျန်ခဲ့သည့် အခါ သူသည် ပို၍ နှုတ်ဆိတ်လျက် ရှိသည်။ ကြာလာတော့လည်း ကျွန်တော့်မှာ အနေရအထိုင်ရ ခက်လာသည်။ သူကတော့ တခြားလုပ်စရာ ဘာမှ မရှိသဖြင့် သူသောက်နေသည့် စပျစ်ဝိုင်ကိုပင် တရားခွင်မှ သက်သေတစ်ယောက် သဖွယ် သဘောထားကာ ပြန်လှန်မေးခွန်းထုတ်သလို လုပ်လျက်ရှိသည်။ သူသည် ဝိုင်ဖန်ခွက်ကို ဖယောင်းတိုင်မီးရောင်ရှေ့၌ ထောင်၍ ကြည့်လိုက်သည်။ ပြီးတော့ပါးစပ်တွင် တော့ကာ တစ်ငုံစာမျှ ငုံလိုက်ပြီး ပလုတ်ကျင်းသည်။ ထို့နောက် မျိုချလိုက်သည်။ ပြီးတော့ ဖန်ခွက်ကို ထောင်၍ ကြည့်လိုက်ပြန်၏။ ပြီးတော့ နှာခေါင်း၌ တော့ကာ အနံ့ခံသည်။ ထိုနောက် စောစောကလို တစ်ငုံငုံလိုက်ပြီး မျိုချလိုက်သည်။ ပြီးတော့ နောက်ထပ်တစ်ဖန် ဖန်ခွက်ကိုထောင်၍ ကြည့်ပြန်သည်။ ဂျာအေး သူ့အမေရိုက်သလို လုပ်နေသော သူ့ကိုကြည့်ကာ ကျွန်တော် စိတ်ရှုပ်လာသည်။ ကိုယ်ရောစိတ်ပါ နောက်ကျိလာသည်။ သုံးလေးကြိမ်မျှ စကားပြောရန် အားထုတ်ပါသေးသည်။ သို့သော်လည်း သူ့မျက်နှာထား က မင်းဘာမေးမေး ငါကတော့ ဖြေလိမ့်မည်မဟုတ်၊ ငါ့ပါးစပ် အလုပ်ရှုပ်နေသည် ဟု ပြောနေသည့် ပုံမျိုး ဖြစ်သဖြင့် လက်လျှော့လိုက်ရသည်။

ထို့နောက် ကျွန်တော်တို့သည် မစ္စဟေဗီရှမ်၏ အခန်းသို့ ပြန်သွားကြပြီး အက်စတယ်လာ၊ ဆာရာပေါ့ကက်တို့ နှင့် အတူလေးယောက်သား ဖဲကစားကြသည်။

ဖဲကစားနေရာမှ ခဏတစ်ဖြုတ် ရပ် နားကြသည့် အချိန်တွင် မစ္စဟောဗီရှမ်သည် ဟိုတုန်းကပုံစံအတိုင်း သူ့မှန်တင်ခုံစားပွဲ အံဆွဲထဲမှ ရတနာသေတ္တာကို ထုတ်သည်။ ထို့နောက် စိန်ဆံထိုး၊ စိန်နားကပ်၊ စိန်ဘယက်၊ စိန်လက်ကောက် စသည့် အဖိုးတန်လက်ဝတ်လက်စားများကို အက်စတယ်လာ၏ ဆံပင်၊ ရင်ဘတ်နှင့် လက်များ ၌ ဝတ်ဆင်ပေးသည်။ အက်စတယ်လာ၏ အလှသည် ပို၍ ချစ်စရာကောင်းအောင် ပီပြင်လာသည်။ မစ္စတာဂျက်ဂါးသည် အက်စတယ်လာ၏ ထူးခြားသော အလှကို ဂရုမစိုက်ဘဲ မနေနိုင်။ သူ၏ ထူထဲမည်းနက်သော မျက်ခုံးကြီးနှစ်ခုအောက်မှ မျက်လုံးများကိုပင့်၍ မကြာခဏ လှမ်းလှမ်း ကြည့်နေသည် ကို ကျွန်တော် သတိထားမိပါသည်။

ကျွန်တော်တို့ ဖဲဝိုင်းကို ညကိုးနာရီထိုးမှ သိမ်းသည်။ အက်စတယ်လာ လန်ဒန်သို့ လာမည့်ရက်ကို ကျွန်တော်တို့ ထံ ကြိုတင်၍ အကြောင်း ကြားရန်၊ သူလာသည့် နေ့တွင် ကျွန်တော်က အဝေးပြေး မြင်းရထားဆိပ်မှ စောင့်ကြိုရန် စသည် များကို စီစဉ်ပြီးသော် ကျွန်တော်နှင့် မစ္စတာဂျက်ဂါး တို့သည် ဟိုတယ်သို့ အတူတူ ပြန်ခဲ့ကြပါသည်။

ကျွန်တော်၏ အုပ်ထိန်းသူ.. မစ္စတာဂျက်ဂါးမှာလည်း ဘလူးဘိုးအား ဟိုတယ်၌ပင် တည်းခိုနေသည် ဖြစ်၍ သူ့အခန်းသည် ကျွန်တော့် အခန်းနှင့် ဘေးချင်းကပ် ဖြစ်၏။ ထိုညက တစ်ညလုံးလိုလိုပင် ကျွန်တော် အိပ်မပျော်ပါ။ "သူ့ကို ချစ်၊ သူ့ကို ချစ်၊ သူ့ကို ချစ်" ဟူသော မစ္စ ဟောဗီရှမ်၏ စကားလုံးများသည် ကျွန်တော့်နားထဲတွင်ပဲ့တင်ထပ်လျက် ရှိသည်။ ကျွန်တော်သည် ကျွန်တော့်ခေါင်းအုံးကိုပင် အဖော်လုပ်ကာ "ငါ သူ့ကို ချစ်တယ်၊ ငါ သူ့ကို ချစ်တယ်၊ ငါ သူ့ကို ချစ်တယ်" ဟု အကြိမ်ပေါင်းများစွာ ပြောနေမိ၏။ ထို့နောက် ကျွန်တော့်ခေါင်းထဲသို့ အသိတရား ဝင်လာသည်။ တစ်ချိန်က ပန်းပဲသမားတစ်ဦး၏ အကူလက်ထောက်မျှသာဖြစ်သော ကျွန်တော့်ဘဝ တိုးတက်မြင့်မားရေးတွင် အက်စတယ်လာက ကျွန်တော့်အပေါ် မည်သည့် အချိန်ကျမှ စိတ်ဝင်စား လာပါမည်နည်း။ ယခုလောလောဆယ် စကားမပြောသေးသော၊ အိပ်ပျော်နေဆဲဖြစ်သော အက်စတယ်လာ ၏ အသည်းနှလုံးကို မည်သည့် အချိန်ကျခါမှ စကားပြောလာအောင်၊ နိုးထလာအောင် ကျွန်တော် စွမ်းဆောင်နိုင်ပါမည်နည်း။

မည်သို့ပင်ဖြစ်စေ ဤအရာများသည် ကြီးကျယ်မြင့်မားသော ကျွန်တော့်နှလုံးသား၏ ခံစားချက်များ ဖြစ်ပါသည်။ သို့သော်လည်း ဂျိုးထံ မသွားဘဲနေခြင်းသည် အလွန်နိမ့်ကျသော လုပ်ရပ် တစ်ခု ဖြစ်သည် ဟူသော အသိတရားကား ယခုအချိန်ထိ ကျွန်တော့်စိတ်ထဲသို့ မဝင်လာ သေးပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ဂျိုးထံသို့ သွားလျှင် အက်စတယ်လာက အထင်အမြင် သေးလိမ့်မည်ဟု တွေးမိသောအခါ ဂျိုးကြောင့် ကျွန်တော့်မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်ခဲ့ရ၏။ သို့သော်လည်း

ထိုမျက်ရည်များသည် ချက်ချင်းပင် ပျောက်သွားခဲ့လေပြီ။ ဤကဲ့သို့ ဖြစ်ရသည့်အတွက် ဘုရားသခင်သည် တပည့်တော်အား ခွင့် လွှတ်တော်မူပါစေသတည်း။

****

နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် ဘလူးဘိုးအား ဟိုတယ် ရှိ ကျွန်တော့်အခန်းအတွင်း၌ အဝတ်အစားလဲရင်း အောလစ်၏ ကိစ္စကို စဉ်းစားသည်။ အောလစ်သည် မစ္စဟေဗီရှမ်၏ အိမ်၌ လူယုံအဖြစ် ထားသင့်သည့် လူတစ်ယောက် မဟုတ်ကြောင်းကို မစ္စတာဂျက်ဂါးအား ပြောပြမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။ ဆုံးဖြတ်ထားသည့် အတိုင်း မစ္စတာ ဂျက်ဂါးအား ပြောပြသည့် အခါ သူက "ဒီအကောင် နေရာမှန်လူမှန် မဟုတ်ဘူး ဆိုတာ ငါလည်း သိပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ လူယုံရာထူးကို ယူထားတဲ့ ကောင်မှန်သမျှဟာ ဘယ်တော့မှ လူမှန်နေရာမှန် မဖြစ်နိုင်ဘူးကွ" ဟု ပြောသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်စကားကိုတော့ လက်ခံသည်။ အောလစ်၏ အကျင့်စာရိတ္တနှင့် ပတ်သက်၍ ကျွန်တော် သိခဲ့သမျှကို ပြောပြသည့် အခါတွင်လည်း ကျေနပ်ပုံ ရသည်။ ကျွန်တော့်စကားအဆုံးတွင် "မင်း အခုလိုပြောပြတာ သိပ်ကောင်းတယ် ပစ်ပ်" ဟု မှတ်ချက်ချသည်။ "ငါ တစ်ခေါက်ပြန်သွားပြီး တို့ မိတ်ဆွေ လူယုံကို အလုပ်ထုတ်ပစ်ဖို့ စီစဉ်လိုက်မယ်" ဟု ဆိုသည်။ ချက်ချင်း အလုပ်မှ ထုတ်ပစ်တော့မည်ဟူသော စကားကြောင့် ကျွန်တော့်မှာ အထိတ်တလန့် ဖြစ်ရပါသည်။ လူဆိုးလူပေတစ်ဦး ဖြစ်သော အောလစ်က ကတ်တီးကတ်ဖဲ့လုပ်နေမည်ကို စိုးရိမ်ရကြောင်း ကျွန်တော်က ပြောပြသည့်အခါ မစ္စတာဂျက်ဂါးက "စိတ်မပူပါနဲ့ကွ။ ငါကလည်း ငါ့လိုလူကို ကတ်တီးကတ်ဖဲ့လုပ်တဲ့ လူမျိုးနဲ့ မှ တွေ့ချင်နေတာပါကွ" ဟု ပြန်ပြော လေသည်။

ကျွန်တော်နှင့် ဂျက်ဂါးသည် နေ့ခင်းထွက်မည့် မြင်းရထားဖြင့် လန်ဒန်သို့ အတူတူ ထွက်ခွာမည်ဟု စီစဉ်ထားပြီးပြီဖြစ်သည်။ ကျွန်တော့်အနေဖြင့် ဟိုတယ်မှ မထွက်ခွာမီ ပန်ဘဲလ်ချုနှင့် ဆုံမိမည်ကို ကြောက်နေသဖြင့် နံနက်စာကိုမှ ဖြောင့်ဖြောင့်မစားနိုင်ပါ။ နောက်ဆုံးတွင် ကျွန်တော်က မစ္စတာဂျက်ဂါးအား လန်ဒန်သို့သို့သွားမည့် လမ်းမကြီးပေါ်အတိုင်း ကျွန်တော်ရှေ့က ကြိုတင်၍ လမ်းလျှောက်သွားလိုကြောင်း၊ မြင်းရထားနှင့် လိုက်လာမည့် မစ္စတာဂျက်ဂါးက ရထားသမားအား ကျွန်တော့်ကို မီသည့် နေရာကျမှ ရပ်၍ တင်ရန် မှာထားပေးစေလိုကြောင်း ပြောပြသည်။ သူက လက်ခံသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘလူးဘိုးအား ဟိုတယ်မှ နံနက်စာ စားပြီးလျှင်ပြီးချင်း အမြန်ဆုံး ထွက်လာနိုင်ခဲ့၏။ ပန်းဘဲလ်ချု၏ အိမ်ကို ရှောင်ကွင်းမိရန်အတွက် မြို့အပြင်ဘက် ထွက်ကာ တောလမ်းအတိုင်း နှစ်မိုင်ခန့် လျှောက်ရသည်။ ပန်ဘဲလ်ချု၏ အိမ်နှင့် လွတ်လောက်သည့် နေရာကျော်မှ မြို့တွင်းသို့ ပြန်ဝင်ကာ ဟိုက်လမ်းအပေါ်အတိုင်း ဆက်လျှောက်ခဲ့ပါသည်။

ငြိမ်သက်တိတ်ဆိတ်လျက်ရှိသော မြို့ထဲ၌ လမ်းလျှောက်ရသည်မှာ စိတ်အေးနားအေး ရှိသည်။ စိတ်ဝင်စားဖို့လည်း ကောင်း၏။ ဟိုနေရာသည် နေရာ၌

ဆုံမိကြသူများက ကျွန်တော့်အား မှတ်မိသလိုလို၊ မမှတ်မိ သလိုလို ဖြစ်ကာ ဇဝေဇဝါစိတ်ဖြင့် ငေးကြည့်နေကြသည့် အခါ စိတ်ထဲ ကကျိတ်၍ သဘောကျမိသည်။ အချို့သော ဆိုင်ပိုင်ရှင်များသည် သူတို့ ဆိုင်များ ထဲမှ ကပျာကယာ ထွက်ကာ ကျွန်တော့်ရှေ့မှာ အပြေးအလွှား လျှောက်သွားကြသည်။ ခပ်လှမ်းလှမ်းရောက်ကာမှ တစ်စုံတစ်ခု မေ့ကျန်ရစ်ခဲ့သလိုလို ဘာလိုလိုနှင့် နောက်ရင်းပြန်လှည့်ကာ လာလမ်းအတိုင်း လျှောက်လာကြပြီး ကျွန်တော့်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ကြသည်။ သူတို့ အဖို့ ကျွန်တော်သည် ထူးခြားသော လူတစ်ယောက် ဖြစ်နေသည်မှာ ထင်ရှားလျက်ရှိ၏။ ယခုလိုဆိုပြန်တော့လည်း ကျွန်တော့်ဘဝသည် ကျေနပ်အားရစရာပင် ဖြစ်သည်။ သို့သော်လည်း ဤအခိုက်အတန့်အတွင်းမှာ ကံကြမ္မာက ကျွန်တော့်အား စက်ချုပ်ဆိုင်ပိုင်ရှင် မစ္စတာထရက်ဘ်၏ တပည့်ကောင်လေးနှင့် ဆုံမိအောင် ဖန်တီးပေးလိုက်သည်။ ကျွန်တော့်အဖို့ ကတော့ ဤအဖြစ်နှင့် ကြုံရခြင်းသည် ကံဆိုးမိုးမှောင်ကျခြင်းပင် ဖြစ်သည် ဟု ဆိုရပါလိမ့်မည်။

ကျွန်တော်သည် လမ်းမကြီးဘေးအတိုင်း အေးအေးဆေးဆေး လျှောက်လာနေခိုက်တွင် မစ္စတာထရက်ဘ်၏ တပည့်ကောင်ကလေးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ဘက်မှ နေ၍ အပြာရောင် လွယ်အိတ်တစ်လုံး ယမ်းကာ လျှောက်လာနေသည် ကို မြင်ရ၏။ သူ့ကို မြင်လိုက်ရ သောအခါ ကျွန်တော် သူ့ဆရာထံ အကြိမ်ကြိမ်သွားအပ်ခဲ့စဉ်က ကျွန်တော့်ကြောင့် အဆူအပူ အကြိမ်းအမောင်း ခံရသည် ကို သတိရမိသည်။ သူ့အနေဖြင့်လည်း ထိုအဖြစ်ကို သတိရကောင်း ရလိမ့်မည် ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့ကိုမကြည့်ဘဲ လုံးဝမမြင်ဟန် ဆောင်ကာ မျက်နှာကို ခပ်တည်တည်ထား၍ လျှောက်လာခဲ့သည်။ သို့သော်လည်း ကောင်ကလေးသည် ကျွန်တော့်အနီးသို့ ရောက်လာသည် နှင့် တစ်ပြိုင်နက် အလွန်ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် သူ့ဒူးများကို တဆတ်ဆတ်လှုပ်ကာ "လုပ်ကြပါဦးခင်ဗျာ၊ ကျွန်တော် ကြောက်လွန်းလို့ပါခင်ဗျ" ဟု အသံသေးအသံကြောင်ဖြင့် အော်ဟစ်ပါ လေတော့သည်။ သူ့တစ်ကိုယ်လုံး ဆိုးဆိုးဆတ်ဆတ် လှုပ်ကာ တွန့်လိမ်ကောက်ကွေးလျက် ရှိ၏။ တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ရှားလျက်ရှိသဖြင့် သူ့ခေါင်းပေါ်မှ ဦးထုပ်သည် ကျွတ်ကျသွားသည်။ ကျွန်တော် သူ့အနီးမှ ဖြတ်လျှောက်သွားသောအခါ သူသည် ကျွန်တော့်အား အလွန်ကြောက်ရွံ့သည့် မျက်နှာထားမျိုးဖြင့် ကြည့်လိုက်ပြီး မြေကြီးပေါ်သို့ ပစ်လှဲလိုက်ကာ လူးလိမ့်နေပါသည်။

သည်းမခံနိုင်လောက်အောင် ဆိုးရွားသည့် လှောင်ပြောင်မှုတစ်ခုဟု ဆိုရမည်ဖြစ်သော်လည်း ဤမျှလောက်နှင့် ရပ်သွားလျှင်တော်ပါသေးရဲ့ ဟု စိတ်ထဲက ထင်မိ၏။ သို့သော်လည်း ကျွန်တော် ဆက်လျှောက်၍ ကိုက်နှစ်ရာခန့်မျှ မရှိသေးမီ ကောင်ကလေးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၍

လျှောက်လာနေပြန်သည် ကို တွေ့ရသည်။ သူသည် တစ်ဖက်သောလမ်းမှ ပတ်ပြီး ထောင့်ချိုးအကွေ့မှ ဘွားခနဲ ပေါ်လာခြင်းဖြစ်သည်။ ဤတစ်ကြိမ်တွင် မူ သူသည် အိတ်ပြာကို ပခုံးတွင် လွယ်ထားသည်။ ကျွန်တော့်ကို မြင်သောအခါ အလွန်ထိတ်လန့် ကြောက်ရွံ့သွားသည့် ဟန်မျိုးလုပ်ကာ ဒူးများကို တဆတ်ဆတ် လှုပ်ပြပြန်သည်။ လက်နှစ်ဖက် ကို ယှက်ကာ အသနားခံသည့် ပုံမျိုး လုပ်ပြသည်။ ပြီးတော့ ကျွန်တော့် ကို ပတ်၍ ပြေးသည်။ အနီးအနားရှိ လမ်းသွားလမ်းလာများသည် သူ လုပ်နေသမျှကို ကြည့်ပြီး တဝါးဝါး တဟားဟားဖြင့် ပွဲကျလျက် ရှိသည်

ကျွန်တော့်အနေဖြင့် မျက်နှာကို ခပ်တင်းတင်းထားပြီး ဆက်လျှောက်ရုံမျှတစ်ပါး အခြားဘာမှ မလုပ်နိုင်တော့ပါ။ ဤသို့ဖြင့် စာတိုက်အနီး သို့ အရောက်တွင် ကောင်ကလေးသည် ကျွန်တော့်နောက်မှ တစ်ကြိမ် ထပ်၍ ပေါ်လာပြန်သည်။ ဤတစ်ကြိမ်တွင် မူ အပေါ်ဝတ်အင်္ကျီ ပုံစံမျိုး လုပ်၍ ဝတ်ကာ ရင်ကိုကော့၍ ဟန်ကြီးပန်ကြီးပုံစံမျိုးဖြင့် လျှောက်လာသည်။ သူ့နောက်မှ သူ့သူငယ်ချင်းတစ်အုပ်က ကပ်၍ လိုက်လာကြသည်။ သူသည်ပါးစပ်မှ "ကျွန်ုပ် မင့်ကို မသိဘူး" ဟု ရေရွတ် လာလေရာ သူ့သူငယ်ချင်းများက ဝိုင်း၍ ဩဘာပေးကြသည်။ ကျွန်တော့်အနေဖြင့် အခံရခက်လိုက်ပုံမှာ မပြောတတ်လောက်အောင်ပင် ဖြစ်သည်။ ထရက်ဘ်၏ တပည့် ကောင်ကလေးသည် ဤမျှနှင့် မကျေနပ်သေးပါ။ ကျွန်တော်နှင့် ရင်ပေါင်တန်းမိသည့် အခါ သူ့ရှပ်အင်္ကျီကော်လံများကို အပေါ် သို့ ထောင်လိုက်သည်။ နားထင်နှစ်ဖက်မှ ဆံပင်များကိုလည်း လိမ်၍ ကျစ်လိုက်သည်။ ထို့နောက် ခါးထောက်လိုက်ပြီး သူ့လူများ ဘက်သို့လှည့်၍ "ငါ မင်းတို့ကို မသိဘူး၊ ငါ မင်းတို့ကို မသိဘူး၊ ဘယ်က ကောင်တွေလဲ၊ ငါ မင်းတို့ကို လုံးဝ မသိဘူး" ဟု အော်ကြီးဟစ်ကျယ် ပြောပြန်သည်။ ကျွန်တော် တံတားပေါ်မှ ဖြတ်လျှောက်လာချိန်အထိ သူသည် နောက်မှ တကောက်ကောက်လိုက်၍ ဤပုံစံမျိုး အတိုင်း ပြောင်လှောင်လျက်ရှိလေရာ မြင်မြင်သမျှ လူများကလည်း သောသောညံမျှ ရယ်မောလျက် ရှိကြလေသည်။

ဤကိစ္စနှင့် ပတ်သက်၍ စဉ်းစားကြည့်လိုက်သောအခါ ထရက်ဘ်၏ တပည့် ကောင်လေးအား ထိုနေရာမှာပင် အသက်ထွက်သွားအောင် လုပ်နိုင်က လုပ်၊ မလုပ်နိုင်ပါက သူလုပ်သမျှကိုသ ည်းခံအောင့်အည်းပြီး နေရုံမှ တစ်ပါး အခြားနည်းလမ်း မရှိပါ။ လမ်းမလယ်ကောင်တွင် သူနှင့် ယှဉ်ပြိုင်၍ ထိုးကြိတ်သတ်ပုတ်ရန်ကလည်း ဖြစ်နိုင်သည့် ကိစ္စ မဟုတ်ပါ။ ဤကဲ့သို့လုပ်၍ ကွန်တော့်ဘက်က အနိုင်ရရှိသည့် တိုင်အောင် သူကတော့ အသိတိုးလာမည့် လူစားမျိုး မဟုတ်ပါ။ သူ့လို အတန်းအစားမှာ ကျွန်တော့်ခြေထောက်နှင့် ကန်၍လဲကျသွားသည့် တိုင်အောင် ကျွန်တော့်ခြေထောက်များ ကြားမှ နေ၍ ထပဟောင်ဦးမည့် လူစားမျိုး ဖြစ်ပါသည်။ မည်သို့ပင် ဖြစ်စေ လန်ဒန်သို့ပြန်ရောက်ပြီး

နောက်တစ်ရက်တွင် မစ္စတာထရက်ဘ်ထံသို့ စာတိုက်မှ စာတစ်စောင် ထည့်ခဲ့ရာ ထိုစာထဲတွင် လူကြီးမင်း၏ ဆိုင်၌ လူကြီးလူကောင်းများအား ဂုဏ်သိက္ခာ မဲ့အောင် လိုက်လံနှောင့်ယှက်တတ်သော ကောင်ကလေးကို ဆိုင်အလုပ်သမားအဖြစ် ဆက်လက်ထားရှိမည် ဆိုပါက ဖောက်သည်များ စာရင်းထဲမှ မစ္စတာပစ်ပ်ဟူသော အမည်ကို ပယ်ဖျက်လိုက်စေလိုပါသည် ဟု ရေးသားထားလေသည်။

မစ္စတာဂျက်ဂါး လိုက်ပါလာသော မြင်းရထားသည် မကြာမီအချိန် အတွင်းမှာပင် ကျွန်တော့်ကို မီလာသည်။ ကြိုတင်မှာထားခဲ့သည့် အတိုင်း လမ်းတွင် ရပ်၍ ကျွန်တော့်ကို တင်သည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်အတွက် ကြိုတင်ရယူထားသည့် သီးသန့်ထိုင်ခုံ၌ မစ္စတာဂျက်ဂါးနှင့် အတူ ထိုင်၍ လိုက်ပါလာခဲ့ရာ လန်ဒန်မြို့သို့ ချောမောစွာပင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။ ရောက်လျှင်ရောက်ချင်းပင် ကျွန်တော်သည် ပင်လယ်ငါးကြီးတစ်ကောင်နှင့် ကရုကမာသံဘူး တစ်ဘူးကို ဝယ်၍ ဂျိုးအတွက် လက်ဆောင်အဖြစ် တင်ပို့လိုက်သည်။ ကိုယ့်အရပ် ကိုယ့်ဒေသကို ရောက်ပါလျက်နှင့် ဂျိုးထံ မဝင်ခဲ့မိသည့် အတွက် ကိုယ့်စိတ်ကို ဖြေသည့် သဘောဖြင့် လုပ်လိုက်ခြင်း မျှသာ ဖြစ်ပါသည်။ ထို့နောက် ကျွန်တော်သည် ဘားနတ်ဟိုတယ်သို့ ပြန်လာခဲ့လေသည်။

ညစာစားနေပြီဖြစ်သော ဟားဘတ်က ကျွန်တော့်အား ဝမ်းသာအား ရ ဆီးကြိုသည်။ ညစာကို သူနှင့် တစ်ခါတည်း စားရန် ခေါ်သည်။ ကျွန်တော်ကလည်း တပည့်ဖြစ်သူ အရိပ်ဆွဲကို ညစာယူရန် ဟိုတယ်စား သောက်ဆိုင်သို့ လွှတ်လိုက်သည်။ ကျွန်တော့်စိတ်ထဲတွင် မူ ကျွန်တော့် အဖြစ်ကို အစမှ အဆုံး ဟားဘတ်အား ပြောပြလိုသောဆန္ဒ ပြင်းပြလျက် ရှိလေပြီ။ နောက်ဆုံးတွင် ပြောပြမည်ဟု ဆုံးဖြတ်လိုက်သည်။ အကယ်၍ ပြောပြတော့မည် ဆိုပါမူ ကျွန်တော့်တပည့်ကို အနီးအနား၌ ထား၍ မဖြစ်၊ ထို့ကြောင့် ညစာယူပြီး ပြန်ရောက်လာသည့် အခါ ပြဇာတ်သွားကြည့်ရန် ခိုင်းလိုက်သည်။

ညစာစားအပြီးတွင် ကျွန်တော်တို့ နှစ်ယောက်သည် ဧည့်ခန်းထဲရှိ ဆောင်းမီးဖိုရှေ့၌ အေးအေးဆေးဆေး ထိုင်မိကြသည်။ "သူငယ်ချင်း ဟားဘတ်၊ ကျွန်တော် ခင်ဗျားကို အရေးကြီးကိစ္စ တစ်ခု ပြောစရာ ရှိနေတယ်" ဟု ကျွန်တော်က ပြောပါသည်။

"ပြောစရာရှိလို့ ပြောသင့်တယ်ထင်ရင် ယုံယုံကြည်ကြည်နဲ့သာ ပြောပါ ဟန်ဒယ်လ်" ဟု သူက ပြန်ပြောသည်။

"ကိစ္စကတော့ ကျွန်တော့်ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ ပြီးတော့ နောက်တစ်ယောက်နဲ့လည်း ဆက်စပ်နေတယ် ဆိုပါတော့"

ဟားဘတ်က သူ့ခြေနှစ်ချောင်းကို မီးဖိုကာသံပြားပေါ် တင်ထားရာ မှ တစ်ချောင်းပေါ် တစ်ချောင်းထပ်လိုက်ပြီး မီးဖိုဆီသို့ ငေးကြည့်နေသည် ကျွန်တော်က စကားကိုမဆက်ဘဲ ရပ်ထားသဖြင့် ကျွန်တော့်မျက်နှာကို လှည့်ကြည့်လိုက်သည်။

ကျွန်တော်က လက်တစ်ဖက် ဒူးပေါ်လှမ်းတင်ပြီး "ကျွန်တော်တော့ အက်စတယ်လာကို သိပ်ချစ်၊ သိပ်မြတ်နိုးနေမိပြီ ဟားဘတ်ရာ" ဟု ပြောလိုက်ပါသည်။

ဟားဘတ်ကတော့ ကျွန်တော့်စကား ကြားရ၍ အံ့ဩဟန် မပြ၊ အလွန်အေးဆေးသော လေသံဖြင့် "ဒါကိုတော့ ကျွန်တော် သိပါတယ်၊ နောက်ပြီးတော့ကော" ဟု မေးသည်။

"ဘယ်လိုလဲ ဟားဘတ်၊ ခင်ဗျား မေးလိုက်တာ ဘာလဲ"

"နောက်ထပ် ဘာပြောစရာ ရှိသေးလဲလို့ မေးတာပါ၊ ခင်ဗျား အက်စတယ်လာကို ချစ်တယ်ဆိုတာကတော့ ကျွန်တော် သိပြီးသားကိစ္စ မဟုတ်လား"

"အဲဒါကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိနေသလဲ"

"ကျွန်တော် ဘယ်လိုလုပ်ပြီး သိသလဲဆိုတော့ ခင်ဗျားဆီကပဲ သိတာပေ့ါ "

"ကျွန်တော် ခင်ဗျားကို ဘယ်တုန်းကမှလည်း မပြောခဲ့ဖူးပါဘူး"

"ဟုတ်ပါတယ်၊ မပြောခဲ့ပါဘူး၊ ခင်ဗျားဆံပင် ဘယ်တုန်းက ညှပ်ခဲ့တယ် ဆိုတာလည်း ခင်ဗျား ပြောလို့လား၊ မပြောပါဘူး၊ ဒါပေမဲ့ မြင်တာနဲ့ သိတဲ့ သဘော ကျွန်တော့်မှာ ရှိနေတာပဲ၊ ကျွန်တော် ခင်ဗျားနဲ့ စသိပါပြီ ဆိုကတည်းက ခင်ဗျား သူ့ကို သိပ်မြတ်နိုးနေတာပဲ၊ ခင်ဗျား ဒီ ကိုရောက်တော့လည်း ခင်ဗျားရဲ့ လက်ဆွဲသေတ္တာနဲ့ အတူ အက်စတယ်လာရဲ့ မြတ်နိုးမှုကိုပါ တစ်ပါတည်း သယ်လာခဲ့တာ မဟုတ်လား၊ ခင်ဗျားရဲ့ အဖြစ်ကို ပြောပြမယ်ဆိုရင်လည်း ခင်ဗျား သူ့ကို စတွေ့တဲ့ အချိန်ကတည်းက ချစ်လာတယ်၊ မြတ်နိုးလာတယ်၊ စွဲလမ်းလာတယ်လို့ ပြောမှာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဟားဘတ်ရယ်၊ ဒီအတိုင်းပါပဲ" ဟု ကျွန်တော်က ပြောသည်။ "သူ့ကို မချစ်ဘဲ နေလို့ကတော့ မရတော့၊ အခု သူ ပြန်ရောက်နေပြီ။ အရင်ကထက် ပိုပြီးလှ၊ ပိုပြီး ကျက်သရေ ရှိလာတယ်၊ ကျွန်တော် သူနဲ့ မနေ့ကပဲ တွေ့ခဲ့တယ်၊ နဂိုကတည်းက စွဲလမ်းလာတဲ့ ကျွန်တော့်အဖို့ သူ့အပေါ် နှစ်ဆတိုးပြီး စွဲလမ်းလာခဲ့တယ်"

"ဒါဆိုရင်လည်း ခင်ဗျား ကံကောင်းပါတယ် ဟန်ဒယ်လ်ရာ၊ ခင်ဗျား ကို သူနဲ့ နေရာချထားပေးဖို့ ရည်ရွယ်ပြီးသားပဲဟာ။ ဒီအချက်က ကျွန်တော်နဲ့ ခင်ဗျား ကြားမှာ အထူးပြောစရာ မလိုတဲ့ ကိစ္စပါ။ ဒီအချက်အပေါ်မှာ သံသယလည်း ဖြစ်စရာ မရှိပါဘူး၊ ခင်ဗျား သူ့အပေါ်မှာ ချစ်ခင် စွဲလမ်းနေတဲ့ ကိစ္စနဲ့ ပတ်သက်လို့ အက်စတယ်လာကကော ဘယ်လိုသဘောထားလဲ"

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါမိသည်။ "အို.. ဗျာ၊ သူကတော့ ကျွန်တော်နဲ့ မိုင်ပေါင်းထောင်ပေါင်းများစွာ ဝေးကွာနေတုန်းပါပဲ"

"သည်းခံရမှာပေ့ါ ဟန်ဒယ်လ်ရယ်၊ အချိန်က စကားပြောလာမှာပေ့ါ၊ ကဲ.. နောက်ထပ် ခင်ဗျားမှာ ပြောစရာ ရှိသေးလား"

"ကျွန်တော့်အနေနဲ့ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ၊ ဒါပေမဲ့ စိတ်ထဲ က ကျိတ်ပြီး ဆွေးနွေးနေတာနဲ့ စာရင် ဖွင့်ပြောလိုက်တာက ပိုပြီး ဆိုးမလာနိုင်ဘူးလို့ ထင်တယ်ဗျာ၊ ခင်ဗျားက ကျွန်တော့်ကို ကံကောင်းတယ် လို့ ပြောတယ်နော်၊ မှန်ပါတယ်၊ ကျွန်တော်ဟာ ကိုယ့်ဘာသာကိုယ် ဘဝ တိုးတက်အောင် လုပ်လာခဲ့တဲ့ကောင် မဟုတ်ဘူးဗျ။ ကံကြမ္မာက တင် ပေးလိုက်လို့သာ ဘဝမြင့်လာတဲ့ ကောင်၊ ဒါကြောင့်လည်း ကျွန်တော့် ကို အလွန်ကံကောင်းတယ်လို့ ပြောကြတာပေါ့၊ ဒီလောက် ကံကောင်း နေတဲ့ ကြားက ကျွန်တော် အက်စတယ်လာအကြောင်း တွေးလိုက်တဲ့ အခါမှာ ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိဘဲ ဖြစ်ဖြစ်သွားတယ်"

"ခင်ဗျား ကြိုက်မယ် ဆိုရင်တော့ ခင်ဗျားဟာ လူကောင်းတစ်ယောက်လို့ ကျွန်တော်ကတော့ ပြောချင်တာပဲ" ဟု ဟားဘတ်က ပြုံး၍ ပြောသည်။ "စိတ်ဓာတ်ပြင်းထန်တယ်၊ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူး၊ ရဲရင့်တယ်၊ မပြတ်သားဘူး၊ သံသယစိတ်များတယ်၊ လက်တွေ့နဲ့ စိတ်ကူးယဉ်မှု နှစ်ခုစလုံး ရောနေတယ်၊ အဲဒီအရည်အချင်းတွေ ရောနှောစုပေါင်းနေတဲ့ လူကောင်းတစ်ယောက်ဟာ ခင်ဗျားပဲ"

ကျွန်တော်သည် တစ်ခဏမျှ ငြိမ်သက်နေမိသည်။ ကျွန်တော်၏ အကျင့်စရိုက်သည် သူပြောသည့် အတိုင်း ဖြစ်လေသလား၊ ကျွန်တော်ဉာဏ်မီသမျှ စဉ်းစားဆင်ခြင်မိပါသည်။ အားလုံးခြုံကြည့်လိုက်သည့် အခါတွင် မူ သူ၏ ဆန်းစစ်ချက်ကို ကျွန်တော် အသိအမှတ် မပြုဘဲ မနေနိုင်။

"အခုအခြေအနေမှာ ကျွန်တော့်ကိုယ်ကျွန်တော် ဘာကောင်လို့ သတ်မှတ်မလဲ ဟားဘတ်၊ အဲဒီမေးခွန်းကို မေးလိုက်တဲ့ အခါတိုင်း ကျွန်တော့်မှာ စိတ်ဆင်းရဲရတယ်၊ စိတ်ထဲရှိသမျှကိုသာ ပြောရရင် ခက်တယ်။ ခင်ဗျားက ပြောတယ်၊ ကျွန်တော်ဟာ ကံကောင်းတယ်တဲ့၊ ဒါပေမဲ့ ကျွန်တော့်ဘဝမှာ ကိုယ့်ကိုယ်ကိုယ်တိုးတက်မြင့်မားဖို့ အတွက် ကိုယ့်ဘာသာကိုယ် ဘာမှ လုပ်ခဲ့တာ မရှိခဲ့ဘူး။ ကံကဆွဲတင်လို့သာ ကျွန်တော့်ဘဝဟာ အခုလို မြင့်မားလာခဲ့ရတာပေါ့၊ ကံကောင်းတယ် ဆိုတာက ဒါပါပဲ၊ တကယ်တော့ ဒီအခြေအနေဟာလည်း အက်စတယ်လာအကြောင်းကို စဉ်းစားလိုက်တဲ့ အခါမှ ..."

"ခင်ဗျားပြောပုံက မဟုတ်သေးပါဘူးဗျ" ဟု ဟားဘတ်က မီးဖိုကို စိုက်ကြည့်နေရာမှ ကြားဖြတ်၍ ပြောသည်။ သူပြောလိုက်ပုံမှာ ကျွန်တော့်အပေါ်မှာ ကရုဏာမကင်းသည့်လေသံ ပါသည်။

"တကယ်တော့လည်း ကျွန်တော့်ဘဝဟာ ပြောမပြနိုင်လောက်အောင်ကို မရေရာတဲ့ ဘဝပါ။ ရှင်းရှင်းပြောရရင် ကျွန်တော့်ရဲ့ ရှေ့အလားအလာတွေနဲ့ မျှော်လင့်ချက်တွေဟာ လူတစ်ဦးရဲ့ ကတိသစ္စာရှိမှုအပေါ်မှာ လုံးဝတည်ရှိနေရတာပါ။ အနာဂတ်မှာ ကြုံရမယ့် မျှော်လင့်ချက်တွေ ဆို တာကလည်း တကယ်တော့ ဘာတွေမှန်း သိတာ မဟုတ်ပါဘူး။ တကယ်တော့ဗျာ၊

ကျွန်တော့်ဘဝဟာ ဘယ်လောက်အထိ မရေရာသလဲ ဆိုတာတောင် ပြောမပြနိုင်ပါဘူး။ သူ့ဘာသာသူ အကြောင်းအားလျော်စွာ ပေါ်ပေါက်လာမယ့် အခွင့်အရေးတွေကိုပဲ မျှော်နေရတဲ့ ဘဝပါ"

"အဲသလိုတော့လည်း မဟုတ်သေးဘူး ဟန်ဒယ်လ်" ဟု ဟားဘတ်က ပြန်ပြောသည်။ "ခင်ဗျားကို အမွေပေးထားတာက မျှော်လင့်ချက်တစ်ခုတည်း ပေးထားတာ မဟုတ်ပါဘူးလို့ ခင်ဗျားရဲ့ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးက အစကတည်းက ဖွင့်ပြောထားခဲ့ပြီးပြီ မဟုတ်လား။ တကယ်လို့ သူက အဲသလို ပြောမထားဘူး ဆိုရင်တောင်မှ မစ္စတာ ဂျက်ဂါးဟာ လန်ဒန်မှာ နာမည်တစ်လုံးနဲ့ နေတဲ့ လူတစ်ယောက်ပါ။ သူ အတိအကျ ဘာမှ မသိဘဲနဲ့ ခင်ဗျားကို ဆက်သွယ်ပြီး ဆောင်ရွက်မတဲ့လား၊ မစ္စတာ ဂျက်ဂါးဟာ မရေမရာအလုပ်မျိုး ဘယ်တော့မှ လုပ်တဲ့ လူစား မဟုတ်ဘူး ဆိုတာ ခင်ဗျား သိသင့်ပါတယ်။ ခင်ဗျားကိစ္စမှာ ဒီအချက်ဟာ အရေးကြီးဆုံး အချက်တစ်ချက်ပဲ"

သူပြောသည့် အချက်မှာ အလွန်ခိုင်လုံသည် ကို ကျွန်တော့် မငြင်းနိုင်သော်လည်း သံသယဖြစ်မည် ဆိုက ဖြစ်နိုင်စရာများ ရှိနေပါသေးသည် ဟု ကျွန်တော်က ပြောပြသည်။

"ကျွန်တော်ကတော့ အလွန်ခိုင်လုံတဲ့ အချက်တစ်ချက်လို့ပဲ ယူဆတယ် ဟန်ဒယ်လ်" ဟု ဟားဘတ်က ဆိုသည်။ "အခုလောလောဆယ် ခင်ဗျားလုပ်သင့်တာက ဒီအချက် အလွန်ခိုင်လုံတယ် ဆိုတာ ယုံကြည်သည် ထက် ယုံကြည်လာအောင် အားထုတ်ဖို့ပဲ၊ ကျန်တဲ့ အပိုင်းကတော့ ခင်ဗျားရဲ့ အုပ်ထိန်းသူက အပြီးအပိုင် ဆောင်ရွက်ပေးမယ့် အချိန်အခါ ကို စိတ်ရှည်ရှည်နဲ့သည်းခံပြီး စောင့်ဖို့ပဲ၊ အဲဒီလို စောင့်တဲ့ အခါမှာလည်း ခင်ဗျားရဲ့ အုပ်ထိန်းသူအနေနဲ့ သူ့အမှုသည်က အပြီးအပိုင် လုပ်ပေးနိုင်အောင် လုပ်ပိုင်ခွင့်အားလုံး တရားဝင်လွှဲအပ်တဲ့ အချိန်အထိ စောင့်ရလိမ့်ဦးမယ်ဆိုတဲ့ အချက်ကိုပါ ထည့်စဉ်းစားထားဖို့ လိုတယ်၊ ဒီလိုနဲ့ပဲ ခင်ဗျား အသက်နှစ်ဆယ့်တစ်နှစ်အရွယ် ရောက်လာမယ်၊ အဲဒီ အခါမှာ ခင်ဗျားရဲ့ ဘဝဟာ အလင်းရောင်မြင်ရပြီပေါ့၊ ဟုတ်ဖူးလား"

"ခင်ဗျားမှာ ဘယ်ကိစ္စမျိုးမဆို အကောင်းဘက်တွက်ပြီး မြင်တတ်တဲ့ အကျင့်ကလေး ရှိတယ်၊ အဲဒီ အကျင့်ကလေးကတော့တယ်ပြီးချစ်စရာကောင်းတာပဲ" ဟု ကျွန်တော်က ချီးမွမ်းမိသည်။

"ဒါကတော့ ကျွန်တော့်မှာ ရှိသင့်ရှိထိုက်တဲ့ အကျင့်တစ်ခုလို့ ဆိုရမှာပဲ ဟန်ဒယ်လ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ အခြားအဖိုးတန် ပစ္စည်းဆိုလို့ ဘာတစ်ခုမှ မရှိဘဲကိုး" ဟု ဟားဘတ်က ပြောသည်။ "အခုလို အကောင်းဘက်က တွက်ပြီး တစ်ဖက်သားစိတ်အားတက်အောင် ပြောပြတတ်တဲ့ အကျင့်ကလည်း ကျွန်တော့်ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူးဗျ၊ ကျွန်တော့်အဖေဆီက ရလာတဲ့ အကျင့်။

ခင်ဗျားကိစ္စနဲ့ ပတ်သက်လို့ စဉ်းစားကြတဲ့ အခါ ကျွန်တော့်အဖေ ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းကိုတော့ အလေးအနက်ထားဖို့ လိုလိမ့်မယ်ထင်တယ်။ အဖေက ပြောဖူးတယ် 'ဘယ်အလုပ်ကို လုပ်လုပ် မစ္စတာဂျက်ဂါးက ပိုင်ပိုင်နိုင်နိုင် မဟုတ်ရင် ဘယ်တော့မှ ဝင်မလုပ်တတ်ဘူး'တဲ့ "

နှစ်ယောက်သား ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်ဆိတ်နေမိကြပြန်သည်။ ထို့နောက် ဟားဘတ် ကပင် စ၍ စကားပြောသည်။

"ကျွန်တော်တို့ ဒီအခန်းထဲရောက်ပြီး စကားစပြောကတည်းက ကျွန်တော် တွေးနေမိတာ တစ်ခု ရှိတယ်။ တခြားတော့ မဟုတ်ပါဘူး။ အက်စတယ်လာဟာ ခင်ဗျားရဲ့ အိမ်ထောင်ဖက် ဖြစ်နိုင်ပါ့မလား ဆိုတဲ့ အချက်ပဲ၊ တကယ်လို့ ခင်ဗျားရဲ့ အုပ်ထိန်းသူက အက်စတယ်လာနဲ့ ပတ်သက်ပြီး ဘယ်လိုရည်မှန်းချက် ရှိထားတယ် ဆိုတာမျိုး ခင်ဗျားကို ပြောမပြခဲ့ဖူးဘူး ဆိုရင်တော့ ဒီအချက်ဟာ စဉ်းစားသင့်တဲ့ အချက်တစ်ချက် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ အက်စတယ်လာနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးက ဘာမှ မပြောဖူးဘူးလို့ ကျွန်တော် နားလည်ထားတယ်၊ အရိပ်အမြွက်ကလေးတောင်မှ မပြောဖူးဘူး မဟုတ်လား"

"မပြောခဲ့ဖူးဘူး"

"ဒါဆိုရင်တော့ ခင်ဗျားနဲ့ ကျွန်တော် သဘောထားချင်း မတိုက်ဆိုင်မယ့် စကားတစ်ခွန်း ပြောရတော့မှာပဲ၊ ခင်ဗျား အက်စတယ်လာနဲ့ ကင်းအောင်မနေနိုင်ဘူးလား"

ကျွန်တော် ချက်ချင်း အဖြေမပေးနိုင်။ မျက်နှာကို တစ်ဖက်သို့လွှဲ၍ ငေးနေမိသည်။ စိမ့်မြေတောများ ပေါ်မှ ကျော်ဖြတ်လာနေသည့် ပင်လယ်လေသံကို ပြန်လည်ကြားယောင်လာသည်။ ဂျိုးတို့ နှင့် ခွဲ၍ ထွက်လာခဲ့ရသည့် နံနက်က ခံစားမှုမျိုး ဝင်လာသည်။ ကျွန်တော့်မျက်စိရှေ့တွင် မှုန်ပိုင်းနေသော မြူနှင်းများ ..။ ကျွန်တော့်နှလုံးသားသည် အရိုက် အနှက် အထုအထောင်း ခံနေရသည့် နှယ် ဖြစ်လာသည်။ ကျွန်တော်တို့ ကြားတွင် တဒင်္ဂမျှ ငြိမ်ဆိတ်မှုက လွှမ်းမိုးလျက် ရှိသည်။

"ဒီမယ် ဟန်ဒယ်လ်၊ ငယ်ငယ်ကတည်းက စိတ်ကူးယဉ်မှုနဲ့ ကြီးပြင်း လာခဲ့ရတဲ့ လူတစ်ယောက်ရဲ့ ရင်မှာ အစွဲအလမ်းတစ်ခု ဝင်သွားရင် အင်မတန် ခိုင်မြဲတတ်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ အက်စတယ်လာ ကြီးပြင်းလာခဲ့ရတဲ့ ပတ်ဝန်းကျင်ကို ခင်ဗျား စဉ်းစားစေ ချင်တယ်၊ မစ္စဟေဗီရှမ်ကိုလည်း ထည့်ပြီး မစဉ်းစားလို့ မဖြစ်ဘူး။ မစ္စဟေဗီရှမ်ကိုယ်တိုင် ဘာတွေ ဖြစ်ခဲ့တယ်၊ အခု ဘယ်အခြေအနေ ရှိတယ် ဆိုတာ ထည့်ပြီး စဉ်းစားစေချင်တယ်၊ အခုကိစ္စဟာ နောက်ဆုံး တစ်နေ့ကျရင် ခင်ဗျားမှာ စိတ်ဆင်းရဲမှုနဲ့ပဲ ကြုံရလိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

"ကျွန်တော် သိပါတယ် ဟားဘတ်" ကျွန်တော်က မျက်နှာကို

သူ့ဘက်မလှည့်ဘဲ ပြန်ပြောသည်။ "ဒါပေမဲ့ ကျွန်တော် မတတ်နိုင်တော့ဘူး"

"ခင်ဗျား နောက်မဆုတ်နိုင်တော့ဘူးလား ဗျာ"

"မဆုတ်နိုင်တော့ဘူး"

"ကြိုးစားကြည့်ပါဦးလေ ဟန်ဒယ်လ်"

"မဖြစ်နိုင်တော့ဘူး ဟားဘတ်"

ဟားဘတ်သည် ထိုင်နေရာမှ ထလိုက်ပြီး ခြေညောင်းလက်ဆန့် လုပ်လျက်ရှိသည်။ ထို့နောက် မီးဖိုဆီသို့ ငေးကြည့်နေသည်။ "ဒီလိုဆိုတော့လည်း ခင်ဗျားနဲ့ စိတ်တူသဘောတူဖြစ်အောင် ကျွန်တော့်စိတ် ကျွန်တော် ပြုပြင်နိုင်ဖို့ အားထုတ်ရတော့မှာပေ့ါ ဗျာ"

ပြောပြောဆိုဆိုနှင့်ပင် သူသည် အခန်းထဲ၌ လျှောက်သွားလျက်ရှိသည်။ လိုက်ကာများ ခန်းဆီးများကို ဆွဲဖယ်လိုက် ခါလိုက် လုပ်သည်။ ကုလားထိုင်များကို သူ့နေရာနှင့် သူ ဖြစ်အောင် စီ၍ ချသည်။ ဟိုတစ်အုပ်သည် တစ်အုပ် ပြန့်ကျဲနေသော စာအုပ်များကိုယူ၍ ဖုန်ခါပြီး အားလုံး ကို စုထပ်ကာ တစ်နေရာ၌ ချထားသည်။ ခန်းမထဲသို့ တစ်ချက်မျှ ငုံ့ကြည့်သည်။ စာဘူးထဲသို့ ချောင်းကြည့်သည်။ ထို့နောက် မီးဖိုဘေးမှ ကုလားထိုင်ဆီသို့ ပြန်လျှောက် လာပြီး ပြန်ထိုင်သည်။

"ကျွန်တော် ခင်ဗျားကို စကားတစ်ခွန်းလောက်တော့ ပြောချင်တယ်၊ ကျွန်တော့်အဖေနဲ့ ကျွန်တော့်အကြောင်းပါ ၊သားတစ်ယောက်အနေနဲ့ ပြောရတာတော့ သိပ်မကောင်းဘူးပေ့ါဗျာ၊ ကျွန်တော့်အဖေရဲ့ အိမ်ထောင်ဟာ ဝင်ငွေထွက်ငွေ သိပ်မမျှဘူး"

"ဝင်ငွေထွက်ငွေ မမျှတဲ့ အိမ်ထောင်တွေဟာ အများကြီးပါဗျာ၊ မဆန်းပါဘူး" ဟု ကျွန်တော်က သူ့စိတ် သက်သာရာရအောင် ပြောသည်။

"မဆန်းဘူးဆိုပေမယ့် ဒီပြဿနာက ကြောက်စရာ အကောင်းသားဗျ၊ ဒီပြဿနာမျိုးဟာ ဘယ်လောက်အထိ ဆိုးတယ် ဆိုတာ ကျွန်တော် နားလည်နေသလို ခင်ဗျားလည်း နားလည်မှာပါ။ တစ်ချိန်တုန်းကတော့ ကျွန်တော့်အဖေဟာ ဒီပြဿနာကို အရှုံးမပေးဘဲ ဖြေရှင်းခဲ့ပါတယ်၊ ဒါပေမဲ့ အမြဲတစေ ရင်ဆိုင်နေရတော့လည်း လက်မြှောက်အရှုံးပေးရတဲ့ အချိန်ဟာ ရှိလာတာပေ့ါ။ ဒါနဲ့ဗျာ ကျွန်တော် ခင်ဗျား ကို တစ်ခုမေးစမ်းပါရစေ၊ အချိန်တန် အရွယ်မရောက်သေးတဲ့ ကလေး တွေကို အမြန်ဆုံး လက်ထပ်နိုင်အောင် စီစဉ်ထားသင့်သလားဗျာ"

သူ့မေးခွန်းမှာ ထူးဆန်းလွန်းလှသဖြင့် ကျွန်တော် အဖြေမပေးနိုင်၊ သူ့ကိုပင် ပြန်မေးရသည်။ "အဲသလိုပုံစံမျိုး ရှိသလားဗျ"

"ကျွန်တော်လည်း အသေအချာတော့ မသိဘူး" ဟု ဟားဘတ်က ပြန်ပြောသည်။ "ကျွန်တော်ကတော့ ကိုယ်သိချင်တာ မေးရတာပဲ၊ ရှိတာ မရှိတာတွေ နောက်ထား၊ ကျွန်တော်တို့ မောင်နှမတစ်စုမှာတော့ အဲဒီပုံစံအတိုင်း

ဖြစ်နေတာ အမှန်ပဲ၊ အသက်ဆယ့်လေးနှစ် မပြည့်ခင် သေသွားရှာတဲ့ ကျွန်တော့်အောက် ညီမလေး ချားလော့ဆိုရင် အဲဒီအတိုင်းပဲ၊ ရည်မှန်းပြီးသား ရှိတယ်၊ ဂျိန်းကျတော့လည်း အဲသလိုပဲ၊ အငယ်မလေး အဲလစ်လည်း ဘာမှ မထူးဘူး၊ တကယ်တော့ အငယ်ဆုံး နို့စို့ကလေးကလွဲလို့ ကျွန်တော်တို့ မောင်နှမအားလုံး ရည်မှန်းထားတဲ့ လူ ရှိပြီးသားချည်းပဲ"

"ဒီလိုဆိုရင် ခင်ဗျားမှာလည်း ရှိပြီးပြီပေါ့၊ ဟုတ်လား"

"ရှိပြီးပါပြီ၊ ဒါပေမဲ့ လျှို့ဝှက်ထားတယ်၊ ထုတ်ပြောလို့ မဖြစ်သေးဘူး

ကျွန်တော်က ဟားဘတ် ရည်မှန်းထားသူကို သိလိုသဖြင့် နှုတ်လုံပါမည်ဟု ကတိပေးကာ အသေးစိတ် ပြောပြဖို့ တောင်းပန်သည်။ သူက ချက်ချင်း အဖြေမပေး။

"သူ့နာမည်ကို သိရမလား" ဟု ကျွန်တော်က မေးသည်။

"နာမည်က ကလယ်ရာတဲ့ " ဟု ဟားဘတ်က ပြောသည်။

"လန်ဒန်မြို့မှာပဲ နေသလား"

"ဟုတ်တယ်၊ အိုဗျာ... ကျွန်တော့်အနေနဲ့ ခင်ဗျားကိုတော့ အားလုံး ပြောပြသင့်တယ်လို့ ထင်ပါတယ်။ ကျွန်တော့်အမေဘက်က အဓိပ္ပာယ် မရှိတဲ့ မိသားစုမျိုးရိုး၊ ဇာတိအရ ဆိုရင်တော့ ကလယ်ရာက အဆင့်အတန်းအားဖြင့် နိမ့်တယ်လို့ ပြောရမှာပေါ့ လေ၊ သူ့အဖေကြီးက ခရီးသည် တင် သင်္ဘောတွေမှာ စားနပ်ရိက္ခာသွင်းတဲ့ ကန်ထရိုက်အလုပ် လုပ်တယ်၊ အဘိုးကြီးရဲ့ အဖေလက်ထက် တုန်းကတော့ သင်္ဘောပစ္စည်းလုပ် ခဲ့ဟန် တူပါတယ်"

"အခုလက်ရှိ သူ့အလုပ်က ဘာလဲ"

"အခုတော့ မမာရှာဘူး"

"ဒီလိုဆို သူ့နေထိုင်မှုက..."

"ပထမထပ်မှာ နေတယ်" ဟု ဟားဘတ်က ပြောသည်။ ကျွန်တော့် မေးခွန်းကို သူ သဘောပေါက်ပုံ မရ။ ကျွန်တော်က သူ့ယောက္ခမလောင်းကြီး မည်သည့် လုပ်ငန်းမျိုးပေါ် အမှီပြု၍ နေထိုင် သလဲဟု မေးခြင်း ဖြစ်၏။ "ကျွန်တော် သူ့ကို တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ကျွန်တော်နဲ့ ကလယ်ရာ စပြီး သိကြတဲ့ အချိန်ကစပြီး သူ့အခန်းထဲက အပြင်ထွက်တာ တစ်ခါမှ မတွေ့ရဘူး၊ ဒါပေမဲ့ သူ့အကြောင်းကိုတော့ ကျွန်တော် မကြာခဏ ကြားရပါတယ်" ဟားဘတ်က စကားကို ဖြတ်ထားပြီး အားရပါးရ ရယ်သည်။ "အထူးသဖြင့် သူ စိတ်ဆိုးလို့ ကြမ်းပြင် ကို တဝုန်းဝုန်း တဒိုင်းဒိုင်း ထုတဲ့ ရိုက်တဲ့ အသံကတော့ ကျွန်တော် ကြားနေရတာပဲ"

"ခင်ဗျားနဲ့ သူ လူချင်းတွေ့ဖို့ စိတ်မကူးဘူးလား"

"တစ်နေ့တော့ တွေ့မှာပေါ့ ဗျာ"

ထို့နောက် ဟားဘတ်က သူ့လက်ထဲ၌ ငွေကြေးအတော်များများ စုမိ ဆောင်းမိသည့် အချိန်တွင် ကလယ်ရာနှင့် လက်ထပ်မည်ဟု စိတ်ကူး ထားကြောင်း ပြောပြသည်။ "ကိုယ့်မှာ မပြည့်စုံလို့ ရှိရင် လက်ထပ်ဖို့ မလွယ်ဘူး" ဟု ညည်းသည်။

တစ်ခါတစ်ရံ တကယ်လိုအပ်ချိန်တွင် ငွေကြေးရဖို့ ခက်ခဲနေတတ်သည့် သဘောကို စဉ်းစားရင်း အိတ်ကပ်ထဲသို့ လက်နှိုက်မိသည်။ ကျွန်တော့်လက်တစ်ဖက်သည် စက္ကူတစ်ရွက်ကို သွား၍ စမ်းမိ၏။ ဂျိုး ကျွန်တော့်ကို ပေးခဲ့သည့် ဇာတ်ပွဲလက်မှတ်ပေတည်း။ ထုတ်ယူကြည့်မိလိုက်သည့်အခါ ယနေ့ညပွဲအတွက် ဖြစ်နေသည် ကို တွေ့ရလေသည်။

ကျွန်တော်တို့၏ အာရုံသည် ချက်ချင်းပင် ပြောင်းသွားသည်။ ပြဇာတ်သွားကြည့်မည်ဟု ဆုံးဖြတ်ကာ အမြန်ဆုံး ပြင်ရဆင်ရလေတော့သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ဟားဘတ် ရင်ဆိုင်နေရသည့် အခက်အခဲအတွက် တတ်အားသရွေ့ ကူညီသွားပါမည်ဟု အားပေးစကား ပြောလိုက်သည်။ ဟားဘတ်ကလည်း သူတို့၏ ချစ်ရေးချစ်ရာကိစ္စကို အစမှ အဆုံး ကျွန်တော် အားလုံးသိသွားပြီဖြစ်၍ ကျွန်တော်သည် တစ်နေ့နေ့တွင် သူ့ချစ်သူ ကလယ်ရာထံသို့ ကျွန်တော့်အား ခေါ်သွားပြီး မိတ်ဆက်ပေးပါမည်ဟု ကတိပြုသည်။ နှစ်ဦးနှစ်ဖက်ကြားတွင် ယုံကြည်မှုနှင့် နားလည်မှု ရှိသွားသည် ကို အလေးအနက် ထပ်ပြုသည့်အနေဖြင့် ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ နှုတ်ဆက်ကြသည်။ ထို့နောက် ဖယောင်းတိုင်မီးများ ငြိမ်း၍ ဆောင်းမီးဖိုကို သိမ်း၍ တံခါးကို သော့ခတ်၍ မစ္စတာဝေါ့စလေ ပါဝင်ကပြမည့် ပြဇာတ်ကိုကြည့်ရန် အပြင်သို့ ထွက်ခဲ့ကြလေ၏။

****

ကျွန်တော်တို့ရောက်သွားချိန်တွင်ဇာတ်ရုံသို့ ပြဇာတ်ထွက်နေလေပြီ။ ကျွန်တော့်မိတ်ဆွေ မစ္စတာဝေါ့စလေပါဝင် ကပြရသည့် အခန်းများမှာ မထင်ရှားသည့် ဇာတ်ရုံအခန်းမျှသာ ဖြစ်၏။ ကျွန်တော်တို့ ကြည့်နေရသမျှဆိုလျှင် မစ္စတာဝေါ့စလေ ကပြသွားပုံများမှာ ခပ်ညံ့ညံ့ ခပ်ချာချာများ ချည်း ဖြစ်သည် ကို တွေ့ရသည်။ သူကပြ သွားပုံ သင့်သည် ဟု ဆိုနိုင်လောက်သည့် အခန်းဟူ၍ တစ်ခန်းမျှသာ ရှိရာ ယင်းအခန်းမှာ သင်္ချိုင်းကုန်းအတွင်း၌ အသုဘ သင်္ဂြိုဟ်သည့် အခန်း ဖြစ်သည်။ ဇာတ်စင်ပေါ်မှ အပြင်အဆင် အခင်းအကျင်းသည် ရှေးကမ္ဘာဦးခေတ်က သစ်တောကြီးဖြစ်၍ ဇာတ်စင်တစ်ဖက်တွင် ဇရပ်၊ တစ်ဖက်တွင် တံခါးပေါက်တစ်ပေါက်၊ မစ္စတာဝေါ့စလေသည် အနက်ရောင် ဝတ်ရုံကြီးကို ခြုံ၍ တံခါးပေါက်မှ ဝင်လာပြီး သုဘရာဇာအား "သတိထားပေတော့၊ ငါဟာ စျာပနတာဝန်ခံပဲ၊ မင်းလုပ်ကိုင်နေတာကို စစ်ဆေးဖို့ လာတာကွဲ့" ဟူသော စကားများကို ပြောသည်။ ဤအခန်းတွင် သူ သရုပ်ဆောင်သွားပုံမှာ မဆိုးလှဟု မှတ်ချက်ချပေးမည်ဆိုက ပေးနိုင်စရာ ရှိ၏။ မည်သို့ပင်ဖြစ်စေ ကိုယ့်အရပ် ကိုယ့်ဒေသမှ လူတစ်ယောက် ဇာတ်စင်ပေါ် ရောက်နေသည် ကို တွေ့ရသောအခါ ကောင်းသည် ဖြစ်စေ၊ ညံ့သည် ဖြစ်စေ လက်ခုပ်သြဘာ ပေးချင်သောစိတ်ကတော့ ရှိပါ၏။ သို့သော်လည်း ဇာတ်ကောင်များ ဝတ်စားဆင်ယင်မှု အချိုးအစားမကျပုံနှင့် ကပြပုံများကို ကြည့်၍ ဆူညံစွာ လှောင်ပြောင်ရယ်မောနေသည့် အသံများကြားတွင် ဘယ်လိုနည်းနှင့်မှ လက်ခုပ်သံပေး၍ မရပါ။ ကျွန်တော်တို့ ကိုယ်တိုင်ပင်လျှင် အများ နှင့် ရော၍ ရယ်မောနေကြရသဖြင့် ကြာလာတော့လည်း လက်ခုပ်တီးဖို့ သတိမရတော့ပါ။ ကျွန်တော်ကတော့ သူသရုပ်ဆောင်ပုံ မပြောင်မြောက်သည့် တိုင်အောင် စကားပြောပုံ လေယူလေသိမ်းကတော့ ကောင်းသည် ဟု ထင်မိပါသည်။ ပရိသတ်ကမူ ထိုအခန်းပြီးဆုံးသွားသည် နှင့် တစ်ပြိုင်နက် မစ္စတာဝေါ့စလေအား လှောင်ကြပြောင်ကြ သရော်ကြသည်။ မစ္စတာဝေါ့စလေနှင့် တွေ့လိုစိတ် ပြင်းပြလျက်ရှိသော ကျွန်တော်က ဟားဘတ် ဘက်သို့လှည့်၍ "ကဲ... လာ၊ ကျွန်တော်တို့ သွားကြစို့၊ မြန်မြန်သွား လိုက်ရင်တော့ သူ့ကို တွေ့ရလိမ့်မယ် ထင်တာပဲ" ဟု ပြောလိုက်ပါသည်။

ကျွန်တော်တို့သည် ဇာတ်ရုံအပေါ်ထပ်မှ နေ၍ အပြေးအလွှား ဆင်းခဲ့ကြပြီး ဇာတ်ရုံနောက်ဘက်ရှိ တံခါးပေါက်သို့ ရောက်သွားကြသည်။ တံခါးဝတွင် မျက်ခုံးထူထူနှင့် ဂျူးတစ်ယောက် စောင့်နေသည် ကို တွေ့ရ၏။ ကျွန်တော်တို့ကို မြင်သောအခါ သူကပင် ဆီး၍ မေးသည်။

"မစ္စတာပစ်ပ်နဲ့ မိတ်ဆွေဆိုတာလား"

ကျွန်တော်တို့ က ဟုတ်ပါသည် ပြန်ပြောလိုက်သည်။

"မစ္စတာဝေါလ်ဒင်ဂရေးဗားကတော့ လူကြီးမင်းတို့နဲ့ တွေ့ရတာ အများကြီး ဝမ်းသာ ပါလိမ့်မယ်" ဟု သူက ပြောသည်။

"ဘယ့်နှယ်၊ မစ္စတာဝေါလ်ဒင်ဂရေးဗားကလည်း မဟုတ်သေးပါဘူး" ဟု ကျွန်တော်က ရေရွတ်လိုက်မိသည်။ ဟားဘတ်က သူ့ပါးစပ်ကို ကျွန်တော့်နားတွင် ကပ်၍ "ဝေါ့စလေကိုပဲ ပြောတာ ဖြစ်မယ်" ဟု သတိပေးသည်။

ထိုအခါကျမှပင် ကျွန်တော်က "အို... ဟုတ်ပါတယ်၊ သူ ဝမ်းသာမှာ သေချာပါတယ်၊ ကျွန်တော်တို့ ခင်ဗျားနောက်က လိုက်ရမလား" ဟု အလိုက်သင့် ပြန်ပြောနိုင်ပါသည်။

"သူ ဝတ်စားပြင်ဆင်ထားသော ဘယ်လိုနေပါသလဲ၊ ကြည့်လို့ကောင်းပါရဲ့လား၊ ကျွန်တော် ပြင်ဆင်ပေးထားတာ" ဟု သူက ပြောသည်။ အမှန်အတိုင်း ပြောရလျှင် ဇာတ်ထဲ၌ မစ္စတာဝေါ့စလေ ဝတ်စားဆင်ယင်ထားပုံကို ကျွန်တော် ဂရုမစိုက်ခဲ့မိပါ။ ဂရုတစိုက်ကြည့်ခဲ့မိသည့် အခန်းများတွင်လည်း သူ ဝတ်စားဆင်ယင်ထားပုံမှာ ဘာနှင့် တူမှန်း မသိပါ။ သို့သော်လည်း ကြည့်လို့ အလွန်ကောင်းပါသည် ဟု ဖြေလိုက်ပါသည်။

ကျွန်တော်တို့သည် ညစ်ပတ်ပေရေလျက်ရှိသော ဆင်နားရွက်တံခါး တစ်ခုကို တွန်း၍ အခန်းတစ်ခန်းအတွင်းသို့ ဝင်လာခဲ့ကြသည်။ အခန်းဟု ဆိုသော်လည်း အခန်းနှင့် မတူ။ အလွန်ကျဉ်းမြောင်းသည့် ကုန်လှောင်ရုံလေး တစ်လုံးနှင့် တူသည်။ မစ္စတာဝေါ့စလေသည် ထိုအခန်းထဲ၌ ထိုင်ကာ အပေါ်ခွံအရေများကို တစ်လွှာချင်း ခွာချလျက် ရှိသည် ကျွန်တော်တို့ကို မြင်သောအခါ မစ္စတာဝေါ့စလေက "လူကြီးမင်းများ ခင်ဗျား အခုလို တွေ့ရတဲ့အတွက် ဂုဏ်ယူပါတယ်..." ဟု အလွန်ခံ့ညားထည့်ဝါသော လေသံဖြင့် ရေရွတ်လိုက်သည်။ ထိုအချိန်တွင် အလွန်ကျဉ်းမြောင်းပြီး ပူအိုက်လှသော အခန်းထဲ၌ ပိတ်လှောင်ထားခြင်း ခံရသလို ဖြစ်နေသော မစ်စတာဝေါ့စလေမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ချွေးတစ်လုံးလုံးဖြင့် ဖြစ်နေလေပြီ။ ချွေးများဖြင့် စိုရွှဲနေသော အဝတ်များကလည်း သူ့ကိုယ်တွင် ကပ်နေကြလေရာ ပူလောင်ခြင်းနှင့် ယားယံခြင်းဝေဒနာများကို အပြင်းအထန် ခံစားနေရဟန် တူ၏။ သူသည် ကုလားထိုင်ပေါ်တွင် ငြိမ်ငြိမ်ဆိမ်ဆိမ် မနေနိုင်ဘဲ တစ်ကိုယ်လုံး တွန့်လိမ်လှုပ်ရှားလျက် ရှိလေသည်။

"ခြေအိတ်တွေကို ချွတ်လိုက်ပါတော့ မစ္စတာဝေါလ်ဒင်ဂရေးဗား" ဟု ခြေအိတ်ပိုင်ရှင်က လှမ်းပြောသည်။ "မချွတ်ဘဲ အခုလိုထားရင်တော့ စုတ်ပြတ်ကုန်တော့မယ်၊ သူတို့ကို စုတ်ပြတ်သွားအောင် လုပ်တာဟာ ငွေသုံးဆယ့်ငါးသျှီလင် ဆုံးအောင် လုပ်တာနဲ့ အတူတူပဲ၊ အင်မတန်လှတဲ့ ခြေအိတ်တစ်စုံ စုတ်သွားလို့ ကတော့ ရှိတ်စပီးယားလည်း အချီးမွမ်းခံရမှာ မဟုတ်ပါဘူး၊ ကဲ... ကဲ... ကုလားထိုင်ပေါ်မှာသာ ခင်ဗျား ငြိမ်ငြိမ်ကလေး ထိုင်နေပါ။ ကျွန်တော် ခြေအိတ်တွေကို ကျွန်တော့်ဘာသာ ကျွန်တော်ပဲ ချွတ်ယူပါရစေ"

ခြေအိတ်ရှင်သည် မစ္စတာဝေါ့စလေ၏ ရှေ့တွင် ဒူးထောက်ထိုင်ကာ

သူ့ခြေအိတ်များကို ချွတ်လျက် ရှိ၏။ ကျွန်တော့်ကတော့ သူတို့ အဖြစ်ကို ကြည့်ပြီး မရယ်နိုင်။ မစ္စတာဝေါ့စလေက ပြဇာတ်ကောင်း မကောင်း မေးမည်ကို ကြောက်ရွံ့လျက် ရှိသည်။ ဤအခိုက်မှာပင် မစ္စတာဝေါ့စ လေက ကျွန်တော်တို့ အား မော့ကြည့်လိုက်ပြီး မေးသည်။ "လူကြီးများ အနေနဲ့ ပြဇာတ်ကို ဘယ်လိုသဘောရပါသလဲ ခင်ဗျာ"

ကျွန်တော့်အနေဖြင့် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်နေခိုက် ဟားဘတ်က နောက်မှ နေ၍ လက်နှင့် တွက်ပြီး "အဆင့်မြင့် မားပါတယ်လို့ ပြောလိုက်" ဟု အကြံပေးသည်။ ထို့ကြောင့် ကျွန်တော် က "အဆင့် သိပ်မြင့်ပါတယ် ဗျာ" ဟု ပြောလိုက်သည်။

"ကျုပ်ရဲ့ သရုပ်ဆောင်ပုံတွေကိုရော လူကြီးမင်းများ ဘယ်လိုမြင်ပါ သလဲ ခင်ဗျာ"

ဟားဘတ်က နောက်မှ နေ၍ လက်နှင့် ကုတ်ပြန်သည်။ "အလွန်ကိုလေးနက်ခိုင်မာပြီး ပြောင်မြောက်လှပါတယ်" ကျွန်တော်က မဆိုင်းမတွပင် မစ္စတာဝေါ့စလေအား လှမ်းပြောလိုက်သည်။ "အလွန်ကိုလေးနက် ခိုင်မာပြီး ပြောင်မြောက်လှပါတယ်... ဗျာ"

"အခုလို ချီးမွမ်းစကား ကြားရတဲ့ အတွက် ကျွန်တော် ဝမ်းသာလှပါတယ်" ဟု မစ္စတာဝေါ့စလေ က အလွန်ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ပြန်ပြောသည်။

မစ္စတာဝေါ့စလေသည် တစ်ဖက်သို့ လှည့်နေခိုက်တွင် ကျွန်တော်က ဟားဘတ်အနီးသို့ကပ်၍ သူ့အား ဟိုတယ်သို့ ခေါ်သွားပြီး ညလယ်စာ ကျွေးရန် သင့်မသင့် တိုင်ပင်သည်။ ဟားဘတ်က အလွန်ကောင်းလိမ့် မည်ဟု သူ ယူဆကြောင်း ပြန်ပြောသည်။ ကျွန်တော်က မစ္စတာဝေါ့စလေအား ညလယ်စာ လိုက်စားရန် ပြန်ပြောသည်။ ဤသို့ဖြင့် သူသည် ဘားနတ်ဟိုတယ်သို့ ကျွန်တော်တို့ နှင့် လိုက်လာသည်။ ကျွန်တော်တို့ ကလည်း တတ်အားသရွေ့ အကောင်းဆုံး အစားအစာများဖြင့် ဧည့်ဝတ်ပြုရုံမျှမက သူ၏ လက်ရှိအောင်မြင်မှုများ နှင့် ရှေ့အလားအလာများ ကိုပါ တတ်သမျှ မှတ်သမျှ ဝေဖန်သုံးသပ်ပေးကြသည်။ ဘာတွေပြောမိကြသည် ကို အသေးစိတ် မမှတ်မိသော်လည်း ထိုညက မစ္စတာဝေါ့စလေ ပြန်သွားသည့် အခါ နံနက်နှစ်နာရီပင် ထိုးနေပြီ ဖြစ်၏။

မစ္စတာဝေါ့စလေ ပြန်သွားသည့် အခါ အလွန်ပင်ပန်းနွမ်းနယ်စွာဖြင့် အိပ်ရာဝင်ခဲ့သည်။ အိပ်ရာထဲ ရောက်ပြန်တော့လည်း ရုတ်တရက် အိပ်၍ မရ။ အလွန်စိတ်ဆင်းရဲစွာဖြင့် အက်စတယ်လာ အကြောင်းကို တွေးနေမိပြန်သည်။ အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်များ မက်နေပြန်သည်။ အိပ်မက်ထဲတွင် ကျွန်တော်၏ မျှော်လင့်ချက်အားလုံး ပျက်သုဉ်းသွားသည်။ ဟားဘတ်နှင့် ကလယ်ရာတို့ လက်ထပ်အောင် ကျွန်တော်က ကူညီနေသည်။ ပြီးတော့ ရှိတ်စပီးယား၏ ဟင်းမလက် ပြဇာတ်တွင် ကျွန်တော်ကိုယ်တိုင် ဝင်၍ ကပြနေသည်။ ထိုပြဇာတ်ထဲမှ စကားလုံး အလုံးနှစ်ဆယ်ခန့် ကိုမှ

မမှတ်မိပါဘဲလျက်နှင့် ပရိသတ်နှစ်သောင်း ရှေ့မှောက်တွင် ကပြနေခြင်း၊ ကပြရာ၌လည်း မစ္စဟေဗီရှမ်၏ ဝိညာဉ်သူရဲမကြီးနှင့် တွဲလျက်...။

****

(၃၂)

တစ်ရက်တွင် ကျွန်တော်သည် မစ္စတာပေါ့ကက်က ဖတ်ရှုလေ့လာရန် ပေးထားသည့် စာအုပ်များ ဖတ်ရှုခြင်းဖြင့် အလုပ်များလျက် ရှိ၏။ ထိုအခိုက်တွင် စာတိုက်မှ စာတစ်စောင်ရောက်လာရာ စာအိတ်ပေါ်မှ လိပ် စာလက်ရေးကို မြင်ရုံမျှဖြင့် အကြီးအကျယ် စိတ်လှုပ်ရှားခြင်း ဖြစ်မိသည်။ အဘယ်ကြောင့် ဆိုသော် လက်ရေးမှာ ကျွန်တော် ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူးသော်လည်း မြင်လိုက်ရုံမျှဖြင့် မည်သူ့လက်ရေး ဖြစ်သည် ကို စိတ်ထဲက သိသလိုလို ရှိနေသောကြောင့် ပေတည်း။ စာမှာ ရေးရိုးရေးစဉ်ပုံမျိုး မဟုတ်။ စာ၏ အတွင် 'ချစ်လှစွာသော မစ္စတာပစ်ပ်၊ သို့မဟုတ် ခင်မင်သော ပစ်ပ်၊ သို့မဟုတ် ချစ်သော မည်သူမည်ဝါ' ဘာညာ စသော ရေးရိုးရေစဉ်အချိုးမျိုး မပါဘဲ ပြောလိုသည့် အကြောင်းများကို အောက်ပါအတိုင်း ရေးထားသည်။

သန်ဘက်ခါ နေ့ခင်းထွက်မည့် မြင်းရထားဖြင့် ကျွန်မ လန်ဒန်သို့ လိုက်လာပါမည်။ ကျွန်မကို လာ၍ ကြိုရန် ရှင့်အား မှာထားပြီးပြီဟု ကျွန်မထင်ပါသည်။ မည်သို့ပင်ဖြစ်စေ မစ္စဟေဗီရှမ်က ထိုကဲ့သို့ ပြုလုပ်စေ လိုသောဆန္ဒ ရှိနေသဖြင့် သူခိုင်းသည့် အတိုင်း ဤစာကို ကျွန်မ ရေးလိုက်ခြင်း ဖြစ်ပါသည်။ သူက ရှင့်ကို ကျန်းမာပါစေဟု ဆုတောင်းလိုက်ပါသည် ရှင့်...

အက်စတယ်လာ။

အကယ်၍ အချိန်သာရမည်ဆိုပါက ကျွန်တော့်အနေဖြင့် အက်စတယ်လာအား သွားရောက်ကြိုဆိုရမည့် ကိစ္စအတွက် ဝတ်စုံသစ်အတော်များများ ထပ်၍ ချုပ်မိကောင်း ချုပ်မိပေလိမ့်မည်။ သို့သော်လည်း အချိန်ကမရသဖြင့် ကျွန်တော့်တွင် ရှိနေသည့် ဝတ်စုံဖြင့်ပင် သွား၍ ကြိုရပေတော့မည်။ စာရသည့် အချိန်မှ စ၍ အစားအသောက် စားချင်သောက်ချင်စိတ်သည် လုံးဝပျောက်သွားသည်။ သန်ဘက်ခါ မရောက်မချင်း ကျွန်တော့်မှာ စိတ်ရောကိုယ်ပါ အေးဆေးငြိမ်သက်ခြင်း မရှိတော့ပါ။ ပို၍ ဆိုးသည်မှာ တခြားမဟုတ်။ အက်စတယ်လာ ရောက် လာမည့် နေ့တွင် ကျွန်တော်တို့ မြို့ရှိ ဘလူးဘိုးအားဟိုတယ်ရှေ့မှ မြင်းရထား ထွက်မလာသေးမီ အချိန်လောက်ကတည်းက ချီဆိုက်ရပ်ကွက် ဝုဒ်လမ်းရှိ မြင်းရထားရုံးသို့ မကြာခဏ သွား၍ ကြည့်နေမိခြင်း ဖြစ်ပေသတည်း။ တကယ်တော့ ဤခရီးမှာ ကျွန်တော်ကိုယ်တိုင် သွားခဲ့ဖူးသော ခရီးဖြစ်၍ မြင်းရထား ဘယ်အချိန်ထွက်၍ ဘယ်အချိန်ဆိုက်မည် ကို ကောင်းစွာ သိနေ၏။ သို့ပါလျက်နှင့် ယခုကဲ့သို့ လုပ်နေမိခြင်း ဖြစ်၏။ တကယ်တော့ ကျွန်တော်လုပ်နေပုံ အဓိပ္ပာယ်မရှိမှန်း သိပါ၏။ သို့သော်လည်း မြင်းရထားနှင့် လွဲသွားမည်ဟု စိတ်ထဲက ထင်နေမိသည်။ ဤအထင်သည် ကျွန်တော့်စိတ်ကို များစွာ ခြောက်လှန့်လျက် ရှိ၏။ ယင်းကဲ့သို့

အခိပ္ပာယ်မရှိ စိတ်ဂနာမငြိမ်ဖြစ်ကာ ယောက်ယက်ခတ်ပြီး မြင်ႏရထားဆိုက်ချိန် မတိုင်မီ နာရီပေါင်းများစွာ စော၍ ရောက်နေခိုက်မှာပင် မစ္စတာဂျက်ဂါး၏ တပည့် စာရေးဝင်းမစ်နှင့် ဆုံ မိသည်။

"ဟဲလို... ပစ်ပ်" ဟု သူကလှမ်း၍ နှုတ်ဆက်သည်။ "ဘယ်လိုလဲ... နေကောင်းရဲ့လား၊ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ"

ကျွန်တော်က ကျွန်တော်တို့ မြို့မှ မိတ်ဆွေတစ်ယောက် ယနေ့နေ့ခင်း မြင်းရထားနှင့် ပါလာမည်ဖြစ်၍ လာကြိုခြင်း ဖြစ်ကြောင်း ရှင်းပြပြီး သူ့အိမ်နှင့် သူ့အဖေကြီးအကြောင်းကို မေးသည်။

"အိမ်ရော အဘိုးကြီးရော အားလုံး ရှင်သန်လျက်ပဲဟေ့" ဟု ဝင်းမစ် က ပြောသည်။ "အထူးသဖြင့် အဘိုးကြီးကတော့ မာလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲ၊ အခုလာမယ့် မွေးနေ့ဆိုရင် ရှစ်ဆယ့်နှစ်နှစ်ပြည့်ပြီ၊ တကယ်လို့ အိမ်နီးနားချင်းတွေက မကန့်ကွက်ဘူးဆိုရင် သူ့မွေးနေ့မှာ ငါတို့ ထွင်ထားတဲ့ အမြောက်ကို ဘယ်လောက်အချက်များများ ပစ်နိုင်တယ်ဆို တာ သက်သေပြရမယ်ကွ၊ ဒါနဲ့ ... မေးရဦးမယ်၊ ငါ အခု ဘယ်ကိုသွားမယ်လို့ မင်း ထင်သလဲ"

"ရုံးကိုပေါ့ဗျ" ဟု ခြေဦးလှည့်သည်မှာ ရုံးဘက်သို့ဖြစ်သဖြင့် သေချာပေါက် တွက်၍ ပြောလိုက်ပါသည်။

"ရုံးနဲ့ ဆက်နေတဲ့ နေရာတစ်နေရာကို သွားမှာ ကွ" ဟု ဝင်းမစ်က ပြန်ပြောသည်။ "ငါ အခု နယူးဂိတ်ထောင်ကြီးကို သွားမလို့၊ ထောင်ထဲမှာ ဘဏ်မှုတစ်ခုက တို့ အမှုသည် တစ်ယောက် ရှိနေတယ်။ သူ့အခြေအနေကို တစ်ချက်ဝင်ကြည့်မလို့၊ သူနဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောစရာလည်း ရှိနေလို့ "

"ခင်ဗျားတို့ အမှုသည် က ဘဏ်ဓားပြတိုက်တာလား" ဟု ကျွန်တော် က မေးမိသည်။

"ဟာကွာ... မဟုတ်ပါဘူး" ဟု ဝင်းမစ်က စိတ်မပါတပါ လေသံဖြင့် အဖြေပေးသည်။ "ဒါပေမဲ့ အစွပ်စွဲခံရတာပေါ့၊ စွပ်စွဲတယ်ဆိုတာကတော့ ထုံးစံအတိုင်း မင်းပဲဖြစ်ဖြစ် ငါပဲဖြစ်ဖြစ် အစွပ်စွဲခံရမှာပေ့ါ ကွ၊တို့ နှစ်ယောက်လည်း စွပ်စွဲချင် စွပ်စွဲမှာပေ့ါ၊ ဒါက ဥပဒေသဘောအရပဲ”

"ကျွန်တော်တို့ က မကျူးလွန်ဘဲနဲ့လည်း စွပ်စွဲချင် စွပ်စွဲမယ်ဆိုပါတော့၊ ဟုတ်လား"

"အေးပေါ့ကွာ" ဟု ဆိုက ဝင်းမစ်က ကျွန်တော့်ရင်ဘတ်ကို သူ့လက်ညှိုးဖြင့် လှမ်းတို့သည်။ "မင်းနားလည်နိုင်တဲ့ ဟာတွေပါကွာ၊ ကဲ... ဘယ်လိုလဲ၊ အခုလိုကြုံကြိုက်တုန်း မင်း နယူးဂိတ်ထောင်ကြီးကို လိုက်ကြည့်ပါလား၊ မင့်မှာ အချိန်ရှိသေးတယ် မဟုတ်လား"

အမှန်ကတော့ ကျွန်တော့်တွင် အချိန်အများကြီး ရှိနေပါသေးသည်။

မြင်းရထားအဆိုက်နှင့် လွဲသွားမည်ကို အစိုးရိမ်လွန်နေသောကြောင့်သာ အကြောင်းမဲ့ အပင်ပန်းခံပြီး အစောကြီး လာစောင့်နေခြင်း ဖြစ်၏။ ကျွန်တော် သူနှင့် လိုက်ဖြစ်မလိုက်မဖြစ် ဆုံးဖြတ်နိုင်ရန် မြင်းရထားဆိုက်မည့် အချိန် သွားမေးလိုက်ဦးမည်ဟု ဝင်းမစ်အား ပြောခဲ့ပြီး မြင်းရထားရုံးဘက်သို့ နောက်တစ်ခေါက် လျှောက်လာခဲ့ပြန်သည်။ တကယ်တော့ မြင်းရထားဆိုက်မည့် အချိန်ကို ကျွန်တော် အတိအကျ သိထားပြီး ဖြစ်၏။ စာရေးထံသွား၍ မေးခဲ့သည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပြီ။ စာရေးအနေဖြင့် ကျွန်တော့်အပေါ် စိတ်တိုမည်ဆိုက တိုနိုင်သော အခြေအနေသို့ပင် ဆိုက်နေပြီ ဖြစ်၏။ သို့သော်လည်းတော်ပါ သေး၏။ စာရေးက မြင်းရထားဆိုက်မည့် အစောဆုံးအချိန်ကို စိတ်ရှည် လက်ရှည်ဖြင့် ပြောပြလိုက်သည်။ ထိုအခါကျမှပင် ကျွန်တော်သည် ကျွန်တော့်နာရီကို တစ်ချက်ပြန်ကြည့်ကာ စောစောက ဝင်းမစ်ပြောထားသည့်သတင်းကြောင့် စိတ်ဝင်စားနေပြီ ဖြစ်သည့် အားလျော်စွာ ဝင်းမစ် ခေါ်ရာနောက်သို့ လိုက်လာခဲ့ပါသည်။

မိနစ်အနည်းငယ်မျှနှင့် ကျွန်တော်တို့သည် နယူးဂိတ်ထောင်ကြီးသို့ ရောက်ရှိသွားကြ၏။ နံရံများ ပေါ်တွင် လက်ထိတ်များ နှင့် သံခြေချင်းများ တန်းစီ၍ ချိတ်ဆွဲထားသော အခန်းတစ်ခန်းကို ကျော်ဖြတ်ပြီး ထောင်အတွင်းဘက်သို့ ရောက်ရှိသွားကြသည်။ ထိုခေတ်အခါက ထောင်ဆိုသည်မှာ အလွန်ပစ်စလက်ခတ်ထားသည့် နေရာများ ဖြစ်၏။ တရားဥပဒေ ဖောက်ဖျက်သူများ အပေါ်၌ လူဟူ၍ မမြင်ကြသော ခေတ်ဖြစ်သဖြင့် အပြစ်ရှိသည် ဟု ထင်လျှင် အဆမတန်ကြီးလေသည့် အပြစ်ဒဏ်များ ပေးခြင်းနှင့် ထောင်ထဲ၌ နှစ်ပေါင်းများစွာ ချုပ်နှောင် ထားခြင်း စသည် များကို အလွန်လိုအပ်သည့် အလုပ်ဟု ယူဆကြ၏။ ထို့ကြောင့်လည်း ထောင်တွင်း၌ ထောင်သားများအား လူလိုသူလိုထား၍ ကျွေးမွေးခြင်း မပြုကြပေ။

ဝင်းမစ်က ကျွန်တော့်အား ခေါ်သွားသည့် အချိန်မှာ ဧည့်သည် များ ဝင်ခွင့်ရချိန် ဖြစ်၏။ အရက်ရောင်းသူတစ်ဦးသည် တကြော်ကြော်အော် ဟစ်ကာ ဘီယာများ လိုက်လံရောင်းချလျက်ရှိပြီး ထောင်သားများက သံတိုင်များ နောက်မှ ရပ်ကာ ဘီယာကို အလုအယက် ဝယ်ယူလျက် ရှိကြသည်။ ဘီယာဝယ်ရင်းမှပင် သူတို့ထံ လာကြသည့် ဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းများ နှင့် စကားပြောလျက် ရှိကြလေရာ အခန်းထဲတွင် ပွက်လောညံလျက် ရှိလေသည်။ ထောင်သားများမှာ မြင်မကောင်းရှုမကောင်း ဖြစ်လောက်အောင် ညစ်ပတ်ပေရေနေကြပြီး သူတို့ ဆီမှ ထွက်လာနေသည့် အနံ့အသက်များကလည်း မခံမရပ်နိုင်လောက်အောင် နံစော်လှ၏။ ပြောချင်ရာပြော၍ ဆိုချင်ရာဆိုကာ ဖြစ်ချင်သလို ဖြစ်နေကြ သဖြင့် အလွန်စိတ်ပျက်စရာ ကောင်းသည့် မြင်ကွင်းတစ်ခုပေတည်း။

မည်သို့ပင်ဖြစ်စေ ဝင်းမစ်တစ်ယောက် ထောင်သားများကြား၌ လျှောက်သွားနေပုံသည် သူစိုက်ပျိုးထားသည့် သီးပင်များကြား၌

လျှောက်သွားနေသော ဥယျာဉ်မှူးတစ်ယောက် ဟန်မျိုးဖြစ်သဖြင့် ကျွန်တော့် အဖို့ ဆွဲဆောင်မှုအပြည့်ရှိနေသည်။ သူသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်ကပ်များ အတွင်းသို့ နှိုက်ကာ မျက်နှာကို မော့၍ ခပ်တည်တည် လျှောက်သွားနေခြင်း ဖြစ်၏။ ဤသို့ လျှောက်သွားနေသည့် ကြားမှပင် ဘေးဘီသို့ လှည့်မကြည့်ဘဲပါးစပ်ကို လှုပ်သွားလျက်ရှိလေသည်။ "ဘယ်လိုလဲ ဗိုလ်ကြီးတွမ်၊ မင်း ထောင်ထဲတစ်ခေါက် ရောက်လာပြန်ပြီလား၊ အေးပေါ့ကွာ၊ မင်းကတော့ ရောက်ရမှာပေါ့" ဟုလည်းကောင်း "အံမယ် ဟိုနောက်မှာပါပကောလား၊ ဘယ့်နှယ်လဲ မင်းနေရထိုင်ရတာ အဆင်ပြေရဲ့လားကွ" ဟုလည်းကောင်း ပြောသွားလျက် ရှိ၏။ တချို့ နေရာကျတော့ သံတိုင်များ ရှေ့တွင် ရပ်ကာ သံတိုင်များ နောက်မှ နှစ်ကိုယ်ကြား စကားပြောချင်သူများ ပြောသမျှကို နားထောင်သည်။ အများအားဖြင့် နှစ်ဦးချင်းကပ်၍ ဆီမန်း မန်းနေကြသည့် နှယ် တွတ်ထိုးနေကြခြင်း ဖြစ်၏။ ထိုအခါမျိုးတွင် ဝင်းမစ်သည် သူ၏ စာတိုက်ပုံးပါးစပ်ပေါက်ကို တင်းကျပ်စွာ ပိတ်၍ မတုန်မလှုပ် ကျောက်ရုပ်ကြီးသဖွယ် တောင့်တောင့်ကြီးရပ်ကာ တစ်ဖက်လူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး နားထောင်တတ်လေသည်။

ဝင်းမစ်သည် ထောင်သားများကြားတွင် အထူးထင်ရှားပြီး ကျော်ကြားသူ တစ်ဦး ဖြစ်နေပေသည်။ သူသည် မစ္စတာဂျက်ဂါးက ချမှတ်ပေးထားသော ကန့်သတ်ချက်များကို ကျော်၍ လုပ်ပိုင်ခွင့်မရှိသော်လည်း ခွင့်ပြုထားသည့် အတိုင်းအတာ ဘောင်အတွင်း၌ မူ မစ္စတာဂျက်ဂါး၏ အလုပ်ကို လုံးဝတာဝန်ယူ၍ ဆောင်ရွက်လျက်ရှိ၏။ အမှုကို လက်ခံ ရာ၌လည်းပါးစပ်က အဖြေပေးသည် မဟုတ်။ ခပ်တည်တည် မျက်နှာထားဖြင့် ခေါင်းတစ်ချက်ဆတ်ပြခြင်း၊ လက်နှစ်ဖက်ဖြင့် ဦးထုပ်ကို အသာကလေးကိုင်၍ မြှောက်ပြပြီး ပြန်ဆောင်းလိုက်ခြင်း စသော အပြုအမူများဖြင့်သာ အဖြေပေးလေ့ ရှိသည်။ ထို့နောက် လက်နှစ်ဖက်ကို အင်္ကျီအိတ်ကပ်များ ထဲ ပြန်နှိုက်ကာ စာတိုက်ပုံးပါးစပ်ကို တင်းကျပ်စွာ ပိတ်ပြီး ရှေ့ဆက်လျှောက်သည်။ တစ်ကြိမ်နှစ်ကြိမ်တွင် ရှေ့နေခစျေးဆစ်ခြင်းနှင့် ကြုံရဟန် တူ၏။ တစ်ဖက်လူ ပေးနေသည့် ငွေနှင့် ဝေးနိုင် သမျှဝေးအောင် နောက်သို့ဆုတ်၍ ရပ်လိုက်ပြီး "မရဘူးကိုယ့်လူ၊ ငါက တပည့်၊ ငါ ယူသွားလို့ မဖြစ်ဘူး၊ တပည့်နဲ့ ကတော့ အခုလိုပုံမျိုး လုပ်လို့ မရနိုင်ဘူးဟေ့၊ လိုနေတဲ့ ငွေကို ပြည့်အောင်မဖြည့်နိုင်ရင်တော့ ဆရာကြီးကိုသာ တိုက်ရိုက်ဆက်သွယ်ပြီး ပြောပေတော့၊ ရှေ့နေလောကမှာ ဆရာကြီးတွေ အများကြီး ရှိနေတာ မင်းအသိပဲ၊ ကိုယ်ပေးနိုင်နဲ့ ဈေးနဲ့ လက်ခံမယ့် ဆရာကြီးတစ်ယောက် ထပ်ရှာပေါ့၊ ငါကတော့ တပည့်တစ်ယောက် မဟုတ်လား၊ အဲဒီတော့ မင့်ကို ကူညီတာ ဒါပဲ ရှိမယ်၊ အလုပ်မဖြစ်တဲ့ နည်းတွေ မသုံးပါနဲ့ ကွာ၊ အချိန်ကုန်လှပါတယ်၊ ကဲ... နောက်တစ်ယောက် ဘယ်သူလဲ"

ဤပုံစံအတိုင်း ကျွန်တော်တို့သည် ဝင်းမစ်၏ ပျိုးပင်များ ရှင်သန် နေသည့် 'မြစိမ်းရောင်ဂေဟာ' အတွင်းမှ ဖြတ်လျှောက်လာခဲ့ကြသည်။

တစ်နေရာအရောက်တွင် ဝင်းမစ်က ကျွန်တော့်ဘက် လှည့်ကြည့်ပြီး "ငါ လက်ဆွဲနှုတ်ဆက်တဲ့ လူကျရင် ဂရုစိုက်ကြည့်နော်" ဟု မှာသည်။ ထို အခါကျမှပင် သူ စောစောက လူဘယ်နှယောက်နှင့် လက်ဆွဲနှုတ် ဆက်ပါလိမ့်ဟု ကသောကမျော ပြန်၍ စဉ်းစားသည်။ အခုအချိန်ထိတော့ဖြင့် တစ်ယောက်နှင့် မှ လက်ဆွဲနှုတ်ဆက်ခြင်း မရှိသေး။

သူပြောပြီး မကြာခင်မှာပင် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင် နှင့် ခန့်ညားသော လူကြီးတစ်ယောက် (ယခု ဤစာကို ရေးနေခိုက်မှာပင် သူ့မျက်နှာကို မြင်ယောင်နေပါသေးသည်။) နှင့် ဆုံမိသည်။ လူကြီးသည် သံလွင်သီးရောင် ဖရောကုတ်အင်္ကျီ ဝတ်ထားသည်။ အသားရောင်မှာ ဖျော့တော့တော့ ဖြစ်၍ ဂနာမငြိမ်သော မျက်လုံးများဖြင့် ဟိုကြည့်သည်ကြည့် လုပ်နေရာမှ သံတိုင်များကြားမှ တစ်ဖက်သောထောင့်သို့ လျှောက်လာပြီး အတည်လိုလို ပြောင်သလိုလို အမူအရာဖြင့် ဝင်းမစ် အား အလေးပြုလိုက်သည်။

"ဗိုလ်မှူးကြီး.. နေကောင်းရဲ့လား" ဟု ဝင်းမစ်က နှုတ်ဆက်သည်။

"ကောင်းတယ် မစ္စတာ ဝင်းမစ်"

"ကျွန်တော်တို့ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှနဲ့ လုပ်နိုင်တာ မှန်သမျှ အစွမ်းကုန် လုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ သူတို့ ဘက်က သက်သေပြချက် က သိပ်ပြီး ခိုင်လုံနေပါတယ် ဗိုလ်မှူးကြီး"

"ဟုတ်ပါတယ်၊ သက်သေခံက သိပ်ကိုခိုင်လုံနေတာ အမှန်ပါပဲ၊ ဒါပေမဲ့ ကျွန်တော်ကလည်း ဂရုမစိုက်ပါဘူး"

"အဲသလိုတော့လည်း မဟုတ်သေးဘူးပေါ့လေ" ဟု ဝင်းမစ်က လေသံအေးအေးဖြင့် ပြောသည်။ ထို့နောက် ကျွန်တော့်ဘက် လှည့်ကြည့်သည်။ "ဒီပုဂ္ဂိုလ်ဟာ ဘုရင်မင်းမြတ်ရဲ့ အမှုတော်ကို ထမ်းဆောင်နေတဲ့ စစ်သားတစ်ယောက်ပေါ့"

"သြော်... ဟုတ်လား" ဟု ကျွန်တော်က ရေရွတ်မိသည်။ ထိုလူက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ထို့နောက် ကျွန်တော့်ခေါင်းပေါ်မှ ကျော်၍ ကြည့်သည်။ ထို့နောက် ကျွန်တော့်ဘေး ပတ်ပတ်လည်ကို ကြည့်ပြန်သည်။ ပြီးတော့ သူ့နှုတ်ခမ်းများကို လက်ခုံနှင့် သုတ် လိုက်ပြီး ပြုံးသည်။

"တနင်္လာနေ့ကျရင် ကျွန်တော် ဒီနေရာက လွတ်မြောက်လိမ့်မယ်လို့ ထင်တယ်" ဟု သူက ဝင်းမစ်အား လှမ်းပြောသည်။

"လွတ်ကောင်းပါရဲ့၊ ဒါပေမဲ့ အတိအကျတော့ မသိဘူး"

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်ခွင့် ရတဲ့ အတွက် ကျွန်တော် ဝမ်းသာပါတယ်၊ မစ္စတာဝင်းမစ်" ဟု ပြောကာ သူ့လက်တစ်ဖက်ကို သံတိုင်နှစ်တိုင်ကြားမှ ထုတ်၍ ဝင်းမစ်ဘက်သို့ လှမ်းပေးသည်။

"ကျွန်တော်ကလည်း နှုတ်ဆက်ခွင့်ရတာ ဝမ်းသာပါတယ်၊ ဗိုလ်မှူးကြီး" ဟု ပြန်ပြောကာ ဝင်းမစ်က လက်ဆွဲ၍ နှုတ် ဆက်သည်။

"အခု ကျွန်တော့်အပေါ်မှာ ကျရောက်လာတဲ့ အဖြစ်ဟာ တကယ်ဖြစ်ပျက်သွားမယ် ဆိုရင်တော့ မစ္စတာဝင်းမစ်ကို တစ်ခု မှာချင်ပါတယ်၊ ကျွန်တော့်ရဲ့ လက်စွပ်ကို ခင်ဗျားက လက်ခံပြီးတော့ ဝတ်သွားဖို့ မေတ္တာရပ်ခံပါရစေ" ဟု ပြောကာ ဝင်းမစ်၏ လက်ကို မလွှတ်ချင်လွှတ်ချင်ဖြင့် ပြန်လွှတ်ပေးလိုက်သည်။

"ကျွန်တော် လက်ခံပါ့မယ်" ဟု ဝင်းမစ်က ပြန်ပြောသည်။ "စကား မစပ် တစ်ခုလောက် ပြောပါရစေ၊ ခင်ဗျားဟာ ခိုတွေကို တော်တော်ချစ်တတ်တဲ့ လူတစ်ယောက်လို့ သိထားရပါတယ်၊ အခု လောလောဆယ်လည်း ခိုမျိုးကောင်း မွေးထားတယ်လို့ ကျွန်တော် ကြားရပါတယ်၊ ခိုတစ်စုံ လောက် ကျွန်တော့်ကို ပေးခဲ့နိုင်ရင် ပေးခဲ့စေချင်ပါတယ်"

"ရပါစေ့မယ်.. ခင်ဗျာ"

"သူတို့ကို ကျွန်တော် ဂရုတစိုက် မွေးပါ့မယ်၊ မင်္ဂလာနေ့ခင်းပါ ဗိုလ်မှူးကြီး" သူတို့ နှစ်ယောက်၏ နောက်ထပ်တစ်ကြိမ် လက်ဆွဲနှုတ်ဆက်ပြန်သည်။ ကျွန်တော်တို့ ဆက်၍ လျှောက်လာကြသည့်အခါ ဝင်းမစ်က "ငွေတုလုပ်တဲ့ လူကွ၊ ငွေတုလုပ်တဲ့ နေရာမှာတော့ ဝိဇ္ဇာပဲ၊ တကယ့်ကိုတော်တာ၊ တရားသူကြီးဆီက အမိန့် ကနေ့ပဲ ထွက်လာမယ်၊ တနင်္လာနေ့မှာ ကြိုးပေးခံရမှာ သေချာနေပါပြီ" ဟု ပြောလေသည်။

ကျွန်တော်တို့ ပြန်အထွက်တွင် ကျွန်တော့် အုပ်ထိန်းသူ၏ ကြီးကျယ်ထင်ရှားမှုကို ထောင်စောင့်များကပင် အသိအမှတ်ပြုနေကြကြောင်း ကျွန်တော် တွေ့ရပါတယ်။ "ဒီမယ် မစ္စတာဝင်းမစ်" ဟု ကျွန်တော်တို့အား သံတိုင်နှစ်ထပ်ကာ အခန်းနှစ်ခန်းကြားမှ စောင့်နေရစ်ရန် စေခိုင်းထားခဲ့သော ထောင်စောင့်က ဝင်းမစ်အား ဆီး၍ ပြောသည်။ သူသည် အခန်းတစ်ခန်း၏ သော့ကို မဖွင့်မီ ကျန်အခန်းတံခါးကို သော့ခတ်ပိတ် လိုက်သည်။ ထို့နောက် "ခင်ဗျားဆရာကြီး မစ္စတာဂျက်ဂါးအနေနဲ့ ဝပ်တားဆိုက်လမ်းက လူသတ်မှုကို ဘယ်လိုကိုင်မယ် ထင်သလဲ၊ ကျအောင် လုပ်မလား၊ လွတ်အောင် လုပ်မလား" ဟု မေးသည်။

"မစ္စတာဂျက်ဂါးကို ဘာကြောင့် တိုက်ရိုက်သွားမမေးတာလဲ" ဟု ဝင်ႉးမစ်က ပြန်မေးသည်။

"အံမယ်... ခင်ဗျားက မမေးဝံ့ဘူး ထင်လို့လား၊ သူ့ကိုလည်း ကျုပ် မေးဝံ့ပါတယ်ဗျ" ဟု အစောင့်က ပြန်ပြောသည်။

"ကဲ... ကြားရဲ့လား၊ ဒီအထဲက လူတွေကတော့ ဒီအပေါက်မျိုးချည်းပဲ မစ္စတာပစ်ပ်ရေ့" ဟု ဝင်းမစ်က ကျွန်တော့်ဘက် လှည့်ပြောသည်။ "တပည့်နဲ့ တွေ့လိုက်ရင်တော့ သူတို့ သိချင်တာ အကုန်မေးမယ်၊ ဆရာသမားနဲ့ တွေ့တော့ သူတို့ပါႉးစပ်တွေ ဟ,တာတောင် မမြင်ရတော့ဘူး"

"သူက ဘာလဲ၊ ခင်ဗျားတို့ ရုံးက အလုပ်သင်ရှေ့နေလား" ဟု အစောင့်က ရယ်ကျဲကျဲလုပ်၍ ပြန်မေးသည်။

"ကဲ... ကြားလား၊ ပထမမေးခွန်းမှ မပြတ်သေးဘူး၊ နောက်မေးခွန်း တစ်ခု ထပ်လာတယ်၊ တကယ်လို့ မစ္စတာပစ်ပ်ဟာ ခင်ဗျားထင်သလို အလုပ်သင်ရှေ့နေတစ်ယောက်ဆိုရင် ခင်ဗျားက ဘာများ လုပ်ချင်လို့လဲ"

"ဒါ ဆိုရင်တော့ မစ္စတာဂျက်ဂါး ဘယ်လိုလူစားဆိုတာ သူလည်း သိမှာပေါ့ လို့ ပြောမလို့ပါ"

"ဆရာကြီးနဲ့ တွေ့တဲ့ အခါကျတော့ ခင်ဗျားဟာ ခင်ဗျားကိုင်ထားရတဲ့ သော့တွေထဲက သော့တစ်ချောင်းလို အ,နေရော၊ အခုကျတော့လည်း ခင်ဗျားပါးစပ်က လုံးဝမငြိမ်ဘူး၊ ကဲပါ.. မြေခွေးအိုကြီးရယ် ကျွန်တော် တို့ အပြင်ထွက်ပါရစေတော့၊ သော့မဖွင့်ပေးလို့ ကတော့ မှားယွင်းပြီး ထောင်သွင်းအကျဉ်းချမှုနဲ့ ခင်ဗျားကို တရားစွဲဖို့ မစ္စတာဂျက်ဂါးကို ငှားရလိမ့်မယ်"

ဝင်းမစ်၏ အပြောကို သဘောကျသဖြင့် အစောင့်က ဟက်ဟက်ပက်ပက် ရယ်သည်။ ကျွန်တော်တို့ လမ်းမပေါ် ရောက်ချိန်အထိ နောက်မှ ရပ်၍ ကြည့်ကာ ရယ်နေဆဲ...။

လမ်းမပေါ်၌ လျှောက်လာကြသည့် အခါ ဝင်းမစ်က ကျွန်တော့်လက်မောင်းကို ကိုင်၍ ကျွန်တော့်ကြာရုံမျှလေသံဖြင့် ပြောသည်။ "အဲဒါပဲ ပစ်ပ်၊ မစ္စတာဂျက်ဂါးဟာ သူ့ကိုယ်သူ သူများတကာထက် ခေါင်းတစ်လုံး ပိုပြီးမြင့်အောင် လုပ်ထားတယ်၊ လုပ်ပုံလုပ်နည်းကလည်း တကယ့်ကိုတော်တယ်၊ သူနဲ့ သူ့အမှုသည် တွေကြားမှာ သူ့လက်အောက်က တပည့်ကို ကြားလူအဖြစ်ထားပြီး ဆက်ဆံသွားတာ၊ သဘောကတော့ သူနဲ့ သူ့အမှုသည် တွေကြားမှာ သူ့တပည့်ကို ကြားထိုးထားပြီး ဟိုလူတွေရဲ့ စိတ်ကိုရော ကိုယ်ကိုပါ အပိုင်ကိုင်ထားတာကွ"

မစ္စတာဝင်းမစ်နှင့် ကျွန်တော်သည် လစ်တစ်လ်ဘရီတိန်လမ်းထဲရှိ သူ့ရုံးရှေ့အရောက်တွင် လူချင်းခွဲခဲ့ကြသည်။ မစ္စတာဂျက်ဂါး၏ ဆိုင်းဘုတ်ရှေ့တွင် မစ္စတာဂျက်ဂါးနှင့် စကားပြောလို၍ စောင့်မျှော်နေကြသူများကတော့ ခါတိုင်းလိုပင် အများ အပြား..။ ကျွန်တော်တို့သည် မြင်းရထားရုံးရှိရာ လမ်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ လက်မှ နာရီကို ကြည့်လိုက်မိသည်။ ဝင်းမစ်နှင့် ကျွန်တော် အချိန်ဖြုန်းခဲ့သည်မှာ သုံးနာရီနီးပါးမျှ ကြာသည်။ အကျဉ်းထောင်ထဲသို့ ရောက်ခဲ့ရသည့် အဖြစ် ကို စဉ်းစားနေမိသည်။ ကျွန်တော့်ဘဝသည် ထောင်ရာဇဝတ်သား စသည်များဖြင့် မကြာခဏ ကြုံရ၏။ ငယ်စဉ်ကလည်း အလွန်လူခေါင်သော စိမ့်မြေတောမြေများ ဘက်၌ ထောင်ပြေးများ နှင့် အမှတ်မထင် ဆုံခဲ့ရဖူး၏။ ထို့နောက် သွားရင်းလာရင်းနှင့် နှစ်ကြိမ်တိတိ ဆုံရကြုံခဲ့ရပြန်သည်။ ဤအဖြစ်များသည် လပေါင်းများစွာ ကြာလာသည့်အခါ မှေးမှိန်သွားသည်မှာ မှန်သော်လည်း လုံးဝ ပျောက်ကွယ်သွားခြင်း ကား မရှိပေ။ ဤအဖြစ်များသည် ကျွန်တော့်ကံကြမ္မာနှင့် ကျွန်တော့်ဘဝ တိုးတက်မှုများတွင် အဆက်အစပ်များ ရှိနေလေသလား၊ ဤအတွေးများဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက်ရှိသော

ကျွန်တော့်စိတ်သည် အက်စတယ်လာထံသို့ ရောက်သွားပြန်သည်။ အလွန်လှပသော အက်စတယ်လာ နှင့် အရုပ်ဆိုး အကျည်းတန်လှသော ထောင်ကို နှိုင်းယှဉ်ကြည့်မိသည်။ အကျဉ်းထောင် ၏ ရွံရှာစက်ဆုပ်ဖွယ် ကောင်းသည့် အခြင်းအရာများကို ပီပီပြင်ပြင် မြင်လာမိ၏။ ဝင်းမစ်နှင့် မဆုံမိရလျှင် မည်မျှကောင်းပါမည်နည်း။ သူခေါ် ရာသို့ ကျွန်တော် လိုက်မသွားသင့်ဟု ထင်ကာ နောင်တရနေမိသည်။ နယူးဂိတ်ထောင်၏ အငွေ့အသက်များသည် ကျွန်တော့်ကိုယ်ပေါ်တွင် မငြိတွယ်စေသင့်ဟု ယူဆမိသည်။ လမ်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းမှပင် ကျွန်တော့်ခြေထောက်များ နှင့် ကျွန်တော့်အဝတ်အစားများတွင် တွယ်ကပ်နေသည့် ဖုန်များကို ခါပစ်နေမိသည်။ ထိုအခိုက်မှာပင် အဝေးပြေးမြင်းရထားကြီး လမ်းထဲဝင်လာသည် ကို သတိထားလိုက်မိ၏။ တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလိုပင် မြင်းရထားပြတင်းမှ ကျွန်တော့်အား လှမ်းကြည့်ပြီး လက်ပြနေသော အက်စတယ်လာကို ကျွန်တော် မြင်လိုက်ရပါသည်။

ထိုတဒင်္ဂအတွင်းမှာပင် အက်စတယ်လာ၏ မျက်နှာပေါ်တွင် ကျွန်တော် အမည်မဖော်နိုင်သော အရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာပြန်သည်။ ထိုအရိပ်သည် ဘာများပါလိမ့်။

*****

ခရီးသွားသား‌ေမွေးအနွေးထည် ဝတ်ထားသော အက်စတယ်လာ၏ အလှသည် ယဉ်စစနှင့် ကျက်သရေရှိလှပါဘိသည်။ ကျွန်တော့်မျက်လုံး များ ထဲတွင် ရှုမဝနိုင်သည့် အလှတစ်ပါး ဖြစ်နေသည် ကျွန်တော့်အပေါ် ဆက်ဆံရာ၌လည်း ယခင်ကလို မဟုတ်။ ယခင်ကထက် ဖော်ရွေပြီး ယခင်ကထက် တရင်းတနှီးရှိနေသည်။ မစ္စဟေဗီရှမ်၏ ဩဇာအရှိန်အဝါဖြင့် ယခုကဲ့သို့ ပြောင်းလဲလာခြင်း ဖြစ်မည်ဟု ကျွန်တော် တွေးသည်။

မြင်းရထားဆိပ်ရှိ စားသောက်ဆိုင် ဆင်ဝင်ရှေ့၌ နှစ်ဦးအတူတွဲ၍ ရပ်နေကြခိုက်တွင် အက်စတယ်လာက မြင်းရထားပေါ်မှ ချထားသည့် သူ့ပစ္စည်းများကို ပြသည်။ ပစ္စည်းများကို ယူပြီးသည့် အခါတွင်မှ ကျွန်တော်သည် ပတ်ဝန်းကျင်အရာအားလုံးကို မေ့သွားလေသည်။ အက်စတယ်လာ မှ တစ်ပါး အခြားဘာကိုမှ မမြင်၊ ဘာကိုမှ မသိ။ သူ ဘယ်မှာ နေ၍ ဘယ်ကိုသွားမည်ကိုလည်း မေးရစကောင်းမှန်း မသိ။

"ကျွန်မ ရစ်ချ်မွန်ကို သွားရမှာ" ဟု သူကပင် စပြောသည်။ "ရစ်ချ်မွန်ကလည်း နှစ်နေရာတောင် ရှိနေတယ်၊ တစ်နေရာက ဆာရေးနယ်ဘက်မှာ၊ တစ်နေရာက ယော့စ်ရှိုင်းယားနယ်မှာ၊ ကျွန်မသွားရမှာက ဆာရေးက ရစ်ချ်မွန်ရပ်ကို သွားရမှာ။ လန်ဒန်ကိုဆို ဆယ်မိုင်ခရီးပဲ၊ ကျွန်မ အတွက် မြင်းရထားတစ်စီး ငှားဖို့ လိုမယ်၊ ရှင်က ကျွန်မကို လိုက်ပို့ရမယ်၊ ရော့... ဟောဒီမှာ၊ ကျွန်မ ပိုက်ဆံအိတ်၊ ကျွန်မအတွက် ကုန်ကျသမျှ စရိတ်ကို ဒီအိတ်ထဲက ယူသုံး၊ အို... ယူပါ။ ပိုက်ဆံအိတ်ကိုတော့ ယူရမယ်၊ မယူလို့ မဖြစ်ဘူး၊ ကျွန်မတို့ နှစ်ယောက်စလုံး ကိုယ်ကြိုက်တာ လုပ်ခွင့်မရှိဘူး၊ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်းသာ လိုက်နာကြရမှာ၊ ကျွန်မရော ရှင်ရော ကိုယ်လုပ်ချင်တာ လုပ်လို့ မရဘူး"

ပိုက်ဆံအိတ်ကို လှမ်းပေးရင်း ကြည့်နေသည်။ အက်စတယ်လာ၏ အကြည့်တွင်လေးနက်သော အဓိပ္ပာယ်များပါနေသည် ဟု ကျွန်တော် ထင်သည်။ ပြောပုံဆိုပုံကတော့ ခပ်ပေါ့ပေါ့ဟု ထင်ရ၏။ သို့သော်လည်း ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျပင် ဖြစ်၏။

"မြင်းရထားတစ်စီး ငှားပေးမယ် အက်စတယ်လာ၊ လောလောဆယ် ခဏတစ်ဖြုတ် မနားတော့ဘူးလား"

"နားမှာပေ့ါ၊ ခဏတစ်ဖြုတ်နားပြီး လက်ဖက်ရည်သောက်မယ်၊ ရှင် က ကျွန်မကို ပြုစု"

အက်စတယ်လာက သူ့လက်တစ်ဖက်ဖြင့် ကျွန်တော့်လက်မောင်းကို လှမ်းချိတ်လိုက်သည်။ ကျွန်တော်က သူ့ဘဝတစ်လျှောက်လုံး ဤအရာမျိုးဟု မမြင်ဖူး မတွေ့ဖူးသည့်နှယ် ရထားဆီသို့ တအံ့တဩ ငေးကြည့် နေသော စားပွဲထိုးတစ်ယောက်ဆီသို့ သွား၍ ကျွန်တော်တို့ အတွက် သီးသန့်အခန်း တစ်ခန်းပေးရန် မေတ္တာရပ်ခံသည်။ စားပွဲထိုးက အပေါ်ထပ်သို့ ခေါ်သွားပြီး

နောက်ဘက်ခပ်ကျကျ အခန်းကျဉ်းကလေးတစ်ခန်း ဆီသို့ ပို့ပေးပါသည်။ ကျွန်တော်က မကြိုက်။ စားပွဲထိုးက လူသုံးဆယ်ခန့် ညစာစားခန်းဆီသို့ ပို့ပေးပြန်သည်။ ကျွန်တော်တို့ ထိုအခန်းမှာပင် ထိုင်လိုက်ကြပါသည်။ စားပွဲထိုးသည် ခေါင်းတယမ်းယမ်း လုပ်ကာ ကျွန်တော့်ထံမှ အစားအသောက်မှာ ကြားခြင်းကို စောင့်မျှော်လျက် ရှိသည်။ ကျွန်တော်က "အမျိုးသမီးအတွက် လက်ဖက်ရည်တစ်ခွက် ယူခဲ့ပါ" ဟု ပြောလိုက်သောအခါ သူသည် အလွန်စိတ်ပျက်သွားသည့် မျက်နှာထားဖြင့် အခန်းထဲမှ ထွက်သွားလေသည်။

အခန်းထဲ ထိုင်မိကြသည် နှင့် တစ်ပြိုင်နက် အနံ့အသက် မကောင်းလှသည်ကို သတိထားမိသည်။ သို့သော်လည်း အက်စတယ်လာနှင့်သာ အတူတွဲ၍ နေရမည်ဆိုပါက တစ်သက်လုံးပဲ နေရနေရ နေနိုင်သည် ဟုပင် ထင်မိပါသည်။

"ရစ်ချ်မွန်ရောက်ရင် ဘယ်မှာ နေရမလဲ" ဟု ကျွန်တော်က မေးသည်။

"ဟိုအရပ်က ဩဇာအတော်ကြီးတဲ့ ဂုဏ်သရေရှိ မိန်းမကြီးတစ်ယောက်ဆီမှာ နေရမယ်၊ သူနဲ့ အတူနေပြီး သူမိတ်ဆက်ပေးတဲ့ လူကုံထံ တွေနဲ့ မိတ်ဖွဲ့ရမယ်၊ သူတို့ နဲ့ ရောရမယ်၊ ပေါင်းသင်း ဆက်ဆံရမယ်"

"လူကုံထံတွေကြားမှာ နေပြီး သူတို့ ရဲ့ အချီးမွမ်းကို ခံရရင် မင်းပျော်မှာပဲလို့ ထင်တယ်"

"အင်း… ထင်ရတာပါပဲ"

သူ ဖြေလိုက်ပုံမှာ အသက်မပါ။ စိတ်မပါ့တပါနှင့် ဖြေလိုက်ပုံမျိုး ဖြစ်သည်။ "မင်းပြောပုံက တစ်မျိုးကြီးပဲ၊ တခြားလူတစ်ယောက်ရဲ့ ကိုယ်စား ပြောနေသလိုပဲ" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"တခြားလူကိုယ်စား စကားပြောသလို ပြောတတ်တဲ့ ကျွန်မရဲ့ အကျင့်ကို ရှင် ဘယ်လိုနည်းနဲ့ သိနေရတာလဲ၊ ပြောစမ်းပါဦး၊ ကဲ.. ပြောလေ" အက်စတယ်လာက ပြုံး၍ ပြောနေသည်။ "ရှင့်ဆီမှာ တပည့်ခံပြီး ရှင်ပြောသလို ပြောရဖို့ ဆိုတာကတော့ ဖြစ်နိုင်တာမှ မဟုတ်ဘဲ၊ ကျွန်မနည်း ကျွန်မဟန်နဲ့ပဲ ပြောရမှာပေါ့။ ကဲ… ရှင်ကော မစ္စတာပေါ့ကက် တို့ နဲ့ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ အထိုက်အလျောက်ကတော့ ပျော်ပါတယ်၊ ဒါပေမဲ့…"

"ဘယ့်နှယ် အထိုက်အလျောက်လဲ" ဟု အက်စတယ်လာက ထပ်မေးသည်။ ကျွန်တော့်အဖို့ အခွင့်အရေးတစ်ရပ် ဆုံးရှုံးသွားပြန်ပြီဟု ထင်သည်။

"ဘယ်နေရာပဲဖြစ်ဖြစ် မင်းနဲ့ ဝေးတဲ့ နေရာမျိုး နေရရင် အထိုက်အလျောက်ပဲ အဆင်ပြေမှာပေါ့"

"ရှင်ဟာ လူမိုက်ပဲ" ဟု အက်စတယ်လာက ဆိုသည်။ "ဘာကြောင့် အဓိပ္ပာယ် မရှိတဲ့ စကားတွေ ပြောချင်ရတာလဲ၊ ရှင့်မိတ်ဆွေ မစ္စတာမက်သယူးပေါ့ကက် ကတော့ သူတို့ ဆွေမျိုးစုတစ်စုထဲမှာ အရိုးဆုံး၊ အဖြောင့်ဆုံး လူတစ်ယောက်လို့ ကျွန်မတော့ ထင်တာပဲ၊ ရှင်ကော

ဘယ်လိုသဘောရသလဲ"

"သိပ်ကို ရိုးသားဖြောင့်မတ်တဲ့ ပုဂ္ဂိုလ်ပေါ့၊ သူ့မှာ ရန်သူရယ်လို့ တစ်ဦးမှ မရှိသလောက်ပဲ"

"ရန်သူရှိလည်း သူ့ဆွေမျိုးထဲကပဲ ရှိမှာပါ၊ ကျွန်မကတော့ သူ့အမျိုး တစ်သိုက်ကို သိပ်မုန်းတာပဲ၊ ဒါပေမဲ့ မစ္စတာပေါ့ကက်ကတော့ ဟိုလူတစ်စုတွေကို မနာလိုတာ၊ ငြူစူတာ၊ ရန်လိုတာတွေ မရှိဘူးလို့ ထင်တယ်၊ ကျွန်မ ကြားရသလောက်တော့ အဲဒါမျိုးတွေ ဝါသနာ မပါဘူး ကြားတယ်၊ ဟုတ်သလား"

"အဲသလို ပြောနိုင်လောက်တဲ့ အထောက်အထားတွေကတော့ အများကြီး တွေ့နေရတာပဲ"

"သူ့ဆွေမျိုးတစ်သိုက်မှာတော့ အဲသလို အာမခံပြီး ပြောနိုင်တဲ့ အထောက်အထား တစ်ခုမှ တွေ့မယ်မထင်ပေါင်" အက်စတယ်လာက ခေါင်းတစ်ချက် ဆတ်၍ ပြောသည်။ သူ့မျက်နှာက သူ့စကားတွင် များစွာ အလေးအနက်ထားနေကြောင်း ဖော်ပြလျက် ရှိ၏။ "သူတို့ လူစုအနေနဲ့ ရှင့်အပေါ်မှာ မနာလိုဝန်တို ဖြစ်လွန်းလို့ ရှင့်အကျိုး ပျက်ရာပျက်ကြောင်းအတွက် မစ္စဟောဗီရှမ်ကို ဝိုင်းတွန်းနေကြတယ်၊ သူတို့ အနေနဲ့ ရှင်လုပ်သမျှ ကိုင်သမျှကို စောင့်ကြည့်ပြီး မဟုတ်ကဟုတ်က ပစ်စာတွေရေးပြီး မစ္စဟောဗီရှမ်ဆီ အမြဲပို့ကြတယ်။ တစ်ခါတလေ အမည်မဖော်ဘဲ ရေးတာ။ သူတို့ ဘဝထဲမှာ ရှင်ဟာ အလွန်ရွံစရာကောင်းတဲ့ ဆူးငြောင့်ခလုတ်တစ်ခု ဖြစ်နေတယ်။ သူတို့က ရှင့်ကို ဘယ်လောက်မုန်းနေတယ်ဆိုတာ ရှင်ကတော့ ဘယ်ရိပ်မိမှာလဲ"

"ဘယ်လောက်ပဲ မုန်းမုန်း အန္တရာယ်ကတော့ မပေးနိုင်ဘူးလို့ မျှော်လင့်ထားတာပဲ"

အက်စတယ်လာက ကျွန်တော့်စကားအပေါ်တွင် ဘာထင်မြင်ချက်မှ မပေးဘဲ နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်။ ကျွန်တော့်အဖို့တော့ အထူးအဆန်းဖြစ်နေသည်။ သူ ဘာကြောင့် ဤမျှလောက်အထိ ရယ်ရသနည်း။ စိတ်ရှုပ်ရှုပ်ဖြင့် သူ့မျက်နှာကို ကျွန်တော် ကြည့်နေမိပါသည်။ သူ ရယ်နေသည်မှာ ဟန်လုပ်၍ ရယ်ခြင်းမဟုတ်၊ တကယ့်ကို သဘောကျ၍ ရယ်ခြင်း ဖြစ်သည်။ သူ ဘာကိုသဘောကျနေပါသနည်း။ သူ အရယ်ရပ် သွားသည့် အခါ ကျွန်တော်က မပြောဘဲ မနေနိုင်သည့် စကားတစ်ခွန်း ကို ပြောလိုက်မိပါသည်။

"တကယ်လို့ သူတို့ လူစု အန္တရာယ်ပြုမယ်ဆိုရင် မင်း ဝမ်းသာလိမ့်မယ်လို့တော့ မထင်မိပါဘူး"

"အို... ဝမ်းမသာပါဘူး၊ တကယ်ပြောတာပါ၊ ဒါတစ်ခုတော့ စိတ်ချ၊ ဘယ်တော့မှ ဝမ်းမသာဘူး" ဟု သူက ပြန်ပြောသည်။ "ကျွန်မ အခု ရယ်နေတာက ကြံစည်သမျှ မအောင်မြင်ဘဲ အရေးနိမ့်နေကြတဲ့ သူတို့ အဖြစ်ကို သဘောကျလွန်းလို့ ရယ်တာ၊ မစ္စဟောဗီရှမ်နဲ့ သူတို့ အဖြစ်က ရယ်စရာကြီး၊ မစ္စဟောဗီရှမ်က သူတို့ ပြောသလို မဖြစ်လေ သူတို့မှာ စိတ်ဆင်းရဲလေပဲ"

ပြောနေရင်းမှပင် ထပ်၍ ရယ်ပြန်သည်။ ကျွန်တော့် အနေနှင့် ကတော့ ယခုအချိန်ထိ သဘောမပေါက်သေး။ သူရယ်လေ စိတ်ထဲတွင် ထူးဆန်းသလို ဖြစ်လေ၊ သူပြောသည့် အတိုင်း သူတို့ အဖြစ် ကို သဘောကျ၍ ရယ်သည်ပဲ ဆိုဦးတော့။ ဤမျှလောက်အထိ ရယ်စရာကောင်းပါသလော။ အခြားရယ်စရာကောင်းသည့် အကြောင်းသည် ရှိနေလိမ့်ဦးမည်ဟု သံသယဖြစ်နေမိသည်။ အက်စတယ်လာက ကျွန်တော့်သဘောကို ရိပ်မိဟန်တူပါသည်။

"ရှင့်အနေနဲ့ ကတော့ နားလည်ဖို့ မလွယ်ဘူးပေါ့" ဟု အက်စတယ်လာက ဆိုသည်။ "သူတို့ လူစုတွေ သူတို့ လုပ်ချင်တိုင်း လုပ်မရလို့ အူတွေပွပြီး စိတ်ဆင်းရဲနေတာကို မြင်တာနဲ့ ကျွန်မက ဝမ်းသာနေတယ် ဆိုတာမျိုးဟာ ရှင့်ဘက်ကကြည့်ရင် နားလည်ဖို့ အခက်သားကလား။ တကယ်တမ်း စဉ်းစားကြည့်လိုက်ရင် သူတို့ လုပ်ပုံက အဓိပ္ပာယ်မရှိတာ၊ ရယ်စရာ ကောင်းနေတာပေါ့။ တော်ရုံလူကတော့ ဒါမျိုးကိုကြည့်ပြီး ရယ်စရာကောင်းလိုက်တာလို့ ဘယ်မြင်မလဲ။ ရှင်က အဲဒီအိမ်ကြီးထဲမှာ ကလေးဘဝကတည်းက နေလာခဲ့ရတာ မဟုတ်ဘူး၊ ကျွန်မက ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက နေလာခဲ့ရတဲ့ လူ။ သူတို့ အကြောင်းတွေကို ကျွန်မ ငယ်ငယ်ကတည်းက သိလာရတာ၊ ရှင့်အပေါ်မှာ စိတ်ထဲက မနာလိုဝန်တိုဖြစ်ပြီး သိပ်မုန်းနေတယ်၊ ဒါပေမဲ့ ဘာမှ မတတ်နိုင်တော့ ရှင့်အပေါ်မှာ သနားချစ်ဟန်ဆောင်ပြီး လိမ်ညာနေရတဲ့ အဖြစ်ဟာ စဉ်းစားကြည့်ရင် ရယ်စရာ မကောင်းဘူးလား၊ မိန်းမကြီးတစ်ယောက်ဟာ လူတွေရဲ့ အလိမ်အညာကို ခံရလို့ စိတ်ဆင်းရဲမှုဆိုတဲ့ ဒုက္ခဝေဒနာကြီးကို အပြင်းအထန် ခံစားနေရတယ်၊ ဒီစိတ်ကြောင့် ညညကျလည်း မအိပ်နိုင်ဘူး၊ သူ့စိတ်အေးငြိမ်းမှုအတွက် အခန်းထဲမှာ တစ်လျှောက်လျှောက် လုပ်နေရတယ်။ အဲသလို မိန်းမကြီးတစ်ယောက် ရဲ့ အဖြစ်ကို တအံ့တသြ ထိုင်ကြည့်ပြီးမှ အသိဉာဏ်မျက်စိ ပွင့်လာရတဲ့ ကလေးတစ်ယောက်ရဲ့ ဘဝမျိုးနဲ့ ရှင် ကြုံခဲ့ဖူးတာ မဟုတ်ဘူး၊ ကျွန်မ က ကြုံခဲ့ရတဲ့ လူ၊ အဲဒီတော့ ဒီလိုကိစ္စမျိုးတွေမှာ ရှင် ဘယ်လိုလုပ်ပြီး နားလည်နိုင်မှာလဲ"

အခုလို ပြောနေပြန်တော့လည်း အက်စတယ်လာ၏ အဖြစ်မှာ ရယ်မောစရာကိစ္စမျိုး မဟုတ်၊ သူ၏ ပြန်လည်သတိရမှုများသည်သာမန်သတိရခြင်းမျိုးလည်း မဖြစ်နိုင်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်မပြောနိုင်တာ နှစ်ခုရှိတယ်" ဟု အက်စတယ်လာ က ဆက်ပြန်သည်။ "ကျောက်တုံးတစ်တုံးပေါ်ကို ရေစက် တစ်စက်ချင်း အဆက်မပြတ်ကျနေရင် အဲဒီကျောက်တုံးဟာ တစ်နေ့ကျ ပြိုကွဲပျက်စီးသွားရမှာပဲဆိုတဲ့ စကားပုံရှိပေမယ့် အဲဒီစကားပုံလို ဖြစ်သွား ဖို့ ကတော့ အကြောင်းမရှိဘူး။ ရှင် ပျက်စီးရာပျက်စီးကြောင်းအတွက် သူတို့ လူစုအနေနဲ့ မစ္စဟေဗီရှမ်ကို ဘယ်လိုပဲ တွန်းတွန်း ရှင်မပျက်စီးဘူးဆိုတာ ကျွန်မ အာမခံရဲတယ်၊ ဒုတိယအချက်ကတော့ ဒီကိစ္စမှာ သူတို့ အနေနဲ့ ဘယ်လောက်ပဲ သဲကြီးမဲကြီး

ဖြစ်နေဖြစ်နေ ဒီပြဿနာကို ရှင်းပစ်နိုင်တဲ့ ကျွန်မက ရှိနေသေးတယ်"

ဤစကားများကို သူပြောနေပုံမှာ သိပ်ပြီးအလေးအနက်ထား၍ ပြောနေခြင်း မဟုတ်သဖြင့် ကျွန်တော်က ဘာမှ ပြန်မပြောဘဲ ရေငုံနှုတ်ပိတ် လုပ်နေမိသည်။ ထိုအခါ အက်စတယ်လာက "ရှင်ဟာ အတော်ရယ်စရာကောင်းတယ်နော်" ဟု မှတ်ချက်ချပါသည်။ "သတိပေးတာကို ဘယ်တော့မှ အသိအမှတ်မပြုဘူး၊ ကဲလေ.. ထားလိုက်ပါတော့။ ရှင့်ကို ဟိုတစ်ခါတုန်းက ကျွန်မပါးကို နမ်းခွင့် ပေးခဲ့ဖူးတယ်လေ၊ အဲဒါ မှတ်မိသေးလား၊ အဲဒီတုန်းက စိတ်မျိုးနဲ့ အခု ကျွန်မပါးကို နမ်းခွင့်ပေးရင် နမ်းမလား"

"အဲဒီတုန်းက ထားတဲ့ စိတ်က ဘယ်လိုစိတ်မျိုးပါလိမ့်"

"ခဏနေဦး၊ စဉ်းစားလိုက်ဦးမယ်၊ သြော်... သိပြီ၊ သူများ အပေါ် မကောင်းကြံနေတဲ့ လူတွေနဲ့ ကိုယ့်အခွင့်အရေးရဖို့ အတွက် ခယယလုပ်နေတဲ့ လူတွေ အရေးနိမ့်လို့ ဝမ်းသာတဲ့ စိတ်နဲ့ပေ့ါ "

"တကယ်လို့ ဒီတစ်ကြိမ်လည်း ပါးကိုပဲ နမ်းချင်ပါတယ် ဆိုရင်ကော"

"ရှင် ကျွန်မလက်ကို နမ်းချင်ရင်တောင်မှ ကျွန်မဆီက ခွင့်တောင်းရဦးမှာ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ရှင်ပါးကိုမှ နမ်းချင်တယ်ဆိုရင်လည်း နမ်းပါ၊ ရပါတယ်"

ကျွန်တော် အသာငုံ့ပြီး သူ့ပါးကို နမ်းလိုက်ပါသည်။ သူ့မျက်နှာသည် ကျောက်ရုပ်တစ်ရုပ်၏ မျက်နှာကဲ့သို့ အေးစက်စက် မာကျောကျော...။ သူ့ပါးကို ကျွန်တော့်နှာခေါင်းဖြင့် ထိလိုက်မိပြီးသည် နှင့် တစ်ပြိုင်နက် အက်စတယ်လာသည် သူ့မျက်နှာကို အသာကလေး ဘေးသို့ လွှဲလိုက်သည်။ "ရှင် ကျွန်မကို လက်ဖက်ရည်တိုက်ပြီးရင် ရစ်ချ်မွန်ကို လိုက်ပို့ရမယ်" ဟု ပြောသည်။

သူ့လေသံသည် စောစောကလို အသက်မဝင်တော့၊ ယခင်က ပြောနေကျအတိုင်း စိတ်မပါတပါလေသံမျိုး ပြန်ဖြစ်လာသည်။ မလွှဲသာ မရှောင်သာလွန်း၍ ပြောရဆိုရ ဆက်ဆံရသည့် သဘောမျိုး၊ အပြုအမူမျိုး ချက်ချင်းပင် ပြန်ဝင်လာသည်။ နှစ်ယောက်စလုံး ရုပ်သေးရုပ်တွေဟု သတိပေးလိုက်သည့်နှယ် ရှိသည်။ ဤအခြေအနေကို မြင်ရသည့်အခါ ကျွန်တော့်ရင်ထဲတွင် နာကျင်သောဝေဒနာ ခံစားလာရပြန်၏။ သူ ဘာတွေပဲပြောပြော၊ ကျွန်တော့်အနေဖြင့် သူ့စကားနှင့် သူ့လေသံများ အပေါ်တွင် ယုံကြည်စိတ် မမွေးနိုင်။ မျှော်လင့်ချက်လည်း ထား၍ မရ။ ဤကြားထဲမှပင် ထိုမယုံကြည်မှုနှင့် ထိုမျှော်လင့်ချက်မဲ့မှုများ နှင့် လုံးဝ ဆန့်ကျင်နေသော အပြောအဆိုနှင့် အပြုအမူများကို ကျွန်တော် ပြောဆိုပြုမူနေမိပြန်လေသည်။ ဘာကြောင့်များ ထိုကဲ့သို့ ပြုမိနေပါလိမ့်။

ကျွန်တော် မှာထားသည့် စားစရာသောက်စရာများ နှင့် လက်ဖက်ရည် မလာသေးသဖြင့် စားပွဲထိုးကို ခေါ်ရပြန်သည်။ ဤတစ်ကြိမ်မှာတော့ မှာထားသမျှ အားလုံးကို သူနှင့် တစ်ပါတည်း ယူလာသည် ကို တွေ့ရ၏။ စားသောက်ပြီး၍ ကျသင့်သမျှ ငွေများ ပေးလိုက်သည့် အခါ အက်စတယ်လာ ပေးထားသော

ငွေအိတ်သည် အတော်ကြီးပေါ့သွားသည်။ ကျွန်တော်တို့ မြင်းရထားသည် ချိအိုက်လမ်းမှ ထွက်ကာ နယူးဂိတ် လမ်းထဲသို့ ချိုးဝင်လာခဲ့သည်။ ကျွန်တော် စောစောက ရောက်ခဲ့သော နယူးဂိတ်ထောင်ကြီးသည် ကျွန်တော်တို့အား ဆီး၍ ကြည့်နေသည် ဟု ထင်မိ၏။ ယခုကဲ့သို့ အက်စတယ်လာနှင့် တွဲ၍ လာနေရသည့် အခါ စောစောက ဤထောင်ကြီးအတွင်းသို့ ဝင်ရောက်သွားခဲ့မိသည့် အဖြစ် ကို တစိမ့်စိမ့် တွေးပြီး ရှက်နေလိုက်မိပါသေးသည်။

"အဲဟို.. အဆောက်အအုံကြီးက ဘာလဲ" ဟု အက်စတယ်လာက မေးသည်။

ပထမတွင် ကျွန်တော်က သူပြသည့် အဆောက်အအုံကြီးကို မသိသလိုလို ဘာလိုလို ဟန်ဆောင်လိုက်မိသေးသည်။ ပြီးခါမှ နယူးဂိတ်ထောင်ကြီးဟု ပြောပြလိုက်သည်။ အက်စတယ်လာက ထောင်ကြီးဘက်ကြည့်နေသည့် မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ပြီး "ဒုက္ခသည် တွေပေါ့လေ" ဟု ရေရွတ်သည်။ ကျွန်တော်ကတော့ ကျွန်တော် ထောင်ထဲဝင်ကြည့်ခဲ့သည့် အကြောင်းကို အက်စတယ်လာအား အသိမပေးတော့ဟု ဆုံးဖြတ်လိုက်သည်။

"မစ္စတာဂျက်ဂါးကတော့ လန်ဒန်မှာ နာမည်သိပ်ကြီးတယ်" ဟု ကျွန်တော်က သူ့အာရုံပြောင်းသွားအောင် စကားလမ်းကြောင်း ပြောင်းလိုက်သည်။ "အဲဒီထောင်ကြီးထဲမှာ ရှိနေတဲ့ လျှို့ဝှက်ချက်တွေထက်တောင်မှ သူက ပိုပြီး စိတ်ဝင်စားစရာ ကောင်းလောက်အောင် နာမည်ကြီး တာ"

"သူက နေရာတိုင်းမှာ ရှိနေတဲ့ လျှို့ဝှက်ချက်တွေထက် ပိုပြီး လျှို့ဝှက်တဲ့ လူတစ်ယောက်လို့ ကျွန်မကတော့ ထင်တယ်" ဟု အက်စတယ်လာက တီးတိုးလေသံဖြင့် ပြောသည်။

"မင်း သူနဲ့ ခဏခဏ တွေ့ခဲ့ဖူးလိမ့်မယ်လို့ ထင်တယ်၊ ဟုတ်လား" ဟု ကျွန်တော်က မေးသည်။

"ကျွန်မ လူမှန်းသူမှန်း သိတတ်တဲ့ အရွယ်လောက်ကတည်းက မမျှော်လင့်တဲ့ အချိန်မျိုးတွေမှာ ရောက်ရောက်လာတာ ကျွန်မ တွေ့ခဲ့ဖူးတယ်။ ဒါပေမဲ့ သူ့အကြောင်းကို အခုအချိန်ထိ ဟိုတုန်းက သိသလောက် ထက် ပိုပြီး မသိဘူး။ ရှင်ကော သူ့အကြောင်းကို အရင်ကထက် ပိုသိ လာပြီလား၊ ရှင်နဲ့ကော အဆင်ပြေရဲ့လား"

"ဘယ်သူ့ကိုမှ မယုံကြည်တတ်တဲ့ သူ့အကျင့်ကိုတော့ နားလည်သွားပြီ၊ အဆင်လည်း ပြေပါတယ်"

"ရှင်နဲ့ သိပ်ရင်းနှီးနေပြီလား"

"သူ့အိမ်မှာ တစ်ကြိမ်တော့ ညစာစားဖူးတယ်"

"ကျွန်မ စဉ်းစားမိတယ်" ဟု အက်စတယ်လာက ပခုံးများ တွန့်၍ ပြောသည်။ "သူ့အိမ်ကလည်း ထူးဆန်းတဲ့ နေရာ တစ်နေရာ ဖြစ်မှာပဲ"

"ဟုတ်တယ်၊ ထူးဆန်းတဲ့ နေရာပဲ"

ကျွန်တော်သည် ကျွန်တော့်အုပ်ထိန်းသူ မစ္စတာဂျက်ဂါး၏ အကြောင်းကို

အက်စတယ်လာနှင့် ပြောရာတွင် ယခုထက်ပို၍ မပြောမိအောင် သတိထားနေရသည်။ သို့သော်လည်း ဂျရတ်လမ်းရှိ သူ့အိမ်၌ လုပ်ခဲ့သည့်ညစာစားပွဲအကြောင်းကိုမူ ပြောပြလိုက်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့အကြောင်း ပြောပြနေခိုက်တွင် စိတ်ထဲ၌ ရှင်းလင်း၍ မပြနိုင်သော စိုးရိမ်ကြောင့်ကြမှုသည် ဝင်လာလျက် ရှိ၏။ ဤသို့ဖြင့် သူ့အကြောင်း စကားပြတ်သွားခါမှပင် ကျွန်တော့်စိတ်သည် ပေါ့ပါးသွားခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် တခြားအကြောင်းများကို ပြောင်း၍ ပြောမိတော့သည်။ ကျွန်တော် အခုသွားနေသည့် ခရီးလမ်းကြောင်း၊ လန်ဒန်မြို့တော်၏ ဤဘက်ပိုင်း၌ မည်ကဲ့သို့သော ရပ်ကွက်မျိုးတွေ တည်ရှိနေသည်။ ဘယ်လိုအတန်းအစားမျိုးတွေ နေထိုင်ကြသည် စသည်ဖြင့်။ တကယ်တော့ လန်ဒန်မြို့တော်သည် အက်စတယ်လာအတွက် အသစ်အဆန်းတစ်ခု ဖြစ်နေဆဲပင်။ ကလေးဘဝကတည်းက ပြင်သစ်နိုင်ငံ သို့ ထွက်ခွာသွားရသည့် အချိန်အထိ မစ္စဟေဗီရှမ်၏ အိမ်၊ ပတ်ဝန်းကျင် မှ အခြားဘယ်ကိုမှ သူ မသွားခဲ့ဖူးသေးကြောင်း၊ ပြင်သစ်နိုင်ငံသို့ သွားစဉ်က တစ်ကြိမ်နှင့် အပြန်တွင် တစ်ကြိမ် ထိုနှစ်ကြိမ်မျှသာ လန်ဒန်ကို ဖြတ်သွားဖြတ်လာ လုပ်ခဲ့ဖူးကြောင်း အက်စတယ်လာက ကျွန်တော့်အားရှင်းပြသည်။ ကျွန်တော်က သူ လန်ဒန်မြို့ပေါ်၌ နေရသည့် အချိန်ကာလအတွင်း ကျွန်တော့်အုပ်ထိန်းသူ မစ္စတာဂျက်ဂါးက တာဝန်ယူဆောင်ရွက်ပေးရမည့် အပိုင်း ရှိသေးသလားဟု မေးမိသည်။ ဤမေးခွန်းအတွက် သူ့နှုတ်မှ ထွက်လာသည့် စကားမှာ "အမယ်လေး... အဲသလိုတော့ မဖြစ်ပါစေနဲ့" ဟူ၍ ဖြစ်၏။

လမ်းတစ်လျှောက်လုံးတွင် အက်စတယ်လာသည် ကျွန်တော့်စိတ်ကို သူ့အပေါ်၌ တိမ်းညွတ်လာအောင် ပြုမူပြောဆိုလျက် ရှိ၏။ ဤအချက် ကို ကျွန်တော် ကောင်းစွာ သတိထား မိပါသည်။ သူ့အပေါ် ကျွန်တော်က တပ်မက်လာအောင် ပြုလုပ်ရာ၌ သူ့အနေဖြင့် အထူးတလည် ကြိုးစား အားထုတ်နေစရာ မလိုပါ။ သူ့ဘက်က အပေါ်စီး ရရှိပြီး ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့ဘက်က ယင်းကဲ့သို့ ပြုမူနေသည့် အတွက် ကျွန်တော့်မှာ စိတ်ချမ်းသာရသည်ဟုမရှိပါ။ အမှန်တော့ ကျွန်တော့်နှလုံးသားကို သူ့လက်တွင်းရောက်အောင် ကြိုးစားအားထုတ်နေခြင်းမှာ ခြေမွဖျက်ဆီး ပြီးလျှင် လွှင့်ပစ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်နေခြင်း ဖြစ်သည်ကို ကျွန်တော် နားလည်နေပြီဖြစ်ရာ အဘယ်မှာလျှင် စိတ်ချမ်းမြေ့စရာ ရှိနိုင်ပါတော့မည်နည်း။

ဟင်းမားစမတ် ရပ်ကွက်အတွင်းမှ ဖြတ်လာသည့် အခါ ကျွန်တော်က မစ္စမက်သယူးပေါ့ကက် တို့ အိမ်ရှိရာဘက်သို့ လက်ညှိုးထိုးပြသည်။ ဤရပ်ကွက်နှင့် ရစ်ချ်ရပ်ကွက်မှာ အလှမ်းမဝေးသဖြင့် တစ်ခါတစ်ရံ သူ့ထံသို့ အလည်လာလိုကြောင်း ကျွန်တော်က ပြောသည်။

"အို... လာပေါ့။ ရှင် ကျွန်မဆီကို လာရမယ့်ဝတ္တရားလည်း ရှိတာပဲ၊

ရှင်အားလပ်တဲ့ အချိန်မှာ လာပါ။ ရှင့်အကြောင်းကိုလည်း ကျွန်မနေရမယ့်အိမ်ကလူတွေ သိအောင် ပြောပြထားရမယ်၊ အခုလည်း ပြောသင့်သလောက်တော့ ပြောထားပြီးပါပြီ"

သူသွားနေရမည့် အိမ်ထောင်စုတွင် လူများ,မများ ကျွန်တော်က စုံစမ်းကြည့်သည်။

"မများပါဘူး၊ နှစ်ယောက်ပဲရှိတယ်၊ မအေကြီးနဲ့ သမီး နှစ်ယောက်တည်းရယ်၊ မအေက အဆင့်အတန်းရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါ

"မစ္စဟေဗီရှမ်ကတော့ မကြာခင် မင်းနဲ့ အဆက်အသွယ် လုပ်ဦးမှာပဲ ထင်တယ်"

"အင်း... အခုလို လာရတာကိုက မစ္စဟေဗီရှမ်ရဲ့ အစီအစဉ်ပဲ ပစ်ပ်" ဟု အက်စတယ်လာက သက်ပြင်းတစ်ချက် ချ၍ ပြောသည်။ "ကျွန်မက သူ့ဆီကို စာမပြတ်ရေးပြီး ဒီကအခြေအနေကို အသိပေးရမယ်။ သူနဲ့လည်း မှန်မှန်သွားတွေ့ရမယ်၊ ကျွန်မနဲ့ ကျွန်မရဲ့ စိန်ရွှေရတနာပစ္စည်းတွေ ကို ဘယ်လိုရှိနေတယ်ဆိုတာကိုလည်း မှန်မှန်အသိပေးရမယ်၊ စိန်ရွှေရတနာ ပစ္စည်းတွေကလည်း အခုတော့ ကျွန်မပိုင်ပစ္စည်းတွေလို ဖြစ်နေပါပြီ"

သူ ကျွန်တော့်နာမည်ကို ခေါ်လိုက်ရခြင်းမှာ ဤတစ်ကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်သည်။ သူ့အနေဖြင့် တမင်တကာ ရည်ရွယ်ချက်တစ်ခုခုဖြင့် ခေါ်လိုက်ခြင်းဖြစ်သည် ကို ကျွန်တော် နားလည် ပါသည်။ သူ အခုလို ခေါ်လိုက်ခြင်းကို ကျွန်တော် အလွန်မြတ်နိုးကြောင်းလည်း သူ သိပုံ ပေါ်သည်။

မကြာမီ ကျွန်တော်တို့သည် ရစ်ချ်မွန်ရပ်ကွက်အတွင်းသို့ ရောက်သွားကြသည်။ ကျွန်တော်တို့၏ ခရီးလမ်းဆုံးသည် မြက်ခင်းစိမ်းစိမ်းနှင့် ဝင်းခြံကြီးတစ်ခုအတွင်းရှိ ခံ့ညားသော အိမ်အိုကြီး တစ်လုံးဖြစ်၏။ သို့သော်လည်း အိမ်ကြီးရှင်များ ခေတ်ကောင်းစဉ်အခါက ဤအိမ်ကြီး အတွင်း၌ အဖိုးတန်အဝတ်အစားများ နှင့် စိန်ရွှေရတနာများ ဆင်ယင်ထားသည့် အမျိုးသား၊ အမျိုးသမီး၊ မင်းစိုးရာဇာ၊ သူဌေးသူကြွယ် ဧည့်ပရိသတ်များ ဝင်လာမဆဲ တသဲသဲ ဖြစ်ခဲ့လိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။ အိမ်ရှေ့မျက်နှာစာရှိ ရှေးဟောင်း သစ်ပင်ကြီးများကိုလည်း ယခုအချိန်ထိ အမြင်လှနေအောင် ဖြတ်ညှပ်ပြုပြင်ထားသည်။

လရောင်၏ အရိပ်ကိုခို၍ ထွက်ပေါ်လာသော လူခေါ်ခေါင်းလောင်းသံမှာလည်း ခပ်အအ။ ရှေးအလွန်ကျသော အသံမျိုး ဖြစ်သည်။ အသံကြားရုံမျှဖြင့် ဤခေါင်းလောင်းသည် တစ်ချိန်က အိမ်ကြီးဆီသို့ မကြာမကြာ လှမ်းခေါ်ခဲ့ရသည့် အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် များခဲ့လိမ့်မည်ဟု ကျွန်တော် ခန့်မှန်းနိုင်ပါသည်။ အက်စတယ်လာအား ကြိုဖို့ အတွက် အိမ်စေ အမျိုးသမီးနှစ်ယောက် ထွက်လာသည်။ အက်စတယ်လာ၏ သေတ္တာများကို အိမ်ရှေ့တံခါးမှ နေ၍ အတွင်းသို့ သွင်းသွားသည်။ အက်စတယ်လာက

ကျွန်တော့်ဘက်သို့ လှည့်၍ ပြုံးသည်။ သူ့အပြုံးမှာ ချိုမြသောအပြုံး...။ ကျွန်တော့်ဆီသို့ လက်တစ်ဖက် ကမ်းပေးသည်။ ပြီးတော့ မင်္ဂလာညပါဟု နှုတ်ဆက်သည်။ ထို့နောက် အိမ်ရှေ့တံခါးမှပင် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ကျွန်တော်ကတော့ ရပ်မြဲရပ်ကာ အိမ်ကြီးဆီသို့ ငေးကြည့်နေမိသည်။ ကျွန်တော်သည် အက်စတယ်လာ နှင့် နှစ်ယောက်တည်း အတူတူနေခွင့် ရသည့်အခါတိုင်း စိတ်ပျော်ရွှင် ချမ်းမြေ့ရသည် ဟုမရှိဘဲ အမြဲတစေ စိတ်ဆင်းရဲနေရသည် ကို သိနေသူ ဖြစ်ပါ၏။ သို့ပါလျက်နှင့်လည်း ဤအခိုက်အတန့်တွင် ဤအိမ်ကြီးပေါ်၌ သူနှင့် နှစ်ယောက်တည်း အတူတူနေကြရပါမူ မည်မျှလောက် ပျော်စရာ ကောင်းမည်နည်းဟု မတွေးမိဘဲ မနေနိုင်ပါ။

ကျွန်တော်သည် အိမ်ရှေ့၌ ရပ်ထားသည် မြင်းရထားပေါ်သို့ တက်ကာ ဟင်းမားစမစ်ရပ်ကွက် သို့ ပြန်ခဲ့ပါသည်။ မြင်းရထားပေါ် ပြန်တက်စဉ်က ဆိုးရွားလျက်ရှိသော နှလုံးသားနာကျင်မှု ဝေဒနာသည် ကိုယ့် အိမ်ရှေ့ရောက်၍ မြင်းရထားပေါ်မှ ပြန်ဆင်းလာသည့် အခါ အဆိုးရွားဆုံးအဆင့်သို့ ရောက်နေခဲ့လေပြီ။ ကျွန်တော်တို့ အိမ်ရှေ့တံခါးဝတွင် မစ္စတာပေါ့ကက်၏ သမီး အလတ်မကလေး ဂျိန်းပေါ့ကက်နှင့် ဆုံမိသည်။ ဂျိန်းပေါ့ကက်သည်ပါတီပွဲတစ်ခုမှ သူ့ချစ်သူနှင့် အတူတွဲ၍ ပြန်လာခြင်း ဖြစ်၏။ အိမ်စေ ဖလောပ်ဆန်ကို ကြောက်နေရသည့် ဤကောင်ကလေး၏ သနားစရာအခြေအနေကို သိနေပါလျက်နှင့် ကျွန်တော်သည် ဤကောင်ကလေးအပေါ်၌ မနာလိုဝန်တိုစိတ် ဖြစ်လိုက်မိ ပါသေးသည်။

မစ္စတာပေါ့ကက်မှာ မူ အိမ်၌ မရှိပေ။ မစ္စတာပေါ့ကက်မှာ သူ၏သားသမီးများ နှင့် သူ၏ အိမ်စေများ အပေါ်၌ နိုင်နင်းစွာ မအုပ်ချုပ်နိုင်ရုံ မျှမက မိမိအိမ်ထောင်၏ ဝင်ငွေထွက်ငွေကိုလည်း မျှတအောင် စီမံခန့်ခွဲနိုင်သူ မဟုတ်ပေ။ သို့သော်လည်း အိမ်ထောင်စီးပွားရေး ဆိုင်ရာစာအုပ် အတော်များများကို ရေးသားထုတ်ဝေခဲ့သဖြင့် ယင်းဘာသာရပ်တွင် အလွန်တော်သည် ဟု နာမည်ကြီးနေသူ ဖြစ်၏။ ယခုလည်း သူသည် ယင်း ဘာသာရပ်ကို ပို့ချရန်အတွက် အပြင်တစ်နေရာသို့ သွားလျက် ရှိပေသည်။ သူ့ဇနီး မစ္စက်ပေါ့ကက်မှာ မူ ထုံးစံအတိုင်း အိမ်၌ ရှိသည်။ သို့သော်လည်း သူ စာဖတ်နေခိုက်တွင် သူ့လက်ထဲရောက်နေသည့် ကလေး ကို အပ်ဘူးပေးထားမိရာက အပ်တချို့ ပျောက်နေသဖြင့် ကလေးဝမ်းထဲ ကျကုန်ပြီဟု အထင်ရောက်ကာ ပျာယာခတ်လျက် ရှိလေသည်။

အမှန်အားဖြင့် မစ္စတာပေါ့ကက်သည် ပြဿနာတစ်ခုကို အဆစ်အပိုင်းကျကျ ဆန်းစစ်ဝေဖန်ပြီး အကြံဉာဏ်ကောင်းပေးတတ်သော ပုဂ္ဂိုလ် တစ်ဦး ဖြစ်သည်။ ပြဿနာတစ်ရပ်ကို သုံးသပ်ဆင်ခြင်ရာ ၌လည်း အဘက်ဘက်မှ ထောင့်စေ့အောင် ဆင်ခြင်သုံးသပ်တတ်သည်။ အဆုံးအဖြတ် ပြုရာ၌လည်း

အလွန်မျှတသူ ဖြစ်၏။ သို့ကြောင့် ကျွန်တော့်နှလုံးသားမှ ခံစားနေရသည့် ဝေဒနာ၏ အကြောင်းကို သူ့အား ယုံကြည်စိတ်ချစွာဖြင့် ဖွင့်ဟပြောပြပြီး အကူအညီတောင်းရလျှင် ကောင်းလေမလား ဟု စဉ်းစားစိတ်ကူးမိပါသည်။ သို့သော်လည်း သူ့ဇနီး မစ္စက်ပေါ့ကက်၏ အဖြစ်ကို မြင်လိုက်ရသောအခါ ထိုစိတ်ကူးသည် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည်။ ကျွန်တော့်ကိစ္စကို မပြောတော့ဟုပင် ဆုံးဖြတ်လိုက်ပါသည်။

******

ယခုအခါ ကျွန်တော်သည် ကိုယ့်မျှော်လင့်ချက်များ အပေါ်၌သာယာ နေတတ်သော အလေ့အထ ရှိနေခဲ့ပြီဖြစ်ရာ ကြာလာတော့လည်း ဤအလေ့အထသည် ကျွန်တော်နှင့် ကျွန်တော့်ပတ်ဝန်းကျင်ရှိ လူတို့၏ အကျင့်စရိုက်များကိုပါ သိသိသာသာ ပြောင်းလဲလာအောင် ဖန်တီးလာနေသည် ကို ကျွန်တော်ကိုယ်တိုင်ပင် ပြန်၍ သတိပြုလာမိသည်။ ကျွန်တော့်တွင် ပထမဆုံး သိသိသာသာ ပြောင်းလဲလာသည်မှာ အကျင့်စာရိတ္တတဖြစ်သည်။ ကျွန်တော်၏ အကျင့်စရိုက်မှာ ယခင်ကနှင့် မတူ။ ဟန်ဆောင်မှု အလွန်များ လာသည်။ ထိုအကျင့် မကောင်းမှန်း ကျွန်တော် ကောင်းစွာသိပါ၏။ သို့သော်လည်း မရပါ။ အထူးသဖြင့် ဂျိုး၏ အပေါ်တွင် ကျွန်တော် လုပ်ခဲ့မိသည့် အပြုအမူမှာ အလွန်ဆိုးရွားသည့် အပြုအမူ ဖြစ်၏။ ထိုအပြုအမူအတွက် တနုံ့နုံ့တွေးကာ နောင်တရ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရ၏။ ဘစ်ဒီအပေါ်၌ ကျွန်တော်ထားခဲ့သည့် သဘောထားမှာလည်း မှန်ကန်ခြင်း မရှိသဖြင့် စိတ်ထဲတွင် မလုံမလဲ ဖြစ်မိ၏။ ညပိုင်း အိပ်ပျော် နေရာမှ တစ်နေနိုးလာသည့် အခါများတွင် ကျွန်တော်သည် ကိုယ့်အဖြစ်ကို ပြန်၍ စဉ်းစားဆင်ခြင်လေ့ ရှိသည်။ ယင်းကဲ့သို့ ဆင်ခြင်စဉ်းစားမိသည့် အခါတိုင်း ကျွန်တော်သည် မစ္စဟောဗီရှမ်နှင့် မတွေ့ဘဲ ရိုးသားဖြူစင်မှု အပြည့်ရှိနေသည့် ပန်းပဲဖိုအတွင်း၌သာ ဂျိုးနှင့် အတူတူနေ၍ ကြီးပြင်းခဲ့ရပါမူ ယခုအခြေအနေထက် ပိုကောင်းပြီး ပို၍ စိတ်ချမ်းသာရလိမ့်မည်ဟု ထင်မိ၏။ ညဦးပိုင်း အိပ်ရာမဝင်မီ ဆောင်းမီးဖိုရှေ့၌ ထိုင်သည့် အခါများတွင် မီးဖိုဆီသို့ တွေဝေငေးမောကာ ဤကမ္ဘာလောကတွင် ဂျိုး၏ ပန်းပဲဖိုထဲမှ မီးဖိုနှင့် ကျွန်တော်တို့ အိမ် မီးဖိုခန်းထဲမှ မီးဖိုနှင့် တူသော မီးဖိုသည် မရှိဟု တွေးမိ၏။

ဤအတွေးများဖြင့် ကျွန်တော့်စိတ်သည် နောက်ကျိရှုပ်ထွေးခြင်း ဖြစ်ရသည်။ မငြိမ်မသက် ဖြစ်ရသည်။ စိတ်၏ အေးချမ်းမှုကို နည်းနည်းကလေးမှ ရသည်မရှိ။ ဤကြားထဲမှာပင် အက်စတယ်လာကို မေ့ပျောက်၍ မရနိုင်သည့် စိတ်က တစ်မှောင့်၊ သူ့အကြောင်း တွေးမိသည့် အခါ ကျွန်တော့်စိတ်သည် တိုး၍ နောက်ကျိရှုပ်ထွေး တွေဝေခြင်း ဖြစ်ရ၏။ အကယ်၍ ကျွန်တော့်အနေဖြင့် ဘာမျှော်လင့်ချက်မှ မရှိဟု ဆိုငြားအံ့။ ထိုအချိန်အထိ အက်စတယ်လာကို မေ့၍ မရဆိုငြားအံ့။ ကျွန်တော့်ဘဝသည်သာယာမှု ဆိတ်သုဉ်းရချေတော့မည်။

မည်သို့ပင် ကျွန်တော်၏ ဘဝအခြေအနေ ပြောင်းလဲမှုကြောင့် ကျွန်တော့်ပတ်ဝန်းကျင်ရှိ ကျွန်တော်နှင့် ဆက်စပ်နေသူများ အတွက် အကျိုးဖြစ်ထွန်းမှု ရှိ,မရှိ ဆန်းစစ်ကြည့်မိသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော့်ဘဝအခြေအနေ တိုးတက်မှုကြောင့် မည်သူမှအကျိုးမရှိဟု ထင်ပါသည်။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် ကျွန်တော်နှင့် အတူတူ နေထိုင်လျက်ရှိသော ဟားဘတ်ပင်လျှင် အကျိုးမရှိဟု ကျွန်တော် ယူဆပါသည်။ ယခုအချိန်တွင် ကျွန်တော်၏ အသုံးအဖြုန်းကြီးမှုသည် စိတ်အလိုလိုက်တတ်သော ဟားဘတ်ကိုပင်

ကူးစက်နေခဲ့လေပြီ။ အမှန်အားဖြင့် ဟားဘတ်မှာ ငွေကြေးပြည့်စုံသူတစ်ဦး မဟုတ်။ ရက်ရက်ရောရော သုံးနိုင်ဖြုန်းနိုင်သည့် အခြေအနေမျိုးလည်း မရှိ။ ကျွန်တော် နှင့် ပေါင်းမိခါမှ အတုမြင်အတတ်သင် ဖြစ်ပြီး အသုံးအစွဲကြီးလာခြင်း ဖြစ်၏။ အခုဆိုလျှင် သူ၏ အသုံးအစွဲကြီးမှုအတွက် သူ့ဘာသာသူ တိတ်တဆိတ် ကျိတ်၍ ပူပန်သောကရောက်ရခြင်း၊ ဝမ်းနည်းပူဆွေးရခြင်း စသည့် အဖြစ်များ နှင့် ရင်ဆိုင်နေရလေပြီ။ တကယ်တော့ ပေါ့ကက်မိသားစုသည် ငွေကြေးချို့တဲ့ ကြသူများ ဖြစ်ကြသည့် အားလျော်စွာ သူ့အထွာနှင့် သူ ဖြစ်သလိုကျသလို နေထိုင်တတ်သော အလေ့အထ ရှိ၏။ ကျွန်တော်နှင့် တွေ့စကဆိုလျှင် ဟားဘတ်သည် သူနေသည့် အခန်းကို တခမ်းတနား ပြင်ဆင်မွမ်းမံခြင်း ပြုသည် မဟုတ်ပေ။ ကျွန်တော်ရောက်လာပြီး ကျွန်တော်ကိုယ်တိုင်က အိပ်ရာအိပ်ခင်းမှ အစ ပရိဘောဂပစ္စည်းများ အသစ်ဝယ်ယူကာ အကြီးအကျယ် လုပ်လာသည့် အခါကျမှ သူပါလိုက်၍ လုပ်လာခြင်း ဖြစ်၏။ သို့ဖြစ်ရာ ကျွန်တော့်ကြောင့် သူ့မှာ ငွေကြေးစရိတ်စက အပိုမကုန်သင့်ဘဲနှင့် ကုန်ခဲ့ရ၏။ ဤကိစ္စတွင် မူ ကျွန်တော့်၌ လုံးဝအပြစ်မကင်းဟုပင် ယူဆမိပါသည်။

ကွန်တော့်အနေဖြင့်မူ ငွေကြေးအကုန်အကျခံ၍ သက်သောင့်သက်သာ နေထိုင်သည့် အလေ့အထကို စွဲမက်လာနေပြီဖြစ်ရာ နောက်သို့ ဆုတ်နိုင်သည်ဟု မရှိတော့ဘဲ ရှေ့သို့သာ တိုးသွားလျက် ရှိနေပြီ ဖြစ်၏။ ဤသို့ဖြင့် ကျွန်တော့်တွင် ကြွေးတင်စ ပြုလာသည်။ ထိုအခါ ကျွန်တော် လုပ်သမျှ လိုက်လုပ်နေသော ဟားဘတ်မှာလည်း ကျွန်တော့်နည်းတူပင် ကြွေးတင်စ ပြု လာလေသည်။
ထိုအချိန်တွင် ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ သူငယ်ချင်း စတားတော့၏ အကြံပြုချက်အရ အပျော်သက်သက် ဖွဲ့စည်းတည်ထောင်ထားသော တေးမြိုင်ငှက်ကလေးများ အမည်ရှိ ကလပ်တစ်ခုတွင် အသင်းဝင်များ ဖြစ်နေခဲ့လေပြီ။ အများနည်းတူ လိုက်၍ ဝင်ခဲ့ခြင်းဖြစ်သော်လည်း ဤအသင်း၏ ရည်ရွယ်ချက်ကိုမူ ကျွန်တော် ကောင်းစွာ သဘောမပေါက်ပါ။ တနင်္ဂနွေနှစ်ပတ်လျှင် တစ်ကြိမ် ငွေကြေးအများအပြား အကုန်အကျခံ၍ ညစာတစ်နပ်စားရခြင်း၊ ညစာစားအပြီးတွင် အသင်းဝင် အချင်းချင်း တတ်နိုင်သမျှ ရန်စ၍ ရန်ဖြစ်ရခြင်းနှင့် စားပွဲထိုးခြောက်ဦးအား မူးလဲနေအောင် အရက်တိုက်ရခြင်း စသော စည်းကမ်းချက်များသည် ထိုကလပ်၏ အဓိပ္ပာယ်ကင်းမဲ့သော ရည်ရွယ်ချက်ကို ဖော်ပြနေသည် ဟုပင် ကျွန်တော် ထင်ပါသည်။

ဤအသင်းဝင်များသည် ငွေကိုမိုက်မဲစွာဖြင့် ဖြုန်းတီးရသည့် သဘော ရှိ၏။ ညစာစားကြသည့် အခါတွင်လည်း ထိုခေတ်အခါက မဟုတ်ကဟုတ်က အပျော်အပါးများ ရှိနေသည့် နေရာတစ်ခုအဖြစ် ထင်ရှားသော ကိုဗင့်ဂါးဒင်းဘက်ရှိ ဟိုတယ်တစ်ခု၌ စားကြရလေသည်။ ကျွန်တော် အသင်းဝင် စဖြစ်သည့် နေ့က ကျွန်တော် ပထမဆုံး မြင်တွေ့ခဲ့ရည့်အသင်းသားမှာ ဒရမ္မလီ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဟားဘတ်တစ်ယောက် အသုံးအစွဲ လက်ဖွာလာခြင်းနှင့်

အကြွေးထူလာခြင်း တို့သည် ကျွန်တော့်ပယောဂနှင့် မကင်းဟု ယူဆမိသည့် အားလျော်စွာ သူကုန်ကျထားသည့် ငွေတချို့တစ်ဝက်ကို ကျွန်တော်က စိုက်၍ ပေးလိုသောဆန္ဒ ရှိသည်။ သို့သော်လည်း ဟားဘတ်မှာ မာနရှိသူတစ်ဦး ဖြစ်ရာ ကျွန်တော့်ဆန္ဒကို ထုတ်ဖော်ပြောဖို့ပင် ခက်ခဲလျက်ရှိ၏။ ဤသို့ဖြင့် ကျွန်တော်သည် ဟားဘတ်ကို ကူညီချင်ပါလျက်နှင့် မကူညီနိုင် ဖြစ်နေရသည်။ မည်သူ့ထံကမှ အကူအညီမရသော ဟားဘတ်ခမျာမှာလည်း အဘက်ဘက်တွင် အခက်အခဲများ နှင့်သာ ရင်ဆိုင်လျက် ရှိ၏။ သူ့အခက်အခဲများကို သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းနိုင်ရန် သူ့ဘာသာသူ တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားနေရလေတော့သည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် ဆုံမိကြသည့် အချိန်က နည်းလာသည်။ ဆုံမိပြန်ပါကလည်း စောစောစီးစီး အချိန်များတွင် ဆုံမိကြသည်ဟု မရှိတော့ဘဲ အလွန်ညဥ့်နက်မှ ခဏတစ်ဖြုတ် ဆုံမိကြခြင်းမျိုးသာ ရှိတော့သည်။ နံနက်စာစားကြသည့် အခါတွင်လည်း ဟားဘတ်၏ မျက်နှာမှာ ယခင်ကလို ရွှင်ရွှင်ပျပျ မရှိတော့ဘဲ စိတ်ပျက်ညှိုးနယ်သည့် အသွင်မျိုးကိုသာ တွေ့ရ၏။ ညစာပြန်စားသည့် အခါများတွင်လည်း အလွန်ပင်ပန်းထားသည့် လက္ခဏာဖြင့် ခေါင်းငိုက်စိုက် ကျနေသည် က များလေသည်။

ဤအတောအတွင်းတွင် ကျွန်တော်သည် ဟင်းမားစမစ်၌ သုံးလေးရက်ခန့် နေလေ့ရှိရာ ထိုရက်များတွင် ရစ်ချ်မွန်ဘက်သို့သာ ခြေဦးလှည့်နေသည် က များ၏။ ဟားဘတ်ကတော့ ကျွန်တော် ဟင်းမားစမစ်၌ ရှိနေသည့် အခါများတွင် မကြာခဏ လာလည်တတ်သည်။ သူ့ဖခင် မစ္စတာပေါ့ကက်မိသားစု အခြေအနေမှာလည်း ထူးထူးခြားခြား တိုးတက် ကောင်းမွန်လာသည် ဟုမရှိဘဲ ယခင်ကလိုပင် ငွေကြေးကျပ်တည်းမြဲ ကျပ်တည်းလျက် ရှိ၏။ ယခင်ကလိုပင် ဖရိုဖရဲ ဖြစ်မြဲဖြစ်လျက် ရှိ၏။ မစ္စတာပေါ့ကက်၏ ဆံပင်များမှာလည်း ခေါင်းမှ ဆံပင်များကို တစ်ကိုယ်လုံး မြောက်တက်လာသည် အထိ ဆွဲဆောင့်နေတတ်သော အကျင့်မှာလည်း ယခင်ကအတိုင်းပင် ဖြစ်သည်။ သူ့ဇနီး မစ္စက်ပေါ့ကက်မှာလည်း ခွေးခြေခုံပေါ် ခြေတင်၍ စာဖတ်မြဲ စာဖတ်လျက်ပင် ရှိ၏။ အိမ်သူအိမ်သားများကလည်း သူ့ခွေးခြေခုံနှင့် ဝင်တိုက်ကာ လဲမြဲတိုင်းလဲလျက် ရှိကြသည်။ မစ္စက်ပေါ့ကက်မှာ သူ့အကျင့်အတိုင်း လက်ကိုင်ပဝါများ ခဏခဏ ပျောက်ခြင်းနှင့် သူ့အဘိုးအကြောင်း ကျွန်တော်တို့ အား ပြောပြခြင်း စသည် များကိုလည်း ဝတ်မပျက်ပင် လုပ်လျက် ရှိလေသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ငွေကိုရသလောက် ကုန်အောင်သုံးကြပါသည်။ သို့သော်လည်း ဘယ်သောအခါမှ ကျွန်တော်တို့ သုံးချင်သလောက် မရသည် က ခက်၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် ဝင်ငွေနှင့် ထွက်ငွေ မမျှဖြစ်ကာ အမြဲတစေ လုံးချာလည်ပြီး အမြဲတစေ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေကြသည် က များ၏။ ကျွန်တော်တို့၏

အပေါင်းအသင်းများမှာလည်း ကျွန်တော်တို့ နှင့် အတူတူ အနူနူပင် ဖြစ်ပါသည်။

ဟားဘတ်သည် နံနက်ခင်းတိုင်း အသစ်တစ်ဖန် ပြန်လည်လန်းဆန်းလာသော လေနှင့် အတူ အိပ်ရာမှ နိုးလာလေ့ ရှိသည်။ နိုးလာသည် နှင့် တစ်ပြိုင်နက် နံနက်စာကို ကသောကမျောစားကာ သူ့အလုပ်ရှိရာ မြို့ထဲသို့ သွားသည်။ ကျဉ်းမြောင်းမှောင်မိုက်သော သူ့အလုပ်ခန်းဆီသို့ ကျွန်တော် မကြာခဏ သွား၍လည်း လည်လေ့ရှိပါသည်။ သူသည် စားပွဲတစ်လုံးတွင် ခွေးခြေတစ်လုံးနှင့် ထိုင်ကာ မင်အိုး တစ်လုံး၊ ပေတံတစ်ချောင်းဖြင့် ချာလပတ်လည်နေအောင် အလုပ်ရှုပ် နေသည် က များလေသည်။

ကျွန်တော်တို့ ရင်ဆိုင်နေရသည့် ပြဿနာမှာ စိတ်ရှုပ်စရာ ကောင်းလှသည် ဖြစ်ရာ အကယ်၍ ကျွန်တော်နှင့် ဟားဘတ်သည် တစ်ယောက် အပေါ် တစ်ယောက် သံယောဇဉ်မကြီးဟု ဆိုပါက နံနက်ခင်း အိပ်ရာနိုးတိုင်း မှန်မှန်ရန်ဖြစ်ကာ တစ်ယောက်ကို တစ်ယောက် မုန်းတီးနေကြမည်မှာ သေချာ၏။ အခုဆိုလျှင် ကျွန်တော်သည် ကိုယ့်အခန်းကိုမှပင် ရွံရှာစက်ဆုပ်လျက် ရှိသည်။ သူသည် ကျွန်တော့်တပည့် အရိပ်တစ္ဆေကိုပင် ကြည့်လို့ မရနိုင်အောင် ဖြစ်လျက် ရှိသည်။ သူသည် ကျွန်တော့်အတွက် စရိတ်စက တက်နေသော လူတစ်ယောက် ဖြစ်၏။ သို့သော်လည်း သူ့မှာ ကတော့ ဘာပြဿနာမှ မရှိ။ ကျွန်တော့်မှာ တာဝန်ကြီးနေသလောက် သူ့မှာ ကတော့ နားအေးပါးအေး နိုင်လှ၏။ ဤအခြေအနေကို တွေးမိလေ သူ့အပေါ် ဒေါသဖြစ်လေ...။

ကျွန်တော်တို့၏ အကြွေးမှာ လျော့သွားသည် ဟု မရှိဘဲ တစ်နေ့တခြား များသည် ထက်သာ များလာသည်။ ကြွေးများလာ လေလေ နံနက်စာ စားရသည်မှာ အဆင်မပြေလေ။ တစ်နံနက်တွင် မူ ကြွေးမဆပ်ပါက ဥပဒေကြောင်းအရ တရားစွဲဆိုခြင်း ပြုမည်ဟူသော ခြိမ်းခြောက်စာတစ်စောင် ရောက်လာသည်။ ဤစာကြောင့် ဖြစ်ပေါ် လာသောဒေါသသည် ကျွန်တော့်တပည့် အရိပ်တစ္ဆေပေါ်သို့ ကျရောက် သွားသည်။ ကျွန်တော်သည် သူ့ကို လည်ကုပ်မှ ကိုင်ဆွဲကာ မြှောက်ထားမိသည်။ သူကတော့ ခြေထောက်နှင့် မြေကြီး မထိဘဲ လေထဲတွင် တန်းလန်းဖြစ်နေပါသည်။

တစ်ခါတစ်ရံကျတော့လည်း (ထိုတစ်ခါတစ်ရံမှာ ကျွန်တော်တို့ စိတ်ကြည်လင်နေချိန်ကို ဆိုလိုခြင်း ဖြစ်သည်။) အလွန်ထူးခြားသည့် အရာတစ်ခုကို အခုမှ ရှာဖွေတွေ့ရှိရသည့် အလား ကျွန်တော်က "သူငယ်ချင်းဟားဘတ်ရေ... ကျွန်တော်တို့ အခြေနေကတော့ ဆိုးသည် ထက် ဆိုးလာနေပြီဗျို့" ဟု ပြောမိသည်။

"ဟုတ်တယ်... ဟန်ဒယ်လ်" ဟု ဟားဘတ်က ထောက်ခံသည်။ တကယ်လို့ ခင်ဗျား ယုံကြည်မယ် ဆိုရင်တော့ ပြောရဦးမယ်။ ဒီစကားကို အခုပဲ ကျွန်တော် ခင်ဗျားကို ပြောတော့မလို့၊ စိတ်ကူးချင်း ထူးထူးဆန်း ဆန်း တိုက်ခိုက်နေတယ်ဗျာ"

"ဒီလို ဆိုရင်တော့ ကျွန်တော်တို့ အခြေအနေကို ပြန်စစ်ကြည့်ဦးစို့လား" ဟု ကျွန်တော်က ပြန်ပြောသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ယခုကဲ့သို့ အခြေအနေ ပြန်လည်သုံးသပ်စစ်ဆေးသည့် ကိစ္စကို အကြီးအကျယ် သဘောထားကြသည်။ ကျွန်တော့်အနေဖြင့် ဤကိစ္စကို တကယ့်စီးပွားရေး လုပ်ငန်းကြီး တစ်ခုဟု အမြဲတွေးသည်။ ဤဆန်းစစ်မှုသည် ပြဿနာကို လျော့နည်းသွားအောင် လုပ်ခြင်းဖြစ်ရုံမျှမက မိမိရန်သူကို လည်ပင်းညှစ်၍ ကိုင်ထားသည့် အလုပ်မျိုးဖြစ်သည် ဟု ယူဆထားသည်။ ဟားဘတ်ကလည်း ကျွန်တော့်လိုပင် ယူဆသူ ဖြစ်သည်။ ထို့ကြောင့် ဤအလုပ် လုပ်တော့မည် ဆိုလျှင် ရေးကြီးခွင်ကျယ် သဘောထား၍ တခမ်းတနား ပြင်ဆင်ပြီးခါမှ လုပ်ချင်ကြသည်။

ပထမဆုံး ကျွန်တော်တို့ လုပ်သည့် အလုပ်မှာ ညစာအတွက် ကောင်းပေ့ဆိုသည့် အစားအစာများ နှင့် အဖိုးတန် သောက်စရာတစ်ခုခု ကို မှာယူခြင်း ဖြစ်၏။ ထို့နောက် အစားနှင့် အသောက်ကို အရသာခံ၍ စားသောက်ကြသည်။ ညစာစားပြီးသောအခါကျမှ ကလောင်တံများ၊ မင်အိုးများ နှင့် စာရွက်များကို အလုံအလောက် ထုတ်ယူပြီး လက်လှမ်းမီ နိုင်သည့် နေရာတွင် အဆင်သင့် ချထားလိုက်သည်။ ဤအလုပ်မျိုး လုပ်သည့်အခါ စာရေးကိရိယာပစ္စည်းများ အလုံအလောက် ရှိနေခြင်းသည် အလုပ်ကို များစွာတွင်ကျယ်စေနိုင်သည် ဟု ကျွန်တော်တို့ ယုံကြည်ထားကြသည် မဟုတ်ပါလား။

ထို့နောက် ကျွန်တော်က စာရွက်တစ်ရွက်ကိုယူ၍ စာအိတ်၏ ထိပ်အလယ်တွင် အလွန်သပ်ရပ်လှပစွာဖြင့် 'ပစ်ပ်၏ ကြွေးစာရင်း' ဟု ရေးချလိုက်သည်။ ဘားနတ်ဟိုတယ်ဟူသော အမည်နှင့် နေ့စွဲကိုလည်း ဂရုတစိုက်ပင် ထပ်၍ ရေးထည့်လိုက်၏။ ဟားဘတ်ကလည်း ကျွန်တော့်နည်းတူပင် စာရွက်တစ်ရွက်ကိုယူ၍ ကျွန်တော်ရေးသည့် ပုံစံအတိုင်း ဟားဘတ်၏ ကြွေးစာရင်း' ဟု ခေါင်းစည်းတပ် လိုက်လေသည်။

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်သည် အံဆွဲများ နှင့် အင်္ကျီဘောင်းဘီ အိတ်ကပ်များ အတွင်း၌ ဖြစ်သလို ထိုးထည့်ထားခဲ့ကြသော အကြွေးယူထားသည့် ငွေစာရင်းဖြတ်ပိုင်းများကို စုဆောင်းကာ တစ်ရွက်ပေါ် တစ်ရွက်ထပ်၍ ပုံလိုက်ကြပြီး ကြွေးစာရင်းကို ပြုလုပ်ကြသည်။ စာရွက်နှင့် ကလောင်သွား ထိတွေ့နေသံများသည် ကျွန်တော်တို့၏ စိတ်ကို အားသစ် လောင်းပေးနေသည့်နှယ် ခံစားရပါသည်။ လက်တွေ့အားဖြင့် ကြွေးများကို မပေးဆပ်ရသေး သော်လည်း ကြွေးအားလုံးကို ဆပ်ပြီးပြီဟုပင် အထင်ရောက်ကာ စိတ်လက်ပေါ့ပါးသွားရသည်။ ကျွန်တော်တို့ လုပ်နေသည့်စနစ်မှာ ဤမျှလောက်အထိ စိတ်ကို သက်သာရာရစေနိုင်သဖြင့် အမှန်တကယ် ကြွေးများကို ပေးဆပ်ခြင်းနှင့် ယခုကဲ့သို့ ကြွေးစာရင်းလုပ်ခြင်းဟူသော အလုပ်နှစ်ခုတွင် ဘယ်အလုပ်က ပို၍ ကောင်းသည်ကို ဝေခွဲ၍ မရနိုင်အောင် ဖြစ်ရပါသည်။ အကျိုးသက်ရောက်မှု အတိုင်းအတာနှင့် တွက်ကြည့်မည်ဆိုပါမူ နှစ်ခုစလုံးပင် အညီ အမျှ ကောင်းနေသည် ကို တွေ့ရပါသည်။

စာရွက်ထဲတွင် ကြွေးစာရင်း အတော်အသင့် သွင်းအပြီးတွင် ကျွန်တော်က ဟားဘတ်အား "ခင်ဗျားအခြေအနေ ဘယ်လိုရှိသလဲ" ဟု လှမ်းမေးလေ့ ရှိသည်။ ဟားဘတ်သည် စာရွက်ပေါ်မှ မဆုံးနိုင်လောက်အောင် စီတန်းနေသော စာရင်းကို ကြည့်ကာ အလွန်စိတ်ရှုပ်သော အမူအရာဖြင့် ခေါင်းကို တအားကုန် ကုတ်လျက် ရှိလေသည်။

"ကြွေးကတော့ဖြင့် မရပ်မနား တက်လာနေတာပဲ ဟန်ဒယ်လ်" ဟု အဖြေပေးသည်။ "ဒီပုံအတိုင်း ဆိုရင်တော့ လည်ပင်းမြုပ်တဲ့ အထိ တက်လာဦးမယ့်လက္ခဏာ ရှိတယ်"

"အားတင်းမှပေါ့ ... ဟားဘတ်ရာ" ဟု ကျွန်တော်က အားပေးစကား ပြောသည်။ "ခင်ဗျားချရေးထားတဲ့ စာရင်းကို ရဲရဲသာကြည့်ပါ။ စိတ်အားပျော့ပြီး အရှုံးမပေးပါနဲ့။ မျက်လုံးကို တအားပြူးပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြည့်လိုက်ရင် သူတို့ က အညံ့ခံသွားမှာပါဗျ"

"ခင်ဗျားပြောသလို ကြည့်တာပါပဲဗျာ၊ ဒါပေမဲ့ သူတို့က ပြန်ပြီး ပြူးပြူးကြီး စိုက်ကြည့်နေတော့ ကျွန်တော် မတတ်နိုင်အောင်ဘဲ ဖြစ် နေတယ်"

မည်သို့ပင် ဆိုစေကာမူ ကျွန်တော်၏ အားပေးမှုကြောင့် ဟားဘတ်သည် စာရင်းကို ဆက်လုပ်ပြန်သည်။ ခဏမျှကြာသောအခါ သူသည် လက်မြှောက်အရှုံးပေးချင်လာပြန်သည်။ နောက်ဆုံးတွင် ဟိုဆိုင်က အကြွေးစာရင်း ရှာမတွေ့ဘူး၊ ဒီဆိုင်က အကြွေးစာရင်းကလည်း ပျောက်နေတယ် စသည် စသည်ဖြင့် ဆင်ခြေအမျိုးမျိုးပေးကာ သူ့ကြွေးစာရင်ႏးကို ဆက်မလုပ်တော့ဘဲ ရပ်ပစ် လိုက်လေတော့၏။

"ကဲ... ဒီလိုဆိုလည်း ထားလိုက်ပါတော့။ အခုလုပ်လို့ ရတဲ့ အကြွေးစု စုပေါင်းကိုသာ တွက်လိုက်ပါတော့။ နောက်ဆုံး ခန့်မှန်းခြေပဲရရပေါ့... ဟားဘတ်ရာ"

"ခင်ဗျားကဖြင့်တော်ပါပေတယ်ဗျ" ဟု ဟားဘတ်က ကျွန်တော့်ကို ချီးမွမ်းသည်။ "ခင်ဗျားရဲ့ လုပ်ရည်ကိုင်ရည်ကဖြင့် အလွန့်ကို ထူးခြားပါပေတယ်"

ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် သူထင်သလိုပင် ထင်မိပါသည်။ ဤလုပ်ငန်းမှာတော့ဖြင့် ကျွန်တော်သည် ကျွမ်းကျင်လိမ္မာလှသော ထိပ်တန်းစာရင်းဝင်တစ်ဦး ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။ တကယ်တော့လည်း ကျွန်တော်သည် ကြွေးစာရင်းတွက်သည့် အလုပ်ကို လုပ်သည့်အခါ လျင်မြန်သည်။ အဆုံးအဖြတ် ပြုရဲသည်။ လုံ့လဝီရိယ ရှိသည်။ စိတ်အားထက်သန်သည်။ အမြင်ကြည်လင်သည်။ ခေါင်းအေးအေး ထားတတ်သည်။ ကျွန်တော်လုပ်ထားသည့် စာရင်းနှင့် ငွေတောင်းခံလွှာ ပြေစာများကို တစ်ခုချင်း တိုက်ကြည့်ကာ သွင်းပြီးသာႏဖြစ်လျှင် မင်တံဖြင့် အမှန်ခြစ်လိုက်သည်။ ယင်းကဲ့သို့ စစ်ဆေးကြည့်ပြီး စိတ်တိုင်းကျဖြစ်သွားသည့် အခါ စိတ်လက်အတော်ကြီး ပေါ့ပါးသွားသည်။ ငွေတောင်းခံလွှာ ဖြတ်ပိုင်းများ၏ နောက်ကျောတွင် မှတ်ချက်တိုကလေးများ ရေးပြီး ကြိုးတစ်ချောင်းဖြင့် သပ်သပ်ရပ်ရပ် စုစည်းကာ

ပြန်သိမ်းထား လိုက်၏။ ဟားဘတ်၏ ငွေတောင်းခံလွှာများကိုလည်း ကျွန်တော်ကပင် တာဝန်ယူ၍ ဤပုံစံအတိုင်း စနစ်တကျ သိမ်း ထားနိုင်အောင် လုပ်ပေးလိုက်ပါသည်။

ဤလုပ်ငန်းကို လုပ်ကိုင်ရာ၌ ကျွန်တော့်တွင် အလွန်တော်သော အရည်အချင်းတစ်ခု ရှိပါသေးသည်။ ယင်းမှာ တခြားမဟုတ်။ ကျွန်တော့် ဘာသာ ကျွန်တော် စိတ်ကူး၍ ပေးထားသည့် အမည်အရ 'ငွေပိုဆောင်း လုပ်ငန်း' ဖြစ်သည်။ ဥပမာ - ဟားဘတ်၏ အကြွေးသည် စာရင်းအရ တစ်ရာခြောက်ဆယ့်လေးပေါင်နှင့် လေးဆယ့်နှစ်ပဲနိ ဆိုကြပါစို့၊ ကျွန်တော်က မှတ်ရတွက်ရခက်သည် ဟူသော အကြောင်းပြချက်ဖြင့် 'ငွေပို ဆောင်းလိုက်ဗျာ၊ ပေါင်နှစ်ရာလို့သာ မှတ်ထားလိုက်တော့' ဟု ပြောသည်။ အကယ်၍ ကျွန်တော်၏ အကြွေးသည် စာရင်းအရ ဟားဘတ်၏ အကြွေးထက် လေးဆရှိနေသည် ဆိုပြားအံ့။ ငွေပိုဆောင်းဖို့ ဝန်မလေးသော ကျွန်တော့်အနေဖြင့် ပေါင်ခုနစ်ရာဟု မှတ်လိုက်မည်သာ ဖြစ်၏။ ဤငွေပိုဆောင်းလုပ်နည်းလုပ်ဟန်သည် ကျွန်တော်၏ ဉာဏ်ပညာ ကြီးမားထက်မြက်မှုအရ ပေါ်လာခြင်းဖြစ်သည် ဟုပင် အထင်ရှိမိ၏။ သို့သော်လည်း တစ်ခါတစ်ရံ စိတ်လိုလက်ရရှိ၍ ကိုယ်လုပ်ထားသည့် အလုပ်ကို ပြန်လည်ဆင်ခြင် သုံးသပ်ကြည့်လိုက်သည့် အခါ ကျွန်တော့်နည်းမှာ အလွန်အမင်း စရိတ်ကြီးနေသည် ဟု မထင်ဘဲ မနေ နိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် ကျွန်တော်တို့ လုပ်ထားသည့် စာရင်းထဲမှ ကြွေးတစ်ပြားတစ်ချပ်မှ မဆပ်ရသေးမီ ထိုစာရွက်ပေါ်မှာပင် ချက်ချင်း ကြွေးသစ်ထပ်၍ တက်လာခြင်းကြောင့် ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့သည် ကြွေးစာရင်းများကို တွက်သည့်အခါတိုင်း အခန်း၏ အပြင်တံခါးကို ပိတ်ထားလေ့ ရှိသည်။ တံခါးဖွင့်ထားလျှင် အပြင်မှ အနှောင့်အယှက်တစ်ခုခု ဝင်လာမည်စိုးရိမ်သောကြောင့် ဖြစ်၏။ တစ်ညခင်းတွင် ကျွန်တော်နှင့် ဟားဘတ်သည် ထုံးစံအတိုင်း စိတ်လိုလက်ရ ရှိသဖြင့် ကြွေးစာရင်းများ ကို တွက်နေကြသည်။ ထိုအခိုက်တွင် တံခါး၌ ဖောက်ထားသည့် အပေါက်မှ စာတစ်စောင် ကျလာသံကို ကြားလိုက်ရ၏။ ဟားဘတ်သည် အခန် းတွင်းမှ အပြင်ဧည့်ခန်းဘက်သို့ ထွက်သွားပြီး ချက်ချင်းပင် ပြန်ရောက်လာသည်။ "ခင်ဗျားအတွက် စာဗျ၊ စိတ်မကောင်းစရာ အကြောင်းတစ်ခုခု မပါဘူးလို့ ထင်ရတာပဲ" ဟု ဆိုကာ ကျွန်တော့်လက်သို့ လှမ်းပေးသည်။ သူ ဤစကားမျိုး ပြောလိုက်ခြင်းမှာ တခြားကြောင့် မဟုတ်။ စာ အိတ်ပေါ်ရှိ ရိုက်နှိပ်ထားသည့် တံဆိပ်မည်းကြီးကြောင့် ဖြစ်လေသည်။

စာကိုတာဝန်ယူ၍ ရေးလိုက်သူမှာ 'ထရပ်ဘ်နှင့် ကုမ္ပဏီ' မှ ဖြစ်သည်။ ရေးထားသည့် အကြောင်းအရာမှာ ရိုးရိုးရှင်းရှင်း ရှိလှပါသည်။ ကျွန်တော့်အစ်မ ခြောက်နာရီထိုးပြီး မစ္စက်ဂျိုးဂါဂရီသည် တနင်္လာနေ့ညနေ မိနစ်နှစ်ဆယ်တွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း အကြောင်းကြားသည့်စာ ဖြစ်၏။

စျာပနအခမ်းအနားကို လာမည့် တနင်္လာနေ့ မွန်းလွဲပိုင်း သုံးနာရီတိတိတွင် ပြုလုပ်မည် ဖြစ်၍ ကျွန်တော် လာရောက်စေလိုကြောင်း ဖော်ပြထားလေသည်။

******

ကျွန်တော်၏ ဘဝလမ်းကြောင်းပေါ်တွင် ကိုယ်နှင့် နီးစပ်သူတစ်ဦး သေဆုံး၍ မြေမြှုပ်ရတော့မည့် အဖြစ်နှင့် ကြုံကြိုက်ရခြင်းသည် ယခုတစ်ကြိမ် ပထမဆုံး ဖြစ်ပါသည်။ မီးဖိုချောင်ထဲရှိ ဆောင်းမီးဖိုရှေ့မှ ကုလားထိုင်တွင် ထိုင်နေလေ့ရှိသော ကျွန်တော့်အစ်မ၏ ရုပ်လွှာသည် ကျွန်တော့်အား နေ့ရောညပါ တစ္ဆေခြောက်သလို အခြောက်ခံခဲ့ရဖူးသည် ဖြစ်ရာ အစ်မအကြောင်းကို ကျွန်တော် စဉ်းစားလိုက်မိသည့် အခါတိုင်း ထိုနေရာ၌ ထိုင်နေသည် ကိုသာ မြင်ရ၏။ ကျွန်တော့်အဖို့တော့ ထိုနေရာနှင့် အစ်မကို ဘယ်သောအခါမှ ခွဲ၍ မမြင်ခဲ့ပေ။ အစ်မသေဆုံးပြီဟု ကြားလိုက်ရသည့် အခုအချိန်ခါကျမှ အထူးဆန်းဆုံးဟု ဆိုရမည့် စိတ်ကူးများသည် ကျွန်တော့်ခေါင်းထဲသို့ အဆက်မပြတ် ဝင်ရောက်လာလျက် ရှိသည်။ အစ်မသည် လမ်းအတိုင်းလျှောက်ကာ ကျွန်တော့်ဆီသို့ လာပြီး အခန်းတံခါးကို ခေါက်လိမ့်မည်ဟု ထင်မိသည်။ သူတစ်ကြိမ် တစ်ခါမျှ မရောက်ခဲ့ဖူးသည့် ကျွန်တော့်အခန်းထဲတွင်လည်း သူ ရှိနေသည်။ သူ့အသံကိုပဲ ကြားနေရသလိုလို၊ သူ့မျက်နှာကိုပဲ မြင်နေရသလိုလို၊ အသက်ရှင်လျက် လျှောက်သွားနေသည့် သူ့ပုံပန်းကိုပဲ မြင်နေရသလိုလို စိတ်ထဲက ဖြစ်နေသည်။

ကျွန်တော့်ဘဝတွင် အပြောင်းအလဲများ မည်မျှပင် ပေါ်ပေါက်စေခဲ့ကာမူ ကျွန်တော့်အနေဖြင့် အစ်မဖြစ်သူကို တမ်းတမ်းတတ အောက်မေ့သတိရခဲ့ရသည့် အဖြစ်မျိုးမှာ မူ မရှိသလောက် နည်းပါးခဲ့ရ၏။ ကျွန်တော် နားလည်သလောက်ဆိုလျှင် ကျွန်တော်သည် အစ်မအပေါ်၌ သံယောဇဉ် လုံးဝမရှိဟူ၍ မဆိုနိုင်ပါ။ ရှိသင့်သလောက်တော့ ရှိခဲ့ပါ၏။ သို့သော်လည်း ထိုသံယောဇဉ်မှာ ချစ်ခင်တွယ်တာမှုမှ ပေါက်ဖွားလာသော သံယောဇဉ်မဟုတ်မှန်း ကျွန်တော် ကောင်းစွာ သိနေသည်။ ဤအသိကြောင့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရလောက်အောင် စိတ်ထိခိုက်ဝမ်းနည်းမိမှာ အမှန်ပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့် အစ်မအား နာတာရှည်ရောဂါသည် ဘဝမျိုးသို့ ရောက်စေခဲ့ပြီး ဆိုးရွားသောဝေဒနာကို အပြင်းအထန် ခံစားသွားအောင် ရိုက်နှက်ခဲ့သူကိုမူကား စိတ်ထဲက ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းခဲ့ပါသည်။ ထို့ကြောင့်လည်း အစ်မကို ရိုက်နှက်ခဲ့သူသည် အောလစ်ပင်ဖြစ်ဖြစ်၊ အခြားဘယ်သူပဲဖြစ်ဖြစ်၊ ဖြစ်နိုင်သည့်နည်းဖြင့် တုံ့ပြန်လက်စားချေလိုသော ဆန္ဒသည် ကျွန်တော့်ရင်တွင်း၌ ပြင်းထန်စွာ ဖြစ်ပေါ်နေခဲ့ပါသည်။

ကျွန်တော်သည် ဂျိုးထံသို့ ချက်ချင်းပင် စာပြန်လိုက်သည်။ အစ်မကွယ်လွန်ကြောင်း သိရ၍ များစွာဝမ်းနည်းမိပါကြောင်းနှင့် စျာပနအခမ်းအနားသို့ မပျက်မကွက် လာမည်ဖြစ်ကြောင်း စာထဲတွင် ထည့်ရေးလိုက်၏။ အစ်မ သင်္ဂြိုဟ်မည့်နေ့တွင် ကျွန်တော်သည် နံနက်အစောဆုံး ထွက်သည့် မြင်းရထားနှင့် လိုက်ခဲ့ပြီး ဘလူးဘိုးအားဟိုတယ်ရှေ့ရှိ မြင်းရထားဆိပ်မှာပင် ဆင်းကာ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။

နွေဦးပေါက်ရာသီသို့ တစ်ကျော့တစ်ဖန် ပြန်လည်ရောက်ရှိနေချိန် ဖြစ်၍ ရာသီဥတုမှာ သာယာလျက် ရှိသည်။ လျှောက်လာနေခိုက်တွင် ကျွန်တော့်အတွေးသည် ငယ်စဉ်တောင်ကျေး ကလေးဘဝဆီသို့ ရောက်သွားသည်။ အဆိုးအကောင်း ခွဲခြား၍ မသိသေးသော အရွယ်ဖြစ်ပါလျက်နှင့် ကျွန်တော့်အပေါ်၌ နည်းနည်းကလေးမှ သည််းခံခွင့်လွှတ်ခြင်း မပြုခဲ့သော အစ်မ၏ ဆက်ဆံမှုများကို ပြန်၍ မြင်ယောင်နေမိပါသည်။ သို့သော်လည်း အာဃာတစိတ်နှင့် မြင်ယောင်ထင်ယောင် ဖြစ်နေခြင်း မဟုတ်ပါ။ အလွန်နူးညံ့သိမ်မွေ့သော နှလုံးသားအသိဖြင့် သတိရနေမိခြင်းသာ ဖြစ်ပါ၏။ နောက်ဆုံးတွင် ကျွန်တော်သည် နေအိမ်သို့ ပြက်ပြက်ထင်ထင် မြင်သာသည့် နေရာသို့ ရောက်လာသည်။ ထရက်ဘ်နှင့် ကုမ္ပဏီမှ သုဘရာဇာများသည် အစ်မ၏ ဈာပနသို့ ပြင်ဆင်လျက် ရှိကြ၏။ သူတို့ နှစ်ယောက်သည် အစ်မ၏ အလောင်းကို အဝတ်နက်များဖြင့် အထပ်ထပ် ရစ်ပတ်စည်းနှောင်ကာ အိမ်ရှေ့တံခါးဝအဝင်နားတွင် စင်တစ်ခုပြုလုပ်၍ လူအများ မြင်သာအောင် တင်ထားသည်။ သုဘရာဇာနှစ်ယောက်အနက် တစ်ယောက်မှာ ဘလူးဘိုးအားဟိုတယ်မှ အလုပ်သမားဟောင်းတစ်ဦး ဖြစ်၏။ သူသည် ဟိုတယ်သို့လာ၍ တည်းခိုနေသော အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦးအား အရက်မူးပြီး ရမ်းကားခဲ့သဖြင့် ဟိုတယ်မှ အလုပ်ထုတ်ပစ်ခြင်း ခံရသူ ဖြစ်လေသည်။ ရွာထဲမှ ကလေးအားလုံးနှင့် အမျိုးသမီးအများစုသည် တစ်ကိုယ်လုံး အဝတ်နက်များ ဝတ်ဆင်ထားသည့် သုဘရာဇာများကိုလည်းကောင်း၊ ရှိသမျှတံခါးများကို ပိတ်ထားသောအိမ်နှင့် ပန်းပဲဖိုတို့ ကိုလည်းကောင်း အထူးအဆန်းသဖွယ် ဝိုင်းအုံ၍ ကြည့်နေကြသည်။ ကျွန်တော့်ကို မြင်သောအခါ သုဘရာဇာတစ်ဦးက (ဟိုတယ်အလုပ်သမားဟောင်း) အလွန်စိတ်ထိခိုက် ကြေကွဲမှုကြောင့် ကျွန်တော် အဆမတန် မောပန်းနွမ်းနယ်ကာ တံခါးကို ကိုယ်တိုင်ခေါက်ရန် အားမရှိတော့ဟု ထင်ဟန်တူ၏။ ကျွန်တော့်ကိုယ်စား တံခါးခေါက်ပေးသည်။

နောက် သုဘရာဇာတစ်ဦး (လက်သမားတစ်ဦးဖြစ်၍ တစ်ချိန်က အလောင်းအစားလုပ်ပြီး ငန်းနှစ်ကောင်ကို ကုန်အောင်စားဖူးခဲ့သူ) က တံခါးကို ဖွင့်ပေးသည်။ အတွင်းဘက် ဧည့်ခန်းမကို ဈာပနအခမ်းအနားအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားသည် ကို တွေ့ရ၏။ ဈာပနတာဝန်ခံ မစ္စတာထရက်ဘ်သည် အကျအန ပြင်ဆင်ခင်းကျင်း ထားသော စားပွဲတစ်လုံးတွင် အခန့်သားထိုင်လျက် ရှိသည်။ ကျွန်တော့် အခန်းထဲ ရောက်သွားချိန်တွင် မစ္စတာထရက်ဘ်သည် ဧည့်သည် တစ်ဦး၏ ဦးထုပ်ကို ချိတ်တစ်ခုတွင် သွားချိတ်ပြီး ပြန်ထိုင်စ၊ သူက ကျွန်တော့််ဘက်ကို ဆွဲ၍ နှုတ်ဆက်သည်။

ယောက်ဖဖြစ်သူ ဂျိုးကတော့ အနက်ရောင် အဝတ်အစားများ ဝတ်ကာ အခန်း၏ တစ်ဖက်အစွန်းတွင် စိတ်ညစ်စိတ်ရှုပ်သော မျက်နှာထားဖြင့် ထိုင်နေသည်။ မစ္စတာထရက်ဘ်က အသုဘရှင်အဖြစ် နေရာချပေးထားသည့် နေရာ၌ ထိုင်နေရခြင်း ဖြစ်ဟန်တူ၏။ ကျွန်တော်က "ဘယ်လိုလဲ ဂျိုး၊ ခင်ဗျား

နေကောင်းတယ်နော်" ဟု နှုတ်ဆက်စကား ပြောသည့်အခါ "အေးကွာ၊ နေကောင်းပါတယ်၊ မိန်းမတစ်ယောက်အနေနဲ့ မင့်အစ်မက အင်မတန်မှ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ရောင့်ရောင့် ရှိခဲ့တယ်ဆိုတာ မင်းအသိပါ ပစ်ပ်ရာ၊ အခုတော့ ကြည့်ပါ ဦး..." ဟု ဆိုကာ စကားကို ရှေ့မဆက်နိုင်ဘဲ ရပ်နေသည်။

ဘစ်ဒီမှာလည်း အဝတ်နက်များကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ သူကတော့ ဟိုသွားလိုက် သည်လာလိုက်ဖြင့် လုပ်စရာရှိသည် များကို မနေမနား လုပ်လျက် ရှိနေ၏။ ကျွန်တော်က ဘစ်ဒီကို လှမ်းနှုတ်ဆက်သည်။ စကားကြာကြာ ပြောနေရမည့် အချိန်မျိုး မဟုတ်သဖြင့် စကားတော့ မပြောပါ။ ထို့နောက် ဂျိုး၏ အနီးတွင် ဝင်ထိုင်သည်။ အစ်မ၏ ဝိညာဉ်သည် ဤအိမ်အတွင်း မည်သည့် အပိုင်း၌ ငြိတွယ်နေပါလိမ့်ဟု စဉ်းစားနေမိသည်။ အခန်းတွင်းရှိ လေတွင် ကိတ်မုန့်နံ့ သင်းလျက်ရှိသဖြင့် ဘေးဘီကို မျက်စိရှာမိသည်။ စားပွဲတစ်လုံးပေါ်တွင် မုန့်မျိုးစုံ၊ လိမ္မော်သီးနှင့် ဝိုင်ပုလင်းများကို ဖွယ်ရာလှပအောင် ပြင်ဆင်တည်ခင်းထားသည် ကို မြင်ရသည်။ ကျွန်တော် ထိုစားပွဲအနီး၌ ရပ်နေခိုက်တွင် ခပ်လှမ်းလှမ်းမှ နေ၍ မျက်နှာချိုသွေး၍ ကြည့်နေသော မစ္စတာ ပန်ဘဲလ်ချူကို ရိပ်ခနဲ တွေ့လိုက်ရ၏။ ပန်ဘဲလ်ချူမှာလည်း အသုဘရှင်နှင့် ဆွေမျိုးတော်သူဖြစ်သဖြင့် အင်္ကျီနက်ကြီး ဝတ်ထားသည်။ သူ့အမူအရာ ကို မြင်ရုံမျှဖြင့် ကျွန်တော်နှင့် အကြည့်ချင်းဆုံမိအောင် အားထုတ်လျက် ရှိသည်မှာ ထင်ရှားလျက် ရှိလေသည်။ မကြာမီအတွင်းမှာ သူနှင့် ကျွန်တော်တို့ အကြည့်ချင်း ဆုံမိကြသည်။ သူသည် ကျွန်တော့်ထံသို့ အမောတကော လျှောက်လာပြီး နှစ်ကိုယ်ကြားလေသံဖြင့် "တစ်ဆိတ်ကလေး ကျေးဇူးပြုလိုက်ပါဦး မောင်ရယ်" ဟု ပြောသဖြင့် ကျွန်တော့်လက်ကို ကမ်းပေးလိုက်ရပါသည်။ ထို့နောက် ထောင့်တစ်ထောင့်၌ ခပ်ကုပ်ကုပ် ထိုင်နေကြသော မစ္စက်ဟပ်ဘဲလ် နှင့် သူ့မိန်းမကို မြင်ရသည်။ ကွယ်လွန်သွားသူနှင့် ရင်းနှီးခင်မင်ခဲ့သူ အားလုံးသည် ယခုပွဲတွင် မစ္စတာထရက်ဘ် ခိုင်းသည့် အတိုင်း လုပ်ကြရမည် ဖြစ်သည်။

"ငါပြောချင်တာက တစ်ခုရှိတယ် ပစ်ပ်" မစ္စတာထရက်ဘ်၏ အစီအမံအတိုင်း ကျွန်တော်နှင့် ဂျိုးတို့ နှစ်ယောက် တွဲယှဉ်၍ ရပ်နေကြသည့် အခါ ဂျိုးက တီးတိုးလေသံဖြင့် ပြောသည်။ "ငါက အခုလို တခမ်းတနား မလုပ်ချင်ဘူး၊ သူ့ကို တကယ်ချစ်ကြခင်ကြတဲ့ လူသုံးလေးယောက် နဲ့ ငါကိုယ်တိုင် နားအေးပါးအေး သင်္ဂြိုဟ်ချင်တာ၊ ဒါပေမဲ့ကွာ ခက်တာက အိမ်နီးနားချင်းတွေက ကဲ့ရဲ့ လိမ့်မယ်လို့ ပြောတဲ့လူက ပြောတယ်၊ သိုက်သိုက်ဝန်းဝန်းမှ မလုပ်ရင် အထင်သေးကြလိမ့်မယ်လို့ ဆိုတဲ့ လူက ဆိုတယ်။ ဒါနဲ့ပဲ အခုလို လုပ်ရတာပါကွာ"

"အားလုံး လက်ကိုင်ပဝါတွေ ထုတ်ကြပါ" ဟု မစ္စတာထရက်ဘ် က အော်သည်။ "လက်ကိုင်ပဝါတွေ ထုတ်ကြပါ ခင်ဗျာ၊ ကျွန်တော်တို့ အား လုံး အဆင်သင့်ဖြစ်ကြပါပြီ"

ကျွန်တော်တို့ လက်ကိုင်ပဝါများကို ထုတ်၍ မျက်နှာများကို

အုပ်ထားကြသည်။ နှာခေါင်းသွေးများ ယို၍ အုပ်ထားကြသည့် ပုံမျိုး ဖြစ်သည်။ မစ္စတာထရက်ဘ်၏ ညွှန်ကြားချက်အရ လူအားလုံး နှစ်ယောက်တစ်တွဲ တန်းစီကြရသည်။ ဂျိုးနှင့် ကျွန်တော်၊ ဘစ်ဒီနှင့် ပန်ဘဲလ်ချူ၊ မစ္စတာဟပ်ဘဲလ်တို့ လင်မယား၊ အားလုံး ကိုယ့်အတွဲနှင့် ကိုယ်၊ ကျွန်တော့်အစ်မ၏ အလောင်းကို မီးဖိုခန်းတံခါးမှ ထုတ်သည်။ အစ်မ၏ အလောင်ံးနောက်မှ ကျွန်တော်တို့ ခြောက်ယောက်က ကပ်၍ လိုက်ရသည်။ ကျွန်တော်တို့ ခြောက်ယောက်အပေါ်မှ ကတ္တီပါအနက်စကြီး တစ်ထည် လွှမ်းခြုံပေးထားပြီး ကျွန်တော်တို့ကို သုဘရာဇာနှစ်ဦးက ဘေးမှ ထိန်းပေးသည်။ မမြင်မကန်းနှင့် လျှောက်နေရသဖြင့် ခြေထောက်များ လမ်းလျှောက်နေပုံမှာ ညီညီညာညာ မဟုတ်။ ဟိုယိမ်းသည်ယိုင် ဖြစ်နေကြသည်။ လူခြေထောက် ဆယ့်နှစ်ချောင်းနှင့် သတ္တဝါမည်းမည်းကြီး တစ်ကောင် ယိမ်းထိုးသွားလာနေသည် နှင့် တူလှသည်။

မည်သို့ပင်ဖြစ်စေ ရွာသူရွာသားများကတော့ ဈာပနအခမ်းအနား စီစဉ်ထားပုံကို များစွာ သဘောကျကြသည်။ နှစ်ယောက်တစ်တွဲတန်းစီ၍ ရွာထဲမှ ဖြတ်လျှောက်သွားနေသော ကျွန်တော်တို့ ကို ကြည့်ကာ ချီးမွမ်ံးစကား ပြောကြသည်။ လူငယ်ပိုင်းက တချို့လူတစ်စုသည် ကျွန်တော်တို့ ဘေးမှ အပြေးအလွှားလိုက်ကာ အရှေ့မှ ဖြတ်ပြေးလိုက် နောက်မှ ဖြတ်ဝင်လိုက် လုပ်နေကြသည်။ တချို့က ရှေ့မှ ပြေးသွားနှင့်ကာ 'လာ နေပြီဟေ့... လာနေပြီဟေ့' ဟု အော်ဟစ်ကြသည်။ အဝတ်ကြီး အုပ်ထားခြင်း ခံရ၍ လမ်းကောင်းကောင်း မလျှောက်နိုင်၍ စိတ်ညစ်ရသည့် အထဲတွင် ကျွန်တော့်နောက်မှ ကပ်၍ပါလာသော ပန်ဘဲလ်ချူက တစ်လမ်းလုံး အနှောင့်အယှက်ပေးလာသဖြင့် များစွာ စိတ်ရှုပ်ရပါသည်။ ဤကြားထဲမှပင် ဤအသုဘချပွဲ၌ အသုဘရှင်၏ အထူးထင်ရှားသော မိတ်ဆွေများ အဖြစ် ရှေ့တန်းမှ လိုက်ပါခွင့်ရသဖြင့် အခြောက်တိုက် ဘဝင်မြင့်နေသော မစ္စတာဟပ်ဘဲလ်တို့ လင်မယား၏ အဖြစ်ကို မြင်နေရ သောအခါ ဘာကိုမှ ကောင်းစွာ တွေးတောခြင်း မပြုနိုင်လောက်အောင် ဖြစ်နေရသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့ ရှေ့တွင် စိမ့်မြေတောမြေများကို တွေ့လာရသည် မြစ်ပြင်ဘက်၌ ရွေ့လျားသွားလာနေသော သင်္ဘောများ၊ လှေများကို မြင်လာရသည်။ ကျွန်တော်တို့သည် သုသာန် အတွင်းသို့ ဝင်လာခဲ့ကြ၏။ ကျွန်တော် လုံးဝမမြင်ဖူး မသိဖူးလိုက်သည့် ကျွန်တော့်ဖခင် 'ဖီးလစ်ပီရစ်ပ်' နှင့် မိခင် 'ဂျော်ဂျီယားနား' တို့၏ မြေပုံ များ အနီး၌ ရပ်တန့်ကြသည်။ အစ်မ၏ အလောင်းကို အဖေနှင့် အမေ တို့၏ မြေပုံဘေးနားတွင် ကပ်၍ မြှုပ်နှံကြသည်။ အစ်မ၏ အလောင်း ကို မြေချနေခိုက်တွင် မိုးကောင်းကင်ထက်ဆီမှ မိုးစွေငှက်များ၏သာယာသော တေးဆိုသံများ ကြားနေရ၏။ သာယာညင်းညင်း တိုက်ခတ်လျက်ရှိသော လေအေးသည် ကျွန်တော်တို့ ကြားမှ တိုးဝင်ဖြတ်သွားလျက် ရှိသည်။ ပြီးတော့ ဖြူလွှလွှ တိမ်ရိပ်များ နှင့် စိမ်းလန်းသော သစ်ရိပ် ဝါးရိပ်များ။

ပတ်ဝန်းကျင်သည်သာယာလှပလျက် ရှိလေသည်။

အစ်မကို မြေမချမီ ပန်ဘဲလ်ချူက သမ္မာကျမ်းစာထဲမှ စာပိုဒ်တချို့ ကို ဖတ်သည်။ သို့သော်လည်း မြင့်မြတ်သိမ်မွေ့လှသော တရားဓမ္မစာပိုဒ်များကို ဖတ်နေရင်းမှပင် သူလိုသလို ဆွဲယူကာ ကျွန်တော့်ကို ရည်ရွယ်စောင်းမြောင်း၍ ပြောသွားပါသေးသည်။ လူသားတို့သည် ဤကမ္ဘာ လောကြီးအတွင်းသို့ ဘာမှပါမလာဘဲ လက်ချည်းသက်သက် လာကြခြင်းဖြစ်၍ ဤကမ္ဘာလောကကြီး မှ ပြန်လည်ထွက်ခွာသွားသည့် အခါတွင်လည်း ဘာတစ်ခုမှ မယူနိုင်ဘဲ လက်ချည်းသက်သက် ပြန်ရကြောင်း၊ လူ့ဘဝကို စွန့်ခွာသွားသည့် ပုံသည် အရိပ်တစ်ခု ဖျတ်ခနဲ ပြေးထွက်သွားသည် နှင့် တူလှကြောင်း စသဖြင့် ဖတ်နေရာမှ ချောင်းတစ်ချက်နှစ်ချက် ဟန့်လိုက်ပြီး လူ့ဘဝတွင် မမျှော်လင့်သော အဖြစ်များ ပေါ်ပေါက်တတ်ကြောင်း။ လူငယ်လေးတစ်ဦးသည် မမျှော်လင့်ဘဲနှင့် ပစ္စည်းဥစ္စာ အမြောက်အမြားကို အမွေရလိုက်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောဆိုသွားသည်။ အိမ်ပြန်ရောက်ကြသောအခါ ပန်ဘဲလ်ချူက ကျွန်တော့်ကြောင့် အစ်မဖြစ်သူ၌ များစွာ ဂုဏ်သိက္ခာ တက်ခဲ့ရသည့် အဖြစ်ကို အစ်မကြားပါစေတော့ဟူသော စေတနာဖြင့် ကျွန်တော့်အကြောင်းကို ထည့်သွင်း ပြောဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ ကျွန်တော်ကြီးပွားရာ ကြီးပွားကြောင်းအတွက် အသက်ကိုပင် စတေး၍ မွေးကျွေးခဲ့ရသည့် အဖြစ် ကို ကျွန်တော့်အစ်မ စဉ်းစားမိလိမ့်မည်ဟုပင် သူ ယူဆကြောင်း စသည်ဖြင့် ကျွန်တော့်အား ရှင်းပြနေပါသေးသည်။ ထိုစကား ပြောပြီးသောအခါ ပန်ဘဲလ်ချူသည် အကောင်းစား ရှယ်ရီဝိုင်ကို သူတစ်ယောက်တည်း ဒိုင်ခံ၍ ကုန်အောင်သောက်သည်။ မစ္စတာဟပ်ဘဲလ်က ပို့ဝိုင်ကို တစ်စက်မျှ မကျန်အောင် သောက်သည်။ နှစ်ယောက်သား စကားပြောလိုက်ကြသည် မှာလည်း ကျွက်ကျွက်ညံလျက် ရှိ၏။ နောက်ဆုံး ပြောစရာစကားများ ကုန်၍ သောက်စရာဝိုင် မကျန်တော့သည့် အခါ မစ္စတာဟပ်ဘဲလ်တို့ လင်မယားနှင့် အတူ ပြန်သွားကြသည်။ ပန်ဘဲလ်ချူသည် ဘယ်နည်းနှင့် မှ အိမ်ကို ပြန်လိမ့်ဦးမည် မဟုတ်။ လူပျော်လေ့သမားသုံးဦး စားသောက်ဆိုင်တွင် တစ်ထောက်ဝင်နားဦးမည်မှာ သေချာသည်။ စားသောက်ဆိုင်တွင် စားရင်းသောက်ရင်းနှင့် တွေ့သမျှမြင်သမျှ လူများအား ကျွန်တော် ကြီးပွားချမ်းသာသွားသည်မှာ သူ့ကြောင့် ဖြစ်ပါသည် ဟုလည်းကောင်း၊ သူသည် ကျွန်တော်၏ အဦးဆုံးကျေးဇူးရှင်ကြီး ဖြစ်ပါသည် ဟုလည်းကောင်း ပြောပြနေပေလိမ့်မည်။

သူတို့ သုံးယောက် ထွက်ခွာသွားပြီးသောအခါ ထရက်ဘ်နှင့် သူ့တပည့်များသည် သူတို့ ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးပြီး ပြန်သွားကြသည်။ လူစိမ်းသူစိမ်းများ ရှင်းလင်းသွားပြီး မကြာခင်မှာပင် ဘစ်ဒီ၊ ဂျိုးနှင့် ကျွန်တော်တို့သည် ညစာစားကြသည်။ ညစာကို စားနေကျ မီးဖိုခန်း ထဲ၌ မစားဘဲ ဧည့်ခန်းထဲမှာပင် စားလိုက်ကြသည်။ ဂျိုးသည် ဓား၊ ဇွန်း၊ ခက်ရင်းနှင့် ဆားခွက်များ

သုံးရာ၌ အမှားအယွင်း မရှိအောင် သတိကြီးစွာထား၍ စားသောက်နေပြန်သဖြင့် ကျွန်တော်နှင့် ဘစ်ဒီမှာ များစွာ အနေခက်နေရပါသေးသည်။ ညစာစားအပြီးတွင် မူ ကျွန်တော် နှင့် ဂျိုးသည် ပန်းပဲဖိုထဲသို့ လျှောက်ကြည့်သည်။ ထို့နောက် ပန်းပဲဖိုအပြင်ဘက်ရှိ ထိုင်နေကျ ကျောက်တုံးကြီးပေါ်၌ ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြသည်။ ဤအချိန်ကျတော့လည်း ဂျိုးသည် ဟိုတုန်းကအတိုင်းပင် ဖြစ်သည်။ ဈာပနအခမ်းအနား ပြီးကတည်းက အဝတ်အစားသစ်များကို အဝတ်ဟောင်းများ နှင့်လဲဝတ်ထားပြီး ဖြစ်၍ ဂျိုးသည် ပုံမှန်အနေအထားသို့ ပြန်ရောက်နေပြီဖြစ်ရာ ကျွန်တော့်မျက်စိထဲတွင် ဂျိုးသည် ဂျိုးနှင့် တူသော လူတစ်ယောက် ပြန်၍ ဖြစ်နေခဲ့လေပြီ။

ကျွန်တော် ငယ်ငယ်က အိပ်ခဲ့သော အခန်းကလေးထဲ၌ အိပ်ချင်သည် ဟု ကျွန်တော်က ပြောပြသောအခါ ဂျိုးသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှာသည်။ သူ ဝမ်းမြောက်ဝမ်းသာသည် ကို ကြည့်ပြီး ကျွန်တော်ကိုယ်တိုင်လည်း စိတ်ချမ်းသာခဲ့ရပါ၏။ တကယ်တော့ ထိုညက ကျွန်တော် ထိုအခန်းကလေး၌ အိပ်ခဲ့ခြင်းသည် ကျွန်တော့်ဘဝ တစ်သက်တာတွင် စိတ်ချမ်းသာစရာ အကောင်းဆုံးနှင့် အမြင့်မြတ်ဆုံးသောအလုပ်တစ်ခုကို လုပ်ခဲ့ခြင်းဖြစ်သည် ဟုပင် ယုံကြည်မိပါသည်။

အမှောင်ရိပ်များသည် သိပ်သည်းစွာ ကျရောက်လာသည်။ ထိုအချိန်ကျမှပင် ကျွန်တော်သည် ဘစ်ဒီနှင့် အတူ အိမ်ဘေးရှိ ဥယျာဉ်ကလေး ထဲ၌ လမ်းလျှောက်ရင်း စကားပြောခွင့် ရခဲ့လေသည်။

"အခုဖြစ်ပြီးတဲ့ ကိစ္စတွေကို စောစောကတည်းက မင်း ငါ့ဆီကို စာရေးပြီး အသိပေးသင့်တယ်လို့ ထင်မိတယ်... ဘစ်ဒီ" ဟု ကျွန်တော်က ပြောမိသည်။

"သြော်... ရှင် အဲသလိုပဲ ထင်သလား မစ္စတာပစ်ပ်" ဟု ဘစ်ဒီက ပြန်မေးသည်။

"အင်းပေါ့လေ။ ရှင်တွေးသလို တွေးမိခဲ့ရင်တော့ ကျွန်မ မ နေပါဘူး၊ စာရေးဖြစ်ခဲ့မှာပါ"

"အမှန်အတိုင်း ပြောရရင်တော့ မင်း အဲသလို တွေးခဲ့မိဖို့ သင့်တယ် လို့ ငါကတော့ ထင်တာပဲ၊ ဒီလိုစကားမျိုး ပြောလို့ ကိုယ်ချင်းစာတရား မရှိလေခြင်းလို့တော့ မထင်စေချင်ဘူး"

"သြော်. ရှင် အဲသလိုပဲ ထင်သလား မစ္စတာ ပစ်ပ်"

ဘစ်ဒီသည် ယခင်ကလို မဟုတ်။ အလွန်နူတ်ဆိတ်သည်။ နေပုံထိုင်ပုံကလည်း အေးဆေးတည်ငြိမ်သည်။ သဘောလည်း ပို၍ ကောင်း လာပုံ ရ၏။ ရုပ်ရည်ကလည်း ပို၍ ချော ပို၍ လှလာသည်။ ကျွန်တော် သူ့ကို မျက်ရည်ကျအောင်တော့ မလုပ်ရက်တော့ပါ။ သူသည် မျက်လွှာများကို ချကာ ကျွန်တော့်ဘေးမှ ငြိမ်ဆိတ်စွာ လိုက်လာလျက် ရှိသည်။ ကျွန်တော့်အနေဖြင့် သူ့အပြုအမူကို တစ်ချက်မျှ အကဲခတ်ကာ ထိုအကြောင်းကို ဆက်မပြောရန်

ဆုံးဖြတ်လိုက်ပါသည်။

"အခုပုံအတိုင်း ဆိုရင်တော့ မင်း ဒီအိမ်မှာ ဆက်နေလို့ မဖြစ်တော့ဘူးလို့ ထင်တယ် ဘစ်ဒီ"

"ဟုတ်တယ် မစ္စတာပစ်ပ်၊ ကျွန်မ ဆက်နေလို့ မဖြစ်တော့ဘူး" ဟု ဘစ်ဒီက ဝမ်းနည်းကြေကွဲသံ ဖြင့် ပြောသည်။ "ကျွန်မရဲ့ နေရေးထိုင် ရေးအတွက် မစ္စက်ဟပ်ဘဲလ်နဲ့ ပြောပြီးပြီ။ ကျွန်မ သူ့ဆီကို မနက်ဖြန် ရွှေ့မယ်၊ မစ္စတာဂါဂရီကို နေသားတကျ ဖြစ်သွားအောင်တော့ ကျွန်မတို့ က လိုအပ်သလို ကူညီစောင့်ရှောက်သွားနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားတာပဲ"

"မင်းကျတော့ ဘယ်လိုနေထိုင်သွားမှာလဲ ဘစ်ဒီ၊ တကယ်လို့ မင့်အနေနဲ့ အကူအညီလိုမယ်..."

"ကျွန်မ ဘယ်လိုနေထိုင်သွားမလဲတဲ့၊ ဟုတ်လား" ဟု ဘစ်ဒီက တစ်မျက်နှာလုံး နီရဲကာ ရေရွတ်သည်။ "ကျွန်မ ပြောပြမယ် မစ္စတာပစ်ပ်၊ အခု ရွာထဲမှာ ဆောက်နေတဲ့ ကျောင်းသစ်ဟာ ပြီးတော့မယ်၊ အဲဒီကျောင်းမှာ ကျွန်မ ဆရာမ ဝင်လုပ်နိုင်ဖို့ ကြိုးစားမယ်၊ ရွာထဲက လူတွေကတော့ ကျွန်မကို ထောက်ခံကြမှာပါ၊ ကျွန်မအနေနဲ့ ကတော့ ဖွဲကောင်းကောင်း လို့လဝီရိယရှိရှိနဲ့ သည်းခံအောင့်အည်းပြီး နေနိုင်တဲ့ စိတ်ရှိပါတယ်။ သူများတွေကို ပညာသင်ပေးရင်းနဲ့ ကိုယ့်အတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပညာရှာမယ်ဆိုရင် ကျွန်မ မျှော်မှန်းထားတဲ့ အခြေအနေကို တစ်နေ့ရောက်ရမှာပေ့ါ။ မဟုတ်ဘူးလား... မစ္စတာပစ်ပ်ရယ်" ဘစ်ဒီ က ကျွန်တော့်မျက်နှာကို မော့ကြည့်ပြီး ပြုံးချိုသော မျက်နှာထားဖြင့် ပြောသည်။ "ကျောင်းသစ်တွေဟာ ကျောင်းဟောင်းတွေနဲ့ မတူဘူး၊ နောက်ပိုင်းကျတော့ ရှင့်ဆီကလည်း ကျွန်မ အများကြီး သင်ယူနိုင်တာပဲ၊ ဒီလိုဆိုရင် ကျွန်မ အခြေအနေက အများကြီးကို တိုးတက်လာမှာပေ့ါ "

"ဘယ်လိုအခြေအနေမျိုးတွေနဲ့ ကြုံရကြုံရ မင်းဟာ အမြဲတိုးတက်နေတယ်လို့ ထင်ပါတယ် ဘစ်ဒီရယ်"

"ဒါပေ့ါလေ၊ လူ့သဘာဝအရ တည်ရှိနေတဲ့ စိတ်ဆိုးစိတ်ညစ်တွေက လွဲရင်ပေါ့" ဟု ဘစ်ဒီက ရေရွတ်သည်။

ဤပြဿနာမှာ မူ ကဲ့ရဲ့ ပြစ်တင်စရာ မရှိဟုပင် ကျွန်တော် ယူဆသည်။ ထို့ကြောင့်လည်း ဤအကြောင်းကို အကျယ်တဝင့် ဖြစ်လာအောင် ဆက်ပြောနေဖို့ မလိုဟု ထင်သည်။ ဆက်၍ လျှောက်လာနေရင်းမှပင် မျက်နှာကို ငုံ့ကာ သူ့အတွေးနှင့် သူ လျှောက်လာနေသော ဘစ်ဒီကို ကြည့်လာမိပါသည်။

"အစ်မ ဘယ်လိုဖြစ်ပြီး သေရတယ်ဆိုတာ အခုအချိန်အထိ အသေးစိတ် မသိရသေးဘူး ဘစ်ဒီ"

သူ့အဖြစ်က သနားစရာပါ။ ပထမတော့ အဆိုးရွားဆုံး အခြေအနေ ကနေပြီး နည်းနည်း သက်သာလာသလိုပဲ၊ အဲဒီကြားထဲကပဲ လေးရက်တိတိ ပြန်ဖောက်လာတယ်၊ လေးရက်မြောက်တဲ့ ညနေပိုင်း လက်ဖက်ရည်သောက်ချိန်မှာ

သူ့ဘာသာသူ အခန်းထဲက ထွက်လာပြီး ဂျိုးလို့ ပီပီ သသကြီး အော်ခေါ်တယ်၊ ကျွန်မက သူ ဘာပြောမလဲလို့ စောင့်ကြည့်နေတယ်။ ဘာမှ ဆက်မပြောဘဲ ရပ်နေတာ ကြာတော့ ပန်းပဲဖိုဘက်ပြေးသွားပြီး ဂျိုးကို ဆွဲခေါ်လာခဲ့တယ်၊ သူက ဂျိုးကို အနားကပ်ပြီး ထိုင်ခိုင်းပါလို့ ကျွန်မကို လက်ဟန်ခြေဟန်နဲ့ ပြတယ်၊ ပြီးတော့ သူ့လက်နှစ်ဖက်ကို ယူပြီး ဂျိုးရဲ့ လည်ပင်းကို သိုင်းဖက်ပေးပါတဲ့၊ ကျွန်မကလည်း သူခိုင်းတဲ့ အတိုင်း လုပ်ပေးလိုက်ပါတယ်။ အဲဒီတော့ သူက ဂျိုးရဲ့ ပခုံးပေါ်မှာ ခေါင်းကလေးမှီပြီး ကျေနပ်နေတယ်။ စိတ်ချမ်းသာတဲ့ အရိပ်လက္ခဏာလည်း ပြတယ်။ အတော်ကလေးကြာတော့မှ ဂျိုးလို့ ထပ်ခေါ်တယ်။ ခွင့်လွှတ်ပါ လို့လည်း ပြောတယ်။ ပြီးတော့ ပစ်ပ် ဆိုတဲ့ စကား ပြောသည်။ အဲဒါပဲ၊ နောက်တော့ သူ့ခေါင်း မထူနိုင်တော့ဘူး၊ သူ့ ကို အိပ်ရာပေါ် ပြန်ပို့ပေးရတယ်၊ အိပ်ရာပေါ်ရောက်ပြီး တစ်နာရီလောက်ကြာတော့ သူဆုံးတာပဲ"

ဘစ်ဒီက ပြောရင်းဆိုရင်း ရှိုက်ကြီးတငင် ငိုရှာသည်။ မှောင်မိုက်နေသော ဥယျာဉ်၊ ထိုဥယျာဉ်အတွင်းရှိ လူသွားလမ်းကလေးနှင့် ကောင်းကင်းယံရှိ ထွက်စပြုနေသော ကြယ်များသည် ကျွန်တော့်မျက်စိထဲတွင် မှုန်ဝါးဝါး ဖြစ်လျက် ရှိကြလေသည်။

"အစ်မကို ရိုက်သွားတဲ့ လူနဲ့ ပတ်သက်လို့ကော နောက်ထပ် ဘာထူးသေးသလဲ ဘစ်ဒီ"

"ဟင့်အင်း။ ဘာမှ မထူးဘူး"

"အောလစ်ဆိုတဲ့ ကောင်နဲ့ ပတ်သက်လို့ ကော ဘာများ ကြားသေးလဲ"

"သူဝတ်ထားတဲ့ အကျီနဲ့ ဘောင်းဘီအရောင်ကို မြင်ရတဲ့ အတိုင်း ဆိုရင်တော့ သူ ကျောက်တွင်းအလုပ်သမား လုပ်နေပုံ ပေါ်တယ်"

"ဒီလိုဆို မင်း သူ့ကို တွေ့တွေ့နေရတယ် ဆိုပါတော့ ဟုတ်လား၊ နေပါဦး... မင်း ဟိုလမ်းထိပ်က သစ်ပင်ကို ဘာပြုလို့ လှမ်းကြည့်လိုက်တာလဲ"

"ကျွန်မ သူ့ကိုတွေ့တာ အဲဒီသစ်ပင်အောက်မှာပေ့ါ၊ ရှင့်အစ်မသေတဲ့ ညက ဆိုရင် သူ အဲဒီနေရာမှာ ရှိနေတယ်"

"အဲဒါ သူ့ကို နောက်ဆုံးအကြိမ် တွေ့ရတာပဲလား ဘစ်ဒီ"

"မဟုတ်ဘူး၊ ကျွန်မတို့ နှစ်ယောက် ဒီဥယျာဉ်ထဲ ဝင်လာကတည်း က သူ အဲဒီနေရာမှာ ရှိနေတယ်၊ ပြောလိုက်ရင် တစ်မျိုးဖြစ်ကုန်မှာ စိုးလို့ မပြောတာ" သစ်ပင်ဘက်သို့ ပြေးသွားရန် ဟန်ပြင်လိုက်သော ကျွန်တော်၏ လက်မောင်းကို ဘစ်ဒီက သူ့လက်တစ်ဖက်ဖြင့် လှမ်းဆွဲထားသည်။ "ကျွန်မ ရှင့်ကို လိမ်မပြောပါဘူး၊ ယုံပါ၊ သူ အခု အဲဒီနေရာမှ မရှိတော့ဘူး၊ ထွက်သွားပြီ"

အောလစ်သည် ယခုအချိန်အထိ ဘစ်ဒီကို ပိုးသလိုပန်းသလို လုပ်နေဆဲဖြစ်ကြောင်း ဘစ်ဒီက ပြောပြ၍ သိလိုက်ရသောအခါ အကြီးအကျယ် ဒေါသဖြစ်မိသည်။ အောလစ်အပေါ်၌ ရွံရှာစက်ဆုပ်သောစိတ် သည် တိုး၍ ဖြစ်ပေါ်လာသည်။ ကျွန်တော်က ကျွန်တော့်စိတ်ထဲ၌ ဖြစ်ပေါ်လာသမျှ ကို

ဘစ်ဒီအား ပြောပြသည်။ အောလစ် ဤနယ်အတွင်းမှ ထွက်သွားစေရန် ငွေကြေးမည်မျှအပဲ ကုန်ကုန် အကုန်ခံ၍ လုပ်မည်ဟုပင် ကြိမ်းဝါးမိသည်။ ဘစ်ဒီက ကျွန်တော့်စိတ်ပြေအောင် အားထုတ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘစ်ဒီနှင့် စောစောကလို အေးအေးသာသာ စကားပြောလာနိုင်ခဲ့သည်။ ဂျိုးအနေဖြင့် ကျွန်တော့်ကို အလွန်ချစ်ကြောင်း၊ ကျွန်တော် ဘာပဲလုပ်လုပ် အပြစ်မပြောကြောင်း ဘစ်ဒီက ပြောသည်။ ဘစ်ဒီက ဂျိုးအပေါ်၌ ကျွန်တော် ဘာတွေလုပ်ခဲ့သည် ကိုတော့ မပြောပါ။ ဘစ်ဒီ ဘာဆိုလိုသည် ကို ကျွန်တော် သိပြီးသား ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ဂျိုးသည် သူ၏ ဘဝပေး တာဝန်ကို အမြဲတစေ ကျေပွန်အောင် လုပ်ကိုင်နေသူ ဖြစ်ကြောင်း၊ အလွန်သိမ်မွေ့ နူးညံ့သော နှလုံးသား၊ အလွန်စကားနည်းသော လျှာနှင့် အလွန်သန်စွမ်းသော လက်များဖြင့် သူ့ဘဝလမ်းကြောင်းပေါ်တွင် ရိုးသားဖြောင့်မတ်စွာ လျှောက်သွား နေသူတစ်ဦး ဖြစ်ကြောင်း ဘစ်ဒီက ကျွန်တော် နားလည်သဘောပေါက်အောင် ရှင်းပြနေသည်။

"ကိုယ်လည်း သိပါတယ် ဘစ်ဒီ၊ သူ့အကြောင်းကို ဒီလောက်အထိ ပြောပြနေဖို့ မလိုပါဘူး" ဟု ကျွန်တော်က ပြန်ပြောသည်။ "ကိုယ်လည်းပဲ ဒီကို မကြာမကြာ လာမှာပါ၊ ဂျိုးဟာ အင်မတန် သနားစရာကောင်းပါတယ်၊ သူ့ကို တစ်ယောက်တည်း ပစ်မထားပါဘူး ဘစ်ဒီရယ်"

ဘစ်ဒီက တစ်ခွန်းမှ ပြန်မပြော။

"ဒီမယ် ဘစ်ဒီ၊ ပြောနေတာ ကြားရဲ့လား"

"ကြားပါတယ် မစ္စတာပစ်ပ်"

"ကိုယ့်ကို မစ္စတာပစ်ပ် လို့ မခေါ်ပါနဲ့၊ အဲသလိုခေါ်တာဟာ ကိုယ့်ကို စော်ကားနေသလိုပဲ၊ အခု လုပ်နေပုံကတော့ ဘာသဘောလဲ"

"အခုလုပ်နေတာ... ဘာသဘောလဲ... ဟုတ်လား" ဘစ်ဒီက နားမလည်ဟန်ဖြင့် ပြန်မေးသည်။

"ဟုတ်တယ်... ဘစ်ဒီ၊ အခုလုပ်နေတာ တစ်မျိုးပဲ၊ ဘာသဘောနဲ့ လုပ်နေတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပြဖို့ မေတ္တာရပ်ခံပါရစေ"

"အခုလုပ်နေတာ၊ ဟုတ်လား၊ ဘာများ လုပ်မိလို့ပါလိမ့်" ဟု ဘစ်ဒီ က ရေရွတ်သည်။

"ဒီမယ်... ဘစ်ဒီ၊ ကိုယ့်စကားကို သံယောင်လိုက်လိုက်ပြီး မပြောပါနဲ့၊ အလျင်တုန်းက မင့်မှာ ဒီအကျင့် မရှိပါဘူး"

"ဒီအကျင့်မရှိဘူး ဟုတ်လား" ဟု ဘစ်ဒီက ရေရွတ်ပြန်သည်။ "အို... မစ္စတာပစ်ပ်ရယ်"

ဤစကားကို ဆက်ပြောနေလျှင် သူနှင့် ကျွန်တော်ကြား၌ အတင်အကျ ရှိလာပေတော့သည်။ သို့ဖြင့် ကျွန်တော်သည် ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်ဆိတ်နေလိုက်ပါသည်။ အတန်ကြာမှ ထိုအကြောင်းကို ပြန်၍ ဆက်မိပြန်သည်။

"ဘစ်ဒီ၊ ကိုယ်ဒီလို မကြာမကြာ လာပြီး ဂျိုးနဲ့ တွေ့မယ်လို့ စောစော က

ပြောခဲ့တယ်၊ မင်းက ဘာတစ်ခွန်းမှ ပြန်မပြောဘူး၊ ငြိမ်နေတယ်၊ အဲဒါ ဘာပြုလို့လဲ။ မလိမ်မညာဘဲ အမှန်အတိုင်းသာ ပြောပြစမ်းပါ"

"ဂျိုးဆီကို မကြာမကြာ လာလည်ပါမယ်ဆိုတဲ့ စကားဟာ ရှင့်စိတ်ရှင် ပိုင်ပိုင်နိုင်နိုင် ရှိနေလို့ ပြောတာလား" ဘစ်ဒီက လူသွားလမ်း၊ လမ်းကျဉ်းကလေးပေါ်တွင် ဖျတ်ခနဲ ရပ်လိုက်ပြီး မေးခွန်းပြန်ထုတ်သည်။ ပြီးတော့ ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ လင်းလက်နေသော ကြယ်ရောင်များ အောက်ရှိ သူ့မျက်လုံးအစုံသည် ရိုးသားဖြူစင်ခြင်းကို အထင်အရှား ဖော်ပြနေကြလေသည်။

"ဖြစ်မှ ဖြစ်ရလေတယ်.. ကွာ" ဟု ကျွန်တော်က ဘစ်ဒီအပေါ် စိတ်ကုန်သွားသည့် လေသံဖြင့် ရေရွတ်လိုက်သည်။ "အခုစကားဟာ လူ့သဘာဝရဲ့ အဆိုးရွားဆုံး စိတ်နေစိတ်ထားကို ဖော်ပြလိုက်တာပဲ၊ ထပ်မပြောနဲ့တော့ ဘစ်ဒီ၊ ဒီစကားမျိုးကို မင်းမို့ ပြောရက်တယ်၊ ငါဖြင့် အတော်ကို တုန်လှုပ်ရတယ်"

ဤအဖြစ်ကြောင့် ဘစ်ဒီအပေါ်၌ မကျေမနပ်ဖြစ်နေသော ကျွန်တော်သည် ထိုညက ညလယ်စာ စားကြသည့် အချိန်မှ စ၍ ဘစ်ဒီနှင့် ကင်းနိုင်သမျှ ကင်းအောင် ရှောင်ပါသည်။ ထိုညက ကျွန်တော့်အခန်းကလေး ထဲ ရောက်၍ အိပ်သည့် အခါတွင်လည်း အိပ်၍ မပျော်ပါ။ အိပ်မပျော်တိုင်း ဘစ်ဒီပြောလိုက်သည့် စကားကို သတိရနေမိသည်။ သူပြောလိုက်သော စကားသည် မည်မျှလောက် အကြင်နာကင်းမဲ့ပါသနည်း။ မည်မျှလောက် နာကြည်းစရာ ကောင်းပါသနည်း။ ကိုယ်ချင်းစာတရား လုံးဝ ကင်းမဲ့သော စကားဟုပင် ထင်၏။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန်နံနက် စောစောစီးစီး ပြန်ရမယ်၊ နောက်နေ့ နံနက်တွင် ကျွန်တော် အစောကြီး အိပ်ရာမှ ထသည်။ အပြင်သို့ ထွက်ကာ ပတ်ဝန်းကျင်ကို မျှော်ကြည့်မိသည် ပန်းပဲဖို ပြတင်းတံခါးများမှာ ပွင့်နေကြလေပြီ။ ကျွန်တော်သည် ထိုနေရာတွင် မိနစ်အတန်ကြာမျှ ရပ်နေမိပါသည်။ ပန်းပဲဖိုထဲရှိ တစ်ရှိန်ရှိန် တညီးညီး တောက်လောင်နေသော ဖိုကြီးများ ရှေ့၌ အားကြိုးမာန်တက် အလုပ်လုပ်နေသည့် ဂျိုးကို မြင်ရ၏။ ဂျိုး၏ ဘဝသည် ကြည်လင်ဝင်းလက်သော ရောင်ခြည်များဖြင့် တထိန်ထိန်တညီးညီး တောက်ပနေသည် ဟု ထင်ရပါသည်။

"သွားတော့မယ် ဂျိုး" ဟု ကျွန်တော်က နှုတ်ဆက်သည်။ "ကိစ္စမရှိပါဘူးဂျိုးရာ၊ ခင်ဗျားလက်ကို သုတ်မနေပါနဲ့၊ လက်တွေ မည်းနေတော့ကော ဘာဖြစ်လဲ၊ ပေးသာ ပေးစမ်းပါ၊ ကဲ... သွားမယ်၊ ကျွန်တော် ခင်ဗျားဆီကို မကြာ မကြာ လာလည်ပါ့မယ်၊ စိတ်ချပါ"

"ချက်ချင်းကြီး ပြန်လာဖို့တော့ မလိုပါဘူး.. ဗျာ" ဟု ဂျိုးက ပြန်ပြောသည်။ "မအားရင် ခဏခဏ လာဖို့လည်း မလိုပါဘူး ပစ်ပ်ရယ်"

ဘစ်ဒီသည် နွားနို့တစ်ခွက်နှင့် ပေါင်မုန့်တစ်ချပ်ကို ကိုင်ကာ မီးဖိုချောင်တံခါးဝမှ ရပ်၍ ကျွန်တော့်အား စောင့်ကြိုလျက် ရှိသည်။ ကျွန်တော်က သူ့ကို နှုတ်ဆက်ရန် ကျွန်တော့်လက်ကို ကမ်းပေးသည်။ " ကိုယ်စိတ်မဆိုးပါဘူး...

ဘစ်ဒီ၊ ဒါပေမဲ့ သိပ်ပြီး စိတ်ထိခိုက်ရတယ်"

"စိတ်တော့ မထိခိုက်စေချင်ဘူး" ဘစ်ဒီက အလွန်ကြေကွဲဝမ်းနည်းသော မျက်နှာထားဖြင့် ပြောသည်။ "ရှင့်အပေါ်မှာ ကျွန်မ အမြင်လွဲမိတယ်ဆိုရင်လည်း ခွင့်လွှတ်ပါ၊ စိတ်ထိခိုက်စရာရှိရင် ကျွန်မပဲ ထိခိုက်ချင်ပါတယ်"

သူတို့ အပါးမှ ကျွန်တော် ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်တွင် မြူနှင်းများ ဆိုင်းလျက် ရှိ၏။ အကယ်၍သာ သူတို့ နှစ်ယောက်သည် သူတို့ စိတ်ရှိသမျှကို ရင်ထဲ၌ မျိုသိပ်မထားဘဲ ဖွင့်ဟ၍ ပြောကြမည်ဆိုပါက ကျွန်တော် မကြာမကြာ လာလည်ပါမည်ဟူသော စကားအပေါ်၌ သံသယရှိနေကြကြောင်း ထုတ်ဖော်ပြောကြလိမ့်မည်ဟုပင် ထင်၏။ နောက်ဆုံးကျတော့လည်း ကျွန်တော် ဘာတွေပဲ ပြောခဲ့ပြောခဲ့ ဘစ်ဒီ၏ အတွေးအထင်သည် အတိအကျ မှန်ကန်လျက် ရှိသည်။ ကျွန်တော့်ဘက်မှ ပြောနိုင်သည့် စကား တစ်ခွန်းသာ ရှိတော့သည်။ ဤကိစ္စတွင် ဂျိုး ရော ဘစ်ဒီပါ နှစ်ဦးစလုံး၏ အထင်သည် မှန်ကန်သည် ဟူသောစကားပင် ဖြစ်၏။

*****

(၃၆)

အကြွေးနှင့် ပတ်သက်၍ ဟားဘတ်နှင့် ကျွန်တော်တို့၏ အခြေအနေသည် အဆိုးဆုံးအဆင့်သို့ ရောက်လာသည်။ ကျွန်တော်တို့၏ အကြွေးများမှာ လျော့သွားသည် မရှိ။ တိုးသည်ထက် တိုးလာနေသည်။ ကျွန်တော်တို့သည် အကြွေးစာရင်းများကို လုပ်နေကျအတိုင်း လုပ်ကြသည်။ ငွေပိုဆောင်းခြင်းကိုလည်း ပြုမြဲအတိုင်း ပြုကြသည်။ အကြွေး ကလည်း တက်မြဲတိုင်း တက်သည်။ အချိန်ကလည်း ကုန်မြဲအတိုင်း ကုန်လျက် ရှိသည်။ ဤသို့ဖြင့် ကျွန်တော်သည် လူလားမြောက်ကာ အရွယ်ရောက်လာခဲ့လေ၏။

ဟားဘတ်သည်လည်း ကျွန်တော့်ကဲ့သို့ပင် အရွယ်ရောက်လာသည်။ သူက ကျွန်တော့်ထက် ရှစ်လစော၍ အရွယ်ရောက်သည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော်ရော ဟားဘတ်ပါ နှစ်ဆယ့်တစ်နှစ် ပြည့်မည့် ကျွန်တော့်မွေးနေ့ကို စိတ်ဝင်စားစွာဖြင့် တမျှော်မျှော် ဖြစ်နေခဲ့ကြသည်။ ထိုနေ့ ထိုရက်တွင် ကျွန်တော်၏ အုပ်ထိန်းသူ မစ္စတာဂျက်ဂါးထံမှ တိကျပြတ်သားသော စကားတစ်ခွန်းကိုတော့ ကြားရ လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။

ကျွန်တော့်မွေးနေ့ကိုတော့ လစ်တစ်လ်ဘရီတိန်လမ်းထဲရှိ မစ္စတာဂျက်ဂါးတစ်ယောက် မေ့သွားလိမ့်မည် မဟုတ်ဟုပင် ကျွန်တော် ထင်သည်။ ကျွန်တော် ထင်သည့် အတိုင်းပင် ကျွန်တော့်မွေးနေ့ မတိုင်မီတစ်ရက်တွင် ဝင်းမစ်ထံမှ စာတစ်စောင် ရောက်လာရသည်။ နောက်တစ်နေ့ မွန်းလွဲပိုင်း ငါးနာရီတိတိတွင် မစ္စတာဂျက်ဂါးက တွေ့လိုသဖြင့် ရုံးခန်း သို့ လာရောက်စေလိုပါသည် ဟု စာက ဆိုသည်။ ဤအတိုင်းဆိုပါက ကျွန်တော့်ဘဝတွင် အလွန်ထူးခြား၍ ထင်ရှားကြီးကျယ်သော အဖြစ်တစ်ခုသည် ပေါ်ပေါက်လာတော့မည်ဟု မျှော်လင့်ရ၏။ မစ္စတာဂျက်ဂါး ချိန်းထားသည့် နေ့တွင် ကျွန်တော်သည် အလွန်အမင်း စိတ်လှုပ်ရှားစွာဖြင့် သူ့ရုံးခန်းသို့ ရောက်သွားခဲ့ပါသည်။

အပြင်ရုံးခန်းမှ နေ၍ ဝင်းမစ်က ကျွန်တော့်အား ဆီးကြို၍ ဝမ်းသာစကား ပြောသည်။ သို့သော်လည်း ဘာကိစ္စကြောင့်ခေါ်သည် ကိုတော့မပြော။ ကျွန်တော့်အုပ်ထိန်းသူ၏ အခန်းဘက်ကိုသာ ခေါင်းတစ်ချက် ဆတ်ပြသည်။ အချိန်မှာ နိုဝင်ဘာလဖြစ်၍ ကျွန်တော့် အုပ်ထိန်းသူသည် ဆောင်းမီးဖိုကို ကျောပေး၍ ရပ်နေသည်။

"ဩော်.. ပစ်ပ်ပါလား" ဟု သူက ရေရွတ်သည်။ "ငါ မင့်ကို ကနေ့က စပြီး မစ္စတာပစ်ပ်လို့ ခေါ်ရတော့မယ်၊ မင့်အတွက် အထူးပဲ ဝမ်းသာပါတယ်၊ မစ္စတာ ပစ်ပ်"

ကျွန်တော်တို့ လက်ချင်းဆွဲ၍ နှုတ်ဆက်ကြသည်။ အဆမတန်ကြီးမားသော လက်ကြီးများကို ပိုင်ဆိုင်သည့် မစ္စတာဂျက်ဂါးသည် လက်ချင်းဆွဲ၍ နှုတ်ဆက်သည့် အခါများတွင် တစ်ဖက်လူ၏ လက်ကို အကြာကြီး ဆွဲကိုင်မထားတတ်သည်မှာ သူ၏

ထူးခြားသော အလေ့အကျင့်တစ်ခု ဖြစ်သည်။ ထိုအကျင့်အတွက် ကျွန်တော် သူ့ကို ကျေးဇူးတင် မိပါသည်။

"ကဲ... မိတ်ဆွေလေးရေ" ဟု မစ္စတာဂျက်ဂါးက စကားစသည်။ သူ့လေသံမှာ ကျွန်တော့်အား တရားခွင်မှ သက်သေတစ်ဦးဟု သဘောထားဟန် ရှိ၏။ "ကျုပ် မင်းနဲ့ စကားတစ်ခွန်းပြောစရာ ရှိတယ်"

"ပြောစရာရှိရင် ပြောနိုင်ပါတယ် ခင်ဗျာ"

မစ္စတာဂျက်ဂါးသည် သူ့ခေါင်းကို ရှေ့သို့ငုံ့ကာ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ထို့နောက် ဦးခေါင်းကို ပြန်မော့လိုက်ပြီး နောက်သို့ လှန်လိုက်ကာ မျက်နှာကြက်ဆီသို့ ငေး၍ စဉ်းစားသလို လုပ်နေပြီးမှ "မိတ်ဆွေလေးအနေနဲ့ အခု တစ်လ ဘယ်လောက်နှုန်း ငွေသုံးစွဲနေပါသလဲ"

"တစ်လ ဘယ်လောက်နှုန်း"

"အေး... ဟုတ်တယ်၊ မင်း သုံးစွဲနေတဲ့ နှုန်းကို ပြောတာ" ဟု မစ္စတာဂျက်ဂါးက ထပ်ပြောသည်။ သူသည် အခန်းပတ်ဝန်းကျင်ကို တစ်ချက် မျှဝေ့ကြည့်လိုက်ပြီး လက်ထဲမှ လက်ကိုင်ပဝါဖြင့် နှာခေါင်းကိုအုပ်၍ နှပ်ညှစ်တော့မလိုလို ဟန်ပြင်နေသည်။

ကျွန်တော့်အနေနဲ့ ကိုယ်ရေးကိုယ်တာကိစ္စများကို အမြဲတစေ ဆင်ခြင်သုံးသပ်လေ့ ရှိသူ ဖြစ်၏။ သို့ပါသော်လည်း ကျွန်တော် တစ်လတစ်လ မည်မျှလောက်အထိ သုံးစွဲနေမိသည် ကိုမူကား မပြောတတ်ပါ။ သူ့မေးခွန်းကို ကျွန်တော် မဖြေတတ်ပါဟု အမှန်အတိုင်း ဝန်ခံလိုက်ရပါသည်။ ဤအဖြေကို ကြားရသောအခါ မစ္စတာဂျက်ဂါးသည် အတော်ကြီး ကျေနပ်သွားပုံ ရသည်။ "အင်း... ငါကလည်း ဒီလိုပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

"ကဲ... အခု ငါက မင့်ကို မေးခွန်းတစ်ခု ထပ်မေးပြီးပြီ၊ မင်း ငါ့ကို ဘာမေးစရာ ရှိသလဲ"

"အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော် မေးချင်နေတဲ့ မေးခွန်း တွေ အများကြီး ရှိနေပါတယ်ခင်ဗျာ၊ အဲဒီမေးခွန်းတွေကိုသာ မေးလိုက်ရရင် ကျွန်တော့်ရင်ဟာ အလွန့်ကိုပေါ့ သွားမှာပါ၊ ဒါပေမဲ့ မမေးရဘူး ပြောထားလို့ "

"မေးခွန်းတစ်ခုပဲ မေး" ဟု မစ္စတာဂျက်ဂါးက ပြောသည်။

"ကျွန်တော့်ကျေးဇူးရှင် ဘယ်သူဘယ်ဝါဆိုတာ ကနေ့ ကျွန်တော် သိရမလား"

"မသိရဘူး၊ တခြားတစ်ခုမေး"

"အဲဒီ လျှို့ဝှက်ချက်ကို ကျွန်တော် မကြာခင် သိရမလား"

"ဒါလည်းပဲ အခုမမေးနဲ့ ဦး၊ နောက်တစ်ခုမေး"

ကျွန်တော့်မှာ အကြံအိုက်လျက် ရှိ၏။ အခုပုံအတိုင်းဆိုပါက မေးစရာ တစ်ခုပဲ ရှိတော့သည်။ ထိုမေးခွန်းကို မမေးချင်၍လည်း မဖြစ်တော့၊ "ဒါဆိုရင် ကျွန်တော့်အနေနဲ့ တစ်ခုခုတော့ ရနိုင်စရာ ရှိပါသလား

ထိုမေးခွန်းကို ကြားရသောအခါ မစ္စတာဂျက်ဂါးသည် အလွန်အောင်မြင်ဝင့်ကြွားသော လေသံဖြင့် "ငါတို့ ဒီကိစ္စကို ပြောသင့်ပြီလို့ ထင်တယ်" ဟု ဆိုကာ ဝင်းမစ်အား လှမ်းခေါ်ပြီး သူပြောထားသည့် စာရွက် ယူလာရန် ခိုင်းသည်။ ဝင်းမစ်က အခန်းထဲသို့ ဝင်လာပြီး စာရွက်တစ်ရွက် ပေးကာ ပြန်ထွက်သွားလေသည်။

"ကဲ… မစ္စတာပစ်ပ်၊ ကျေးဇူးပြုပြီး ဂရုတစိုက် နားထောင်စေချင်တယ်၊ မင့်အနေနဲ့ လိုသမျှငွေကို လွတ်လွတ်လပ်လပ် ယူသုံးနေခဲ့တာ ကြာပြီ၊ ဝင်းမစ်ရဲ့ ငွေစာရင်း စာအုပ်ကြီးထဲမှာ မင့်နာမည်ကို မကြာခဏ တွေ့နေရတယ်၊ ဒါပေမဲ့လည်း မင့်မှာ အကြွေးတွေ တင်နေတယ်၊ ငါ ပြောတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်လို့ ဝန်ခံရတော့မှာပါပဲခင်ဗျာ"

"ဟုတ်ပါတယ်လို့ ဝန်ခံရမယ်ဆိုတာတော့ မင်း သိတယ် မဟုတ်လား" ဟု မစ္စတာဂျက်ဂါးက မေးသည်။

"သိပါတယ်ခင်ဗျာ"

"မင့်မှာ ကြွေးဘယ်လောက် တင်နေသလဲ ဆိုတာတော့ ငါ မမေးတော့ပါဘူး၊ မေးလည်း မင့်သိမှာမှ မဟုတ်တာ၊ တကယ်လို့ အတိအကျ သိနေရင်လည်း ဘယ်ရွေ့ဘယ်မျှ ရှိနေပါတယ်လို့ မင်း ပြောမှာ မဟုတ်ပါဘူး၊ ပြောခဲ့သည့် တိုင်အောင် အမှန်ပြောမှာ မဟုတ်ပါဘူး၊ လျှော့ပြောမှာ သေချာတယ်" ကျွန်တော်က ကြားဖြတ်ပြီး စကားပြောရန် ဟန်ပြင် လိုက်ရာ မစ္စတာဂျက်ဂါးက "ထားပါတော့၊ ထားပါတော့၊ ဒါက အကြောင်းမဟုတ်တော့ပါဘူး" ဟု ဆိုကာ ပြောလက်စ စကားကို ဆက်သည်။ "ကျွန်တော် လိမ်မပြောပါဘူးလို့ ပြောမလို့ မဟုတ်လား၊ လုပ်မနေပါနဲ့၊ မင်း လိမ်ပြောမှာပါပဲ၊ ဒီလိုပြောတဲ့ အတွက် ငါ့ကို မင်း ခွင့်လွှတ်ရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ငါက မင့်ထက်ပိုပြီး သိနေလို့၊ ကဲ… ရော ဟောဒီစာရွက်ကို ယူ၊ ဟုတ်ပြီ၊ မင်းလက်ထဲ ရောက်သွားပြီ၊ ကောင်းတယ်၊ ကဲ… ကဲ… ဖြန့်ကြည့်လိုက်ပါဦး၊ ပြီးရင် ဘာလဲဆိုတာ ငါ့ကိုပြောပါ"

"ပေါင်ငါးရာတန် ငွေစက္ကူတစ်ရွက်ပါ"

"အေး… မှန်တယ်၊ အဲဒါ ပေါင်ငါးရာတန် ငွေစက္ကူတစ်ရွက်ပဲ၊ အတော်ကြီးကို များတဲ့ ငွေလို့ ငါကတော့ ယူဆတယ်၊ မင်းကော အဲသလို တွေးမိရဲ့လား"

"ကျွန်တော့်အနေနဲ့ ကော တခြားဘာတွေးစရာ ရှိမှာလဲ"

"အာ… ဒီလို မဟုတ်သေးဘူး၊ ငါမေးတာကိုသာ ဖြေပါ" ဟု မစ္စတာဂျက်ဂါးက ပြောသည်။

"ကျွန်တော်လည်း အဲသလိုပဲ တွေးမိပါတယ်"

"အေး… ဟုတ်ပြီ၊ ဒီငွေ မနည်းဘူးဆိုတာ မင်းလည်း စဉ်စားတတ်ပြီ၊ ကဲ… အခု ငါပြောပြလိုက်မယ်၊ အဲဒီ ပေါင်ငါးရာဟာ မင်းရဲ့ ကိုယ်ပိုင်ငွေပဲ၊ မင်း လူလားမြောက်တဲ့ မင့်မွေးနေ့မှာ ပေးတဲ့ လက်ဆောင်ပဲ၊ မင့်စိတ်ထဲမှာ ရှိနေတဲ့

မျှော်လင့်ချက်တွေအတွက် အာမခံချက်တစ်ခုပဲ၊ နောက်ပိုင်းမှာ တစ်နှစ်ကို ပေါင်ငါးရာနှုန်း မင်းရမယ်။ ဒီထက်တော့ မပိုဘူး ဆိုတာ မင်း နားလည် ထားဖို့ လိုတယ်၊ အစုလိုက် အပြုံလိုက် မရသေးမီ အချိန်ကာလအထိ ဒီငွေနဲ့ မင်း လုံလောက်အောင် နေသွားဖို့ လိုတယ်၊ ငါဆိုလိုတဲ့ သဘောက မင့်ရဲ့ ငွေကြေးပြဿနာကို မင်းဘာသာ မင်း ကိုင်တွယ် ဖြေရှင်းသွားရမယ်၊ မင့်အနေနဲ့ ဝင်းမစ်ဆီက သုံးလတစ်ကြိမ် ပေါင်တစ်ရာနှစ်ဆယ့်ငါး ပေါင် ထုတ်နိုင်ခွင့် ရှိတယ်။ မင်းရဲ့ ကျေးဇူးရှင်နဲ့ တိုက်ရိုက်ဆက်သွယ်ခွင့် ရှိလာတဲ့ အချိန်အထိ ဒီပုံစံအတိုင်း နေသွားရလိမ့်မယ်။ အလျင်က ငါ မင့်ကို ပြောခဲ့ဖူးတဲ့ အတိုင်းပဲ၊ ငါကတော့ ကြားလူသက်သက်ပဲ၊ သူညွှန်ကြားတဲ့ အတိုင်း သူဆောင်ရွက်ပေး နေရတဲ့ သူ့ကိုယ်စားလှယ်ပဲ၊ ဒီလို လုပ်ကိုင်ပေးဖို့ အတွက်လည်း ငါ့ကို အခကြေးငွေပေးထားတယ်၊ အခု လုပ်ကိုင်နေပုံတွေကို ငါကတော့ အဆင်ခြင်ကင်းမဲ့တဲ့ ကြေးငွေပေးထားတယ်၊ ဒါပေမဲ့ ဒီလုပ်ရပ် တွေကြောင့် ပေါ်ပေါက်လာတဲ့ အကျိုးရှိမှု၊ မရှိမှုကို ဝေဖန်သုံးသပ်ပြီး အကြံဉာဏ် ပေးဖို့ ငွေပေးထားတာ မဟုတ်တော့ ငါ့အနေနဲ့ ဘာမှ ပြောပိုင်ခွင့် မရှိဘူး"

ကျွန်တော့်အပေါ်၌ ဤမျှလောက်အထိ လွတ်လပ်စွာ လုပ်ကိုင်နေထိုင်ခွင့် ပေးထားသည့် အတွက် ကျွန်တော့်ကျေးဇူးရှင်ကို အလွန်ကျေးဇူးတင်ကြောင်း ကျွန်တော်က ပြောမိရာ မစ္စတာ ဂျက်ဂါးက မပြောရန် တားသည်။ "မင့်စကားတွေကို ဘယ်သူ့ဆီမှ ငါ သယ်မသွားနိုင်ဘူး ပစ်ပ်၊ မင့်စကားတွေကို တစ်စုံတစ်ယောက်ဆီ သယ်ယူပို့ဆောင်ပေးဖို့ ငါ့ကို ဘယ်သူကမှ ငွေပေးထားတာ မဟုတ်ဘူးကွ" ဟု ပြောသည်။ သူ့လေသံမှာ အေးတိအေးစက်..။ ထို့နောက် မစ္စတာဂျက်ဂါးက စောစောကလိုပင် ပြန်၍ နှုတ်ပိတ်သွားပြီး သူ့ဖိနပ်များကို မျက်မှောင်ကုတ်၍ ကြည့် နေပြန်၏။ ကြည့်နေပုံမှာ သူ့ဖိနပ်ပုံစံကို မကြိုက်သည့် ဟန်မျိုး ဖြစ်သည်။

တစ်ခဏမျှအကြာတွင် ကျွန်တော်ကစ၍ စကားပြောမိသည်။

"စောစောက ကျွန်တော်မေးခဲ့တဲ့ မေးခွန်းကို အခုမမေးနဲ့၊ နောက်မှ မေးလို့ ပြောခဲ့ပါတယ်၊ အဲဒီမေးခွန်းကို အခု ကျွန်တော် ထပ်မေးရင် ဖြစ် နိုင်မလား"

"ကဲ... ဆိုစမ်း.. ဘာလဲ"

ဤမေးခွန်းကို ထပ်မေးပါကလည်း ဖြေလိမ့်မည် မဟုတ်ဟု သိနေပါသည်။ သို့သော်လည်း ရလိုရငြား သဘောဖြင့် ထပ်မေးရတော့မည် ဖြစ်၏။ မေးခွန်းကို ပုံစံအသစ်ဖြစ်အောင် ကြံဆပြီး ခပ်တွန့်တွန့်ဖြင့်ပင် မေး ရသည်။ "ကျွန်တော့်ကျေးဇူးရှင်ဟာ မကြာခင်မှာ ..." ကျွန်တော့်စကား ကို ရုတ်တရက် မဆက်ဝံ့သဖြင့် ရပ်နေမိသည်။

"မကြာခင်မှာ .. ဟုတ်လား၊ မင့်မေးခွန်းက ဘယ်လိုလဲ၊ မေးခွန်းဆိုတာ ပြည့်စုံအောင် မေးရတယ်လေကွာ"

"မကြာခင်မှာ လန်ဒန်ကို ရောက်လာမလား၊ ဒါမှ မဟုတ် သူက

ကျွန်တော့်ကို တစ်နေရာရာမှာ ခေါ်ပြီး တွေ့မလား"

"ဒီမှာ ငါပြောမယ်" ဟု စကားစလိုက်ပြီး မစ္စတာဂျက်ဂါးက ကျွန်တော့်မျက်နှာကို စူးစူးရဲရဲကြည့်သည်။ "မင်းတို့ ရွာမှာ ငါနဲ့ မင်းနဲ့ ပထမဆုံးအကြိမ် တွေ့တုန်းကအဖြစ်ကို ငါတို့ သတိရဖို့ လိုတယ်၊ အဲဒီတုန်း က ငါမင့်ကို ဘာပြောခဲ့သလဲ ပစ်ပ်"

"ပြောခဲ့တာကတော့ ကျွန်တော့်ကျေးဇူးရှင်ဟာ နှစ်ပေါင်းများစွာကြာမှ ပေါ်ချင် ပေါ်လာလိမ့်မယ်တဲ့"

"အေး... ဟုတ်တယ်၊ အဲဒီအတိုင်းပဲ" ဟု မစ္စတာဂျက်ဂါးက ဆိုသည်။

"အဲဒါ ငါ့အဖြေပဲ"

ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာ မှ စူးစိုက်၍ ကြည့်နေ မိသည်။ သူသိထားသမျှကို သိလိုစိတ် ပြင်းပြလျက်ရှိသော ကျွန်တော့်စိတ်သည် ပြင်းထန်စွာ လှုပ်ရှားလျက် ရှိ၏။ စိတ်က ပြင်းထန်လွန်းသဖြင့် အသက်ရှူပင် မြန်လာသည်။ သို့သော်လည်း ဤလူကြီးပါးစပ်မှ သူသိထားသမျှ ထွက်လာဖို့ ဆိုသည်မှာ အလွန်မလွယ်သော အရာတစ်ခု ဖြစ်ချေသည်။

"ဒီလိုဆိုရင် အခုအချိန်ထိ နောက်ထပ်နှစ်ပေါင်းများစွာ ကြာဦးမှာပဲလို့ ခင်ဗျား နားလည်ထားတယ် ဆိုပါတော့ ဟုတ်လား မစ္စတာဂျက်ဂါး”

မစ္စတာဂျက်ဂါးက ခေါင်းယမ်းသည်။ သူ့ခေါင်းယမ်းပုံမှာ ကျွန်တော့်အမေးကို မဖြေနိုင်ဘူးဟု ငြင်းဆန်နေသည့် ပုံမျိုး မဟုတ်။ ဗီရိုပေါ် မှ ရှုံ့တွတွမျက်နှာထားပိုင်ရှင် ရုပ်တုနှစ်ခုသည် မစ္စတာဂျက်ဂါးအား မျက်ခြည်မပြတ် စောင့်ကြည့်နေသည့် နှယ် ရှိသည်။

"ကဲ... ကွာ၊ ငါပြောမယ်" မစ္စတာဂျက်ဂါးက လက်နှစ်ဖက်ကို နောက်ပစ်၍ မီးကင်ထားသော လက်နှစ်ဖက်ဖြင့် သူ့ခြေထောက်များကို ကပ်၍ အပူငွေ့ပေးနေရင်းမှ စကားစသည်။ "ငါ မင်းနဲ့ ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံမယ် ပစ်ပ်။ အမှန်တော့ ဒီမေးခွန်းဟာ ငါအမေးခံရမယ့် မေးခွန်း မဟုတ်ဘူး ကွ၊ ငါ့အပေါ်မှာ ယုံထင်ကြောင်ထင် ဖြစ်စေနိုင်မယ့် မေးခွန်းမျိုး ဖြစ်နေမယ်လို့ ပြောရင် မင်း ပိုပြီး သဘောပေါက်လိမ့်မယ် လို့ ငါယူဆတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မင့်မေးခွန်းနဲ့ ပတ်သက်လို့ ဒီ တစ်ခါတော့ မင့်သဘောပေါက်သွားအောင်တော့ ငါ ပြောပြလိုက်ပါမယ်

သူသည် မျက်မှောင်ကုတ်၍ သူ့ဖိနပ်များကို ငုံ့ကြည့်ကာ အတန်ကြာ မျှ ငြိမ်၍ စဉ်းစားနေသည်။

"အဲဒီလူ ပေါ်လာတဲ့ အခါမှာ မင်းတို့ ရဲ့ ပြဿနာတွေကို အဲဒီလူနဲ့ မင်းနဲ့ အတူတူ ဖြေရှင်းရလိမ့်မယ်။ အဲဒီလူပေါ်လာတဲ့ အခါမှာ ငါ့အပိုင်း က လုံးဝရပ်သွားလိမ့်မယ်၊ အဲဒီလူ ပေါ်လာတဲ့ အခါမှာ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့အနေနဲ့ က ဘာမှ သိစရာမလိုတော့ဘူး၊ အဲ... အဲဒါဟာ ငါပြောပြနိုင်သမျှ အကုန်ပြောပြလိုက်တာပဲ"

ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိကြပြန်၏။ ထို့နောက် ကျွန်တော်ကစ၍ မျက်နှာလွှဲလိုက်ပြီး ကြမ်းပြင်ကို ငေးကြည့်နေမိသည်။ ယခုပါးစပ်မှ နောက်ဆုံး ပြောလိုက်သည့် စကားအရဆိုပါက မစ္စဟောဗီရှမ်သည် ကျွန်တော့်အား အက်စတယ်လာနှင့် နေရာချထားဖို့ ရည်မှန်းချက်ရှိထားသည့် ကိစ္စကို သူ့အား ယုံကြည်စိတ်ချစွာဖြင့် အသိပေးခဲ့ပုံ မရ။ သို့တည်းမဟုတ် ထိုအစီအစဉ် ကို သူ သိထားသော်လည်း စိတ်ထဲက သဘောမကျဖြစ်ပြီး မနာလို ဝန်တိုစိတ် ဖြစ်နေပုံရ၏။ သို့တည်းမဟုတ် ထိုအစီအစဉ်ကို သူက ကန့်ကွက်ခဲ့သဖြင့် ထိုအစီအစဉ် အတွက် ဘာတာဝန်ကိုမှ သူ ယူခဲ့ရဟန် မရှိ စသည် စသည်ဖြင့် စိတ်ကူးတည့်ရာများကို လျှောက်တွေးနေမိသည်။ အတွေးစပြတ်သွား၍ သူ့ကို မော့ကြည့်လိုက်သောအခါ သူ့အမူအရာသည် တစ်ချိန်လုံးလုံး ကျွန်တော့်အား စိတ်ဝင်တစား စောင့်ကြည့်နေသည့် ဟန် ရှိနေသည်ကို တွေ့ရလေသည်။

"အခု ပြောပြသမျှ အကုန်ပဲ ဆိုရင်တော့ ကျွန်တော့်ဘက်က ဘာမှ ထပ်ပြောစရာ မရှိတော့ပါဘူးခင်ဗျာ" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

သူက ခေါင်းညိတ်ပြပြီး သူခိုးများကပင် ကြောက်ကြသည် ဟု သတင်းကြီးနေသော သူ့ အိတ်ဆောင် ရွှေနာရီကြီးကို ထုတ်၍ ကြည့်ကာ ညစာကို ဘယ်သွားစားမလဲဟု မေးသည်။ ကျွန်တော့်အခန်းထဲမှာပင် ဟားဘတ်နှင့် စားမည်ဟု စိတ်ကူးထားကြောင်း ကျွန်တော်က ပြောပြသည်။ စကားစပ်မိနေပြီဖြစ်၍ ကျွန်တော်က သူ့အား ကျွန်တော်တို့ အခန်းသို့လိုက်၍ ညစာစားရန် ဖိတ်ရာ သူက အလွယ်တကူပင် လက်ခံပါသည်။ သို့သော်လည်း သူ့အတွက် ညစာကို အထူးတလည် လုပ်နေမည်စိုး သဖြင့် သူနှင့် အတူ ခြေလျင်လျှောက်၍ ပြန်ရမည်ဟု ဇွတ်ပြောကာ လောလောဆယ် သူ့တွင် စာတစ်စောင်နှစ်စောင် ရေးရန်နှင့် လက်များ ဆေးကြောရန် (သူ့အတွက် မလုပ်မဖြစ်သောအလုပ်) ရှိနေသဖြင့် ခဏတော့စောင့်ပါဟု ဆိုသည်။ ကျွန်တော်ကလည်း ဝင်းမစ်နှင့် တိုင်ပင်စရာကိစ္စတစ်ခု တိုင်ပင်ရင်း အပြင်ရုံးခန်းထဲမှ စောင့်ပါမည်ဟု ပြောကာ သူ့အခန်းထဲမှ ထွက်လာခဲ့ပါသည်။

ပေါင်ငါးရာ ကျွန်တော့်အိတ်ကပ်ထဲသို့ ရောက်လာစဉ်ကတည်းက ကျွန်တော့်ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာခဲ့၏။ အမှန်တော့ ထိုစိတ်ကူးသည် ကျွန်တော့်ခေါင်းသို့ မကြာမကြာ ဝင်လာခဲ့ဖူးသော စိတ်ကူး ဖြစ်သည်။ ယင်းစိတ်ကူးနှင့် ပတ်သက်၍ ဝင်းမစ်သည် အကြံဉာဏ်ကောင်း ပေးနိုင်မည့် လူတစ်ယောက်ဟု ကျွန်တော် ယူဆမိသည်။

ဝင်းမစ်သည် သူ့အာမခံသေတ္တာကို သော့ခတ်ပြီးနေပြီဖြစ်၍ အိမ်ပြန်ရန် ပြင်ဆင်လျက် ရှိလေပြီ။ သူသည် သူ့စားပွဲပေါ်မှ ဖယောင်းတိုင်စင် ကို ယူ၍ တံခါးပေါက်အနီးရှိ ခုံတစ်လုံးပေါ် တင်လိုက်သည်။ ထို့နောက် ဦးထုပ်ကိုယူ၍ ဆောင်းကာ ဂရိတ်ကုတ်ကြီးကို ဝတ်ရန် အသင့်ပြင်ထားသည်။

"မစ္စတာဝင်းမစ်၊ ကျွန်တော် ခင်ဗျားဆီက အကြံတစ်ခု တောင်းချင်လို့၊ တခြားတော့ မဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ယောက်ကို ကူညီ ဖို့ ကိစ္စပါ" ဟု ကျွန်တော်က ပြောသည်။

ဝင်းမစ်သည် သူ၏ စာတိုက်ပုံးပါးစပ်ကို တင်းနေအောင် စေ့ထားပြီး ခေါင်းတယမ်းယမ်း လုပ်နေသည်။

"ကျွန်တော့်မိတ်ဆွေက စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဖို့ ကြိုးစားနေတယ်။ ဒါပေမဲ့ သူ့မှာ ငွေအရင်းအနှီးမရှိဘူး၊ ဒါကြောင့်မို့ အခက်အခဲဖြစ်ပြီး လုပ်ငန်းမစနိုင်လို့ အတော်ကြီးကို စိတ်ဆင်းရဲနေရှာတယ်။ အခုတော့ ကျွန်တော့်မှာ ကူညီနိုင်မယ့် အခြေအနေ ရှိလာလို့ သူ့ကို ကူညီချင်တယ်" ဟု ကျွန်တော်က ရှင်းပြသည်။

"ငွေလက်ငင်းပေးပြီး ကူညီမှာလား" ဟု ဝင်းမစ်က မေးသည်။

"ဒါပေါ့၊ ငွေလက်ငင်းပေးပြီး ကူညီမှာပေါ့" ဟု ကျွန်တော်က ဖြေသည်။ သို့သော်လည်း သူ့မေးခွန်းကြောင့် ကျွန်တော့်အခန်းရှိ ကြွေးစာရင်း စာရွက်ထုပ်ကို ပြေး၍ သတိရကာ စိတ်မလုံမလဲ ဖြစ်မိပါသည်။ "ငွေလက်ငင်းပဲပေါ့ဗျာ" ဟု ထပ်ပြောလိုက်မိပါသည်။

"ဒီမယ် မစ္စတာပစ်ပ်"

ဟု ဝင်းမစ်က စကားစသည်။

"ခင်ဗျား ဘယ်လိုမှ သဘောမထားဘူး ဆိုရင် တံတားတွေ စာရင်း လုပ်ပြပါရစေ၊ လန်ဒန်က တစ်ခုရှိတယ်၊ ဆောက်သ်ဝပ်ခ်မှာ နှစ်ခုရှိတယ်၊ ဘလက်ဖရိုင်ယာမှာ သုံးခု၊ ပြီးတော့ ဝတ်တာလူးမှာလေးခု၊ ဝက်စ်မင်စတာမှာ ငါးခု၊ ဗောက်စ်ဟောလ်မှာ ခြောက်ခု" သူသည် လက်ချောင်းများကို ချိုး၍ တွက်ပြနေသည်။ "တံတားတွေကတော့ အများကြီးပဲ၊ ခင်ဗျားကြိုက်တဲ့ တံတားတစ်ခုကိုသာ ရွေး"

"ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်တော် သဘောမပေါက်ဘူး"

"ခင်ဗျားကြိုက်တဲ့ တံတားတစ်ခုရွေးဖို့ ပြောနေတာပါ၊ မစ္စတာပစ်ပ်" ဟု ဝင်းမစ်က ပြန်ပြောသည်။ "ခင်ဗျားကြိုက်ရာတံတား ရွေးပြီးရင် အဲဒီတံတားပေါ်သွားပါ၊ တံတားအလယ် တည့်တည့်ရောက်ရင် တံတား ရဲ့ ဂုံးပေါ်က ကျော်ပြီး ခင်ဗျားလက်ထဲကငွေကို ရေထဲပစ်ချလိုက်ပါ။ ခင်ဗျားပစ်ချလိုက်တဲ့ ငွေရဲ့ ခရီးလမ်းဆုံးကို ခင်ဗျား သိရပါလိမ့်မယ်။ မိတ်ဆွေတစ်ဦးကို ငွေကြေးနဲ့ ကူညီတယ် ဆိုတာကတော့ ခင်ဗျားအနေနဲ့ ငွေကြေးရဲ့ ခရီးလမ်းဆုံးကို သိချင်လည်း သိရပါလိမ့်မယ်။ ဒါပေမဲ့ ရေထဲပစ်ချလိုက်တာ လောက်တော့ စိတ်ချမ်းသာမှုရမယ် မထင်ဘူး၊ ပြီးတော့ အကျိုးအမြတ်လည်း သိပ်ရှိမယ် မထင်ပါဘူး"

ဤစကားများကို ပြောပြီးနောက် အကျယ်ကြီးဟထားသော သူ၏ စာတိုက်ပုံးပါးစပ်ကြီးထဲသို့ သတင်းစာတစ်စောင် ထိုးထည့်လိုက်ချင်သော

စိတ်သည် ကျွန်တော့်ရင်ထဲ၌ ပြင်းထန်စွာ ဖြစ်ပေါ်လျက် ရှိပါသည်။

"အလွန်ကို စိတ်ပျက်စရာကောင်းတဲ့ စကားပါလားဗျာ" ဟု ကျွန်တော်က ရေရွတ်မိသည်။

"မင်း စိတ်ပျက်သွားအောင်ကို ပြောလိုက်တဲ့ စကားပါပဲ" ဟု သူက ဆိုသည်။

"ဒါဆိုရင် ခင်ဗျားရဲ့ အကြံဉာဏ်က လူတစ်ယောက်ဟာ ဘယ်တော့ ..."

ကျွန်တော့်စကား မဆုံးမီ သူက ကြားဖြတ်ပြောသည်။ "အလွယ်တကူ ဖျောက်ဖျက်ပစ်နိုင်တဲ့ ပစ္စည်းနဲ့ ကိုယ့်မိတ်ဆွေတစ်ယောက်ကို မကူညီရဘူး၊ တကယ့်ကို မကူညီသင့်တာက အဲဒီမိတ်ဆွေကို မိတ်ဆွေအဖြစ်က စွန့်ချင်တဲ့ ဆန္ဒ မပေါ်သေးသမျှကာလပတ်လုံး မကူညီသင့်တာ အမှန်ပဲ၊ အဲ... သူ့ကို ကိုယ့်မိတ်ဆွေစာရင်းက ပယ်ဖျက်ချင်ပြီ ဆိုရင်တော့ ကူညီပေတော့၊ အဲဒါတောင်မှ သူ့ကို စာရင်းက ပယ်ဖျက်ဖို့ အတွက် ဘယ်လောက်ပဲ တန်ဖိုးရှိတဲ့ ပစ္စည်းကို စွန့်သင့်သလဲဆိုတာ စဉ်းစားဖို့ လိုသေးတယ်"

"ဒီအကြံဉာဏ်က ခင်ဗျားရဲ့ အကောင်းဆုံးသော အကြံဉာဏ်ပဲလား မစ္စတာ ဝင်းမစ်"

"ဒီရုံးထဲမှာတော့ အကောင်းဆုံးသော အကြံဉာဏ်ပဲ မစ္စတာပစ်ပ်"

သူပြောလိုက်သည့် စကားအရ ထွက်ပေါက်ကလေးတစ်ခုတော့ ရှိသည် ဟု ကျွန်တော်က တွက်မိသည်။ "ဒါဆိုရင် ရုံးခန်းအပြင်က ဝေါလ်ဝေါ့သ်ရွာ ကျတော့ ဒီအကြံဉာဏ်ဟာ အကောင်းဆုံး အကြံဉာဏ် မဟုတ်ဘူး ဆိုပါတော့... ဟုတ်လား"

"ဒီမယ် မစ္စတာပစ်ပ်၊ ဝေါလ်ဝေါ့သ်ရွာက တစ်နေရာ၊ ဒီရုံးက တစ်နေရာ...ကွ၊ ဘယ်လိုနည်းနဲ့ မှ မတူနိုင်ဘူး၊ ငါ့အဖေကြီးက လူတစ်ယောက်၊ မစ္စတာဂျက်ဂါးက လူတစ်ယောက်၊ သူတို့ နှစ်ယောက် တူနိုင်ပါ့မလား၊ ငါ့ရဲ့ ဝေါလ်ဝေါ့သ် သဘောထားကို လိုချင်ရင် ဝေါလ်ဝေါ့သ်ရွာမှာ လာတောင်းမှပဲ ရမယ်၊ ရုံးတစ်ရုံးရဲ့ အရှိန်အဝါနဲ့ မကင်းတဲ့ သဘောမျိုးကတော့ ဒီရုံးမှာ လာတောင်းရင် ရနိုင်ပါတယ်ကွာ"

ကျွန်တော့်စိတ်သည် အတော်ကြီး ပေါ့ပါးသွားသည်။ "တော်ပါသေးရဲ့ ဗျာ၊ ဒါ ဆိုရင်တော့ ကျွန်တော် ဝေါလ်ဝေါ့သ်ရွာကို လာပြီး ခင်ဗျားနဲ့ တွေ့မယ်"

"မင့်ကို ဝေါလ်ဝေါ့သ်က အမြဲတမ်း ကြိုဆိုနေပါတယ် မစ္စတာပစ်ပ်၊ လျှို့ဝှက်အပ်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ မှန်သမျှ တိုင်ပင်နိုင်ပါတယ်ကွာ"

ကျွန်တော်နှင့် ဝင်းမစ်တို့ ဤစကားများကို အချီအချပြောကြရာ၌ အပါးဆုံးဆိုသော နားများထက် အဆပေါင်းများစွာ ပို၍ပါးသော နားများ ပိုင်ရှင် မစ္စတာ ဂျက်ဂါး ကြားသွားမည် စိုးရသဖြင့် နှစ်ကိုယ်ကြား တိုးတိုးကလေး ပြောကြပါသည်။ ထိုအခိုက်မှာပင် မစ္စတာဂျက်ဂါးသည် သူ့လက်များကို တဘက်တစ်ထည်ဖြင့် သုတ်ရင်း တံခါးဝ၌ ပေါ်လာသည်။ ဝင်းမစ်က သူ့ဂရိတ်ကုတ်ကြီးကို လှမ်းယူကာ တံခါးအနီး၌ သူ စောစောက ချထားသည့်

ဖယောင်းတိုင်မီးများကို မှုတ်လိုက်၏။ သုံးယောက်သား လမ်းပေါ်သို့ အတူတူ ဆင်းခဲ့ကြသည်။ ဝင်းမစ်က ကျွန်တော်တို့ နှင့် ခွဲကာ သူ့လမ်းသူ ဆက်သွားသည်။ ကျွန်တော် နှင့် မစ္စတာဂျက်ဂါးက ကျွန်တော်တို့ သွားရမည့် လမ်းဘက်သို့ လျှောက်ခဲ့ကြလေ၏။

အသက် နှစ်ဆယ့်တစ်နှစ်ပြည့်သည့် ကျွန်တော်၏ မွေးနေ့တွင် အခြေအနေအရပ်ရပ်ကို ဆင်ခြင်စဉ်းစား ကြည့်လိုက်သည့် အခါ စိတ်ချမ်းသာစရာ မရှိဟုပင် ကျွန်တော် မြင်မိပါသည်။ အသက်ပြည့်၍ လူလားမြောက်လာသည့် တိုင်အောင် ကျွန်တော်နေရသည့် ကမ္ဘာလောကမှာ မစ္စတာဂျက်ဂါး ဖန်တီးတည်ဆောက်ထားသည့် အတိုင်း အထိန်းအကွပ် အချုပ်အနှောင်များပြီး သံသယဖြစ်ဖွယ်ရာများဖြင့် ပြည့်နေသည့် ကမ္ဘာတစ်ခု ဖြစ်ချေသည်။ မစ္စတာဂျက်ဂါးသည် သူ့စာရေး ဝင်းမစ်ထက် အဆထောင်ပေါင်းများစွာ ပို၍တော်ပြီး ပို၍ လိမ္မာပါးနပ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်မှာ မှန်ပါ၏။ သို့သော်လည်း ထိုညက ညစာစားဖို့ ဖိတ်ခေါ်ရာ၌ ဝင်းမစ်သည် မစ္စတာဂျက်ဂါးထက် အဆပေါင်း ထောင်ပေါင်းများစွာ ပို၍ ဖိတ်သင့်သောလူတစ်ယောက် ဖြစ်နေသည် ကိုမူ ကျွန်တော် ဝန်ခံရပါလိမ့်မည်။ တကယ်တော့လည်း ထိုညက ညစာစားပွဲတွင် မစ္စတာဂျက်ဂါးသည် ကျွန်တော်တစ်ဦးတည်းကိုသာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်သွားသည် မဟုတ်ပါ။ ကျွန်တော် ဤစကားကို ပြောခြင်းမှာ အကြောင်းမဲ့ပြောခြင်း မဟုတ်။ မစ္စတာဂျက်ဂါး ပြန်သွား သောအခါ ဟားဘတ်သည် အလွန်စိတ်ညစ် စိတ်ရှုပ်သော အမူအရာဖြင့် ဆောင်းမီးဖိုဆီသို့ ငေးမောတွေဝေလျက် ရှိ၏။ နှုတ်မှလည်း သူ့အနေဖြင့် ရာဇဝတ်ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့မိပြီဟု ထင်ကြောင်းပြောကာ သူ့ကိုယ်သူ အပြစ်တင်လျက် ရှိသည်။ သူ ကျူးလွန်ခဲ့မိသည့် ထိုပြစ်မှုကြီးနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကိုမူ မမှတ်မိတော့ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ဟားဘတ်သည် သူ့ကိုယ်သူ အပြစ်မကင်းဟု ယူဆကာ အကြီးအကျယ် စိတ်ပျက်အားငယ်နေသည် မှာကား အမှန်ပင် ဖြစ်လေသည်။

*****

ယခုပုံအတိုင်းဆိုပါက မစ္စတာဝင်းမစ်၏ ဝေါလ်ဝေါ့သ်သဘောထား ကို ရဖို့အတွက် ဝေါလ်ဝေါ့သ်ရွာရှိ ဝင်းမစ်၏ အိမ်သို့သွားမှ ဖြစ်ပေတော့မည်။ ဝင်းမစ်၏ အိမ်သို့ သွားမည်ဆိုပါက တနင်္ဂနွေနေ့သည် အကောင်းဆုံး ဖြစ်၏။ ဤသို့ဖြင့် ကျွန်တော်သည် နောက်တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ဝင်းမစ်ထံသို့ ထွက်ခဲ့ပါသည်။ ထုံးစံအတိုင်း ဝင်းမစ်၏ အိမ်ရှေ့တွင် ယူနီယံဂျက် အလံသည် တလူလူလွင့်လျက် ရှိ၏။ ခြံဝင်းတံ ခါးမှ လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်သောအခါ ဝင်းမစ်၏ အဖေ ထွက်လာပြီး တံခါးဖွင့်ပေးပါသည်။

"ကျုပ်သားက မင်းလာလိမ့်မယ်ဆိုတာ သိနေတယ်။ ဒါကြောင့် သူ လမ်းလျှောက်မထွက်ခင် ကတည်းက ကျုပ်ကို မှာသွားတယ်၊ သူ မကြာပါဘူး၊ စောင့်နေပါတဲ့၊ ကျုပ်သားက အလွန်တိကျတဲ့ လူတစ်ယောက်ပါ။ ဘာလုပ်လုပ် အလွန်တိကျတယ်။ သူမှာသွားတဲ့ အတိုင်း မကြာခင် ရောက်လာမှာပါ" ဟု အဘိုးအိုက ကျွန်တော့်ကို ပြောပြသည်။

ကျွန်တော်က အဘိုးအိုကို ခေါင်းညိတ်ပြလိုက်ပြီး သူနှင့် အတူ အိမ် ထဲသို့ ဝင်လိုက်သွားကာ မီးဖိုဘေး၌ ထိုင်နေလိုက်ပါသည်။

"မင်းနဲ့ ကျုပ်သားနဲ့ သူ့ရုံးမှာ သိလာကြတာလား" ဟု အဘိုးအိုက မေးသည်။ ကျုပ်က ခေါင်းညိတ်ပြလိုက်ပါသည်။ "ကျုပ်သားက သူ့အလုပ်မှာ သိပ်ကိုတော်တယ်လို့ ကျုပ် ကြားရတယ်၊ ဟုတ်သလား" ဟု မေးပြန်သည်။ ကျွန်တော်က ခေါင်းကို တအား ညိတ်ပြလိုက်ပါသည်။ "အင်း ဟုတ်မှာပါ၊ သူတို့ ကလည်း ကျုပ်ကို ပြောပြကြတယ်၊ သူ့အလုပ်က ဥပဒေနဲ့ ဆိုင်တဲ့ အလုပ်လို့ ပြောကြတယ်၊ ဟုတ်သလား" ကျွန်တော် က ခေါင်းကို တအား ညိတ်ပြရပြန်သည်။ "အင်း.. ကျုပ်သားက တရားဥပဒေနဲ့ နီးစပ်တဲ့ လူ မဟုတ်ဘူး၊ အလျှင်က အရက်စည်သွတ်လုပ်ငန်း နဲ့ အသက်မွေးလာခဲ့တဲ့ လူ" ဟု အဘိုးအိုက ပြောပြန်သည်။

သူ့သား၏ အလုပ်ရှင် မစ္စတာဂျက်ဂါးအကြောင်းကို အဘိုးအို သိလေမလားဟု ကျွန်တော် တွေးမိသည်။ အကယ်၍ မသိသည့် တိုင်အောင် သတင်းလောက်တော့ ကြားဖူးလိမ့်မည်ဟု ထင်၏။ ကြားဖူးပါက မစ္စတာဂျက်ဂါးအပေါ်၌ ရှိနေသည့် အဘိုးအို၏ အမြင်သည် စိတ်ဝင်စားစရာ ကောင်းပေလိမ့်မည်။ ကျွန်တော်က မစ္စတာဂျက်ဂါး၏ အမည်ကို သံကုန်ဟစ်၍ အော်ပြောပြီး သိသလားဟု မေးသည်။ အဘိုးအိုက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး အလွန်ရွှင်မြူးသော လေသံဖြင့် "မဟုတ်ဘူး ... ကွဲ့၊ မင်းပြောတာ မှန်ပါတယ်" ဟု ပြောသည်။ သူ ဘာဆိုလိုသည် ကို ကျွန်တော် နားမလည်ပါ။ ကျွန်တော်ပြောလိုက်သည့် စကားထဲတွင်လည်း ရယ်စရာ တစ်ခုမှ မပါ။ သို့ပါလျက်နှင့် သူ ဘာကြောင့် ရယ်ရပါသနည်း။

တစ်ချိန်လုံး တောက်လျှောက်ထိုင်ပြီး ခေါင်းညိတ်ပြနေရန်မှာ

ကျွန်တော်အတွက် လွယ်ကူသောအလုပ်တစ်ခု မဟုတ်ပါ။ သူပြောသမျှချည်း နားမထောင်ဘဲ သူ စိတ်ဝင်စားမည့် အကြောင်းတစ်ခုခုတော့ ပြောဦးမှ ဖြစ်မည်ဟု ယူဆသည်။ ထို့ကြောင့် ကျွန်တော်က သူ တောအရက် စည်သွတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ဖူးသလားဟု တအား ကုန်းအော်၍ မေးပါသည်။ အကြိမ်ပေါင်းများစွာ အော်ပြီး အကြိမ်ပေါင်းများစွာ ခြေဟန်လက်ဟန်ဖြင့် ပြမိသောအခါ အဘိုးအိုသည် ကျွန်တော့်မေးခွန်းကို နားလည်သွားပါသည်။

"မဟုတ်ဘူး ကွဲ့" ဟု အဘိုးက ဖြေသည်။ "ကုန်ရုံမှာ လုပ်ခဲ့ဖူးတယ်၊ ဟိုးအဝေးကြီးမှာ" အဘိုးအိုက ကျွန်တော် နားလည်အောင် ကြိုး စား၍ ရှင်းပြသည်။ ကျွန်တော် နားလည်သမျှဆိုပါက သူ ပထမဆုံး လုပ်ခဲ့သည့် နေရာမှာ လစ်ဗာပူးဘက်တွင် ဖြစ်သည် ဟု ပြောလိုဟန် ရှိ၏။ "နောက်ကျတော့ ဒီကို လာပြီး လန်ဒန်မြို့ထဲမှာ အလုပ်လုပ်တာ၊ ကျုပ် နားမကြားလို့ မသန်မစွမ်းဘဝ ရောက်တော့မှ အလုပ်က ထွက်လိုက်ရတာ၊ ကျုပ် နားမကြားတဲ့ ဘဝရောက်တော့ ကျုပ်သားက ယခုလက်ရှိအလုပ်ကို ဝင်လုပ်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တယ်"

သူ ပြောပြသမျှကို စိတ်ဝင်တစား နားထောင်နေခိုက်မှာပင် မီးဖိုခေါင်းတိုင်နှင့် ကပ်နေသော နံရံပေါ်မှ အသံတစ်သံ ထွက်လာသဖြင့် လှမ်းကြည့်မိပါသည်။ နံရံပေါ်မှ ထိုးတံခါးလေးတစ်ချပ် ပွင့်သွားခြင်း ဖြစ်၏။ ထိုတံခါးနောက်မှ ပျဉ်ပြားလေးတစ်ချပ် ပေါ်လာသည်။ ထိုပျဉ်ပြားပေါ်တွင် 'ဂျွန်' ဟု ရေးထားသော စာတန်းတစ်ခုကို မြင်ရပါသည်။ အဘိုးအိုကလည်း ကျွန်တော် ကြည့်နေသော ဘက်သို့ လှမ်းကြည့်လိုက်ပြီး "ကျုပ်သား ပြန်လာပြီ" ဟု အော်သည်။ ကျွန်တော်တို့ နှစ်ယောက် အပြင်သို့ ထွက်ခဲ့ကြပါသည်။

ဝင်းမစ်က ကျွန်တော့်အား လက်တစ်ဖက်မြှောက်၍ နှုတ်ဆက်သည်။ အနီးသို့ ရောက်လာသောအခါ သူနှင့် တွဲလျှောက်လာသည့် မစ္စစကစ်ဖင်း ဆိုသူနှင့် မိတ်ဆက်ပေးလေသည်။

မစ္စစကစ်ဖင်းမှာလည်း သူ့အဖော် ဝင်းမစ်နှင့် တစ်ချိုးတည်း ဖြစ်၏။ ပုံပန်းသဏ္ဌာန်မှာ တောင့်တောင့်မတ်မတ်ကြီး ဖြစ်၏။ စာတိုက်ပုံးကြီးတစ်လုံးနှင့် တူလှ၏။ ဝင်းမစ်ထက် အသက်နှစ်နှစ် သုံးနှစ်ခန့် ငယ်လိမ့် မည်ဟု ခန့်မှန်းရသည်။ သူဝတ်ထားသည့် ဂါဝန်ပုံမှာ တစ်မျိုးဖြစ်သည်။ ခါးအထက်ပိုင်းရှိပုံမှာ ရှေ့ကပဲကြည့်ကြည့် နောက်ကပဲကြည့်ကြည့် ကလေးတစ်ယောက် လွှတ်ထားသည့် 'စွန်' နှင့် တူလျက်ရှိသည်။ ဂါဝန်၏ အရောင်မှာ လိမ္မော်ရောင်၊ လက်အိတ်များက အစိမ်းရောင်။ သို့သော်လည်း သဘောကောင်းမည့် လက္ခဏာရှိရုံမျှမက ဝင်းမစ်၏ အဖေအိုကြီးကို ခင်မင်ပုံလည်း ရ၏။

တကယ်တော့ မစ္စစကစ်ဖင်းသည် ဝင်းမစ်တို့ အိမ်သို့ မကြာခဏ လာလေ့ရှိသူတစ်ဦး ဖြစ်ကြောင်း မကြာခင်မှာပင် ကျွန်တော် သိလာရပါသည်။ ကျွန်တော်က ဝင်းမစ်အား သူ ရောက်လာကြောင်း သူ့အဖေကြီး သိအောင် ဘယ်လိုလုပ်ထားသလဲဟု မေးရာ ဝင်းမစ်က သူ လက်တွေ့ပြ မည်ဟု ဆိုကာ

မီးဖိုခေါင်းတိုင်၏ နောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ ထို့နောက် နံရံပေါ်မှ အသံတစ်သံ ထွက်လာပြီး ထိုတံခါးတစ်ချပ် ပွင့်သွားသည်။ တံခါးနောက်ဘက်မှ ပေါ်လာသော ပျဉ်ပြား ပေါ်တွင် 'မစ္စစကစ်ဖင်း' ဟု ရေးထားသည် ကို မြင်ရ၏။ ထိုပျဉ်ပြား ပျောက်သွားသောအခါ 'ဂျွန်' ဟု ရေးထားသော ပျဉ်ချပ်ကလေး ပေါ်လာပါသည်။ ထိုနာမည်နှစ်ခုသည် တစ်လှည့်စီ ပေါ်လာလျက်ရှိပြီး နောက်ဆုံး ထိုတံခါး ပိတ်သွားသည့် အခါမှ လုံးဝထပ်၍ ပေါ်မလာတော့ဘဲ ပျောက်သွားလေတော့သည်။ ဝင်းမစ်အလုပ်မှ ပြန်လာသည့် အခါတိုင်း သူ ပြန်ရောက်ကြောင်းကို ဤနည်းဖြင့် သူ့အဖေကြီးအား အသိပေးသည် ဟု ဝင်းမစ်က ရှင်းပြပါသည်။ "နားလေးနေတဲ့ ငါ့အဘိုးကြီးအတွက် ကတော့ အင်မတန် အသုံးဝင်တာပေါ့ကွာ" ဟုလည်း ဆိုသည်။ အသုံး တည့်လှသော သူ့လက်ရာကို ကျွန်တော်က ချီးမွမ်းသည်။ ထိုအခါ မစ္စစကစ်ဖင်းက "ဒီကိရိယာကို မစ္စတာဝင်းမစ် ကိုယ်တိုင်လုပ်တာ၊ သူ့ခေါင်းထဲက ထွက်လာတဲ့ စိတ်ကူးကို သူ လက်တွေ့နဲ့ အကောင်အထည်ဖော် ထားတာ" ဟု ဝင်ပြောလေသည်။

မစ္စစကစ်ဖင်းက ဦးထုပ်ကိုချွတ်၍ အေးအေးဆေးဆေး ထိုင်လိုက်သည့်အခါ ဝင်းမစ်က ကျွန်တော့်အား အပြင်ခဏထွက်ပြီး လမ်းလျှောက်ရအောင်ဟု ခေါ်သည်။ ကျွန်တော် ပြောစရာ ရှိသမျှကို လွတ်လွတ်လပ်လပ် ပြောနိုင်ရန် ခေါ်ခြင်း ဖြစ်သည် ဟု ယူဆသည်။ အချိန် ဖြုန်းမနေတော့ပါ။ အိမ်အပြင်ဘက်ရောက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်က ကျွန်တော့်ကိစ္စ ကို ပြောပါသည်။

ဤတစ်ကြိမ်တွင် ကျွန်တော့်ကိစ္စကို ပြောရာ၌ လိုရင်းကို တိုက်ရိုက် မပြောပါ။ ဟားဘတ်နှင့် ကျွန်တော် လူချင်း မည်ကဲ့သို့ ဆုံမိခဲ့ကြသည်။ နှစ်ယောက်သား မည်ကဲ့သို့ ရန်ဖြစ်ခဲ့ကြသည် စသည်များကို ပထမ ပြောပြသည်။ နောက်ပိုင်းတွင် ဟားဘတ်နှင့် ပြန်ဆုံခဲ့ကြရပြီး သူ့အိမ်သာ းများ နှင့် သူ့အကျင့်စာရိတ္တများကို ကျွန်တော် နီးနီးကပ်ကပ် လေ့လာခွင့် ရခဲ့ကြောင်း၊ ဟားဘတ်မှာ သူ့ဖခင်ကို လုံးဝ မှီခိုနေရသူဖြစ်ကြောင်း။ သူ့ဖခင်၏ စီးပွားရေးအခြေအနေမှာလည်း မရေမရာနိုင်လွန်းလှသဖြင့် သူ့မှာများစွာ ဒုက္ခရောက်နေရကြောင်း၊ ကျွန်တော့်အား လန်ဒန် လူ့အသိုင်းအဝိုင်းတွင် နေတတ်ထိုင်တတ်အောင် သင်ကြားပြသပေးခဲ့သူမှာ ဟားဘတ်ပင် ဖြစ်၍ ကျွန်တော့်အပေါ်တွင် သူ့ကျေးဇူး ရှိနေကြောင်း။ အမှန်အတိုင်းပြောရလျှင် လူချမ်းသာတစ်ဦး ဖြစ်သော မစ္စဟေဗီရှမ်သည် ဟားဘတ်နှင့် ဆွေမျိုးတော်စပ်သဖြင့် သူကသာ ကူညီမည်ဆိုပါက ဟားဘတ်သည် ကျွန်တော်က မကူညီဘဲနှင့် တိုးတက်နိုင်သော အခြေအနေရှိကြောင်း၊ သို့သော်လည်း မစ္စဟေဗီရှမ်မှာ သူနှင့် စိတ်ချင်းအလှမ်းဝေးလျက် ရှိသဖြင့် အကူအညီရဖို့ မလွယ်ကြောင်း၊ ဖြုန်းခနဲ ဖြစ်ပေါ် တိုးတက်လာသည့် ကျွန်တော့်အခြေအနေကို ဆန်းစစ်ကြည့်သည့် အခါ အတိအကျ မပြော နိုင်သေးသော်လည်း ဟားဘတ် ခံစားသင့် ခံစားထိုက်သည် များကို ကျွန်တော်က ဝင်၍ ခံစားနေသည် ဟု စိတ်ထဲက

ထင်နေမိကြောင်း၊ ဟားဘတ်မှာ စိတ်သဘောထား အလွန်ကောင်းသော လူငယ်တစ်ဦးဖြစ်သဖြင့် သူငယ်ချင်းတစ်ယောက်အနေဖြင့် အလွန်ခင်မင်လေးစားနေမိကြောင်း၊ ဤအကြောင်းများကြောင့် ကျွန်တော် ရရှိခံစားရမည့် ပစ္စည်းများထဲ မှ သူ့ဘဝသူ ထူထောင်သွားနိုင်အောင် တတ်အားသရွေ့ ကူညီလိုခြင်း ဖြစ်ကြောင်း စသည် များကို သူ နားဝင်အောင် ရှင်းလင်းပြောပြပါသည်။

ထို့နောက် ဟားဘတ်ကို ကူညီရာ၌ နှစ်စဉ် ပုံမှန်ဝင်ငွေ ရသွားအောင် ကူညီလိုခြင်းဖြစ်သဖြင့် မည်သို့မည်ပုံ ကူညီသင့်သည် ကို အကြံဉာဏ်ပေးစေလိုကြောင်းနှင့် ယခုကဲ့သို့ ကျွန်တော်က ကူညီခြင်းကို ဟားဘတ် မသိအောင် လျှို့ဝှက်ထားစေလိုကြောင်း ထပ်မံ၍ ပြောပြလိုက်သည်။ ကျွန်တော်ပြောသမျှကို စိတ်ဝင်တစား နားထောင်နေသော ဝင်းမစ်၏ ပခုံးပေါ်သို့ ကျွန်တော်က လက်တစ်ဖက် လှမ်းတင်လိုက်ပြီး "ခင်ဗျားကို ခေါင်းရှုပ်အောင် လုပ်သလိုတော့ ဖြစ်နေတာပဲ၊ ဒါပေမဲ့ ကျွန်တော့်မှာ ကလည်း ခင်ဗျားတစ်ယောက်ပဲ ယုံကြည်စိတ်ချရတဲ့ လူ ရှိပါတယ်။ တကယ်တော့ ဒါကလည်း ခင်ဗျားအပြစ်ပဲ၊ ခင်ဗျားက ကျွန်တော့်ကို ရင်းနှီးခင်မင်လာအောင် ဒီအိမ်အထိ ခေါ်လာခဲ့တာကိုး" ဟု ကျွန်တော် က ထပ်ပြောလိုက်ပါသည်။

ဝင်းမစ်သည် ရုတ်တရက် စကားပြန်မပြောဘဲ ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ "အင်းပေါ့လေ၊ မင့်ကို ငါတစ်ခုတော့ ပြောရလိမ့်မယ်၊ မင်းဟာ အတော်ကြီးကို စိတ်နေသဘောထား မြင့်မားတဲ့ လူတစ်ယောက်ပါပဲကွာ" ဟု ပြောသည်။

"ဒီလိုဆိုရင်လည်း ကျွန်တော့်ရဲ့ စိတ်နေစိတ်ထား မြင့်မားမှုကို လက်တွေ့အကောင်အထည် ပေါ်အောင် ကူညီပါလားဗျာ"

ဝင်းမစ် ခေါင်းခါသည်။ "စီးပွားရေးအလုပ်က ငါ ကျွမ်းကျင်တဲ့ နယ်ပယ် မဟုတ်ဘူး "

"ဒါပေမဲ့ ဒီနေရာကတော့ ခင်ဗျားနဲ့ ကျွမ်းကျင်တဲ့ နေရာပါဗျာ"

"အေး... မင်းပြောတာလည်း မှန်တာပဲ" ဟု ဝင်းမစ်က ပြန်ပြောသည်။ "မင်းက အညှာကိုင်မိထားတာကိုး၊ မင့်ကိစ္စအတွက် ဖြည်းဖြည်းချင်း စဉ်းစားရင်တော့ ပေါ်လာမှာပေ့ါ၊ ငါ့မှာ စကစ်ဖင်းဆိုတဲ့ မိတ်ဆွေတစ်ယောက်တော့ ရှိတယ်၊ ဟိုအမျိုးသမီးရဲ့ အစ်ကိုပေါ့၊ သူက စာရင်းကိုင်လည်း လုပ်တယ်။ ကိုယ်စားလှယ်လုပ်ငန်းလည်း လုပ်တယ်။ ငါ သူနဲ့ သွားတွေ့ပြီး မင့်ကိစ္စကို တိုင်ပင်ကြည့်မယ်"

"ဒီလို ဆိုရင်တော့ ကျေးဇူးကမ္ဘာပါပဲဗျာ"

ကျွန်တော်တို့ အိမ်ထဲပြန်ဝင်လာသည့် အချိန်တွင် မစ္စစကစ်ဖင်းသည် လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံရန် ပြင်ဆင်လျက်ရှိသည်။ ဝင်းမစ်အဖေ ကမူ ပေါင်မုန့်များကို မီးကင်ကာ တစ်ချပ်ပြီးတစ်ချပ် ထောပတ်သုတ်လျက် ရှိ၏။ တရင်းတနှီး စားရသောက်ရခြင်းဖြစ်၍ လက်ဖက်ရည်ပွဲမှာ စိတ်ချမ်းသာစရာ

ကောင်းပါသည်။ စားသောက်ပြီးကြသည့်အခါ ပန်းကန်များကို မစ္စစကစ်ဖင်းကပင် အိမ်ရှင်မတစ်ယောက် သဖွယ် တာဝန်ယူ၍ ဆေးကြောသည်။ ထို့နောက် ကျွန်တော်တို့ အားလုံး မီးဖိုရှေ့၌ ပြန်၍ ထိုင်ကြသည်။ ဝင်းမစ်က "ကဲ... အဖေ၊ ကျွန်တော်တို့ ကို သတင်းစာ ဖတ်ပြပါဦး" ဟု လှမ်းပြောသည်။

အဘိုးအို မျက်မှန်ထုတ်၍ တပ်နေခိုက်တွင် ဝင်းမစ်က လက်ဖက်ရည်သောက်ပြီး တိုင်းသတင်းစာ ဖတ်ပြသည့် အလေ့အထမှာ သူ့အဖေအလွန်သဘောကျသည့် အလေ့အထတစ်ခု ဖြစ်ကြောင်း ရှင်းပြသည်။ "အဘိုးအိုတစ်ယောက်အနေနဲ့ သူ့မှာ ပျော်စရာ များများ ရှိတာ မဟုတ်ဘူး ပစ်ပ်၊ အခုလို သူ သဘောကျတာလေးတွေရှိရင် သည်းခံခွင့်လွှတ်ရတာပေါ့ကွာ၊ အခု သူ သတင်းစာဖတ်တော့လည်း ငါတို့ လုပ်ရမှာက တာဝန်မကြီးပါဘူး၊ သူ လှမ်းကြည့်လိုက်တဲ့ အခါမှ မင်းတို့ ငါတို့က ခေါင်းညိတ်ပြလိုက်ရင် ဘုရင်ကြီးတစ်ပါး ပျော်သလို ပျော်နေတာပါပဲ၊ ကဲ... အဖေကြီး၊ ကျွန်တော်တို့ နားထောင်ဖို့ အသင့်ဖြစ်နေကြပြီ၊ ဖတ်ပေတော့"

ရွှင်မြူးလျက်ရှိသော အဘိုးအိုသည် သတင်းစာကို အော်၍ ဖတ်သည်။ သူ့စာဖတ်သံကို ကြားရသောအခါ မစ္စတာဝေါ့စလေ၏ ကျောင်းတော်ကြီး၌ ကျွန်တော် စာအံခဲ့ရသည့် အဖြစ်ကို သတိရမိနေပါသည်။ သူ့မျက်လုံးများကို သတင်းစာပေါ်မှ ခွာ၍ ကျွန်တော်တို့ဘက် လှည့်ကြည့်လိုက်သည့် အခါများတွင် မူ ကျွန်တော်တို့ က ခေါင်းညိတ်ပြကြရ၏။ သူ ဖတ်ပြနေသမျှကို နားမထောင်ခဲ့သည့် တိုင်အောင် အလွန်စိတ်ဝင် စားနေသည့် ဟန်ကို မျက်နှာထားများဖြင့် ဖော်ပြကြရသည်။ အံ့သြနေသည့် ဟန်ကိုလည်း ပြကြရသည်။ သူ့မျက်နှာ သတင်းစာပေါ်သို့ ပြန်၍ မရောက်မချင်း ကျွန်တော်တို့ အားလုံးသည် ခေါင်းများကို တဆတ်ဆတ် ညိတ်ပြနေကြရလေသည်။

ဝင်းမစ်နှင့် မစ္စစကစ်ဖင်းတို့သည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် မကျတကျတွင် ဘေးချင်းယှဉ်၍ ထိုင်နေကြသည်။ ကျွန်တော်ထိုင်နေသည့် နေရာမှာ မီးဖို၏ တစ်ဖက်သောထောင့်တွင် ဖြစ်၍ မှောင်ရိပ်ခပ် ကျကျဖြစ်သည်။ အမြဲတမ်း စေ့နေလေ့ရှိသော ဝင်းမစ်၏ပါးစပ်သည် ယခုကျတော့လည်း တောက်လျှောက်ပင် ဟပြဲဟပြဲဖြစ်လျက် ရှိ၏။ သူ၏ လက်တစ်ဖက်လည်း တဖြည်းဖြည်းချင်း ရွေ့လျားကာ မစ္စစကစ်ဖင်း၏ ခါးကို ဖက်သည်။ တိတ်တိတ်ကလေး ကျိတ်၍ ရောက်လာသော ဝင်းမစ်၏ လက်ကို မစ္စစကစ်ဖင်းက အသာအယာ ဆွဲဖယ်လိုက်ပြီး သူတို့ ရှေ့ရှိ စားပွဲပေါ်သို့ တင်ထား လိုက်လေသည်။

ထို့နောက် မကြာမီအတွင်းမှာပင် စားပွဲပေါ်မှ ဝင်းမစ်၏ လက်သည် သူ့ရင်ခွင်ထက်သို့ ပြန်ရောက်သွားသည်။ တဖြည်းဖြည်းနှင့် ကျွန်တော့် မျက်စိအောက်မှ ပျောက်သွားပြန်သည်။ လက်ပျောက်သွားသည် နှင့် တစ်ပြိုင်နက် ဝင်းမစ်၏ပါးစပ်သည် ဟပြဲ... ဟပြဲ ပြန်၍ ဖြစ်လာသည်။ သူ့အပြုအမူကို ကြည့်ရသည်မှာ သည်းထိတ်ရင်ဖို့ ရှိလှ၏။ မကြာလိုက်ပါ။ သူ့လက်တစ်ဖက်သည်

မစ္စစကစ်ဖင်း၏ ဘေးတစ်ဖက်မှ ပေါ် လာပြီး တရွေ့ရွေ့ ရွေ့လျားလျက် ရှိပြန်လေသည်။

ဤသို့ဖြင့် အဘိုးအို၏ သတင်းစာဖတ်ပြသော အလုပ်သည် ပြီးဆုံးခြင်းအဆင့်သို့ ရောက်သည်။ ပြန်ဖို့ သင့်ပြီဟု ယူဆမိချိန်တွင် ယဉ်ကျေးမှုဓလေ့ထုံးစံအရ မစ္စစကစ်ဖင်းအား ကျွန်တော်နှင့် တစ်ခါတည်း လိုက်ခဲ့မလားဟု မေးရန် သင့်,မသင့် ချိန်ဆနေမိသည်။ စောစောက မြင်နေခဲ့ရသည့် အတိုင်း ဆိုပါက ကျွန်တော့်ဘာသာ ကျွန်တော် တစ်ယောက်တည်း အလျင်ပြန်နှင့်ခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု တွက်လို့ ရပါသည်။ နောက်ဆုံးတွင် အားလုံးကို နှုတ်ဆက်ပြီး ကျွန်တော်တစ်ယောက်တည်း ပြန်ခဲ့ပါသည်။

ထိုအပတ်အတွင်းမှာပင် ဝင်းမစ်ထံမှ စာတစ်စောင် ရောက်လာပါသည်။ ဝေါလ်ဝေါ့သ်ရွာမှ နေ၍ ရေးလိုက်သောစာ။ ကျွန်တော် တိုင်ပင်ထားသောကိစ္စနှင့် ပတ်သက်၍ ထပ်မံဆွေးနွေးရန် ရှိသဖြင့် သူ့ထံသို့ လာခဲ့ပါဦးဟု အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။ ကျွန်တော် သူ့ထံသို့ သွားခဲ့ပါသည်။ သို့သော်လည်း ကိစ္စမှာ ထိုတစ်ရက်တည်းနှင့် မပြီးပြတ်။ နောက်ထပ် အကြိမ်ပေါင်းများစွာ ဝေါလ်ဝေါ့သ်ရွာသို့ သွားခဲ့ ရပါသည်။ ဤကိစ္စကို အကြောင်းပြု၍ ဝင်းမစ်နှင့် ကျွန်တော်သည် မြို့ထဲတွင်လည်း မကြာခဏ ချိန်း၍ စကားပြောကြသည်။ လစ်တစ်လ်ဘ ရီတိန်လမ်းထဲရှိ သူ့ရုံးခန်းထဲမှာတော့ ဘယ်တော့မှ မဆုံကြပါ။ နောက်ဆုံးတွင် ကျွန်တော်တို့သည် ရိုးသားဖြောင့်မတ်သော လုပ်ငန်းရှင် လူငယ်တစ်ဦးကို တွေ့ကြသည်။ သူသည် သင်္ဘောလုပ်ငန်း ငွေကြေးအရင်း အနှီးကိုသာမက သူနှင့် တွဲဖက်လုပ်ကိုင်မည့် လူကောင်းတစ်ယောက်ကိုပါ လိုချင်နေသူ ဖြစ်၏။ ဤသို့ဖြင့် သူနှင့် ကျွန်တော်သည် ကြားတွင် နှစ်ဦးသဘောတူ စာချုပ်တစ်ခုပြုလုပ်ပြီး လက်မှတ်ရေးထိုးကြသည်။ ယင်းစာချုပ်အရ လုပ်ငန်းကို သူနှင့် ဟားဘတ် စပ်တူလုပ်ကိုင်ကြမည် ဖြစ်၍ ကျွန်တော်က ယခုလောလောဆယ် ရထားသော ပေါင်ငါးရာထဲမှ တစ်ဝက်ကို ဟားဘတ်၏ ရှယ်ယာအဖြစ် ထည့်ဝင်ရမည် ဖြစ်၏။ နောင်အခါတွင်လည်း သုံးလတစ်ကြိမ် ရလာသည့် ငွေထဲမှ တစ်ဝက်ကို အစုငွေအဖြစ် ပုံမှန်ဆက်လက်ထည့်ဝင်ရမည် ဖြစ်၍ အမွေပစ္စည်းအားလုံးကို လက်ခံရရှိချိန်တွင်လည်း သင့်တော်သည့် ငွေလုံးငွေရင်းကို လုံးခန်ဲ ထပ်မံထည့်သွင်းရမည် ဖြစ်သည်။ ဤသဘောတူညီချက်ကို ဖြစ်မြောက်အောင် ကြားမှ စေ့စပ်ဆောင်ရွက်ပေးသူ မှာ မစ္စစကစ်ဖင်း၏ အစ်ကိုဖြစ်သည်။ လုပ်ငန်းတစ်ခုလုံး ပြီးမြောက်သွားအောင် ဦးစီးဦးဆောင်ပြု လုပ်သွားသူမှာ ဝင်းမစ် ဖြစ်၏။ သို့သော်လည်း လုပ်ငန်းအစမှ အဆုံးအထိ ဝင်းမစ်၏ မျက်နှာကို ကျွန်တော်တို့ မြင်ကြရသည် မဟုတ်ပေ။

ကျွန်တော်တို့ လုပ်ပုံကိုင်ပုံမှာ ပိပိရိရိရှိလွန်းသဖြင့် ဟားဘတ်အနေဖြင့် ဤလုပ်ငန်းထဲတွင် ကျွန်တော်များ ပါလေမလားဟူသော သံသယမျိုးပင် မဝင်ခဲ့ပေ။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ဟားဘတ်သည် အလွန်ရွှင်လန်းတက်ကြွလျက်ရှိသော မျက်နှာထားဖြင့် အခန်း သို့ ပြန်လာပြီး အလွန်ဝမ်းသာစရာကောင်းသည့် သတင်းတစ်ခုကို ကျွန်တော့်အား ပြောပြရှာ၏။ ကလာရီကာဟု ခေါ်သော (ကျွန်တော်နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည့် လူငယ်၏ အမည်ဖြစ်သည်။) လုပ်ငန်းရှင် လူငယ်တစ်ဦးနှင့် သူ တွေ့ခဲ့ကြောင်း၊ ကလာရီကာသည် သူ့အား ကူညီမည့် လက္ခဏာ ရှိကြောင်း၊ နောက်ဆုံးတွင် သူ ယုံကြည်ထားသည့် အတိုင်း ဖြစ်လာတော့မည်ဟု ထင်ကြောင်း ပြောပြသည်။ ကျွန်တော့်အဖို့တော့ ထိုနေ့ ထိုအချိန်က မြင်ခဲ့ရသည့် ဟားဘတ်၏ ကြည်လင်ရွှင်ပျသော မျက်နှာကို တစ်သက်တာကာလပတ်လုံး ဘယ်တော့မှ မေ့သွားလိမ့်မည် မဟုတ်ပါ။ ဤသို့ဖြင့် ဟားဘတ်၏ မျှော်လင့်ချက်များသည် တစ်နေ့ထက်တစ်နေ့ တိုးတက်ခိုင်မာလာခဲ့သည်။ ဟားဘတ်၏ မျက်နှာမှာလည်း တစ်နေ့ထက်တစ်နေ့ တိုး၍ တိုး၍သာ ကြည်လင်ရွှင် ပျလာသည်။ သူ့အနေဖြင့် ကျွန်တော့်အပေါ်တွင်လည်း ယခင်ကထက် ပို၍ ခင်မင်လေးစားလာသည့် လက္ခဏာ ရှိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ သူ ပျော်ရွှင်မြူးထူးနေသည် ကို မြင်ရလေလေ ဝမ်းသာ လွန်းသဖြင့် ကျလုဆဲဆဲ ဖြစ်လာနေသော မျက်ရည်စများကို မကျအောင် ထိန်းရခက်လေ ဖြစ်ခဲ့ရပါသည်။

နောက်ဆုံးတွင် ကျွန်တော် တွက်ထားသည့် အတိုင်း ကိစ္စအားလုံး ပြီးပြတ်သွားသည်။ တစ်ရက်တွင် ဟားဘတ်နှင့် ကလာရီကာတို့သည် စီးပွားရေးလုပ်ငန်း တစ်ခုကို ဖက်စပ်လုပ်ကိုင် ကြကြောင်း၊ တရားဝင် အတည်ပြုကြသည်။ ထိုနေ့ညနေခင်းတွင် ဟားဘတ်သည် အလွန်ရွှင် လန်းတက်ကြွလျက်ရှိပြီး တစ်ညနေခင်းလုံး ထိုအကြောင်းကို ကျွန်တော့်အား ပြောပြ၍ အားမရနိုင်အောင် ဖြစ်နေရှာလေ၏။ ထိုညက ကျွန်တော် အိပ်ရာထဲရောက်သည့် အခါ ကျွန်တော် မျှော်လင့်တောင့်တလျက်ရှိသော စည်းစိမ်ဥစ္စာများ အနေဖြင့် တစ်စုံတစ်ယောက်သူအား အကျိုးဖြစ်ထွန်းအောင် စောင့်ရှောက်နိုင်ခဲ့သည့် အဖြစ်ကို တွေးမိကာ ဝမ်းသာလွန်းသောစိတ်ဖြင့် မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

ထိုအချိန်မှာပင် ကျွန်တော်၏ ဘဝတစ်သက်တာအတွက် အလွန် အရေးပါ အရာရောက်သော အဖြစ်အပျက်ကြီးတစ်ခုသည် ပေါ်ပေါက် လာခဲ့၏။ သို့သော်လည်း ထိုအဖြစ်အပျက်ကြီးနှင့် ထိုအဖြစ်အပျက်ကြီး ကို တည်မှီ၍ ဖြစ်ပေါ်လာခဲ့ရသော ပြောင်းလဲမှုများ အကြောင်းကို မ ဖော်ပြမီ အက်စတယ်လာ၏ အကြောင်းကို ဖော်ပြသင့်သေးသည် ဟု ကျွန်တော် ထင်ပါသည်။

*****

(၃၈)

အကယ်၍ ကျွန်တော် သေဆုံးသွားပြီးသည့် နောက် ရစ်ချ်မွန်ရပ်ကွက်အတွင်းရှိ ရှေးဟောင်းအိမ်ကြီးထဲ၌ သရဲခြောက်နေသည် ဆိုငြားအံ့။ ထိုသရဲသည် ကျွန်တော်၏ ဝိညာဉ်သရဲပင် ဖြစ်ပေလိမ့်မည်။ အမြဲတစေ လှုပ်ရှားလျက်ရှိနေသော ကျွန်တော်၏ စိတ်သည် နေ့ပေါင်းညပေါင်းများစွာပင် အက်စတယ်လာနေထိုင်ရာ ထိုအိမ်ကြီး ဆီသို့သာ ရောက်လျက်ရှိ၏။ တကယ်တော့ ကျွန်တော့်စိတ်သည် အချိန် ရှိသမျှ ထိုအိမ်ကြီးပတ်ဝန်းကျင်၌သာ လွင့်ပါသွားလာလျက် ရှိသည်ဖြစ်ရာ အကယ်၍များ ယခုလောလောဆယ်တွင် သေဆုံးသွားခဲ့ပါမူ ကျွန်တော်၏ ခန္ဓာကိုယ်သည် ထိုအိမ်ကြီး၏ အနီးအနားတစ်ဝိုက်၌သာ မြှုပ်နှံသင့်သည် ဟု ထင်၏။

အက်စတယ်လာနေရသည့် အိမ်ကြီးကို ပိုင်ဆိုင်သူမှာ မစ္စက်ဘရန်းဒလေး အမည်ရှိ မုဆိုးမကြီးတစ်ဦး ဖြစ်သည်။ ထိုမုဆိုးမကြီးသည် အက်စတယ်လာထက် အသက်များစွာကြီးသော သမီးတစ်ယောက်နှင့် အတူတူနေခြင်း ဖြစ်၏။ အမေနှင့် သမီး၏ ရုပ်ရည်နှင့် အကျင့်စရိုက်များမှာလည်း များစွာ ခြားနားကြ၏။ အမေက ငယ်ရုပ် ပေါက်၍ သမီးက အိုစာကျလျက် ရှိသည်။ အမေ၏ အသားရောင်သည် ပန်းရောင်ဖြစ်၍ သမီး၏ အသားရောင်မှာ အဝါရောင် ဖြစ်သည်။ အမေ က ခေတ်နှင့် အညီ လိုက်နိုင်အောင် ခေတ်ဆန်သူဖြစ်၍ သမီးက ဘာသာတရားကို လေ့လာလိုက်စားပြီး လေ့ကြီးထိုးရိုးရိုးပုံစံမျိုး နေထိုင်သူ ဖြစ်သည်။ သူတို့သားသမီးကို ဂုဏ်သရေရှိ အထက်တန်းစားများ ဟု အသိအမှတ်ပြုထားကြသည် ဖြစ်ရာ မြို့ပေါ်ရှိ လူကုံထံ လူချမ်းသာအသိုင်းအဝိုင်းမှ လူများသည် သူတို့ အိမ်သို့ အမြဲတစေ ဝင်ထွက်လာခြင်း ပြုကြသည်။ ပေါင်းသင်းဆက်ဆံရေး ရှုထောင့်မှ ကြည့်မည်ဆိုပါက သူတို့သားအမိနှင့် အက်စတယ်လာ၏ ကြားတွင် စိတ်နေသဘောထား တူညီတိုက်ဆိုင်မှု နည်းပါးသော်လည်း သူတို့သည် သူ့အတွက် လိုအပ်သောလူများ ဖြစ်၍ သူသည် သူတို့ အတွက် လိုအပ်သော လူတစ်ယောက် ဖြစ်သည် ဟူသော အပြန်အလှန် နားလည်မှုကား အခိုင်အမာ တည်ရှိနေပေသည်။ အမှန်တော့ မစ္စက်ဘရန်းဒလေးသည် မစ္စဟေဗီရှမ်တစ်ယောက် အထီးကျန်ဘဝ မရောက်မီက အလွန်ရင်းနှီးခင်မင်ခဲ့သော သူငယ်ချင်းတစ်ဦး ဖြစ်ခဲ့လေသည်။

မစ္စက်ဘရန်းဒလေး၏ အိမ်အတွင်း၌ ဖြစ်စေ အပြင်၌ ဖြစ်စေ အက်စတယ်လာကြောင့် ကျွန်တော် ခံစားနေရသည့် စိတ်ဒုက္ခမှာ မူကား အဆမတန် ကြီးမားလှပါဘိ၏။ သူနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာ တကယ်တမ်း ဆန်းစစ်ကြည့်လိုက်သည့် အခါ ဘယ်သောအခါမှ ကျွန်တော့်ဘက်မှ စိတ်ချမ်းသာရသည် ဟု မရှိပါ။ အမြဲတစေ စိတ်နောက်ကျိ ရှုပ်ထွေးကာ တွေဝေနေရသည် က များ၏။ အမှန်တော့ အက်စတယ်လာသည် ကျွန်တော့်ကို ဆက်ဆံရာ၌ တကယ်တမ်းခင်မင်၍ တရင်းတနှီး ဆက်ဆံနေခြင်းမဟုတ်၊

သူ့အလှတွင် ယစ်မူးပြီး သူ့အား ဝိုင်းဝိုင်းလည်မျှ ပိုးပန်းနေသူများ၏ စိတ်တွင် မနာလိုဝန်တိုမှု အားကြီးကာ သူ့အပေါ်၌ တိုး၍ တိုး၍ ငမ်းငမ်းတက်ဖြစ်လာအောင် နှိုးဆွပေးနိုင်သည့် အရာဝတ္ထုတစ်ခုအဖြစ် အသုံးပြုရန်မျှသာ ဆက်ဆံနေခြင်း ဖြစ်လေသည်။ သူ့အပေါ်၌ ကျွန်တော် ဘယ်လိုသဘောထားနေသည် ဟူသော အချက်ကို နည်းနည်းကလေးမှ ထည့်သွင်းစဉ်းစားခြင်း မပြုပေ။ သူ ကျွန်တော့် ကို ဆက်ဆံနေပုံမှာ သူ၏ အတွင်းရေးမှူး သို့မဟုတ် သူ၏ ဘဏ္ဍာစိုး သို့မဟုတ် သူ၏ မောင်ဝမ်းကွဲ သို့မဟုတ် သူ၏ ဆင်းရဲသော ဆွေမျိုးညာတိ တစ်ဦး သို့မဟုတ် သူ၏ မတ်တစ်ယောက် အဆင့်မျိုး ထား၍ ဆက်ဆံ နေခြင်းမျှသာ ဖြစ်ရာ ကျွန်တော် မျှော်လင့်ထားသလို ချစ်သူဘဝ ရောက် လာဖို့ ဆိုတာလည်း မှန်းဆ၍ မရနိုင်လောက်အောင်ပင် အလှမ်းကွာ ဝေးလျက် ရှိ၏။ သူနှင့် ကျွန်တော် အနေအထိုင် နီးစပ်သည်ကား မှန်၏။ သူ့ကို ကျွန်တော်က "အက်စတယ်လာ" ဟု တရင်းတနှီးခေါ်၍ သူက ကျွန်တော့်ကို 'ပစ်ပ်' ဟု တရင်းတနှီး ခေါ်နေကြသည် မှာလည်း မှန်၏။ ဤမျှလောက်သော အပေါ်ယံဆက်ဆံမှုများကို မြင်ကြရသည့် သူ့ချစ်သူ များသည် အသည်းကျွမ်းမတတ် ခံစားနေကြရသည်။ ရူးမတတ် ဖြစ် နေကြသည်။ အမှန်တော့ သူတို့သည် ကျွန်တော့်အဖြစ်ကို သိကြသည် မဟုတ်။ အတွင်းကျကျသာ သိကြမည်ဆိုပါမူ မရေမရာ နိုင်လွန်းလှသော သူ၏ ဆက်ဆံမှုများကြောင့် ကျွန်တော်ကိုယ်တိုင်ပင်လျှင် ရူးမတတ် ခံစားနေရသည့် အဖြစ်ကို နားလည်လာကြလိမ့်မည် ထင်ပါသည်။

အက်စတယ်လာ၏ အလှတွင် ယစ်မူးနေသူများမှာ အတိုင်းအဆ မသိနိုင်လောက်အောင်ပင် များပြားသည် ဟု ဆိုရပါလိမ့်မည်။ သူ့အလှတွင် ယစ်မူးနေသူတစ်ဦး သူ့အနားကပ်သွားလျှင် ကျွန်တော့်ရင်ထဲ၌ ရှိနေသော မနာလိုဝန်တိုစိတ် အစိုင်အခဲသည် ကြီးမားလာသည်။ သူ့အလှတွင် ယစ်မူးနေသူများ အနေဖြင့်လည်း ကျွန်တော် သူ့အနီး၌ ရှိနေလျှင် ကျွန်တော့်ကဲ့သို့ပင် မနာလိုဝန်တိုစိတ် ပြင်းထန်လျက် ရှိကြ၏။

ကျွန်တော်သည် ရစ်ချ်မွန်အိမ်ကြီးသို့ မကြာခဏ သွားပြီး အက်စတယ်လာနှင့် တွေ့သည်။ မြို့ထဲ၌လည်း သူ့သတင်းကို မကြာခဏ ကြားရ၏။ သူနှင့် ဘရန်းဒလေးတို့သားအမိကို ခေါ်၍ ဟိုဟိုသည်သည် လျှောက်လည်သည့် အခါ လည်သည်။ ပွဲလမ်းသဘင်များ သို့ သွားသည့် အခါ သွားသည်။ ပြဇာတ်များ၊ အော်ပရာက,ဇာတ်များ၊ က,ပွဲများ နှင့်ပါတီ ပွဲများသည် ကျွန်တော်တို့ မကြာခဏ ရောက်ကြသည့် ပွဲများ ဖြစ်၏။ ဘေးလူများ၏ အမြင်တွင် ပျော်ပွဲရွှင်ပွဲ ဟူသမျှ၌ အက်စတယ်လာနှင့် ကျွန်တော်သည် တတွဲတွဲ..။ ကျွန်တော့်လောက် ပျော်စရာကောင်းသူသည် ဤလောက၌ ရှိအံ့မထင်ဟု ဆိုကောင်း ဆိုကြပေလိမ့်မည်။ အမှန်တကယ်အားဖြင့် ကျွန်တော့်အဖြစ်မှာ ရင်နာစရာ ကောင်းလှသည်။ သူနှင့် တွဲနေရသည့် အတွက် တစ်နာရီမျှပင် စိတ်ချမ်းသာရသည် မရှိပါ။ သို့သော်လည်း သူနှင့် နီးနီးကပ်ကပ် မနေရပြန်ပါကလည်း ကျွန်တော့်မှာ

ပျော်သည် ဟု မရှိပါ။

ကျွန်တော်နှင့် သွားအတူ လာအတူ နေလျက်ရှိသော အက်စတယ်လာသည် ရံဖန်ရံခါတွင် သူနှင့် ကျွန်တော် ယခုကဲ့သို့ တပူးတွဲတွဲနေခြင်းမှာ နေလိုစိတ်ရှိ၍ နေရခြင်း မဟုတ်၊ မစ္စဟေဗီရှမ်၏ ညွှန်ကြားချက်အရ နေရခြင်းဖြစ်သည် ဟူသော သဘောထားကို ကျွန်တော် နားလည်အောင် ကိုယ်နှုတ်အမူအရာအားဖြင့် ဖော်ပြတတ်သည်။ တစ်ခါတစ်ရံတွင် မူ သတိပေးသည့် အနေဖြင့်ပါးစပ်မှာ ထုတ်ဖော်ပြောတတ်၏။ တစ်ခါတစ်ရံတွင် မူ ကျွန်တော့်အပေါ်၌ ကရုဏာ မကင်းသောစိတ်ကို ဖော်ပြတတ်လေသည်။

တစ်ညတွင် ကျွန်တော်တို့ နှစ်ယောက်သည် ရစ်ချ်မွန်အိမ်ကြီး၏ မှောင်မိုက်လျက်ရှိသော ပြတင်းပေါက်အနီးတွင် ထိုင်နေကြသည်။ အက်စတယ်လာသည် အတူတူ မတွဲမဖြစ်၍ တွဲနေရသည့် သဘောကို အမူ အရာဖြင့် ဖော်ပြနေရာမှ စိတ်မကောင်း ဖြစ်သွားဟန်ဖြင့် "ဩော်... ပစ်ပ်... ပစ်ပ်... ခက်သေးတယ်နော်" ဟု ညည်းသည်။ ထို့နောက် "ရှင် ကျွန်မ သတိပေးနေတာကို အခုထက်ထိ လက်မခံသေးဘူးလား" ဟု မေးသည်။

"မင်း ဘာများ သတိပေးခဲ့လို့ တုံး"

"ကျွန်မနဲ့ ပတ်သက်လို့ပေါ့ "

"ဩော်... ဟုတ်ပြီ၊ မင့်ကို မစွဲလမ်းဖို့၊ မချစ်ဖို့၊ မကြိုက်ဖို့ ပြောခဲ့ဖူးတယ်၊ အဲဒီစကားကို ပြောတာလား အက်စတယ်လာ"

"ဟုတ်တယ်။ တကယ်လို့ ကျွန်မ သတိပေးတာကို ရှင် သဘောမပေါက်သေးဘူး ဆိုရင်တော့ ရှင်ဟာ အကန်းပဲ"

အချစ်မှာ မျက်စိမရှိဘူးလို့ လူအများက ယုံကြည်ထားကြတာပဲ ဟူသော စကားကို ကျွန်တော် ပြန်ပြောသင့်သည် ဟု ထင်၏။ သို့သော်လည်း ကျွန်တော် မပြောပါ။ မစ္စဟေဗီရှမ်၏ ညွှန်ကြားချက်များ အတိုင်း လိုက်နာရုံမှ တစ်ပါး အခြား ဘာကိုမှ လုပ်ပိုင်ခွင့်မရှိဟု ယူဆထားသော အက်စတယ်လာ အား ကျွန်တော့်စိတ်ထဲ ရှိသမျှကို ပြော၍ ဇွတ်အကျပ်ကိုင်ရန် မသင့်ဟု ယူဆမိပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်ရင်ထဲ၌ အမြဲတစေ ကိန်းအောင်းနေသော စိုးရိမ်စိတ်တစ်ခု ကတော့ ရှိ၏။ ယင်းမှာ အခြားမဟုတ်၊ မစ္စဟေဗီရှမ် ပြုသမျှ နုရမည့် ဘဝဟု သူ့ကိုယ်သူ တစ်သမတ်တည်း ယူဆကာ ကျွန်တော့်အပေါ် ချစ်မိပါလျက်နှင့် မချစ်မိအောင် မျိုသိပ်ထားမည်ကို စိုးရိမ်နေသော စိတ်ပေတည်း။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ စာရေးပြီးခေါ်လို့ လာရတာပါပဲ" အခုတစ်ကြိမ် လာရတာဟာ မင်းစာရေးပြီး ခေါ်လို့ လာရတာပါပဲ"

"မှန်ပါတယ်လေ" ဟု အက်စတယ်လာက ပြုံး၍ ပြောသည်။ သူ့အပြုံးမှာ အေးစက်စက် မာကျောကျောနှင့် လောကကြီးကို ထီမထင်သည့် အပြုံး၊ မြင်လိုက်ရသည့် အခါတိုင်း ကျွန်တော့်တစ်ကိုယ်လုံးကို အေးစက်သွားစေသည့် အပြုံး။

သူသည် ကောင်းကင်ထက်ဆီမှ တလက်လက်လင်းနေသော ကြယ်များဆီသို့ ငေးကာ ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ ကျွန်တော့်ဘက် ပြန်လှည့်ကာ စကားဆက်ပြောသည်။

"မစ္စဟောဗီရှမ်က ကျွန်မနဲ့ တွေ့ချင်လို့ တစ်ရက်လောက် လာလည်ပါဦးတဲ့၊ တကယ်လို့ ရှင့်ဆန္ဒရှိမယ်မဆိုရင် ကျွန်မကို လိုက်ပို့၊ အတူတူသွားပြီး အတူတူပြန်ကြတာပေါ့၊ သူက ကျွန်မတစ်ယောက်တည်း အဖော်မပါဘဲ ခရီးသွားတာကို သဘောကျပုံမပေါ်ဘူး၊ ဘယ်လို သဘောရသလဲ၊ ရှင် လိုက်ပို့ပေးမလား"

"ပို့ပေးမယ် အက်စတယ်လာ"

"ဒီလိုဆိုရင် ကျွန်မတို့ သန်ဘက်ခါမနက် သွားကြမယ်၊ ကုန်ကျစရိတ်ကို ကျွန်မရဲ့ ပိုက်ဆံအိတ်ထဲက ရှင်ယူသုံးရမယ်၊ ကျွန်မတို့ လိုက်နာရမယ့် စည်းကမ်းကတော့ ဒါပဲ၊ ရှင် ကြားတယ်နော်"

"ကြားပါတယ်၊ သူခိုင်းတဲ့ အတိုင်း လုပ်ရမှာပေါ့ "

တကယ်တော့ ကျွန်တော် အခုလုပ်ရမယ့် တာဝန်သည် မစ္စဟောဗီရှမ် က အက်စတယ်လာမှ တစ်ဆင့် စေခိုင်းသောတာဝန်ဖြစ်မှန်း ကျွန်တော် သိပါသည်။ မစ္စဟောဗီရှမ်သည် ကျွန်တော့်ကို ဘာခိုင်းခိုင်း အက်စတယ်လာမှ တစ်ဆင့်သာ ခိုင်းလေ့ရှိ၏။ သူ့အနေဖြင့် ကျွန်တော့်ထံ ဘယ်တော့မှ တိုက်ရိုက်ဆက်သွယ်ခြင်း မပြု။ ထို့ကြောင့်လည်း သူ့လက်ရေး ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ချိန်းထားသည့် နေ့တွင် ကျွန်တော် နှင့် အက်စတယ်လာ အတူတူ ထွက်လာခဲ့ကြသည်။ မစ္စဟောဗီရှမ်ကတော့ သူနှင့် ကျွန်တော် ပထမဆုံးအကြိမ် ဆုံမိခဲ့ကြသည့် အခန်းထဲမှာပင် ပုံစံမပျက် တွေ့ရသည်။ အိမ်ကြီး၏ အပြင်အဆင်မှာ ယခုအချိန်အထိ အချိုးမပြောင်း။ ဟိုယခင်က တွေ့နေမြင်နေကျ ပုံစံအတိုင်းပင် ဖြစ်သည်။

မစ္စဟောဗီရှမ်က အက်စတယ်လာကို ချစ်ခင်တွယ်တာနေပုံမှာလည်း ယခင်ကထက် အဆပေါင်းများစွာ တိုးလျက်ရှိသည် ကို တွေ့ရ၏။ သူ အက်စတယ်လာကို ကြည့်ပုံရှုပုံမှာ ပွေ့ဖက်ပုံများမှာ ကြောက်စရာကောင်းလောက်အောင်ပင် ပြင်းထန်လျက်ရှိသည်။ သူ့ကို ကြည့်ရသည်မှာ အက်စတယ်လာ၏ အလှတွင် အငမ်းမရ စွဲမက်နေပုံ ရသည်။ အက်စတယ်လာ၏ စကားနှင့် အက်စတယ်လာ၏ ပြောဟန်ဆိုဟန်မှ စ၍ အက်စတယ်လာ၏ တစ်ကိုယ်လုံးအပေါ် တမ်းတမ်းစွဲဖြစ်နေပုံ ရသည်။ အက်စတယ်လာကို ကြည့်နေပုံမှာ သူမွေးမြူထားသည့် လှပသော သတ္တဝါတစ်ကောင်ကို ကိုက်ခဲစားသောက်ကာ ဝါးမျိုပစ်တော့မည့် ပုံမျိုး ဖြစ်လေသည်။

သူသည် အက်စတယ်လာကို အငမ်းမရ ကြည့်နေရာမှ ကျွန်တော့်ဘက် လှည့်ကြည့်သည်။ သူ့ကြည့်ပုံမှာ စူးစူးဝါးဝါး နိုင်လှ၏။ ကျွန်တော့်နှလုံးသားတွင်

ဒဏ်ရာရှိ,မရှိ စစ်ဆေးကြည့်ရှုနေသည့် နှယ် ရှိသည်။ "ဟဲ့ ပစ်ပ်၊ မင့်ကို အက်စတယ်လာက ဘယ်လိုအသုံးချသလဲ ပြောစမ်း" ဟု လှမ်းမေးသည်။ သူမေးပုံမှာ အငမ်းမရပင်ဖြစ်ရာ အက်စတယ်လာပင်လျှင် ကြားနိုင်လောက်၏။

သူ့အခန်းထဲရှိ ဆောင်းမီးဖိုဘေး၌ ထိုင်မိကြသောအခါ မစ္စဟေဗီရှမ်၏ အမူအရာသည် ပို၍ပင် ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။ သူသည် အက်စတယ်လာ၏ လက်ကိုကိုင်ကာ အက်စတယ်လာက သူ့ထံရေးခဲ့သည့်စာများ ထဲမှ အက်စတယ်လာအပေါ် တမ်းတမ်းစွဲ ဖြစ်နေကြသူများ၏ အကြောင်းကို မေးသည်။ ထိုလူများ၏ အမည်နှင့် ထိုလူများ၏အခြေအနေကို အက်စတယ်လာက ပြောပြသည်။ မစ္စဟေဗီရှမ်ကတော့ အက်စတယ်လာပြောသမျှ မြိန်ရေရှက်ရေ အရသာခံ၍ နားထောင်သည်။ နားထောင်၍ အားရသောအခါ မစ္စဟေဗီရှမ်သည် သူ့လက်တစ်ဖက်ဖြင့် သူ့လမ်းလျှောက်တုတ်ကို ကိုင်၍ ထိုလက်ပေါ် မေးတင်ကာ အလွန်ဝမ်းသာကြည်နူးနေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို ကြည့်သည်။ သူ၏ အပြုအမူများမှာ အစိမ်းသူရဲတစ်ကောင်နှင့် တူချေသည်။

မစ္စဟေဗီရှမ်၏ အပြုအမူများကို ကြည့်ရင်း ကျွန်တော့်အတွက် အလွန်စိတ်ဆင်းရဲစရာ ကောင်းသည့် အတွေးတစ်ခုသည် ကျွန်တော့်အသိ ဉာဏ်ထဲသို့ ဝင်လာသည်။ စိတ်ပျက်ခြင်းနှင့် အားငယ်ခြင်းများသည် ကျွန်တော့်ရင်ကို ပြင်းစွာ ရိုက်ခတ်သည်။ ဤပုံအတိုင်းဆိုပါက ယောက်ျားများ အပေါ်၌ အကြီးအကျယ် စိတ်နာခဲ့လျက်ရှိသော မစ္စဟေဗီရှမ်သည် အက်စတယ်လာအား 'တည်ကြက်' အဖြစ်ထားကာ ယောကျ်ားများကို တုံ့ပြန်လက်စားချေနေခြင်း ဖြစ်၏။ သူ၏ လက်စားချေလုပ်ငန်း သည် ဘယ်အချိန်အခါကျမှ ပြီးဆုံးပါမည်နည်း။ သူ့အလိုပြည့်ခါမှ ပြီးဆုံးလိမ့်မည်ဟု ဆိုပါကလည်း သူ့အလိုသည် ဘယ်သောအခါ ကျမှ ပြည့်ပါမည်နည်း။ တကယ်တော့ သူသည် အက်စတယ်လာကို အရပ်တကာလွှတ်၍ ယောကျ်ားများက စွဲမက်လာအောင်၊ တမ်းတမ်းစွဲ ဖြစ်လာအောင်၊ အထောင်ခိုင်းထားခြင်း ဖြစ်၏။ ထောင်ထားသည့် ကျော့ကွင်းထဲသို့ ရောက်လာသူမှန်သမျှကို နည်းပရိယာယ် မာယာအမျိုးမျိုးဖြင့် လှည့်စားကာ အရှုံးအမူးဖြစ်အောင်၊ အသည်းကွဲအောင်၊ လုပ်ခိုင်းထားခြင်း ဖြစ်၏။ အခုအတိုင်းသာဆိုပါက အက်စတယ်လာအား နောက်ဆုံးတစ်နေ့တွင် ကျွန်တော်နှင့် လက်ထပ်ပေးမည် ဆိုဦးတော့၊ လောလောဆယ်တော့ဖြင့် မစ္စဟေဗီရှမ်၏ လက်စားချေမှုကြောင့် အကျိုးပျက်ပြားနေရသူများ ထဲတွင် ကျွန်တော်ကိုယ်တိုင်ပင် စာရင်းဝင် သာ◌းကောင်တစ်ဦးဘဝသို့ ရောက်နေရလေပြီ။ ယောကျ်ားများ အပေါ် လက်စား ချေမှုတည်းဟူသော ဤလုပ်ရပ်ကြီးပါနေသဖြင့် ကျွန်တော့်အုပ်ထိန်းသူ မစ္စတာ ဂျက်ဂါးအနေဖြင့် မစ္စဟေဗီရှမ်၏ ဤကိစ္စတွင်ပါဝင်မလာခြင်း ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ မစ္စဟေဗီရှမ်အနေဖြင့် ဤအိမ်ကြီး၏ မှောင်ရိပ်ကို ခိုနေခြင်းသည် သူစီမံဖန်တီးထားသည့် လက်စားချေမှု လုပ်ငန်းကို နောက်ကွယ်မှ ကြိုးဆွဲရန်

ဖြစ်လိမ့်မည်ဟု ယူဆရလေသည်။

နံရံပေါ်ရှိ စင်များ ပေါ်မှာ ဖယောင်းတိုင်အလင်းရောင်များသည် အခန်းထဲတွင် ဖြာကျလျက် ရှိသည်။ ပတ်ဝန်းကျင်ကို မျက်စိကစားမိ၏။ ရပ်နေသာနာရီ၊ အရောင်အဆင်းကင်းမဲ့ပြီ ဖြစ်သော သတို့ သမီးဝတ်စုံ၊ စားပွဲပေါ်မှ လက်ထပ်ကိတ်မုန့်ကြီး။ ရစ်ပတ်ဖွဲ့နှောင်နေသည့် ပင့်ကူအိမ်များ၊ တရွရွ သွားကာ လှုပ်ရှားနေကြသည့် ပင့်ကူများ၊ ကြွက်များ သွားလာထားသည့် လမ်းကြောင်းများ၊ မှုန်ဝါးဝါး အလင်းရောင်အောက်တွင် ဤအရာဝတ္ထုပစ္စည်းများကို မြင်ရသည်မှာ စိတ်နှလုံး သာယာဖွယ်ရာ မရှိပါ။

ယခုတစ်ခေါက်တွင် အက်စတယ်လာနှင့် မစ္စဟေဗီရှမ်တို့ စကားတကောက်တဆတ် များကြသည်။ သူတို့ နှစ်ယောက် အဆင်မပြေဖြစ်သည် ကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ရခြင်း ပေတည်း။

ကျွန်တော်စောစောက ဖော်ပြခဲ့သည့် အတိုင်း ကျွန်တော်တို့ သုံးယောက်သည် မီးဖိုကြီး ဘေးအနီးတွင် ထိုင်နေကြသည်။ မစ္စဟေဗီရှမ်သည် အက်စတယ်လာ၏ လက်တစ်ဖက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်ထားရာ အက်စတယ်လာထံမှ သူသိလိုသမျှ ကြားရပြီးသည့် အချိန်အထိ မလွှတ်သေးပါ။ ကြာလာသောအခါ အက်စတယ်လာက သူ့လက်ကို မစ္စဟေဗီရှမ်လက်ထဲမှ အသာအယာ ရုန်းထွက်လိုက်သည်။ အလျင့်အလျင်ကလည်း ထိုကဲ့သို့ သူ့လက်ကို အကြာကြီး ကိုင်ထားသည့် အခါတိုင်း အက်စတယ်လာသည် မစ္စဟေဗီရှမ်က ငမ်းငမ်းတက်ဖြစ်နေသည် ကို လက်ခံသည့် အမူအရာလည်း မပြ၊ တုံ့ပြန်ခြင်းလည်း မပြု၊ မတတ်သာလွန်း၍သာ အောင့်အည်းသည်းခံပြီး ခွင့်လွှတ်နေရသည့် သဘော ရှိလေသည်။

"ဒါက ဘာသဘောလဲအေ့" ဟု မစ္စဟေဗီရှမ်က ဒေါသသံဖြင့် ရေရွတ်ကာ အက်စတယ်လာ၏ မျက်နှာကို ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် စူးစူးရဲရဲ ကြည့်သည်။ "ညည်းက ငါ့အပေါ်မှာ စိတ်ကုန်နေပြီပေါ့လေ.. ဟုတ်လား"

"ကျွန်မကိုယ်ကျွန်မ စိတ်ကုန်တာပါ" ဟု အက်စတယ်လာက ပြန်ပြောပြီး မီးဖိုဘက်သို့ လျှောက်သွားကာ မီးတောက်များကို ငေးကြည့်နေသည်။

"အမှန်ကို ပြောစမ်းပါ ကျေးဇူးကန်းမရယ်" မစ္စဟေဗီရှမ်က သူ့လက်ထဲမှ လမ်းလျှောက်တုတ်ဖြင့် ကြမ်းပြင်ကို ဒေါသတကြီး ဆောင့်ထိုး လိုက်ပြီး အော်သည်။ "နင် ငါ့အပေါ်မှာ စိတ်ကုန်နေတာ ငါသိတယ်... ဟဲ့"

အက်စတယ်လာက အလွန်တည်ငြိမ်သော မျက်နှာထားဖြင့် မစ္စဟေဗီရှမ်အား လှည့်ကြည့်သည်။ ထို့နောက် သူ့မျက်နှာကို မီးတောက်များ ဘက်သို့ ပြန်လှည့်လိုက်၏။ ခန့်ညား လှပသော သူ့မျက်နှာသည် အေးစက်စက် မာကျောကျော။ မထီတရီ မခန့်တရန့်နှင့် တစ်ဖက်လူ၏ အဖြစ် ကို နည်းနည်းကလေးမှ အရေးမလုပ်သည့် ဟန်။

"နင်ဟာ အသက်မရှိတဲ့ ကျောက်ရုပ်တစ်ရုပ်နဲ့ ဘာမှ မထူးဘူး" ဟု

မစ္စဟေဗီရှမ်က မခံချိမခံသာ ဖြစ်လွန်းသောလေသံဖြင့် ရေရွတ်သည်။

"အတော့်ကို နှလုံးသားမာကျောတဲ့ မိန်းမတစ်ယောက်ပါပဲ"

"ဘာရှင့်"

မီးဖိုခေါင်းတိုင်ကို ဘေးတိုက်မှီ၍ ရပ်နေသော အက်စတယ်လာက မလိုတမာသံဖြင့် ရေရွတ်သည်။ "ကျွန်မနှလုံးသား မာကျောတယ်ဆိုပြီး ရှင်က အပြစ်တင်ချင်နေသလား၊ ဩော်... ရှင်ကပဲ အပြစ်တင်လိုက်သေးတယ်နော်၊ ဟုတ်လည်း ဟုတ်သေးတော့"

"အနို့.. ငါပြောတာ မဟုတ်ဘူးလား" ဟု မစ္စဟေဗီရှမ်က ဒေါသတကြီး ပြန်မေးသည်။

"ဒီကိစ္စဟာ ရှင်သိသင့်ပါတယ်" ဟု အက်စတယ်လာက ဆိုသည်။ " ကျွန်မဟာ ရှင့်စိတ်ကြိုက် ထုလုပ်ထားတဲ့ အရုပ်တစ်ရုပ်ပါ။ ကျွန်မနဲ့ ပတ်သက်လို့ အကောင်းမှန်သမျှ ရှင်ပဲ ယူတာပဲ၊ အဆိုးမှန်သမျှလည်း ရှင်ပဲယူတာပဲ၊ အောင်မြင်မှုတွေနဲ့ ဆုံးရှုံးမှုတွေ ဟူသမျှကိုလည်း ရှင်ပဲ ယူတာပဲ၊ ကျွန်မက ရှင့်လက်ခုပ်ထဲက ရေပါ။ ရှင်သွန်လိုက် မှောက်လိုက် လုပ်သမျှ ကျွန်မက ခံနေခဲ့ရတာပါ"

"အမယ်လေး... အမယ်လေး၊ ပြောလိုက်တာများ၊ ကြည့်ကြပါဦး... ဟယ်" ဟု မစ္စဟေဗီရှမ်က အော်သည်။ "တင်းလိုက်မာလိုက်တာ၊ ကျေးဇူးလည်း ကန်းပါ့။ နင့်အမေဝမ်းထဲက ကျွတ်ကတည်းက အသည်းနှလုံး ကျွမ်းနေတဲ့ ငါ့ရင်ခွင်မှာ နင့်ကို တင်မွေးလာတာပါဟယ်၊ ငါ နင့်အပေါ်မှာ တယုတယ ပြုစုစောင့်ရှောက်ခဲ့သမျှဟာ သဲထဲရေသွန် ဖြစ်နေပြီပေါ့ ဟယ်"

"ကျွန်မ လမ်းလျှောက်နိုင်တဲ့ အရွယ်၊ စကားပြောနိုင်တဲ့ အရွယ်ကစပြီး ရှင်ပုံသွင်းခဲ့တဲ့ အတိုင်း နေလာခဲ့တာပါ၊ ကျွန်မ တတ်နိုင်သမျှတော့ အကုန်ပုံပေးထားတာပဲ မဟုတ်လား၊ ကျွန်မဆီက နောက်ထပ် ဘာလိုချင်သေးလို့ တုံး၊ ရှင် ကျွန်မအပေါ် ကောင်းခဲ့ပါတယ်၊ ရှင်ကောင််းခဲ့တယ်ဆိုပြီး ကျွန်မတစ်ကိုယ်လုံး ပုံအပ်ထားခဲ့တာပဲ၊ နောက်ထပ် ရှင်က ဘာများ ထပ်လိုချင်သေးလို့ တုံး"

"မေတ္တာဟဲ့.. မေတ္တာ"

"ရှင် ရနေပြီပဲ"

"ငါ မရပါဘူးအေ... ညည်း ငါ့ကို ချစ်မှ မချစ်တာ"

"ဩော်.. မွေးစားအမေရယ်" ဟု အက်စတယ်လာက လေအေးကလေးဖြင့် ရေရွတ်သည်။ သူ့မျက်လုံးများက ဘယ်သူ့ကိုမှ မကြည့်။ တစ် ဖက်လူ၏ ဒေါသကို ဒေါသဖြင့် တုံ့ပြန်ခြင်းလည်း မပြု။ နူးညံ့သိမ်မွေ့သွားသည့် အမူအရာလည်း မရှိ။ "မွေးစားအမေရယ်၊ ကျွန်မက တစ်ကိုယ်လုံး ရှင်ပြုချင်သလို ပြုဖို့ ပုံအပ်ခဲ့ပြီပဲဟာ၊ နောက်ထပ် ဘာလိုသေးတော့လို့ တုံး။ ကျွန်မပိုင်ဆိုင်သမျှကို ရှင် လွတ်လပ်စွာ သုံး နေခဲ့တာပဲ၊ ရှင် ကျွန်မကို ပေးခဲ့သမျှအတွက် ကျွန်မကလည်း ကျွန်မပိုင်ဆိုင်သမျှကို

ပြန်ပေးခဲ့တာပဲ မဟုတ်လား၊ ရှင် ကျွန်မကို ဘယ်တုန်းကမှ မပေးခဲ့တဲ့ ဟာမျိုးကျတော့ ကျွန်မက ပြန်ပေးနိုင်မတဲ့လား။ တာဝန်ဝတ္တရား ရှိတယ် ဆိုပေမယ့်လည်း မဖြစ်နိုင်တာကျတော့ ဘယ်လိုနည်းနဲ့ မှ ကျေပွန်အောင် မလုပ်နိုင်ဘူးပေါ့၊ ရှင် ကျွန်မအပေါ်မှာ ပြုခဲ့တဲ့ အမှား တွေနဲ့ ဘာကြောင့် ဒီအမှားတွေကို ပြုခဲ့တယ်ဆိုတဲ့ အကြောင်းရင်းတွေ ကို ကျွန်မ ဘယ်တော့မှ မေ့မသွားပါဘူး။ ရှင့်အပေါ်မှာ ကျွန်မ ဘယ်တုန်းကမှလည်း သစ္စာမဖောက်ခဲ့ပါဘူး၊ ရှင့်ဆီမှာ ကျောင်းတက်ပြီး သင်ခဲ့ရတဲ့ ပညာရပ်တွေကိုလည်း မေ့မသွားပါဘူး၊ ကျွန်မတတ်နိုင်သမျှတော့ လုပ်ပေးခဲ့တာချည်းပါပဲ"

"အမယ်လေးဟယ်၊ ဖြစ်မှ ဖြစ်ရလေ၊ ဒီလိုဆိုရင် ငါက နင့်ကို ချစ်ခြင်းမေတ္တာဆိုတာ မပေးခဲ့ဘူးလို့ ဆိုချင်တာပေါ့၊ ဟုတ်လား" မစ္စဟေဗီရှမ်က ပြောပြောဆိုဆိုနှင့် ကျွန်တော့်ဘက်လှည့်၍ ပြူတူးပြဲတဲကြည့်သည်။ "ငါက နင့်ကို မချစ်ခဲ့ဘူးပေါ့လေ၊ ဟုတ်လား၊ အချိန်ရှိသမျှ နင့်ကို ချစ်လွန်းလို့ မနာလိုဝန်တို ဖြစ်ခဲ့ရတာတွေ၊ ရင်ထဲအသည်းထဲမှာ နာခဲ့ရတာ တွေကိုမှ မထောက်ထားဘူး၊ နင့်မို့လို့ အခုလို ရက်ရက်စက်စက် ပြောရက်ပလေတယ် အက်စတယ်လာရယ်…။ ငါ့ကို အရူးမကြီးလို့သာ ခေါ်လိုက်ပါတော့ဟယ်၊ အရူးမကြီးလို့သာ ခေါ်လိုက်ပါတော့"

"ဘာကြောင့် အရူးမကြီးလို့ ခေါ်ရမှာလဲ" ဟု အက်စတယ်လာက အေးအေးသာသာပင် ပြန်ပြောသည်။ "ကျွန်မကကော ဘာကြောင့် ခေါ် ရမလဲ၊ တခြားလူတွေကတော့ ဘာပြုလို့ ခေါ်ရမှာလဲ၊ မလိုပါဘူး၊ ရှင့်ရည်ရွယ်ချက်နဲ့ ရှင့်ရဲ့ နာကြည်းမှုတွေကို တခြားလူတွေက သိကြတာမှ မဟုတ်တာ။ ကျွန်မတောင်မှ အကုန်သိတာ မဟုတ်ပါဘူး။ တစ်ဝက်တစ် ပျက်လောက်ပဲ သိရတာပါ။ ကလေးဘဝကတည်းက ဟောဒီ မီးဖိုကြီး ဘေးမှာ ခွေးခြေတစ်လုံးနဲ့ ထိုင်ပြီး ရှင်ပြောသမျှကို နားထောင်၊ ရှင်သင်ပေးသမျှကို နာယူ။ ရှင့်မျက်နှာကို တစိမ့်စိမ့် စိုက်ကြည့်နေခဲ့ရတဲ့ သူပါ။ တစ်ခါတလေများ ရှင့်မျက်နှာထားကြီးက ထူးဆန်းလွန်းလို့ ကျွန်မမှာ ထိတ်လန့်ခဲ့ ကြောက်ခဲ့ရပါသေးတယ်"

"အမယ်လေး… မေ့ကုန်ကြပြီ၊ မေ့လွယ်လိုက်ကြတာ၊ အမေ့မြန်လိုက်ကြတာ" ဟု မစ္စဟေဗီရှမ်က ညည်းသည်။

"အို… ကျွန်မ မမေ့ပါဘူး" ဟု အက်စတယ်လာက ပြောသည်။ "မမေ့ပါဘူး၊ မေ့လို့လည်း မရပါဘူး၊ အားလုံးကို ကျွန်မရဲ့ မှတ်ဉာဏ်ထဲမှ စုဆောင်းသိုလှောင်ထားပါတယ်၊ ရှင် သင်သမျှကို ကျွန်မက မလိုက်နာဘဲ ပျက်ကွက်တာများ ရှိခဲ့သလား၊ ရှင်ပေးတဲ့ သင်ခန်းစာဟူသမျှကို ကျွန်မ မယူဘဲ နေခဲ့တဲ့ အချိန်များ ရှိခဲ့သလား၊ ရှင်ပေးသမျှကို ကျွန်မရဲ့ ဟောဒီရင်ထဲမှာ မသွင်းဘဲများ နေခဲ့မိသလား၊ ကျွန်မရဲ့ ဘဝကို ကိုယ်ချင်းစာကြည့်ပါဦး"

"အမယ်လေး… နော်၊ ကြီးလိုက်တဲ့ မာန၊ မာနကဖြင့် ကြီးပါပေ့" မစ္စဟေဗီရှမ်က သူ့ခေါင်းထက်က ဖွေးဖွေးလှုပ်နေသော ဆံပင်များကို

လက်နှစ်ဖက်ဖြင့် ဆောင့်၍ ဆောင့်၍ ဆွဲကာ ပြောသည်။

"ကျွန်မကို မာနကြီးအောင် ဘယ်သူသင်ပေးတာလဲ... ဟင်" အက်စတယ်လာကလည်း ကြက်ခေါင်းဆိတ်မခံ ပြန်ပြောသည် "သင်ပေးသမျှ ကျွန်မတတ်တော့ ချီးမွမ်းတာ မြှောက်ပင့်တာကော ဘယ်သူလဲ... ဟင်"

"တင်းလိုက်ပါပေ့၊ မာလိုက်ပါပေ့..တော်" မစ္စဟေဗီရှမ်က စောစော က ပုံစံအတိုင်း ဆံပင်များကို ဆောင့်ဆွဲပြီး ညည်းညူသောလေသံဖြင့် ပြောသည်။

"ငါက ငါ့အပေါ်မှာ မာနကြီးအောင်၊ ငါ့အပေါ်မှာ တင်းအောင်မာအောင် သင်ပေးခဲ့သလား" တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလျက်ရှိသော မစ္စဟေဗီရှမ်သည် လက်နှစ်ဖက်ကို အက်စတယ်လာ ဘက်သို့ ဆန့်တန်းပြီး ပြောသည်။ "အက်စတယ်လာ၊ အက်စတယ်လာ၊ အက်စတယ်လာ၊ ငါ့အပေါ်မှာ မာနထားတယ်၊ တင်းမာတယ်ပေါ့လေ... ဟုတ်လား"

အက်စတယ်လာသည် မဆိုစလောက်သာ အံ့ဩနေသည့် မျက်နှာထားဖြင့် မစ္စဟေဗီရှမ်အား စိုက်၍ ကြည့်နေမိသည်။ စိတ်ကတော့ နည်းနည်းကလေးမှ လှုပ်ရှားပုံ မရ။ တစ်ခဏမျှ ကြာသောအခါ သူ့မျက်လုံးအစုံသည် မီးဖိုထဲမှ မီးတောက်မီးလျှံများ ဆီသို့ ပြန်ရောက်သွားသည်။

"ကျွန်မ မစဉ်းစားတတ်တော့ဘူး၊ ပြောလည်း မပြောတတ်တော့ဘူး" အက်စတယ်လာက မျက်ခုံးများကို ပင့်၍ မစ္စတာဟေဗီရှမ်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ပြောသည်။ "လူချင်းခွဲနေရတာ ကြာပြီ၊ အခု လို တစ်ခါတလေ လာလည်တဲ့ အချိန်ကလေးမှာ ဘာပြုလို့ အဓိပ္ပာယ်မရှိ ရန်ရှာနေချင်ရတာလဲ၊ ကျွန်မဟာ ရှင့်အပေါ်မှာရော၊ ရှင် လက်ထပ် သင်ကြားပေး ပြသပေးလိုက်သမျှ အရာအားလုံးအပေါ်မှာရော သစ္စာရှိခဲ့တဲ့ လူတစ်ယောက်ပါ။ ရှင်ပေးသမျှ တာဝန်တွေကို ကျေပွန်အောင် လုပ်ပေးခဲ့တာချည်းပါပဲ၊ ကျွန်မဘက်မှာ ချို့ယွင်းချက်မရှိခဲ့ပါဘူး"

"ငါချစ်သလို ပြန်ပြီးမချစ်နိုင်တာဟာ နင့်ရဲ့ ချို့ယွင်းချက် မဟုတ်ဘူးလားဟဲ့"

"ဩော်. ကျွန်မ တွေးမိပြီ" ဟု အက်စတယ်လာက ရေရွတ်သည်။ "ဘယ်လိုအဖြစ်မျိုး ရောက်လာတယ် ဆိုတာကို ကျွန်မ သဘောပေါက်သလို ဖြစ်လာပြီ။ ဖြစ်ပုံက ဒီလို၊ ရှင့်ရဲ့ မွေးစားသမီးကို ကလေးဘဝကတည်ႏး မှောင်ကြီးကျနေတဲ့ ဒီအိမ်ကြီးရဲ့ ဟောဒီအခန်းထဲမှာ ထားပြီး ကျွေးမွေးစောင့်ရှောက်လာခဲ့တယ်။ နေရဲ့ အလင်းရောင်ဆိုတာ ရှိနေပါသေးတယ်လားဆိုတဲ့ အသိမျိုး ဝင်လာအောင် ရှင် မပြပေးခဲ့ဘူး။ အခုလိုအချိန်မျိုးကျမှ နေရဲ့ အလင်းရောင်အကြောင်း သိစေချင် နားလည်စေချင်နေတယ်။ ကျွန်မက မသိနားမလည်တဲ့ အခါကျတော့ ရှင်က ဝမ်းနည်းတယ်၊ စိတ်ထိခိုက်တယ်၊ ဒေါသဖြစ်တယ်၊ ဒါပဲ မဟုတ်လား"

မစ္စဟေဗီရှမ်ကတော့ သူ့လက်နှစ်ဖက်ဖြင့် ခေါင်းကို အုပ်၍ ကိုင်ကာ

တည္သည္းည္သည္း တည္သူညူ ဖြစ္လ်က္ ရွိသည္။ ကုလားထိုင္ေပၚတြင္ ၿငိမ္ၿငိမ္ထိုင္၍ မေနႏိုင္ဘဲ ေရွ႕တိုးေနာက္ငင္ ယိမ္းယိုင္လႈပ္ရွားလ်က္ ရွိသည္။ အက္စတယ္လာ၏ အေမးကို ေျဖဆိုျခင္း မျပဳေခ်။

"ဒါမွ မဟုတ္ရင္လည္း ရွင့္အေနနဲ႔ ရွင့္ရဲ႕ ေမြးစားသမီးကို သူ႔အသိဉာဏ္ေလး ဖြံ႕ၿဖိဳးစ အရြယ္ေလာက္စၿပီး ေလာကႀကီးမွာ ေနရဲ႕ အလင္းေရာင္လို အရာမ်ိဳးေတြ အမ်ားႀကီးရွိေနေသးတယ္ ဆိုတာ ႀကိဳးပမ္းအားထုတ္ၿပီး သင္ၾကားျပသေပးခဲ့မယ္ ဆိုရင္ အခုအခ်ိန္မွာ ျပႆနာဆိုတာ မရွိေတာ့ဘူးေပါ့၊ အခုေတာ့ ရွင္ကမွ သင္မေပးခဲ့တာ သူ နားလည္းပါေတာ့မလား၊ သူ နားမလည္ခါမွ စိတ္ဆိုးတာ စိတ္ထိခိုက္တာေတြ ျဖစ္ေတာ့ေကာ ဘာအက်ိဳးရွိလာမတဲ့လား"

မစ္စဟေဗီရွမ္ကေတာ့ ေစာေစာကပုံစံအတိုင္း ေခါင္းငိုက္စိုက္၍ ထိုင္လ်က္ပင္ ရွိသည္။ အေျဖကိုေတာ့ မေပး။

"အဲဒီေတာ့ ကိုယ္မသင္ရဲလို႔ မသိနားမလည္ခဲ့ရတဲ့ ဟာကို ဘယ္လို လုပ္ၿပီး ေပးႏိုင္ပါ့မလဲ၊ ကြၽန္မအေနနဲ႔ ရွင္ဖန္တီးထားတဲ့ အတိုင္းပဲ တည္ေနရမွာေပ့ါ၊ ေအာင္ျမင္တာလည္း ကြၽန္မပိုင္ မဟုတ္ဘူး၊ ဆုံး႐ႈံးတာ ဟာလည္း ကြၽန္မပိုင္ မဟုတ္ဘူး "

ဤအခ်ိန္တြင္ မစ္စဟေဗီရွမ္သည္ ၾကမ္းျပင္ေပၚသို႔လဲက်ကာ ဆံပင္မ်ား ဖိုးရိုးဖားရားျဖင့္ စိတ္ပ်က္ဖြယ္ေကာင္းသည့္ အေျခအေနသို႔ ေရာက္ေနေလၿပီ။ ကြၽန္ေတာ္ကေတာ့ အခန္းထဲမွ ထြက္သြားရန္ အေကာင္းဆုံးေသာ အခြင့္အေရးတစ္ရပ္ဟုပင္ ယူဆပါသည္။ ထို႔ေၾကာင့္ ကြၽန္ေတာ္က မစ္စဟေဗီရွမ္၏ အျဖစ္ကို အက္စတယ္လာအား လက္ညႇိဳးထိုးျပၿပီး အခန္းထဲမွ ထြက္လာခဲ့သည္။ အက္စတယ္လာကေတာ့ မတုန္မလႈပ္။ မီးဖိုေခါင္းတိုင္ကိုမွီ၍ ရပ္ၿမဲတိုင္း ရပ္ကာ က်န္ခဲ့သည္။ မစ္စဟေဗီရွမ္၏ ဆံပင္မ်ားသည္ ျပန္႔ကဲ်လ်က္ရွိ၏။ ျမင္ရသည္ မွစိတ္ခ်မ္းသာစရာ တစ္စက္မွ မရွိပါ။

ကြၽန္ေတာ္သည္ စိတ္ပ်က္လက္ပ်က္ျဖင့္ ၿခံဝင္းအတြင္း၌ ၾကယ္ေရာင္မ်ားကို အေဖာ္ျပဳကာ တစ္နာရီ၊ တစ္နာရီေက်ာ္ေက်ာ္မွ် ေလွ်ာက္သြား ေနမိပါသည္။ အရက္ခ်က္စက္ရုံဘက္သို႔လည္း ေရာက္သည္။ ဥယ်ာဥ္ ပ်က္အတြင္းသို႔လည္း ေရာက္သည္။ ေနာက္ဆုံးတြင္ ကိုယ့္စိတ္ကိုယ္ တင္းၿပီး အခန္းထဲသို႔ ျပန္လာခဲ့သည္။ မစ္စဟေဗီရွမ္မွာ သူ႔ခုံေပၚတြင္ ျပန္ေရာက္ေနေလၿပီ။ အက္စတယ္လာ ကေတာ့ မစ္စဟေဗီရွမ္အနီးတြင္ ထိုင္လ်က္ ရွိသည္။ ထို႔ေနာက္ အက္စတယ္လာႏွင့္ ကြၽန္ေတာ္သည္ ဟိုယ ခင္ကပုံစံအတိုင္း ဖဲကစားၾကရသည္။ ျခားနားခ်က္ဟူ၍ တစ္ခုသာရွိသည္။ ဖဲကစားရာ၌ ယခင္ကလို မဟုတ္၊ ယခင္ကထက္ ပို၍ ကြၽမ္းက်င္စြာ ကစားႏိုင္ၾကသည္။ ဤသို႔ျဖင့္ ဖဲတစ္ပြဲၿပီးတစ္ပြဲ ကစားရင္း အခ်ိန္ေတြ ကုန္မွန္းမသိ ကုန္ကာ ေနာက္ဆုံး အိပ္ရာဝင္ခဲ့ပါသည္။

ကြၽန္ေတာ္ အိပ္ရသည့္ အခန္းသည္ အိမ္မႀကီး၏ တစ္ဖက္ရွိ သီးျခားအေဆာက္အအုံထဲတြင္ ရွိသည္။ ဤအိမ္ႀကီးတြင္ ကြၽန္ေတာ္ အိပ္ရသည္မွာ

ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်၏။ ကျွန်တော် လုံးဝအိပ်၍ မပျော်ပါ။ ထောင်ပေါင်းများစွာသော မစ္စဟေဗီရှမ်၏ ရုပ်ပုံလွှာများသည် ကျွန်တော့်အား တစ်ချိန်လုံး ခြောက်လှန့်လျက် ရှိ၏။ သူ့ ရုပ်လွှာသည် ကျွန်တော့်ခေါင်းအုံး၏ ညာဘက်ဘေးမှ ပေါ်လာလိုက်၊ ဘယ်ဘက်ဘေးမှ ပေါ်လာလိုက်။ အိပ်ရာခုတင်၏ ညာဘက်ဘေးမှ ပေါ် လာလိုက်၊ ခြေရင်းမှ ပေါ်လာလိုက်။ စေ့ရုံမျှစေ့ထားသော အဝတ်လဲခန်း တံခါးနောက်ကွယ်မှ ပေါ်လာလိုက်နှင့် နေရာတိုင်းတွင် အဆက်မပြတ် ပေါ်လာလျက် ရှိလေသည်။ ညကလည်း ကုန်ခဲလှပါဘိ၏။ ညနှစ်နာရီ ထိုးသောအခါ ကျွန်တော်သည် မနေနိုင်တော့ပါ။ ဤအခန်းထဲရှိ ကျွန်တော့်အိပ်ရာပေါ်၌ ဆက်၍လဲလျောင်းနေလိုစိတ် ကုန်ခန်းလာသည်။

ကျွန်တော် အိပ်ရာထက်မှ ဆင်းကာ အဝတ်အစားလဲ၍ အပြင်သို့ ထွက်ခဲ့သည်။ စိတ်သက်သာရ ရလိုသောသဘောဖြင့် ခြံဝင်းထဲ ဆင်း၍ လမ်းလျှောက်နေမိသည်။ မစ္စဟေဗီရှမ်၏ အခန်းဆီသို့ မျှော်ကြည့်လိုက်မိ၏။ မစ္စဟေဗီရှမ်သည် ယခုအချိန်အထိ မအိပ်သေး။ပါးစပ်မှ တတွတ်တွတ် ညည်းညူကာ လမ်းလျှောက်ဆဲ။ သူလှုပ်ရှားနေပုံသည် သရဲတစ္ဆေတစ်ကောင်နှင့် တူလှ၏။ ကျွန်တော် သူ့ကို မျက်ခြည်မပြတ် လိုက်ကြည့်နေမိပါသည်။ သူသည် လှေကားမှ တက်သွားသည် ကို တွေ့လိုက်ရ၏။ လက်ထဲတွင် ဖယောင်းတိုင်တစ်တိုင် ကိုင်ထားသည်။ သူ့အခန်းထဲရှိ နံရံမှ ဖြုတ်ယူလာသည့် ဖယောင်းတိုင် ဖြစ်ဟန်တူ၏။ ဖယောင်းတိုင်အနီးသို့ လျှောက်သွားနေသော သူ့ခြေသံများကို အတိုင်းသား ကြားနေရ၏။ ထို့နောက်တော့ သူ့အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက် ရှိပြန်သည်။ သူ့ပါးစပ်မှ ခပ်တိုးတိုး ညည်းညူသံများမှာ မူ ရပ်သွားခြင်း မရှိ။ ကျွန်တော်သည် မှောင်ထဲ၌ ရပ်ကာ ကိုယ့်အိပ်ခန်းဆီသို့ ပြန်တက် သွားရကောင်းနိုးနိုး... အပြင်ခြံဝင်းကြီးထဲသို့ ထွက်သွားရကောင်းနိုးနိုး နှင့် ချီတုံချတုံ ဖြစ်လျက် ရှိသည်။ ဤသို့ဖြင့်ပင် နေ့၏ ရှေ့ပြေးဖြစ်သော အရုဏ်ဦးအလင်းရောင်သည် တဖြည်းဖြည်းချင်း ဝင်ရောက်လာသည်။ ထိုအချိန်ထိ မစ္စဟေဗီရှမ်ကတော့ လမ်းလျှောက်နေဆဲ။ သူ့အခန်းထဲမှ ခြေသံများသည် လှေကားထိပ်၌ ရပ်နေသော ကျွန်တော့်နားထဲသို့ အဆက်မပြတ် ဝင်ရောက်လာလျက်ပင် ရှိသည်။ ဖယောင်းတိုင်မီးကလည်း ပေါ်လာလိုက် ပျောက်သွားလိုက်။ သူ့နှုတ်မှ ညည်းညူနေသံမှာလည်း လုံးဝရပ်သွားခြင်း မရှိ။

နောက်တစ်နေ့ ကျွန်တော်တို့ လန်ဒန်သို့ မပြန်မီ နေရသည့် အခိုက် အတန့်အတွင်းတွင် မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့သည် နောက်ထပ် ကတောက်ကဆတ် မဖြစ်ကြတော့ပါ။ နောက်ပိုင်းတွင်လည်း အလားတူ ဖြစ်ရပ်မျိုး နောက်ထပ်ပေါ်ပေါက်လာသည် ကို မကြုံရတော့ပါ။ ကျွန်တော် မှတ်မိသလောက်ဆိုပါက နောက်ထပ်လေးကြိမ်တိတိ အလည်ရောက်ခဲ့သေးရာ ထိုအခေါက်များတွင် သူတို့ နှစ်ယောက် ပဋိပက္ခဖြစ်ကြသည် ကို မတွေ့ရတော့ပါ။

သို့သော်လည်း ယခင်တစ်ကြိမ်က စကားကတောက်ကဆတ် ဖြစ်ခဲ့ခြင်းကို အကြောင်းပြု၍ မစ္စဟောဗီရှမ်ဘက်မှ အနည်းငယ် ရှံ့တွန့်တွန့်ဖြစ်သည် ကို တွေ့ရလေသည်။

ကျွန်တော့်ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောရာ၌ ဘင့်တလေဒရမ္မလီ၏ အကြောင်းကို မဖော်ပြလျှင် မဖြစ်သဖြင့် ဖော်ပြရပါဦးမည်။ အကယ်၍ သူ့အကြောင်းကို မဖော်ပြဘဲသာ နေနိုင်မည်ဆိုပါက ကျွန်တော် များစွာဝမ်းသာမိပေလိမ့်မည်။

အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း ကျွန်တော်တို့သည် အပျော်တမ်း ကလပ်တစ်ခု၌ အသင်းဝင်ဖြစ်လေရာ အသင်း၏ စည်းကမ်းအတိုင်း အသင်းမှ ပြုလုပ်သည့် စားပွဲသောက်ပွဲများ သို့ ပုံမှန်သွား ရောက်လျက် ရှိကြ၏။ အသင်း၏ စည်းကမ်းအရ အသင်းသားများ ဆုံမိကြသည့် အခါ အသင်းဝင်တစ်ဦးချင်းဆီက တစ်လှည့်စီထ၍ မိမိတို့ အနှစ်သက်ဆုံးသော အမျိုးသမီးတစ်ဦး၏ အမည်ကို ပြောပြပြီး အရက်သောက်ရသည်။ ထိုအခါ အခြားအသင်းသားများကလည်း ထိုအမျိုးသမီးအတွက် ရည်မှန်းကာ အရက်သောက်ကြရ၏။ အခြားအသင်းသားများ အနေဖြင့် ထိုစည်းကမ်းအတိုင်း လိုက်နာပြီး မိမိတို့ သဘောကျ အမျိုးသမီးမိတ်ဆွေတစ်ဦး၏ အမည်ကို ထုတ်ဖော်ပြောပြကြပြီး ဖြစ်သော်လည်း ဒရမ္မလီမှာ မူ သူ့အလှည့်မကျ သေးသဖြင့် မပြောရသေးပေ။ တစ်ရက်တွင် မူ ထိုစည်းကမ်းအတိုင်း လိုက်နာလုပ်ဆောင်ရမည့် အလှည့်သည် အသိဉာဏ် ကင်းမဲ့လှသော ထိုတိရစ္ဆာန်ကောင်၏ အလှည့်ကျလာခဲ့လေသည်။ သူသည် ထိုင်နေရာမှ ထရပ်လိုက်ပြီး ကျွန်တော့်ဘက်သို့ တစ်ချက်မျှ မျက်စောင်းထိုး၍ ကြည့်လိုက်သည် ကို ရိပ်ခနဲ မြင်လိုက်ရ၏။ သို့သော်လည်း မျက်နှာကြောမတည့် သူချင်း ဖြစ်နေသဖြင့် ဤမျှလောက် လုပ်သည် ကို ကျွန်တော် ဂရုမစိုက်ပါ။ သို့သော်လည်း သူ့ပါးစပ်မှ 'အက်စတယ်လာ' ဟူသောအမည်ကို ထုတ်ဖော်ပြောလိုက်သည့် အခါတွင် မူ ကျွန်တော့်မှာ အကြီးအကျယ် အံ့ အားသင့်သွားမိပါသည်။

"ဘယ်... အက်စတယ်လာလဲကွ" ဟု ကျွန်တော်၏ နှုတ်မှ လွတ်ခနဲ မေးလိုက်မိသည်။

"မင်းအလုပ် မဟုတ်ပါဘူးကွ" ဟု ဒရမ္မလီက လှမ်းပြောသည်။

"ဘယ်က အက်စတယ်လာလဲလို့ မေးတာပေါ့ကွ" ဟု ကျွန်တော်က ပြန်ပြောသည်။ "ဘယ်အရပ် ဘယ်ဒေသဆိုတာတော့ မင်း မပြောလို့ ဘယ်ရမလဲ" အသင်းဝင်တစ်ယောက်အနေဖြင့် သူ မပြော၍ မရသော ကိစ္စ ဖြစ်သည်။

"လူကြီးမင်းခင်ဗျား၊ ရစ်ချ်မွန်ရပ်က အက်စတယ်လာကို ကျွန်တော်ပြောခြင်း ဖြစ်ပါတယ်" ဟု ဒရမ္မလီက ပြောသည်။ "ပြိုင်ဘက်ကင်းတဲ့ အလှနတ်မိမယ်တစ်ပါးပါခင်ဗျား"

ပြိုင်ဘက်ကင်းသော အလှအကြောင်းကို ဒီအရူး ဘယ်လောက်များ

သိလို့ပါလိမ့်ဟု ကျွန်တော် တွေးလိုက်မိသည်။ ကျွန်တော့်အတွေးကို ကျွန်တော်က ဟားဘတ်အား နှစ်ကိုယ်ကြား ကပ်၍ ပြောလိုက်မိ၏။

"အဲဒီအမျိုးသမီးကို ကျွန်တော်သိတယ်" ဟု ဟားဘတ်က အသင်းသားများ ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ဩော်... မင်းသိသလား" ဟု ဒရမ္မလီက မလိုတမာသံဖြင့် လှမ်းပြောလိုက်သည်။

"ငါလည်း သိတယ်ကွ" ဟု ကျွန်တော်ကပါ ဝင်ပြောလိုက်သည်။

"ဩော်... မင်းကလည်း သိသကိုး" ဟု ဒရမ္မလီက ရေရွတ်လိုက်ပြီး သူ့ရှေ့မှ အရက်ဖန်ခွက်နှင့် ကျွန်တော့်အား ကောက်၍ ပေါက်လိုက်သည်။ ကျွန်တော်က ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်ပြီး ဒရမ္မလီသည် သူနှင့် လုံးဝခင်မင်ရင်းနှီးမှုမရှိသော အမျိုးသမီးတစ်ယောက်အမည်ကို သူ့မိတ်ဆွေအဖြစ် လိမ်လည်၍ ပြောနေပါသည် ဟု စွပ်စွဲလိုက်ပါသည်။ ကျွန်တော် ဘာအဓိပ္ပာယ်နှင့် ပြောတာလဲဟု ဒရမ္မလီက မေးသည်။ ကျွန်တော်က ကျွန်တော်ပြောလိုက်သည့် စကား၏ အဓိပ္ပာယ်ကို သိလိုပါက ကျွန်တော်ရှိနေရာသို့ လာ၍ မေးလှည့်ပါ။ ကျွန်တော်ရှိမည့် နေရာကိုလည်း သူ သိလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည် ဟု ဖြေလိုက်ပါသည်။ ကျွန်တော် နောက်ဆုံးပြောလိုက်သည့် စကား၏ အဓိပ္ပာယ်မှာ သူနှင့် ကျွန်တော် တစ်ယောက်ချင်း သတ်ကြဖို့ စိန်ခေါ်လိုက်ခြင်း ဖြစ်လေသည်။

ထိုအခါ အသင်းသားများသည် ခရစ်ယာန်ဘာသာ ကိုးကွယ်သော နိုင်ငံတစ်နိုင်ငံ၌ ပြဿနာတစ်ရပ်ကို သွေးထွက်သံယိုမရှိဘဲ ဖြေရှင်းရန် သင့်,မသင့် ငြင်းကြသည်။ ငြင်းခုံပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန် လာရာ တဖြည်းဖြည်းနှင့် ထောက်ခံသူနှင့် မထောက်ခံသူဟူ၍ နှစ်အုပ် ကွဲလာသည်။ ဤသို့ဖြင့် သဘောမတိုက်ဆိုင်သူများချင်း စိန်ခေါ်ကြလေရာ တစ်ဖက်ခြောက်ယောက်စီ စိန်ခေါ်သည်အထိ ဖြစ်လာခဲ့ရ၏။ နောက်ဆုံးတွင် အသင်း၏ စည်းကမ်းအရ ဤကိစ္စကို အကျေအလည် ထပ်မံဆွေးနွေးကြပြီး ဆုံးဖြတ်ချက်တစ်ခုကို အများ သဘောတူ ဆုံးဖြတ်ကြသည်။ ယင်းဆုံးဖြတ်ချက်မှာ ဒရမ္မလီက သူ့မိတ်ဆွေ ဖြစ်ပါသည်ဟု ပြောဆိုထားသော အမျိုးသမီးထံမှ မိတ်ဆွေဖြစ်သည်မှာ မှန်ကန်ကြောင်း ထောက်ခံစာတစ်စောင် ယူလာပြီး အသင်းသားများ အား ပြရန်နှင့် ဒရမ္မလီက ယင်းကဲ့သို့ ပြနိုင်ပါက မစ္စတာပစ်ပ်အနေဖြင့် လူကြီးလူကောင်း ပီသစွာဖြင့် မိမိမှားကြောင်း ဝန်ခံ၍ ဝမ်းနည်းစကား ပြောရန် ဖြစ်လေသည်။

နောက်တစ်နေ့တွင် ဒရမ္မလီသည် ချိန်းဆိုထားသည့် အတိုင်း ရောက်လာပြီး မိမိနှင့် ဒရမ္မလီသည် ခင်မင်သော မိတ်ဆွေများ ဖြစ်၍ အကြိမ်ပေါင်းများစွာ တွဲက,ဖူးပါသည် ဟု အက်စတယ်လာကိုယ်တိုင် ဝန်ခံ၍ ကိုယ်တိုင်ရေးသားထားသော စာကို အသင်းသားများအား ပြသည်။ ကျွန်တော့်အနေဖြင့် မှားကြောင်း ဝန်ခံရုံမှ တစ်ပါး တခြားနည်းလမ်း မရှိတော့ပါ။ ကျွန်တော့်ဘက်မှ မှားကြောင်း ဝန်ခံကာ စကားပြောပြီးသည့် နောက်တွင်

ဒရမ္ဗလီနှင့် ကျွန်တော်သည် ကိုယ့်နေရာနှင့် ကိုယ် ထိုင်၍ တစ်နာရီနီးပါးမျှ စောင့်ရင်း တစ်ယောက်ကိုတစ်ယောက် အံတကြိတ်ကြိတ် သက်ပြင်းတရှူးရှူး လုပ်နေကြပါသေးသည်။

ဤအဖြစ်အပျက်ကို ကျွန်တော် ဖော်ပြနေသည်မှာ ခပ်ပေါ့ပေါ့ ဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲတွင် မူ ပေါ့ပေါ့တန်တန် သဘောမထားနိုင်ပါ။ ဤအခြေအနေကို သိလိုက်သော အချိန်မှစ၍ ကျွန်တော့်ရင်မှာ ဗလောင်ဆူလျက် ရှိ၏။ အသိဉာဏ်ရော၊ စိတ်နေစိတ်ဓာတ်ပါ အဆမတန် ညံ့ဖျင်းပြီး အဘက်ဘက်က အောက်တန်းကျလှသော ဒရမ္ဗလီလို လူတစ်ယောက်အား အက်စတယ်လာက မျက်နှာသာပေးသည့် အတွက် ကျွန်တော့်နှလုံးသားမှာ ပြင်းထန်စွာ နာကျင်လျက် ရှိနေပါသည်။ အက်စတယ်လာအနေဖြင့် ဒရမ္ဗလီကို မဟုတ်ဘဲ အခြားလူတစ်ယောက်ကိုသာ စွဲလမ်းချစ်ခင်နေသည် ဆိုဦးတော့ ကျွန်တော် ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်မိ၏။ အမဲလိုက်ခွေးတစ်ကောင် အဆင့်မျှသာ ရှိသော ဒရမ္ဗလီလိုအကောင်မျိုးနှင့် ခင်မင်ရင်းနှီးနေရသည် ကိုမူကား နည်းနည်းကလေးမှ သည်းမခံနိုင်လောက်အောင် ဖြစ်ရ၏။ ဝမ်းနည်းခြင်း ဖြစ်ရသည် နှင့်အမျှ ယူကျုံးမရ ဖြစ်ရ၏။

ကျွန်တော့်အဖို့ သူတို့ နှစ်ယောက်အကြောင်း သိရန်မှာ မခက်ခဲလှပါ။ စုံစမ်းလိုက်သည် နှင့် တစ်ပြိုင်နက် ချက်ချင်းပင် အကြောင်းစုံ သိလာ ရပါသည်။ ဒရမ္ဗလီသည် အက်စတယ်လာအား သဲသဲမဲမဲ ပိုးပန်းနေပြီဖြစ်၍ အက်စတယ်လာကလည်း မျက်နှာသာပေးနေသည်မှာ အမှန်ပင် ဖြစ်၏။ နောက်များ မကြာမီအတွင်း ကျွန်တော်နှင့် ဒရမ္ဗလီတို့သည် အက်စတယ်လာထံ သွားရင်းလာရင်း မကြာခဏ ဆုံမိနေကြသည်။ အသိဉာဏ်ကင်းမဲ့စွာဖြင့် ခေါင်းမာတတ်သော ဒရမ္ဗလီသည် ဤကိစ္စတွင်လည်း အလွန်ခေါင်းမာစွာဖြင့်ပင် အက်စတယ်လာအား တောက်တဲ့ကပ်သလို ကပ်လျက်ရှိသည်။ အက်စတယ်လာကလည်း ဒရမ္ဗလီ ဤကဲ့သို့ ဖြစ်နေသည် ကို သဘောကျပုံရသည် ဖြစ်ရာ ထိုကဲ့သို့ မဖြစ်ဖြစ်အောင် လိမ္မာပါးနပ်စွာဖြင့် ဖန်တီးပေးလျက် ရှိလေသည်။ အက်စတယ်လာသည် ဒရမ္ဗလီအား အားပေးအားမြှောက် ပြုသည့် အခါပြု၍ ရံဖန်ရံခါတွင် မူ ချ၍ နင်းထားတတ်၏။ တစ်ခါတစ်ရံတွင် မူ အလွန်ဖက်လဲတကင်းနှင့် အရောတဝင် ပြုတတ်သော်လည်း တစ်ခါတစ်ရံတွင် လုံးဝအဖက်မလုပ်ဘဲ နေတတ်၏။ အက်စတယ်လာ၏ အပြုအမူမှာ တစ်ခါတစ်ရံတွင် ဒရမ္ဗလီ ဘယ်လိုလူစားဖြစ်သည် ကို ကောင်းစွာ သိဟန်လက္ခဏာကို ဖော်ပြ နေသော်လည်း တစ်ခါတစ်ရံတွင် မူ ဒရမ္ဗလီ၏ ညံ့ဖျင်းချို့ယွင်းမှုများကို နည်းနည်းကလေးမှ သိပုံမရဟု ယူဆရလေသည်။

မည်သို့ပင်ဖြစ်စေ ဤပင့်ကူကောင် (မစ္စတာဂျက်ဂါးခေါ်သည့် အမည်) သည် အက်စတယ်လာကို ပိုးပန်းရာ၌ မည်သူမှ လိုက်မမီနိုင်လောက်အောင် ဖွဲကောင်းလှသည်ကို တွေ့ရသည်။ ဖွဲကောင်းရသည့် အထဲတွင် ချမ်းသာကြွယ်ဝမှုနှင့်

မိဘမျိုးရိုး ဂုဏ်ကြီးမှုများက ကျောထောက် နောက်ခံအဖြစ် ရပ်တည်နေလေရာ သူ့အဖို့ အားဆေးသဖွယ် ဖြစ်လျက် ရှိ၏။ သို့ဖြစ်ရာ ပင့်ကူကောင်အနေဖြင့် အက်စတယ်လာအား မရမချင်း မလျှော့သောဇွဲဖြင့် ကမ္ဘာကို ခြေကန်ပိုးမည့် အနေအထား၌ ရှိနေသည်။ ယခုအခါတွင် သူသည် အက်စတယ်လာအား မျက်ခြည်အပြတ်မခံဘဲ အချိန်ကောင်းကို စောင့်မျှော်နေပုံ ရလေသည်။

ရစ်ချ်မွန်ရပ်ကွက်အတွင်း၌ က,ပွဲကြီးများ လုပ်လေ့ရှိရာ တစ်နေ့သောည တစ်ခုသောက,ပွဲတွင် ကျွန်တော်တို့ ဆုံမိကြသည်။ အက်စတယ်လာမှာ အချောအလှ မိန်းကလေးများ ထဲတွင် အချောဆုံးမိန်းကလေး အဖြစ် နေရာယူထားလေသည်။ အရုက်အကြောက် ဟူ၍ မရှိလောက် အောင် မျက်နှာပြောင်တိုက်ဝံ့သော ဒရမ္မလီမှာလည်း အက်စတယ်လာ၏ အနားမှ ခွာသည် မရှိတော့ဘဲ တစ်ကောက်ကောက် လိုက်လျက်ရှိ၏။ အက်စတယ်လာကလည်း အတော်ကြီးကို လိုက်လိုက်လျောလျော ပြုလျက်ရှိသည် ကို မြင်နေရသည် ဖြစ်ရာ ဒရမ္မလီနှင့် ပတ်သက်၍ သတိပေးတော့မှ ဖြစ်မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ ဤသို့ဖြင့် နောက်တစ်ကြိမ် က,ပွဲတစ်ခု၌ ဆုံမိကြရာ ဤတစ်ကြိမ်တွင် မူ ရလာသည့်အခွင့်အရေးကို လက်လွတ်မခံတော့ပါ။ ထိုနေ့က အက်စတယ်လာသည် က,ပွဲအပြီးတွင် အိမ်ပြန်ရန် မစ္စက်ဘရန်းဒလေးအား စောင့်လျက် ရှိသည်။ ဤကဲ့သို့သော ပွဲမျိုးတွင် သူတို့ နှင့် အတူသွားအတူပြန် လုပ်လေ့ရှိသော ကျွန်တော်သည် ထိုအချိန်က အက်စတယ်လာ၏ အနီးတွင် ရှိနေပါသည်။

"ပင်ပန်းနေပြီလား အက်စတယ်လာ"

"ပင်ပန်းတယ် ပစ်ပ်"

"ဒါပေါ့လေ၊ ပင်ပန်းမှာပေ့ါ "

"ပင်ပန်းပေမယ့်လည်း အိမ်ရောက်ရင် နားရဦးမှာ မဟုတ်သေးဘူး၊ မစ္စဟေဗီရှမ်ဆီ စာရေးဖို့ တာဝန်က ရှိနေသေးတယ်"

"မင်း ကနေ့ညရခဲ့တဲ့ အောင်မြင်မှုတွေကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်ရင်တော်တော့်ကို နိမ့်ကျတဲ့ အောင်မြင်မှုတစ်ခုပဲ အက်စတယ်လာ"

"ရှင် ဘာကို ဆိုလိုတာလဲ.. ပစ်ပ်၊ ကျွန်မတော့ ဘာအောင်မြင်မှုမှ မမြင်မိပါလား"

"ဒီမယ် အက်စတယ်လာ၊ ဟိုထောင့်မှာ ရပ်ပြီး တို့ ဘက် လှမ်းလှမ်းကြည့်နေတဲ့ အကောင်ကို ကြည့်စမ်း"

"ကျွန်မက သူ့ကို ဘာကြောင့် ကြည့်ရမှာလဲ" ဟု အက်စတယ်လာ က ပြန်မေးသည်။ ကျွန်တော်ပြောသည့် ဘက်သို့ စောင်း၍ မျှပင် မကြည့်ဘဲ ကျွန်တော့်မျက်နှာကိုသာ စိုက်ကြည့်နေသည်။ "ရှင် သုံးလိုက်တဲ့ စကားအတိုင်း ပြောရရင် ဟိုထောင့်မှာ ရပ်နေတဲ့ အကောင်ပေါ့၊ အဲဒီကောင်က ဘာကောင်မို့ ကျွန်မက ကြည့်ရမှာလဲ၊ ဆိုစမ်းပါဦး"

"အဲ... ဟုတ်ပြီ၊ ကိုယ် မင့်ကို မေးချင်နေတာလဲ အဲဒီမေးခွန်းပဲ အက်စတယ်လာ" ဟု ကျွန်တော်က ပြန်ပြောသည်။ "အဲဒီကောင်ဟာ ကနေ့ ညတစ်ညလုံး မင့်အနားမှာ ရစ်သီရစ်သီနဲ့ ခွာကို မခွာဘူး"

"ဒါတွေက ပိုးဖလံတွေပဲ၊ ဖယောင်းတိုင်တစ်တိုင်ကို ဝင်တိုးနေတဲ့ ပိုးဖလံတွေပေါ့၊ သူတို့ ဘာသာသူတို့ ဝင်တိုးနေကြတာကို ဖယောင်းတိုင်က ဘာတတ်နိုင်မှာလဲ" အက်စတယ်လာက ဒရမ္မလီဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး ပြန်ပြောသည်။

"ဖယောင်းတိုင်က ဘာမှ မတတ်နိုင်တာကတော့ ထားလိုက်ပါတော့၊ အက်စတယ်လာကတော့ ဘာမှ မတတ်နိုင်ဘူးလား"

အက်စတယ်လာက ကျွန်တော့်စကားကို သဘောကျသဖြင့် ရယ်သည်။ "တတ်နိုင်ချင်လည်း တတ်နိုင်ကောင်းပါပေရဲ့။ ရှင်က ဘာလုပ်စေချင်နေလို့ တုံး"

"ဒီမယ် အက်စတယ်လာ၊ ကိုယ်ပြောတာ ဂရုစိုက်နားထောင်စမ်းပါ၊ နေရာတိုင်းမှာ လူတိုင်းက ရွံရှာစက်ဆုပ်နေကြတဲ့ ဒရမ္မလီလို လူစားတစ်ယောက်ကို မင်း မျက်နှာသာပေးနေတာ မြင်ရတော့ ကိုယ့်မှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရတယ်။ ဒီအကောင်ဟာ အလွန်စက်ဆုပ်ဖို့ ကောင်းတယ်ဆိုတာ မင်းလည်း သိမှာပါလေ"

"အဲဒီတော့" ဟု အက်စတယ်လာက ထောက်သည်။

"ဒီအကောင်ဟာ အလွန်စိတ်နေစိတ်ထား ညံ့တယ်၊ ရိုင်းလည်း ရိုင်းစိုင်းတယ်၊ ဒေါသကလည်း အင်မတန်ကြီးတယ်၊ အသိဉာဏ်လည်း မရှိဘူး။ အောက်တန်းလည်း အလွန်ကျတယ်"

"အဲဒီတော့" ဟု တစ်ကြိမ်ထပ်၍ ထောက်ပြန်သည်။ သူသည် ချစ်စရာကောင်းလှသည့် မျက်လုံးများကို ပြူး၍ ကျွန်တော့်အား ကြည့်နေသည်။

"သူ့မှာ ငွေကြေးချမ်းသာတာကလွဲလို့ ဘာအရည်အချင်းမှ ရှိတာ မဟုတ်ဘူး၊ သူ့ရဲ့ ဂုဏ်သရေရှိ ဘိုးဘွားဘီဘင် ဆွေမျိုးမိဘတွေ ဆိုတာ ကလည်း ခပ်တုံးတုံးတွေချည်းပဲ၊ မင်း ဒါတွေကို သိဖို့ ကောင်းပါတယ်"

"အဲဒီတော့" ဟု အက်စတယ်လာက ရေရွတ်ကာ ကျွန်တော့်အား မျက်လုံးပြူး၍ ကြည့်ပြန်သည်။

ကျွန်တော်က သူ စိတ်ဝင်တစား ဖြစ်လာပုံကို အခွင့်ကောင်းယူ၍ လိုရင်းအချက်ကို ဖွင့်ပြောလိုက်သည်။ "အဲဒါတွေကြောင့် ကိုယ့်မှာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေရတာပေါ့"

ကျွန်တော့်စိတ်ထဲရှိသမျှ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ အက်စတယ်လာအနေဖြင့် ကျွန်တော် ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန်အတွက် ဒရမ္မလီအား ပါစားပေးနေပါသည် ဆိုငြားအံ့။ ကျွန်တော့်နှလုံးသားသည် ခံနိုင်ဖွယ်ရာ ရှိပါသေး၏။ ယခုမူကား ထိုကဲ့သို့မဟုတ်။ အက်စတယ်လာ အနေဖြင့် ကျွန်တော့်အား လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ဒရမ္မလီ ကို

မျက်နှာသာပေးနေခြင်း ဖြစ်သဖြင့် ကျွန်တော့်မှာ ဖြေဆည်၍ မရနိုင် လောက်အောင် အခံရခက်နေခြင်း ဖြစ်၏။

"ပစ်ပ်ရယ်..." ဟု အက်စတယ်လာက ရေရွတ်သည်။ "ဒီကိစ္စကြောင့် တခြားလူတွေမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရတယ်ဆိုရင် သဘာ၀ကျပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း ဖြစ်အောင် ရည်ရွယ်ပြီး လုပ်နေတာပဲ၊ ရှင့်ကိုတော့ လုံး၀ ရည်ရွယ်တာ မဟုတ်တာ။ ဘာကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ချင်ရတာလဲ။ မမိုက်ချင်စမ်းပါနဲ့ ပစ်ပ်ရယ်၊ တကယ်တော့ ဒီကိစ္စဟာ ဆွေးနွေးဖို့ မကောင်းပါဘူး"

"မင်းပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ 'ဒီမိန်းကလေး ဟာ သူ့ဂုဏ်သိက္ခာနဲ့ သူ့ရဲ့ စွဲမက်စရာကောင်းတဲ့ အလှတွေကို လူ့အသိုင်းအဝိုင်းမှာ အညံ့ဆုံးဆိုတဲ့ လူတစ်ယောက်အတွက် တန်ဖိုးမထားတဲ့ ဘ၀ ရောက်နေပြီ' လို့ လူတွေက ပြောကုန်ကြပြီ။ ဒီစကားမျိုးတွေ ကြား ရနေရတော့ ကိုယ်သည်းမခံနိုင်အောင် ဖြစ်နေတယ်"

"ကျွန်မကသည်းခံနေနိုင်တာပဲ" ဟု အက်စတယ်လာက ပြန်ပြောသည်။

"မာနသိပ်မထားပါနဲ့ အက်စတယ်လာ၊ သိပ်ပြီးတော့လည်းမတင်းပါနဲ့ "

"ဒီလိုပြောတာနဲ့ပဲ မာနကြီးတယ်၊ တင်းတယ်လို့ ပြောရသလား" ဟု အက်စတယ်လာက ပြောသည် "လူညံ့လူကြမ်းတစ်ယောက်ကို မျက်နှာသာမပေးစေချင်လို့ အခုလိုစကားမျိုးတွေ ပြောပြီး အပြစ်တင် နေတယ် ဆိုပါတော့"

"ဘာပဲဖြစ်ဖြစ်လေ၊ မင်း သူ့ကိုပါစားပေးနေတာကတော့ အမှန်ပဲ" ဟု ကျွန်တော်က ပြန်ပြောပြသည်။

"ဘာကြောင့်လဲဆိုတော့ မင်း ကနေ့ည သူ့ကိုကြည့်နေတဲ့ အကြည့်တွေနဲ့ သူ့ကိုပြနေတဲ့ အပြုံးတွေဟာ ဘယ်လောက်များ ရက်ရောသလဲ၊ ဒီလိုအကြည့်နဲ့ ဒီလိုအပြုံးမျိုးတွေကို ငါ မင့်ဆီက ဘယ်တုန်းကမှ မရခဲ့ပါဘူး"

"ဒီလိုဆိုရင် ရှင့်ကိုလည်း ကျွန်မ အဲသလို လုပ်ပြစေချင်တယ် ဆိုပါတော့။ ဟုတ်လား၊ ရှင့်ကို လိမ်ညာလှည့်စားပြီး ထောင်ဖမ်းတာ ခံချင်နေတယ် ဆိုပါတော့"

"မင်းက သူ့ကို လိမ်ညာလှည့်စားပြီး ထောင်ဖမ်းနေတာလား အက်စတယ်လာ"

"ဟုတ်တယ်လေ၊ သူတစ်ယောက်တည်း မဟုတ်ဘူး။ ရှိသမျှ ယောက်ျားအားလုံးကို ကျွန်မ လှည့်စားနေတာပဲ၊ ရှင်တစ်ယောက်ကလွဲလို့ ယောက်ျားအားလုံးကို ကျွန်မ လှည့်စားနေတာပဲ၊ ဟော... မစ္စက်ဘရန်း ဒလေးတောင် ရောက် လာပြီ။ ဒီကိစ္စကို ကျွန်မ ထပ်မပြောတော့ဘူး"

******

ကျွန်တော့်အနေဖြင့် ကျွန်တော့်အသည်းနှလုံးကို အမြဲတစေ နာကျင် စေအောင် ဖန်တီးလျက်ရှိသော အဖြစ်အပျက်ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုအဖြစ်အပျက်သည် ကျွန်တော်၏ ဘ၀တစ်လျှောက်လုံးတွင် အရိပ်တစ်ခုသဖွယ်

လိုက်လာလျက် ရှိခဲ့ပါသည်။ တကယ်တော့ ထိုအဖြစ်သည် ကလေးဘဝကတည်းက အက်စတယ်လာ၏ နုနယ်သော အသိဉာဏ်တစ်ခုလုံးကို ယိုယွင်းပျက်စီးအောင် ပြုလုပ်ခဲ့သော မစ္စဟောဗီရှမ်ထံမှ မြစ်ဖျားခံလာခြင်း ဖြစ်ပါသည် ဟုပင် ကျွန်တော် ယူဆမိပါသည်။

ကျွန်တော် ကြားဖူးခဲ့သော အရှေ့တိုင်းပုံပြင်တစ်ပုဒ် ရှိပါသည်။ ထို ပုံပြင်အရ ရှေးအခါက ဘုရင်တစ်ပါးရှိ၍ ထိုဘုရင်၏ နန်းတော်ကြီးကို တခမ်းတနား ဆောက်လုပ်ထားသည်။ ထိုနန်းတော်ကြီး တစ်ခုလုံးကို တည်မြဲအောင် နှောင်ဖွဲ့ထားသည့် အရာမှာ ကြိုးတစ်ချောင်းမျှသာ ရှိ၍ ထိုကြိုးသည် အလွန်ကြီးမားသော သံကွင်းကြီးတစ်ကွင်း၌ ဆွဲချည်ထားသည်။ ထိုကြိုးသည် ဘုရင့်အိပ်ဆောင် အတွင်း၌ ရှိ၍ ယင်းကြိုးကို ဖြတ်လိုက်လျှင် နန်းတော်ကြီးတစ်ခုလုံး ပြိုကျသွားနိုင်သည် ဆို၏။ တစ်ညတွင် ဘုရင်သည် သူ့အိပ်ဆောင်ထဲ၌ စက်တော်ခေါ်နေခိုက် အိပ်ရာမှ လန့်နိုးအောင် နှိုးလိုက်ပြီး ဘုရင့်လက်ထဲသို့ အလွန်အသွားထက်သော ပုဆိန်တစ်လက်ကို ထည့်ပေးလိုက်သည်။ ဘုရင်သည် ကယောင်ကတမ်းဖြစ်ကာ သူ့လက်ထဲရောက်လာသည့် ပုဆိန်ဖြင့် ကြိုး ကို ခုတ်လိုက်မိသည်။ ထိုအခါ နန်းတော်အဆောက်အအုံကြီး တစ်ခုလုံးသည် ဘုရင့်အပေါ်သို့ ပြိုကျလာသည် ဟု ဆိုပါသည်။ ကျွန်တော့်အဖြစ်သည် ထိုဘုရင်၏ အဖြစ်နှင့် တူနေ၏။ ကျွန်တော်သည် ကျွန်တော်၏ မျှော်လင့်ချက် အဆောက်အအုံကြီး တည်တံ့ခိုင်မြဲရေးအတွက် တတ်အားသရွေ့ ကြိုးပမ်းအားထုတ်ပြီး လုပ်စရာရှိသမျှကို လုပ်ခဲ့ပါ၏။ သို့သော်လည်း တစ်ချက်ကလေး အတိမ်းအစောင်း ဖြစ်ရုံမျှဖြင့် ကျွန်တော် တည်ဆောက်ထားခဲ့သော ရဲတိုက်ခေါင်မိုးသည် ကျွန်တော့်ပေါ်သို့ ချက်ချင်း ပြိုကျလာမည်မှာ သေချာလျက် ရှိလေသည်။

*****

ကျွန်တော့်အသက်သည် နှစ်ဆယ့်သုံးနှစ် ပြည့်ခဲ့လေပြီ။ နှစ်ဆယ်သုံးနှစ်ပြည့်၍ ရက်သတ္တပတ်ပင် ကျော်ခဲ့ပြီ ဖြစ်၏။ သို့သော်လည်း ကျွန်တော် စောင့်စားနေရသည့် မျှော်လင့်ချက်များ နှင့် ပတ်သက်၍ နောက် ထပ်ဘာမှ ထူးထူးခြားခြား မကြားရပါ။ ကျွန်တော်နှင့် ဟားဘတ်တို့ ဘားနတ်ဟိုတယ်မှာ ဂါဒင်းကုတ်ရပ်ကွက်အတွင်းရှိ မြစ်ကမ်းပါးမှ တင်းပဲလ်တည်းခိုခန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည် မှာပင် တစ်နှစ် ကျော်ခဲ့လေပြီ။

ကျွန်တော်နှင့် မစ္စတာပေါ့ကက်တို့သည် တရင်းတနှီး ဆက်ဆံမြဲ ဆက်ဆဲလျက် ရှိနေကြသော်လည်း ယခင်ကလို ဆရာတပည့် ဆက်ဆံခြင်း မျိုး မရှိတော့ပါ။ ကျွန်တော့်အနေဖြင့် ယခုအချိန်ထိ ဘာအလုပ်မှ မည်မည်ရရ မလုပ်သေးပါ။ ကျွန်တော် မျှော်လင့်စောင့်စားနေရသည့် အရာများ နှင့် ပတ်သက်၍ အဖြူအမည်း မကွဲလေလေ ဘာကိုမှ အတိအကျလုပ်ဖို့ စိတ်မကူးနိုင်လေ ဖြစ်နေရပါသည်။ သို့သော်လည်း စာဖတ်ဝါသနာပါနေပြီဖြစ်သော ကျွန်တော်သည် နေ့စဉ်မှန်မှန် နာရီပေါင်းများစွာ အချိန်ကုန်ခံ၍ စာဖတ်လေ့ ရှိ၏။ ဟားဘတ်၏ လုပ်ငန်းမှာလည်း အရှိန်မပျက် မှန်မှန်လည်ပတ်ကာ တိုးတက်လာလျက် ရှိ၏။ ကျွန်တော့်အခြေအနေမှာ မူ တိုးတက်ခြင်းလည်း မရှိ၊ ဆုတ်ယုတ်ခြင်းလည်း မရှိ။ ပြီးခဲ့သောအခန်းတွင် ဖော်ပြခဲ့သည့် အတိုင်းပင် ဖြစ်ပါသည်။

တစ်ရက်တွင် ဟားဘတ်သည် အလုပ်ကိစ္စဖြင့် ပြင်သစ်နိုင်ငံ မာဆေးမြို့သို့ ခရီး ထွက်သွားလေရာ ကျွန်တော်တစ်ယောက်တည်း အခန်းတွင် ကျန်ခဲ့၏။ ပျင်းရိငြီးငွေ့စရာ ကောင်းလိုက်ပုံမှာ ပြောမပြနိုင်လောက်အောင်ပင် ဖြစ်ပါသည်။ မနက်ဖြန် သို့မဟုတ် လာမည့် တစ်ပတ်ခန့်တွင် မတင်မကျ ဖြစ်နေသည့် ကျွန်တော့်ဘဝသည် အဆင်ပြေသွားကောင်း ပြေသွားစရာ ရှိသည် ဟု မျှော်လင့်စောင့်စားရသည်မှာ တကယ်တော့ ကြာလေလေ စိတ်အားငယ်စရာ ကောင်းလေလေ ဖြစ်တတ်သည်မှာ သဘာဝ ဖြစ်၏။ ကျွန်တော်သည် အခန်းထဲတွင် တစ်ယောက်တည်း ထိုင်၍ ကိုယ့်အဖြစ် ကိုယ်ပြန်တွေးကာ ပျော်ပျော်နေတတ်သော ကျွန်တော့် သူငယ်ချင်း ဟားဘတ်၏ မျက်နှာကို သတိရနေမိသည်။

ရာသီဥတုမှာ အလွန်ဆိုးရွားလျက် ရှိ၏။ မုန်တိုင်းကျလျက်ရှိသဖြင့် တစ်လောကလုံး စွတ်စိုထိုင်းမှိုင်းလျက် ရှိသည်။ လမ်းတိုင်းတွင် ရွံ့ဗွက်များ ဖုံးလျက်ရှိသည်။ အရှေ့ဘက်တစ်လွှားမှ ရွေ့လျားလာသော မိုးသားတိမ်လိပ်များသည် လန်ဒန်မြို့ပေါ်၌ ရွေ့လျားလျက် ရှိသည်။ ထိုတိမ်လိပ်များသည် ကုန်နိုင်သည် မရှိ။ တစ်နေ့ပြီး တစ်နေ့ အဆက်မပြတ် ဆိုက်ရောက်လာလျက် ရှိသဖြင့် လန်ဒန်တစ်မြို့လုံးသည် အမှောင် ဖုံးထားသည့် နှယ် ဖြစ်လျက်ရှိလေသည်။ ပြင်းထန်စွာ တိုက်ခတ်လျက် ရှိသော လေရူးကြောင့် မြို့တွင်းရှိ အမြင့်ဆုံးအဆောက်အအုံ ခေါင်မိုးများသည် ပြုတ်ပျက်ထွက်ကုန်ကြလေပြီ။ မြို့ဆင်ခြေဖုံး တောပိုင်းဘက်တွင် မူ သစ်ပင်ဟူသမျှ

ကျိုးပဲ့ပြတ်သတ်ကုန်ကြသည်။ လေရဟတ်အရွက်များသည် တစ်ပိုင်းစီ တစ်စစီဖြစ်ကာ အဝေးသို့ လွင့်ထွက်ကုန်ကြသည်။ ပင်လယ်ကမ်းခြေဘက်ဆီမှ သဘော်ပျက်၍ လူအများ သေကြေပျက်စီးရသည် ဟူသော သတင်းစကားများသည် မကြာခဏ ရောက်လာတတ်သည်။ အဆက်မပြတ် တိုက်ခတ်နေသော လေကြမ်းနှင့် အတူသည်းထန်စွာ မိုးစက်မိုးပေါက်များသည် လိုက်ပါလာကြပြီး အရှိန်ပြင်းစွာ ရွာချလျက် ရှိလေသည်။

ထိုအချိန်အခါက တင်းပဲလ်ရိပ်သာ၏ အချို့သော အစိတ်အပိုင်းများမှာ ပြန်လည်ပြုပြင် တည်ဆောက်ထားသဖြင့် ယခင်ကလို ထီးထီးကြီး မဟုတ်တော့ပါ။ မြစ်ဘက် မျက်နှာပြု ထားသော်လည်း အကာအကွယ် လုံးဝကင်းမဲ့သည့် အနေအထားမျိုး မဟုတ်တော့ပါ။ ကျွန်တော်တို့ နေသည့် အခန်းမှာ နောက်ဆုံးတန်းအိမ်၏ အပေါ်ဆုံးထပ်ဖြစ်၍ ထိုညက မြစ်ပြင်ပေါ်မှ ဖြတ်သန်းလာသော လေသည် တစ်ချက်တစ်ချက်တွင် အပြေးအလွှား ရောက်လာပြီး ဗွေ့ယမ်းတိုက်ခတ် သွားတတ်သည်။ ထို အခါမျိုး၌ တစ်အိမ်လုံးသည် အမြောက်ဆန် ကျရောက်ပေါက်ကွဲသည့် အခါမျိုး၌ လှုပ်ခါယမ်းသွားသည့် ပုံစံမျိုးဖြင့် ပြင်းစွာ လှုပ်ရှားသွားတတ်သည်။ လေနှင့် အတူပါလာသော မိုးပေါက်များသည် ပြတင်းပေါက်တံခါးများကို တရကြမ်း ဝင်ရောက်ရိုက်ခတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်သည် လှုပ်ယမ်းနေသော ပြတင်းတံခါးများကို ကြည့်ကာ မိမိကိုယ် မိမိ မုန်တိုင်းအောက် ရောက်နေသည့် ပင်လယ်ပြင်ပေါ်မှ မီးပြတိုက်တစ်လုံးနှင့် တူနေသည် ဟု စိတ်ကူးယဉ်မိပါသေးသည်။ မီးဖိုခေါင်းတိုင်မှ အပြင်သို့ ထွက်နေကျ မီးခိုးမီးငွေ့များသည် ယခုလိုညမျိုးတွင် အပြင်ထွက်ရမှာ ကြောက်နေသည့် အလား အောက်သို့ပြန်ဆင်းလာတတ်သည်။ ကျွန်တော်သည် ပွင့်နေသောတံခါးမှ နေ၍ လှေကားဆီသို့ လှမ်းမျှော်ကြည့်မိသည်။ လှေကားမီးများမှာ ငြိမ်းနေကြလေပြီ။ ကျွန်တော်သည် မျက်စိများကို လက်နှင့်ကာပြီး ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ချောင်းကြည့်မိသည်။ အိမ်ရှေ့ဝင်းအတွင်းရှိ မီးအိမ်များမှာလည်း ငြိမ်း ကုန်ကြလေပြီ။ အဝေးရှိ တံတားများ နှင့် မြစ်ကမ်းခြေ တစ်လျှောက်ရှိ မီးအိမ်များမှာမူ ရှေ့တိုးနောက်ငင် လှုပ်ယမ်းလျက် ရှိနေကြလေသည်။

ကျွန်တော်သည် အိတ်ဆောင်နာရီကို အိတ်ကပ်ထဲမှ ထုတ်၍ စားပွဲပေါ်၌ အသင့်ချထားပြီး စာအုပ်တစ်အုပ်ကို ဖတ်သည်။ ဆယ့်တစ်နာရီ ထိုးတွင် စာအဖတ် ရပ်မည်ဟူသော စိတ်ကူးနှင့် ထိုကဲ့သို့ လုပ်ထားခြင်း ဖြစ်၏။ သတ်မှတ်ထားချိန်ကျ၍ လက်ထဲမှ စာအုပ်ကို ပိတ်လိုက်သော အခါ စိန့်ပေါ ဘုရားရှိခိုးကျောင်းနှင့် အခြားဘုရားရှိခိုးကျောင်းများ ဆီမှ ရှေ့စဉ်နောက်ဆက် ထိုးလိုက်သော နာရီထိုးသံ ဆယ့်တစ်ချက်ကို ကြားရပါသည်။ လေဟုန်စီးသွားနေသော နာရီထိုးသံများကို ကျွန်တော် နားစွင့်နေမိခိုက်မှာပင် လှေကားမှ တက်လာနေသော ခြေသံကို ကြားရပါသည်။

မထင်မှတ်ဘဲနှင့် ကြားလိုက်ရခြင်းဖြစ်၍ စိတ်ထဲတွင် ထိတ်ခနဲ

ဖြစ်သွားမိသည်။ ကွယ်လွန်သွားပြီဖြစ်သော ကျွန်တော့်အစ်မ၏ ခြေသံများ ဖြစ်လေသလား။ တစ်ခဏမျှ မှင်တက်မိသလို ဖြစ်လျက်ရှိ၏။ ကျွန်တော် နောက်ထပ် ဂရုတစိုက် နားစွင့်မိပြန်သည်။ ခြေသံများကို ဆက်၍ ကြားနေရသည်။ လှေကားမီးများ ငြိမ်နေကြသည် ကို သတိရလိုက်မိ၏။ ကျွန်တော်သည် စားပွဲပေါ်မှ စာကြည့်မှန်အိမ်ကို ယူ၍ အပြင်သို့ ထွက်ခဲ့ပြီး လှေကားထိပ်မှ ရပ်ကာ အောက်သို့ ငုံ့ကြည့်မိသည်။ မှန်အိမ်မီးရောင်ကြောင့် အောက်မှ ခြေသံ ရပ်သွားသည်။ စောစောကလိုပင် အားလုံး တိတ်ဆိတ်သွားပြန်လေသည်။

"အောက်မှာ လူရှိသလား၊ ဘယ်သူလဲ" ဟု ကျွန်တော်က အော်မေးသည်။

"ရှိတယ်" အောက်ထပ် မှောင်မည်းမည်းထဲမှ ဖြေသံကို ကြားရသည်

"ခင်ဗျား ဘယ်အထပ်ကို သွားချင်တာလဲ"

"အပေါ်ဆုံးအထပ်၊ မစ္စတာပစ်ပ်အခန်း"

"ပစ်ပ်ဆိုတာ ကျွန်တော်ပဲ။ ခင်ဗျား ရှာနေတဲ့ လူဟာ ကျွန်တော်ပဲ"

"ဟုတ်လား" ဟူသော စကားပြောသံနှင့် အတူ လူတစ်ယောက်၏ ခြေသံများကို ကြားရသည်။

ကျွန်တော်က မှန်အိမ်ကိုကိုင်၍ ရပ်စောင့်နေသည်။ တစ်ခဏမျှအကြာတွင် လူကြီးတစ်ယောက် ကျွန်တော့်မှန်အိမ် မီးရောင်အောက်သို့ ရောက်လာသည်ကို မြင်ရ၏။ မျက်နှာစိမ်းတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့်ကို တွေ့လိုက်ရသည့် အတွက် အလွန်ဝမ်းသာအားရ ဖြစ်နေသော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်လျက်ရှိလေသည်။

ကျွန်တော်သည် အောက်မှ တက်လာနေသူ လှုပ်ရှားသည့် အတိုင်း လက်ထဲမှ မှန်အိမ်ကို အလိုက်သင့် ရွှေ့လျားပြီး ပြလာခဲ့သဖြင့် လူကြီး ကို ကောင်းစွာ မြင်ရသည်။ လူကြီး၏ ကိုယ်ပေါ်မှ အဝတ်အစားများမှာ ခပ်ကြမ်းကြမ်း အဝတ်အထည်များ ဖြစ်သော်လည်း ဝတ်စားထားပုံကတော့ သပ်သပ်ရပ်ရပ် ရှိ၏။ ခရီးဝေးတစ်ခုမှ သင်္ဘောဖြင့် လာခဲ့သည့် ပုံစံမျိုး ဖြစ်သည်။ ရှည်လျားသော ဆံပင်များသည် ဖြူဖွေးလျက် ရှိ၏။ အသက်မှာ ခြောက်ဆယ်ခန့် ရှိပြီဟု ခန့်မှန်းရသည်။ ကိုယ်လုံးကိုယ်ထည်မှာ ကြီးမားတောင့်တင်းပြီး အားကောင်းမောင်းသန်ရှိမည့် လက္ခဏာမျိုး ဖြစ်သည်။ အသားအရေမှာ ကြမ်းတမ်းသော ရာသီဥတုဒဏ်ကို နှစ်ရှည်လများ ခံထားရပုံ ပေါ်၏။ ညိုမောင်းမောင်းဖြစ်လျက်ရှိသည်။ နောက်ဆုံးလှေကား တစ်ထပ်နှစ်ထပ်ကို တက်မိသည် နှင့် တစ်ပြိုင်နက် သူ့ တစ်ကိုယ်လုံးကို ပြက်ပြက်ထင်ထင် မြင်လာရသည်။ ထိုအချိန်တွင် သူသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ကျွန်တော့်အား ဖက်၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်တော့မည့် ပုံမျိုး လုပ်လျက်ရှိသဖြင့် ကျွန်တော့်မှာ အကြီးအကျယ် အံ့အားသင့်ကာ ငေးကြည့်နေမိပါသည်။

"ခင်ဗျားလာတာ ဘာကိစ္စလဲ" ဟု ကျွန်တော်က မေးသည်။

"ကျုပ်ကိစ္စ၊ ဟုတ်လား" လူကြီးက တစ်ချက်မျှ ရေရွတ်လိုက်ပြီး စကားကို မဆက်သေးဘဲ ရပ်နေသည်။ "အေး... ဟုတ်သားပဲ၊ ကျုပ်ကိစ္စ ကို ပြောပြရမှာပေ့ါ "

"အခန်းထဲ ဝင်ထိုင်ဦးမလား"

"အေး..." ဟု သူက ရေရွတ်သည် "အထဲတော့ ဝင်ချင်တယ်"

အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော် သူ့ကိုမေးနေပုံမှာ ပျူ ပျူငှာငှာ ရှိလှသည် မဟုတ်။ ကျွန်တော့်ကို မြင်ရုံမျှဖြင့် ကြည်လင်ရွှင်မြူးနေသော သူ့အမူအရာနှင့် မျက်နှာထားကိုလည်း ကျွန်တော် သဘောမကျ။ သူ ဝမ်းသာရွှင်မြူးနေသလို ကျွန်တော်ကပါ လိုက်၍ ဝမ်းသာရွှင်မြူးစေချင်သောဆန္ဒ ရှိပုံလည်း ရ၏။ ဤအမူအရာအားလုံးကို ကျွန်တော် မကြိုက်။ သို့သော်လည်း ကျွန်တော် သူ့ကို အခန်းထဲ ခေါ်ခဲ့သည်။ လက်ထဲမှ မှန်အိမ်ကို စားပွဲပေါ်ချထားလိုက်ပြီး လာရင်းကိစ္စကို ပြောပြရန် သူ့အား တတ်နိုင်သမျှ ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့် မေးပါသည်။

သူသည် အလွန်ထူးဆန်းသော မျက်နှာထားဖြင့် အခန်းတွင်းရှိ ပစ္စည်းများကို လှည့်ပတ်ကြည့်လျက် ရှိသည်။ အံ့သြနေဟန်လည်း ရှိ၏။ အလွန်အားရကျေနပ်နေပုံလည်း ပေါ်၏။ သူသည် အပေါ်ကုတ်အင်္ကျီကြီးနှင့် ဦးထုပ်ကို ချွတ်လိုက်သည်။ ထိုအခါကျမှပင် သူ့ခေါင်းမှာ အလည်တည့်တည်မှ ပြောင်နေပြီး ဘေးတစ်ဘက်တစ်ချက်၌သာ ဆံပင်ရှည်များ ဖားလျားကျနေခြင်း ဖြစ်သည် ကို ကျွန်တော် သတိထားမိပါသည်။ သူ့အမူအရာမှာ လာရင်းကိစ္စကို ပြောဖို့ သတိရတော့ဟန် မတူပါ။ ကျွန်တော့်အား လှမ်း၍ ဖက်လိုက်တော့မည့် ပုံမျိုးဖြင့် ကျွန်တော့်ဘက်သို့ လက်နှစ်ဖက်ကို ဆန့်တန်းထားပြန်သည်။

ဒီလူကြီး ရူးများ နေသလားဟူသော အတွေးဖြင့် ကျွန်တော်က "ခင်ဗျားဟာက ဘယ်လိုလဲဗျ၊ ဘာအဓိပ္ပာယ်လဲ" ဟု ပြောလိုက်မိပါသည်။

သူသည် ကျွန်တော့်ကို ကြည့်နေရာမှ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ပြီး သူ့ခေါင်းကို လက်တစ်ဖက်ဖြင့် ပွတ်နေသည်။ "တွေ့ချင်မြင်ချင် လွန်းလို့ ဟိုးအဝေးကြီးက လာခဲ့ရတဲ့ လူတစ်ယောက်အဖို့တော့ ဝမ်းနည်းစရာပေါ့။ ဒါပေမဲ့ အခုလိုဖြစ်ရတဲ့ အတွက် မင့်ကိုတော့ အပြစ်ဆိုစရာ မရှိပါဘူး။ တကယ်တမ်းကျတော့ တို့ နှစ်ယောက်စလုံးမှာ အပြစ်မရှိပါဘူး။ ငါ့ကိစ္စကို အခုပဲ ပြောပြပါမယ်။ မိနစ်ဝက်လောက်တော့ စောင့်ပါဦး" ဟု ကြေကွဲသောအသံဖြင့် ပြောသည်။

သူသည် ဆောင်းမီးဖိုရှေ့မှ ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး အကြောပြိုင်းပြိုင်းထနေသော သူ့လက်နှစ်ဖက်ဖြင့် သူ့ခေါင်းကို ကိုင်ကာ ငေးနေသည်။ ကျွန်တော်က သူ့ကို စိတ်ဝင်တစား ကြည့်နေမိပါသည်။ စိတ်ထဲကလည်း တွန့်ဆုတ်ဆုတ် ဖြစ်မိသည်။

"ဒီအနီးအနားမှာ လူရှိသလား" လူကြီးက ဘေးဘီကို လှည့်ကြည့်ပြီး မေးသည်။

"အခုလို ရာသီဥတု ဆိုးရွားနေတဲ့ ညအချိန်မတော်ကြီးမှာ ကျွန်တော့် အခန်းထဲ ဝင်လာတဲ့ လူစိမ်းတစ်ယောက်က ဘာကြောင့် ဒီမေးခွန်းကို မေးရတာလဲ" ဟု ကျွန်တော်က ပြန်မေးပါသည်။

"မင့် အတော့်ကို ရဲလာတာပဲ" ဟု သူက အလွန်သဘောကျသော အမူအရာဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်၍ ပြောသည်။ "အဲသလို စိတ်ဓာတ်မျိုးနဲ့ အရွယ်ရောက်လာတာကို မြင်ရတာ သိပ်ဝမ်းသာတယ်ကွာ၊ ဒါပေမဲ့ဟော့.. မင်း ငါ့ကိုတော့ အခန်းထဲက မောင်းမထုတ်လေနဲ့၊ မောင်းထုတ်ပြီးခါမှ ငါလုပ်မိတာ မှားလေခြင်းလို့ နောင်တရသွားလိမ့်မယ်"

ကျွန်တော့်အရိပ်အကဲကို စူးစမ်းလေ့လာသည့် ဟန်ဖြင့် ကြည့်နေသော သူ့မျက်နှာကို ကျွန်တော်က ပြန်၍ စေ့စေ့စပ်စပ် ကြည့်နေမိသည်။ ကျွန်တော် သူ့မျက်နှာကို မြင်ဖူးသည် ဟူသောအသိ ဖျတ်ခနဲ ဝင်လာသည်။ သူ့တစ်ကိုယ်လုံးကို ကြည့်ပြီး အသေးစိတ်ပြန်၍ စဉ်းစားနေစရာ မလိုပါ။ ကျွန်တော် သူ့ကို သိသည်။ ယခု မီးဖိုရှေ့၌ ထိုင်နေသော လူကြီးသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သင်္ချိုင်းကုန်းအတွင်းရှိ ဂူများကြား၌ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်၍ ရပ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေဖူးခဲ့သည့် ထောင်ပြေးကြီး ဖြစ်၏။ သူ့အိတ်ကပ်အတွင်းမှ တံစဉ်းကိုထုတ်၍ ကျွန်တော့်အား ပြနေဖို့ပင် မလိုပါ။ သူ့ လည်ပင်းတွင် စည်းထားသည့် မာဖလာကို ဖြုတ်ယူပြီး သူ့ခေါင်းတွင် ပတ်ပြနေဖို့ပင် မလိုပါ။ သူ့တစ်ကိုယ်လုံးကို သူ့လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ပြီး ကျွန်တော့်ရှေ့၌ ချပြနေဖို့ပင် မလိုတော့ပါ။ တွေ့စက ရုတ်တရက်မို့ မမှတ်မိသော်လည်း ယခုတော့ဖြင့် သူ့ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါပြီ။

သူသည် ထိုင်ရာမှ ထကာ ကျွန်တော် ရပ်နေသော နေရာသို့ လျှောက်လာသည်။ လက်နှစ်ဖက်ကိုပါ ဆန့်တန်းထားသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိနိုင်လောက်အောင် ကြောင်တက်တက် ဖြစ်နေသော ကျွန်တော်ကလည်း ယောင်တိယောင်ကန်းဖြင့် လက်နှစ်ဖက်ကို ဆန့်တန်း ပေးလိုက်မိသည်။

သူသည် ကျွန်တော့်လက်နှစ်ဖက်ကိုဆုပ်ကိုင်လိုက်ပြီး သူ့နှုတ်ခမ်းများ နှင့် ထိကာ နမ်းလိုက်ပါသည်။ သူသည် ကျွန်တော့်လက်များကို ရုတ်တရက် ပြန်မလွှတ်ဘဲ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားပါသည်။

"မင်းရဲ့ အပြုအမူတွေဟာ မြင့်မြတ်လှပါတယ် လူကလေးရယ်" ဟု သူက ပြောသည်။ "မင်းဟာ မြင့်မြတ်လှပါတယ် လူကလေးရယ်" ဟု သူက ပြောသည်။ "မင်းဟာ မြင့်မြတ်တဲ့ ပစ်ပ်ပါ။ မင်းရဲ့ အပြုအမူကို ငါ ဘယ်တော့မှ မေ့လို့ မရပါဘူးကွယ်"

သူ့အမူအရာမှာ သူ့လက်နှစ်ဖက်ဖြင့် ကျွန်တော့်အား ပွေ့ဖက်လိုက်တော့မည့် ပုံမျိုး ဖြစ်သည်။ ကျွန်တော်က သူ့ရင်ဘတ်ကို ဆီး၍ တွန်းလိုက်ပါသည်။

"နေပါစေတော့ဗျာ" ဟု ကျွန်တော်က ပြောသည်။ "ဒါတွေလုပ်နေဖို့ မလိုပါဘူး။ ကလေးဘဝတုန်းက ကျွန်တော် ခင်ဗျားကို ကူညီခဲ့တဲ့ အတွက် ကျေးဇူးတင်တယ်ဆိုရင် ခင်ဗျားရဲ့ ဘဝကို ကောင်းလာအောင် ပြုပြင်ပြီး နေထိုင်သွားဖို့ပဲ လိုပါတယ်၊ တကယ်လို့ ခင်ဗျား အခုလာတာဟာ ကျွန်တော့်ကို ကျေးဇူးတင်စကား ပြောဖို့လာတာ ဆိုရင်လည်း မလိုဘူး လို့ ပြောရမှာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့... လေ။ အခုလို ကျွန်တော်ရှိတဲ့ နေရာကို မရအရ စုံစမ်းပြီး မရောက်ရောက်အောင် လာတွေ့တာကတော့ ခင်ဗျားမှာ စိတ်ကောင်းနှလုံးကောင်း ရှိတယ်ဆိုတာ ဖော်ပြရာ ရောက်ပါတယ်။ ဒါကြောင့် မို့လည်း ခင်ဗျားကို စိတ်ထိခိုက်အောင်တော့ မလုပ်ရက်ပါဘူး။ ဒါပေမဲ့ ခင်ဗျားနားလည်ထားရမှာ က ခင်ဗျားနဲ့ ကျွန်တော်ဟာ..."

ကျွန်တော့်အား ကြည့်နေသည့် လူကြီး၏ မျက်နှာထားမှာ အလွန် ထူးဆန်းလျက်ရှိသဖြင့် ကျွန်တော်သည် စကားကို မဆက်နိုင်တော့ဘဲ ရပ်သွားသည်။

"မင်းက ပြောတယ်၊ ငါ နားလည်ထားရမှာ က...တဲ့။ အဲဒါ ဘာလဲ၊ ပြောပါ၊ ဆက်ပြောပါ၊ ငါ နားလည်ထားရမှာ က ဘာလဲ"

"ကျွန်တော့်အခြေအနေက ဟိုတုန်းကနဲ့ တူတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ဟိုတုန်းက ဆက်ဆံခဲ့ဖူးတာကို အကြောင်းပြုပြီး နောက်ထပ် ဆက်ဆံလို့က မဖြစ်နိုင်တော့ဘူး ဆိုတာ ခင်ဗျား သိရမယ်၊ ခင်ဗျားအနေနဲ့ ကိုယ့်ဘဝကိုယ် ကောင်းအောင် ပြုပြင်သွားနိုင်တဲ့ အတွက်တော့ ကျွန်တော် ဝမ်းသာစကား ပြောရမှာပဲ၊ ဝမ်းသာစကား ပြောရလို့လည်း ကျွန်တော်က ထပ်ပြီး ဝမ်းသာပါတယ်၊ ကျွန်တော့်ကို ကျေးဇူးတင်စကားပြောဖို့ လာတာဆိုရင်လည်း ကျေးဇူးတင်ခံထိုက်တဲ့ လူတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ဟာ ဘဝချင်း တူကြတာ မဟုတ်ဘူး၊ အင်း... ခင်ဗျားမှာ တစ်ကိုယ်လုံး စိုရွှဲ နေတာပဲ၊ ကြည့်ရတာ အတော်ပင်ပန်းလာပုံပဲ၊ မပြန်ခင် အရက်ကလေး တစ်ခွက်တစ်ဖလား သောက်သွားပါဦးလား"

လူကြီးသည် သူ့လည်ပင်းမှ လျော့ရဲရဲဖြစ်နေသော မာဖလာစ အနား တစ်ဖက်ကိုပါးစပ်ဖြင့် ကိုက်ကာ ေးနေသည်။ သူသည် ကျွန်တော့်ကို စိုက်ကြည့်လျက်ပင် ရှိသည်။ "အင်း... မပြန်ခင် တစ်ခွက်လောက်တော့ သောက်သွားချင်တယ်" ဟု ဆိုသည်။

ကျွန်တော့်ဘေးမှ အရက်တင်စင်ကလေးပေါ်တွင် အရက်ပုလင်းများ ကို ဖန်ခွက်များ၊ အသင့်တင်ထားသော လင်ပန်းတစ်ချပ် ရှိနေသည်။ ကျွန်တော်က စင်ကလေးကို သူ့အနီးသို့ ဆွဲယူပြီး "ဘာသောက်မလဲ" ဟု မေးပါသည်။ သူက ကျွန်တော့်ကိုလည်း မကြည့်၊ ပါးစပ်မှလည်း မဖြေဘဲ ပုလင်းတစ်လုံးကို လက်နှင့် တို့ ပြသည်။ ကျွန်တော်က ရမ်အရက်နှင့် ရေကို အဆင်ပြေအောင် ရောစပ်ပြီး ဖန်ခွက်ကို သူ့လက်သို့ ကမ်းပေးပါသည်။ ဖန်ခွက်ကိုင်ထားသည့် ကျွန်တော့်လက်ကို

မတုန်အောင် သတိထားသော်လည်း မရပါ။ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်၍ ကျွန်တော့်အား ငေးကြည့်နေသော သူ့မျက်နှာထားမှာ အလွန်ထူးဆန်းနေသည်။ သူ့မျက်နှာကို ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် မတုန်လှုပ်အောင် ထိန်း၍ မရပါ။ ဖန်ခွက် သူ့လက်ထဲ ရောက်သွားသည့် အခါ ကျွန်တော် က သူ့မျက်နှာကို တစ်ကြိမ်ထပ်၍ စေ့စေ့စပ်စပ် ကြည့်မိသည်။ သူ့မျက် လုံးအစုံတွင် မျက်ရည်များ ဝိုင်းနေသည် ကို မြင်ရသဖြင့် များစွာ အံ့ဩမိသည်။

ထိုအချိန်အထိ ကျွန်တော်သည် မတ်တတ်ရပ်နေဆဲ၊ သူ့အား အခန်းထဲမှ အမြန်ဆုံး ထွက်သွားစေချင်သည့် ဆန္ဒကိုလည်း မျက်နှာမှာ ဖော်ပြထားပါသည်။ သို့သော်လည်း သူ့မျက်ရည်ဝိုင်းနေသည် ကို မြင်လိုက်ရသောအခါ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ ကျွန်တော်သည် ချက်ချင်းပင် ဖန်ခွက်တစ်လုံးတွင် အရက်အနည်းငယ်ထည့်ကာ ကုလားထိုင် တစ်လုံးကို စားပွဲအနီးသို့ ဆွဲသွားပြီး ထိုင်လိုက်ပါသည်။ "ကျွန်တော် စောစောက ပြောလိုက်တာကို ရိုင်းတယ်လို့ မထင်ပါနဲ့။ စိတ်ထဲကပါလို့ ပြောလိုက်တာ မဟုတ်ပါဘူး။ တကယ်လို့ ရိုင်းသွားရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ခင်ဗျား ကျန်းမာပျော်ရွှင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"

ကျွန်တော်က ဖန်ခွက်ကိုပါးစပ်နှင့် တေ့လိုက်သည့် အခါ သူသည် အံ့ဩဟန်ဖြင့်ပါးစပ်ကို ဟလိုက်သည်။ သူကိုက်ထားသော မာဖလာစသည် သူ့ပါးစပ်ထဲမှ ထွက်ကျလာသည်။ သူက သူ့လက်ကို ကမ်းပေးလိုက်သဖြင့် ကျွန်တော်ကလည်း ကျွန်တော့်လက်ကို ဆန့်၍ သူ့ဖန်ခွက်နှင့် ထိလိုက်ပါသည်။ ထို့နောက် သူသည် အရက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး သူ့ရှပ်အင်္ကျီလက်မောင်းဖြင့် မျက်လုံးများကို သုတ်နေသည်။

"ခင်ဗျား ဘာများ လုပ်ကိုင်စားသောက်နေသလဲ" ဟု ကျွန်တော်က မေးသည်။

"ဟိုး... ကမ္ဘာသစ်မှာ သွားပြီး သိုးမွေးတယ်၊ ကျွဲ၊ နွား မွေးတယ်။ တခြား ကုန်ရောင်းကုန်ဝယ်လည်း လုပ်တယ်" ဟု သူက ပြောသည်။ "မုန်တိုင်းအလွန်ထန်တဲ့ ရေပြင်ကြီးကို မိုင်ပေါင်းထောင်သောင်းများစွာ ဖြတ်သွားမှ ရောက်တဲ့ နေရာတစ်ခုပေါ့"

"ခင်ဗျား လုပ်ရကိုင်ရတာ အဆင်ပြေခဲ့လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"

"အံ့ဩစရာကောင်းလောက်အောင် ပြောတယ်။ အဲဒီကို ငါနဲ့ အတူတူ သွားရတဲ့ လူတွေ အများကြီးပဲ၊ ဒါပေမဲ့ ဘယ်သူမှ ငါ့လောက် အဆင် မပြေကြဘူး၊ ငါကတော့ နာမည်ကို ကျော်နေတာပဲ"

"ကြားရတာ ဝမ်းသာပါတယ်ဗျာ"

"မင်း... အဲသလို ပြောတာကို ကြားရလိမ့်မယ်လို့ ငါ မျှော်လင့်ထားခဲ့ပါတယ်၊ လူကလေးရယ်"

သူပြောနေသည့် အသံနှင့် သူသုံးနှုန်းနေသည့် စကားလုံးများ၏ နက်နဲမှုကို ကျွန်တော် သတိမထားနိုင်ဘဲ ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာသည့်အကြောင်းတစ်ခုကို ကျွန်တော်က ပြောမိသည်။

"ခင်ဗျား တစ်ခါတုန်းက လူကြုံတစ်ယောက် ကျွန်တော့်ဆီ လွှတ်ခဲ့ဖူးတယ်၊ ခင်ဗျား မှတ်မိသေးလား၊ ခင်ဗျား သူနဲ့ ကော နောက်ထပ် တွေ့သေးသလား"

"တစ်ကြိမ်မှ ထပ်မတွေ့တော့ဘူး။ တွေ့လည်း မတွေ့ချင်တော့ပါဘူး။ ဘာလုပ်မှာလဲ"

"ခင်ဗျား ခိုင်းလိုက်တဲ့ အတိုင်း သူလာတယ်။ သစ္စာတော့ ရှိသားပဲ၊ ခင်ဗျား ပေးလိုက်တဲ့ တစ်ပေါင်တန် ငွေစက္ကူနှစ်ရွက် ကျွန်တော့်ကို လာပေးသွားတယ်။ ခင်ဗျားသိတဲ့ အတိုင်းပဲ အဲဒီအချိန်ကတော့ ကျွန်တော် ဟာ ဆင်းရဲတဲ့ ကောင်လေးတစ်ယောက် မဟုတ်လား။ ဆင်းရဲသား ကောင်ကလေး တစ်ယောက်အဖို့ တစ်ပေါင်တန် ငွေစက္ကူနှစ်ရွက်ဟာ အလွန်ကို များတဲ့ ငွေပါ။ ဒါပေမဲ့ ခင်ဗျားလိုပဲ ကျေးဇူးတုံ့ပြန်တဲ့ အနေ နဲ့ အဲဒီငွေကို ပြန်ပေးပါရစေ။ ခင်ဗျားအနေနဲ့ အဲဒီငွေကို ဆင်းရဲတဲ့ အခြားလူငယ်လေးတစ်ယောက်ကို ပေးချင်လည်း ပေးနိုင်တာပေါ့" ပြောပြောဆိုဆို ကျွန်တော်က ပိုက်ဆံအိတ်ကို ထုတ်သည်။

ကျွန်တော် ပိုက်ဆံအိတ်ကို စားပွဲပေါ် ချလိုက်ပြီး အိတ်ထဲမှ တစ်ပေါင်တန် ငွေစက္ကူနှစ်ရွက်ကို ထုတ်လိုက်သည်။ သူက ကျွန်တော်လုပ်ကိုင် နေသမျှကို မျက်ခြည်မပြတ် ကြည့်နေသည်။ ငွေစက္ကူများမှာ အသစ်စက်စက်များ ဖြစ်၏။ ကျွန်တော်က ငွေစက္ကူနှစ်ရွက်ကို သူ့လက်သို့ လှမ်း ပေးလိုက်သည်။ သူသည် ကျွန်တော့်မျက်နှာကို တစ်ချက်မျှ စူးစူးရဲရဲ စိုက်ကြည့်နေရင်းမှပင် သူ့လက်ထဲရောက်လာသည့် ငွေစက္ကူနှစ်ရွက်ကို ညီနေအောင် ထပ်၍ လိပ်လိုက်သည်။ ထို့နောက် မှန်အိမ်မီးနှင့် တို့၍ ရှို့လိုက်ပြီး ပြာများကို အရက်လင်ပန်းထဲသို့ ချ လိုက်လေသည်။

"မင်းက ငါ့ကို ဘာများ လုပ်ကိုင်စားသောက်နေသလဲလို့ မေးခဲ့တယ် နော်၊ အေး... ငါကလည်း အရဲစွန့်ပြီး မင့်ကို ပြန်မေးရတော့မှာပဲ" ဟု သူက ပြောသည်။ ကျွန်တော့်ကို ကြည့်နေသည့် မျက်နှာထားမှာ ပြုံးတော့မလို မဲ့တော့မလိုနှင့် တစ်မျိုးဖြစ်သည်။ "ဟိုး... အလွန်အေးတဲ့ စိမ့်မြေတောဘက်မှာ တို့ နှစ်ယောက် ဆုံမိခဲ့ကြပြီးတဲ့ နောက် မင့်ကောဘာတွေများ လုပ်ကိုင် စားသောက်နေခဲ့သလဲ။ မင်း ကြည့်ရတာ အဆင်တော့ ပြေနေပုံပါပဲ"

"ခင်ဗျားမေးတာက ဘယ်လို"

"အင်း"

သူသည် အရက်ဖန်ခွက်ထဲမှ လက်ကျန်ကို မော့ချလိုက်ပြီး ထိုင်နေရာမှ ထကာ မီးဖိုဘေး၌ ကပ်၍ ရပ်သည်။ ကြီးမားလွန်းလှသော လက်ကြီးတစ်ဖက်ကို မီးဖိုအုတ်ပေါင်ပေါ် လှမ်းထောက်လိုက်သည်။ ခြေထောက်တစ်ဖက်ကိုမူ

မီးတောက်များ အနီးသို့ ထိုးတင်လိုက်သည်။ ရေစိုနေသော ဖိနပ်မှ ရေစက်များသည် စီးကျလျက် ရှိကြ၏။ သူသည် သူ့ဖိနပ်ကိုလည်း မကြည့်၊ မီးဖိုဆီကိုလည်း မကြည့်။ ကျွန်တော့်မျက်နှာ ကိုသာ အလွန်တည်ငြိမ်သော မျက်နှာထားဖြင့် စေ့စေ့စပ်စပ် ကြည့်နေသည်။ ထိုအချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလျက် ရှိလေပြီ။

ကျွန်တော့်အကြောင်းကို ပြောပြရန်ပါးစပ်ကို ဟ,လိုက်သည်။ အသံမထွက်ပါ။ ကိုယ့်စိတ်ကိုယ် အားတင်းပြီး ပြောရသည်။ အသံက ခပ် တိုးတိုး။ ကျွန်တော့်မှာ အမွေများ ရဖို့ မျှော်လင့်စရာ ရှိနေသည့် အကြောင်းနှင့် ထိုရရန်ရှိနေသည့် အမွေပစ္စည်းများကြောင့် ကျွန်တော့်မှာ လောလောဆယ် အဆင်ပြေနေရသည့် အကြောင်း၊ မရေမရာနိုင်လွန်းလှသည့်ကိုယ့်ဘဝအကြောင်း ပြောပြရသည်မှာ ခဲယဉ်းပင်ပန်းလွန်းလှပါသည်။

"ဘယ်လို အမွေမျိုးပါလိမ့်" ဟု သူက မေးသည်။

"ကျွန်... ကျွန်တော်လည်း အတိအကျတော့ မသိရသေးဘူး" ဟု ကျွန်တော်က ထစ်တီးထစ်ငေါ့ဖြင့် အဖြေပေးသည်။

"ဘယ်သူ့ပစ္စည်းဆိုတာကော သိပြီလား"

"အဲဒါလည်း အတိအကျ မသိရသေးပါဘူး"

"ဒီလို ဆိုရင်တော့ မင့်ကိစ္စကို ငါတွေးကြည့်ပေးမယ်" ဟု ထောင်ပြေးကြီးက ပြောသည်။ "မင်း အရွယ်ရောက်တဲ့ နေ့ကစပြီး ဝင်ငွေမှန်မှန်ရခဲ့တယ်။ ငွေကလည်း မနည်းဘူး။ ရာဂဏန်း၊ ရှေ့က ငါးဂဏန်းနဲ့ စတယ်။ ဟုတ်လား"

ကျွန်တော့်ရင်သည် တဒိန်းဒိန်း ခုန်လျက်ရှိ၏။ ကုလားထိုင်တွင် ဆက်၍ ထိုင်မနေနိုင်တော့ပါ။ ဖြုန်းခနဲ ထရပ်လိုက်ပြီး ကုလားထိုင်နောက် မှ ရပ်ကာ နောက်မှီပေါ် လက်ထောက်၍ သူမျက်နှာကို အလန့်တကြား ကြည့်နေမိသည်။

"အုပ်ထိန်းသူနဲ့ ပတ်သက်လို့ ကတော့ မင်းငယ်ငယ်က အုပ်ထိန်းသူ တစ်ဦး ရှိသင့်တဲ့ အတွက် အုပ်ထိန်းသူတစ်ယောက် ထားပေးခဲ့တယ်။ ရှေ့နေတစ်ယောက် ဖြစ်မယ်လို့ ထင်တယ်။ အဲဒီရှေ့နေနာမည်က 'ဂယ်ယပင့်-ဂျ' ဆိုတဲ့ စကားလုံးနဲ့ စတယ်"

အဖြစ်မှန်နှင့် အခြေအနေမှန်များသည် ကျွန်တော့်ခေါင်းထဲသို့ ဝင်းခနဲ လက်ခနဲ ဝင်ရောက်လာကြလေပြီ။ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ် ထိခိုက်ခြင်း၊ ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ဆောက်တည်ရာမရခြင်း၊ ဂုဏ်သိက္ခာကင်းမဲ့ခြင်း စသည် တို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျွန်တော့်ရင်ကို စုစည်းရိုက်ခတ်သည်။ ကျွန်တော့်အနေဖြင့် အသက်ကိုပင် မှန်မှန်မရှူနိုင်တော့ပါ။ "ကဲပါ.. အဲဒါ ကို အသာထားလိုက်ပါတော့" ဟု ထောင်ပြေးကြီးက သူ့စကားကို ဆက်သည်။ "ဂျ" ဆိုတဲ့ စကားလုံးနဲ့ စတဲ့ ရှေ့နေကို ငှားထားတဲ့ လူက...။ ကဲ ကွာ၊ အဲဒီ ရှေ့နေနာမည်ဟာ ဂျက်ဂါးဖြစ်ချင် ဖြစ်မယ်၊ အဲ.. အဲဒီဂျက်ဂါးကို ငှားထားတဲ့

လူကပင်လယ်ကို ကျော်ဖြတ်ပြီး ပို့စ်မောက်ဆိပ်ကမ်း ကို ရောက်လာတယ်။ သူက အဲဒီဆိပ်ကမ်းမှာ ဆင်းတယ်။ မင်းဆီကို လာချင်စိတ် ပေါ်လာတယ်။ သူ မင့်ကို ဘယ်လိုတွေ့အောင် ရှာသလဲ၊ ရှင်းပါတယ်ကွယ်။ ငါက လန်ဒန်မှာ ရှိနေတဲ့ အသိတစ်ယောက်ဆီ စာရေး ပြီး မင့်နေရပ်လိပ်စာကို မေးလိုက်တယ်။ အဲဒီ အသိနာမည်က ဘယ်သူလဲ...တဲ့။ အဲဒါလည်း လွယ်ပါတယ်။ ဝင်းမစ်ပေါ့ကွာ"

ကျွန်တော့်ပါးစပ်မှ စကားတစ်ခွန်း ထွက်ပါမှ အသက်ရှင်မည်ဟု ဆို ဦးတော့ ကျွန်တော့်ပါးစပ်မှ စကားတစ်လုံးပင် မပြောနိုင်တော့ပါ။

ကျွန်တော် စကားတစ်ခွန်းမှ မပြောနိုင်ပါ။ ထိုကဲ့သို့ စကားမပြောနိုင်၍သာ ကျွန်တော် အသက်ထွက်မသွားခြင်း ဖြစ်ပါ၏။ ကျွန်တော်သည် လက်တစ်ဖက်ကို ကုလားထိုင် နောက်မှီပေါ်တင်၍ ကျန်တစ်ဖက်ဖြင့် ရင်ဘတ်ကိုဖိကာ သူ့မျက်နှာကိုသာ ကြောက်လန့်တကြား ကြည့်နေမိပါသည် အခန်းတစ်ခန်းလုံးသည် ကျွမ်းထိုးမှောက်ခုံဖြစ်ကာ ကျွန်တော့်မျက်စိအောက်က ပျောက်သွားပါသည်။ အခန်းတစ်ခန်းလုံး ကျွန်တော့်မျက်စိထဲ၌ ပြန်ပေါ်လာချိန်တွင် ကျွန်တော့်လက်သည် ကုလားထိုင်ကို တအားကုန်ဆုပ်ကိုင်လျက် ရှိ၏။ ထောင်ပြေးကြီးက ကျွန်တော့်ကိုလဲကျမသွားအောင် ဘေးမှ ရပ်၍ ဖက်ထားသည်ကို တွေ့ရသည်။ သူသည် ကျွန်တော့်ကို အသာအယာဖက်ကာ ဆိုဖာဆီသို့ ဆွဲခေါ်သွားပြီး ထိုင်ခိုင်းသည်။ သူသည် ကျွန်တော့်ရှေ့တည့်တည့်ရှိ ကြမ်းပြင်ပေါ်သို့ ဒူးတစ်ဖက်ထောက်၍ ထိုင်ချလိုက်ကာ ကျွန်တော့်ကို ကြည့်လျက်ရှိ၏။ ဤမျက်နှာကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါပြီ။ ကျွန်တော့်မျက်နှာနှင့် နီးကပ်လျက်ရှိသော ဤမျက်နှာကြောင့် ကျွန်တော့်မှာ ဆောက်တည်ရာ မရနိုင်လောက်အောင် တုန်လှုပ်နေရပြန်ပြီ ဖြစ်၏။

"လူကလေး ပစ်ပ်ရယ်၊ မင့်ကို အဆင့်အတန်းမြင့်မြင့်နဲ့ နေနိုင်တဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် ငါ လုပ်ပေးခဲ့တာပါ။ ဟိုနေ့ကတည်းက ငါ ဂီနီပြား တစ်ပြားရတိုင်း မင့်ကိုပဲ ပေးပါမယ်လို့ သစ္စာဆိုခဲ့တယ်။ နောက်ပိုင်းကျတော့လည်း ငါ့အခြေအနေကို ခန့်မှန်းလို့ ရတိုင်း အဲသလိုပဲ သစ္စာဆိုခဲ့ပါတယ်။ တကယ်တမ်း ချမ်းသာ လာတော့လည်း ငါချမ်းသာသလို မင်းကို ချမ်းသာအောင် ထားမယ်လို့ မကြာခဏ သစ္စာဆို ခဲ့ပါတယ်။ ငါဟာ ဆင်းဆင်းရဲရဲနဲ့ ကြမ်းကြမ်းတမ်းတမ်း နေခဲ့ပါတယ်။ မင့်ကိုတော့ သက်သောင့်သက်သာနဲ့ ကောင်းကောင်း မွန်မွန် နေနိုင်အောင် ထားခဲ့ပါတယ်။ ငါဟာ အလုပ်တွေကို တပင်တပန်း လုပ်ခဲ့ပါတယ်။ မင့်ကိုတော့ အလုပ်မလုပ်ရအောင် ထားခဲ့ပါတယ်။ ငါ့အဖို့ကတော့ ဘယ်လိုပဲ နေရနေရ ကိစ္စမရှိပါဘူး လူကလေးရယ်၊ ဒီစကားတွေကို ငါ ပြောပြနေတာဟာ ကျေးဇူး အတင်ခံချင်လို့ မဟုတ်ပါဘူးကွယ်။ နည်းနည်းကလေးမှ မဟုတ်ပါဘူး။ မင်းကို ပြောပြနေတာဟာ တခြားကြောင်း မဟုတ်ဘူးကွဲ့၊ ငါဟာ လူ့လောကမှာ အောက်တန်းအကျဆုံး အနိမ့်ကျဆုံးလို့ အသတ်မှတ်ခံထားရတဲ့

ခွေးတစ်ကောင်သာသာ လူတစ်ယောက်ပါ။ မင်းကယ်လိုက်လို့ အသက်ရှင်နေရတဲ့ အဲဒီလို လူစားတစ်ယောက်ဟာ သူ့ခေါင်းသူ မော်လာနိုင်တဲ့ တစ်နေ့မှာ ဂုဏ်သရေရှိတဲ့ အဆင့်မြင့်မြင့် လူကြီးလူကောင်းတစ်ယောက် မွေးထုတ်နိုင်တယ် ဆိုတာကို သိစေချင်ကြလို့ပါ။ လူကလေးရယ် မင်းဟာ သူ့ရဲ့ ကိုယ်ပွားပါပဲကွယ်"

ဤအချိန်တွင် ဤစကားများကို ကြားရသောအခါ ဤလူကြီးအပေါ် ၌ မုန်းတီးခြင်း၊ ရွံရှာခြင်း၊ စက်ဆုပ်ခြင်းများ ဖြစ်ပေါ်လာသည်။ သူ့ကို အလွန်ကြောက်မက်ဖွယ် ကောင်းသည့် သားရဲတိရစ္ဆာန် တစ်ကောင် ဟုပင် စိတ်ထဲက ထင်မိသည်။ သူ့မျက်နှာကို ကြည့်ပြီး တွန့်ဆုတ်ဆုတ် ဖြစ်လာမိပါသည်။

"ငါပြောတာ နားထောင်ပါဦး လူကလေးရယ်၊ တကယ်တော့ ငါဟာ မင့်ရဲ့ ဒုတိယဖခင်ပါပဲကွယ်။ မင်းဟာ ငါ့သားပါ။ စဉ်းစားကြည့်လိုက်မယ်ဆိုရင် မင်းဟာ ငါ့အဖို့ သားလောက်တောင် မက,ပါဘူး။ ငါဟာ ရသမျှငွေတွေကို စုခဲ့တယ်။ ဘယ်သူ့အတွက်လဲ။ မင့်အတွက်ပါ။ မင်းသုံးနိုင် စွဲနိုင်ဖို့ ရခဲ့တာပါ။ ငါဟာ သူများဆီမှာ အခစား သိုးထိန်းသမား လုပ်ခဲ့ ရသေးတယ်။ အဲဒီလို သိုးထိန်းသမား ဘဝတုန်းက အလွန်အထီးကျန်နိုင်တဲ့ တဲလေးတစ်လုံးထဲမှာ တစ်ယောက်တည်း နေခဲ့ရတာပဲ။ အဲဒီတုန်းကများ သိုးတွေရဲ့ မျက်နှာတွေကလွဲပြီး တခြား ဘယ်သူ့မျက်နှာကိုမှ မမြင်ရ မတွေ့ရဘူး။ ယောကျ်ားတွေ မိန်းမတွေရဲ့ မျက်နှာဆိုတာ ဘယ်လိုနေမှန်းတောင် မသိတော့ဘူး။ အဲဒီအချိန်မှာ ငါဟာ မင်းမျက်နှာကိုပဲ မြင်ယောင်တယ်။ ငါ ညစာစားတဲ့ အချိန်၊ ညလယ်စာစားတဲ့ အချိန်တွေ မှာလည်း မင့်မျက်နှာဟာ ပေါ်ပေါက်လာတတ်တယ်။ ပေါ်လာတဲ့ အခိုင်းတိုင်းလည်း လက်ထဲက ခက်ရင်းနဲ့ ဓားကို ချပြီး "လူကလေးရဲ့ မျက်နှာကို မြင်ရပြန်ပြီ၊ ငါစားသောက်နေတာကို သူ ကြည့်နေပါကလား၊ ဟိုတုန်းက စိမ့်မြေတောဘက်မှာ ငါထိုင်ပြီး စားသောက်နေတုန်းက ကြည့်နေတဲ့ အတိုင်းပါပဲ" လို့ ပြောမိတယ်။ ပြီးတော့ တဲအပြင်ဘက်ထွက်ပြီး ကောင်းကင်ဘုံကို တိုင်တည်မိတယ်။ 'ဘုရားသခင်ရယ်၊ တပည့်တော်ကို သတ်ရင်လည်း သတ်လိုက်၊ တကယ်လို့ မသတ်ဘူးဆိုရင်လည်း တပည့်တော် လွတ်မြောက်ပြီး ချမ်းသာကြွယ်ဝလာ ရင် အဲဒီလူကလေးကို လူကြီးလူကောင်းတစ်ယောက်ဘဝ ရောက်အောင် တပည့်တော် လုပ်ပေးပါမယ်' လို့ သစ္စာဆိုခဲ့ပါတယ်။ အခုတော့ ကြည်ပါဦး၊ သစ္စာဆိုထားတဲ့ အတိုင်း အောင်မြင်သွားပြီ။ မင့်ကိုယ်မင်း ပြန်ကြည့်စမ်းပါဦး လူကလေးရယ်၊ ဒီအခန်းထဲက ပရိဘောဂပစ္စည်းတွေ ခင်းကျင်းထားတာကော ဘယ်လောက်များ ကြီးကျယ်ခမ်းနားသလဲ။ လောဒ်ဘွဲ့ရထားတဲ့ လူတစ်ယောက်ရဲ့ အနေအထားမျိုးဆိုတာ မြင်ရုံနဲ့ သိလောက်ပါတယ်။ ငွေကြေးသုံးတဲ့ ဖြုန်းတဲ့ နေရာမှာ မင်း သူတို့ နဲ့ ပြိုင်ချင်သလား၊ ပြိုင်သုံးစမ်း၊ မင်းကပဲ နိုင်မှာပါကွာ"

သူစိတ်ကူးထားသည့် အတိုင်း ဖြစ်လာသော အောင်မြင်မှုတွင် ယစ်မူးကာ ပြောချင်ရာပြောနေသည့် စကားများ နှင့် အလွန်ညံ့ဖျင်းလှသည့် အသိဉာဏ်

ဗဟုသုတများကြောင့် ကျွန်တော့်မှာ သတိပင် လစ်လုမတတ် ခံစားနေရပါသည်။ ကျွန်တော့်ဘက်က အခြေပျက် နေသော်လည်း သူကတော့ သတိထားမိပုံ မရပါ။ ဤအတွက် ကျွန်တော့်မှာ များစွာစိတ်သက်သာရာ ရနေသဖြင့်တော်သေးရဲ့ ဟု အောက်မေ့မိပါသည်။

"ဒီမှာ ကြည့်စမ်းပါဦးကွယ်" ဟု သူက ဆက်ပြောကာ ကျွန်တော့်အိတ်ကပ်ထဲမှ အိပ်ဆောင်နာရီကို ထုတ်ကြည့်လိုက်သည်။ ကျွန်တော့်လက်ကို ဆွဲ၍ ရွှေလက်စွပ်ကို ကြည့်သည်။ ကျွန်တော်ကတော့ သူနှင့် ထိလိုက်ရသည့် အခါတိုင်း မြွေတစ်ကောင်နှင့် ထိလိုက်မိသည့် နှယ် တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားမိပါသည်။ သူကတော့ ကျွန်တော့်အဖြစ်ကို မသိ။ "ဒီမယ်တွေ့လား ရွှေနာရီနဲ့ ရွှေလက်စွပ်၊ ဒါတွေဟာ လူကြီးလူကောင်း လူချမ်းသာတွေ သုံးတဲ့ ပစ္စည်းတွေ မင်းဝတ်ထားတဲ့ အင်္ကျီစအသားများ ကြည့်စမ်းပါဦး၊ နူးညံ့လိုက် လှလိုက်တာ အလွန်ပဲ။ အဝတ်အစားတွေ ချုပ်လုပ်ထားပုံကတော့ ဘယ်လောက်သားနားသလဲ၊ စာအုပ်တွေများ နည်းနည်းနော နော မဟုတ်ဘူး" သူသည် အခန်းထဲသို့ တစ်ချက်မျှ ဝေ့ကြည့်လိုက်သေးသည်။ "စင်တွေနဲ့ အပြည့်ပဲ၊ တောင်ပုံရာပုံပါပဲဗျာ၊ ဒါတွေကို လူကလေး ဖတ်တယ်နော်၊ ဟုတ်လား၊ ငါ ဝင်လာတုန်းကလည်း မင်း စာဖတ်နေပုံ ရတယ်။ ဟား… ဟား… ဟား။ ကောင်းတယ်။ သိပ်ကောင်းတယ်။ လူကလေးက ငါ့ကို ဖတ်ပြဦးမယ် မဟုတ်လား၊ နိုင်ငံခြားစာတွေနဲ့ ရေးထားတာတွေကို ဖတ်ပြလို့ ကတော့ နားမလည်ပါဘူးကွယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး လူကလေးရေ။ မင်း ဖတ်နိုင်တယ်ဆိုရင် ငါ ဖတ်တတ်သလိုပါပဲ၊ ငါ ဂုဏ်ယူပါတယ်ကွာ"

ပြောပြောဆိုဆိုနှင့်ပင် သူသည် ကျွန်တော့်လက်နှစ်ဖက်စလုံးကို ဆွဲယူလိုက်ပြီး သူ့နှုတ်ခမ်းများ နှင့် ထိလိုက်ပြန်သဖြင့် ကျွန်တော့်တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားရသည်။

"စကားလေး ဘာလေးများ မပြောတော့ဘူးလား ပစ်ပ်ရယ်" သူသည် အင်္ကျီလက်မောင်းစဖြင့် သူ့မျက်စိများကို သုတ်နေရင်းမှ လှမ်းပြောသည်။ သူ့လည်ချောင်းထဲမှ ဆို့နင့်နင့်အသံမျိုး ထွက်လာသည် ကို ကျွန်တော် သတိထားလိုက်မိ၏။ စိတ်အားထက်သန်လွန်းနေသော သူ့အပြု အမူနှင့် ပြောဟန်ဆိုဟန်များမှာ ကျွန်တော့်အဖို့ ကြောက်စရာ ကောင်းနေပါသည်။ "အခုလို စကားတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်ငြိမ်ကြီး လုပ်နေတာကတော့ မကောင်းပါဘူး လူကလေးရာ၊ အခုလို ဖြစ်လာလိမ့်မယ်ဆိုတာကို ငါ သိထားသလို မင်း မသိထားရလို့ နဲ့ တူပါရဲ့။ အခုလို အဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့လည်း မင်း မျှော်လင့်ထားပုံ မပေါ်ဘူး၊ အင်း… မင့်ကို အမွေတွေပေးမယ်ဆိုတဲ့ လူက ငါ ဖြစ်လာလိမ့်မယ်လို့ မင်း လုံးဝမထင်ခဲ့ဘူး ထင်ပါရဲ့ လေ။ ဟုတ်လားကွဲ့ လူကလေး"

"အို… မဟုတ်ပါဘူး။ လုံးဝ မဟုတ်ပါဘူး" ဟု ကျွန်တော်က ပြန်ပြောပါသည်။ "အဲသလို လုံးဝမဟုတ်ပါဘူး"

"အေး... ကောင်းတာပေါ့။ မင်း အခု သိရပြီ မဟုတ်လား၊ အမွေတွေ ပေးမယ်ဆိုတဲ့ လူဟာ ငါပဲကွဲ့၊ ငါတစ်ယောက်တည်းရယ်၊ ငါတစ်ယောက်တည်းကလွဲပြီး ကိစ္စကို သိတဲ့ လူဆိုလို့လည်း မစ္စတာဂျက်ဂါး တစ်ယောက်ပဲ ရှိပါတယ် လူကလေးရာ"

"ဒီကိစ္စမှာ အခြားဘယ်သူမှ မပါဘူးဆိုတာ တကယ်ပဲလား" ဟု ကျွန်တော်က မေးမိသည်။

"တကယ်ပါကွာ၊ မပါပါဘူး" အံ့အားသင့်သွားဟန်ဖြင့် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး အဖြေပေးသည်။ "တခြားလူပါဖို့ ကော လိုသေးသလားကွာ၊ လူကလေးရယ်... ထွားလာလိုက်တာလည်း အလွန်ပါပဲ။ မင်းဟာ လူချောလူလှ တစ်ယောက်ပါလားကွာ၊ မင့်မှာ ချစ်တဲ့ သူများကော့ မရှိသေးဘူးလား"

ကျွန်တော့်စိတ်သည် အက်စတယ်လာထံသို့ ရောက်သွားသည်။ "သြော်... အက်စတယ်လာရယ်"

"တကယ်လို့ များ မင်းချစ်သူကို ငွေနဲ့သာ ဝယ်လို့ ရမယ်ဆိုရင် ဘယ်လောက်ပဲ ပေးရပေးရ မင်း ဝယ်နိုင်ပါတယ် လူကလေးရယ်။ ဝယ်သာ ဝယ်လိုက်စမ်းပါ။ မင့်မှာ ငွေအင်အား အပြည့်အဝ ရှိနေပါတယ်ကွယ်။ အင်း.. စောစောက ပြောလက်စ စကားကိုတော့ ဆုံးအောင် ပြောပါ ရစေဦး၊ အဲ ဟို.. တဲကလေးထဲမှာ သိုးကျောင်းသားဘဝနဲ့ နေရတုန်းက တစ်နေ့မှာ ငါ့သခင်အလုပ်ရှင်ဟာ ဆုံးသွားခဲ့တယ်။ တကယ်တော့ ငါ့သခင်ကလည်း တစ်ချိန်က ငါ့လို လူစားတစ်ယောက်ပဲကွဲ့။ သူသေတော့ သူ့ငွေတွေ ငါ့ကို လွှဲပေးခဲ့တယ်။ ငါဟာ ငွေတွေလည်း ရလိုက်တယ်။ လူ့ငှားဘဝကလည်း လွတ်မြောက်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး ငါဟာ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် ရောင်းဝယ်ဖောက်ကားလာခဲ့တယ်။ တစ်ခုရှိတာက ငါ့မှာ ဘာပဲလုပ်လုပ် မင့်အတွက်လို့ ရည်စူးပြီး လုပ်ခဲ့တာချည်းပါပဲ။ အေး... ငါလုပ်သမျှဟာလည်း အံ့သြစရာ ကောင်းလောက်အောင် အောင်မြင်ခဲ့တယ် လူကလေးရေ့။ ဒါကြောင့်မို့ ငါဟာ လူသိများ ပြီး ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်လာခဲ့တယ်။ နောက်ဆုံးမှာ ငါဟာ ရှေ့နေကြီး မစ္စတာဂျက်ဂါးဆီ ငွေတွေပို့ပြီး မင့်ကို ရှာပေးဖို့ ခိုင်းခဲ့တယ်။ သူကလည်း ငါ့ဆီက အခကြေးငွေ လက်ခံပြီး မင့်ကို ရှာခဲ့တယ်။ မင့်ဆီကို ပထမဆုံး မစ္စတာဂျက်ဂါး ရောက်လာတာဟာ ငါ ခိုင်းလို့ ပေါ့ကွယ်"

သူ့စကားများကို ကြားရသည့် အခါ ကျွန်တော့်မှာ များစွာ ယူကျုံးမရ ဖြစ်မိပါ၏။ အစကတည်းက သူနှင့် မဆုံမိခဲ့ကြပါမူ မည်မျှကောင်းပါ မည်နည်း။ သူနှင့် ဆုံမိပြီး အခုလိုအဖြစ်မျိုးနှင့် မကြုံရဘဲ ဂျိုး၏ ပန်းပဲဖို ထဲ၌သာ ပန်းပဲသမားဘဝဖြင့် နေရမည်ဆိုပါက ကျွန်တော့်ဘဝသည် ယခုထက်ပို၍ ရောင့်ရဲတင်းတိမ်ပြီး ယခုထက်ပင် ပို၍ ပျော်ရွှင်သာယာမှု ရှိလိမ့်မည် ထင်၏။

"အဲဒီနောက်မှာတော့ ငါ့ဘဝဟာ ကျေနပ်မှု ရှိလာတယ်။ ငါဟာ

လူကလေးတစ်ယောက်ကို လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် လုပ်ပေးနေပါကလား ဆိုတဲ့ အသိကလေးနဲ့ ကိုယ့်ဘ၀ကိုယ် ကျေနပ်နေမိတယ်။ ငါ လမ်းထွက်ပြီဆိုရင် ကိုလိုနီနိုင်ငံက လူတွေက ငါ့ကို သရော်ချင်ကြတယ်။ ဒါပေမဲ့ ငါက ဂရုမစိုက်ပါဘူး၊ ငါ့စိတ်ထဲက 'မင်းတို့ ပြောချင်တာ ပြောကြပေါ့ကွာ၊ ငါဟာ လူကလေးတစ်ယောက်ကို လူကြီးလူကောင်းတစ်ယောက် ဘ၀ရောက်အောင် လုပ်နေတဲ့ လူကွ။ မင်းတို့ ကောင်စားတွေ မလုပ်နိုင်တဲ့ အလုပ်ကို လုပ်နေတာ' လို့ ငါ့ဘာသာငါ ပြောမိတယ်။ သူတို့ လူစုတွေထဲက တစ်ယောက်က 'ဒီငနဲက ထောင်သားတစ်ယောက်ပါ။ လွန်ခဲ့တဲ့ နှစ်တွေကဆိုရင် ဘာမှ မသိနားမလည်တဲ့ လူတစ်ယောက်ပဲ၊ ကံကောင်းလွန်းလို့ လူချမ်းသာဖြစ်လာတာပါ' လို့ ပြောတယ်။ ငါက ဂရုမစိုက်ပါဘူး။ 'ငါက ဘာမှ မသိတဲ့ မတတ်တဲ့ လူတစ်ယောက် ဖြစ်ပေမယ့် သိတဲ့ တတ်တဲ့ လူတစ်ယောက်ကို ငါ ပိုင်ဆိုင်နေတာပဲ မဟုတ်လား' လို့ ကိုယ့်ဘာသာကိုယ် စိတ်ထဲကကျိတ်ပြီး ပြောနေမိတယ်။ ငါ့အနေနဲ့ အဲသလိုတွေးပြီး အဲသလိုပဲ နေလာ ခဲ့တယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ငါမွေးထားတဲ့ လူကလေးဆီကို ငါသွားမယ်။ အကြောင်းစုံပြောပြမယ်လို့လည်း ဆုံးဖြတ်ထားခဲ့တယ်"

သူ့လက်တစ်ဖက်သည် ကျွန်တော့်ပခုံးပေါ်သို့ ရောက်လာသည်။ သူ့လက်များသည် သွေးစွန်းနေသော လက်များ ဖြစ်ချင်ဖြစ်လိမ့်မည်ဟု တွေးမိ၏။ ထိုအတွေးကြောင့် ကျွန်တော်သည် တွန့်ခနဲ ဖြစ်သွားမိပါသည်။

"ငါတို့ အရပ်ကနေပြီး ဒီကိုရောက်အောင်လာရတာဟာ မလွယ်ဘူး လူကလေး၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ငါ မင်းနဲ့ တွေ့ချင်တယ်။ တွေ့မယ် လို့လည်း အခိုင်အမာ ဆုံးဖြတ်ထားတယ်။ ဆုံးဖြတ်ထားပြီးတဲ့ အလုပ် တစ်ခုကိုတော့ မဖြစ်မနေ လုပ်ရမှာပဲ၊ နောက်ဆုံး လုပ်ဖြစ်သွားတဲ့ အတွက် အခု ငါဒီကို ရောက်လာတာပဲ လူကလေး"

ကျွန်တော်သည် ကိုယ့်အတွေးဖြင့်ကိုယ် ချာချာလည်လျက် ရှိသည်။ တစ်ခေါင်းလုံး မူးဝေနောက်ကျိလျက် ရှိ၏။ ကျွန်တော်သည် သူပြောနေသည့် စကားများထက် အပြင်မှ ထွက်ပေါ်လာနေသည့် လေသံနှင့် မိုးသံ များကို ပို၍ ဂရုစိုက်ပြီး နားစွင့်နေမိသည် ထင်၏။ ထိုအသံများ နှင့် သူ့စကားပြောသံများသည် ကျွန်တော့်နားထဲတွင် ခွဲ၍ မရနိုင်လောက်အောင် ဗလုံးဗထွေးဖြစ်လျက် ရှိသည်။ တကယ်တော့ အပြင်မှ အသံများသည် ကျယ်သလောက် သူ့အသံသည် ခပ်တိုးတိုး ဖြစ်လေသည်။

"မင်း... ငါ့ကို ဘယ်နေရာမှာ ထားမယ် စိတ်ကူးသလဲ" ဟု သူက မေးသည်။ "ငါ့ကို နေရာလေးတစ်ခုတော့ သတ်သတ်မှတ်မှတ် ပေးထားမှ ဖြစ်မယ်ထင်တယ် လူကလေးရဲ့ '

"အိပ်ဖို့ နေရာလား" ဟု ကျွန်တော်က မေးသည်။

"ဒါပေါ့၊ စိတ်ချလက်ချနဲ့ အိပ်ရေး၀၀ အိပ်ဖို့တော့ လိုနေတယ်ကွဲ့" ဟု သူက

ပြန်ပြောသည်။ "ဘာပြုလို့လဲဆိုတော့ပင်လယ်ကို လနဲ့ ချီပြီး ဖြတ်လာရတာ၊ လှိုင်းလေဒဏ် ခံလာရတာ များတော့ အိပ်ရေးလည်း မဝ လူကလည်း ပန်းလှပြီ"

"ကျွန်တော့်သူငယ်ချင်း ခရီးထွက်သွားလို့ သူ့အခန်း အားနေပါတယ် ပြောပြောဆိုဆိုပင် ကျွန်တော်က ဆိုဖာပေါ် ထိုင်နေရာမှ ထလိုက်သည်။

"သူ့အခန်းမှာ နေရင် ရပါတယ်"

"သူ မနက်ဖြန်ကျရင် ပြန်လာမယ် မဟုတ်လား"

"မလာသေးပါဘူး။ မနက်ဖြန်တော့ မရောက်သေးပါဘူး"

"ဒီမှာ ကွဲ့ လူကလေးရဲ့" သူသည် ကျွန်တော့်ရင်ဘတ်ကို သူ့လက် ညှိုးဖြင့် လှမ်းတို့၍ ပြောသည်။ သူ့အသံမှာ စောစောကထက်ပင် တိုး သွားသည်။ "သတိတော့ ရှိဖို့ လိုလိမ့်မယ်"

"သတိ ဟုတ်လား၊ ဘာ အဓိပ္ပာယ်လဲ"

"သတိမရှိလို့ ကတော့ သေခြင်းပဲကွဲ့"

"ဘာ... သေခြင်းလဲ"

"ငါဟာ တစ်သက်တစ်ကျွန်း ကျထားတဲ့ လူကွဲ့၊ ဒီကိုပြန်လာရင် သေဒဏ်ခံရမှာ၊ သူတို့ မိသွားလို့ ကတော့ မသက်သာဘူး၊ ကြိုးပေးမှာ သေချာတယ်"

ကျွန်တော့်အဖို့ ယခုအခြေအနေထက် ပို၍ ဆိုးစရာ အကြောင်းမရှိတော့ဟုပင် ထင်လိုက်မိ၏။ သူသည် အလွန်ဝေးလံသော ဒေသ၌ နေထိုင်ကာ တပင်တပန်း လုပ်ကိုင်ရှာဖွေပြီး ရွှေများ ငွေများ စုခဲ့သည်။ စု၍ ရသမျှကို ကျွန်တော့်အတွက်ဟု ရည်ရွယ်ခဲ့သည်။ ပြီးတော့ သူ့အသက်နှင့် ရင်း၍ ကျွန်တော်နှင့် တွေ့ရန် ရောက်လာခဲ့သည်။ ဤသို့ဖြင့် သူ့ကို သက်ဆိုင်ရာအာဏာပိုင်များက ဖမ်းမိမသွားအောင် စောင့်ရှောက်ကာကွယ်ပေးရမည့် တာဝန်သည် ကျွန်တော့်တာဝန် ဖြစ်လာခဲ့ရလေပြီ။ အကယ်၍ ကျွန်တော့်အနေဖြင့် သူ့အပေါ်တွင် ရွံရှာစက်ဆုပ်ခြင်း မဖြစ်ဘဲ ချစ်ခင်တွယ်တာစိတ်သာ ရှိခဲ့ပါမူ မည်မျှလောက် ကောင်းပါမည်နည််း။ အကယ်၍သာ သူ့အပေါ်၌ သံယောဇဉ် အထိုက်အလျောက် ထားနိုင်ခဲ့ပါမူ အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်လာစရာ ရှိ၏။ ကျွန်တော့် ဘက်ကသာ သူ့အပေါ်၌ ထိုစိတ်မျိုး မွေးနိုင်ခဲ့ပါမူ အခြေအနေသည် ယခုလို အဆိုးဆုံးအဆင့်သို့ ရောက်လာမည် မထင်။ မဆုံးရုံမျှမက ကျွန်တော့််နှလုံးသား၌ တည်ရှိလာမည့် ကရုဏာတရားကြောင့် ပို၍ပင် ကောင်းမွန်လာစရာ ရှိပါသည်။

ကျွန်တော် ပထမဆုံး လုပ်ရသည့် အလုပ်မှာ ပြတင်းပေါက် တရုတ်ကပ်များကို ပိတ်ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် အပြင်မှ လူသည် အထဲမှ အခြေအနေကို မြင်နိုင်တော့မည် မဟုတ်ပါ။ ထို့နောက် အခန်းတံခါး များကို လုံခြုံအောင် လိုက်ပိတ်သည်။ ကျွန်တော် တံခါးများကို လိုက်ပိတ်နေခိုက်တွင် လူကြီးသည် စားပွဲ၌ ရပ်ကာ ရမ်ကိုသောက်လိုက်၊ အသင့်ရှိနေသည့် ဘီစကွတ်မုန့်များကို စားလိုက် လုပ်နေသည်။ ကျွန်တော့်မျက်စိများ ထဲတွင်

စိမ့်မြေတောများ ဘက်ရှိ သချိုင်းကုန်းအတွင်းမှ အုတ်ဂူတစ်လုံးပေါ်၌ ထိုင်၍ စားသောက်နေသော ထောင်ပြေးကြီး ပုံသဏ္ဍာန်သည် ပေါ်လာသည်။ နောက်မကြာခင် အတွင်းမှာပင် သူ့ခြေထောက်မှ သံခြေချင်းကြီးကို တံစဉ်းဖြင့် တိုက်ဖြတ်ရန် သူ့ခေါင်းကို ငုံ့လိုက်လိမ့်မည်ဟုပင် ထင်လိုက်မိပါသေးသည်။

ကျွန်တော်က လူကြီးအား ဟားဘတ်၏ အခန်းထဲသို့ ခေါ်လာခဲ့ပြီး "အိပ်တော့မလား" ဟု မေးပါသည်။ သူက "အိပ်တော့မယ်" ဟု ဆိုသည်။ ကျွန်တော်ကလည်း ချက်ချင်းပင် အိပ်ရာကို ပြင်ဆင်ခင်းကျင်းပေးလိုက်သည်။ သူက ကျွန်တော့်လက်နှစ်ဖက်ကို လှမ်းဆွဲပြီး သူ့နှုတ်ခမ်းများ နှင့် ထိလိုက်ပြန်သဖြင့် ကျွန်တော့်တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားရပြန်ပါသည်။

ကျွန်တော်သည် လူကြီးကို အခန်းထဲ၌ ထားခဲ့ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ဘာကြောင့် ထိုကဲ့သို့ လုပ်မိသည် ကို ကျွန်တော် မပြောတတ်ပါ။ ကျွန်တော်သည် ဧည့်ခန်းထဲမှ မီးဖိုထဲသို့ ကျောက်မီးသွေးများ ထပ်ထည့်ပြီး မီးဖိုဘေးမှ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါသည် အိပ်ရာဝင်မည်ကို ကြောက်လျက်ရှိ၏။ တစ်နာရီကျော်ကျော်ကြာမျှ ဘာကိုမှ ရေရေရာရာ မတွေးနိုင်ဘဲ ဖြစ်လျက်ရှိသည် ကျွန်တော် မည်မျှလောက်အထိ ကိုယ်စိတ်နှစ်ပါး ဆင်းရဲသွားရသည် ကို တဖြည်းဖြည်းချင်း သဘောပေါက်စ ပြုလာသည်။ ကျွန်တော် စီးနင်းလိုက်ပါလျက်ရှိသော သင်္ဘောကြီးသည် အစိတ်စိတ် အမြွှာမြွှာကွဲကာ တစ်ပိုင်းတစ်စစီ ဖြစ်သွားခဲ့လေပြီ။

ကျွန်တော့်အပေါ်၌ ထားရှိခဲ့သော မစ္စဟေဗီရှမ်၏ သဘောထားများ ကို ဆင်ခြင်ကြည့်မိသည်။ မစ္စဟေဗီရှမ်နှင့် ပတ်သက်၍ ကျွန်တော် တွေးခဲ့ထင်ခဲ့သမျှ အားလုံးသည် စိတ်ကူးယဉ်အိပ်မက်မျှသာ ဖြစ်ခဲ့ရလေပြီ။ အက်စတယ်လာသည် ကျွန်တော့်အတွက် ရည်ရွယ်ထားခြင်း မဟုတ်ပါတကား။ တကယ်တော့ ကျွန်တော့်အား မစ္စဟေဗီရှမ်က ခေါ်ယူ အသုံးချခဲ့ခြင်းသည် သူ့ စိတ်သာယာမှု အတွက်သာ ဖြစ်၏။ လောဘရမ္မက်ကြီးလှသော သူ့ဆွေမျိုးများက မနာလိုဝန်တိုဖြစ်အောင် သရုပ်ဆောင်ပေးခဲ့ရသည့် စက်ရုပ်တစ်ရုပ်မျှသာ ဖြစ်၏။ ဤအရာအားလုံးသည် ကျွန်တော့်အတွက် နာကြည်းစရာများ ချည်း ဖြစ်သည်။ ဤနာကြည်းစရာအားလုံးထဲတွင် အပြင်းထန်ဆုံးနှင့် အဆိုးဝါးဆုံး နာကြည်းချက်ကား တခြားမဟုတ်။ မည်သည့် ရာဇဝတ်ပြစ်မှုမျိုးကို ကျူးလွန်ခဲ့မှန်း မသိသော ထောင်သားကြီးတစ်ယောက် အကျိုးရှိရာရှိကြောင်းအတွက် ဂျိုး ကို စွန့်ပစ်ခဲ့သလို ဖြစ်ရခြင်း ပေတည်း။

အခုအချိန်ကျတော့မှ ဂျိုးထံ ပြန်သွား၍ မဖြစ်နိုင်တော့ဟု ယူဆမိသည်။ ဘစ်ဒီထံ ပြန်သွားဖို့ ဆိုသည်မှာလည်း မစဉ်းစားသင့်သော အလုပ်တစ်ခုပင် ဖြစ်နေသည်။ သူတို့ အပေါ်၌ ကျွန်တော် ထားခဲ့သည့် သဘောထားများ နှင့် အပြုအမူများသည် တန်ဖိုးမရှိအောင်ပင် အောက်တန်းကျခဲ့သည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ သူတို့၏ ရိုးသားမှုနှင့် သစ္စာရှိမှုများ အပေါ်မှ နောက်ထပ်

အမြတ်ထုတ်ရန် မသင့်တော့ဟုပင် ထင်မိသည်။ သူတို့ အပေါ်၌ ပြုမိခဲ့သမျှသော ကျွန်တော့်အမှားများ အတွက်လည်း မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေရပါ၏။

အပြင်ဘက်တွင် မှူ လေနှင့် မိုးသည် ထန်မြဲတိုင်း ထန်လျက်ပင် ရှိသည်။ လူကြီး၏ နောက်မှ ခြေရာခံ၍ လိုက်လာသူများသည် ဤမိုး ဤ လေနှင့် အတူပါလာလေမလား၊ ကျွန်တော့်နားထဲတွင် ခြေသံများကိုပင် ကြားလာရသည်။ အပြင်တံခါးဆီမှ တံခါးခေါက်သံနှင့် တီးတိုး စကားပြောသံများကို နှစ်ကြိမ်တိုင်တိုင် ကြားရသလို ရှိ၏။ ကြောက်စိတ်များသည် ကျွန်တော့်အား ဖိစီးလျက် ရှိသည်။ ဤလူကြီး ရောက်လာသည့်အတွက် အန္တရာယ်တစ်ခုခု ကျရောက်လာလိမ့်မည်ဟု တစ်စုံတစ်ခု က သတိပေးနေသည့် နှယ် ခံစားနေရသည်။

တောင်စဉ်ရေမရ တွေးနေရင်းမှပင် ကျွန်တော့်မျက်စိ၌ အလွန်ကြမ်းတမ်းရိုင်းစိုင်းသော လူကြီး၏ ရုပ်ပုံလွှာကို ပြန်လည်မြင်ယောင်လာသည်။ "ကယ်တော်မူကြပါဦး၊ သူ ကျွန်တော့်ကို သတ်နေပါတယ်" ဟူသော ထောင်ပြေးတစ်ဦး၏ အော်သံများကို ပြန်လည်ကြားယောင်လာသည်။ ချောင်းထဲ၌ ထွေးလုံးရစ်ပတ် သတ်ပုတ်နေကြသည့် ထောင်ပြေးနှစ်ယောက်။ တိရစ္ဆာန်အရိုင်း တစ်ကောင်သဖွယ် တစ်ဖက်လူအား အပေါ်မှ ခွစီးပြီး တိုက်ခိုက်နေသော ထောင်ပြေးကြီး။ ကျွန်တော်ငယ်စဉ်က မြင်ခဲ့ရသော အဖြစ်များသည် တစ်ခုပြီးတစ်ခု ပေါ်လာလျက် ရှိ၏။ ဤမျှလောက်ကြမ်းတမ်းသော လူကြီးတစ်ယောက်အား ယခုလို အထီးကျန်နိုင်လွန်းလှသည့် ညမျိုးတွင် အခန်းထဲ၌ ထား၍ စိတ်ချရပါမည်လော...။ ကျွန်တော်သည် ဖယောင်းတိုင်တစ်တိုင်ကို ယူ၍ လူကြီးရှိရာအခန်းထဲသို့ ဝင်ခဲ့ပါသည်။

လူကြီးသည် မာဖလာကို ခေါင်းတွင် ပတ်ကာ မျက်နှာကို တစ်ဖက် သို့ စောင်း၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိ၏။ ပစ္စတို သေနတ်တစ်လက်ကို ခေါင်းအုံးပေါ်၌ တင်ထားသော်လည်း လူကတော့ တုတ်တုတ်မျှ မလှုပ်ချေ။ ပို၍ စိတ်ချလက်ချ ဖြစ်သွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်သည် တံခါးသော့ကို ယူ၍ အခန်းတံခါးကို အပြင်မှ သော့ခတ် ထားလိုက်ပါသည်။ ကျွန်တော်သည် မီးဖိုဘေးမှ ကုလားထိုင်မှာပင် ပြန်ထိုင်ကာ စောစောကလိုပင် စိတ်မကောင်းစရာများကို တွေးနေမိပြန်သည်။ တဖြည်းဖြည်းနှင့် ကုလားထိုင်ပေါ်မှ လျှောကျပြီး ကြမ်းပြင်ပေါ် ရောက်သွားသည့် အဖြစ်ကိုပင် မသိတော့ပါ။ ကျွန်တော် လန့်နိုး လာသောအခါ အရှေ့အရပ်ရှိ ဘုရားရှိခိုးကျောင်းများ ဆီမှ နာရီထိုးသံငါးချက်ကို ကြားရသည် အခန်းထဲရှိ ဖယောင်းတိုင်မီးများမှာ ငြိမ်နေကြလေပြီ။ အပြင်ဘက် အမှောင်ထုထဲတွင် မှူကား လေနှင့် မိုးသည် စောစောကထက်ပင် တိုး၍ ပြင်းထန်လျက် ရှိလေသည်။

မမျှော်ဘဲနှင့် ရောက်လာသော ကြောက်စရာကောင်းလှသည့် ကျွန်တော့်ညွှ့်သည် ကို လုံခြုံအောင် ထားရမည့် တာဝန် (ကျွန်တော်စွမ်းဆောင်နိုင်သမျှ) သည် ကျွန်တော့်တွင် ရှိလာသည်။ အိပ်ရာမှ နိုးသည် နှင့် တစ်ပြိုင်နက် ကျွန်တော့်ခေါင်းထဲသို့ ပထမဆုံး ဝင်လာသည့် အတွေးမှာ ထိုအတွေးပင် ဖြစ်၏။ ထိုအတွေးက ဖိစီးထားသဖြင့် ကျွန်တော့်ခေါင်းမှာ နောက်ကျိရှုပ်ထွေးလျက် ရှိရာ ကျွန်တော့်တွင် အခြားတွေးတောစရာကိစ္စများ အမြောက်အမြားရှိနေသော်လည်း တွေးတောဖို့ နေရာ မပေးနိုင်တော့ပါ။

သူ့ကို ကျွန်တော့်အခန်းထဲ၌ လုံခြုံအောင် ထားဖို့ ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။ အခန်းထဲသာ အကြာကြီး ထားမည်ဆိုပါက တစ်နေ့မဟုတ် တစ်နေ့နေ့တွင် သံသယဝင်လာတော့မည်ဟု သေချာ၏။ ယခုအချိန်တွင် ကျွန်တော့်တပည့် အရိပ်တစ္ဆေမှာ အလုပ်က ထုတ်ပစ် လိုက်ပြီဖြစ်၍ ကျွန်တော့်ထံတွင် မရှိတော့ပါ။ သို့သော်လည်း ကျွန်တော့် အခန်းကို ရှင်းလင်းသုတ်သင်ရန်နှင့် ကျွန်တော့်ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရန် အဘွားကြီးတစ်ယောက် ငှားထားသည် ဖြစ်ရာ နေ့ခင်းဘက်ဆိုလျှင် အဘွားကြီးသည် သူ့တူမဟု ပြောသည် အဖော်တစ်ယောက် နှင့် အတူ ရောက်လာတတ်၏။ အကယ်၍ ကျွန်တော့်ညွှ့်သည် ကို အခန်းထဲသွင်းပြီး အမြဲတမ်း တံခါးပိတ်ထားမည်ဆိုပါက သူတို့ စိတ်တွင် သံသယမကင်း ဖြစ်ကြပေတော့မည်။ သို့ဆိုလျှင် မဟုတ်ကဟုတ်က သတင်းစကားများသည် ဘေးပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားပေလိမ့်မည်။ ထို့ပြင်လည်း သူတို့ နှစ်ယောက်စလုံးသည် မျက်စိအားနည်းသော ရောဂါရှင်များ သဖွယ် တံခါးပေါက်များမှာ ချောင်းချောင်းကြည့်ချင်တတ်သော ဝါသနာရှိသူများ ဖြစ်၏။ ထိုဝါသနာကြောင့်လည်း သူတို့သည် သူတို့ကို မလိုသည့် အချိန်များကျခါမှ မည်သူကမှ မခေါ်ပါလျက်နှင့် အနီးသို့ ရောက်ရောက်လာ တတ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယနေ့နံနက် သူတို့ ရောက်လာပါက တောမှ ကျွန်တော့်ဦးလေး တစ်ယောက် မမျှော်လင့်ဘဲနှင့် အလည်ရောက်လာကြောင်း အသိပေးထားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

မိုးစင်စင် မလင်းသေးသဖြင့် အခန်းထဲတွင် မှောင်နှင့် မည်းမည်းပင် ရှိနေသေးသည်။ မီးထွန်းဦးမှ ဖြစ်မည်ဟူသော အတွေးဖြင့် မီးရှာရန် ကြံစည်မိသော်လည်း မှောင်မိုက်ကြီးထဲတွင် နည်းလမ်းရှာမရဘဲ ဖြစ်လျက် ရှိ၏။ ကျွန်တော်သည် အချိန်ကုန်ခံ၍ စဉ်းစားမနေတော့ဘဲ အစောင့် ကို မီးအိမ်နှင့် ခဏလိုက်ခဲ့ရန် သွားခေါ်တော့မည်ဟု စိတ်ကူးပြီး အနီးရှိ အခန်းဆီသို့ ထွက်လာခဲ့သည်။ မှောင်မိုက်နေသော လှေကားမှ စမ်းတဝါးဝါးဖြင့် ဆင်းလာခဲ့ရာ တစ်နေရာတွင် တစ်စုံတစ်ခုနှင့် တိုက်မိပြီးလဲ ကျတော့မလို ဖြစ်သွားသည်။ ကျွန်တော် တိုက်မိသည့် တစ်စုံတစ်ခုမှာ သက်မဲ့ပစ္စည်း တစ်ခုမဟုတ်။

လှေကားထောင့်တွင် ကပ်၍ ဝပ်နေသည့် လူတစ်ယောက်…။

ကျွန်တော်က "ဒီနေရာမှာ လာပြီး ဘာလုပ်နေတာလဲ" ဟု မေးသော်လည်း အဖြေမပေး။ ကျွန်တော်က သူ့ကို လှမ်း၍ ဆွဲသည်။ အဆွဲမခံ။ ကျွန်တော်သည် လှေကားမှ ကသောကမျော ပြေးဆင်းကာ ညစောင့် ကို အပြေးအလွှား သွားခေါ်သည်။ သူနှင့် အတူ လှေကားဆီသို့ ပြန်အလာတွင် လူတစ်ယောက်နှင့် ခလုတ်တိုက်မိခဲ့သည့် အကြောင်း ပြောပြ လိုက်ပါသည်။ လေသည် ပြင်းစွာ တိုက်ခတ်နေဆဲ ဖြစ်၏။ ကျွန်တော့် လက်ထဲမှ ဖယောင်းတိုင်မီးသည် ချက်ချင်းပင် ငြိမ်းသွားသည်။ ကျွန်တော်တို့သည် အစောင့်၏ မှန်အိမ်မီးဖြင့် လှေကားအောက်ဆုံးထစ်မှ အပေါ်ဆုံးထစ်အထိ တက်ကာ လိုက်လံရှာဖွေကြသည်။ အစအနပင် မမြင်ရပါ။ ကျွန်တော် တွေ့ခဲ့သူသည် ကျွန်တော့်အခန်းထဲ ဝင်ချင်ဝင်နေလိမ့်မည်ဟု တွေးမိပြန်သည်။ လက်ထဲမှ ဖယောင်းတိုင်မီးကိုညှိ၍ အခန်ထဲသို့ ဝင်ခဲ့ပါသည်။ ညစောင့်ကိုမူ အခန်းဝ၌ ထားခဲ့ပါသည်။ အခန်းထဲတွင် စေ့စေ့စပ်စပ် လျှောက်ကြည့်သည်။ လူဝင်သည့် အရိပ်အခြည် မတွေ့ရ။ ကျွန်တော့်ညော့်သည်ကြီး၏ အခန်းထဲသို့ ဝင်ကြည့်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိမ်မောကျလျက်ပင် ရှိသည်။ တစ်ခန်းလုံး ငြိမ်ဆိတ်လျက် ရှိလေသည်။

ယခုပုံအတိုင်းဆိုပါက ဤလှေကားတွင် ဝင်ကပ်ပြီး တစ်စုံတစ်ခုကို ချောင်းမြောင်းနေသူတစ်ဦး ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။ ကျွန်တော်က ညစောင့်အား အရက်တစ်ခွက်တိုက်ကာ သူစောင့်နေရသည့် ဂိတ်ပေါက် မှ ယခု ညအချိန်မတော်တွင် လူဝင်လူထွက် ရှိ,မရှိ စုံစမ်းကြည့်သည်။ ညစောင့်က သူ့ဂိတ်ပေါက်ဝမှ ဝင်ခဲ့သူ သုံးဦးရှိသော်လည်း ပြန်ထွက်သွားကြပြီဟု ပြောပြပါသည်။ ကျွန်တော့် ဘေးခန်းမှ လူ အပြင်မှ ပြန်လာခြင်း ဖြစ်လေမလားဟု တွေးမိသည်။ မဖြစ်နိုင်ပါ။ ထိုအခန်းရှင် တောပိုင်းသို့ ခရီးထွက်သွားသည်မှာ တစ်ပတ်ကျော်ခန့် ရှိခဲ့ပြီ ဖြစ်၏။ အခုလို ညကြီးမင်းကြီး အချိန်မတော် ပြန်လာဖို့ ဆိုသည်မှာ မဖြစ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ လှေကားမှ တက်လာခဲ့ကြစဉ်က အပြင်မှ သော့ခတ်ပြီး ပိတ်ထားသော သူ့အခန်းကို မြင်ခဲ့ကြရပြီးပြီ မဟုတ်ပါလော။

"ကနေ့ည ရာသီဥတု သိပ်ဆိုးတာ" ဟု ညစောင့်က ပြောသည်။ "တော်ရုံလူ အပြင်ထွက်ဖို့ မလွယ်ဘူး၊ ကျွန်တော့်ဂိတ်ပေါက်ဝင်တာ လူ နည်းနည်းပဲ ရှိတယ်။ ညဉ့်နက်ပိုင်းမှ ဝင်လာတဲ့ လူသုံးယောက်ကိုလည်း ကျွန်တော် သိတယ်။ ဆယ့်တစ်နာရီထိုးလောက်က ရောက်လာတဲ့ လူကတော့ လူစိမ်းပဲ၊ သူကတော့ ခင်ဗျားနဲ့ တွေ့ချင်လို့တဲ့ "

"ဩော်… ဟုတ်တယ်၊ အဲဒါ ကျွန်တော့် ဦးလေး"

"သူနဲ့ တွေ့ပြီးပြီ မဟုတ်လား"

"သူနဲ့ပါလာတဲ့ လူကော မဖြစ်နိုင်ဘူးလား"

"သူနဲ့ပါလာတဲ့ လူ.." ဟု ကျွန်တော်က ရေရွတ်မိသည်။

"ဟုတ်တယ်… သူ့နောက်က လိုက်လာတာ၊ ကျွန်တော်ကတော့ သူနဲ့ပါလာတဲ့ လူလို့ ထင်တယ်" ဟု ညစောင့်က ပြန်ပြောသည်။ "အဲဒီလူက ကျွန်တော့်ကို မေးတယ်၊ စောစောကလူ ဘယ်ဘက် ထွက်သွားသလဲတဲ့။ ကျွန်တော်က ညွှန်လိုက်တော့ သူလည်း နောက်က လိုက်သွားတာပဲ"

"အဲဒီလူက ဘယ်လိုပုံမျိုးလဲ"

ညစောင့်သည် သူတွေ့လိုက်ရသည့် လူ၏ ပုံပန်းကို ကောင်းစွာ မမှတ်မိပေ။ အလုပ်သမားတစ်ယောက်ဟု ထင်ကြောင်း ပြောသည်။ ခပ်မှိုင်းမှိုင်း အရောင်ရှိသော ရှပ်အင်္ကျီဝတ်ထားသည်။ ကုတ်အင်္ကျီက အနက်ရောင်၊ သူ့အနေဖြင့် ဤမျှသာ ပြောနိုင်သည်။ ပြောသမျှမှာ တိတိကျကျ မဟုတ်။ စိတ်အထင်မျှသာ ဖြစ်သည် ဟု ဆိုသည်။ ညစောင့်အဖို့ ကတော့ ဤကိစ္စမှာ အရေးကြီးသောကိစ္စ မဟုတ်။ ကျွန်တော့်လောက် ပူပန်ကြောင့် ကြခြင်းလည်း မဖြစ်၊ အလေးအနက်လည်း မထား။

ညစောင့် ပြန်ထွက်သွားသည့် အခါ ကျွန်တော့်စိတ်သည် တွေးစရာ အကြောင်း နှစ်ခုဖြင့် နောက်ကျိရှုပ်ထွေးနေရ၏။ အပြင်ထွက်၍ ညစာစားသူ တစ်ဦးအနေဖြင့် မူးမူးရူးရူးနှင့် ပြန်လာပြီး လေ့ကားပေါ်၌ အိပ်မောကျနေခြင်းလည်း ဖြစ်နိုင်၏။ သို့မဟုတ် ယခုအချိန်ထိ နာမည်ပင် မသိရသေးသော ကျွန်တော့်ဧည့်သည်ကြီးက လမ်းပြအဖြစ် ခေါ်လာသည့်အဖော်တစ်ဦး ဖြစ်နိုင်စရာလည်း ရှိ၏။ သို့သော်လည်း ထိုနှစ်ခုစလုံးမှာ ရှေ့နောက် ကျိုးကြောင်းမညီညွတ်သဖြင့် စဉ်းစားရသည်မှာ ဘဝင် မကျနိုင်အောင် ဖြစ်လျက် ရှိရလေ၏။

ကျွန်တော်သည် ဧည့်ခန်းထဲမှ မီးပြန်မွှေးသည်။ နံနက်ခင်း အလင်း ရောင်ကြောင့် မီးရောင်သည် ခပ်ဖျော့ဖျော့။ ကျွန်တော်သည် ဆိုဖာပေါ် ပြန်ထိုင်ကာ တောင်စဉ်ရေမရ လျှောက်တွေးရင်း အိပ်မောကျသွားပြန်၏။ ခြောက်နာရီထိုးသံ ကြားရသောအခါ ဖျတ်ခနဲ ပြန်နိုးလာပြန်သည်။ တစ်ညလုံး ဤနေရာ၌ အိမ်မောကျသွားသည် ဟု ထင်ကာ ဇဝေဇဝါဖြစ်လျက် ရှိသည်။ အလင်းရောင်ကို ပီပီပြင်ပြင် မမြင်ရသေးသဖြင့် ချက်ချင်းပင်ပြန်၍ အိပ်ပျော်သွားပြန်သည်။ ကျွန်တော့်နားထဲတွင် လမ်းလျှောက်သံနှင့် စကားပြောသံများ ကြားရသလိုလိုဖြစ်၍ အိပ်ရာမှ နိုးလာပြန်သည်။ မီးဖိုခေါင်းတိုင် အထက်ဘက်ဆီမှ ပြင်းထန်သော လေတိုက်သံ ကို ကြားရ၏။ ထို့နောက် ပြန်၍ အိပ်ပျော်သွားပြန်ပြီး နောက်ဆုံးတွင် အပြင်မှ ပြက်ပြက်ထင်ထင် ဝင်လာနေသော အလင်းရောင် ကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာရပြန်လေသည်။

တစ်ချိန်လုံးလိုလိုပင် ကျွန်တော်သည် ကိုယ့်အရေး ကိုယ့်ကိစ္စကို မစဉ်းစားနိုင်ပါ။ စိတ်ပျက် စိတ်ညစ်ခြင်းတို့ကြောင့် ကြံရာမရဖြစ်လျက် ရှိ၏။ ကျွန်တော်သည် တရုတ်ကပ်များကို ဖွင့်ကာ အပြင်လောကကို ချောင်းကြည့်သည်။ စွတ်စိုထိုင်းမှိုင်းပြီး ယခုအချိန်အထိ ကြမ်းတမ်းဆဲဖြစ်သော နံနက်ခင်းကို

မြင်ရပါသည်။ အရောင်အဆင်းမှာ လင်းလင်းချင်း ချင်း မရှိ။ တစ်လောကလုံး မှုန်မှိုင်းမှိုင်း၊ ကျွန်တော်သည် အဓိပ္ပာယ် ကင်းမဲ့စွာဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်နေမိသည်။ မီးဖိုရှေ့ မှ ကုလားထိုင်တွင် ဝင်ထိုင်မိသောအခါ အေးလွန်းသဖြင့် ကျွန်တော်တစ်ကိုယ်လုံး တုန်ယင်လျက် ရှိသည်ကို သတိထားမိသည်။ အိမ်ဖော်အဘွားကြီးနှင့် သူ့တူမ ရောက်အလာကို မျှော်မိသည်။ ကျွန်တော့်အနေဖြင့် မည်မျှလောက် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရပါသနည်း။ ဘာကြောင့်များ ထိုကဲ့သို့ ဖြစ်ရပါလိမ့်။ အလွန်ကြီးမားသည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုဒဏ်ကို ကျွန်တော် ခံစားနေရသည်မှာ အချိန်မည်မျှ ကြာပြီနည်း။ ကျွန်တော် ဘာကိုမှ ဝေခွဲ၍ မရ။

နောက်ဆုံးတွင် အဘွားကြီးနှင့် သူ့တူမတို့ ရောက်လာကြသည်။ တူမ၏ ခေါင်းမှာ ထုံးစံအတိုင်း ညစ်ပတ်ပေရေနေသော တံမြက်စည်းနှင့် ခွဲခြား၍ မရပါ။ မီးဖိုရှေ့၌ ခြေပစ်လက်ပစ် ထိုင်၍ ငိုင်နေသော ကျွန်တော့်ကို မြင်ရသည့် အခါ အံ့အားသင့်သွားပုံ ရသည်။ ယမန်နေ့ညက ကျွန်တော့်ဦးလေး ရောက်လာကြောင်း၊ အခု သူ အိပ်နေကြောင်း၊ နံနက်စာကို နှစ်ယောက်စာ ပြင်ဆင်ပေးစေလိုကြောင်း ကျွန်တော်က ပြောပြ လိုက်ပါသည်။ သူတို့ တူဝရီးနှစ်ယောက် အခန်းထဲရှိ အမှိုက်သရိုက်များကို ရှင်းလင်းနေခိုက်တွင် ကျွန်တော်သည် မျက်နှာကပျာကယာ သစ်ပြီး အဝတ်အစားလဲသည်။ ထို့နောက် အဓိပ္ပာယ်မရှိ လျှောက်နေမိပြန်သည်။ နောက်ဆုံးကျတော့လည်း ကျွန်တော်သည် မီးဖိုရှေ့၌ ပြန်ထိုင်ကာ ကျွန်တော့်ဧည့်သည် အခန်းထဲမှ ထွက်အလာကို စောင့်နေရပြန်လေသည်။

မကြာမီမှာပင် အခန်းတံခါးပွင့် လာပြီး ကျွန်တော့်ဧည့်သည် ထွက်လာသည်။ ကျွန်တော့်အနေဖြင့် သူ့ကို မမြင်ချင်မကြည့်ချင်ဖြစ်လျက် ရှိသည်။ ယခုလို နေ့ခင်းဘက်ကျခါမှ သူ့ရုပ်အင်္ဂါသည် ပို၍ ကြည့်ရဆိုးသည် ဟု ထင်မိပါ၏။

သူ စားပွဲတွင် ဝင်ထိုင်လိုက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်က စ၍ စကားပြောသည်။ "ကျွန်တော် အခုထက်ထိ ခင်ဗျားနာမည်ကို မသိရသေးဘူး၊ နာမည်ဘယ်လိုခေါ်သလဲ၊ ကျွန်တော်ကတော့ ခင်ဗျားကို ကျွန်တော့်ဦးလေးလို့ ပြောထားတယ်"

"ဟုတ်လား... လူကလေးအနေနဲ့ ငါ့ကို ဦးလေးလို့ ခေါ်ရင် ရပါတယ် ကွယ်"

"ခင်ဗျားမှာ နာမည်တော့ ရှိမှာပေါ့၊ သင်္ဘောပေါ်မှာ နာမည်ဘယ်လို ပေးခဲ့သလဲ"

"အေး... ရှိတယ် လူကလေးရဲ့၊ ပရိုးဗစ်လို့ ပေးခဲ့တယ်"

"ခင်ဗျား အဲဒီနာမည်ကိုပဲ အတည်ယူတော့မှာလား"

"အေးကွဲ့... အဲသလိုပဲ စိတ်ကူးမိတယ်။ ဘာပြုလို့ မေးတာလဲ၊ ဒီနာမည်လည်း အကောင်းသားပဲ"

"ခင်ဗျားရဲ့ နာမည်အရင်းကကော ဘယ်လိုခေါ်လဲ" ဟု ကျွန်တော်က ခပ်တိုးတိုးကပ်၍ မေးသည်။

"မက်ဂ်ဝစ်ချ်လို့ ခေါ်တယ်ကွဲ့" ဟု သူကလည်း ခပ်တိုးတိုးလေသံဖြင့် ဖြေသည်။ "ခရစ်ယာန်နာမည်ကျတော့ အေဘဲလ်တဲ့ "

"ခင်ဗျား မနေ့ညက ဒီကိုလာတော့..." ဟု ကျွန်တော်က ပြောပြီးစကားကို မဆက်သေးဘဲ သူ့အရိပ်အခြည်ကို အကဲခတ်ပါသည်။

"အေး... ဟုတ်တယ်၊ ဒီကိုလာတော့ကာ..."

"အဝင်ဂိတ်ပေါက်မှာ ညစောင့်နဲ့ တွေ့လို့ မေးနေတော့ ခင်ဗျားနဲ့ အတူတူ အဖော်တစ်ယောက်ပါလာသလား"

"ငါနဲ့ အတူတူ... ဟုတ်လား၊ မပါလာဘူး လူကလေးရဲ့ "

"ဒါပေမဲ့ လူတစ်ယောက်ပါလာတယ်လို့ အစောင့်က ပြောနေတယ်

"ငါတော့ သတိမထားခဲ့မိဘူးကွဲ့" ဟု သူက ပြောသည်။ "ဒါပေမဲ့ လူတစ်ယောက်ယောက်တော့ ပါလာသလိုလိုပဲ"

"အခု ခင်ဗျားရောက်နေတာကို သိတဲ့လူ လန်ဒန်မှာ ရှိသလား"

"ရှိမယ် မထင်ဘူး လူကလေးရဲ့" သူက သူ့လက်ညှိုးဖြင့် လည်ပင်း ကိုဖိ၍ ရှေ့သို့ တစ်ချက်မျှ ဆန့်လိုက်ပြီး ဖြေသည်။ သူ့အပြုအမူကို ကြည့်ပြီး ကျွန်တော် စိတ်ပျက်မိပြန်ပါသည်။

"ဟိုတုန်းကတော့ ခင်ဗျားကို သိတဲ့လူ လန်ဒန်မှာ များများ စားစား ရှိသလား"

"မများခဲ့ဘူး လူကလေးရဲ့၊ ငါက နယ်မှာ အနေများခဲ့တဲ့ လူ"

"လန်ဒန်မြို့ထဲက တရားရုံးတွေမှာ အမှုတင်တာကော ခံခဲ့ရဖူးသလား"

"ဘယ်တုန်းကအမှုကို မေးတာလဲ" ဟု သူက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်ပြီး မေးသည်။

"နောက်ဆုံးဖြစ်ခဲ့တဲ့ အမှုကို ပြောတာ"

သူက ခေါင်းညိတ်သည်။ "မစ္စတာဂျက်ဂါးနဲ့ သိတာ အဲဒီအချိန်က စသိတာ၊ ဂျက်ဂါးက ငါ့ရှေ့နေကွဲ့"

"ဘာအမှုနဲ့ ရုံးတင်ခံရတာလဲ" ဟု မေးလိုက်ရန် ကြံမိပါသေးသည်။ သို့သော်လည်း သူက စားပွဲပေါ်မှ ဓားကို ကောက်၍ တစ်ချက်မျှ ယမ်းလိုက်ပြီး "ငါလုပ်ခဲ့သမျှအတွက် ငါပေးဆပ် ပြီးပါပြီကွယ်" ဟု ရေရွတ်ကာ နံနက်စာစားနေသဖြင့် မမေးဖြစ်တော့ပါ။

သူ စားသောက်နေပုံမှာ အငမ်းမရနိုင်လွန်းလှ၏။ မြင်နေရသည် မှ စိတ်ပျက်စရာ ကောင်းလှပါသည်။ လုံးဝ ယဉ်ကျေးဖွယ်ရာမှု မရှိပါ။ ဇွန်းခက်ရင်းနှင့် ဓားများကိုင်ပုံကလည်း ကြမ်းတမ်းလွန်းလှသဖြင့် ဆူဆူ ညံညံနိုင်လွန်းလှပါသည်။ စားသောက်ဝါးမျိုးနေပုံမှာ ပလုတ်ပလောင်း နှင့် လောဘတကြီးနိုင်လှ၏။ စိမ့်မြေတောများ ဘက်တွင် အစားစားစဉ် က သူ့ပါးစပ်ထဲတွင် သွားတချို့ မရှိတော့သည် ကို သတိပြုမိခဲ့ဖူးသော ကျွန်တော်သည် သူ့ပါးစပ်ကို သတိထား၍ ကြည့်မိပါသည်။ အစားတစ်ခု ပါးစပ်ထဲ

ရောက်သွားသည့် အခါတိုင်း သူသည် အစားကို သွားများ ရှိရာဘက်သို့ ပြောင်းပို့တတ်သည်။ ထိုအခါမျိုးတွင် သူ့ခေါင်းသည် တစ်ဖက်သို့ စောင်းစောင်းသွားတတ်လေရာ ကျွန်တော့်မျက်စိထဲတွင် အစာ ရေစာ အလွန်ဆာလောင်နေသည့် ခွေးအိုကြီးတစ်ကောင်နှင့် တူသလို လိုပင် ဖြစ်ဖြစ်လာသည်။

"ငါက အစာစားတဲ့ အခါ သပ်သပ်ရပ်ရပ် မစားတတ်ဘူး လူကလေး ရဲ့" ဟု သူက စားသောက်အပြီးတွင် စိတ်မကောင်းသည့် လေသံဖြင့် ပြောပါသည်။ "အကျင့်ကပါနေတော့ ပြင်လို့ မရတော့ဘူး။ အင်း... ဆေးတစ်ဆုံလောက်တော့ သောက်လိုက်ဦးမှ "

သူသည် စားပွဲမှ ထကာ သူ့အိတ်ကပ်ထဲမှ ဆေးတံအနက် တစ်ချောင်းနှင့် နီးဂရိုးခေါင်းဟု ခေါ်သော ဆေးတံသောက်ဆေးတစ်ထုပ်ကို ထုတ်သည်။ သူ့ဆေးတံထဲသို့ ဆေးတစ်ဆုံစာ ထည့်ပြီးသောအခါ ဆေးအိတ်ကို အိတ်ကပ်ထဲသို့ ဂရုတစိုက် ပြန်ထည့်သည်။ ထို့နောက် မီးညှပ်ဖြင့် မီးဖိုထဲမှ ကျောက်မီးသွေးခဲ တစ်ခဲကိုယူ၍ ဆေးတံကို ညှိသည်။ ပြီးတော့ မီးဖိုကို ကျောပေး၍ ရပ်ကာ ဆေးတံကို အရသာခံပြီး ဖွာနေသည်။ ပြီးတော့ ကျွန်တော့်လက်နှစ်ဖက်ကို သူ့လက်များဖြင့် ဆွဲယူကာ အားရပါးရ ဆုပ်ကိုင်ထားသည်။ "ဟော့ဒီလူကလေးဟာ ငါ ဖန်တီးထားတဲ့ လူကုံထံ လူကြီးလူကောင်း တစ်ယောက်ပါလား၊ မင့်ကိုမြင်ရတာ ငါ သိပ်ကို စိတ်ချမ်းသာတယ် ပစ်ပ်၊ မင့်ကိုကြည့်ပြီး သိပ်အားရတာပဲ လူကလေးရယ်"

ကျွန်တော်က ကျွန်တော့်လက်များကို သူ့လက်များ အတွင်းမှ ပြန်သိမ်းလိုက်သည်။ ကျွန်တော့်ဘဝကို ဆင်ခြင်ကြည့်မိသည်။ တကယ်တော့ ကျွန်တော့်ဘဝသည် အချည်အနှောင်ခံရသည့် ဘဝပါကလား။ ကြမ်းတမ်းလွန်းလှသော သူ့အသံကို နားထောင်၍ အကျည်းတန်လွန်းလှသော သူ့ထိပ်ပြောင်ကြီးကို ကြည့်၍ ကိုယ့်ဘဝကိုယ် အကြီးအကျယ် စိတ်ပျက်နေမိပါသည်။

"ငါမွေးထားတဲ့ လူကြီးလူကောင်းကို လမ်းပေါ်မှ ခြေလျင်လျှောက် နေတာ မကြည့်ချင်ဘူး၊ သူစီးထားတဲ့ ဖိနပ်တွေကို ရွှံ့တွေဗွက်တွေပေတာ မကြည့်ချင်ဘူး၊ ငါမွေးထားတဲ့ လူကြီးလူကောင်းမှာ မြင်းတွေ ရှိရမယ်... ပစ်ပ်။ သူစီးဖို့ မြင်းတွေ သူပိုင် မြင်းရထားမှာ တပ်ဖို့ မြင်းတွေ၊ မြင်းတွေ အများကြီး ရှိရမယ်" သူသည် အိတ်ကပ်ထဲမှ ဖောင်းပြည့်နေသော အိတ်ကြီးတစ်လုံးကို ဆွဲထုတ်ပြီး စားပွဲပေါ်သို့ ပစ်ချလိုက်ကာ ကျွန်တော့်ဘက်သို့ တွန်းပို့သည်။

"ဟောဒီမှာ ငွေအိတ်၊ ငွေတွေ အများကြီးပါတယ်။ မင်း သုံးချင်တာ သုံးဖို့ ပေးတာ၊ အဲဒီငွေ အကုန်လုံးကို မင်းပိုင်တယ်။ ငါပိုင်သမျှငွေဟာမင့်ငွေပဲ၊ နှမြောမနေနဲ့။ မင်း သုံးချင်တာသာ သုံး၊ ကုန်သွားရင် နောက်ထပ်ရဦးမယ်။ အများကြီးကို ရှိသေးတယ်။ ငါ ဒီကိုလာတာဟာ ငါမွေးထားတဲ့

လူကြီးလူကောင်းလေး ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်လို ငွေတွေသုံးဖြုန်းနေတာ ကြည့်ချင်လို့ လာတာကွဲ့"

"တော်ပါတော့ဗျာ" ဟု ကျွန်တော်က စိတ်ပျက်သဖြင့် ဟန့်လိုက်မိသည်။ "ကျွန်တော် ခင်ဗျားကို အရေးကြီးတာတစ်ခု ပြောစရာ ရှိနေတယ်။ ခင်ဗျားကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ စဉ်းစားမှ ဖြစ်မယ်၊ ခင်ဗျားကို အန္တရာယ်မဖြစ်အောင် ဘယ်လိုထားရမလဲဆိုတာက အရေးကြီးတယ်။ ခင်ဗျား ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ၊ ခင်ဗျားမှာ တခြား ဘာအစီအစဉ်တွေ ရှိနေသေးလဲ'

"ဒီမယ် ငါပြောမယ် ပစ်ပ်" ဟု သူက ကျွန်တော့်လက်မောင်းကို လှမ်းကိုင်ပြီး အသံခပ်တိုးတိုးဖြင့် ပြောသည်။ "ငါ့အနေနဲ့ ကိုယ့်ဘဝကိုယ် မေ့သွားတယ်။ ငါစောစောက ပြောခဲ့တဲ့ စကားတွေဟာ အောက်တန်းကျတယ်.. ကွ၊ ငါ သိပါတယ်ကွာ။ ဒီမယ် ပစ်ပ်၊ ငါပြောခဲ့တာတွေကို မေ့လိုက်ပါကွာ၊ ငါ့ကို ခွင့်လွှတ်ပါ။ အောက်တန်းကျတဲ့ စကားတွေကို ငါ နောက်ထပ် မပြောတော့ပါဘူးကွာ"

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် ညည်းလိုက်မိပါသည်။ "အရေးကြီးတာက ခင်ဗျားကို လူတွေက မမှတ်မိအောင်နဲ့ အဖမ်းမခံရအောင် လုပ်ဖို့ဗျ"

"အဲဒါက အရေးမကြီးပါဘူး လူကလေးရယ်" ဟု သူက ပြန်ပြောသည်။ "အောက်တန်းကျတဲ့ ကိစ္စက အရေးကြီးတာပါ။ ငါဟာ လူကြီးလူကောင်းတစ်ယောက် မဟုတ်တော့ နိမ့်ကျတဲ့ အပြောတွေ ပြောမိတယ်။ ငါ့ကို ခွင့်လွှတ်ပါကွာ"

ကျွန်တော်က မလိုတမာသံဖြင့် ရယ်လိုက်မိပါသည်။ "ခင်ဗျား ပြောသမျှကို ကျွန်တော်က ခွင့်လွှတ်ပြီးသားပါဗျာ၊ ဒီဟာကြီးကို ထပ်တလဲလဲ ပြောမနေစမ်းပါနဲ့တော့"

"ဟုတ်တော့ ဟုတ်ပါတယ်... ကွယ်၊ ဒါပေမဲ့ လူကလေးရယ်၊ ငါ ဒီကို လာတာ အခုလို အောက်တန်းကျကျ ဆက်ဆံဖို့ လာတာ မဟုတ်ပါဘူး ကွယ်။ ကဲပါ... ကွယ်။ ထားပါတော့။ မင်း စောစောက ပြောတာ ဘာတဲ့"

"ခင်ဗျားမှာ ဖြစ်လာနိုင်တဲ့ အန္တရာယ်ကို ကျွန်တော်တို့ ဘယ်လိုနည်း နဲ့ ကြိုတင် ကာကွယ်ထားရင် ကောင်းမလဲဆိုတာ စဉ်းစားဖို့ ပြောတာ"

"ငါ့အတွက် အန္တရာယ်က မင်းစိုးရိမ်နေသလောက် ကြီးမယ် မထင်ပါဘူး လူကလေးရာ၊ ငါ ရောက်နေတာကို သတင်းပေးမယ့်သူ ရှိမယ် မထင်ပါဘူး။ ငါ ဒီကိုရောက်နေမှန်း သိတာဆိုလို့ ဂျက်ဂါးရယ်၊ ဝင်းမစ်ရယ်၊ မင်းရယ် ဒီသုံးယောက်ပဲ ရှိတာပါ။ တခြား ဘယ်သူကများ သိနေလို့လဲ"

"လမ်းပေါ်လျှောက်သွားရင် ခင်ဗျားကို မှတ်မိနိုင်တဲ့ လူများ ရှိမလား " ဟု ကျွန်တော်က မေးသည်။

"အင်း... များများ စားစားတော့ မရှိပါဘူး" ဟု သူက ပြန်ပြောသည်။ "ဘော်တနီ ပင်လယ်ကွေ့မှာ အေး၊ အင်မ်ဟု ခေါ်သော ပုဂ္ဂိုလ်တစ်ယောက် လန်ဒန်သို့ ပြန်ရောက် လာပြီလို့လည်း ကိုယ့်ကိုယ်ကိုယ် ကြော်ငြာဖို့ စိတ်မကူးပါဘူးကွ၊ ကြော်ငြာတော့ကော ဘာများ အကျိုးထူးမှာလဲ၊ ဒီမယ် ပစ်ပ်၊ ငါပြောလိုက်မယ်၊ ငါ ဒီကိုလာလို့ ကြုံရမယ့် အန္တရာယ်က ဘယ်လောက်ပဲ ကြီးကြီး၊ ငါကတော့ မင်းကို တွေ့ချင်လွန်းလို့ လာမှာပဲ"

"ခင်ဗျား ဒီမှာ ဘယ်လောက်ကြာကြာ နေမလဲ"

"ဘယ်လောက်ကြာကြာ နေမလဲ" ဟု သူက ကျွန်တော့်စကားကို သံယောင်လိုက်၍ ရေရွတ်လိုက်ပြီး ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည်။ "ငါ ပြန်မသွားတော့ဘူး လူကလေး။ ငါ ဒီမှာပဲ နေတော့မှာ "

"ဒီလိုဆို ခင်ဗျား ဘယ်မှာ နေမလဲ၊ ခင်ဗျားကို ဘယ်လိုလုပ်ရမလဲ၊ ခင်ဗျားကို လုံခြုံအောင် ဘယ်နေရာမှာ ထားရမလဲ"

"လူကလေးရာ ဒါတွေက လွယ်ပါတယ်" ဟု သူက ပြန်ပြောသည်။ "ငွေသာ ပေးနိုင်ရင် ဆံပင်တုတွေ၊ ဆံပင်ဆိုးဆေးတွေ၊ မျက်မှန်တွေနဲ့ အဝတ်အစား ပုံစံအမျိုးမျိုးတွေ ရနိုင်ပါတယ်... ကွာ၊ တခြားလူတွေလည်ႏ ဒီလို ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး နေကြတာပါပဲ၊ ဘယ်မှာ နေရမယ် ဘယ်လိုနေရမယ် ဆိုတာကတော့ လူကလေးက စဉ်းစားပြီး အကြံဉာဏ်ပေးပါ"

"အခုကျတော့လည်း ခင်ဗျား ပြောနေပုံက အေးအေးဆေးဆေးပဲ၊ မနေ့ညကတော့လည်း သေရေးရှင်းရေးလောက် အရေးကြီးသလို ပြောတယ်၊ မိသွားရင် သေဒဏ်ပဲ.. ဆို"

"အမှန်ပဲ လူကလေး၊ မိသွားလို့ ကတော့ သေဒဏ်ပဲ" ဟု သူက ဆေးတံကို ပါႏစပ်နှင့် ကိုက်လိုက်ရင်း ပြောသည်။ "ဟောဒီနေရာက သိပ်မဝေးတဲ့ လမ်းမပေါ် လူမြင်ကွင်းမှာ လည်ပင်းကြိုးတပ်ပြီး သတ်မှာ၊ မင်း သဘောပေါက်သွားအောင်လို့ ငါက အလေးအနက်ထားပြီး ပြောခဲ့တာပါ၊ တစ်ချိန်က ငါ အဲဒီအဖြစ်မျိုးနဲ့ ကြုံခဲ့ရဖူးပြီ။ အခုတစ်ခါ ပြန်သွားဖို့ ကျတော့ ငါ့စိတ်မှာ ဘယ်လိုနေမလဲ၊ ဒီမယ် ပစ်ပ်။ မင်းနဲ့ တွေ့ဖို့ မျှော်ခဲ့တာ နှစ်တွေ မနည်းတော့ဘူး၊ အခု တွေ့ရပြီ။ ငါ့အဖို့ ရင်ဆိုင်ရမှာ မကြောက်တော့ပါဘူး။ အခုဆိုရင် ငါဟာ ငှက်အိုကြီးတစ် ကောင် ဖြစ်နေပါပြီ လူကလေးရယ်၊ ထောင်ချောက်ပေါင်းများစွာနဲ့ ရင်ဆိုင်ခဲ့ရပြီးပါပြီ။ ဒီအရွယ်ကျတော့မှ စာခြောက်ရုပ်ကြီးပေါ် အိပ်တန်းတက်ရမှာ မကြောက်တော့ပါဘူး။ တကယ်လို့လည်း သေခြင်းတရားဟာ အရုပ်ကြီးထဲမှာ ဝင်ပုန်းနေတယ် ဆိုပါတော့၊ ဘာအရေးလဲ၊ သူထွက်ချင်တဲ့ အချိန် ထွက်လာပါစေ၊ ငါကတော့ ရင်ဆိုဖို့ အသင့်ပဲ၊ ဘာပဲဖြစ်နေနေ အခုလိုအချိန်ရခိုက်မှာ ငါ့ကြောင့် လူတစ်လုံး သူတစ်လုံး ဖြစ်နေတဲ့ ငါ့လူကြီးလူကောင်းကလေးကိုပဲ အားရအောင် ကြည့်စမ်းပါရစေ"

ပြောပြောဆိုဆို သူသည် ကျွန်တော့်လက်နှစ်ဖက်ကို လှမ်းဆွဲကာ

ကျွန်တော့်တစ်ကိုယ်လုံးကို အလွန်အားရကျေနပ်သော မျက်နှာထားဖြင့် ကြည့်နေပြီး ဆေးတံကို အားရပါးရဖွာလျက် ရှိပြန်လေသည်။

ယခုအတိုင်းသာဆိုပါက သူ့အတွက် လုံခြုံမည့် တစ်နေရာ၌ အခန်း တစ်ခန်းရှာ၍ ငှားရန် မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပါ။ ဟားဘတ်အား ပြန်ရောက်လာသည့် အခါ ဤအခန်းကို ဟားဘတ်အား ပြန်ပေးရတော့မည် မဟုတ်ပါလား။ ဟားဘတ်ကတော့ နောက်နှစ်ရက် သုံးရက်အတွင်း ပြန်ရောက်လာလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ဟားဘတ်ပြန်လာပါက ဤလျှို့ဝှက်ချက်ကို ဖွင့်ဟ၍ အသိပေးထားမှ ဖြစ်မည်ဟု ထင်ပါသည်။ ဤအဖြစ်ကို ဟားဘတ်အား အသိပေးလိုက်ခြင်းဖြင့် ကျွန်တော်တစ်ယောက်တည်း ကျိတ်၍ ခံစားနေ ရသည့် စိတ်ဆင်းရဲမှုဒဏ်မှ အနည်းငယ်သက်သာစရာ ရှိပါသည်။ ကျွန်တော်က ကျွန်တော့်အစီအစဉ်ကို မစ္စတာပရိုးဗစ်အား ပြောပြရာ (ကျွန်တော့်အနေဖြင့် ကျွန်တော့်ဉေ့်သည် အား ထိုနာမည်အတိုင်း ခေါ်သွားရန် ဆုံးဖြတ်လိုက်ပြီးပါပြီ) သူက ဟားဘတ်ကို သူမြင်တွေ့ပြီး အကဲခတ်ပြီးခါမှ ပြောသင့် မပြောသင့် အဆုံးအဖြတ် ပေးနိုင်မည်ဟု ဆိုသည်။ "လူကဲခတ်ပြီးလို့ ကျေနပ်ပြီဆိုရင်တောင်မှ သူ့ကို ဟောဒီစာအုပ် ထဲကအတိုင်း ကျမ်းသစ္စာ ဆိုခိုင်းရဦးမယ်" ဟု ပြောကာ သူ့အင်္ကျီအိတ်ကပ်ထဲမှ အနက်ရောင် သမ္မာကျမ်းစာအုပ် ကလေး တစ်အုပ်ကို ထုတ်ပြလေသည်။

ကျွန်တော့်ကျေးဇူးရှင်သည် ဤသမ္မာကျမ်းစာအုပ်ကလေးကို သူသွားလေရာသို့ ယူသွားကာ အရေးပေါ်ကိစ္စနှင့် ကြုံလာတိုင်း လူများအား ဤစာအုပ်ကို ကိုင်စေပြီး ကျမ်းကျိန်ခိုင်လေ့ ရှိပုံရ၏။ ကျွန်တော့်၏ အထင်မျှသာဖြစ်၍ မှန်ချင်မှ မှန်လိမ့်မည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် အခိုင်အမာ ပြောနိုင်သည့် အချက်က သူ့တွင် ဤနည်းမှ တစ်ပါး အခြားသုံးစရာနည်း မရှိဟူသော အချက်ပင် ဖြစ်ပါ၏။ မည်သို့ပင်ဖြစ် စေ စာအုပ်ကို ကြည့်ရသည်မှာ တရားရုံးတစ်ရုံးမှ ခိုးယူလာခဲ့သောစာ အုပ် ဖြစ်ဟန်တူသည်။ သူ့အတွေ့အကြုံအရ ဤစာအုပ်ကိုကိုင်ပြီး ကျမ်းကျိန်လိုက်လျှင် ကျမ်းစူးမှာ စိုးသဖြင့် ဘာမှ မပြောရဲဘဲ ရေငုံနှုတ်ပိတ် လုပ်နေလိမ့်မည်ဟု တရားသေစွဲထားပုံ ရ၏။ သမ္မာကျမ်းစာအုပ် ကို ထုတ်ပြလိုက်သောအခါ စိမ့်မြေတောများ ဘက်ရှိ သုသာန်အတွင်း၌ ဆုံမိကြစဉ်က ကျွန်တော့်အား ကျိန်ခိုင်းသည့် အဖြစ်ကို ပြန်၍ မြင်ယောင်လာမိပါသေးသည်။

လောလောဆယ် မစ္စတာပရိုးဗစ် ဝတ်ဆင်ထားပုံသည် ကြက်တူရွေးများ နှင့် ဆေးပြင်းလိပ်များ လိုက်လံရောင်းချမည့် သင်္ဘောသားတစ်ယောက်နှင့် တူလျက်ရှိသည်။ ဤအဝတ်အစားနှင့် ကတော့ ဘယ်နည်းနှင့် မှ မဖြစ်နိုင်ဟု ကျွန်တော် ထင်ပါသည်။ ထို့ကြောင့် ကျွန်တော်က သူ့ကို ဘယ်လိုအဝတ်အစားများ ပြောင်းလဲဝတ်ဆင်သင့်သည် ကို သူနှင့် ဆွေးနွေးပါသည်။ သူက သူဝတ်သင့်သည် ဟု ထင်သော အဝတ်အစား ပုံများကို ရေးဆွဲပြသည်။ သူဆွဲပြသည့် ပုံစံမျိုးဖြင့်သာ ဝတ်စားဆင်ယင် လိုက်မည် ဆိုပါက သူ့ပုံသည် သင်းအုပ်ဘုန်းကြီးလိုလို

သွားစိုက်ဆရာ ယောင်ယောင်ပုံမျိုး ထွက်လာမည်မှာ သေချာလျက်ရှိ၏။ ကျွန်တော်ကလူချမ်းသာ လယ်သမားတစ်ဦးနှင့် တူအောင် ဝတ်ဆင်ဖို့ ရာပြောရာ ပထမတွင် သဘောမတူသော်လည်း ပြောဖန်များ လာသည့် အခါ လက်ခံပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် သူ့ဆံပင်တိုတိုညှပ်ရန်နှင့် လူချမ်းသာ လယ်သမားတစ်ဦးပုံမျိုး ဖြစ်လာစေမည့် အဝတ်အစားများကို ပြောင်း၍ မဝတ်ဆင်ရသေးမီကာလအတွင်း ကျွန်တော် ငှားထားသည့် အဘွားကြီးနှင့် သူ့တူမတို့ မမြင်အောင် နေသွားရန် သဘောတူကြပါသည်။

ဤကိစ္စများကို စဉ်းစားဆွေးနွေးရသည်မှာ လွယ်ကူသလောက် လက်တွေ့လုပ်သည့် အခါကျတော့ အချိန်များစွာ ကုန်သည်။ မွန်းလွဲ နှစ်နာရီ သုံးနာရီခန့်ကျမှပင် အပြင်သို့ ထွက်လာနိုင်သည်။ ကျွန်တော် အပြင်သွားနေခိုက်တွင် မစ္စတာပရိုးဗစ်အား အခန်းတံခါးကို အလုံပိတ် ထားရန်နှင့် မည်သူလာလာ ဖွင့်မပေးရန်မှာ ခဲ့ရပါသည်။

ကျွန်တော် သိထားရသလောက်ဆိုလျှင် အက်ဆက်လမ်းဘက်၌ ကျွန်တော်တို့ နှင့်သင့်တော်မည့် တည်းခိုရိပ်သာတစ်ခု ရှိသည်။ ထိုရိပ်သာ၏ နောက်ဖေးဘက်မှ ကြည့်လျှင် ကျွန်တော်နေသည့် တင်းပဲလ်ရိပ်သာ ကို လှမ်းမြင်နေရပါသည်။ ကျွန်တော့်အခန်း ပြတင်းပေါက်များ နှင့် ဆိုလျှင် တစ်ခေါ်ခန့်မျှသာ ဝေး၏။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ဦးလေး မစ္စတာပရိုးဗစ်အတွက်ဟု ပြောကာ ထိုရိပ်သာ၏ ဒုတိယအထပ်မှ အခန်းတစ်ခန်းကို ငှားလိုက်သည်။ ထို့နောက် ကျွန်တော်သည် မစ္စတာ ပရိုးဗစ်အတွက် လိုအပ်နေသည့် အဝတ်အစားများကို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် သွား၍ ဝယ်ရပြန်သည်။ ထိုကိစ္စပြီးသော် ကျွန်တော်သည် လစ်တစ်လ်ဘရီတိန်လမ်းသို့ သွား၍ မစ္စတာဂျက်ဂါးနှင့် တွေ့သည်။ မစ္စတာဂျက်ဂါးသည် သူ့စားပွဲတွင် ထိုင်လျက်ရှိ၏။ ကျွန်တော် ဝင်လာသည် ကို မြင်သောအခါ ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်ပြီး မီးဖိုရှေ့၌ သွားရပ် နေသည်။

"ဒီမယ် ပစ်ပ်၊ မင်း သတိရှိဖို့တော့ လိုလိမ့်မယ်" ဟု သူက ပြောသည်။

"ကျွန်တော် သတိထားပါ့မယ်ခင်ဗျာ" ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

"ကိုယ့်ကိုယ်ကိုယ်လည်း ဒုက္ခရောက်အောင် မလုပ်နဲ့၊ တခြားလူကိုလည်း ဒုက္ခမရောက်စေနဲ့၊ မင်း ငါပြောတာ နားလည်ရဲ့လား။ ဘယ်သူ့ ကိုမှတော့ ဒုက္ခမဖြစ်စေနဲ့၊ ငါ့ကိုလည်း ဘာမှ အသိပေးစရာ မလိုဘူး။ ငါကလည်း ဘာမှ မသိချင်ဘူး၊ ငါက စပ်စပ်စုစုလုပ်ဖို့ ဝါသနာ မပါဘူး သိလား"

သူ့စကားသွားစကားလာများ အရ ကျွန်တော့်ကျေးဇူးရှင်ဆိုသူ ရောက်နေသည် ကို သူ သိနေပြီဟု ကျွန်တော် နားလည်လိုက်ပါသည်။

"ကျွန်တော် သိချင်တာတော့ မေးပါရစေခင်ဗျာ" ဟု ကျွန်တော်က စကားစသည်။ "ကျွန်တော့်ကို ပြောပြလိုက်တဲ့ စကားတွေဟာ

အမှန်ပဲလားဆိုတာတော့ တိတိကျကျ သိချင်ပါတယ်။ မမှန်ဘူးလို့တော့ မထင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်စိတ်ထဲမှာ သေချာသွားချင်ပါတယ်"

မစ္စတာဂျက်ဂါးက ခေါင်းညိတ်သည်။ "ဒါပေမဲ့ မင်းပြောလိုက်တဲ့ စကားထဲမှာ 'ပြောပြလိုက်တယ်' လို့ ဆိုလိုသလား၊ သို့မဟုတ် 'အကြောင်းကြားတယ်' လို့ ဆိုလိုသလား၊ အဲဒီနှစ်ခု တော့ ငါခွဲခြားပြီး သိမှ ဖြစ်မယ်" သူသည် ခေါင်းကို တစ်ဖက်သို့ စောင်းကာ ကျွန်တော့်မျက်နှာကို မကြည့်ဘဲ ကြမ်းပြင်ကို ငေးကြည့်ပြီး မေးသည်။ "ပြောပြတယ် ဆိုတာကပါးစပ်နဲ့ ဆက်သွယ်မှုကို ဆိုလိုတာကွ၊ ဩစတြေးလျနိုင်ငံ နယူးဆောက် ဝေးပြည်နယ်ထဲက လူတစ်ယောက်နဲ့ မင်းနဲ့ပါးစပ်ချင်း ဆက်သွယ်လို့ရနိုင်တာမှ မဟုတ်ဘဲ၊ ဒီအချက်ကို မင်း သိရမယ်"

"ကျွန်တော့်အနေနဲ့ အကြောင်းကြားတယ်လို့ ပြောရပါလိမ့်မယ် ခင်ဗျာ"

"အေး.. ဒါမှပေ့ါ၊ ကောင်းတယ်"

"အေဘဲလ်မက်ဝစ်ချ်လို့ ခေါ်တဲ့ လူတစ်ယောက်က ကျွန်တော့်ကို အကြောင်းကြားပါတယ်။ သူဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်ပါတယ်...တဲ့ "

"မှန်တယ်... အဲဒီလူပဲ၊ သူဟာ နယူးဆောက်ဝေးပြည်နယ်ထဲက" ဟု မစ္စတာ ဂျက်ဂါးက ဖြေသည်။

"သူ တစ်ယောက်တည်းပဲလား"

"မှန်တယ်။ သူတစ်ယောက်တည်း"

"ကျွန်တော် အထင်အမြင် လွဲမှားခဲ့တာတွေနဲ့ အကောက်အယူမှားခဲ့ တာတွေဟာ မစ္စတာဂျက်ဂါးမှာ တာဝန်ရှိတယ်လို့တော့ ကျွန်တော် မပြောနိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ကျေးဇူးရှင်ဟာ မစ္စဟေဗီရှမ်လို့ တထစ်ချ ထင်ခဲ့မိပါတယ်"

"မင်းပြောလိုက်တဲ့ စကားအရ ဆိုရင်တော့ ..." မစ္စတာဂျက်ဂါးက သူ့လက်ညှိုးကိုပါးစပ်ဖြင့် ကိုက်ရင်း ကျွန်တော့်မျက်နှာကို အေးစက်စက် တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။ "အဲဒါအတွက်ကတော့ ငါ့မှာ လုံးဝ တာဝန်မရှိဘူး"

"ဒါပေမဲ့ တာဝန်ရှိသလို ဖြစ်နေတယ်လို့ ကျွန်တော် ထင်မိပါတယ်" ဟု ကျွန်တော်က စိတ်ထိခိုက်စွာဖြင့် ပြန်ပြောမိပါသည်။

"သက်သေပြစရာ အစလေးတစ်စတောင် မရှိဘူး ပစ််ပ်" ဟု သူ့ခေါင်းကြီးကို အကြိမ်ပေါင်းများစွာ ယမ်း၍ ပြောသည်။ "ဘယ်ကိစ္စမှာ မဆို အပေါ်ယံကြည့်ပြီး ကောက်ချက်မချနဲ့။ အရာရာတိုင်းမှာ ခိုင်လုံတဲ့ သက်သေခံပစ္စည်း အထောက်အထားတွေကို ကြည့်ရမယ်၊ ဒီထက်ကောင်းတဲ့ နည်း မရှိဘူး"

ကျွန်တော်သည် ရုတ်တရက် ဘာမှ ထပ်မပြောဘဲ အတန်ကြာမျှ ငြိမ်ဆိတ်စွာ ရပ်နေမိသည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်ပြီး

"ကျွန်တော့်မှာ ထပ်ပြီး မေးစရာ မရှိတော့ပါဘူး" ဟု ပြောလိုက်သည်။ "ကျွန်တော် ရထားတဲ့ သတင်း မှန်,မမှန် စိစစ်ပြီးတဲ့ နောက်မှာ ကျွန်တော့် ဘက်ကကိစ္စ ဖြစ်သွားပါပြီ"

"အင်း.. နယူးဆောက်ဝေးက မက်ဝစ်ချ်ဟာ နောက်ဆုံးကျတော့လည်း ပေါ်လာတာပဲ" ဟု မစ္စတာဂျက်ဂါးက ပြောသည်။ "မင်း နားလည် ရမှာက ဒီကိစ္စနဲ့ ပတ်သက်လို့ မင်းနဲ့ ငါ ဆက်သွယ်ဆောင်ရွက်တဲ့ နေရာမှာ ငါ့ဘက်က ဘယ်လောက်အထိ တင်းတင်းကျပ်ကျပ် လိုက်နာလုပ်ကိုင်ခဲ့တယ် ဆိုတဲ့ အချက်ပဲ။ ငါ့အနေနဲ့ လိုက်ရမယ့် စည်းကမ်းဘောင် ကို ဘယ်တော့မှ မကျော်ဘူး။ မဖောက်ဘူး၊ အတိအကျ လိုက်နာပြီး လုပ်ခဲ့တယ်။ ဒါကို မင်း သိရဲ့လား"

"ကောင်းကောင်း သိပါတယ် ခင်ဗျာ"

"မက်ဝစ်ချ်က ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်ကနေပြီး ငါ့ဆီကို ပထမဆုံး စာလှမ်းရေးတော့ ငါက ပြန်ပြီး ဆက်သွယ်ခဲ့တယ်။ အဲဒီစာထဲမှာ ငါ့ဘက်က တရား ဥပဒေစည်းကမ်းဘောင် အပြင်ထွက်ပြီး လုပ်ကိုင်ပေးလိမ့်မယ်လို့တော့ လုံးဝ မမျှော်လင့်နဲ့ လို့ သတိပေးခဲ့တယ်။ နောက်တစ်ချက် သတိပေးခဲ့တာက တခြား မဟုတ်ဘူး။ သူက သူ့စာစောင်ထဲမှာ အင်္ဂလန်ကို လိုက် လာပြီး မင်းနဲ့ တွေ့ချင်စိတ် ရှိသလိုလို ဘာလိုလို မသိမသာ ဖော်ပြခဲ့တယ်။ ငါက အဲဒီစကားမျိုး နောက်ထပ် မကြားချင်ဘူးလို့ ပြန်ရေးခဲ့တယ်။ သူ့အနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့် ရစရာ အကြောင်းမရှိဘူး။ သူ ဒီနိုင်ငံ က ထွက်သွားတာဟာ ရိုးရိုးတန်းတန်း ထွက်သွားတာ မဟုတ်ဘူး။ ရာဇဝတ်မှုတစ်ခုကြောင့် ထွက်သွားရတာ၊ ဒါကြောင့်မို့ ဒီနိုင်ငံကို ပြန်လာရင် ရာဇဝတ်မှု တစ်ခုကို ထပ်မံကျူးလွန်ခြင်းပဲ ဖြစ်တယ်။ ဥပဒေအရ အင်မတန်ကြီးလေးတဲ့ အပြစ်ဒဏ်ကို ခံရလိမ့်မယ်လို့ စာထဲမှာ သတိပေးခဲ့တယ်" မစ္စတာဂျက်ဂါးက ကျွန်တော့်အား မျက်နှာထားတင်းတင်းဖြင့် ကြည့်၍ ပြောသည်။ "ငါသတိပေးတဲ့ အတိုင်း သူ လိုက်နာခဲ့တယ်ဆို တာတော့ သံသယဖြစ်စရာ မရှိပါဘူး"

"သံသယဖြစ်စရာ မရှိပါဘူး" ဟု ကျွန်တော်က ဝင်ပြောသည်။

"တစ်နေ့မှာ ငါ့ကို ဝင်းမစ် အကြောင်းကြားတယ်" ဟု မစ္စတာဂျက်ဂါးက မျက်နှာထားတင်းတင်းဖြင့် ဝင်းမစ်၏ မျက်ခွက်ကို လှမ်းကြည့်ပြီး ပြောသည်။ "ပို့စ်မောက်မြို့ကနေပြီး ရေးလိုက်တဲ့ စာတစ်စောင် သူ ရတယ်တဲ့။ ရေးလိုက်တဲ့ လူက ဩစတြေးလျကလာတဲ့ မစ္စတာပါးဗစ်တဲ့၊ ဒါမှ မဟုတ်..."

"ဒါမှ မဟုတ်... ပရိုးဗစ်ပေါ့" ဟု ကျွန်တော်က ထောက်ပေးသည်။

"အေး... ဟုတ်တယ်၊ ဒါမှ မဟုတ် ပရိုးဗစ်ပေါ့၊ အခုလို ဝင်ထောက်ပေးတဲ့ အတွက် မင်းကို ကျေးဇူးတင်တယ် ပစ်ပ်၊ အဲဒီလူဟာ ပရိုးဗစ် ဖြစ်ကောင်းဖြစ်မယ်၊ ဒါမှ မဟုတ်လည်း ပရိုးဗစ်လို့ မင်း သိကောင်းသိ ထားလိမ့်မယ်။ အဲ... ဝင်းမစ်ရဲ့ အဆိုက အဲဒီစာဟာ ပို့စ်မောက်လိပ်စာနဲ့ ပရိုးဗစ်ဆိုတဲ့

ဩစတြေးလျနိုင်ငံသားတစ်ယောက်က ရေးလိုက်တဲ့ စာပဲ။ စာထဲမှာ မင့်လိပ်စာ အပြည့်အစုံကို မက်ဝစ်ချ်ဆိုတဲ့ လူရဲ့ ကိုယ်စား တောင်းခံခြင်း ဖြစ်ပါတယ်လို့ ရေးထားတယ်။ ဝင်းမစ်က စာတိုက်က နေပြီး မင့်လိပ်စာ အပြည့်အစုံကို ပြန်လိုက်တယ်လို့ ငါ နားလည်တယ်။ အဲဒီတော့... မင်းအနေနဲ့ နယူးဆောက်ဝေးပြည်နယ်က မက်ဝစ်ချ်အကြောင်းကို သိတာဟာ အဲဒီ ပရိုးဗစ်ဆီက တစ်ဆင့် သိတာ ဖြစ်မယ်လို့ ငါ ထင်တယ်"

"ဟုတ်ပါတယ်။ ပရိုးဗစ်ကတစ်ဆင့် သိရတာပါ" ဟု ကျွန်တော် ပြန်ပြောသည်။

"ကဲ... ပစ်ပ်၊ မင်္ဂလာနေ့ခင်းပါကွယ်" မစ္စတာဂျက်ဂါးက သူ့လက်တစ်ဖက်ကို ကျွန်တော့်ဆီသို့ ကမ်းပေးကာ ပြောသည်။ "မင်းနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ တကယ်လို့ မင့်အနေနဲ့ မက်ဝစ်ချ်ဆီကို စာရေးရင် ဒါမှ မဟုတ် ပရိုးဗစ်ကတစ်ဆင့် မက်ဝစ်ချ်နဲ့ ဆက်သွယ်ရင် သုံးစွဲကုန်ကျခဲ့တဲ့ စာရင်းအင်းနဲ့ ပြေစာတွေကို လက်ကျန်ငွေနဲ့ အတူ မင့်ဆီ ပြန်ပို့ပေး လိမ့်မယ်ဆိုတာ အသိပေးလိုက်ပါ။ သူ့ငွေက ခုထက်ထိ လက်ကျန်ရှိ သေးတယ်။ ကဲ... မစ္စတာပစ်ပ်၊ မင်္ဂလာနေ့ခင်းပါပဲကွယ်"

ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ သူက ကျွန်တော့်ကို မျက်နှာထား ခပ်တည်တည်ဖြင့် ကြည့်နေဆဲ...။ ကျွန်တော် တံခါးမှ အထွက်တွင် တစ်ချက် ပြန်လှည့်ကြည့်သည်။ မစ္စတာဂျက်ဂါးသည် ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေဆဲ။ မျက်နှာထားကတော့ စောစောက လိုပင် မာကျောကျော။ ဗီရိုပေါ်မှ ရုပ်တုနှစ်ခုသည် မျက်စိများ ဖွင့်ကြည့်ပြီး "အို... ဘယ်လိုလူစားကြီးပါလိမ့်" ဟု ရေရွတ်လိုက်လိမ့်မည်ဟု ထင်ပါသည်။

ဝင်းမစ်မှာ ရုံးခန်းတွင် မရှိ။ အပြင်သို့ ကိစ္စရှိ၍ ထွက်သွားသည် နှင့်ကြုံကြိုက်နေသည်။ အကယ်၍ သူရှိသည့် တိုင်အောင်လည်း သူ့အနေနှင့် ကျွန်တော့်အတွက် ဘာမှ လုပ်ပေးနိုင်မည် မဟုတ်ပါ။ ကျွန်တော်သည် တင်းပဲလ်ရိပ်သာသို့ တန်း၍ ပြန်ခဲ့၏။ ကျွန်တော့်ကျေးဇူးရှင် ပရိုးဗစ်မှာ ရေနှင့် စပ်ထားသည့် ရမ်ကို သောက်လိုက်၊ ဆေးတံကို ဖွာလိုက်နှင့် အေးအေးဆေးဆေးပင် ရှိနေသည် ကို တွေ့ရလေသည်။

နောက်တစ်နေ့တွင် ကျွန်တော် အော်ဒါလုပ်ထားခဲ့သည့် အဝတ်အစားများ ရောက်လာသဖြင့် ပရိုးဗစ်အားလဲခိုင်းရသည်။ ပရိုးဗစ်သည် မည်မျှပင် အဝတ်အစားများ ပြောင်းလဲ ဝတ်ဆင်ထားသော်လည်း ထူးထူးခြားခြား ရုပ်ပြောင်းသွားခြင်း မရှိပါ။ သူ့ကို ရုပ်ပြောင်းရုပ်လွှဲလုပ်၍ မဖြစ်နိုင်သည့် အရာတစ်ခုသည် သူ့ရုပ်လက္ခဏာတွင် ရှိနေသည် ဟု ကျွန်တော် ထင်မိပါသည်။ လယ်သမားဝတ်စုံကို စနစ်တကျ ဝတ်ဆင်ပေးထားသော်လည်း စိမ့်မြေတောဘက်တုန်းက မြင်ခဲ့ရသည့် ရုပ်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်တော့်မျက်စိထဲတွင် မူ သူ့မျက်နှာ အနေအထား သူ့အပြုအမူများသည်

လုံးဝအပြောင်းအလဲ မရှိပါ။ ဤကြားထဲမှပင် သူ၏ ခြေထောက်တစ်ဖက်သည် ယခုအချိန်အထိ သံခြေချင်းကြီးတစ်ခု ခတ်ထားခြင်း ခံရသည့် နှယ် တရွတ်ဆွဲလျက် ရှိနေရာ ခြေဖျားမှ ခေါင်းဖျားအထိ ထောင်သားတစ်ယောက်ပါဟု ဖော်ပြနေသလို ဖြစ်လျက်ရှိသည်။ အထီးကျန်နိုင်လွန်းလှသည့် တဲတစ်လုံးနှင့် တစ်ယောက်တည်း နေခဲ့ရခြင်းသည် သူ့အပြောအဆို အပြုအမူနှင့် အနေအထိုင်များကို ရိုင်းစိုင်းသွားစေခဲ့သည် ဖြစ်ရာ မည်သည့် အဝတ်အစားကမျှ သူ့ကို ယဉ်ကျေးသိမ်မွေ့သွားအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။ ဤအခြေအနေမျိုးနှင့် ကြုံခဲ့သည့် အထဲတွင် သူ့ဘဝသည် လူအများ နှင့် ရောနှောဆက်ဆံခြင်း မပြုနိုင်ဘဲ အမြဲတစေ ပုန်းအောင်နေသည့် ဘဝတစ်ခုဖြစ်လေရာ အဘယ်မှာလျှင် သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲသွားအောင် လုပ်နိုင်စွမ်း ရှိပါတော့မည်နည်း။ တကယ်တော့ သူသည် လပေါင်းနှစ်ပေါင်းများစွာပင် ထိုင်လိုက်ထလိုက် စားလိုက်သောက်လိုက် တွေးလိုက်ငေးလိုက်ဖြင့် အချိန်ကုန်ခဲ့ရသူ ဖြစ်၏။ အများအားဖြင့် သူ့ကိုယ်နှင့် မကွာ ဆောင်ထားသည့် မောင်းချခားကြီးကို ထုတ်လိုက်၊ ခြေသလုံးပေါ်တင်၍ ခတ်လိုက်၊ ပေါင်မုန့်နှင့် အသားများကို လှီးလိုက်၊ အရက်ခွက်ကို မော့လိုက် စသော အလုပ်များ၌သာ အချိန်များများ ကျင်လည်ကျက်စားခဲ့ရသူ ဖြစ်လေရာ အဘယ်မှာလျှင် အခြားအရာများ အပေါ်၌ စိတ်ဝင်တစား ရှိနိုင်ပါတော့ မည်နည်း။

တစ်ညနေခင်းတွင် သူသည် ပက်လက်ကုလားထိုင်ပေါ်၌ အိမ်မောကျလျက် ရှိ၏။ သူ၏ လက်နှစ်ဖက်သည် ကုလားထိုင်လက်တင်များကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သူ့ရင်ဘတ်ပေါ်သို့ မေးတင်လျက်ရှိသော သူ့ခေါင်း ထိပ်ပြောင်ကြီးသည် အကြောများဖြင့် ပြိုင်းပြိုင်းထလျက် ရှိလေသည်။ ကျွန်တော်သည် သူ့ရှေ့မှ ထိုင်၍ သူ့အား စိတ်ဝင်တစား ကြည့်နေမိပါသည်။ သူ ဘာတွေများ လုပ်ခဲ့ပါလိမ့်။ ဘယ်လို ရာဇဝတ်မှုမျိုးကို ကျူးလွန်ခဲ့ပါလိမ့်.. စသည် စသည်ဖြင့် တွေးနေမိပါသည်။ အမှန်တော့ ဤလူကြီးသည် ကျွန်တော့်အပေါ်၌ များစွာ ကျေးဇူးပြုခဲ့သူ ဖြစ်သည်။ ကျွန်တော့်ကို တွေ့ချင်မြင်ချင်လွန်း၍ အသက်စွန့်ပြီး ရောက်လာခဲ့သူ ဖြစ်၏။ သို့ပါသော်လည်း ကြမ်းတမ်းရိုင်းစိုင်းလွန်းလှ၏။ သူ့ရုပ်ရည်၊ သူ့အပြုအမူနှင့် အနေအထိုင်များကို ကြည့်ပြီး မစက်ဆုပ်မရွံ့ရှာဘဲ မနေနိုင်ပါ။ နာရီပိုင်းနှင့် အမျှဆိုသလို စက်ဆုပ်ရွံ့ရှာသောစိတ် ဖြစ်မိ၏။ တစ်ကြိမ်တွင် မူ ညအချိန်မတော် အိပ်ရာမှ ထကာ ညံ့ပေ ဆိုသည့် အဝတ်ဟောင်းများကို လဲလိုက်မိသည်။ ကျွန်တော်ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးနှင့် ထိုလူကြီးကို ထားခဲ့ကာ ဝေး ရာသို့ ထွက်သွားရန်ဟူသော ရည်ရွယ်ချက်နှင့် လုပ်မိခြင်း ဖြစ်သည်။

ကျွန်တော့်အနေဖြင့် အိန္ဒိယနိုင်ငံဘက်သို့ ပို့မည့် စစ်တပ်ထဲသို့ သာမန်ရဲဘော်တစ်ယောက်အဖြစ် ဝင်ရောက်အမှုထမ်းမည်ဟုပင် စိတ်ကူးမိ၏။ မည်သို့ပင်ဖြစ်စေ ဟားဘတ်တစ်ယောက် ပြန်လာလိမ့်မည် ဟူသော မျှော်လင့်ချက်ကလေးတစ်ခု ရှိနေသဖြင့်သာ စိတ်သွားတိုင်း ကိုယ်မပါခဲ့ခြင်း

ဖြစ်လေသည်။

အဆက်မပြတ် တိုက်ခတ်လျက်ရှိသော လေသံနှင့် မရပ်မနား ရွာချလျက်ရှိသော မိုးသံများကို နားထောင်ကာ ဤလူကြီးကို အဖော်လုပ်၍ အထီးကျန်နိုင်လွန်းလှသော ဤအခန်းများ ထဲ၌ နေရသည် များမှာ သရဲ တစ်ကောင်နှင့် နေရသည်ထက် ပို၍ ဆိုးရွားပြီး ပို၍ ကြောက်စရာ ကောင်းသည် ဟု ထင်မိသည်။ နေ့တာများ နှင့် ညတာများသည် ရှည် လျားလှပါဘိသည်။ ကျွန်တော့်ဦးသည် ကြီးသည် အိပ်၍ မပျော်သည့် အခါများတွင် တစ်ယောက်တည်း ဖဲကစားနေတတ်၏။ သူ့ဖဲကစားနည်းမှာ ကျွန်တော် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသည့် ကစားနည်းမျိုး ဖြစ်၍ သူနိုင်သည့် အလှည့်များတွင် သူ့မောင်းချခားကြီးဖြင့် စားပွဲခြေထောက်ကို ထစ်၍ မှတ်သားလေ့ ရှိသည်။ ဖဲလည်း မကစား အိပ်လည်း အိပ်သည့် အခါများတွင် မူ "နိုင်ငံခြားစာအုပ်တွေ ဖတ်ပြပါဦး လူကလေးရယ်" ဟု ခိုင်းတတ်လေသည်။ သူခိုင်းသည့် အတိုင်း ဖတ်ပြသည့် အခါများတွင်လည်း မီးလှုံရင်းနှင့် စကားတစ်လုံးမှ မပြောဘဲ အလွန်အားရကျေနပ်သော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်ကာ နားထောင်နေတတ်သည်။ သူ လိမ္မာအောင် သင်ကြားပေးထားသည့်တိရစ္ဆာန်တစ်ကောင်၊ သူခိုင်းသည့် အတိုင်း လုပ်တတ်ကိုင်တတ်နေ သဖြင့် ပီတိဖြစ်နေသည့် ပုံမျိုး ဖြစ်ရာ ကျွန်တော့်မှာ သူ့ကိုကြည့်ပြီး စိတ် ရောကိုယ်ပါ ဆင်းရဲခြင်း ဖြစ်ရ၏။

ဟားဘတ်ပြန်ရောက်အလာကို စောင့်မျှော်ရသည်မှာ တစ်နှစ်လောက် ကြာမည်ဟု ထင်ပါသည်။ အမှန်အားဖြင့် ငါးရက်မျှသာ ကြာ၏။ အချိန်ရှိသမျှ ဟားဘတ်ပြန်အလာကို မျှော်နေမိသော ကျွန်တော်သည် မိုးစုပ်စုပ်ချုပ်၍ မှောင်မိုက်သွားသည့် အခါများတွင် မူ ပရိုးဗစ်အား လေကောင်းလေသန့်ရှူရန် အပြင်သို့ ခဏတစ်ဖြုတ် ခေါ်ထုတ်သွားသည် မှ တစ်ပါး တခြား အချိန်များတွင် အပြင်သို့ မထွက်ဝံ့ပါ။ တစ်ညတွင် မူ ကျွန်တော်သည် ညစာစားပြီးစ ကိုယ်ရောစိတ်ပါ နွမ်းနယ်လှသည် နှင့် နားနေခိုက်၊ လှေကားမှ ကျွန်တော့်ကို ကောင်းစွာကျက်မိသော ခြေသံများကို ကြားရပါသည်။ ဝမ်းသာအားရနှင့် ကသောကမျော ထလာမိသော ကျွန်တော်၏ လှုပ်ရှားမှုကြောင့် အိမ်မောကျနေသော ပရိုးဗစ်သည် အိပ်ရာမှ လန့်နိုးလာသည်။ ချက်ချင်းလိုလိုပင် သူ့လက်ထဲမှ မောင်းချခားကြီးသည် မီးရောင်အောက်တွင် လက်ခနဲ ဖြစ်သွားသည် ကို မြင် လိုက်ရပါသည်။

"ငြိမ်ငြိမ်နေပါ၊ ကျွန်တော့်သူငယ်ချင်း ဟားဘတ်ပါ" ဟု ကျွန်တော် က လှမ်းပြောပါသည်။ မိုင်ခြောက်ရာဝေးသော ပြင်သစ်နိုင်ငံမှ ပြန်လာ ခဲ့ရသည့် ဟားဘတ်သည် အလွန်ပင်ပန်းနွမ်းနယ်စွာဖြင့် အခန်းတွင်းသို့ ဝင်လာသည်။

"ဘယ်လိုလဲ သူငယ်ချင်း ဟန်ဒယ်လ်၊ နေကောင်းရဲ့လား၊ ကျွန်တော် သွားနေတာ ဆယ့်နှစ်လလောက် ကြာပြီလို့ များ မထင်မိဘူးလား၊ ဘယ်လိုဖြစ်တာလဲ၊ ပိန်လှချည်ကလား၊ ဒီမယ် ဟန်ဒယ်လ်,... ကျွန်တော်..”

သူသည် ကျွန်တော့်လက်ကို ဆွဲခါရင်းပါးစပ်မှ တတွတ်တွတ် ပြော နေရာမှ ပရိုးဗစ်ကို မြင်လိုက်သောအခါ တုံ့ခနဲ ဖြစ်သွားသည်။ ပရိုးဗစ် ကလည်း ဟားဘတ်ကို မျက်ခြည်မပြတ် ကြည့်နေရာမှ သူ့မောင်းချခားကြီးကို ပြန်ပိတ်ကာ အိတ်ကပ်ထဲသို့ ထည့်လိုက်ပြီး အခြားအိတ်ကပ်ထဲမှ ပစ္စည်းတစ်ခုကို ဆွဲထုတ် လိုက်လေသည်။

"သူငယ်ချင်းဟားဘတ်" ကျွန်တော်က တံခါးများကို လုံအောင်ပိတ် လိုက်ပြီး ယခုအချိန်အထိ အံ့အားသင့်ကာ ငေးကြည့်နေသော ဟားဘတ်အား ခေါ်လိုက်သည်။ "အလွန်ထူးဆန်းတဲ့ အဖြစ်တစ်ခုတော့ ရှိနေတယ်။ ဒီဟာက... ကျွန်တော် ဧည့်သည်ပဲ"

"ကိစ္စမရှိဘူး လူကလေး" ဟု ပရိုးဗစ်က ရှေ့တိုး လာပြီး ပြောသည်။ သူ့လက်ထဲတွင် မူ အနက်ရောင်သမ္မာကျမ်းစာအုပ်ကို ကိုင်ထားသည်၊ ထို့နောက် ဟားဘတ်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး "ဒီစာအုပ်ကို မင်းရဲ့ ညာလက်နဲ့ ကိုင်ထား၊ ဒီမှာ ငါရှိနေကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူး၊ ပြောမိခဲ့ရင် သေပါစေသားလို့ ကျိန်" ဟု ခိုင်းသည်။

"သူခိုင်းတဲ့ အတိုင်းသာ လုပ်လိုက်ပါ ဟားဘတ်ရယ်" ဟု ကျွန်တော် က လှမ်းပြောလိုက်သည်။ ထိုအခါ ဟားဘတ်သည် အံ့အားသင့်နေသည့် မျက်နှာထားဖြင့် တစ်ချက်မျှ ကြည့်လိုက်ပြီး ကျွန်တော်ခိုင်းသည့် အတိုင်း ကျမ်းကျိန်သည်။ ပရိုးဗစ်သည် အလွန်ကျေနပ်သွားဟန်ဖြင့် ဟားဘတ် လက်ကိုဆွဲ၍ နှုတ်ဆက်ကာ "ကဲ အခု မင်းကျမ်းကျိန်ပြီးသွားပြီ၊ မင်း ဘာမှ မဖြစ်အောင် ငါ့ကိုလည်း အားမကိုးနဲ့။ တကယ်လို့ မင်းသစ္စာမရှိလို့ တစ်ခုခု ဖြစ်သွားရင်လည်း ပစ်ပ်ကို အပြစ်မတင်နဲ့" ဟု ပြော လိုက်လေ၏။

******

ဟားဘတ်၊ ကျွန်တော်နှင့် ပရိုးဗစ်တို့ မီးဖိုရှေ့၌ ထိုင်မိကြ၍ ကျွန်တော်က အကြောင်းစုံကို ပြောပြလိုက်သည့် အခါ ဟားဘတ်မှာ အကြီး အကျယ် အံ့အားသင့်လျက် ရှိ၏။ ကျွန်တော် ခံစားခဲ့ရသည့် အတိုင်း ခံစားနေရကြောင်းကို သူ့မျက်နှာထားက ဖော်ပြလျက် ရှိလေသည်။ သို့သော်လည်း ကျွန်တော့်အတွက် များစွာ ကြိုးပမ်းအားထုတ်ခဲ့ရသော လူကြီးအပေါ်၌ ကျွန်တော် စက်ဆုပ်ရွံရှာနေသလို ရွံရှာသည့် သဘောကား ရှိပုံမရချေ။

အကယ်၍ ဤလူကြီးနှင့် ကျွန်တော်တို့ အကြားတွင် တစ်ဦးနှင့် တစ်ဦး တူညီနိုင်သော အခြားအခြေအနေများ မရှိသည့် တိုင်အောင် သူနှင့် ကျွန်တော့်ကြားတွင် သူ့ဘက်က တစ်ပန်းသာနေသည့် ခြားနားမှုတစ်ခု ကတော့ တည်ရှိနေခဲ့ခြင်း ဖြစ်၏။ ယင်းမှာ အခြားမဟုတ်။ ကျွန်တော့် ဇာတ်လမ်းတွင် သူ့ဘက်က ကြီးမားသော အောင်မြင်မှုကို ရရှိနေခြင်းပင် ဖြစ်သည်။ ကျွန်တော်က ဟားဘတ်အား အကြောင်းစုံ ရှင်းလင်းပြောပြ၍ ဇာတ်လမ်းဆုံးသွားသည် နှင့် တစ်ပြိုင်နက် လူကြီး ကိုယ်တိုင်က သူ၏ 'အောက်တန်းကျမှု' ကို ဟားဘတ်အား ထုတ်ဖော် ဝန်ခံနေခြင်းကြောင့် ပေတည်း။ မည်သို့ပင်ဖြစ်စေ ဟားဘတ်အနေဖြင့် အမွေရမည့် ပစ္စည်းဥစ္စာများ အတွက် ကျွန်တော် မည်မျှလောက်အထိ စိတ်ဆင်းရဲနေရသည် ကိုမူ နားလည်သဘောပေါက်ပုံ မရပေ။ ကျွန်တော့်အား လူကြီးလူကောင်းတစ်ယောက် ဖြစ်အောင် သူ လုပ်ကိုင်ပေးခဲ့ပုံ၊ ကျွန်တော့်အား တွေ့ချင်လွန်း၍ အသက်စွန့်၍ လာခဲ့ရပုံနှင့် ကျွန်တော် သုံးချင်သလို သုံးပြီး ဖြုန်းချင်သလို ဖြုန်းဖို့ သူ့တွင် ရှိသမျှ ပစ္စည်းများကို ထပ်၍ ပေးဦးမည် စသော စကားများကို လူကြီးထံမှ ကြားလိုက်ရသည့် အခါ ဟားဘတ်သည် ကျွန်တော့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာ၏။ ဤအဖြစ်မှာ ကျွန်တော်တို့ နှစ်ယောက်စလုံး ဂုဏ်ယူထိုက်သည့် အဖြစ်ဟုလည်း ယူဆပုံ ပေါ်လေသည်။

"ဒီမှာ ကွဲ့၊ ပစ်ပ် သူငယ်ချင်းရဲ့" ဟု ပရိုးဗစ်က ဟားဘတ်အား လှမ်းပြောသည်။ "ငါ ဒီကိုရောက်ပြီး မကြာခင်မှာပင် အောက်တန်းကျတဲ့ စိတ်ကို ဖော်ပြမိခဲ့တယ်။ ငါ ဘယ်လောက် အောက်တန်းကျတယ်ဆို တာလည်း ပစ်ကို ဝန်ခံပြီးပါပြီ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကတော့ စိတ်မ ဆိုးကြပါနဲ့ ကွာ"

"စိတ်မဆိုးပါဘူး" ဟု ဟားဘတ်က အလိုက်သင့် ပြန်ပြောသည်။ သို့သော်လည်း သူကြားလိုက်ရသည့် ကျွန်တော့်အဖြစ်အတွက် ဘဝင်ကျပုံ မရ။ ယခုအချိန်အထိ စိတ်ရှုပ်ထွေးနေပုံ ရသည်။ ပရိုးဗစ်အား သူ့အတွက် ငှားထားသည့် အက်ဆက်လမ်းမှ အခန်းသို့ မည်သည့် အချိန်တွင် ပို့သင့်သည် ကို ကျွန်တော်နှင့် ဟားဘတ်တို့ တိုင်ပင်ကြသည်။ ကျွန်တော်တို့ နှစ်ယောက် ခေါင်းချင်းဆိုင်၍ ထိုင်နေကြသည် ကို မြင်နေသော လူကြီးသည် မနာလိုမရှုဆိတ်ဖြစ်ကာ ဝန်တိုလျက် ရှိသည်။ သူသည် ထိုင်နေရာမှ ရုတ်တရက် ထမသွားဘဲ အတော်ညဉ့်နက်သည် အထိ ပေ၍ ထိုင်ကာ ကျွန်တော်တို့အား ကြည့်ကွက် ကြည့်ကွက် လုပ်လျက်ရှိသည်။

ညသန်းခေါင်တွင် ကျွန်တော်က သူ့အား အက်ဆက်လမ်းရှိ သူ့ အခန်းသို့ လိုက်ပို့သည်။ လမ်းတစ်လျှောက်လုံး ရှေ့နောက် ဝဲယာကို အထူးသတိထား၍ ကြည့်သွားသည်။ မသင်္ကာဖွယ်ရာကောင်းသည့် လူစလူနကို မမြင်ရပါ။ ပရိုးဗစ်ကို အခန်းထဲ၌ ထားခဲ့ပြီး တံခါးကို ပိတ်လိုက်ကာမှပင် ကျွန်တော့်မှာ စိတ်နှလုံး တုံးတုံးချနိုင်ပါတော့သည်။ သူရောက်လာသည့် မှ စ၍ အဆမတန်လေး၍ နေခဲ့သော ကျွန်တော်ရင်သည် အခုမှပင် ပေါ့သွားရလေသည်။

ကျွန်တော့်ညှော့်သည် ရောက်လာသောညက လှေကားအဆင်းတွင် လူချင်းဝင်တိုက်ခဲ့မိသည့် လူကိုမူ ကျွန်တော် မေ့၍ မရပါ။ ထိုလူအကြောင်းကို သတိရလိုက်တိုင်း ကျွန်တော့်ရင်သည် လှုပ်ရှားရ၏။ တကယ်တော့ လန်ဒန်ကို မြို့ကြီးတစ်မြို့တွင် တစ်စုံတစ်ယောက် သောသူက တစ်နေရာရာမှ ချောင်း၍ စောင့်ကြည့်နေမည်ဆိုပါက အလွန်လွယ်ကူသော အလုပ်တစ်ခု ဖြစ်ပေသည်။ စောင့်ကြည့်ခြင်း ခံရသူကာယကံရှင်အနေဖြင့် အဘယ်မှာ လျှင် သိနိုင်ပါမည်နည်း။ ထို့ကြောင့်လည်း ကျွန်တော့်အနေဖြင့် သွားသတိ လာသတိ နေရုံမှ တစ်ပါး အခြား ဘာမှ မတတ်နိုင်ပါ။ ကျွန်တော့်လှုပ်ရှားမှု ဟူသမျှကို အမြဲတစေ စောင့်ကြည့်နေသည် ဟူသော အစွဲကတော့ ချွတ်၍ မရအောင်ပင် စွဲနေ ခဲ့လေပြီ။ ပရိုးဗစ်ကို ပို့ပြီး အပြန်တွင် လမ်းပေါ်၌ လူရိပ်လူခြည် မမြင်ရ။ တင်းပဲလ်ရိပ်သာ၏ ဂိတ်အဝင်ဝတွင်လည်း ကျွန်တော်နှင့် အတူတွဲ၍ ဝင်သူဟူ၍ တစ်ဦးတလေဟူ၍ပင် မတွေ့ရ။ ရေပန်းကြီး ရှိသောနေရာ ကို ဖြတ်လာသည့် အခါ ကျွန်တော်သည် ပရိုးဗစ်၏ အခန်းဆီသို့ တစ်ချက်မျှ ပြန်ကြည့်လိုက်သည်။ သူ့အခန်း နောက်ဖေးပြတင်းမှ လင်းနေသော မီးရောင်ကို မြင်ရ၏။ ကျွန်တော်နေထိုင်ရာ အဆောက်အအုံရှေ့အရောက်တွင် ချက်ချင်းမဝင်သေးဘဲ အဝင်တံခါးဝ၌ အတန်ကြာမျှ ရပ်ကာ ဘေးဘီသို့ ကြည့်နေမိပါသေးသည်။ ဂါးဒင်းကုတ်မှာ လူရိပ်လူခြည် ကင်းမဲ့ကာ ငြိမ်တိတ်လျက် ရှိသည်။ ကျွန်တော် လှေခါးမှ တက်သွားသည့် အခါ ကျွန်တော့်ခြေသံများမှ တစ်ပါး အခြား ဘာသံမှ မကြားရပါ။ ဂါးဒင်းကုတ်ဘက်ရှိ ပရိုးဗစ်၏ အခန်းဆီသို့ တစ်ချက်မျှပြန်၍ မျှော်ကြည့်လိုက်မိပါသည်။ ဂါးဒင်းကုတ်အဆောက်အအုံမှာ တိတ်ဆိတ်လျက် ရှိလေသည်။ ကျွန်တော့်အခန်းထဲသို့ ဝင်သွားသည့် အခါ ဟားဘတ်က ကျွန်တော့်တစ်ကိုယ်လုံး သိမ်းကျုံး၍ ဖက်ကာ ကြိုပါသည်။ သူ့အပြုအမူကြောင့် ကျွန်တော့်မှာ များစွာ အားတက်ရပါ၏။ မိတ်ဆွေ ကောင်းတစ်ယောက် ရှိခြင်းကြောင့် ချမ်းသာသုခကို ကျွန်တော် အပြည့်အဝ ခံစားရပါသည်။ သူသည် ကျွန်တော် စိတ်ဆင်းရဲနေမှန်း သိသဖြင့် အားပေးစကား ပြောရှာသည်။ ကျွန်တော်တို့သည် နှစ်ယောက်အတူထိုင်၍ ပြဿနာကို စဉ်းစားကြသည်။ ဤကိစ္စကို ဘယ်လိုဆက်၍ လုပ်ကြ ရပါမည်နည်း။

ပရိုးဗစ် အမြဲထိုင်နေကျ ကုလားထိုင်သည် သူ့နေရာ၌ပင် ရှိသည်။ ဟားဘတ်ကား အမှုမဲ့အမှတ်မဲ့နှင့် ထိုကုလားထိုင်တွင် ဝင်ထိုင်သည်။ သို့သော်လည်း

နောက်တစ်ခဏအတွင်းမှာပင် ဖျတ်ခနဲ ထရပ်လိုက်ပြီး ကုလားထိုင်ကို ဘေးသို့တွန်းဖယ်လိုက်ကာ နောက်တစ်လုံးတွင် ဝင်ထိုင်သည်။ ကျွန်တော့်ညှော်သည် ထိုင်သွားသည့် ကုလားထိုင်မို့ သူ မထိုင်ချင် ဟူသော စကားကိုတော့ မပြော။ မပြောပေမယ့်လည်း ထိုသဘောရှိနေကြောင်း ကျွန်တော် သိနေသည်။ တကယ်တော့ ကျွန်တော့ ်တွင်လည်း ထိုသဘောရှိနေသည် မဟုတ်ပါလား။

"ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ" ဟု ကျွန်တော်က ဟားဘတ်ကို မေးပါသည်။

"ကျွန်တော်ဖြင့် ခင်ဗျားကိစ္စ စဉ်းစားရတာ ခေါင်းကို နောက်နေတာပဲ" ဟု ဟားဘတ်က ပြန်ပြောသည်။

"ကျွန်တော်လည်း ခင်ဗျားလိုပါပဲ ဟားဘတ်ရယ်၊ အဖြစ်မှန်ကို သိတဲ့နေ့ကစပြီး ကနေ့အထိ ခေါင်းကို ရှုပ်နေတာပဲ၊ တစ်ခုခုတော့ လုပ်မှ ဖြစ်မှာ၊ သူကလည်း မြင်းတွေဝယ်ဖို့၊ မြင်းရထားတွေ ဝယ်ဖို့ ငွေတွေ ထပ်ပေးတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ.. သူ့ကိုတော့ မတားလို့ မဖြစ်ဘူး"

"သူပေးတာကို ခင်ဗျားက လက်မခံနိုင်တော့ဘူးလို့ ဆိုလိုတာလား"

"ကျွန်တော် ဘယ်လိုလုပ်ပြီး လက်ခံနိုင်မလဲဗျာ" ကျွန်တော်က ပြန်ပြောသည်။ "သူ့အကြောင်းကို ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး။ သူ့ရုပ်ရည်ကိုလည်း ခင်ဗျား မြင်နေသား မဟုတ်လား"

နှစ်ယောက်စလုံး ငြိမ်ဆိတ်နေမိကြသည်။

"ကျွန်တော်ကြောက်တာက ကျွန်တော့်အပေါ် သံယောဇဉ်ရှိနေပုံ ရတယ် ဟားဘတ်။ အတော်ကြီးကို ရှိနေပုံ ရတယ်။ ဒါဆိုရင်တော့ ဒုက္ခပဲ၊ ဒီလိုကံကြမ္မာမျိုး ကျွန်တော်ဖြင့် မတွေ့ဖူးပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ် ဟန်ဒယ်လ်ရာ၊ ကျွန်တော်လည်း စိတ်မကောင်းပါဘူး"

"အဲဒီတော့ ဘာပဲဖြစ်ဖြစ် သူ့ဆီက နောက်ထပ်ပဲနိတစ်ပြားတောင် မယူချင်တော့ဘူးဗျာ၊ အခုကိုပဲ သူ့ဆီက ငွေအတော်များများ ယူမိထားခဲ့ပြီ။ ကျွန်တော်တင်နေတဲ့ သူ့အကြွေးဟာ အများကြီး ဖြစ်နေပြီ။ ကျွန်တော့်ဘဝမှာ ရှေ့လျှောက်ပြီး ဘာမျှော်လင့်ချက်မှလည်း ရှိတော့မှာ မဟုတ်ဘူး။ သူ့အကြွေးတွေကလည်း မနည်းတော့ဘူး။ ကျွန်တော်ဟာ လုံးဝသုံးမရတဲ့ ဘဝမျိုး ရောက်နေပါပြီ"

"ဟာဗျာ... လုံးဝ အသုံးမကျဘူးဆိုတဲ့ စကားမျိုးတော့ မပြောပါနဲ့ ဟန်ဒယ်လ်"

"ကျွန်တော့်ဘဝဟာ ဘာများ အသုံးကျဦးတော့မှာလဲ၊ ကျွန်တော်နဲ့ထိုက်တန်တဲ့ အလုပ်ဆိုလို့ စစ်တပ်ထဲဝင်ဖို့ပဲ ရှိတော့တယ်။ စစ်ထဲဝင်ပြီး ဝေးရာဒေသကို လွင့်သွားဖို့ ကလွဲပြီး တခြား ဘာမှ လုပ်စရာ မရှိတော့ဘူး။ အခုလောလောဆယ် ကျွန်တော့်အနေနဲ့ ခင်ဗျားဆီက ခင်မင်မှုနဲ့

အကြံဉာဏ်တောင်းရဖို့ ကလွဲပြီး တခြား ဘာမှ မျှော်လင့်စရာ မရှိတော့ပါဘူး"

ကျွန်တော့်စိတ်ထဲမှာ ဆောက်တည်ရာ မရနိုင်လောက်အောင်ပင် ကျသွားခဲ့ပြီ ဖြစ်၏။ ဟားဘတ်က ကျွန်တော့်လက်မောင်းကို လှမ်း၍ ဆုပ်ကိုင်ထားသည်။

"အဲသလိုလည်း မဟုတ်သေးဘူး ဟန်ဒယ်လ်၊ စစ်ထဲဝင်သွားရုံနဲ့ ခင်ဗျား ပြဿနာက ရှင်းသွားမယ် မထင်ဘူး။ ဆိုကြပါစို့၊ ခင်ဗျားအနေနဲ့ ဒီ လူကြီးရဲ့ ကျေးဇူးပြုမှုတွေကို လက်မခံတော့ဘူးဆိုရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့ဆီက ရယူထားပြီးသား အကူအညီတွေကို ပြန်ဆပ်ရမယ် ဆိုတဲ့ ရည်မှန်းချက်ဟာ ခင်ဗျားစိတ်ထဲမှာ ရှိမယ်လို့ ကျွန်တော် ထင်တယ်လေ။ ဒါ ဆိုရင်တော့ စစ်ထဲဝင်လာတာဟာ အလကား နေမှာပဲ၊ စစ်ထဲဝင်ရုံနဲ့ ခင်ဗျားရည်မှန်းချက်ကို အကောင်အထည်ဖော်လို့ ရမှာ မဟုတ်တော့ဘူး။ အဲဒီတော့ အကောင်းဆုံးနည်းက ကလာရီကာရဲ့ လုပ်ငန်းမှာ သင့်ရာအလုပ်တစ်ခု ဝင်လုပ်ရင် ကောင်းမယ်လို့ ထင်တယ်။ လစာတော့ နည်းချင် နည်းမယ်ပေါ့ဗျာ၊ ဒါပေမဲ့ သူ့လုပ်ငန်းက ကျွန်တော်နဲ့ စပ်တူလုပ်နေတယ်ဆိုတာ ခင်ဗျားလည်း သိသားပဲ"

သူ မည်သူ့ငွေနှင့် စပ်တူလုပ်နေသည် ဟူသော အချက်ကိုမူ ယခုအချိန်အထိ သူ မသိသေးပေ။

"ပြီးတော့ နောက်တစ်ချက် ရှိသေးတယ်" ဟု ဟားဘတ်က ဆက်ပြောသည်။ "ခင်ဗျား ကျေးဇူးရှင်ဆိုတဲ့ လူကြီးက ဘာမှ မသိနားမလည်တဲ့ လူကြီး။ သူ့ဘဝက လမ်းဆုံးသလို ဖြစ်နေတာ။ သူ့မှာ နှစ်ပေါင်းများစွာကတည်း မျှော်လင့်တောင့်တနေခဲ့တဲ့ စိတ်ကူးဆိုလို့ တစ်ခုတည်း ရှိတဲ့ လူ။ သူ့ကြည့်ရတာ (ကျွန်တော် အကဲဖြတ်တာ မှန်မယ်ဆိုရင် ပေါ့လေ) မျှော်လင့်ချက်ကင်းမဲ့နေတဲ့ လူတစ်ယောက်ပဲ၊ သူ ထင်မိရင် ဖြစ်ချင်ရာဖြစ် တစ်ဇွတ်ထိုး တဇောက်ကန်းလုပ်မယ့် လူစားမျိုး ဖြစ်ဖို့ က များတယ်၊ ထိန်းလို့ သိမ်းလို့ လွယ်မယ်မထင်ဘူး"

"ကျွန်တော် သူ့အကြောင်း ကောင်းကောင်း သိပါတယ်။ ခင်ဗျားပြောတာ မလွဲပါဘူး။ လုံလောက်တဲ့ သက်သေသာဓကတစ်ခု ကျွန်တော် ပြောပြမယ်" ကျွန်တော်က စိမ့်မြေတောများ ဘက်၌ တခြားထောင်သား တစ်ဦးအား အသေအကြေ လုပ်ခဲ့ပုံကို ပြန်ပြောင်းပြောပြပါသည်။

"ဟုတ်တာပေါ့၊ အဲဒါပဲ ကြည့်ပေါ့။ သူ အခု ဒီကိုရောက်လာတာဟာ အသက်စွန့်ပြီး ရောက်လာတာ၊ သူ ရည်မှန်းထားတဲ့ စိတ်ကူးတစ်ခုကို အကြောင်းပြုပြီး ရောက်လာတာပဲ၊ သူရည်မှန်းထားသမျှကို တန်ဖိုးမရှိ အောင် ပျက်စီးသွားအောင်၊ ခင်ဗျား သွားလုပ်လို့ ဖြစ်မတဲ့လား။ သူရပ်နေတဲ့ ခြေထောက်တွေအောက်က မြေကြီးကို ပြိုဆင်းသွားအောင် လုပ်သလို ဖြစ်သွားမှာပဲ၊ အဲဒါမျိုးဖြစ်လာလို့ သူ စိတ်ထိခိုက်သွားရင် သူ့အနေနဲ့ လုပ်မိလုပ်ရာ တစ်ခုခု ထလုပ်လိုက်မှာ ကို ခင်ဗျားမမြင်မိဘူးလား”

"ကျွန်တော် မြင်ပါတယ် ဟားဘတ်။ သူရောက်လာတဲ့ ညကတည်း က ဒီအချက်ကို စိတ်ကူးနဲ့ ပြင်ထားပြီးသားပါ။ ကျွန်တော် တွေးမိထား သလောက်ဆိုရင် သူ မျှော်လင့်ထားသလို ဖြစ်မလာတဲ့ တစ်နေ့မှာ သူ့ကိုယ်သူ အဖမ်းခံချင် ခံမယ့်လူတစ်ယောက်ဆိုတာ ကျွန်တော် နားလည် ထားပါတယ်"

"ဒီလို နားလည်ထားရင်တော့ ဒီတစ်ချက်ကို ခင်ဗျား ထောက်ထားမှ ဖြစ်မှာပေ့ါ။ သူ အဲသလိုလုပ်လိုက်ရင် သူ ရင်ဆိုင်ရမယ့် ဘေးအန္တရာယ် ဟာ မသေးဘူး ဟန်ဒယ်လ်၊ သူ အင်္ဂလန်မှာ နေသမျှကာလပတ်လုံး ဒီ အချက်ဟာ ခင်ဗျားအတွက် အကြီးဆုံး အဟန့်အတားတစ်ခုပဲ၊ တကယ် လို့ ခင်ဗျားက သူ့ကို စွန့်ခွာပြေးရင်လည်း သူကတော့ ဒီလမ်းကို လိုက်မှာ သေချာတယ်"

ဤအချက်မှာ အစကတည်းက တွေးခဲ့ပြီးသော အချက် ဖြစ်၏။ ဤ အတွေးကြောင့် ကျွန်တော့်မှာ များစွာ တုန်လှုပ်ခဲ့ရ၏။ ယခု ဟားဘတ် ပြောလိုက်သောအခါ တိုး၍ တုန်လှုပ် ရပြန်လေသည်။ ထိုအတိုင်းသာ ဖြစ်သွားပါမူ ကျွန်တော်သည် သူ့ကို သတ်သော လူသတ်သမားဘဝသို့ ရောက်ရ ပေတော့မည်။ ဤအတွေး ဝင်လာသောအခါ ကျွန်တော်သည် ကုလားထိုင်တွင် ငြိမ်ငြိမ် ထိုင်မနေနိုင်တော့ပါ။ ကုလားထိုင်မှ ထကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ မိသည်။ အကယ်၍ ပရိုဗစ်အား ကျွန်တော့်ပယောဂ လုံးဝမပါဘဲ ဖမ်းဆီးသွားသည့် တိုင်အောင် ကျွန်တော်ကတော့ ကျွန်တော့်အပြစ် မကင်းဟုပင် ယူဆမိလိမ့်မည်ဖြစ်ကြောင်း ဟားဘတ်အား ပြောပြမိပါသည်။

ကျွန်တော်တို့ ဘာလုပ်ရပါမည်နည်း။

"ပထမဆုံး အဓိကထားပြီး လုပ်ရမယ့်အလုပ်က တခြား မဟုတ်ဘူး ဟု ဟားဘတ်က ပြောသည်။ "သူ့ကို အင်္ဂလန်နိုင်ငံရဲ့ အပြင်ဘက် ရောက်အောင် ထုတ်သွားဖို့ပဲ၊ ခင်ဗျားလည်း သူနဲ့ အတူ လိုက်သွားဖို့ လို လိမ့်မယ်။ ဒါမှ သူ့ကို နားချလို့ ရမှာ '

"ကျွန်တော်က သင့်တဲ့ နေရာ ခေါ်ထုတ်သွားဖို့ ကျတော့ကော နားချ လို့ မှ ရပါ့မလား မသိဘူး"

"ဒီလို တွေးနေလို့တော့ ဘယ်ဖြစ်မလဲ ဟန်ဒယ်လ်၊ ဟိုဘက်လမ်း ထဲမှာ ရှိနေတဲ့ နယူးဂိတ်ထောင်ကြီးဟာ သူ့အတွက် အင်မတန်ကြီးမားတဲ့ အန္တရာယ်ကြီး တစ်ခုပဲ၊ အဲဒီတော့ ဒီနေရာမှာ နေရတာထက် တခြား နေရာမှာ နေရတာက သူ့ဘဝအတွက် လုံခြုံတယ်ဆိုတာ သူ သဘောပေါက် နားလည်လာအောင် ပြောပြရမှာပေ့ါ။ တစ်ချိန်က သူနဲ့ ရန်သူဖြစ်ခဲ့ဖူးတဲ့ ထောင်သားရန်က လွတ်ကင်းရာ တစ်နေရာမှာ သွားနေမှ ဖြစ်မယ်ဆိုတဲ့ အကြောင်းပြချက်ကို ပြချင်လည်း ပြလို့ ရတာပဲ။ ဒါ မှ မဟုတ်လည်း သူ့ဘဝအကြောင်းထဲမှာ လန်ဒန်မှာ မနေသင့်တဲ့ အကြောင်းပြစရာအချက်တွေ ရှိချင်ရှိနေမှာပေ့ါ။ အကြောင်းပြစရာကတော့ ရှာရင် ရမှာပါ"

"ဒါကျပြန်တော့လည်း တစ်ခက်ပဲ။ သူ့ဘဝနဲ့ ပတ်သက်လို့ ကျွန်တော် ဘာမှ

မသိဘူး။ ကျွန်တော်ငယ်ငယ် ကလေးဘဝတုန်းက တွေ့ဖူးတာက နှစ်ရက်လောက်ပဲ ရှိတာ။ အခု ရောက်လာပြန်တော့လည်း စိတ်ပျက်စိတ်ညစ်နေရတာနဲ့ သူ့ကို ဘာမှ မမေးဖြစ်ဘူး"

ဟားဘတ်က ထိုင်ရာမှ ထပြီး ကျွန်တော့်လက်တစ်ဖက်ကို တွဲကာ ကျွန်တော်နှင့် အတူတွဲ၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"အခုအတိုင်းဆိုရင် သူ့ဆီက နောက်ထပ် ဘာပေးပေး မယူတော့ဘူး လို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပြီဆိုပါတော့။ ဟုတ်လား"

"ခင်ဗျားစိတ်ထဲမှာ သူနဲ့ အဆက်ဖြတ်မှ ဖြစ်မယ်လို့ ထင်နေသလား"

"မေးမှ မေးရက်ပလေတယ်ဗျာ..."

"ခင်ဗျားနဲ့ တွေ့ချင်လွန်းလို့ အသက်စွန့်ပြီး လာခဲ့တဲ့ လူတစ်ယောက် အပေါ်မှာ သံယောဇဉ်တော့ ကင်းနိုင်မယ် မဟုတ်ဘူး ပေါ့ဗျာ။ ခင်ဗျား အနေနဲ့ တတ်နိုင်ရင် သူ့အသက်ကို ကယ်ချင်စိတ်တော့ ရှိမှာပေါ့။ အဲဒီတော့ ခင်ဗျားကိုပါ ရောပြီး လက်ညှိုးထိုးမခံရအောင် သူ့ကို အင်္ဂလန်နိုင်ငံထဲက အမြန်ဆုံး ထုတ်သွားဖို့ လိုတယ်၊ ဒီကိစ္စကို လုပ်ရမယ် ဆိုရင်တော့ ကျွန်တော်တို့ နှစ်ယောက် အတူတူ လုပ်ကြတာပေါ့ဗျာ..."

ဤစကားကြားရတော့ ကျွန်တော် အားတက်ရသည်။ ကျွန်တော်က သူ့လက်ဆွဲ၍ အားရပါးရ လှုပ်မိပါသည်။

"ကဲ... ဟားဘတ်။ ကျွန်တော် သူ့ဘဝအကြောင်းကို သိအောင် လုပ်မယ်။ သိနိုင်ဖို့ ဆိုတာကလည်း တစ်နည်းပဲ ရှိတယ်။ ကျွန်တော် သူ့ကို ပြောင်ပြောင်ပဲ ဖွင့်မေးမယ်"

"ကောင်းတယ်၊ မေးသာ မေးပေတော့" ဟု ဟားဘတ်က အားပေးသည်။ "မနက်ဖြန် နံနက်စာစားချိန်မှာ တစ်ခါတည်းသာ မေးတော့" ပရိုးဗစ်က မနက်ဖြန်နံနက် ကျွန်တော်တို့ ထံလာ၍ နံနက်စာစားမည်ဟု ဟားဘတ်အား ပြောသွားသည် မဟုတ်ပါလား။

ဤအစီအစဉ်ကို ချမှတ်အပြီးတွင် ကျွန်တော်တို့ အိပ်ရာဝင်ကြသည်။ ပရိုးဗစ်နှင့် ဆက်စပ်နေသော အိပ်မက်ဆိုးများကို ကျွန်တော် မက်ပြန်သည်။ နိုးလာပြန်တော့လည်း ကြည်ကြည်လင်လင် မရှိ။ အိပ်မက်ထဲတွင် ပရိုးဗစ်သည် ကျွန်တော် ပို့ထားသည့် နေရာမှ ပြန်ရောက်လာသဖြင့် အလန့်တကြား ဖြစ်ရသည်။ အိပ်မက်ထဲတွင် ခံစားခဲ့ရသည့် ထိတ်လန့်မှုသည် လန့်နိုးလာချိန်အထိ မပြေသေး။

နောက်တစ်နေ့ နံနက်တွင် ပရိုးဗစ်သည် သူပြောထားသည့် အချိန်တွင် ရောက်လာသည်။ ရောက်သည် နှင့် တစ်ပြိုင်တက် သူ့မောင်းချ ဓားကြီးကိုဖွင့်၍ နံနက်စာ စားသည်။ သူ့မှာ ကတော့ သူ့စိတ်ကူးနှင့် သူ ဖြစ်သည်။ လူကုံထံတစ်ယောက်နှင့် တူအောင် နေဖို့ ထိုင်ဖို့ အစီအစဉ် 'အကောင်အထည်ဖော်ရေး' ကိုသာ ကြံစည်စိတ်ကူးလျက် ရှိသည်။ သူကျွန်တော့်ကိုပေးထားသည့် ငွေအိတ်ကြီးထဲမှ ငွေများကို ရက်ရက်ရောရော သုံးဖို့

နှင့် သူ ယခုနေသည့် အခန်းမှာ ယာယီမျှသာ နေမည်ဖြစ်၍ ဟိုက်ပတ်လ်ဘက်၌ အခန်းကောင်းကောင်း တစ်ခန်း ထပ်ငှားရန်သာ တိုက်တွန်းလျက် ရှိ၏။ မည်သို့ပင်ဖြစ်စေ သူ နံနက်စာ စားပြီးသည် နှင့် တစ်ပြိုင်နက် ကျွန်တော်က စကားကို နိဒါန်းပျိုးမနေတော့ဘဲ သူ့အကြောင်းကို မေးပါသည်။

"မနေ့ညက ခင်ဗျားကိုပို့ပြီး ပြန်လာတော့ ကျွန်တော်နဲ့ ခင်ဗျားနဲ့ စိမ့်မြေတောတွေဘက်မှာ ဆုံခဲ့မိကြတုန်းက လူတစ်ယောက်နဲ့ ရန်ဖြစ်ခဲ့တဲ့ အကြောင်း ကျွန်တော့်သူငယ်ချင်းကို ပြောပြတယ်။ အဲဒီတုန်းကအဖြစ် ကို ခင်ဗျား မှတ်မိတယ် မဟုတ်လား"

"မှတ်မိသလားဆိုတော့..." သူက ရေရွတ်သည်။

"အင်း... မှတ်မိတယ် ထင်တာပဲ"

"ကျွန်တော်တို့ အနေနဲ့ အဲဟို ထောင်သားအကြောင်းကို သိချင်တယ်။ ပြီးတော့ ခင်ဗျားအကြောင်းကိုလည်း သိချင်တယ်။ သိထားရရင် ကောင်းမယ်လို့ ကျွန်တော်တို့ ထင်ကြတယ်။ အထူးသဖြင့် ခင်ဗျားအကြောင်းပေါ့။ မနေ့ညက ပြောပြထားတာထက် ပိုပြီး သိထားရရင် ကောင်းမယ် ထင်တယ်"

သူသည် အတန်ကြာမျှ စဉ်းစားနေသည်။ "မင်း ကျမ်းကိုင်ထားတယ်နော်။ ပစ်ပ်ရဲ့ သူငယ်ချင်း"

"မှန်ပါတယ်ခင်ဗျာ" ဟု ဟားဘတ်က ပြန်ပြောသည်။

"အခု ငါပြောပြသမျှကို မင်း သိသွားရင် ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ ကျမ်းကျိန်ထားတာဟာ ဒါနဲ့လည်း ဆိုင်တယ်... နော်"

"ကျွန်တော် နားလည်ပါတယ်"

"ဒီမှာ ငါတစ်ခု ပြောမယ်။ ဟိုတုန်းက ငါဘာတွေ လုပ်ခဲ့... လုပ်ခဲ့ အဲ ဒီလုပ်ခဲ့သမျှအတွက် ငါ အကြွေးဆပ်သလို ပေးဆပ်ပြီးပြီဆိုတာ မင်း နားလည်ရမယ်"

"နားလည်ပါတယ်"

သူသည် ဆေးတံအနက်ကို ထုတ်၍ နီဂရိုးခေါင်းဆေးမှုန့်ကို အပြည့် အသိပ် ထည့်သည်။ ထို့နောက် လက်ထဲမှ ဆေးအိတ်ကို စိုက်ကြည့်နေသည်။ စဉ်းစားတွေးတောသည့် နှယ် ရှိ၏။ ထို့နောက် ဆေးအိတ်ကို နေသားတကျ ပြန်ထည့်ပြီး ဆေးတံကို မီးညှိကာပါးစပ်တွင် ကပ်လိုက်သည်။ လက်နှစ်ဖက်ကို ဒူးခေါင်းများ ပေါ်တင်ကာ ဒေသအရောင် လွှမ်းနေသော မျက်လုံးများဖြင့် မီးဖိုထဲမှ မီးတောက်မီးလျှံများကို ငေးကြည့် နေသည်။ ပြီးတော့ ကျွန်တော်တို့အား တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီးသော် သူ့ဘဝဇာတ်ကြောင်းကို ပြောပြလေသည်။

****

WHISPER of WORDS

https://t.me/TheBookR

အပိုင်း (၃)

(၄၂)

"လူကလေးပစ်ပ်နဲ့ လူကလေးပစ်ပ်ရဲ့ သူငယ်ချင်းရယ်...။ ငါ့ဘဝအကြောင်းကတော့ သီချင်းတစ်ပုဒ်လို၊ ဝတ္ထုတစ်ပုဒ်လို အရှည်ကြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောစရာ မရှိပါဘူး။ တကယ်လို့သာ အတိုဆုံးနဲ့ နားလည်အလွယ်ဆုံးဖြစ်အောင် ပြောပြရမယ်ဆိုရင် တစ်ခွန်းလောက်နဲ့တောင် ပြီးဆုံးသွားနိုင်ပါတယ်။ ငါ့ဘဝဟာ ထောင်ထဲရောက်သွားလိုက်၊ ပြန်လွတ်လာလိုက် ထောင်ထဲရောက်သွားလိုက်၊ ပြန်လွတ်လာလိုက်။ ထောင်ထဲရောက်သွားလိုက် ပြန်လွတ်လာလိုက်ပါပဲ။ အမှန်တော့ အဲဒါဟာ ငါ့ဘဝပါပဲ။ ငါ့ဘဝမှာ အများဆုံး ဖြစ်ခဲ့ပျက်ခဲ့တာဟာ ဒါပါပဲ။ ပစ်ပ်နဲ့ တွေ့လို့ ပစ်ပ်တစ်ယောက် ငါ့မိတ်ဆွေဖြစ် လာပြီးတဲ့ နောက်ပိုင်းကျမှသာ ငါဟာ သင်္ဘောတစ်စီးစီးပြီး ဝေးရာအရပ်ဒေသတစ်ခုကို ရောက် သွားခဲ့ရတာပါ။"

"ငါ့ဘဝဟာ လုပ်ချင်တာတွေ လုပ်ပြီး ဖြစ်ချင်တာတွေ ဖြစ်လာခဲ့ရတဲ့ ဘဝပါ။ ကြိုးပေး မခံရသေးတာ တစ်ခုကလွဲလို့ အကုန်လုံး ဖြစ်ခဲ့ဖူးတဲ့ ဘဝကွဲ့။ အချုပ်ခံရဖူးတယ်၊ ကြိမ်ဒဏ်ခံရဖူးတယ်။ နယ်နှင်ဒဏ်ခံရ ဖူးတယ်။ ဟိုက နှင်ထုတ်လိုက်၊ ဒီမြို့က နှင်ထုတ်လိုက်နဲ့ အေးအေးငြိမ်ငြိမ် နေရတယ်လို့ကို မရှိဘူး။ တကယ်တော့ ငါဟာ ခြေသလုံးအိမ်တိုင်သမား တစ်ယောက်ကွဲ့။ ငါ့ကို ဘယ်မှာ မွေးတယ်ဆိုတာလည်း ငါမသိဘူး။ ငါ့ဘဝရဲ့ အစကို ငါ ပထမဆုံး မှတ်မိတာကတော့ ငါဟာ အက်ဆက်နယ်ထဲမှာ လူတစ်ယောက်နဲ့ လျှောက်သွားနေတယ်။ စားစရာ မရှိတော့ မုန်လာဥတွေ ဝင်ခိုးတယ်။ ဆန်းမန်းလို့ ခေါ်တဲ့ အဲဒီ ငါ့အဖော်က အရပ်တကာ လည်ပြီး ကြေးအိုးကြေးခွက်၊ ဒန်အိုးဒန်ခွက် ပေါက်တွေ ဖာတဲ့ လူကွဲ့ သိလား။ တစ်နေ့ကျတော့ အဲဒီလူက ငါ့ကိုထားခဲ့ပြီး လစ်ပြေးတယ်။ ငါ့မှာတော့ တစ်ယောက်တည်း ကျန်ခဲ့ တာပေါ့။ တစ်ယောက်တည်း လျှောက်သွားနေရတာ အေးလိုက်တာလည်ႈ အလွန်ပဲ"

"ငါ့နာမည်ကို အေဘဲလ်မက်ဝစ်ချ်လို့ ခေါ်တယ်ဆိုတာတော့ ငါသိတယ်။ ငါ့အဖြစ်ကို ငါပြန်စဉ်းစားလို့ ရသမျှ ပြောရရင် အေဘဲလ်မက်ဝစချ် ဆိုတဲ့ လူငယ်ကလေးမှာ စောင့်ရှောက်အုပ်ထိန်းမယ့်လူ ဆိုလို့ တစ်ယောက်မှ မရှိဘူးကွဲ့။ သူ့ကို စိတ်ဝင်စားတဲ့ လူလည်း မရှိဘူး။ သူ့ကို ကြောက်တဲ့ လူလည်း မရှိဘူး။ လေးစားတဲ့ လူလည်း မရှိဘူး။ သူ့ကို မောင်းထုတ်တဲ့ လူက မောင်းထုတ်တယ်။ တချို့ကတော့ ကျရာကြုံရာအလုပ်ကို ခိုင်းတယ်။ ဒီလိုနဲ့ပဲ ခေါင်းမာတယ်ဆိုတဲ့ နာမည်ကို ငါ ရလာခဲ့တယ်။ ထောင်ထဲကို ဧည့်သည် တွေ ရောက်လာရင် ထောင်ဝန်ထမ်းတွေက ငါ့ကိုထုတ်ပြပြီး "ဒီကောင်လေးက ကြောက်စရာကောင်းလောက်အောင် ခေါင်းမာတဲ့ ကောင်ကလေးတစ်ယောက်ပေါ့" လို့ ပြောကြတယ်။ သူတို့ ကလည်ႈ ငါ့ကို သေသေချာချာ ကြည့်ကြတယ်။ ကြည့်တာမှ ခြေဆုံးခေါင်းဆုံး၊ တချို့ကဆိုရင် အလွန်မာပါတယ်ဆိုတဲ့ ငါ့ခေါင်းကို တိုင်းထွာကြည့်ကြတယ်။ အမှန်တော့ သူတို့ တိုင်းကြည့်သင့်တာက ငါ့ခေါင်း

မဟုတ်ဘူး ကွ။ ငါ့ဗိုက်... သိလား၊ တချို့ကတော့ ငါ့ကို စာတတ်,မတတ် စာဖတ်ခိုင်းကြတယ်။ တချို့ကတော့ ငါ့ကို စကားပြောကြည့်ကြတယ်။ ငါ့မှာ နားလည်တတ်တဲ့ အရည်အချင်း ရှိမရှိ စမ်းကြည့်တဲ့ သဘောပေါ့ကွာ၊ သူတို့ က ငါ့ကို မကောင်းဆိုးဝါးတစ်ကောင်လို့ပဲ မြင်ကြတယ်။ ဒါပေမဲ့ ငါ့အနေနဲ့ ဘာကြောင့် မကောင်းဆိုးဝါးတစ်ကောင် ဖြစ်ရမှာလဲ ကွာ။ ဖြစ်စရာအကြောင်း မရှိပါဘူး။ တကယ်က သူလိုငါလိုပါပဲ၊ ငါ့ရဲ့ ဆာလောင်နေတဲ့ ဝမ်းဗိုက်ကိုတော့ ပြည့်အောင် ဖြည့်ရမှာပေ့ါ။ မဖြည့် လို့ ဖြစ်ပါ့မလား။ အဲသလို အဖြစ်မျိုးတွေနဲ့ နေလာရတဲ့ ငါဟာ ထုံးစံအတိုင်း အောက်တန်းကျ လာတာပေါ့ကွာ၊ လူကလေး ပစ်ပ်နဲ့ ပစ်ပ်ရဲ့ သူငယ်ချင်းလေးရယ်၊ ငါ့ကို အောက်တန်းကျတဲ့ လူ ဆိုပြီး မကြောက်ပါနဲ့ ကွယ်"

"ငါ့ဘဝဟာ ခြေသလုံးအိမ်တိုင်လုပ်ပြီး တစ်နေရာက တစ်နေရာ လျှောက်သွားနေရတဲ့ ဘဝကွဲ့။ ဗိုက်ဆာရင် တောင်းတဲ့ အခါ တောင်းတယ်။ ခိုးတဲ့ အခါ ခိုးတယ်။ တစ်ခါတလေ အလုပ်လုပ်နိုင်တဲ့ အခါ အလုပ် လုပ်တယ်။ အလုပ်ဆိုတာကတော့ ကိုယ်ကလုပ်ချင်တိုင်း လုပ်လို့ ရတာ မဟုတ်ဘူး ကွဲ့။ ပေးတဲ့ လူက ပေးမှ လုပ်လို့ ရတာ။ ငါ့ဘဝမှာ ကြက်ငှက်ထောင်စားတဲ့ အခါ စားရတယ်။ တစ်ခါတလေ ကျတော့လည်း အလုပ်ကလေး ဘာလေး လုပ်ပြီး စားရသောက်ရတယ်။ တစ်ခါတလေ ကျတော့လည်း ကုန်တင်မြင်းလှည်းကြီးနဲ့ လိုက်ရတယ်။ အများအားဖြင့် အလုပ်ကလေး ဘာလေး လုပ်ရတဲ့ အခါမှာတော့ လုပ်ခကတော့ ရတာ မဟုတ်ပါဘူး။ လုပ်ခမရတဲ့ အပြင် ဒုက္ခရောက်ရတာကပဲ များတယ်။ ဘာပဲဖြစ်ဖြစ် ငါ့အနေနဲ့ က လူတစ်ယောက် ဖြစ်နေတော့ လူလိုအသက် ရှင်အောင်တော့ နေရမှာပဲ မဟုတ်လား၊ အဲသလို သွားရင်းလာရင်းနဲ့ စစ်တပ်ကထွက်ပြေးလာတဲ့ တပ်ပြေးတစ်ယောက်နဲ့ ဆုံမိတော့ ငါ့ကို စာရေးတတ် ဖတ်တတ်လာအောင် သင်ပေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါ့ဘဝမှာ စာလေးဘာလေး ရေးတတ်ဖတ်တတ်လာတဲ့ အချိန်ကစပြီး အလျင်ကလို ခဏခဏ အချုပ်အနှောင် ခံရတာမျိုး မရှိတော့ဘူးကွဲ့"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကျော်လောက်ကတော့ ဟောဟိုမီးညှပ်ကြီးနဲ့ ခေါင်းကို ရိုက်ခွဲချင်လောက်အောင် ရွံ့ရှာစက်ဆုပ်ဖို့ ကောင်းတဲ့ ကောင်တစ်ကောင်နဲ့ မြင်းပွဲမှာ ဆုံမိပြီး အသိဖြစ်ခဲ့တယ်။ အဲဒီကောင်နာမည်က ကွန်ပီဆင်တဲ့။ အဲ... အဲ... ဒီကောင်ဟာ လူကလေးငယ်ငယ်က လူကလေးရဲ့ မျက်စိအောက်မှာ ငါနဲ့ သတ်ပုတ်ခဲ့တဲ့ ကောင်ပေါ့။ မနေ့ညက မင့်သူငယ်ချင်းကို ပြောပြခဲ့တဲ့ ဇာတ်လမ်းထဲက အကောင်ဟာ သူပဲပေါ့။

"ကွန်ပီဆင်ဆိုတဲ့ ကောင်က သားသားနားနားကွဲ့။ အံမယ်... လူကြီး လူကောင်း တစ်ယောက်လိုပဲ၊ လူကုံထံထဲက လူစားမျိုးပဲ၊ ကျောင်းတွေ ဘာတွေ နေခဲ့ဖူးလို့ စာလည်း ကောင်းကောင်း တတ်တယ်။ နှုတ်ကလည်း အင်မတန် ချိုတယ်။ စကားပြောရင် တယ်ပြီး ယဉ်ကျေးသိမ်မွေ့တယ်။ အပြောကလည်း အလွန်ကောင်းတယ်။ လူကလည်း လူချောတစ်ယောက်ကွဲ့၊ သိလား၊ မြင်းပွဲနေ့

မတိုင်ခင် တစ်ရက် ညပိုင်းမှာ သူနဲ့ ငါ စတွေ့ကြတာ။ ငါ သွားနေကျ အရက်ဆိုင်ကို သွားတော့ သူက ဆိုင်ထဲမှာ လူတချို့နဲ့ စကားပြောနေတယ်။ ငါ့အကြောင်း ကောင်းကောင်း သိတဲ့ ဆိုင်ရှင်က ငါဝင်လာတာလည်း မြင်ရော သူ့ကို လှမ်းပြောတယ်။ "ခင်ဗျားပြောနေတဲ့ အလုပ်မျိုးနဲ့ ကတော့ ဒီလူနဲ့တော်မယ်ထင်တယ်"တဲ့။

"ကွန်ပီဆင်က ငါ့ကို စိတ်ဝင်စားတဲ့ မျက်နှာထားနဲ့ ကြည့်တယ်။ ငါ ကလည်း သူ့ကို ပြန်ကြည့်ပြီး အကဲခတ်တယ်။ သူက အိတ်ဆောင်ရွှေနာ ရီတွေ လက်စွပ်တွေနဲ့၊ ဝတ်စားထားတာလည်း တခမ်းတနားနဲ့ သားသားနားနားပဲ။"

"ပုံပန်းလက္ခဏာ ကြည့်ရတာတော့ဖြင့် မင်းတော်တော်ကံဆိုးနေပုံ ရတယ်' လို့ ကွန်ပီဆင်က ငါ့ကို ပြောတယ်။"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော် ဘယ်တုန်းကမှ ဒီလောက်ကြာကြာ ကံမဆိုးပါဘူး' လို့ ငါက ပြန်ပြောလိုက်တယ်။ အဲဒီ အချိန်က ငါဟာ ကင်းစတန်ထောင်မှာ သူတောင်းစားဥပဒေနဲ့ အဖမ်းခံ ရပြီး ထောင်ကျနေတာ လွတ်စအချိန်ကွဲ့။"

"ကံဆိုတာ အပြောင်းအလဲ ရှိတတ်ပါတယ်' လို့ ကွန်ပီဆင်က ပြောတယ်။ 'အခုဆို မင်း ကံကောင်းချင် ကောင်းလာတော့မှာပါ'တဲ့။"

"ငါကလည်း 'ခင်ဗျားပြောသလို ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ကလည်း မျှော်လင့်နေပါတယ်ဗျာ' လို့ ပြန်ပြောလိုက်တယ်"

"မင်း ဘာလုပ်တတ်သလဲ' လို့ ကွန်ပီဆင်က မေးတယ်"

"စားတတ် သောက်တတ်ပါတယ်' လို့ ငါက ဖြေတယ်"

"ကွန်ပီဆင်က ရယ်တယ်။ ငါ့ကိုလည်း စိတ်ဝင်တစားနဲ့ ထပ်ကြည့်ပြီး ပိုက်ဆံ ငါးသျှီလင် ထုတ်ပေးတယ်။ မနက်ဖြန်ည ဒီဆိုင်မှာပဲ လူချင်းဆုံဖို့ ချိန်းတယ်"

"နောက်နေ့ညကျတော့ သူချိန်းတဲ့ အတိုင်း ငါက သွားတွေ့တယ်။ ကွန်ပီဆင်က ငါ့ကို သူ့လူအဖြစ်၊ သူနဲ့ ဖက်စပ်လုပ်မယ့် လုပ်ဖော်ကိုင်ဖက်အဖြစ် သတ်မှတ်တယ်။ ငါတို့ ဖက်စပ်ပြီး လုပ်ရလောက်အောင် သူ့ အလုပ်က ဘာအလုပ်မို့လဲလို့ မေးစရာ ရှိတယ်။ သူ့အလုပ်က လူတွေကို လိမ်ဖို့၊ လက်မှတ်တုတွေ ထိုးဖို့၊ စာတုတွေ လုပ်ဖို့၊ ခိုးလာတဲ့ ငွေစက္ကူ တွေကို မဖမ်းမိနိုင်အောင် သုံးဖို့ ဆိုတဲ့ အလုပ်မျိုးတွေကွဲ့။ ဒီအလုပ်တွေမှာ သူက ခေါင်းသုံးတယ်။ အကျိုးအမြတ်မှန်သမျှကို ခွတုတ်တယ်။ သူ့ခြေထောက်တွေကိုတော့ အဆွဲမခံဘူး။ လိမ်လိမ်မာမာပါးပါးနပ်နပ် နဲ့ လွတ်အောင်ရုန်းတယ်။ သူလုပ်သမျှကို တခြားလူတစ်ယောက် တန်ဆာခံအောင် လုပ်ထားတယ်။ အဲဒါ ကွန်ပီဆင်ရဲ့ အလုပ်ပဲ။ ဒီအကောင် ဟာ အသည်းနှလုံးမရှိတဲ့ ကောင်ကွဲ့။ သိလား။ တစ်ဖက်သား အပေါ်မှာ အသနားအညှာတာ အလွန်ကင်းမဲ့တယ်။ သေမင်းလောက်ကို ရက်စက်တဲ့ ကောင်စားပါကွာ။ သူ့ခေါင်းကလည်း တကယ့် မာန်နတ်ခေါင်းပါပဲ။

"ကွန်ပီဆင်မှာ အာသာလို့ ခေါ်တဲ့ လိမ်ဖော်လိမ်ဖက်တစ်ယောက် ရှိသေးတယ်။ သူ့နာမည် အပြည့်အစုံကိုတော့ ငါလည်း မသိဘူး။ သူကတော့ ငါနဲ့ တွေ့တဲ့ အချိန်မှာ လူလုံးမလှတဲ့ ဘဝမျိုး ရောက်နေပါပြီ။ ကြည့်လိုက်ရင် ဝါးခြမ်းပြားတစ်ချောင်း ထောင်ထားသလိုပဲ၊ မမာမချာဖြစ် နေတော့ လူရုပ်နဲ့ တောင် မတူတော့ဘူး။ အဲ..... အဲဒီ အာသာနဲ့ ကွန်ပီဆင်တို့ ဟာ ပစ္စည်းချမ်းသာတဲ့ မိန်းမတစ်ယောက်ကို နှစ်ယောက်ညှပ်ပြီး နှပ်ချလိုက်တာ ငွေတွေအများကြီး ရခဲ့သတဲ့။ ဒါပေမဲ့ ကွန်ပီဆင်ဆိုတဲ့ ကောင်က အလောင်းအစား ဝါသနာသိပ်ကြီးတဲ့ ကောင် ဆိုတော့ ရသမျှ ဘယ်လောက်မလဲ။ ကုန်တာပဲပေါ့။ အဲဒီတော့ အာသာဆိုတဲ့ ငနဲ့မှာ ဘာမှ မရှိတော့ဘူး။ ရောဂါဖိစီးလို့ ဆင်းဆင်းရဲရဲ သေရမယ့်ဘဝမျိုး ဆိုက်နေပြီ။ အချိန်ရှိသမျှ ကွန်ပီဆင်ကိုပဲ ကြောက်နေရတယ်။ ကွန်ပီဆင် ရဲ့ မိန်းမကတော့ ဟိုလူ အာသာကို သနားရှာပါတယ်။ သူတတ်နိုင်သလောက် ပြုစုရှာပါတယ်။ ဒါပေမဲ့ ဟိုအကောင်ကတော့ သူ့မယားလည်း ညှာတာ မဟုတ်ဘူး။ အမြဲတမ်း ထိုးကြိတ်ကန်ကျောက်နေတာ။ ဒီအကောင်ဟာ ဘယ်သူ့အပေါ်မှာ မှ သနားကြင်နာစိတ် မရှိတဲ့ ကောင်ကွဲ့"

"ငါ့ကို အာသာဆိုတဲ့ လူကတော့ သတိပေးရှာပါတယ်။ ဒါပေမဲ့ ငါကဂရုမစိုက်ခဲ့ပါဘူး၊ ဒီလိုနဲ့ပဲ ငါဟာ ကွန်ပီဆင်နဲ့ အလုပ်တွဲလုပ်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ ငါဟာ သူ့လက်ထဲမှာ သူလိုရာသုံးနေတဲ့ လက်နက်ကိရိယာတစ်ခု ဖြစ်လာတယ်။ အာသာက ကွန်ပီဆင်ရဲ့အိမ် အပေါ်ဆုံးထပ်မှာ နေတယ်။ ဒီအကောင့်အိမ်က ဘရင့်ဖို့ဒ်နားမှာ။ ကွန်ပီဆင်က အာသာဆီက အခန်းခနဲ့ ထမင်းလခ ယူတယ်ကွဲ့။ အာသာမှာ လုပ်ငန်းကိုင်ငန်း အဆင်ပြေရင် ကျသမျှငွေကို အကုန်ရှင်းပေးရတယ်။ အာသာကလည်း ရှင်းပေးတာချည်းပါပဲ။ ကွန်ပီဆင်အိမ်ကို ငါ ဒုတိယအခေါက် ရောက်တုန်းကလား၊ တတိယအခေါက်လား အတိအကျ မမှတ်မိတော့ဘူး။ ငါ ရောက်သွားတော့ အာသာက သူနေတဲ့ အခန်းကနေပြီး ညဝတ်အင်္ကျီ ဖလန်နယ်ကြီး ဝတ်လို့၊ တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲလို့၊ ညကြီးမင်းကြီး အောက်ထပ်ကို ဆင်းပြေးလာတယ်။ ပြီးတော့ ကွန်ပီဆင်ရဲ့ မိန်းမကို ပြောလာတယ်။ 'ဆယ်လီရယ်၊ ဟို မိန်းမ အပေါ်ထပ်မှာ ရောက်နေပြန်ပြီ။ ငါ သူနဲ့ ဝေးရာကို ပြေးလို့ မလွတ်နိုင်တော့ဘူး။ သူ့တစ်ကိုယ်လုံး အဝတ်ဖြူတွေ ဝတ်ထားတယ်' လို့ ပြောတယ်။ "သူ့ခေါင်းမှာလည်း ပန်းအဖြူတွေ ပန်ထားတယ်။ ကြည့်ရတာတော့ ရူးနေပုံပဲ၊ သူ့လက်မောင်းပေါ်မှာလည်း လူသေလွှမ်းတဲ့ အဝတ်ကြီးတစ်ထည် တင်ထားတယ်။ ကနေ့မနက် ငါးနာရီမှာ ငါ့ကို အဲဒီအဝတ်ကြီးနဲ့ လွှမ်းမယ်လို့ ပြောနေတယ်"

"အဲဒီတော့ ကွန်ပီဆင်က ဝင်ပြောတယ်။ "မင်းက အရူးပဲ။ ဟိုမိန်းမ က အခုထက်ထိ သေမှ မသေသေးတာ။ ဘယ်လိုလုပ်ပြီး သူ့ဝိညာဉ်က အပေါ်ထပ်ကို လာနိုင်မှာလဲ။ သူလာရင် ဒီတံခါးမကြီးကို ဝင်ရမယ်၊ ဒါ မှ မဟုတ် ပြတင်းပေါက်က ဝင်ရမယ်။ ပြီးတော့မှ လှေကားအတိုင်း တက်ရမှာ။ ငါတို့ မတွေ့ဘဲနဲ့

မင်းဆီရောက်တယ်ဆိုတာ လုံးဝ အဓိပ္ပာယ် မရှိဘူး'တဲ့ "

"သူ အပေါ်ထပ်ကို ရောက်အောင် ဘယ်လိုနည်းနဲ့ လာတယ်ဆိုတာ ကျွန်တော်လည်း မသိဘူး' လို့ အာသာက ပြန်ပြောတယ်။ ကြောက်လွန်း အားကြီးလို့ သူ့တစ်ကိုယ်လုံးကို တုန်နေတာပဲ။ 'ခင်ဗျားတို့ ဘာပြောပြော သူကတော့ ကျွန်တော့်အိပ်ရာ ခြေရင်းထောင့်တစ်ထောင့်မှာ ရပ်နေတာ အမှန်ပါပဲဗျာ၊ ကြောက်စရာ ကောင်းလောက်အောင်ကို ရှုးနေပြီဗျ၊ ပြီးတော့ ခင်ဗျားခွဲပစ်ခဲ့လို့ ကွဲအက်သွားတဲ့ သူ့နှလုံးသားပေါ်လည်း သွေးစက်တွေနဲ့ 'တဲ့ "

"ကွန်ပီဆင်ဆိုတဲ့ ကောင်က စကားပြောတော့သာ မာကြွပ်ကြွပ်နိုင် တာကွ၊ တကယ့်တကယ် ကျတော့ လူက လူကြောက်၊ သူရဲဘော သိပ်ကြောင်တဲ့ ကောင်။ 'မင်း ဒီအကောင်နဲ့ အပေါ်ထပ်ကို လိုက်သွားစမ်းကွာ' လို့ သူ့မိန်းမကို ခိုင်းတယ်။ 'ဒီမှာ ဟေ့ မက်ဝစ်ချ်၊ မင်း ငါ့မိန်းမ ကို လိုက်ပြီး ကူလိုက်စမ်းပါကွာ' လို့ ငါ့ကိုပြောတယ်။ သူကိုယ်တိုင်ကတော့ အနားတောင် မလာဝံ့ဘူးကွ၊ သိလား"။

"ကွန်ပီဆင်ရဲ့ မိန်းမနဲ့ ငါက အာသာကို သူ့အိပ်ရာအထိ လိုက်ပို့ကြတယ်။ သူကတော့ အော်နေတာပဲ။ 'ဟိုမှာ မြင်လား၊ ကြည့်ကြပါဦးတဲ့'။ လူသေလွှမ်းတဲ့ အဝတ်ကြီး မြှောက်ပြနေပြန်ပြီ မင်းတို့ မမြင်ကြဘူးလား၊ သူ့မျက်လုံးတွေကို ကြည့်ကြပါဦး၊ ဒီမိန်းမ ရှုးနေပြီ။ သူ့လက်ထဲ က လုယူလိုက်ကြစမ်းပါ' လို့လည်း အော်တယ်။ နောက်တော့ သူက ငါ တို့ ကို အတင်းဖက်ထားတယ်။

"ကွန်ပီဆင်ရဲ့ မိန်းမက သူ့ကို အကြောက်ပြေသွားအောင်ဆိုပြီး အရက်နည်းနည်း တိုက်တယ်။ ခဏနေတော့ ငြိမ်သွားတယ်။ 'ဟိုမိန်းမ ပြန်သွားပြီ၊ သူ့ကိုထိန်းတဲ့ လူ မရှိဘူးလား' တဲ့။ ကွန်ပီဆင်ရဲ့ မိန်းမက 'အစောင့်ရှိပါတယ်' လို့ ပြန်ပြောတယ်။ 'ဒီလိုဆိုရင် သူ့ကို အခန်းထဲက မထွက်နိုင်အောင် သော့ခတ်ထားဖို့ အစောင့်ကို ပြောပြပေးပါ' လို့ ခိုင်းတယ်။ ကွန်ပီဆင်ရဲ့ မိန်းမကလည်း 'ခိုင်းပေးမယ်' လို့ အလိုက်သင့် ပြန်ပြောရတာပေါ့။ အာသာက 'သူ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ ' လို့ ပြောတယ်။

"အဲဒီနောက်တော့ သူ ပြန်ငြိမ်သွားလိုက်တာ မနက်ငါးနာရီမထိုးခင် မိနစ်ပိုင်းလောက်အထိပဲ၊ ငါးနာရီထိုးခါနီးတော့ ထအော်ပြန်ရော၊ သူ လာနေပြန်ပြီ၊ အဝတ်ကြီး ယူလာပြန်ပြီ၊ ထောင့်ထဲက ထွက် လာပြီး အိပ်ရာဘက် ကပ်လာနေပြီ၊ ငါ့ကို ကိုင်ထားကြစမ်းပါ၊ မင်းတို့ နှစ်ယောက် စလုံး ငါ့ကို ဖက်ထားကြစမ်းပါ'တဲ့။ 'သူ ငါ့ကို ကိုင်တော့မယ်၊ မကိုင်ပါစေနဲ့၊ လုပ်ကြပါဦး၊ သူ ငါ့ကို ဆွဲနေပြီ' တဲ့။ အဲသလို အော်ရင်း အိပ်ရာ ပေါ်က အတင်းကျုံးထတယ်၊ နောက်တော့ အိပ်ရာထဲ ပြန်လဲကျပြီး အသက်ထွက်သွားတာပဲ။

"ကွန်ပီဆင်ဆိုတဲ့ ကောင်ကတော့ အာသာသေလို့ ဝမ်းမနည်းတဲ့ အပြင် နှစ်ဦးနှစ်ဖက်အတွက် ကောင်းတယ်ဆိုပြီး ဝမ်းတောင်သာနေ သေးတယ်။ သူနဲ့ ငါကတော့ အလုပ်ဖြစ်ပါတယ်။ ပထမ သူက ငါ့ကို ဟောဒီ ငါ့သမ္မာကျမ်းစာ စာအုပ်အနက်ကလေးကို ကိုင်ခိုင်းပြီး ကျမ်းကျိန်ခိုင်းသေးတယ်ကွ။

"ငါ့အဖို့ ကတော့ ကွန်ပီဆင်ခိုင်းသမျှ လုပ်ရတဲ့ ဘဝကို ရောက်လာတယ်။ သူထောင်ထားတဲ့ ပိုက်ထဲက မလွတ်တော့ဘူး။ သူ့ရဲ့ လူမည်းကျွန်တစ်ယောက်ကျနေတာပဲ။ သူ့မှာ ဘာမှ မဖြစ်ပေမယ့် ငါ့မှာတော့ သူ ကျွေးသမျှ စားနေရတဲ့ အဖြစ်ပဲ။ လုပ်သမျှအတွက် သူ့မှာ ဘာမှ မဖြစ် ပေမယ့် ငါ့မှာတော့ ဘေးအန္တရာယ်ထဲက မထွက်နိုင်တော့ဘူး။ သူက ငါ့ ထက်အသက်ငယ်ပေမယ့် ငါ့ထက် လိမ္မာပါးနပ်တယ်။ ပညာကလည်းငါ့ထက် တတ်တာကိုးကွ၊ အဲဒီတော့ သူ စီစဉ်သမျှ ငါက နာခံနေရုံကလွဲပြီး ဘာမှ မတတ်နိုင်ဘူးပေါ့။ ကွန်ပီဆင်ဆိုတဲ့ ကောင်က တစ်ဖက်သားအပေါ် သနားတတ်တဲ့ စိတ်လည်း မရှိဘူးကွဲ့ သိလား။ အင်မတန် ရက်စက်တဲ့ စိတ်ရှိတယ်။ အဲဒီအချိန်မှာ ငါ့မှာ မိန်းမရှိနေပြီ"

သူသည် စကားကို ဖြတ်၍ ရပ်ကာ စိတ်ရှုပ်သောအမူအရာဖြင့် ငေး နေသည်။ ထို့နောက် သူ့မျက်နှာကို မီးဖိုဘက်သို့ လှည့်လိုက်ပြီး သူ့လက်ဖဝါးများကို ဖြန့်၍ မီးကင်နေသည်။

"ဒီလိုနဲ့ပဲ ကွန်ပီဆင်နဲ့ အလုပ်လုပ်ရတာ တစ်နေ့တခြား အဆင်မပြေတော့ဘူး၊ ငါနဲ့ ကွန်ပီဆင် နှစ်ယောက်ပေါင်းပြီး ဖြစ်တဲ့ လိမ်လည်မှုတစ်ခုမှာ ငါတစ်ယောက်တည်း အဖမ်းခံရပြီး ရုံးအတင်ခံရတာ မင့်ကို ပြောခဲ့ဖူးသလား မသိဘူး"

မပြောခဲ့ဖူးသေးကြောင်း ကျွန်တော်က အဖြေပေးလိုက်ပါသည်။

"အဲဒီအမှုမှာ ငါအပြစ်ရတယ်။ နောက်ဆုံးကျတော့ ငါနဲ့ ကွန်ပီဆင် ဟာ ခိုးလာတဲ့ ငွေစက္ကူတွေ သုံးစွဲမှုနဲ့ အဖမ်းခံကြရတယ်။ ဒီအမှုအပြင် တခြားအသေးအဖွဲ့ အမှုကလေးတွေလည်း ပေါ်လာသေးတယ် ဆိုပါတော့ကွာ၊ အဲဒီတော့ ကွန်ပီဆင်က 'အမှုကို တစ်ယောက်တစ်ကွဲစီ ခွဲပြီး ရင်ဆိုင်ကြရအောင်၊ မင်းနဲ့ ငါ အဆက်သွယ် မရှိပါစေနဲ့ ' လို့ ပြောတယ်။ ငါ့အနေနဲ့ က အင်မတန် ဆင်းရဲတဲ့ ကောင်ဆိုတော့ ငါ့မှာ ရှိသမျှ ပစ္စည်းတွေကို အဝတ်အစားကအစ ရောင်းချပြီး ရှေ့နေငှားရတယ်။ ရှေ့နေ ကတော့ မစ္စတာဂျက်ဂါးပေါ့။

"တရားရုံးမှာ အမှုဆိုင်ကြတော့ ငါပထမဆုံး သတိထားမိတာက တရားခံချင်းတူပေမယ့် လူချင်းလုံးဝမတူတဲ့ အချက်ပဲ။ ကွန်ပီဆင်ကတော့ တကယ့်လူကုံထံ ဂိုက်ပဲ။ ဝတ်စားထားတာကလည်း ကြော့နေတာပဲ။ သူ့ခေါင်းက ဆံပင်တွေကလည်း အခွေလိုက် အလိပ်လိုက် ကျလို့။ လက်ကိုင်ပဝါ အဖြူလေး ထုတ်လိုက်၊ မျက်နှာကို သုတ်လိုက်၊ အိတ်ကပ်ထဲ ပြန်ထည့်လိုက်နဲ့ တကယ့်မင်းသား ရှုံးလောက်တယ်။ ငါ့ကို ကြည့်လိုက် ရင်တော့ စုတ်ပြတ်နေတာပဲ။ အမှုစစ်လို့ သက်သေတွေဘာတွေ ပြကြတဲ့ အခါမှာ ပြသမျှ သက်သေခံချက်တွေဟာ ငါ့အပေါ်မှာချည်း ပိနေတာ သတိထားမိတယ်။ သူ့အပေါ်ကျတော့ နည်းနည်းပါးပါးလောက်ပဲ ငြိတယ်။ ဒါနဲ့ပဲ နောက်ဆုံး တရားခံဘက်က လျှောက်လဲချက်ပေးကြတော့ ကွန်ပီဆင်ရဲ့ ရှေ့နေက

'တရားသူကြီးမင်းနဲ့ လူကြီးမင်းများ ခင်ဗျာ။ လူကြီးမင်းများ ရှေ့မှောက်မှာ ယှဉ်ရပ်နေတဲ့ တရားခံနှစ်ယောက်ကို သေသေချာချာ ကြည့်တော်မူကြပါ ခင်ဗျာ။ တစ်ဦးသော သူက အသက်လည်း ငယ်ပါတယ်။ ဟိုတရားခံ အသက်ကြီးကြီး ကတော့ မြင်ရုံမျှ နဲ့ ဘယ်မျိုးရိုးက လာတယ်ဆိုတာ သိသာထင်ရှားနေပါတယ်။ ဒီနှစ်ဦး အပေါ်မှာ မသက်ာဘူးဆိုရင် ဘယ်သူကပိုပြီး မသက်ာစရာ ကောင်းတယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါလိမ့်မယ်။ အခု မသက်ာဖြစ်နေတဲ့ အမှုမှ ဘယ်သူက ပိုပြီး ကျူးလွန်နိုင်တဲ့ အခြေအနေ ရှိတယ်ဆိုတာလည်း စဉ်းစားကြည့်ရင် သိပါလိမ့်မယ်။ တကယ်လို့ ဒီအပြစ်ကို နှစ်ဦးကျူးလွန်ကြတယ် ဆိုရင်လည်း ဒီနှစ်ဦးမှာ ဘယ်သူက ပိုပြီး အပြစ်ကြီးနိုင်မယ်ဆို တာ ခန့်မှန်းနိုင်လောက်ပါတယ်။ ဘယ်သူက ဘယ်သူ့ကြောင့် ဒီအပြစ် ကို ကျူးလွန်ရသလဲ ဆိုတာပါ သိနိုင်လောက်ပါတယ်' လို့ လျှောက်လဲချက် ပေးတယ်။ အဖြစ်ကတော့ ဒါပါပဲ။ သူ့ရှေ့နေက အဲသလို လျှောက်လဲချက် ပေးနေချိန်မှာ ကွန်ပီဆင်ဆိုတဲ့ အကောင်က မျက်နှာကလေး ငယ်ငယ်နဲ့ ခေါင်းကလေးငုံ့လိုက်၊ တရားသူကြီးဆီ မော့ကြည့်လိုက်၊ လက်ကိုင်ပဝါကလေး ထုတ်ပြီး သုတ်လိုက်နဲ့ တကယ့် မခုတ်တတ်တဲ့ ကြောင်ကလေးအတိုင်းပဲ။ အပေါင်းအသင်း မကောင်းလို့ ဖြစ်ရပါတယ် ဆိုတဲ့စကားကို အတည်ပြုနိုင်အောင် အမူအရာအမျိုးမျိုး လုပ်ပြနေတယ်။ ငါ့မှာတော့ 'လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော့်ဘေးကကောင်ဟာ အဖိုးတန် လူလိမ်လူညာ တစ်ယောက်ပါခင်ဗျာ' လို့ ထပြီး ပြောချင်လိုက်တာပါ◌းစပ်ကို ယားနေတာပဲ။ ဒါပေမဲ့ ပြောလို့ က မဖြစ်ဘူး။ နောက်ဆုံး စီရင်ချက်ချရော ဆိုပါစို့၊ စီရင်ချက်ချတော့ ကွန်ပီဆင်က အကျင့်စာရိတ္တကောင်းသူဖြစ်ပေမယ့် မကောင်းတဲ့ အပေါင်းအသင်းနဲ့ ပေါင်းမိတဲ့ အတွက် ဒီအပြစ်ကို ကျူးလွန်ခြင်း ဖြစ်တယ်လို့ ယူဆကြောင်း အမှုနဲ့ ပတ်သက်လို့လည်း ငါကျူးလွန်သမျှကို အမှန်အတိုင်း ထုတ်ဖော်ပြောဆိုကြောင်း၊ ဒါကြောင့် မို့ သူ့ကို အပြစ်ပေးရာမှာ သက်ညှာစွာ အပြစ်ပေးရမည်ဖြစ်ကြောင်း တရားသူကြီးက ပြောတယ်။ အဲဒီတော့ ငါက ဒေါသဖြစ်လွန်းတာနဲ့ 'ဟောဒီတရားရုံးအပြင်ဘက် ရောက်တာနဲ့ တစ်ပြိုင်နက် မင့်မျက်နှာကို အရေဆုတ်ပစ်မယ်' လို့ သူ့ကို ကြိမ်းလိုက်မိတယ်။ ကွန်ပီဆင်က သူ့ကို အကာအကွယ်ပေးပါလို့ တရားသူကြီးကို တင်ပြတယ်။ စီရင်ချက်ချတော့ သူ့ကို ထောင်ခုနစ်နှစ် ချပြီး ငါ့ကျတော့ ဆယ့်လေးနှစ်တဲ့။ တရားသူကြီးကလည်း သူ့ကျတော့ အကောင်းမြင်တယ်။ ငါ့ကျတော့ လူဆိုးလူကြမ်း တစ်ယောက်လို့ မြင်နေတယ်"

ဤအပိုင်း ပြောနေခိုက်မှာ သူသည် များစွာ စိတ်လှုပ်ရှားလျက် ရှိ၏။ ဒေါသဖြင့် ကတုန်ကယင် ဖြစ်လျက်ရှိသည်။ သို့သော်လည်း သူ့ကိုယ် သူ ထိန်းချုပ်ထားသည်။ သူ့အသက်ရှူသံသည် ပြင်းထန်လျက် ရှိသည်။ သူသည် ကျွန်တော့်ဘက်သို့ လက်တစ်ဖက်ကမ်းပေးပြီး "ငါ့စိတ်ကို အောက်တန်းကျမသွားအောင် ထိန်းပါမယ် လူကလေးရယ်" ဟု ပြော လေသည်။

သို့သော်လည်း ဒေါသအရှိန်ဖြင့် တစ်ကိုယ်လုံး ချွေးပြန်လျက် ရှိလေရာ သူသည် လက်ကိုင်ပဝါဖြင့် မျက်နှာ၊ ခေါင်း၊ လည်ပင်းနှင့် လက်များ ကို တအားသုတ်လျက် ရှိသည်။

"ငါက ကွန်ပီဆင်ကို တစ်မျက်နှာလုံး စုတ်ပြတ်သွားအောင် အရေဆုတ်ပစ်မယ်လို့ ပြောခဲ့ရုံတင် မကဘူး၊ ဘုရားသခင်ဆီမှာလည်း သစ္စာဆိုခဲ့တယ်။ ဒီလိုနဲ့ပဲ ငါတို့ နှစ်ယောက်စလုံး ထောင်သင်္ဘောတစ်စင်းထဲမှ အတူတူကျခဲ့တယ်။ ငါကတော့ သူ့ကိုလုပ်ဖို့ အမြဲချောင်းနေတာပဲ။ တစ်ရက်မှာ ငါ သူ့နောက်နားက အသာကလေး ကပ်သွားပြီး ပ ါးတစ်ဖက်ကို ပိတ်ရိုက်လိုက်တော့ သူက လှည့်ကြည့်တယ်။ လှည့်လည်း လှည့်လာရော ငါက သူ့မျက်ခွက်ကို လက်သီးနဲ့ တအားကျုံးပြီး ထိုးလိုက်တယ်။ အဲဒီတုန်းမှာပဲ အစောင့်တွေက မြင်သွားပြီး ဝိုင်းဖမ်းကြတယ်။ ထောင်သင်္ဘောကလည်း သိပ်ပြီး မလုံခြုံဘူးကွဲ့၊ သိလား၊ ဒါနဲ့ပဲ တစ်နေ့မှာ ငါဟာ သင်္ဘောပေါ်က ခုန်ချပြီး ကမ်းကို ကူးလာခဲ့တယ်။ ကမ်းပေါ်ရောက်တော့ သုသာန်ထဲဝင်ပြီး ဂူတွေကြားထဲမှာ ဝင်ပုန်းနေခဲ့တယ်။ အဲဒီတုန်းမှာ လူကလေးနဲ့ တွေ့ခဲ့တာပေါ့"

သူက စကားကို ဖြတ်လိုက်ပြီး ကျွန်တော့်ကို အလွန်ချစ်ခင်တွယ်တာသော မျက်နှာထားဖြင့် ကြည့်နေသည်။ ကျွန်တော့်အနေဖြင့်မူ သူ့အပေါ် ၌ သနားကြင်နာစိတ် ရှိနေမိသည်မှာ မှန်သော်လည်း ဤအကြည့်ကိုမူ စက်ဆုပ်သလိုလိုပင် ဖြစ်မိ၏။

"အဲဒီတုန်းမှာပဲ ဟိုအကောင် ကွန်ပီဆင် လွတ်လာတယ်လို့ သိရတယ်။ ဒီအကောင် လွတ်ပြေးတာကတော့ ငါက သူ့ကိုသတ်မှာ ကို ကြောက်လို့ ထွက်ပြေးတာပဲ ဖြစ်မယ်။ ငါနဲ့ ဝေးရာ ပြေးတဲ့ သဘောပဲ ဖြစ်မယ်။ ပြီးတော့ သင်္ဘောက ထွက်ပြေးတဲ့ ထောင်သားဟာ ငါမှန်းလည်း သိပုံ မပေါ်ဘူး။ ငါက သူမှန်းလည်း သိရော လိုက်ရှာတာပဲ၊ တွေ့လည်းတွေ့ရော ကိုယ့်ကိုယ်ကိုယ်လွတ်ဖို့ ဆိုတာ ထည့်ကို မစဉ်းစားတော့ဘူး။ သူ့ဆံပင်တွေကို ဆောင့်ဆွဲပြီး မျက်ခွက်ကို လက်သီးနဲ့ အားရပါးရ ထိုးတယ်။ စစ်သားတွေလက်ထဲ ပြန်အပ်ဖို့ အတွက် အမိအရ ဖမ်းထားတယ်။ ပြီးတော့ ငါက 'ကဲ... မှတ်ပလား၊ ငါ့အတွက်ငါ မစဉ်းစားဘူးဟေ့၊ မင ်းကို အဆိုးဆုံးဖြစ်အောင် လုပ်ဖို့ပဲ အရေးကြီးတယ်၊ ငါ မင့်ကို ထောင် သင်္ဘောပေါ်ပြန်ပို့မယ်ကွ၊ သိလား' လို့လည်း ပြောလိုက်တယ်။

"ထွက်ပြေးတာ မိသွားပြန်တော့လည်း ဒီအကောင်က တစ်မျိုး လိမ်ပြန်တာပဲ၊ သူ ထောင်သင်္ဘောပေါ်က ထွက်ပြေးတာဟာ ငါကသတ်မှာ ကြောက်လို့ပါတဲ့။ အဲဒီတော့ ထွက်ပြေးမှုနဲ့ အပြစ်ပေးတဲ့ နေရာမှာ သူ့ကို ပေးတဲ့ အပြစ်က ပေါ့နေပြန်တာပဲ။ ငါ့ကျတော့ သံခြေချင်းတွေ ခတ်ပြီး ရုံးတင်တယ်။ တရားရုံးကလည်း တစ်သက်တစ်ကျွန်း အပြစ်ပေးတယ်။ အခု ဒီကိုရောက်လာတာဟာ တစ်သက်တစ်ကျွန်းဒဏ် ခံနေရာ က လစ်လာခဲ့တာပဲ၊ အဲဒါ ငါ့ဘဝဇာတ်ကြောင်းပါပဲ လူကလေးပစ်ပ်နဲ့ ပစ်ပ်သူငယ်ချင်းရယ်"

သူသည် ချွေးများကို သုတ်နေပြန်သည်။ ထို့နောက် ဆေးအိတ်ကို ဆွဲထုတ်ကာ သူ့ဆေးတံတွင် ထည့်သည်။ ပြီးတော့ ဆေးတံကိုခဲကာ ဖြည်းဖြည်းချင်း ဖွာလျက် ရှိလေသည်။

"အဲဒီလူ သေပြီလား" ဟု ကျွန်တော်က မေးသည်။

"ဘယ်သူ့ကို ပြောတာလဲ လူကလေးရဲ့ "

"ကွန်ပီဆင်လေ"

"တကယ်လို့ သူ အသက်ရှင်နေသေးရင်တော့ ငါ့ကို သေပါစေလို့ ဆုတောင်းနေမှာပဲ၊ အဲဒါကတော့ သေချာတယ်။ နောက်ဆုံးအကြိမ် တွေ့ပြီးကတည်းက သူ့သတင်းကို မကြားဘူးကွဲ့"

ထိုအချိန်တွင် ဟားဘတ်သည် ခဲတံတစ်ချောင်းဖြင့် စာအုပ်တစ်အုပ် မျက်နှာဖုံး အတွင်းဘက်တွင် စာများ ရေးလျက်ရှိ၏။ ထို့နောက် ထိုင်နေရာမှ ထရပ်ကာ ဆေးတံကို အေးအေးဆေးဆေးဖွာရင်း မီးဖိုဆီသို့ ငေး နေသော ပရိုးဗစ်အလစ်တွင် ကျွန်တော့်ဘက်သို့ တွန်းပို့လိုက်သည်။ ကျွန်တော်က အသာငုံ့ကြည့်ပြီး ဖတ်လိုက်ပါသည်။

"အာသာဆိုသူမှာ မစ္စဟေဗီရှမ်၏ မောင် ဖြစ်သည်။ ကွန်ပီဆင်မှာ မစ္စဟေဗီရှမ်ကို လိမ်လည်သွားသော ချစ်သူ ဖြစ်သည်။"

ကျွန်တော်က စာအုပ်ကို ပြန်ပိတ်လိုက်ပြီး ဟားဘတ်ဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်ပြီး စာအုပ်ကို အသာအယာပင် ဘေးသို့တွန်း၍ ဖယ်ထားလိုက်သည်။ နှစ်ယောက်စလုံး စကားမပြောမိကြ။ မီးဖိုဘေး၌ ရပ်ကာ ဆေးတံကို အဆက်မပြတ် ဖွာရှူနေသော ပရိုးဗစ်ကိုသာ ငေးကြည့်နေမိကြလေ၏။

****

ကျွန်တော့်ကျေးဇူးရှင်သည် ပရိုးဗစ် ဖြစ်ပါသည် ဟူသော စကား အက်စတယ်လာထံ ရောက်သွားမည်ကို ကျွန်တော် စိုးရိမ်လျက် ရှိ၏။ မည်သည့် အတွက်ကြောင့် စိုးရိမ်နေရပါသနည်း။ အက်စတယ်လာကို သွားကြိုသည့်နေ့က ကျွန်တော်သည် သူရောက်မလာမီ ထောင်ထဲသို့ ဝင်ကြည့်ခဲ့သည် ဖြစ်ရာ ထိုစဉ်ကလည်း ထောင်ထဲ၌ ရှူရှိုက်ခဲ့ရသော လေနှင့် ထောင်ထဲမှ ကပ်ငြိလာခဲ့သော အနံ့အသက်များသည် အက်စတယ်လာ၏ ဂုဏ်၊ အက်စတယ်လာ၏ အလှအပများ နှင့် မနှိုင်းယှဉ်သာအောင် ကွာခြားသည် ဟု ထင်မြင်ခဲ့မိ၏။ ဘာကြောင့် ထိုကဲ့သို့ ထင်မြင် ခဲ့ရပါသနည်း။ ထိုအတိုင်းသာ ထင်မြင်နေပါက ကျွန်တော် ဆက်လျှောက်ရမည့် လမ်းသည် ချောမွေ့ဖြောင့်ဖြူးနိုင်စရာ ရှိတော့မည် မဟုတ်။ ကျွန်တော့်ဘဝ၏ အဆုံးသတ်သည်လည်း ကောင်းလာနိုင်စရာ ရှိတော့မည် မဟုတ်။ တကယ်တော့ ထိုထင်မြင်ချက်သည် ပရိုးဗစ်ကိုလည်း အထောက်အကူ ပြုလိမ့်မည် မဟုတ်။ ကျွန်တော့် ခံစားနေရသည့် စိတ်ဒုက္ခကိုလည်း လျော့နည်းသွားအောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်။

မည်သို့ပင်ဖြစ်စေ ပရိုးဗစ်အကြောင်း အစအဆုံး သိလိုက်ရသည့် အခါ စိုးရိမ်စရာတစ်ခု ပေါ်လာပြန်သည်။ အကယ်၍ ကွန်ပီဆင်သာ အသက်ရှင်နေသေး၍ ပရိုးဗစ် ပြန်ရောက်လာသည် ကို သိသွားပါမူ ဖြစ်ပေါ် လာမည့် အခြေအနေသည် ဆိုးရွားလာစရာ ရှိ၏။ ကွန်ပီဆင်သည် ပရိုးဗစ်အား အလွန်အမင်း ကြောက်လန့်နေသူ ဖြစ်သည့် အားလျော်စွာ မည်သည့် နည်းနှင့် မဆို ပုလိပ်အား သတင်းပေးမည်မှာ သေချာလျက် ရှိလေသည်။

ကျွန်တော့်အနေဖြင့် အက်စတယ်လာအကြောင်းကို ပရိုးဗစ်အား မပြောပြတော့ဟု အခိုင်အမာ ဆုံးဖြတ်လိုက်သည်။ သို့သော်လည်း ပရိုးဗစ်နှင့် အတူ နိုင်ငံရပ်ခြားသို့ ထွက်ခွာမသွားမီ အက်စတယ်လာနှင့် မစ္စဟေဗီရှမ်တို့ ကို သွား၍ တွေ့ချင်သေးသည် ဟု ကျွန်တော်က ဟားဘတ် အား အသိပေးသည်။ ဤသို့ဖြင့် ပရိုးဗစ်က သူ့ဇာတ်ကြောင်း ပြောပြပြီးသည့် နောက်တစ်နေ့တွင် ရစ်ချ်မွန်ရပ်ကွက်ရှိ မစ္စဘရန်းဒလေး၏ အိမ် သို့ ထွက်လာခဲ့ပါသည်။

မစ္စက်ဘရန်းဒလေးအိမ်သို့ ရောက်သောအခါ အက်စတယ်လာ၏ အခိုင်းအစေမိန်းမနှင့် တွေ့ရသည်။ ထိုမိန်းမ၏ ပြောပြချက်အရ အက်စတယ်လာသည် တောပိုင်းသို့ ပြန်သွားကြောင်း သိရ၏။ တောပိုင်း ဘယ်နေရာကို သွားပါလိမ့်။ ထုံးစံအတိုင်း ဆာတစ်ဂေဟာရှိ မစ္စဟေဗီရှမ် ထံသို့ အလည်သွားခြင်း ဖြစ်သည် ဟု သိရ၏။ အမှန်တော့ ထုံးစံအတိုင်း သွားခြင်းဟု မပြောနိုင်ပါ။ သွားရိုးသွားစဉ်သာ ဆိုပါက ကျွန်တော်နှင့်သာ သွားရမည် ဖြစ်၏။ ကျွန်တော်မပါဘဲနှင့် သူတစ်ယောက်တည်း ဘယ်တော့မှ သွားလေ့သွားထ မရှိ။ သူ ဘယ်တော့လောက် ပြန်လာမလဲ ဟု ကျွန်တော်က မေးသည်။ သူပေးသော အဖြေမှာ စဉ်းစားရခက်လှ၏။ အက်စတယ်လာသည် ပြန်တော့ ပြန်လာလိမ့်မည်၊

သို့သော်လည်း ခဏတစ်ဖြုတ် ပြန်လာခြင်းမျိုးသာ ဖြစ်လိမ့်မည်ဟု သူထင်ကြောင်း အခိုင်းအစေမိန်းမက ပြောသည်။ ဤသို့ဖြင့် ကျွန်တော်သည် ဘာကိုမှ အတိအကျမဆုံးဖြတ်နိုင်တော့ဘဲ ပြန်လာခဲ့ရလေသည်။

ထိုညက ပရိုးဗစ် သူ့အခန်းသို့ ပြန်သွားသည့် အခါ (သူပြန်လျှင် ကျွန်တော် အမြဲလိုက်ပို့သည်) ကျွန်တော်သည် ဟားဘတ်နှင့် ထပ်၍ တိုင်ပင် ရပြန်သည်။ မစ္စဟောဗီရှမ်ထံမှ ကျွန်တော် ပြန်လာချိန်အထိ နိုင်ငံခြားထွက်ခွာရေး အစီအစဉ်ကို ဆိုင်းငံ့ထားသင့်သည် ဟု သဘောရကြ၏။ ယခု လောလောဆယ်တွင် နိုင်ငံခြားသို့ ထွက်ခွာရေးနှင့် ပတ်သက်၍ ပရိုးဗစ် အား မည်သို့ပြောသင့်သည် ကို စဉ်းစားဆွေးနွေးကြရပြန်သည်။ သူ့ကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေသူများ ရှိသဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ ထွက်သွားဖို့ လိုအပ်နေကြောင်း အသိပေးထားရလျှင် ကောင်းလေမလား၊ ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော်ကသာ ဖျောင်းဖျောင်းဖျဖျ ပြောပြမည်ဆိုလျှင် ပရိုးဗစ်က သဘောတူလိမ့်မည်ဟု ကျွန်တော်တို့ သဘောရကြပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ဂျိုးထံ မကြာခဏ လာ၍ လည်ပါမည်ဟု ကတိပေးခဲ့သည့် စကား ရှိနေသဖြင့် ဂျိုးထံ အလည်သွားဦးမည်ဟု ပြောကာ ထွက်မည်ဟု စီစဉ်ထားလိုက်သည်။ ကျွန်တော်သွားနေခိုက်တွင် ပရိုးဗစ်ကို လုံခြုံအောင် စောင့်ရှောက်ထားဖို့ လိုအပ်သည် ဖြစ်ရာ ထိုတာဝန်ကို ဟားဘတ်က ယူရမည် ဖြစ်၏။ ကျွန်တော့်အနေဖြင့် တစ်ညအိပ်မျှသာ ကြာမည်ဖြစ်၍ ပရိုးဗစ်က ကျွန်တော့်အား လူကုံထံတစ်ဦးနှင့် တူအောင် ယခုလက်ရှိအခြေအနေထက် ပို၍ ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ဖို့ ကိစ္စကို အပြန်ကျမှ လုပ်မည်ဟု ပြောပြရန် ဟားဘတ် အား မှာခဲ့ရလေသည်။

နောက်ပိုင်း စိတ်ချရအောင် အစစအရာရာ စီမံပြီးခါမှပင် ကျွန်တော် ခရီးထွက်ခဲ့သည် မနက်ခင်း အစောဆုံးထွက်သည့် မြင်းရထားဖြင့် ကျွန်တော် ခရီးထွက်ခဲ့ပါသည်။ မြင်းရထား ထွက်လာချိန်တွင် ပတ်ဝန်းကျင်၌ အလင်းရောင်မမြင်ရသေး။ တောပိုင်းဘက်ရှိ လမ်းပေါ်သို့ မြင်းရထား ရောက်လာသည့် အခါမှပင် နေ၏ ရှေ့ပြေးအလင်းရောင်ကို မြင်ရသည်။ ကျွန်တော်တို့ မြင်းရထား ဘလူးဘိုးအားဟိုတယ်ရှေ့၌ ဆိုက်မိ၍ မြင်းရထားပေါ်မှ ကျွန်တော် ဆင်းလိုက်သည့်အခါ ဟိုတယ်တံခါးဝ၌ သွားကြားထိုးတံတစ်ချောင်းကို ကိုင်ပြီး မြင်းရထား ဆီသို့ လှမ်းကြည့်နေသော လူတစ်ယောက်ကို မြင်ရသည်။ တခြားလူ မဟုတ်။ ဘင့်တလေဒရမ္မလီပေတည်း။

ဒရမ္မလီက ကျွန်တော့်ကို မမြင်ဟန်ဆောင်နေသဖြင့် ကျွန်တော်ကလည်း သူ့ကို ပြန်၍ မမြင်ဟန်ဆောင်နေလိုက်ပါသည်။ နှစ်ဦးစလုံးအတွက် အလွန် အဓိပ္ပာယ်ကင်းမဲ့သော ဟန်ဆောင်မှုတစ်ခု ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ဤမျှလောက်သေးငယ်သော ဟိုတယ်တစ်ခု၌ တစ်ယောက်နှင့် တစ်ယောက် ရှောင်၍ မလွတ်နိုင်သော အခြေအနေကြောင့် ပေတည်း။ အမှန်အားဖြင့်လည်း

တစ်ယောက်ကိုတစ်ယောက် မရှောင်နိုင်ကြပါ။ နံနက်စာ စားရန်အတွက် နှစ်ဦးစလုံး ကော်ဖီဆောင်ထဲ ဝင်ကြရသည်။ ကျွန်တော်ဝင်သွားချိန်တွင် ဒရမ္ဗလီသည် နံနက်စာစားပြီးစ..။ ကျွန်တော်က နံနက်စာကို မှာသည်။ ဤမြို့ထဲ၌ သူ့ကို တွေ့နေမြင်နေ ရသည်မှာ ကျွန်တော့်အဖို့ အဆိပ်ရှိသတ္တဝါတစ်ကောင်ကို တွေ့နေမြင် နေရသည့် နှယ် ခံစားရသည်။ ဒရမ္ဗလီ ဤမြို့အထိ ဘာကြောင့် ရောက်လာသည် ကို ရိပ်မိနေသော ကျွန်တော်သည် ဒေါပွ၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိရပါသည်။

ကျွန်တော်သည် စားပွဲ၌ ထိုင်ကာ သတင်းစာအဟောင်းကြီး တစ်စောင်ကို ဖတ်ချင် ဟန်ဆောင်လျက် ရှိသည်။ တကယ်တော့ သတင်းစာထဲတွင် နယ်မြေသတင်းမှ တစ်ပါး အခြားဖတ်စရာ ဘာမှပါသည် မဟုတ်။ ကျွန်တော် စားပွဲ၌ ထိုင်နေစဉ် ဒရမ္ဗလီသည် မီးဖိုကို ကျောပေးပြီး ရပ်လျက် ရှိသည်။ ကျွန်တော့်မျက်စိအောက်၌ ဒရမ္ဗလီရပ်နေသည် ကိုမကြည့်လို မမြင်လိုသောစိတ်သည် ကျွန်တော့်ရင်ထဲ၌ ပြင်းထန်စွာ ဖြစ်ပေါ်လျက် ရှိသည်။ မီးဖိုရှေ့မှ ပိတ်၍ ရပ်ထားခြင်းအားဖြင့် ကျွန်တော့်ဆီသို့ အပူငွေ့များ မရောက်ရောက်အောင် လုပ်နေသည် ဟူသော အယူအဆဖြင့် မခံမရပ်နိုင်ဖြစ်လျက် ရှိသည်။ ဤသို့ဖြင့် ကျွန်တော်သည် ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်ကာ သူနှင့် ပခုံးချင်းယှဉ်၍ မီးဖိုရှေ့၌ ရပ်လိုက်သည်။ သူ့ခြေထောက်များ နောက်ဘက်တွင် ရောက်နေသော မီးညှပ် ကောက်ကြီးကို လှမ်းယူကာ မီးဖိုကို မီးတောက်မီးလျှံများ ထလာအောင် ထိုးဆွပေးနေပါသည်။ ထိုအချိန်အထိ ကျွန်တော်သည် သူ့ကို မသိဟန် ဆောင်ထားဆဲ…

"ကိုယ့်လူက မသိဟန်ဆောင်နေတာလား" ဟု ဒရမ္ဗလီက မလိုတမာ သံဖြင့် ပြောသည်။

"အိုး… ဘယ်သူများလဲလို့၊ ခင်ဗျားကိုး" ဟု ကျွန်တော်က မီးညှပ်သံ ကောက်ကြီးကို လက်ကမချသေးဘဲ ရေရွတ်လိုက်ပြီး "ဘယ်သူများမှတ်တယ်။ လက်စသတ်တော့ ခင်ဗျားကိုး၊ ဘယ်လိုလဲ၊ နေကောင်းတယ် မဟုတ်လား၊ ကျွန်တော်က မီးဖိုမီးတွေကို ငြိမ်းအောင် လုပ်ပစ်နေတာ ဘယ်သူများပါလိမ့်လို့ အောက်မေ့တော့၊ လက်စသတ်တော့ ခင်ဗျားဖြစ် နေတာကိုးဗျ"

"ခင်ဗျားက အခုမနက်မှ ရောက်တာထင်တယ် ဟုတ်လား" ဟု ပြောကာ ဒရမ္ဗလီက သူ့ပခုံးစွန်းဖြင့် ကျွန်တော့်ပခုံးကို မသိမသာ တိုက်လိုက်သည်။

"ဟုတ်တယ်" ဟု ပြန်ဖြေလိုက်ပြီး ကျွန်တော့်ပခုံးစွန်းဖြင့် သူ့ပခုံးကို မသိမသာ ပြန်၍ တိုက်လိုက်သည်။

"အတော်ကြီးကို စုတ်ပဲ့ညံ့ဖျင်းတဲ့ နေရာတစ်ခုပါပဲဗျာ" ဟု ဒရမ္ဗလီက ဆိုလာသည်။ "ဒီအရပ်က ခင်ဗျားရဲ့ ဇာတိရပ်ရွာလို့ ထင်တယ်၊ ကျွန်တော်ထင်တာ မှန်ရဲ့လား"

"မှန်ပါတယ်" ဟု ကျွန်တော်က ဝန်ခံလိုက်သည်။ "လူတွေ

ပြောကြတာကတော့ ခင်ဗျားရဲ့ ဇာတိရွာ ယော့ရှိုင်းယားနယ်နဲ့ အလွန်တူတယ် ဆိုပဲ"

"နည်းနည်းလေးမှ မတူပါဘူး.... ကိုယ့်လူရာ" ဟု သူက ပြန်ပြောသည်။

ဒရမ္မလီသည် စကားဆက်မပြောတော့ဘဲ သူ့ဖိနပ်များကို ငုံ့ကြည့်သည်။ ကျွန်တော်ကလည်း ကျွန်တော့်ဖိနပ်များကို ငုံ့ကြည့်သည်။ ထိုအခါ ဒရမ္မလီက ကျွန်တော့်ဖိနပ်များကို လိုက်ပြီး အသေအချာ ကြည့်သည်။ ကျွန်တော်ကလည်း သူ့လိုပင် သူ့ဖိနပ်များကို စေ့စေ့စပ်စပ် ကြည့်နေလိုက်ပါသည်။

"ခင်ဗျား ဒီရောက်နေတာတော်တော်ကြာပြီလား"

မီးဖိုရှေ့မှ တစ်လက်မခန့်ပင် မခွာဟု အပိုင်အနိုင် ဆုံးဖြတ်ထားပြီးဖြစ်သော ကျွန်တော်က သူ့ကို လှမ်းမေးသည်။

"ကြာလွန်းလို့ စိတ်တောင် ကုန်နေပြီ" ဟု သူက ပြန်ဖြေသည်။ တမင်သက်သက် ရွဲ့သည့် အနေဖြင့် ဝါးခနဲတစ်ချက် သမ်းပြလိုက်သေးသည်။ သူကလည်း မီးဖိုရှေ့မှ နည်းနည်းကလေးမှ ခွာမပေးဟု အခိုင်အမာ ဆုံးဖြတ်ထားပုံ ရလေသည်။

"နောက်ထပ်တော်တော်ကြာ နေဦးမှာလား"

"မနေနိုင်ပါဘူးဗျာ၊ ခင်ဗျားကကော နေဦးမှာလား"

"မပြောတတ်သေးဘူး"

ဤအချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံးမှာ ဒေါသစိတ်ဖြင့် ပူထူလျက် ရှိနေပြီ ဖြစ်ရာ အကယ်၍သာ ဒရမ္မလီက နောက်ထပ် ပခုံးစွန်းဖြင့် တိုက်လိုက်မည်ဆိုပါက သူ့အား မီးဖိုထဲသို့ကျသွားအောင် ဆောင့်တွန်း လိုက်မည်ဟု စိတ်ကူးထားခဲ့လေပြီ။ ဒရမ္မလီ၏ မျက်နှာထားနှင့် အပြုအမူကို ကြည့်ရသည်မှာလည်း ကျွန်တော့်ကဲ့သို့ပင် စိတ်ကူးထားပုံ ပေါ်၏။ သူသည် မခန့်တရန့် အမူအရာမျိုးဖြင့် လေချွန်လျက် ရှိရာ ကျွန်တော့် ကလည်း သူ့လိုပင် ပမာမခန့် မျက်နှာထားဖြင့် လေချွန်နေလိုက်ပါသည်

"အလွန်ရွံ့ဗွက်တွေထူတဲ့ စိမ့်မြေတောတွေ အများကြီးရှိလိမ့်မယ် ထင်တယ်။ ဟုတ်လား" ဟု ဒရမ္မလီက စကားစသည်။

"ရှိတယ်လေ၊ ရှိတော့ ဘာဖြစ်လဲ"

ဒရမ္မလီက ကျွန်တော့်မျက်နှာကို လှမ်းကြည့်ပြီး ကျွန်တော့်ဖိနပ်များ ကို ငုံ့ကြည့်သည်။ ပြီးတော့ ရယ်သည်။

"ခင်ဗျားကြည့်ရတာ အတော်ကလေး အူရှင်နေပုံ ပေါ်တယ်"

"မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားထင်သလောက်တော့ အူမရှင်သေးပါဘူး။ အခုပဲ မြင်းစီးပြီး လျှောက်လည်မလားလို့ စဉ်းစားနေတယ်၊ စိမ့်မြေတောကြီးတွေဘက် အပျင်းပြေ ထွက်ကြည့်ရရင် အူများ ပိုရှင် လာမလားလို့ပါ။ သူတို့ ကပြောတော့ ရွာအပြင်ဘက်မှာတဲ့၊ အရက်ဆိုင် ပေါက်စကလေးတွေနဲ့ ပန်းပဲဖိုတွေလည်း မြင်ရမယ်ဆိုပဲ။ ဟေ့ စားပွဲ ထိုး"

"ဟုတ်ကဲ့ပါ ခင်ဗျား"

"ငါ့မြင်းကို ပြင်ခိုင်းထားတာ ပြင်ပြီးပြီလား"

"ပြင်ပြီးလို့ ယူလာခဲ့ပါပြီခင်ဗျာ၊ ဟိုတယ်ရှေ့မှာ အသင့်ရှိနေပါပြီ"

"အေး ကောင်းပြီ၊ ဒီမှာ ဟေ့၊ ကနေ့တော့ သခင်မလေး မလိုက်တော့ဘူး။ ရာသီဥတုက သိပ်မကောင်းဘူးတဲ့ "

"ကောင်းပါပြီ ခင်ဗျား"

"ကနေ့ည ညစာကို ငါ ဒီမှာ မစားဘူးကွ၊ သခင်မလေးအိမ်မှာ သွား စားရလိမ့်မယ်"

"ကောင်းပါပြီခင်ဗျာ"

ထို့နောက် ဒရမ္ဗလီက ကျွန်တော့်ကို အောင်မြင်ဝင့်ကြွားသော မျက်နှာထားဖြင့် ကြည့်နေသည်။ ဤမျက်နှာထားမျိုးကို မြင်ရလေလေ ကျွန်တော့်နှလုံးသားမှာ နာကြည်းလေ။ သူ့ကို ဖမ်းချုပ်ပြီး မီးဖိုကြီးထဲသို့ ပစ်ချလိုက်ချင်သော (ပုံပြင်စာအုပ်ထဲတွင် ဓားပြက အဘွားကြီးကို ပွေ့ပြီး မီးဖိုထဲ ပစ်ချသလို) စိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လျက် ရှိလေသည်။

ကျွန်တော်တို့ နှစ်ဦးသည် တစ်ဦးနှင့် တစ်ဦးကြားတွင် အပြင်းအထန် အမုန်းပွားလျက် ရှိကြသည် ဖြစ်ရာ မီးဖိုရှေ့မှ အလျင်ဆုံးခွာလျှင် လူကြောက်ဟု အထင်ခံရမည်ကို စိုးရိမ်လျက် ရှိကြ၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် မီးဖိုရှေ့၌ ပခုံးချင်းတိုက်၍၊ ခြေထောက်ခြင်းထိ၍၊ လက်များကို နောက်ပစ်၍ ဇွတ်ပေပြီး ရပ်နေကြသည် ဟိုတယ်တံခါးပေါက်နှင့် မနီးမဝေးတွင် ချည်ထားသည့် မြင်းကို လှမ်းမြင်နေရသော်လည်း ဒရမ္ဗလီသည် ရပ်နေသည့် နေရာမှ တစ်လမ်မမှ ခွာဖို့ စိတ်မကူး။ စားပွဲထိုးက ဒရမ္ဗလီကို မြင်းပြင်ပြီးပါပြီဟု လာ၍ သတိပေးသည်။ ကျွန်တော့်ကိုမူ နံနက်စာတွေ အေးကုန်တော့မည်ဟု ပြောသည်။ ကျွန်တော်က ခေါင်းတစ်ချက် ညိတ်ပြပြီး ရပ်မြဲတိုင်း ရပ်နေသည်။

"ခင်ဗျား ကလပ်ကို ရောက်သေးလား" ဟု ဒရမ္ဗလီက မေးလေသည်။

"မရောက်ဘူး။ နောက်ဆုံးတစ်ခေါက် ရောက်ပြီးကတည်းက ဒီကလပ်အပေါ်မှာ စိတ်ကုန်သွားပြီ"

"အေး... ဟုတ်ပြီ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ကြားမှာ အဆင်မပြေဖြစ်ခဲ့ တာ အဲဒီအခေါက်က မဟုတ်လား"

"ဟုတ်တယ်" ဟု ကျွန်တော်က သံပြတ်နှင့် ဖြေသည်။

"သူတို့ က ခင်ဗျားကို ဖျောင်းဖျကြသားပဲဗျာ၊ အမှန်ကတော့ ခင်ဗျား စိတ်တိုဖို့ မသင့်ပါဘူး"

"ဒီမယ် မစ္စတာဒရမ္ဗလီ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ စိတ်မတိုသင့်ဘူးလေး ဘာလေး လုပ်မနေနဲ့၊ ခင်ဗျားဆီက ဘယ်သူကမှ အကြံဉာဏ် မတောင်းဘူး။ အဲဒီတုန်းက ကျွန်တော်စိတ်တိုပေမယ့် ဘယ်သူကမှ ဖန်ခွက်နဲ့ မပေါက်ခဲ့ဘူး.. သိလား"

"ကျွန်တော်ကတော့ ပေါက်ခဲ့တယ် လေ"

ကျွန်တော်က သူ့ကို တစ်ချက်နှစ်ချက်မျှ ဒေါသတကြီးဖြင့် လှမ်းကြည့်လိုက်လေသည်။

"ဒီမယ် ဒရမ္မလီ... ဒီအကြောင်းကို ကျွန်တော်က စပြောခဲ့တာ မဟုတ်ဘူး၊ ဒီအကြောင်းဟာ ပြန်ပြောမနေသင့်တော့ဘူးလို့ ထင်တယ်"

"ကျွန်တော်ကလည်း ခင်ဗျားလိုပဲ ထင်ပါတယ်"

"ဒီလိုဆိုရင်... ကျွန်တော်နဲ့ ခင်ဗျား ရှေ့လျှောက်ပြီး မဆက်ဆံသင့်တော့ဘူးလို့ အကြံပြုပါရစေ"

"ကျွန်တော်ကလည်း အဲသလိုပဲ သဘောရပါတယ်။ ခင်ဗျား အကြံမပြုခင်ကတည်းက ကျွန်တော့်ဘာသာ ကျွန်တော် စဉ်းစားဆုံးဖြတ်သင့်တဲ့ ကိစ္စပါ၊ ဒါပေမဲ့ ခင်ဗျားကို စိတ်မတိုဖို့တော့ ထပ်ပြောပါရစေ၊ စိတ်မတိုဘဲနဲ့တောင် ခင်ဗျားရဲ့ ဆုံးရှုံးမှုဟာ အတော်ကြီး လုံလောက်နေ ပြီး မဟုတ်လားဗျာ"

"လူကြီးမင်း ဘာကို ဆိုလိုပါသလဲ"

"ဟော့... စားပွဲထိုး" ဒရမ္မလီက ကျွန်တော့်မေးခွန်းကို မဖြေဘဲ စားပွဲ ထိုးကို လှမ်းခေါ်သည်။

စားပွဲထိုးက အခန်းထဲသို့ ဝင်လာသည်။

"ဒီမှာ ကနေ့ သခင်မလေး မြင်းစီးမလိုက်ဘူးလို့ ပြောထားတာ နားလည်လား၊ သခင်မလေးအိမ်မှာ ကနေ့ည ညစာသွားစားမယ်ဆိုတဲ့ စကားကိုရော သဘောပေါက်ရဲ့လား"

"ကောင်းကောင်း နားလည်ပါတယ် ခင်ဗျာ"

စားပွဲထိုးသည် ကျွန်တော့် နံနက်စာစားပွဲပေါ်မှ အေးစက်နေပြီဖြစ်သော လက်ဖက်ရည်အိုးကို လက်ဖဝါးဖြင့်အုပ်၍ စမ်းကြည့်လိုက်ပြီး ကျွန်တော့်မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်ကာ အပြင်သို့ ပြန်ထွက်သွားသည်၊ ဒရမ္မလီသည် ကျွန်တော့်ပခုံးနှင့် ထိမိနေသော သူ့ပခုံးကို ကွာမ သွားအောင် သတိထားပြီး အိတ်ကပ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်၍ပါးစပ်ဖြင့် ကိုက်ဖြတ်လိုက်သည်။ သူရပ်နေသည့် နေရာမှ ထွက်သွားမည့် အရိပ်အခြည်ကိုမူ နည်းနည်းကလေးမှ မပြ၊ သူ့အပြုအမူများကို ကြည့်ကာ ကျွန်တော့်တစ်ကိုယ်လုံး ပူထူလျက် ရှိသည်။ ကျွန်တော်တို့ စကားဆက်ပြောရန် မသင့်တော့ဟု ထင်သည်။ ဆက်၍ ပြောမည် ဆိုပါက အက်စတယ်လာ၏ နာမည်ပါလာပေတော့မည်။ သူ့ပါးစပ်မှ အက်စတယ်လာဟူသော အမည်ခေါ်သံကို ကျွန်တော် ကြားလိုစိတ် မရှိ။ ကျွန်တော်သည် ကိုယ့်စိတ်ကို တင်းကာ ရေငုံနှုတ်ပိတ် ဖြစ်နေအောင် အားထုတ်ပါသည်။ ကျွန်တော်သည် မျက်နှာချင်းဆိုင်တည့်တည့်မှ နံရံ ကိုသာ စိုက်ကြည့်နေသည်။ အနီးတွင် လူတစ်ယောက်မှ မရှိသည့် ပုံစံမျိုး၊ ကျွန်တော်တို့ နှစ်ယောက်သည် ဤပုံစံ ဤအနေအထားဖြင့် မည်မျှလောက်ကြာကြာ ရပ်နေမိကြသည် ကို မသိပါ။ နောက်ဆုံးတွင် အခန်းထဲသို့ လယ်သမားသုံးယောက် ဝင်လာသည်။ စားပွဲထိုးက လိုက်၍ နေရာချပေးနေသည် ကို တွေ့ရ၏။

လယ်သမားများသည် သူတို့၏ အပေါ်ဝတ်အနွေးထည်ကြီးများကို ချွတ်၍ ချိတ်ကာ မီးဖိုဆီသို့ ရောက်လာကြသဖြင့် ကျွန်တော်တို့မှာ ရပ်နေသောနေရာမှ မဖယ်ပေး၍ မဖြစ်တော့သည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့လေသည်။

ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ ဆောင့်ကြွားကြွား အမူအရာဖြင့် မြင်းပေါ်သို့ တက်နေသော ဒရမ္ဗလီကို မြင်ရသည်။ ထို့နောက် မျက်စိအောက်မှ ပျောက်သွားပြီး တစ်ခဏမျှအကြာတွင် ပြန်ပေါ်လာသည် သူ့ပါးစပ်တွင် ခဲထားသည့် ဆေးပြင်းလိပ်ကို ညှိရန် မီးလှမ်းတောင်းသံကို ကြားလိုက်ရ၏။ အရောင်ခပ်ညစ်ညစ် ခပ်မွဲမွဲ အဝတ်အစားများကို ဝတ်ထားသည့် လူတစ်ယောက် ပေါ်လာသည်။ ဘယ်နေရာက ထွက်လာလိုက်သည် ကို ကျွန်တော် မမြင်လိုက်ပါ။ ဟိုတယ်ဝင်းထဲကလား၊ လမ်းပေါ်ကလား၊ ဘယ်နေရာကမှန်း မသိ။ ဒရမ္ဗလီက မြင်းပေါ်မှ ငုံ့၍ မီးလှမ်းညှိပြီး ရယ်လိုက်သည်။ ပြီးတော့ ကော်ဖီဆောင် ခန်းမဘက်သို့ ခေါင်းတစ်ချက် ဆတ်ပြလိုက်သည် ကိုလည်း တွေ့လိုက်ရ၏။ သူ့ဘက်သို့လှည့်၍ ရပ်နေသောလူသည် ပခုံးခပ်ကိုင်းကိုင်း ဆံပင်ခပ်ကြမ်းကြမ်း၊ ကျွန်တော် မြင်နေရသော ထိုလူ၏ ကျောမှာ အောလစ်နှင့် တူသလိုလို...။

ထိုစဉ်ကတော့ ကျွန်တော်မြင်လိုက်ရသောလူသည် အောလစ် ဟုတ်,မဟုတ် သိအောင် အားထုတ်ဖို့ သတိမရ။ နံနက်စာကို အမြန်ဆုံးစားဖို့ က သတိရသည်။ ထို့နောက် ကျွန်တော့်အနေဖြင့် လုံးဝခြေမချခဲ့ဘူးလျှင်၊ လုံးဝမမြင်ခဲ့ဘူးလျှင် အကောင်းဆုံးဖြစ်မည်ဟု အမြဲတစေ တွေးထင် ခဲ့မိသော အိမ်အိုကြီးဆီသို့ ထွက်လာခဲ့လေသည်။

*****

မှန်တင်ခုံကြီးရှိသော နံရံစင်များ ပေါ်တွင် ဖယောင်းတိုင်များ အစီအရီ ထွန်းထားသော အခန်းထဲတွင် မစ္စဟေဗီရှမ်နှင့် အက်စတယ်လာတို့ ကို တွေ့ရသည်။ မစ္စဟေဗီရှမ်သည် မီးဖိုအနီးရှိ ဆက်တီကုလားထိုင်း တစ်လုံးတွင် ထိုင်နေသည်။ အက်စတယ်လာကတော့ မစ္စဟေဗီရှမ်ခြေရင်းရှိ ကူရှင်ကုလားထိုင်လေးပေါ်တွင် ထိုင်ကာ ဇာထိုးလျက် ရှိ၏။ မစ္စဟေဗီရှမ်သည် အက်စတယ်လာ လုပ်သမျှကို စိတ်ဝင်တစား ကြည့်လျက် ရှိလေသည်။ ကျွန်တော် ဝင်သွားသောအခါ နှစ်ဦးစလုံးက မော့ကြည့်သည်။ သိသိသာသာကြီး ပြောင်းလဲနေသော ကျွန်တော့်အဖြစ်ကို နှစ်ဦးစလုံးက သတိထားမိဟန် တူ၏။ ကျွန်တော့်ကို ကြည့်ပြီးလျှင်ပြီးချင်း သူတို့ချင်း ပြန်ကြည့်လိုက်သည့် အကြည့်များက ထိုအချက်ကို ဖော်ပြလျက် ရှိလေသည်။

"ဘယ်လေက တိုက်လွှတ်လိုက်လို့ မင်း ဒီကို ရောက်လာရတာလဲ ပစ်ပ်" ဟု မစ္စဟေဗီရှမ်က မေးသည်။

"မစ္စဟေဗီရှမ်သည် ကျွန်တော့်ကို တည်တည်ငြိမ်ငြိမ်နှင့် ကြည့်လျက်ရှိသော်လည်း မျက်နှာထားကတော့ အလွန်စဉ်းစားရခက်သည့် အရိပ်လက္ခဏာကို ဖော်ပြနေသည်။ အက်စတယ်လာ ကတော့ ဇာထိုးရပ်လိုက်ပြီး ကျွန်တော့်ကို အတန်ကြာမျှ ငေးကြည့်နေသည်။ ထို့နောက် သူ့အလုပ်ကို ဆက်လုပ်နေသည်။ သူ့လက်ချောင်းများ၏ လှုပ်ရှားမှုများက ကျွန်တော့်ကျေးဇူးရှင် မည်သူမည်ဝါ ဖြစ်သည် ကို ကျွန်တော် သိသွားပြီ ဟု နားလည်နေကြောင်း ဖော်ပြလျက် ရှိလေသည်။

"ကျွန်တော် မနေ့က ရစ်ချ်မွန်ရပ်ကွက်ကို ရောက်ခဲ့တယ်။ အက်စတယ်လာနဲ့ စကားပြောစရာရှိလို့ သွားခဲ့တာပါ။ အဲဒါ လေတစ်ခု တိုက်လွှတ်လိုက်လို့ အက်စတယ်လာ ဒီကိုရောက်သွားတာ သိခဲ့ရပါတယ်။ ဒါကြောင့် မို့ ကျွန်တော် ဒီကို လိုက်လာတာပါ မစ္စဟေဗီရှမ်"

မစ္စဟေဗီရှမ်က ကျွန်တော့်ကို ထိုင်ရန် လက်ပြသည်။ ကျွန်တော်က မှန်တင်ခုံကြီးရှေ့မှ မစ္စဟေဗီရှမ် ထိုင်နေကျ ကုလားထိုင်ကြီးတွင် ဝင်ထိုင်သည်။

"အက်စတယ်လာနဲ့ ပြောမယ့်စကားတွေကို မစ္စဟေဗီရှမ်ရှေ့မှာပဲ ကျွန်တော် ပြောပါမယ်။ ကျွန်တော် အခုပြောမယ့်စကားတွေကို ကြားရရင် အံ့သြချင် အံ့သြကြပါလိမ့်မယ်။ ကြိုက်ချင်မှလည်း ကြိုက်ပါလိမ့်မယ်။ ကျွန်တော်ဟာ ခင်ဗျားတို့ နားမလည်နိုင်လောက်အောင် စိတ်မချမ်း မသာ ဖြစ်နေရပါတယ်။

မစ္စဟေဗီရှမ်သည် ကျွန်တော့်ကို မျက်ခြည်မပြတ် စိုက်ကြည့်နေသည်။ အက်စတယ်လာ၏ လက်ချောင်းများကတော့ အရှိန်မပျက် လှုပ်ရှားဆဲ ဖြစ်၏။ သူသည် ကျွန်တော့်ကို မော့၍ပင် မကြည့်။ သို့သော်လည်း ကျွန်တော် ဆက်ပြောမည့် စကားများ အပေါ်တွင် စိတ်ဝင်တစား နှင့် နားစွင့်နေမှန်းကား သိသာလျက် ရှိလေသည်။

"ကျွန်တော့်ကျေးဇူးရှင် ဘယ်သူဆိုတာ သိရပါပြီ။ ကံကောင်းတဲ့ တွေ့ရှိခြင်းမျိုးတော့ မဟုတ်ပါဘူး။ အခုလို သိလိုက်ရတဲ့ အတွက် ကျွန်တော့်မှာ ဂုဏ်သိက္ခာလည်း တက်မလာပါဘူး။ အဆင့်အတန်းလည်း မြင့်မားမလာပါဘူး။ တကယ်တော့ ကျွန်တော့်အနေနဲ့ ဒီအကြောင်းကိုထပ်ပြီး ပြောမနေချင်ပါဘူး။ မပြောချင်တာကဟာလည်း အကြောင်းရှိပါတယ်။ အမှန်က ဒီကိစ္စဟာ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက် မဟုတ်ပါဘူး။ တခြားသော ပုဂ္ဂိုလ်တစ်ဦးရဲ့ လျှို့ဝှက်ချက်ကြောင့်ပါ"

ကျွန်တော်က စကားကို မဆက်သေးဘဲ အက်စတယ်လာကို စေ့စေ့ကြည့်ကာ ဘယ်လို ပြောရလျှင် ကောင်းလေမလဲဟု စဉ်းစားကြံဆလျက်ရှိသည်။ "ဒီကိစ္စဟာ မင်းရဲ့ လျှို့ဝှက်ချက် မဟုတ်ဘူး။ တခြားသော ပုဂ္ဂိုလ်တစ်ဦးရဲ့ လျှို့ဝှက်ချက်လို့ ဆိုတယ်။ အဲဒါဘာလဲ" ဟု မစ္စဟေဗီရှမ်က မေးသည်။

"ဘယ်တော့မှ ခွဲခွာချင်စိတ်မရှိတဲ့ ဟောဟိုဘက်က ကျွန်တော့်ရွာကလေးမှာ ကိုယ့်ဘာသာကိုယ် စိတ်အေးနားအေး နေခဲ့ရာက ခင်ဗျားခေါ် လို့ ဒီအိမ်ကြီးကို ရောက်လာခဲ့ရပါတယ်။ အဲသလို ရောက်လာတော့လည်း ကျွန်တော်ဟာ တခြားလူငယ်တွေလိုပဲ ငါ့ကို အခုလိုခေါ်ပြီး ခိုင်းတဲ့ အတွက် တစ်နေ့နေ့မှာ မစ္စဟေဗီရှမ်က ခံစားခွင့်တစ်ခုခုတော့ ပေးမှာပဲ လို့ မျှော်လင့်ခဲ့မိပါတယ်"

"ဩော်... ဟုတ်ပြီ။ မင်းက မျှော်လင့်ချက် ထားခဲ့ပေသကိုး" ဟု မစ္စဟေဗီရှမ်က ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောသည်။

"ပြီးတော့ မစ္စတာဂျက်ဂါးကလည်း ..."

"မစ္စတာဂျက်ဂါးက ဘာဖြစ်လို့လဲ၊ ဒီကိစ္စမှာ သူက ဘာဆိုင်တာမှတ်လို့၊ ဘာမှလည်း ဝင်မလုပ်ဘူး။ ဘာမှလည်း မသိဘူး။ သူက ရှေ့နေ။ ပြီးတော့ မင်းကျေးဇူးရှင်ရဲ့ ရှေ့နေ၊ ဒါပဲ၊ ဒါလည်း မတော်တဆတိုက်ဆိုင်မှု တစ်ခုပါကွယ်။ သူ့အနေနဲ့ အမှုသည် က အမှုအပ်ရင် လက်ခံတဲ့ သဘောပဲ၊ ဒီလိုအဖြစ်မျိုးဟာ အများကြီးရှိနေတာပဲ။ ရှိလည်း ရှိနိုင်တာပဲ၊ ဒီလိုဖြစ်တာနဲ့ သူ့ကို ဆွဲထည့်လို့တော့ ဘယ်ဖြစ်ပါ့မလဲ"

"ဒါပေမဲ့ ကျွန်တော်က မစ္စဟေဗီရှမ်ကို ကျေးဇူးရှင်ရယ်လို့ တလွဲထင်နေတဲ့ အခါ သူကလည်း ဖွင့်ဟမပြောဘဲ ငြိမ်နေခဲ့တယ်။ မစ္စဟေဗီရှမ် ကလည်း အထင်လွဲနေတာကို မလွဲအောင် အရိပ်အမြွက်လောက်တောင် မပြခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ်လေ... မင်းထင်နေတဲ့ အတိုင်းပဲ လွှတ်ထားခဲ့တယ်။ အဲ ဒါ ဘာဖြစ်သလဲ"

"အဲဒီအလုပ်မျိုးဟာ တစ်ဖက်သားအပေါ်မှာ ကြင်နာသနားရာ ရောက်ပါသလား ခင်ဗျား"

"အံမယ်.... မင်က ငါ့ကို ဘာများ ထင်နေသလဲ" မစ္စဟေဗီရှမ်က သူ့ လက်ထဲမှ တုတ်ဖြင့် ကြမ်းပြင်ကိုခေါက်၍ ဒေါသတကြီး အော်ပြောသည်။

မမျှော်လင့်ဘဲနှင့် ပေါက်ကွဲလာသော မစ္စဟေဗီရှမ်၏ ဒေါသကြောင့် အက်စတယ်လာက မော့ကြည့်သည်။ "ငါ့ကို ဘယ်လိုအစားမျိုး ထင်နေပါလိမ့်ကွယ်၊ ငါက ဘယ်သူ့ကို ဘာကြောင့် သနားရမှာလဲ ဟဲ့"

အမှန်တော့ ကျွန်တော့်စွပ်စွဲချက်သည် ခိုင်လုံသည် မဟုတ်။ အဓိပ္ပာယ်ရှိသည် ဟုလည်း မဆိုနိုင်။ မစ္စဟေဗီရှမ်သည် တစ်စုံတစ်ခုကို တွေးနေသည့် နှယ် ငြိမ်နေသည်။ အတန်ကြာမှ "ကဲ... ကဲ၊ ထားပါတော့၊ နောက်ထပ် ပြောစရာ ဘာရှိသေးသလဲ" ဟု ပြောသည်။

"ကျွန်တော် ဒီကို မကြာမကြာ လာခဲ့ရတဲ့ အတွက် ထိုက်သင့်တဲ့ အဖိုးအခကို ရက်ရက်ရောရော ပေးခဲ့ပါတယ်။ နောက်ဆုံး ပန်းပဲဖိုမှာ လက်ထောက်ပညာသင်အဖြစ်အထိ ချီးမြှင့်ခဲ့ပါတယ်။ အဲဒီဘဝက တစ်ဆင့်တက်လာတဲ့ အခါကျတော့ ကျွန်တော့်အနေနဲ့ ကျွန်တော့်ကို ကူညီမစနေသူဟာ မစ္စဟေဗီရှမ်ပဲ ဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိပါတယ်။ မစ္စဟေဗီရှမ်ရဲ့ အတ္တအားကြီးတဲ့ ဆွေမျိုးတစ်စုကလည်း ကျွန်တော်ထင်သလိုပဲ ထင်ပြီး ကျွန်တော့်အပေါ်မှာ မနာလိုဝန်တို ဖြစ်ခဲ့ကြပါတယ်။ မစ္စဟေဗီရှမ်ကလည်း အမှန်ကို ဖွင့်ဟမပြောဘဲ ဒီအတိုင်း ထားခဲ့ပါတယ်"

"ဟုတ်တယ်လေ၊ မပြောဘဲ ထားခဲ့တယ်။ အဲဒါ ဘာဖြစ်လဲ၊ မင်းနဲ့ ငါ့ ဆွေမျိုးတွေ အထင်အမြင် လွဲတာ ငါ့အပြစ်လား၊ မင်းတို့ ဘာသာ မင်းတို့ ပြန်မိနေတာပဲဟာ၊ ငါလုပ်တဲ့ ထောင်ချောက်လည်း မဟုတ်ဘူး။ ငါချထားတဲ့ ထောင်ချောက်လည်း မဟုတ်ဘူး။ ငါက ဘာတတ်နိုင်မှာလဲ"

မစ္စဟေဗီရှမ်သည် ပြောရင်းပြောရင်းက ဒေါသတကြီး ဖြစ်လာသည်။ ကျွန်တော်သည် သူ စိတ်ငြိမ်သွားသည် အထိ စကားဆက်မပြောသေးဘဲ စောင့်နေသည်။ သူ စိတ်ပြေပြီဟု ယူဆနိုင်လောက်သည့် အချိန်ကျ မှပင် ပြောစရာရှိနေသမျှကို ဆက်ပြောပါသည်။

"ကျွန်တော်ဟာ အကြောင်းအားလျော်စွာပဲ မစ္စဟေဗီရှမ်ရဲ့ ဆွေမျိုး တစ်ဦးဆီမှာ နေခွင့်ရပါတယ်။ ကျွန်တော် လန်ဒန်ကို ရောက်သွားချိန် ကစပြီး နေခဲ့ရတာဆိုတော့ သူတို့ အကြောင်းကို ကောင်းကောင်းကြီး သိခဲ့ရပါတယ်။ မစ္စဟေဗီရှမ်အနေနဲ့ လက်ခံနိုင်သည် ဖြစ်စေ လက်မခံနိုင်သည် ဖြစ်စေ ကျွန်တော်ကတော့ ဒီကိစ္စကို ပြောရပါလိမ့်မယ်။ တကယ်လို့ ကျွန်တော့် စိတ်ထဲမှာ ရှိနေတဲ့ အတိုင်း ပြောမပြခဲ့ဘူးဆိုရင် ကျွန်တော် လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်တစ်ခု လျစ်လျူရှုရာ ရောက်သွားပါ လိမ့်မယ်။ ကျွန်တော် သိရသလောက်ဆိုရင် သူတို့ဟာ အင်မတန်မှ ရိုးသားဖြောင့်မတ်ကြပါတယ်။ အထူးသဖြင့် မစ္စတာမက်သယူးပေါ့ကက်နဲ့ သူ့သား ဟားဘတ်တို့ ဟာ ရိုးသားတယ်၊ ဖြောင့်မတ်တယ်။ ပွင့်လင်းတယ်။ စိတ်နေစိတ်ထား ဖြူစင်ကြတယ်"

"သူတို့ က မင့်မိတ်ဆွေတွေကိုးကွဲ့" ဟု မစ္စဟေဗီရှမ်က ငေါ့တော့တော့လေသံဖြင့် ပြောသည်။

"မစ္စဟောဗီရှမ်ရဲ့ တခြားဆွေမျိုးတွေဖြစ်တဲ့ ဆာရာပေါ့ကက်တို့ မစ္စ ဂျော့ဂျီးယားနား တို့ ကာမီလာတို့ လူစုက ကျွန်တော့်ကို ရန်သူလို့ မြင်နေကြတဲ့ အချိန်မှာ သူတို့သားအဖက ကျွန်တော့်ကို မိတ်ဆွေလို သဘောထားခဲ့ကြပါတယ် ခင်ဗျာ"

ကျွန်တော်က ဤကဲ့သို့ နှိုင်းယှဉ်၍ ပြောပြလိုက်သည့် အခါ မစ္စဟော ဗီရှမ်၏ မျက်နှာထားသည် ကျေနပ်သည့် အမူအရာကို ဖော်ပြလျက် ရှိသည်။ သူသည် ကျွန်တော့်မျက်နှာကို စိတ်ဝင်တစား စူးစူးစိုက်စိုက် ကြည့်နေသည်။

"မင်းက သူတို့သားအဖအတွက် ဘာများ လိုချင်နေလို့လဲ"

"ဩော်... တခြားတော့ မဟုတ်ပါဘူး။ သူတို့ကို တခြားဆွေမျိုးတွေနဲ့ ရောပြီး အထင်မမှားစေချင်ပါဘူး။ သူတို့ ဟာ သွေးချင်းတူပေမယ့် စိတ် နေသဘာဝချင်း လုံးဝ မတူပါဘူး။ ကျွန်တော် ပြောတာကို ယုံပါ"

သူသည် ကျွန်တော့်မျက်နှာကို အလွန်စိတ်ဝင်စားဟန်ဖြင့် ဆက်၍ ကြည့်နေရာမှ ထပ်ပြောသည်။

"မင်း.. သူတို့ အတွက် ဘာများ လိုချင်သလဲ"

"ကျွန်တော်က သိပ်ပြီး လူရည်လည်တဲ့ လူတစ်ယောက် မဟုတ်ဘူး ဆိုတာ မစ္စဟောဗီရှမ်လည်း သိမှာပါ" ဟု ကျွန်တော်က ပြောသည်။ ကျွန်တော့်မျက်နှာမှာ မသိမသာ နီမြန်းလျက် ရှိနေသည် ကို သတိထားနေမိသည်။ "ကျွန်တော့်အနေနဲ့ မစ္စဟောဗီရှမ်ကို အသိမပေးဘဲ ဖုံးမထားချင်ပါဘူး။ သူတို့ အတွက် တစ်ခုခုတော့ လုပ်ပေးစေချင်ပါတယ် မစ္စဟောဗီရှမ်။ တကယ်လို့ ကျွန်တော့်သူငယ်ချင်း ဟားဘတ်အတွက် ငွေကြေးအထိုက်အလျောက် သုံးစွဲပေးနိုင်မယ် ဆိုရင်ပေါ့လေ။ ဒါပေမဲ့ ဒီကိစ္စက သူ့ကို အသိမပေးဘဲ ကူညီရမယ့်သဘော ရှိနေပါတယ်။ ကူညီမယ် ဆိုရင်တော့ ကျွန်တော်ကပဲ ကူညီရမယ့်နည်းလမ်းကို ပြောပြပါမယ်"

"ဘာ့ကြောင့် သူ့ကို အသိမပေးဘဲ လုပ်စေချင်ရတာလဲ" မစ္စဟောဗီရှမ်က လက်နှစ်ဖက်ဖြင့် သူ့တုတ်ကို ဆုပ်၍ ကိုင်လိုက်ပြီး မေးသည်။

"ဘာ့ကြောင့်လဲဆိုတော့ ဒီအလုပ်ကို စခဲ့သူဟာ ကျွန်တော်ပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်လောက်က စခဲ့တာပါ။ သူ့ကို အသိမပေးခဲ့ပါဘူး။ အခုအချိန်ကျမှတော့ သူ့ကို အသိမပေးချင်တော့ပါဘူး။ ကျွန်တော် ဆက်ပြီး တာဝန်ယူဖို့ ရည်ရွယ်ထားခဲ့ပေမယ့် အခြေအနေက မပေးတော့တဲ့ အတွက် တာဝန်မယူနိုင်တော့ပါဘူး။ အခြေအနေ ဘာကြောင့် မပေး တာလဲဆိုတဲ့ အချက်ကိုလည်း ကျွန်တော် ရှင်းမပြနိုင်ပါဘူး၊ ဒီကိစ္စဟာလည်း တခြားပုဂ္ဂိုလ်တစ်ဦးရဲ့ လျှို့ဝှက်ချက်နဲ့ ဆက်စပ်နေပါတယ်။ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်တော့ မဟုတ်ပါဘူး"

ကျွန်တော့်ကို စူးစိုက်ကြည့်နေသော မစ္စဟောဗီရှမ်၏ မျက်လုံးများသည် မီးဖိုဆီသို့ ရောက်သွားသည်။ ထိုမှ တစ်ဆင့် နံရံကပ်စင်များဘက်မှ ဖယောင်းတိုင်များ ဆီသို့ ကူးပြောင်း သွားသည်။ ထို့နောက် မီးဖိုထဲ မှ တရဲရဲ

တောက်နေသော ကျောက်မီးသွေးခဲများကို အတန်ကြာမျှ စိုက်ကြည့်နေပြန်သည်။ သူ့မျက်လုံးများ၏ အကြည့်သည် နောက်ဆုံးတွင် ကျွန်တော့်ထံ ပြန်ရောက်လာသည်။ ပထမတော့ အသက်မရှိသည့် အကြည့်။ နောက်တော့ တဖြည်းဖြည်းနှင့် စိတ်ဝင်စားသည့် အကြည့်သို့ ကူးပြောင်းသွားသည်။ ငြိမ်ဆိတ်နေသည့် တစ်ချိန်လုံးလိုလိုပင် အက်စတယ်လာသည် ဇာအထိုးမပျက်။

"တခြား ဘာပြောစရာ ရှိသေးလဲ"

"အက်စတယ်လာ" ကျွန်တော်က မျက်နှာကို အက်စတယ်လာဘက် လှည့်ပြီး ခေါ်လိုက်သည်။ တုန်ယင်နေသော အသံကို သူရိပ်မိမသွားအောင် တတ်နိုင်သမျှ ထိန်းချုပ်ထားပါသည်။ "ငါ မင့်ကို ချစ်နေတယ် ဆိုတာ မင်း သိပြီးသားပါ။ ငါ မင့်ကို ချစ်လာတာ ကြာပါပြီ။ ဒါကိုလည်း မင်း သိပြီးသားပါ၊ မင့်အပေါ်မှာ ဘယ်လောက်အထိ နှစ်နှစ်ကာကာ ချစ်တယ်ဆိုတာလည်း မင်း သိပါတယ်"

သူ့ကိုဦးတည်၍ ပြောလိုက်သည့် စကားများကို ကြားသောအခါ အက်စတယ်လာက မျက်လုံးများကို လှန်၍ ကြည့်သည်။ ဇာထိုးနေသော သူ့လက်များသည် ရပ်တန့်သွားခြင်း မရှိ။ ကျွန်တော့်အား ကြည့်နေသည့် မျက်နှာထားကလည်း တုန်လှုပ်ခြင်း ကင်းမဲ့လှပေသည်။ မစ္စဟောဗီရှမ်သည် ကျွန်တော့်ကို ကြည့်နေရာမှ အက်စတယ်လာဘက်သို့ လှမ်းကြည့်သည်။ ထို့နောက် သူ့အကြည့်သည် အက်စတယ်လာထံမှ ကျွန်တော့်ထံသို့ ပြန်ရောက်လာသည်။

"ငါ ဒီစကားကို ပြောသင့်နေတာ ကြာပါပြီ။ ဒါပေမဲ့ အထင်အမြင် လွဲမှားမှုကြောင့် မပြောဖြစ်ခဲ့ဘူး။ မစ္စဟောဗီရှမ်က တစ်နေ့ကျရင် တို့နှစ်ယောက်ကို ပေးစားလိမ့်မယ်ဆိုတဲ့ အထင်ကြောင့်လည်း မပြောဖြစ်ခဲ့တာပါ။ နောက်ကျတော့လည်း မင့်ဘဝမင်း မဖန်တီးနိုင်တဲ့ မင့်အခြေအနေကို သိရလို့ မပြောတော့ပါဘူးဆိုပြီး အောင့်အည်းခဲ့ရပြန်တယ်။ ဒါပေမဲ့ အခုတော့ မပြောလို့ မဖြစ်တော့ဘူး"

အက်စတယ်လာ၏ မျက်နှာထားသည် နည်းနည်းကလေးမှ ပြောင်းလဲသွားခြင်း မရှိ။ သူ့လက်ချောင်းများကလည်း တစ်ချက်ကလေးမှ ရပ်တန့်သွားခြင်း မရှိ။ ကျွန်တော့်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး ခေါင်းယမ်းသည်။

"ငါ သိပါတယ်" ဟု ကျွန်တော်က သူ ခေါင်းယမ်းပြနေသည် ကို အဖြေပေးသည့် သဘောဖြင့် လှမ်းပြောလိုက်ပါသည်။ "ငါသိပါတယ်၊ မင်း ငါ့ချစ်သူ ဖြစ်လာဖို့ ကတော့ မျှော်လင့်ချက် မရှိတော့ပါဘူး အက်စတယ်လာ။ ငါ့ဘဝဟာလည်း မကြာခင်မှာ ပြောင်းလဲသွားတော့မှာပါ။ ဘယ်လိုအပြောင်းအလဲမျိုးနဲ့ ကြုံရမယ်ဆိုတာတော့ ငါလည်း မခန့်မှန်း နိုင်ပါဘူး။ ဘယ်လောက်ထိ ဆင်းရဲသွားမယ်ဆိုတာလည်း မသိပါဘူး။ ဘယ်အရပ် ဘယ်ဒေသကို ရောက်သွားလိမ့်မယ်ဆိုတာလည်း မပြောနိုင်ပါဘူး။ ဒါပေမဲ့ ငါက အခုအချိန်ထိ မင်းကို ချစ်နေတုန်းပါပဲ အက်စတယ်လာ၊ ငါ မင့်ကို ဒီအိမ်ကြီးမှာ

ပထမဆုံးအကြိမ် မြင်ရတဲ့ နေ့ကစပြီး ချစ်လာခဲ့တာပါ"

ကျွန်တော့်အား ကြည့်နေသော အက်စတယ်လာ၏ မျက်နှာသည် နည်းနည်းကလေးမှ တုန်လှုပ်ခြင်း မရှိ၊ စောစောကအတိုင်းပင် ဖြစ်သည်။ သူ့လက်ချောင်းများကလည်း ဆက်လက်လှုပ်ရှားမြဲ လှုပ်ရှားဆဲပင် ဖြစ်၏။ သူသည် နောက်တစ်ကြိမ် ထပ်၍ ခေါင်းယမ်း ပြန်လေသည်။

"အရွယ်နုနယ် ငယ်ရွယ်သေးတဲ့ သူငယ်လေးတစ်ယောက် မမျှော်လင့်သင့်တာတွေ မျှော်လင့်နေအောင် မက်လုံးပေးပြီး လှည့်စားခဲ့တဲ့ မစ္စဟေဗီရှမ်ရဲ့ လုပ်ရပ်ဟာ ကြောက်စရာ ကောင်းအောင် ရက်စက်လှပါတယ်။ တကယ်လို့ သူ့အနေနဲ့ သူလုပ်ခဲ့သမျှ လုပ်ရပ်တွေကို ပြန်ပြီး ဆင်ခြင်သုံးသပ်ကြည့်နိုင်မယ်ဆိုရင် လုံးဝမရနိုင်တဲ့ အရာတစ်ခုနောက်က အချိန်တွေ အကုန်ခံပြီး တကောက်ကောက် လိုက်နေအောင် လုပ်ထားခြင်းဟာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် နှိပ်စက်ခြင်း တစ်မျိုးပါလားလို့ သဘောပေါက်လာမှာပါ၊ ဒါပေမဲ့ မစ္စဟေဗီရှမ်ဟာ အဲသလို ဆင်ခြင် သုံးသပ်နိုင်လိမ့်မယ်လို့ မထင်ပါဘူး။ သူကိုယ်တိုင် ခံစားနေရတဲ့ ဒုက္ခက ကြီးလေတော့ ငါ့ဒုက္ခကို သူ ကိုယ်ချင်းမစာနိုင်တော့ဘူးပေါ့... အက်စတယ်လာရယ်"

မစ္စဟေဗီရှမ်သည် လက်တစ်ဖက်ဖြင့် သူ့ရင်ဘတ်ကို ဖိကာ အက်စတယ်လာကို ကြည့်လိုက်.. ကျွန်တော့်ကို ကြည့်လိုက်နှင့် ငေးကြောင်ကြောင် ဖြစ်လျက် ရှိလေသည်။

အက်စတယ်လာကတော့ ဣန္ဒြေတစ်ချက် မပျက်။ အလွန်အေးဆေး တည်ငြိမ်သော အသံဖြင့် "ခံစားမှုတွေလို့ပဲ ခေါ်ရမလား၊ ဒါမှမဟုတ် စိတ်ကူးယဉ်မှုတွေလို့ပဲ ပြောရမလား မသိဘူး။ ကိုယ်ကိုယ်တိုင် ကမှ ခွဲခြားပြီး နားမလည်တော့လည်း ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူးလေ။ ရှင်က ကျွန်မကို ချစ်တယ်လို့ ပြောလိုက်တဲ့ အခါမှာ စကားလုံး ရဲ့ အနက် အဓိပ္ပာယ်အနေနဲ့ ကတော့ ဘာဆိုလိုတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ ကျွန်မနှလုံးသားကိုတော့ လုံးဝထိတွေ့ရိုက်ခတ်မှု မရှိတာ အမှန်ပဲ၊ ကျွန်မ မတုန်လှုပ်တော့ဘူး။ ရှင်ပြောသမျှ အားလုံးကို ကျွန်မ အလေးအနက်ထားလို့ မရတော့ဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်မ ရှင့်ကို ကြိုတင်ပြီး သတိပေးခဲ့ဖူးတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ မင်း သတိပေးခဲ့ဖူးပါတယ်"

"ဒါပေမဲ့ ရှင်က ကျွန်မ သတိပေးတာကို လက်မခံခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မ အမှန်တကယ် ပြောနေတာလို့ ရှင်မယုံခဲ့ဘဲကိုး။ ကဲ.. . အခုတော့ လက်တွေ့သိရပြီ မဟုတ်လား"

"ငါ့အနေနဲ့ မင်းပြောတဲ့ စကားကို ဘယ်လိုလုပ်ပြီး ယုံနိုင်မှာလဲ အက်စတယ်လာရယ်၊ အသက်ကလည်း ငယ်ငယ်၊ ရုပ်ရည်ကလည်း အလွန်ချော၊ အလွန်လှ၊ အလွန်ချစ်စရာကောင်းဆိုတဲ့ မင်းလိုမိန်းကလေးမျိုးမှာ ချစ်တတ်ခင်တတ် ကြင်နာတတ်တဲ့ စိတ်မရှိဘူးဆိုတာ ယုံနိုင်စရာမှ မဟုတ်တာ၊

ဒါဟာ သဘာဝတရားနဲ့ ယှဉ်ပြီး စဉ်းစားရင် ရှိမှ မရှိနိုင်တာမျိုးပဲ" "ကျွန်မရဲ့ သဘာဝမှာတော့ ရှိနေတယ်လေ" ဟု အက်စတယ်လာက ပြန်ပြောသည်။ ထို့နောက် သူ့စကားကို အလေးအနက်ပြုသည့်သဘောဖြင့် ထပ်၍ ပြောပြန်သည်။ "ကျွန်မမှာတော့ ဒီစိတ်ဟာ ကျွန်မကိုယ်ထဲမှာ သဘာဝတရားအရ ဖွံ့စည်းဖြစ်ပေါ်လာရတဲ့ သဘောပဲ၊ ဒါပေမဲ့ တခြား ယောကျ်ားတွေ နဲ့ ရှင့်ကြားမှာ အကြီးအကျယ် ခြားနားမှု ရှိတယ်ဆိုတာကို ကျွန်မ အသိအမှတ် ပြုခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒါ လောက်ပဲ တတ်နိုင်တယ်။ ဒီထက်ပိုပြီး ဘာမှ လုပ်မပေးနိုင်ဘူး"

"ဘင့်တလေဒရမ္ဗလီ မြို့ထဲရောက်နေတာဟာ မင်းနဲ့ပါလာတာလို့ ပြောကြတယ်။ အဲဒီသတင်းကတော့ မမှန်ဘူး မဟုတ်လား" ဟု ကျွန်တော်က မေးသည်။

"အဲဒီသတင်းက အမှန်ပဲ' ဟု အက်စတယ်လာက ဒရမ္ဗလီအပေါ် လုံးဝဂရုမထားသည့် လေသံဖြင့် ပြန်ပြောသည်။

"သူ့ကျတော့လည်း မင်း အရေးတယူလုပ်ပြီး အားပေးအားမြှောက် လုပ်နေတာပဲ၊ အတူတူ မြင်းစီးထွက်တယ်၊ ပြီးတော့ ကနေ့ည မင်းက သူ့ကို ညစာစားဖို့ ဖိတ်ထားတယ်၊ ညစာ အတူတူစားကြမယ် မဟုတ်လား"

အက်စတယ်လာအနေဖြင့် ဤအကြောင်းများကို ကျွန်တော် ဘယ်လိုနည်းဖြင့် သိနေပါလိမ့်ဟု အံ့သြနေပုံ ရ၏။ သို့သော်လည်း သူသည် အေးစက်စက်လေသံဖြင့် အဖြေပေးသည်။ "ဟုတ်တယ်"

"သူ့ကိုရော မင်း မချစ်ဘူးလား... အက်စတယ်လာ"

တလှုပ်လှုပ်ဖြစ်နေသော သူ့လက်ချောင်းများသည် ရပ်သွားသည်။ သူသည် ဒေါသတကြီးဖြင့် ကျွန်တော့်အား မော့ကြည့်သည်။ "ကျွန်မ ရှင့်ကို ဘာပြောထားသလဲ၊ ကျွန်မ ပြောခဲ့တဲ့ စကားကို ရှင် အခုထက်ထိ မယုံကြည်သေးဘူးလား"

"ဒါဆိုရင် မင်း သူ့ကို ဘယ်တော့မှ လက်မထပ်ဘူးဆိုပါတော့။ ဟုတ်လား အက်စတယ်လာ"

သူ့မျက်နှာသည် မစ္စဟေဗီရှမ်ဘက်သို့ လှည့်သွားသည်။ တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချိန်ဆနေသည့် ဟန်မျိုး ဖြစ်၏။ ထို့နောက် ဘာ့ကြောင့် ရှင့်ကို အမှန်အတိုင်း မပြောရဲရမှာလဲ၊ ကျွန်မ သူနဲ့ လက်ထပ်တော့မလို့"

ကျွန်တော်သည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားလိုက်မိပါသည်။ သို့သော်လည်း စိတ်လွတ်ကိုယ်လွတ် ဖြစ်မသွားအောင်တော့ ထိန်းချုပ်နိုင်ပါသေး၏။ သူ့နှုတ်ဖျားမှ ထွက်လာသည့် ဤစကားများကြောင့် အံ့သြခြင်း၊ ဝမ်းနည်းခြင်းနှင့် ယူကျုံးမရဖြစ်ခြင်းတို့သည် ကျွန်တော့် ရင်ကို ပြင်းစွာ ရိုက်ခတ်သည်။ ကျွန်တော့်မျက်နှာကို ပြန်၍ မော့လိုက်သည့် အခါတွင်မူ မစ္စဟေဗီရှမ်၏ မျက်နှာထားသည် ထူးထူးခြားခြား ပြောင်းနေသည် ကို တွေ့ရ၏။ အလွန်အမင်း စိတ်ထိခိုက်နေသည့် ကြားမှပင် သူ့မျက်နှာထား၏

အားတက်စရာအခြေအနေကို ကျွန်တော် သတိပြုလိုက်မိပါသည်။

"ကိုယ်အချစ်ဆုံး အမြတ်နိုးဆုံး ဖြစ်ခဲ့ရတဲ့ အက်စတယ်လာရယ်၊ ဒီကိစ္စမှာတော့ မစ္စဟောဗီရှမ် စိတ်တိုင်းကျဖြစ်အောင် မလုပ်ပါနဲ့ကွယ်။ ကိုယ့်ကို မချစ်နိုင်ဘူး ဆိုရင် ရပါတယ်။ ကိုယ့်ကို ထည့်ပြီး မစဉ်းစားပါနဲ့။ ဒါပေမဲ့ ဒရမ္မလီလို လူကိုတော့ မယူပါနဲ့ကွယ်။ သူ့ထက်သာတဲ့ လူ တွေ အများကြီး ရှိနေတယ်။ သူကလွဲရင် တခြား ဘယ်သူ့ကိုပဲယူယူ မင်း ယူနိုင်ပါတယ်။ မင့်ကို ချစ်နေကြတဲ့ လူတွေ အများကြီးပါ။ အဲဒီထဲက ကိုယ့်ကို စွဲစွဲမြဲမြဲချစ်နေတဲ့ လူ တစ်ယောက်တလေကတော့ ရှိမှာပါ။ နောက်ဆုံးတစ်နေ့ ကိုယ့်လို နှစ်ရှည်လများ စွဲလမ်းချစ်ခင်နေတဲ့ လူ ရှာမတွေ့ဘူးပဲထားဦးတော့၊ ကိုယ့်လောက်နီးပါး ချစ်ခင်နေတဲ့ လူတစ်ယောက်တော့ တွေ့နိုင်မှာပါ၊ အဲဒါမျိုးကို ရှာယူပါ အက်စတယ်လာရယ်၊ ဒါဟာ မင့်အကျိုးအတွက် ပြောတာပါကွယ်"

စိတ်နှလုံး ထိခိုက်ကြေကွဲမှု အပြည့်အဝဖြင့် ပြောနေသော ကျွန်တော့်စကားများသည် အက်စတယ်လာ၏ စိတ်ကို ထိခိုက်ဟန် ရှိ၏။ သူသည် အံ့သြခြင်းမကင်းသော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော့်အပေါ်တွင် သနားကရုဏာမကင်းသည့် အရိပ် လက္ခဏာကိုလည်း ဖော်ပြလျက် ရှိသည်။

"ကျွန်မ သူနဲ့ လက်ထပ်တော့မှာပဲ" ဟု အက်စတယ်လာက စောစောကထက် နူးညံ့ပျော့ပျောင်းသော လေသံဖြင့် ပြောသည်။ လက်ထပ်ဖို့ အတွက် အားလုံး ပြင်ဆင်ပြီးနေပြီ၊ လက်မထပ်လို့ မဖြစ်တော့ဘူး။ မကြာခင် လက်ထပ်ရတော့မှာ။ ဒီကိစ္စမှာ ဘာကြောင့် ကျွန်မရဲ့ မွေးစားအမေ စိတ်ထိခိုက်အောင် သူ့နာမည်ကို ထည့်ပြောရတာလဲ၊ သူနဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်မဘာသာ ကျွန်မ ဆုံးဖြတ်တဲ့ ကိစ္စပါ"

"တိရစ္ဆာန်လိုကောင်တစ်ကောင်ရဲ့ လက်ထဲကို မင့်ကိုယ်ကို ထိုးအပ် ရမဲ့ကိစ္စကို မင်းဘာသာမင်း ဆုံးဖြတ်တယ်ပေါ့လေ... ဟုတ်လား"

"တိရစ္ဆာန်လိုလူမျိုးကို မယူလို့ ကျွန်မက ဘယ်သူ့ယူရမှာလဲရှင့်" ဟု အက်စတယ်လာက ပြုံး၍ ပြောသည်။ သူ့အပြုံးမှာ မလိုတမာနိုင်လွန်းလှသည့် အပြုံး။ "ကျွန်မက မချစ်တတ်လို့ မချစ်နိုင်ပါဘူးလို့ ပြောလိုက် ရုံနဲ့ စိတ်ပျက်ပြီး စွန့်ခွာသွားမဲ့ လူမျိုးကို ရှာယူရမှာလား၊ ဒါကတော့ မဖြစ်နိုင်ဘူး... လေ။ ကျွန်မကလည်း ကျွန်မစိတ်နဲ့ ကျွန်မကိုယ်၊ ကျွန်မယောက်ျားကလည်း သူ့စိတ်နဲ့ သူ့ကိုယ်၊ ဒါမျိုးမှပဲ ကျွန်မဘဝက အဆင်ပြေမှာ၊ ရှင်ပြောသလိုဖြစ်မှာ ကြောက်လို့သာ ဆိုရင်တော့ မစ္စဟောဗီရှမ်က လက်ထပ်ခိုင်းမှာ မဟုတ်သေးဘူး။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကိုယ့်ရဲ့ လက်ရှိဘဝကို စိတ်ပျက်လှပြီရှင့်။ ကိုယ့်ဘဝကိုယ် ပြောင်းပစ်ချင်ပြီ။ ဒီကိစ္စကို နောက်ထပ် မပြောပါနဲ့တော့။ ဘယ်လောက်ပဲ ပြောပြော ရှင်နဲ့ ကျွန်မကြားမှာ နားလည်မှုဟာ ရှိလာမှာ မဟုတ်တော့ပါဘူး"

"အလွန်ဆိုးရွားယုတ်မာတဲ့ တိရစ္ဆာန်လို လူတစ်ယောက်ကိုမှ မင်း

လက်ထပ်တော့မှာလား အက်စတယ်လာရယ်"

"ကျွန်မက သူ့အပေါ်မှာ ချစ်ခင်ယုယနေလိမ့်မယ်လို့ များတော့ မထင်လိုက်ပါနဲ့ ပစ်ပ်ရယ်" ဟု အက်စတယ်လာက ဆိုသည်။ "ကျွန်မဘက် က အဲသလို မိန်းမစားမျိုး ဘယ်တော့မှ မဖြစ်ပါဘူး။ ကဲပါလေ... လာပါ၊ ရော့... ဟောဒီမှာ ကျွန်မထက် စိတ်ကူးယဉ်ပြီး လွမ်းတတ်ဆွေးတတ်တဲ့ ကျွန်မရဲ့ မိတ်ဆွေလေးရယ်၊ ကျွန်မတို့ ချင်း မခွဲခင်... ဟိုတုန်းကလို အနမ်းကလေးနဲ့ နှုတ်ဆက်ကြမယ် မဟုတ်လား ဟင်"

"ဩော်... အက်စတယ်လာရယ်"

ကျွန်တော့်နှုတ်မှ အမှတ်တမဲ့ ရေရွတ်လိုက်မိသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ထိန်းချုပ်နေသည့် ကြားမှပင် မျက်ရည်များသည် အက်စတယ်လာ၏ လက်ပေါ်သို့ ထိန်းမနိုင်သိမ်းမရ စီးကျလာလျှက် ရှိသည်။ "တကယ်လို့ များ ကိုယ် အင်္ဂလန်မှာ ဆက်နေဖြစ်ရင် ဒရမ္မလီရဲ့ မယား ဖြစ်နေတဲ့ မင့်ဘဝကို ကိုယ်ဘယ်လိုလုပ်ပြီး ကြည့်နိုင်ပါ့မလဲကွယ်"

"ပေါက်တတ်ကရတွေ ပြောမနေပါနဲ့ ဟု အက်စတယ်လာက ပြန်ပြောသည်။ "အလကား မဟုတ်ကဟုတ်ကတွေ၊ ဒီစကားတွေဟာ ခဏပါ။ မကြာခင် မေ့ပျောက်သွားမှာပါ"

"ကိုယ်ဘယ်တော့မှ မမေ့နိုင်ပါဘူး အက်စတယ်လာ"

"အို အလကားပါ။ တစ်ပတ်အတွင်း ရှင် ကျွန်မကို မေ့သွားမှာပါ"

"ကိုယ်က မင့်ကို မေ့သွားမယ်ဆိုတာဟာ မဖြစ်နိုင်တဲ့ ကိစ္စပါ အက်စတယ်လာ၊ မင်းဟာ ငါ့ဘဝရဲ့ အစိတ်အပိုင်းတစ်ပိုင်းပါ။ ငါ ဒီအိမ်ကြီးကို ပထမဆုံး ရောက်လာခဲ့တဲ့ နေ့က စတွေ့တွေ့ချင်း မင်းအပေါ်မှာ တစ်ဖက်သတ် မြတ်နိုးတွယ်တာခဲ့တဲ့ လူပါ။ မင့်က တွေ့တွေ့ချင်း ငါ့ရဲ့ အင်မတန်နုနယ်တဲ့ အသည်းနှလုံးကို ဒဏ်ရာအနာတရ ရအောင် လုပ်ခဲ့ပေမယ့် အချစ်မပြယ်နိုင်ခဲ့တဲ့ လူပါ။ အဲဒီအရွယ် ကတည်းက ဘယ်နေရာရောက်ရောက် မင့်မျက်နှာကိုပဲ မြင်ယောင်ပြီး တမ်းတမ်းတတဖြစ်ခဲ့ရတဲ့ သူပါ။ သေခါနီးအချိန်အထိ မင်းရဲ့ ရုပ်ပုံလွှာဟာ ငါ့အသည်းနှလုံးကြားမှာတည်နေလိမ့်မယ်ဆိုတာ ယုံပါ အက်စတယ်လာရယ်၊ မင့်အတွက်ကြောင့် ငါ့မှာ ဘယ်လောက်အထိ စိတ်နှလုံးထိခိုက်ကြေကွဲ ရတယ်ဆိုတာ မင်း နားလည်အောင် ငါပြောမပြတတ်ဘူး။ မင့်ကို ဘုရားသခင်က ခွင့်လွှတ်ပါစေလို့ ငါ ဆုတောင်းခဲ့ပါတယ် အက်စတယ်လာ"

ကျွန်တော် ခံစားနေရသည့် စိတ်မချမ်းမြေ့မှုမှာ အတိုင်းအဆမသိနိုင် လောက်အောင်ပင် ကြီးမားလှပါသည် ထို့ကြောင့်လည်း ဤစကားများကို ပြောခဲ့မိခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် အက်စတယ်လာ၏ လက်ကိုကိုင်ကာ ကျွန်တော့်နှုတ်ခမ်းနှင့် ထိလိုက်ပါသည်။ ထို့နောက် စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ အက်စတယ်လာ၏ အပါးမှ ထွက်လာခဲ့သည်။ အက်စတယ်လာသည် ကျွန်တော့်ကို အလွန်အံ့အားသင့်နေသော မျက်နှာထားဖြင့်

ကြည့်လျက် ရှိ၏။ မစ္စဟေဗီရှမ်ကတော့ ထိုအချိန်အထိ သူ့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိထားဆဲ၊ သူ့မျက်နှာသည် သနားခြင်းနှင့် နောင်တရခြင်းများကို ဖော်ပြလျက် ရှိလေသည်။

အားလုံး ပြီးပြတ်သွားခဲ့လေပြီ၊ ခြံဝင်းတံခါးမှ အပြင်သို့ ထွက်လာခဲ့သည်။ ကျွန်တော့်မျက်စိထဲတွင် နေ၏ အလင်းရောင်သည်ပင်လျှင် မှောင်ကြီးကျလျက် ရှိ၏။ ကျွန်တော်သည် လူသွားလူလာမရှိသည့် လမ်းကြိုလမ်းကြားများမှ ဖြတ်၍ ပြန်လာခဲ့သည်။ လန်ဒန်ရောက်သည် အထိ ခြေလျင်ပင်လျှောက်၍ ပြန်တော့မည်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်အနေဖြင့် မည်သူနှင့် မှ တွေ့လိုစိတ် မရှိ။ ဘလူးဘိုးအားဟိုတယ်ကိုလည်း ပြန်လိုစိတ် မရှိ၊ ပြန်သွားလျှင် ဒရမ္မလီ၏ မျက်နှာကို မမြင်ချင်ဘဲနှင့် မြင်နေရပေဦးတော့မည်။ မြင်းရထားစီး၍ ပြန်ပါကလည်း လူတွေကြားတွင် စကားမပြောချင်ဘဲနှင့် ပြောနေရ ပေလိမ့်ဦးမည်။ ဖြစ်ခဲ့သမျှအားလုံးကို မေ့ပျောက်သွားရန်အတွက် မိမိ ကိုယ်ကိုမိမိ ကိုယ်ရောစိတ်ပါပင်ပန်းနွမ်းနယ်သွားအောင် လုပ်ရန်မှ တစ်ပါး အခြားဘာကိုမှ သတိမရတော့ပါ။

လန်ဒန်တံတားကို ကျွန်တော် ဖြတ်လျှောက်လာသည့် အခါ ညသန်း ခေါင်ကျော်လေပြီ။ ကျွန်တော်သည် တတ်နိုင်သမျှ လမ်းကြိုလမ်းကြားများမှ ဖြတ်ကာ တင်းပဲလ်ရိပ်သာသို့ ဦးတည်၍ လျှောက်လာခဲ့၏။ အမှန်အတိုင်းဆိုလျှင် မနက်ဖြန်မှ ကျွန်တော်ပြန်ရောက်ရမည် ဖြစ်သည်။ သို့သော်လည်း ကျွန်တော်သည် တစ်ရက်စော၍ ပြန်ရောက်ခဲ့၏။ အကယ်၍ ဟားဘတ် အိပ်ပျော်နေပါက နှိုးနေစရာ မလိုပါ။ ကျွန်တော့်တွင် အခန်းတံခါးသော့များ ရှိသည်။ သူ့ကို အနှောင့်အယှက် မပေးဘဲနှင့် ကိုယ့်အခန်းထဲ ကိုယ်ဝင်၍ အိပ်ရုံသာ ရှိ၏။

ကျွန်တော့်တစ်ကိုယ်လုံး နှင်းများဖြင့်စိုရွှဲကာ အဆမတန်ပင်ပန်းနွမ်းနယ်လျက် ရှိသည်။ ဖိနပ်များမှာလည်း ရွှံ့အလူးလူး ဖြစ်လျက် ရှိ၏။

ညစောင့်သည် ကျွန်တော့်ကို ရုတ်တရက် မမှတ်မိ၊ တံခါးကို လူတစ်ယောက်စာ ဝင်သာရုံကလေးမျှ ဖွင့်ပေးပြီး ကျွန်တော့်အား မသင်္ကာသော မျက်လုံးများဖြင့် ကြည့်လျက် ရှိသည်။ သူ စိတ်အေးသွားရန်အတွက် ကျွန်တော်က နာမည်ကို ပြောပြလိုက်ပါသည်။

"ကျွန်တော့်စိတ်က ထင်တော့ အထင်သား၊ ဇဝေဇဝါဖြစ်နေလို့သာ၊ ဟောဒီမှာ ခင်ဗျားအတွက် လူတစ်ယောက် စာတစ်စောင် လာပေးသွားတယ်၊ စာကိုရရချင်း ဖတ်မှ ဖြစ်မယ်လို့လည်းမှာ သွားပါတယ်"

ကျွန်တော်က တအံ့တသြဖြစ်ကာ သူ့လက်ထဲမှ စာကို လှမ်းယူလိုက်ပါသည်။ စာအိတ်ပေါ်တွင် "ဖီးလစ်ပ်စပ်" ဟု ရေးထားသည်။ စာအိတ်၏ ထိပ်တွင် မူ စာကို ဤနေရာ၌ပင် ဖတ်ပါဟု ရေးထားသည်။ ကျွန်တော်က စာအိတ်ကို ဖွင့်လိုက်ပြီး ညစောင့်မြှောက်ပြထားသည့် မှန်အိမ်

မီးရောင်ဖြင့် ဖတ်သည်။ လက်ရေးမှာ ဝင်းမစ်၏ လက်ရေး၊ ရေးထားသည့် စာမှာ
"အခန်းကို မသွားပါနဲ့ "

****

သတိပေးစာကို ဖတ်ပြီးလျှင်ပြီးချင်း ကျွန်တော်သည် တင်းပဲလ်ရိပ်သာ ဂိတ်ဝမှ နေ၍ နောက်ရင်းသို့ လှည့်ပြန်ခဲ့ပြီး ဖလိလမ်းသို့ ထွက်လာခဲ့သည်။ ဖလိလမ်းရောက်သော် အငှားမြင်းရထား တစ်စီးငှား၍ ကိုဗင့်ဂါဒင်းရပ်ကွက်သို့ ဆက်ခဲ့ပါသည်။ ထိုခေတ်အခါက ဤရပ်ကွက် အတွင်း၌ အိပ်စရာနေရာ တစ်နေရာ အချိန်မရွေး ငှား၍ ရသည်။ ကျွန်တော် ရောက်သွားသည့် အခါ အိမ်စောင့်က ချက်ချင်းပင် အိပ်ရာဆီသို့ လိုက်ပို့သည်။ အိမ်၏ နောက်ဘက်တွင် မြေစိုက်အခန်းများ ဖွဲ့ထားပြီး တစ်ခန်းလျှင်လေးတိုင်စင် ခုတင်တစ်လုံးစီ ချထားခြင်းဖြစ်၍ ထိုခုတင်သည်ပင်လျှင် တစ်ညတာ ခိုနားရာ အိပ်ရာ ဖြစ်လေသည်။

ကျွန်တော်က အိမ်စောင့်ထံမှ ဖယောင်းတိုင်တစ်တိုင် တောင်းထား လိုက်၏။ အိမ်စောင့် ပြန်သွားသည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ခုတင်ပေါ် လှဲအိပ်လိုက်သည်။ ရတ်တရက် အိပ်မပျော်ပါ။ ကျွန်တော့်အဖို့တော့ အလွန်စိတ်ပျက်စရာ ကောင်းသည့် ည၊ အလွန်ဝမ်းနည်းပူဆွေးစရာ ကောင်းသည့် ည...။ အလွန်ပူပင်ကြောင့်ကြစရာ များသည့် ည...။ အခန်းထဲရှိ အနံ့အသက်များ ကလည်း မကောင်း၊ အခန်းနံရံများမှာလည်း စိတ်ပျက်စရာ ကောင်းလောက်အောင် ညစ်ပတ် ပေရေလျက် ရှိသည်။ အိပ်မပျော်တိုင်း ကျွန်တော့်မျက်စိများသည် နံရံများ ဆီသို့ လှမ်း၍ လှမ်း၍ ကြည့်မိသည်။ ကြည့်လိုက်တိုင်းလည်း "အခန်းကို မသွားနဲ့" ဟူသော စာတန်းကိုသာ မြင်နေရလေသည်။

မကြာသေးမီက သတင်းစာထဲတွင် သတင်းတစ်ပုဒ် ဖတ်ခဲ့ဖူးသည်။ တစ်ညတွင် အမည်မသိလူတစ်ယောက်သည် ဤအိမ်သို့ ရောက်လာပြီး အိပ်ရာတစ်ခုငှား၍ အိပ်သည်။ နောက်တစ်နေ့မနက်ကျတော့ သွေးအိုင်ထဲတွင် သေနေသော ထိုလူကို တွေ့ရသည် ဟု ဆိုသည်။ ကျွန်တော်ဖတ်ခဲ့ဖူးသော ထိုသတင်းသည် ကျွန်တော့်ခေါင်းထဲသို့ ရောက်လာသည်။ ထိုလူသည် သူ့ကိုယ်သူ သတ်သေခြင်း ဖြစ်၏။ ထိုလူ၏ အလောင်းကို တွေ့ခဲ့သော အိပ်ခန်းသည် ဤအခန်းပင် ဖြစ်လေမည်လော..။ ထိုအတွေးဖြင့် ကျွန်တော်သည် ပို၍ အိပ်မရ ဖြစ်လျက်ရှိသည်။ တဖြည်းဖြည်းနှင့် မအိပ်ဝံ့အောင် ဖြစ်လာသည်။ ကျွန်တော်သည် အိပ်ရာပေါ်မှ ဆင်းကာ ခုတင်ပေါ်၌ သွေးစက်များ ရှိ,မရှိ လိုက်၍ ကြည့်မိသည်။ ထို့နောက် အခန်းတံခါးကိုဖွင့်ကာ အပြင်သို့ ထွက်လာခဲ့၏။ လင်းလက်နေသည့် ကြယ်ရောင်များကို အဖော်ပြုကာ ချောက်ချားလျက်ရှိ သောစိတ်ကို ပြေပျောက်သွားရန် အားထုတ်ပါသည်။ မနီးမဝေးမှ ဟောက်သံကြားရ၏ အိပ်မောကျနေသော အိမ်စောင့်၏ ဟောက်သံပေတည်း။ ဘာကြောင့် အခန်းကို မသွားနဲ့ ဟု ရေးရပါသနည်း။ အခန်းတွင် တစ်စုံတစ်ခုတော့ ဖြစ်ဟန်တူ၏။ ဘာများ ဖြစ်ပါလိမ့်။ အခုပုံအတိုင်း ဆိုပါက ဘယ်အချိန်ကမှ ကျွန်တော် အိမ်ကို ပြန်ရပါမည်နည်း။ ကျွန်တော့်ကျေးဇူးရှင် ပရိုးဗစ်တစ်ယောက် လုံခြုံမှုမှ ရှိပါလေစ။

ကျွန်တော့်ဦးနှောက်သည် ဤအတွေးများဖြင့် ချာချာလည်လျက် ရှိသည် ဖြစ်ရာ တခြား အကြောင်းအရာများကို တွေးဖို့ နေရာမပေးနိုင်အောင် ဖြစ်လျက် ရှိသည်။ တစ်ချက်တစ်ချက်တွင် မူ ကျွန်တော့်စိတ်သည် အက်စတယ်လာဆီသို့ ရောက်သွားလေ့ ရှိ၏။ ယနေ့ သူနှင့် ခွဲလာခဲ့ရခြင်းသည် ရာသက်ပန်ခွဲခွာမှုပင် ဖြစ်ရပေတော့မည်။ အက်စတယ်လာ၏အကြည့်များ၊ ပြောဟန်ဆိုဟန်များ နှင့် လေသံများကို ပြန်၍ စဉ်းစား ဆင်ခြင်မိသည်။ ဤကြားထဲမှပင် "အခန်းကို မသွားနဲ့ " ဟူသော သတိ ပေးချက်သည် ခေါင်းထဲသို့ ဝင်ဝင်လာတတ်သည်။ နောက်ဆုံးတွင် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ် လျက်ရှိသော ကျွန်တော်သည် အိပ်ငိုက် လာသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းကား မဟုတ်။ ခေါင်းအုံးထက်တွင် ဘယ်ပြောင်း ညာလူးဖြင့်ပင် အချိန်ကုန်နေရပါသည်။

မနက်ခုနစ်နာရီတိတိတွင် ကျွန်တော့်အား နှိုးဖို့ အစောင့်အား မှာထားရသည်။ တခြားကြောင့် မဟုတ်ပါ။ ဝင်းမစ်အား စောစောစီးစီး သွား၍ တွေ့ရမည်။ ဤကိစ္စအကြောင်း ပြောမည်ဆိုပါက ဝေါလ်ဝေါ့သ် ရွာမှ သဘောထားရမှ ဖြစ်လိမ့်မည်။ ထို့ကြောင့် သူရုံးမသွားမီ တွေ့နိုင်လျှင် အကောင်းဆုံးဖြစ်ဖို့ များသည်။ မနက်ကျတော့ အပြင်မှ တံခါးခေါက်သံကို ကြားရ၏။ နောက်တစ်ကြိမ် ထပ်၍ မခေါက်မီ ကျွန်တော်သည် အပြင်သို့ ထွက်ခဲ့ပါသည်။ ကိုယ်ရောစိတ်ပါ ချမ်းသာစရာ မရှိသည့် ဤအိပ်ခန်းထဲမှ အမြန်ဆုံး ထွက်လာခဲ့ရသည့် အတွက် ကျွန်တော့််စိတ်မှာ အများကြီး သက်သာရာ ရခဲ့လေသည်။

ဝင်းမစ်အိမ်သို့ ကျွန်တော် ရောက်သွားသောအခါ ရှစ်နာရီထိုးလေပြီ။ လမ်းတွင် မုန့်နှစ်ချပ်ကိုင်၍ သွားနေသော အိမ်စေမကလေးနှင့် ဆုံမိသဖြင့် အထူးတလည် ဘာမှ လုပ်မနေရတော့ဘဲ အသင့်ချထားသည့် ဆွဲတံခါးပေါ်မှ ဖြတ်လျှောက်လာခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် ကြိုတင် အကြောင်းမကြားလိုက်ရဘဲနှင့် ဝင်းမစ်ထံ ရောက်သွားပါသည်။ သူနှင့် သူ့အဖေအိုကြီးအတွက် လက်ဖက်ရည်ဖျော်နေသော ဝင်းမစ်နှင့် အဆင်သင့်ပင် တွေ့ရပါသည်။

"ဟယ်လို ပစ်ပ်" ဟု ဝင်းမစ်က ဆီး၍ နှုတ်ဆက်သည်။ "မင်း ပြန်ရောက် လာပြီကိုး"

"ဟုတ်တယ်... ဒါပေမဲ့ အခန်းကိုတော့ မသွားဘူး"

"အေး... ကောင်းတယ်။ ငါ မင့်အတွက် စာတစ်စောင်စီရေးပြီး တင်းပဲလ်ရိပ်သာ ဝင်ပေါက်တစ်ပေါက်စီမှာ လိုက်ပေးထားခဲ့တာ၊ ဘယ်အပေါက်ကပဲဝင်ဝင် လွဲမသွားအောင်လို့၊ မင်း အခု ဘယ်ဂိတ်ပေါက်ကို ရောက်ခဲ့သလဲ"

ကျွန်တော်က ကျွန်တော်ရောက်ခဲ့သည့် ဂိတ်ပေါက်နေရာကို ပြောပြသည်။

"ဒါဆိုရင် ကနေ့ နေ့ခင်းပိုင်းမှာ မင်းမရောက်ခဲ့တဲ့ ဂိတ်ပေါက်တွေ က

စာတွေကို ငါ ပြန်သိမ်းပြီး ဆုတ်ပစ်လိုက်မယ်" ဟု ဝင်းမစ်က ပြောသည် "တတ်နိုင်ရင် စာနဲ့ ပေနဲ့ ရေးထားတဲ့ သက်သေခံ စာရွက်စာတမ်းဟာ မကျန်ခဲ့တာပဲ ကောင်းတယ်။ မင်းနဲ့ ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရမှာပဲ။ မနက်စာကို ငါတို့ နဲ့ စားကွာ"

ကျွန်တော်က စားမည်ဟု ပြန်ပြောလိုက်ပါသည်။

"ကဲ... မေရီအင်း... နင်ပြန်တော့" ဟု ဝင်းမစ်က သူ့လက်တိုလက်တောင်း ခိုင်းရန် အချိန်ပိုင်းငှားထားသည့် ကလေးမလေးကို လှမ်းပြောသည်။ "ကျန်တာတွေကို တို့ ဘာသာတို့ပဲ လုပ်တော့မယ်"

ကျွန်တော်က သူပေးထားခဲ့သည့် သတိပေးစာအတွက် ကျေးဇူးတင်ကြောင်း ပြောပြသည်။ ကျွန်တော်တို့သည် နံနက်စာစားရင်း ပြောစရာရှိသမျှကို နှစ်ကိုယ်ကြား ပြောကြပါသည်။

"မင်း သိတဲ့ အတိုင်းပဲ ပစ်ပ်" ဟု ဝင်းမစ်က စကားစသည်။ "မင်းနဲ့ ငါနဲ့ ကတော့ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ နားလည်မှုရှိနေကြတာပဲ။ လျှို့ဝှက်အပ်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကိုလည်း ယုံယုံကြည်ကြည်နဲ့ တိုင်ပင်နေကြတာပဲ။ တို့ ဆက်ဆံရေးက လူချင်းခင်မင်မှုအပေါ်မှာ အခြေခံနေတာ မဟုတ်လား။ ရုံးပိုင်းမှာ ရှိတဲ့ သဘောထားက တစ်ကဏ္ဍပဲ၊ အခုဟာက ရုံးပိုင်းရဲ့ ပြင်ပကိစ္စတွေပဲ"

ကျွန်တော်က သူ့စကား မှန်ပါသည် ဟု ထောက်ခံလိုက်ပြီး သူ ဆက်ပြောမည့် စကားကို စိုးရိမ်ကြောင့် ကြစိတ်ဖြင့် နားစွင့်နေမိသည်။

"ငါ မနေ့မနက်က သွားရင်းလာရင်းနဲ့ သတင်းတစ်ခုကို အမှတ်တမဲ့ ကြားခဲ့ရတယ်။ ငါ မင့်ကို တစ်ကြိမ်ခေါ်သွားဖူးခဲ့တဲ့ နေရာကို ရောက်သွားလို့ ကြားခဲ့ရတာ၊ ဒီသတင်းကို ပြောတဲ့ အခါမှာ မလိုအပ်ရင် လူနာမည်တွေကို မပြောတော့ဘူးကွာ"

"အဲဒါ အကောင်းဆုံးပါပဲဗျာ။ ကျွန်တော် ခင်ဗျားကို နားလည်ပါတယ်။ ပြောစရာရှိတာသာ ပြောပါ"

"ငါ ကြားခဲ့ရတာက ဒီလိုကွ၊ နိုင်ငံခြား ကိုလိုနီနိုင်ငံတစ်နိုင်ငံမှာ ရှိနေတဲ့ လူတစ်ယောက် ပျောက်သွားတဲ့ အတွက် အများက စိတ်ဝင်စား နေကြတယ်..တဲ့။ ဘယ်ရောက်နေတယ် ဆိုတာလည်း မသိကြရသေးဘူးတဲ့။ အဲဒီလူရဲ့ နာမည်ကိုတော့ ငါတို့ မပြောကြစတမ်းပေါ့... ကွာ"

"ပြောဖို့လည်း မလိုပါဘူးလေ"

"အေး.. ဟုတ်တယ်။ အဲဒီလူရဲ့ သတင်းက အသိုင်းအဝိုင်းတစ်ခုမှာ အတော်ကလေး ပျံ့နှံ့နေတယ်။ အဲဒီလူ ဘယ်နေရာမှာ ရှိမယ်ဆိုတာကို ခန့်မှန်းတွက်ချက်နေကြတယ်။ နောက်ထပ် ကြားရတာက တင်းပဲလ်ရိပ်သာက မင့်အခန်းကို လူတချို့က စောင့်ကြည့်နေတယ်..တဲ့ "

"ဘယ်သူတွေလို့ ခင်ဗျား ကြားသလဲ"

"အဲသလောက်အထိတော့ ငါပြောလို့ မဖြစ်ဘူးကွ" ဟု ဝင်းမစ်က

ဆင်ဖေ့ရန်ရှောင် ပြောသည်။ "ဒါကျတော့ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းတွေနဲ့ ပဋိပက္ခ ဖြစ်ကုန်မှာ။ နယူးဂိတ်ထောင်ထဲကတော့ ငါ အမြဲတမ်း သတင်းရနေကျနေရာပဲ။ အခုသတင်းလည်း အဲဒီက ရတာပဲ။ ငါ အခု မင့်ကို ပြောပြနေတာက တရားဝင်ရတဲ့ သတင်းတစ်ခုကို တရားဝင်ပြန်ပြီး ပြောပြနေတဲ့ သဘော မဟုတ်ဘူး။ တစ်ဆင့်စကားနဲ့ ကြားရတဲ့ သတင်းတစ်ခုကို ကြားရတဲ့ အတိုင်း ပြန်ပြီး ဖောက်သည် ချနေတဲ့ သဘောပဲ။ ငါဆိုလိုတာက ဒီသတင်းကို ငါရလာခဲ့တာ မဟုတ်ဘူး။ ကြားခဲ့တာ"

ဝင်းမစ်သည် သူ့အဖေကြီးအတွက် နံနက်စာကို လင်ပန်းတစ်ချပ်တွင် သပ်သပ်ရပ်ရပ်တင်ကာ အိပ်ခန်းထဲသို့ သွားပို့သည်။ လင်ပန်းကို သူ့ အဖေရှေ့တွင် ကျကျနန ချပေးပြီး "ဘယ့်နှယ်လဲ အဖေကြီး၊ ကျွန်တော် လုပ်ပေးတာ အဆင်ပြေရဲ့လား၊ ဘာလိုသေးလဲ" ဟု မေးသည်။ အဘိုးအိုကြီးက "အဆင်ပြေတယ် ဂျွန်။ ဘာမှ မလိုတော့ပါဘူးကွယ်" ဟု ပြန်ပြောသံ ကြားရသည်။

"ကျွန်တော့်အခန်းကို စောင့်ကြည့်နေတဲ့ ကိစ္စဟာ စောစောက ခင်ဗျား ရည်ညွှန်းပြီး ပြောခဲ့တဲ့ လူနဲ့ တိုက်ရိုက်ပတ်သက်မှု ရှိနေတယ် မဟုတ်လား" ကျွန်တော့်ထံသို့ ဝင်းမစ် ပြန်ရောက်လာသောအခါ ကျွန်တော်က မေးသည်။

ဝင်းမစ်၏ မျက်နှာထားသည် တည်ငြိမ်သွားသည်။ "ဒါကိုတော့ ပြောပြဖို့တော့ ငါ တာဝန်မယူနိုင်ဘူး ထင်တယ်။ ငါဆိုလိုတာက သူနဲ့ ပတ်သက်သလား၊ မင်းနဲ့ ပတ်သက်သလားဆိုတာကို ခွဲခြားပြီး ပြောပြဖို့လည်း ငါ တာဝန်မယူနိုင်ပေဘူး ထင်တယ်။ ဒါပေမဲ့ ဒီနှစ်ချက်မှာ တစ်ချက်လည်း ဖြစ်နိုင်တယ်။ နှစ်ချက်စလုံးလည်း ဖြစ်နိုင်တယ်။ ဖြစ်လာရင်လည်း အန္တရာယ်ကတော့ ကြီးလိမ့်မယ်"

လစ်တစ်လ်ဘရီတိန်လမ်းထဲရှိ ရုံးခန်းထဲ၌ ကျင့်သုံးလေ့ရှိသော ဉာဉ် ကြောင့် ဝင်းမစ်သည် သူသိသမျှကို ပြောပြရန် အခက်တွေ့နေပုံ ရ၏။ ကျွန်တော်ကလည်း အခု သူပြောပြသမျှအတွက် ကျေးဇူးတင်လှပြီဖြစ် ရာ နောက်ထပ် သိလိုသမျှကို ဖွင့်အခမ္ဗမေးရန် အားမထုတ်တော့ပါ။ သို့သော်လည်း နှစ်ဦးစလုံး ကိုယ့်အတွေးနှင့် ကိုယ် ငြိမ်ဆိတ်နေရာမှ ကျွန်တော်ကပင်စ၍ ကျွန်တော့်တွင် မေးစရာတစ်ခုတော့ ရှိနေကြောင်း၊ ဖြေလိုက ဖြေရန်နှင့် မဖြေလိုကလည်း မဖြေဘဲ နေနိုင်ပါကြောင်း၊ အကယ်၍ မဖြေပါကလည်း ကျွန်တော့်ဘက်မှ စိတ်ဆိုးစရာ မရှိပါကြောင်း စသည်ဖြင့် ကျွန်တော်က စကားပလ္လင်ခံသည်။ သူသည် နံနက်စာစားနေရာမှ တစ်ခဏမျှရပ်ပြီး ခေါင်းတစ်ချက် ညိတ်ပြသည်။

"ကွန်ပီဆင်ဆိုတဲ့ နာမည်နဲ့ အကျင့်စာရိတ္တမကောင်းတဲ့ လူတစ်ယောက်အကြောင်းကို ခင်ဗျား ကြားခဲ့ဖူးတယ်နော်"

ခေါင်းတစ်ချက်ညိတ်၍ ဖြေသည်။

"သူ မသေသေးဘူးနော်"

နောက်ထပ် ခေါင်းတစ်ချက် ညိတ်ပြသည်။

"သူ အခု လန်ဒန်မှာ ရှိသလား"

သူသည် စာတိုက်ပုံးပါ စပ်ကြီးကို တင်းတင်းစေ့ကာ ကျွန်တော့်မျက်နှာကို ကြည့်၍ နောက်ဆုံးအကြိမ် ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး သူ့မနက်စာကို ဆက်၍ စားလေသည်။

"ကဲ... အခု မင်းမေးချင်တာ မေးပြီးသွားပြီ" ဟု ဝင်းမစ်က ပြောသည်။ "ငါ စောစောက ပြောပြပြီးခဲ့တဲ့ စကားတွေကို ကြားရပြီးတဲ့ နောက်ပိုင်းမှာ ငါ ဘာလုပ်တယ်ဆိုတာကို မင့်ကို ပြောပြရဦးမယ်။ သတင်းစကားတွေ ကြားရပြီးတဲ့ နောက်မှာ ငါ မင်းနဲ့ တွေ့ဖို့ ဂါးဒင်းကုတ်ကို သွားတယ်။ မင့်ကို မတွေ့ဘူး။ ဒါနဲ့ပဲ ကလာရီကာဘတ်သွားပြီး မင့်သူငယ်ချင်း ဟားဘတ်ကို ရှာတယ်"

"ခင်ဗျား သူနဲ့ ကော တွေ့ရဲ့လား"

"ငါ သူနဲ့ တွေ့တယ်။ တွေ့တော့ နာမည်တွေ ဘာတွေလည်း မေးမနေတော့ဘူး၊ ဘာအကြောင်းမှလည်း အသေးစိတ် ပြောမနေတော့ဘူး။ နာမည်အနေနဲ့ တွမ်၊ ဂျက်၊ ဒါမှ မဟုတ်ရင် ရစ်ချတ် ဖြစ်ချင်ဖြစ်မယ်။ အဲဒီလူတစ်ယောက် မင်းတို့ အခန်းမှာ ရောက်နေရင် ဒါမှမဟုတ် မင်း တို့ အနီးအနားမှာ ရှိနေရင် အဲဒီလူကို နေရာရွှေ့ထားလိုက်ပါ။ ဘေးအန္တရာယ် ရှိနေတယ်လို့ ပြောပြတယ်"

"ဟားဘတ်အနေနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတယ် မဟုတ်လား"

"ဖြစ်တော့ ဖြစ်တယ်။ ဒါပေမဲ့ ငါက အဝေးကြီးကို ပို့ဖို့ မလိုသေးဘူး လို့ ပြောပြတယ်။ ဒီမယ် ပစ်ပ်၊ ငါ တစ်ခု မင့်ကို ပြောပြထားမယ်။ မင်း သူ့ရဲ့ လက်ရှိအခြေအနေအရ သူ့အတွက် ပုန်းစရာ အကောင်းဆုံး နေရာ ဟာ လန်ဒန်လိုမြို့ကြီး တစ်မြို့ပဲ။ ဝင်ဖို့သာ ခက်တာကွ၊ ဝင်မိလို့ ရှိရင်တော့ ပုန်းနေဖို့ အင်မတန် လွယ်တယ်။ ပုန်းနေမိရင်လည်း ချက်ချင်း လူယောင်မပြနဲ့။ အခြေအနေအားလုံး စိတ်ချရပြီဆိုမှ အပြင်ကို ထွက်ပစေ။ အန္တရာယ်ကင်းတယ်။ တကယ်လို့ နိုင်ငံခြားတိုင်းပြည်ကို ပြေးမယ် ဆိုရင်တောင် စိတ်ချရပြီဆိုမှ ပြေး။ ဘေးကင်းတယ် သိလား"

ကျွန်တော်ကသူပေးသောအကြံဉာဏ်အတွက်ကျေးဇူးတင်ကြောင်း ပြောပြပြီး ဟားဘတ် ဘာတွေ လုပ်ထားသည် ကို မေးသည်။

"ဟားဘတ်က ငါ့စကားကြားတော့ နာရီဝက်လောက် စဉ်းစားပြီး အစီအစဉ်တစ်ခု ချတယ်။ သူ့အစီအစဉ်ကို လျှို့ဝှက်ချက်တစ်ခုအနေနဲ့ ငါ့ကို အသိပေးတယ်။ သူ့ရည်းစား ကောင်မလေးတစ်ယောက် ရှိတယ်တဲ့။ မင့်လည်း သိလိမ့်မယ် ထင်ပါတယ်။ အဲဒီကောင်မလေးရဲ့ အဖေကြီး က မမာဘူးလေ။ အိပ်ရာပေါ်က မထနိုင်ဘူး။ မြစ်ပြင်ပေါ်မှာ အစုန်အဆန် သွားနေတဲ့ သင်္ဘောတွေကို မြင်နိုင်တဲ့ အခန်းထဲမှာ သူ့အဖေကြီးကို ထားတယ်လေကွာ။ ကောင်မလေးကို မင်း

သိတယ် မဟုတ်လား"

"လူချင်းတော့ မသိပါဘူး" ဟု ကျွန်တော်က ပြောသည်။

အဖြစ်မှန်ကို ပြောပြရမည်ဆိုပါက ယခု ဝင်းမစ်ပြောနေသော မိန်းကလေးသည် ဟားဘတ်၏ ရည်းစား ဖြစ်၏။ ကျွန်တော်က ဟားဘတ် အား အသုံးအစွဲကြီးအောင် လုပ်သည် ဟု ဆိုကာ ကျွန်တော်နှင့် အပေါင်းအသင်း မလုပ်ရန် ဟားဘတ်အား တားမြစ်နေသူ ဖြစ်သည်။ ပထမတွင် ဟားဘတ်သည် သူ့ရည်းစားနှင့် ကျွန်တော့်အား မိတ်ဆက် ပေးရန် ကြံစည်ခဲ့ဖူးသည်။ သူ့စိတ်ကူးကို သူ့ရည်းစားအား ဖွင့်ပြောသည့်အခါ မိန်းကလေးက လက်မခံ။ ဤသို့ဖြင့် ဟားဘတ်သည် သူ့အကြံ အစည်ကို အကောင်အထည်မဖော်နိုင် ဖြစ်ခဲ့ရ၏။ လူချင်းရင်းနှီးနေသည့် အားလျော်စွာ ဟားဘတ်ကလည်း ဤအဖြစ်အပျက်ကို ထိမ်ချန်မထားဘဲ ကျွန်တော့်အား ဖွင့်ပြောထားခဲ့၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော် နှင့် ဟားဘတ်၏ ရည်းစား ကလယ်ရာတို့သည် လူချင်းမတွေ့ဖူး၊ မမြင်ဖူး ကြသော်လည်း ဟားဘတ်မှ တစ်ဆင့် ရင်းနှီးခင်မင်နေပြီဟုကား ဆိုနိုင်သည်။ သို့သော်လည်း ကျွန်တော်သည် ဤအကြောင်းအရာများကိုဝင်းမစ်အား အသေးစိတ် ပြောပြခြင်း မပြုတော့ပါ။

ဝင်းမစ်က သူ့စကားကို ဆက်ပြောသည်။ "အဲဒီလေးကိုင်းပြတင်းပေါက်နဲ့ အိမ်က မြစ်ကမ်းနံဘေးမှာ ကွ။ လိုင်းမ်းဟောက်စ်နဲ့ ဂရင်းဝစ်ချ်ကြားမှာ ဆိုတော့ နေရာက ကောင်းတယ်။ အဲဒီအိမ်ရဲ့ အပေါ်ထပ်မှာ အခန်းတစ်ခန်း ရှိတယ်...တဲ့။ အခန်းက သပ်သပ်ရပ်ရပ်လည်း ရှိတယ်တဲ့။ ဒါကြောင့်မို့ တွမ် သို့မဟုတ် ဂျက် သို့မဟုတ် ရစ်ချက်ဆိုတဲ့ လူကို ယာယီသဘောနဲ့ အဲဒီအခန်းကို ရွှေ့ထားရင် ကောင်းမလား စဉ်းစားကြည့်ပါလို့ မစ္စတာဟားဘတ်က ပြောသည်။ ငါကတော့ ဟိုလူကို အဲဒီအခန်းမှာ ယာယီထားသင့်တယ်လို့ အကြံပေးခဲ့တယ်။ လုံလောက်တဲ့ အကြောင်းရှိလို့ ဒီအကြံကို ငါ ပေးခဲ့တာပါ။ မင်း နားလည် သွားအောင် ငါက ရှင်းပြရဦးမယ်။ အကြောင်းက သုံးချက်ရှိတယ်။ ပထမအချက်က ခြေရာခံတဲ့ လူက ဟိုလူ့နောက်က ခြေရာခံတာ မဟုတ်ဘူး။ မင့်နောက်က ခြေရာခံတာ။ အဲဒီတော့ မင်းနဲ့ ဝေးသွားရင် ခြေရာ ပျောက်နိုင်တယ်။ ဒုတိယအချက်က မင်းကိုယ်တိုင် ဟိုလူဆီ မသွားဘဲနဲ့ ဟားဘတ်ကတစ်ဆင့် ဟိုလူအကြောင်း ကြားနေနိုင်တယ်။ ဆက်သွယ် လို့လည်း ရနိုင်တယ်။ တတိယအချက်ကတော့ ဟိုလူကို နိုင်ငံခြားတိုင်းပြည်တစ်ပြည် ပို့တော့မယ်ဆိုရင် လူစည်ကားရာ ဆိပ်ကမ်းတစ်ခုက ထုတ်ဖို့ မလိုတော့ဘူး။ အဲဒီအိမ်ကနေပြီး လှေတစ်စင်းနဲ့ ထုတ်သွား။ သင်္ဘောလာတော့မှ လမ်းကဖြတ်ပြီး တင်ပေး။ အဲဒါဆိုရင် အများကြီး အဆင်ပြေသွားနိုင်တယ်"

ဝင်းမစ်၏ အဆစ်အပိုင်းကျသော စိတ်ကူးများ အတွက် ကျွန်တော်သည် သူ့ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်နေပါသည်။ နှုတ်မှလည်း ကျေးဇူးတင်ကြောင်းကို ထပ်တလဲလဲ ဖွင့်ဟ၍ ပြောမိသည်။

"ဒါနဲ့ပဲ ဟားဘတ်က ငါပြောတဲ့ အတိုင်း လုပ်တယ်။ မနေ့ညက ကိုးနာရီတိတိအချိန်မှာ မင်းနဲ့ ငါ နာမည်ကို ထုတ်ပြောနေဖို့ မလိုတဲ့ ဟိုလူကို သူ့ရည်းစားအိမ် အပေါ်ထပ်အခန်းမှာ နေသားတကျ ဖြစ်အောင်ထားပေးလိုက်ပြီးပြီ။ ချောချောမောမောနဲ့ပဲ ကိစ္စပြီးသွားတယ်။ မင်းတို့ နေတဲ့ တင်းပဲလ်ရိပ်သာမှာတော့ ဟိုလူကို ဒိုဗာဆိပ်ကမ်းပို့မယ်" လို့ အသိပေးခဲ့တယ်။ တကယ်လည်း သူ့ကို ဒိုဗာဆိပ်ကမ်းအထိ ခေါ်သွားခဲ့တယ်။ ဟိုရောက်တော့မှ တစ်နေရာက လမ်းကြောင်းပြောင်းပြီး ဟိုအိမ်ကို ပို့ပေးတာ၊ ခြေရာခံတဲ့ လူမျက်စိလည်သွားအောင် လုပ်တာပဲ။ သိပ်ပြီး ကောင်းသွားတာ တစ်ခုကတော့ တခြားမဟုတ်ဘူး။ ဒီအရွေ့အပြောင်း ကို မင်း မရှိတုန်း လုပ်လိုက်ရတော့ မင့်အပေါ်မှာ သင်္ကာမကင်း ဖြစ်နေတဲ့ လူအဖို့ မျက်စိလည်သွားနိုင်တာပေါ့။ ငါကလည်း မျက်စိပိုလည်သွား အောင်ဆိုတဲ့ စိတ်ကူးနဲ့ တကယ်လို့ မနေ့ညက မင်း ပြန်လာရင် အခန်း ကို မသွားအောင် ကြိုကြိုတင်တင် စာရေးပေးထားခဲ့တာ"

ဝင်းမစ်သည် စကားတပြောပြောနှင့်ပင် နံနက်စာ စားပြီးသွားသည်။ သူသည် နာရီကို ကြည့်လိုက်ပြီး ကုတ်အင်္ကျီကို ယူဝတ်လေသည်။

"အဲဒါပဲ ပစ်ပ်၊ ငါ လုပ်နိုင်သမျှ လုပ်ထားတာကတော့ အဲဒါပဲ။ တကယ်လို့ ငါ့အနေနဲ့ ထပ်ပြီး လုပ်ပေးနိုင်တာ ရှိသေးရင်လည်း ရုံးနဲ့ မပတ်သက်တာ မှန်သမျှ လုပ်ပေးဖို့ အသင့်ပဲ။ ကဲ..... ရော့။ ဟောဒီမှာ လိပ်စာ။ ကနေ့ည မင်းကိုယ်တိုင် သွားကြည့်မယ်ဆိုရင် ဖြစ်နိုင်တယ်။ မင့်အခန်း ကို ပြန်မရောက်ခင် သွားတာဆိုတော့ စိတ်ချရပါတယ်။ မင့်အခန်းကို ပြန်ပြီးမှ သွားမယ် ဆိုရင်တော့ သွားလို့ မလွယ်ဘူး။ ကဲ... ရုံးချိန်နီးနေပြီ။ ငါ သွားတော့မယ်။ ငါ အကြံပေးချင်တာကတော့ လုပ်စရာ အရေးကြီးတဲ့ ကိစ္စ မရှိဘူးဆိုရင် တစ်နေ့လုံး ဒီမှာပဲ နားနေစေချင်တယ်။ မင်းကြည့်ရတာ သိပ်လည်းပင်ပန်းနေပုံ ပေါ်တယ်။ တစ်နေ့ခင်းလောက်တော့ ငါ့အဘိုးကြီးနဲ့ အချိန်ဖြုန်းလိုက်ပေါ့။ စားစရာလည်း ဝက်ပေါင်ခြောက် တွေ ရှိတယ်"

"ကျွန်တော် ဒီမှာပဲ နားလိုက်မယ်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"အေး... ကောင်းတယ်" ဟု ဝင်းမစ်က ရေရွတ်လိုက်ပြီး "ကျွန်တော် သွားတော့မယ် အဖေကြီးရေ" ဟု သူ့အဖေကို အော်၍ နှုတ်ဆက်သည်။

"အေး... အေး... သွားတော့ လူကလေးရေ့" ဟု အိပ်ခန်းထဲက အဘိုးအိုက ပြန်၍ နှုတ်ဆက်လေသည်။

ဝင်းမစ်ထွက်သွားပြီး ချက်ချင်းလိုလိုပင် ကျွန်တော်သည် မီးဖိုရှေ့မှ ကုလားထိုင်ပေါ်၌ ထိုင်ရင်း အိပ်ပျော်သွားပါသည်။ ကျွန်တော်နှင့် ဝင်းမစ်၏ အဖေတို့သည် တစ်နေ့လုံးလိုလိုပင် အိပ်ကြသည်။ ညနေစာ စားကြသည့် အခါ ဝင်းမစ် စီစဉ်ပေးခဲ့သည့် အတိုင်း ဝက်ပေါင်ခြောက် ကို နှစ်ဦးမျှ၍ စားကြသည်။ မှောင်စပျိုးသည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အဘိုးကြီးကို နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ ထိုအချိန်တွင် အဘိုးကြီးသည် လက်ဖက်ရည်သောက်ရန်

ပြင်ဆင်လျက် ရှိပြီ ဖြစ်၏။ လက်ဖက်ရည်ပွဲကို လူနှစ်ယောက်စာ ပြင်ဆင်နေခြင်းနှင့် နံရံပေါ်မှ အချက်ပေးထိုးတံခါးကလေးများကို မကြာခဏ မော့ကြည့်ခြင်း စသည့် အကြောင်းများကြောင့် မကြာမီအချိန်အတွင်းတွင် မစ္စစကစ်ဖင်း တစ်ယောက် ရောက်လာတော့မည်ဟု ကျွန်တော် ခန့်မှန်းနိုင်ခဲ့ပါ၏။

****

ဝင်းမစ်ပေးလိုက်သည့် လိပ်စာအတိုင်း လိုက်လာခဲ့သော ကျွန်တော်သည် ရှစ်နာရီမထိုးမီပင် ကျွန်တော်သွားလိုသည့် ရပ်ကွက်သို့ ရောက်လာခဲ့သည်။ ရပ်ကွက်တည်ရာအရပ်သည် ကမ်းနားပိုင်း ဖြစ်၏။ မြစ်ဘက်မှ လာနေသော လေနှင့် အတူပါလာသည့် ဆိုးရွားသော အနံ့အသက် များသည် ကျွန်တော့်နှာဝကို လာရောက်တိုးဝှေ့လျက် ရှိကြ၏။ ကမ်းနားတစ်လျှောက်တွင် သစ်တိုသစ်စများ၊ သံတိုသံစများ၊ ရွက်တိုင်အဟောင်းအသစ်များ၊ ခတ်တက်များ၊ လှေသင်္ဘောကိုယ်ထည်များ နှင့် သစ်တုံးပုံကြီးများကို တွေ့မြင်နေရလေသည်။ မစ်လ်မွန်ဘင့်ဟု ခေါ်သော ရပ်ကွက်ပေတည်း။ ကျွန်တော် သွားနေကျနေရာမျိုး မဟုတ်သဖြင့် မြင်မြင်သမျှ အရာအားလုံးသည် အထူးအဆန်း ဖြစ်လျက် ရှိသည်။

ကျွန်တော် ဖြတ်လျှောက်လာနေသည့် လမ်းတစ်လျှောက်လုံးတွင် လှေသင်္ဘောတည်ဆောက်မှု လုပ်ငန်းနှင့် ပတ်သက်သည့် ပစ္စည်းများကိုသာ မြင်တွေ့လာရ၏။ အချို့နေရာတွင် မြေကြီးထဲမြှုပ်ကာ သံချေးအထပ်ထပ် တက်နေသော ကျောက်ဆူးဟောင်းကြီးများ ရှိသည်။ ဤအရာ အားလုံးကို ဖြတ်သန်းမိသောအခါ မစ်လ်မွန်ဘင့် ရပ်ကွက်အစွန်သို့ ရောက်လာသည်။ ဤဘက်ပိုင်းကျတော့လည်း လေသည် သန့်ရှင်းလတ်ဆတ်လာသည်။ ပတ်ဝန်းကျင်တွင်လည်း စောစောကတွေ့ခဲ့ရသည့် ပစ္စည်းမျိုးတွေ မတွေ့ရ။ သစ်ပင်သုံးလေးပင်နှင့် လေရဟတ်ဟောင်းကြီးတစ်ခု၏ ငုတ်တိုင်မှ တစ်ပါး အခြားဘာမှ မရှိ။

ဤအပိုင်းတွင် ပုံစံခပ်ဆန်းဆန်းအိမ် အနည်းငယ် ရှိသည်။ ထိုအိမ် စုထဲတွင် ရှေ့ဘက်မျက်နှာစာကို သစ်ဖြင့် တန်ဆာဆင်ထားသော သုံးထပ်တိုက်ဟောင်းတစ်လုံးကို တွေ့ရ၏။ အိမ်ရှေ့တံခါးပေါ်၌ ချိတ်ထားသည့် ဆိုင်းဘုတ်တွင် "မစ္စက်ရှင်းပဲလ်" ဟု ရေးထားသည်။ ကျွန်တော် လိုက်ရှာနေသည့် အိမ်ပေတည်း။ တံခါးခေါက်လိုက်သည် နှင့် တစ်ပြိုင်နက် အိမ်ထဲမှ အသက်ခပ်ကြီးကြီး မိန်းမကြီးတစ်ယောက် ထွက်လာသည်။ သူ့နောက်မှ ကပ်၍ပါလာသော ဟားဘတ်က စကားတစ်ခွန်းမှ မပြောဘဲ ကျွန်တော့်လက်ကို ဆွဲ၍ ညှိခန်းထဲသို့ ခေါ်သွားသည်။ အိမ်ရှေ့တံခါးကိုလည်း သူကိုယ်တိုင်ပင် ကပျာကယာ ပိတ်လိုက်သည်။ ကိုယ်မရောက်ဖူးသည့် အိမ်ဖြစ်သော်လည်း ကိုယ့်သူငယ်ချင်း၏ မျက်နှာကို မြင်လိုက်ရသည့် အခါ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားနိုင်သည့် ခံစားမှု ဝင်လာပါသည်။ ကျွန်တော်သည် တစ်ချိန်လုံးလိုလိုပင် ဟားဘတ်၏ မျက်နှာကို ဝမ်းသာအားရ ကြည့်နေမိလေသည်။

"အားလုံး အဆင်ပြေတယ် ဟန်ဒယ်လ်" ဟု ဟားဘတ်က ပြောသည်။ "သူလည်း ကျေကျေနပ်နပ်ပါပဲ။ ခင်ဗျားကို တွေ့ချင်နေတာတစ်ခုပဲ ပြောစရာ ရှိတယ်။ ကျွန်တော့် အမျိုးသမီးကတော့ အပေါ်ထပ် သူ့အဖေ ဆီ ရောက်နေတယ်။ သူဆင်းလာမှ ခင်ဗျားနဲ့ မိတ်ဆက်ပေးပါဦးမယ်။ သူနဲ့ တွေ့ပြီးမှ အပေါ်ဆုံးထပ်ကို

သွားကြတာပေါ့။ ဟော... ကြားလား။ အဲဒါ သူ့အဖေပဲ"

ကျွန်တော်တို့ ခေါင်းပေါ်တည့်တည့်မှ ခေါ်သံ၊ အော်သံ၊ ညည်းညူသံ နှင့် ဒေါသတကြီး ရေရွတ်သံများ ကြားနေရသည်။

"အဘိုးကြီးကတော့ လူဆိုးကြီးတစ်ယောက်များ ဖြစ်နေပြီလား မသိပါဘူး" ဟု ဟားဘတ်က ပြုံးရယ်ပြီး ပြောသည်။ "ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း သူ့ကို မမြင်သေးဘူး။ ခင်ဗျား ရမ်နံ့ မရဘူးလားဟင်၊ သူက ရမ်အရက် အမြဲချနေတာ"

"ရမ်... ဟုတ်လား" ဟု ကျွန်တော် ရောယောင်ပြီး ရေရွတ်လိုက်မိပါသည်။

"ဟုတ်တယ်။ ရမ် အမြဲသောက်နေရတယ်။ ရမ်ကြောင့် သူ့မှာ ဖြစ်နေတဲ့ အဆစ်အမြစ်ကိုက်ရောဂါ သက်သာနေတာပဲ။ ရမ်ပုလင်းတွေကို သူ့အခန်းထဲမှာပဲ ထားတယ်၊ သူ့ဘေးပတ်ပတ်လည်က ကြောင်အိမ်တွေ ဗီရိုတွေပေါ်မှာ စုပြုံတင်ထားသတဲ့။ သူ့အခန်းက ကုန်စုံဆိုင်တစ်ဆိုင်လား အောက်မေ့ရတယ်"

ဟားဘတ် စကားပြောနေခိုက်မှာပင် အပေါ်ထပ်မှ တညည်းညည်း တညူညူ လုပ်နေသောအသံကို ကြားနေရသည်။ ထို့နောက် ငြိမ်တိတ်သွားလေသည်။

"သူ့ညာဘက်လက်နဲ့ တစ်ကိုယ်လုံး နေရာအနှံ့အပြားမှာ ရှိရှိသမျှ အဆစ်အမြစ်တွေက မခံမရပ်နိုင်လောက်အောင် ကိုက်ခဲနေတော့လည်း သူ ဘယ်ခံနိုင်မလဲ။ ဆေးသောက်ရုံနဲ့လည်း ဘယ်လိုလုပ်ပြီး သက်သာမလဲ။ အဲဒီတော့ သူ့ကိုယ်သူ မနာနာအောင် ထုထောင်းနေရမှာပေါ့ " ဟု ဟားဘတ်က ရှင်းပြပြန်သည်။ ဤအခိုက်မှာပင် နောက်ထပ် ဒေါသတကြီး ညည်းညူသံများ ထွက်လာပြန်လေသည်။

"အပေါ်ထပ်အခန်းကို ပရိုးဗစ် ရောက်လာတာဟာ အိမ်ရှင်အဘွားကြီး မစ္စက်ရှင်းပဲလ်အတွက် ဘုရားမ,တာပဲ" ဟု ဟားဘတ်က ပြောသည်။ "ဘယ်သူမှ အခုကြားနေရတဲ့ အသံကို နားမခံနိုင်ကြဘူး။ နေရာကတော့ ထူးဆန်းတဲ့ နေရာ တစ်နေရာ ဖြစ်နေပြီ"

ဟားဘတ်ပြောသည့် အတိုင်း ဤနေရာသည် ထူးဆန်းသောနေရာ တစ်နေရာ ဖြစ်၏။ သို့သော်လည်း ထားပုံသိုပုံ အလွန်စနစ်ကျပြီး အလွန်သပ်ရပ်သန့်ရှင်းသော နေရာ ဖြစ်ပါသည် ဟု ကျွန်တော်က ပြန်ပြော လိုက်ပါသည်။

"အိမ်ရှင်အဘွားကြီး မစ္စက်ရှင်းပဲလ်ဟား အတော်ဆုံး အိမ်ထောင်ရှင်မတစ်ယောက်ပဲ၊ သူ့ဆီကသာ အကူအညီမရရင် ကလယ်ရာအဖို့ ဘယ်လွယ်မလဲ။ ကလယ်ရာက အမေမရှိရှာဘူး ဟန်ဒယ်လ်၊ ကလယ်ရာမှာ သူ့အဖေ ဂရပ်ဖ်အင်ဂရင်းကလွဲပြီး ဆွေမျိုးသားချင်းလည်း တစ်ယောက်မှ ရှိတာ မဟုတ်ဘူး"

"ဂရပ်ဖ်အင်ဂရင်းဆိုတာ သူ့နာမည်တော့ ဟုတ်မယ် မထင်ပါဘူး နော်

ဟားဘတ်"

"မဟုတ်ဘူး ဗျ၊ ကျွန်တော်ပေးထားတဲ့ နာမည်၊ သူ့နာမည် မစ္စတာဘာလေတဲ့။ ဆွေမျိုး သားချင်းမရှိတဲ့ ကလယ်ရာလို မိန်းကလေးတစ်ယောက်ကို ချွေးမတော်ရမယ့် ကျွန်တော့်အဖေနဲ့ အမေတို့ အဖို့တော့ ကံကောင်းတာပဲ"

တကယ်တော့ ဟားဘတ်သည် ကလယ်ရာနှင့် သူ စတွေ့ပုံကို ကျွန်တော့်အား ပြောပြခဲ့ဖူးပြီ ဖြစ်၏။ ဟားဘတ်နှင့် ကလယ်ရာတို့ ဆုံမိကြသည့်နေရာမှာ ဟင်းမားစမစ်သ်ရပ်ကွက်အတွင်းမှ အထက်တန်းကျောင်းတွင် ဖြစ်သည်။ ကလယ်ရာမှာ နောက်ဆုံးနှစ်ကျောင်းသူဘဝ ဖြစ်၏။ ပညာသင်နှစ်မကုန်ဆုံးသေးမီအတွင်းမှာပင် ကလယ်ရာ၏ ဖခင် မမာမကျန်းဖြစ်လာသဖြင့် ကျောင်းမှ ထွက်ပြီး အိမ်ပြန်ရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ရ၏။ ထိုအခါ ဟားဘတ်နှင့် ကလယ်ရာတို့သည် စိတ်စေတနာကောင်းရှာသော မစ္စက်ရှင်းပဲလ်နှင့် ကံအားလျော်စွာဆုံမိကြပြီး ကလယ်ရာ၏ ဖခင်ကို မစ္စက်ရှင်းပဲလ်ထံ အခန်းငှား၍ ထားခဲ့ကြသည်။ မစ္စက်ရှင်းပဲလ်ကလည်း ကလယ်ရာ၏ ဖခင်အား ကောင်းစွာ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ဤသို့ဖြင့် ကလယ်ရာတို့ သားအဖ၏ ဘဝသည် အဆင်ပြေလာခဲ့ရလေသည်။

ကျွန်တော်တို့ နှစ်ယောက် စကားကောင်းနေခိုက်မှာပင် အခန်းတံခါးပွင့်သွားပြီး ကိုယ်လုံးကိုယ်ထည် သွယ်လျလျ၊ မျက်လုံးနက်နက် အသက်နှစ်ဆယ်ခန့်ရှိ မိန်းမချောလေးတစ်ဦးသည် လက်ဆွဲခြင်းတစ်လုံးကို လက်မောင်းတွင် ချိတ်လျက် ဝင်လာသည်။ ဟားဘတ်က အလွန်ချစ်ခင်ကြင်နာသော မျက်နှာထားပြီး ဆီးကြိုပြီး မိန်းမချောလေးလက်ထဲမှ ခြင်းကို လှမ်းယူသည်။ "ကလယ်ရာဆိုတာ သူပဲ" ဟု ဟားဘတ်က ကျွန်တော့်ဘက် လှည့်ပြောသည် ဆွဲဆောင်မှုအပြည့်ရှိသော မိန်းမလှကလေးတစ်ဦး ဖြစ်ပါ၏။ သူ့ခမျာ နာတာရှည်ရောဂါသည် ဖခင်အိုကြီးအား မျက်ခြည်မပြတ် ပြုစုနေရသဖြင့် ဘီလူးကြီးတစ်ကောင်၏ အကျဉ်းစံဘဝသို့ ရောက်နေသော ပုံပြင်ထဲမှ နတ်သမီးလေးတစ်ပါးနှင့် တူလျက်ရှိလေသည်။

"ဒီမှာ ကြည့်ပါဦး" ဟု ဆိုကာ ဟားဘတ်က လက်ဆွဲခြင်းကို ပြသည်။ "ဟောဒီဟာက ကလယ်ရာရဲ့ ညစာပဲ၊ ပေါင်မုန့်လေးတစ်ခု၊ ဒိန်ခဲလေး တစ်ခဲနဲ့ ရမ်တစ်ခွက်၊ ရမ်ကတော့ ကျွန်တော်ပဲသောက်မယ်၊ ဟောဒီဘက်ကဟာကတော့ သူ့အဖေ မစ္စတာဘာလေကို ကျွေးရမယ့် မနက်ဖြန်မ နက်စာ၊ သိုးသားက နှစ်တုံး၊ အာလူးက သုံးလုံး။ စားတော်ပဲနည်းနည်းနဲ့ ဂျုံနည်းနည်း ထောပတ်နှစ်အောင်စ၊ ဆားတစ်ဇွန်း၊ အဲဒါအားလုံးကို ကလယ်ရာက ချက်ပေးရတယ်။ ကလယ်ရာအတွက် မပါဘူး" ဟု ကရုဏာ မကင်းသော မျက်နှာထားဖြင့် ပြောသည်။

ကလယ်ရာကတော့ မျက်နှာထား ပြောင်းမသွားပါ။ ပကတိ ရိုးသားဖြူစင်သော မျက်နှာဖြင့် ကြည့်လျက်ရှိသည်။ သိမ်မွေ့နူးညံ့သော အပြုံးဖြင့် ဟားဘတ်၏ ရင်ခွင်တွင် မှီ၍ ရပ်နေသည်။ ကလယ်ရာနှင့် ဟားဘတ်တို့

မင်္ဂလာပွဲအတွက် ပိုင်ဆိုင်သမျှ ငွေအားလုံးကို ရက်ရက်ရောရော ပုံပေးလိုက်ချင်သောဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိပါသည်။

ကျွန်တော်သည် ကလယ်ရာကို ကြည့်ကာ အံ့သြခြင်း၊ စိတ်ချမ်းမြေ့ခြင်း ဖြစ်ရပါ၏။ ဤအခိုက်မှာပင် အပေါ်ထပ်မှ ဒေါသတကြီးနှင့် အော်ဟစ်နေသံ ထွက်လာပြန်သည်။ ကြမ်းပြင်ကို တဒုန်းဒုန်း ခေါက်သံများလည်း အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိ၏။ ကလယ်ရာက ဟားဘတ်အား မော့ကြည့်ပြီး "ဖေဖေခေါ်နေတယ်" ဟု ပြောကာ ပြေးထွက်သွားသည်။

"တော်တော့်ကို ဆိုးရွားတဲ့ ငမန်းအိုကြီးပဲ ဟန်ဒယ်လ်" ဟု ဟားဘတ်က ရေရွတ်သည်။ "သူ ဘာလိုချင်လို့ အော်နေတယ် ထင်သလဲ"

"မသိဘူး။ ဒါပေမဲ့... သောက်စရာတစ်ခုခု လိုချင်တယ် ထင်ပါရဲ့"

"ဟုတ်တယ်။ အဲဒါပဲ၊ ဟော... ကြားလား၊ သောက်နေပြီ။ သောက်လိုက်ရလို့ ငြိမ်သွားပြန်ပြီ"

နောက်တစ်ခဏမျှအကြာတွင် ကလယ်ရာ ပြန်ဆင်းလာသည်။ သူ ရောက်လာသည် နှင့် တစ်ပြိုင်နက် ကျွန်တော်နှင့် ဟားဘတ်တို့ အပေါ် ဆုံးထပ်သို့ တက်ခဲ့ကြသည်။ ကျွန်တော်တို့ တက်လာခိုက်တွင် မစ္စတာ ဘာလေ၏ အခန်းထဲမှ တစ်ယောက်တည်း စကားပြောသံများ ကြားနေ ရ၏။

"အို... ဘုရားသခင်။ အဘိုးကြီး ဘာလီရဲ့ အဖြစ်ကို မြင်တော်မူပါဦး၊ အခုဆို အိပ်ရာပေါ်က မထနိုင်တော့ဘူး၊ ဒီအတိုင်းပဲ ပစ်ထားတော့မှာလား၊ ကြည့်ရှုစောင်မ,တော်မူပါဦး"

ထိုအခါ ဟားဘတ်က မစ္စတာဘာလေသည် ယခုကဲ့သို့ပင် သူ့စိတ်သူ သက်သာရာရအောင် တစ်ယောက်တည်း ပြောချင်ရာ ပြောနေတတ်ကြောင်း၊ နေ့ရော ညပါ ကောင်းစွာ အိပ်နိုင်သည် ဟု မရှိကြောင်း၊ တစ်ခါတစ်ရံ နေ့ခင်းနေ့လယ်ဘက်တွင် မှန်ပြောင်းတစ်လက်ဖြင့် မြစ်ပြင်ပေါ်၌ လှုပ်ရှားသွားလာနေသမျှကို ကြည့်နေတတ်ကြောင်ား ရှင်းပြသည်။

ပရိုဗစ်ကို ထားသည့် အခန်းမှာ အိမ်၏ အပေါ်ဆုံးထပ်တွင် ဖြစ်၍ အောက်ထပ်အခန်းများ ထက် ပို၍ လေကောင်းလေသန့်ရသည်။ မစ္စတာဘာလေ၏ အခန်းထက် အဆပေါင်းများစွာ ပို၍ တိတ်ဆိတ်သည်။ ပရိုဗစ်နေရထိုင်ရသည်မှာ များစွာ သက်သောင့်သက်သာ ရှိပုံရ၏။ ပရိုဗစ်ကို ကြည့်ရသည်မှာ ထိတ်လန့်ခြင်း ဖြစ်ပုံမရ၊ အေးအေးဆေးဆေးပင် ရှိသည်။ သူ့စိတ်သဘောထားသည် ယခင်ကထက်ပို၍ နူးညံ့ သိမ်မွေ့လာသည် ဟု ကျွန်တော် ထင်မိပါသည်။ မည်သည့် အတွက်ကြောင်း ပြောင်းလဲသွားရသည် ကိုကား ကျွန်တော် မပြောတတ်ပါ။

တစ်နေ့ခင်းလုံး အိပ်လာခဲ့ရသဖြင့် ကျွန်တော်စိတ်သည် ကြည်လင် လန်းဆန်းလျက် ရှိရာ ကိစ္စအားလုံးကို ကောင်းစွာ ဆင်ခြင်စဉ်းစားနိုင်သည့် အခြေအနေရှိပါသည်။ ကွန်ပီဆင်နှင့် ပတ်သက်၍ ကြားခဲ့ရသမျှ ကို ပရိုဗစ်အား အသိမပေးတော့ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အကယ်၍ ထိုအကြောင်းကို

အသိပေးလိုက်ပါက ကွန်ဗီဆင်၏ အပေါ်၌ အခဲမကြေနိုင်လောက်အောင် မုန်းတီးရွံရှာလျက်ရှိသော ပရိုးဗစ်သည် သူ့ဘေး သူ့အန္တရာယ်ကို လုံးဝဂရုမစိုက်တော့ဘဲ သူကိုယ်တိုင်ထွက်၍ မတွေ့တွေ့အောင် ရှာပြီး လက်စားချေတော့မည်ဟု သေချာလျက် ရှိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ပရိုးဗစ်နှင့် မီးဖိုရှေ့၌ မျက်နှာချင်းဆိုင် ထိုင်မိကြသည် နှင့် တစ်ပြိုင်နက် တခြားအကြောင်းများကို မပြောတော့ဘဲ ဝင်းမစ်ထံမှ ရခဲ့သည့် သတင်းများ အပေါ်၌ ယုံကြည်မှု ရှိ,မရှိ မေးပါသည်။

"ငါ ယုံပါတယ် လူကလေးရယ်" ဟု သူက ခေါင်းတစ်ချက် ညိတ်၍ ပြောသည်။ "ငါ့ကိစ္စကို ဂျက်ဂါး သိတယ်ကွဲ့"

"ကျွန်တော်ကိုယ်တိုင်လည်း ဝင်းမစ်နဲ့ စကားပြောခဲ့ရတယ်" ဟု ကျွန်တော်က ပြောပြပါသည်။ "ကျွန်တော်တို့ အတွက် သူပြောလိုက်တဲ့ သတိပေးစကားတွေနဲ့ သူပေးလိုက်တဲ့ အကြံဉာဏ်တွေကို အသိပေးချင်လို့ ကျွန်တော်လာခဲ့တာ"

ထို့နောက် ကျွန်တော်က ဝင်းမစ်ပြောလိုက်သမျှ စကားများကို တစ်လုံးမကျန် ပြန်၍ ပြောပြသည်။ နယူးဂိတ်ထောင်ကြီးထဲသို့ ဝင်းမစ်ရောက်ခဲ့စဉ်က သတင်းများ ကြားခဲ့ရကြောင်း (ထောင်သားများ ဆီကလား၊ ထောင်အမှုထမ်းများ ဆီကလားဟု ခွဲခြား၍တော့ မပြောပါ) သတင်းအဆိုမှာ ပရိုးဗစ် လန်ဒန်ပြန်ရောက်နေသည် ဟု တချို့က သံသယရှိနေကြကြောင်း၊ ကျွန်တော့်အခန်း ကိုလည်း လူတစ်စုက စောင့်ကြပ်ကြည့်ရှုနေကြကြောင်း၊ ထို့ကြောင့် ပရိုးဗစ် ကျွန်တော့်အခန်း ၌ ဆက်မထားဘဲ ပို၍ လုံခြုံမည့် နေရာ တစ်နေရာသို့ ရွှေ့ပြောင်းထား စေလိုကြောင်း၊ ကျွန်တော်ကလည်း ပရိုးဗစ်နှင့် အဆက်အသွယ်မလုပ်ဘဲ ခဏတစ်ဖြုတ် အဆက်ဖြတ် ထားစေလိုကြောင်း၊ အခြေအနေအားလုံး ငြိမ်သွားသည့် အခါကျမှ ပရိုးဗစ်နှင့် ကျွန်တော်တို့ နိုင်ငံခြား တိုင်းပြည်တစ်ပြည်သို့ ထွက်ခွာသွားသင့်ကြောင်း စသည် များကို သူနားလည် သဘောပေါက်သွားအောင် ပြောပြပါသည်။ တစ်ဆက်တည်းပင် လန်ဒန်မြို့ပေါ်၌ အိမ်တစ်လုံးဝယ်၍ တခမ်းတနား နေကြရန်မှာ မူ လောလောဆယ် ဘယ်နည်းနှင့် မျှ မဖြစ်နိုင်သေးကြောင်း၊ သူခိုင်းထားသည့် အတိုင်း မြင်းများ နှင့် မြင်းရထားများ ဝယ်ဖို့ မှာလည်း အန္တရာယ် ကို ဖိတ်ခေါ်သလို ဖြစ်လိမ့်မည်ဟု ထင်ကြောင်း စသည် များကိုပါ ရှင်းပြလိုက်ပါသည်။

ကျွန်တော့်စကားများကို ပရိုးဗစ်က ကန့်ကွက်ခြင်း မပြုပါ။ သူ လန်ဒန်သို့ ပြန်လာခြင်းသည် အလွန်ကြောက်စရာကောင်းသည့် စွန့်စားမှုတစ်ရပ်ကို ပြုခြင်းဖြစ်ကြောင်း ဝန်ခံသည်။ သို့သော်လည်း ယခုကဲ့သို့ ကျွန်တော်တို့ လူစုက ကူညီဦးမည်ဟု သိရသဖြင့် သူ့ဘာကိုမှ ကြောက်စရာ၊ စိုးရိမ်စရာ မလိုတော့ဟု ယူဆကြောင်း ပြောပါသည်။

တစ်ချိန်လုံး မီးဖိုဆီသို့ ငေးမောကာ တွေဝေစဉ်းစားလျက်ရှိသော

ဟားဘတ်က အကြံကောင်း တစ်ခု စိတ်ကူး၍ ရသည်ဟု ဆိုသည်။ "ကျွန်တော်တို့ နှစ်ယောက်စလုံး လှေလှော်တတ်ကြတာပဲ ဟန်ဒယ်လ်၊ အချိန်ကျလာတဲ့ နေ့ကျတော့ သူ့ကို ခင်ဗျားနဲ့ ကျွန်တော် လှေနဲ့ လိုက်ပို့လို့ ရ တာပဲ၊ သူ့ကိုပို့ဖို့ အတွက် လှေတစ်စီး ငှားမယ်ဆိုရင် အပြင်နေ လှေသမားတွေပါလာမယ်။ မသင်္ကာဖြစ်ကုန်မယ်။ အဲဒီတော့ လှေတစ်စင်းဝယ်။ ခင်ဗျားနဲ့ ကျွန်တော် မကြာခဏ လှေလှော်ထွက်ကြမယ်။ လှေလှော်ကျင့်နေတဲ့ သဘောပေါ့။ မြစ်ထဲမှာ မကြာခဏ လှေလှော်ထွက်နေတော့ ဘယ်သူကမှ သံသယမဖြစ်တော့ဘူး။ အကြိမ်နှစ်ဆယ်လောက်၊ အကြိမ် ငါးဆယ်လောက်သာ လှေလှော်ထွက်မိရင် သူ့ကို လိုက်ပို့ရမယ့် နှစ်ဆယ့်တစ်ကြိမ်မြောက် တစ်ခေါက် ဒါမှ မဟုတ် ငါးဆယ့်တစ်ကြိမ်မြောက် အခေါက်ကျတော့ ဘယ်သူကမှ ယုံထင်ကြောင်ထင် မဖြစ်တော့ဘူးပေါ့" ကျွန်တော်က ဟားဘတ်၏ အစီအစဉ်ကို သဘောကျသည်။ ပရိုးဗစ် ကလည်း ဟားဘတ်၏ စကားကြောင့် အားတက်သည်။ ဤအစီအစဉ် ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် ဆုံးဖြတ်ကြသည်။ ကျွန်တော် တို့ လှေလှော်ထွက်ကြသည့် အခါတိုင်း ဤဘက်ပိုင်းအထိ ရောက်အောင် အမြဲတစေ လှော်ခတ်ကြရန်နှင့် ပရိုးဗစ်က သူ့အခန်း ပြတင်းပေါက်ခန်းဆီကို ချထားခြင်းအားဖြင့် သူ့မှာ အန္တရာယ်ကင်းကြောင်း အချက်ပေးရန် သဘောတူကြပါသည်။

ကျွန်တော်တို့ သုံးယောက်၏ ဆွေးနွေးပွဲမှာ ဤနေရာ၌ အဆုံးသတ်သည်။ ကျွန်တော်က အခန်းသို့ ပြန်ရန် ထိုင်ရာမှ ထပါသည်။ ဟားဘတ်နှင့် ကျွန်တော် နှစ်ဦးအတူ တွဲ၍ မပြန်သင့်ဟု ယူဆသဖြင့် ကျွန်တော်က ရှေ့မှ သွားနှင့်မည်။ နာရီဝက်ခန့်ကြာမှ လိုက်ခဲ့ပါဟု ဟားဘတ်က ပြောသည်။ သူကလည်း သဘောတူသည်။ "ကျွန်တော် ခင်ဗျားကို အခုလို ခွဲမထားချင်ပါဘူး" ဟု ကျွန်တော်က ပရိုးဗစ်အား စိတ်ထဲ၌ ရှိနေသည့်အတိုင်း ပြောလိုက်မိပါသည်။ "ကျွန်တော့်အနားမှာ နေတာထက် ခပ်ဝေးဝေးမှာ ခွာနေတာက ခင်ဗျားအတွက် ပိုပြီး လုံခြုံမှုရှိနေလို့သာ အခုလို လုပ်ရတာပါ၊ ကဲ... ကျွန်တော် သွားမယ်၊ ဂွတ်ဘိုင်"

ပရိုးဗစ်က ကျွန်တော့်လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားပြီး "လူကလေး ရယ်၊ ငါတို့ နှစ်ယောက် ဘယ်အချိန်ကျမှ ပြန်တွေ့ရမယ်ဆိုတာ ငါလည်း မသိပါဘူး။ ဒါပေမဲ့ လူချင်း အပြီးအပိုင် ခွဲခါနီးမှ နှုတ်ဆက် လေ့ရှိတဲ့ ဂွတ်ဘိုင် ဆိုတဲ့ စကားကိုတော့ မသုံးပါနဲ့ ကွယ်။ မင်္ဂလာညပါ လို့ပဲ နှုတ်ဆက်ပါ" ဟု ပြောပါသည်။

"မင်္ဂလာညပါခင်ဗျာ၊ ကျွန်တော်တို့ နှစ်ယောက် အဆက်ပြတ်မသွားခင် ဟားဘတ်က မှန်မှန်အဆက်အသွယ် လုပ်ပေးသွားပါလိမ့်မယ်။ ဒီကထွက်သွားဖို့ အချိန်ကျလာတဲ့ တစ်နေ့မှာ ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေမယ်ဆိုတာ ယုံပါ။ မင်္ဂလာညပါ။ ကဲ... သွားမယ်။ မင်္ဂလာညပါ။"

ကျွန်တော်တို့ က သူ့ကို အခန်းအပြင်သို့ လုံးဝမထွက်သင့်ဟု ယူဆသဖြင့် တံခါးဝမှပင် ထားခဲ့သည်။ သူသည် ဖယောင်းတိုင်မီးကို ကိုင်မြှောက်ပြရင်း

ကျန်ခဲ့ပါသည်။ ကျွန်တော်က သူ့ကို တစ်ချက်မျှ ပြန်၍ လှည့်ကြည့်လိုက်မိသည်။ သူ ကျွန်တော့်ထံ ရောက်လာသည့် ပထမ ဆုံးညကို သတိရမိပါသည်။ အခုကျတော့လည်း အခြေအနေအရပ်ရပ်သည် ပြောင်းပြန်ဖြစ်သွားခဲ့လေပြီ။ သူ့ကို ခွဲထားရသည့် အတွက် ကျွန်တော့်စိတ်သည် စိုးရိမ်ကြောင့်ကြမှုများဖြင့်လေးလံထိုင်းမှိုင်းလျက် ရှိ နေရပါ၏။

အဘိုးကြီးဘာလေ၏ ညည်းညူသံများ နှင့် ဆဲဆိုသံများကိုမူ ကြားနေရဆဲပင် ဖြစ်၏။ အောက်ဆုံးထပ်သို့ ပြန်ရောက်သောအခါ ကျွန်တော် က အခန်းငှားရာ၌ ပရိုးဗစ်ဟူသော နာမည်နှင့်ပင် ငှားထားသလားဟု မေးကြည့်သည်။ ပရိုးဗစ်ဟူသော အမည်ကို သူ မသုံးတော့ဘဲ မစ္စတာ ကင်းဘဲလ်ဟူသော အမည်သစ်ကို သုံးထားကြောင်း၊ မစ္စတာကင်းဘဲလ်၏ အပေါ်တွင် အခြားသူများက စိတ်ဝင်စားလာမည် စိုးသဖြင့် မစ္စတာ ကင်းဘဲလ်နှင့် ပတ်သက်၍ ဘာမှ မပြောဘဲ ထိမ်ချိန်ထားကြောင်း ပြောပါသည်။ မစ္စက်ရှင်းပဲလ်နှင့် ကလယ်ရာတို့သည် ညှော့ခန်းထဲ၌ ထိုင်နေကြသည်။ ကျွန်တော်သည် မစ္စက်ကင်းဘဲလ်၏ အကြောင်းကို သူတို့ ရှေ့၌ မပြောမိအောင် သတိထား၍ နေခဲ့ပါသည်။

ကျွန်တော်သည် စိတ်ကောင်းနှလုံးကောင်း ရှိရာသော မစ္စက်ရှင်းပဲလ်နှင့် မျက်လုံးနက်ပိုင်ရှင် မိန်းမချောလေး ကလယ်ရာတို့ အား နှုတ်ဆက်ပါသည်။ ကျွန်တော့်အတွေးထဲတွင် အက်စတယ်လာ၏ ရုပ်ပုံလွှာသည် ပေါ်လာသည်။ နောက်ဆုံး ခွဲခွာခဲ့ကြရသည့် အဖြစ်ကို သတိရသည်။ အလွန်ထိခိုက်ကြေကွဲသောစိတ်ဖြင့် အခန်းသို့ ပြန်လာခဲ့ပါသည်။

တင်းပဲလ်ရိပ်သာရှိ ကျွန်တော့်အခန်းမှာ ဘာတစ်ခုမှ အပြောင်းအလဲ မရှိပါ။ ကျွန်တော် မြင်နေတွေ့နေကျအတိုင်း ပုံစံမပျက်ပင် ရှိသည်။ ပရိုးဗစ်နေခဲ့သော အခန်းပြတင်းပေါက်များသည် မှောင်မည်းလျက် ရှိကြ၏။ ဂါးဒင်းကုတ်ဘက်သို့ တစ်ချက်မျှော်၍ ကြည့်မိသည်။ လူစလူန မမြင်ရပါ။ ကျွန်တော်သည် အခန်းဆီသို့ တက်လာခဲ့သည်။ တစ်ယောက်တည်း အထီးကျန်နိုင်လှပါဘိ၏။ စိတ်ဓာတ်ကျခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ ကြောင့် အိပ်ရာဝင်ခဲ့သည်။ ဟားဘတ် ရောက်လာသောအခါ သူသည် ကျွန်တော့်အိပ်ရာဘေး၌ ရပ်နေသည်။ သူသည် ပြတင်းပေါက် တံခါးတစ်ခု ကို ဖွင့်ပြီး အပြင်သို့ လှမ်းကြည့်နေသည်။ လရောင်ကြောင့် အပြင်ဘက်မှ မြင်ကွင်းကို ထင်ထင်ရှားရှား မြင်နေရဟန်တူပါသည်။ အပြင်ဘက်တွင် မသင်္ကာဖွယ်ရာ လူရိပ်လူခြည်ကို မမြင်ရဟု ကျွန်တော့်အား လှမ်း၍ ပြောပြနေပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် အပြင်သို့ထွက်၍ လှေတစ်စင်း ဝယ်သည်။ ချက်ချင်းပင် အဆင်ပြေသွားသည်။ လှေကိုယူလာပြီး တင်းပဲလ်ရိပ်သာနှင့် မလှမ်းမကမ်းရှိ မြစ်ဆိပ်တစ်နေရာ၌ ချည်ထားလိုက်သည်။ အရေးအကြောင်း ပေါ်လာသည့် အခါ တစ်မိနစ် နှစ်မိနစ်ခန့် အတွင်း ကျွန်တော်ရောက်အောင် သွားနိုင်သည့် နေရာ ဖြစ်၏။ ထို့နောက် ကျွန်တော်သည်

လှေဖြင့် မြစ်ပြင်သို့ မကြာခဏ ထွက်ပါသည်။ တစ်ခါတစ်ရံတစ်ယောက်တည်း…။ တစ်ခါတစ်ရံတွင် မူ ဟားဘတ်နှင့် လှေ လှော်ကျင့်သလိုလို ဘာလိုလိုနှင့် ထွက်ခြင်းမျိုး ဖြစ်၍ ကျွန်တော်တို့ အပေါ် စိတ်ဝင်စားသူ မရှိပါ။ မည်သို့ပင်ဖြစ်စေ လှေလှော်ထွက်သည့် အခါတိုင်း ကျွန်တော့်မှာ ဆီးနှင်းများ၊ မိုးသီးမိုးပေါက်များ နှင့် မကြာခဏ ကြုံရသဖြင့် အအေးဒဏ်ကိုတော့ ပြင်းစွာ ခံစားရပါသည်။ ပထမ လှေလှော်ထွက်စတွင် ကျွန်တော်သည် ဘလက်ဖရိုင်းယား တံတားအထိသာ သွားသည်။ ဒီရေအပြောင်းအလဲနှင့် ကြုံသောအခါတွင်မူ လန်ဒန်တံ တားဘက်အထိ ရောက်အောင် လှော်ပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့သည် ပစ်လ်ပွန်ဘင့် ရပ်ကွက်တည်ရာ မြစ်ပြင်ဘက်သို့ ရောက်အောင်သွားသည်။ ရောက်သွားသည့် အခါတိုင်း ပရိုးဗစ်၏ အခန်းကို သတိထား၍ ကြည့်ကြပါသည်။ ခန်းဆီးကလေး အမြဲချထားသည် ကို တွေ့ရပါသည်။ ဟားဘတ်ကိုယ်တိုင်လည်း ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ထက်မနည်း ပရိုးဗစ်ထံ ရောက်လေ့ရှိရာ သူပြန်လာသည့် အခါတိုင်း စိုးရိမ်ထိတ်လန့်စရာ သတင်းများပါမလာတတ်ပါ။ ဤမျှလောက် အထိ အခြေအနေကောင်းသည် ဟု ဆိုနိုင်သော်လည်း ကျွန်တော့်စိတ်သည် စိုးရိမ်ထိတ်လန့်နေဆဲပင် ဖြစ်၏။ အထူးသဖြင့် ကျွန်တော်၏ လှုပ်ရှားမှုဟူသမျှ စောင့်ကြည့်ခံနေရသည် ဟူသော အထင်မှာ အဆိုးဆုံး ဖြစ်သည်။ ဤအထင်မျိုးမှာ တစ်ကြိမ်လောက် စွဲကပ်မိလျှင် နောက်မှ တကောက်ကောက် လိုက်၍ ခြောက်လှန့်နေတတ်သော အထင်မျိုးဖြစ်သည် မဟုတ်ပါလား။ လူဘယ်နှယောက်က ဘယ်လိုနည်း မျိုးဖြင့် စောင့်ကြပ်ကြည့်ရှုနေပါသနည်း။ ဤမေးခွန်းကို ဖြေဖို့ ကျတော့ ခက်ခဲလှပါသည်။

အစဉ်းစားအဆင်ခြင် ကင်းမဲ့လွန်းလှသော လူတစ်ယောက်အတွက်ကြောင့် ကျွန်တော့်မှာ အေးအေးဆေးဆေး နေရသည် မရှိပါ။ အမြဲတစေ ကြောက်လန့်စိတ်ဖြင့်သာ အချိန်ကုန်နေရ၏။ တစ်ခါတစ်ရံတွင် မူ ဟားဘတ်က မှောင်မည်းမည်းအောက် ပြတင်း ပေါက်အနီး၌ ရပ်၍ မြစ်ပြင်ပေါ်မှာ ဒီရေအကျကို ကြည့်နေရသည်မှာ ပျော်စရာကောင်းလှသည် ဟုလည်းကောင်း၊ သူ့ကိုယ်သူ ဒီရေ ရေစီးကြောင်းနှင့် အတူ ကလယ်ရာဆီသို့ မျောပါသွားနေသည် ဟု တွေးနေရသည်မှာ စိတ်ချမ်းမြေ့စရာ ကောင်းလှသည် ဟုလည်းကောင်း ပြောပြတတ်သည်။ သို့သော်လည်း ကျွန်တော်ကတော့ သူမြင်သလို မမြင်နိုင်ပါ။ သူတွေးသလိုလည်း မတွေးနိုင်ပါ။ ကျွန်တော့်စိတ်ထဲတွင်မူ ဒီရေသည် မစ်ဝစ်ချ်ထံသို့ စီးသွားနေသည်။ ရေစီးကြောင်းနှင့် အတူ လျင်မြန်စွာ မျောပါသွားနေသော မည်းမည်းအရာဝတ္ထုသည် မစ်ဝစ်ချ်အား ဖမ်းဆီးမည့် သူ ဖြစ်နေပေသည်။

*****

(၄၇)

ထူးခြားသော ပြောင်းလဲမှုဟူ၍ ဖြစ်ပေါ်မလာဘဲ သီတင်းပတ်များစွာ ကုန်လွန်လာခဲ့သည်။ ကျွန်တော်တို့သည် ဝင်းမစ်ထံမှ တစ်စုံတစ်ခု ထူးထူးခြားခြား ရနိုးဖြင့် စောင့်မျှော်နေကြသည်။ သို့သော်လည်း သူ့ထံ မှ ဘာသတင်းမှ မကြားရပါ။ အကယ်၍သာ ကျွန်တော်သည် သူ့အိမ်သို့ မရောက်ခဲ့ဖူးပါမူ သို့မဟုတ် သူနှင့် တရင်းတနှီးသာ မပေါင်းသင်းခဲ့ပါမူ ဘာသတင်းမှ မကြားရဘဲ ဤမျှလောက် ရက်တွေကြာလာသည့် အခါ အထင်အမြင် လွဲမှားမိမည် ဖြစ်၏။ ယခုသော်မူ သူ့အကြောင်းကို သိနေသဖြင့် သံသယမဖြစ်တော့ပါ။ အကြောင်းမထူးသေး၍ ဘာသတင်းမှ မကြားရခြင်း ဖြစ်လိမ့်မည်ဟု သဘောထားလိုက်ပါသည်

ကျွန်တော်၏ အခြေအနေမှာလည်း ယခင်ကလို မဟုတ်တော့ပါ။ တဖြည်းဖြည်းနှင့် အဆင်မပြေမှုများ ဝင်ရောက်လာလျက် ရှိသည်။ အထူးသဖြင့် ကြွေးရှင်များသည် သူတို့ ငွေပြန်ရလိုမှုအတွက် မကြာခဏ နားပူနားဆာ လုပ်လာကြသည်။ ကျွန်တော်ကိုယ်တိုင်မှာလည်း ငွေကြေးကျပ်တည်းမှုများ နှင့် ကြုံလာရသည်။ ယင်းငွေကြေးများ ကျပ်တည်းမှုများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ပင် ဖြေရှင်းရပါသည်။ ကျွန်တော့်တွင် ရှိနေသော ရွှေထည်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ငွေကြေး အဆင်မပြေမှုကို အဆင်ပြေအောင် လုပ်ရပါသည်။ ထိုအချိန်က ကျွန်တော့်လက်ထဲတွင် ငွေ မရှိ မဟုတ်ပါ။ ပရိုးဖစ်က ပေးထားသော ငွေအိတ်ကြီး ရှိနေပါသည်။ သို့သော်လည်း ကျွန်တော့်ကျေးဇူးရှင် မည်သူမည်ဝါဟု သိပြီးကတည်းက သူ့ငွေကို နောက်ထပ်မသုံးတော့ဟု အခိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်ရာ ထိုငွေအိတ်ကြီးကို ဖွင့်၍ပင် မကြည့်မိတော့ပါ။ နောက်ဆုံးတွင် ထိုငွေအိတ်ကြီးကို ဟားဘတ်မှ တစ်ဆင့် ပရိုးဖစ်ထံသို့ ပြန်ပေးလိုက်သည်။ ပရိုးဖစ် စိတ်ကျေနပ်မှု ရှိစေရန်အတွက် ကျွန်တော် အသုံးလိုသည့် အခါကျမှ ယူ၍ သုံးပါမည်ဟုလည်း ပြောလိုက်ပါသည်။

တဖြည်းဖြည်းနှင့် အချိန်များ ကုန်မှန်းမသိ ကုန်လာသည်။ အချိန် တွေ ကုန်လာသည် နှင့် အမျှ အက်စတယ်လာတစ်ယောက် လက်ထပ်ပြီးလောက်ပြီဟူသော အသိစိတ်သည် ကိန်းအောင်းလာသည်။ သို့သော်လည်း ကျွန်တော်သည် သတင်းစာများကို မဖတ်ဘဲ အထူးသတိထား၍ ရှောင်နေပါသည်။ အကယ်၍ သတင်းစာဖတ်မိပါက အက်စတယ်လာ လက်ထပ်ပြီးသွားပြီဟူသော သတင်းကို အတိအကျ သိလိုက်ရမှာ စိုး၍ ဖြစ်ပါသည်။ ဟားဘတ်မှာ ကျွန်တော်၏ ခင်မင်ယုံကြည်ရသော မိတ်ဆွေတစ်ဦး ဖြစ်သည့် အားလျော်စွာ ကျွန်တော်နှင့် အက်စတယ်လာတို့ နောက်ဆုံးအကြိမ် ဆုံခဲ့ရသည့် အဖြစ်ကို အသိပေးထားခဲ့ပြီးပြီ ဖြစ်၏။ တစ်ဆက်တည်းဆိုသလိုပင် အက်စတယ်လာနှင့် ပတ်သက်၍ ဘာကိုပဲ သိသိ၊ ဘာကိုပဲ ကြားကြား ကျွန်တော့် အား မပြောရန်လည်းမှာထားပြီးပြီ ဖြစ်၏။

ကျွန်တော့်ဘဝမှာ သာယာပျော်ရွှင်စရာ ကောင်းသည့် ဘဝ မဟုတ်တော့ပါ။ တောင်စဉ်တောင်တန်းများ ပေါ်မှ အမြင့်မားဆုံးသော တောင်ထွတ်ကြီးတစ်လုံး အုပ်မိုးထားသည့် နှယ် မြောက်မြားလှစွာသော သောကများ အပေါ်မှ အကြီးမားဆုံးသော သောကကြီးတစ်ခု၏ ဖိစီးမှုကို အလူးအလိမ့် ခံနေသည့် ဘဝ ဖြစ်ပါသည်။ ထိတ်လန့်စရာ အသစ်သည်နောက်ထပ်ပေါ်ပေါက်လာခြင်း မရှိပါ။ သို့သော်လည်း ရှိပြီးသား ထိတ်လန့်စရာ၏ ပမာဏသည် တစ်နေ့တခြား ဆိုးရွားကြီးမားလာလျက် ရှိသည်။ မနက်ခင်း အိပ်ရာမှ နိုးလာသည့် အခါ ပရိုးဗစ်အား ဖမ်းမိသွား လေပြီလား ဟူသော ကြောက်စိတ်သည် တစ်ခါတည်းပါလာလေ့ ရှိ၏။ ဟားဘတ် အပြင်သို့ ထွက်သွားသည့် အခါများတွင်လည်း သူ ပြန်မရောက်မချင်း အိပ်၍ မရ။ အိပ်ရာပေါ်မှ နေ၍ သူ့ခြေသံကိုသာ နားတစွင့်စွင့် လုပ်နေမိ၏။ သူ ပြန်လာလျှင် သတင်းဆိုးများပါ လာလေမလား ဟူသော ကြောင့် ကြစိတ်ဖြင့် ကျွန်တော့်မှာ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်လျက် ရှိရသည်။ အမြဲတစေ စိတ်လှုပ်ရှားနေရသည် ကို မခံမရပ်နိုင်အောင် ဖြစ်လာသည့် အခါများတွင် မူ ကျွန်တော်သည် လှေလှော်ခြင်းဖြင့် အချိန်ကို ဖြုန်းရလေသည်။

ယင်းကဲ့သို့ အချိန်ဖြုန်းသည့် အခါများတွင် ကျွန်တော်သည် လှေကလေးကို ရေစီးနှင့် အလိုက်သင့်မျော၍ လိုက်ပါလာပြီး လန်ဒန်တံတား ဘက်အထိ ရောက်အောင်သွားလေ့ ရှိ၏။ ထိုနေရာရောက်သည့် အခါများတွင်လည်း ကျွန်တော်သည် အကောက်ခွန်ဂိုထောင်အနီးရှိ ဆိပ်ခံဘော တံတားတစ်ခု၏ အောက်ဘက်တစ်နေရာ၌ လှေကို ဆိုက်ထားခဲ့ပြီး ကမ်းပေါ်တက်၍ လည်လေ့ရှိပါသည်။ ယင်းကဲ့သို့ လည်ပတ်ရာမှ မမျှော်လင့်သော အဖြစ်နှစ်ခုနှင့် ကျွန်တော် ကြုံကြိုက်ခဲ့ရလေသည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ်၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် ကျွန်တော်သည် လှေကလေးကို အဖော်လုပ်၍ မြစ်ပြင်သို့ထွက်ခဲ့သည်။ ကျွန်တော်သည် ဒီရေအကျနှင့် လိုက်ပါလာခြင်းဖြစ်၍ ကျွန်တော် လှေဆိုက်နေကျ ဘောတံတားအောက်သို့ ရောက်သည့် အခါ နေဝင်ရီတရော အချိန် ရောက်နေလေပြီ။ ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့ ဖြစ်သော်လည်း ရေကျသွားသည် နှင့် တစ်ပြိုင်နက် ဆီးနှင်းများ တဖွဲဖွဲကျလာသည်။ မည်သို့ပင်ဖြစ်စေ ပရိုးဗစ်၏ အခန်းပြတင်းပေါက်တွင် ခန်းဆီးချထားသည် ကို တွေ့ရ၏။ အဓိပ္ပာယ်မှာ ဘေးအန္တရာယ် တစ်စုံ တစ်ရာ မရှိ။ အခြေအနေကောင်းသည် ဟု ဖော်ပြထားခြင်းဖြစ်သည် ထို့ကြောင့် ကျွန်တော်သည် ပရိုးဗစ်အတွက် များစွာ စိတ်အေးခဲ့ရလေသည်။

ရာသီဥတုမှာ ညပိုင်းရောက်ခါမှ ဆိုးလာခြင်း ဖြစ်၍ ကျွန်တော့် တစ်ကိုယ်လုံး အေးလျက်ရှိသည်။ ဤပုံအတိုင်းဆိုပါက ကမ်းပေါ်ရောက်လျှင်ရောက်ချင်း ညစာကို စားလိုက်မှ ဖြစ်တော့မည်ဟု

ဆုံးဖြတ်လိုက်သည်။ ထို့ပြင်လည်း သောကများ ဗရပွနှင့် တစ်ယောက်တည်း အထီးကျန် နေလာခဲ့ရသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ယနေ့ညတော့ဖြင့် ပြဇာတ်သွားကြည့်လျှင် ကောင်းလိမ့်မည်ဟု တွေးမိသည်။ ကျွန်တော့်မိတ်ဆွေ ဝေ့စလေပါဝင်သော ဇာတ်မှာလည်း ဤမြစ်ကမ်းပါး ရပ်ကွက်အတွင်းရှိ ဇာတ်ရုံတစ်ရုံ၌ ကပြလျက်ရှိသည် ဖြစ်ရာ ထိုဇာတ်ရုံမှာပင် ဝင်၍ ကြည့်တော့မည်ဟု ပိုင်းဖြတ်လိုက်ပါသည်။

ညစာကို ကျွန်တော်နှင့် ဟားဘတ်တို့ စားနေကျ စားသောက်ဆိုင်တွင် ဝင်၍ စားလိုက်သည်။ ထို့နောက် ဇာတ်ရုံသို့ တန်းသွားကာ ပြဇာတ်ဝင်ကြည့်ပါသည်။ တစ်ဇာတ်လုံးကို ခြုံ၍ ကြည့်လိုက်သည့် အခါ မစ္စတာ ဝေ့စလေ၏ သရုပ်ဆောင်မှုများမှာ ယခင်ကနှင့် စာလျှင် အထိုက်အလျောက် တိုးတက်လာသည် ဟု ဆိုနိုင်သော်လည်း အလွန် ကောင်းလှပါသည် ဟု ပြောရန်ကား မလွယ်လှပါ။ ဇာတ်စင်ပေါ်၌ ကပြ အသုံးတော်ခံနေသော မစ္စတာဝေ့စလေသည် ဇာတ်စင်၏ ထောင့်တစ်

ထောင့်သို့ ရောက်သည့် အခါတိုင်း ပွဲကြည့်ပရိသတ်ဘက်သို့ ခိုး၍ ကြည့် တတ်သည် ဖြစ်ရာ ပရိသတ်အလယ်၌ ထိုင်နေသော ကျွန်တော့်ကို ကောင်းစွာ မြင်နေပုံ ရ၏။ တစ်ကြိမ်တွင် မူ ကျွန်တော့်ဘက်သို့ လှည့်ကြည့်နေသော သူ့မျက်နှာထားသည် ထူးခြားသောအရာတစ်ခုကို မြင်လိုက်ရသည့် နှယ် အံ့အားသင့်သွားသည် ကိုပင် မြင်လိုက်ရသည်။ ကျွန်တော့် အနေဖြင့်မူ သူဘာကြောင့် ထိုကဲ့သို့ ဖြစ်သွားရသည် ကို စဉ်းစား၍ မရပါ။ သူ အခြေပျက်သွားသည် ဟု တော့ အတိအကျ ပြောနိုင်၏။ ဘာ့ကြောင့် အခြေပျက်ရသည် ကိုမူကား မပြောတတ်ပါ။ ကျွန်တော် ဇာတ်ရုံထဲမှ ထွက်လာချိန်အထိ ထိုအကြောင်းကို ခေါင်းထဲမှ ထုတ်မရသဖြင့် စဉ်းစားလာခဲ့ရာ ကံအားလျော်စွာပင် ဇာတ်ရုံ၏ ဝင်ပေါက်တံခါးတစ် ခုအနီးမှ ရပ်၍ ကျွန်တော့်အား စောင့်နေသော မစ္စတာဝေ့စလေနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဆုံမိကြလေသည်။

"နေကောင်းတယ်နော် မစ္စတာဝေ့စလေ" နှစ်ယောက်သား လမ်းမ ပေါ်သို့ ရောက်လာကြသည့် အခါ ကျွန်တော်က သူ့လက်များကိုဆွဲ၍ နှုတ်ဆက်ရင်း ပြောသည်။ "ဇာတ်စင်ပေါ်ကနေပြီး ခင်ဗျား ကျွန်တော့်ကို မြင်နေတယ်ဆိုတာ ကျွန်တော် သိပါတယ်"

"အေး... ဟုတ်တယ် မစ္စတာပစ်ပ်၊ ငါ မင့်ကို မြင်တယ်" ဟု သူက ပြန်ပြောသည်။ "ဒါပေမဲ့ ဟိုတစ်ယောက်က ဘယ်သူလဲ"

"ဘယ်တစ်ယောက်လဲ"

"တော်တော့်ကို ထူးဆန်းတာပဲ" မစ္စတာဝေ့စလေသည် ခပ်တွေတွေ ဖြစ်သွားပြီး အမှတ်တမဲ့ ရေရွတ်လိုက်သည်။ "ဒါပေမဲ့ သေချာပါတယ် ငါ ကျိန်ပြောဝံ့တယ်"

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူ ပြောနေသော

အခိပ္ပာယ်ကို ကျွန်တော် နားမလည်သဖြင့် ရှင်းပြဖို့ ထပ်မံတိုက်တွန်းရပါသည်။

"ပထမတော့ ငါ့စိတ်ထဲမှာ ယောင်ဝါးဝါးနဲ့ မှတ်မိသလို မမှတ်မိသလို ဖြစ်နေတယ်။ နောက်မင်းနဲ့ တွဲပြီး ကြည့်လိုက်တော့ သေချာသလို ဖြစ်သွားတယ်" ဟု သူက စဉ်းစားရခက်နေသည့် မျက်နှာထားဖြင့် ပြောသည်။ "သေချာပေါက်တော့ မပြောနိုင်ဘူး။ ဒါပေမဲ့ အတော်ကြီးတော့ သေချာတယ်လို့ ထင်တာပဲ"

ကျွန်တော်သည် ဘေးပတ်ဝန်းကျင်ကို သတိထား၍ ကြည့်မိသည်။ ဤအကျင့်မှာ ကျွန်တော့်အခန်းကို ပြန်သည့် အခါတိုင်း လုပ်နေကျဖြစ်၍ အကျင့်တစ်ခုလို ဖြစ်နေပြီ။ မည်သို့ပင် ဖြစ်စေ သူ၏ လျှို့ဝှက်သလို ဖြစ်နေသော စကားများကြောင့် ကျွန်တော့်မှာ ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ရ၏။

"သူက ငါ့ ဇာတ်စင်ပေါ်က မဆင်းခင်ကတည်းက ထွက်သွားနှင့် တာကိုး၊ သူ ထွက်သွားတာကို ငါ သေသေချာချာ မြင်လိုက်တယ်"

သူ့စကားများမှာ ကြာလေရှုပ်လေ ဖြစ်လာသည်။ ဇာတ်သမားပီပီ ဟန်ကများ လွန်းနေသည် ဟု ထင်မိ၏။ ကျွန်တော်က နောက်ထပ်စကားတစ်ခွန်းမှ မပြောတော့ဘဲ သူ့မျက်နှာကိုသာ ကြည့်၍ လျှောက်လာသည်။

"မင်းနဲ့ တွဲလျက်မြင်လိုက်ရတာကိုက အံ့ဩစရာတစ်ခု ဖြစ်နေတယ် မစ္စတာပစ်ပ်ရဲ့။ မင်းကတော့ သူ့ကို ဘယ်မြင်မလဲ၊ သူက မင့်နောက်တည့်တည့်က ခုံမှာ ထိုင်နေတာကိုး"

ဤစကားကြောင့် ကျွန်တော့်တစ်ကိုယ်လုံး အေးခဲ ဖြစ်လာရပြန်သည်။ သို့သော်လည်း သူ့ကို ဘာတစ်ခွန်းမှ မမေးတော့ဘဲ သူ့အပြောကိုသာ စောင့်တော့မည်ဟု ဆုံးဖြတ်ထားပါသည်။ သူ့စကားများသည် ပရိုးဗစ်နှင့် များ ဆက်စပ်နေလေသလား။ ဘာပဲဖြစ်ဖြစ် ဤဇာတ်ရုံထဲ သို့ ပရိုးဗစ်ကတော့ ရောက်လာလိမ့်မည် မဟုတ်။

"ငါပြောရဲတယ် မစ္စတာပစ်ပ်၊ ငါသာ မောင်ရင့်ကို ပြောပြလိုက်ရင် သိပ်ပြီး အံ့ဩသွားမှာ သေချာတယ်။ အလွန့်ကို ထူးဆန်းတဲ့ ကိစ္စတစ်ခုပဲ၊ အခုပြောတဲ့ စကားကို ကြားရင် မင်း ယုံမယ်တောင် မထင်ဘူး။ တကယ်လို့ ဒီစကားကို မင်းက ငါ့ကို ပြောရင်လည်း ငါက ယုံကြည်ဖို့ မလွယ်ဘူး"

"ဒါလောက်တောင်ပဲလားဗျာ"

"ဟုတ်တယ်.. အဲသလောက်ပဲ၊ ဟိုတစ်ချိန်က အဖြစ်တစ်ခုကို မင်း မှတ်မိသေးရဲ့လား၊ မင်း ကလေးဘဝက ဂျိုးဂါဂရီရဲ့ အိမ်မှာ ခရစ္စမတ် ညစာစားပွဲ လုပ်တယ်လေ၊ ငါလည်းပါတယ်လေ။ အဲဒီမှာ စစ်သားတွေ ရောက်လာပြီး လက်ထိတ်တွေ ပြင်တယ်လေ" "ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ်ဗျာ"

"ပြီးတော့ ထောင်ပြေးနှစ်ယောက်ကို လိုက်ဖမ်းကြတယ်၊ ငါတို့ ကလည်း လိုက်ကြည့်တယ်။ ဂျိုးက မင့်ကို သူ့ကျောပေါ်မှာ ပိုးထားတယ်။ ငါက ရှေ့က ပြေးလိုက်တယ်၊ ဂျိုးနဲ့ မင်းက နောက်က လိုက်တယ်။ အဲဒါ ကော မှတ်မိသေးရဲ့လား"

"ကောင်းကောင်း မှတ်မိပါတယ်"

"နောက်ဆုံးကျတော့ ရေမြောင်းတစ်ခုထဲမှာ ထိုးကြိတ်သတ်ပုတ်နေ ကြတဲ့ ထောင်ပြေး နှစ်ယောက်ကို တွေ့ရတယ်လေ။ တစ်ယောက်က ကျန်တစ်ယောက်ရဲ့ မျက်ခွက်ကို လက်သီးနဲ့ ပိတ်ပိတ်ထိုးနေတာ မင်း မှတ် မိသေးရဲ့ မဟုတ်လား"

"ကျွန်တော် သေသေချာချာ မြင်ခဲ့ရတာဆိုတော့ မှတ်မိပါတယ်ဗျ"

"နောက်တော့ စစ်သားတွေက ဝိုင်းဖမ်းပြီး သူတို့ ရဲ့ မျက်နှာတွေကို လက်နှိပ်ဓာတ်မီးတွေနဲ့ ထိုးကြည့်ကြတယ်လေ။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့မှ ငါက သူတို့ မျက်နှာတွေကို သေသေချာချာ မြင်ရတာ"

"ကျွန်တော် အားလုံး မှတ်မိပါတယ်"

"သည်လိုဆိုရင်... ဟုတ်ပြီ၊ မင့်နောက်က ထိုင်ခုံမှာ ထိုင်နေတဲ့ လူ ဟာ အဲဒီထောင်ပြေးနှစ်ယောက်ထဲက တစ်ယောက်ပဲ... ကွ"

"အဲဒီနှစ်ယောက်ထဲက ဘယ်လူကို ခင်ဗျား မြင်ခဲ့တာလဲ" ဟု ကျွန်တော်က မေးသည်။

"မျက်ခွက်ကို အထိုးခံရတဲ့ ကောင်ကွ၊ ငါ ကျိန်ပြောရဲတယ်။ သူမှ သူ အစစ်၊ တကယ်ပြောတာ၊ သိပ်သေချာပါတယ်ကွာ"

"ဒါ ဆိုရင်တော့ အလွန်ကို ထူးဆန်းတာပဲ" ဟု ကျွန်တော်က တမင် တကာ လုပ်ယူထားရသည့် ခပ်ပေါ့ပေါ့ လေသံဖြင့် ရေရွတ်လိုက်ပါသည်

ဤစကားများ ကြားရသည့် အတွက် ကျွန်တော့်ရင်ထဲတွင် အကြီးအကျယ် ထိတ်လန့်ခြင်း ဖြစ်လာရသည်မှာ အမှန်ပင် ဖြစ်၏။ ဤပုံအတိုင်းဆိုပါက ကွန်ပီဆင်သည် ကျွန်တော့်နောက်မှ တကောက်ကောက် လိုက်နေသည်မှာ ထင်ရှားလျက် ရှိလေပြီ။ ကျွန်တော်က သူမြင်ခဲ့ရသောသူသည် ဇာတ်ရုံထဲသို့ မည်သည့် အချိန်လောက်က ဝင်လာသည် ဟု ထင်ပါသလဲဟု မေးကြည့်သည်။ ထိုမေးခွန်းကျတော့ သူ မဖြေနိုင်ပါ။ သူ့အနေဖြင့် ပထမ ကျွန်တော့်ကို မြင်သည်။ ထို့နောက် ကျွန်တော့်ပခုံးပေါ်မှ ကျော်၍ ထိုလူကို မြင်သည်။ မြင်စတွင် ထိုလူကို ဘယ် သူဘယ်ဝါမှန်း သူ မသိ။ မြင်ဖူးသလိုလိုရှိ၍ စဉ်းစားရာမှ ကျွန်တော်နှင့် ဆက်စပ်မိပြီး ထိုလူကို သူ မှတ်မိသွားခြင်း ဖြစ်သည် ဟု ဆိုသည်။ သူ ဘယ်လိုဝတ်စားထားသလဲဟု ကျွန်တော်က မေးသည်။ ဝတ်စားထားပုံကတော့ သားသားနားနား ရှိသည်။ အနက်ရောင်ဝတ်စုံကို ဝတ်ထားသည် ဟု သူထင်ကြောင်း ပြောသည်။ သူ့မျက်နှာတွင် ရုပ်အဆင်းအင်္ဂါပျက်ယွင်းမှုများ ရှိ,မရှိ ကျွန်တော်က ထပ်မေးသည်။ မရှိဟု သူထင်ကြောင်း မစ္စတာဝေါ့စလေက အဖြေပေးသည်။ သူပေးထားသော အဖြေသည် မှန်လိမ့်မည်ဟု ထင်၏။ ကျွန်တော်ကိုယ်တိုင်ကလည်း ကွန်ပီဆင်၏ မျက်နှာတွင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိမ့်မည် မဟုတ်ဟု တွက်မိ၏။ ကျွန်တော် ဇာတ်ရုံထဲ၌ ရှိစဉ်က ကျွန်တော့်နောက်မှ ထိုင်နေသူများကို သတိထား၍ ကြည့်မိခဲ့သည် အကယ်၍ ထိုလူစုထဲ၌ မျက်နှာရုပ်ဆင်းအင်္ဂါ ပျက်နေသူ တစ်ဦးတလေပါခြားအံ့။ ထိုလူ၏

မျက်နှာကို ကျွန်တော် နောက်တစ်ကြိမ် အသေအချာထပ်၍ ကြည့်မိသည်မှာ သေချာသည် ဟု တွေးမိ၏။

မစ္စတာဝေါ့စလေထံမှ ကျွန်တော် သိနိုင်သမျှ မေးမြန်းစုံစမ်းအပြီးတွင် သူ့အား စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး စားစရာ သောက်စရာများ ကျွေးမွေးပါသည်။ ထို့နောက် လူချင်းခွဲခဲ့ကြ၏။ ကျွန်တော် တင်းပဲလ်ရိပ်သာသို့ ညဆယ့်နှစ်နာရီနှင့် နာရီပြန်တစ်ချက်ကြားတွင် ပြန်ရောက်သွားသည်။ ကျွန်တော် ရောက်သွားချိန်တွင် ဂိတ်တံခါးအား လုံး ပိတ်ကုန်ကြလေပြီ။ ရိပ်သာဝင်းအတွင်းသို့ မဝင်မီ ရှေ့နောက်ဝဲယာတွင် လူရှိ,မရှိ သတိထား၍ ကြည့်ပါသည်။ လူစလူန မမြင်ရပါ။

ဟားဘတ်မှာ ရောက်နေနှင့်ပြီ ဖြစ်၏။ ကျွန်တော်က ကြုံခဲ့ရသည့် အဖြစ်ကို ပြောပြပြီး မည်သို့မည်ပုံ လုပ်သင့်သည် ကို တိုင်ပင်ပါသည်။ ကျွန်တော် ကြုံခဲ့ရသည့် အဖြစ်ကို ဝင်းမစ်အား အသိပေးပြီး သူ့ထံမှ အကြံဉာဏ် တောင်းခံသင့်သည် ဟု သဘောရကြသည်။ ကျွန်တော်ကိုယ်တိုင် ဝင်းမစ်၏ အိမ်သို့ သွား၍ ပြောပြရန်မှာ မဖြစ်နိုင်ဟု ထင်သည်။ သူ့ထံသို့ မကြာခဏ သွားပါက ကျွန်တော်တို့ အပေါ်၌ သံသယ ဖြစ်နေသူများက ကျွန်တော်တို့၏ ခြေလှမ်းကို ရိပ်မိသွားကြလိမ့်မည် ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော် ကြုံခဲ့ရသည့် အဖြစ်ကို ဝင်းမစ် ထံ စာရေး၍ အသိပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ စာကို ချက်ချင်း ကောက်ရေးပြီး ညတွင်းချင်းပင် ထည့်လိုက်သည်။ ရိပ်သာအပြင်သို့ ထွက်၍ စာထည့်သည့် အချိန်တွင်လည်း ဘေးပတ်ဝန်းကျင်၌ လူရိပ်လူခြည် ရှိ,မရှိ သတိထား၍ ကြည့်သည်။ အစအနပင် မမြင်ရပါ။ ကျွန်တော်တို့ အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ဟူသမျှကို လုပ်ပြီးကြပြီ ဖြစ်၏။ ရှေ့လျှောက်ပြီး သတိဝီရိယ ထားနေရုံမှ တစ်ပါး အခြားဘာမှ လုပ်နိုင်သည့် အရာ မရှိတော့ပါ။ ထိုနေ့မှ စ၍ ကျွန်တော်တို့ နှစ်ယောက်သည် ဘယ်ကိုသွားသွား၊ ဘာကိုလုပ်လုပ် အထူးသတိထား၍ လုပ်ကြကိုင်ကြသည်။ ကျွန်တော့်အနေဖြင့် လှေလှော်ထွက်သည့် အခါများတွင် မစ်လ်ပွန်ဘင့် ရပ်ကွက်ဘက်အထိ ရောက်အောင် လှော်ခတ်သွားပြီး ပရိုး ဗစ်၌ အန္တရာယ်ရှိ,မရှိ သိနိုင်ရန် သူ့အခန်းပြတင်းပေါက်ဆီသို့ လှမ်းမျှော်၍ ကြည့်လေ့ ရှိသည် မှတစ်ပါး သူနေထိုင်ရာ ရပ်ကွက်အနီးအနားသို့ ခြေဦးပင် မလှည့်တော့ပါ။

****

မျှော်လင့်မထားသော အဖြစ်နှစ်ခုနှင့် ကြုံခဲ့ရကြောင်းကိုလည်းကောင်း၊ ယင်းအဖြစ် နှစ်ခုအနက်မှ ပထမဆုံးကြုံခဲ့ရသည့် အဖြစ်ကိုလည်းကောင်း ကျွန်တော် ဖော်ပြခဲ့ပြီးပြီ ဖြစ်ပါသည်။ ဒုတိယအဖြစ်မှာ ပထမ အဖြစ်နှင့် ကြုံခဲ့ရပြီးသည့် နောက်တစ်ပတ်ခန့်အကြာတွင် ပေါ်ပေါက်လာခြင်း ဖြစ်၏။ တစ်ရက်တွင် ကျွန်တော်သည် ထုံးစံအတိုင်း လှေနှင့် ထွက်လာခဲ့သည်။ ဆိုက်နေကျတံတားအောက်သို့ ရောက်သောအခါ လှေကို ဆိုက်ထားခဲ့ပြီး ကမ်းပေါ်သို့ တက်ခဲ့သည်။ အချိန်မှာ ညနေစောင်း ဖြစ်၏။ ခြေဦးတည့်သလို လျှောက်နေမိသော ကျွန်တော်သည် ချိဆိုက်ရပ်ကွက်အတွင်းသို့ ရောက်ခဲ့သည်။ ညနေစာကို တစ်နေရာရာ၌ စားမည်ဟု စိတ်ကူး ရှိထားသော်လည်း ဘယ်နေရာ၌ စားမည်ကိုကား မ ဆုံးဖြတ်ရသေးပါ။ ကျွန်တော်သည် ချိဆိုက် ရပ်ကွက် လမ်းမကြီးတစ်လျှောက် ယောင်လယ်လယ်ဖြင့် လျှောက်သွားလျက် ရှိ၏။ ထိုအခိုက်တွင် အလွန်ကြီးမားသော လက်တစ်ဖက် ကျွန်တော့်ပခုံးပေါ် ရောက်လာသည် ကို သတိထားလိုက်မိ၏။ တခြားလူ၏ လက်မဟုတ်။ အများတကာ၏ လက်ထက်ကြီးမားသော မစ္စတာဂျက်ဂါး၏ လက်ပေတည်း။ ကျွန်တော့်ပခုံးပေါ် ရောက်လာသောလက်သည် ကျွန်တော့်လက်မောင်းကို လှမ်းကိုင်သည်။

"ဟေ့ ပစ်ပ်၊ မင်း ငါသွားမယ့်ဘက်ကို လျှောက်မှာလား၊ ဒါ ဆိုရင်တော့ အတူတူ လျှောက်ကြရအောင်၊ မင်း ဘယ်သွားမလို့လဲ"

"တင်းပဲလ်ရိပ်သာဘက် ပြန်မလားလို့ " ဟု ကျွန်တော်က ဖြေသည်။

သူ့ထံမှ နောက်တစ်ကြိမ် မေးခွန်းတစ်ခု ထပ်၍ မေးချင်လာအောင် လုပ်လိုက်နိုင်သဖြင့် ကျွန်တော် ဝမ်းသာသွားပါသည်။ "ဟ ဘယ်လိုလဲ၊ ကိုယ်သွားမယ့်နေရာတောင် ရေရေရာရာ မသိတော့ဘူးလား" ဟု သူက ပြန်မေးသည်။

"ဘယ်ကိုသွားမယ်ဆိုတာ အတိအကျ မဆုံးဖြတ်ရသေးလို့ မသိတာပါ"

"မင်း ညစာစားဖို့ စိတ်ကူးနေတယ် မဟုတ်လား၊ ဒါကိုတော့ မင်း ဝန်ခံလိမ့်မယ်လို့ ငါ ထင်တယ်"

"ဝန်ခံပါတယ်"

"ချိန်းထားတာများ ရှိသေးသလား"

"ဒါလည်းပဲ ဝန်ခံပါတယ်။ ချိန်းထားတာ မရှိပါဘူး"

"အေး... ကောင်းတယ်။ ဒါဆိုရင် မင်း ငါနဲ့ လိုက်ပြီး ညစာစားလှည့်ကွာ"

ကျွန်တော်က အကြောင်းတစ်ခုခုပြပြီး ငြင်းတော့မည်ဟု စိတ်ကူးနေ ခိုက်မှာပင် သူက "ဝင်းမစ်လည်း လာလိမ့်မယ်ကွ" ဟု ထပ်ပြောသည်။ ကျွန်တော်က မငြင်းတော့ဘဲ သူ့ဖိတ်ခေါ်ချက်ကို လက်ခံလိုက်ပါသည်။ ကျွန်တော်တို့သည် ချိဆိုက်ရပ်ကွက်အတွင်းမှ ကျော်ဖြတ်ပြီး လစ်တစ်လ်ဘရီတိန် လမ်းထဲသို့

ဝင်လာခဲ့သည်။ လမ်းဘေးဝဲယာရှိ ဆိုင်များ၏ ပြတင်းပေါက်များသည် မီးရောင်များဖြင့် လင်းလက်နေကြပြီ။ လမ်းဘေးတစ်လျှောက်ရှိ လမ်းမီးတိုင်များမှာမူ ဆီးနှင်းများကြောင့် ခပ်မှိန် မှိန် ဖြစ်နေကြသည်။

လစ်တစ်လ်ဘရိတိန်လမ်းရှိ ရုံးသို့ ရောက်သောအခါ မစ္စတာဂျက်ဂါးသည် သူလုပ်နေကျအတိုင်း စာရေးခြင်း၊ လက်ဆေးခြင်း၊ မီးခံသေတ္တာများ သော့ခတ်ခြင်း စသည့် ရုံးပိတ်ခါနီး ပြုလုပ်သင့်သော တစ်နေ့တာလုပ်ငန်းများကို လုပ်သည်။

ကျွန်တော်သည် ပျင်းရိငြီးငွေ့စွာဖြင့် မီးဖိုရှေ့၌ ရပ်၍ မီးလှုံရင်း သူပြီးအောင် စောင့်နေရ လေသည်။ ဗီရိုပေါ်မှ ပန်းပုရုပ်နှစ်ရုပ်သည် တလှုပ်လှုပ်ဖြစ်နေသော ဖယောင်းတိုင်မီးရောင်အောက်မှ နေ၍ ကျွန်တော့်အား ကြည့်နေကြသည့်နှယ် ရှိသည်။

ကျွန်တော်တို့ သုံးယောက်သည် မြင်းရထားတစ်စီးဖြင့် ဂျရက်လမ်းရှိ မစ္စတာ ဂျက်ဂါး၏ နေအိမ်သို့ သွားကြသည် ရောက်လျှင်ရောက်ချင်းပင် ညစာကို စားကြပါသည်။ စားသောက်နေခိုက်တွင် ကျွန်တော်သည် ဝင်းမစ်နှင့် မျက်လုံးချင်းဆိုင်မိအောင် ကျွန်တော် ကြိုးစားသည်။ သို့သော်လည်း ဝင်းမစ်သည် သူ့အိမ်၌ ထားတတ်သည့် စိတ်မျိုး နည်းနည်းကလေးမျှ ရှိပုံမရ။ ကျွန်တော့်ဘက်သို့ လုံးဝ လှည့်၍ မကြည့်။ စားပွဲပေါ်၌သာ ငုံ့ကြည့်နေသော သူ့မျက်လုံးများကို ပင့်လိုက်သည့် အခါတိုင်း သူ့မျက်လုံးများသည် မစ္စတာဂျက်ဂါးဆီသို့သာ ရောက်သွားတတ်သည်။ ယခု ကျွန်တော့်ရှေ့မှောက်၌ ရှိနေသော ဝင်းမစ်သည် ဝင်းမစ်အစစ်မှ ဟုတ်ပါလေစ။ အမြွာညီအစ်ကို ဝင်းမစ်နှစ်ယောက် ရှိသည့် အနက် ယခုဝင်းမစ်သည် ကျွန်တော်နှင့် လုံးဝမမြင်ဖူး၊ မတွေ့ဖူး၊ မသိခဲ့ဖူးသည့် အခြားဝင်းမစ် တစ်ယောက်များ ဖြစ်နေလေသလား။

"မစ္စဟေဗီရှမ် ရေးလိုက်တဲ့စာ မစ္စတာပစ်ပ်ကို ပေးပြီးပြီလား ဝင်းမစ်" ဟု မစ္စတာဂျက်ဂါးက ညစာစ၍ စားကြသည် နှင့် တစ်ပြိုင်နက် လှမ်းမေးသည်။

"မပေးရသေးဘူး ခင်ဗျ" ဟု ဝင်းမစ်က ပြန်ပြောသည်။ "စာတိုက် က ထည့်လိုက်မလို့ လုပ်နေတုန်းမှာ မစ္စတာပစ်ပ်ကို ရုံးထဲ ခေါ်လာတာ မြင်တာနဲ့ မထည့်ဖြစ်တော့ဘူး။ ကျွန်တော့်ဆီမှာ ပါလာပါတယ်" ဝင်းမစ်က စာကိုထုတ်၍ ကျွန်တော့်ကို မပေးဘဲ သူ့ဆရာလက်သို့ လှမ်းပေးသည်။

"စာက နှစ်ကြောင်းတည်းပါ ပစ်ပ်ရယ်" မစ္စတာဂျက်ဂါးက သူ့လက် ထဲ ရောက်လာသည့် စာကို ကျွန်တော့်အား လှမ်းပေးပြီး ပြောသည်။ "မစ္စဟေဗီရှမ်က မင့်လိပ်စာကို မမှတ်မိလို့ စာကို ငါ့ဆီပို့လိုက်တယ်။ မင်း ပြောခဲ့တဲ့ အလုပ်ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာ နည်းနည်းပါးပါး ရှိနေလို့ မင်းနဲ့ တွေ့ချင်တယ်လို့ ရေးထားတယ်။ မင်း သွားမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်တော့လောက် သွားမယ် စိတ်ကူးသလဲ"

"ကျွန်တော့်မှာ လုပ်စရာလေးတွေ နည်းနည်းပါးပါးတော့ ရှိနေတယ်"

ကျွန်တော်က စာတိုက်ပုံးပါးစပ်ကို ဟပြီး ငါးတစ်ဖတ်သွင်းနေသော ဝင်းမစ်ကို တစ်ချက်မျှ လှမ်းကြည့်ကာ ပြောလိုက်သည်။ "အချိန်တော့ အတိအကျ မပြောတတ်သေးဘူး။ ချက်ချင်းသွားလိုက်ရင် ကောင်းမလား လို့ စဉ်းစားနေတာပဲ"

"တကယ်လို့ မစ္စတာပစ်ပ်အနေနဲ့ ချက်ချင်းသွားဖြစ်မယ် ဆိုရင်တော့ လာမယ်၊ မလာဘူး ပြန်စာရေးဖို့ မလိုတော့ဘူး ခင်ဗျာ" ဟု ဝင်းမစ်က မစ္စတာဂျက်ဂါးအား လှမ်းပြောသည်။

စကားသွားစကားလာ ကြည့်ရသည်မှာ အချိန်ဆွဲမနေဘဲ အမြန်ဆုံး သွားလေ ကောင်းလေဟူသော သဘောမျိုး ရှိနေ၏။ ထို့ကြောင့် ကျွန်တော်က မနက်ဖြန်မနက် သွားမည်ဟု စိတ်ကူးကြောင်း ပြောပြလိုက်ပါသည်။ ဝင်းမစ်က ဝိုင်တစ်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး အလွန်ကျေနပ်အားရသော မျက်နှာထားဖြင့် မစ္စတာဂျက်ဂါးအား လှမ်းကြည့်သည်။ ကျွန်တော့် ဘက်သို့မူ နည်းနည်းကလေးမှ မကြည့်ပါ။

"ဘယ်လိုလဲ ပစ်ပ်၊ ငါတို့ မိတ်ဆွေကြီး ပင့်ကူက ဒီပွဲမှာ ဗိုလ်စွဲသွားပါပကောလား"

"ကျွန်တော့်အနေဖြင့် သူပြောသည့် စကားကို သဘောတူရန်မှ တစ်ပါး အခြား နည်းလမ်း မရှိတော့ပါ"

"အင်း.. ဒီသူငယ်က သူ့နည်းသူ့ဟန်နဲ့တော့ အတော်ကို အလားအလာကောင်းတဲ့ သူငယ်ပဲကွ။ ဒါပေမဲ့ အရာရာတိုင်းမှာတော့ သူ့နည်းသူ့ ဟန်နဲ့ ချည်း လုပ်လို့ ရချင်မှ ရမယ်ပေါ့။ သူ့မိန်းမအပေါ်မှာ ဘယ်လိုများ ဆက်ဆံမလဲတော့ မပြောတတ်ဘူး။ အဆုံးမှာ အားကြီးသူက နိုင်လိမ့်မယ်လို့တော့ ယူဆရတာပဲ။ ဒါပေမဲ့ ပွဲထွက်ကတည်းက အားကြီးသူက အနိုင်ယူထားမှ ဖြစ်မှာ၊ တကယ်လို့ များ သူ့ခွန်အားဗလကို အားကိုးပြုပြီး ဟိုမိန်းကလေးကို ရိုက်ဟယ် နှက်ဟယ် လုပ်မယ် ဆိုရင်တော့..”

သူ့စကား ကြားရသောအခါ မခံချင်စိတ်ဖြင့် ကျွန်တော့်တစ်မျက်နှာလုံး ထူပူလျက် ရှိပါသည်။ ထို့ကြောင့်လည်း မစ္စတာဂျက်ဂါး စကားမဆုံးမီ ကျွန်တော်က ကြားဖြတ်၍ "မစ္စတာဂျက်ဂါးအနေနဲ့ ဒီအကောင် ဒီ လောက်ယုတ်မာလိမ့်မယ်လို့ ထင်နေပါသလား" ဟု မေးလိုက်မိပါသည်။

"ရိုက်လိမ့်မယ်လို့ ငါက မပြောသေးပါဘူး ပစ်ပ်ရယ်၊ ရိုက်ခဲ့ရင်ဆိုတဲ့ သဘော ပြောတာပါ။ တကယ်လို့ သူ့အနေနဲ့ ခွန်အားကို အားကိုးပြီး ရိုက်လား၊ နှက်လား လုပ်မယ် ဆိုရင်တော့ သူ အနိုင်ရချင် ရလိမ့်မယ်။ ဉာဏ်ရည်ဉာဏ်သွေးချင်း ယှဉ်ပြီး အနိုင်ယူဖို့ ကြိုးစားမယ် ဆိုရင်တော့ ဒီအကောင် ဘယ်နည်းနဲ့ မှအနိုင်ရမှာ မဟုတ်ဘူး ဒီလိုအကောင်စားမျိုးတွေ လုပ်တတ်တဲ့ နည်းဟာ နှစ်နည်းပဲ ရှိတယ် ကွယ်"

"ဘယ်လိုနည်းတွေလဲ ဆိုတာ ကျွန်တော် မသိရဘူးလား"

"ငါတို့ မိတ်ဆွေ ပင့်ကူလိုကောင်မျိုးဟာ ရိုက်တဲ့ နည်းကို သုံးချင်သုံး မယ်၊

မရရင် ဒူးထောက်မယ်၊ သူ့အနေနဲ့ ဒူးထောက်ပြီး ငိုချင်ငိုပြမယ်၊ ဒါမှ မဟုတ် မျက်ရည်မပါဘဲ ဒူးထောက်နည်းကို သုံးချင်သုံးမယ်။ ဝင်းမစ်ရဲ့ သဘောထားကို သိချင်ရင် မေးကြည့်ပါလား"

"ရိုက်ချင်ရိုက်မယ်၊ ဒူးထောက်ချင် ထောက်မယ်၊ ဒီနှစ်နည်းမှာ တစ်နည်းတည်းကိုပဲ သုံးလိမ့်မယ်လို့ ကျွန်တော်ကတော့ ထင်တယ်" ဟု ဝင်းမစ်က ကျွန်တော်ဘက်သို့ လှည့်မကြည့်ဘဲ ပြောသည်။

"ကဲကွာ မစ္စက်ဒရမ္မလီတစ်ယောက် ကံကောင်းပါစေဗျာ" ဟု ဆုတောင်းကာ မစ္စတာဂျက်ဂါးက ဖန်ခွက်သုံးခွက်ထဲသို့ ဝိုင်အရက် ထည့်ပေးသည်။ ထို့နောက် "ဒီပွဲမှာ အမျိုးသမီးဘက်က အနိုင်ရပါစေလို့ ဆုတောင်းပါတယ်ကွာ" ဟု ထပ်မံရေရွတ်ပြီး ဝိုင်အရက်ကို မော့လိုက်ပါသည်။ ဝိုင်သောက်ပြီးသည် နှင့် တစ်ပြိုင်နက် မစ္စတာဂျက်ဂါးသည် အိမ်အတွင်းဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး "မော်လီရေ၊ ဟေး... မော်လီ၊ ဘယ်လိုဖြစ်တာလဲ၊ ကနေ့ လုပ်တာကိုင်တာ နှေးလှချည်လား" ဟု အော်ပြောသည်။

သူ့အော်သံ မဆုံးခင်မှာပင် မော်လီသည် သူ့အနီးသို့ ရောက်လာပြီး ပန်းကန်ပြားတစ်ချပ်ကို စားပွဲပေါ်သို့ ချပေးသည်။ ထို့နောက် ကတုန်ကယင်အသံဖြင့် တောင်းပန်စကားပြောပြီး နောက်သို့ဆုတ်၍ ရပ်နေပါသည်။ ထိုအခိုက်မှာပင် သူ့လက်ချောင်းများ၏ လှုပ်ရှားမှုကို သတိပြု လိုက်မိသဖြင့် ဆတ်ခနဲ ဖြစ်သွားမိပါသည်။

"ဘာဖြစ်တာလဲ ပစ်ပ်" ဟု မစ္စတာဂျက်ဂါးက မေးသည်။

"ဘာမှ မဖြစ်ပါဘူး။ ကျွန်တော်တို့ အခုပြောနေတဲ့ အကြောင်းတွေ ကို ကြားရတော့ စိတ်ထဲက နာလွန်းလို့ပါ"

မော်လီ' လက်ချောင်းများ လှုပ်ရှားပုံသည် ဇာထိုးသည့် အခါ လှုပ်ရှားပုံမျိုးနှင့် တူလှပေသည်။ မော်လီသည် သူ့နေရာတွင် ရပ်ကာ သူ့သခင် မစ္စတာဂျက်ဂါးကိုသာ စိုက်ကြည့်နေသည်။ အခန်းထဲမှ ပြန်ထွက်သွားရမလား။ သို့မဟုတ် သူ့သခင်က သူ့အား ပြောစရာများ ရှိနေသေးသလား။ သူထွက်ခွာမှ ထပ်မံ၍ အော်ခေါ်နေလျှင် ခက်ချေရဲ့ စသော အတွေးများဖြင့် ဝေခွဲ၍ မရနိုင်သည့် ပုံမျိုး ဖြစ်သည်။ သူ ကြည့်နေပုံမှာ အလွန်အလေးအနက်ထားပြီး အာရုံစူးစိုက်၍ ကြည့်နေခြင်း ဖြစ်၏။ ဤမျက်လုံးမျိုးနှင့် ဤလက်မျိုးကို မကြာသေးခင်ကပင် တစ်နေရာရာ၌ ကျွန်တော် မြင်ခဲ့ဖူးသည် ကို အခိုင်အမာ ပြောနိုင်ပါသည်။

မစ္စတာဂျက်ဂါးက မော်လီကို ပြန်လွှတ်လိုက်သည်။ မော်လီသည် အခန်းထဲမှ ဖျတ်ခနဲ ပျောက်သွားလေသည်။ သို့သော်လည်း မော်လီ၏ ရပ်ပုံလွှာသည် ကျွန်တော့်ရှေ့တည့်တည့် ရပ်နေဆဲ...။ ယခုအထိ ထိုနေရာမှာပင် ရှိနေဆဲ...။ ကျွန်တော်က သူ့လက်များကို ကြည့်သည်။ သူ့မျက်လုံးများကို ကြည့်သည်။ ဝဲပုံကျနေသော သူ့ဆံပင်များကို ကြည့်သည်။ ပြီးတော့ တခြားသောလူတစ်ဦး၏ လက်များ၊ မျက်လုံးများ၊ ဆံပင်များ နှင့်

နှိုင်းယှဉ်ကြည့်သည်။ နှစ်ပေါင်းနှစ်ဆယ်နီးပါးမျှ ရက်စက်ကြမ်းကြုတ်သော လင်ယောကျ်ားနှင့် ပေါင်းသင်းနေခဲ့ရသည့် မော်လီ၏ ဘဝသည် အလွန်မုန်တိုင်းထန်သော ဘဝ ဖြစ်ပေလိမ့်မည်။ ဤဘဝမျိုးတွင် ကျင်လည်ခဲ့ရသူတစ်ဦး၏ လက်များ၊ မျက်လုံးများ နှင့် ဆံပင် များသည် မည်ကဲ့သို့ ရှိရှာပါမည်နည်း။ ကျွန်တော်သည် အိမ်စေမကြီး တစ်ဦး၏ လက်များ နှင့် မျက်လုံးများကို နောက်တစ်ဖန် ပြန်၍ ကြည့်မိပြန်၏။ ပြီးတော့ ဥယျာဉ်ပျက်ကြီးထဲသို့ နောက်ဆုံးအကြိမ် အတူတွဲ၍ လမ်းလျှောက်ခဲ့ရစဉ်က အဖြစ်နှင့် အရက်ချက်စက်ရုံဟောင်းကြီးအတွင်း၌ ဖြတ်၍ လျှောက်ခဲ့ရစဉ်က အဖြစ်များကို သတိရလာမိသည်။ ထိုစဉ်က ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည့် မျက်နှာ...။ လန်ဒန်သို့ ရောက်လာစဉ်က မြင်းရထားပြတင်း မှ နေ၍ ယမ်းပြနေသော လက်၊ ထိုအရာအားလုံးသည် အစဉ်လိုက် ပေါ် လာလျက်ရှိ၏။ မှောင်မည်းမည်းလမ်းမကြီးပေါ်၌ မြင်းရထားတစ်စီးနှင့် ဖြတ်လာခိုက် မီးအလင်းရောင်ကို ဘွားခနဲ မြင်သွားလိုက်ရသည့် နှယ် ခံစားရသည်။ ဇာထိုးနေခိုက် လှုပ်ရှားနေသည့် အက်စတယ်လာ၏ လက်ချောင်းများ။ ကြည့်လိုက်လျှင် အလေးအနက်ထား၍ ဂရုတစိုက်ကြည့် တတ်သော မျက်လုံးများ။ ဤအမျိုးသမီးကြီးသည် အက်စတယ်လာ၏ အမေဖြစ်မည်မှာ သေချာနေလေပြီ။

ကျွန်တော်နှင့် အက်စတယ်လာ သွားအတူလာအတူ နေခဲ့သည်များ ကို မကြာခဏ မြင်တွေ့ခဲ့ရဖူးသော မစ္စတာဂျက်ဂါးသည် "ကျွန်တော်တို့ ပြောနေတဲ့ အကြောင်းတွေကို ကြားရတာ စိတ်ထဲက နာလွန်းလို့ပါ" ဟူသော ကျွန်တော်၏ စကားအပေါ်တွင် သံသယ မဖြစ်ပေ။ သူသည် ခေါင်း တစ်ချက်ညိတ်လိုက်ကာ ကျွန်တော့်ကျောကို လက်ဖြင့် တစ်ချက်မျှလှမ်းပုတ်လိုက်ပြီး ဖန်ခွက်များ ထဲသို့ ဝိုင်ထပ်ဖြည့်သည်။ ထို့နောက် သူ့ ညစာကို ဆက်၍ စားနေလေသည်။

အိမ်စေမကြီးသည် အခန်းထဲသို့ နောက်ထပ်နှစ်ကြိမ်မျှ ဝင်လာသေးသည်။ အခန်းထဲ၌ ကြာကြာနေသည် မဟုတ်။ ခဏတစ်ဖြုတ်မျှသာ ဖြစ်၏။ မစ္စတာဂျက်ဂါးကလည်း စကားကို ရှည်ရှည်ဝေးဝေး မပြော။ သို့သော်လည်း သူ့လက်များသည် အက်စတယ်လာ၏ လက်များ ဖြစ်၏။ သူ့မျက်လုံးများသည် အက်စတယ်လာ၏ မျက်လုံးများ ဖြစ်၏။ သူ့အနေဖြင့် နောက်ထပ်အခန်းထဲသို့ အကြိမ်တစ်ရာပဲ ဝင်ဝင်၊ လုံးဝမဝင်ဘဲနေနေ မော်လီသည် အက်စတယ်လာ၏ မိခင်ဖြစ်သည်မှာ သေချာလျက်ရှိလေပြီ။

ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် ညခင်း ဖြစ်ပါ၏။ ဝင်းမစ်သည် မစ္စတာဂျက်ဂါးက ဝိုင်အရက်ဖြည့်ပေးလိုက်သည့် အခါတိုင်း ဖန်ခွက်ကို ကောက်၍ မော့သည်။ မရှောင်သာ၍ သောက်ပေးနေရသည့် ပုံစံမျိုး ဖြစ်၏။ လစာထုတ်ချိန်ကျလာ၍ သူ့လစာကို ထုတ်ယူနေရသည့် သဘောမျိုး ဖြစ်သည်။ သူ့မျက်လုံးများကလည်း သူ့ဆရာ မစ္စတာဂျက်ဂါးအပေါ် မှ လွဲ၍ တခြားဘယ်ကိုမှ

မကြည့်။ သူ့ဆရာ မေးလိုက်သမျှကို ဖြေဆိုရန် အသင့် စောင့်မျှော်နေသည့် ဟန်မျိုးနှင့် ဖြစ်သည်။ သူ သောက်နေသော ဝိုင်အမျိုးအစား ကောင်း,မကောင်း၊ အရသာ ရှိ,မရှိ ကိုမူကား စာတိုက် ပုံးပါးစပ်နှင့် တူလှသော သူ့ပါးစပ်က ခွဲခြားနိုင်ပုံ မရပေ။ ဘယ်စာက အရေးကြီးသည်၊ ဘယ်စာက အရေးမကြီးဟု ခွဲခြားနိုင်စွမ်း မရှိသော အခြားစာတိုက်ပုံးပါးစပ်နှင့် အတူတူပင် ဖြစ်ပုံရ၏။ ကျွန်တော့်ဘက်က နေ၍ ကြည့်သည့်အခါတွင်လည်း ဝင်းမစ်သည် ကျွန်တော်တွေ့နေကျ ဝေါလ်ဝေါ့သ်ရွာမှ ဝင်းမစ်နှင့် လုံးဝမတူပါ။

ကျွန်တော်တို့ ညစာစားပြီးလျှင်ပြီးချင်း လူစုခွဲကြသည်။ ပြန်ကြတော့မည်ဟု ပြင်ကြ ဆင်ကြသည့် အချိန်မှ စ၍ ဝင်းမစ်၏ အပြုအမူ ပြောင်းလာသည် ကို ကျွန်တော် သတိထားမိ၏။ ကျွန်တော်နှင့် ရင်းနှီးသော ဝင်းမစ်သည် ပြန်ရောက် လာပြီဟု စိတ်ထဲက ထင်မိသည်။ ဂျရက်လမ်းအတိုင်း ခြောက်ကိုက်ခန့် လျှောက်မိသောအခါ ဝင်းမစ်သည် ကျွန်တော်နှင့် လက်ချင်းလာ၍ ချိတ်သည်။ ဝင်းမစ်အတုသည် ညခင်း တိုက်ခတ်လျက်ရှိသော လေထဲတွင် လွင့်ပါပျောက်ကွယ်သွားခဲ့လေပြီ။

"အင်း... အခုမှပင် စိတ်ပေါ့သွားတယ်" ဟု ဝင်းမစ်က ပြောသည်။ "တော်တော့်ကို အံ့ဩဖို့ ကောင်းတဲ့ လူကြီးကွ၊ သိလား၊ သူနဲ့ ညစာစားရင် ငါ့မှာ သံပတ်တင်းခံထားရတဲ့ အရုပ်တစ်ရုပ်လို ဖြစ်နေတာပဲ၊ သံပတ် အတင်းခံထားရသလိုသာ မဖြစ်ရင် စားရသောက်ရတာ ပိုပြီး သက်သောင့်သက်သာ ဖြစ်မှာကွ၊ သိလား"

သူပြောလိုက်သည့် စကားမှာ တိုတိုနှင့် ထိရောက်လွန်းလှသည် ဟု ထင်မိသဖြင့် ကျွန်တော်က ထိုကဲ့သို့ ထင်မိကြောင်း ပြောလိုက်မိပါသည်။

"နှုတ်တော့ လုံပါ... ကွာ၊ အခု ငါပြောတဲ့ စကားကို သူများ နားတော့ မရောက်လိုက်ပါစေနဲ့၊ မင်းနဲ့ ငါ့ကြားမှာ ပြောသမျှစကားတွေကတော့ တခြား ဘယ်ကိုမှ မရောက်ဘူးဆိုတာ ငါ သိတော့ သိပါတယ်"

ကျွန်တော်က မစ္စဟောဗီရှမ်၏ မွေးစားသမီး အက်စတယ်လာကို မြင်ဖူးပါသလားဟု မေးရာ မမြင်ဖူးဘူးဟု ဖြေသည်။ ကျွန်တော်က အက်စတယ်လာအကြောင်းကို ဖြုန်းခနဲ ပြောလိုက်၍ မသင့်သေးဟု ယူဆမိသဖြင့် သူ့အဖေကြီးနှင့် မစ္စစကစ်ဖင်းတို့ အကြောင်း ရောက်တတ်ရာရာ ပြောနေသည်။ အထူးသဖြင့် မစ္စစကစ်ဖင်းအကြောင်းကိုပြောသည့် အခါ ဝင်းမစ်၏ မျက်နှာထားသည် သိသိသာသာ ပြောင်းသွားသည်။ သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားချင်သည့် အရိပ်လက္ခဏာမျိုးကို ဖော်ပြသည်။

"ဒီမယ်.. မစ္စတာဝင်းမစ်၊ ကျွန်တော် ဂျက်ဂါးရဲ့ အိမ်ကို မရောက်ဖူး သေးခင်က... သူ့အိမ်ရောက်ရင် သူ့အိမ်စေမိန်းမကြီးကို သတိထားပြီး ကြည့်ခဲ့လို့ ခင်ဗျား ပြောခဲ့ဖူးတယ်၊ အဲဒါ မှတ်မိသေးလား"

"အဲသလို ငါပြောခဲ့ဖူးသလား" ဟု ဝင်းမစ်က ရေရွတ်သည်။ "ဩော်.

ဟုတ်ပြီ၊ ငါ ပြောခဲ့ဖူးတယ်။ အင်း မာရ်နတ်တိုက်တွန်းလို့ ပြောခဲ့မိတာ ထင်ပါရဲ့ကွာ" ဟု စိတ်မကောင်း ဖြစ်သွားဟန်ဖြင့် ဆက်ပြောသည်။ "အေးလေ၊ ငါ ပြောမိခဲ့တာတော့ အမှန်ပဲ"

"လိမ္မာလာအောင် သင်ထားတဲ့ တိရစ္ဆာန်ရိုင်းတစ်ကောင်လို့လည်း ခင်ဗျားက သူ့ကို ခေါ်ခဲ့တယ်... လေ"

"မင်းကကော သူ့ကို ဘယ်လိုခေါ်ခဲ့သလဲ"

"ခင်ဗျားခေါ်သလို ခေါ်ခဲ့တာပါ။ မစ္စတာဂျက်ဂါးက သူ့ကို ယဉ်ကျေးသိမ်မွေ့လာအောင် ဘယ်လိုနည်းနဲ့ သင်ကြားပေးခဲ့တာလဲ"

"အဲဒါကတော့ သူ့လျှို့ဝှက်ချက်...ကွ၊ ဒီမိန်းမကြီး သူ့ဆီ ရောက်နေတာက နှစ်ပေါင်း မနည်းတော့ဘူး"

"ခင်ဗျား သူ့အကြောင်း ပြောပြပါလားဗျာ၊ သူ့အပေါ်မှာ စိတ်ဝင်စား မိလို့ပါ။ ခင်ဗျားလည်း အသိသားပဲ၊ ကျွန်တော်နဲ့ ခင်ဗျားကြားမှာ ပြောသမျှစကားတွေ အပြင်မရောက်သေးပါဘူး...ဗျ"

"ငါလည်း သိပ်မသိဘူး... ကွ၊ အားလုံး မသိဘူးဆိုတဲ့ သဘောပေါ့။ သိသမျှတော့ ငါ ပြောပြပါမယ်။ အခု ငါတို့ ပြောနေကြတာက ကိုယ်ရေးကိုယ်တာနဲ့ ဆိုင်တဲ့ ကိစ္စတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဒီမိန်းမကြီးဟာ လူသတ်မှုနဲ့ အိုင်ဘေလီတရားရုံးကို ရောက်ခဲ့ဖူးတယ်။ နောက်ဆုံးမှာ အမှုက တရားသေလွတ်သွားခဲ့တယ်။ မိန်းမကြီးက ငယ်ငယ်က အတော့်ကို ချောတာ၊ သူ့မှာ ဂျစ်ပဆီသွေးလည်းပါတယ်။ ဒါပေမဲ့ စိတ်ကတော့ အတော့်ကို ကြီးတယ်"

"ဒါပေမဲ့ အမှုကတော့ လွတ်သွားတယ်ဆို"

"အေး... ဟုတ်တယ်။ မစ္စတာဂျက်ဂါးက သူ့ဘက်က လိုက်တယ်" ဟု ဝင်းမစ်က အဓိပ္ပာယ်ပါသည့် မျက်နှာထားဖြင့် ဆက်ပြောသည်။ "အံ့ဩစရာ ကောင်းလောက်အောင်ကို ထူးခြားတဲ့ အမှုတစ်ခုပဲကွ၊ အမှုက နိုင်ခြေသိပ်ရှိတဲ့ အမှု မဟုတ်ဘူး၊ ဒါပေမဲ့ မစ္စတာဂျက်ဂါးက နာမည်မကြီးသေးဘူး။ ရှေ့နေလောကမှာ ခြေချနိုင်ဖို့ အားထုတ်နေရတဲ့ အချိန်ပေါ့။ ဒီအမှုကြောင့် သူဟာ နာမည်ကြီးလာတာ၊ ဒီအမှုနဲ့ ပတ်သက်လို့ ဂျက်ဂါးက ပုလိပ်ရုံးကြီးမှာ နေ့မအိပ်၊ ညမအိပ်ကို အလုပ်လုပ်တာ။ အချက်အလက်တွေကို မနားတမ်း ရှာတယ်။ စုဆောင်းတယ်၊ တိုင်ပင်ဆွေးနွေးသင့်တဲ့ လူတွေနဲ့ မေးမြန်းစုံစမ်းတယ်။ တိုတိုပြောရရင် အစွမ်းကုန်ကြိုးစားတယ် ဆိုပါတော့ကွာ၊ အသတ်ခံရတဲ့ လူကလည်း မိန်းမတစ်ယောက်ပဲ၊ သေတဲ့ မိန်းမက မော်လီထက် ဆယ်နှစ်လောက် ကြီးတယ်။ ကိုယ်လုံးကိုယ်ထည်ကလည်း ကြီးတယ်။ ခွန်အားဗလကလည်း ကြီးတယ်။ အမှုက သဝန်ကြောင်မှုက စတာ။ မိန်းမနှစ်ယောက်စလုံးက ခြေသလုံးအိမ်တိုင်သမားတွေကွ၊ မော်လီက ဒီဂျရတ်လမ်းမှာ နေတာ။ သူ

ယောက်ျားရတာ အသက်ငယ်ငယ်ပဲ ရှိသေးတယ်။ သူရတဲ့ လူကလည်း သူ့လိုလူစားပဲ၊ လူလေလူလွင့်တစ်ယောက်ပေါ့။ အသတ်ခံရတဲ့ မိန်းမက မော်လီယောက်ျားနဲ့ နောက်မီးလင်းတယ်လို့ ဆိုတယ်။ ဒါကို အကြောင်းပြုပြီး မနာလိုဝန်တို ဖြစ်လာတယ်။ အဲဒီမှာတင် လူသတ်မှုဖြစ်တယ်လို့ ပြောကြတယ်။ အလောင်းကို တွေ့တာက ဟောင်ႉစလိုဟိသ်ရပ်ကွက်ထဲက ကျီတစ်ခုထဲမှာ တွေ့တာ။ တွန်းထိုးရုန်းကန်ထားတဲ့ အစအန တွေ့ရတယ်။ သတ်ပုတ်ထားဟန် တူပါတယ်။ တစ်ကိုယ်လုံးမှာ ထိုးနှက်ထုရိုက်ကုတ်ခြစ်ထားတဲ့ ဒဏ်ရာတွေလည်း တွေ့တယ်။ သေတာကတော့ လည်ပင်းကို အညှစ်ခံရလို့ သေတာ။ အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်လိုက်တော့ သတ်တဲ့လူဟာ မော်လီကလွဲပြီး အခြားလူ မဖြစ်နိုင်ဘူးလို့ အဖြေ ထွက်နေတယ်။ မစ္စတာဂျက်ဂါး ဒီအမှုကို ကိုင်တော့ မော်လီရဲ့ လက်တွေဟာ လူတစ်ယောက်ရဲ့ လည်ပင်းကို ညှစ်သတ်နိုင်လောက်အောင် ခွန်အားမရှိဘူးဆိုတဲ့ အချက်ပေါ်မှာ အခြေခံထားတယ်။ ဒါပေမဲ့ အခုကျတော့ မော်လီရဲ့ လက်တွေ အားကောင်း မောင်းသန် ရှိတယ်ဆိုတာ အခါအခွင့် သင့်လာရင် ထုတ်ပြောတတ်တာ မင်း သိတယ် မဟုတ်လား"

ကျွန်တော့်ကို ပထမဆုံးအကြိမ် ညစာခေါ်၍ ကျွေးသည့် ညက မစ္စတာဂျက်ဂါးသည် မော်လီ၏ လက်များကို ကျွန်တော်တို့အား ပြ၍ ချီးမွမ်ႉစကား ပြောဖူးကြောင်း ကျွန်တော်က ပြောပြလိုက်ပါသည်။

"အေး... သိပ်ဟုတ်တာပေါ့၊ မင်းကိုယ်တိုင် အသိပဲ။ ဟိုတုန်းက မော်လီကို တရားရုံးမှာ အမှုစစ်တော့ ဘေးလူတွေက မြင်ရင် လူလုံးလူဖန် သေးတယ်လို့ ထင်ရအောင် အဝတ်အစားတွေကို ပုံစံတစ်မျိုးနဲ့ ဝတ်ခိုင်းတယ်။ အဲဒီတော့ မော်လီ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ခိုင်ရှိတာကို မသိကြတော့ဘူး။ မော်လီရဲ့ လက်မောင်းတွေမှာလည်း ကုတ်ရာခြစ်ရာတွေ ရှိတယ်။ လက်သည်းနဲ့ ခြစ်မိကုတ်မိတဲ့ အရာတွေပါလို့ လျှောက်လဲချက် ပေးရုံမကဘူး၊ မော်လီကိုယ်မှာ စူးဝင်ခဲ့တဲ့ ဆူးတချို့ကိုတောင် သက်သေခံပစ္စည်းအဖြစ် ရုံးတော်ရှေ့မှာ တင်ပြတယ်။ ပြီးတော့ မော်လီရဲ့ ကိုယ်ပေါ်မှာ ဒီဆူးတွေသာ တွေ့ရတာ မဟုတ်ပါဘူး။ သွေးစသွေးနတွေလည်း တွေ့ပါတယ်လို့ ပြောတယ်။ သူ တင်ပြတဲ့ အချက်တွေထဲမှာ အရဲရင့်ဆုံး တင်ပြချက်တစ်ခု ရှိတယ်။ သူ တင်ပြတာက တရားလိုဘက်က တရားခံသည် သဝန်ကြောင်စိတ်ကြောင့် သတ်တယ်လို့ စွပ်စွဲထားတဲ့ အကြောင်း၊ သေသူမိန်းမကို သတ်တယ်လို့ ယူဆရလောက်တဲ့ အချိန်မှာပဲ တရားခံဟာ သူ့အပေါ် ဖောက်ပြားတယ်လို့ ထင်ထားတဲ့ လင်ယောက်ျား နဲ့ မွေးခဲ့တဲ့ သုံးနှစ်အရွယ်ကလေးကို သူ့လင်အပေါ် လက်စားချေတဲ့ အနေနဲ့ သတ်ဖြတ်ပစ်ကြောင်း၊ ထောက်ရှုကြည့်ခြင်းအားဖြင့် ယင်းအချက်ကို တရားခံဟာ သေသူမိန်းမကို လက်စားချေတဲ့ အနေနဲ့ သတ်ဖြတ်ခြင်း ဖြစ်တယ်လို့ ယူဆနိုင်ကြောင်း စသည်ဖြင့် တင်ပြသွားပါတယ်တဲ့၊ အဲဒီအချက်တွေကို

တင်ပြပြီးတဲ့ နောက် ဂျက်ဂါးက တရားခံမရဲ့ ကိုယ်ပေါ်က ခြစ်ရာကုတ်ရာတွေဟာ လက်သည်းရာ မဟုတ်ပါဘူးလို့ ကျွန်တော်တို့ က ပြောခဲ့ပြီးပါပြီ။ အဲဒီ အရာတွေဟာ ဆူးခြစ်ရာတွေပါဆိုတာ တရားခံ တင်ပြထားလျက်နဲ့ တရားလိုရှေ့နေဖြစ်တဲ့ လူကြီးမင်းက လက်သည်းရာတွေပါလို့ စွပ်စွဲနေပါတယ်။ မွေးထားတဲ့ ကလေးကိုလည်း သတ်တယ်လို့ စွပ်စွဲနေပါတယ်။ ဒါဆိုရင်တော့ တရားခံရဲ့ ကိုယ်ပေါ်က ကုတ်ရာခြစ်ရာတွေဟာ သေဆုံးသူဆီက ရတာ မဟုတ်ဘဲ ကလေးဆီကများ ရခဲ့တာလားလို့ စဉ်းစားရမလို ဖြစ်နေပါတယ်။ ဒါဆိုရင် ဘယ်လိုလဲ၊ လူကြီးမင်းအနေနဲ့ ကျွန်တော့် အမှုသည် ကို ကလေးသတ်မှုနဲ့ စွပ်စွဲနေတာလား၊ ဒါဆိုရင်တော့ လူကြီး မင်း ပြောဆိုနေတာတွေဟာ အတွေးအထင်၊ အမှန်းအဆတွေချည်း ဖြစ်နေပါတယ်။ သူ့လျှောက်လဲချက်ကို ဂျူရီလူကြီး အများစုက လက်ခံကြတယ်။ အဲဒီတော့ တရားခံမော်လီဟာ ကွင်းလုံးကျွတ် လွတ်တော့တာပဲ"

"အဲဒီအချိန်ကစပြီး မော်လီဟာ မစ္စတာဂျက်ဂါးဆီမှာ အလုပ်ဝင်ခဲ့တယ် ဆိုပါတော့... ဟုတ်လား"

"ဟုတ်တယ်၊ အမှုက ကွင်းလုံးကျွတ် လွတ်တဲ့ နေ့ကစပြီး သူ့ဆီ ရောက်တာပဲ။ အဲဒီအချိန်ကစပြီး ယဉ်ကျေးအောင် ပြုပြင်လာခဲ့တာ ကနေ့အထိပဲ"

"သူ့ကလေးက ယောက်ျားလေးလား၊ မိန်းကလေးလား"

"မိန်းကလေးလို့ ပြောကြတာပဲကွ"

"ကနေ့ညကအဖို့ ကျွန်တော့်အတွက် ခင်ဗျားမှာ ပြောစရာ တခြားအကြောင်း ရှိသေးသလား"

"မရှိတော့ဘူး၊ ငါ မလ်ရေးလိုက်တဲ့ စာ ရတယ်။ ဖတ်ပြီး ဖျက်ဆီးပစ်လိုက်တယ်၊ အဲဒါပဲ"

ကျွန်တော်တို့ အပြန်အလှန် နှုတ်ဆက်ကြသည်။ ထို့နောက် ပြဿနာပဟေဠိများဖြင့် စိတ်ရှုပ်နေသော ကျွန်တော်သည် ထပ်မံပေါ်ပေါက်လာသည့် နောက်ထပ်တွေးတောစရာ ပြဿနာသစ်တစ်ခုကို ရင်ဝယ်ပိုက်ကာ ပြန်လာခဲ့လေသည်။

*****

နောက်တစ်နေ့မှာပင် ကျွန်တော်သည် ဆာတစ်ဂေဟာသို့ သွားရန် အဝေးပြေးမြင်းရထားဖြင့် လိုက်ပါလာခဲ့ပါသည်။ မစ္စဟေဗီရှမ်သည် မေ့မေ့လျော့လျော့နှင့် သူ့စိတ်ထဲက မထင်လျှင် မထင်သလို အပြစ်ဆိုတတ်သော အကျင့်ရှိလေရာ ကျွန်တော် သူ့ဆီ အလည်ရောက်လာခြင်းနှင့် စပ်လျဉ်း၍ အပြစ်တင်လိုက်မည်ကို စိုးရိမ်ရ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူခေါ်၍ လာခြင်းဖြစ်ကြောင်း၊ အထောက်အထား ပြနိုင်ရန် အတွက် သူ့စာကို အိတ်ကပ်ထဲထည့်၍ ယူလာခဲ့သည်။ ကျွန်တော်သည် မြင်းရထားကို ခရီးအဆုံးထိ မစီးဘဲ လမ်းတစ်ဝက်မှာပင် ဆင်းကာ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်၍ နံနက်စာ စားသည်။ ထို့နောက် ကျန်ခရီးကို ခြေလျင်လျှောက်လာခဲ့ပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ မြို့ထဲဝင်သည့် အခါ အသိမိတ်ဆွေများ နှင့် တွေ့နေရမည်စိုး၍ ဖြစ်လေသည်။ ဟိုက်လမ်းရှိ နောက်ဘက်လမ်းကြားအတိုင်း ကျွန်တော် လျှောက်လာချိန်တွင် နေ၏ အလင်းရောင်သည် ဆုတ်ခွာသွားခဲ့လေပြီ။ တစ်ချိန်က ဘုန်းတော်ကြီးများ စိတ်တိုင်းက ပြုပြင်ထားခဲ့သလောက် ယခုအခါ ပျက်စီးချင်တိုင်း ပျက်စီးကာ ဖရိုဖရဲဖြစ်နေကာ ဘုရားရှိခိုး ကျောင်းမှ ထိုးလိုက်သော ခေါင်းလောင်းသံများသည် ကျွန်တော့်နားတွင်သာယာခဲ့ပါသည်။ ယခုတစ်ကြိမ်တွင်မူ ဝမ်းနည်း ကြေကွဲစရာ ကောင်းသည့် အသံများ ဖြစ်နေသည်။ အသုဘအခမ်းအနားတစ်ခု၏ တေးသံများ ဟုပင် စိတ်ထဲက ထင်မိ၏။ ခေါင်းလောင်းမျှော်စင်ကြီးထိပ်မှ ဝဲပျံလျက်ရှိနေသော ကျီးကန်းများ၏ အော်မြည်နေသံများသည် ကျွန်တော့် အား ဆီးကြို၍ "ဒီနေရာဟာ အလျင်ကလို မဟုတ်တော့ဘူး၊ လုံးဝ ပြောင်းလဲ သွားပြီ။ မင်းရဲ့ အက်စတယ်လာလည်း ဒီအရပ်က အပြီးအပိုင် ထွက်သွားပြီ" ဟု ပြောနေသည့် နှယ် ထင်ရလေသည်။

ယခင်အခေါက်ရောက်စဉ်က တွေ့ခဲ့ဖူးသော အသက်ခပ်ကြီးကြီး အစေခံမကြီးက ဝင်းတံခါးဖွင့်ပေးသည်။ အိမ်အတွင်းဆောင်ကူး လမ်းကြားနံရံများတွင် ထွန်းညှိထားသည့် ဖယောင်းတိုင်မီးများသည် ယခင့်ယခင်ကအတိုင်းပင် ပုံစံမပျက် တည်ရှိနေကြသည်။ ကျွန်တော်သည် ဖယောင်းတိုင်စင်တစ်ခုကို ကောက်ကိုင်ကာ ကိုယ့်ဘာသာကိုယ်ပင် အပေါ်ထပ်သို့ တက်လာခဲ့သည်။ မစ္စဟေဗီရှမ်သည် အခန်းထဲ၌ မဟုတ်တော့ပါ။ လှေကားထိပ်တစ်ဖက်ရှိ သူ့အခန်းထက် ပို၍ ကျယ်ဝန်းသော အခန်းကြီးထဲ၌ ရောက်နေသည်။ သူသည် မီးငြိမ်းစပြုနေသော မီးဖိုကြီးရှေ့ရှိ ကုလားထိုင်စုတ်တစ်လုံးပေါ်၌ ထိုင်ကာ တွေဝေငေးမောလျက် ရှိ၏။ သူ့ကို အသံပေးသည့် အနေဖြင့် အသင့်ပွင့်နေသော တံခါးကို ခေါက်၍ အချက်ပေးသော်လည်း သူ မကြားပါ။

ကျွန်တော်ကတော့ ဟိုတုန်းက လုပ်နေကျအတိုင်း အသံမပေးတော့ဘဲ အခန်းထဲသို့ ဝင်ခဲ့သည်။ သူ မော့ကြည့်လိုက်သည့် အခါ မြင်သာအောင်

မီးဖိုဆောင်ကိုကိုင်၍ သူ့ရှေ့၌ ရပ်နေလိုက်ပါသည်။ သူ့အဖြစ် ကို မြင်ရုံမျှဖြင့် မစ္စဟေဗီရှမ်သည် အထီးကျန်နိုင်မှု၏ ဖိစီးနှိပ်စက်မှုဒဏ် ကို အပြင်းအထန် ခံစားနေရကြောင်း ထင်ရှားလျက် ရှိ၏။ ရည်ရွယ်ချက်အပြည့်ဖြင့် ပြုခဲ့သော သူ၏ လုပ်ရပ်ကြောင့် ကျွန်တော့်မှာ အသည်း ကွဲမတတ် ခံစားခဲ့ရသည်မှာ မှန်ပါ၏။ သို့သော်လည်း ထိုလိုအဖြစ်မျိုးနှင့် ကြုံနေသည့် သူ့ဘဝကို မြင်လိုက်သောအခါ မသနားဘဲ မနေနိုင်ပါ။

သူ့အပေါ်တွင် ကရုဏာမကင်းသော စိတ်ဖြင့် ကြည့်ကာ ဆိုးရွားလွန်းလှသည့် ကံကြမ္မာ၏ ဒဏ်ကို မရှုမလှ ခံရသူများ ထဲတွင် အစိတ်အပိုင်းတစ်ပိုင်းဖြင့်ပါဝင်လာရသည့် ကိုယ့်ဘဝအကြောင်းကို တွေးနေမိပါသည်။ ဤအခိုက်မှာပင် မစ္စဟေဗီရှမ်သည် မျက်ခုံးများကိုပင့်၍ မော့ကြည့်သည်။ ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ပြီးတော့ အသံတိုးတိုးဖြင့် "ဟုတ်မှ ဟုတ်ရဲ့လား" ဟု ရေရွတ်လေသည်။

"ကျွန်တော် ပစ်ပ်ပါခင်ဗျာ၊ မစ္စဟေဗီရှမ် ပေးလိုက်တဲ့ စာကို မနေ့ကပဲ မစ္စတာဂျက်ဂါးဆီက ရပါတယ်။ ဒါကြောင့် လာခဲ့တာပါ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ကျေးဇူးတင်ပါတယ်"

ကျွန်တော်က ကုလားထိုင်ဟောင်းတစ်လုံးကို ဆွဲယူလာပြီး သူနှင့် မျက်နှာချင်းဆိုင်၍ ထိုင်သည်။ သူ့မျက်နှာမှာ ယခင်ကနှင့် မတူ။ ကျွန်တော့်ကိုပင် ကြောက်ရွံ့နေသည့် နှယ် ရှိသည်။

"မင်း ငါ့ဆီကို နောက်ဆုံးအခေါက် လာတုန်းက မင်းပြောသွားတဲ့ ကိစ္စကို ထပ်ပြီး ဆွေးနွေးချင်တယ်။ ငါဟာ ကျောက်တုံးကျောက်ခဲ မဟုတ်သေးဘူးဆိုတာ မင်းသိအောင် ပြချင်လို့ပါ။ ဒါပေမဲ့ မင်းကတော့ ငါ့နှလုံးသားဟာ လူ့နှလုံးသား မဟုတ်ဘူး လို့ပဲ ထင်နေမှာပါပဲကွယ်"

ကျွန်တော်က သူ့စကားများကို ယုံကြည်ပါသည် ဟု ပြောလိုက်သော အခါ သူ၏ ပိန်လှီ လွန်းလှသော ညာဘက်လက်သည် ကွန်တော့်ဆီသို့ လှမ်းလာသည်။ ကျွန်တော့်ကို ထိလိုက်တော့မည့် ဟန်မျိုး ဖြစ်၏။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပါသည်။

"မင်းက မင်းသူငယ်ချင်းအတွက် ကောင်းရာကောင်းကျိုး ဖြစ်စေနိုင်မယ့် အလုပ်တစ်ခု ရှိနေပါတယ်။ ငါကသာ ကူညီမယ်ဆိုရင် ပြောပြနိုင်ပါတယ်လို့ အဲဒီအခေါက်လာတုန်းက ပြောသွား ခဲ့တယ်။ ငါဟာ ကူညီစေချင်တဲ့ ဆန္ဒ မင်းမှာ ရှိနေပါတယ်လို့လည်း ဆိုခဲ့တယ်။ ဒါက တကယ်ပဲလား"

“ကျွန်တော့်ရဲ့ ဆန္ဒဟာ အင်မတန်ကို ပြင်းထန်ကြီးမားပါတယ် ခင်ဗျား"

"ကဲ... ဒီလိုဆိုရင် ဘယ်လိုအကူအညီမျိုးလဲ ပြော..."

ကျွန်တော်က ဟားဘတ်၏ ဖက်စပ်လုပ်ငန်းအကြောင်းကို အစမှ အဆုံး ပြောပြသည်။ အသေးစိတ်၍လည်း မပြောဝံ့ပါ။ သူ့မျက်နှာထားမှ ကျွန်တော့်ကို လျှာရှည်သည် ဟု ထင်နေဟန် ရှိ၏။ ထို့ကြောင့် ကျွန်တော်က တတ်နိုင်သမျှ

အတိုချုပ်၍ ပြောသည်။

"မင်းက ငါ့နဲ့ စကားကြာကြာပြောနေရမှာ ကြိုက်ပုံမရဘူး" ဟု မစ္စဟေဗီရှမ် ကျွန်တော့်အား ကြောက်ရွံ့နေသော မျက်နှာထားဖြင့် ကြည့်၍ ပြောသည်။

"အို... မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်အပေါ်မှာ အထင်မလွဲပါနဲ့၊ ကျွန်တော် စကားကို တိုတိုနဲ့ ဖြတ်လိုက်တာဟာ မစ္စဟေဗီရှမ်အနေနဲ့ ရှည်ရှည်ပြောနေရင် စိတ်မဝင်စားမှာ ကြောက်လို့ပါ"

"စိတ်ဝင်စားပါတယ်ကွယ်" ဟု မစ္စဟေဗီရှမ်က သူ့ခေါင်းကို လက်တစ်ဖက်ဖြင့်အုပ်၍ ကိုင်လိုက်ပြီး ပြောသည်။ "ကဲကွယ်၊ အစက ပြန်ပြော၊ သြော်... ခဏနေဦး၊ ငါတစ်ခု ယူလိုက်ဦးမယ်၊ အဲ... ဟုတ်ပြီ၊ ကဲ... ကဲ... ပြောပေတော့"

သူသည် လက်တစ်ဖက်ဖြင့် လမ်းလျှောက်တုတ်ကို အုပ်ကိုင်ပြီး သူ လုပ်နေကျပုံစံအတိုင်း မီးဖိုဆီသို့ ငေးကာ နားထောင်သည်။ ကျွန်တော် က ဟားဘတ်၏ ရှေ့ရေး အဆင်ပြေမှုကို ကြည့်ပြီး ဖက်စပ်အလုပ်တစ်ခုတွင်ပါဝင်နိုင်ရန် သူ မသိအောင် ရှယ်ယာထည့်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း ပုံမှန်ထည့်ဝင်သွားမည်ဟု အလေးအနက် ဆုံးဖြတ်ခဲ့ကြောင်း သို့သော်လည်း မမျှော်လင့်ဘဲ ပေါ်ပေါ်လာသည့် အခြေအနေအရ ဆုံးဖြတ်ထားသည့် အတိုင်း မလုပ်နိုင်တော့ကြောင်း၊ မလုပ်နိုင်ခြင်းမှာလည်း ထုတ်ဖော်ပြောပြရန် မဖြစ်နိုင်သည့် အခြားလူတစ်ဦး၏ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များကြောင့် ဖြစ်ကြောင်း ရှင်းပြပါသည်။

"အဲဒီတော့" ဟု မစ္စဟေဗီရှမ်က ကျွန်တော့်ဘက် လှည့်မကြည့်ဘဲ ခေါင်းတစ်ချက်ဆတ်၍ ပြောသည်။ "ဒီကိစ္စ ပြတ်သွားဖို့ အတွက် ငွေကြေး ဘယ်လောက်လိုသလဲ"

လိုသည့် ငွေကြေးပမာဏ များလွန်းအားကြီးနေသဖြင့်ပါးစပ်မှ ပြောမထွက်နိုင်အောင် ဖြစ်လျက်ရှိရာမှ အားတင်းပြီး ပြောရသည်။ "ပေါင်ကိုးရာခင်ဗျ"

"ဒီကိစ္စအတွက် လိုသမျှငွေကို ငါက ထုတ်ပေးရင် ငါ့ရဲ့ လျှို့ဝှက်ချက် ကို မင်းရဲ့ လျှို့ဝှက်ချက်လို့ပဲ သဘောထားမလား"

"ကျွန်တော်က သစ္စာရှိစွာနဲ့ စောင့်စည်းပါ့မယ်"

"မင့်စိတ်လည်း ချမ်းသာသွားမယ် ဆိုပါတော့"

"အများကြီးကို ချမ်းသာသွားပါလိမ့်မယ်ခင်ဗျာ"

"အခုကော မင်းစိတ်က မချမ်းသာဘူး ဟုတ်လား"

သူသည် ဤမေးခွန်းကို မေးရာ၌ ကျွန်တော့်အား မကြည့်ဘဲ မေးခြင်း ဖြစ်၏။ သို့သော်လည်း အသံကတော့ ကျွန်တော့်အပေါ်တွင် အလွန် သနားကရုဏာသက်နေသည့် အရိပ်အငွေ့ပါသည်။ ကျွန်တော် အဖြေချက်ချင်းမပေးနိုင်ပါ။ ရုတ်တရက် အသံကမထွက်။ သူသည်

ဘယ်ဘက်လက်ကိုပါ တုတ်ပေါ်သို့တင်လိုက်ပြီး နဖူးကို လက်ပေါ်မှောက်ထားလေသည်။

"ကျွန်တော့်ဘဝမှာ စိတ်ချမ်းသာဖို့ ကတော့ လက်လှမ်းမမီနိုင်လောက်အောင်ကို ဝေးသွားပါပြီး မစ္စဟေဗီရှမ်၊ ဒါပေမဲ့ မစ္စဟေဗီရှမ် မသိသေးတဲ့ တခြားစိတ်မချမ်းသာစရာတွေလည်း ရှိနေပါသေးတယ်။ ကျွန်တော် စောစောက ပြောခဲ့သလိုပဲ၊ ဒါတွေကလည်း ထုတ်ဖော်ပြီးပြောမဖြစ်တဲ့ လျှို့ဝှက်ချက်တွေ ဖြစ်နေပါတယ်"

သူသည် ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ ခေါင်းတစ်ချက် ထောင် လိုက်ပြီး မီးဖိုဆီသို့ ငေးကြည့်နေသည်။

"ငါ သိနေတဲ့ စိတ်မချမ်းသာမှုအပြင် အခြား စိတ်မချမ်းသာစရာတွေလည်း ရှိနေပါသေးတယ် လို့ ပြောလိုက်တဲ့ စကားဟာ မင့်ရဲ့ စိတ်နေစိတ်ခဲတ် မြင့်မားမှုကို ဖော်ပြခြင်းပါပဲကွယ်၊ ရှိတယ် ဆိုတာကကော အမှန်ပဲလားကွယ်"

"အမှန်ပါပဲခင်ဗျာ"

မင်းသူငယ်ချင်းကို ကူညီလိုက်ရင် မင့်ကို ကူညီတာနဲ့ အတူတူပဲ ဆိုပါတော့ ဟုတ်လား ပစ်ပ်၊ မင့်အတွက်တော့ ငါက ဘာမှ လုပ်ပေးဖို့ မလိုတော့ဘူးလား"

"မလိုပါဘူးခင်ဗျာ၊ အခုလိုမေးတဲ့ အတွက် ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် မေးလိုက်တဲ့ မေးခွန်းထက် ဒီမေးခွန်း မေးလိုက်တဲ့ အသံကြောင့် ကျွန်တော် ပိုပြီး ကျေးဇူး တင်မိပါတယ်။ ဒါပေမဲ့ မလိုအပ်လို့ မလိုဘူးလို့ ဖြေရတာပါ"

သူသည် ကုလားထိုင်မှ ထလာပြီး အခန်းထဲတွင် ရေးစရာတစ်ခုခု ကို လိုက်ရှာသည်။ ရှာ၍ မတွေ့သောအခါ သူ့အိတ်ကပ်ထဲမှ ရွှေနားကပ်တွင် အဝါရောင် ဆင်စွယ်ပြားကလေးကို ထုတ်ယူလိုက်ပြီး သူ့လည်ပင်းတွင် ဆွဲထားသည်။ ရွှေဘူးကလေးထဲမှ ခဲတံဖြင့် တစ်စုံတစ်ရာ ရေး လိုက်သည်။

"မင်းနဲ့ မစ္စတာဂျက်ဂါးကတော့ အခင်အမင် မပျက်ကြသေးဘူး မဟုတ်လား"

"အလျင်ကလို ခင်မင်လျက်ပါပဲ။ မနေ့ညကပဲ သူနဲ့ အတူ ညစာစားခဲ့ပါသေးတယ်"

"ဒါဟာ မင်းလိုတဲ့ ငွေ ထုတ်ပေးဖို့ ရေးလိုက်တဲ့ စာပဲ၊ ငါက လက်ထဲမှာ ငွေသား အလွယ်မထားဘူးကွဲ့၊ ဒါကြောင့် အခုလိုလုပ်ရတာ၊ ဒါပေမဲ့ ဒီကိစ္စကို မစ္စတာဂျက်ဂါး လုံးဝမသိပါဘူး။ သူ့အလုပ်က ငွေထုတ်ပေးဖို့ပဲ၊ သူ သိသွားမှာ ကို မင်း စိုးရိမ်တယ် ဆိုရင်တော့ ငွေကို ငါကိုယ်တိုင် ယူပြီး မင်းဆီပို့ပေးမယ်။ ဘယ်လိုသဘောရသလဲ"

"ကျေးဇူးတင်ပါတယ် မစ္စဟေဗီရှမ်၊ ကျွန်တော်ကိုယ်တိုင် သူ့ဆီသွားပြီး ငွေယူရတာကို ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး"

သူက ဆင်စွယ်ပြားပေါ်၌ ရေးထားသည့် စာကို ဖတ်ပြသည်။ တိုတို

ရှင်းရှင်းနှင့် တိကျလွန်းသဖြင့် ကျွန်တော်လိုချင်သည့် ငွေ မရဘဲ နေမည်ကို စိုးရိမ်စရာ မရှိပါ။ နားမလည်နိုင်စရာ မရှိပါ။ ကျွန်တော်က သူ့လက်ထဲမှ ဆင်စွယ်ပြားကို လှမ်းယူသည်။ သူ့လက်သည် တုန်ယင်လျက် ရှိ၏။ သူသည် ခဲတံကို ထုတ်၍ ဆင်စွယ်ပြားတစ်ချပ်ပေါ်၌ စာရေးပြန်သည်။

"ထိပ်မှာ ငါ့နာမည်ပါတယ်၊ အဲဒီ ငါ့နာမည်အောက်မှာ "ကျွန်တော်သူ့ကို ခွင့်လွှတ်ပါသည်" ဆိုတဲ့ အကြောင်း ရေးပေးနိုင်ရင် ရေးပေးပါလား"

"အို... မစ္စဟေဗီရှမ်ရယ်" ဟု ကျွန်တော်က ရေရွတ်လိုက်မိသည်၊ ကျွန်တော် ရေးပေးနိုင်ပါတယ် မစ္စဟေဗီရှမ်၊ လူ့ဘဝမှာ ဆိုးရွားတဲ့ အမှားတွေ အများကြီး ရှိနေပါတယ်၊ ကျွန်တော့်ဘဝဟာလည်း မျက်မမြင်တစ်ယောက်လို ကျေးဇူးတရားကို မမြင်မသိခဲ့တဲ့ ဘဝပါ။ ကျွန်တော် ကိုယ်တိုင်လည်း ခွင့်လွှတ်မှုနဲ့ လမ်းညွှန်မှုကို ရချင်နေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော်ပြုမိခဲ့တဲ့ အမှားတွေအတွက် ခွင့်လွှတ် မှုကို တမ်းတမ်းတတနဲ့ မျှော်လင့်နေရတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့် မို့ ဘယ်သူ့ကိုမဆို ခွင့်လွှတ်ဖို့ အသင့်ပါ"

ကျွန်တော် အခန်းထဲရောက်သည့် အချိန်မှ စ၍ ကျွန်တော့်မျက်နှာကို ရင်ဆိုင်၍ မကြည့်ခဲ့သော မစ္စဟေဗီရှမ်သည် ဤစကားကြားလိုက်သည့် အခါ လှမ်းကြည့်သည်။ ထို့နောက် သူသည် ကျွန်တော့်ရှေ့၌ ဒူးထောက် ထိုင်ချလိုက်ပြီး ယှက်ထားသော လက်နှစ်ဖက်ကို ကျွန်တော့်ဆီသို့ မြှောက်ထားသည်။ အံ့သြခြင်းနှင့် ထိတ်လန့်ခြင်းတို့သည် ကျွန်တော့်စိတ်ကို အကြီးအကျယ် လှုပ်ရှားအောင် ဖန်တီးလျက် ရှိ၏။ မစ္စဟေဗီရှမ် ထိုင်နေပုံသည် ငယ်စဉ်တောင်ကျေး ကလေးဘဝက သူ့မိခင်ဘေး၌ ဘုရား သခင်ကို အာရုံပြုတိုင်း ထိုင်လေ့ရှိသည့် ပုံစံမျိုး ဖြစ်လေသည်။

ကျွန်တော့်ခြေရင်း၌ ဒူးနှစ်ဖက်ထောက်၍ ထိုင်ကာ စိတ်ဆင်းရဲမှုဒုက္ခကို အဆမတန် ခံစားနေရကြောင်း ဖော်ပြလျက်ရှိသော မစ္စဟေဗီရှမ်၏ မျက်နှာကို ကြည့်ပြီး ကျွန်တော့်မှာ အကြီးအကျယ်ကို တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရပါသည်။ ကျွန်တော်က သူ့လက်မောင်းများကို ကိုင်၍ ဆွဲထူပေးသော်လည်း မထပါ။ ကျွန်တော့်လက်နှစ်ဖက်ကို ဆီး၍ ဆုပ်ကိုင်ကာ လက်တစ်ဖက် ပေါ်တွင် မျက်နှာကိုအပ်၍ ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိပါသည်။ မစ္စဟေဗီရှမ် မျက်ရည်ကျသည် ကို မမြင်ဖူးခဲ့သော ကျွန်တော့်အဖို့ ပို၍ပင် စိတ်ချောက်ချားရပါသည်။ အခုလို ငိုကြွေးလိုက်ခြင်းအားဖြင့် သူ့တွင် ခံစားနေသည့် စိတ်ဒုက္ခဝေဒနာသည် အထိုက် အလျောက်တော့ သက်သာရာ ရသွားလိမ့်မည်ဟု ထင်မိ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့ကို စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်နေမိပါသည်။

"အို... ငါ ဘာတွေ လုပ်မိပါလိမ့်၊ ငါ ဘာတွေ လုပ်မိပါလိမ့်" ဟု တတွတ်တွတ် ရေရွတ် လျက်ရှိ၏။

"ကျွန်တော့်ကို စိတ်ဒုက္ခရောက်အောင် လုပ်မိခဲ့လေခြင်းဆိုတဲ့ အတွေးနဲ့

စိတ်ဆင်းရဲခြင်း ဖြစ်နေရတယ် ဆိုရင်တော့ ကျွန်တော် ပြောပါရစေ၊ မစ္စဟောဗီရှမ်ကြောင့် ကျွန်တော့်မှာ မထိခိုက်ခဲ့ပါဘူး။ သူ့ကို ချစ်တယ်ဆိုတာကတော့ မစ္စဟောဗီရှမ်က မလုပ်လည်း ကျွန်တော် ချစ်မိမှာပဲ၊ ဘယ်လိုအချိန် ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်၊ တိုက်တွန်းတဲ့လူ ရှိရှိ၊မရှိရှိ သူ့ကို ချစ်မိတာကတော့ ချစ်မိမှာပါပဲ၊ ဒါနဲ့ စကားမစပ်ခင်ဗျား၊ သူကော လက်ထပ်သွားပြီလား"

"အေး.. လက်ထပ်ပြီးသွားပြီ"

အမှန်တော့ မေးစရာမလိုတော့သည့် မေးခွန်းဖြစ်ပါသည်။ ယခင် ကထက် အဆပေါင်းများစွာ ပို၍ တိတ်ဆိတ်ခြောက်သွေ့နေသော အိမ်ကြီး၏ အခြေအနေက ကျွန်တော့်ကို အဖြေပေးထားပြီး ဖြစ်ပါသည်

"ငါ ဘာတွေလုပ်မိပါလိမ့်၊ ငါ ဘာတွေ လုပ်မိပါလိမ့်" မစ္စဟောဗီရှမ် ကတော့ သူ့ခေါင်းမှ ဆံပင်များကို ဆုပ်၍ ဆွဲကာ ရေရွတ်မြဲ ရေရွတ်လျက် ရှိသည်။ သူ့စိတ်သူ မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ ရှုံက်ကြီးတငင် ငိုကြွေးနေဆဲပင် ဖြစ်သည်။

သူ့စိတ်သူ ဖြေသိမ့်သွားနိုင်အောင် ကျွန်တော် ဖျောင်းဖျချင်ပါ၏။ သို့သော်လည်း ဘယ်လိုနည်း ဖြင့် ဖျောင်းဖျရမည်ကို ကျွန်တော် မသိပါ။ တကယ်တော့လည်း သူပြုမိခဲ့သော အမှားသည် ပြင်၍ မရနိုင်လောက်အောင် ကြီးမားသည့် အမှားတစ်ခု ဖြစ်ချေသည်။ သူ ခံစားခဲ့ရသော ဒုက္ခ၊ သူ ခံစားခဲ့ရသော နာကြည်းမှုနှင့် သူ ခံစားခဲ့ရသော ဂုဏ်သိက္ခာ ကင်းမဲ့မှုများသည် အားလုံး စုပေါင်းကာ လက်စားချေလိုစိတ်အဖြစ်သို့ ကူးပြောင်းသွားခဲ့ရ၏။ ထိုစိတ်သည် အကျိတ်အခဲတစ်ခုသဖွယ် ရပ်တည်ကာ သူ့ရင်တွင်း၌ အမြဲတစေ လှုပ်ရှားနေခဲ့၏။ ထိုစိတ်လှုပ်ရှားသည် နှင့် အမျှ ပတ်ဝန်းကျင်ကို နာကြည်းသောစိတ်သည် ပြင်းထန်ခဲ့သည်။ ထိုအခါ သူ့စိတ်ကို ကုစားပေးနိုင်စွမ်းရှိသော ပတ်ဝန်းကျင်တစ်ခုလုံးကို လုံးဝပစ်ပယ်ခဲ့၏။ ဤသို့ဖြင့် အထီးကျန်နိုင်လွန်းလှသော သူ့စိတ်သည် အချိန်ကြာလေလေ ကု၍ မရနိုင်လောက်အောင် ဆိုးလေ ဖြစ်လာရသည်။ ဤကြားထဲမှပင် ဘာမှ မသိနားမလည်ရှိသေးသော ကလေးငယ် တစ်ယောက်အား သူ့စိတ် သူ့အသွင်မျိုးဖြစ်လာအောင် ဖန်တီးခြင်းအမှု ပြုလိုက်ပြန်သည့် အခါတွင် မူကား သူ့လုပ်ရပ်သည် ပြင်၍ မရနိုင်လောက်အောင် ကြီးမားသည့် အမှားတစ်ခု ဖြစ်လာခဲ့ရလေတော့သည်။ အခုချိန်ရောက်ကာမှ ဤအမှားကို ပြင်ရန်မှာ လုံးဝမဖြစ်နိုင်တော့ပါ။

"ဟိုတစ်နေ့က မင်း သူနဲ့ စကားပြောနေတော့ မှန်ထဲမှာ ပေါ်နေတဲ့ မင့်မျက်နှာကို ငါ မြင်ခဲ့ရတယ်။ မင့်မျက်နှာက ဟိုတစ်ချိန်က ငါကိုယ်တိုင် ခံစားခဲ့ရတဲ့ ခံစားမှုဝေဒနာမျိုးကို ဖော်ပြနေတာ သတိထားမိခဲ့တယ်။ ငါ ဘာတွေ လုပ်မိပါလိမ့်၊ ငါ ဘာတွေ လုပ်မိပါလိမ့်" မစ္စဟောဗီရှမ် သည် သူ ဘာတွေ လုပ်မိခဲ့ပါလိမ့်ဟူသော စကားကို အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် ရေရွတ်လျက် ရှိလေသည်။

"မစ္စဟောဗီရှမ်ကို တစ်ခုပြောပါရစေ"

သူ့ထံမှ ငိုသံတိတ်သွားသည် နှင့် တစ်ပြိုင်နက် ကျွန်တော်က စကား စပါသည်။ "ကျွန်တော်နဲ့ ပတ်သက်လို့ ကတော့ မစ္စဟောဗီရှမ်ရဲ့ စိတ်ထဲမှာ ဘာမှ မထားပါနဲ့၊ မေ့ပစ်လိုက်ပါ၊ ဒါပေမဲ့ အက်စတယ်လာကျတော့ ကျွန်တော့်အဖြစ်နဲ့ မတူပါဘူး၊ သူ့သဘာဝအတိုင်း တည်ရှိနေတဲ့ စိတ်ကို ပျက်ပြားအောင် လုပ်ခဲ့သလို ဖြစ်နေတာမို့ တတ်အားသရွေ့ ပြန်ပြီး ပြုပြင်ပေးရင် ကောင်းပါလိမ့်မယ်"

"အေးပါကွယ်၊ ငါလည်း သိပါတယ်၊ ဒါပေမဲ့ ပစ်ပ်ရယ် ငါပြောတဲ့ စကားလုံးကို ယုံပါ၊ သူ ဒီကို ရောက်လာကာစတော့ ငါ့လို ဒုက္ခမျိုးနဲ့ မကြုံရအောင် ကယ်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲ ရှိခဲ့ပါတယ်။ ဒီထက် မပို ခဲ့ဘူးဆိုတာ ယုံပါကွယ်"

"ကျွန်တော် ယုံပါတယ်ခင်ဗျာ"

"ဒါပေမဲ့ သူ အရွယ်ရောက်လာတော့ မိန်းမချောလေးတစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာ ငါ ရိပ်မိလာခဲ့တယ်။ အဲဒီအချိန်ကစပြီး တဖြည်းဖြည်းနဲ့ ဖျက်ဆီးလာခဲ့မိတယ်။ သူ့ကို မာနကြီးလာအောင်၊ ဘဝမြင့်လာအောင်၊ မြှောက်ပင့်ပေးလိုက်၊ စိန်တွေ ရွှေတွေ ဆင်ပေးလိုက် လုပ်လာခဲ့မိတယ်။ ငါ့အကြောင်းကိုပြောပြပြီး လူတွေကို စိတ်နာလာအောင် ပြခဲ့မိတယ်။ ငါ လုပ်ခဲ့တဲ့ အလုပ်ဟာ သူ့နှလုံးသားကို ထုတ်ယူပြီး နှလုံးသားနေရာမှာ ရေခဲတုံးတစ်တုံး အစားထိုးပေးခဲ့တဲ့ သဘောပါပဲ"

"အမှန်တော့ သူ့နှလုံးသားကို ထိခိုက်နာကျင်အောင် လုပ်ချင်တာပဲ ဆိုဦးတော့ သူ့နဂိုသဘာဝအတိုင်း ထားပေးခဲ့ရင် အကောင်းသား" ဟုကျွန်တော်က ပြောလိုက်မိပါသည်။ ထိုစကား ကို ကြားသောအခါ မစ္စဟောဗီရှမ်သည် ယူကျုံးမရဖြစ်လွန်းသော မျက်နှာထားဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ထို့နောက် ငါ ဘာတွေ လုပ်ခဲ့မိပါလိမ့်ဟူသော စကားကို ထပ်တလဲလဲ ရေရွတ် နေပြန်ပါသည်။

"မင်းအနေနဲ့ ငါ့အဖြစ်ကို အစအဆုံး သိမယ်ဆိုရင်လေ" ဟု သူက ယူကျုံးမရဖြစ်သော လေသံဖြင့် ပြောသည်။ "မင်း ငါ့အပေါ်မှာ ပိုပြီး နားလည်လာမှာပါ။ ပိုပြီးတော့လည်း ကိုယ်ချင်းစာလာမှာပါ"

"ကျွန်တော် မစ္စဟောဗီရှမ်ရဲ့ အကြောင်းကို သိပါတယ်။ ဒီအရပ်က ခွာသွားတဲ့ အချိန်ကစပြီး မစ္စဟောဗီရှမ်ရဲ့ အဖြစ်ကို သိခဲ့ရတာပါ။ သိရတော့လည်း စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ဒီလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရဖူးတဲ့ လူတစ်ယောက်မှာ ဘယ်လိုစိတ်ဝေဒနာမျိုး ခံစားရမယ်ဆိုတာလည်း ကိုယ်ချင်းစာ ခဲ့မိပါတယ်။ အက်စတယ်လာနဲ့ ပတ်သက်ပြီး ကျွန်တော် သိချင်တာလေးတွေ ရှိနေပါတယ်။ မေးခွင့်ပြုမယ် ဆိုရင် မေးပါရစေ၊ အက်စတယ်လာရဲ့ အခုလက်ရှိအခြေအနေကို သိချင်တာ မဟုတ်ပါဘူး၊ သူ ဒီကို ပထမဆုံး ရောက်လာတဲ့ အခြေအနေကို မေးချင်တာပါ"

မစ္စဟောဗီရှမ်သည် လက်များကို ကုလားထိုင်ပေါ်တင်ကာ ခေါင်းကို

လက်များ ပေါ်၌ မှီ၍ ကြမ်းပေါ်၌ အရုပ်ကြိုးပြတ်ထိုင်နေသည်။ ကျွန်တော်က ထိုစကားကို ပြောလိုက်သောအခါ သူသည် ကျွန်တော့်မျက်နှာ ကို တစ်ချက်မျှ စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး "မင်း မေးချင်တာ မေးပါ" ဟု ပြောသည်။

"အက်စတယ်လာဟာ ဘယ်သူ့သမီးပါလဲ"

မစ္စဟောဗီရှမ်က ခေါင်းယမ်းသည်။

"သူ့မိဘတွေ ဘယ်သူဘယ်ဝါဆိုတာ မသိဘူး ဆိုပါတော့"

မစ္စဟောဗီရှမ်က နောက်တစ်ကြိမ် ခေါင်းခါသည်။

"မစ္စတာဂျက်ဂါးကိုယ်တိုင် ခေါ်လာတာလား၊ ဒါမှ မဟုတ် ကြားလူ တစ်ယောက်နဲ့ ပို့ပေးတာလား"

"သူ ခေါ်လာတာပါ"

"ဒီအဖြစ် ဘယ်လိုစလာသလဲဆိုတာ နည်းနည်းလောက် ပြောမပြနိုင်ဘူးလား"

"ဒီလိုကွဲ့။ ဒီအခန်းထဲမှာ တစ်ယောက်တည်းနေလာတာ သိပ်ကြာလာတော့ (အင်း... ဘယ်လောက်ကြာတယ်ဆိုတာတော့ ငါလည်း မသိဘူး၊ ဒီအိမ်ကြီးထဲမှာ ရှိတဲ့ နာရီတွေ ဘယ်အချိန်က ရပ်နေတယ်ဆိုတာ မင်းလည်း သိသားပဲ၊ အဲသလို သိပ်ပြီး ကြာလာတော့) သိပ်ပြီး ငြီးငွေ့လာတယ်၊ ဘယ်လောက်ကြာကြာ နေခဲ့တယ်ဆိုတာလည်း ငါမမှတ်မိတော့ပါဘူး၊ ဒါနဲ့ပဲ ကလေးမလေး တစ်ယောက် မွေးစားချင်တယ် လို့ ငါက မစ္စတာဂျက်ဂါးကို ပြောတယ်။ မစ္စတာဂျက်ဂါးကို သိတာက ငါ့ ဘဝတစ်ခုလုံး ပတ်ဝန်းကျင်နဲ့ အဆက်မပြတ်သွားခင်ကတည်းက သိလာတာ၊ ငါ့ပစ္စည်းတွေကို အမွေခွဲပေးစဉ်တုန်းကတည်းက သူနဲ့ ဆက်သွယ်မိခဲ့တယ် ဆိုပါတော့၊ ငါက ကလေးမလေး တစ်ယောက် မွေးစားချင်တယ်လို့ ပြောတော့ သူက မိဘမဲ့ကလေး တစ်ယောက်လောက် အဆင်သင့်ရှိတယ်လို့ ပြောတယ်၊ တစ်ညမှာ သူကိုယ်တိုင် လာပို့တယ်။ ကလေးက အိပ်ပျော်နေရှာတယ်။ အဲဒီအချိန်ကစပြီး ဒီကလေးမကို ငါက အက်စတယ်လာလို့ ခေါ်ခဲ့တာပဲ"

"ရောက်လာတုန်းက ဘယ်အရွယ်လောက် ရှိပြီလဲ"

“နှစ်နှစ်၊ သုံးနှစ်သမီးလောက်ပဲ ရှိလိမ့်ဦးမယ်ကွဲ့၊ သူကတော့ ဘာမှမသိရှာပါဘူး၊ ငါကလည်း မိဘမဲ့ကလေးတစ်ယောက်ကို မွေးစားလိုက်တဲ့ သဘောပါပဲ"

ကျွန်တော့်အဖို့ သံသယရှင်းသွားပြီ ဖြစ်၏။ ဤစကား ကြားရုံမျှဖြင့် အက်စတယ်လာမိခင်သည် မစ္စတာဂျက်ဂါး၏ အိမ်မှ အစေခံမကြီး မော်လီဖြစ်ကြောင်း ယုံမှားသံသယ ဖြစ်စရာ မလိုတော့ပါ။

ကျွန်တော့်အနေဖြင့် ဤအိမ်ကြီးပေါ်တွင် ဆက်လက်နေစရာအကြောင်း မရှိတော့ပါ။ ကျွန်တော့်သူငယ်ချင်း ဟားဘတ်အတွက် လိုအပ်သော အကူအညီကိုလည်း ရခဲ့ပြီးပြီ ဖြစ်၏။ အက်စတယ်လာနှင့် ပတ်သက်၍လည်း

မစ္စဟောဗီရှမ် သိထားသမျှ ကျွန်တော် သိခဲ့ရပြီးပြီ ဖြစ်၏။ ကျွန်တော်သည် မစ္စဟောဗီရှမ်ကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့ပါသည်။

အပြင်ဘက်တွင် မှောင်ရိပ်များ သန်းလျက် ရှိလေပြီ။ ဤအိမ်ကြီးသို့ နောက်တစ်ကြိမ် ရောက်ဖို့ ဆိုသည်မှာ ကျွန်တော့်အဖို့ လွယ်ကူသောကိစ္စ မဟုတ်တော့ပါ။ ထို့ကြောင့် အပြီးအပိုင် ခွဲခွာမသွားမီ အလွမ်းပြေသဘောဖြင့် လျှောက်၍ ကြည့်ဦးမည်ဟု စိတ်ကူးမိပါသည်။ ကျွန်တော်သည် ဥယျာဉ်ပျက်ဆီသို့ လျှောက်လာခဲ့သည်။ ထိုမှ တစ်ဆင့် ခြံဝင်းထဲသို့ လျှောက်လာခဲ့မိ၏။ ခြံဝင်းတစ်ခုလုံးသည် ယခင်ကထက် ပို၍ ပျက်စီးလျက် ရှိ၏။ ကျွန်တော်နှင့် အက်စတယ်လာတို့ လမ်းလျှောက်နေကျ ပန်းခြံဟောင်းအတွင်းသို့လည်း ရောက်ခဲ့၏။ ကျွန်တော်နှင့် ဟားဘတ် တို့ ထိုးကြိတ်သတ်ပုတ်ခဲ့ဖူးသော နေရာသို့လည်း ရောက်ခဲ့၏။ ပတ်ဝန်း ကျင်တွင် အလွန်အေးမြခြင်း၊ အလွန်အထီးကျန်နိုင်ခြင်းနှင့် အလွန်ကြောက်မက်ဖွယ် ကောင်းခြင်းတို့ ကသာ မင်းမူလျက် ရှိလေသည်။

ကျွန်တော်သည် တဖြည်းဖြည်းနှင့် အရက်ချက်စက်ရုံဘက်သို့ ရောက်လာခဲ့သည်။ စက်ရုံအစွန်ရှိ ဥယျာဉ်၏ သံချေးတက်နေသော တံခါး ကန့်လန့်ကို မ,၍ ဖြုတ်လိုက်ပြီး အတွင်းသို့ ဝင်ခဲ့သည်။ ထို့နောက် တစ်ဖက်သောအပေါက်မှ ထွက်လာခဲ့သည်။ ထိုနေရာသို့ ရောက်သည့် အခါ နောက်ဘက်သို့ လှည့်ကြည့်မိပါသည်။ ကျွန်တော် ကလေးဘဝက ဤ နေရာမှ ရပ်၍ မစ္စဟောဗီရှမ်၏ အခန်းကို မျှော်ကြည့်ခဲ့ဖူးသည်။ ထိုစဉ်က ကြိုးဆွဲချနေသော မစ္စဟောဗီရှမ်၏ ရုပ်ပုံလွှာကို ကျွန်တော် မြင်ခဲ့ဖူး၏၊ ထိုရုပ်လွှာသည် ယခုအချိန်အထိ ကျွန်တော်၏ စိတ်အာရုံတွင် စွဲထင်လျက်ပင် ရှိပါသည်။ ကြောက်စရာကောင်းလှသော ထိုမြင်ကွင်းကို ယခုတစ်ဖန် ပြန်၍ မြင်ရလိမ့်ဦးမည်ဟုပင် စိတ်ထဲက ထင်မိသည်။ အက်စတယ်လာက ကျွန်တော်၏ အသည်းနှလုံးကို ထိခိုက်အောင် လုပ်ခဲ့သဖြင့် တိတ်တိတ်ကလေးကျိတ်၍ ငိုကြွေးခဲ့ဖူးသော နေရာသို့လည်း ကျွန်တော် ရောက်ပါသည်။ ထိုနေရာ ရောက်ပြန်တော့လည်း အက်စတယ်လာကို သတိရမိပါသေး၏။ တဖြည်းဖြည်းနှင့် ကျွန်တော်သည် ခြံဝင်း တံခါးဝသို့ ရောက်လာသည်။ ဘာကြောင့် ရယ်မသိ မစ္စဟောဗီရှမ်အတွက် ကြောင့်ကြသောစိတ်သည် ကျွန်တော့်ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်လာသည်။ ခြံဝင်းတံခါးကို ဖွင့်ပေးမည့် အစေခံမကြီးအား လိမ့်ရလျှင် ကောင်းလေမလား သို့မဟုတ် မစ္စဟောဗီရှမ်အခန်းသို့ ပြန်သွားပြီး ကြည့်ရလျှင် ကောင်းလေမလား။ ကျွန်တော်သည် မဝေခွဲနိုင်သောစိတ်ဖြင့် အတန်ကြာမျှ ရပ်နေမိသည်။ ထို့နောက် မစ္စဟောဗီရှမ်အတွက် စိုးရိမ်စိတ်က ကြီးနေသဖြင့် အပေါ်ထပ်သို့ ပြန်တက်ခဲ့ပါသည်။

အခန်းဝမှ ရပ်ကာ အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ မစ္စ ဟောဗီရှမ်သည် မီးဖိုနှင့် ကပ်၍ ချထားသော ကုလားထိုင်ဟောင်းကြီးပေါ်တွင်

အခန်းတံခါးကို ကျောပေးပြီး ထိုင်လျက် ရှိ၏။ သူ့အတွက် စိတ်အေးသွားရပြီ ဖြစ်သဖြင့် အောက်သို့ ပြန်ဆင်းရန် လှည့်လိုက်မိပါသည်။ ထိုအခိုက်မှာပင် မီးတောက်ကြီးတစ်ခု ဟုန်းခနဲ ထလာသည် ကို မြင်လိုက်ရသည်။ နောက်တစ်ခဏ အတွင်းမှာပင် တစ်ကိုယ်လုံး မီးစွဲနေသော မစ္စဟေဗီရှမ်သည် သံကုန်ဟစ်၍ အော်ကာ ကျွန်တော့်ဆီသို့ ပြေးလာလျက် ရှိလေသည်။

ကျွန်တော်သည် ဝတ်ထားသော နှစ်ထပ်ဂရိတ်ကုတ်အင်္ကျီကြီးကို ချွတ်၍ လက်မောင်းပေါ်၌ တင်ထားသည့် ကုတ်အင်္ကျီနှင့် ပေါင်းကာ မစ္စဟေဗီရှမ်၏ တစ်ကိုယ်လုံးကို သိမ်း၍ ဖက်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သည်။ စားပွဲကြီးပေါ်၌ ခင်းထားသည့် စားပွဲခင်းကြီးကိုပါ လှမ်း၍ ယူလိုက်ပြီး သူ့တစ်ကိုယ်လုံးကို အုပ်၍ ပတ်ထားလိုက်သည်။ စားပွဲပေါ်၌ နှစ်ပေါင်းများစွာ တင်ထားခဲ့သော အရာဝတ္ထုများသည် လွင့်စဉ်ကျကာ ကြမ်းပေါ်၌ ပြန့်ကျဲလျက် ရှိကြ၏။ မစ္စဟေဗီရှမ်သည် ကျွန်တော့်လက်ထဲမှ အတင်းရုန်း၍ ထလျက်ရှိသည်။ ကျွန်တော်က လက်ထဲမှ လွတ်ထွက်မသွားအောင် အားစိုက်၍ ချုပ်ကိုင်ထားမိသည်။ မီးငြိမ်း သွားပြီဖြစ်သော မစ္စဟေဗီရှမ်၏ ဂါဝန်မှ တငွေ့ငွေ့ထွက်လာနေသည့် မီးခိုးများသည် အခန်းထဲတွင် လေနှင့် အတူ လွင့်မျောလျက် ရှိကြ၏။ ထိုအခါကျမှပင် ကျွန်တော်တို့ နှစ်ဦးစလုံး စားပွဲကြီးဘေး၌လဲကျနေသည့်အဖြစ်ကို ကျွန်တော် သတိထားမိပါသည်။

ဘေးပတ်ပတ်လည်ကို လှည့်၍ ကြည့်လိုက်မိ၏။ ကြမ်းပေါ်၌ ပြေးလွှားနေကြသည့် ပိုးကောင်မွှားကောင်များ နှင့် ပင့်ကူကြီးများ၊ တံခါးမှ အလန့်တကြား အော်ဟစ်ပြီး ပြေးဝင်လာနေသော အစေခံများ၊ ကျွန်တော်သည် လက်ထဲမှ လူကို လက်ထဲမှ လွတ်ထွက်မသွားအောင် အားသွန်ခွန်စိုက် ချုပ်ကိုင်ထားဆဲ။ တစ်ခေါင်းလုံး မူးဝေနောက်ကျိလျက် ရှိသည်။ ကျွန်တော့်လက်ထဲမှ လူသည် မည်သူနည်း။ သူ ဘာ့ကြောင့် ရုန်းကန်နေရသနည်း။ ကျွန်တော်ကကော ဘာ့ကြောင့် အတင်းအဓမ္မ ချုပ်ကိုင်ထားရပါသနည်း။ သူ့ကိုဘာကြောင့် မီးလောင်ရသနည်း။ မီးကတော့ ငြိမ်းသွားပြီ။ ကျွန်တော်တို့ ပတ်ပတ်လည်တွင် မီးခိုးငွေ့များ နှင့် ကြမ်းပြင်ထက်တွင် မီးကျွမ်းထားသည့် အမည်းကွက်ကြီးများ။

မစ္စဟေဗီရှမ်သည် သတိလစ်လျက် ရှိ၏။ ကျွန်တော် သူ့ကို နေရာမှ မရွှေ့ရဲ။ လက်နှင့်ပင် မထိဝံ့။ ကျွန်တော့်လက်ထဲမှ လွတ်လိုက်လျှင် မီးထပ်လောင်လိမ့်ဦးမည်ဟု ထင်နေမိသဖြင့် လက်ထဲက မလွှတ်ရဲ။ ဆရာဝန်ရောက်လာမှပင် ကျွန်တော့်လက်တွင်းမှ မစ္စဟေဗီရှမ်ကို တခြားသူ တစ်ဦးထံ ပြောင်းပေးလိုက်သည်။ ထိုအခါကျမှပင် ကျွန်တော့်လက်နှစ်ဖက်စလုံး မီးလောင်ခံရသည် ကို သတိထားမိပါသည်။ စောစောက မသိခဲ့ခြင်းမှာ သွေးပူနေ၍ ဖြစ်ပေလိမ့်မည်။

မစ္စဟေဗီရှမ် ရထားသည့် ဒဏ်ရာများမှာ ပြင်းထန်သည် ဟု ဆိုသော်လည်း

မျှော်လင့်ချက် မရှိဟူ၍ကား မပြောနိုင်ဟု သိရ၏။ အသက် အန္တရာယ်မှာ ရထားသည့် ဒဏ်ရာများတွင် မရှိ။ သွေးလွန်မှုအပေါ်၌သာ တည်နေသည် ဟု ဆိုသည်။ ဆရာဝန်၏ ညွှန်ကြားချက်အရ မစ္စ ပောဗီရှမ်၏ မွေ့ရာကိုယူ၍ စားပွဲကြီးပေါ်သို့ ခင်းကာ သူ့ကို တင်ထားလိုက်သည်။ စားပွဲကြီးသည် မစ္စပောဗီရှမ်၏ ဒဏ်ရာများကို ဆေးထည့်ရန် နှင့် ပတ်တီးစည်းရန် အသင့်တော်ဆုံးနေရာတစ်ခု ဖြစ်လျက်ရှိ၏။ နောက်တစ်နာရီခန့်အကြာတွင် ကျွန်တော် သူ့ကို သွားကြည့်သည်။ ဒဏ်ရာများက ပြင်းထန်သဖြင့် သတိမေ့နေဆဲ။

အစေခံများအား မေးမြန်းကြည့်သည့် အခါ အက်စတယ်လာသည် ပြင်သစ်နိုင်ငံပါရီမြို့၌ ရောက်နေသည်ဟု သိရ၏။ မစ္စပောဗီရှမ်၏ အဖြစ်ကို အက်စတယ်လာထံ အမြန်ဆုံး အကြောင်းကြား ပေးရန် ဆရာဝန်အား ကျွန်တော်က မေတ္တာရပ်ခံသည်။ ဆရာဝန်ကလည်း သဘောတူပါသည်။ မစ္စပောဗီရှမ်၏ ဆွေမျိုးများ ထံ အကြောင်းကြားရမည့် တာဝန်ကိုမူ ကျွန်တော် ယူလိုက်သည် သို့သော်လည်း ကျွန်တော့်အနေဖြင့် မစ္စပောဗီရှမ်၏ ဆွေမျိုးများ ထဲမှ မစ္စတာမက်သယူးပေါ့ကက် တစ်ဦးတည်း ကိုသာလျှင် အကြောင်းကြားမည်ဟု ရည်ရွယ်ထားသည် ဖြစ်ရာ ကျန်ဆွေမျိုးများ ထံကိုမူ ဆရာဝန်၏ ဆန္ဒအလျောက် အကြောင်းကြားလိုပါက အကြောင်းကြားနိုင်ပါသည် ဟု ဖွင့်ပြော လိုက်သည်။ ကျွန်တော် ယူထားသည့် တာဝန်ကိုမူ ကျွန်တော် မပျက်ပါ။ လန်ဒန်သို့ ပြန်ရောက်ပြီး နောက်တစ်ရက်မှာပင် သူငယ်ချင်း ဟားဘတ်မှ တစ်ဆင့် သူ့ဖခင်ခံသို့ အကြောင်းကြားခဲ့ပါသည်။

ထိုညတွင် မစ္စပောဗီရှမ်သည် သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်လျက် ရှိ၏။ ကယောင်ကတမ်း ပြောသည့်အခါ ပြောနေသော်လည်း မည်သူမျှ နားမလည်ပါ။ ထိုည သန်းခေါင်ယံအချိန်တွင် မူ သူ၏ စကားပြောသံများသည် ပို၍ ပီသလာသည်။ "ငါ ဘာလုပ်မိပါလိမ့်" ဟူသော စကားကို ထပ်တလဲလဲ ပြောလာသည် ထို့နောက် "သူ ရောက်လာစတုန်းကတော့ ငါ့လိုမဖြစ်အောင် ကယ်တင်ချင်တဲ့ စိတ်စေတနာပဲ ရှိခဲ့ပါတယ်ကွယ်" ဟု ပြောသည်။ ထို့နောက် "ခဲတံယူပြီး ငါ့နာမည်အောက်မှာ ကျွန်တော် သူ့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့ စာကလေး ရေးပေးခဲ့ပါ" ဟု ပြောပြန်သည်။ တစ်ခါတစ်ရံ စကားမပြောဘဲ ငြိမ်နေတတ်သော်လည်း ပြောလာသည့် အခါများတွင် မူ ဤစကားများကိုသာ ထပ်ခါတလဲလဲ ပြောသည်။

ဤအိမ်ကြီးတွင် လုပ်စရာကိုင်စရာ ဘာမှ မရှိတော့သည့် ကျွန်တော်သည် ဤအိမ်ကြီး၌ ဆက်၍ နေစရာအကြောင်း မရှိတော့ပေ။ ကျွန်တော့်မှာလည်း ကိုယ့်ဒုက္ခနှင့် ကိုယ် ဖြစ်၏။ ကျွန်တော့်တွင် အမြဲတမ်းထိတ်လန့်နေရသော တာဝန်တစ်ခု ရှိနေသည်။ ယင်းတာဝန်မှာ ပရိုးဗစ်အား ကာကွယ်စောင့်ရှောက်ထားပြီး အင်္ဂလန်နိုင်ငံ၏ ပြင်ပသို့ ထုတ်ယူသွားရန် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ဤအိမ်ကြီး၌ ဤတစ်ညသာ နေပြီး

မနက်ဖြန် အစောဆုံးထွက်မည့် မြင်းရထားဖြင့် လန်ဒန်သို့ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့မနက် ခြောက်နာရီခန့်တွင် ကျွန်တော်သည် မစ္စပဟောဗီရှမ်အား နောက်ဆုံးတစ်ကြိမ်အနေဖြင့် သွား၍ ကြည့်သည်။ သတိကတော့ မရသေးပါ။ နောက်ဆုံး နှုတ်ဆက်ခြင်းအနေဖြင့် သူ့နှုတ်ခမ်းများကို ကျွန်တော့်နှုတ်ခမ်းများဖြင့် အသာအယာထိလိုက်သည်။ သူ့နှုတ်ခမ်းများသည် လှုပ်လျက် ရှိ၏။ တိုးတိုးလေသံဖြင့် စကားပြောနေခြင်း ဖြစ်၏။ သူပြောနေသည့် စကားကို ကျွန်တော် သဲသဲကွဲကွဲ ကြားနေရသည်။ သူပြောနေကျ စကားများပင် ဖြစ်၏။ ခဲတံယူပြီး ငါ့နာမည်အောက်မှာ "ကျွန်တော် သူ့ကို ခွင့်လွှတ်ပါတယ်" ဟု ရေးပေးခဲ့ပါကွယ်။

*****

WHISPER of WORDS

မီးလောင်ခံရသည့် ညက ကျွန်တော့်လက်များကို နှစ်ကြိမ်သုံးကြိမ်မျှ ဆေးထည့်ပြီး ပတ်တီးစည်းခဲ့ရ၏။ နောက်တစ်နေ့ မနက်ကျတော့လည်း တစ်ကြိမ်ထပ်၍ ဆေးထည့်ကာ ပတ်တီးအသစ် စည်းခဲ့ရသည်။ ဘယ်ဘက်လက်မှ ဒဏ်ရာသည် အဆိုးဆုံး ဖြစ်၏။ လက်များမှ စ၍ တံတောင်ဆစ်အထိ လောင်ထားခြင်းဖြစ်သည်။ မီးဟပ်သည့်အရှိန်ဖြင့် လက်မောင်းရင်းအထိ ဒဏ်ရာရထားသည် ဖြစ်ရာ လက်တစ်ခုလုံး အပြင်းအထန် နာကျင်ကိုက်ခဲသော ဝေဒနာကို ခံစားရပါသည်။ ညာဘက်လက်တွင် ရထားသည့် ဒဏ်ရာများမှာ မပြင်းထန်လှပါ။ လက်ချောင်းများကို လှုပ်ရှားနိုင်သည့် အခြေအနေ ရှိပါသည်။ သို့သော်လည်း ပတ်တီးများ အပြည့် စည်းထားရသဖြင့် အသုံးချ၍မရ။ ဆရာဝန်ညွှန်ကြားသည့် အတိုင်း လည်ပင်းနှင့် သိုင်း၍ ချည်ထားရသဖြင့် အနွေးထည်ကိုပင် မဝတ်နိုင်ပါ။ ကံကောင်းထောက်မ,၍ ကျွန်တော်၏ ဦးခေါင်းနှင့် မျက်နှာကို မီးစွဲလောင်ခြင်း မရှိသော်လည်း ဆံပင်များကိုမူ မီးဟပ်ခြင်း ခံထားရလေသည်။

ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်သည် နှင့် တစ်ပြိုင်နက် ဟားဘတ်သည် သူ့ဖခင် မစ္စတာပေါ့ကက်ထံသို့ သွားရောက်အကြောင်းကြားသည်။ ထို့နောက် ချက်ချင်းပြန်လာပြီး ကျွန်တော့်အနားမှ မခွာတော့ပါ။ တစ်နေ့လုံး ကျွန်တော့်အား ပြုစုစောင့်ရှောက်လျက် ရှိသည်။ ဆရာဝန်၏ ညွှန်ကြားထားသည့် အတိုင်း ပတ်တီးများ မကြာမကြာလဲပေးခြင်းနှင့် ဆေးထည့်ပေးခြင်း စသည်များကို သူနာပြုဆရာမတစ်ယောက်သဖွယ် စနစ်တကျ လုပ်ကိုင် ပေးလျက် ရှိပါသည်။

ကျွန်တော်သည် ဆိုဖာပေါ်၌ ငြိမ်သက်စွာလဲလျောင်းနေဖို့ ကြိုးစားပါသည်။ ပထမတွင် ဒဏ်ရာများက မခံမရပ်နိုင်လောက်အောင် နာကျင်လွန်းသဖြင့် လဲ၍ မှ ဖြစ်ပါမည်လောဟု အောက်မေ့မိ၏။ ဇွတ်ပေ၍ လဲနေလိုက်သောအခါ အချိန်ကြာလာသည် နှင့် အမျှ ခံနိုင်ရည် ရှိလာ သည်ကို တွေ့ရ၏။ ဆိုဖာပေါ်၌လဲလျောင်းနေသည့် အချိန်တစ်လျှောက်လုံး ကျွန်တော့်မျက်စိထဲတွင် မီးတောက်မီးလျှံများကိုသာ မြင်နေရ၏။ ကျွန်တော့်နားများသည် အော်သံဟစ်သံများ နှင့် ပြေးလွှားသံများကို ကြားနေရ၏။ ကျွန်တော့်နှာခေါင်းများမှ အဝတ်မီးလောင်သည့် ညှော်နံ့ များကိုပင် ရနေပါသည်။ တစ်ခါတစ်ရံတွင် တစ်မိနစ်ခန့်မျှ ငိုက်သွားတတ်သည်။ ထိုအခါတွင်လည်း မစ္စဟေဗီရှမ်၏ အလန့်တကြား အော်ဟစ်သံများကြောင့် လန့်နိုးလာရပါသည်။ ကျွန်တော့်ထံသို့ ပြေးလာနေသော မစ္စဟေဗီရှမ်၏ ပုံသဏ္ဍာန်သည် မျက်စိထဲက မထွက်ပါ။ ကျွန်တော့်လက်နှစ်ဖက်တွင် ရထားသည့် ဒဏ်ရာများကြောင့် ခံစားနေရသည့်ဝေဒနာထက် စိတ်တွင် ခံစားနေရသည့် ဝေဒနာက အဆပေါင်းများစွာ ပို၍ ပြင်းထန်လျက် ရှိပါသည်။ ကျွန်တော်၏ အဖြစ်ကို ရိပ်စားနား လည်နေသော ဟားဘတ်သည် ကျွန်တော်၏ စိတ်အာရုံကို

အပြောင်းအလဲဖြစ်အောင် ကြိုးစားရှာလေသည်။

ကျွန်တော်တို့ နှစ်ယောက်သည် ကျွန်တော်တို့ ဝယ်ထားသည့် လှေအကြောင်းကို စကားစပ်၍ မပြောကြပါ။ သို့သော်လည်း လှေအကြောင်း ကိုမူ နှစ်ယောက်စလုံး တွေးမိကြ၏။ ယခုအတိုင်း ဆိုပါက ရက်ပေါင်းများစွာ လှေမလှော်ဘဲ နေရဦးတော့မည်ဟု တွေးမိကြပါသည်။

ကျွန်တော်က ဟားဘတ်အား မြစ်ဆိပ်ကမ်းမှ ပရိုးဗစ်၏ အခြေအနေ ကောင်း,မကောင်း မေးကြည့်သည်။ ဟားဘတ်ကလည်း အလွန်ရှင် လန်းတက်ကြွသော မျက်နှာထားဖြင့် ပူစရာ မရှိကြောင်း ဖြေပါသည်။ ထို့နောက်တွင် မူ ဤအကြောင်းကို နောက်ထပ် စကားစပ်၍ မပြောကြတော့ဘဲ မေ့မေ့ပျောက်ပျောက်ပင် နေလိုက်ကြသည်။ သို့သော်လည်း ညနေခင်းရောက်၍ ပတ်တီးအသစ်များလဲ၍ စည်းပေးနေသည့် အခိုက်တွင် ဟားဘတ်က ထိုအကြောင်းကို စကားစပြန်သည်။

"ဒီမယ် ဟန်ဒယ်လ်၊ မနေ့ညက ကျွန်တော် ပရိုးဗစ်နဲ့ နှစ်နာရီလောက် စကားပြောခဲ့ရတယ်"

"ကလယ်ရာက ဘယ်သွားနေလို့ တုံး"

"ထုံးစံအတိုင်းပေါ့ဗျာ၊ တစ်ချိန်လုံးလုံး သူ့အဖေကြီးအခန်းကို တက်လိုက်ဆင်းလိုက်နဲ့ အားရတယ်ကို မရှိဘူး။ ဒီအဘိုးကြီးကြောင့် ကျွန်တော်တို့ နှစ်ယောက် အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ် နေရတယ်လို့ ကို မရှိပါဘူး"

"ဒါဆိုရင်လည်း လက်ထပ်လိုက်ကြပါတော့လားဗျာ"

"လက်ထပ်ဖို့ ဆိုတာကလည်း ပြောသလောက် မလွယ်ဘူးဗျာ၊ ဒီမှာ ဟန်ဒယ်လ် ခင်ဗျားလက်ကို ဆိုဖာပေါ်တင်လိုက်။ ကျွန်တော် ဒီဘက်က ထိုင်မယ်။ ပတ်တီးကို ဖြည်းဖြည်းဖြေမှ ဖြစ်မှာ။ ကျွန်တော် ခင်ဗျားကို ပရိုးဗစ်အကြောင်း ပြောပြရဦးမယ်၊ ဒီလူကြီး အတော့်ကို တိုးတက် လာတယ်ဗျ"

"ကျွန်တော် ခင်ဗျားကို ဟိုတစ်ကြိမ်က ပြောခဲ့ဖူးသားပဲ၊ ဒီလူကြီး ကြည့်ရတာ အလျင်ကထက် ပိုပြီး နူးညံ့ပျော့ပျောင်းလာသလိုပဲလို့ "

"ဟုတ်တယ်။ ခင်ဗျားပြောခဲ့ဖူးတာ ကျွန်တော် မှတ်မိတယ်။ တကယ်လည်း နူးညံ့သိမ်မွေ့ လာတယ်ဗျ၊ မနေ့ညကဆိုရင် စကားတော်တော် ပြောတယ်။ ဟိုတုန်းက မပြောသေးခဲ့တဲ့ အကြောင်းတွေကို ပြောကြတယ်။ ခင်ဗျား မှတ်မိဦးမလားတော့ မသိဘူး။ သူ မိန်းမရခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းလေ၊ ဩော် ခင်ဗျားလက်ကို ခိုက်မိသွားသေးသလား"

အမှန်တော့ သူ့ကြောင့် ကျွန်တော့်လက် နာသွားခြင်း မဟုတ်ပါ။ သူ ပြောလိုက်သည့် စကားအပေါ်တွင် စိတ်ဝင်စားပြီး အမှတ်တမဲ့ နေရာပြင်လိုက်မိ၍ နာသွားခြင်း ဖြစ်ပါသည်။

"ကျွန်တော် မေ့နေပြီ၊ ခင်ဗျား အခုပြောမှပဲ ပြန်ပြီး သတိရလာတယ်"

"သူ မိန်းမရဖူးတာ အမှန်ပဲ၊ သူ့အိမ်ထောင်သည် ဘဝကလည်း

အဆင်မပြောဘူးဗျ၊ ခင်ဗျား နားထောင်နိုင်မယ် ဆိုရင်တော့ အခုပဲ ပြောပြချင်တယ်"

"ပြောသာပြောပါ။ ကျွန်တော် သိပ်သိချင်နေပါတယ်"

"ခင်ဗျား ခေါင်းအေးအေး ထားနိုင်တယ်နော်"

"စိတ်ချပါ။ ထားနိုင်ပါတယ်"

"သူရတဲ့ မိန်းမက သူ့ထက် အသက်ငယ်သတဲ့၊ မနာလို ဝန်တိုစိတ် ကလည်း အားကြီးသတဲ့။ ဒေါသကလည်း အင်မတန် ကြီးဆိုပဲ။ ခေါင်းကလည်း အလွန်မာသတဲ့။ ဒီဒေါသစိတ်နဲ့ မနာလိုစိတ်ကြောင့် နောက် ဆုံးမှာ အမှုကြီးတစ်ခု ဖြစ်ခဲ့ရတယ်တဲ့ "

"ဘာအမှုလဲ"

"လူသတ်မှုဗျ၊ သြော်... ဒါနဲ့ ဟော့ဒီအသားနု နေရာတွေက နာသလားဟင်"

"မနာပါဘူး၊ ဘယ်လိုသတ်တာလဲ၊ ဘယ်သူ့ကို သတ်တာလဲ"

"အတိအကျတော့ မဟုတ်ဘူးဗျ၊ သတ်တယ်လို့ အစွပ်စွဲခံရပြီး တရားရုံးရောက်ခဲ့တယ်။ မစ္စတာဂျက်ဂါးက သူ့ဘက်က လိုက်တယ်၊ ပရိုးဗစ်က မစ္စတာဂျက်ဂါးကို သိတာဟာ သူ့မိန်းမရဲ့ ရှေ့နေအဖြစ်နဲ့ သိတာ။ သေတဲ့ မိန်းမက သူ့မိန်းမထက် အသက်ကြီးတယ်။ ခွန်အားဗလကလည်း ကြီးတယ်ဗျ၊ မိန်းမကြီးသေနေတာက ကျီတစ်ခုထဲမှာ သတ်ပုတ်ထားတဲ့ လက္ခဏာတွေလည်း တွေ့ရတယ်တဲ့။ ဒီရန်ပွဲဟာ ဘယ်သူကစ လို့ ဘယ်လိုဖြစ်ကုန်တယ်ဆိုတာ အတိအကျ မသိရပေမယ့် သေတဲ့လူ ကတော့ လည်ပင်းအညှစ်ခံရလို့ သေတာတဲ့ "

"တရားခံမိန်းမ အပြစ်ကျသွားသလား"

"မကျဘူး၊ တရားသေ လွတ်သွားတယ်"

"နောက်ပြီးတော့ကော"

"အဲဒီမိန်းမနဲ့ သူနဲ့မှာ ကလေးတစ်ယောက် ရှိခဲ့သတဲ့။ ကလေးကို ပရိုးဗစ်က သိပ်ချစ်တာပဲတဲ့။ လူသတ်မှုဖြစ်တဲ့ ညမှာ သူ့မိန်းမက ပရိုးဗစ်ဆီကို လာတယ်။ သူတို့ နှစ်ယောက် ရန်ဖြစ်ကြတယ်။ သူ့မိန်းမက ကလေးကို သတ်ပစ်မယ်လို့ ကြိမ်းသွားတယ်တဲ့။ အဲဒီနောက်တော့ သူ့မိန်းမကို မတွေ့ရတော့ဘူးတဲ့ "

"ခင်ဗျား အသက်ရှူပုံက တစ်မျိုးကြီး ဖြစ်နေတယ်။ ကြည့်ရတာ အသက်ရှူပုံ မြန်နေသလိုပဲ"

"ဟုတ်ပါတယ်။ ကျွန်တော် အသက်ရှူ မှားချင်လည်း မှားနေပါလိမ့် မယ် ဟားဘတ်ရယ်၊ ကဲ... ဆက်ပြောပါဦး၊ ဒီအပိုင်းဟာ ပရိုးဗစ်ရဲ့ ဘဝမှာ အဆိုးဆုံးအပိုင်းပဲလို့ ဆိုတယ်။ သူ့မိန်းမက ကလေးကို သတ်ပစ်တယ်တဲ့ '

"သတ်ပစ်တယ်ဆိုတာက ပရိုးဗစ်ဘက်က ပြောတာ မဟုတ်လား"

"ဒါပေါ့၊ ဒီအကြောင်းကို သူကလွဲပြီး တခြား ပြောမယ့်လူ ရှိတာမှ မဟုတ်ဘဲ" ဟု ဟားဘတ်က ကျွန်တော့်မျက်နှာကို တစ်ချက်မျှ အံ့ဩဟန်ဖြင့် ကြည့်လိုက်ပြီး ပြောသည်။

"ဒါဆိုရင် သူပြောတာ မသေချာဘူးပေါ့။ အမှန်လို့ ယူဆလို့ ဘယ်ရမလဲ"

"ဒါကျတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ သူပြောတဲ့ အတိုင်း ဆိုရင်တော့ သူ ဒီမိန်းမနဲ့ လေးငါးနှစ်လောက် အတူတူနေခဲ့ဖူးတယ်။ သူ့ မိန်းမကိုလည်း သနားကရုဏာ ရှိပုံလည်း ပေါ်တယ်။ ဒါပေမဲ့ ကလေး ကို သတ်ပစ်တယ်လို့ ထင်တဲ့ အတွက် စိတ်နာတာလည်း တစ်ကြောင်း၊ အမှုထဲမှာ သူ့ကိုပါ တရားခံအဖြစ် ဆွဲထည့်မှာ ကြောက်တာလည်း တစ်ကြောင်းကြောင့် သူ့မိန်းမ လူသတ်မှုနဲ့ အဖမ်းခံရတော့ သွားမတွေ့တော့ဘူး။ အဲဒီတော့ ဒီအမှုထဲမှာ အောဘဲလ်ဆိုတဲ့ လူရဲ့ အကြောင်းဟာ ပါလာစရာ မရှိတော့ဘူးပေါ့။ သူ့ကြောင့် မနာလိုဖြစ်ရပါတယ်ဆိုတဲ့ အချက်လည်းပါ မလာတော့ဘူးပေါ့။ နောက်ပိုင်းမှာ သူ့မိန်းမက အမှုက တရားသေလွတ်သွားကြောင်း ကြားရတယ်တဲ့။ နောက်တော့ ကလေး ရော၊ ကလေးအမေရော ပျောက်သွားလိုက်တာ ကနေ့အချိန်ထိပဲတဲ့ "

"ကျွန်တော် သိချင်တာ တစ်ခုက"

"နေဦးဗျ၊ ကျွန်တော့်စကား မဆုံးသေးဘူး။ သူ့မိန်းမရဲ့ လူသတ်မှုထဲမှာပါမှာ ကြောက်လို့ ပရိုးဇစ် ရှောင်နေတာကို ဟိုအကောင် ကွန်ပီဆင် က သိသွားတယ်။ အဲဒီတော့ ကွန်ပီဆင်က ခြောက်လှန့်ပြီး သူခိုင်းချင်တာ ခိုင်းတယ်။ ရသမျှကို သူက များများ ယူတယ်။ ဒါတွေကို ပြန်ပြီး သတိရတိုင်း ကွန်ပီဆင့်အပေါ်မှာ ပရိုးဇစ်က ခွင့်အလွှတ်နိုင်ဘဲ ဖြစ်နေတာ”

"ကျွန်တော်က ဒီအဖြစ်တွေကို ဘယ်အချိန်က ဖြစ်တာလဲဆိုတာကို သိချင်နေတာ"

"နေဦးဗျ၊ အတိအကျ သိချင်တာ ဆိုရင်တော့ ကျွန်တော် စဉ်းစားလိုက်ဦးမယ်၊ အဲ.... ဟုတ်ပြီ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ဖြစ်တာတဲ့။ ခင်ဗျား သူနဲ့ သင်္ချိုင်းကုန်းထဲမှာ တွေ့တော့ ခင်ဗျား ဘယ်အရွယ် လောက် ရှိပြီလဲ"

"ခုနစ်နှစ်သားလောက် ရှိပြီဗျ"

"အဲ... ဟုတ်ပြီ။ ဒါဆိုရင် ခင်ဗျားနဲ့ တွေ့တဲ့ အချိန်မှာ သူတို့ လင်မယား ကွဲခဲ့တာ သုံးလေးနှစ်လောက် ရှိပြီ။ ခင်ဗျားနဲ့ တွေ့တော့ ခင်ဗျား ကိုကြည့်ပြီး သူ့သမီးကလေးကို သတိရဟန် တူပါတယ်။ သူ့သမီးကလေးကလည်း ခင်ဗျားနဲ့ ရွယ်တူလောက်ပဲ ရှိလိမ့်မယ် ထင်တယ်"

"ဟားဘတ် ကျွန်တော့်ကို ကြည့်စမ်းပါ။ ခင်ဗျား ကျွန်တော့်ကို မြင်နေတာဟာ ပြတင်းပေါက်က ဝင်နေတဲ့ အလင်းရောင်ကြောင့်လား။ မီးဖိုထဲက မီးရောင်ကြောင့်လား"

"မီးဖိုမီးရောင်နဲ့ မြင်နေရတာပါ"

"ကျွန်တော့်ကို သေသေချာချာ ကြည့်စမ်းပါ"

"ကျွန်တော့် ကြည့်နေပါတယ်"

"ကျွန်တော် ကိုင်ထားပါတယ်"

"ဒီမယ် ဟားဘတ်၊ ကျွန်တော့်မှာ အဖျားသွေးတော့ ရှိမယ်

မထင်ပါဘူးနော်။ ဒါမှ မဟုတ်လည်း ညက ကြုံခဲ့ရတဲ့ အဖြစ်ကြောင့် ကျွန်တော့် ဦးနှောက်တွေ ကပြောင်းကပြန် ဖြစ်ကုန်ပြီလား"

"မဖြစ်ပါဘူးဗျာ၊ ခင်ဗျား ကြည့်ရတာ အတော်ကြီး စိတ်လှုပ်ရှားနေ ပုံတော့ ရတယ်။ အဲဒါတစ်ခုကလွဲပြီး တခြားဘာမှ မဖြစ်ပါဘူး။ လူကောင်းပကတိပါပဲ"

"ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် လူကောင်းပကတိမှန်းတော့ သိနေပါတယ်။ ကျွန်တော်တို့ မြစ်ဘေးက ရပ်ကွက်ထဲမှာ ဖွက်ထားတဲ့ လူဟာ တခြားလူ မဟုတ်ဘူး။ အက်စတယ်လာရဲ့ အဖေဗျ"

****

အက်စတယ်လာ၏ မိခင်နှင့် ဖခင် မည်သူမည်ဝါဖြစ်သည် ကို သိရှိရန် ကျွန်တော် ကြိုးစားအားထုတ်မိခြင်းသည် မည်သည့် အကြောင်းကြောင့်ပါနည်း။ ကျွန်တော် အတိအကျ မပြောနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်ထက် ပို၍ သိ၊ ပို၍ နားလည်သော လူတစ်ယောက်က ဝင်၍ မရှင်းဘဲနှင့် ဤပြဿနာသည် ရှင်းလင်းပီပြင်လာစရာအကြောင်း မရှိဟုပင် ကျွန်တော် ယူဆသည်။ ဤပြဿနာ၏ အဖြေမှန်ကို သိလိုစိတ် ပြင်းပြမှုသည် ကျွန်တော့်အား ဖမ်းစားထားပြီဖြစ်ရာ အဖြေမှန်ရလာသည့် အထိ လိုက်သင့်သည် ဟုပင် ကျွန်တော် ထင်ပါသည်။ ကျွန်တော့်အနေဖြင့် မစ္စဂျက်ဂါးကို တွေ့၍ အခြေအနေမှန်ကို ရှာသင့်သည် ဟုလည်း သဘောရသည်။ ယခုကဲ့သို့ စုံစမ်းလိုစိတ် ဖြစ်ပေါ်လာရခြင်းသည် အက်စတယ်လာ၏ အကျိုးအတွက်လား။ ဤကိစ္စအပေါ်တွင် ဘာ့ကြောင့် ဤမျှလောက်အထိ ကျွန်တော် စိတ်ဝင်စားနေရပါသနည်း။ မမျှော်လင့်ဘဲ ကျွန်တော်နှင့် ပတ်သက်လာ ရသော လူတစ်ယောက်၏ အကျိုးအတွက်ပေလား။ ကျွန်တော် အချိန်ယူ၍ စဉ်းစားကြည့်ပါသည်။ မမျှော်လင့်ဘဲ ကျွန်တော်နှင့် ဆက်စပ်လာရသော လူတစ်ယောက်၏ အကျိုးကို မျှော်ကိုးပြီး စုံစမ်းလိုစိတ် ဖြစ်ပေါ်ခဲ့မိခြင်း ဖြစ်သည် ဟုပင် ကျွန်တော် ယူဆမိပါ၏။

ထိုညက ကျွန်တော်သည် ညတွင်းချင်း ဂျရက်လမ်းရှိ မစ္စတာဂျက်ဂါး၏ အိမ်သို့ သွား၍ မေးမည်ဟု။ ယင်းကဲ့သို့ မေးလိုက်ပါက တစ်နည်းမဟုတ် တစ်နည်းဖြင့် ပရိုးဗစ်၏ လုံခြုံမှုကို ထိခိုက်သွားနိုင်စရာ ရှိသဖြင့် ထပ်၍ စဉ်းစားပါဦးဟု ဟားဘတ်က အကြံပေးသည်။ ထို့ကြောင့် ချက်ချင်းမသွားတော့ဘဲ အချိန်ယူ၍ စဉ်းစားခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ နောက်တစ်နေ့နံနက်တွင် မစ္စတာဂျက်ဂါးထံ သွားရောက် တွေ့ဆုံရမည့် ကိစ္စတစ်ခု ရှိနေသေးသည် ဖြစ်ရာ ထိုအခါကျမှပင် အခြေအနေကြည့်၍ မေးတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

နောက်တစ်နေ့မနက်တွင် ဟားဘတ်နှင့် ကျွန်တော်တို့သည် စောစောစီးစီးပင် အခန်းမှ အတူတူထွက်လာခဲ့ကြသည်။ ဂစ်လ်စပါးလမ်း ထောင့်သို့ ရောက်သောအခါ ဟားဘတ်က သူ့အလုပ်တိုက်ရှိရာ မြို့ထဲဘက်သို့ ထွက်ခွာသွားပြီး ကျွန်တော်က လစ်တစ်လ်ဘရီတိန်လမ်းသို့ လျှောက်လာခဲ့ပါသည်။

ကျွန်တော် ရောက်သွားချိန်တွင် မစ္စတာဂျက်ဂါးနှင့် မစ္စတာဝင်းမစ် တို့သည် နှစ်စဉ် ရှင်းနေကျဖြစ်သော ငွေစာရင်းရှင်းတမ်းအလုပ်ဖြင့် အလုပ်များလျက် ရှိကြ၏။ သူတို့သည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ နှင့် ပြေစာများကိုချ၍ စနစ်တကျ ရှင်းလင်းနေကြခြင်း ဖြစ်၏။ ကျွန်တော်သည် မစ္စတာဂျက်ဂါးနှင့် ဝင်းမစ်တို့ ကို အခုလို နှစ်ဦးတွဲ၍ တွေ့ရသည့် အတွက် စိတ်ထဲတွင် စနိုးစနောင့် မဖြစ်မိပါ။ ကျွန်တော်ပြောသမျှကို ဝင်းမစ် ကြားနိုင်သည် ဖြစ်ရာ သူနှင့် ပတ်သက်၍ ထိခိုက်နစ်နာအောင် ကျွန်တော် ဘာတစ်ခွန်းမှ မပြောသည် ကို လက်တွေ့သိသွားနိုင်မည် ဖြစ်၏။

သာမန်အချိန်မျိုးသာဆိုပါက ဤမျှလောက် အလုပ်များ နေသည့် မစ္စတာဂျက်ဂါးနှင့် တွေ့ခွင့်ရဖို့ လွယ်မည်မဟုတ်ပါ။ သို့သော်လည်း ကျွန်တော့်လက်နှစ်ဖက်စလုံးတွင် ပတ်တီးများ စည်းထားခြင်းသည် သူနှင့် ချက်ချင်း တွေ့ခွင့်ရနိုင်သည့် အခွင့်အရေးတစ်ရပ် ဖြစ်လာခဲ့မိ၏။ ကျွန်တော် မစ္စဟေဗီရှမ်ထံမှ ပြန်ရောက်လျှင်ရောက်ချင်း မီးလောင်ခံရသည့် အဖြစ်ကို လူကြုံဖြင့် မစ္စတာဂျက်ဂါးထံ သတင်းပို့ခဲ့ပြီးပြီ ဖြစ်၏။ သို့သော်လည်း အခုလို လူချင်းဆုံမိကြပြန်သည့် အခါ ကျွန်တော်က မစ္စဟေဗီရှမ် မီးလောင်ခံရသည့် ကိစ္စကို အသေးစိတ် ပြောပြသည့် အခါ မစ္စတာဂျက်ဂါးသည် သူ့အကျင့်အတိုင်း မီးဖိုရှေ့မှ ရပ်ကာ စိတ်ဝင်တစား နားထောင်လျက်ရှိပါသည်။ မစ္စတာဝင်းမစ်ကမူ သူ့ကုလားထိုင်ကို ကျောနှင့်မှီ၍ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ကာ ခဲတံတစ်ချောင်းကိုပါးစပ်နှင့် ကိုက်ပြီး နားထောင်လျက် ရှိလေသည်။

ပြောစရာရှိသမျှကို ပြောပြပြီးသည့် အခါ မစ္စဟေဗီရှမ်ထံမှ ရခဲ့သော ဆင်စွယ်ပြားကလေးကို မစ္စတာဂျက်ဂါး၏ လက်သို့ လှမ်းပေးလိုက်ပါသည်။ ဆင်စွယ်ပြားကလေးကို ငုံ့ကြည့်လိုက်သော မစ္စတာဂျက်ဂါး၏ မျက်လုံးများ ပြူးခနဲ ဖြစ်သွားသည် ကို ကျွန်တော် သတိထားလိုက်မိ၏။ သို့သော်လည်း ဂျက်ဂါးသည် သူ့ကိုယ်သူ ဣန္ဒြေဆည်လိုက်ပြီး ဆင်စွယ်ပြားကို ဝင်းမစ်လက်သို့ လှမ်းပေးသည်။ ပေါင်ကိုးရာတန် ချက်လက်မှတ်တစ်စောင် ရေးပြီး သူ့ထံ ယူလာဖို့ ခိုင်းသည်။ ဝင်းမစ် ချက်လက်မှတ်ရေးနေခိုက်တွင် မစ္စတာဂျက်ဂါးသည် တစ်စုံတစ်ခုကို စဉ်းစားနေသည့် ဟန်ဖြင့် သူ့ဖိနပ်များကို ငုံ့ကြည့်နေရာမှ ကျွန်တော့်ဘက်သို့ လှမ်းကြည့်သည်။ ထို့နောက် ချက်လက်မှတ်ကို လက်မှတ်ထိုးပြီး ကျွန်တော့်အား လှမ်းပေးသည်။ ချက်လက်မှတ်ကို အိတ်ကပ်ထဲသို့ ထည့်နေခိုက်တွင်လည်း မစ္စတာဂျက်ဂါးသည် ကျွန်တော့်မျက်နှာကို စူးစူး စိုက်စိုက် ကြည့်လျက်ပင် ရှိသည်။

"ငါ စိတ်မကောင်းဘူး ပစ်ပ်" ဟု ကျွန်တော် ချက်လက်မှတ်ကို အိတ်ကပ်ထဲ ထည့်နေခိုက်တွင် သူက လှမ်းပြောသည်။ "မင့်အတွက်ကျတော့ ငါတို့ ဘာမှ လုပ်မပေးရဘူး"

"မစ္စဟေဗီရှမ်က ကောင်းရှာပါတယ်။ ကျွန်တော့်အတွက် သူ ဘာလုပ်ပေးရဦးမလဲလို့ မေးပါတယ်။ ကျွန်တော်က မလိုပါဘူးလို့ ဖြေခဲ့ပါတယ်"

"ငါသာ မင်းနေရာမှာ ဆိုရင်တော့ မလိုပါဘူးဆိုတဲ့ စကား ပြောမိမယ် မထင်ဘူး၊ ဒါပေမဲ့ လူဆိုတာ ကိုယ့်အကြောင်းကို အသိဆုံးပဲ မဟုတ်လား။ သဘောထားတစ်မျိုးစီ ဖြစ်ရမှာပေါ့" ဟု မစ္စတာဂျက်ဂါးက မှတ် ချက်ချသည်။

ကျွန်တော်ကတော့ ဤကိစ္စအတွက် ဘာမှ ထပ်မပြောတော့ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်ရင်ထဲတွင် မျိုသိပ်ထားရသည့် ကိစ္စကို မေးမြန်းကြည့်ရန် အချိန်ကျပြီဟု တွက်မိသည်။ ထို့ကြောင့် ကျွန်တော် က မစ္စတာဂျက်ဂါးနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

"ကျွန်တော် မစ္စဟေဗီရှမ်ကို သူ့မွေးစားသမီးနဲ့ ပတ်သက်လို့ သိချင်တာတွေ

မေးခဲ့မိပါတယ်။ မစ္စဟောဗီရှမ်ကလည်း သူသိသမျှ အကုန်လုံး လိုလိုပဲ ပြောပြလိုက်ပါတယ်" "ဟုတ်လား ပြောပြလိုက်သလား" ဟု မစ္စတာဂျက်ဂါးက ရေရွတ်ပြီး သူ့ဖိနပ်ဦးကို ငုံ့ကြည့်နေသည်။ ထို့နောက် မျက်နှာကို မော့လိုက်သည်။ "အင်း... ငါသာ မစ္စဟောဗီရှမ် ဆိုရင်တော့ ဒီလိုပြုသင့်တယ်လို့ တွက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ကွာ မစ္စဟောဗီရှမ်အနေနဲ့ သူ့အကြောင်း သူအသိဆုံးမို့ အခုလို ဖွင့်ပြောလိုက်တာ ဖြစ်မှာပေ့ါ “

"မစ္စဟောဗီရှမ်ရဲ့ မွေးစားသမီးနဲ့ ပတ်သက်လို့ ကျွန်တော် မစ္စဟောဗီရှမ်နဲ့ မစ္စဟောဗီရှမ်ရဲ့ မွေးစားသမီးထက် ပိုပြီး သိနေပါတယ်ခင်ဗျာ။ သူ့အမေရင်း ဘယ်သူဘယ်ဝါဆိုတာတောင် ကျွန်တော် သိပါတယ်"

မစ္စတာဂျက်ဂါးက ကျွန်တော့်မျက်နှာကို စူးစမ်းသောအကြည့်ဖြင့် ကြည့်နေရာမှ "သူ့အမေရင်း ဟုတ်လား" ဟု ရေရွတ်သည်။

"အခုသုံးရက်အတွင်းမှာ တောင် သူ့အမေကို ကျွန်တော် မြင်ခဲ့ပါ သေးတယ်"

"ဟုတ်လား" ဟု မစ္စတာဂျက်ဂါးက ရေရွတ်သည်။

"ကျွန်တော် သိထားသလောက် ပြောရရင်တော့ မစ္စတာဂျက်ဂါးလည်း သူ့အမေကို တွေ့နေတာပဲ၊ မကြာသေးခင်ကတောင်မှ သူ့အမေကို ခင်ဗျား မြင်ခဲ့ဦးမှာပါ"

"ဟုတ်လား" ဟု ရေရွတ်ပြန်သည်။

"အက်စတယ်လာရဲ့ ဘဝဇာတ်ကြောင်းနဲ့ ပတ်သက်လို့ ရှိရင်တော့ ကျွန်တော်က မစ္စတာဂျက်ဂါးထက်တောင် ပိုပြီး သိနေတယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော် သူ့အဖေကိုတောင်မှ သိတယ်"

မည်မျှလောက်ပင် ဟန်ကောင်းသူဖြစ်သော်လည်း ကျွန်တော့်ထံမှ ဤစကားကို ကြားလိုက်ရသည့် အခါ မစ္စတာဂျက်ဂါးသည် တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားသည်။ သူ့ကိုယ်သူ အခြေပျက်မသွားအောင် ထိန်းသော်လည်း မရချေ။ သူ့အမူအရာ ပျက်နေသည် ကို ကြည့်ခြင်း အားဖြင့် မစ္စတာဂျက်ဂါးသည် အက်စတယ်လာ၏ အဖေ မည်သူမည်ဝါဖြစ်သည် ကို လုံးဝမသိသည်မှာ ထင်ရှားလျက်ရှိ၏။ ပရိုးဗစ်က ဟားဘတ်အား ပြောပြခဲ့သည့် စကားအရဆိုပါက သူ့မိန်းမ အမှုဖြစ်သောအချိန်တွင် မစ္စတာဂျက်ဂါး၏ နာမည်ကိုသာ သူ ကြားခဲ့ဖူး၍ လူချင်းမတွေ့ဖူးခဲ့ဟု သိရ၏။ သို့ဆိုလျှင် ပရိုးဗစ်နှင့် မစ္စတာဂျက်ဂါးတို့သည် စောစောပိုင်းက တစ်ယောက်နှင့် တစ်ယောက် မသိကြသည်မှာ သေချာလျက် ရှိသည်။ တကယ်တော့ ပရိုးဗစ်တစ်ယောက် ဩစတေးလီးယားနိုင်ငံသို့ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ဖြင့် ရောက်သွားပြီးနောက် မစ္စတာဂျက်ဂါးကို သူ့ရှေ့နေအဖြစ် ငှားခါမှ သိလာကြခြင်း ဖြစ်သည်မှာ အလွန်ထင်ရှားလျက် ရှိလေသည်။

"ဒီလိုဆိုတော့ မင်းက အက်စတယ်လာ့အဖေကို သိနေပြီပေါ့။ ဟုတ်လား

ပစ်ပ်" ဟု မစ္စတာဂျက်ဂါးက မေးသည်။

"ဟုတ်ပါတယ်။ ကျွန်တော် သိနေပါတယ်။ သူ ဩစတေးလီးယားနိုင်ငံ နယူးဆောက်ဝေး ပြည်နယ်က လာတဲ့ လူပါ။ နာမည်က ပရိုးဇစ်လို့ ခေါ်ပါတယ်"

မစ္စတာဂျက်ဂါး တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားပြန်သည်။ သူ့ကိုယ်သူ ထိန်း၍ မရတော့ချေ။ အံ့သြသွားသည့် အရိပ်လက္ခဏာကို သူ့မျက်နှာထားက ဖော်ပြလျက် ရှိ၏။ ဝင်းမစ်တစ်ယောက် ဘယ်လို အခြေပျက်သွားသည် ကိုမူ ကျွန်တော် မပြောတတ်ပါ။ သူ့အမူအရာကို ကျွန်တော် ကြည့်ချင်သော်လည်း မကြည့်ဝံ့ပါ။ အကယ်၍ ကြည့်လိုက်ခဲ့သည် ရှိသော ဝင်းမစ်နှင့် ကျွန်တော်တို့ နှစ်ဦးစလုံး အခြေပျက်ချင် ပျက်သွားလိမ့်မည်။ အခြေပျက်သွားခဲ့ပါမူ အလွန်ပါးနပ်သော မစ္စတာဂျက်ဂါးသည် ပရိုးဇစ်နှင့် ပတ်သက်၍ ကျွန်တော်နှင့် ဝင်းမစ်တို့ အဆက်အသွယ်ရှိနေသည် ကို ရိပ်မိသွားဖွယ်ရာ ရှိလေသည်။

"ဘယ်လိုအထောက်အထားနဲ့ ပြောတာလဲ ပစ်ပ်" ဟု မစ္စတာဂျက်ဂါးက လက်ကိုင်ပဝါဖြင့် နှာခေါင်းကိုသုတ်ရန် ဟန်ပြင်နေရာမှ ရပ်နေလိုက်ပြီး မေးသည်။ "ပရိုးဇစ်က သူ့သမီးပါလို့ ပြောလိုက် တာလား"

"သူက မပြောပါဘူး၊ ဘယ်တော့မှလည်း ပြောမှာ မဟုတ်ပါဘူး။ သူ့ အနေနဲ့ သူ့သမီးကလေး အသက်ရှင်နေတုန်းပဲဆိုတာတောင် မသိရှာပါဘူး"

လက်ကိုင်ပဝါဖြင့် မျက်နှာကို သုတ်လိုက်ရန် ဟန်ပြင်လျက်ရှိသော မစ္စတာဂျက်ဂါး၏ လက်သည် အောက်သို့ ပြန်ကျသွားသည်။ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် သူ့ပါးစပ်သည် ပွင့်သွားသည်။ လက်ကိုင်ပဝါကို အိတ်ကပ်ထဲသို့ ပြန့်ထည့်လိုက်ပြီး ပါးစပ်အဟောင်းသား ဖြင့် ကျွန်တော့်မျက်နှာကို ငေးကြည့်နေသည်။

ကျွန်တော်က သိသမျှအားလုံးကို ပြောပြလိုက်သည်။ ဘယ်နည်းဘယ်ပုံ သိခဲ့ရသည် ကိုလည်း ပြောပြလိုက်သည်။ တစ်ခုတော့ ချွင်းချက် ထားသည်။ ဝင်းမစ်ထံမှ သိခဲ့ရသော အချက်အားလုံးကို မစ္စဟောဗီရှမ် ထံမှ သိခဲ့ရပါသည် ဟု ပြောလိုက်ခြင်း ဖြစ်၏။ ဤကဲ့သို့လိမ်၍ ပြောနေရသည့် အခိုက်တွင် ကျွန်တော်သည် ဝင်းမစ်ဘက်သို့ တစ်ချက်ကလေးမှပင် စောင်းငဲ့၍ မကြည့်ရဲပါ။ ကြည့်လိုက်မိသည် နှင့် တစ်ပြိုင်နက် မစ္စတာဂျက်ဂါး ရိပ်မိသွားလိမ့်မည်ဟု တထစ်ချ ယုံကြည်နေမိ၏။ ပြောစရာရှိသမျှ အားလုံးကို ပြောပြပြီးကာမှပင် ဝင်းမစ်ကို လှမ်းကြည့်မိသည်။ ဝင်းမစ်သည် စောစောက ကိုက်ထားသောခဲတံကို ပါးစပ်ထဲမှ ထုတ်ထားပြီ ဖြစ်၏။ သူသည်ပါးစပ်ကို တင်းတင်းစေ့ကာ မျက်လွှာကိုချ၍ သူ့ရှေ့မှ စားပွဲကို စိုက်ကြည့်လျက် ရှိလေသည်။

"ဟား" နောက်ဆုံးတွင် မစ္စတာဂျက်ဂါးက စားပွဲပေါ်မှ စာရွက်များ ကို ဆွဲယူလိုက်ပြီး ရေရွတ်သည်။ "ဟေ့ ဝင်းမစ်၊ မစ္စတာပစ်ပ် ရောက်စ က ငါတို့ ရှင်းနေတာ ဘယ်အပိုင်းလဲကွ" ဟု မေးသည်။

သို့သော်လည်း ဤတစ်ကြိမ်မှာတော့ဖြင့် ကျွန်တော့်ဘက်က

အလွယ်တကူနှင့် အလျှော့မပေးနိုင်တော့ပါ။ ကျွန်တော့်အပေါ်တွင် ကိုယ်ချင်းစာတရား ထားပြီး ပြောသင့်ပြောထိုက်တာ မှန်သမျှ ပွင့်ပွင့်လင်းလင်း ပြောပြစေချင်ပါသည် ဟု ကျွန်တော် မေတ္တာရပ်ခံသည်။ ကျွန်တော့် အား ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်ထားကြသဖြင့် လပေါင်းများစွာ မျှော်လင့်ချက်ကြီးများဖြင့် စောင့်စားခဲ့ရပုံ၊ နောက်ဆုံး အဖြစ်မှန်ကို သိရ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရပုံများကိုလည်း အသိပေးသည်။ မည်သို့ပင်ဖြစ်စေ၊ ဖြစ်ခဲ့ပြီးသမျှ အားလုံးအတွက် သူ့ကို အပြစ်မတင်၊ သံသယလည်း မထား၊ မယုံမကြည်လည်း မဖြစ်။ သို့သော်လည်း ကျွန်တော် သိထားသမျှ အရာအားလုံး မှန်၊ မမှန်ကိုမူ သူက အတည်ပြုပေး စေချင်သည်။ သူသိသမျှကို အမှန်အတိုင်း ပြောပြခြင်းအားဖြင့် ကျွန်တော့်အား ကူညီစေချင်ပါသည် ဟု ကျွန်တော်က ပြောပြသည်။ အကယ်၍ ဘာပြုလို့ မင်းက သိချင်နေရတာလဲ။ မင့်မှာ သိသင့်သိထိုက်တဲ့ အခွင့်အရေး ရှိလို့လားဟု သူက မေးခဲ့ပါမူ ကျွန်တော်က အက်စတယ်လာမှာ ကျွန်တော်နှင့် နီးစပ်ဖို့ ဝေးသွားပြီဖြစ်သော်လည်း ကျွန်တော်ငယ်ငယ်ကတည်းက အမြတ်တနိုး ချစ်ခင်စွဲလမ်း လာခဲ့သော မိန်းကလေးတစ်ယောက် ဖြစ်သဖြင့် သူနှင့် ပတ်သက်သမျှကို အမှန်အတိုင်း သိထားရန် လိုအပ်သည် ဟု ယူဆထားကြောင်း ကျွန်တော်က ရှင်းပြမည်ဟု ရည်ရွယ်ထားပါသည်။ ကျွန်တော်က ဤမျှလောက်အထိ အကျယ်တဝင့် ရှင်းပြပြီး တောင်းပန်နေသော်လည်း မစ္စတာဂျက်ဂါးသည် မတုန်မလှုပ် လုပ်လျက်ရှိသည် ဘယ်လိုနည်းဖြင့် မေးစေကာမူ မပြောဟူသော ပုံမျိုးဖြင့် တင်းခံနေသည့် အရိပ်အခြည်ကို ပြလျက်ရှိလေသည်။

ကျွန်တော်က ဝင်းမစ်အား လှည့်ကြည့်သည်။ "ခင်ဗျားဟာ အသည်းနှလုံးရှိတဲ့ လူတစ်ယောက်လို့ ကျွန်တော် နားလည်ထားပါတယ် ဝင်းမစ်၊ ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ ခင်ဗျားရဲ့ အိမ်၊ ခင်စရာကောင်းတဲ့ ခင်ဗျားရဲ့ အဖေနဲ့ ပျော်ပျော်နေတတ်တဲ့ ခင်ဗျားရဲ့ အကျင့်စရိုက် တွေကို ကျွန်တော် မြင်ခဲ့ သိခဲ့ပြီးပါပြီ။ ခင်ဗျားဟာ စိတ်နှလုံးကောင်းရှိတဲ့ လူတစ်ယောက်ပါ။ ခင်ဗျားအနေနဲ့ ကျွန်တော့်ကိုယ်စား မစ္စတာဂျက်ဂါးကို မေတ္တာရပ်ခံပေးစေချင်ပါတယ်။ ကျွန်တော် သိချင်နေတဲ့ ကိစ္စကို အမှန်အတိုင်း ပြောပြဖို့ တိုက်တွန်းပေးပါဗျာ"

မစ္စတာဂျက်ဂါးနှင့် ဝင်းမစ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးဝါး ဝါးကြည့်နေကြသည်။ တင်းမာခက်ထန်သော အကြည့်များ ဖြစ်၏။ ဤလူနှစ်ယောက် ဤကဲ့သို့ ကြည့်ကြသည် ကို ဘယ်တုန်းကမှ မမြင်ခဲ့ဖူးပါ။ ဝင်းမစ်ကို အလုပ်ဖြုတ်ပစ်လိမ့်မည်ဟုပင် ထင်မိ၏။ သို့သော်လည်း ကျွန်တော် ထင်ထားသကဲ့သို့ အခြေအနေသည် တိုး၍ တင်းမာမလာဘဲ အဆင်ပြေလာသည် ကို တွေ့ရသည်။ မစ္စတာဂျက်ဂါး၏ မျက်နှာထားသည် မသိမသာ ပျော့ပျောင်းလာသည်။ အပြုံးရိပ်သန်းလာသည် ဟုပင် ထင်ရသည်။ ဝင်းမစ်၏ မျက်နှာထားကတော့ ခပ်မာမာ ခပ်တည်တည်ပင် ဖြစ်လေသည်။

"ဒီစကားတွေက ဘာ အဓိပ္ပာယ်လဲကွ" ဟု မစ္စတာဂျက်ဂါးက မေးသည်။ "ခင်စရာကောင်းတဲ့ ခင်ဗျားရဲ့အဖေနဲ့ ပျော်ပျော်နေတတ်တဲ့ ခင်ဗျားရဲ့ အကျင့်စရိုက်တွေဆိုတဲ့ စကားတွေက ဘာသဘောလဲ"

"ဘာသဘော ဘာအဓိပ္ပာယ်တွေပဲဖြစ်ဖြစ်၊ ကျွန်တော့်အနေနဲ့ ရုံးကို သယ်မလာဘူး၊ ဒါဆိုရင် ခင်ဗျားဘက်မှာ ဘာမှ ပြဿနာလုပ်စရာ မလိုပါဘူး"

မစ္စတာဂျက်ဂါးက သူ့လက်တစ်ဖက်ကို ကျွန်တော့်ပခုံးပေါ်သို့ လှမ်းတင်လိုက်ပြီး ပြုံးသည် "ဒီမယ် ပစ်ပ်၊ ဒီအကောင်ဟာ လန်ဒန်မြို့ပေါ်မှာ အပါးနပ်ဆုံးနဲ့ အကောက်ကျစ်ဆုံး လူလိမ်ကြီး တစ်ယောက်ပဲကွ"

"လုံးဝ မဟုတ်ဘူး" ဟု ဝင်းမစ်က ပြန်ပြောသည်။ "ဘာထူးလဲ၊ ခင်ဗျားလည်း အပါးနပ်ဆုံးနဲ့ အကောက်ကျစ်ဆုံး လူလိမ်ကြီးတစ်ယောက်ပဲ”

ဆရာနှင့် တပည့်သည် တစ်ယောက်မျက်နှာ တစ်ယောက် ဒေါသရောင်သန်းသော မျက်နှာထားများဖြင့် စူးစူးရဲရဲ ကြည့်နေကြပြန်သည်။ ဝင်းမစ်၏ အပြုအမူနှင့် အပြောအဆိုများသည် အလွန်ရဲရင့် တင်းမာလာသည် ကို ကျွန်တော် သတိထားမိ၏။ သူတို့ နှစ်ယောက်၏ အပြုအမူမှာ တစ်ဖက်နှင့် တစ်ဖက် အလျှော့ပေးမည့် လက္ခဏာ မရှိ။

"မင်းက အလွန်စိတ်ချမ်းသာစရာကောင်းတဲ့ အိမ်နဲ့ ဆိုပါလား" ဟု မစ္စတာဂျက်ဂါးက စပြောသည်။

"ဟုတ်တယ်လေ။ ရှိတော့ ဘာဖြစ်လဲ၊ ခင်ဗျားအလုပ်ကို ထိခိုက်သလား၊ ကျွန်တော် ခင်ဗျားကို တစ်ခုမေးပါရစေ၊ ခင်ဗျား ဒီအလုပ်က အနားယူတဲ့ တစ်နေ့မှာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ နေနိုင်မယ့်အိမ်မျိုး အပိုင်ရှိနေအောင် ခင်ဗျားကော မလုပ်ချင်ဘူးလား" ဟု ဝင်းမစ်က ခွန်းတုံ့ပြန်သည်။

မစ္စတာဂျက်ဂါးသည် သူ့ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဟေ့ ပစ်ပ်၊ ငါတို့ စိတ်ကူးယဉ်အိပ်မက်တွေအကြောင်း မပြောကြစတမ်းကွာ၊ စိတ်ကူးယဉ်အိပ်မက် အသုံးမကျဘူးဆိုတာ မင်းက ငါ့ထက် ပိုသိပါတယ်။ အခု ငါတို့ တခြားကိစ္စတစ်ခု ပြောရအောင်၊ ငါ မင်းကို အမှုတစ်ခုအကြောင်း ပြောပြမယ်။ တစ်ခုတော့ သတိထား၊ ဒီကိစ္စထဲမှာ ငါ လုံးဝ မပါဘူး။ အဲဒါကိုတော့ မင်းနားလည်ဖို့ လိုတယ်"

ကျွန်တော်က နားလည်ပါသည် ဟု အဖြေမပေးမချင်း စကားကို ဆက်မပြောဘဲ ကျွန်တော့်အား ကြည့်နေ၏။ ကျွန်တော်က နားလည်ပါသည် ဟု ဖြေလိုက်ပါသည်။ ထိုအခါကျမှပင် သူပြောပြမည်ဟု ဆိုသော အမှုအကြောင်းကို ဆက်ပြောပါသည်။

"အမှုက ဒီလိုကွ၊ မင်း စောစောက ပြောခဲ့တဲ့ အခြေအနေတွေကြောင့် မိန်းမတစ်ယောက်ဟာ သူ့ကလေးကို သူ့ရှေ့နေဆီမှာ အပြီးအပိုင်အပ် ထားခဲ့တယ်။ အဲဒီအဖြစ်ကို အဲဒီမိန်းမရဲ့ ယောကျ်ားက လုံးဝမသိဘူး။ ရှေ့နေလုပ်တဲ့ လူကလည်း သူ့ကို ယုံယုံကြည်ကြည်နဲ့ အပ်ထားတဲ့ ကလေးကို အလွန်ချမ်းသာကြွယ်ဝတဲ့

အမျိုးသမီးကြီးတစ်ယောက်ဆီမှာ အပ်နှံဖို့ စိတ်ကူးထားခဲ့တယ်။ ရှေ့နေက ဒီအဖြစ်မျိုးတွေနဲ့ အများကြီး ကြုံခဲ့ဖူးတော့ မိခင်ဖြစ်တဲ့လူ အပြစ်ကျသွားရင် ကျန်ရစ်ခဲ့တဲ့ ကလေး ဒုက္ခရောက်တတ်တယ်ဆိုတာ နားလည်နေတယ်။ အများအားဖြင့် အဲသလို ကလေးမျိုးတွေဟာ အကျင့်စာရိတ္တပျက်ပြားပြီး လူဆိုးသူခိုးဘဝ ရောက်သွားတတ်တယ်။ ကလေးတွေကို ထောင်ချထားတာ၊ ကြိမ်ဒဏ်ပေးတာ၊ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ပေးတာတွေကို မြင်ဖူးနေလေတော့ ရှေ့နေက ဒီကလေးအတွက် စိတ်ပူတယ်"

"ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ"

"တရားခံမိန်းမရဲ့ ကလေးက မိန်းကလေးတစ်ယောက်ပဲ၊ ချောချော လှလှကလေး။ သူ့အဖေလည်း သေပြီလို့ ယုံကြည်ရတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပေါ်လာစရာအကြောင်း လုံးဝမရှိတော့ဘူးဆိုတဲ့ အထောက်အထားလေးတွေလည်း တွေ့နေရတယ်။ အဲဒီတော့ ရှေ့နေလုပ်တဲ့ လူက သူ့အမှုသည် မိန်းမကို "မင့်ကလေး ငါ့လက်ထဲ အပ်ပါ။ မင်း ရင်ဆိုင်နေရတဲ့ အမှုက လွတ်အောင်လည်း ငါ အစွမ်းကုန် ကြိုးစားမယ်။ တကယ်လို့ အမှုက မင်းလွတ်ရင် မင့်ကလေးလည်း ဘေးကင်းရန်ကင်း ရှိမယ်။ တကယ်လို့ မင်း အပြစ်ကျသွားရင်လည်း ကလေးကတော့ ဘာ အန္တရာယ်မှ မရှိနိုင်ဘူး" လို့ ပြောပြတယ်။ အဲဒီတော့ အမှုသည် မိန်းမက ရှေ့နေပြောတဲ့ အတိုင်း လက်ခံတယ်။ ရှေ့နေကလည်း ကလေးရဲ့ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးတယ်။ ကလေးအမေလည်း အမှုက ကွင်းလုံးကျွတ် လွတ်သွားတယ်"

"ကျွန်တော် နားလည်ပါပြီခင်ဗျာ"

"မင်း အဓိကနားလည်ဖို့ က အဲဒီအမှုထဲမှာ ငါ မပါဘူးဆိုတဲ့ အချက်ပဲ"

"ဟုတ်ပါတယ်။ ခင်ဗျားမပါပါဘူး" ဟု ဝင်းမစ်က ငေါ့တော့တော့ လေသံဖြင့် ဝင်ပြောသည်။ "တကယ်ပါ ခင်ဗျား မပါပါဘူး" ဟု ဝင်းမစ် က နောက်တစ်ကြိမ် ထပ်၍ ပြောလိုက်သေးသည်။

"အမှုသည် မိန်းမဟာ သေဒဏ်ကျမှာ ကြောက်လို့ အသိဉာဏ်ပါ ပျက်ပြားခဲ့ရတဲ့ အခြေအနေထိ ဖြစ်သွားခဲ့တယ်။ အမှုကလည်း လွတ်ရော ရှေ့နေလုပ်တဲ့ လူက ဒီမိန်းမကိုသနားတာနဲ့ သူ့အိမ်ခေါ်ပြီး အိမ်စေအလုပ်ပေးထားခဲ့တယ်။ သူ့ရဲ့ စိတ်ကြမ်းကိုယ်ကြမ်း အပြောအဆို အမူအကျင့်တွေကိုလည်း စွန့်လွှတ်အောင် ဆုံးမပြုပြင်ပေးခဲ့တယ်။ သူ့သမီးကလေးကလည်း အရွယ်ရောက်လာတယ်။ လူချမ်းသာလက်ထဲမှာ ဆိုတော့ ချမ်းချမ်းသာသာ နေရတယ်။ အခု လူချမ်းသာတစ်ယောက်နဲ့ လက်ထပ်သွားတယ်။ သူ့အမေရင်းကလည်း အခုအချိန်ထိ မသေသေးဘူး။ သူ့အဖေကလည်း အခုအချိန်ထိ အသက်ရှင်လျက်ပဲ။ အမေနဲ့ အဖေဟာ တစ်ယောက်နဲ့ တစ်ယောက် သေမှန်းရှင်မှန်း မသိကြဘူး။ ဟိုးတုန်းကတည်းက ရှိလာခဲ့တဲ့ လျှို့ဝှက်ချက်ဟာ အခုအချိန်ထိ လျှို့ဝှက်ချက် တစ်ခုအဖြစ်နဲ့ ရပ်တည်နေဆဲပဲ။ ကျန်တာကိုတော့ မင်းဘာသာမင်း

ဖြည့်စွက်ပြီး နားလည်အောင် လုပ်ပေတော့။ တစ်ခု သတိပေးချင်တာက ဒီလျှို့ဝှက်ချက်ကို ထုတ်ဖော်သင့်,မသင့် အထူးသတိထားပြီး စဉ်းစားရလိမ့်မယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဝင်းမစ်ကလည်း ပစ်ပ် စဉ်းစားအောင် တိုက်တွန်းပေးဖို့ ငါ မေတ္တာရပ်ခံချင်တယ်"

"ကျွန်တော် တာဝန်ယူပါတယ်" ဟု ဝင်းမစ်က ပြောသည်။

"ဒီလျှို့ဝှက်ချက်ကို ဘယ်သူ့အကျိုးအတွက် ဖော်ထုတ်ချင်ရတာလဲ။ အဖေ့အတွက်လား၊ အဖေက အမေထက်ပိုပြီး ကောင်းပါတယ်လို့ ပြောနိုင်လောက်တဲ့ အခြေအနေ မရှိဘူးလို့ပဲ ငါထင်တယ်။ ဒီလိုဆိုရင် မအေရဲ့ အကျိုးအတွက်လား။ အမေကတော့ သူ့ကလေးကို ပေးလိုက်ပါပြီဆို ကတည်းက သံယောဇဉ် လုံးဝကင်းသွားတဲ့ သဘောရှိတယ်။ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးလိုက်တဲ့ အတွက် သူ့မှာ ဘာမှ အကျိုးမဖြစ်နိုင်ဘူး။ ဒီလိုဆိုရင် သမီးရဲ့ အကျိုးအတွက်လား။ သူ့အတွက် ဆိုရင်တော့ အကျိုး ပျက်ဖို့ပဲ ရှိတယ်။ သူ့မိဘတွေ ဘယ်သူဘယ်ဝါလို့ သူ့ယောက်ျားက သိသွားရင် ဘာဖြစ်ကုန်မလဲ။ မိန်းကလေး သိက္ခာကျမယ်။ နှစ်ပေါင်းနှစ်ဆယ်နီးပါး ဂုဏ်သိက္ခာတက်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ဖျက်ဆီးပစ်ရာ မရောက်ပေဘူးလား။ ဒါတွေဟာ ဆက်စပ် စဉ်းစားရမယ့် အချက်တွေပဲ။ နောက်တစ်ချက်က မင်း သူ့ကို သိပ်ချစ်တယ်လို့ ပြောခဲ့တယ်။ အဲဒီ သိပ်ချစ်တယ်ဆိုတဲ့ အချက်ကိုလည်းမင်း ထည့်စဉ်းစားရမှာပဲ"

ကျွန်တော်က ဝင်းမစ်ကို လှမ်းကြည့်သည်။ ဝင်းမစ်၏ မျက်နှာသည် တစ်စုံတစ်ခုကို အလွန်အလေးအနက်ထား၍ စဉ်းစားဆင်ခြင်နေသည့် နှယ် ရှိသည်။ ထို့နောက် သူသည် သူ့နှုတ်ခမ်းများကို သူ့လက်ညှိုးဖြင့် အသာအယာ ထိလိုက်သည်။ ကျွန်တော်ကလည်း ဝင်းမစ်လုပ်သလို လုပ်လိုက်ပါသည်။ မစ္စတာဂျက်ဂါးကလည်း ကျွန်တော်တို့ လုပ်သလို လိုက်၍ လုပ်သည်။ ဤလျှို့ဝှက်ချက်ကို ကျွန်တော်တို့ သုံးဦးစလုံး ဖော်ထုတ်ခြင်း မပြုတော့ပါဟု သဘောတူ ကတိပြုကြသည့် အထိမ်းအမှတ်ပေတည်း။

"ကဲ ဝင်းမစ်၊ မစ္စတာပစ်ပ် ဒီအခန်းထဲ ဝင်လာတဲ့ အချိန်မှာ ငါတို့ ဘယ်အပိုင်း ရောက်နေပြီလဲ။ ငါတို့ အလုပ်ကို ပြန်စကြရအောင်" ဟု မစ္စတာဂျက်ဂါးက ဝင်းမစ်အား လှမ်းပြောသည်။

ကျွန်တော်သည် အခန်းထဲ၌ ဆက်၍ ရပ်ကာ သူတို့ နှစ်ယောက်၏ အရိပ်အခြည်ကို အကဲခတ်နေမိပါသည်။ နှစ်ဦးစလုံးသည် သဘောထား တင်းမာနေဆဲ ဖြစ်၏။ တစ်ဦးနှင့် တစ်ဦး ကြည့်နေပုံများမှာ ရန်လိုသည့် သဘောကို ဆောင်လျက်ပင် ရှိသေး၏။ မစ္စတာဂျက်ဂါးကလည်း အလုပ်ရှင်အနေဖြင့် အပေါ်စီးယူကာ အာဏာပြချင်ပုံ ရ၏။ ဝင်းမစ်ကလည်း သူမှန်သည် ထင်သောကိစ္စတွင် အာဏာဖီဆန်လိုသော သဘော ကို ဖော်ပြလျက်ရှိသည်။ သူတို့

နှစ်ယောက် ဤမျှလောက်အထိ ရန်စောင်နေကြသည် ကို ကျွန်တော် တစ်ကြိမ်မျှ မမြင်ဖူးခဲ့ပါ။

သို့သော်လည်း အခန်းထဲသို့ မိုက်ဟု ခေါ်သော အမှုသည် တစ်ယောက် ဝင်လာသည့် အခါ နှစ်ဦးစလုံး၏ မျက်နှာထားများသည် ဝမ်းသာရွှင် မြူးသွားသည့် အရိပ်လက္ခဏာကို ဖော်ပြကြသည်။ ဤအမှုသည် ကို ကျွန်တော် မစ္စတာဂျက်ဂါးထံ ပထမဆုံးအကြိမ် ရောက်သည့်နေ့က မြင်ခဲ့ဖူး၏။ ဤလူကြီးနှင့် ဤလူကြီး၏ မိသားစုသည် အမြဲတစေ ဒုက္ခရောက်ပြီး နယူးဂိတ်ထောင်ကြီးနှင့် အဆက်အသွယ် ရှိနေရသူများ ဖြစ်ဟန် တူ၏။ မိုက်က သူ့သမီးအကြီးကို ဆိုင်ဖောက်မှုတစ်ခုတွင် မသင်္ကာ၍ အဖမ်းခံထားရကြောင်း၊ သူ့အမှုကို လိုက်ပေးစေလိုကြောင်း အသနားခံလျက် ရှိသည်။ မစ္စတာဂျက်ဂါးသည် မီးဖိုရှေ့၌ ရပ်ကာ မိုက်ပြောသမျှကို နားထောင်လျက် ရှိ၏။ မိုက်သည် သူ့အမှုအကြောင်းကို ပြောပြနေရင်းမှ မျက်ရည်များကျ လာလေသည်။

"မင့်ဟာက ဘာလဲကွ" ဟု ဝင်းမစ်က သဟောက်သဟန် ပြသည်။ "မင်းက ဒီမှာ လာပြီး ဘာပြုလို့ ငိုပြနေရတာလဲ"

"ကျွန်တော် ငိုမပြပါဘူးခင်ဗျာ"

"အမယ် မင်းက လိမ်နေပြန်ပြီ။ ဘာပြုလို့ လိမ်တာလဲ။ ဒီလိုငိုပြဖို့ ဆိုရင် ငါတို့ ဆီမှာ အလုပ်မဖြစ်ဘူး" ဟု ဝင်းမစ်က ကြိမ်းပြန်သည်။

"လူတစ်ယောက်က စိတ်သိပ်ထိခိုက်လာရင် မျက်ရည်ကျတတ်ပါတယ် မစ္စတာဝင်းမစ်ရယ်" ဟု မိုက်က အသနားခံသောအသံဖြင့် ပြန်ပြောသည်။

"ဘာကွ စိတ်သိပ်ထိခိုက်လာရင် ဘာဖြစ်လဲ၊ ထပ်ပြောစမ်းပါဦး" ဟု ဝင်းမစ်က ထပ်၍ ဟောက်ပြန်သည်။

"ဒီမှာ ဟေ့ကောင်" ဟု မစ္စတာဂျက်ဂါးက စကားစလိုက်ပြီး တံခါး ပေါက်သို့ လက်ညှိုးထိုးပြသည်။ "အခန်းထဲက ထွက်သွားလိုက်စမ်း၊ ငါ ဘာမှ နားထောင်ချင်စိတ် မရှိဘူး။ သွား... အခုထွက်သွား"

"အခုချက်ချင်း ထွက်သွားစမ်း" ဟု ဝင်းမစ်ကပါ ဝင်၍ နှင်ထုတ်သည်။

ဤသို့ဖြင့် ကံမကောင်းရှာသော မိုက်သည် အခန်းထဲမှ ကုပ်ကုပ်ကလေး လုပ်၍ ပြန်ထွက်သွားသည်။ မစ္စတာဂျက်ဂါးနှင့် ဝင်းမစ်တို့ ကြားတွင် ယခင်က တည်ရှိခဲ့သော နားလည်မှုသည် သူ့အလိုအလျောက် ပြန်လည်တည်ဆောက်ပြီးသား ဖြစ်သွားခဲ့လေပြီ။ ထို့နောက် သူတို့ နှစ်ယောက်သည် ရွှင်လန်းတက်ကြွသော အမူအရာနှင့် သူတို့၏ လုပ်လက် စအလုပ်ကို ဆက်လက်၍ လုပ်ကိုင်နေကြလေ၏။

*****

(၅၂)

ကျွန်တော်သည် မစ္စတာဂျက်ဂါးထံမှ ရခဲ့သော ပေါင်ကိုးရာတန် ချက်လက်မှတ်ကို အိတ်ကပ်ထဲတွင် ထည့်၍ လစ်တစ်ဘရီတိန်လမ်းမှ နေပြီး မစ္စစကစ်ဖင်း၏ အစ်ကို စာရင်းကိုင် စာရေးကြီးထံသို့ သွား၍ အကျိုးအကြောင်း ပြောပြသည်။ မစ္စစကစ်ဖင်း၏ အစ်ကိုကလည်း ချက်ချင်းပင် ကလာရီကာအား သွားခေါ်ပြီး ကျွန်တော်နှင့် ဆုံပေးပါသည်။ ကျွန်တော်တို့သည် ဟားဘတ်အတွက် နောက်ထပ်ထည့်ဝင်ရမည့် ပေါင်ကိုးရာကို အပြီးအပြတ် ထည့်ဝင်လိုက်ပြီး စာချုပ်တစ်ခု ထပ်မံချုပ်ဆိုကြပါသည်။ မျှော်လင့်ချက်ကြီးများကို ထား၍ နေလာခဲ့ရသည့် အချိန်မှ စပြီး ယနေ့အချိန်အထိ ကျွန်တော် လုပ်ခဲ့သမျှသော အလုပ်များ ထဲတွင် အကောင်းဆုံးနှင့် အမွန်မြတ်ဆုံး အလုပ်ဟူ၍ ဤတစ်ခုသာလျှင် ရှိပါ၏။ ထို့ကြောင့်လည်း ဤအလုပ်အတွက် စိတ်နှလုံး ကြည်လင်ချမ်းမြေ့ခြင်း ဖြစ်ရပါသည်။

ကလာရီကာက သူတို့၏ စီးပွားရေးလုပ်ငန်းမှာ အရှိန်မှန်မှန်နှင့် တိုးတက်လျက်ရှိနေကြောင်း၊ အာရှတိုက်အတွင်းရှိ နိုင်ငံတစ်နိုင်ငံ၌ အလုပ်တိုက်ခွဲတစ်ခု ဖွင့်လှစ်ရန်ပင် ရည်ရွယ်ထားကြောင်း၊ အကယ်၍ ဖွင့်ဖြစ်ပါက ဟားဘတ်အား ယင်းတိုက်ခွဲကို စီမံအုပ်ချုပ်ရန် စေလွှတ်မည်ဟု စီစဉ်ထားကြောင်း ကျွန်တော့်အား ပြောပြပါသည်။ ဤအတိုင်းသာဆိုပါက ကျွန်တော်သည် အချစ်ဆုံးသော သူငယ်ချင်းတစ်ယောက်နှင့် ခွဲခွာရပေဦးတော့မည်။ နောက်ဆုံးတစ်နေ့ ကျွန်တော် ရင်ဆိုင်နေရသည့် အရေးအခင်းအားလုံး ပြီးပြတ်သွားသည့် တိုင်အောင် ဟားဘတ်နှင့် အတူတူနေရဖို့ လမ်းကား မရှိတော့ပေ။ တကယ်တော့ ဟားဘတ်သည် ကျွန်တော့်အတွက် နောက်ဆုံး အားကိုးအားထားပြုစရာ ကျောက်ဆူးတစ်ခု ဖြစ်၏။ ဤကျောက်ဆူးသာ ပြုတ်သွားမည်ဆိုပါက ကျွန်တော်သည် လှိုင်းနှင့် လေကို အဖော်ပြု၍ တစ်ယောက်တည်း လှော်ခတ်ရပေတော့မည်။

သို့သော်လည်း ယနေ့ည ဟားဘတ်တစ်ယောက် အခန်းသို့ ပြန်ရောက်လာသည့် အခါ သူ ကြားခဲ့ သိခဲ့ရသည့် သတင်းများကို ပြောပြပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေဦးမည်မှာ သေချာလျက် ရှိပါသည်။ ဟားဘတ်တစ်ယောက် စိတ်ချမ်းသာမည့် အရေးကို တွေးလိုက်မိသောအခါတွင် မူ ကျွန်တော့်စိတ်သည် ဖြေသာသလို ရှိလာပါသည်။

မတ်လအတွင်းသို့ ဝင်ခဲ့ပြီ ဖြစ်၏။ ကျွန်တော်၏ ဘယ်ဘက်လက်မှ ဒဏ်ရာများမှာ ဆိုးဝါးမလာသော်လည်း လုံးဝပျောက်ကင်းခြင်းကား မရှိသေးပါ။ ယခုအချိန်ထိ ကုတ်အင်္ကျီကို မဝတ်နိုင်သေးပါ။ ညာဘက်လက်မှာ မူ သက်သာသွားပြီဖြစ်၍ ကောင်းစွာ အသုံးချနိုင်သည့် အခြေအနေသို့ ရောက်နေပြီ ဖြစ်၏။

တစ်ခုသော တနင်္လာနေ့မနက်တွင် ဟားဘတ်နှင့် ကျွန်တော်တို့ နံနက်စာ

စားနေခိုက် စာတစ်စောင် ရောက်လာသည်။ စာမှာ ဝင်းမစ်ထံမှ ဖြစ်၍ အောက်ပါအတိုင်း ရေးထားပါသည်။

"ဖတ်ပြီးလျှင်ပြီးချင်း ဤစာကို မီးရှို့ပစ်ပါ။ ဤအပတ် ဗုဒ္ဓဟူးနေ့ လောက်တွင် လုပ်ရန်ရည်ရွယ်ထားသော အလုပ်ကို လုပ်ကြည့်စေချင်ပါသည်။ မီးရှို့ပစ်ပါ"

ကျွန်တော်က စာကို ဟားဘတ်အား ဖတ်ခိုင်းပြီး ချက်ချင်းပင် မီးရှို့ပစ်လိုက်ပါသည်။ ထို့နောက် နှစ်ယောက်သား ဘာဆက်လုပ်ရမည်ကို တိုင်ပင်ကြပါသည်။

"ကျွန်တော် ဒီကိစ္စကို ယိမ်းမြစ်ထဲက တစိမ်းတစ်ရံဆံ လှေသမားငှားပြီး သုံးတာထက် ပိုပြီး ကောင်းတဲ့ နည်းလမ်းကို ကျွန်တော် တွေ့နေတယ်။ တခြား မဟုတ်ဘူး။ စတားတော့ကို ခေါ်ပြီးသုံးဖို့ပဲ၊ စတားတော့ဟာ သဘောလည်းကောင်းတယ်။ လှေလှော်လည်း အလွန် ကျွမ်းကျင်တယ်။ စိတ်ရောကိုယ်ပါ ကူညီချင်စိတ်လည်း ရှိတယ်။ ကျွန်တော်တို့ ကိုလည်း အလွန်ခင်တယ်။ သူ့ဆီက အကူအညီယူရရင် အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ထင်တာပဲ"

ကျွန်တော်ကိုယ်တိုင်လည်း စတားတော့ထံမှ အကူအညီတောင်းခံဖို့ တစ်ကြိမ်မက စဉ်းစားခဲ့ဖူးပြီ ဖြစ်၏။

"သူ့ကို အကုန်ဖွင့်ပြောလို့ ဖြစ်ပါ့မလား"

"နည်းနည်းပါးပါးလောက်တော့ ပြောထားမှ ဖြစ်မယ်။ လျှို့ဝှက်ရမယ့် ကိစ္စတစ်ခုလို့ ပြောပြထားကြတာပေါ့။ ခင်ဗျားတို့ ထွက်တဲ့ မနက်ကျ မှ ပရိုးဗစ်ကို အခုလို အကြောင်းကြောင့် နိုင်ငံခြားသင်္ဘောပေါ် တင်ပေးရလိမ့်မယ်ဆိုတာကို အသိပေးကြတာပေါ့။ ခင်ဗျားကကော ပရိုးဗစ်နဲ့ တစ်ခါတည်း လိုက်မယ်လို့ စိတ်ကူးထားသလား"

"လိုက်မှ ဖြစ်မှာပေ့ါ "

"ခင်ဗျားတို့ ဘယ်နိုင်ငံသွားမယ်လို့ ရည်ရွယ်ထားသလဲ"

ဤကိစ္စနှင့် ပတ်သက်၍ ကျွန်တော် အကြိမ်ပေါင်းများစွာ စဉ်းစားခဲ့ဖူးပြီ ဖြစ်၏။ မည်သည့် နိုင်ငံက မည်သည့်မြို့ကို သွားမည်ဟု အတိအကျ ရွေးချယ်ရန် မလိုဟု ထင်ပါသည်။ နေရာဌာနသည် အရေးကြီးသည် မဟုတ်။ နိုင်ငံခြားသို့သွားသော ကြုံရာသင်္ဘောတစ်စီးနှင့် လိုက်သွား နိုင်လျှင် အဆင်ပြေလိမ့်မည်ဟုပင် တွက်ထားသည်။ အရေးကြီးသည့် အချက်မှာ ပရိုးဗစ်အား အင်္ဂလန်နိုင်ငံ၏ အပြင်သို့ ရောက်အောင် ပို့ရန်သာ ဖြစ်၏။ သို့ဖြစ်ရာ ကျွန်တော်တို့ အနေဖြင့် အစစ်အဆေး အမေးအမြန်း မရှိသော နေရာတစ်နေရာမှ လှေနှင့် စောင့်၍ ကြုံရာသင်္ဘောပေါ် တင်ပေးနိုင်လျှင် ကိစ္စပြီးနိုင်၏။ အများအားဖြင့် နိုင်ငံခြားသို့ထွက်သော သင်္ဘောများသည် ဒီရေအတက်တွင် လန်ဒန်မှ ထွက်ခွာတတ်ကြသည် ဖြစ်ရာ ကျွန်တော်တို့ က ဒီရေမတက်မီ ကြို၍ သွားနှင့်ပြီး

သင့်တော်သည့် တစ်နေရာမှ စောင့်ရန်သာ ရှိ၏။ တစ်ခုတော့ ရှိ၏။ သင်္ဘောများ ထွက်မည့် ရက်ကို ကျွန်တော်တို့က ကြို၍ သိထားရန် လိုသည်။ ဤကိစ္စအတွက်လည်း ကျွန်တော်နှင့် ဟားဘတ်တို့ သွားရောက်စုံစမ်းမည်ဟု စိတ်ကူးထားပါသည်။

ကျွန်တော် ကြံစည်စိတ်ကူးထားသမျှကို ပြောပြသည့် အခါ ဟားဘတ်က သဘောတူသည်။ ဤသို့ဖြင့် ကျွန်တော်တို့ နှစ်ယောက်သည် နံနက်စာ စားပြီးလျှင်ပြီးချင်း လိုအပ်သည့် အချက်အလက်များကို စုံစမ်းရန် အပြင်သို့ ထွက်ခဲ့ကြသည် နိုင်ငံခြားထွက်မည့် သင်္ဘော အတော်များများ ရှိသည့် အနက် ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့ သို့သွားသည့် သင်္ဘောသည် ကျွန်တော်တို့ နှင့် အသင့်တော်ဆုံးဖြစ်သည် ကို တွေ့ရ၏။ ထို့ကြောင့် ကျွန်တော်တို့သည် ထိုသင်္ဘောပေါ်၌ အာရုံစိုက်မိကြသည်။ သို့သော်လည်း ကျွန်တော်တို့သည် လန်ဒန်မှ ထွက်မည့် အခြား နိုင်ငံခြားသင်္ဘောများ ကိုလည်း လိုရမည်ရသဘောဖြင့် ထွက်မည့်ရက်၊ သင်္ဘောကုမ္ပဏီအမည်နှင့် သင်္ဘောအရောင်မှ စ၍ အသေးစိတ် မှတ်သာားခဲ့ကြသည်။ ထို့နောက် ကျွန်တော်တို့ နှစ်ယောက် လူချင်းခွဲလိုက်ကြသည်။ ကျွန်တော်က နိုင်ငံကူးလက်မှတ်များ ရရှိရေး ဆောင်ရွက်ရန် ထွက်ခဲ့သည်။ ဟားဘတ်က စတားတော့နှင့် တွေ့ရန် သွားသည်။ ကျွန်တော်တို့ နှစ်ဦးစလုံး လုပ်သမျှ အဆင်ပြေကြပါသည်။ နေ့ခင်း တစ်နာရီထိုး၍ လူချင်း ပြန်ဆုံမိကြသည့် အခါ ကျွန်တော့်တွင် နိုင်ငံကူးလက်မှတ်များ ပါလာခဲ့ပြီဖြစ်၍ ဟားဘတ်မှာ စတားတော့နှင့် တွေ့ဆုံပြီး လိုအပ်သော အချက်များကို အသိပေးခဲ့ပြီးပြီ ဖြစ်၏။ စတားတော့သည် ကျွန်တော်တို့ အား ကူညီရန် အဆင်သင့် ဖြစ်နေခဲ့လေပြီ။

ကျွန်တော်တို့ ထွက်မည့် နေ့တွင် ဟားဘတ်နှင့် စတားတော့တို့ က လှေလှော်ကြရမည်ဖြစ်၍ ကျွန်တော်က ပဲ့ကိုင်တာဝန်ကို ယူရမည် ဖြစ်၏။ ပရိုးဗစ်ကိုမူ ဘာတာဝန်မှ မပေးဘဲ လှေထဲ၌ ငြိမ်ငြိမ်ကလေး ထိုင်နေခိုင်းမည် ဖြစ်သည်။ ကျွန်တော်တို့ လုပ်ငန်းမစမီ အင်္ဂါနေ့တွင် ဟားဘတ်က ပရိုးဗစ်ရှိရာ ဖစ်လ်ပွန်ဘင့်ရပ်ကွက်တွင်းမှ နေအိမ်သို့ ကြိုတင်၍ သွားနေရမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် ကျွန်တော်နှင့် စတားတော့တို့ ရောက်လာသည့် အခါ ပရိုးဗစ်ကိုခေါ်၍ လှေဆိပ်သို့ လာရမည်ဖြစ်သည်။ တနင်္လာနေ့မှ စ၍ ပရိုးဗစ်အား သင်္ဘောပေါ် တင်ပေးမည့် နေ့အထိ ကျွန်တော်တို့သည် ဟားဘတ်နှင့် လုံးဝအဆက်အသွယ်မလုပ်ဘဲ ဖြတ် ထားရမည်ဟု သဘောတူလိုက်ကြပါသည်။

ဤ ကြိုတင်ပြင်ဆင်မှုများ တိုင်ပင်အပြီးတွင် ကျွန်တော်သည် ဟားဘတ်ကို ထားခဲ့ပြီး အခန်းသို့ ပြန်ခဲ့သည်။ အခန်းတံခါးကို ဖွင့်လိုက် သောအခါ စာပုံးထဲ၌ ကျွန်တော့်ထံသို့ လိပ်စာတပ်ထားသော စာတစ် စောင်ကို တွေ့ရသည်။ စာရေးထားပုံမှာ မှန်ကန်၍ သပ်သပ်ရပ်ရပ်ရှိ သော်လည်း စာရွက်မှာ မူ အလွန်ညစ်ပတ်ပေရေလျက် ရှိသည်။ စာထဲတွင် အောက်ပါအတိုင်း

ရေးထားလေသည်။

"အကယ်၍ ယုံကြည်စိတ်ချသည် ဆိုပါက ယနေ့ည သို့မဟုတ် မနက်ဖြန်ည ကိုးနာရီတွင် ခင်ဗျား၏ ရွာ စိမ့်မြေတောများ ဘက်ရှိ သချိုင်း အနီးမှ ရေလွှဲတံခါးစောင့် အိမ်ကလေးဆီသို့ လာခဲ့စေလိုပါသည်။ ခင်ဗျား၏ ဦးလေး ပရိုးဗစ်နှင့် ပတ်သက်၍ သတင်းထူးတစ်ခု ပေးစရာ ရှိနေပါသည်။ ယခုစာအကြောင်းကို မည်သူမှ မပြောပါနှင့်။ လာလျှင် တစ်ယောက်တည်း လာပါ။ ဤစာကိုလည်း ယူခဲ့ပါ"

အလွန်ထူးဆန်းသော ဤစာကြောင့် ကျွန်တော့်စိတ်မှာ များစွာ အနှောင့်အယှက် ဖြစ်ရသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။ စဉ်းစား၍ မရ။ အဆိုးဆုံးကား ဤကိစ္စကို အမြန်ဆုံး ဆုံးဖြတ်ရမည့် အခြေအနေ ဆိုက်နေခြင်းပင် ဖြစ်၏။ အမြန်မဆုံးဖြတ်နိုင်ပါမူ ယနေ့ နေ့ခင်းထွက်မည့်မြင်းရထားကို မီတော့မည် မဟုတ်ပါ။ အခြေအနေကလည်း ထိုမြင်းရထားနှင့် လိုက်မှသာ သွားရမည့် ခရီးကို အချိန်မီ ရောက်ဖို့ ရှိ၏။ မနက်ဖြန်ညကျမှ သွားဖို့ ကျတော့ ဘယ်နည်းနှင့်မှ စဉ်းစား၍ မဖြစ်။ ကျွန်တော်တို့ ထွက်ပြေးရမည့်ရက်နှင့် အလွန်နီးကပ်နေသည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ယခုစာအရ သိရမည့် သတင်းသည် ကျွန်တော်တို့ ထွက်ပြေးမည့် ကိစ္စအတွက် အထောက်အကူဖြစ်စေမည့် သတင်းတစ်ခု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

အကယ်၍ စဉ်းစားဖို့ အချိန် လုံလောက်စွာ ရသည် ဆိုဦးတော့ သွားရမည့် ကိစ္စသည် သွားရမည်သာ ဖြစ်၏။ နာရီ ကြည့်လိုက်မိသည်။ မြင်းရထားထွက်မည့် အချိန်မှာ နာရီဝက်ခန့်သာ လိုတော့၏။ ယနေ့ပင် သွားမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ မသွားသင့်ဟူသော အတွေး ဝင်လာပြန်သည်။ သို့သော်လည်း ပရိုးဗစ်နှင့် ပတ်သက်သော သတင်း ဖြစ်၍ အရေးကြီးရမည်ဟု တွက်မိပြန်သောအခါ သွားမည်ဟူသော ဆုံးဖြတ်ချက်က အလေးသာလာပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ယခုလို အမြန်ချိန်းဆိုသည့် စာမျိုးမှာ ယုံကြည်ဖို့ ခဲယဉ်းလှသည် ဟု ထင်သည်။ စာကို နောက်တစ်ကြိမ် ထပ်ဖတ်ပြန်သည်။ ယခုတစ်ကြိမ် ထပ်၍ ဖတ်မိပြန်တော့လည်း သွားမည်ဟုပင် ဆုံးဖြတ်မိပြန်သည်။ နောက်ဆုံးတွင် ကျွန်တော်သည် မစ္စဟေဗီရှမ်၏ အခြေအနေကို နောက်ဆုံးအကြိမ် ကြည့်ခြင်းအနေဖြင့် ကြည့်လို၍ သွားကြောင်း၊ အမြန်ဆုံး ပြန်လာခဲ့မည်ဖြစ်ကြောင်း စသည်ဖြင့် ဟားဘတ် အတွက် စာတိုလေးတစ်စောင် ကပျာကရာ ရေးထားခဲ့ပြီး ဂရိတ်ကုတ် အင်္ကျီကို ကသောကမျောဆွဲခြုံကာ အခန်းတံခါးကို သော့ခတ်၍ မြင်းရထားဆိပ်သို့ ထွက်ခဲ့ရာ အချိန်မီပင် ဆိုက်ရောက်သွားခဲ့လေသည်။

ကျွန်တော်တို့ မြို့သို့ မြင်းရထားဆိုက်သည့် အခါ မိုးစုပ်စုပ်ချုပ်နေပြီ ဖြစ်၏။ ကျွန်တော်သည် တည်းနေကျဖြစ်သော ဘလူးဘိုးအားဟိုတယ် ၌ တည်းလျှင် အသိမိတ်ဆွေများ နှင့် ဆုံနေမိမည်ကို စိုးရိမ်သဖြင့် မြို့ဆင်ခြေဖုံးဘက်ရှိ

ချောင်ခပ်ကျကျ ထမင်းဆိုင်ကလေးတစ်ဆိုင်၌ တည်းသည်။ ကျွန်တော့်အတွက် ညစာကို ဤဆိုင်မှာပင် စားမည်ဟု ဆိုင်ရှင်အား မှာထားခဲ့ပြီးသော် ဆားတစ်ဂေဟာသို့ သွားကာ မစ္စပေဟဗီရှမ်၏ အခြေအနေကို စုံစမ်းလိုပါသည်။ မစ္စပေဟဗီရှမ်မှာ ယခင်ကနှင့် စာလျှင် သက်သာ လာပြီဟု ဆိုနိုင်သော်လည်း လုံးဝပျောက်ကင်းခြင်းကား မရှိသေးဟု သိခဲ့ရ၏။

ထမင်းဆိုင်၌ ညစာစားသည့် အခါ ဆိုင်ရှင်အဘိုးကြီးကိုယ်တိုင် ပြင်ဆင်ကျွေးမွေးသည်။ ဆိုင်ရှင်အဘိုးကြီးမှာ ထိပ်ပြောင်ပြောင်နှင့် ဖြစ်၍ သဘောကောင်းပုံလည်း ရသဖြင့် စကားလက်ဆုံကျမိပါသည်။ ကျွန်တော့်ကို မည်သူမည်ဝါမှန်း မသိသော အဘိုးကြီးသည် ဤမြို့မှ ထူးထူး ဆန်းဆန်း ချမ်းသာကြွယ်ဝသွားသော လူငယ်လေး တစ်ယောက်အကြောင်း ကို ပြောပြခြင်းအားဖြင့် ကျွန်တော့်အား ဧည့်ခံလျက်ရှိလေသည်။ သူ့အနေဖြင့် ကျွန်တော့်အကြောင်း ပြောနေမိသည် ကို တစိုးတစိမျှပင် ရိပ်မိပုံ မရချေ။ အထူးသဖြင့် သူသည် ပန်ဘဲလ်ချူအမည်ရှိ ပုဂ္ဂိုလ်ကြီး၏ စောင်မမှုကြောင့် လူငယ်ကလေး ချမ်းသာသွားပုံကို တခမ်းတနား ချဲ့ထွင်၍ ပြောပြလျက် ရှိလေသည်။

"ခင်ဗျား အဲဒီလူငယ်ကလေးကို သိသလား" ဟု ကျွန်တော်က မေးပါသည်။

"ဟာ… ဘယ်နဲ့ ပြောပါလိမ့် သူ ငယ်ငယ်ကလေးကတည်းက သိလာတာပဲ" ဟု ဆိုင်ရှင်အဘိုးကြီးက ပြန်ပြောပါသည်။

"သူ ဒီအရပ်ကို အလည်ပြန်မလာဘူးလား"

"လာပါတယ်။ သူ့အပေါင်းအသင်းတွေဆီကို မကြာမကြာ လာလည်တယ်။ အထူးသဖြင့် သူ့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေး လိုက်တဲ့ ကျေးဇူးရှင်ဆီကို လာလည်လေ့ ရှိတယ်"

"အဲဒီလူက ဘယ်သူလဲ"

"မစ္စတာပန်ဘဲလ်ချူလို့ ခေါ်တယ်"

"အဲဒီလူငယ်ကလေးကို ကြွယ်ဝချမ်းသာသွားအောင် လုပ်ပေးခဲ့တဲ့ လူဟာ သူပဲလို့ မစ္စတာပန်ဘဲလ်ချူက ပြောသလား"

"ဒါပေါ့ သူကပြောတာပဲ"

ကျွန်တော့်အပေါ်၌ အမှန်တကယ် ကျွေးမွေးစောင့်ရှောက်ခဲ့သူက ဂျိုးဖြစ်ပါ၏။ သို့သော်လည်း စိတ်သဘောထား ရိုးသားဖြူစင်လွန်းလှသည့် ဂျိုးသည် ဤအကြောင်းကို လူသိသူသိဖြစ်အောင် ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့ချေ။ ကျွန်တော့်အား တတ်အားသရွေ့ ကူညီစောင့်ရှောက်ခဲ့သော ဘစ်ဒီကလည်း ကျွန်တော်နှင့် ပတ်သက်၍ ဘာတစ်ခွန်းမှ ပြောထားသည့် လက္ခဏာ မရှိပေ။

"ကြည့်ရတာ စားလို့ မကောင်းဘူး ထင်တယ်။ လက်က အနာကြောင့်လား" အဘိုးကြီးက ပတ်တီးစည်းထားသော လက်တစ်ဖက်ကို လှမ်းကြည့်ပြီး ပြောသည်။ "ဖြည်းဖြည်းစားပေါ့"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ထမင်းမစားနိုင်တော့ဘူး၊

သိမ်းလိုက်ပါတော့" ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

ကျွန်တော် ဂျိုး၏ အကြောင်းကို တွေးမိပြန်သည်။ တကယ်တော့ ကျွန်တော်သည် ဂျိုး၏ ကျေးဇူးနှင့် ကင်းခဲ့သူ မဟုတ်။ သို့ပါလျက်နှင့် ကျွန်တော်သည် ဂျိုး၏ အပေါ်၌ ကျေးဇူးကန်းခဲ့သည်။ ကိုယ်ပြုခဲ့မိသော အမှားအတွက် အခုမှပင် စိတ်ထိခိုက်ခြင်း ဖြစ်ရပါ၏။ ပန်ဘဲလ်ချူသည် ကျေးဇူးမပြုခဲ့ဖူးပါလျက်နှင့် ကျေးဇူးပြုခဲ့လေဟန် ဆောင်ခဲ့သည်။ သူသည် လူလိမ်လူညာတစ်ဦး ဖြစ်၏။ ဂျိုး ရိုးရိုးသားသား ဖြောင့်မတ်သလောက် သူက ကောက်ကျစ်စဉ်းလဲ၏။ ဂျိုး စိတ်နေစိတ်ထား မြင့်မြတ် သလောက် သူ၏ စိတ်နေစိတ်ထားသည် ယုတ်မာလွန်းလှ၏။

ကျွန်တော်သည် တစ်နာရီကျော်ကျော်ခန့် မီးဖိုရှေ့၌ ထိုင်ကာ အတွေးရေယာဉ်ကြောတွင် နစ်မျောလျက် ရှိသည်။ နာရီထိုးသံကြောင့် ဖျတ်ခနဲ သတိပြန်ဝင်လာသည်။ ကုတ်အင်္ကျီကို ဆွဲယူပြီး ပခုံးနှစ်ဖက် ပေါ်မှ အုပ်၍ တင်လိုက်ကာ အပြင်သို့ ထွက်လာခဲ့သည်။ စာကို သတိရသဖြင့် အိတ်ထဲနှိုက်ကြည့်မိသည်။ စာမရှိတော့ပါ။ မြင်းရထားပေါ်၌ ကျကျန်ခဲ့လိမ့်မည်ဟု တွေးမိသည်။ မည်သို့ပင်ဖြစ်စေ ချိန်းထားသည့် နေရာကို ကျွန်တော် ကောင်းကောင်း သိနေသည်။ သူချိန်းလိုက်သည့် နေရာသည် စိမ့်မြေတောများ ဘက်မှ သင်္ချိုင်းကုန်းအနီးရှိ ရေလွှဲတံခါး စောင့်အိမ်။ ချိန်းလိုက်သောအချိန်က ကိုးနာရီတိတိ၊ အချိန်နီးနေပြီဖြစ်၍ ကျွန်တော်သည် စိမ့်မြေတောများ ဘက်သို့ ဦးတည်ပြီး ခပ်သုတ်သုတ်ပင် လျှောက်လာခဲ့လေသည်။

*****

အလွန်မှောင်သော ညတစ်ည ဖြစ်၏။ သို့သော်လည်း ခြံမြေများကို ကျော်ဖြတ်ပြီး စိမ့်မြေတောများ ပေါ်သို့ ခြေချမိသည့် အခါ အရှေ့ဘက် ကောင်းကင်မှ လထွက်လာသည် ကို မြင်ရသည်။ နီရဲရဲလရောင်သည် အမှောင်ထုကို ထိုးဖောက်စ ပြုလေပြီ။ နောက် မိနစ်အနည်းငယ်မျှကြာ လျှင် ပတ်ဝန်းကျင်ရှိ ကွင်းပြင်များ ပေါ်သို့ ထိန်ထိန်သာသော လရောင်ဖြင့် ဖြန့်မိုးခြင်း ပြုပေတော့မည်။

လေတိုက်နေပုံမှာ ပြင်းထန်လွန်းလှသဖြင့် စိတ်ညစ်စရာ ကောင်းလှပေသည်။ ရွှံ့ညွန်များ ပေါ် လျှောက်ရသည် မှာလည်း စိတ်ပျက်စရာ ကောင်းလှ၏။ ရပ်ဝေးမှ လူစိမ်းတစ်ယောက်သာဆိုလျှင် ဤရွှံ့ညွန်များ ပေါ်၌ လျှောက်နိုင်မည် မဟုတ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် တစ်ချက် တစ်ချက် နားနေရသေး၏။ ပြန်သွားရလျှင် ကောင်းလေမလားဟူသော အတွေးပင် မကြာခဏ ဝင်လာတတ်သည် သို့သော်လည်း ဤလမ်းများသည် မည်မျှပင် မှောင်မှောင် ကျွန်တော်လျှောက်နေကျလမ်း ဖြစ်သဖြင့် နောက်ရင်းသို့ ပြန်စရာ အကြောင်းမရှိ။

ကျွန်တော် ဦးတည်၍ သွားနေသော လမ်းမှာ ကျွန်တော့်အိမ်ဘက်သို့ သွားရာလမ်း မဟုတ်။ ယယ်စဉ်က ထောင်ပြေးနှစ်ယောက်ကို လိုက်ဖမ်းသည့် လမ်းလည်း မဟုတ်။ ကျွန်တော်သည် ထိုလမ်းများကို ကျောပေး၍ ထုံးဖိုကြီးနှင့် အမြောက်ကြီး တည်ရှိရာဘက်သို့ ဦးတည်၍ သွားနေခြင်းဖြစ်လေသည်။

ကျွန်တော်သည် လမ်းမှားမည်ကို စိုး၍ မကြာခဏ ရပ်ကာ ပတ်ဝန်း ကျင်ကို မျှော်မှန်းကြည့်ရပါသေးသည်။ မြစ်ကမ်းပါးတစ်လျှောက်ရှိ ကျွဲ နွားများ ကျက်စားရာ မြေအပြင်နှင့် မြက်ပင်များ၊ ကျူပင်များကိုပင် လှမ်းမြင်နေရပါသည်။ ထုံးဖိုကြီးနား ရောက်ဖို့ အတွက် နောက်ထပ် နာရီဝက်ခန့် လျှောက်ရပြန်သည်။ တဖြည်းဖြည်းနှင့် မီးလောင်နေသော ထုံးနံ့များသည် ကျွန်တော့်နှာခေါင်းဝသို့ တိုးဝှေ့ဝင်ရောက်လာသည်။ အလုပ်သမားဟူ၍ တစ်ယောက်တလေမှပင် မမြင်ရပေ။ နေ့ခင်း အလုပ်လုပ် နေကြစဉ်ကတည်းက ဖိုထားခဲ့သော မီးဖိုကြီးကိုမူ မငြိမ်းသတ်ဘဲ သူ့အတိုင်း ထားခဲ့ကြဟန် တူ၏။ မီးဖိုထဲမှ တငွေ့ငွေ့ တောက်လောင်ဆဲဖြစသော မီးတောက်မီးငွေ့များကို မြင်နေရသည်။ ထုံးဖိုကြီးအနီးတွင် တူးလက်စ ကျောက်ကျင်းတစ်ကျင်းကို တွေ့ရ၏။ ကျောက်ကျင်းမှာ အသေးစားကျောက်ကျင်းတစ်ခုမျှသာ ဖြစ်၍ အနီးအနားတစ်ဝိုက်တွင် ပေါက်တူးပေါက်ချွန်းများ နှင့် လက်တွန်းလှည်းများသည် ဟိုတစ်စုသည် တစ်စု ပြန့်ကျဲနေကြသည်။ ထိုကျောက်ကျင်းကို ကျော်ဖြတ်မိသောအခါ အတွင်းမှ မီးရောင်တလက်လက် ထွက်နေသော ရေလွှဲတံခါးစောင့်တဲ ကို မြင်ရသည်။ ကျွန်တော်သည် တဲဆီသို့ ခပ်သုတ်သုတ်လျှောက်ခဲ့ပြီး တံခါးကို လက်နှင့် ခေါက်လိုက်မိ၏။ အထဲမှ ထူးသံကို နားစွင့်နေသော ကျွန်တော်သည် ဘေးပတ်ပတ်လည်ကို မျက်စိကစားမိသည်။ ရေလွှဲတံခါးကို မပြုပြင်ဘဲ ပစ်ထားခဲ့သည်မှာ ကြာပြီထင်၏။ အတော်ကြီး

ယိုယွင်းပျက်စီးနေလေပြီ။ အုတ်ကြွပ်မိုး သစ်သားအိမ်ကလေးမှာလည်း ရေလှဲ့တံခါးနှင့် ထူးမခြားနား ဖြစ်သည်။ ရာသီဥတုဒဏ်ကိုလည်း ခံနိုင်ရည်ရှိပုံ မရ။ ချည့်နဲ့ ယိမ်းယိုင်နေလေပြီ။ အတွင်းမှ ဘာသံမှ မကြားရ၍ ကျွန်တော် တံခါးကို ထပ်ခေါက်ပြန်သည်။ ငြိမ်ဆိတ်လျက်ပင် ရှိသည်။

ကျွန်တော်သည် တံခါးကန့်လန့်ကို ဆွဲဖြုတ်လိုက်မိ၏။

တံခါးကန့်လန့်သည် လက်ထဲသို့ အလိုက်သင့်ပါ လာပြီး တံခါးပွင့်သွားသည်။ အတွင်းသို့ ချောင်းကြည့်လိုက်သည်။ စားပွဲတစ် လုံးပေါ်၌ ထွန်းထားသော ဖယောင်းတိုင်တစ်တိုင်၊ ခုံရှည်တစ်လုံးနှင့် မွေ့ရာတစ်ခု ခင်းထားသည့် သစ်သားခုတင် ခပ်နိမ့်နိမ့်တစ်လုံးကို တွေ့ရသည်။ အထပ်ခိုးကလေးတစ်ခုကိုလည်း မြင်ရ၏။ "လူရှိလား" ဟု ကျွန်တော်က အသံပေးသည်။ ဖြေသံမကြားရ။ နာရီကို ကြည့်လိုက်မိ၏။ ကိုးနာရီခွဲသွားပြီ။ "လူရှိသလား" ဟု ကျွန်တော်က နောက်တစ်ကြိမ် အော်မေးသည်။ အတွင်းမှ ဘာသံမှ မကြား။ ကျွန်တော်သည် တံခါးဝအထိ ပြန်ထွက်ကာ အပြင်သို့ မျှော်ကြည့်နေမိသည်။ ဘာဆက်လုပ်ရပါမည်နည်း။ မဆုံးဖြတ်နိုင်ဘဲ ဖြစ်လျက် ရှိလေသည်။

မိုးတဖွဲဖွဲကျ လာလေပြီ။ ကျွန်တော်သည် အိမ်ထဲသို့ ပြန်ဝင်ပြီး တံခါးနှင့် မနီးမဝေး၌ ရပ်ကာ အပြင်ဘက်အမှောင်ထုအတွင်းသို့ လှမ်းမျှော်ကြည့်နေမိ၏။ ဖယောင်းတိုင်ထွန်းထားသည် ကို ထောက်ခြင်းအားဖြင့် ဤအိမ်အတွင်းသို့ မကြာသေးမီက လူတစ်ယောက် ဝင်ရောက်ခဲ့သည်မှာ ထင်ရှားနေ၏။ ထိုလူသည် အကြောင်းတစ်ခုခုဖြင့် အပြင်သို့ ပြန်ထွက်သွားဟန် တူ၏။ မကြာမီ ပြန်ရောက်လာလိမ့်မည်ဟု ယူဆရ၏။ ထိုလူ ထွက်သွားသည်မှာ မည်မျှလောက် ကြာပြီနည်း။ ဤအချက်မှာ ဖယောင်းတိုင်မီးစာ အတိုအရှည်ကို ကြည့်၍ ခန့်မှန်းနိုင်သည် ဟု တွက်မိသဖြင့် စားပွဲဆီသို့သွားကာ ဖယောင်းတိုင်ကို ယူလိုက်သည်။ ထိုတစ်ခဏမှာပင် တစ်စုံတစ်ခု ရိုက်ခတ်လိုက်သော အရှိန်ဖြင့် ဖယောင်းတိုင်မီးသည် ငြိမ်းသွားသည်။ ကျွန်တော့် တစ်ကိုယ်လုံး မှာလည်း နောက်မှ ပစ်၍ စွပ်လိုက်သော ကြိုးကွင်းတစ်ခုတွင် မိလျက် ရှိ၏။

"ကဲ... အခုတော့ မိပြီမဟုတ်လား။ မင်း ဘာတတ်နိုင်သေးလဲ" ဟူသော ရေရွတ်သံကိုလည်း ကြားလိုက်ရလေသည်။

"ဒါ ဘာလုပ်တာလဲ" ဟု ကျွန်တော်က အလန့်တကြား ရုန်းကန်ရင်း အော်လိုက်မိသည်။ "ဘယ်သူလဲ၊ ကယ်ကြပါဗျို့ ကယ်ကြပါဦး"

ကျွန်တော့်လက်နှစ်ဖက်မှာ ကိုယ်တွင် ပူးကပ်ပြီး ကြိုးဖြင့် တင်းကျပ်စွာ တုပ်နှောင်ခြင်း ခံထားရသည့်နှယ် ဖြစ်လျက် ရှိ၏။ ဒဏ်ရာမကျက် သေးသော ဘယ်ဘက်လက်မောင်းသည် အဆမတန် ပြင်းထန်သည့် နာကျင်မှုကို ခံစားနေရသည်။ သို့သော်လည်း ကျွန်တော်သည် အပြင်းအထန် ရုန်းကန်ဆဲပင် ဖြစ်၏။ တစ်ခါတစ်ရံတွင် အလွန်သန်မာပုံရသော လူတစ်ယောက်၏ ကိုယ်လုံးသည်

ကျွန်တော့်ရင်ဘတ်ကို လာဖိသည်၊ လက်တစ်ဖက်ကလည်း အလန့်တကြား အော်ဟစ်နေသော ကျွန်တော့်ပါးစပ်ကို ပိတ်ရန် အားထုတ်သည်။ ရုန်းကန်နေသည့်ကြားမှပင် ကျွန်တော့်ကိုယ်လုံးကို အားနှင့် ဖိ၍တွန်းကာ တိုင်တစ်တိုင်တွင် ကြိုးနှင့် တုပ်သည်။ "ကဲ... အော်ရဲရင် ထပ်အော်စမ်း။ တစ်ခါတည်း အသက်ထွက်သွားအောင် လုပ်ပစ်လိုက်မယ်" ဟူသော ကြိမ်းဝါးသံကိုလည်ႈး ကြားရလေသည်။

ဒဏ်ရာမကျက်သေးသည့် ဘယ်ဘက်လက်မောင်းတစ်ခုလုံး နာကျင်လိုက်ပုံမှာ ပြောမပြတတ်အောင် ရှိပါသည်။ နာလွန်း၍ သတိလစ်လု မတတ်ဖြစ်သွားသည်။ မမျှော်လင့်ဘဲ ကြုံလိုက်ရခြင်းဖြစ်၍ အံ့သြထိတ်လန့်ခြင်းလည်း ဖြစ်နေပါသည်။ ဤကြားထဲမှပင် ကြားလိုက်ရသော ကြုံးဝါးသံသည် တကယ်လုပ်မည့် သဘောဆောင်နေသည် ကို သတိပြုလိုက်မိပါသေးသည်။ ကျွန်တော်သည် ဘယ်ဘက်လက်မောင်း မှ ခံစားနေရသည့် ဝေဒနာ သက်သာရာရစေရန် အသာအယာ ရုန်းကန်ကြည့်သည်။ သို့သော်လည်း ရုန်းလေးတင်လေး ဖြစ်သဖြင့် လက်မောင်းတစ်လျှောက်လုံး မီးနှင့် အရှို့ခံနေရသည့်နှယ် ပူလျက် ရှိ၏။

ကြိုးနှင့် တုပ်ပြီးသောအခါ ထိုလူသည် ကျွန်တော့်အနီးမှ ခွာသွားသည်။ အိမ်ထဲတွင် တိုး၍ မှောင်မိုက်လာသည် ကို ထောက်ခြင်းအားဖြင့် ထိုလူသည် ပြတင်းပေါက် တရုတ်ကတ်များကို ပိတ်လိုက်သောကြောင့် ဟု သိသာ၏။ နောက်တစ်ခဏမျှ အကြာတွင် မီးခတ်ကျောက်ခတ်သံ ကို ကြားရသည်။ မီးခတ်လိုက်တိုင်း ဖြာခနဲ ဖြာခနဲ ထွက်နေသော မီးရောင်ဖြင့် ထိုလူ၏ မျက်နှာကို ကြည့်နိုင်အောင် ကြိုးစားပါသည်။ သို့သော်လည်း သဲသဲကွဲကွဲ မမြင်ရ။ သူ့နှုတ်ခမ်းများ နှင့် လှုပ်ရှားနေသော လက်များကိုတော့ မြင်ရသည်။ သူ၏ ပြင်းထန်သော အသက်ရှူသံများ ကိုလည်း ကြားနေရ၏။

မီးခတ်ကျောက်တွင် အစိုဓာတ်ရှိနေဟန် တူသည်။ တော်တော်နှင့် ခတ်၍ မီးမစွဲ၊ ထိုလူသည် အေးအေးဆေးဆေးပင် ဆက်၍ ခတ်နေသည်။ ထို့နောက် မီးစွဲလာသည်။ ခုံတန်းလျားပေါ်ထိုင်၍ စားပွဲပေါ်ရှိ ဖယောင်ႈတိုင်ကို ငုံ့ကြည့်နေသော မျက်နှာကို မြင်ရသည်။ သို့သော်လည်း ဘယ်သူဘယ်ဝါးမှန်း မသဲကွဲ။ ထို့နောက် တစ်ဖန် မီးရောင်သည် ဖြာခနဲ လင်းလာသည်။ မြင်လိုက်ရသည့် မျက်နှာမှာ အောလစ်။

ကျွန်တော် မည်သူ့ကို တွေ့ရန် လာခဲ့သနည်း။ ကျွန်တော့်ထံ ရောက်လာသည့် စာထဲတွင် နာမည်မပါ။ မည်သူနှင့် တွေ့ရမည်ကို ကျွန်တော် တိတိကျကျ မသိ။ ယခု ကျွန်တော်နှင့် တွေ့နေသူမှာ အောလစ်။ ကျွန်တော့်ဘေးအန္တရာယ်သည် မသေးလှဟု စိတ်က သိနေသည်။

အောလစ်သည် ဖယောင်းတိုင်ကို စားပွဲပေါ်၌ စိုက်လိုက်ပြီး သူ့လက်နှစ်ဖက်ကို စားပွဲပေါ်တင်ကာ ကျွန်တော့်အား ကြည့်နေသည်။ ကျွန်တော့်အား ကြိုးနှင့် တုပ်ထားသည့် နေရာမှာ အထပ်ခိုးပေါ်တက်သည့်

လှေကားတိုင်တစ်တိုင်တွင် ဖြစ်သည် ကို တွေ့ရ၏။

ကျွန်တော်နှင့် အောလစ်သည် တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေကြသည်။ အတန်ကြာမှ အောလစ်က "ကဲ အခု မင်း ငါ့လက်ထဲ ရောက်ပြီ။ ဘာတတ်နိုင်သေးလဲ" ဟု ပြောသည်။

"ကျုပ်ကို ကြိုးဖြေပေး။ အခုချက်ချင်း လွှတ်ပါ"

"စိတ်ချ... စိတ်ချ ငါ မင့်ကို လွှတ်ပေးမယ်။ ငါ မင့်ကို လကမ္ဘာဆီ ပို့ပေးရမလား၊ ကြယ်တွေဆီ သွားချင်သလား ရတယ်။ အချိန်မီရောက် အောင် လွှတ်ပေးမယ်"

"ခင်ဗျား ကျုပ်ကို ဘာပြုလို့ လိမ်ခေါ်ရတာလဲ"

"ဘာ့ကြောင့် ခေါ်တယ်ဆိုတာ မင်း မသိဘူးလား" ဟု အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသည့် မျက်နှာထားဖြင့် ကြည့်၍ မေးသည်။

"ခင်ဗျား ကျုပ်ကို မှောင်ထဲမှာ ပိတ်ဖမ်းထားတာ ဘာသဘောလဲ"

"လုပ်စရာရှိလို့ ပေါ့ကွ၊ လျှို့ဝှက်တဲ့ ကိစ္စတစ်ခုဟာ နှစ်ယောက်ပေါင်းလုပ်တာထက် တစ်ယောက်တည်း လုပ်ထားက လုံခြုံတယ်။ စိတ်ချရတယ် သိလား။ ဒါ့ကြောင့် တစ်ယောက်တည်း လုပ်တာ။ မင်းဟာ ငါ့ရန်သူ၊ ဒါ့ကြောင့် အခုလို ဖမ်းတာ နားလည်လား"

အောလစ်သည် ကြိုးနှင့် တုပ်ခံထားရသော ကျွန်တော့်ကို အကျအန ထိုင်၍ ကြည့်နေရသည်မှာ အရသာ အတော်ရှိပုံ ရ၏။ ကျွန်တော်က သူ့ ကို ကြည့်နေခိုက်မှာပင် သူသည် သူ့ဘေးရှိ ထောင့်တစ်ထောင့်တွင်းသို့ လက်နှင့် နှိုက်လိုက်ပြီး သေနတ်တစ်လက် ဆွဲထုတ်လိုက်သည်။

"မင်း ဒီသေနတ်ကို သိလား" ဟု လှမ်းမေးသည်။ "မင်း အလျှင်ကဘယ်နေရာမှာ မြင်ဖူးခဲ့သလဲ ပြောစမ်း ဝံပုလွေကောင်"

"သိတယ်"

"အဲဒီနေရာက ငါ့ကို ထွက်သွားရအောင် မင်း လုပ်ခဲ့တာကော မှတ်မိ သေးရဲ့လား ပြောစမ်း"

"ဒါကတော့ ကျုပ် ဘာတတ်နိုင်မှာလဲ'

"လိမ်မနေနဲ့ မင်းလုပ်ခဲ့တာကွ၊ တခြားအချက်တွေတောင် ရှာနေဖို့ မ လိုဘူး။ ဒီတစ်ချက်တည်းနဲ့ မင့်ကို သတ်ပစ်ဖို့ ကောင်းတာ။ ပြီးတော့ ငါကြိုက်နေတဲ့ ဟိုကောင်မလေးနဲ့ ငါ့ကြားမှာ မင်း ဝင်ရှုပ်ခဲ့တာကော သတိရသေးရဲ့လား"

"ဘယ်တုန်းက လုပ်လို့လဲ"

"အံမယ် ဘယ်တုန်းကလဲတဲ့။ မင်းက ကောင်မလေး ငါ့ကိုမုန်းအောင် ငါ့မကောင်းကြောင်းချည်း သွားပြောနေတာပဲ။ ငါ့ကို နာမည်ပျက် အောင် အမြဲဖျက်တယ်"

"ခင်ဗျားနာမည်ပျက်တာက ကိုယ့်ဘာသာကိုယ် လုပ်လို့ ပျက်တာပဲ။ ကျုပ်နဲ့ ဘာဆိုင်လဲ၊ ခင်ဗျားကသာ ခင်ဗျားဘာသာခင်ဗျား နာမည်ပျက်အောင်

မနေဘူးဆိုရင် ကျုပ်က ပျက်အောင်ဖျက်လို့ ရမတဲ့လား"

"မင်းဟာ လူလိမ်တစ်ယောက်ပဲ၊ မင်းက ငါ့ကို ဒီနယ်ထဲက လွင့်သွားအောင် ငွေကြေးတောင် အကုန်ခံပြီး လုပ်လိုက်သေးတယ် မဟုတ်လားကွ" ဟု ဆိုကာ ကျွန်တော်နှင့် ဘစ်ဒီတို့ နောက်ဆုံးအကြိမ် တွေ့ဆုံခဲ့ကြစဉ်က ဘစ်ဒီအား ကျွန်တော်က ပြောခဲ့သည့် စကားများကို တစ် လုံးမကျန် ပြောပြသည်။

“ခင်ဗျား ကျုပ်ကို ဘာလုပ်မှာလဲ"

"ငါ မင့်ကိုသတ်မလို့" အောလစ်က စားပွဲကို လက်သီးနှင့် တအား ကုန်ထုလိုက်ပြီး ပြောသည်။ သူသည် ထိုင်နေရာမှ ထလာပြီး ကျွန်တော့်မျက်နှာကို အံကြိတ်၍ ကြည့်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကို အစိမ်းလိုက် ဝါးစားပစ်ချင်သည့် ပုံမျိုး ဖြစ်သည်။ ထို့နောက် စားပွဲ အနီးရှိ ခုံတန်းပေါ်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် ထိုင်ချလိုက်ပြန်သည်။

"အောလစ်ဆိုတဲ့ ကောင်ကို ငယ်ငယ်ကလေးတည်းက ဒုက္ခပေးခဲ့တဲ့ ကောင်ဟာ မင်းပဲ၊ မင်းဟာ အောလစ်သွားနေတဲ့ လမ်းပေါ်မှာ ဆူးငြောင့်ခလုတ်တစ်ခုပဲ၊ ကနေ့ည မင့်ကို အောလစ်ရဲ့ လမ်းပေါ်က အပြီးအပိုင် ဖယ်ရှားပစ်ရမယ်။ မင့်ကို အရှင်မထားတော့ဘူး။ မင့်ကို သတ်မယ်၊ မင်း သေရမယ်"

ကျွန်တော်သည် သေတွင်းနှုတ် ခမ်းပေါ်၌ ရောက်နေပြီဟု စိတ်ထဲက သိလာသည်။ ကျွန်တော်သည် လွတ်ရာလွတ်ကြောင်းများ ရှိလေမလား ဟူသော စိတ်ကူးဖြင့် ဘေးပတ်ပတ်လည်ကို ကျီးကန်းတောင်းမှောက် ကြည့်မိပါသည်။ လွတ်စရာလမ်း မမြင်ပါ။

"ငါ မင်းကို သတ်ရင် အရိုးအသားတောင်မှ ရှာမတွေ့အောင် သတ်မှာကွ၊ သိလား၊ မင့်ကို ဟောဒီမြေကြီးပေါ်မှာ မထားခဲ့ဘူး။ ထုံးကန်ထဲ ကန်ချလိုက်မှာ၊ ဒီတော့ ဘယ်သူကမှ ငါ့ကို သင်္ကာမကင်း မဖြစ်တော့ဘူး။ ဘယ်သူကမှ မင့်ကို ရှာမတွေ့တော့ဘူး"

ထုံးကန်ထဲကျ၍ သေရမည့် ရေးကို တွေးမိပြီး ကျောထဲ၌ စိမ့်ခနဲ ဖြစ်သွားမိသည်။ အကယ်၍ သေသွားခဲ့ပါမူ မည်သူမှ သိလိမ့်မည်မဟုတ်။ အက်စတယ်လာ၏ ဖခင်ကတော့ ကျွန်တော် သူ့ကို စွန့်ပြေးပြီဟု ထင်ပေလိမ့်မည်။ သူသေသုံးချိန်အထိ ကျွန်တော့်ကို အပြစ်တင်ရင်း သေလိမ့်မည် ထင်၏။ သူငယ်ချင်း ဟားဘတ်ကလျှင်ပင် ကျွန်တော် ရေးထားခဲ့သည့် စာပေါ်၌ ယုံကြည်မှု ရှိတော့မည် မဟုတ်။ အမည်မသိသူထံမှ ရသောစာကို သူဖတ်ပြီး သဘောပေါက်သွားစေရန် ကျွန်တော် ထားပစ်ခဲ့ရာ (မစ္စဟေဗီရှမ်၏ ခြံဝင်းတံခါးမှ အထွက်တွင် ထိုစာကို အိတ်ထဲ၌ မတွေ့သဖြင့် မြင်းရထားပေါ် ကျခဲ့သည် ဟု ထင်ခဲ့မိသည်။ အမှန်မှာ ဟားဘတ် သိရှိရန် ထားပစ်ခဲ့ခြင်းသာ ဖြစ်၏။) ထိုစာကိုလည်း ယုံကြည်မှုရှိတော့မည် မထင်။ ကျွန်တော် ပြုခဲ့မိသော အမှားများ အတွက် မည်မျှလောက်အထိ နောင်တရနေသည်၊ ပူဆွေးသောက ရောက်နေသည် စသည် များကိုလည်း ဂျိုးနှင့် ဘစ်ဒီတို့ သိနိုင်ခွင့် ရကြတော့မည် မဟုတ်။

နီးကပ်နေပြီဖြစ်သော သေခြင်းတရားသည် ကြောက်မက်ဖွယ် ကောင်းလှပေသည် တစ်ဆင့်စကားဖြင့် ကျွန်တော့်အကြောင်း သိနေကြသော အက်စတယ်လာ၏ သားသမီးများကလည်း ကျွန်တော့် အား ပြစ်တင်ရှုတ်ချကြလိမ့်မည်ဟု တောင်စဉ်ရေမရ တွေးနေမိပါသည်။

"ကဲ.. ဟေ့ကောင် ဝံပုလွေ၊ မင့်ကိုမသတ်ခင် မင့်မျက်နှာကို အရသာ ခံပြီး ကြည့်လိုက်ဦးမယ်" ဟု အောလစ်က ဆိုသည်။

အော်ဟစ်ပြီး အကူအညီတောင်းဖို့ စဉ်းစားမိပါသေးသည်။ သို့သော်လည်း ဤနေရာသည် အလွန်လူခေါင်သော နေရာ ဖြစ်၏။ အနီးအနားတွင် တစ်စုံတစ်ယောက်မျှ ရှိလေမည်မဟုတ်။ မသေမီ သူ့ကို တတ်အား သရွေ့ ခုခံတိုက်ခိုက်ပြီးမှ သေရလျှင် မည်မျှကောင်းပါမည်နည်း။ နောက်ဆုံးတစ်နေ့ သေရသည့်တိုင် အောလစ်ကိုပင် ကျွန်တော်နှင့် တစ်ပါတည်း ခေါ်သွားနိုင်ခဲ့လျှင် မည်မျှ ကောင်းပါမည်နည်း။

အောလစ်သည် သူ့လည်ပင်း၌ ဆွဲထားသည့် ပုလင်းတစ်လုံးထဲမှ အရက်ကို တမော့တည်း မော့လျက်ရှိ၏။ သူ့မျက်လုံးများမှာ အရက်သောက်ထားသည့် အရှိန်ဖြင့် နီရဲလျက် ရှိ၏။ သူ့ပုလင်းထဲမှ ချက်အရက်နံ့သည် တထောင်းထောင်းထလျက် ရှိလေသည်။

"ဟေ့ကောင် ဝံပုလွေ၊ အောလစ်က မင့်ကို စကားတစ်ခွန်း ပြောစရာ ရှိနေတယ်။ သိလား အာကြမ်းလျှာကြမ်းနဲ့ နှုတ်သီးကောင်းလွန်းလှတဲ့ မင့်အစ်မကို သတ်တာ ဘယ်သူလဲ မင်း သိလား"

"ခင်ဗျားပဲ ဖြစ်မှာပေါ့ လူယုတ်မာရဲ့ "

"ငါပြောလိုက်မယ်ဟေ့ သိလား၊ မင့်အစ်မကိုသတ်တာ မင်းကွ၊ မင်းကြောင့် ငါက သူ့ကို သတ်တာ"

သူသည် သေနတ်ကို ကိုင်၍ မြှောက်ချီချီလုပ်ရင်းက ပြောသည်။

"မင့်အစ်မကို ငါ နောက်ကနေပြီး ရိုက်သတ်လိုက်တာ၊ အခုည မင့် ကို ငါ ဖမ်းသလိုပဲ။ သူ့ကို တိတ်တိတ်ကလေး တွယ်လိုက်တာ၊ တကယ်လို့ ထုံးကန်သာ ရှိလို့ကတော့ မင့်အစ်မ ဘယ်အသက်ရှင်မလဲ။ တစ်ခါတည်း ကိစ္စတုံး လုပ်မှာ။ အခုတော့ ချက်ချင်းမသေဘဲ ရှင်နေလိုက်သေးတယ်။ ဒါပေမဲ့ဟေ့ ငါဟာ ဟိုတုန်းက အောလစ် မဟုတ်တော့ဘူးကွ၊ ပါးသွားပြီ၊ ဒီတစ်ခါလုပ်ရင် အဲဒီတုန်းကလို မလုပ်တော့ဘူး၊ မင်းတို့ တကယ်ဟာတွေပဲ၊ မင့်အစ်မက မင့်ကျတော့ မျက်နှာသာပေးလိုက်တာ အလွန်ပဲ၊ ငါ့ကျတော့ ဆူလိုက်ပူလိုက် ကြိမ်းလိုက်မောင်းလိုက်နဲ့။ တစ်ခါတလေ ကိုယ်ထိလက်ရောက် စော်ကားချင်သေးတယ်။ ဘယ်ခံနိုင်မှာလဲကွ။ ဒါတွေအတွက် မင်းက ပြန်ပြီး ပေးဆပ်ရမှာပေါ့။ ဟုတ်ဖူးလား"

သူသည် အရက်ပုလင်းကို မော့ပြန်သည်။ စကားပြောလိုက် သောက်လိုက်နှင့်ပင် မူးသည် ထက် မူးလာပြီး ဒေါသကြီးသည် ထက် ကြီးလာသည်။

သူ့မျက်နှာထားသည် ရက်စက်ကြမ်းကြုတ် သောအသွင်ကို ဆောင်လာသဖြင့် ပို၍ ကြောက်စရာ ကောင်းလာသည်။ ကျွန်တော့်အစ်မအား ရက်ရက်စက်စက် ပြုခဲ့သည့် နည်းတူ ကျွန်တော့်ကိုလည်း ရက်ရက်စက်စက် လုပ်တော့မည်မှာ သေချာလျက် ရှိ၏။ အရက်ပုလင်းကို နောက်ထပ်တစ်ကြိမ် မော့အပြီးတွင် သူသည် ခုံတန်းပေါ်မှ ဒယီးဒယိုင် ထရပ်သည်။ စားပွဲပေါ်မှ ဖယောင်းတိုင်ကို ယူပြီး ကျွန်တော့်ရှေ့သို့ လျှောက်လာသည်။ ဖယောင်းတိုင်ကို မြှောက်၍ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်သည်။

"ဟော့ကောင် ဝံပုလွေ၊ မင့်ကို နောက်တစ်ခု ပြောစရာ ရှိသေးတယ်။ ဟိုတစ်ညက မင်း လှေကားအဆင်းမှာ လူတစ်ယောက်ကို ခလုတ်တိုက် မိခဲ့တယ် မဟုတ်လား။ အဲဒါ တခြားလူ မဟုတ်ဘူး။ ငါပဲကွ"

ကျွန်တော့်မျက်စိထဲတွင် တင်းပဲလ်ရိပ်သာမှ လှေကားကို ပြန်လည်မြင်ယောင်လာသည်။ ထိုမှ တစ်ဆင့် ကျွန်တော့်အခန်းကို သတိရမိသည်။ ကိုယ့်အခန်း ပြန်ရောက်နိုင်တော့မည့် အခြေအနေသည် မရှိတော့ပါတကား။

"အောလစ်ဆိုတဲ့ ကောင် အဲဒီလှေကားပေါ်ကို ဘာလို့ ရောက်နေတာလဲဆိုတာ မင်း သိရဲ့လား။ မင်းနဲ့ မင်းကောင်မက ငါ့ကို ဒီဒေသက လွင့်သွားအောင် လုပ်လိုက်တဲ့ အတွက် ငါ လန်ဒန်ကို ရောက်သွားတယ်။ ငါ့ အဖို့ ပိုတောင်မှ ဟန်ကျသေးတယ်။ အပေါင်းအသင်း အသစ်တွေလည်း တိုးလာတယ်။ ဆရာသမား အသစ်တွေနဲ့လည်း တွေ့ခဲ့ရတယ်။ မင်းထက် စာရေးတတ်တဲ့ ကောင်တွေ အများကြီးပဲ၊ မင်းဆီပို့လိုက်တဲ့ စာ သူတို့ အထဲက တစ်ယောက် ရေးပေးတာပေါ့ကွ၊ ငါ မင်းကို သတ်ဖို့ ကြံနေ တာ ကြာပြီကွ၊ မင်းအစ်မ သင်္ဂြိုဟ်တုန်းက မင်းလာတယ် မဟုတ်လား။ အဲဒီတုန်းကတည်းက မင်းကို အသေလုပ်ဖို့ ချောင်းနေတာ အကွက်ကောင်း မတွေ့လို့ အသာနေခဲ့ရတာ။ မင့်ဦးလေး ပရိုးဗစ်ဆိုတဲ့ လူကိုလည်း ငါ ကောင်းကောင်း သိတယ်။

ကျွန်တော့်ခေါင်းထဲသို့ ပရိုးဗစ် ဝင်လာသည်။ ပြီးတော့ ဟားဘတ်၏ ချစ်သူ ကလယ်ရာနှင့် သူ့အဖေ။ ပြီးတော့ သူတို့အား ကူညီစောင့်ရှောက်နေသည့် အိမ်ရှင်အဘွားကြီး၊ ကျွန်တော့်ဦးခေါင်း တစ်ခုလုံးမှာ နောက်ကျိရှုပ်ထွေးလျက် ရှိရပါသည်။

"ဦးလေးတဲ့၊ ဘာဦးလေးလဲကွ၊ ဟော့ကောင် ဝံပုလွေ ငါ မင်းကိုသိခဲ့တာ ငယ်ငယ်ကလေး တည်းကပါ။ မင်းဟာ ဂျိုးဂါဂရီရဲ့ ပန်းပဲဖိုမှာ ကပ်ရပ်စားနေရတဲ့ ကောင်ပဲ၊ မင့်ယောက်ဖဂျိုးနဲ့ မင်းအစ်မကလွဲပြီး မင်းမှ ဘယ်ဆွေမျိုးမှ ရှိတာ မဟုတ်ဘူး။ အခုမှ ဘယ်က ပေါ်လာတဲ့ ဦးလေးလဲ၊ သံခြေချင်းကြီးတွေ ခတ်ထားတဲ့ ထောင်ပြေးကိုများ ဦးလေးတဲ့ ရယ်စရာကောင်း လိုက်လေကွာ၊ ဒီစိမ့်မြေတောတွေဘက်မှာ မင်းနဲ့ တွေ့ခဲ့ရတဲ့ ထောင်ပြေးကွ၊ မင်းက တံစဉ်းတစ်ချောင်း ယူပေးခဲ့တယ်လေ၊ ငါ အကုန်သိပါတယ်"

အောလစ်သည် ဤစကားများကို ပြောနေရင်းမှ ဖယောင်းတိုင်ကို

ကျွန်တော့်မျက်နှာနားသို့ ကပ်၍ ဒေါသတကြီး ကြည့်လျက် ရှိရာ ကျွန်တော်မှာ မျက်နှာကို မီးဟပ်မည်စိုးသဖြင့် တစ်ဖက်သို့ လွှဲထားရပါသည်။

"ဟား... ဟား... ဟား... မင်းက မီးလောင်မှာ ကြောက်နေသလား၊ ကြောက်မနေစမ်းပါနဲ့ ကွ၊ တစ်ကြိမ်တောင် အလောင်ခံရပြီးပြီပဲဟ။ မင်းက မင်းဦးလေးလို့ လိမ်ထားတဲ့ ပရိုးဗစ်ကို ခိုးထုတ်ဖို့ ကြံစည်နေတဲ့ ကောင်ပဲ။ မင်းက ဒီကိစ္စကို ငါတစ်ယောက်တည်း သိတယ် ထင်သလား။ မထင်လေနဲ့ ဟေ့ တခြားသိတဲ့ လူတွေ ရှိသေးတယ်။ အားလုံးက စောင့်ကြည့်နေတယ်ဆိုတာ သိထားပါ။ ဒီမယ်ဟေ့၊ ငါက ကွန်ပီဆင်လည်းသိတယ်၊ မက်ဝစ်ချ်လည်း သိတယ်။ စက်တိုင်လည်း သိတယ် နားလည်လား"

သူသည် ဖယောင်းတိုင်ကိုမြှောက်၍ ကျွန်တော့်မျက်နှာရှေ့တွင် ငေ့ယမ်းလျက် ရှိပြန်သည်။ ဖယောင်းတိုင်မီးသည် ကျွန်တော့်မျက်နှာနှင့် ဆံပင်များကို ဟပ်လိုက်တော့မည့် နှယ် ရှိသည်။ ထို့နောက် သူသည် ကျွန်တော့်အနားမှ ခွာသွားပြီး ဖယောင်းတိုင်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

စားပွဲနှင့် နံရံကြားတွင် ကွက်လပ်ကလေးတစ်ခု ရှိလေရာ အောလစ်သည် ထိုကွက်လပ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက် ရှိသည်။ သူသည် တစ်ချက်တစ်ချက် ကျွန်တော့်ကို မျက်ထောင့်နီကြီးဖြင့် လှမ်း၍ ကြည့်တတ်သည်။ ကျွန်တော့်အဖို့ကား မျှော်လင့်ချက် မထားနိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေခဲ့လေပြီ။ သေအံ့ဆဲဆဲ လူတစ်ယောက်အဖို့ တောင်စဉ်ရေမရ တွေးတတ်ကြသည်မှာ သဘာဝ ဖြစ်၏။ ကျွန်တော့်စိတ်သည် ဖြစ်ခဲ့ပြီးသမျှ အကြောင်းအရာများကို တစ်ခုပြီးတစ်ခု တွေးနေမိပါသည်။

ထိုအခိုက်မှာပင် လမ်းသလားနေသော အောလစ်သည် ဖြုန်းခနဲ ရပ်လိုက်ပြီး အရက်ပုလင်း၏ ဖော့ဆို့ကို ဖွင့်ကာ ကြမ်းပေါ်သို့ ပစ်ပေါက် လိုက်သည်။ ဖော့ဆို့ကျသံသည် အလွန်မဖြစ်လောက်သည့် အသံ ဖြစ်သော်လည်း ကျွန်တော့်နားထဲတွင် မူ အလွန်လေးလံသော အရာဝတ္ထုတစ်ခု ကျသွားသံနှင့် တူလျက် ရှိ၏။ အောလစ်သည် ကျွန်တော့်မျက်နှာကို လုံးဝလှည့်မကြည့်တော့ဘဲ အရက်ပုလင်းကိုသာ တစ်ကျိုက်ပြီးတစ်ကျိုက် မော့လျက်ရှိသည်။ ထို့နောက် ပုလင်းထဲမှ အကပ်အသပ်များကို လက်ဖဝါးထဲသို့ လောင်းထည့်လိုက်ပြီး လျှာနှင့်လျက်သည်။ ပြီးတော့ တစ်ချက်မျှ ကျိန်ဆဲကာ ပုလင်းကို တအားကုန်ပစ်ပေါက်လိုက်ပြီး ခေါင်းကိုငုံ့၍ တစ်စုံတစ်ခုကို လှမ်းယူလိုက်သည်။ ကျောက်ထုသည့် တူကြီး တစ်လက်ပေတည်း။

သူ့ထံမှ အသနားခံဖို့ ကတော့ ကျွန်တော် လုံးဝမစဉ်းစားပါ။ ထို့ကြောင့်လည်း ရှိသမျှခွန်အားကို သုံး၍ ရုန်းကန်ခြင်း အော်ဟစ်ခြင်း ပြုပါသည်။ ကျွန်တော့်တစ်ကိုယ်လုံးတွင် လှုပ်ရှားနိုင်သမျှမှာ ကျွန်တော့်ဦးခေါင်းနှင့် ခြေထောက်များသာ ရှိသည်။ ကျွန်တော်သည် ဘာကိုမှ စဉ်းစားတွေးတော မနေတော့ဘဲ အသံကုန်ဟစ်၍ အော်ကာ ဆက်လက်ရုန်းကန်မြဲ ရုန်းကန်ပါသည်။

ဤအခိုက်မှာပင် တုံ့ပြန်၍ အော်ဟစ်လိုက်သည့် အသံများကို ဆက်တိုက်လိုလို ကြားလိုက်ရပြီး တံခါးပေါက်ဆီသို့ ရောက်လာသော မီးရောင်များကို မြင်လိုက်ရ၏။ အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ အသံများကိုလည်း ကြားရ၏။ လူတစ်စုနှင့် အောလစ်တို့ ထွေးလုံးရစ်ပတ် ဖြစ်နေကြသည် ကိုလည်း တွေ့လိုက်ရ၏။ ထို့နောက် စားပွဲပေါ်ခုန်ကျော်ပြီး အပြင်မှောင်မည်းမည်းထဲသို့ တရကြမ်း ပြေးဝင်သွားသော အောလစ်ကို မြင်လိုက်ရလေသည်။

ကျွန်တော်သည် တစ်ခဏမျှ သတိမေ့သွားသည်။ ပြန်၍ သတိရလာ သောအခါ ကျွန်တော့်ကိုယ်ထဲတွင် တုပ်နှောင်ထားသည့် ကြိုးများ မရှိတော့ပါ။ ကျွန်တော်၏ ဦးခေါင်းသည် လူတစ်ယောက်၏ ဒူးပေါ်၌တင် ပက်လက်လဲနေသည့် အဖြစ်ကို တွေ့ရသည် ကျွန်တော့်မျက်လုံးများသည် လှေကားနောက်မှ နံရံဆီသို့ ငေးကြည့်လျက် ရှိ၏။ ဤသို့ဖြင့် ကျွန်တော် သတိပြန်လည်လာသည်။ သို့သော်လည်း ကျွန်တော့်ဦးခေါင်းသည် ရီဝေလျက် ရှိသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်။ ဘာကိုမှ ပြက်ပြက်ထင်ထင် မသိ။ လှေကားဆီသို့ တစ်ချက်ကြည့်လိုက်မိသည်။ ကျွန်တော်နှင့် လှေကားကြားတွင် ကျွန်တော်မြင်ဖူးသော မျက်နှာတစ်ခု...။ စက်ချုပ်ဆိုင်ရှင် မစ္စတာထရက်ဘ်၏ တပည့် ကောင်ကလေးပေတည်း။

"သူ ဘာမှ မထိခိုက်ဘူး ထင်တာပဲ" ဟု ထရက်ဘ်၏ တပည့်ကောင် ကလေးက ပြောသည်။ "ဒါပေမဲ့ မျက်နှာကတော့ သွေးမရှိသေးဘူး"

ပြောပြောဆိုဆိုပင် ကောင်ကလေးသည် ကျွန်တော့်ခေါင်းတင်ထားသည့် လူကို လှမ်းကြည့်သည်။ ကျွန်တော်က နောက်ပြန်မော့ကြည့်လိုက်သည်။ ကျွန်တော့်အား ဖေးမထားသူမှာ ဟားဘတ်ပင် ဖြစ်သည်။

"ဟားဘတ်.. ဘယ်လိုဖြစ်တာလဲ"

"ဖြည်းဖြည်း ဟန်ဒယ်လ်၊ သိပ်ရှေ့လောမကြီးနဲ့ ဦး" ဟု ဟားဘတ် က ပြန်ပြောသည်။

"သူငယ်ချင်း စတားတော့တစ်ယောက်လည်းပါလာသကိုး" ဟု ကျွန်တော်က လှမ်းကြည့်ပြီး ပြောလိုက်မိသည်။ ကျွန်တော့်အား ငုံ့ကြည့် နေသော စတားတော့၏ မျက်နှာကို မြင်ရလေသည်။

"စတားတော့က ကျွန်တော့်ကို ကူညီဖို့ ရှိနေသေးတယ်လေ၊ ခင်ဗျား မမှတ်မိတော့ဘူးလား၊ ခေါင်းကို အေးအေးသာ ထားပါ၊ ခင်ဗျား ဘာမှ မဖြစ်ပါဘူး"

ထိုစကား ကြားလိုက်သည့် အခါ ကပျာကရာ လူးလဲထမိသည်။ သို့သော်လည်း ဘယ်ဘက်လက်မောင်းမှ ဒဏ်ရာက နာကျင်လွန်းသဖြင့် ပြန်၍ လဲကျသွားပါသည်။ "အချိန်လွန်သွားပြီလား ဟားဘတ်၊ ကနေ့... ဘာနေ့လဲ၊ ကျွန်တော် ဒီရောက်နေတာ ဘယ်နှရက်ရှိသွားပြီလဲ" ကျွန်တော့်စိတ်သည် ဇဝေဇဝါဖြစ်ဆဲ။ ဤနေရာ၌ ကျွန်တော် ရောက်နေသည်မှာ တစ်နေ့နှင့် တစ်ညလိုလို၊ နှစ်ရက်နှင့် နှစ်ညလိုလို.. ယောင်ဝါးဝါးဖြစ်လျက် ရှိသည်။

"အချိန်မလွန်သေးပါဘူး။ မပူပါနဲ့၊ ကနေ့မှ တနင်္လာနေ့ညပဲ ရှိပါသေးတယ်"

"တော်ပါသေးရဲ့ ဗျာ"

"ခင်ဗျား မနက်ဖြန် တစ်ရက်လုံးလုံးနားဖို့ အချိန်ရပါသေးတယ်" ဟု ဟားဘတ်က ပြောသည်။ "ဒါနဲ့ နေပါဦး၊ ခင်ဗျားမှာ ဒဏ်ရာရသေးလား၊ ရပ်ကော ရပ်နိုင်ပါ့မလား"

"ရပ်နိုင်ပါတယ်၊ လမ်းလည်း လျှောက်နိုင်ပါတယ်၊ ဒဏ်ရာအသစ်ကတော့ မရပါဘူး၊ ဒါပေမဲ့ ဒီဘက်လက်ကတော့ သိပ်နာတယ်"

သူတို့သည် ကျွန်တော့်လက်ကို ဂရုတစိုက် ကြည့်ကြသည်။ လက်မောင်းမှာ အဆမတန် ဖူးရောင်လျက်ရှိပြီး အထိမခံနိုင်လောက်အောင်ပင် နာကျင်လျက်ရှိသည်။ သူတို့သည် လက်ကိုင်ပဝါများကို စုတ်ဖြဲကာ ပတ်တီးအသစ်ပြင်၍ စည်းပေးကြသည်။ လက်ကို လည်ပင်းနှင့် သိုင်းချည်၍ ပေးထားခြင်းအားဖြင့် သက်သာနိုင်သမျှ သက်သာအောင် လုပ်ပေးကြပါသည်။ နောက်တစ်ခဏမျှ ကြာသောအခါ ကျွန်တော်တို့သည် ရေလွှဲတံခါးစောင့်အိမ်ထဲမှ ထွက်ခွာလာခဲ့ကြပြီး လာလမ်းအတိုင်း ကျောက်တွင်းကို ဖြတ်၍ ပြန်လာခဲ့ကြသည်။ ထရက်ဘ်၏ တပည့်ကလေးသည် ဖယောင်းတိုင်ကိုင်ကာ ရှေ့မှ လမ်းပြလုပ်သည်။ ထရက်ဘ်၏ တပည့်ကလေးမှာ အတော် ထွားကျိုင်းသော လူငယ် ကလေးတစ်ယောက် ဖြစ်နေပေပြီ။ လမှာလည်း အတော်ကြီး မြင့်တက် နေပြီဖြစ်၍ ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နေရသည်။ မိုးမတိတ် သေးသော်လည်း စောစောကလို ပြင်းထန်ခြင်း မရှိ။ ခပ်ဖွဲဖွဲမျှသာ ဖြစ်သည်။ ထုံးကန်ကြီးရှေ့မှ ဖြတ်လျှောက်လာကြသည့် အခါ ကျွန်တော့်ရင်ထဲတွင် အေးခနဲ ဖြစ်မိသွားပါသေးသည်။ ဤထုံးကန်ကြီးထဲသို့ မကျဘဲ သေဘေးမှ လွတ်လာရသည့် အတွက် ဘုရားသခင်ကို ကျေးဇူးတင်မိပါသည်။

ကျွန်တော့်အဖြစ်ကို မည်သည့် နည်းဖြင့် သိရှိပြီး ယခုကဲ့သို့ လာရောက်ကယ်တင်ပါသနည်းဟု ကျွန်တော်က ဟားဘတ်အား မေးသည်။ ဟားဘတ်က သူ စတားတော့ကို ခေါ်ပြီး အခန်းသို့ ပြန်လာခဲ့ရာ ကျွန်တော် ရေးကြီးသုတ်ပျာနှင့် ရေးထားခဲ့သည့် စာနှင့် ကျွန်တော့်အား ချိန်းဆိုသည့် စာနှစ်စောင်ကို တွေ့ရကြောင်း၊ ဆယ့်ငါးမိနစ်ခန့်မျှ အပြန်ပြန် အလှန်လှန် စဉ်းစားလိုက်သောအခါ ပို၍ပင် စိတ်မအေးဖြစ်လာရကြောင်း၊ ထို့ကြောင့် သူတို့သည် မြင်းရထားရုံးသို့ လိုက်လာခဲ့ပြီး စုံစမ်းရာ ညနေခင်းမြင်းရထား ထွက်ခွာသွားပြီဟု သိရကြောင်း၊ နောက်ထပ်ထွက်မည့် မြင်းရထား မရှိတော့ဟုလည်း သိရကြောင်း၊ ထိုအချိန်တွင် သူ့စိတ်သည် စိတ်အေးဖြစ်ရုံသာမက ကျွန်တော့်အတွက် စိုးရိမ်ထိတ်လန့်ခြင်းလည်း ဖြစ်လာမိကြောင်း၊ ဤသို့ဖြင့် မြင်းရထားတစ်စီး ငှားပြီး လိုက်လာခဲ့ကြောင်း၊ ရောက်လျှင်ရောက်ချင်း ဘလူးဘိုးအား ဟိုတယ်သို့ သွား၍ ရှာရာ ကျွန်တော့်ကို မတွေ့ကြောင်း၊ မစ္စပေါဗီရှမ်၏ အိမ်သို့ သွားရောက်ရှာဖွေသောအခါတွင် မူ ကျွန်တော့် ကို ခြေရာခံ၍

မရနိုင်အောင် ဖြစ်သွားရကြောင်း၊ သူတို့ အနေဖြင့် ဘာဆက်လုပ်ရမှန်း မသိဖြစ်ကာ ဟိုတယ်သို့ ပြန်၍ ခဏတစ်ဖြုတ် နားပြီး စိမ့်မြေတော့များဘက် ဆက်၍ လိုက်ရန် ဆုံးဖြတ်ကြကြောင်း၊ စိမ့်မြေတော့များ ဘက် လိုက်ရန်မှာလည်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသဖြင့် အခက်တွေ့နေရကြောင်း၊ လမ်းပြတစ်ယောက် ခေါ်သွားမည်ဟူသော စိတ်ကူးဖြင့် ရှာဖွေနေခိုက်မှာပင် ထရက်ဘ်၏ တပည့်ကလေးကို ဟိုတယ်ရှေ့၌ တွေ့ရကြောင်း၊ ထိုအခါ ထရက်ဘ်တပည့်က ကျွန်တော် မစ္စဟေဗီရှမ်အိမ်မှ ထွက်လာသည်ကို သူ မြင်လိုက်ရသည် ဟု ပြောပြရာမှစ၍ ထရက်ဘ်၏ တပည့်သည် သူတို့၏ လမ်းပြ ဖြစ်လာရကြောင်း၊ ဤတွင် သူတို့ သုံးယောက်သည် ရေလွှဲတံခါးစောင့် အိမ်ဆီသို့ လိုက်လာခဲ့ကြကြောင်း၊ ကျွန်တော် ထွက်သွားခြင်းမှာ ပရိုးဗစ်၏ ကိစ္စ ဖြစ်နေသဖြင့် ထရက်ဘ်၏ တပည့်နှင့် စတားတော့တို့ မသိသင့်ဟု သူ ယူဆမိကြောင်း၊ ထို့ကြောင့် ဟားဘတ်က သူတို့ နှစ်ယောက်ကို ကျောက်တွင်း၏ တစ်ဖက်၌ ထားခဲ့ကြောင်း သူတစ်ယောက်တည်း လိုက်လာ ခဲ့ကြောင်း၊ ရေလွှဲတံခါးစောင့်အိမ်အနီးသို့ ရောက်သောအခါ ပထမတွင် ဘာသံမှ မကြားရသော်လည်း နောက်ပိုင်းတွင် စကားပြောသံလိုလို ကြားရကြောင်း၊ သူ နားထောင်နေခိုက်မှာပင် ကျွန်တော်၏ အော်သံကို ကြားရသဖြင့် သူကလည်း ပြန်၍ အော်လိုက်ကြောင်း၊ ဤတွင် စတားတော့တို့ ကပါ နောက်မှ ပြေးလိုက် လာပြီး သုံးယောက်သား အိမ်ထဲသို့ ဝင်လာခဲ့ကြကြောင်း ပြောပြလေသည်။

ကျွန်တော်က အိမ်ထဲ၌ ကြုံခဲ့ရသည့် အဖြစ်ကို ပြောပြရာ ဟားဘတ် က ယခုညတွင်းချင်း မြို့ထဲသို့သွား၍ အမှုတိုင်ကြားပြီး တရားသူကြီးထံ မှ ဖမ်းဝရမ်းရယူကာ အောလစ်အား ချက်ချင်းထွက်ဖမ်းမည်ဟု စီစဉ်သည်။ သို့သော်လည်း ကျွန်တော်က အမှုဖွင့်ပြီး အောလစ်အား လိုက်ဖမ်း နေပါက ဤမြို့တွင် အချိန်ကြာကြာ နေရလိမ့်မည်ဖြစ်ကြောင်း၊ သို့ဆိုလျှင် ပရိုးဗစ်အတွက် ဆောင်ရွက်ပေးရမည့် ကိစ္စမှာ များစွာ နှောင့်နှေး သွားဖွယ် ရှိကြောင်း ပြောပြကာ သူ့အစီအစဉ်ကို ဖျက်ခိုင်းရပါသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် အောလစ်အား ဖမ်းဆီးရေးကိစ္စကို လတ်တလော မလုပ်သေးဘဲ ရွှေ့ဆိုင်းထားလိုက်ရန် သဘောတူကြသည်။ အခြေအနေအရပ်ရပ်ကို ခြုံကြည့် လိုက်သည့်အခါ ကျွန်တော် အသက်ဘေးမှ လွတ်မြောက်လာရခြင်းသည် ထရက်ဘ်၏ တပည့်ကလေး ကျေးဇူးနှင့် မကင်းသည်မှာ ထင်ရှားလျက် ရှိ၏။ တစ်ဖက်သားအား ကူညီချင်တတ်သော စိတ်ဓာတ်နှင့် သတ္တိမှာ ကျွန်တော် အသိအမှတ်ပြုရမည့်အရည်အသွေးများ ဖြစ်သည် ဟုလည်း ယူဆပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် လူချင်းမခွဲခွာမီ ဂီနီပြား ငွေဒင်္ဂါးပြားနှစ်ပြားကို လက်ဆောင်အဖြစ် ထုတ်ပေးပြီး ယခင်က သူ့အပေါ်တွင် အထင်အမြင် လွဲခဲ့မိသည့် အတွက် ဝမ်းနည်းကြောင်း တောင်းပန်စကား ပြောပါသည်။ သူသည် ကျွန်တော် ပြောနေသည် ကို အရေးတယူ နားထောင်ခြင်း မပြုသော်လည်း

ကျွန်တော်ပြောနေသည့် စကားများ ထက် ကျွန်တော်ပေးသည့် ဒဂၤါးနှစ်ပြားကို ပို၍ တန်ဖိုးထားပုံ ပေါ်ပါသည်။

ဗုဒ္ဓဟူးနေ့မှာ အလွန်နီးကပ်နေပြီဖြစ်ရာ ကျွန်တော်တို့သည် လန်ဒန်သို့ ယနေ့ညတွင်းချင်းပင် ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ချက်ချင်းပင် မြင်းရထားတစ်စီး ငှား၍ ထွက်ခဲ့ကြရာ တင်းပဲလ်ရိပ်သာသို့ ပြန်ရောက် ချိန်တွင် မိုးစင်စင် လင်းနေပြီ ဖြစ်၏။ ရောက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာဝင်ကာ တစ်နေ့လုံး အိပ်ရာထဲမှ မထဘဲ အနား ယူနေလိုက်ပါသည်။

ဗုဒ္ဓဟူးနေ့သည် မနက်ဖြန် ဖြစ်၏။ အကယ်၍ လက်မှ အနာကြောင့် ဖျားနာခဲ့သည် ရှိသော မနက်ဖြန် လုပ်စရာရှိသည် များကို မလုပ်နိုင်ဘဲ ဖြစ်ရချေတော့မည်။ ဤအချက်သည် ကျွန်တော် အစိုးရိမ်ဆုံးအချက် ဖြစ်၏။ ဤစိုးရိမ်မှုကြောင့်လည်း ကျွန်တော့်မှာ ကောင်းစွာ အိပ်မပျော်ဘဲ ဖြစ်နေရပါသည်။ ဤကြားထဲမှပင် ပရိုးဗစ်အတွက် ပူပန်ကြောင့် ကြစိတ်သည် အမြဲတစေ ပေါ်လာနေသေး၏။

ဟားဘတ်နှင့် စတားတေ့တို့သည် ကျွန်တော့်အနားမှ မခွာကြပါ။

လက်မှ ဒဏ်ရာ သက်သာစေရန်အတွက် မကြာခဏ ပတ်တီးသစ်ကိုလဲ ပေးကြ၏။ တစ်ခါတစ်ရံ ကျွန်တော်သည် ပင်ပန်းလွန်းသည့် အရှိန်ဖြင့် အိပ်ပျော်သွားတတ်သော်လည်း ချက်ချင်းလိုလိုပင် ပြန်နိုးလာတတ်သည်။ နိုးလာသည့် အခါတွင်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ရေလွှဲတံခါးအနီးမှ အိမ်ကလေးထဲ ရောက်နေသည် ဟု ထင်မိသည်။ သန်းခေါင် ချိန်တွင် ကျွန်တော်သည် အိပ်ရာမှ လန့်နိုးလာသည်။ အအိပ်လွန်သွား သဖြင့် ဗုဒ္ဓဟူးနေ့ကိုပင် ကျော်သွားပြီဟု စိတ်ထဲက ထင်မိ၏။ အိပ်ရာထက်မှ ကပျာကယာ ဆင်းကာ ဟားဘတ်အား မေးမိပါသည်။ ထို့နောက်တွင် မူ ကျွန်တော်သည် စိတ်ချလက်ချပင် အိပ်ပျော်သွားလေတော့သည်

ကျွန်တော် အိပ်ပျော်နေရာမှ ပြန်နိုး၍ ပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်ချိန်တွင် ဗုဒ္ဓဟူးနေ့နံနက်ခင်း၏ နေရောင်ခြည်ကို မြင်နေရလေပြီ။ တံတားများ ထက်ရှိ လမ်းမီးတိုင်များမှ အလင်းရောင်တို့သည် ဖျော့တော့နေကြလေပြီ။ တက်လာနေပြီဖြစ်သော နေရောင်သည် ပတ်ဝန်းကျင်ကို ထိုးဖောက်စပြုနေပြီ။ မြစ်ရေပြင်ထက်တွင် မူ အမှောင် ရိပ်များ သန်းနေဆဲ။ ကျွန်တော် ကြည့်နေခိုက်မှာပင် မြစ်ပြင်ပေါ်၌ လွှမ်းခြုံနေသော အမှောင်ထုသည် ပျက်ပြယ်သွားသည်။ အလင်းရောင်များသည် မြစ်ရေပြင်ထက်သို့ ဟိုတစ်ကွက် သည်တစ်ကွက် ကျလာသည်။ ကျွန်တော့်ရင်၌ ကပ်ငြိနေသော အမှောင်ထုသည်လည်း ဆုတ်ခွာသွားဟန် တူ၏။ ကျွန်တော်သည် အားအင်ပြည့်ဖြိုးကာ ကြည်လင်လန်း ဆန်းလျက် ရှိနေသည်။ ပြတင်းပေါက်မှ ရပ်၍ မျှော်ကြည့်နေခိုက်မှာပင် ဘုရားရှိခိုးကျောင်းများ၏ မျှော်စင်များ နှင့် ခေါင်မိုးများသည် အလင်းရောင်အောက်တွင် ပီပြင်ထင်ရှားလာကြသည်။ နေတက်

လာလေပြီ။ မြစ်ပြင်ပေါ်မှ အမှောင်ရိပ်များသည် ဆုတ်ခွာထွက်ပြေးကြလေပြီ။

ဟားဘတ်သည် သူ့အိပ်ရာတွင် အိပ်ပျော်နေဆဲ။ ဆိုဖာပေါ်၌ အိပ်ပျော်နေသော စတားတော့မှာလည်း နိုးမလာသေး။ ကျွန်တော်သည် လူတစ်ယောက် အကူအညီမရှိဘဲနှင့် အင်္ကျီပင် ဝတ်နိုင်သေးသည် မဟုတ်ပါ။ သို့သော်လည်း တတ်အားသရွေ့ ကြိုးစားပြီး မီးမွေးကာ ကော်ဖီဖျော်သည်။ အိပ်ရေးဝဝ အိပ်လိုက်ရသဖြင့် သူတို့ နှစ်ဦးစလုံး အိပ်ရာမှ နိုးလာချိန်တွင် များစွာ ကြည်လင်လန်းဆန်းလျက် ရှိကြသည်။ သုံးယောက်သား ကော်ဖီတစ်ခွက်စီကိုင်၍ ပြတင်းပေါက်မှ ရပ်ကာ နံနက်ခင်း၏ သန့်စင်လတ်ဆတ်သော လေကို ရှူရှိုက်ကြသည်။ ပတ်ဝန်းကျင် ကို မျှော်ကြည့်ကြသည်။ ယခုအချိန်ထိ တက်ဆဲဖြစ်သော ဒီရေသည် ကျွန်တော်တို့ ထံသို့ အပြေးအလွှား လာနေသည့် နှယ် ရှိ၏။

"ကိုးနာရီထိုးလို့ ဒီရေကျသွားချိန်မှာ မင်းက တို့ကို ဟော့ဟို ဖစ်လ်ပွန်ဘင့်ဘက်ကနေပြီး အဆင်သင့်သာ စောင့်နေပေတော့ကွာ" ဟု ဟားဘတ်က ဒီရေကို ကြည့်ပြီး ရွှင်မြူးသောလေသံဖြင့် ပြောလိုက်လေသည်။

*****

ပူနွေးသော နေရောင်ခြည်ကို ရရှိပြီး အေးမြသောလေ တိုက်ခတ်နေသည့် မတ်လ၏ နေ့ရက်များ ဖြစ်သည်။ နွေဥတုသည် ကုန်ဆုံးတော့မည့်အရိပ်လက္ခဏာကို ပြလျက် ရှိသည် ဆောင်းရာသီ အငွေ့အသက်များသည် မသိမသာ တိုးဝင်စပြုလျက် ရှိလေပြီ။ ကျွန်တော်တို့သည် သိုးမွေးအနွေးထည်များကိုပင် ဝတ်ဆင်နေကြရပြီ။ ကျွန်တော်သည် အပြီးအပိုင် ထွက်ခွာရမည့် ခရီးအတွက် အိတ်ကလေးတစ် လုံးမျှသာ ယူခဲ့ပါသည်။ ကျွန်တော်ပိုင်ဆိုင်သည့် ပစ္စည်းများ ထဲမှ လမ်းခရီးတွင် အသုံးလိုမည်ဟု ယူဆရသော ပစ္စည်းအနည်းမျှကိုသာ ထိုအိတ်ကလေးထဲ ထည့်၍ ယူခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် ဘယ်အရပ် ဒေသသို့ ရောက်မည်မှန်းလည်း မသိ။ ဘယ်လိုအလုပ်အကိုင်မျိုးကို လုပ်ရမည်ဟုလည်း မသိ။ ကိုယ့်နိုင်ငံ ကိုယ်ပြန်ရောက်မည့် နေ့ရက်အချိန်ကာလကိုလည်း ခန့်မှန်းနိုင်သည် မဟုတ်။ ဤမေးခွန်းများ အတွက် အဖြေရဖို့လည်း အချိန်ကုန်ခံ၍ ကျွန်တော် မစဉ်းစားတော့ပါ။ ကျွန်တော့်အဖို့တော့ ဖြစ်လိုရာဖြစ်စေတော့ဟုပင် သဘောထားလိုက်ပါသည်။ အရေးကြီးသည်မှာ ပရိုးဗစ် လွတ်မြောက်ရေးပင် ဖြစ်၏။ ကျွန်တော်သည် တံခါးဝမှ ရပ်၍ အခန်းထဲသို့ကြည့်မိပါသည်။ မည်သည့် အချိန်ကျမှ ဤအခန်းသို့ ကျွန်တော် ပြန်ရောက်ပါမည်နည်း။ လက်ရှိအခြေ အနေအတိုင်း ဆိုပါက ဤအခန်းသို့ ကျွန်တော် ပြန်ရောက်ဖို့ ဆိုသည်မှာ မဖြစ်နိုင်တော့သည့် အရာဟုပင် ယူဆရပေတော့မည်။

ကျွန်တော်တို့သည် တင်းပဲလ်ရိပ်သာမှ ထွက်ခွာခဲ့ကြပါသည်။ ကျွန်တော်တို့၏ လှေကလေးဆီ ရောက်သည် အထိ အနှောင့်အယှက် မတွေ့ရပါ။ အချိန်မှာ နံနက် ရှစ်နာရီခွဲ ဖြစ်၏။ ကျွန်တော်တို့သည် လှေပေါ်သို့ တက်၍ ကျွန်တော်ကပဲ့ကိုင်ပြီး ဟားဘတ်က လှော်ခတ်ကာ တက်နေ ဆဲဖြစ်သည့် ဒီရေနှင့် အတူ မြစ်ပြင်သို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော်သည် လှေကို လိုအပ်ချိန်တွင် အဆင်သင့် သုံးနိုင်အောင် အထူးသတိထား၍ ပြင်ဆင်ထားသည်။ ကျွန်တော်တို့၏ အစီအစဉ်မှာ ဤသို့ ဖြစ်၏။ ဒီရေပြန်ကျမည့် အချိန်သည် ကိုးနာရီဖြစ်၍ ညနေသုံးနာရီ ထိုးပြီးခါမှ ဒီရေပြန်တက်လိမ့်မည် ဖြစ်ရာ ကျွန်တော်တို့သည် ထိုအချိန်ထိ ဒီရေကိုဆန်၍ လှေကိုလှော်ကာ မိုးစုပ်စုပ်ချုပ်သည် အထိ နေကြရန် ဖြစ်၏။ ထို့နောက်မှ ကျွန်တော်တို့သည် ကင့်နှင့် အက်ဆက်ကြားရှိ ဂရေ့ဆင်း ဘောတံတားအောက်၌ ခိုနေကြမည်။ ထိုနေရာသည် မြစ်ပြင်ကျယ်ပြီး လူနေအိမ်ခြေ အနည်းငယ်မျှသာ ရှိသည်။ အထီးကျန်နိုင်သော ထမင်းဆိုင်ကလေးများ ဟိုတစ်ဆိုင်သည် တစ်ဆိုင် တည်ရှိသော နေရာ ဖြစ်၍ ကျွန်တော်တို့ အနေဖြင့် ကျွန်တော်တို့ အတွက် လုံခြုံမည့် အသင့်တော်ဆုံးဆိုင်တစ်ဆိုင်ကို ရွေး၍ ခိုနားနိုင်မည် ဖြစ်သည်။ ထိုဆိုင်တွင် ကျွန်တော်တို့ တစ်ညလုံးနားမည်ဟု ရည်ရွယ်ထားသည်။ ဟမ်းဘတ်သို့ထွက်မည့်

သင်္ဘောနှင့် ရေ့တာဒမ်သို့ထွက်မည့် သင်္ဘောများသည် လန်ဒန်မှ ကြာသပတေးနေ့နံနက် ကိုးနာရီခန့်တွင် ထွက်လာမည် ဖြစ်၏။ ကျွန်တော်တို့သည် ကျွန်တော်တို့ ရောက်နေသော နေရာမှ စောင့်၍ တက်ရမည်ဖြစ်သဖြင့် သင်္ဘောများ ရောက်မည့် အချိန်ကို ခန့်မှန်း တွက်ချက်ထားရမည် ဖြစ်သည်။ အကယ်၍ ပထမဆုံး ရောက်လာသည့် သင်္ဘောပေါ်သို့ မတက်နိုင်ခဲ့ပါမူ နောက်တစ်စီးကို တက်နိုင်ရန်ကြိုးပမ်းရမည် ဖြစ်သည်။

ကျွန်တော်တို့ လှေသည် မကြာမီအချိန်အတွင်းမှာပင် လန်ဒန်တံတားဟောင်းကို ဖြတ်လာခဲ့သည်။ ဘီးလင်းဂိတ် ဈေးဟောင်းအနီးတွင် ခရုကမာသယ်ပိုးသည့် လှေများကိုပင် မြင်ခဲ့ရသည်။ ကုန်အတင်အချ လုပ်နေကြသော သင်္ဘောကြီးများကြားတွင် မနက်ဖြန်မနက် ရေ့တာဒမ်သို့ထွက်မည့် သင်္ဘောကြီးနှင့် ဟမ်းဘတ်သို့ ထွက်မည့် သင်္ဘောကြီးများကို မြင်ခဲ့ရပါသေးသည်။ ပဲ့ပိုင်းမှ ထိုင်၍ လိုက်လာသော ကျွန်တော်သည် မစ်လ်ပွန်းဘင့်နှင့် မစ်လ်ပွန်းလှေခါးကို မြင်သော အခါ နှလုံးခုန်မြန်လာပါသေးသည်။

"သူဟိုကို ရောက်နေပြီလား" ဟု ဟားဘတ်က မေးသည်။

"အခုထက်ထိ မရောက်သေးဘူး"

"ဟုတ်ပြီ၊ ကျွန်တော်တို့ ကို မြင်မှ ဆင်းလာဖို့ ကျွန်တော် သူ့ကို မှာထားတယ်။ သူ့အခန်း ပြတင်းပေါက်ကို လှမ်းကြည့်ပါဦး၊ ဘေးကင်းတယ်လို့ အချက်ပြထားရဲ့လား"

"နေဦး၊ ကျွန်တော် ကြည့်လိုက်ဦးမယ်၊ ကောင်းကောင်း မမြင်ရဘူး၊ ဟောဟိုမှာ လာနေပြီ"

ကျွန်တော်တို့သည် အနီးသို့ရောက်လာသော ပရိုးဗစ်အား လှေပေါ် သို့ တင်ပြီး ချက်ချင်းပင် ထွက်လာခဲ့ကြသည်။ ပရိုးဗစ်သည် အပေါ်ဝတ် အင်္ကျီရှည်ကြီးတစ်ထည် ခြုံထားပြီး အနက်ရောင် ခရီးဆောင်ကင်းဗတ် အိတ်တစ်လုံးမှ လွဲ၍ တခြား ဘာပစ္စည်းမှ မပါပါ။ သူသည် လှေပေါ်၌ နေသားတကျ ထိုင်မိသည် နှင့် တစ်ပြိုင်နက် ကျွန်တော့်ပခုံးပေါ်သို့ လက်တစဖက် လှမ်းတင်သည်။ "လူကလေးရယ်၊ မင်း သစ္စာရှိပါပေတယ် ကွယ် မင်း အင်မတန်တော်ပါတယ်ကွယ်၊ ငါ မင်းကို ကျေးဖူးတင်ပါတယ်ကွယ်" ဟု တတွတ်တွတ် ပြောလျက်ရှိသည်။

ပရိုးဗစ် လှေပေါ်ရောက်လာချိန်မှ စ၍ ယခုအချိန်ထိ ဘေးပတ်ဝန်းကျင်တွင် မသင်္ကာစရာလူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မမြင်ခဲ့ရပါ။ အကယ်၍ ကျွန်တော်တို့ လှေကို စောင့်ကြည့်နေသော လှေတစ်စီးတလေသာ ရှိခဲ့ပါမူ ယခုလောက်ဆိုလျှင် တွေ့မြင်နိုင်လောက်ပြီ ဖြစ်၏။ ကျွန်တော်တို့သည် မသင်္ကာကွယ်ရာ ဘာတစ်ခုမှ မမြင်ရသဖြင့် အေးအေးဆေးဆေးပင် လှေကို ဆက်၍ လှော်လာခဲ့ကြသည်။ ပရိုးဗစ်ကို ကြည့်ရသည်မှာ အေးအေးဆေးဆေး ရှိလှ၏။ သူသည် ကျွန်တော့်မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ အလွန်ပီတိဖြစ်နေဟန် တူ၏။

တုန်လှုပ်ခြင်း ကင်းမဲ့လှသော သူ့မျက်နှာထားကို ကြည့်၍ အံ့သြခြင်း ဖြစ်ရပါသည်။

"နံရံလေးဘက်ကြားမှာ နေခဲ့ရတဲ့ ငါ့ဘဝဟာ အလွန်စိတ်ပျက်ဖို့ ကောင်းပါတယ်။ အခုလို လှေကလေးတစ်စင်းပေါ်မှာ လူကလေးနဲ့ အတူထိုင်ပြီး ဆေးတံသောက်နေရတဲ့ အရသာဟာ တန်ဖိုးမဖြတ်နိုင်လောက်အောင် ကြီးမားတဲ့ စည်းစိမ်တစ်ခုပါပဲ။ လူကလေးကတော့ ဒီအရသာကို နားလည်မယ် မထင်ဘူး" ဟု ပရိုးဗစ်က ကျွန်တော့်အား ပြောသည်။

"ကျွန်တော် သိပါတယ်၊ လွတ်လပ်မှုအရသာဆိုတာ ဘယ်ဟာနဲ့ မှ နှိုင်းယှဉ်လို့ မရပါဘူး" ဟု ကျွန်တော်က ပြန်ပြောပါသည်။

ကျွန်တော်တို့ အားလုံးတွင် သူသည် စိုးရိမ်ကြောင့်ကြမှု အနည်းဆုံး လူတစ်ယောက် ဖြစ်လျက် ရှိသည်။ သူသည် ယခင်ကနှင့် လုံးဝမတူဘဲ သိသိသာသာကြီးပင် ပြောင်းလဲနေသည်။ သူ့အပြုအမူသည် ဘေးအန္တရာယ်နှင့် လုံးဝမတွေ့ဖူး၊ မကြုံဖူးခဲ့သည့် လူတစ်ယောက်ပုံစံမျိုး ဖြစ်နေသည်။

"အား" ဟု ရေရွတ်ကာ သူက ခေါင်းခါသည်။ "လူကလေးသိတာက ငါ့လောက်တော့ သိမယ်မထင်ဘူး။ မင်းက အခန်းထဲမှာ ပိတ်ပြီး လှောင်ထားတာ မခံခဲ့ရဖူးဘူး။ အဲ့သလိုခံခဲ့ရမှ လွတ်လပ်မှုရဲ့ အရသာကို ပိုပြီး နားလည်နိုင်တာကွဲ့"

ကျွန်တော်ကတော့ ဘေးအန္တရာယ်မကင်းသော သူ၏ လွတ်လပ်မှုအတွက် စိတ်မကောင်း ဖြစ်မိ၏။ အမှန်တော့ ဘေးမရှိသော လွတ်လပ်မှုသာလျှင် အကောင်းဆုံး ဖြစ်သည် မဟုတ်ပါလား။

"မင်းလည်း အသိပဲ လူကလေးရယ်၊ ငါဟာ ဒီအရပ်နဲ့ မိုင်ပေါင်း ထောင်ပေါင်းများစွာ ဝေးတဲ့ ကမ္ဘာထဲမှာ နှစ်ပေါင်းများစွာ နေခဲ့ရတဲ့ လူပါ။ ဟိုမှာ နေရတုန်းကများ ဆိုရင် ဒီကိုပြန်လာချင်လွန်းလို့ နေ့စဉ် နေ့တိုင်း တတမ်းတတဖြစ်ခဲ့ရတယ်။ အဲသလို တတမ်းတတနေရင်းနဲ့ပဲ ငါဟာ လူချမ်းသာတစ်ယောက် ဖြစ်လာခဲ့ရတယ်။ လူတိုင်းက မက်ဝပ်ချ် ကို သိလာကြတယ်။ မက်ဝပ်ချ်ဟာ သွားချင်တာ သွား၊ လာချင်ရာ လာ၊ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ခဲ့တယ်။ ဘယ်သူကမှ မက်ဝပ်ချ်ကို ဒုက္ခမပေးဘူး။ ဆေးဖော်ကြောဖက် လုပ်လာကြတယ်။ လူရာသွင်းခဲ့ကြတယ်၊ ကိုယ့်အရပ် ကိုယ့်ဒေသဖြစ်တဲ့ ဒီမှ ကျတော့လည်း သူတို့က ငါ့ကို လူရာမသွင်းချင်ကြဘူး။ ဘယ်နားနေလို့ ဘယ်နားထိုင်နေရမန်း တောင် မသိတော့ဘူး။ ဒီကိုပြန်ရောက်ကာမှ ပိုပြီး မလွတ်လပ်တဲ့ ဘဝ ကို ပြန်ရောက်နေရတယ်။ ငါ ဘယ်မှာ ရောက်နေတယ်ဆိုတာ သိရင် ဝိုင်းပြီး ဒုက္ခပေးကြလိမ့်ဦးမယ်"

"ဒါတွေကို တွေးမနေပါနဲ့တော့" ဟု ကျွန်တော်က ပြောသည်။ "တကယ်လို့သာ ကျွန်တော်တို့ အစီအစဉ်အားလုံး အဆင်ပြေသွားရင် နောက်နာရီပိုင်းအတွင်းမှာ ခင်ဗျားဟာ ပိုပြီးအပြည့်အဝ လွတ်လပ်သွားမှာပါ၊ ပိုပြီးတော့လည်း လုံခြုံမှုရှိသွားမှာပါ"

"အေးပေါ့လေ၊ ငါကလည်း အဆင်ပြေသွားလိမ့်မယ်လို့ မျှော်လင့်

ထားပါတယ်" ဟု သူက သက်ပြင်းအရှည်ကြီးချ၍ ပြန်ပြောသည်။

"ကျွန်တော်တို့ ကိစ္စ ချောချောမောမော ဖြစ်သွားလိမ့်မယ်လို့ ထင်တယ် မဟုတ်လား"

သူသည် လက်တစ်ဖက်ကို ရေထဲသို့ နှစ်လိုက်ပြီး ကျွန်တော့်ကို ကြည့်၍ ပြုံးသည်။

"အေးကွယ်၊ အဲသလိုပဲ ထင်ပါတယ်" လူကလေးရယ်၊ အဆင်ပြေသွားလိမ့်မယ်လို့ပဲ ထင်ထားပါတယ်။ ရေစီးနေပုံက ညင်သာတယ် မဟုတ်လား။ ရေစီးပုံကို ကြည့်ပြီး တို့ ကိစ္စလည်း အဆင်ပြေသွား လိမ့်မယ်လို့ ထင်မိပါတယ်"

"ခင်ဗျားမျက်နှာကြည့်ရတာ သိပ်ပြီး မရွှင်ဘူး။ တစ်ခုခုကို စိုးရိမ်နေ သလိုပဲ"

"နည်းနည်းကလေးမှ မစိုးရိမ်ပါဘူး လူကလေးရယ်၊ ရေစီးပုံကိုကြည့်ပြီး ငါ့စိတ်ဟာ အင်မတန် အေးချမ်းနေပါတယ်"

သူသည် ဆေးတံကိုပါးစပ်နှင့် ပြန်ကိုက်လိုက်ပြီး အလွန်တည်ငြိမ် အေးဆေးသော မျက်နှာထားဖြင့် ကျွန်တော့်အား ကြည့်လျက်ရှိသည်။ သူ့ကိုယ်သူ အင်္ဂလန်နိုင်ငံ၏ အပြင်ဘက်သို့ ရောက်သွားပြီဟု ထင်မှတ် နေဟန် တူ၏။ ဤမျှလောက်အထိ အေးဆေးတည်ငြိမ်လျက်ရှိသော်လည်း ကျွန်တော်တို့ က သူ၏ လုံခြုံမှုအတွက် ဘယ်လိုနေ ဘယ်လိုထိုင်ဟူ၍ ပြောလိုက်သည့် အခါတိုင်း တလေးတစား လိုက်နာတတ်သည် ကို တွေ့ရပါသည်။ တစ်နေရာတွင် ကျွန်တော်တို့သည် လှေကိုရပ်၍ ဘီယာဝယ်ရန် ကမ်းပေါ်သို့ တက်ကြ၏။ သူပါလိုက်မည်ဟူသော သဘောဖြင့် ထိုင်ရာမှ ထလာသည်။ ကျွန်တော်က လှေပေါ်၌ နေမှသာ သူ့အတွက် လုံခြုံမှုရှိလိမ့်မည်ဟု ထင်ကြောင်း လှမ်း၍ ပြောလိုက်သည့် အခါ "ဩော်... ဟုတ်လား၊ လူကလေး အဲသလိုပဲ ထင်သလား၊ အေးအေး ... ငါ လှေပေါ်မှာပဲ နေခဲ့မယ်" ဟု ဆိုကာ သူ့နေရာတွင် ပြန်ထိုင်နေပါသည်။

လေသည် မြစ်ပြင်ထက်သို့ အအေးဓာတ် ပက်ဖျန်းပေးလျက် ရှိသည်။ အလွန် သာထောင့်သာယာရှိသော နေ့တစ်နေ့ ဖြစ်ပါ၏။ တောက်ပသော နေရောင်သည် အားသစ်လောင်းပေး နေသကဲ့သို့ ရှိပါသည်။ ဒီရေသည် အရှိန်ပြင်းစွာဖြင့် စီးဆင်းဆဲ...။ ကျွန်တော်သည် အခွင့်အရေး ကို လက်လွတ်မခံဘဲ သတိထား၍ အသုံးချပါသည်။ မှန်မှန်လှော်ခတ် သွားနေသဖြင့် လှေသည် ခရီးအတော်ပေါက်လာခဲ့သည် တဖြည်းဖြည်းနှင့် ဒီရေအရှိန်သည် ပြန်ကျလာသည်။ ကျွန်တော်တို့သည် ကမ်းပါးအထက်မှ သစ်တောများ နှင့် တောင်ကုန်းများကို လျင်မြန်စွာ ကျော်ဖြတ်လာခဲ့ကြ၏။ ဂရေ့ဗ်ဆင်းမှ ထွက်ခွာလာချိန်အထိတော့ ဒီရေသည် ကျွန်တော်တို့ နှင့် ခွဲမသွားသေးပါ။

ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်နေရသော လူကတော့ အင်္ကျီကြီးကို

ခြံ၍ နားအေးပါးအေး ထိုင်လျက် ရှိသည်။ ကျွန်တော်တို့သည် အကောက်ဌာနမှ လှေတစ်စီးနှစ်စီးကို ဖြတ်သန်းလာခဲ့ရပါသေးသည်။ ထိုနောက်တော့ ချက်ချင်းပင် ဒီရေအရှိန်သည် ကျလာသည်။ ဆိပ်ကမ်း၌ ရပ်နားကာ ဒီရေအကျကို စောင့်နေကြသော လှေများသည် လှုပ်ရှားလာကြသည်။ အစုလိုက်အပြုံလိုက် မြစ်ပြင်သို့ ထွက်လာကြသည်။ ကျွန်တော်တို့သည် ထိုလှေများ နှင့် မဆုံမိစေရန် လှေကို ကမ်းခြေ နှင့် ကပ်နိုင်သမျှကပ်၍ လှော်ခဲ့ကြသည်။ ရေတိမ်နှင့် ရွှံ့ညွန်များကို လွတ်ရန်လည်း များစွာ သတိထားကြရသည်။

ကျွန်တော်တို့သည် ဒီရေနှင့် အလိုက်သင့်မျှော၍ လိုက်သည့် အခါ လိုက်လာခဲ့ရသဖြင့် မောပန်းနွမ်းနယ်ခြင်း မရှိကြပါ။ ရေညှိများဖြင့် ချောနေသော ကျောက်တုံးများ ထူထပ်ရာ နေရာတစ်နေရာတွင် ကျွန်တော်တို့သည် ခဏမျှ ရပ်နားပြီးပါလာသည့် စားစရာများကို စားကြသည်။ ပတ်ဝန်းကျင်သည် ကျွန်တော့် မွေးရပ်ဇာတိ တောပိုင်းနှင့် တူလှပါသည်။ ကွေ့ကောက်စီးဆင်းနေသော မြစ်ပြင်ပေါ်တွင် ဟိုတစ်စု၊ ဒီတစ်စု ချထားသော ဇော်ရာများသည် တလှုပ်လှုပ်...။

ကျွန်တော်တို့ ရှောင်ကွင်းခဲ့ကြသော လှေများသည် တရွေ့ရွေ့ သွားလျက် ရှိကြသည်။ ထိုလှေများ နောက်မှ လိုက်သွားနေကြသည့် ဖောင်ကြီးများ ...။ မြစ်၏ တစ်ဖက်တစ်ချက်ရှိ ကျယ်ဝန်းပြန့်ပြူးသော မြေအပြင်သည် ရွှံ့ညွန်များဖြင့် ပြည့်လျက် ရှိလေသည်။

ထိုနေရာမှ ပြန်လည်ထွက်ခွာလာကြသည့် အခါ စောစောကထက် အားထုတ်ပြီး လှော်ခတ် ကြပါသည်။ ဟားဘတ်နှင့် စတားတော့တို့ ကတော့ ခဏတစ်ဖြုတ် နားလိုက်ရသဖြင့် အားသစ် ဝင်လျက် ရှိရာ မရပ်မနား လှော်ခတ်ကြသည်။ ကျွန်တော်တို့သည် နေလုံးကွယ်ပျောက်သွာ းချိန်အထိ ထိုပုံစံအတိုင်း မနားမနေ လှော်ခတ်ခဲ့ကြသည်။

ထိုအချိန်တွင် မြစ်ပြင်သည် မြင့်တက် လာပြီဖြစ်ရာ ကျွန်တော်တို့ လှေသည် ကမ်းပါးများကို အပေါ်မှ စီး၍ မြင်နေကြရပြီ ဖြစ်၏။ ကမ်းခြေ၏ အနိမ့်ဆုံးသော အပိုင်းတွင် ဝင်လုဆဲဆဲနေမင်း၏ နီရဲရဲအရောင်ကို မြင်နေကြရသည်။ ကျယ်ဝန်းပြန့်ပြူးသလောက် အထီးကျန်နိုင်လှသော စိမ့်မြေတောများကို မြင်နေရ၏။ အလွန်အလှမ်းဝေးကွာလွန်းလှသော နေရာများတွင် မြင့်တက်နေသော မြေပြင်ကို မှုန်ဝါးဝါး မြင်တွေ့နေရသည်။ ကျွန်တော်တို့ နှင့် မြေမြင့်ကြားတွင် သက်ရှိသတ္တဝါဟူ၍ ဘာတစ်ခုမှ မရှိ။

အမှောင်ရိပ်များသည် လျင်မြန်စွာ ကျဆင်းလာကြသည်။ ကျွန်တော်တို့သည် စကားများများ မပြောကြတော့ဘဲ လှေကိုသာ အားစိုက်၍ လှော်ခဲ့ကြရာ ပျင်းရိငြီးငွေ့စွာဖြင့်ပင် ခရီးမိုင်လေးငါးမိုင်ခန့် ပေါက်လာခဲ့ကြပါသည်။ လဆုတ်ရက်ဖြစ်သဖြင့် လသည် စောစောစီးစီး ထွက်လိမ့်မည် မဟုတ်။ ဤဘက်ပိုင်းတွင် လှေသဘော်ာ အသွားအလာဟူ၍ မရှိသလောက်ဖြစ်နေပေသည်။ စိတ်ချရသော နေရာသို့ ရောက်နေပြီဟု ယူဆနိုင်၏။ ထို့ကြောင့်လည်း

ကျွန်တော်တို့သည် စားသောက်ဆိုင်လေး တစ်ဆိုင် တွေ့ပါက ကမ်းပေါ်သို့တက်၍ ညစာစားကြမည်ဟု ဆုံးဖြတ်ကြပါသည်။ မြစ်ပြင်သည် မှောင်နှင့်မည်းမည်း ဖြစ်လျက်ရှိ၏။ အလင်းရောင်ဆို၍ ကောင်းကင်မှာ တလက်လက်ဖြစ်နေသည့် ကြယ်များသာ ရှိ၏။ နောက်ဆုံးတွင် ကမ်းပေါ်မှ တလက်လက်ထွက်နေသော မီးရောင်တစ်ခုကို မြင်ရပါသည်။ မှောင်ခိုသမားများသာ အဝင်အထွက် များသည့် အလွန်ချောင်ကျသောနေရာမှ စားသောက်ဆိုင်တစ်ဆိုင်ပေ တည်း။

အားလုံးနှင့် တိုင်ပင်ပြီး ကျွန်တော်တစ်ယောက်တည်း ကမ်းပေါ်သို့ တက်ခဲ့သည်။ စောစောက မြင်ခဲ့ရသော ထမင်းဆိုင်လေးတစ်ဆိုင်၏ ပြတင်းပေါက်မှ ထွက်နေသော မီးရောင် ဖြစ်ပါသည် စားသောက်ဆိုင်မှာ ဆိုင်ငယ်ကလေးတစ်ခုမျှသာ ဖြစ်၍ ပတ်ဝန်းကျင်မှာ အလွန်ညစ်ပတ်ပေရေလျက် ရှိသည်။ သို့သော်လည်း မီးဖိုကောင်းကောင်း ရှိ၍ ကြက်ဥနှင့် ဝက်ပေါင်ခြောက်များသာမက သောက်စရာ အရက်မျိုးစုံပါ ရနိုင်သည်။ ထို့ပြင်လည်း "နှစ်ယောက်အိပ် အိပ်ခန်းနှစ်ခန်းတည်းရှိ၍ နှစ်ခန်းစလုံး အားနေပါသည်" ဟု ဆိုင်ရှင်က ပြောလိုက်သောအခါ ကျွန်တော်တို့နှင့် အသင့်တော်ဆုံးနေရာဟု ဆိုနိုင်၏။ အကောင်းဆုံးသော အချက်မှာ ဆိုင်ထဲတွင် ဆိုင်ရှင်လင်မယားနှင့် ဂျက်ဟု ခေါ်သော စားပွဲထိုးတစ်ဦးမှ လွဲ၍ လူစိမ်းတစ်ယောက် မျှ မရှိခြင်း ဖြစ်လေသည်။

ကျွန်တော်သည် ကမ်းစပ်သို့ ပြန်ဆင်းပြီး လှေပေါ်မှ လူများကို ခေါ် လာခဲ့ပါသည်။ မီးဖိုဘေး၌ ထိုင်၍ မီးလှုံရင်း ညစာစားကြပါသည်။ ဆိုင်ထဲတွင် လူစိမ်းဧည့်သည် ဆို၍ တစ်ယောက်မှ မရှိသဖြင့် ဤတစ်ည ဤဆိုင်မှာပင် စခန်းချရန် ဆုံးဖြတ်ကြသည်။ နှစ်ယောက်အိပ်အခန်း နှစ်ခန်းရှိနေသည် ဖြစ်ရာ တစ်ခန်းတွင် ဟားဘတ်နှင့် စတားတော့တို့ အိပ်ပြီး ကျန်တစ်ခန်းတွင် ကျွန်တော်နှင့် ပရိုးဗစ်တို့ အိပ်ကြမည်ဟု စီစဉ်ကြပါသည်။

ညစာစားအပြီးတွင် ကျွန်တော်တို့ လူစုသည် မီးဖိုဘေး၌ ထိုင်၍ နားနေကြပါသည်။ စားပွဲထိုး ဂျက်သည် ထောင့်တစ်ထောင့်တွင် ထိုင်ကာ ကျွန်တော်တို့အား စကားစမြည် ပြောလျက် ရှိသည်။ သူသည် ရေနစ်၍ သေသွားသော သင်္ဘောသားတစ်ယောက်ထံမှ ချွတ်ယူလာသည့် ဖိနပ်တစ်ရန်ကို အထူးအဆန်းပစ္စည်းတစ်ခုအဖြစ် ပြနေရာမှ လူလေးယောက် လှော်သော လှေတစ်စီးနှင့် လမ်းတွင် တွေ့ခဲ့ပါသလားဟု ကျွန်တော့်အား မေးသည်။ ကျွန်တော်က မတွေ့ခဲ့ကြောင်း အဖြေပေးသည့် အခါ သူက ရေစုန်နှင့် မျှောပြီး အောက်ဘက်သို့ သွားသည် ဟု ထင်ကြောင်း ပြောသည်။

"အောက်ဘက်ကို ဆင်းသွားရင် ပိုကောင်းမယ်ထင်လို့ နဲ့ တူပါတယ် " ဟု သူက ဆိုသည်။

"ခင်ဗျားပြောတာ လူလေးယောက်လှော်တဲ့ လှေနော်" ဟု ကျွန်တော်က ထပ်မေးသည်။

"ဟုတ်တယ်. လူလေးယောက်လှော်တဲ့ လှေ၊ နှစ်ယောက်က အလယ် က

ထိုင်လိုက်လာတယ်"

"သူတို့ ဒီဆိုင်ကို လာသေးသလား"

"လာတယ် နှစ်ဂါလန်ဝင်ဘူးကြီးနဲ့ ဘီယာတက်ဝယ်တာ၊ သူတို့ ဝယ်သွားတဲ့ ဘီယာထဲမှာ အဆိပ်ခတ်လွှတ်လိုက်ရရင် အကောင်းသား"

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့လဲဆိုတော့" ဟု ဂျက်က စကားစသည်။

သူ့စကားမဆုံးမီ ဆိုင်ရှင်က "သူက အဲဒီလှေပေါ်ကလူတွေကို အကောက်ဌာနက ဝန်ထမ်းတွေလို့ ထင်နေတယ်။ မင်း အဲသလို ထင်နေတယ် မဟုတ်လား ဂျက်" ဟု လှမ်းပြောသည်။

"ကျုပ်ကတော့ အဲသလိုပဲ ထင်တယ်"

"ဒါ ဆိုရင်တော့ မင်းမှားပြီ ဂျက်"

"ကျုပ်မှားတယ် ဟုတ်လား၊ လူလေးယောက်ရယ် အလက်ထိုင်တဲ့ လူနှစ်ယောက်ရယ်ပါတဲ့ လှေက အပျင်းပြေ လှေစီးထွက်တာတော့ မဖြစ်နိုင်ဘူးဗျ၊ လှေက စုန်လိုက်ဆန်လိုက် လုပ်နေတာ၊ အကောက်ဌာနက ကောင်တွေမို့သာ အခုလို သွားချည်ပြန်ချည် လုပ်နေတာ ဖြစ်မှာပဲ"

ဂျက်ပြောလိုက်သည့် လေသံသည် သူ့အထင်မှန်သည် ဟု ယုံကြည်ချက် အခိုင်အမာ ရှိနေသော လေသံ ဖြစ်၏။ သူတို့ နှစ်ယောက်သည် ဆက်၍ အငြင်းအခုံ ဖြစ်နေကြသည်။ နောက်ဆုံးတွင် ဂျက်က လှေလှော် သမားလေးယောက်နှင့် အလယ်မှာ စတိုင်နှင့် ထိုင်လာသူနှစ်ဦးမှာ အသွင်အပြင် ကြည့်ရုံမျှဖြင့် အကောက်ဌာနမှ အရာရှိနှင့် တပည့်များ ဖြစ်သည် ဟု ပြောနိုင်ကြောင်း သူတို့ လူစုသည် လှေတစ်စီးနှင့် ဤအနီးအနား တစ်ဝိုက်တွင် စုန်လိုက်ဆန်လိုက်လုပ်ကာ တိတ်တဆိတ် ခိုးသွင်းမည့် ပစ္စည်းများ ဖမ်းဆီးရန် လိုက်လံချောင်းမြောင်းနေခြင်း ဖြစ်သည် ဟု သူ ယုံကြည်ကြောင်း အခိုင်အမာ ပြောလေသည်။

ဆရာနှင့် တပည့် အချီအချ ပြောနေကြသည့် စကားများကို နား ထောင်နေကြသော ကျွန်တော်တို့ လူစုသည် ရင်တမမ ဖြစ်နေကြရလေသည်။ အထူးသဖြင့် ကျွန်တော်သည် အလွန်အမင်း စိတ်ပူလျက် ရှိသည်။ ဆိုင်အပြင်ဘက်တွင် လေသည် ခပ်ကြမ်းကြမ်း ဝှေ့ယမ်းတိုက်ခတ်လျက် ရှိ၏။ ကမ်းစပ်မှ ပြင်းထန်သော လှိုင်းပုတ်သံများကိုလည်း ကြားနေရ၏။ ကျွန်တော်တို့ လူစုသည် ချောင်ပိတ်ဖမ်းခြင်း ခံရတော့မည်ဟု စိတ်က ထင်နေမိသည်။ လူလေးယောက်လှော်သောလှေတွင် အလယ်မှ လူနှစ်ယောက် ထိုင်လိုက်လာသည် ဟူသော သတင်းစကားသည် ကျွန်တော်တို့ အတွက် စိတ်မအေးစရာ ဖြစ်၏။ ကျွန်တော်သည် ပရိုးဗစ်အား အိပ်ရာသို့ ပို့ပေးပြီးသောအခါ သူငယ်ချင်းနှစ်ယောက်ကို ခေါ်၍ ဆိုင်အပြင်သို့ ထွက်ခဲ့သည်။ ယခုအချိန်တွင် စတားတော့သည် အခြေအနေ အားလုံးကို သိနေသည် ဖြစ်ရာ သုံးယောက်သား ဤကိစ္စကို ဆွေးနွေးတိုင်ပင်ကြပါသည်။ ကျွန်တော်တို့ အနေဖြင့် သင်္ဘောကြီးများ

ဆိုက်ရောက်လာမည့် မနက်ဖြန်နေ့လယ် တစ်နာရီအထိ ဤဆိုင်မှပင် စောင့်ကြမည်လော။ သို့မဟုတ် မနက်ဖြန် မနက်စောစော ဤဆိုင်မှ ထွက်ခွာသွားကြမည်လော။ ဤနှစ်ချက်ကို ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ကြသည်။ အားလုံးခြုံ၍ စဉ်းစားလိုက်သည့် အခါ ကျွန်တော်တို့ အနေဖြင့် ယခုရောက်နေသည့် နေရာမှ စောင့်ဆိုင်းပြီး သင်္ဘောကြီးများ ရောက်လာမည့် အချိန်မတိုင်မီ တစ်နာရီခန့်စော၍ ဤနေရာမှ ထွက်ခွာခြင်းသည် အကောင်းဆုံးသောနည်း ဖြစ်လိမ့်မည်ဟု သဘောရကြပါသည်။ ကျွန်တော်တို့ သုံးယောက်သည် ဤအချက်ကို သဘောတူချမှတ်ပြီးသောအခါ အိပ်ရာဝင်ခဲ့ကြသည်။

ကျွန်တော်သည် အဝတ်အစားများကို မချွတ်တော့ဘဲ အိပ်ရာဝင်ခဲ့လိုက်ပါသည်။ နာရီ အနည်းငယ်မျှတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ ကျွန်တော် တစ်ရေး ပြန်နိုးလာချိန်တွင် လေသည် ပိုမို၍ ထန်လျက် ရှိသည်။ အပြင်ဘက်မှ စားသောက်ဆိုင် ဆိုင်းဘုတ်သည် တဝုန်းဝုန်း ခါယမ်းကာ တဖြုန်းဖြုန်း ရိုက်ခတ်လျက် ရှိသည်။ ဤရိုက်ခတ်သံများကြောင့်ပင် ကျွန်တော် လန့်နိုးလာခြင်း ဖြစ်၏။ ပရိုးဗစ်ကတော့ စိတ်အေးနားအေး အိပ်ပျော်နေသည်။ ကျွန်တော်သည် အိပ်ရာ ပေါ်မှ အသာဆင်းကာ ပြတင်းပေါက်မှ ရပ်၍ အပြင်သို့ မျှော်ကြည့်လိုက် မိ၏။ ကျွန်တော်တို့ လှေ ဆိုက်ကပ်ထားသည့် နေရာကို အပေါ်မှ စီး၍ မြင်နေရသည်။ တိမ်ဖုံးနေသဖြင့် လရောင်က မှုန်ဝါးဝါး။ ပထမတွင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ၊ ကြာကြာကြည့်နေခါမှ မျက်စိကျင့်သားရခါ လှေကလေးကို ငုံ့ကြည့်နေသော လူနှစ်ယောက်ကို မြင်ရသည်။ လူနှစ်ယောက်သည် ကျွန်တော်ရပ်နေသည့် ပြတင်းပေါက် အောက်မှ ဖြတ်ကာ စိမ့်မြေတောများ ဘက်သို့ ဦးတည်၍ လျှောက်သွားလျက် ရှိလေသည်။

ကျွန်တော်သည် ဟားဘတ်ကိုနှိုး၍ လူနှစ်ယောက်ကို ပြမည်ဟု စိတ်ကူးကာ ဟားဘတ်တို့၏ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ သို့သော်လည်း တစ်နေ့လုံး လှေလှော်ထားရသဖြင့် အဆမတန်ပင်ပန်းပြီး ခြေပစ်လက်ပစ် အိပ်မောကျနေကြရှာသော ဟားဘတ်နှင့် စတားတော့တို့၏ အဖြစ်ကို မြင်လိုက်ရသောအခါ မနှိုးရက်အောင် ဖြစ်သွားရသည်။ ကျွန်တော်သည် ပြတင်းပေါက်သို့ ပြန်သွားပြီး လူနှစ်ယောက်ကို ကြည့်ပြန်ပါသည်။ လူနှစ်ယောက်သည် ရွှံ့ညွန်များ ပေါ်မှ ဖြတ်လျှောက်သွားလျက် ရှိ၏။

ကျွန်တော် ကြည့်နေခိုက်မှာပင် မျက်စိအောက်မှ ပျောက်သွားသည်။ ကျွန်တော်သည် အိပ်ရာပေါ်ပြန်လှဲကာ လူနှစ်ယောက်အကြောင်းကို တွေးပြီး စိတ်မအေး ဖြစ်နေရင်းမှပင် အိပ်ပျော်သွားပြန်လေသည်။

ကျွန်တော်တို့ အားလုံး စောစောစီးစီးပင် နိုးလာကြသည်။ လေးယောက်သား နံနက်စာစားပွဲ၌ ဆုံမိကြသောအခါ ကျွန်တော်က ယမန်နေ့ညက မြင်ခဲ့ရသည့် လူနှစ်ယောက်အကြောင်းကို ပြောပြပါသည်။ ကျွန်တော်တို့ အားလုံး စိုးရိမ်ပူပန်မှု အနည်းဆုံးလူက ပရိုးဗစ် ဖြစ်၏။ ကျန်လူစုမှာ

တုန်လှုပ်နေကြသော်လည်း သူကတော့ အေးအေးဆေးဆေးပင် ဖြစ်သည်။ စားပွဲထိုး ထင်နေသကဲ့သို့ပင် သူကလည်း အကောက်ဌာနမှ ဝန်ထမ်းများ ဖြစ်လိမ့်မည်ဟု ယူဆကြောင်း၊ အကောက်ဌာနမှ လူများ ဖြစ်ပါက မိမိတို့အား လိုက်၍ နှောင့်ယှက်လိမ့်မည်မဟုတ်ဟု သူထင်ကြောင်း ပြောသည်။ မတတ်နိုင်တော့ပါ။ ပရိုးဗစ်ပြောသလို ဖြစ်လိမ့်မည်ဟု ယုံကြည်လာအောင် ကိုယ့်ကိုယ်ကိုယ် အားပေးရပါသည်။ မည်သို့ပင်ဖြစ်စေ သတိဆိုသည်မှာ ပိုသည် မရှိပါ။ ကျွန်တော်က ကျွန်တော်တို့လေးယောက် နှစ်စုခွဲ၍ သွားရန် အကြံပေးသည်။ ကျွန်တော့်အစီအစဉ်အရ ပရိုးဗစ်နှင့် ကျွန်တော်က ယခုအချိန်ကတည်းက ရေ့မှ သွားနှင့်ပြီး တစ်နေရာမှ စောင့်နေရန် ဖြစ်သည်။ ဟားဘတ်နှင့် စတားတော့တို့ က မွန်းတည့်ချိန်လောက်ကျမှ နောက်ကလှေနှင့် လိုက်လာရန် ဖြစ်သည်။ သူတို့ လှေကို တွေ့ခါမှ ကျွန်တော်တို့က လှေပေါ်သို့ တက်ပြီး လိုရာခရီးကို ဆက်ကြရန် ဖြစ်၏။ ဤအစီအစဉ်ကို အားလုံးက အလွန်ကောင်းသော ကြိုတင်ပြင်ဆင်မှုတစ်ခုဟု ယူဆကြသည်။ ဤသို့ဖြင့် ကျွန်တော်နှင့် ပရိုးဗစ်တို့သည် နံနက်စာစားပြီးလျှင်ပြီးချင်း ထမင်းဆိုင်ထဲမှ ထွက်ခဲ့ကြလေသည်။ ကျွန်တော်တို့ နှစ်ယောက် လျှောက်လာနေခိုက်တွင် ပရိုးဗစ်သည် စကားများများ မပြောဘဲ ဆေးတံကို ခဲကာ ငြိမ်ဆိတ်စွာပင် လိုက်ပါလာသည်။ တစ်ခါတစ်ရံတွင် မူ လျှောက်သွားနေရင်းမှ ရပ်ကာ ကျွန်တော်ပခုံးကို ကိုင်ထားပါသည်။ ကျွန်တော့် ကို ဘာမှ မပူရန် အားပေးခြင်း ဖြစ်၏။ သူ့မျက်နှာထားသည် တည်ငြိမ် အေးဆေးလှသည်။ ဘေးလူတစ်ယောက် အနေဖြင့် ဘေးအန္တရာယ် ရှိနေသူမှာ သူမဟုတ်။ ကျွန်တော်ဟုပင် ယူဆ ရတော့မလို ဖြစ်လျက်ရှိ၏။ ကျွန်တော်တို့သည် စကားများများ မပြောကြဘဲ လျှောက်လာခဲ့ကြသည်။ ကျွန်တော်တို့ ပုန်းအောင်းနေရန် အသင့်တော်ဆုံးဟု ယူဆရသော နေရာကို အဝေးမှပင် လှမ်းမြင်နေရပါသည်။ ကျွန်တော်က သူ့အား လုံခြုံသောတစ်နေရာ၌ ပုန်းအောင်းနေရန် မှာထားခဲ့ပြီး တစ်ယောက်တည်း ထွက်လာခဲ့သည်။ ပတ်ဝန်းကျင်၌ လုံခြုံမှုရှိ,မရှိ လေ့လာရန် ဖြစ်၏။ အနီးအနားတစ်ဝိုက်တွင် လှေဆိုက်ထားသည် ကို မတွေ့ရပါ။ ဤနေရာတွင် ယမန်နေ့ညက လှေဆိုက်ကပ်ထားသည့် အစအနနှင့် လူသူလေးပါး ခိုနားခဲ့သည့် ခြေရာလက်ရာများကိုလည်း မမြင်ရပါ။ သို့သော်လည်း ကျွန်တော်တို့ ရောက်လာသည့် အချိန်သည် ဒီရေတက်ချိန်ဖြစ်သည်။ အကယ်၍ ယမန်နေ့ညက ဤနေရာသို့ လူများ တက်ရောက် ခိုနားခဲ့ပါမူ သူတို့ ခြေရာများကို ကျွန်တော် တွေ့နိုင်တော့မည် မဟုတ်။ သူတို့ ခြေရာများသည် ယခုအချိန်တွင် ရေအောက်၌ ရောက်နေကြပေတော့မည်။

ကျွန်တော်က ဦးထုပ်ကို ဝှေ့ယမ်းပြလိုက်သည့် အခါ ပရိုးဗစ်သည် သူပုန်းနေသော နေရာမှ ထွက်ပြီး ကျွန်တော်ထံ ရောက်လာသည်။ နှစ်ယောက်သား ကျွန်တော်တို့ ရောက်အလာကို ထိုနေရာမှပင် စောင့်ကြပါသည်။ တစ်ခါတစ်ရံတွင်

ကျွန်တော်တို့သည် အနွေးထည် အင်္ကျီကြီးများကို တစ်ကိုယ်လုံး လုံသွားအောင် တင်းတင်းကျပ်ကျပ် ရစ်ပတ်ပြီးလဲလျောင်းနေကြသည်။ တစ်ခါတစ်ရံ ကျတော့လည်း အေးလွန်းသဖြင့် နွေးနွေးထွေးထွေး ရှိစေရန် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရပါသည်။ ဤသို့ဖြင့်ပင် နောက်ဆုံးတွင် ကျွန်တော်တို့လှေ ကို မြင်ကြရသည်။ လှေပေါ်သို့ ချောချောမောမောပင် တက်နိုင်ခဲ့ကြပါသည်။ ကျွန်တော်တို့ လှေသည် သင်္ဘောကြီး ရောက်လာလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားသော နေ့ခင်းတစ်နာရီဆယ်မိနစ် အချိန်တွင် ကျွန်တော်တို့သည် သင်္ဘောခေါင်းတိုင်မှ ထွက်မည့် မီးခိုးများကို မြင်ရလိုမြင်ရငြား တမျှော်မျှော် ဖြစ်နေကြပါသည်။

သို့သော်လည်း သင်္ဘောခေါင်းတိုင်မှ မီးခိုးများကို မြင်ရသည့် အချိန်တွင် တစ်နာရီခွဲနေပေပြီ။ ချက်ချင်းလိုလိုပင် ပထမဆုံး မြင်လိုက်ရသည့် မီးခိုးတန်းနောက်မှ အခြား မီးခိုးတန်းတစ်တန်း ထွက်လာနေသည် ကို မြင်ရပြန်၏။ ကျွန်တော်တို့ တွက်ထားသည့် အတိုင်းပင် သင်္ဘောနှစ်စင်းသည် ရှေ့နောက်တန်း၍ လာလျက်ရှိလေပြီ။ ကျွန်တော်နှင့် ပရိုးဗစ်သည် ကိုယ့်အိတ်ကလေးကို ကောက်၍ လွယ်လိုက်ကြပြီး ဟားဘတ်နှင့် စတားတော့တို့ အား နှုတ်ဆက်ကြသည်။ တစ်ယောက်လက် တစ်ယောက်ဆွဲ၍ နှုတ်ဆက်နေကြသော ဟားဘတ်နှင့် ကျွန်တော်တို့မှာ မျက်ရည်မကျဘဲ မနေနိုင်ကြပါ။ ထိုအခိုက်မှာပင် မြင်ကမ်းပါးတစ်နေရာမှ လူလေးယောက် လှော်သော လှေတစ်စီးသည် ဘွားခနဲ ထွက်လာပြီး ကျွန်တော်တို့ လှေ၏ ရှေ့တည့်တည့်သို့ ဦးတည်ပြီး လှော်ခတ်လျက် ရှိသည် ကို မြင်လိုက်ရပါသည်။

ထိုအခိုက်မှာပင် ရှေ့မှ သင်္ဘောသည် ကျွန်တော်တို့ ဆီသို့ တည့်တည့်ကြီး ဦးတည်လျက် ခုတ်မောင်းလာနေသည် ကို မြင်ရသည်။ ကျွန်တော်က ဟားဘတ်နှင့် စတားတော့တို့ အား လှေကို ဒီရေနှင့် အတူ လိုက်နေနိုင်ရန် အားထုတ်၍ လှော်ခတ်ဖို့ သတိပေးသည်။ ပရိုးဗစ်ကိုလည်ႏး အနွေးထည်အင်္ကျီကြီးဖြင့် လုံအောင်ခြုံ၍ သူ့နေရာ၌ ငြိမ်ငြိမ်ကလေး ထိုင်နေရန် လှမ်းပြောလိုက်သည်။ ပရိုးဗစ်က "စိတ်ချပါ လူကလေးရယ်" ဟု ပြန်ပြောပြီး သူ့နေရာတွင် ကျောက်ရုပ်တစ်ရုပ်သဖွယ် ထိုင်လျက် ရှိလေသည်။ ဤအတောအတွင်းမှာပင် လူလေးယောက် လှော်လျက်ရှိသော လှေသည် ကျွန်တော်တို့ လှေရှေ့မှ ဖြတ်ကာ တစ်ဖက်သို့ ရောက်သွားပြီး ကျွန်တော်တို့လှေနှင့် ရင်ပေါင်တန်းလျက် ရှိသည်။ ထိုလှေသည် ကျွန်တော်တို့လှေ ရေစုန်နှင့် မျောလိုက်နေသည့် အခါ သူကလည်း မျောလိုက်သည်။ ကျွန်တော်တို့ လှေက အားထုတ်၍ ခပ်မြန်မြန် လှော်ခတ်လျှင် သူတို့ကလည်း ခပ်မြန်မြန် လှော်ကြသည် ကို တွေ့ရ၏။ လှေအလယ်တွင် ထိုင်နေသူနှစ်ဦးအနက် တစ်ဦးသည် ပဲႇကြိုးကိုကိုင် ထားပြီး ကျွန်တော်တို့ ဘက်သို့ မျက်ခြည်မပြတ် ကြည့်လျက်ရှိသည်။ ကျန်တစ်ဦးကမူ ပရိုးဗစ်ကဲ့သို့ ထိုင်နေသည်။ သူသည် ကျွန်တော်တို့ လှေကို အစဉ်တစိုက်ကြည့်နေသော ပဲႇကိုင်သမားအား

ရံဖန်ရံခါ ခပ်တိုး တိုးလှမ်း၍ စကားပြောလျက် ရှိသည်။ တစ်လှေနှင့် တစ်လှေကား လှမ်း၍ စကားမပြောကြချေ။

မိနစ်အနည်းငယ်မျှ ကြာသောအခါ စတားတော့သည် ရှေ့မှ လာနေသည့် သင်္ဘောကို ခွဲခြား နိုင်လာသည်။ ကျွန်တော့်ဘက်လှည့်၍ "ဟမ်းဘတ်သို့သွားမယ့် သင်္ဘောဗျ" ဟု လှမ်းပြောသည်။ သင်္ဘောကြီးသည် အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းလာနေသည် ဖြစ်ရာ ကျွန်တော်တို့ နှင့် လျင်မြန်စွာ နီးကပ်လာလျက် ရှိ၏။ စက်သံများမှာလည်း ပို၍ ကျယ်လောင်လာသည်။ သင်္ဘော၏ အရိပ်ကြီးသည်ပင်လျှင် ကျွန်တော်တို့ လှေပေါ်ကျလာသည် ဟု စိတ်က ထင်လိုက်မိ၏။ ဤအခိုက်မှာပင် တစ်ဖက်လှေမှ လူတစ်ယောက်က လက်ဝှေ့ယမ်းပြသဖြင့် ကျွန်တော်က ပြန်၍ ဝှေ့ယမ်းပြလိုက်ပါသည်။

"ခင်ဗျားတို့ လှေပေါ်မှာ ထောင်ပြေး တစ်ကျွန်းပြန်တစ်ယောက်ပါလာတယ်လို့ သတင်း ရထားတယ်" ဟု ပဲ့ကြိုးကိုင်ထားသောလူက အော်ပြောသည်။ "လှေလယ်ခေါင်မှာ အင်္ကျီကြီးဝတ်ပြီး ထိုင်နေတဲ့ လူဟာ သူပဲ၊ သူ့နာမည်က အေဘဲလ်မက်ဝစ်ချ် လို့လည်း ခေါ်တယ်။ ပရိုးဇစ်လို့လည်း ခေါ်တယ်။ အဲဒီလူကို ကျွန်တော်တို့ ဖမ်းရလိမ့်မယ်။ အဖမ်းခံပါ။ ခင်ဗျားတို့ ကလည်း ကူညီပါ"

သူ့စကားဆုံးသည် နှင့် တစ်ပြိုင်နက် သူလှေသမားများကို လက်ဟန် ခြေဟန်ပြ၍ ကျွန်တော်တို့ လှေနှင့် ဘေးချင်းကပ်မိအောင် လှော်ခိုင်းသည်။ သူတို့ လူစုဘက်မှ ဘာတွေ လုပ်နေသည် ကို သဲသဲကွဲကွဲ မသိလိုက် ရခင်မှာပင် သူတို့ လှေသည် ကျွန်တော်တို့ လှေဘေးသို့ ရောက်လာပြီး လှေပေါ်မှ လူများက ကျွန်တော်တို့ လှေကို ဝိုင်းဆွဲထားကြသည်။ ဤအဖြစ်အပျက်သည် သင်္ဘောကြီးပေါ်မှ လူစုကိုပါ ယောက်ယက်ခတ် သွားစေသည်။ သင်္ဘောကြီးပေါ်မှ လူတချို့သည် ကျွန်တော်တို့ ဘက်သို့ လှည့်၍ ဆူညံစွာ အော်ဟစ်နေကြသည်။ တချို့ကတော့ စက်ကို ရပ်လိုက်ဖို့ အော်ပြောနေကြသည်။ အော်သံများ နှင့် တစ်ပြိုင်နက်လိုလိုပင် စက်ရပ်ဖို့ အမိန့်ပေးသူနှင့် စက်ရပ်သံများကို ကြားလိုက်ရသည်။ ကျွန်တော့်စိတ်တွင် ကျွန်တော်တို့ လှေကို သင်္ဘောဦးပိုင်းက ဝင်တိုက်တော့မည်ဟု ထင်လိုက်မိ၏။ တစ်ချိန်တည်းမှာပင် တစ်ဖက်လှေပေါ်မှ ပဲ့ကြိုးကိုင်သူက ပရိုးဇစ်၏ ပခုံးတစ်ဖက်အား လှမ်းဆွဲလိုက်သည် ကိုလည်း ကောင်း၊ သူလှမ်းဆွဲလိုက်သည့် အရှိန်ဖြင့် လှေနှစ်စင်းလုံး ချာလပတ်လည်သွားသည် ကိုလည်းကောင်း မြင်လိုက်ရ၏။ တစ်ချိန်တည်းလိုလိုပင် လှေအလယ်ခေါင်၌ ကုပ်၍ ထိုင်နေသူ၏ အနွေးထည် အင်္ကျီကြီးအား ဆွဲဖယ်ပစ်လိုက်သည် ကိုလည်းကောင်း မြင်လိုက်ရ၏။ တစ်ဆက်တည်း ဆိုသလိုပင် အနွေးထည်အင်္ကျီကြီးအောက်မှ ပေါ်လာသော မျက်နှာသည် လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာကြာက ကျွန်တော် မြင်ဖူးခဲ့သည့် ထောင်ပြေးတစ်ယောက်၏ မျက်နှာဖြစ်နေသည် ကို မှတ်မိလိုက်၏။ ထိုမျက်နှာသည် ထိတ်လန့်ကြောက်ရွံ့လွန်း အားကြီးသဖြင့် တစ်မျက်နှာလုံး

သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေသည် ကိုလည်း သတိထားမိသည်။ ထို့နောက် သင်္ဘောကြီးပေါ်မှ ကြောက်လန့်တကြား အော်ဟစ် လိုက်သည့် အသံများ နှင့် အတူ ဝုန်းခနဲမြည်သွားသော ရေသံကို ကြားလိုက်ရပြီး ကျွန်တော့်ခြေထောက်များ လှေအောက်မှ ရေထဲသို့ ဖြန်းခနဲ နစ်မြုပ်သွားသည် ကို သိလိုက်ရပါသည်။

ကျွန်တော်သည် ရေထဲ၌ အတန်ကြာမျှ ယက်ကန်ယက်ကန် ဖြစ်နေသည်။ ထို့နောက် တစ်ဖက်လှေပေါ်သို့ ဆွဲတင်ခြင်းခံလိုက်ရ၏။ ဟားဘတ်နှင့် စတားတော့တို့ နှစ်ဦးစလုံး ထိုလှေပေါ်၌ ရောက်နေသည် ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ လှေမှာ ရေပြင်ပေါ်တွင် မရှိတော့ပါ။ ပရိုးဗစ်နှင့် သူ့ရန်သူ ထောင်ပြေးတို့ ကိုလည်း မမြင်ရတော့ပါ။

သင်္ဘောကြီးပေါ်မှ အော်ဟစ်သံများ၊ အဆက်မပြတ် ဆွဲနေသည့် သင်္ဘောဥသြသံများ နှင့် ဆက်လက်ခုတ်မောင်းသွားသည့် စက်သံများ၊ ကျွန်တော့်ခေါင်းထဲတွင် အားလုံး အရောရော အနှောနှော ဖြစ်ကာ ရှုပ်ထွေးလျက် ရှိ၏။ ပထမတွင် ကျွန်တော်သည် ကောင်းကင်နှင့် ရေပြင်၊ ကမ်းခြေတစ်ဖက်နှင့် တစ်ဖက်ကိုပင် ခွဲခြား၍ မသိ၊ ကပြောင်းကပြန် ဖြစ်လောက်အောင် လူးလိမ့်နေသော လှေထဲတွင် ကျွန်တော်သည် ချာချာလည်လျက် ရှိသည်။ သို့သော်လည်း နောက်တစ်ခဏမျှ အတွင်းတွင် လှေသမားများက လှေကို ဝိုင်းထိန်းကြသဖြင့် ပြန်ငြိမ်သွားသည်။ လှေပေါ်မှ လူများသည် ရေပြင်ကိုသာ ငြိမ်ဆိတ်စွာ စိုက်ကြည့်နေကြ၏။ မကြာခင်မှာပင် ပဲ့ပိုင်းရှေ့ ခပ်လှမ်းလှမ်းမှ မည်းမည်းအရာတစ်ခု ကျွန်တော်တို့ ဘက်သို့ မျောလာသည် ကို မြင်ရသည်။ ပဲ့ကြိုးကိုင်သူက လက်တစ်ဖက်ကို တန်း၍ အသင့်စောင့်နေသည်။ ကျွန်တော်တို့ နှင့် နီးလာကာမှပင် မက်ဝစ်ချ်ဖြစ်နေမှန်း သိရ၏။ သူသည် ရေကူး၍ လာနေခြင်း ဖြစ်သည်။ သို့သော်လည်း ကောင်းကောင်း မကူးနိုင်။ သူ့ကို လှေပေါ်သို့ ဆွဲတင်လိုက်ကြပြီး လှေပေါ်ရောက်သည် နှင့် တစ်ပြိုင်နက် လက်ထိတ်ရော ခြေချင်းပါ ခတ်လိုက်ကြလေ၏။

လှေသမားများသည် လှေကိုဆက်၍ မလှော်သေးဘဲ ငြိမ်အောင်သာ ထိန်းထားကြသည်။ လူအားလုံးပင် တိတ်ဆိတ်စွာဖြင့် ရေပြင်ကို ကြည့်နေကြပြန်၏။ သို့သော်လည်း ရော့တာဒမ် သို့သွားမည့် သင်္ဘောသည် နောက်မှ ခုတ်မောင်းလာလျက် ရှိလေပြီ။ ရေပြင်ပေါ်၌ ဖြစ်ပေါ်နေသော အရေးအခင်းကို မသိသဖြင့် သင်္ဘောသည် အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းလာနေခြင်းဖြစ်ရာ ကျွန်တော်တို့ က ဆီး၍ အော်ကြဟစ်ကြ လက်ပြကြသော်လည်း အရှိန်မသတ်နိုင်တော့ပေ။ နောက်တစ်ခဏအတွင်းမှာပင် သင်္ဘောတစ်စီးသည် ကျွန်တော်တို့ နှင့် ဝေးသွားသည်။ သင်္ဘောကြီးနှစ်စင်း ခုတ်မောင်းသွားသည့် အရှိန်ကြောင့် တက်ချည်တစ်ခါ ကျချည်တစ်လှည့် ဖြစ်နေသော လှိုင်းလုံးကြီးများကြားတွင် ကျွန်တော်တို့ လှေသည် နိမ့်ချည်မြင့်ချည် ဖြစ်လျက်ရှိသည်။ သင်္ဘောကြီးများသည် ဝေး၍ ဝေး၍ သွားသည်။ ရေပြင်သည်

ပြန်၍ တည်ငြိမ်လာသည်။ သို့သော်လည်း ရေထဲမှ နောက်ထပ် ပေါ်လာသူ မရှိတော့သဖြင့် မျှော်လင့်ချက်မရှိတော့ဟုပင် လူတိုင်းက သိလာကြလေ၏။

နောက်ဆုံးတွင် ကျွန်တော်တို့သည် လက်လျှော့လိုက်ကြပြီး လှေကို ကမ်းသို့ကပ်ကာ စောစောက ရောက်ခဲ့သော စားသောက်ဆိုင်သို့ဝင်၍ ခဏတစ်ဖြုတ် နားကြသည်။ ကျွန်တော်က မက်ဝစ်ချ်၏ (နောက်ထပ် သူ့ကို ပရိုးဖစ်ဟု ခေါ်စရာ အကြောင်းမရှိတော့ပါ) အခြေအနေကို စုံစမ်း မေးမြန်းကြည့်ရာ ရင်ဘတ်တွင် ပြင်းထန်သော ဒဏ်ရာတစ်ချက်နှင့် ခေါင်းတွင် တစ်ချက် ကွဲသွားသည်ကို တွေ့ရသည်။ ခေါင်းမှ ဒဏ်ရာများလည်း အတော်ကလေး နက်သည် ကို တွေ့ရပါသည်။

သူက ကျွန်တော့်အား သူသည် သင်္ဘောကြီး၏ ဝမ်းဗိုက်အောက်သို့ ရောက်သွားသည် ဟု ယူဆကြောင်း၊ ကံအားလျော်စွာ ပြန်ထွက်လာနိုင်သည့် အခါကျမှ သူ့ဦးခေါင်းသည် သင်္ဘောဝမ်းဗိုက်အစွန်းနှင့် ဆောင့်မိပြီး ကွဲသွားသည် ထင်ကြောင်း၊ ရင်ဘတ်မှ ဒဏ်ရာမှာ မူ (ဤဒဏ်ရာကြောင့် သူသည် များစွာအသက်ရှူကျပ်နေရှာသည်) လူလေးယောက်လှော်သော လှေ၏ စောင်းနှင့် အရှိန်ပြင်းစွာ ဆောင့်မိခဲ့သည် ဟု သူထင်ကြောင်း ပြောပြသည်။ ကွန်ပီဆင်နှင့် ပတ်သက်၍ကား ဖြစ်ခဲ့သမျှကို ခြွင်းချန်ထားခြင်း မရှိပါ။ သူက ကွန်ပီဆင်၏ ကိုယ်ပေါ် ခြုံ ထားသော အင်္ကျီကြီးကို ဆွဲဖယ်လိုက်သောအခါ ကွန်ပီဆင်သည် ကြောက်လွန်းသဖြင့် ကောင်းကောင်းပင် မရပ်နိုင်အောင် ဖြစ်နေကြောင်း၊ နောက်ဆုံးတွင် သူက အတင်းဝင်လုံးသဖြင့် နှစ်ယောက်သား ထွေးလုံးရစ်ပတ်ဖြစ်ကာ လှေပေါ်မှ လွင့်စဉ်၍ ကျသွားကြကြောင်း ပြောပြသည်။ ထို့နောက် သူတို့ နှစ်ယောက်သည် ရေအောက်ရောက်သွားသည် အထိ တစ်ယောက်ကိုတစ်ယောက် မလွှတ်ဘဲ အသေအကြေ သတ်ပုတ်နေကြကြောင်း၊ နောက်ဆုံးတွင် သူက ကွန်ပီဆင်ကို လွှတ်ပစ်ခဲ့ပြီး ကိုယ်လွတ်ရုန်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ကျွန်တော့်အား နှစ်ကိုယ်ကြား တိုးတိုးလေသံဖြင့်ကပ်၍ အသိပေးသည်။

ကျွန်တော့်အနေဖြင့် မူ သူပြောပြသမျှအပေါ်၌ သံသယဖြစ်စရာအကြောင်း မရှိတော့ပါ။ လှေပဲ့ကြိုးကို ကိုင်လာသော အရာရှိကိုယ်တိုင်က သူမြင်တွေ့ခဲ့သမျှကို ပြောပြခဲ့ပြီးပြီဖြစ်ရာ အရာရှိပြောသမျှသည် မက်ဝစ်ချ်ပြောပြပုံနှင့် ထူးထူးခြားခြား ကွဲလွဲချက် မရှိပေ။

မက်ဝစ်ချ်၏ အဝတ်အစားများမှာ ရွှဲရွှဲစိုလျက် ရှိသဖြင့်လဲလှယ်ပေးခွင့် တောင်းရာ အရာရှိက ရှောရှောရှူရှူပင် ခွင့်ပြုပါသည်။ ကျွန်တော်သည် ချက်ချင်းပင် ကြံ့ရာဆိုင်တစ်ဆိုင်မှ အဝတ်အစားများကို ဝယ်ပြီးလဲလှယ်ပေးလိုက်ပါသည်။ အရာရှိအနေဖြင့် သူ့မှာ တာဝန်ရှိနေသည့် အတိုင်း မက်ဝစ်ချ်၏ ကိုယ်ပေါ်မှ တွေ့သမျှပစ္စည်းများကို သိမ်းဆည်းသွားလေရာ တစ်ချိန်က ကျွန်တော့်လက်ထဲသို့ ရောက်ခဲ့ဖူးသော ငွေအိတ်ကြီးမှာ

အရာရှိလက်အတွင်းသို့ ရောက်သွား လေတော့သည်။ လန်ဒန်သို့ ရောက်၍ မက်ဝစ်ချ်အား ထောင်သို့ပို့သည့် အခါ အရာရှိက ကျွန်တော် တစ်ယောက်တည်းကိုသာ လိုက်ခွင့်ပြုသည်။ ဤသို့ဖြင့် ကျွန်တော့်သူငယ်ချင်း နှစ်ယောက်မှာ နေခဲ့ကြရပါသည်။

အရာရှိက စားသောက်ဆိုင်မှ စားပွဲထိုးအား ရေနစ်သွားသူကို တတ်နိုင်သမျှ ရှာဖွေရန်နှင့် အလောင်းပြန်ပေါ်လာလိမ့်မည်ဟု ယူဆရသော နေရာများကို မျက်ခြည်မပြတ် ကြည့်ပေးရန် မှာသည်။ စားပွဲထိုးအဖို့တော့ ယခင် ရေနစ်သူတစ်ဦးထံမှ ဖိနပ်တစ်ရန် ရထားခဲ့ပြီးပြီဖြစ်၍ ယခုရေနစ်သူထံမှ ခြေအိတ်တစ်စုံလောက်တော့ ရနိုင်စရာရှိသေးသည် ဟူသော အတွေးဖြင့် ကျေနပ်နေပုံ ရလေသည်။

ကျွန်တော်တို့သည် စားသောက်ဆိုင်၌ ဒီရေပြန်တက်ချိန်အထိ ရပ်နားကြသည်။ ဒီရေတက်လာသည် နှင့် တစ်ပြိုင်နက် အရာရှိက မက်ဝစ်ချ်ကို လှေပေါ်သို့ ပြန်တင်ပြီး ထွက်ခဲ့ကြပါသည်။ ဟားဘတ်နှင့် စတားတော့ကမူ ဆိုင်တွင် နေရစ်ခဲ့ပြီး လန်ဒန်သို့ ကုန်းလမ်းခရီးဖြင့် ပြန်ကြမည် ဖြစ်၏။ စိတ်ထိခိုက် ကြေကွဲစရာကောင်းသည့် ခွဲခွာခြင်းတစ်ခု ဖြစ်ပါသည်။ လှေပေါ်သို့ရောက်၍ မက်ဝစ်ချ်ဘေး၌ ထိုင်မိသည် နှင့် တစ်ပြိုင်နက် ကျွန်တော့်စိတ်ထဲတွင် ဤနေရာသည် သူ့အသက်နှင့် ကိုယ့်အသက် မြဲနေသမျှကာလပတ်လုံး ကျွန်တော် ထိုင်နေရမည့် နေရာတစ်ခုဟု ထင်မိပါသည်။

ယခုအခါတွင် ကျွန်တော့်စိတ်သည် ဤလူကြီးအပေါ်၌ ရွံရှာစက်ဆုပ်ခြင်း မဖြစ်တော့ပါ။ ကျွန်တော့်လက်များကို ဆုပ်ကိုင်ပြီး ထိုင်နေသော လူကြီးကို ကြည့်ကာ ပြင်းထန်သော ဒဏ်ရာကြီးများ ရရှိပြီး ခြေထိတ်ရော လက်ထိတ်ပါ အခတ်ခံထားရသည့် သနားစရာကောင်းသည့် လူကြီးတစ်ယောက် အဖြစ်သာ မြင်ပါတော့သည်။ ကျွန်တော့်အပေါ် သံယောဇဉ်ဖြစ်လွန်း၍၊ ကျေးဇူးတင်လွန်း၍၊ ကျွန်တော့်ကို မြင်ချင်တွေ့ချင်လွန်း၍ စွန့်စွန့်စားစား ထွက်လာခဲ့ရာမှ အဖမ်းခံရပြီး ဒုက္ခရောက်နေရ ရှာသည့် လူကြီးတစ်ယောက်အဖြစ်သာ မြင်ပါတော့သည်။ ကျွန်တော် ဂျိုးအပေါ်၌ ထားခဲ့သည့် သဘောထားနှင့် အပြုအမူများထက် ပို၍ ကောင်းပြီး၊ ပို၍ မြင့်မြတ်သော သဘောထားနှင့် အပြုအမူများကို ပြုနိုင်စွမ်းရှိသော လူကြီးတစ်ယောက်အဖြစ်သာ မြင်ပါတော့သည်။

ညမျိုးချုပ်ခါနီးလာသောအခါ သူသည် အသက်ရှူပို၍ ကျပ်လာသည်။ ရင်ဘတ်ထဲမှ နာကျင်သော ဝေဒနာကိုလည်း ခံစားလာရသည်။ နာကျင်လွန်းသဖြင့် မကြာခဏ ညည်းသံ ထွက်လာလေ့ ရှိ၏။ ကျွန်တော်က ဒဏ်ရာသက်သာနေသော လက်တစ်ဖက်ဖြင့် သူ့ကိုကိုင်ကာ တတ်နိုင်သမျှ ပြုစုခြင်း၊ အားပေးခြင်း ပြုပါသည်။ သို့သော်လည်း ဤမျှလောက် ဒဏ်ရာပြင်းထန်စွာ ရရှိထားသူတစ်ဦးအဖို့ သေသွားခြင်းကမှ ကောင်းလိမ့်မည်ဟူ၍ မတွေးမိဘဲ မနေနိုင်ပါ။ သူ့ကို တရားရုံးသို့ တင်ပါကလည်း သူ ဘယ်သူဘယ်ဝါ၊ ဘာအပြစ်တွေ ကျူးလွန်ခဲ့သည်

စသောအချက်များကို ထောက်ခံထွက်ဆိုမည့် သက်သေများ အလုံအလောက်ရှိနေသည် ဖြစ်ရာ သူ့အတွက် တရားရုံးမှ သက်သက်ညှာညှာ အပြစ်ပေးလိမ့်မည်မဟုတ်သည်မှာ သေချာလျက် ရှိသည်။ တကယ်တော့လည်း မက်ဝစ်ချ်မှာ ဘဝတစ်လျှောက်လုံး တေပေဆိုးသွမ်းလာခဲ့သည် ဖြစ်ရာ ထောင်ထဲရောက်လိုက် ပြန်လွတ်လိုက်၊ တရားရုံး ပြန်ရောက်လိုက်၊ ထောင်ထဲပြန်ရောက်လိုက်နှင့် သံသရာလည်နေခဲ့သူ ဖြစ်၏။ ယခုလည်း ထောင်မှ ထွက်ပြေးမှုဖြင့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကို ခံနေခဲ့ရာ မှ ထွက်ပြေးလာပြန်ခြင်း ဖြစ်ရုံမျှမက သူ့အား ဖမ်းဆီးရမိအောင် ဆောင်ရွက်ပေးခဲ့သည့် လူတစ်ယောက် သေဆုံးအောင် လုပ်ခဲ့ခြင်း ဟူသော အပြစ်တစ်ခု ထပ်မံကျူးလွန်ထားခဲ့ပြန်လေသည်။ သို့ဖြစ်ရာ တရားရုံး မှ သူ့အား သက်ညှာစွာ အပြစ်ပေးလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ရဲတော့ပါ။

ယနေ့ကျတော့လည်း မနေ့က ကျွန်တော်တို့ ကျောပေးလာခဲ့သော နေဝင်ချိန်ကို မျက်နှာမူလျက် ပြန်သွားနေရလေသည်။ မျှော်လင့်ချက် ဟူသမျှသည် ကုန်ဆုံးသွားခဲ့ပြန်ပြီ ဖြစ်၏။ ကျွန်တော့်အတွက် ပြန်လာ၍ ယခုလို ဖြစ်ရသည့်အတွက် ကျွန်တော် ဝမ်းနည်းကြောင်း ပြောပြမိပါသည်။

"လူကလေးရယ်... ငါကျေနပ်ပါတယ်ကွယ်၊ ငါတွေ့ချင် မြင်ချင်နေတဲ့ လူကလေးကို ငါ တွေ့မြင်နေရပြီ မဟုတ်လား။ ပြီးတော့လည်း လူကလေးအနေနဲ့ ငါ မရှိပေမယ့် လူကုံထံ လူကြီးလူကောင်းတစ်ယောက် ဖြစ်နိုင်ပါပြီကွယ်" ဟု သူက ပြန်ပြောသည်။

သူ့အနေဖြင့် သူ့ပစ္စည်းများကို ကျွန်တော့်လက်ထဲ ရောက်လိမ့်မည် ဟု ထင်မှတ်နေရှာ၏။ သူထင်သလို လုံးဝမဖြစ်နိုင်ပါ။ ဝင်းမစ်ထံမှ အရိပ်အမြွက် သိထားရသမျှဆိုလျှင် သူ့ပစ္စည်းအားလုံးကို အစိုးရက ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်း ခံရမည်ဖြစ်၍ ကျွန်တော့်ပိုင် ဖြစ်လာဖို့မှာ လုံးဝမဖြစ်နိုင်တော့သည့်ကိစ္စ ဖြစ်၏။

"ငါ မင့်ကို တစ်ခုတော့ ပြောချင်တယ် လူကလေးရယ်" ဟု သူကပြောသည်။ "လူကြီးလူကောင်းတစ်ယောက်ဟာ ငါ့လို လူတစ်ယောက် နဲ့ ခင်မင်ရင်းနှီးဖို့ မသင့်ဘူးကွဲ့၊ ဒါကြောင့်မို့ မင်း တရားရုံးကို လာချင်ရင် ဝင်းမစ်နဲ့ လိုက်လာပေါ့။ အမှုစစ်နေတဲ့ အခါမှာလည်း ငါက မင့်ကို မြင်လောက်တဲ့ နေရာက ထိုင်နေရင် ငါ့အဖို့ ကျေနပ်ပါပြီကွယ်။ ငါ့အတွက် ဒီလောက်ပဲ လုပ်ပေးရင် တော်ပါပြီ။ ငါ မင့်ဆီက နောက်ထပ် ဘာမှ မလိုပါဘူး"

"ကျွန်တော် ခင်ဗျားနားမှာ နေခွင့်ရသမျှကာလပတ်လုံး ကျွန်တော် ခင်ဗျားနားက မခွာပါဘူး။ ကျွန်တော့်အပေါ်မှာ ခင်ဗျား သစ္စာရှိခဲ့သလောက် ကျွန်တော်ကလည်း ခင်ဗျားပေါ်မှာ သစ္စာရှိသွားပါ့မယ်"

ကျွန်တော့်စကားကို ကြားသောအခါ ကျွန်တော့်လက်ကို ကိုင်ထားသော လူကြီး၏ လက်သည် တဆတ်ဆတ် တုန်လျက်ရှိသည်။ သူသည် မျက်နှာကို

တစ်ဖက်သို့လှဲလိုက်သည်။ သူ့လည်ချောင်းထဲမှ ကျိတ်၍ ရှိုက်သံကို ကျွန်တော် ကြားလိုက်ရပါသည်။ သူသည် ယခင်ကထက် တိုး၍ နူးညံ့သိမ်မွေ့လာသည်။ ကျွန်တော့်အဖို့ ကတော့ ကျွန်တော် ပြောလိုက်သည့် စကားအပေါ်တွင် ယုံကြည်မှုအပြည့်အဝဖြင့် အလေးအနက် ထားသည့် အတွက် များစွာကျေနပ်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် လူချမ်းသာတစ်ယောက်ဘဝဖြင့် တင့်တောင့်တင့်တယ် ဖြစ်၍ ကျန်ရစ်ခဲ့လိမ့်မည်ဟူသော သူ့ယုံကြည်ချက် ပျက်စီးသွားအောင်မူ ကျွန်တော် မလုပ်တော့ဟု အခိုင်အမာ ဆုံးဖြတ် လိုက်လေသည်။

*****

နောက်တစ်နေ့တွင် မက်ဝစ်ချ်အား တရားစွဲဆိုနိုင်ရန်အတွက် ပုလိပ်ရုံးကြီးပို့၍ တရားရုံးတင်သည်။ သို့သော်လည်း ဥပဒေသဘောအရ သူ တစ်ချိန်က ထွက်ပြေးခဲ့သော ထောင်သင်္ဘောမှ ထောင်မှူးကို တရားရုံး ရှေ့မှောက်သို့ ဆင့်ခေါ်၍ သူ၏ ထောင်သင်္ဘောမှ ထွက်ပြေးသွားသော မက်ဝစ်ချ်ဆိုသူသည် ဤလူ ဟုတ်,မဟုတ် ဟူသော အချက်နှင့် ပတ်သက်၍ မည်သူကမျှ သံသယမဖြစ်ကြချေ။ အားလုံးကပင် မက်ဝစ်ချ်ဖြစ်မှန်း သိနေကြသည်။ သို့သော်လည်း ဥပဒေကြောင်းအရ ခိုင်ခိုင်လုံလုံ အတည်ဖြစ်ဖို့သာ လိုအပ်နေခြင်း ဖြစ်၏။ အမှန်အားဖြင့် ကွန်ပီဆင်သည် ဤအချက်ကို အတည်ပြုပေးရမည့် အဓိကသက်သေ ဖြစ်သည်။ သို့သော်လည်း ကွန်ပီဆင်မှာ ရေနစ်၍ သေဆုံးသွားပြီ ဖြစ်၏။ ထို့ကြောင့် ထောင်သင်္ဘောမှ ထောင်မှူးကို ခေါ်ရမည့် အခြေအနေ ဖြစ်ပေါ်လာရခြင်ား ဖြစ်ပေတည်း။ မည်သို့ပင်ဖြစ်စေ လောလောဆယ်တွင် တရားရုံးမှ လိုအပ်နေသောအချက်ကို သက်သေခံနိုင်မည့် ထောင်မှူးမှာ လန်ဒန်တွင် မရှိသဖြင့် အမှုကို ချက်ချင်းစစ်၍ မဖြစ်နိုင်တော့ပေ။

ကျွန်တော့်အနေဖြင့်လည်း ားမက်ဝစ်ချ်အတွက်ရှေ့နေတစ်ယောက်ငှားရန် တာဝန်ရှိလာသည်။ မစ္စတာဂျက်ဂါးကိုပင် ငှားမည်ဟု ဆုံးဖြတ်ထားသည့် အားလျော်စွာ ပြန်ရောက်ပြီး နောက်တစ်ညတွင် မစ္စတာဂျက်ဂါး၏ အိမ်သို့ ရောက်သွားသည်။ သူ့ထံမှ အကူအညီရယူလို၍ လာခြင်းဖြစ်ကြောင်း ရှင်းပြသောအခါ မစ္စတာဂျက်ဂါးက မက်ဝစ်ချ်၏ ရှေ့နေအနေဖြင့် သူသိထားသမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ ရေငုံနှုတ်ပိတ် နေမည်ဖြစ်သော်လည်း အမှုမှာ ထင်ရှားလွန်းနေသဖြင့် သက်သေသာ အဆင်သင့် ရှိနေမည်ဆိုပါက ငါးမိနစ်အတွင်းမှာပင် စစ်ဆေးအပြစ်ပေးနိုင်မည့် အမှုမျိုး ဖြစ်ကြောင်း၊ အမှုနိုင်ဖို့ ဆိုသည် မှာလည်း လုံးဝမျှော်လင့်ချက် မရှိကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြသည်။

မက်ဝစ်ချ်၏ ပစ္စည်းဥစ္စာများကို ကျွန်တော် ဆက်ခံရရှိလိမ့်မည် မဟုတ်ဟူသော အဖြစ်မှန်ကိုမူ မက်ဝက်ချ်အား အသိမပေးရန် ကျွန်တော်က မစ္စတာဂျက်ဂါးအား မေတ္တာရပ်ခံသည်။ ပထမတွင် မစ္စတာဂျက်ဂါးက "ကိုယ့်လက်ထဲရောက်နေသည့် ပစ္စည်းများကို လက်လွတ်အောင် လုပ်သည်" ဟု ဆိုကာ ဒေါသတကြီးနှင့် အပြစ်တင်သည်။ သို့သော်လည်း ဤအမှုမျိုးမှာ တရားခံ၏ ပစ္စည်းများကို သိမ်းယူသည်က များကြောင်း၊ ပစ္စည်းအားလုံးကို မသိမ်းဘဲ တချို့တဝက်သာသိမ်းသည့် အမှုမျိုးမှာ အနည်းငယ်သာ ရှိကြောင်း၊ မက်ဝစ်စ်၏ အမှုကို ထိုအနည်းငယ်မျှသော အမှုထဲတွင် တစ်မှုဖြစ်အောင် လုပ်ဖို့ ဆိုသည်မှာ အလွန်ခက်ခဲကြောင်း ကိုမူ ကျွန်တော် နားလည်အောင် ရှင်းပြသည်။ ကျွန်တော်ကလည်း ထို အချက်ကို ကောင်းစွာ နားလည်သဘောပေါက်သည် ဟု ပြန်၍ ပြောပြပါသည်။ အမှန်တော့လည်း ကျွန်တော်သည် မက်ဝက်ချ်နှင့် သွေးသားတော်စပ်သူ မဟုတ်။ တရားဥပဒေအရ မက်ဝစ်ချ်၏ ပစ္စည်းများကို

အမွေဆက်ခံနိုင်သည် ဟု အသိအမှတ်ပြုနိုင်လောက်သော ဆက်စပ်မှုလည်း မရှိ၊ ပစ္စည်းများကို ကျွန်တော့်အား လွှဲပြောင်းပေးနိုင်ဖို့ သူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် စာချုပ်စာတမ်းဟူ၍ တစ်စောင်တလေမျှပင် မရှိ။ သို့ဖြစ်ရာ ယခုအချိန်ကျခါမှ ပစ္စည်းများကို ဆက်ခံနိုင်ဖို့ အတွက် ဆောင်ရွက်မည်ဆိုပါက သက်သက်မဲ့ အချိန်ဖြုန်းသလို ဖြစ်ရချေတော့မည်။ ထို့ကြောင့် မက်ဝစ်ချ်အမွေပစ္စည်းများကို ဆက်ခံရရှိဖို့ အတွက် မျှော်ကိုးထားခြင်း မပြုတော့ဟု အခိုင်အမာပင် ဆုံးဖြတ်လိုက်ပါသည်။

ရေနစ်သေဆုံးသွားပြီဖြစ်သော ကွန်ပီဆင်သည် မက်ဝစ်ချ် ပိုင်ဆိုင်ထားသော ပစ္စည်းများ နှင့် ပတ်သက်၍ အသေးစိတ် သိရှိလိမ့်မည်ဟု ယူဆရပါသည်။ ကွန်ပီဆင်၏ အလောင်းကို အခင်းဖြစ်ပွားသည့် နေရာ နှင့် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာမှ ဆယ်ယူရရှိခဲ့၏။ အလောင်းမှာ လူ့ရုပ်ပင်မပေါ်လောက်အောင် ရုပ်ဆင်းအင်္ဂါ ပျက်ပြားနေပြီဖြစ်သည်။ သို့သော်လည်း သူ၏ အင်္ကျီအိတ်ကပ်များ အတွင်းမှ ရရှိခဲ့သော စာရွက်စာတမ်းများ အရ ကွန်ပီဆင်ဟု ဆုံးဖြတ်နိုင်ခဲ့လေသည်။ သူ့အလောင်းမှ ရရှိသည့် စာရွက်စာတမ်းများ ထဲတွင် မက်ဝစ်ချ် နယူးဆောက်ဝေး ပြည်နယ်အတွင်းရှိ ဘဏ်တစ်ခု၌ အပ်နှံထားသော ငွေစာရင်းနှင့် သူပိုင်လယ်မြေများ စာရင်းကို မှတ်သားထားသည့် စာရင်းစာရွက်တစ်ရွက် တွေ့ရသည်။ မက်ဝစ်ချ်က ထောင်ထဲမှ နေ၍ ကျွန်တော့်အား လွှဲပြောင်းပေးရမည့် ပစ္စည်းစာရင်းတစ်ခု ပြုလုပ်ပြီး မစ္စတာဂျက်ဂါးကို ပေးခဲ့သည် ဖြစ်ရာ ယင်းပစ္စည်းစာရင်းနှင့် ကွန်ပီဆင်၏ အလောင်းမှ ရရှိသော ပစ္စည်းစာရင်းတို့ကို တိုက်ဆိုင်ကြည့်သည့် အခါ တူညီနေသည် ကို တွေ့ရ၏။ မက်ဝစ်ချ်၏ အဖြစ်မှာ သနားစရာ၊ ကြေကွဲစရာ ကောင်းလှပါသည်။ မစ္စတာဂျက်ဂါး ကိုယ်တိုင်က အဖြစ်မှန်ကို ထုတ်ဖော်၍ မပြောသဖြင့် သူ့ပစ္စည်းအားလုံးကို ကျွန်တော်ပင် ရရှိလိမ့်မည် ဟု အခိုင်အမာ ယုံကြည်လျက် ရှိရှာလေသည်။

သုံးရက်မျှအကြာတွင် မက်ဝစ်ချ်အမှုကို တရားရုံးသို့ တင်သည်။ အစိုးရရှေ့နေက အဓိကသက်သေ ဖြစ်သော ထောင်သဘော်မှ ထောင်မှူးကို တင်ပြခဲ့သဖြင့် အမှုကို တစ်နေ့တည်းဖြင့် စစ်ဆေးပြီးသွားပါသည်။ အမှုတွင် စီရင်ခံချက်ကို ရှေ့အပတ်တွင် ချမည်ဟု ဆိုကာ တရားရုံးမှ အမှုကို ရက်ချိန်းပေးသည်။ ရက်ချိန်းအတိုင်း ဆိုပါက အမှုမှာ ရှေ့လအတွင်း၌ ပြီးပြတ်သွားဖွယ်ရာ ရှိလေသည်။

ကျွန်တော့်တွင် ယင်းကဲ့သို့သော စိတ်ပျက်ဖွယ်ရာများ နှင့် ကြုံတွေ့နေရခိုက် ညနေခင်းတွင် ဟားဘတ်သည် အလွန်ညှိုးငယ်သော မျက်နှာထားဖြင့် ပြန်ရောက်လာသည်။

"သူငယ်ချင်းဟန်ဒယ်လ်၊ ခင်ဗျားနဲ့ ကျွန်တော် ခွဲကြရဖို့တော့ ဖြစ်လာပြန်ပြီ" ဟု ပြောသည်။

ကျွန်တော့်အနေဖြင့် သူ ပြောမည့် သတင်းကို သူနှင့် အလုပ်ဖက်စပ်လုပ်သူထံမှ ကြားခဲ့ရခြင်းဖြစ်၍ အံ့သြခြင်း မဖြစ်တော့ပါ။

"ကျွန်တော် ခင်ဗျားအနားမှာ အမြဲတစေ ရှိနေရမယ့် အချိန်ကျခါမှ ကိုင်ရိုမြို့ကို သွားနေရတော့မယ်၊ ကျွန်တော်တော့ သွားနေရမှာ ဝန်လေးနေတယ်"

"ကျွန်တော်ကလည်း ခင်ဗျားကို ဘယ်သွားစေချင်မလဲ။ ကျွန်တော့်အနားမှာ အမြဲရှိနေမယ် ဆိုရင် အကောင်းဆုံးပေါ့၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ခင်ဗျားကို သိပ်ပြီး ခင်တယ် မဟုတ်လား၊ ဒါပေမဲ့ ကျွန်တော့်ဆန္ဒက အခုအချိန်မှာ အရေးမကြီးပါဘူး"

"ခင်ဗျားတော့ အထီးကျန်နိုင်နေတော့မှာပဲ" တစ်ယောက်တည်း သိပ်ပြီး အထီးကျန်နိုင်နေတော့မှာပဲ"

"အထီးကျန်နိုင်စရာတော့ သိပ်ပြီး မရှိဘူးလို့ ထင်ပါတယ်" ဟု ကျွန်တော်က ပြန်ပြောပါသည်။ "ကျွန်တော့်အနေနဲ့ အချိန်ရှိသမျှ မက်ဝစ်ချ်အနားမှာ နေရမှာပါ။ တစ်ခါတလေ သူ့အနားက ခွာနေပြန်ရင်လည်း သူ့အကြောင်းပဲ တွေးနေရမှာပါ"

"ဒီမယ် သူငယ်ချင်း" အတန်ကြာမှ ငိုင်၍ စဉ်းစားနေသော ဟားဘတ်က စကားစသည်။ "ကျွန်တော်တို့ချင်း ခွဲဖို့က အချိန်နီးနေပြီ။ မသွားခင် ကျွန်တော် တစ်ခုတော့ မေးပါရစေ၊ ခင်ဗျား ရှေ့လျှောက်ပြီး ဘယ်လိုနေထိုင်သွားမယ်လို့ စိတ်ကူးထားလဲ"

"ကျွန်တော့်ရှေ့ရေးက မတွေးဝံ့အောင် ဖြစ်နေတုန်းပဲ"

"မတွေးလို့လည်း မဖြစ်ဘူး သူငယ်ချင်း၊ အခုအချိန်ကတည်းက တွေးထားမှ ဖြစ်မှာ၊ ကျွန်တော်ကတော့ ခင်ဗျားဘယ်လိုမှ မအောက်မေ့ဘူးဆိုရင် မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ စကားတစ်ခွန်း ပြောချင်တယ်"

"ပြောနိုင်ပါတယ်၊ ကျွန်တော် နားထောင်ဖို့ အသင့်ပါ"

"ကျွန်တော်တို့ ရုံးမှာ အလုပ်တစ်ခုတော့ ရှိတယ်။ အလုပ်က.."

ဟားဘတ်သည် စကားကို ဆက်ပြောရန် ဝန်လေးနေပုံ ရ၏။ ထို့ကြောင့် ကျွန်တော်က "စာရေးအလုပ် မဟုတ်လား" ဟု ကြားဖြတ်၍ မေးလိုက်ပါသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့မှာ စာရေးတစ်ယောက် လိုနေတယ်။ စာရေးဆိုပေမယ့် နောင်တစ်နေ့မှာ ကျွန်တော်တို့ နဲ့ ဖက်စပ်လုပ်နိုင်မယ့် အခွင့်အရေး ရလာမှာပါ။ ခင်ဗျား ဘယ်လိုသဘောရလဲ၊ လုပ်မယ် မဟုတ်လား"

သူ၏ ပြောပုံဆိုပုံမှာ ကျွန်တော့်အတွက် အားတက်သရော နိုင်လွန်းလှပါသည်။ သူပြောသည့် အလုပ်ကို လုပ်စေချင်သည့် ဆန္ဒလည်းပြင်းပြနေပုံ ပေါ်၏။ "ဒီမှာ ဟန်ဒယ်လ်" ဟု သူက စကားစပြောသည်။ "ကလယ်ရာနဲ့ ကျွန်တော်တို့ ဒီအကြောင်းကို ခဏခဏ ပြောမိကြတယ်။ ကလယ်ရာကဆိုရင် ခင်ဗျားကို သိပ်ခင်တာပဲ၊ ကနေ့ညတောင် ပြောလိုက်သေးတယ်၊ ခင်ဗျားကို ပြောပါတဲ့၊ ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ပြီး အတူတူနေကြတဲ့ အချိန်မှာ ခင်ဗျား လိုက်နေချင်တယ်ဆိုရင် နေနိုင်ပါတယ်တဲ့၊ သူက ခင်ဗျားကို ပျော်အောင်

ထားပါမယ်တဲ့၊ သူ့ ယောက်ျားရဲ့ အချစ်ဆုံးသူငယ်ချင်းဟာ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်လို့ ယူဆပါတယ်တဲ့။ ကျွန်တော်တို့ အတူတူ နေကြမယ်ဆိုရင်လည်း ဘာပြဿနာမှ မရှိနိုင်ပါဘူး သူငယ်ချင်းရယ်"

ဤစကားများ အတွက် ကျွန်တော်သည် ကလယ်ရာအား စိတ်ထဲမှ ကျိတ်၍ ကျေးဇူး တင်မိပါသည်။ ဟားဘတ်က သူတို့ နှင့် အတူတူနေဖို့ အတင်းတိုက်တွန်းလျက် ရှိသော်လည်း ကျွန်တော် ချက်ချင်း မဆုံးဖြတ်နိုင်ပါ။ လောလောဆယ် ကျွန်တော့်စိတ်မှာ ရှုပ်ထွေးလျက် ရှိသည် ဖြစ်ရာ ဤကိစ္စကို အေးအေးဆေးဆေး အချိန်ယူ၍ မစဉ်းစားနိုင်သေးပါ။ နောက်တစ်ချက်မှာ ကျွန်တော့်စိတ်ထဲ၌ ဝေခွဲ၍ မရနိုင်သော လုပ်စရာ အလုပ်ကလေးတစ်ခု ရှိနေ၏။

"ခင်ဗျားမှာ အချိန်ရှိဦးမယ် ဆိုရင်တော့ ဒီကိစ္စကို ကျွန်တော် စဉ်းစားဖို့ အချိန်ပေးစေချင်သေးတယ်"

"ဟာ... ဘာလို့ အချိန်မရှိရမှာလဲ၊ ခြောက်လ တစ်နှစ် ခင်ဗျားကြိုက် သလောက် ယူပြီး စဉ်းစားပါ၊ ရပါတယ်ဗျာ"

"အဲသလောက်တော့လည်း မကြာပါဘူးဗျာ၊ အလွန်ဆုံး နှစ်လသုံးလ ဆိုရင် လုံလောက်ပါတယ်"

ကျွန်တော့်ထံမှ စဉ်းစားဦးမည်ဟူသောစကား ကြားရသည့် အတွက်အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော ဟားဘတ်သည် ကျွန်တော့်လက်ကို ဆွဲ၍ ခါယမ်းလျက် ရှိသည်။ ထိုအခါကျမှပင် စိတ်အေးနားအေး ဖြစ်သွားသည့် လက္ခဏာဖြင့် ဤရက်သတ္တပတ်အကုန်တွင် သူ ကိုင်ရိုသို့ သွားရလိမ့်မည်ဟု အသိပေးပါသည်။

"ကလယ်ရာကျတော့ ဘယ်လိုစီစဉ်ထားခဲ့မလဲ" ဟု ကျွန်တော်က မေးသည်။

"ကလယ်ရာ့အဖြစ်ကလည်း သနားစရာပါပဲဗျာ" ဟု ဟားဘတ်က ညည်းညည်းညူညူ ပြောသည်။ "သူ့အဖေကြီး မသေသေးသမျှကာလ ပတ်လုံးတော့ အနားကမခွာ ပြုစုနေရဦးမှာပဲဗျ၊ ဒါပေမဲ့ ဒီအဘိုးကြီးလည််း ကြာတော့မယ် မထင်ဘူး။ မစ္စက်ရှင်းပဲလ်ကလည်း ကျွန်တော့်ကို ပြောတယ်၊ ဒီအဘိုးကြီး မကြာခင် သွားတော့မှာပါတဲ့ "

"အဲသလိုတော့လည်း မပြောစေချင်ဘူးဗျာ" ဟု ကျွန်တော်က ဝင်ပြောသည်။ ဟားဘတ်က "မကြာခင် ကလယ်ရာအတွက် ပြန်လာမယ်လို့ စီစဉ်ထားတယ် ဟန်ဒယ်လ်၊ ပြန်လာတဲ့ အခါမှာ ကလယ်ရာနဲ့ ကျွန်တော် အနီးဆုံး ဘုရားရှိခိုးကျောင်းသွားပြီး လက်ထပ်ကြမယ်"

ထိုအပတ် စနေနေ့တွင် ဟားဘတ်သည် အလားအလာကောင်းများ ကို ရင်ဝယ်ပိုက်၍ ထွက်ခွာသွားပါသည်။ သို့သော်လည်း ကျွန်တော်နှင့် ခွဲရသည့် အတွက်ကား ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရှာ၏။ ကျွန်တော်သည် နိုင်ငံခြားထွက်မည့် သင်္ဘောကြီးများ ဆိုက်ရာ ဆိပ်ကမ်းသို့သွားမည့် မြင်းရထားဆိပ်အထိ

လိုက်ပို့ခဲ့သည်။ သူ့မြင်းရထား ထွက်သွားသည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် နီးရာကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်၍ ဟားဘတ် ကိုင်ရိုသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း စာတစ်စောင် ရေးပြီး ကလယ်ရာထံသို့ စာတိုက်မှ ထည့်လိုက်ပါသည်။

ဟားဘတ်ကို လိုက်ပို့ပြီး မြင်းရထားဆိပ်မှ ပြန်လာခဲ့သော ကျွန်တော်သည် လှေကားအတက်တွင် ကျွန်တော့်အခန်းတံခါး အကြိမ်ပေါင်းများစွာ ခေါက်သော်လည်း အဖြေမရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ပြီး ပြန်ဆင်းလာသော ဝင်းမစ်နှင့် ဆုံကြသည်။ ကျွန်တော်နှင့် ဝင်းမစ်တို့ နှစ်ဦးတည်း မဆုံဖြစ်ကြသည်မှာ ထွက်ပြေးဖို့ ကြိုးစားပြီးကတည်းက ဖြစ်ပါသည်။ ယခု သူလာခြင်းမှာလည်း ထိုကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောပြရန် လာခြင်း ဖြစ်လေသည်။

"ကွန်ပီဆင်ဆိုတဲ့ အကောင်အကြောင်းကိုလည်း မင်း သိသားပဲ" ဟု ဝင်းမစ်က ပြောသည်။ "ဒီကောင်က လူလည်လူရှုပ်တစ်ကောင်ကွ၊ သူတို့ ဒုစရိုက်နယ်ပယ်မှာ အပေါင်းအသင်းကလည်း များတယ်၊ သတင်းရတာက ထောင်ထဲရောက်နေတဲ့ သူ့အပေါင်းအသင်းတွေဆီက ရခဲ့တာ၊ သူ့အပေါင်းအသင်းတွေ ဆိုတာကလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ အမှုဖြစ်ပြီး ထောင်ထဲရောက်နေတဲ့ ကောင်ချည်းပဲ၊ ငါကတော့ ငါ့နားနှစ်ဖက်ကို အမြဲစွင့်ထားတာဆိုတော့ ကြားလာရတာပဲကွ၊ မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေတဲ့ ကြားကပဲ ဒီကောင်ပျောက် သွားတယ်၊ စုံစမ်းကြည့်တော့ ဘယ်သွားလို့ ဘယ်လာတယ်ဆိုတာ ဘယ်သူကမှ အတိအကျ မပြောနိုင်ကြဘူး။ အဲဒီတော့ ငါက ဒီကောင် လန်ဒန်မှာ မရှိဘူးလို့ တွက်တာ၊ ဒီကောင် မရှိတုန်း မင်းတို့ကိစ္စ ဆောင်ရွက်ရင် အောင်မြင်လိမ့်မယ်လို့ ငါက ထင်မိတယ်၊ ဒါကြောင့် ငါက မင့်ဆီကို စာရေးပြီး တိုက်တွန်းခဲ့မိတာ၊ အခုမှ ပြန်ပြီး စဉ်းစားလိုက်တော့ ဒီအကောင်က လူလည်လူပါးပဲ၊ သူကိုယ်ယောင်ဖျောက်နေတာဟာ မင်းတို့ ငါတို့ လှုပ်ရှားအောင်လို့ ဖျောက်နေတဲ့ သဘောပဲ၊ လှည့်စားလိုက်တဲ့ သဘောပေါ့ကွာ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ကိုတော့ အပြစ်မတင်ဘူးလို့ ငါမျှော်လင့်ပါတယ် ပစ်ပ်ရယ်၊ ငါကတော့ စေတနာသန့်သန့်နဲ့ ကူညီတာပါ"

"ကျွန်တော်လည်း နားလည်ပါတယ်၊ ခင်ဗျားကိုလည်း အပြစ်မတင်ပါဘူး။ ကူညီခဲ့တဲ့ အတွက် ကျေးဇူးသိပ်တင်ပါတယ်။ ခင်ဗျားကို ကျွန်တော့်ရဲ့ မိတ်ဆွေရင်းချာတစ်ယောက်လို့ သဘောထားပါတယ်"

"ကျေးဇူးပါပဲကွာ၊ လုပ်ရကိုင်ရတာကတော့ အတော်မကောင်းတဲ့ အလုပ်တစ်ခုပဲကွ" ဝင်းမစ်က ခေါင်းကိုကုတ်၍ ပြောသည်။ "ကွန်ပီဆင် ဆိုတဲ့ အကောင်က မက်ဝစ်ချ်ပြန်လာတာကို အစောကြီးကတည်းက သတင်း ရထားဟန် တူတယ်၊ သတင်းရတဲ့ အချိန်ကစပြီး မမိမိအောင် ဖမ်းမယ်လို့ ဆုံးဖြတ်ထားဟန်လည်း တူတယ်။ ဒီကောင် သိသွားပြီဆိုကတည်းက လွတ်ဖို့ မလွယ်တော့ဘူး"

ကျွန်တော်က ဝင်းမစ်ကို အခန်းသို့ လိုက်၍ အအေးတစ်ခုခုသောက်ရန်

ဖိတ်ခေါ်ရာ ရှောရှောရှူရှူပင် လိုက်လာသည်။

"အခုလာမယ့် တနင်္လာနေ့မှာ ငါ ခွင့်ယူမလို့ ကွ၊ မင်းစိတ်ထဲမှာ အထူးအဆန်း ဖြစ်နေမလား" ဟု ဝင်းမစ်က မေးသည်။

"ဆယ့်နှစ်လလုံးလုံး ခွင့်တစ်ရက်မှ မယူခဲ့တဲ့ လူက ခွင့်ယူမယ်ဆိုတော့လည်း အံ့သြစရာပေါ့၊ ဘာပြုလို့ ခွင့်ယူရတာလဲ"

"ဆယ့်နှစ်နှစ်လုံးလုံး ခွင့်တစ်ရက် မယူခဲ့သေးဘူးဆိုတာက ပိုမှန်လိမ့်မယ်ကွ" ဟု ဝင်းမစ်က ပြောသည်။ "အေးလေး ဘာပဲဖြစ်ဖြစ် အခု ငါ ခွင့်တစ်ရက်ယူမလို့။ ငါ လမ်းလျှောက်စရာ ရှိသေးတယ်။ အဲဒီနေ့ ငါလမ်းလျှောက်တဲ့ အခါမှာ မင်းက ငါနဲ့ အတူတူ လျှောက်ပါလားကွာ"

ကျွန်တော်က ငြင်းမည်ဟု ကြံနေဆဲမှာပင် ဝင်းမစ်က "မင်းမှာ အလုပ်တွေ ရှိလိမ့်မယ်ဆိုတာ ငါလည်း သိပါတယ်ကွာ" ဟု ဆိုသည်။ "ဒါပေမဲ့ မင်းသာ လာနိုင်မယ် ဆိုရင်တော့ ငါ့ကို ကူညီရာ ရောက်ပါလိမ့်မယ်။ လမ်းလျှောက်ရမှာ က အကြာကြီးလည်း မဟုတ်ပါဘူး။ နံနက်ရှစ်နာရီက နေ့ခင်းဆယ့်နှစ်နာရီကြား ခဏတစ်ဖြုတ်လောက်ပဲ ရှိမှာပါ"

ဝင်းမစ်သည် ကျွန်တော့်ကို မကြာခဏ ကူညီခဲ့ဖူးသူ ဖြစ်သည်။ ယခုလို သူ့ဘက်က အနူးအညွတ် တောင်းပန်နေပြန်တော့လည်း ကျွန်တော် မငြင်းရက်၊ ကျွန်တော် ကူညီပါမည်ဟု အဖြေပေးလိုက်သည်။ တနင်္လာ နေ့မနံနက် ရှစ်နာရီခွဲလောက် သူ့အိမ်ကို အရောက်လာခဲ့ဖို့ မှာသည်။ ထို့နောက် လူချင်းခွဲလိုက်ကြပါသည်။

တနင်္လာနေ့မနံနက်တွင် ချိန်းထားသည့် အချိန်အတိုင်း သူ့အိမ်သို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော့်ကို သူကိုယ်တိုင်ပင် ထွက်၍ ကြိုသည်။ ကျွန်တော် ရောက်ပြီး မကြာမီမှာပင် ဝင်းမစ်သည် ငါးမျှား တံတစ်ချောင်းကို ပခုံးပေါ်ထမ်းကာ အပြင်ထွက်ရန် ပြင်သည်။ "ဘယ်လိုလဲ ငါးမျှားထွက်မလို့လား" ဟု ကျွန်တော်က မေးရာ သူက "မဟုတ်ပါဘူး လမ်းလျှောက်တဲ့ အခါမှာ လိုရမည်ရ ယူလာတာပါ" ဟု ပြန်ပြောသည်။ ကျွန်တော့်စိတ်ထဲတွင် သူ လုပ်နေပုံမှာ အထူးအဆန်းဖြစ်လျက် ရှိ၏။ သို့သော်လည်း ကျွန်တော် ဘာမှ ထပ်မပြောတော့ဘဲ သူသွားရာ နောက်သို့ လိုက်ခဲ့ပါသည်။ တင်းဘားဝဲလ်ဂရင်းဘက်သို့ ရောက်သောအခါ သူက "ဟော့ ပစ်ပ်၊ ဟိုမှာ တွေ့လား၊ ဘုရားရှိခိုးကျောင်း" ဟု ပြောသည်။ ဤစကားများကြားရ၍ ကျွန်တော် အံ့သြခြင်း မဖြစ်သော်လည်း အထဲဝင်ကြစို့ကွာဟု ပြောလိုက်သည့် အခါတွင် မူ ကျွန်တော် များစွာ အံ့အားသင့်မိပါသည်။

ဘုရားရှိခိုးကျောင်းထဲ ရောက်သည့် အခါ ဝင်းမစ်သည် ငါးမျှားတံကို တစ်နေရာတွင် ထောင်ထားလိုက်ပြီး အိတ်ကပ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်သည်။

"တွေ့လား ပစ်ပ်၊ လက်အိတ်လကွာ၊ ငါ စွပ်လိုက်ဦးမယ်"

လက်အိတ်များမှာ အဖြူရောင် ဖြစ်သည်။ ဝင်းမစ်၏ စာတိုက်ပုံးပါး စပ်ပေါက်မှာ မကြာခဏဟ...ဟ..လာနေသဖြင့် ကျွန်တော့်စိတ်ထဲတွင် သံသယမကင်း ဖြစ်လာသည်။ ထိုအခိုက်မှာပင် ဘေးတံခါးပေါက်မှ နေ၍ အမျိုးသမီးတစ်ယောက်ကို တွဲ၍ ဝင်လာသော ဝင်းမစ်၏ အဖေကို မြင်လိုက်ရပြန်သောအခါ ကျွန်တော့်သံသယမှာ ပို၍ ကြီးထွားလာလေသည်။

"ကဲဟော့ ပစ်ပ်၊ မစ္စစကစ်ဖင်း ရောက် လာပြီကွ၊ ငါတို့ လက်ထပ်ကြစို့"

မစ္စစကစ်ဖင်းသည် ခါတိုင်းဝတ်နေကျ အဝတ်အစားများကိုပင် ဝတ်စား ဆင်ယင်ထားသည်။ ထူးခြားမှုဟူ၍ တစ်ခုသာ ရှိ၏။ သူ့လက်အိတ် အစိမ်းရောင်နေရာတွင် အဖြူရောင်လက်အိတ်များ စွပ်ထားခြင်း ဖြစ်သည်။ ဝင်းမစ်၏ အဖေ အဘိုးအိုမှာလည်း ခါတိုင်းဝတ်နေကျ အဝတ်အစားများကိုပင် ဝတ်ထားသည်။ ထိုအခိုက်မှာပင် ဘုန်းတော်ကြီးနှင့် ကျောင်းစာရေးသည် အခန်းထဲသို့ ဝင်လာသည်။ ဝင်းမစ်က သူ့အိတ်ကပ်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်၍ "ဟောဒီမှာ လက်ထပ်လက်စွပ်" ဟု ပြောကာ လှမ်းပေးလိုက်သည် ကို တွေ့ရ၏။ ဤသို့ဖြင့် ကျွန်တော်သည် သတို့သား၏ အရံဘဝသို့ ဘုမသိဘမသိဖြင့် ဆိုက်ရောက်သွားရပါလေတော့သည်။

လက်ထပ်ပွဲပြီး၍ ဘုရားရှိခိုးကျောင်းထဲမှ ပြန်ထွက်ရန် ပြင်ဆင်နေကြခိုက်တွင် ဝင်းမစ်သည် သူ့လက်အိတ်များကို ချွတ်၍ ဘူးထဲသို့ ပြန်ထည့်ကာ သိမ်းထားလိုက်သည်။ မစ္စဝင်းမစ်ကတော့ သူ့လက်အိတ်များကို ချွတ်ပြီး အင်္ကျီအိတ်ကပ်များ ထဲသို့ ထည့်၍ သိမ်းကာ သူ စွပ်နေကျ အစိမ်းရောင်လက်အိတ်များ ပြန်စွပ်လိုက်သည်။ ထို့နောက် ဝင်းမစ်က သူ့ငါးမျှားတံကို ပခုံးပေါ်ထမ်းလိုက်ပြီး အောင်မြင်ဝင့်ကြွားသော လေသံဖြင့် "ကဲ.. မစ္စတာ ပစ်ပ်၊ ငါတို့ လူစုကို ဘယ်သူက လက်ထပ်ပွဲပြန်တွေလို့ ထင်မလဲ" ဟု ပြောလိုက်လေသည်။ နံနက်စာကို အေးချမ်းငြိမ်ဆိတ်သော ထမင်းဆိုင်လေးတစ်ဆိုင်တွင် ဝင်၍ စားကြသည်။ အရသာရှိလှသည့် နံနက်စာ ဖြစ်သည်။ ကျွန်တော်က ပူပူနွေးနွေး အိမ်ထောင်သည် ဖြစ်လာကြသော စုံတွဲအသစ်အတွက် အရက်တစ်ခွက် သောက်၍ ဆုတောင်းခြင်း ပြုသည်။ အဘိုးကြီးအတွက်လည်း အရက် တစ်ခွက်သောက်၍ ဆုတောင်းပါသည်။ သူတို့နှင့် ခွဲခွာခါနီးတွင် ကျွန်တော်က သတို့သမီးအား တလေးတစား တရင်းတနှီး နှုတ်ဆက်သည်။ ဝင်းမစ်က ကျွန်တော့်ကို တံခါးဝအထိ လိုက်ပို့ပါသည်။ နှစ်ယောက်သား လက်ဆွဲနှုတ် ဆက်နေကြသည့် အခိုက်တွင် ကျွန်တော်က ဝင်းမစ် အတွက် စိတ်ချမ်းသာပါစေဟု ထပ်မံဆုတောင်းသည်။

"ကျေးဇူးတင်ပါတယ်ကွာ" ဟု ဝင်းမစ်က ပြောသည်။ "မင်းကတော့ ဘယ်သိမလဲ၊ သူဟာ ငါမွေးထားတဲ့ ကြက်တွေ၊ ဘဲတွေပါ ကောင်းကောင်း ထိန်းနိုင်မယ့် မန်နေဂျာတစ်ယောက် ဖြစ်မှာကွ၊ မင်း ကြက်ဥ ဘဲဥတော့ ကောင်းကောင်း စားရမှာပါ" တစ်ဆက်တည်းပင် သူသည် ကျွန်တော့်အား

တိုးတိုးကလေး ကပ်ပြောသည်။ "အခုကိစ္စဟာ ဝေါလ်ဝေါ့သ်ရှာက ကိစ္စလို့ သတ်မှတ်ပါကွာ"

"ကျွန်တော် နားလည်ပါတယ် မစ္စတာဝင်းမစ်၊ လစ်တစ်လ်ဘာရီတိန် လမ်းမှာ ပြောရမယ့်ကိစ္စ မဟုတ်ဘူး ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"

ဝင်းမစ်က ခေါင်းညိတ်သည်။ "ဟိုတစ်နေ့က ငါတို့ ရဲ့ လျှို့ဝှက်ချက် တွေကို မင်းဖော်လိုက်ပြီးတဲ့ နောက်ပိုင်း ဖြစ်လာသမျှကို မစ္စတာဂျက်ဂါး သိမယ် မထင်ဘူး။ အခုကိစ္စလည်း သူသိချင်မှ သိမှာပါ။ တစ်ခုတော့ ရှိတယ်ကွ၊ သူ့အနေနဲ့ ငါ့ကို အတော်ချည်း သိမ်းမွေ့နူးညံ့ လာတယ်လို့တော့ ထင်လိမ့်မယ်"

*****

မက်ဝစ်ချ်သည် သူ့အမှုကို စ၍ ရုံးတင်သည့် ရက်နှင့် နောက်ထပ်ချိန်းဆိုပြီး စစ်ဆေးသည့် ရက်အတွင်းတွင် ထောင်ကြီးထဲ၌ မမာမကျန်း ဖြစ်လျက်ရှိသည်။ သူ ရရှိထားသည့် ဒဏ်ရာများမှာ သက်သာလာသည်ဟု မရှိဘဲ တစ်နေ့တခြား တိုး၍သာ ဆိုးရွားလာလျက် ရှိလေသည်။ ဒဏ်ရာများကို စစ်ဆေးကြည့်သည့် အခါ နံရိုးတစ်ချောင်း ကျိုးသွားသည် ကို တွေ့ရ၏။ ကျိုးသွားသော နံရိုးများကြောင့် အဆုတ်များတွင် ပြင်းထန်သောဒဏ်ရာ ရရှိခဲ့သည် ဖြစ်ရာ ကောင်းစွာ အသက်မရှူနိုင်ခြင်းနှင့် အသက်ရှူလိုက်သည့် အခါတိုင်း ပြင်းစွာနာကျင်ခြင်း စသော ဝေဒနာများကို ခံစားနေရလေသည်။ ဤဝေဒနာများမှာ သက်သာလာသည်ဟု မရှိတော့ဘဲ တစ်နေ့ထက်တစ်နေ့ တိုး၍သာ ဆိုးလာလျက် ရှိသည် စကားပြောလျှင်လည်း တိုးတိုးလေးသာ ပြောနိုင်သဖြင့် စကားကို နည်းနည်းသာ ပြောလေ့ရှိ၏။ သို့သော်လည်း ကျွန်တော်နှင့် ဆုံမိသည့် အခါတိုင်း ကျွန်တော်ပြောသမျှကို နားထောင် လိုသောဆန္ဒ ဖော်ပြလေ့ရှိသဖြင့် ကျွန်တော်သည် သူ စိတ်ဝင်စားလိမ့်မည်ဟု ယူဆရသော စာအုပ်များကို ဖတ်ပြလေ့ရှိသည်။ သူ သိသင့်သိထိုက်သမျှကိုလည်း ပြောပြပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် သူ့အား နေ့စဉ်မှန်မှန် စာဖတ်ပြရသည့် အလုပ်ကို မလုပ်မဖြစ်သည့် တာဝန်တစ် ရပ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်ခဲ့ရပါသည်။

ရရှိထားသည့် ဒဏ်ရာများများ မသက်သာမှန်း သိကြသောအခါ ထောင်အာဏာပိုင်များက မက်ဝစ်ချ်အား ထောင်ဆေးရုံ လူနာဆောင်သို့ ပြောင်းရွှေ့ပေးခဲ့ပါသည်။ သူနှင့် ကျွန်တော် နှစ်ဦးတည်း နေခွင့်ရခဲ့သဖြင့် ကျွန်တော့်အဖို့တော့ အခွင့်ကောင်းတစ်ရပ်ဟု ယူဆမိပါသည်။ သူ ခံစားနေရသည့် ဝေဒနာ မသက်သာသဖြင့် ကျွန်တော်နှင့် သူ့ကို နေ့စဉ်တွေ့ဆုံခွင့် ပေးထားပါသည်။ သို့သော်လည်း တွေ့ဆုံခွင့်ရသည့် အချိန်မှာ တိုတောင်းလှ၏။ တွေ့ခွင့်ရသည့် အခါတိုင်း သူ့မျက်နှာ ကို ကျွန်တော် သတိထား၍ ကြည့်ပါသည်။ သူ့မျက်နှာသည် တစ်နေ့တခြား ဖြူရော်ဖျော့တော့လာပါသည်။ တစ်နေ့ထက်တစ်နေ့ တိုး၍ အားနည်းလာသည့် အရိပ်လက္ခဏာများကို ဖော်ပြလျက် ရှိပါသည်။

စိတ်ဓာတ်အနေဖြင့်လည်း နူးညံ့သိမ်မွေ့လာသည်မှာ အမှန်ပင် ဖြစ်၏။ ကြမ်းတမ်းသော ဘဝခရီးကို ဖြတ်သန်းခဲ့ရသည့် လူတစ်ယောက်အနေဖြင့် ယခုအချိန်တွင် ခြေကုန်လက်ပန်းကျနေသည့် အရိပ်လက္ခဏာများကို ပြက်ပြက်ထင်ထင် မြင်နေရသည်။ တစ်ခါတစ်ရံတွင် သူသည် ကျွန်တော့်အား တိုးတိုးသာသာ စကားပြောတတ်သည်။ ပြောသည့် အခါများတွင်လည်း အကယ်၍ သူ့ဘဝသည် ပတ်ဝန်းကျင်ကောင်း၊ အခြေအနေကောင်းများ နှင့်သာ ကြုံခဲ့ရပါက လူကောင်းသူကောင်း တစ်ယောက် ဖြစ်လာနိုင်စရာ ရှိပါသလား ဟူသော မေးခွန်းမျိုး ကို မေးတတ်လေသည်။ မည်သို့ပင်ဖြစ်စေ သူသည် သူ၏ အတိတ်ဘဝ က ဒုက္ခများ နှင့် လက်ရှိရင်ဆိုင်နေရသည့် ဒုက္ခများ အတွက် ပူဆွေး သောက

ရောက်ခြင်းကို လုံးဝဖော်ပြခြင်း မပြုပါ။

ကျွန်တော် သူ့အနီး၌ ရှိနေခိုက် သူ့အား လူတချို့က လူထူးလူဆန်း တစ်ယောက်သဖွယ် လာရောက်ကြည့်ရှုသည် ကို နှစ်ကြိမ်သုံးကြိမ်မျှ ကြုံခဲ့ဖူးသည်။ လူဆိုးတစ်ယောက်ဟူသော နာမည်ဆိုးကြောင့် လာရောက်ကြည့်ရှုခြင်း ဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိပါ။ ထိုအခါမျိုးတွင် သူသည် ပြုံးနေတတ်သည်။ ထို့နောက် ကျွန်တော့်အား စူးစူးစိုက်စိုက် ကြည့်နေတတ်၏။ ထိုအခါမျိုးတွင် သူ့မျက်လုံးများသည် ကျွန်တော့်အပေါ်၌ ယုံကြည်အားထားသည့် အရိပ်အငွေ့များကို ဖော်ပြနေတတ်သည်။ သူ၏ စိတ်နေစိတ်ထား သိမ်မွေ့နူးညံ့မှုကို ကျွန်တော်မှ တစ်ပါး အခြားမည်သူမှ မမြင်နိုင် မသိနိုင်ဟု ယုံကြည်စိတ်ချထားသည့် လက္ခဏာကိုလည်း သူ့မျက်လုံးများက ဖော်ပြ နေကြသည် ဟု ထင်ပါသည်။

အမှုချိန်းရက်သို့ ရောက်သောအခါ မစ္စတာဂျက်ဂါးက အမှုကို နောက်တစ်ပတ်အထိ ရွှေ့ဆိုင်းပေးဖို့ လျှောက်ထားသည်။ သို့သော်လည်း တရားရုံးက မစ္စတာဂျက်ဂါး၏ လျှောက်ထားချက်ကို ပယ်ချလိုက်သည်။ အမှုကို ချက်ချင်းပင် စစ်ဆေးခဲ့ရာ တရားရုံးမှ ကျွန်တော့်အား တရားခံဖြစ်သူ မက်ဝစ်ချ်၏ အနီး၌ ထိုင်ခွင့်ပေးခဲ့ပါသည်။ တရားခွင်၌ အမှုစစ်ဆေးနေသည့် အချိန်တွင် ကျွန်တော်သည် ကျွန်တော့်ဘက်သို့ ဆန့်တန်းပေးထားသော သူ၏ လက်နှစ်ဖက်စလုံးကို ကိုင်ထားခဲ့ပါသည်။ ကျွန်တော်က ယင်းကဲ့သို့ လုပ်ပေးသည့် အတွက် မက်ဝစ်ချ်သည် အလွန် အားတက်ရုံမျှမက ဝမ်းမြောက်ကြည်နူးခြင်းလည်း ဖြစ်ရှာလေသည်။

မစ္စတာဂျက်ဂါးက မက်ဝစ်ချ်သည် တစ်ကျွန်းသို့ ရောက်သွားသည့် အချိန်မှ စ၍ စိတ်သဘောထား ပြောင်းလဲသွားခဲ့ကြောင်း၊ လုံ့လဝီရိယထုတ်၍ အလုပ်လုပ်ခဲ့သဖြင့် ချမ်းသာကြွယ်ဝလာရကြောင်း၊ ထိုအချိန်မှ စ၍ တရားဥပဒေကို ရိုသေသော လူတစ်ယောက် ဖြစ်လာရကြောင်း စသည်ဖြင့် ထောက်ထားညှာတာနိုင်လောက်သည့် အချက်အလက်များ ကို ဖော်ပြ၍ လျှောက်လဲချက် ပေးသည်။ သို့သော်လည်း တစ်ကျွန်းမှ တိတ်တဆိတ် ပြန်လည်ထွက်ပြေးလာသည် ဟူသော အချက်မှာ လွန်စွာထင်ရှားနေသည် ဖြစ်ရာ အပြစ်ရှိသည် ဟု အမိန့်ချရန်မှ တစ်ပါး အခြား နည်းလမ်းမရှိသလောက် ဖြစ်လျက် ရှိ၏။

ကျွန်တော် နားလည်မှတ်သား မိသလောက် ဆိုလျှင် ထိုခေတ်ထိုအခါကာလက တရားရုံးများသည် သေဒဏ်ချမှတ်ပေးရမည့် အမှုများကို အများကြီး စုပေါင်း၍ တစ်ရက်တည်း၊ တစ်ပြိုင်တည်း ရုံးတင်ကြရသည်။ ထိုနေ့က သေဒဏ်အပြစ်ပေးရမည့် အမှုပေါင်း သုံးဆယ့်နှစ်မှုမျှ ရုံးတင်ထားသည် ဖြစ်ရာ တရားခံအမျိုးသား၊ အမျိုးသမီးပေါင်း သုံးဆယ့်နှစ်ယောက်နှင့် တရားသူကြီးတို့ မျက်နှာချင်းဆိုင် ထိုင်နေကြသည့် မြင်ကွင်းကို ယနေ့တိုင် ကျွန်တော် ပြန်လည်မြင်ယောင်နေမိပါသေးသည်။ တကယ်တော့ လူသုံးဆယ့်နှစ်ယောက်စလုံး

တစ်ပြိုင်တည်း၊ တစ်ချိန်တည်း တရားသူကြီးထံမှ သေမိန့်ကို စောင့်ဆိုင်းနေရသည့် အဖြစ်မှာ မယုံကြည်နိုင်လောက်အောင်ပင် ထူးဆန်းလျက် ရှိပါသည်။

ထို့နောက် တရားသူကြီးက တရားခံအားလုံးကို ခြုံ၍ စကားပြောသည်။ ထိုလူစုထဲရှိ တရားခံတစ်ဦးကိုမူ တရားသူကြီးက သီးခြားရွေးချယ်၍ စကားပြောသည်ကိုလည်း တွေ့ရ၏။ ထိုသူမှာ ငယ်ငယ်ကတည်းက ဥပဒေကို အကြိမ်ပေါင်းများစွာ ချိုးဖောက်ခဲ့သူ ဖြစ်၏။ အကြိမ်ပေါင်းများစွာ ထောင်ကျခဲ့ပြီး အပြစ်ဒဏ်အမျိုးမျိုးကို ခံခဲ့ရသူ ဖြစ်၏။ နောက်ဆုံးတွင် တစ်သက်တစ်ကျွန်း ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည်။ ထိုအတွင်းတွင်လည်း သူသည် စည်းကမ်းများကို အကြိမ်ကြိမ် ချိုးဖောက်ပြီး တစ်ကျွန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့၏။ ထို့ကြောင့် တရားသူကြီးက ထိုတရားခံအား သီးခြားစကားပြောကာ သေဒဏ်ချမှတ်ခြင်း ဖြစ်လေသည်။

သေဒဏ်ချမှတ်ခြင်းခံရသော အကျဉ်းသားသည် တရားသူကြီးရှေ့၌မတ်တတ်ရပ်၍ အမိန့်ကို နာခံရသည်။ အမိန့်ချမှတ်ပြီးသောအခါ တရားခံဖြစ်သူက "တရားသူကြီးမင်းခင်ဗျား၊ ဘုရားသခင်က ပေးသော အပြစ်ဒဏ်ကို ကျွန်တော် ရရှိပြီး ဖြစ်ပါသည်။ တရားသူကြီးမင်း၏ အမိန့်ကို ကျွန်တော် နာခံပါ၏" ဟု ပြန်ပြောကာ သူ့နေရာတွင် ပြန်ထိုင်သည်။ ထိုအခါ တရားသူကြီးသည် နောက်တစ်ဦးဘက်သို့ လှည့်သွားသည်။ ဤသို့ဖြင့် ယင်း သုံးဆယ့်နှစ်ယောက် ထဲတွင် တစ်ယောက် အပါအဝင်ဖြစ်သော မက်ဝစ်ချ်သည် ရရှိထားသည့် ဒဏ်ရာကြောင့် လူ့လောက၌ ကြာရှည်စွာ နေရတော့မည် မဟုတ်ဟု သိနေပါလျက်နှင့်ပင် သေဒဏ်ကို ခံရပေဦးတော့မည်။

အပြင်ဘက်တွင် မိုးရွာလျက် ရှိလေသည်။ မိုးစက်မိုးပေါက်များသည် တရားရုံး ပြတင်းပေါက် မှန်များကို ရိုက်ခတ်လျက် ရှိသည်။ မက်ဝစ်ချ်၏ လက်နှစ်ဖက်ကို ကိုင်၍ ထိုင်နေသည့် နေရာမှ လှမ်းမျှော်ကြည့်လိုက်သည့် အခါ ယောကျ်ား၊ မိန်းမ သုံးဆယ့်နှစ်ယောက်ကို မြင်နေရ၏။ တချို့မှာ တည်တည်ငြိမ်ငြိမ် ရှိကြသော်လည်း တချို့မှာ ထိတ်လန့်ကြောက်ရွံ့လျက် ရှိကြသည်။ တချို့သည် တိတ်တဆိတ်ကျိတ်၍ မျက်ရည်ကျ နေကြသော်လည်း၊ တချို့ကတော့ ကျယ်လောင်စွာပင် ငိုကြွေးနေကြ၏။ အထူးသဖြင့် မိန်းမတရားခံများသည် ထိတ်လန့်ကြောက်ရွံ့မှုကို ဖုံးကွယ် မထားနိုင်ကြချေ။ သူတို့ လူစုကြားတွင် သွားလိုက်လာလိုက်၊ ဝင်လိုက်ထွက်လိုက် လုပ်နေကြသော ပုလိပ်အရာရှိများသည် ကြိမ်းလိုက် မောင်းလိုက်၊ အော်လိုက်ငေါက်လိုက် လုပ်လျက် ရှိကြလေသည်။

တရားခံများ၏ ဆွေမျိုးသားချင်းများ နှင့် စိတ်ဝင်စား၍ တကူးတကန့် လာရောက် ကြည့်ရှုသူများ သည် တရားရုံး၏ နေရာတိုင်း၊ ထောင့် တိုင်းတွင် အစုလိုက်၊ အပြုံလိုက် ရှိနေကြလေရာ အလွန်လူစည်ကားလျက် ရှိ၏။ တရားခံ သုံးဆယ့်နှစ်ယောက်နှင့် တရားသူကြီးတို့မျက်နှာချင်းဆိုင်၍ ထိုင်နေကြသည့် မြင်ကွင်းသည် ပွဲကြည့်ပရိတ်သတ် အဖို့ အလွန်ထူးဆန်းသော မြင်ကွင်းတစ်ခု

ဖြစ်လျက် ရှိသည်။ တရားသူကြီးသည် တရားခံတစ်ဦးချင်း၏ အပြစ်များကို ဖော်ပြ၍ အမိန့်ချမှတ် လျက် ရှိသည်။ နောက်ဆုံးတွင် အမိန့်ချမှတ်ခြင်းခံရသူမှာ မက်ဝစ်ချ် ဖြစ်၏။ တရားသူကြီးက အမိန့်ချမှတ်နေသည့် အတွင်း တရားခံသည် မတ်တတ်ရပ်၍ အမိန့်ကို နာယူရသော ထုံးစံ ရှိသဖြင့် မက်ဝစ်ချ်သည် သူထိုင်နေသည့် ကုလားထိုင်မှ ထ၍ ရပ်ပါသည်။ သို့သော်လည်း ခံစားနေရသည့် ဝေဒနာက ပြင်းထန်လျက် ရှိသဖြင့် ကောင်းစွာ မရပ်နိုင်၊ ကျွန်တော်က သူ့လက်များကို ကိုင်၍ ဘေးမှ ဖေးမ,ထားရပါသည်။ ဤ သို့ဖြင့် မက်ဝစ်ချ်သည် အခြားသော တရားခံ သုံးဆယ့်တစ်ယောက်နှင့် အတူ သေဒဏ်ချမှတ်ခြင်းကို ခံရလေသည်။

သေဒဏ်ချမှတ်ခြင်း ခံရသော တရားခံများကို ချက်ချင်း ကြိုးပေး၍ သတ်သည့် ထုံးစံ မရှိဘဲ ရက်အတန်ကြာမျှ ထောင်ထဲ၌ ထားလေ့ရှိသည် ဖြစ်ရာ ကျွန်တော့်အနေဖြင့် မက်ဝစ်ချ်အား ထိုရက်များ အတွင်း သေသွားစေချင်သောဆန္ဒ ဖြစ်ပေါ်မိ၏။ ထိုရက်များ အတွင်းမှာပင် သူ ခံစားနေရသော ဝေဒနာဖြင့် သေဆုံးသွားပါစေတော့ဟုပင် စိတ်ထဲမှ ကျိတ်၍ ဆုတောင်းမိပါသည်။

ထိုညမှာပင် ကျွန်တော်သည် မက်ဝစ်ချ်အတွက် အသနားခံစာတစ်စောင် ရေးပါသည်။ ပြည်ထဲရေးဝန်ကြီးထံသို့ တင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးခြင်း ဖြစ်၏။ သူနှင့် ကျွန်တော် စတင်တွေ့ဆုံခဲ့ကြသည့် အချိန်မှ စ၍ ယနေ့အထိ သိရှိနားလည်ထားရသည့် သူ၏ စိတ်နေသဘောထားများကို အသေးစိတ် ဖော်ပြပြီး ကျွန်တော့်အကျိုးရှေးရှု၍ ပြန်လာခါမှ ယခုကဲ့သို့ အဖြစ်မျိုးနှင့် ကြုံရခြင်းဖြစ်ကြောင်းကို အကျယ်တဝင့် ရေးသားပါသည်။ နောက်တစ်နေ့မှာပင် ထိုစာကိုပြည်ထဲရေးဝန်ကြီးထံ လိပ်တပ်၍ ပို့လိုက်သည်။ ထို့နောက်တွင် မူ ကျွန်တော်သည် ညစဉ်ညတိုင်း ကောင်းစွာ အိပ်ရသည် မရှိတော့ပါ။ အာဏာပိုင်အဖွဲ့၌ အစည်းများ ထဲမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများထံ ပေးပို့ ရန် အသနားခံစာများ တစ်စောင်ပြီးတစ်စောင် ရေးခြင်းဖြင့် အချိန်ကုန်လျက် ရှိပါသည်။ နောက်ဆုံးတွင် ဘုရင်မင်းမြတ်ထံသို့ပင် အသနားခံစာတစ်စောင် ရေးသား၍ ပို့ခဲ့ပါသေးသည်။ မက်ဝစ်ချ်အား သေဒဏ်ချမှတ်ခဲ့ပြီးသည့် အချိန်မှ စ၍ ကျွန်တော်သည် ရက်ပေါင်းညပေါင်းများစွာ၊ နားနားနေနေ နေရသည် မရှိတော့ပါ။ တစ်ခါတစ်ရံ ကုလားထိုင်ပေါ်၌ ထိုင်နေရင်း ခဏတစ်ဖြုတ် ငိုက်မျဉ်းသွားသည် မှ တစ်ပါး နားအေးပါးအေးနှင့် အိပ်ရေးဝဝ အိပ်ရသည်ဟု မရှိတော့ပါ။ ကျွန်တော့်စိတ်သည် ဤအသနားခံစာများ ထဲ၌သာ နစ်မြုပ်လျက် ရှိ၏။ အသနားခံစာများကို ပို့ပြီးသည့် နောက်ပိုင်းတွင်လည်း ကျွန်တော့်စိတ်တွင် အေးဆေးငြိမ်သက်ခြင်း မရှိ။ အချိန်ရှိသမျှ အသနားခံစာ ပို့ထားသည့်ရုံးများ၊ ဌာနများ အနီးတစ်ဝိုက်၌ မျှော်လင့်ချက်ကြီးစွာဖြင့် တရစ်သီသီ လုပ်နေမိပါသည်။

ကျွန်တော်သည် မက်ဝစ်ချ်ထံသို့ နေ့စဉ်ပုံမှန် ရောက်လျက်ပင် ရှိပါသည်။ ပထမတွင် သူ့အား တင်းကျပ်စွာ စောင့်ရှောက်ခြင်း ပြုထားသော်လည်း

နောက်ပိုင်းတွင် ယခင်ကလောက် တင်းကျပ်ခြင်း မရှိတော့ပါ။ မက်ဝစ်ချ်ကို စောင့်ရှောက်ရသော တာဝန်ကျအရာရှိသည် မက်ဝစ်ချ်ကိုရော ကျွန်တော့်ကိုပါ ကောင်းစွာ ဆက်ဆံခြင်း ပြုပါသည်။ တာဝန်အရ ဆောင်ရွက်ရမည့် အလုပ်များကို လုပ်သော်လည်း ယဉ်ကျေးသိမ်မွေ့စွာပင် ပြုလုပ်သွားလေ့ ရှိပါသည်။ ကျွန်တော် မက်ဝစ်ချ်ထံသို့ သွားသည့် အခါတိုင်း တာဝန်ကျအရာရှိသည် မက်ဝစ်ချ်၏ အခြေအနေ ပိုဆိုးလာသည် ဟူသော သတင်းကိုသာ အမြဲတစေ ဆီး၍ပြောတတ်သည်။ အခန်းထဲရှိ နားမကျန်းဖြစ်နေသော အခြားထောင်သား လူနာများ နှင့် လူနာစောင့် ထောင်သားများကလည်း ကျွန်တော် ရောက်သွားသည့် အခါတိုင်း မက်ဝစ်ချ်၏ အခြေအနေ ယနေ့ ပိုဆိုးလာသည် ဟူသော သတင်းကို ဆီး၍ ပေးတတ်ကြလေသည်။

နေ့ရက်တွေ ကုန်လွန်လာသည် နှင့် အမျှ မက်ဝစ်ချ်၏ အမူအရာမှာလည်း ပြောင်းလဲလာသည်။ ကျွန်တော် ရောက်သွားသည့် အခါတိုင်း မက်ဝစ်ချ်သည် အိပ်ရာပေါ်၌ ပက်လက်အိပ်ကာ မျက်နှာကြက်ဆီသို့သာ ငေးစိုက်၍ ကြည့်နေတတ်၏။ မျက်နှာမှာလည်း ကြည်လင်ခြင်း မရှိ။ ကျွန်တော် ရောက်သွား၍ စကားတစ်ခွန်း နှစ်ခွန်း ပြောလိုက်သည့် အခါ သူ့မျက်နှာ အနည်းငယ်မျှ ကြည်လင်လာသော်လည်း တစ်ခဏမျှသာ ဖြစ်၏။ ချက်ချင်းလိုလိုပင် ပြန်၍ ညှိုးငယ် သွားတတ်လေသည်။ တစ်ခါတစ်ရံတွင် မူ သူသည် စကားတစ်ခွန်းမျှ မပြောနိုင်ရှာပေ။ ကျွန်တော့်လက်ကို ကိုင်၍ မသိမသာကလေး ဖိနှိပ်ပြခြင်းအားဖြင့် ကျွန်တော် ပြောသမျှ စကားများကို အဖြေပေးလေ့ ရှိသည်။ ကြာလာတော့လည်း သူပြောလိုသည့် အဓိပ္ပာယ်ကို ကျွန်တော် နာလည်၍ လာခဲ့ပါသည်။

ဤသို့ဖြင့် တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့ရာ ဆယ်ရက်မြောက်လာခဲ့သည် သူ့မျက်နှာသည် ယခင်နေ့များကထက် သိသိသာသာကြီး ပြောင်းလဲနေသည်ကို ကျွန်တော် သတိထားမိပါသည်။ တံခါးဆီသို့ ငေးကြည့်နေသော သူ့မျက်လုံးများသည် ကျွန်တော် ဝင်လာသည် ကို မြင်လိုက်သည့် အခါ ဝင်းလက်သွားပါသည်။

ကျွန်တော် သူ့ခုတင်ဘေးနား ဝင်ထိုင်လိုက်သည့် အခါ "လူကလေးရယ်၊ ကနေ့ မင်းလာတာ နောက်များ ကျနေမလား၊ ဒါပေမဲ့ မင်း ဘယ်တော့မှ နောက်မကျတတ်ဘူးဆိုတာ ငါ သိနေပါတယ်" ဟု ပြောသည်။

"အချိန်မှန်မှန်ပါပဲခင်ဗျာ၊ စောနေလို့ ဂိတ်ဝမှာတောင် စောင့်နေရပါသေးတယ်" ဟု ကျွန်တော်က ပြန်ပြောပါသည်။

"နေ့တိုင်း ဂိတ်ဝမှာ စောင့်စော့်နေရတာချည်းပဲ မဟုတ်လား လူကလေးရယ်"

"ဟုတ်ပါတယ်၊ အချိန်နောက်မကျအောင် ကျွန်တော်က အမြဲတမ်း ကြိုကြိုပြီး ရောက်ခဲ့ တာချည်းပဲ"

"အေးအေး.. ကျေးဇူးပါပဲ လူကလေးရယ်၊ ကျေးဇူးပါပဲ၊ ဘုရားသခင်က

မင်းကို စောင့်ရှောက်မ,စပါစေကွယ်၊ မင်းဟာ ငါ့ကို လုံးဝပစ်မသွားဘူးနော်၊ တော်ပါပေတယ်ကွယ်"

ကျွန်တော်က သူ့လက်ကို ဆုပ်၍ ညှစ်လိုက်ပါသည်။ တစ်ချိန်သော အခါက ကျွန်တော် သူ့ကို စွန့်ခွာပြေးဖို့ စိတ်ကူးခဲ့ဖူး၏။ ထိုအဖြစ်ကို ကျွန်တော် မမေ့နိုင်ပါ။

"လူကလေးနဲ့ ပတ်သက်လို့ ငါ စိတ်အချမ်းသာဆုံးကတော့ တခြား မဟုတ်ဘူး၊ ငါဒုက္ခရောက်လို့ ငါ့ဘဝတစ်ခုလုံး မှောင်ကြီးကျနေတဲ့ အချိန်မှာ လူကလေးက ငါ့ကို ပိုပြီး ကြင်ကြင်နာနာနဲ့ ဂရုစိုက်လာတဲ့ အတွက်ပဲ၊ အဲဒါတစ်ခုကတော့ ငါ့အတွက် စိတ်ချမ်းသာစရာ အကောင်းဆုံး တစ်ခုပါပဲ လူကလေးရယ်"

သူသည် ပက်လက်လှန်အိပ်နေရာမှ အသက်ရှူတိုး၍ ကျပ်လာသည့် လက္ခဏာကို ဖော်ပြနေသည်။ သူ့မျက်နှာသည် စောစောကလောက် ကြည်လင်ခြင်း မရှိတော့ပါ။

"ကနေ့ ရင်ဘတ်ထဲက ပိုပြီး နာနေသလား"

"ကိစ္စမရှိပါဘူး လူကလေးရယ်၊ ဘာမဆိုသည်းခံနိုင်ပါတယ်"

"ဟုတ်ပါတယ်၊သည်းခံနိုင်တာ ကျွန်တော်လည်း သိပါတယ်၊ ဘယ်တော့မှ ညည်းတာ မတွေ့ခဲ့ဖူးပါဘူး"

မက်ဝစ်ချ်က ပြုံးသည်။ သူသည် လက်တစ်ဖက်ဖြင့် ကျွန်တော့်လက်ကို ထိသည်။ ကျွန်တော့်လက်ကို သူ့ရင်ဘတ်ပေါ် တင်ထားပါဟု ဆိုလိုခြင်း ဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်သည်။ ကျွန်တော်က လက်တစ်ဖက်ကို သူ့ရင်ဘတ်ပေါ် တင်ပေးလိုက်သည် ထိုအခါ ဒုတိယအကြိမ် ထပ်၍ ပြုံးလိုက်ပြီး သူ့လက်နှစ်ဖက်ကို ကျွန်တော့်လက်ပေါ်မှ အုပ်၍ တင်ထားလိုက်ပါသည်။

ကျွန်တော်တို့ နှစ်ယောက် ယင်းကဲ့သို့ ငြိမ်ဆိတ်နေခိုက်မှာပင် ကျွန်တော် ပြန်ရမည့် အချိန်သို့ ပြန်ရောက်လာသည်။ ကျွန်တော့်ပတ်ဝန်းကျင်ကို လှည့်၍ ကြည့်လိုက်မိပါသည်။ ကျွန်တော့်အနီး၌ ထောင်ပိုင်ကြီးရပ်နေသည် ကို တွေ့ရသည်။ ထောင်ပိုင်ကြီးက ကျွန်တော့်နားကပ်၍ လေသံဖြင့် "မင်းပြန်ဖို့ မလိုသေးပါဘူး။ နေနိုင်ပါသေးတယ်" ဟု ပြောသည်။ ကျွန်တော်က သူ့ကို ကျေးဇူးတင် စကားပြန်ပြောပြီး "သူ ကြားနိုင်သေးတယ်ဆိုရင် ကျွန်တော် စကားနည်းနည်းလောက် ပြောချင်ပါတယ်" ဟု ခွင့်တောင်းပါသည်။

ထောင်ပိုင်ကြီးက ကျွန်တော်တို့ နှင့် ဝေးရာသို့ သွား၍ ရပ်နေပါသည်။ တာဝန်ကျအရာရှိ ကိုလည်း ခပ်လှမ်းလှမ်းသို့သွား၍ ရပ်နေရန် လက်ပြသည်။ မျက်နှာကြက်ဆီသို့ ငေးကြည့်နေသော မက်ဝစ်ချ်၏ မျက်နှာသည် ကျွန်တော့်ဘက်သို့ လှည့်လာသည်။ သူ့မျက်နှာသည် ပြန်၍ ကြည်ကြည်လင်လင် ဖြစ်လာသည် ကျွန်တော့်အား အလွန်ချစ်ခင်ကြင်နာသော မျက်နှာထားဖြင့် ကြည့်လျက်ရှိလေသည်။

"ကျွန်တော် မပြောမဖြစ်တဲ့ အကြောင်းတစ်ခုကို ပြောချင်ပါတယ်။

ကျွန်တော် ပြောသမျှကို နားလည်ပါ့မလား"

သူက ကျွန်တော့်လက်ကို အသာအယာဖိပြသည်။

"ဟိုတစ်ချိန်က ခင်ဗျားမှာ အလွန်ချစ်တဲ့ သမီးကလေးတစ်ယောက် ရှိခဲ့တယ်လို့ ပြောခဲ့ဖူးတယ်နော်၊ အဲဒီသမီးကလေးဟာ ပျောက်သွားခဲ့တယ်လို့လည်း ပြောခဲ့တယ်"

မက်ဝစ်ချ်က ကျွန်တော့်လက်ကို ခပ်တင်းတင်း ဖိပြသည်။

"အဲဒီသမီးကလေးဟာ အခုအချိန်အထိ အသက်ရှင်လျက် ရှိနေပါတယ်၊ သူ့ကို ချမ်းသာတဲ့ မိတ်ဆွေတွေက ပြုစုစောင့်ရှောက်ထားပါတယ်၊ အင်မတန်ချော၊ အင်မတန်လှတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကလေးတစ်ယောက် ဖြစ်နေပါတယ်။ ကျွန်တော်က သူ့ကို အလွန်ချစ်ပါတယ်"

မက်ဝစ်ချ်သည် နောက်တစ်ကြိမ် ကြိုးစားသည့် အနေဖြင့် ရှိသမျှခွန်အားကို ထုတ်၍ ကျွန်တော့်လက်ကို မြှောက်ရန် အားထုတ်သည်။ ကျွန်တော်က သူ့အပြုအမူကို ရိပ်မိသဖြင့် လက်ကို မြှောက်ပေးလိုက်သည်။ သူသည် ကျွန်တော့်လက်ကို အသာမ,၍ သူ့နှုတ်ခမ်းများဖြင့် ထိလိုက်သည်။ ထို့နောက် ကျွန်တော့်လက်သည် သူ့ရင်ဘတ်ပေါ်သို့ ပြန်၍ လျှောကျလာသည်။ သူ့လက်နှစ်ဖက်သည် ကျွန်တော့်လက်ပေါ် အုပ်လျက်...။ သူ့မျက်လုံးများသည် မျက်နှာကြက်ဆီသို့ ငေးမောနေသည်။ ထို့နောက် တဖြည်းဖြည်း မှေးမှိတ်သွားသည်။ သူ့ဦးခေါင်းသည် သူ့ရင်ဘတ်ပေါ် သို့ အသာအယာပင် လျှောကျလာသည်။

ကျွန်တော်တို့ နှစ်ယောက် အတူတူဖက်ခဲ့ဖူးသည့် ဖြစ်ရပ်တစ်ခုကို မေ့ပစ်၍ မဖြစ်နိုင်ပါ။ ထိုဖြစ်ရပ်တွင်ပါသည့် လူနှစ်ယောက် ဘုရားရှိခိုး ကျောင်းသွား၍ ဆုတောင်းကြပုံကို ကျွန်တော် သတိရမိပါသည်။ သူ့အိပ်ရာ ခုတင်ဘေး၌ ရှိနေသော ကျွန်တော်သည် "အို.. အဖဘုရားသခင်၊ ဒုစရိုက်သမားတစ်ဦး ဖြစ်ခဲ့ရရှာသော သူ့အား သနားကရုဏာထားတော်မူပါ" ဟူသော စကားမှ တစ်ပါး အခြားပြောစရာ အကောင်းဆုံးသောစကား ရှာ၍ မရတော့ပါ။

******

ယခုအခါတွင် ကျွန်တော်သည် တစ်ဦးတည်း ကျန်ခဲ့ပြီ ဖြစ်ရာ တင်းပဲလ်ရိပ်သာတွင် ငှားထားသည့် အခန်းကို ကြိုတင်ပေးထားသည့် အခန်းလခ ကုန်ဆုံးသည် နှင့် တစ်ပြိုင်နက် ပြန်အပ်တော့မည်ဟု အကြောင်းကြားထားလိုက်ပါသည်။ ကျွန်တော့်တွင် ကြွေးများ ပတ်လည်ဝိုင်းနေပြီ ဖြစ်၏။ လက်ထဲတွင်လည်း ငွေကြေး များများစားစား မရှိတော့သဖြင့် အသုံးအစွဲကျပ်တည်းမှု ဒဏ်ကို ခံနေရပြီ ဖြစ်သည်။ ကျွန်တော်၏ အခြေအနေမှန်ကို အလေးအနက်ထား၍ စဉ်းစားမိသည့် အခါ များစွာထိတ်လန့်ခြင်း ဖြစ်မိပါသည်။ အကယ်၍သာ ကျွန်တော်သည် စိတ်ရောကိုယ်ပါ အဆမတန် ပင်ပန်းနွမ်းနယ်ပြီး အားအင်ကုန်ခြင်း မရှိပါက ဤကိစ္စအတွက် ထိတ်လန့်သင့်သည် ထက် ပို၍ ထိတ်လန့်စိုးရိမ်ခြင်း ဖြစ်ကောင်းမှ ဖြစ်မိပါလိမ့်မည်။ ယခုသော်မူ ဆုတ်ယုတ်လျက်ရှိနေသော ကျန်းမာရေးအခြေအနေကြောင့် ထိုကိစ္စပေါ်တွင် ထင်သလောက် အရေးမထားနိုင်ပါ။ ကျွန်တော့်အနေဖြင့် အိပ်ရာပေါ် ဗုန်းဗုန်းလဲသည် အထိ မမာမကျန်း ဖြစ်တော့မည်ကို သိနေ၏။ သို့သော်လည်း တစ်ပူပေါ် တစ်ပူဆင့် ဆိုသကဲ့သို့ ကြွေးပတ်လည်ဝိုင်းနေသည့် ကိစ္စကို စဉ်းစားနေရသဖြင့် ထိုကိစ္စ ဖြစ်မလာအောင် အချိန်မီ တားဆီးခြင်း မပြုနိုင်တော့ပါ။

တစ်ရက်နှစ်ရက်ခန့်မျှ ကျွန်တော်သည် အခန်းပြင်သို့ မထွက်ပါ။ ဆိုဖာပေါ် လှဲနေလိုက် ကြမ်းပြင်ပေါ် လှဲနေလိုက်နှင့် ဖြစ်ချင်သလို ဖြစ်လျက် ရှိသည်။ ဦးခေါင်းတစ်ခုလုံးမှာ မထူချင်လောက်အောင် လေးလံလျက် ရှိရုံမျှမက တစ်ကိုယ်လုံးမှာ မလှုပ်ရှားနိုင်လောက်အောင် နာကျင်ကိုက်ခဲလျက် ရှိ၏။ ကျွန်တော့်ခေါင်းသည် ဘာကိုမှ ပီပီပြင်ပြင် စဉ်းစား၍ မရ။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်သော စွမ်းအားလည်း မရှိ။ တစ်ညတွင် ကျွန်တော်သည် အဓိပ္ပာယ်မရှိသော ပူပန်ကြောင့်ကြမှုဖြင့် တစ်ညလုံး အိပ်မရဘဲ ဖြစ်လျက်ရှိသည်။ နံနက်လင်းသည့် အခါ အိပ်ရာခု တင်ပေါ်၌ ထိုင်ရန် အားထုတ်သည်။ သို့သော်လည်း ထ၍ မရပါ။

အချိန်မတော် ညကြီးမင်းကြီးကျခါမှ ကျွန်တော်သည် ဂါးဒင်းကုတ် ရပ်ကွက်ထဲသို့ သွား၍ ထိုနေရာ၌ ရှိခဲ့ဖူးသော ကျွန်တော့်လှေကို လိုက်လံရှာဖွေနေမိသည်။ ဘယ်ပုံဘယ်နည်းဖြင့် အိပ်ရာပေါ်က ထလာနိုင်ခဲ့သည် မသိ။ ကျွန်တော်သည် နှစ်ကြိမ် သုံးကြိမ်မျှ လှေကားပေါ် ရောက်နေသည်။ လှေကားမှ သူတက်လာမည်ကို ကြို၍ သိထားသဖြင့် မှန်အိမ်မီးကို ထွန်းညှိနေသလိုလို၊ စိတ်ထဲက ထင်သည်။ ပြီးတော့ ဘေးလူများ မြင်ကုန်ကြမည်ကို စိုးရိမ်သဖြင့် မှန်အိမ်မီးအားလုံးကို ငြိမ်းပစ်မိသည် ဟုလည်း ထင်သည်။ ထို့နောက် တစ်ဦးတစ်ယောက်၏ ထစ်တီးထစ်ငေါ့ စကားပြောသံများ၊ ရယ်သံများ နှင့် ညည်းညူသံများကို ကြားနေရသည်။ ထိုအသံများသည် အခြားသူတစ်ယောက်ထံမှ ထွက်လာနေခြင်း မဟုတ်၊ ကျွန်တော့်ထံမှ ထွက်လာနေပုံ ရသည်။ အခန်း၏

မှောင်ရိပ်ကျကျ ထောင့်တစ်ထောင့်တွင် မီးဖိုကြီးတစ်လုံး၊ ထိုမီးဖိုကြီးထဲတွင် မစ္စဟောဗီရှမ် လိမ့်ကျနေသည် ဟု တစ်ဦးတစ်ယောက်က အော်နေသည်။ ထိုနေ့နံနက်က အိပ်ရာပေါ် ကျွန်တော် ပြန်လှဲနေသည့် အခါ အထက်ပါဖြစ်ရပ်များသည် အိပ်မက်လိုလို တကယ်လိုလိုနှင့် ကျွန်တော့်ခေါင်းထဲတွင် ဗလုံးဗထွေးဖြစ်လျက် ရှိသည်။ ထိုဖြစ်ရပ်များ နှင့် ကျွန်တော့်ကြားတွင် မီးဖိုတစ်ခု ထွက်နေသော မီးခိုးငွေ့များက ခြားထားသလိုလိုလည်း ရှိသည်။ နောက်ဆုံးတွင် ကျွန်တော် မြင်ရသလိုလို ရှိသော မီးခိုးငွေ့များသည် တဖြည်းဖြည်းချင်း ပျောက်သွားသည်။ ထိုအခါကျမှပင် ကျွန်တော် အားစိုက်ကြည့်နေသော လူနှစ်ယောက်ကို လှမ်းမြင်ရပါသည်။

"ခင်ဗျားတို့ ဘာကိစ္စရှိလို့လဲ" ဟု ကျွန်တော်က မေးသည်။ "ကျွန်တော် ခင်ဗျားတို့ ကို မသိဘူး၊ ဘယ်ကလဲ"

တစ်ဦးက ကျွန်တော့်ကို ငုံ့ကြည့်ပြီး ပခုံးတစ်ဖက်ကို လှမ်းကိုင်သည်။

"ခင်ဗျားကို ကြွေးမှုနဲ့ ဖမ်းရပါလိမ့်မယ်" ဟု ပြောသည်။

"ကြွေးက ဘယ်လောက်လဲ"

"တစ်ရာနှစ်ဆယ့်သုံးပေါင် ဆယ့်ငါးသျှီလင် ခြောက်ပဲနိပါ၊ လက်ဝတ်လက်စား ဝယ်သွားပြီး မပေးသေးတဲ့ အကြွေးပါ"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

"ခင်ဗျား ကျွန်တော့်အိမ်ကို လိုက်ခဲ့ပါ။ ကျွန်တော့်အိမ်က အလွန့်ကို နေလို့ ထိုင်လို့ ကောင်းမှာပါ" ဟု ထိုလူက ပြန်ပြောသည်။

ကျွန်တော်က အိပ်ရာပေါ်မှ ထပြီး အဝတ်အစားလဲရန် အားထုတ်သည်။ ထ၍ မရ။ သူတို့ နှစ်ယောက်ကတော့ ကျွန်တော့်ကို ကြည့်နေဆဲ...။ ကျွန်တော်ကိုယ်တိုင်မှာလည်း အိပ်ရာပေါ်၌ လှဲနေဆဲ..။

"ကျွန်တော့်အခြေအနေကတော့ ခင်ဗျားတို့ မြင်တဲ့ အတိုင်းပဲ" ဟု ကျွန်တော်က လှမ်းပြောပါသည်။ "တကယ်လို့ ကျွန်တော်ထနိုင်ရင် လိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မထနိုင်ဘူး။ ခင်ဗျားတို့ က ဇွတ်အဓမ္မခေါ်သွားမယ်ဆိုရင်လည်း လမ်းမှာတင် အသက်ထွက်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်"

သူတို့ နှစ်ယောက်သည် ကျွန်တော့်ကို စကားပြန်ပြောနေသည် ဟု ထင်သည်။ သူတို့ချင်း ငြင်းခုံနေကြသည် ဟုလည်း ထင်သည်။ ကျွန်တော့်ကို မလိုက်ချင် လိုက်ချင်အောင် နားချနေသည် ဟုလည်း ထင်သည်။ ကျွန်တော့်ကို ခေါ်သွားနိုင်ဖို့ ကြိုးစားကြသေးသည် ဟုလည်း ထင်သည်။ အားလုံးကို သိသလိုလို မသိသလိုလိုနှင့် ဝိုးတိုးဝါးတား...။

ကျွန်တော် အပြင်းအထန် ဖျားနေပြီ။ လူနှစ်ယောက် ပြန်ဆင်းသွားသည်။ ထို့နောက် သတိလစ်သွားသလို ခံစားရသည်။ စိတ်ထဲတွင် ပေါ် လာသမျှ အရာအားလုံးသည် အိပ်မက်တွေလား၊ စိတ်ကူးယဉ်မှုတွေလား ခွဲခြား၍ မသိ။ ကျွန်တော်သည် အိမ်နံရံတစ်ခုတွင် အုတ်ခဲတစ်လုံး ဖြစ်နေသည်။ နေထိုင်ရသည်မှာ

ကျဉ်းကျပ်လှပါဘိခြင်း၊ လွတ်မြောက်ချင်လွန်းလှပါ၏။ ကျွန်တော်သည် အင်ဂျင်စက်ကြီးတစ်လုံး၏ သံမဏိယက်မတစ်ခု ဖြစ်နေပြန်သည်။ စက်ကြီးလည်နေသည် နှင့် အမျှ ကျွန်တော်ပါ လိုက်၍ လည်နေရသည်။ မူးလှပါဘိခြင်း၊ စက်ကြီးကို ရပ်သွားအောင် ကျွန်တော် ကြိုးစားသည်၊ မရ။ ကျွန်တော်သည် တောက်လျှောက် အကျဉ်းအကျပ်များ နှင့် အခက်အခဲများကြား၌ မလူးသာမလွန့်သာ ဖြစ်လျက် ရှိသည်။ ကျွန်တော့်မျက်စိထဲတွင် လူတွေအများကြီး မြင်ရသည် အသက်အရွယ်အမျိုးမျိုး၊ မျက်နှာအမျိုးမျိုး၊ ကိုယ်လုံးကိုယ်ပေါ် အမျိုးမျိုး။ သို့သော်လည်း နောက်ဆုံးတွင် မြင်နေသ မျှလူအားလုံးသည် ဂျိုးချည်း ဖြစ်သွားသည်။

ညပိုင်းတစ်ရေးနိုးလာ၍ မျက်လုံးများကို ဖွင့်လိုက်သည့် အခါတွင် ကျွန်တော့်အိပ်ရာဘေး၌ ထိုင်နေသော ဂျိုးကို မြင်ရသည်။ နေ့ခင်းနေ့လယ် တစ်ရေးနိုး၍ မျက်လုံးများကို ဖွင့်လိုက် ပြန်တော့လည်း ပြတင်းပေါက်အနီး၌ ကုလားထိုင်တစ်လုံးနှင့် ထိုင်ကာ ဆေးတံဖွာနေသော ဂျိုး ကိုပင် မြင်ရသည်။ ရေအေးအေးတစ်ခွက် တောင်းပြန်တော့လည်း ဖန်ခွက်ကို ယူလာပြီး တယုတယ တိုက်သူမှာ ဂျိုးပင် ဖြစ်နေပြန်၏။ ရေသောက်ပြီး၍ ခေါင်းအုံးကို ပြန်မှီလိုက်သည့် အခါ ကျွန်တော့်အား အလွန်စိုးရိမ်မကင်းသော၊ အလွန်ချစ်ခင်ကြင်နာသော အမူအရာဖြင့် ကြည့် နေသူကို မြင်ရသည်။ ထိုသူ၏ မျက်နှာမှာလည်း ဂျိုး၏ မျက်နှာပင် ဖြစ် နေသည်။

နောက်ဆုံးတွင် ကျွန်တော် မျိုသိပ်မထားနိုင်တော့ပါ။ တစ်ရက်တွင် ကိုယ့်စိတ်ကို တင်းပြီး "အခုဟာ ဂျိုးလား" ဟု မေးလိုက်မိ၏။

အလွန်ချိုသာအေးဆေးသော အဖြေပေးသံကို ကြားရသည်။ "ဘယ် သူဖြစ်ရဦးမှာလဲ ဂျိုးပဲပေါ့ ငါ့လူရ"

"အို… ဂျိုး၊ ခင်ဗျား ကျွန်တော့်ကို စိတ်ထိခိုက်အောင် လုပ်နေတာပဲ၊ ကျွန်တော့်ကို စိတ်ဆိုးလိုက်စမ်းပါဗျာ၊ ကျွန်တော့်ကို ရိုက်စမ်းပါဗျာ၊ ကျွန်တော့်အပေါ်မှာ ထပ်ပြီး ကောင်းမနေပါနဲ့တော့ ဂျိုးရယ်"

သို့သော်လည်း ထိုအချိန်တွင် ဂျိုးသည် ကျွန်တော့်ခေါင်းအုံးပေါ်၌ သူ့ ခေါင်းကို တင်၍ လှဲကာ ကျွန်တော့်လည်ပင်းကို ဖက်ထားနေပြီ ဖြစ်၏။ ကျွန်တော် သတိပြန်ရလာသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာလေပြီ။

"ပစ်ပ်ရာ၊ ငါ ဝမ်းသာလိုက်ပါဘိတယ်၊ မင်းနဲ့ ငါနဲ့ဟာ ပေါင်းဟောင်းသင်းဟောင်းတွေ မဟုတ်လား ငါ့လူရာ၊ မင်း နေကောင်းသွားရင် ငါ တို့ နှစ်ယောက် လျှောက်လည်ကြမယ်နော်၊ သိပ်ကို ပျော်စရာ ကောင်းမှာ ကွ"

ထို့နောက် ဂျိုးသည် ကျွန်တော့်အနားမှ ထသွားသည်။ ကျွန်တော့်ကို ကျောပေး၍ ရပ်ကာ ပြတင်းပေါက်မှ နေ၍ အပြင်သို့ ကြည့်နေသည်။ သူသည် မျက်လုံးများကို ပွတ်လျက် ရှိလေသည်။ အိပ်ရာမှ မထနိုင် လောက်အောင် အားနည်းနေသော ကျွန်တော်သည် သူ့ထံသို့ သွားလိုပါလျက်နှင့် မသွားနိုင်။

"အလွန်စိတ်နှလုံးနူးညံ့ သိမ်မွေ့လှတဲ့ ဂျိုးကို ဘုရားသခင်က စောင့်ရှောက်တော်မူပါစေ" ဟု ကျွန်တော် ဆုတောင်းလိုက်မိပါသည်။

နောက်တစ်ခေါက် ကျွန်တော့်အနီးသို့ ဂျိုး ပြန်ရောက်လာသည့် အခါ သူ့မျက်လုံးများ နီရဲလျက် ရှိသည် ကို သတိထားမိသည်။ ကျွန်တော်က သူ့လက်ကို ကိုင်ထားသည်။ "ဘယ်လောက်ကြာပြီလဲ ဂျိုး" "မင်းမေး တာက မင်းဖျားနေတာ ဘယ်လောက်ကြပြီလဲလို့ မေးချင်တာလား"

"ဟုတ်တယ် ဂျိုး"

"မေလကုန်သွားပြီ ပစ်ပ်၊ မနက်ဖြန်ဆို ဇွန်လတစ်ရက်ပဲ" "ခင်ဗျား ရောက်နေတာ ကြာပြီပေါ့နော်၊ ဟုတ်လား ဂျိုး"

"အေး ဟုတ်တယ်၊ အတော်ကြာသွားပြီ၊ မင်း နေမကောင်းဘူးဆိုတဲ့ အကြောင်းကြားစာ တစ်စောင် စာတိုက်က ရောက်လာတယ်။ တစ်ရပ် တစ်ကျေး လူစိမ်းတွေကြားထဲမှာ ဆွေမရှိ မျိုးမရှိနဲ့ မင်း အားငယ်နေမှာပဲလို့ တွေးမိတယ်၊ မင်းနဲ့ ငါနဲ့ က ငယ်ပေါင်းတွေ ဆိုတော့ အခုလို မမာ မချာဖြစ်တဲ့ အချိန်မှာ လာရင် အနှောင့်အယှက် ဖြစ်နိုင်မှာ မဟုတ်ဘူး လို့ တွက်ပါတယ်၊ ပြီးတော့ ဘစ်ဒီကလည်း သူ့ဆီကို အမြန်သွားပါ၊ တစ်မိနစ်တောင် နောက်မကျစေနဲ့ လို့ ပြောတယ်"

ထို့နောက် ဂျိုးက ကျွန်တော့်ကို စကားများများ မပြောဖို့၊ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ကျွေးသမျှအစားအစာများကို စားဖို့၊အချိန်များများ ယူ၍ နားဖို့ ပြောသည်။ ကျွန်တော် အိပ်ရာပေါ်၌ မျက်စိ စုံမှိတ်၍ နားနေခိုက်တွင် ဂျိုးသည် ဘစ်ဒီထံသို့ ကျွန်တော် ကျန်းမာ လာပြီဖြစ်ကြောင်း စာတစ်စောင် ရေးလျက် ရှိလေသည်။

ဘစ်ဒီ၏ သင်ကြားပြသမှုကြောင့် ဂျိုးသည် စာရေးတတ်နေပြီ ဖြစ်၏။ ကျွန်တော်သည် ဂျိုး လုပ်ကိုင်နေသမျှကို အိပ်ရာပေါ်မှ နေ၍ စိတ်ဝင်တစား လှမ်းကြည့်နေမိသည်။ ဂျိုးသည် ကျွန်တော်၏ စာရေးစားပွဲတွင် ဝင်ထိုင်လိုက်ပြီး ပထမဆုံး ကလောင်တံတစ်ချောင်းကို ရွေးသည်။ သူ ကလောင်တံရွေးနေပုံမှာ သူ့ပန်းပဲဖိုထဲရှိ လက်နက်ကိရိယာ တန်ဆာပလာများ ထည့်သည့် သေတ္တာကြီးထဲမှ သံတူးရွင်းတစ်ချောင်း၊ တူကြီးတစ်ချောင်း ရွေးထုတ်နေပုံနှင့် တူသည်။ ထို့နောက် ဘယ်ဘက် တံတောင်ဖြင့် စားပွဲပေါ်ကို အားရပါးရ ထောက်လိုက်ပြီး ညာဘက်ခြေထောက်ကို နောက်သို့ပစ်လိုက်ကာ စာကို စရေးသည်။ စက္ကူပေါ်တွင် စာတစ်လုံးတစ်လုံး ထင်လာဖို့ အတွက် အတော်ကြီး အားစိုက်ရပုံ ပေါ်လျက် ရှိ၏။ ကလောင်သွားနှင့် စာရွက်ခြစ်ပြီးသည့် တဂျစ်ဂျစ်အသံများ ကိုလည်း ကြားနေရသည်။ စာတစ်လုံး ရေးပြီးသည့် အခါတိုင်း သူ့စာကို လည်ပင်းတစောင်းစောင်း ခေါင်းတငဲ့ငဲ့ဖြင့် ကြည့်နေပုံမှာ သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်းလှသည်။ ကလောင်တံတွင် မင်ကုန်၍ မင်တို့သည့် အခါများတွင်လည်း သူ့လက်သည် မင်အိုးရှိရာ သို့ မသွားဘဲ မင်အိုးမရှိသည့် နေရာသို့ မှားမှားပြီး ရောက်သွားတတ်သည်။ စာတစ်လုံးတစ်လုံး ရေးနေသည့်

အခါများတွင်လည်း ကလောင်တံကို အောက်သို့ဆွဲလျှင်ဆွဲချင်း၊ အပေါ်သို့ တက်လျှင်တက်ချင်း၊ မျက်နှာကပါ မှုန်လိုက်ကုပ်လိုက် ရွှဲ့လိုက်စောင်းလိုက်နှင့် ပြောင်းသွားလျက် ရှိသည်။ စာရေးပြီးသည့် အခါတွင် မူ သူသည် ရေးထားသည့်စာ ကို ထောင်ကြည့်လိုက်၊ လှဲ့ကြည့်လိုက်နှင့် ကြည့်၍ မဝနိုင်အောင်ဖြစ်လျက် ရှိသည်။ သူ့လက်ရာကို သူကြည့်ကာ အတိုင်းအဆမသိနိုင် လောက်အောင် ပီတိဖြစ်နေပုံ ရလေသည်။

ကျွန်တော့်အနေဖြင့် စကားပြောမည်ဆိုက ပြောနိုင်နေပြီဖြစ်သော်လည်း စကားများများ ပြောခြင်းဖြင့် ဂျိုးအား စိတ်သောကရောက်အောင် မလုပ်လိုသဖြင့် ထိုနေ့က နောက်ထပ် ဘာမှ ထွေထွေထူးထူး ထပ်မပြောတော့ပါ။ နောက်တစ်နေ့ကျမှ မစ္စဟေဗီရှမ်အကြောင်းကို စုံစမ်း ကြည့်သည်။ သူသည် ကျွန်တော် စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်ဟန် တူ၏။ ရုတ်တရက် ချက်ချင်း အကြောင်းစုံ ပြောမပြသေးဘဲ ဟိုလိုလိုသည် လိုလို လုပ်နေသေးသည်။ မစ္စဟေဗီရှမ် ပြန်ပြီး နေကောင်းလာသလား ဟု မေးသောအခါတွင် မူ ခေါင်းယမ်းသည်။

"သူ သေသွားပြီလား ဂျိုး"

"အင်း… မင်းသိတဲ့ အတိုင်းပေါ့ ငါ့လူရာ၊ ပြောစရာကတော့ များများ စားစားလည်း မရှိပါဘူး။ ပြောမယ် ဆိုရင်တော့လည်း အများကြီးပေါ့၊ ဒါပေမဲ့လည်း မစ္စဟေဗီရှမ်ဟာ.."

"သူ အသက်ရှင်လျက်ပဲလား ဂျိုး"

"အေး… အဲဒါပေါ့၊ ပြောရမှာ က ဒီလိုကွာ…. သူ ဆုံးသွားရှာပြီ"

"မင်း နေမကောင်းဖြစ်ပြီးတဲ့ နောက်တစ်ပတ်လောက်အကြာမှာ ဆုံးတယ်"

"သူ့ပစ္စည်းတွေကို ဘယ်လိုလုပ်ခဲ့တယ်လို့ ကြားသလဲ ဂျိုး"

"အေး… ငါ သိသလောက် ပြောရရင်တော့ သူ့ပစ္စည်းအားလုံး မစ္စအက်စတယ်လာကို ပေးခဲ့တယ်။ သူ့ကို မီးမလောင်ခင် တစ်ရက်နှစ်ရက်က ရေးခဲ့တဲ့ သေတမ်းစာအရ၊ မစ္စတာ မက်သယူးပေါ့ကက်ကို ပေါင်လေးထောင် ပေးခဲ့တယ်။ အဲသလို ပေးထားတာလည်း မစ္စတာပစ်ပ်ရဲ့ ထောက်ခံချက်အရ ပေးတယ်လို့ ရေးထားခဲ့သတဲ့။ အဲဒါလည်း ဘစ်ဒီက ပြောလို့ ငါသိရတာ။ ဘစ်ဒီပြောတဲ့ အတိုင်းဆိုရင် 'မစ္စတာပစ်ပ်၏ ပြောစကားအရ အထက်ဖော်ပြပါ မစ္စတာမက်သယူးပေါ့ကက်အား ပေါင်လေးထောင် ပေးခဲ့သည်' ဟု ရေးထားသတဲ့'

ဤသတင်းကြားရသည့် အတွက် ကျွန်တော်များစွာမှပင် စိတ်ချမ်းသာရပါသည်။ ကျွန်တော်ပြုခဲ့သမျှ အလုပ်များထဲတွင် ကောင်းမှုတစ်ခု ဟုပင် ဆိုရမည် ဖြစ်၏။ မစ္စဟေဗီရှမ်၏ အမွေပစ္စည်းများကို အခြား ဆွေမျိုးဉာတိများ ရ,မရ ထပ်မံစုံစမ်းမိပြန်သည်။ "မစ္စဆာရာဆိုတဲ့ မိန်းမကြီးက နှစ်ဆယ့်ငါးပေါင် ရတယ်။ သူ့မှာ စွဲကပ်နေတဲ့ လေနာရောဂါ အတွက် ဆေးဝယ်ဆေးသောက်ဖို့ ပေးခဲ့တာလို့ သေတမ်းစာမှာ ရေးထားသတဲ့။ မစ္စဂျော်ဂျီယားနားဆိုတဲ့ မိန်းမကြီးကတော့ ပေါင်နှစ်ဆယ်ပဲ ရတယ်။

ဟိုတစ်ယောက်က အင်း... မစ္စက်ကေမဲလ် သူဆိုလားပဲ။ သူ့ နာမည်က ဘာပါလိမ့်ကွာ"

"ကာမီလာ ထင်တယ်" ဟု ကျွန်တော်က ပြောသည်။

ဂျိုးက ခေါင်းညိတ်သည်။ "အေး... ဟုတ်တယ်၊ မစ္စက်ကေမဲလ်ဆိုတဲ့ မိန်းမက ငါးပေါင်ပဲ ရတယ်၊ သူ ညည တစ်ရေးနိုးပြီး ပြန်အိပ်လို့မရတဲ့ အခါမှာ စိတ်အားမငယ်အောင် ဖယောင်းတိုင် ဝယ်ပြီး မီးထွန်းဖို့ အတွက် ပေးခဲ့တာလို့ သေတမ်းစာထဲမှာ ရေးထားခဲ့သတဲ့ "

ဂျိုးထံမှ ကြားရသည့် သတင်းများသည် အများကြီး မှန်စရာအကြောင်း ရှိသည် ဟု ကျွန်တော် ယုံကြည်သည်။ စကားဆက် ရသွားပြီဖြစ်သော ဂျိုးက "ငါတို့ ရဲ့ အောလစ်ဆိုတဲ့ ကောင်ကတော့ ဖောက်ထွင်းမှု ဖြစ်တယ်ကွ" ဟု ပြောသည်။

"ဘယ်သူ့အိမ် ဖောက်တာလဲ" ဟု ကျွန်တော်က မေးသည်။

"အဖောက်ခံရတဲ့ အိမ်ရှင်က လူချစ်လူခင်များတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး ငါ့လူရာ၊ ဂျုံနဲ့ မျိုးစေ့ ရောင်းတဲ့ လူဆိုရင် မင်း ခန့်မှန်းလို့ ရရောပေါ့"

"ပန်ဘဲလ်ချု အိမ်လား"

"ဒါပေါ့ ငါ့လူရာ၊ သူတို့ အိမ်ကို ဖောက်ဝင်တယ်။ ပန်ဘဲလ်ချုရဲ့ ငွေတွေကို ယူတယ်။ အိမ်ထဲမှာ တွေ့တဲ့ အစားအစာတွေကိုလည်း စားသွားတယ်၊ ဝိုင်တွေကိုလည်း အကုန်သောက်သွားတယ်။ သူ့ပါးကိုလည်း ရိုက်တယ်။ သူ့နှာခေါင်းကိုလည်း ဆွဲလိမ်တယ်။ ပြီးတော့ သူ့ကို တိုင်တစ်တိုင်မှာ ကြိုးနဲ့ တုပ်ထားခဲ့တယ်။ သူ့ပါးစပ်ထဲကိုလည်း မအော်နိုင်အောင်ဆိုပြီး အဝတ်တွေနဲ့ ဆို့သွားတယ်။ ဒါပေမဲ့ ပန်ဘဲလ်ချုက အောလစ် ကို ကောင်းကောင်း မှတ်မိတော့ ဘယ်လွတ်တော့မလဲ၊ မိတာပေါ့။ အခုတော့ အောလစ်ဆိုတဲ့ ကောင်က ငါတို့ မြို့က ထောင်ထဲ ရောက်နေလေ "

ကျွန်တော်တို့သည် ပြောရင်းပြောရင်းနှင့် အကြောင်းအရာ အကန့်အသတ် ဟူ၍ မထားတော့ဘဲ၊ ရောက်တတ်ရာရာများ ပြောမိကြပြန်သည်။ ကျွန်တော်သည် ဖြည်းဖြည်းချင်းမှ အားပြန်ပြည့်လာလိမ့်မည် ဖြစ်၏။ သို့သော်လည်း ယခင်ကလောက်တော့ အားမနည်းတော့ပါ။ ကျွန်တော်နှင့် အတူ ဂျိုး ရှိနေသဖြင့် ကျွန်တော်သည် “ပစ်ပ်ပေါက်စကလေး" ဖြစ်ကာ သူငယ်ပြန်လျက် ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အပါး၌ ဂျိုး ရှိနေသည့် အတွက် ကျွန်တော့်မှာ များစွာပင် စိတ်နှလုံး ကြည်လင်ချမ်းမြေ့ခြင်း ဖြစ်ရပါ၏။ ဂျိုး နှင့် နေရသဖြင့် ကျွန်တော်သည် ကလေးတစ်ယောက်သဖွယ် ဖြစ်လျက်ရှိသည် သူသည် ကျွန်တော့်အနီး၌ ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များကို တစ်ခုပြီးတစ်ခု ပြောပြနေတတ်သည်။ ရိုးသားပွင့်လင်းလှသော သူ့စကားများသည် ကျွန်တော့်အတွက် အားဆေးတစ်မျိုးပင် ဖြစ်၏။ သူသည် ကျွန်တော့်ဝေယျာဝစ္စ ဟူသမျှကို ဒိုင်ခံ၍ လုပ်ပေးရုံမျှမက၊ ကလေးတစ်ယောက်သဖွယ် တယုတယ စောင့်ရှောက်ခြင်းလည်း ပြုသည်။ ဤသို့ဖြင့် ကျွန်တော်သည် အားအင်သစ်များ

ပြန်လည်ရရှိကာ နာလန်ထလာနိုင်ခဲ့ပါသည်။

တစ်ချိန်သောအခါက ကျွန်တော်တို့ နှစ်ယောက်သည် ကျွန်တော် ဂျိုး၏ ပန်းပဲဖိုဌ် အလုပ်သင်ဖြစ်လာမည့် နေ့ရက်ကို တမျှော်မျှော် စောင့်စားခဲ့ကြသည့် နည်းတူ ယခုလည်း ကျွန်တော် နာလန်ထလာပြီး အပြင်သို့ ထွက်နိုင်မည့် နေ့တစ်နေ့ကို တမျှော်မျှော် ဖြစ်နေကြသည်။ ထိုနေ့သို့ ဆိုက်ရောက်လာသောအခါ ဂျိုးကိုယ်တိုင် ထွက်၍ မြင်းရထားတစ်စီး ငှားသည်။ ကျွန်တော့်ကို စောင်တစ်ထည်ဖြင့် ပတ်ကာ သူကိုယ်တိုင် ပွေ့ချီပြီး မြင်းရထားပေါ်သို့ တင်သည်။ ပြီးတော့ သူက ကျွန်တော့်ဘေးမှ ထိုင်သည်။ ကျွန်တော်တို့သည် တောပိုင်းသို့ ထွက်ခဲ့ကြပါသည်။ ပီပြင်သော နွေရာသီ၏ အလှကို သစ်ပင်များ နှင့် မြက်ခင်းပြင်ပေါ်တွင် မြင်နေရသည်။ နွေနံ့သည် လေနှင့် အတူ ပြေးသွားလျက် ရှိလေသည်။ ကျွန်တော်တို့ ထွက်လာသည့် နေ့မှာ တနင်္ဂနွေနေ့ ဖြစ်၏။ ကျွန်တော်သည် ပတ်ဝန်းကျင်ရှိ ချစ်စရာအလှများကို စိတ်မဝင်စားဘဲ မနေနိုင်။ အရောင်မျိုးစုံဖြင့် ဝေဝေဆာဆာ ပွင့်ဖူးနေကြသော အရိုင်းပန်းများ နှင့်သာယာစွာ တွန်ကျူးလျက်ရှိကြသော ငှက်သံများ။ နေ့ရက်ပေါင်းများစွာ အိပ်ရာထက်၌သာ အချိန်ကုန်ခဲ့ရသော ကျွန်တော့်အဖို့ မြင်မြင်သမျှ အရာဝတ္ထုများသည် ဆန်းသစ်နေကြသည်။ ဘုရားရှိခိုးကျောင်းများမှ ထိုးလိုက်သော ခေါင်းလောင်းသံများသည် သာတောင့်သာယာ ရှိလှပါပေ၏။

ကျွန်တော်တို့ နှစ်ယောက်သည် ဟိုတုန်းက အမြဲတစေ ထိုင်နေကျ နေရာဖြစ်သော ရှေးဟောင်း အမြောက်ကြီးဆီသို့ ရောက်ကြသည်။ အမြောက်ကြီးရှေ့ မြက်ခင်းပေါ်၌ ထိုင်၍ စကားပြောရသည်မှာ စိတ်ချမ်းသာစရာ ကောင်းလှပါ၏။ ဂျိုး၏ နေပုံထိုင်ပုံနှင့် ပြောဆိုပြုမူပုံများသည် အပြောင်းအလဲ ဟူ၍ နည်းနည်းကလေးမှ မရှိ။ ဟိုတုန်းကအတိုင်းပင် ဖြစ်သည်။ ကျွန်တော့်မျက်စိ ထဲတွင် ဟိုတုန်းက ဂျိုးနှင့် ယခုဂျိုးသည် လုံးဝခြားနားခြင်း မရှိ။

ကျွန်တော်တို့ အခန်းရှေ့သို့ ပြန်ရောက်ကြသည့် အခါတွင်လည်း ဂျိုးသည် ကျွန်တော့်ကို ပွေ့ချီပြီး မြင်းရထားပေါ်မှ ချသည်။ ထို့နောက် အခန်းထဲအရောက် သယ်လာသည်။ သူနှင့် ကျွန်တော် စကားတွေ အများကြီး ပြောခဲ့ကြပြီဖြစ်သော်လည်း ကျွန်တော့်ဘဝ၏ အပြောင်းအလဲနှင့် ပတ်သက်၍ မူ ယခုအချိန်ထိ စကားမစပ်မိကြသေး။ ကျွန်တော့် အကြောင်းကို သူ မည်မျှလောက်အထိ သိလေ သနည်း။ တိတိကျကျ ခန့်မှန်း၍ မရ။ သူက စ၍ မမေးဘဲနှင့် ကျွန်တော်က ပြောလို့ ကောင်းပါမည်လော။

"ကျွန်တော့်ရဲ့ ကျေးဇူးရှင် ဘယ်သူဆိုတာ ခင်ဗျား ကြားပြီးပြီလား ဂျိုး" ထိုညက သူ ပြတင်းပေါက်အနီး၌ ရပ်၍ ဆေးတံသောက်နေခိုက် ကျွန်တော်က မေးပါသည်။

"မစ္စဟေဗီရှမ် မဟုတ်ဘူး ဆိုတာတော့ ငါ ကြားလိုက်ရပါတယ် ငါ့ လူရာ" ဟု ဂျိုးက ပြန်အဖြေပေးသည်။

"ဒါဆိုရင် ဘယ်သူဘယ်ဝါဆိုတာကော ခင်ဗျား ကြားတယ် မဟုတ်လား ဂျိုး"

"အေး.. ကြားလိုက်ပါရဲ့။ ဟိုတစ်ခါတုန်းက လူပျော်လေ့သမားသုံးဦး ပျော်ပွဲစားရုံမှာ မင်းနဲ့ ငါ ထိုင်နေတော့ တစ်ပေါင်တန်ငွေစက္ကူနှစ်ရွက် ပို့ခိုင်းလိုက်တဲ့ လူပဲတဲ့ "

"ဟုတ်တယ် ဂျိုး... သူပဲ"

"အံ့ဩစရာတော့ ကောင်းသားကွ" ဟု ဂျိုးက သူ့ဝသီအတိုင်း လေအေးကလေးဖြင့် မှတ်ချက်ချသည်။

"သူ သေပြီဆိုတာလည်း ခင်ဗျား ကြားပြီးရောပေါ့"

"ဘယ်သူလဲ... ဟို ငွေစက္ကူပို့တဲ့ လူလား"

"ဟုတ်တယ်လေ... သူပေါ့"

"အင်း.. ငါထင်တာကတော့" ဟု ပြောကာ အချိန်အတော်ကြာမျှ စဉ်းစားချိန်ဆသလိုလုပ်ကာ ပြတင်းပေါက်ပေါင်ကို ငုံ့ကြည့်နေသည်။ " ငါ ကြားရသလောက်ကတော့ သူဟာ ဟိုကိစ္စတွေမှာ အများ နဲ့ မတူသလိုတော့ ရှိတာပေါ့လကွာ"

"သူ့အကြောင်းကိုရော ခင်ဗျား ကြားဖူးသလား ဂျိုး"

"အသေးစိတ်တော့ မကြားဖူးပါဘူးကွာ"

"ခင်ဗျား သိချင်တယ် ဆိုရင်တော့" ဟု ကျွန်တော်က စကားစလိုက်သောအခါ ဂျိုးသည် ကျွန်တော်ထိုင်နေသည့် ဆိုဖာဆီသို့ လျှောက်လာသည်။

"ဒီမှာ .. ငါ့လူ" ဟု ဂျိုးက ကျွန်တော့်ကို ငုံ့ကြည့်ပြီး ပြောသည်။ "မင်းနဲ့ ငါဟာ အလွန်ချစ်တဲ့ မိတ်ဆွေတွေ မဟုတ်လား ပစ်ပ်"

သို့သော်လည်း ဂျိုးအပေါ်၌ ကျွန်တော် ပြုမိခဲ့သော အမှားများက ရှိနေသဖြင့် အဖြေပေးရမှာ ရှက်နေသည်။

"အေးပေါ့ကွာ" ဟု ဂျိုးက ကျွန်တော့်ထံမှ အဖြေရပြီးဖြစ်သကဲ့သို့ သူ့စကားကို ဆက်သည်။ "ဒါပေါ့ကွ၊ တို့ နှစ်ယောက် သိနေကြတာပဲဟာ၊ အဲဒီတော့ မလိုအပ်တာတွေကို ဘာပြုလို့ ပြောနေ ကြတော့မှာလဲ၊ ငါ့လူ ရယ်၊ ငါတို့ ကြားမှာ ပြောစရာ စကားတွေ အများကြီး ရှိနေပါတယ်၊ အခုလို ရေးကြီးခွင်ကျယ် လုပ်စရာမလိုတဲ့ စကားကျတော့ ဘာကြောင့် လေကုန်ခံပြီး ပြောနေတော့မှာလဲ၊ ဟုတ်ဖူးလားကွာ၊ ဒါကြောင့်မို့ မင်း နဲ့ ငါကြားမှာ မလိုအပ်တဲ့ အကြောင်းတွေ မစဉ်းစားစေချင်ဘူး၊ ငါက မိတ်ဆွေစစ်တစ်ယောက်အနေနဲ့ မိတ်ဆွေကောင်းပီပီ ပြောတာပါ။ ဒီကိစ္စ အပေါ်မှာ သိပ်ပြီး ရေးကြီးခွင်ကျယ်လုပ်ပြီး တွေးမနေပါနဲ့တော့ကွာ၊ ကဲ... မင်း ညလယ်စာ အေးအေးဆေးဆေး စား။ ဝိုင်တွေ ဘာတွေ သောက်၊ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင် နေဖို့ပဲ အရေးကြီးပါတယ်ကွာ၊ ငါ ဒီကိုမလာခင် ဘစ်ဒီခမျာလည်း အတော်စိတ်ပင်ပန်းပါတယ်။ မင်းသိတဲ့ အတိုင်းပဲ ငါဆိုတဲ့ ကောင်ကလည်း

အလွန်တုံး၊ အလွန်အ,တယ် မဟုတ်လား၊ အဲဒီတော့ ဘစ်ဒီက မင်းနဲ့ တွေ့ရင် မပြောသင့်တာတွေ မပြောဖို့ သတိတရမှာ ရတာပေါ့။ အထူးသဖြင့် အခု မင်းပြောတဲ့ ဟာမျိုးတွေ မပြောမိအောင် သတိထားဖို့ မှာတာ ငါ့လူရ"

ဤအကြောင်းကို မပြောရန် ဂျိုးအား တားမြစ်ပိတ်ပင်ပုံမှာ သိမ်မွေ့လှချေသည်။ ကျွန်တော်က ဤအကြောင်း ပြောလာလိမ့်မည်ဟု ဘစ်ဒီကြိုတင်မှန်းဆနိုင်ခဲ့ခြင်းမှာ မိန်းမတို့၏ တခ်ဏ္ဍပ္ပတ္တိဉာဏ် အရ ဖြစ်သည်။ ဘစ်ဒီသည် ကျွန်တော်၏ စိတ်သဘောထားကို ကောင်းစွာ နားလည်နေသည်မှာ ထင်ရှား၏။ မည်သို့ပင်ဖြစ်စေ ဤအကြောင်း ပြောလာလျှင် ကျွန်တော်နှင့် ရောပြီး မပြောမိအောင် ကြိုတင် တားမြစ်လိုက်သည့် ဘစ်ဒီ၏ ကြင်နာမှုနှင့် မနောကောင်းမှုများမှာလည်း ချစ်စဖွယ် ကောင်းလှပါပေသည်။ သို့သော်လည်း ကျွန်တော် မည်မျှလောက်ထိ ဆင်းရဲသွားပြီဟူသော အချက်နှင့် ကျွန်တော်တို့ ရွာစိမ့်မြေတောများဘက်ရှိ နှင်းများ နေရောင်အောက်တွင် ပျောက်ပျက်လွင့်စဉ် သွားရသကဲ့သို့ ကျွန်တော် မျှော်တလင့်လင့် ဖြစ်နေသည့် အရာအားလုံး ပျက်သုဉ်းသွားသည် ဟူသော အချက်များကိုမူ ဂျိုး သိ,မသိ ကျွန်တော် မပြောတတ်ပါ။ သူ့အပြုအမူများ နှင့် အပြောအဆိုများကို ကြည့်၍ အကဲခတ်သော်လည်း အဖြေမထွက်။

ဂျိုးနှင့် ပတ်သက်၍ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေသည့် နောက်တစ်ချက်အတွက် ကျွန်တော့်မှာ စိတ်မချမ်းမမြေ့ ဖြစ်ရပါသည်။ ယင်းအချက်မှာ အခြားမဟုတ်ပါ။ ကျွန်တော် နေထိုင်ကောင်းပြီး ပို၍ ထူထူထောင်ထောင် ဖြစ်လာသည့် အခါ ဂျိုးသည် ကျွန်တော်နှင့် ဆက်ဆံရာ၌ ခွတီးခွကျပြန်ဖြစ်လာသည်။ ကျွန်တော် မမာမကျန်းဖြစ်၍ သူ့အပေါ် လုံးဝမှီခိုအားထားနေရစဉ်ကမူ သူသည် ဟိုယခင်ကစိတ်မျိုး ဝင်ကာ ဟိုယခင်က ခေါ်နေကျအတိုင်း "ငါ့လူရာ၊ သူငယ်ချင်း ပစ်ပ်ရာ" စသည်ဖြင့် တရင်းတနှီး ခေါ်ခဲ့သည်။ သူ့ခေါ်သံများသည် ကျွန်တော့်နားများတွင် အလွန်သာယာသော ဂီတသံ ဖြစ်ခဲ့သည်။ ကျွန်တော်ကိုယ်တိုင်လည်း ဟိုငယ်စဉ်က ပစ်ပ်ပုံစံအတိုင်း ပြန်ဖြစ်သွားခဲ့သည်။ စိတ်ပျော် ကိုယ်ပျော် ရှိလွန်း၍ သူ့ကိုပင် ကျေးဇူးတင်မိခဲ့၏။ သို့သော်လည်း ယခု ပြန်လည်ကျန်းမာစ ပြုလာသည့် အခါ သူသည် ဟိုတုန်းကပုံစံမျိုးနှင့် ဆက်ဆံရန် သင့်,မသင့် စဉ်းစားရ ခက်လာပုံ ရသည်။ ပထမတွင် အပြောင်းအလဲအတွက် ကျွန်တော် အံ့အားသင့်မိသော်လည်း ချက်ချင်းလိုလိုပင် ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ကျွန်တော့်မှာ အပြစ်မကင်းဟု နားလည်လာခဲ့သည်။ အမှန်တော့ ဤအဖြစ်သည် ကျွန်တော်၏ အပြစ်ဟုပင် ကျွန်တော် သိလာခဲ့ပါသည်။

ကျွန်တော်သည် အပြင်သို့ထွက်ပြီး တင်းပွဲလ်ဂါးဒင်းပန်းခြံတွင်း၌ ဂျိုးကို အားပြု၍ လမ်းလျှောက်လေ့ရှိရာ တတိယအခေါက်နှင့် စတုတ္ထ အခေါက်များတွင် ဂျိုး၏ ပြောင်းလဲမှုကို ကျွန်တော် သိသိသာသာ သတိ ထားမိလာသည်။

တစ်ရက်တွင် ကျွန်တော်တို့သည် ပန်းခြံတွင်း၌ ထိုင်၍ မြစ်ပြင်ဆီ သို့ ကြည့်လျက်ရှိကြသည် နေသာသော နေ့တစ်နေ့ဖြစ်၍ စိတ်ရွှင်လန်းစရာ ကောင်းလှပါသည်။ ကျွန်တော်တို့ ထိုင်ရာမှ ထကြသည့်အခါ ကျွန်တော်က ဂျိုးအား လှမ်း၍ စကားပြောသည်။

"မြင်တယ်မဟုတ်လား ဂျိုး၊ ကျွန်တော် အတော့်ကို လမ်းလျှောက်နိုင် နေပြီ။ ကနေ့ အခန်းကိုပြန်ရင် ကျွန်တော့်ဘာသာကျွန်တော် လျှောက်ပြန်မယ်"

"မင်း မပင်ပန်းဘူး ဆိုရင်တော့ ကောင်းပါတယ် ပစ်ပ်ရာ" ဟု ဂျိုးက ပြန်ပြောသည်။ "ဒါပေမဲ့ ခင်ဗျား လမ်းလျှောက်နိုင်တာမြင်ရရင်တော့ ကျုပ် ပျော်မှာပဲ"

နောက်ဆုံးစကားကြောင့် ကျွန်တော်သည် အောင့်အီးအောင့်သက် ဖြစ်သွားမိသည်။ သို့သော်လည်း ကျွန်တော် သူ့ကို ဘယ်လိုနည်းဖြင့် ဟန့်တားနိုင်ပါမည်နည်း။ ကျွန်တော်သည် ပန်းခြံဂိတ်ဝအရောက်တွင် တစ်ယောက်တည်း ဆက်မလျှောက်တော့ဘဲ အားနည်းဟန်ဆောင်လိုက်ပြီး ဂျိုး၏ ပခုံးကို မှီလာခဲ့သည်။ ဂျိုးသည် တစ်စုံတစ်ခုကို အလေးအနက် ထား၍ စဉ်းစားနေသည့် နှယ် နှုတ်ဆိတ်လျက် ရှိလေသည်။

ကျွန်တော့်အနေဖြင့်လည်း စဉ်းစားစရာများ ရှိလာသည်။ အကယ်၍ ကျွန်တော်၏ လက်ရှိအခြေအနေမှန်ကို ဂျိုးအား ဖွင့်ဟ၍ ပြောလိုက်ပါမူ သူသည် ကျွန်တော် လူကုံထံတစ်ယောက် မဟုတ်တော့မှန်း သိသွားဖွယ်ရာ ရှိ၏။ ယင်းကဲ့သို့ သိသွားခဲ့ပါမူ တရိုတသေ တလေးတစား မဆက်ဆံတော့ဘဲ ဟိုတုန်းကအတိုင်း ဆက်ဆံသွားလိမ့်မည်ဟု မျှော်လင့်ရ၏။ သို့သော်လည်း အဟန့်အတားတစ်ခုက ရှိနေပြန်သည်။ အကယ်၍ ကျွန်တော် ဆင်းရဲသွားပြီဟု သိလိုက်ပါမူ ဂျိုးသည် သူ့ချွေးနဲ့စာဖြင့် စုဆောင်းထားသမျှ မရှိမဲ့ရှိမဲ့ ငွေကလေးများကို ထုတ်၍ ကျွန်တော့်ကို ကူညီထောက်ပံ့တော့မည်မှာ မလွဲပါ။ ဂျိုးထံမှ ယင်းအကူအညီမျိုးကို ကျွန်တော် မယူရက်ပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော်၏ အခြေအနေမှန်ကို ဖွင့်မပြောသင့်သေးဟု ဆုံးဖြတ်လိုက်သည်။

ထိုညတွင် ကျွန်တော်တို့ နှစ်ဦးစလုံး ကိုယ့်အတွေးဖြင့်ကိုယ် ငြိမ်ဆိတ်နေကြသည်။ သို့သော်လည်း အိပ်ရာမဝင်မီ အချိန်ပိုင်းလေးအတွင်း မှာပင် ကျွန်တော်သည် ကျွန်တော်၏ အဖြစ်မှန်ကို မနက်ဖြန်တွင် ဂျိုးအား အသိပေးရန် သင့်,မသင့် စဉ်းစားမိပြန်သည်။ မနက်ဖြန်သည် တနင်္ဂနွေနေ့ ဖြစ်၏။ တနင်္ဂနွေနေ့ တစ်ရက်တော့ဖြင့် အောင့်အည်းနေလိုက်ဦးမည်ဟု ကျွန်တော် စိတ်ကူးမိသည်။ တနင်္လာနေ့ နံနက်ကျမှပင် ကျွန်တော်၏ အခြေအနေ ပြောင်းလဲမှုကို အစအဆုံး အသိပေးလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ပြောသည့် အခါတွင်လည်း ကျွန်တော်၏ ရှေ့ရေးအတွက် ကျွန်တော် စိတ်ကူးထားသည့် အစီအစဉ်များ ကိုပါ အသိပေးလိုက်တော့မည်ဟု ထပ်မံ ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော် ဘာ့ကြောင့် ဟားဘတ်ရှိရာသို့ လိုက်မသွားသည် ကိုပါ ပြောပြလိုက်တော့မည်ဟုလည်း

ပိုင်းဖြတ်လိုက်သည်။

တနင်္ဂနွေနေ့သည် ကျွန်တော်တို့ အတွက် အေးချမ်းသာယာသော နေ့တစ်နေ့ပင် ဖြစ်သည်။ မြင်းရထားတစ်စီးငှား၍ တောပိုင်းသို့ ထွက်ခဲ့ ကြ၏။ ကျွန်တော်တို့သည် လယ်ကွင်းများ ပေါ်ဖြတ်၍ လျှောက်သွားကြသည်။

"ကျွန်တော် အခုလို မကျန်းမမာ ဖြစ်လိုက်တာကိုပဲ ကျေးဇူးတင်ရမ လို ဖြစ်နေတယ် ဂျိုး" ဟု ကျွန်တော်က ပြောသည်။

"အေး ဟုတ်တာပေါ့ ပစ်ပ်၊ ဒါပေမဲ့ အခုတော့ ခင်ဗျား အများကြီး နေကောင်းလာပါပြီဗျာ"

"ကျွန်တော့်အဖို့တော့ မမေ့နိုင်တဲ့ အချိန်တစ်ချိန်ပါပဲ ဂျိုးရာ"

"ကျုပ်လည်း ခင်ဗျားလိုပါပဲဗျာ"

"ကျွန်တော်တို့ နှစ်ယောက် အတူတူပြန်ပြီး နေရတဲ့ အချိန်တစ်ချိန် မဟုတ်လား ဂျိုး၊ ကျွန်တော် ဒီအချိန်ကို ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး။ ဟိုတုန်းကလည်း အတူတူ နေခဲ့ရတဲ့ ရက်တွေ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် အခိုက်အတန့် မေ့ပစ်ခဲ့မိတယ်။ အခုအချိန်ကစပြီး ခင်ဗျားနဲ့ ကျွန်တော် အတူတူနေခဲ့ရတဲ့ အချိန်တွေကို ဘယ်တော့မှ မေ့မပစ်တော့ဘူး"

ဂျိုးသည် မျက်နှာမထားတတ်သလို ဖြစ်နေရာမှ "ပစ်ပ်ရာ၊ မင်းပြောတာ ဟုတ်တာပေါ့။ ငါတို့ နှစ်ယောက် ပျော်ခဲ့ကြတာပဲ၊ ဒါကတော့ ကျုပ် တို့ နှစ်ယောက်ကြားမှာ ရှိသင့်ရှိထိုက်တဲ့ ရင်းနှီးမှုပါ၊ ရှိရမှာပေ့ါ ဗျာ" ဟု ပြောသည်။

ထိုည ကျွန်တော် အိပ်ရာဝင်သည့် အခါ ဂျိုးသည် ကျွန်တော့်အခန်း ထဲသို့ ဝင်လိုက်ပြီး လုပ်စရာရှိသည် များ လုပ်ပေးသည် ကျွန်တော့်အခြေအနေ နံနက်ကလိုပဲလားဟု မေးသည်။

"နံနက်ကလိုပါပဲ ဂျိုး၊ နေကောင်းပါတယ်"

"အားလည်း ပြည့်နေပြီ မဟုတ်လား ငါ့လူရ"

"ပြည့်နေပါပြီ ဂျိုးရာ၊ စိတ်မပူပါနဲ့ "

ဂျိုးက ကျွန်တော့်ပခုံးကို ပုတ်လိုက်ပြီး အနည်းငယ် တုန်ယင်လှုပ်ရှားနေသော အသံဖြင့် နှုတ်ဆက်သည်

"မင်္ဂလာညပါကွာ"

နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးလာသည့် အခါ ကျွန်တော်သည် ကိုယ်ရောစိတ်ပါ အားအင်ပြည့်ဖြိုးပြီး ကြည်လင်လန်းဆန်းလျက် ရှိသည်။ စိတ်ကူးထားသည့် အတိုင်း အချိန်ဆွဲမနေတော့ဘဲ ကျွန်တော်၏ အဖြစ်မှန်ကို ဂျိုးအား အကုန်အစင် ဖွင့်ပြောတော့မည်ဟု ပိုင်းဖြတ်သည်။ အချိန်ဆွဲမနေတော့ဘဲ နံနက်စာမစားမီပင် ပြောတော့မည်ဟု စိတ်ကူးကာ အဝတ်အစား ကပျာကရာလဲပြီး ချက်ချင်းပင် သူ့အခန်းထဲသို့ သွားသည်။ အခန်းထဲတွင် သူ မရှိပါ။ သူ့သေတ္တာပါ အခန်းထဲ၌ မရှိတော့ပါ။

ကျွန်တော်သည် နံနက်စာ ပြင်ထားသည့် စားပွဲဆီသို့ အပြေးအလွှား

လာခဲ့သည်။ စားပွဲပေါ်တွင် စာတစ်စောင်..။ ရေးထားသည်မှာ တိုတိုကလေး။

"အနှောင့်အယှက်ဖြစ်နေမှာ စိုးလို့ ပြန်သွားပြီ၊ မင်း နေကောင်း လာပြီဆိုတော့ ငါမရှိလည်း ဖြစ်ပါတယ်"

ဂျိုး

ငါတို့ ဟာ ရာသက်ပန် မိတ်ဆွေတွေပါ

စာနှင့် အတူ ပြေစာတစ်စောင်တွဲလျက် တွေ့ရ၏။ ပြေစာမှာ ကျွန်တော့်ထံမှ ပေးဆပ်ရန်ရှိသော အကြွေးများကို ပြန်လည်ရရှိပြီးပြီဖြစ်ကြောင်း ကြွေးရှင်က လက်မှတ်ရေးထိုး၍ ပေးထားသော ပြေစာဖြစ်သည်။ ကျွန်တော်၏ အကြွေးနှင့် ပတ်သက်၍ ကြွေးရှင်က ကျွန်တော် အကြီးအကျယ် နေမကောင်းသည်ကို မြင်သဖြင့်သည်းခံပြီး စောင့်ဆိုင်းနေသည် ဟု ကျွန်တော် ထင်ခဲ့မိ၏။ အခုမှပင် ကျွန်တော် အထင်လွဲမှားမှန်း သိရပါလေတော့သည်။ ကျွန်တော်၏ အကြွေးများကို ဂျိုးက စိုက်ပေးသွားလိမ့်မည်ဟု ကျွန်တော် နည်းနည်း ကလေးမှ မထင်ခဲ့မိပါ။ သို့သော်လည်း ကျွန်တော် လုံးဝမထင်မှတ်ပါပဲလျက်နှင့် ကျွန်တော့်အကြွေးများကို ဂျိုးက ပေးဆပ်သွားခဲ့လေပြီ။

ကျွန်တော် မည်ကဲ့သို့ လုပ်သင့်ပါသနည်း။ ကျွန်တော့်တွင် စိတ်ကူး တစ်ခုတော့ ရှိသည်။ ဂျိုးထံသို့ လိုက်သွားပြီး ကျွန်တော်၏ လက်ရှိအခြေအနေများကို အလုံးစုံဖွင့်ဟ၍ ပြောပြရန် ဖြစ်သည်။ ထို့နောက် ကျွန်တော် စဉ်းစားစီစဉ်ထားသည့် ရည်ရွယ်ချက်တစ်ခုကို အကောင်အထည် ပေါ်အောင် ဆောင်ရွက်ရန်ပင် ဖြစ်လေသည်။

ကျွန်တော်၏ရည်မှန်းချက်မှာ ကျွန်တော်၏ စိတ်နေသဘောထားများ မည်မျှလောက်အထိ ပြောင်းလဲသွားသည် ကို ဘစ်ဒီအား လက်တွေ့ပြရန် ဖြစ်သည်။ တစ်ချိန်က မျှော်လင့်ထားခဲ့သမျှ အားလုံး ပျက်သုဉ်းသွားရသည့် အဖြစ်ကိုလည်းကောင်း၊ ဟိုတစ်ချိန်က ကျွန်တော်နှင့် ဘစ်ဒီတို့ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအပြည့်အဝဖြင့် ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည့် အဖြစ်ကိုလည်းကောင်း ဖွင့်ဟပြောပြရန် ဖြစ်သည်။ ထို့နောက်ကျမှ "ဘစ်ဒီရယ်၊ မင်းဟာ ငါ့ကို တစ်ချိန်က ခင်မင်မြတ်နိုးခဲ့တယ်လို့ ထင်ပါတယ်။ ငါ မင်းနဲ့ ဝေးရာကို ခွဲခွာသွားရပေမယ့် အဲဒီ မြတ်နိုးတွယ်တာမှု ကတော့ မင့်ရင်ထဲမှာ တိတ်တိတ်ကလေး ကျိတ်ပြီး ရှင်သန်နေလိမ့်ဦးမယ်လို့ ငါ မျှော်လင့် နေမိပါတယ်။ နောက်ဆုံးတစ်နေ့က အဲဒီ မြတ်နိုးတွယ်တာမှုဟာ ဟိုတုန်းကလောက် မကြီးမားပေမယ့် ဟိုတုန်းက ရှိခဲ့တဲ့ ပမာဏရဲ့ တစ်ဝက်လောက်တော့ ကျန်ဦးမယ်လို့ ထင်ပါတယ်။ တကယ်လို့ ငါဟာ မင့်အတွက် တန်ဖိုးရှိသေးတယ်ဆိုရင် ငါ့ကို ရာသက်ပန် ကြင်ဖော်အဖြစ် လက်ခံစေချင်ပါတယ်။ ဂျိုးရဲ့ ပန်းပဲဖိုမှာလည်း ငါ အလုပ်ဝင်လုပ်ပြီး အတူတူနေသွားကြမယ် ဆိုလည်း ဖြစ်ပါတယ်။ ဒါမှ မဟုတ်လည်း ဒီနယ်ထဲက တစ်နေရာရာမှ သင့်ရာအလုပ်တစ်ခုကို ရှာဖွေလုပ်ကိုင်ပြီး နေသွားလို့ ရပါတယ်။

ဒါမှ မဟုတ်ရင်လည်း ငါ့သူငယ်ချင်းတစ်ယောက်က ပေးနေတဲ့ အလုပ်တစ်ခု ကို လက်ခံပြီး တစ်ရပ်တစ်ကျေးမှာ သွားနေလို့ ရပါတယ် ဘစ်ဒီရယ်၊ တကယ်လို့သာ မင့်အနေနဲ့ ငါနဲ့ လက်တွဲပြီးသွားမယ်ဆိုရင် ငါ့ဘဝဟာ စိတ်ချမ်းသာစရာ ဘဝတစ်ခု ဖြစ်လာမှာပါ။ အဲသလိုဆိုရင် ငါကလည်း မင့်အတွက် စိတ်နှလုံးငြိမ်းအေးသာယာတဲ့ ဘဝတစ်ခုရအောင် တည်ဆောက်ပေးနိုင်ဖို့ အစွမ်းကုန် ကြိုးစားပါ့မယ်ကွာ" ဟူသော စကားများ ကို သူ နားဝင်အောင် ပြောပြမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားသည်။

ဤသည်တို့မှာ ကျွန်တော့်ရည်ရွယ်ချက် ဖြစ်၏။ နောက်သုံးရက်မျှ အကြာ ကျွန်တော်၏ ကျန်းမာရေးအခြေအနေ ပို၍ တိုးတက်ကောင်းမွန် လာသည့် အချိန်တွင် ကျွန်တော်သည် ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာခဲ့သည်။ ကျွန်တော့်ရင်ထဲ၌ ရှိနေသမျှကို ဖွင့်ဟရန်နှင့် ကျွန်တော်၏ ရည်ရွယ်ချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် ဖြစ်ပါ၏။

****

ကျွန်တော်၏ စည်းစိမ်ဥစ္စာများ အကြီးအကျယ် ပျက်စီးဆုံးရှုံးသွားပြီ ဟူသော သတင်းသည် ကျွန်တော်၏ မွေးရပ်ဇာတိနှင့် ပတ်ဝန်းကျင်သို့ ကျွန်တော် မရောက်မီကတည်းက ပျံ့နှံ့နေခဲ့ပြီ ဖြစ်၏။ ဤသတင်းကို ဖြန့်ဖြူးရာဌာနသည် ဘလူးဘိုးအား ဟိုတယ် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်အပေါ်၌ ယခင်က ထားရှိခဲ့သော ဘလူးဘိုးအား ဟိုတယ် ပိုင်ရှင်၏ သဘောထားမှာလည်း အကြီးအကျယ် ပြောင်းလဲသွားသည် ကို တွေ့ရပါသည်။

ကျွန်တော် ရောက်သွားချိန်မှာ ညနေခင်း ဖြစ်၏။ နေမကောင်းပြီးစ ဖြစ်သဖြင့် သိသိသာသာကြီး ပင်ပန်းနွမ်းနယ်လျက် ရှိပါသည်။ ဟိုတယ်ပိုင်ရှင်သည် ကျွန်တော့်အား ပေးနေကျအခန်း၌ လူရှိသည် ဟု ဆိုကာ (ထိုလူသည် အလားအလာကောင်းသော မျှော်လင့်ချက်ကြီးများ ရှိသူတစ်ဦး ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။) မပေးပါ။ ဟိုတယ်၏ နောက်ဘက်ကျကျရှိ ခိုအိမ်များ၊ မြင်းစောင်းများ နှင့် ကပ်လျက်ရှိသော အခန်းတစ်ခန်းကို ပေးပါသည်။ သို့သော်လည်း ကျွန်တော်သည် အကောင်းဆုံးသော အခန်းတစ်ခန်းထဲ၌ အိပ်ပျော်သကဲ့သို့ ဤအခန်းထဲ၌လည်း နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျခဲ့ပါသည်။ ကျွန်တော်မက်ခဲ့သည့် အိပ်မက်များမှာလည်း အကောင်းဆုံး အခန်းထဲ၌ အိပ်စဉ်က မက်ခဲ့သည့် အိပ်မက်များ နှင့် အတူတူပင် ဖြစ်သည်။

နောက်တစ်နေ့ နံနက်စောစောတွင် နံနက်စာမစားမီ ဆာတစ်ဂေဟာကြီးဘက်သို့ အညောင်းပြေ လမ်းလျှောက်ထွက်ခဲ့သည်။ အိမ်ကြီး၏ ဂိတ်ဝနှင့် ပြတင်းပေါက်များတွင် လာမည့် အပတ်အတွင်း၌ ဤအိမ်ကြီးအတွင်းမှ အိမ်ထောင်ပရိဘောဂ ပစ္စည်းအားလုံးကို လေလံ တင်၍ ရောင်းချမည်ဟူသော ကြော်ငြာများ ပလူပျံအောင် ကပ်ထားသည် ကို တွေ့ရပါသည်။ အိမ်ကြီးကိုလည်း အိမ်အိုအိမ်ဟောင်း တစ်ခုအနေဖြင့် လေလံတင်မည့် သဘော ရှိ၏။ ရောင်းချမည့် ပစ္စည်းများကို တစ်ခုစီခွဲခြား၍ ဖော်ပြထားသည်။ ယင်းတို့ အထဲတွင် အရက်ချက်စက်ရုံလည်းပါဝင်လျက် ရှိသည် ကို တွေ့ရသည်။ ကျွန်တော်သည် အသင့်ပွင့်နေသည့် ဝင်းတံခါးအတွင်းဘက်သို့ ဝင်ခဲ့ပါသည်။ ပစ္စည်းစာရင်းများ ကို ပြုလုပ်လျက်ရှိသော လေလံစာရေးသည် မစ္စဟေဗီရှမ် အမြဲတစေ ထိုင်ခဲ့ဖူးသော ဘီးတပ်ကုလားထိုင် ကို ယာယီစားပွဲအဖြစ် အသုံးပြုလျက် ရှိ၏။ ဤကုလားထိုင်သည် ဟိုတစ်ချိန်က ကျွန်တော် အမြဲတမ်း မစ္စ ဟေဗီရှမ်ကို တင်၍ တွန်းခဲ့ရသော ကုလားထိုင် ဖြစ်လေသည်။

ကျွန်တော် ဘလူးဘိုးအား ဟိုတယ်သို့ ပြန်ရောက်၍ နံနက်စာ စားခန်းအတွင်းသို့ ဝင်သွားသည့် အခါ ဟိုတယ်ပိုင်ရှင်နှင့် စကားလက်ဆုံကျ နေသော မစ္စတာပန်ဘဲလ်ချူကို တွေ့ရပါသည်။ ပန်ဘဲလ်ချူသည် ကျွန်တော့်အား စောင့်နေခြင်း ဖြစ်သည်။ ကျွန်တော့်ကို မြင်လိုက်သည် နှင့် တစ်ပြိုင်နက် ဆီး၍ စကားပြောပါတော့သည်။

"မင်း အခုလို နိမ့်နိမ့်ကျကျ ဖြစ်သွားတာမြင်ရတော့ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့လည်း အစကတည်းက ဒီလိုဖြစ်လိမ့်မယ်လို့ တွက်ပြီးသားပဲ၊ ဆန်းတော့ မဆန်းပါဘူး"

သူသည် ခံ့ညားထည်ဝါသော အမူအရာမျိုးဖြင့် ကိန်းကြီးခန်းကြီးလုပ်ကာ လက်ဆွဲနှုတ်ဆက်ရန် လက်တစ်ဖက်ကို ကျွန်တော့်ဆီသို့ လှမ်းပေးသည်။ ကျွန်တော့်အနေဖြင့် သူ့လက်ကို ထိချင်ကိုင်ချင်စိတ် မရှိသော်လည်း နေထိုင်မကောင်းပြီးစအချိန်တွင် ရန်ဖြစ်လိုစိတ် မရှိသဖြင့် ဆွဲ၍ နှုတ်ဆက်လိုက်ပါသည်။

"ဟေ့ ဝီလျံ" မစ္စတာပန်ဘဲလ်ချူသည် စားပွဲထိုးတစ်ယောက်ဘက်သို့ လှည့်၍ ဟန်ကြီးပန်ကြီးမျက်နှာထားဖြင့် လှမ်းခေါ်သည်။ "ဒီစားပွဲဘက်ကို လာပြီး လုပ်ကိုင်ပေးပါဦးကွာ၊ အင်း.. မင့်အဖြစ်က ခပ်ဆိုးဆိုးပါလား"

ကျွန်တော်သည် စားပွဲတွင် ထိုင်၍ နံနက်စာ စားသည်။ ပန်ဘဲလ်ချူသည် ကျွန်တော် နံနက်စာစားနေသည် ကို ရပ်၍ ကြည့်နေရာမှ လက်ဖက်ရည်ကရားကို ယူ၍ လက်ဖက်ရည်ထည့်ပေးသည်။

"ဟေ့ ဝီလျံ၊ ဆားနည်းနည်းလောက် ပေးလိုက်ပါဦး၊ အင်း... ဟိုတုန်း ကတော့ မင်း သကြားပဲ သုံးမှာပေ့ါ လေ၊ နွားနို့ကော သောက်ခဲ့သေးသလား၊ သောက်မှာပေ့ါ လေ၊ သကြားနဲ့ နွားနို့ကတော့ သောက်ခဲ့ဖူးမှာပေ့ါ၊ ဟေ့ ဝီလျံ ကန်စွန်းရွက်ကလေး တစ်ညွှန့်နှစ်ညွှန့်လောက် ပေးလိုက်ပါဦးကွာ"

"ကျေးဇူးပဲ၊ ဒါပေမဲ့ ကျုပ် ကန်စွန်းရွက် မစားဘူး" ဟု ကျွန်တော်က လေသံခပ်မာမာဖြင့် ပြန်ပြောသည်။

"ဩော်. မင်း ကန်စွန်းရွက်မစားဘူးလား" ပန်ဘဲလ်ချူက ကျွန်တော့်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ် သက်ပြင်းတရှူရှူလုပ်၍ ပြောသည်။ ကျွန်တော် ကန်စွန်းရွက်မစားခြင်းသည် ဆင်းရဲသွား၍ ခြိုးခြံခြင်းဖြစ်သည် ဟူသော သဘော သက်ရောက်အောင် ပြောနေခြင်း ဖြစ်၏။ "ဟုတ်တာပေ့ါလေ၊ မှန်တာပေ့ါ၊ ဈေးအပေါဆုံးဆိုတဲ့ အရွက်တောင် မစားတော့ဘဲကိုး။ ဟေ့ ဝီလျံ မယူခဲ့နဲ့တော့"

ကျွန်တော်ကတော့ သူ့ကို လုံးဝဂရုမစိုက်ဘဲ ကိုယ့်နံနက်စာ ကိုယ်ဆက်၍ စားနေပါသည်။ ပန်ဘဲလ်ချူကတော့ ကျွန်တော့်စားပွဲအနီးတွင် ရပ်မြဲအတိုင်း ရပ်ကာ ကျွန်တော့်ကို ကြည့်ပြီး အလွန်စိတ်မသက်သာသည့်အမူအရာမျိုး လုပ်ပြလျက်ပင် ရှိ၏။

"အရိုးပေါ်အရေတင်ပဲ ကျန်ပါတော့လားကွာ" ဟု မစ္စတာပန်ဘဲလ်ချူက အော်ကြီးဟစ်ကျယ် ပြောပြန်သည်။ "သူ ဒီက မသွားခင်တုန်းကများ ဝလိုက်တာမှ လုံးနေတာပဲ"

သူပြောပုံဆိုပုံနှင့် ဆက်ဆံနေပုံများမှာ ဟိုတုန်းကနှင့် ကွာခြားလျက် ရှိ၏။ ဟိုတုန်းက "တစ်ဆိတ်ကလေး ကျေးဇူးပြုပါဦး မောင်ရယ်" ဟု တရိုတသေ ပြောကာ ကျွန်တော့်လက်ကို ဆွဲခဲ့၏။ ယခုတော့လည်း ထိုစဉ်က သူလုပ်ခဲ့သမျှ

မေ့သွားပုံ ရပါသည်။

"ဟား" ဟု သူက ရေရွတ်ကာ ပေါင်မုန့်နှင့် ထောပတ်ပန်းကန်များ ကို ကျွန်တော့်ဘက်သို့ တွန်းပို့သည်။ "မင်း ကြည့်ရတာ ဂျိုးဇက်ဆီ သွားမလို့ မဟုတ်လား"

"ကျုပ်ဘာသာကျုပ် ဘယ်သွားသွား ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ဟိုလက်ဖက်ရည်အိုးကိုလည်း မကိုင်နဲ့ ဗျာ" ဟု ကျွန်တော်က ဒေါသဖြင့် ပြောမိသည်။

ဤစကား ပြောလိုက်မိသည်မှာ ကျွန်တော့်အမှား ဖြစ်ပါသည်။ သူ လိုချင်နေသော အကွက်ကောင်းတစ်ခု သူ့လက်တွင်းသို့ ထိုးပေးလိုက်သလို ဖြစ်သွားသည်။

သူသည် သူ့လက်ထဲ ရောက်နေသည့် လက်ဖက်ရည်ကရားကို ပြန်ချလိုက်ပြီး စားပွဲအနီးမှ နောက်ဘက်သို့ ခြေတစ်လှမ်းနှစ်လှမ်းမျှ ဆုတ်၍ ရပ်လိုက်သည်။ ထို့နောက် ဟိုတယ်ပိုင်ရှင်နှင့် စားပွဲထိုးတို့ ကြားလောက်အောင် အသံကုန်မြှင့်၍ "ကောင်းပြီလေ သူငယ် မင့်လက်ဖက်ရည်ကရားကို ငါ မကိုင်တော့ဘူး။ မင်း မှန်ပါတယ်၊ ငါက စေတနာပိုမိတာပဲ၊ ငွေကလေး လက်ထဲရှိလို့ အပျော်အပါးတွေ လိုက်စားပြီး ဒုက္ခရောက် လာတယ် ထင်တာနဲ့ သနားပြီး စကားပြောမိတာ" ဟု ပြောသည်။ ထို့နောက် သူသည် ဟိုတယ်ပိုင်ရှင်နှင့် စားပွဲထိုးဘက်သို့ လှည့်လိုက်ပြီး "ဒီ ကောင်လေးဟာ ငယ်ငယ်ကလေးတည်းက ငါကျေးဇူးပြုလာတဲ့ကောင် ကလေးပေါ့၊ တွေ့တယ် မဟုတ်လား၊ ဘယ်လောက် ကျေးဇူးကန်းသလဲ " ဟု ထပ်ပြောသည်။ "အခု ငါပြောတဲ့ ဟာတွေကို မမှန်ဘူးလို့ ငြင်းရင် ငြင်းပေါ့၊ ငါ သူ့အကြောင်း ပြောပြမယ်"

လူနှစ်ယောက်က သူ့စကားကို အသံတိုးတိုးဖြင့် ထောက်ခံကြသည်။ သူ့စကားသည် စားပွဲထိုးအပေါ်၌ ပို၍ ထိရောက်ပုံ ရလေသည်။

"သူပေါ့" ဟု ပန်ဘဲလ်ချူက ပြောသည်။ "ငါ့မြင်းရထားကြီးနဲ့ သွားလေရာ ခေါ်သွားနေတဲ့ ကောင်လေးဟာ သူပဲပေါ့။ ငါ လက်သပ်မွေးလာခဲ့တာ၊ သူ့အစ်မဆိုတာက ငါ့တူနဲ့ ရလို့ တူမ တော်လာရတာ။ သူ့အစ်မနာ မည်က အမေ့ဆီက ရလာတဲ့ ‘ဂျော်ဂျီယားနားမာရီယာ’တဲ့ ကွ၊ မှတ်ထား သူငြင်းရဲရင် ငြင်းစမ်းပါစေကွာ"

ကျွန်တော် မငြင်းနိုင်မှန်း စားပွဲထိုက ရိပ်မိဟန် တူ၏။ ကျွန်တော့်ကို မျက်စောင်းထိုး ကြည့်သည်။

"ဒီမှာ ဟေ့ သူငယ်" ဟု ပန်ဘဲလ်ချူက သူ့ခေါင်းကို ကျွန်တော့်ဘက် လှည့်၍ ပြောသည်။ "ဂျိုးဇက်ဆီ မင်းသွားမလို့လားလို့ ငါကမေးတော့ မင်းက ကျုပ်ဘာသာကျုပ် ဘယ်သွားသွား၊ ခင်ဗျားနဲ့ ဘာဆိုင်လို့ တုံးလို့ပြန်မေးတယ်။ ငါမေးတာ ဘာဖြစ်လဲကွ၊ ဒီမှာ ငါ ပြောလိုက်မယ်။ မင်း ဂျိုးဇက်ဆီ သွားမလို့ပါကွ၊ ငါ သိပါတယ်" ထိုအခါ စားပွဲထိုးက ကျွန်တော့်ကို ငြင်းဝံ့ငြင်းစမ်းဟု စိန်ခေါ်သည့်

နှယ့် တမင်လုပ်ထားသည့် အသံဖြင့် ချောင်းတဟွတ်ဟွတ် ဆိုးသည်။

"ကဲကွာ... မင်းဂျိုးဇက်နဲ့ တွေ့ရင် ဘာပြောရမယ်ဆိုတာ ငါက ပြောပြလိုက်မယ်၊ ဟောဒီမှာ ဘိုးအားထမင်းဆိုင်ထဲမှာ လူကုံထံတွေ အများကြီးပဲ၊ ဒီမြို့ထဲမှာ လူသိများ ပြီးလေးစားခံရတဲ့ လူကြီးလူကောင်း တွေချည်းပဲ။ ပြီးတော့ ဟောဒီမှာ မြင်လား၊ ဝီလျံဆိုတာ ငါ့အသိ၊ ငါအမှတ်မမှားရင် သူ့အဖေနာမည်က ပေါ့တ်ကင်းတဲ့ သိလား"

"ခင်ဗျား မမှားပါဘူးခင်ဗျာ" ဟု ဝီလျံက ဝင်ပြောသည်။

"အေး... သူတို့ ရှေ့မှာပဲ ငါက ပြောလိုက်မယ်" ဟု ပန်ဘဲလ်ချူက ဆက်ပြောသည်။ "ဒီမယ် မင်း ဂျိုးဇက်နဲ့ တွေ့ရင် ဘာပြောရမလဲဆိုတာ ငါကပဲ ပြောပြလိုက်မယ်၊ မင်းပြောရမှာ က 'ဂျိုးဇက်၊ ကျွန်တော် ဒီနေ့ ကျွန်တော့်ရဲ့ လက်ဦးကျေးဇူးရှင်ကြီးရဲ့ ကျွန်တော့်ကို ကြွယ်ဝချမ်းသာ အောင် လုပ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးကို တွေ့ခဲ့တယ်။ ကျွန်တော်ကတော့ သူ့ ကို အသိအမှတ်မပြုပါဘူး။ ဒါပေမဲ့ မြို့ထဲက လူတွေကတော့ သူ့ကို ကျေးဇူးရှင်လို့ ခေါ်နေကြတယ်။ အဲဒီလူကို ကျွန်တော် မြင်ခဲ့ရတယ်" လို့ ပြောရမှာကွ"

"ကျုပ် အဲဒီ ကျေးဇူးရှင်ဆိုတဲ့ လူကို ဒီနေရာမှာ လုံးဝမတွေ့ဘူးဆို တာ ကျိန်ပြီး ပြောဝံ့တယ်ဗျာ" ဟု ကျွန်တော်က ပြောသည်။

"အေးပေါ့.. မင်းကတော့ အဲသလိုပဲ ပြောမှာပေါ့ " ဟု ပန်ဘဲလ်ချူ က တုံ့ပြန်သည်။ "အေးလေ. မင်းပြောချင်တာ ပြောပေါ့၊ အဲသလိုသာ ပြောရင် ဂျိုးဇက်က အံ့သြနေမှာပါ"

"ခင်ဗျား သူ့အပေါ် အတွက်လွဲနေပြီဗျ" ဟု ကျွန်တော်က ပြန်ပြောသည်။ "ကျုပ်က ဂျိုးအကြောင်းကို ခင်ဗျားထက် ပိုသိတယ်"

"ပြောလိုက်ပေါ့ကွာ" ဟု ပန်ဘဲလ်ချူက ဆက်ပြောပြန်သည်။ "ဂျိုးဇက် ကျွန်တော့်ကျေးဇူးရှင် ကို တွေ့ခဲ့တယ်၊ အဲဒီလူဟာ ခင်ဗျားအပေါ်မှာ ရော ကျွန်တော့်အပေါ်မှာ ရော မနာလိုဝန်တိုစိတ် မထားခဲ့ဘူး။ သူဟာ ခင်ဗျားရဲ့ အကျင့်စာရိတ္တကိုလည်း သိတယ်။ ခင်ဗျား အလွန်ခေါင်းမာ တတ်တာကိုရော အသိဉာဏ်ကင်းမဲ့တာကိုရော သူ ကောင်းကောင်း သိတယ်။ ကျွန်တော့်အကျင့်စရိုက် ကိုလည်း သိတယ် ဂျိုးဇက်၊ ကျွန်တော့်ကျေးဇူးတရားကို ဘယ်လိုသဘောထားတယ် ဆိုတာလည်း သူသိတယ်လို့ ပြော" ဤနေရာတွင် ပန်ဘဲလ်ချူသည် သူ့ခေါင်းကို ယမ်း၍ ကျွန်တော့်အား လက်ညှိုးဖြင့် ငေါက်ငေါက်ပါအောင် ထိုးသည်။ "ကျွန်တော် ကျေးဇူးကန်းတတ်တာကိုလည်း သူ သိနေတယ်ဗျ၊ ခင်ဗျား တောင် မသိတာကို သူ သိနေတယ်လို့ ပြော၊ ဟုတ်လား"

သူသည် လေလုံးမိုးလုံး ထွားလွန်းသော မြည်းအကြီးစား ဖြစ်သည်။ မဟုတ်မမှန်သော ဤစကားများကို မျက်နှာချင်းဆိုင် ပြောရဲသည့် အတွက် ကျွန်တော် အံ့အားသင့် သင့်မိပါသည်။

"ပြီးတော့ ဒီလိုပြော" "အခု ကျွန်တော် ဆင်းရဲသွားချိန်မှာ သူဟာ

ဘုရားသခင်ရဲ့ လက်ကို မြင်သွားတယ်။ အဲဒီလက်က 'လက်ရှိကျေးဇူးရှင်နှင့် ပစ္စည်းချမ်းသာကြွယ်ဝအောင် ပျိုးထောင်ပေးခဲ့သူ ရရှိသောဆုသည် ကျေးဇူးအကန်း ခံရခြင်းပင် ဖြစ်၏" လို့ စာရေးထားတာကိုလည်း သူ မြင်သွားတယ်။ ဒါပေမဲ့ အဲဒီလူက သူပြုခဲ့တဲ့ အလုပ်အတွက် နောင်တလည််း မရဘူး။ ဘာမှလည်း မဖြစ်ဘူး။ ကျေးဇူးပြုနေတာဟာ သနားကြင်နာမှုတစ်ခု ပြခြင်းကို မြင်နေတယ်။ စေတနာထားခြင်းတစ်ခုလို့ မြင်နေတုန်းပဲ။ သူက နောက်ထပ်ကြုံကြိုက်ရင် ကျေးဇူးပြုဦးမှာပဲလို့ ပြောပြ လိုက်ပေါ့ကွာ"

ကျွန်တော်က အနှောင့်အယှက် ပေးခံနေရသော နံနက်စာစားခြင်း ကိုလက်စသတ်လိုက်ပြီး "အဲဒီလူက သူဘာတွေ လုပ်ခဲ့တယ်ဆိုတာ အမှန်အတိုင်း မပြောတာက သနားစရာပဲ၊ သူကတော့ အဲသလိုပဲ ထပ်လုပ် ဦးမှာပဲ" ဟု အလွန်အထင်သေးသော မျက်နှာထားဖြင့် ပြောလိုက်သည်

"ဘိုးအားဆိုင်က လူကြီးလူကောင်းများ ခင်ဗျာ" ဟု ပန်ဘဲလ်ချူက ဆိုင်ရှင်ဘက် လှည့်ပြောသည်။ "ပြီးတော့ ဟောဒီ ဝီလျံလည်း အပါအဝင်ပေါ့၊ အခု ကျုပ်ပြောပြတဲ့ ဇာတ်လမ်းကို ခင်ဗျားတို့ ကြိုက်သလို မြို့တွင််းမြို့ပြင် အရပ်လေးမျက်နှာမှာ ပြောချင်ရင် ပြောပါ။ ကျုပ်က မကန့်ကွက်ပါဘူး။ ကျုပ်ကတော့ ကျေးဇူးပြုခြင်းဟာ မှန်တယ်၊ ကရုဏာတရားကို ဖော်ပြခြင်း၊ စေတနာကို ဖော်ပြခြင်းလို့ ခံယူထားတယ်။ ဒါကြောင့် ဘယ်သူ့ကိုမဆို ကျေးဇူးထပ်ပြုဦးမှာပါပဲ"

သူပြောချင်သည့် စကားများကို အားရအောင် ပြောပြီးသောအခါ လူလိမ်ကြီး ပန်ဘဲလ်ချူသည် သူ့ဘက်တော်သားနှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ပြီး ဟိုတယ်ထဲမှ ထွက်ခွာသွားသည်။ သူထွက်သွားပြီး မကြာမီ တင်မှာပင် ကျွန်တော်လည်း ဟိုတယ်ထဲမှ ထွက်လာခဲ့၏။ ဟိုက်လမ်း ပေါ်သို့ ရောက်သောအခါ ပန်ဘဲလ်ချူသည် သူ၏ အိမ်နီးနားချင်းတစ်စု နှင့် ရပ်၍ စကားပြောနေသည် ကို မြင်ရသည်။ ကျွန်တော့်အကြောင်း ကို ဖောက်သည်ချနေဟန် တူ၏။ သူ့စကားကို နားထောင်နေသူများက လမ်း၏ တစ်ဖက်မှ လျှောက်သွားနေသော ကျွန်တော့်အား ရွံ့ရှာစက်ဆုပ်သော မျက်နှာထားများဖြင့် လှမ်း၍ ကြည့်နေကြလေသည်။

ကျွန်တော့်အနေဖြင့် သူတို့ အား ဂရုစိုက်မနေတော့ပါ။ မည်သူတွေက ဘာပြောပြော ဂျိုးနှင့် ဘစ်ဒီတို့ ကတော့ ကျွန်တော့်အပေါ် အခင်အမင် ပျက်ကြမည် မဟုတ်။ မျက်နှာပြောင်လွန်းလှသော ဟန်ဆောင်သမားများ နှင့် နှိုင်းယှဉ်လိုက်လျှင် ဘစ်ဒီနှင့် ဂျိုးတို့လို ရိုးသားသူများ နှင့် တွေ့ရခြင်းက ပို၍ စိတ်ချမ်းသာစရာ ကောင်းလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။ ကျွန်တော်သည် ခပ်ဖြည်းဖြည်းပင် လျှောက်လာခဲ့သည်။ သူတို့ဘက် နီး လာလေလေ၊ ကျွန်တော့်စိတ် တက်ကြွလာလေ။

ဇွန်လ၏ ရာသီဥတုသည်သာယာကြည်လင်လှပါပေ၏။ ပြာသော ကောင်းကင်အောက်ရှိ စိုပြည်စိမ်းလန်းလျက်ရှိသော ဂျုံခင်းများ အပေါ်တွင်

စိုးစွေငှက်များသည် ပျံဝဲမြူးထူးလျက် ရှိကြသည်။ တောင်ပိုင်း၏ အလှသည် ချမ်းမြေ့ကြည်နူးစရာ ကောင်းလှပါပေသည်။ ကျွန်တော်သည် ဤအလှများကြားတွင် ကိုယ့်ဘဝကိုယ် ပြုစုပျိုးထောင်လာရသူ ဖြစ်၏။ ကျွန်တော် ပြုစုပျိုးထောင်လာခဲ့ရသော ဘဝထက် ပို၍ ကောင်းမည် ဟု ယူဆရသော ဘဝတစ်ခုဆီသို့ ရောက်သွားခဲ့ရ၏။ ထိုဘဝ၏ ပြုပြင်မှုများကြောင့် ကျွန်တော့်အကျင့်စာရိတ္တသည် ပြောင်းလဲခဲ့ရပါသည်။ သို့သော်လည်း ဤအရပ် ဤဒေသ၌ အခိုင်အမာ တည်ဆောက်ရရှိခဲ့သော ရိုးသားဖြောင့်မတ်မှု၊ စိတ်နေသဘောထား ဖြူစင်မှု စသည်တို့ ပျက်သုဉ်းမသွားခဲ့ပါ။ အခု အပြန်ခရီးကျကာမှပင် ကျွန်တော်၏ နှလုံးသားသည် ပို၍ နူးညံ့သန့်စင်လာသည် ဟု ထင်မိပါသည်။

ဘစ်ဒီ ဆရာမလုပ်နေသော စာသင်ကျောင်းရှေ့သို့ ကျွန်တော် ရောက်ခဲ့သည်။ ကျွန်တော်မရှိမှ ဖွင့်သည့် ကျောင်းဖြစ်၍ ဤကျောင်းကို ကျွန်တော် မမြင်ဖူးခဲ့ပါ။ ကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းဝင်းအတွင်း၌ ကလေးများကို မတွေ့ရပါ။ ဘစ်ဒီ၏ အိမ်မှာလည်း တံခါးပိတ်ထားပါသည်။ သူ့ကို တွေ့ရ၊ မြင်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် လျှောက်လာခဲ့သော ကျွန်တော်သည် စိတ်မကောင်း ဖြစ်ရပါသည်။

ကျွန်တော်သည် စာသင်ကျောင်းနှင့် အလှမ်းမဝေးသော ပန်းပဲဖိုဘက်သို့ သံပရာပင်များကြားရှိ လူသွားလမ်းအတိုင်း လျှောက်လာခဲ့သည်။ ဖိုဆွဲသံနှင့် ဂျိုး၏ တူထုသံများကို ကြားရလိမ့်မည်ဟူသော အထင်ဖြင့် နားစွင့်လာခဲ့သည်။ သို့သော်လည်း ဘာသံမျှ မကြားရပါ။ ပန်းပဲဖိုတစ်ခုလုံး ငြိမ်ဆိတ်လျက် ရှိ၏။ ကျွန်တော် ရပ်၍ နားထောင်မိသည်။ သံပရာပင်များ၊ သစ်ကြားပင်များ နှင့် ဆူးပင်ချုံပင်များ ဆီမှ လေတိုး၍ လှုပ်ရှားနေသည့် သစ်ရွက်သံများကိုသာ ကြားရသည်။ ဂျိုး၏ တူသံသည် လေထဲတွင်ပါမလာပါ။

ဘာ့ကြောင့် ရယ်မသိ။ ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။ နောက်ဆုံးတွင် ဂျိုး၏ ပန်းပဲဖိုသည် ကျွန်တော်၏ မျက်စိမြင်ကွင်း အတွင်းသို့ ဝင်လာသည်။ ပန်းပဲဖို ပိတ်ထားလေသည်။ မီးတောက်မီး လျှံများကိုလည်း မမြင်ရ။ ဖိုသံများကိုလည်း မကြားရ။ အားလုံး တိတ်လျက် ရှိလေသည်။

သို့သော်လည်း အိမ်ထဲတွင် မူ လူရှိသည့် အရိပ်လက္ခဏာ မြင်ရ၏။ အိမ်ရှေ့ ဧည့်ခန်းထဲတွင် လူရှိဟန် တူပါသည်။ ပြတင်းပေါက်တွင် တပ်ထားသည့် အဖြူရောင်ခန်းဆီးသည် တလူလူ လွင့်လျက် ရှိ၏။ ပြတင်း ပေါက်တံခါးများသည် ပွင့်လျက်ရှိလေသည်။ ကျွန်တော်သည် ပြတင်းပေါက်အနီးသို့ အသာအယာ လျှောက်သွားပြီး အတွင်းသို့ ချောင်းကြည့် လိုက်မိ၏။ ဂျိုးနှင့် ဘစ်ဒီတို့သည် တစ်ယောက်နှင့် တစ်ယောက် လက်ချင်းချိတ်ကာ ရပ်နေကြပါသည်။

ပထမတွင် ဘစ်ဒီသည် ကျွန်တော့်ကို ကြည့်ပြီး တစ်ချက်မျှ လန့်၍ အော်လိုက်သည်။ သို့သော်လည်း နောက်တစ်ခဏအတွင်းမှာ သူသည်

ကျွန်တော့်ရင်ခွင်အတွင်းသို့ ရောက်လာသည်။ ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် ဖက်ကာ ကလေးများသဖွယ် ငိုကြွေးမိကြပါ၏။ ကျွန်တော် ငိုမိခြင်းမှာ အလျှင်ကထက် အဆပေါင်းများစွာ ပို၍ လှနေသော ဘစ်ဒီ၏ အလှကို မြင်ရ၍ ဖြစ်ပါသည်။ ဘစ်ဒီ ငိုကြွေးခြင်းမှာ မူ မျက်နှာဖြူဖပ်ဖြူရော်နှင့် တစ်ကိုယ်လုံး ပိန်ချုံးနေသော ကျွန်တော့်အဖြစ်ကို ကြည့်ပြီး စိတ်ထိခိုက်လွန်း၍ ငိုကြွေးခြင်း ဖြစ်ပါသည်။

"ဘစ်ဒီရယ် မင်း သိပ်လှတာပဲ"

"ဟုတ်တယ် ပစ်ပ်"

"ဂျိုး ခင်ဗျားလည်း သိပ်ကို ကျက်သရေရှိတာပဲ"

"ဟုတ်တာပေါ့ ငါ့လူရာ"

ကျွန်တော် သူတို့ နှစ်ယောက်စလုံးကို ခြေဆုံးခေါင်းဆုံး ကြည့်နေမိပါသည်။ ထို့နောက်...

"ကနေ့ ကျွန်မ လက်ထပ်မယ့်နေ့" ဟု ဘစ်ဒီက အလွန်ရွှင်လန်းသော လေသံဖြင့် ပြောသည်။ "ကျွန်မ ဂျိုးနဲ့ လက်ထပ်မှာ "

သူတို့သည် ကျွန်တော့်အား မီးဖိုခန်းအတွင်းသို့ ခေါ်သွားကြသည်။ ကျွန်တော်သည် ကလေးဘဝကတည်းက အတူတူဖက်၍ ကြီးပြင်းလာခဲ့ ရသော ထမင်းစားစားပွဲကြီးပေါ် ခေါင်းတင်၍ ခဏမျှ မှေးနေရပါသည်။ ဘစ်ဒီက ကျွန်တော့်လက်များကို ဆွဲယူ၍ သူ့နှုတ်ခမ်းများ နှင့် ထိသည်။ ဂျိုးက ကျွန်တော့်ပခုံးကို ကိုင်ထားသည်။ "သူ သိပ်ပြီး အားမရှိသေးဘူး ဘစ်ဒီ၊ မင်းပြောလိုက်တဲ့ စကားကြောင့် စိတ်သိပ်လှုပ်ရှားသွားပုံ ရတယ်" ဟု ဂျိုးက ပြောသည်။ ဘစ်ဒီကမူ "ကျွန်မလည်း တွေးမိပါတယ်၊ ဒါပေမဲ့ သူ ရောက်လာတော့ ကျွန်မ သိပ်ကို ပျော်သွားမိလို့ပါ" ဟု ဆိုသည်။ သူတို့ နှစ်ယောက်စလုံး ကျွန်တော်နှင့် ပြန်လည်ဆုံတွေ့သည့် အတွက် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။

ကျွန်တော့်အနေဖြင့်မူ ကျွန်တော်၏ ရည်မှန်းချက်ကို ဂျိုးအား ဖွင့်မပြောခဲ့မိသည့် အတွက် ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်နေမိ၏။ ကျွန်တော် မမာမကျန်းဖြစ်၍ ဂျိုး လာရောက်ပြုစုနေစဉ်က ဘစ်ဒီအပေါ်တွင် ထားရှိသည့် ကျွန်တော်၏ သဘောထားကို ဖွင့်ပြောမည်ဟု အကြိမ်ကြိမ် ကြံစည်ခဲ့ဖူးသည်။ အကယ်၍သာ ဖွင့်ပြောမိ၍ ဂျိုး သိသွားခဲ့ပါမူ...။

"ဘစ်ဒီရယ် မင်း ကံကောင်းပါတယ်၊ မင့်အတွက် ဒီကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ လင်တစ်ယာက်ကို ရတာပါ။ ဂျိုးကလည်း ဒီကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ မယားတစ်ယောက်ကို ရတာပါပဲ။ ဘစ်ဒီက ခင်ဗျားကို စိတ်ချမ်းသာအောင် ထားမှာပါ ဂျိုး။ စိတ်ချပါ"

ဂျိုးသည် ကျွန်တော့်အား ငေးကြည့်နေသည်။ သူ့နှုတ် ခမ်းသည် တဆတ်ဆတ် လှုပ်လျက် ရှိ၏။ သူ့အင်္ကျီလက်ဖြင့် သူ့မျက်လုံးကို သုတ်နေသည်။

"ဂျိုးနဲ့ ဘစ်ဒီကို ပြောရဦးမယ်။ ခင်ဗျားတို့ ကျွန်တော့်အပေါ်မှာ ကောင်းကြပါတယ်။ ကျွန်တော့်အပေါ်မှာ ထားတဲ့ သဘောထားနဲ့ ကျွန်တော့်အတွက် ဆောင်ရွက်ပေးခဲ့သမျှတွေအတွက် ကျေးဇူးတင်လို့ မဆုံးပါဘူး။ ခင်ဗျားတို့ ကောင်းသလို ကျွန်တော် မကောင်းခဲ့တဲ့ အတွက် ကျွန်တော် ဝမ်းနည်းလို့ မဆုံးပါဘူး။ ကျွန်တော် မကြာခင် နိုင်ငံခြားကို သွားပြီး အလုပ်လုပ်တော့မှာပါ။ ကျွန်တော် ထောင်မကျအောင် အကြွေးရှင်တွေကို ငွေစိုက်ထုတ်ပြီး ဆပ်ပေးခဲ့တဲ့ အတွက်လည်း ဂျိုးကို ကျေးဇူးတင်ပါတယ်။ ဒီငွေကို ကျွန်တော် ရောက်တဲ့ အရပ်ကနေပြီး ပြန်ပို့ပေးပါ့မယ်၊ ခင်ဗျားတို့ ပြုခဲ့တဲ့ ကျေးဇူးတွေကို ကျွန်တော် ဘယ်လိုပဲဆပ်ဆပ် ဘယ်တော့မှ ကျေမှာ မဟုတ်ဘူး ဆိုတာ ကျွန်တော် နားလည်ထားပါတယ်"

ကျွန်တော့်စကားများကြောင့် သူတို့ နှစ်ယောက်စလုံး စိတ်ထိခိုက်နေကြသည် ဖြစ်ရာ ဤစကားများကို နောက်ထပ်မပြောဖို့ တောင်းပန်ကြသည်။

"ဒါပေမဲ့ ကျွန်တော် မပြောလို့ မဖြစ်ဘူး။ ထပ်ပြီး ပြောရဦးမှာပဲ၊ ဂျိုးရယ် ခင်ဗျားမှာ သားသမီးတွေ ရလာဦးမှာပါ။ အဲဒီအခါကျရင် သားလေးတစ်ယောက်လောက်များ ပါလာလို့ ဟောဒီမီးဖိုထောင့်မှာ ထိုင်နေရင် ဒီနေရာ ဒီဒေသက အပြီးအပိုင် ထွက်သွားတဲ့ ကောင်လေးတစ်ယောက် ဟာ ဟိုတစ်ချိန်တုန်းက ဒီနေရာမှာ ထိုင်နေခဲ့ဖူးပါလားလို့ သတိရလာမှာပါ။ ဒါပေမဲ့ အဲဒီကောင်လေးဟာ ကျေးဇူးမသိတတ်ဘူး ဆိုတာကိုတော့ ခင်ဗျားသားကလေးကို မပြောလိုက်ပါနဲ့။ ဘစ်ဒီကိုလည်း မှာပါရစေ။ အဲဒီကောင်လေးက ခင်ဗျားတို့ နှစ်ယောက်ရဲ့ စိတ်နေစိတ်ခေတ် မြင့်မြတ်မှုနဲ့ သစ္စာရှိမှုတွေအတွက် ချီးကျူးသွားတယ်ဆိုတဲ့ စကားကိုသာ ပြောပါ။ ခင်ဗျားတို့ မွေးလာတဲ့ ကလေးဆိုတော့ သူ့ပင်ကို စိတ်နေစိတ်ထားကိုက ကျွန်တော့်ထက် အများကြီး ကောင်းပါလိမ့်မယ်"

"အဲဒီလို စကားမျိုးကို ငါ ဘယ်တော့မှ မပြောပါဘူး ပစ်ပ်ရာ၊ ဘစ်ဒီ ကလည်း ပြောမှာ မဟုတ်ပါဘူး။ စိတ်ချပါ ငါ့လူရာ" ဟု ဂျိုးက ပြောသည်။

"ခင်ဗျားတို့ ရဲ့ ကြင်နာတတ်တဲ့ အသည်းနှလုံးက ကျွန်တော့်ကို ခွင့်လွှတ်ထားပြီးသား ဆိုတာ ကျွန်တော် သိပါတယ်။ နှစ်ယောက်စလုံးက ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားကိုတော့ ပြောကြပါ။ ခင်ဗျားတို့ နှုတ်ကပြောလိုက်တဲ့ စကားကို ကျွန်တော် ကြားသွားပါရစေ။ ဒီဒေသက တိုင်းတစ်ပါးကို ထွက်သွားတဲ့ အခါမှာ ဒီစကားသံကို ကျွန်တော် သယ်သွားချင်လို့ပါ။ ဒါမှလည်း ကျွန်တော့်အနေနဲ့ ခင်ဗျားတို့က ခွင့်လွှတ်လိုက်ပြီ လို့ အခိုင်အမာယုံကြည်တဲ့စိတ် ရှိလာပါလိမ့်မယ်။ ကျွန်တော့်ကို ခင်ဗျားတို့ နှစ်ယောက်စလုံးက ခွင့်လွှတ်ကြတဲ့ အတွက်လည်း ကျေးဇူးတင်လို့ ဆုံးမှာ မဟုတ်ပါဘူး"

"ငါ မင့်ကို ခွင့်လွှတ်ပါတယ် ပစ်ပ်ရယ်၊ ဘုရားသခင် သိပါတယ်"

"ဟုတ်ပါတယ် ပစ်ပ်ရယ်၊ ကျွန်မက ခွင့်လွှတ်တယ်ဆိုတာလည်း ဘု

ရားသခင် သိပါတယ်" ဟု ဘစ်ဒီကပါ ဝင်ပြောသည်။

"ကျွန်တော် ငယ်ငယ်က နေခဲ့တဲ့ အခန်းကလေးကို တက်ကြည့်ပါရစေဦး၊ အခန်းထဲမှာ ကျွန်တော်တစ်ယောက်တည်း ခဏတစ်ဖြုတ် နေချင်တယ်။ ပြီးရင် ပြန်ဆင်းလာခဲ့ပါ့မယ်။ ခင်ဗျားတို့ နဲ့ အတူ စားသောက်ပြီးရင် ကျွန်တော် ပြန်မှာပါ။ ကျွန်တော့်ကို လမ်းဆုံက လမ်းညွှန်တိုင်အထိတော့ လိုက်ပို့ကြပါ"

ကျွန်တော်သည် ပိုင်ဆိုင်သမျှ ပစ္စည်းများထဲမှ အသုံးလိုမည့် ပစ္စည်း အနည်းငယ်မျှကိုသာ ချန်ထားပြီး အားလုံးကို ရောင်းပစ်လိုက်သည်။ ရောင်းရငွေများကို အကြွေးရှင်များအား ပေးဆပ်လိုက်၏။ ထို့နောက် ဟားဘတ်ရှိရာ လိုက်သွားပါသည်။ တစ်လအတွင်းမှာပင် ကျွန်တော်သည် အင်္ဂလန်နိုင်ငံ၏ အပြင်သို့ ထွက်ခွာနိုင်ခဲ့လေသည်။ နောက်နှစ်လ မျှအတွင်း ကျွန်တော်သည် ကလာရီကာကုမ္ပဏီတွင် စာရေးဖြစ်လာခဲ့သည်။ လေးလမျှအကြာတွင် အလုပ်ကို ကျွမ်းကျင်နိုင်နင်းစွာ လုပ်နိုင်သော လူတစ်ယောက် ဖြစ်လာခဲ့၏။ ထိုအချိန်တွင် ကလယ်ရာသည် သူ့ ဖခင်ကြီး၏ ကရိကထ ဒုက္ခများမှ ကင်းလွတ်သွားခဲ့ပြီ ဖြစ်ရာ ဟားဘတ်သည် အင်္ဂလန်သို့ ခေတ္တပြန်ပြီး ကလယ်ရာနှင့် လက်ထပ်သည်။ သူ အင်္ဂလန်သို့ ပြန်သွားခိုက် ကျွန်တော်သည် ကလာရီကာကုမ္ပဏီ၏ အရှေ့နိုင်ငံများ ဌာနခွဲတစ်ခုလုံးကို တာဝန်ယူ၍ အုပ်ချုပ်ခဲ့ရလေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကုန်လွန်လာခဲ့သည်။ ကျွန်တော်ကိုယ်တိုင်ပင် ကုမ္ပဏီ၌ အစုရှင်တစ်ဦး ဖြစ်လာခဲ့၏။ ဤနှစ်များ အတွင်းတွင် ကျွန်တော်သည် ဟားဘတ်တို့ လင်မယားနှင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေနိုင်ခဲ့သည်။ ဂျိုးက စိုက်ဆပ်ခဲ့သော အကြွေးများလည်း ကျေသွားသည်။ ဂျိုးနှင့် ဘစ်ဒီထံသို့လည်း စာအဆက်မပြတ် ရေးခဲ့သည်။ ကျွန်တော်၏ ကြိုးပမ်းအားထုတ်မှုကြောင့် တတိယအစုရှင်ဘဝသို့ ရောက်လာခဲ့သည့် အချိန်တွင် ကုမ္ပဏီကို အစပြုခဲ့သူ မစ္စတာကလာရီကာက ဟားဘတ်အတွက် ကျွန်တော်က တိတ်တဆိတ် ကျိတ်၍ ငွေစိုက်ထုတ် ထည့်ဝင်ထားခဲ့သည့် ကိစ္စကို ဟားဘတ်အား ဖွင့်ပြော လိုက်လေသည်။ ဖွင့်မပြောခင် ကျွန်တော့်အား အသိပေးခဲ့၏။ သူ့အနေဖြင့် ဤလျှို့ဝှက်ချက်ကို ထိန်းသိမ်းလာခဲ့ရသည်မှာ နှစ်ကာလ ကြာခဲ့ပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် မူ ဖွင့်ဟ၍ ပြောပြရန်သင့်ပြီဟု သူ ယူဆသဖြင့် မပြောဘဲ မနေနိုင်ကြောင်း စသည်ဖြင့် ကျွန်တော့်ထံ ခွင့်တောင်းသည်။ ထို့နောက်မှ ဟားဘတ်အား ဖွင့်ပြောခဲ့ခြင်း ဖြစ်လေသည်။ ဟားဘတ်မှာ အကြီးအကျယ် အံ့အားသင့်ရုံမျှမက စိတ်ထိခိုက်ခြင်း လည်း ဖြစ်ရှာ၏။ ကျွန်တော်တို့၏ လုပ်ငန်းမှာ အလွန်ကြီးမားကျယ်ပြန့်သော လုပ်ငန်းကြီးတစ်ခု မဟုတ်သော်လည်း နာမည်ကောင်းရခဲ့သည်။ ထိုက်သင့်သော အကျိုးအမြတ်များကိုလည်း ရရှိ ခံစားခဲ့ရသည်။ ကျွန်တော်တို့ အထဲတွင် ဟားဘတ်သည် လုံ့လဝီရိယအရှိဆုံး၊ အမြော်အမြင် အကြီးဆုံးနှင့် အသွက်လက်ဆုံးသော လူတစ်ယောက် ဖြစ်ရာ ကုမ္ပဏီ တိုးတက်ကြီးပွားလာခြင်းသည် သူ့ကြောင့်ဟု ဆိုက မှားနိုင်မည် မဟုတ်ပါ။

တစ်ချိန်သောအခါက ကျွန်တော်သည် ဟားဘတ်အား အလွန်အမင်း ကြီးပွားတိုးတက်မည့် လူတစ်ယောက်မဟုတ်ဟု ထင်ခဲ့မိ၏။ ဤအထင်မှားကြောင်းကို ကျွန်တော်ပင် ဝန်ခံရပေတော့မည်။ အမှန်အားဖြင့် အလွန်အမင်း ကြီးပွားတိုးတက်မည့် အလားအလာမရှိသူမှာ ဟားဘတ် မဟုတ်။ ကျွန်တော်သာ ဖြစ်ပါ၏။

*****

ဂျိုးနှင့် ဘစ်ဒီတို့ ကို ကျွန်တော်၏ မျက်စိများဖြင့် မမြင်ရ မတွေ့ရသည်မှာ ဆယ့်တစ်နှစ်တိတိမျှ ရှိခဲ့လေပြီ။ ကမ္ဘာ့အရှေ့ဖျားနိုင်ငံများတွင် အလုပ်လုပ်နေခဲ့သည့် ဤနှစ်များ အတွင်းတွင် သူတို့ နှစ်ယောက်စလုံးကို စိတ်မျက်စိအာရုံနှင့် ကတော့ မကြာခဏ မြင်တွေ့နေခဲ့ရပါ၏။ မည်သို့ပင်ဖြစ်စေ ဒီဇင်ဘာလတစ်ည နေဝင်သွားပြီးသည့် နောက်တစ်နာရီ နှစ်နာရီခန့်မျှအကြာတွင် ကျွန်တော်သည် နှစ်ပေါင်းများစွာ ဝင်ထွက်သွားလာနေကျဖြစ်သော မီးဖိုခန်းတံခါးကန့်လန့်ကို အသံမထွက်အောင် အသာကလေးဖွင့်ပြီး အတွင်းဘက်သို့ တိတ်တိတ်ကလေး ချောင်းကြည့်သည်။ ဂျိုးသည် မီးဖိုရှေ့ သူ့အမြဲတမ်းထိုင်နေကျနေရာ၌ ထိုင်၍ ဆေးတံကို ဖွာလျက် ရှိသည်။ ဆံပင်များ အနည်းငယ်ဖြူစ ပြုနေပြီဖြစ်သော်လည်း လူကတော့ ဟိုတုန်းကအတိုင်းပင် တောင့်တင်းသန်မာဆဲ ဖြစ်၏။ ဂျိုး၏ ခြေထောက်တစ်ဖက်ဖြင့် ပိတ်ကာထားသော ထောင့်တစ် ထောင့်အတွင်းရှိ ခုံကလေးပေါ်၌ ထိုင်၍ မီးဖိုဆီသို့ ငေးကြည့်နေသူကား ...။ ကျွန်တော့်မျက်စိထဲတွင် ကျွန်တော်ပင် ဖြစ်နေသည်။

"မင့်ကို အမြဲသတိရတဲ့ အနေနဲ့ သူ့ကို ပစ်ပ်လို့ မှည့်ထားတယ် ငါ့လူရ" အခန်းထဲသို့ဝင်သွားပြီး ကလေး၏ ဘေးမှ ခုံကလေးပေါ် ကျွန်တော် ဝင်ထိုင်လိုက်သည့် အခါ ဂျိုးက ဝမ်းသာအားရ ပြောသည်။ "မင်းနဲ့ တူ လိမ့်မယ်လို့ ငါတို့ မျှော်လင့်ထားကြတာ။ အခုလည်း နည်းနည်းပါးပါးတော့ တူတယ်လို့ ထင်တာပဲ"

ကျွန်တော်ကလည်း သူတို့ ထင်သလိုပင် ကျွန်တော်နှင့် တူသည် ဟု ထင်ပါသည်။ နောက်တစ်နေ့နံနက်တွင် ကျွန်တော် သူ့ကိုခေါ်၍ လမ်းလျှောက်ထွက်သည်။ တစ်လမ်းလုံး စကားပြောသွားကြသဖြင့် တစ်ယောက်အကြောင်း တစ်ယောက် ပို၍ သိလာကြသည်။ ကျွန်တော်တို့ နှစ်ဦးကြားတွင် နားလည်မှုလည်း ပို၍ ရှိလာသည်။ ကျွန်တော် သူ့ကို စိမ့်မြေတောများ ဘက်ရှိ သင်္ချိုင်းထဲသို့ ခေါ်သွားတတ်ပြီး အုတ်ဂူလေး တစ်လုံးပေါ်၌ ထိုင်ခိုင်းထားသည်။ သူက "ဖီးလစ်ပီရှင်ပ်၏ အုတ်ဂူနှင့် အထက်ပါပုဂ္ဂိုလ်၏ ဇနီး ဂျော်ဂျီယာနား၏ အုတ်ဂူ" ကို ကျွန်တော့်အား ပြသည်။

ထိုညက ညစာစားအပြီးတွင် ကျွန်တော်သည် ဘစ်ဒီနှင့် ထိုင်၍ စကားလက်ဆုံ ကျနေသည်။ ဘစ်ဒီ၏ သမီးငယ်သည် သူ့ရင်ခွင်ထက်၌ အိပ်ပျော်လျက် ရှိ၏။ "ဘစ်ဒီ မင့်သားလေး ပစ်ပ်ကိုတော့ ငါ့ပေးမှဖြစ်မယ်၊ ဒါမှ မဟုတ်လည်း ခဏတစ်ဖြုတ်ဖြစ်ဖြစ် ပေးထားပါ"ဟု ကျွန်တော်က ပြောပါသည်။

"အို.. မဖြစ်နိုင်တာချည်းပဲ ပစ်ပ်ရယ်" ဟု ဘစ်ဒီကသာယာချိုအေးသော လေသံဖြင့် ပြန်ပြောသည်။ "ရှင်လည်း အိမ်ထောင်ပြုမှ ဖြစ်မှာပေ့ါ "

"ဟားဘတ်နဲ့ ကလယ်ရာတို့ လင်မယားကလည်း အခု မင်းပြောသလိုပဲ ပြောကြတယ်။ ဒါပေမဲ့ ငါ့အနေနဲ့ ဒီတစ်သက်မှာ အိမ်ထောင်ပြုဖြစ်လိမ့်မယ်လို့

မထင်တော့ပါဘူး ဘစ်ဒီရယ်၊ ငါ သူတို့ နဲ့ နေခဲ့ရတာ အဆင်သိပ်ပြေတာပဲ။ ဘာပဲဖြစ်ဖြစ်လေ ငါကတော့ လူပျိုအဘိုးအိုတစ်ယောက် ဖြစ်နေပါပြီ"

ဘစ်ဒီသည် သူ့ရင်ခွင်ထဲမှ ကလေးကို ငုံ့ကြည့်သည်။ ကလေး၏ လက်တစ်ဖက်ကို အသာအယာယူပြီး သူ့နှုတ်ခမ်းများ နှင့် ထိလိုက်သည်။ ထို့နောက် သူ့လက်သည် ကျွန်တော့်လက်ကို လာ၍ ဆုပ်ကိုင်ထားသည်။ ဘစ်ဒီ၏ လက်မှ လက်ထပ်လက်စွပ်သည် အလွန်လှပသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေသည် ဟုပင် ထင်မိပါသည်။

"ပစ်ပ်ရယ်၊ ရှင်သူ့ကို မလွမ်းတော့ဘူးဆိုတာ သေချာရဲ့လားဟင်"

"အင်း.. မပြောတတ်တော့ပါဘူး ဘစ်ဒီရယ်၊ လွမ်းတော့ မလွမ်းတော့ဘူး ထင်ပါရဲ့ လေ"

"ငယ်ငယ်ကလေးကတည်းက ခင်မင်ရင်းနှီးလာတဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ရှင် သူ့ကို မေ့လို့ကော ရပြီလား"

"ဘစ်ဒီရယ်... အမှန်အတိုင်း ပြောရမယ် ဆိုရင်တော့ ကိုယ့်ဘဝမှာ အထူးခြားဆုံးလို့ ဆိုရမယ့် အဖြစ်မျိုးတွေကျတော့ မေ့လို့ မရတာ အမှန်ပဲ။ ဒါပေမဲ့ ကံခေသော အိပ်မက်ကလေးတစ်ခု လို့ နာမည်ပေးထားတဲ့ ဒီအဖြစ်အပျက်ကလေးကိုတော့ ရုတ်တရက် မေ့လို့ကို မရသေးဘူး။ မျှော်လင့်ချက်ကြီးထားပြီး မမေ့တာမျိုးတော့လည်း မဟုတ်ဘူးပေါ့လေ။ အိုကွာ... ဒီအိပ်မက်ကလေး လည်းပဲ ပျောက်သွားပြီ"

မည်သို့ပင်ဖြစ်စေ ဤစကားများကို ပြောနေသော ကျွန်တော့်ရင်ထဲ၌ ယနေ့ညခင်း ဆာတစ်ဂေဟာကြီးဘက်သို့ သွားလည်ရန် တိတ်တဆိတ် ကျိတ်၍ ဆုံးဖြတ်မိပါသည်။ အက်စတယ်လာကို လွမ်း၍ သွားခြင်းဟု ဆိုပါကလည်း မှားနိုင်စရာ မရှိပါ။

အက်စတယ်လာနှင့် ပတ်သက်၍ ကျွန်တော် ကြားထားခဲ့ရသည့် သတင်းများမှာ စိတ်ချမ်းသာစရာ မရှိပါ။ သူ၏ အိမ်ထောင်သည် ဘဝသည် စိတ်ဆင်းရဲစရာများ နှင့် ပြည့်လျှမ်းနေသောဘဝ ဖြစ်၏။ သူ့ယောက်ျား ဒရမ္မလီမှာ အလွန်မာနကြီးပြီး အလွန်ဘဝင်မြင့်သူ ဖြစ်ရုံမျှမက အလွန်ရက်စက်ကြမ်းကြုတ်သူလည်း ဖြစ်၏။ အက်စတယ်လာအား အမြဲတစေ နှိပ်စက်ခြင်းပြုသဖြင့် လင်မယားချင်း ကွဲကြရသည် ဟု သိရ၏။ ဒရမ္မလီမှာလည်း မြင်းတစ်ကောင် ကို ရိုက်နှက်နှိပ်စက်ရာမှ ထိုမြင်းကန်၍ သေရသည် ဟု ကြားရ၏။ သူ့ ယောက်ျားသေသည်မှာ နှစ်နှစ်ခန့်ပင် ရှိခဲ့ပြီ ဖြစ်သည်။ ထို့နောက်တွင်မူ အက်စတယ်လာနှင့် ပတ်သက်၍ နောက်ထပ် ဘာသတင်းမှ မကြားရတော့ပါ။ နောက်ထပ် အိမ်ထောင်ပြုချင်လည်း ပြုနေပေလိမ့်မည်။

ဂျိုး၏ အိမ်တွင် ညစာ စောစောစားကြသဖြင့် ကျွန်တော့်အတွက် အချိန်များစွာ ရလျက် ရှိသည်။ ကျွန်တော်သည် ဘစ်ဒီနှင့် စကားကြာကြာပြော၍

အချိန်ဖြုန်းမနေတော့ဘဲ မမှောင်ခင် ဆာတစ် ဂေဟာကြီးဘက်သို့ လျှောက်လာခဲ့သည်။ တစ်လမ်းလုံး မြင်မြင်သမျှ အရာဝတ္ထုများကို ကြည့်ကာ ကျွန်တော် ဤအိမ်ကြီးသို့ လာခဲ့ရသည့် အတိတ်ကဖြစ်ရပ်များကို မြင်ယောင်မိနေပါသည်။ ပတ်ပတ်လည်တွင် အေးမြသော မြူနှင်းများ ဆိုင်းလျက်ရှိ၏။ ကောင်းကင်ထက်မှ တလက် လက်လင်းနေသော ကြယ်ရောင်များသည် ပတ်ဝန်းကျင်အမှောင်ထုကို ထိုးဖောက် ဝင်ရောက်လျက် ရှိလေသည်။

ခြံဝင်းကြီးထဲတွင် အိမ်ကြီး မရှိတော့ပါ။ အရက်ချက်စက်ရုံကြီးလည်း မရှိတော့ပါ။ အဆောက်အအုံဆို၍ တစ်လုံး မှ မရှိတော့ပါ။ သို့သော်လည်း ကျွန်တော်တို့ လမ်းလျှောက်နေကျ ဥယျာဉ်ဟောင်းတံတိုင်းမှာ မူ အခုအချိန်ထိ ရှိနေဆဲ။ ကျွန်တော်သည် ဝင်းဝမှ နေ၍ အတွင်းသို့ လှမ်းမျှော်ကြည့်လိုက်မိသည် အပျက်အစီးပုံများကြားမှ ရွက်သစ်များ ထွက်ကာ စိုပြည်စိမ်းလန်းစ ပြုနေသော တိုက်ပန်းပင်များသည် နီးစပ်ရာချုံများ ပေါ်သို့ ဖက်တွယ်၍ တက်နေကြသည်။ ဝင်းတံခါးဝသည် မသိမသာကလေး ဟ,လျက်ရှိ၏။ ကျွန်တော်သည် တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်လာခဲ့ပါသည်။

မြူနှင်းများ ဆိုင်းနေသော်လည်း မြူနှင်းများ၏ တစ်ဖက်ရှိ ကြယ်ရောင်များသည် လင်းလျက်ပင် ရှိသည်။ မကြာမီ လထွက်လာသည်။ လရောင်သည် အမှောင်ထုကို လွှမ်းခြုံစပြုသည်။ ကျွန်တော်သည် ခြံဝင်းထဲ၌ လျှောက်သွားရင်း တစ်ချိန်က တည်ရှိခဲ့ဖူးသော အဆောက်အအုံ ဟောင်းများ တည်နေရာကို မှန်းဆကြည့်နေမိသည်။ ဤနေရာသည် အိမ်မကြီးတည်ရှိရာ နေရာ ဖြစ်၏။ ဤနေရာကား အရက်ချက်စက်ရုံ တည်နေရာဖြစ်၍ ဤနေရာ၊ ထိုနေရာများသည် ဂိတ်တံခါးများ တည်ရာနှင့် အရက်စည်များ ထားရာ နေရာများ။ ကျွန်တော့်မျက်စိများသည် ခပ်လှမ်းလှမ်းရှိ ဥယျာဉ်ဟောင်းထဲမှ လူသွားလမ်းကလေးဆီသို့ ရောက်သွားသည်။ လမ်းပေါ်တွင် လူတစ်ယောက်...။

လမ်းကလေးဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ထိုလူကလည်း ကျွန်တော့်ဘက်သို့ လျှောက်လာလျက် ရှိ၏။ ထို့နောက် ဖျတ်ခနဲ ရပ်သွားသည် ကို မြင်လိုက်ရသည်။ ကျွန်တော်ကတော့ ရပ်မနေဘဲ ဆက်၍ လျှောက်သည်။ သူ့ဘက်သို့ နီးလာသောအခါ မိန်းမတစ်ယောက် ဖြစ်နေသည် ကို သိလိုက်ရသည်။ တဖြည်းဖြည်းနှင့် လူချင်း နီးကပ်လာသည်။ ကျွန်တော့်နာမည်ကို ခေါ်လိုက်သည့် အသံ၊ ကျွန်တော်ကလည်း တအံ့တသြနှင့် ပြန်၍ ခေါ်လိုက်မိသည်။

"အက်စတယ်လာ"

"ကျွန်မရဲ့ ရုပ်ရည်ဟာ အများကြီး ပြောင်းသွားတယ်။ ဒါနဲ့ တောင်မှ ရှင် ကျွန်မကို မှတ်မိတယ်နော်"

အက်စတယ်လာ၏ ပျိုမျစ်နုနယ်သော အလှသည် မရှိတော့သည် မှာ အမှန်ဖြစ်သည်။ သို့သော်လည်း တည်ငြိမ်ခံ့ညားခြင်းနှင့် ကျက်သရေရှိခြင်းတို့ ပေါင်းစပ်ထားသည့် ဆွဲဆောင်မှု အပြည့်ရှိနေသော အလှကား ရှိနေဆဲပင် ဖြစ်ပါ၏။

ပျိုမျစ်နုနယ်သော အလှကို ကျွန်တော် မြင်ခဲ့ဖူးသော်လည်း ကျွန်တော် ဘယ်တုန်းကမှ မမြင်ဖူးခဲ့သည့် အလှတစ်ခုကို တွေ့နေရသည်။ တစ်ချိန်က မာနရောင်များဖြင့် တဝင်းဝင်း တောက်ခဲ့သလောက် ယခုအချိန်တွင် ဝမ်းနည်းကြေကွဲသော အသွင်နှင့် နူးညံ့ပျော့ပျောင်းသော အသွင်များကို ပေါင်းစပ်ဖော်ပြနေကြသည်။ သူ့ မျက်လုံးများ၏ အလှ ဖြစ်ပါ၏။ သူ့လက်တစ်ဖက်သည် ကျွန်တော့်လက်နှင့် လာ၍ ထိတွေ့သည်။ ဤအထိအတွေ့ သည် ဟိုတုန်းကလို အသက်ကင်းမဲ့သည့် အထိအတွေ့မျိုး မဟုတ်။ ခံစားမှုကင်းမဲ့သည့် အထိအတွေ့မျိုးလည်း မဟုတ်။ ချစ်ခင်ကြင်နာမှုရှိနေသည့် အထိအတွေ့မျိုး ဖြစ်သည်။

ကျွန်တော်တို့သည် အနီးရှိ ခုံတန်းရှည်လေးတစ်လုံးပေါ်တွင် ထိုင်ကြသည်။ "ငါတို့ နှစ်ယောက် နှစ်ပေါင်းအကြာကြီး ကွဲသွားပြီးခါမှ အခုလို မမျှော်လင့်ဘဲ ပြန်ဆုံမိတာ အံ့ဩစရာ မကောင်းဘူးလား။ အခု ပြန်ဆုံမိတဲ့ နေရာဟာ ဟိုတစ်ချိန်က မင်းနဲ့ ငါ ပထမဆုံး ဆုံမိခဲ့ကြတဲ့ နေရာဆိုတာကော သတိထားမိရဲ့လား အက်စတယ်လာ၊ မင်း ဒီနေရာ ကို မကြာခဏ ရောက်သလား ဟင်"

"ဒီက နောက်ဆုံးထွက်သွားပြီးကတည်းက တစ်ခေါက်မှ ပြန်မရောက်တော့ဘူး"

"ကိုယ်လည်း မင်းလိုပါပဲ"

လသည် မြင့်တက်လာသည်။ ကျွန်တော့် မျက်စိထဲတွင် ထောင်ဆေးရုံအတွင်းမှ အဖြူရောင်မျက်နှာကြက်ကို မြင်ယောင်လာသည်။ လသည် တရိပ်ရိပ်တက်လာလျက်ပင် ရှိ၏။ ကျွန်တော် နောက်ဆုံးပြောပြလိုက်သည့် စကားကို နားထောင်ပြီး ကျွန်တော့်လက်ကို ဖိပြလိုက်သော မက်ဝစ်ချ်ကို သတိရမိပါသည်။

ကျွန်တော်တို့ နှစ်ဦးကြားတွင် တည်ရှိနေသည့် တိတ်ဆိတ်မှုကို အက်စတယ်လာက ဖြိုဖျက်လိုက်သည်။

"ကျွန်မ ဒီနေရာကို ပြန်လာပြီး ကြည့်ဖို့ စိတ်ကူးတာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့ဘူး။ ဒါပေမဲ့ အကြောင်းအမျိုးမျို၊ အခြေအနေအမျိုးမျိုးကြောင့် မရောက်ခဲ့ဘူး။ ဒီနေရာဟောင်းကလေး ဟာ သနားစရာ၊ ကြေကွဲစရာ နေရာလေးတစ်ခုပါ"

ငွေရောင်ထနေသော မြူနှင်းများ ပေါ်သို့ လမင်း၏ အလင်းရောင်များသည် ဖြာဆင်းလာသည်။ လရောင်သည် အက်စတယ်လာ၏ မျက်လုံးများမှ ထွက်အန်၍ ကျဆင်းလာနေသော မျက်ရည်များ ပေါ်သို့ ကျရောက်လာသည်။ မျက်ရည်များကို ကျွန်တော် မြင်နေမှန်း သူမသိ။ သူသည် သူ့ကိုယ်သူ ထိန်း၍ အေးဆေးတည်ငြိမ်သော အသံဖြင့် ပြောသည်။

"ရှင် ဒီအထဲ လျှောက်လာတော့ ဒီနေရာကို အခုလို အခြေအနေမျိုး

ဖြစ်သွားအောင် ဘာ့ကြောင့်များ စွန့်ပစ်ထားကြပါလိမ့်လို့ မတွေးမိဘူးလား ဟင်"

"တွေးမိတယ် အက်စတယ်လာ"

"ဒီမြေကို ကျွန်မ ပိုင်ပါသေးတယ်။ ကျွန်မ ပိုင်ဆိုင်သမျှ ပစ္စည်းတွေ အားလုံး ကုန်သွားပေမယ့် ဒီတစ်ခုတော့ ချန်ထားပါတယ်။ ကျန်ပစ္စည်း တွေကတော့ နည်းနည်းစီ နည်းနည်းစီ ထွက်သွားလိုက်တာ တစ်ခုမှ မရှိတော့ဘူး။ ဒီတစ်ခုကိုတော့ မဖျက်ဆီးဘူးလို့ ကျွန်မ အခိုင်အမာ ဆုံးဖြတ်ထားပါတယ်"

"ဒီမြေပေါ်မှာ အိမ်ထပ်ဆောက်မယ်လို့ စိတ်ကူးထားသလား"

"ဆောက်မယ် စိတ်ကူးတယ်၊ မဆောက်ခင် သူ့နဂိုသဘာဝအတိုင်း ရှိနေတဲ့ အခြေအနေကို နောက်ဆုံးအနေနဲ့ ကြည့်ချင်လို့ ကျွန်မ အခုလာတာ၊ ရှင်ကကော" သူသည် ရုတ်တရက် ဆက်မပြောသေးဘဲ ကျွန်တော့် မျက်နှာကို တစ်ချက်မျှ ကြည့်လိုက်သည်။ "ရှင်ကကော အခုထက်ထိ နိုင်ငံခြားမှာပဲလား"

"ဟုတ်တယ်"

"အလုပ်အကိုင်တော့ အဆင်ပြေလိမ့်မယ်လို့ ကျွန်မ ထင်တယ်"

"လုံလုံလောက်လောက် ရှိဖို့ အတွက် လုပ်ရတာတော့ပင်ပန်းတာပေါ့။ ဒါပေမဲ့ အင်း... အဆင်ပြေပါတယ်"

"ကျွန်မလေ ရှင့်ကို ခဏခဏ သတိရတယ် သိလား" ဟု အက်စတယ်လာက ပြောသည်။

"ဟုတ်လား"

"နောက်ပိုင်းကျမှ ပိုပြီး သတိရတယ်။ သတိရတာမှ ခဏခဏပဲ။ တန်ဖိုးရှိမှန်း မသိလို့ ကျွန်မ လွှင့်ပစ်ခဲ့တဲ့ အရာတစ်ခုကို အမြဲတမ်း သတိရနေမိလို့ မေ့သွားအောင် မနည်းကို အားထုတ် ခဲ့ရပါတယ်။ ဒီဟာကို သတိရနေရမယ့်အလုပ်ဟာ ကျွန်မအလုပ် မဟုတ်ဘူး လို့ နားလည်လာတဲ့ အချိန်ကစပြီး သူ့ကို နှလုံးသားထဲမှာ နေရာလေးတစ်ခုပေးပြီး သိမ်းဆည်းထားခဲ့ပါတယ်"

"မင်းလည်းပဲ ကိုယ့်နှလုံးသားထဲက ကိုယ်ပေးထားတဲ့ နေရာမှာအမြဲတမ်း အခိုင်အမာ ရပ်နေလျက်ပါပဲ အက်စတယ်လာရယ်"

နှစ်ဦးစလုံး ငြိမ်ဆိတ်နေမိကြပြန်ပါသည်။ အတန်ကြာမှ အက်စတယ်လာက စကားစသည်။

"နေရာဟောင်းကလေးကို အလွမ်းပြေ လာကြည့်ချိန်မှာ ရှင်နဲ့ တွေ့ရလိမ့်မယ်လို့ ကျွန်မ နည်းနည်းကလေးမှ မမျှော်လင့်ခဲ့မိပါဘူး။ အခုလို တွေ့ရတဲ့ အတွက် ကျွန်မ သိပ်ဝမ်းသာတာပဲ"

"နောက်တစ်ကြိမ် ခွဲကြရဦးမှာ မို့ ဝမ်းသာတာလား အက်စတယ်လာရယ်၊ ကိုယ့်အဖို့ မှာတော့ ခွဲခွာခြင်းဟာ ကြီးမားတဲ့ ဒုက္ခတစ်ခုပါ။ ကိုယ့်အဖို့ မှာတော့ ကိုယ်တို့ နှစ်ယောက် နောက်ဆုံး ခွဲခွာခဲ့ရတဲ့ အဖြစ် ဟာ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ပူဆွေးစရာ၊ စိတ်ပူလောင်စရာတစ်ခု ဖြစ်ခဲ့ရပါတယ်"

"ဒါပေမဲ့ အဲဒီအချိန်တုန်းက ရှင်က ကျွန်မကို ဘုရားသခင်က မင့်ကို စောင့်ရှောက်ပါစေ၊ ဘုရားသခင်က မင့်ကို ခွင့်လွှတ်ပါစေလို့ ဆုတောင်းခဲ့တယ် မဟုတ်လား" ဟု အက်စတယ်လာက အလွန်စိတ် အားထက်သန်နေသည့် လေသံဖြင့် ပြောသည်။ "ဟိုတုန်းကတောင်မှ ရှင် အဲဒီစကားမျိုးကို ပြောနိုင်ရင် အခုအချိန်မှာ ပိုပြီး ပြောနိုင်ရမှာပေ့ါ၊ ကျွန်မ ခံစားခဲ့ရတဲ့ စိတ်ဒုက္ခဟာ တခြား တွေ့ကြုံခဲ့ရတဲ့ဟာတွေထက် ကြီးမားပြင်းထန်ခဲ့ရုံသာ မကဘူး။ ရှင့်နှလုံးသား ဘယ်လိုခံစားရတယ် ဆိုတာကိုတောင် နားလည်အောင် သင်ပေးခဲ့ပါတယ်။ ကျွန်မဟာ မာန်မာနတွေ ကျိုးပြီး၊ ဆင်းရဲဒုက္ခ အမျိုးမျိုးနဲ့ ကြုံတွေ့ခဲ့ရတဲ့ မိန်းမတစ်ယောက် ဖြစ်လာခဲ့ရတဲ့ အတွက် အခုအချိန်မှာ စိတ်နေသဘောထားကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်လာပြီလို့ ကျွန်မ ထင်မိပါတယ်။ ကျွန်မအပေါ်မှာ ဟိုတုန်းကလိုပဲ ညှာတာထောက်ထားလိမ့်မယ် လို့လည်းမျှော်လင့်မိပါတယ်။ ကျွန်မတို့ဟာ မိတ်ဆွေတွေပါပဲဆိုတဲ့ စကားတော့ ကျွန်မ ကြားပါရစေရှင်"

"ကိုယ်တို့ နှစ်ယောက်ဟာ မိတ်ဆွေတွေပါပဲ အက်စတယ်လာရယ်" ကျွန်တော်က ထိုင်ရာမှ ထရပ်လိုက်ပြီး ခုံတန်းရှည်ပေါ်မှ ထရန် ဟန်ပြင်နေသော အက်စတယ်လာ၏ မျက်နှာကို ငုံ့ကြည့်ကာ ပြောလိုက်ပါသည်။

"တစ်ယောက်နဲ့ တစ်ယောက် အနေဝေးပေမယ့် မိတ်ဆွေအဖြစ်ပဲ သဘောထားကြမယ်နော်" ဟု အက်စတယ်လာက ပြောသည်။

ကျွန်တော်သည် အက်စတယ်လာ၏ လက်ကို ဆွဲ၍ ခြံဝင်းအပြင်သို့ ထွက်ခဲ့သည်။ နံနက်ပိုင်းက ကျထားသော မြူနှင်းများသည် ကျွန်တော် ပန်းပဲဖိုမှ ထွက်လာချိန်ကတည်းက ကောင်းကင်ထက်သို့ တက်သွားကြပြီ ဖြစ်၏။ ယခုအချိန်တွင် မူ ညဦးပိုင်းမြူနှင်းများသည် ပတ်ဝန်းကျင်တစ်ခွင်လုံးတွင် ရစ်ဆိုင်းနေကြပြန်လေပြီ။ ဖြန့်၍ ကျလာသော အေးမြမြ လရောင်အောက်တွင် သူ့မျက်လုံးများသည် ကျွန်တော့် ကို ကြည့်လျက် ရှိသည်။

ကျွန်တော် သူ့ထံမှ နောက်ထပ် ခွဲခွာသွားရဦးမည့် အရိပ်လက္ခဏာ ကို မမြင်ရတော့ပါ။

မောင်ထွန်းသူ

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR

Notes

[←1]

(စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်း တို့ခေတ်က နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ရေးသူမှာ ဂျော့လစ်လို ဖြစ်၍ ၁၉၇၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ဇာတ်လမ်းမှာ လန်ဒန်မြို့ပေါ်မှ ဘန်းဝဲလ်အမည်ရှိ အကူလက်ထောက် အလုပ်သမား တစ်ယောက်သည် မိန်းမဆိုး မိန်းမယုတ်တစ်ဦး ဖြစ်သော ဆာရာမစ်လ်ဝုဒ်အား ချစ်ခင်စွဲလမ်းမိသည်။ ဆာရာမစ်လ်ဝုဒ်က ဘန်းဝဲလ်ကို သူ့အလုပ်ရှင်နှင့် သူ့ဦးလေးကို သတ်ဖြတ်ရန် သွေးဆောင်တိုက်တွန်းသည်။ ဘန်းဝဲလ်က ခိုင်းသည့် အတိုင်း သတ်သည်။ နောက်ဆုံးတွင် မစ်လ်ဝုဒ်က ဖော်ကောင်လုပ်ရာမှအစ နှစ်ဦးစလုံး နယူးဂိတ်ထောင်ကြီးတွင် ကြိုးပေးခံကြရသည်။)

[←2]

(ဆယ့်ခြောက်ရာစုခေတ် က အသုံးများ ခဲ့သော စကားပုံဖြစ်သည်။ 'တိတ်တိတ်နေတာ ထောင် တန်သည် ' ဟု ဆိုလိုသော သဘောဖြစ်သည်။)

[←3]

(နယူးဂိတ်ထောင်ကြီးမှ ထောင်ဘူးဝအစောင့်ကို ပြောင်လှောင်၍ ခေါ်သည့် စကား)

[←4]

(ထိုခေတ်က ကရောင်းငွေဒင်္ဂါးတစ်ပြားသည် ငါးသျှီလင်နှင့် ညီမျှသည်)

[←5]

(လိမ္မော်ခါး အပွင့်များကို ချက်ယူထားသော အရည် ဖြစ်သည်။ အရသာခါးသော်လည်း အားဖြစ်စေသည် ဟု ယူဆထားကြသော အရည် ဖြစ်၏)